# ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက

## ဆန်းလွင်

(ရှင်အာဒိစ္စရံသီ)

# What Buddhists Believe

Ven. Dr. K. Sri Dhammananda

နန်းဒေဝီ စာပေ
အမှတ် ၂၀၀၊ ဒုတိယထပ်၊ ၃၆ လမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၃၀၂၉

စာမူ ခွင့်ပြုချက် အမှတ်

၃၃၀/ ၂၀၀၄ (၅)

မျက်နှာဖုံး ခွင့်ပြုချက် အမှတ်

၃၂၀၆၇၄၀၅၁၀

ပထမ အကြိမ်

၂၀၀၅ ခု၊ နိုဝင်ဘာလ

မျက်နှာဖုံး ဒီဇိုင်း

ချစ်ကြည်

ကွန်ပျူတာ စာစီ

K ZAW

တန်ဖိုး

၄၀၀၀ ကျပ်

အုပ်ရေ

၅၀၀

အတွင်းဖလင်

AZ

ထုတ်ဝေသူ

ဦးကျော်ဆန်း၊ ရဲအောင်စာပေ
အမှတ် ၂၊ ချွန်း ၁ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

:

မျက်နှာဖုံးနှင့် အတွင်း ပုံနှိပ်သူ

ကိုဇော်မင်းအေး ဇော်ပုံနှိပ်တိုက် (မြဲ ၀၇၁၂၅)
၃၈၆၊ အင်ကြင်းမြိုင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

# ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက

## ဓမ္မနန္ဒ

(ရှင်အာဒိစ္စရံသီ)

## What Buddhists Believe

Ven. Dr. K. Sri Dhammananda

အမှတ် ...............
ရက်စွဲ ...............

ဒေါက်တာ ကေ၊ သီရိဓမ္မနန္ဒ နာယက မဟာထေရ

ဒေါက်တာကေ၊ သီရိဓမ္မနန္ဒသည် လွန်ခဲ့သော အနှစ် ၅၀ ကျော်ကပင် မလေးရှားနိုင်ငံမှ ဗုဒ္ဓဘာသာဝင်များ၏ ပင့်ဖိတ်ခြင်းကို လက်ခံတော်မူပြီး မလေးရှား (အစ္စလာမ်)နိုင်ငံ၌ မြတ်ဗုဒ္ဓ၏ ဓမ္မဒေသနာများ ပြန့်ပွားရေးကို ဆောင်ရွက်တော်မူရန်အတွက် ကြွရောက်တော်မူလာသည်။ အရှင်မြတ်သည် မလေးရှားတွင် သာသနာတော်ပြန့်ပွားရေးကို မဆုတ် မနစ် လုံ့လပြုဆောင်ရွက်တော်မူခဲ့လေသည်။

၁၉၆၁ ခုနှစ်တွင် အရှင်မြတ်၏ ကျေးဇူးကြောင့် မလေးရှား ဗုဒ္ဓသာသနာပြုအသင်းတော်ကြီးကို တည်ထောင်နိုင်ပြီး သာသနာပြုအလုပ်များစွာကို ဆောင်ရွက်တော်မူနိုင်ခဲ့လေသည်။ အနှစ် ၅၀ ကာလအတွင်း သာသနာပြန့်ပွားရေးအတွက် အင်္ဂလိပ်ဘာသာဖြင့် ကျမ်းပေါင်း ၅၅ ကျမ်းမက ရေးသား ပြုစုတော်မူပြီး ဖြစ်လေသည်။ အရှင်မြတ်၏ ကြိုးပမ်းမှုအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ၂၀၀၁ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ကို လည်းကောင်း၊ ထိုင်း တက္ကသိုလ် တစ်ခုက ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ (Ph. D) နှင့် သီရိလင်္ကာ တက္ကသိုလ်က ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ (Ph.D) များ ချီးမြှင့်ဆက်ကပ်ခြင်းကို ခံရလေသည်။ ဤကျမ်းကိုလည်း ဘာသာပေါင်းများစွာဖြင့် ပြန်ဆိုထားပြီး ဖြစ်သည်။

ဒေါက်တာ ကေ၊ သီရိဓမ္မ နန္ဒ နာယက မဟာထေရ ၏ မြန်မာဘာသာ ပြန်ဆိုရန် ခွင့်ပြုသည့် စာ



Dear A Diccaramsi,

I am glad to receive your letter dated 1 Aug 2001 asking permission to translate "What Buddhists Believe". It is with great pleasure I would like to grant permission to translate the book "What Buddhists Believe". In fact, some of my books already had been translated to Myanmar language. I am sending few more booklets by airmail under separate cover.

Thanking you.

Ven. Dr. K. Sri Dhammananda



# ဆန်းလွင် ( ရှင်အာဒိစ္စရံသီ )
(၁၉၃၈-၂၀၀၂)

ရခိုင်ပြည်နယ်၊ သံတွဲမြို့တွင် အဖ ဦးဖိုးညွန့်၊ အမိ ဒေါ်လှကြီးတို့မှ ၁၉၃၈ ခု၊ ဇန်နဝါရီလ ၁၃ ရက်၊ တနင်္ဂနွေနေ့တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးဆန်းလွင်ပင် ဖြစ်သည်။ ၁၉၆၂ ခုနှစ်တွင် ဒဿနိကဗေဒ ဂုဏ်ထူးဖြင့် ဝိဇ္ဇာဘွဲ့ (ရွှေတံဆိပ်) ရသည်။ မဟာဝိဇ္ဇာတန်း တက်ပြီးနောက် မြစ်ကြီးနားကောလိပ်နှင့် ရန်ကုန်တက္ကသိုလ်များ၌ ကထိကအဖြစ် အမှုထမ်း ဆောင်ခဲ့သည်။

အသက် ၁၈ နှစ် အရွယ်တွင် မိဘရိုးရာ အစ္စလာမ်ဘာသာမှ ခရစ်ယာန်ဘာသာသို့ ဝင်ရောက် လေ့လာပြီး မနှစ်သက်၍ လေးနှစ် အကြာတွင် ခရစ်ယာန်ဘာသာကို စွန့်လွှတ်လိုက်သည်။

အသက် ၂၂ နှစ်တွင် ကွန်မြူနစ်ဝါဒကို လေ့လာပြီး ဘာသာအယူဝါဒများကို စွန့်ပယ်၍ ကမ္ဘာ့ အတွေးအခေါ်မျိုးစုံ၊ ဘာသာမျိုးစုံကို လေ့လာသည်။

အသက် ၃၂ နှစ်တွင် ဗုဒ္ဓကိုယ်ကျင့်တရား ပညာကျမ်း ပြုစုရန် ပါမောက္ခ၏ တာဝန် ပေးချက် အရ ကမ္ဘာ့အေး ဗုဒ္ဓဘာသာ တက္ကသိုလ်တွင် ကမ္ဘာ့ဗုဒ္ဓဘာသာကို စတင် လေ့လာသော အခါမှစ၍ မိမိရှာဖွေနေသော သစ္စာဝါဒကို တွေ့ပြီဟု ဝမ်းသာပြီး ပိဋကတ်သုံးပုံ(မြန်မာပြန်)ကို ကုန်အောင် လေ့လာသည်။

၁၉၇၂ ခုနှစ်တွင် တက္ကသိုလ်က ထွက်ပြီး ရုပ်ရှင်ဒါရိုက်တာ လုပ်သည်။ ဒါရိုက်တာအဖြစ် *'မျက်နှာငယ်ရမှာက မောင့်ချစ်ဦး'၊ 'လောကကို အလှဆင်မယ်'၊ 'မနေ့ဘာရီအလှ'* ရုပ်ရှင် ဇာတ်ကားများနှင့် ရုပ်ရှင်ဇာတ်ညွှန်းအနေဖြင့် *'ငါ့ညီ ငါ့မြေ ငါ့အမေ'၊ 'လကွယ်မိုးနှောင်း'* နှင့် *'မသည်းနှုရဲ့ သံသရာ'* ဇာတ်ကားများကို ရေးသားခဲ့သည်။ *'ရုပ်ရှင်အနုပညာနှင့် ရုပ်ရှင် အတတ်ပညာကျမ်း'*ကို ဆန်းလွင် အမည်ဖြင့် ပြုစုခဲ့သည်။ *'ဖဲသမား' (Gambler)* အမည်ဖြင့် ပြန်ဆိုခဲ့သော ဘာသာပြန်ဝတ္ထုမှာ ၁၉၆၈ ခုနှစ် အမျိုးသားစာပေဆု၊ ဘာသာပြန် စာပေ စတုတ္ထဆု ရရှိခဲ့သည်။

လုံးချင်းစာအုပ်များအနေဖြင့် *သျှင်ဥတ္တမကျော်သို့ ပြန်ကြားချက်နှင့် ရွှေဥဒေါင်းသို့ ပြန်ကြားချက်၊ ဖီလိုဆိုဖီ ကကြီး ခကွေး၊ ကမ္ဘာ့တွေးခေါ်ရှင်ကြီးများ၊ ဘိုင်းစတိုင်း၊ ဘာထရန်ရပ်ဆယ်၊ တရုတ် တွေးခေါ်ရှင်ကြီးများ၊ ရုရှား တွေးခေါ်ရှင်ကြီးများ၊ တရားတွေ့ဖို့ ချမ်းမြေ့ဖို့၊ အတွေးအမြင် ဆောင်းပါးများ၊ ကျူးနိုးရှင်၊ ထိပ်ဆုံးက စပိုင်၊ ရွှေတောင်တက်ဒဿန၊ ရတနာ သုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက်အကြောင်း၊ သစ္စာဉာဏ်ပွင့် ဒဿန၊ သေခြင်း ဒဿန၊ ဂိုးလ်စတိန်း ကိုယ်တွေ့ ဝိပဿနာ* (ဦးဟန်ဒွေးနှင့် ပူးတွဲရေးသည်)၊ *မိုးကုတ် ဝိပဿနာ ရှုနည်း၊ ထေရဝါဒ အုတ်မြစ်များအဖွင့်၊ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿန၊ ဗုဒ္ဓဘာသာ သိမှတ်ဖွယ်ရာများ၊ ထေရဝါဒ အခြေခံ အယူအဆများကို အဆင့်မြင့် နားလည်ခြင်း၊ ဗုဒ္ဓ၏ ကိုယ်ရည် ကိုယ်သွေး မြင့်မားရေးတရား၊ ဓမ္မဒဿနစာစု* စသည်များအား ရေးသားခဲ့သည်။ တက္ကသိုလ် အောင်မှူး အမည်ဖြင့်လည်း *စိတ်ညှို့အိပ်မွေ့ချနည်းနှင့် အသုံးချနည်း* အပြည့်အစုံ စာအုပ်ကို ရေးသားပြုစုခဲ့သည်။ *အင်တာနေရှင်နယ်မဂ္ဂဇင်းနှင့် ဓမ္မရုပ်စုံမဂ္ဂဇင်း*တို့တွင် အယ်ဒီတာချုပ်အဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။

အသက် ၅၈ နှစ်တွင် ပဲခူးတိုင်း၊ ဒိုးသောင်ကျေးရွာ၊ ရွှေမင်းဝင်ရပ်ကွက်၊ ဓမ္မစာရီကျောင်းတွင် ရဟန်းအဖြစ် ခံယူပြီး ရွှေမင်းဝင် နိုင်ငံတကာ ဝိပဿနာ အလုပ်စခန်းကို ဖွင့်လှစ်ခဲ့သည်။ ၂၆၊ ၁၁၊ ၂၀၀၂ (အင်္ဂါနေ့) ည ၁၀ နာရီ ၁၀ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

# မာတိကာ


ကျမ်းဦးစကား .... ၁၃
စာရေးသူ၏ မှတ်စု .... ၁၉

## အပိုင်း ၁ မြတ်ဗုဒ္ဓရဲ့ ဘဝနဲ့သတင်းစကား

**အခန်း ၁ မြတ်ဗုဒ္ဓရဲ့ ဘဝနဲ့သဘာဝ**

၁ ဂေါတမဗုဒ္ဓ .... ၂၃
၂ တောထွက်တော်မူခြင်း .... ၃၀
၃ မြတ်ဗုဒ္ဓရဲ့ သဘာဝ .... ၃၃
၄ မြတ်ဗုဒ္ဓဟာ ထာဝရဘုရား လူဝင်စားလား .... ၃၉
၅ မြတ်ဗုဒ္ဓ၏ ဆောင်ရွက်ချက်များ .... ၄၃
၆ မြတ်ဗုဒ္ဓ၏ သမိုင်းအထောက်အထား .... ၄၇
၇ ရဟန္တာဘဝဖြင့် လွတ်မြောက်ခြင်း .... ၅၀
၈ ဗောဓိသတ္တ (ဘုရားလောင်းဆု) .... ၅၃
၉ သဗ္ဗညုတဉာဏ်တော်ကို ရတော်မူခြင်း .... ၅၆
၁၀ တြိကာယ-ဗုဒ္ဓ၏ ကာယသုံးပါး အမြင် .... ၅၉

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| **အခန်း ၂** | **သူ၏ သတင်းစကား** | | |
| ၁ | အားလုံးအတွက် သတင်းစကား | .... | ၆၃ |
| ၂ | အံ့ဖွယ် ဆန်းကြယ်တဲ့ တန်ခိုးတော် | .... | ၆၈ |
| ၃ | ဗုဒ္ဓ၏ နှုတ်ဆိတ်၍ နေတော်မူခြင်း | .... | ၇၃ |
| ၄ | လောကီပညာအပေါ် မြတ်ဗုဒ္ဓရဲ့ သဘောထား | .... | ၇၈ |
| ၅ | မြတ်ဗုဒ္ဓ၏ နောက်ဆုံး သတင်းစကား | .... | ၈၁ |
| **အခန်း ၃** | **ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီးနောက်ကာလ** | | |
| ၁ | ပရိနိဗ္ဗာန်ပြုပြီးနောက် ဗုဒ္ဓ ဖြစ်တည်နေသေးသလား | | ၈၄ |
| ၂ | ဗုဒ္ဓကို အမွေဆက်ခံသူတစ်ဦး | .... | ၈၇ |
| ၃ | အနာဂတ်မှာ ပွင့်မည့် ဗုဒ္ဓမြတ်စွာဘုရား | .... | ၈၉ |


# အပိုင်း ၂ ဗုဒ္ဓဘာသာ အနှစ်သာရနှင့် နိုင်းယှဉ်ချဉ်းကပ်ပုံများ

| | | | |
|---|---|---|---|
| **အခန်း ၄** | **ဗုဒ္ဓ၏ ကာလမဲ့ အမှန်သစ္စာတရား** | | |
| ၁ | ခြင်္သေ့မင်းရဲ့ ဟောက်သံ | .... | ၉၅ |
| ၂ | ဗုဒ္ဓဘာသာဆိုတာ ဘာလဲ | .... | ၉၈ |
| ၃ | ပရမတ္ထသစ္စာတရား | .... | ၁၀၆ |
| ၄ | ဗုဒ္ဓဘာသာရဲ့ အဓိက ဂိုဏ်းကြီးများ | .... | ၁၁၀ |
| **အခန်း ၅** | **အခြေခံအယူအဆများ** | | |
| ၁ | တိပိဋက | .... | ၁၁၅ |
| ၂ | အဘိဓမ္မာဆိုတာဘာလဲ | .... | ၁၂၂ |
| ၃ | (နာမရူပ)၊ စိတ်နှင့်ရုပ် | .... | ၁၃၀ |
| ၄ | အရိယာသစ္စာ လေးပါး မြတ်တရား | .... | ၁၃၂ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၅ | မဂ္ဂင်ရှစ်ပါးမြွတ်တရား၊ မန္တိမပဋိပဒါ | .... | ၁၃၈ |
| ၆ | သဗ္ဗေသင်္ခါရာအနိစ္စာ | .... | ၁၅၀ |
| ၇ | ကံဆိုတာ ဘာလဲ | .... | ၁၅၇ |
| ၈ | ဇာတိပဋိသန္ဓေ | .... | ၁၆၈ |
| ၉ | နိဗ္ဗာန် | .... | ၁၇၈ |
| ၁၀ | ပဋိစ္စသမုပ္ပာဒ်တရား | .... | ၁၈၄ |
| ၁၁ | မြဲတယ်ဆိုတဲ့ အမြင်နဲ့ ပြတ်တယ်ဆိုတဲ့ အမြင် | .... | ၁၉၁ |
| ၁၂ | ပထမအကြောင်းတရားကို သိနိုင်သလား | .... | ၁၉၄ |
| ၁၃ | ထာဝရဝိညာဉ်ဆိုတာ ရှိသလား | .... | ၁၉၇ |

**အခန်း ၆ ဗုဒ္ဓဘာသာသည် အခြားသောအယူဝါဒများနှင့် မျက်နှာချင်းဆိုင် ဖြစ်သည်**

| | | | |
|---|---|---|---|
| ၁ | ဗုဒ္ဓဘာသာသည် တခြားသော ခေတ်ပြိုင် အိန္ဒိယ အတွေးအခေါ်များနှင့် တူသလား | .... | ၂၀၆ |
| ၂ | ဗုဒ္ဓဘာသာဟာ ဒဿနလား၊ သီဝရီလား | .... | ၂၀၉ |
| ၃ | ဗုဒ္ဓဘာသာသည် ဘဝ အဆိုးမြင် ဝါဒလား | .... | ၂၁၄ |
| ၄ | ဗုဒ္ဓဘာသာဟာ ကိုးကွယ်ရာမဲ့ ဝါဒလား | .... | ၂၁၉ |

# အပိုင်း ၃ ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်၏ ဘဝနေနည်း

**အခန်း ၇ လူသားဘဝအတွက် အခြေခံအုတ်မြစ်က ကိုယ်ကျင့်သီလ**

| | | | |
|---|---|---|---|
| ၁ | လူ့ဘဝရဲ့ ရည်မှန်းချက်က ဘာလဲ | .... | ၂၂၃ |
| ၂ | လူ့ဘောင်အဖွဲ့အစည်းထဲက လူသားအတွက် ဗုဒ္ဓဘာသာ | .... | ၂၃၄ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၃ | အိမ်ထောင်သားမွေးပြုသူ ဥပါသကာများအတွက် ဗုဒ္ဓဘာသာ ဘဝနေနည်း | .... | ၂၃၉ |


**အခန်း ၈ ဗုဒ္ဓဘာသာဝင်တို့၏ ကိုယ်ကျင့်သီလ စရဏ**

| | | | |
|---|---|---|---|
| ၁ | ဗုဒ္ဓဘာသာ ကိုယ်ကျင့်ပညာ | .... | ၂၄၄ |
| ၂ | ဝိနည်းဆိုတာ ဘာလဲ | .... | ၂၅၀ |
| ၃ | သုစရိုက် ၁၀ ပါးနှင့် ဒုစရိုက် ၁၀ ပါး | .... | ၂၆၂ |
| ၄ | သီလသိက္ခာပုဒ်များ | .... | ၂၇၀ |
| ၅ | မေတ္တာ | .... | ၂၇၇ |
| ၆ | စွန့်ကြဲခြင်း အစစ် (စာဂ) | .... | ၂၈၂ |
| ၇ | တိရစ္ဆာန်များအပေါ်မှာထားတဲ့ ဗုဒ္ဓဘာသာဝင်များရဲ့ သဘောထား | .... | ၂၈၅ |
| ၈ | ယနေ့ကမ္ဘာမှာ လိုအပ်နေတာ ခန္တီပါ | .... | ၂၈၉ |
| ၉ | ဗုဒ္ဓဘာသာ အသုဘ အခမ်းအနား | .... | ၂၉၂ |

**အခန်း ၉ ဓမ္မနှင့် မိမိကိုယ်သာ ကိုးကွယ်ရာ**

| | | | |
|---|---|---|---|
| ၁ | ဘာကြောင့် မြတ်ဗုဒ္ဓကို ကိုးကွယ်ကြတာလဲ | .... | ၂၉၅ |
| ၂ | ကိုယ့် ဉာဏ် ဝီရိယကို မချခြင်း | .... | ၃၀၂ |
| ၃ | အပြစ်(ပြစ်မှု) ကျူးလွန်သူ မရှိ | .... | ၃၀၄ |
| ၄ | ကိုယ့်ဘာသာလုပ်ပါ | .... | ၃၀၈ |
| ၅ | လူမှာ ကိစ္စအားလုံးအတွက် တာဝန်ရှိတယ် | .... | ၃၀၉ |
| ၆ | လူသည် သူ၏ အကျဉ်းထောင်မှူးဖြစ်သည် | .... | ၃၁၁ |
| ၇ | ကိုယ့်ကိုယ်ကိုယ်သာ ကာကွယ်ပါ | .... | ၃၁၄ |
| ၈ | မိမိကိုယ်ကို ဘယ်လို ကယ်တင်မလဲ | .... | ၃၁၈ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|

## အခန်း ၁၀ ဆုတောင်းခြင်း၊ တရားအားထုတ်ခြင်းနှင့် ဘာသာရေးဝတ်ပြုခြင်း


| | | | |
|---|---|---|---|
| ၁ | ထာဝရဘုရားရှိသည်ဟု ယုံကြည်ခြင်း၊ သဒ္ဓါတရားနှင့် ကြည်ညိုခြင်း | .... | ၃၂၉ |
| ၂ | ဆုတောင်းခြင်း အဓိပ္ပာယ် | .... | ၃၃၁ |
| ၃ | တရားအားထုတ်ခြင်း | .... | ၃၃၄ |
| ၄ | ပရိတ်ရွတ်ခြင်းရဲ့ အကျိုးသက်ရောက်မှု | .... | ၃၄၃ |
| ၅ | ဗုဒ္ဓဘာသာဝင်တွေဟာ ရုပ်တု ကိုးကွယ်သူတွေလား | | ၃၄၈ |
| ၆ | ဥပုသ်စောင့်ခြင်း၏ ဘာသာရေးအကျိုးဆက် | .... | ၃၅၆ |
| ၇ | သက်သတ်လွတ် ဟင်းသီးဟင်းရွက်စားခြင်း | .... | ၃၅၈ |
| ၈ | လပြည့် လကွယ်နှင့် ဘာသာရေး စောင့်ထိန်းမှု | .... | ၃၆၂ |


# အပိုင်း ၄ လူ့ဘောင်ထဲက လူ့ဘဝ

## အခန်း ၁၁ ဘဝနှင့် ယဉ်ကျေးမှု


| | | | |
|---|---|---|---|
| ၁ | အစဉ်အလာ ဓလေ့ထုံးစံနှင့် ပွဲတော်များ | .... | ၃၆၉ |
| ၂ | ဗုဒ္ဓဘာသာနှင့် အမျိုးသမီးများ | .... | ၃၇၂ |
| ၃ | ဗုဒ္ဓဘာသာနှင့် နိုင်ငံရေး | .... | ၃၇၅ |


## အခန်း ၁၂ အိမ်ထောင်ရေး၊ ပဋိသန္ဓေတားဆီးရေးနှင့် သေခြင်းတရား


| | | | |
|---|---|---|---|
| ၁ | အိမ်ထောင်ရေးအပေါ် ဗုဒ္ဓဘာသာအမြင် | .... | ၃၈၇ |
| ၂ | ပဋိသန္ဓေတားခြင်း၊ ကိုယ်ဝန်ဖျက်ချခြင်းနှင့် ကိုယ့်ကိုယ်ကိုယ် သတ်သေခြင်း | .... | ၃၉၀ |

# ကျမ်းဦးစကား

၁၉၆၄ ခုနှစ်က ဤစာအုပ်ကို ပထမဆုံး စတင် ထုတ်ဝေခဲ့လေသည်။ ကျေးဇူးတော်ရှင် စာရေးသူ ဆရာတော်ကြီး မလေးရှား နိုင်ငံ တစ်နံ တစ်လျား ကြွသွားပြီး ဓမ္မ ဟောကြား ပို့ချပွဲများကို တသီတတန်းကြီး ပြုလုပ်တော် မူခဲ့စဉ်က ဥပါသကာများက မေးမြန်းကြသော အမေး ပုစ္ဆာများအတွက် အဖြေပေးသော အကျိုးအားဖြင့် ဤစာအုပ်ကို ရေးသား ထုတ်ဝေခဲ့ခြင်း ဖြစ်သည်ဟု ဆိုသင့်ပါသည်။ ဆရာတော်ကြီး၏ စိတ်တွင် ဤသို့ အလွယ်တကူ ကိုးကားနိုင်သော စာအုပ်မျိုး တစ်အုပ်သည် ဗုဒ္ဓ ဘာသာဝင်များအတွက်ရော ဗုဒ္ဓဘာသာပင် မဟုတ်သူများအတွက်ပါ (ဗုဒ္ဓဘာသာ၏ ယုံကြည်မှုများနှင့် အယူအဆများကို လွယ်ကူ ရှင်းလင်းစွာ တင်ပြထားသောကြောင့်) ကျေးဇူးရှိနိုင်သည်ဟု ခံစားခဲ့မိလေသည်။

ဤစကားကို ပြောရတာ ခနိုးခနဲ့ နိုင်စေကာမူ အမှန် ဖြစ်နေ သဖြင့် ပြောသင့်ပေသည်။ ဤဗုဒ္ဓဘာသာအကြောင်းကို ယုံကြည် သယောင် ပြောဆိုပြီး ဗုဒ္ဓဘာသာမှာ လူကြီး လူကျယ် ခေါင်းဆောင် ခေါင်းရွက် လုပ်ကိုင်နေကြသူတွေက တကယ်တမ်းကျတော့ ဗုဒ္ဓဘာသာ၏ အခြေခံ သဘော အယူအဆများကိုပင် သိမြင် နားလည်သော အသိပညာ နည်းပါး နေကြလေသည်။ ထိုသူ အများအပြားတို့သည် ဘုရား ဝတ်ပြုမှု ဓလေ့ ထုံးစံများ၊ အစဉ်အလာများ၌ များစွာ အကျွမ်းတဝင် ရှိကြသည် ကား မှန်ပါ၏။ သို့သော် ထိုသူများသည် မြတ်ဗုဒ္ဓ၏ ဓမ္မ အနှစ်ကိုမူကား နားမလည်သူများသာ ဖြစ်ကြသည်။ မြတ်ဗုဒ္ဓ၏ မွန်မြတ်လှသော ဒေသနာ တရားများကို လျစ်လျူရှုကြပြီးလျှင် သူတို့သည် ဘာမှ အခြေခံ

မရှိသော ယုံကြည်မှုများနှင့် တလွဲတချော် ဓလေ့ ထုံးစံများကို သွတ်သွင်း လာကြပြီးလျှင် ဆင်ခြင်တုံတရား ရှိလှသော သိမ်မွေ့ လေးနက်သော ဘာသာ အယူဝါဒကို ပြက်ရယ်ပြုဘိအလား လုပ်ကိုင် ဆောင်ရွက် နေကြပေသည်။ အကျိုးရလဒ်ကား ဗုဒ္ဓဘာသာဝင် အမည်ခံ လူများစွာ တို့သည် အပေါ်ယံ ကြည်ညိုခြင်း သဘော၊ ဝတ်ပြု ပူဇော်ပသခြင်း သဘောလောက်တွင် သောင်တင် နေကြကာ ဗုဒ္ဓဘာသာ၏ အနှစ် ဖြစ်သော သမာဓိ ပညာ စခန်းသို့ တက်လှမ်းရမည့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု လုပ်ငန်းကိုမူ မသိကျိုးကျွန် ပြုထားကြလေသည်။

ဤသည်မှာ ဝမ်းနည်းဖွယ်ရာ အခြေအနေ ဖြစ်ပါသည်။ ဤသို့ ဖြစ်အောင် ပြုလုပ်ကြသူများမှာ လာဘ်လာဘနှင့် ကိုယ်ကျိုးရှာ ဘာသာ ရေးသမား သာသနာ ဝန်ထမ်းများ ဖြစ်ကြပါသည်။ မသိ နားမလည်မှု၊ အဝိဇ္ဇာနှင့် လောဘ၊ တဏှာနှင့် လာဘ် ရလိုမှု၏ တိုက်တွန်းချက်ကြောင့် အချို့ ပုဂ္ဂိုလ်များသည် ဗုဒ္ဓဘာသာကို အသရေ ပျက်အောင် ပြုလုပ် နေကြပြီး လူများ၏ စိတ်ထဲတွင် ဗုဒ္ဓဘာသာသည် အယူသီးမှုများနှင့် ဦးဖွ ဂါထာ မန္တန်များအပေါ်မှာ တည်မှီနေသော ဘာသာ ကိုးကွယ်မှုဟု ထင်ယောင်မှားအောင် ပြုလုပ်နေကြပေသည်။ အချို့သော ရဟန်း သံဃာတော်များကလည်း ဝိဇ္ဇာယောင် ဘိုးတော်ယောင် သရဲဘုန်းကြီး ချဲဘုန်းကြီး အဆင့်သို့ ရောက်အောင် အောက်တန်းကျသော အလုပ်များ ကို ကိုယ်တိုင် ပါဝင် လုပ်ကိုင်နေကြသည်ကိုလည်း တွေ့မြင်နေရပါသည်။

ဗုဒ္ဓဘာသာဝင် အတော်များများကလည်း ကိုယ် ကိုးကွယ်နေသော ဘာသာသည် ထေရဝါဒ ဖြစ်သည် ဆိုသော နာမည်လောက်ကိုတောင် မသိတတ်ကြသူများ ရှိနေသည်ဟု ပြောရတာ ခနိုးခနဲ့ နိုင်လှပါသည်။ တချို့ကလည်း "ကျုပ်ကတော့ ကျုပ်ကိုယ်ကျုပ် ဗုဒ္ဓဘာသာလို့ အောက် မေ့တာပဲ"ဆိုသူမျိုးလည်း ရှိပါ၏။ ဤအပြောအဆိုကို ကြည့်ခြင်းအားဖြင့် သူတို့လို လူတွေသည် ဗုဒ္ဓဘာသာဝင်တို့၏ ဘဝနေနည်းနှင့် ဘယ်လောက် အလှမ်းကွာနေပြီး သူတို့သည် ဗုဒ္ဓဘာသာဝင်တို့၏ ဘဝ နေနည်းကို ဘယ်လောက် လျစ်လျူရှုထားသည်၊ မသိ နားမလည် ဖြစ်နေသည်ကို သိသာပါသည်။ ထိုကဲ့သို့ ကိုယ့်ဘာသာကို ကိုယ်က မသိ မျက်ကန်း ဖြစ်နေခြင်းသည် တခြားသော ဘာသာဝင် သာသနာပြုများ၏ ဗုဒ္ဓ ဘာသာကို မထောက်မညှာ ရယ်သွမ်းသွေးပြီး တလွဲတချော် အဓိပ္ပာယ်

ကောက်ယူပြီး စွပ်စွဲ ပြောဆိုလာနိုင်သည်ကို အားပေးအားမြှောက်ပြုသလို ဖြစ်နေပါ၏။ အကျိုးရလဒ်ကား ကိုယ့်ဘာသာ အယူဝါဒ အကြောင်း ကိုယ်က နားမလည်မှုကြောင့် တခြား ဘာသာဝင်များ၏ စွပ်စွဲ ပြောဆို လာမှုတွေကို မချေပနိုင်တော့သဖြင့် သူများ ဘာသာ နောက်သို့ ကောက်ကောက် ပါသွားရသော_သားကောင်တွေ အဖြစ်သို့ ကျရောက်သွား ရပေတော့သည်။

ထိုသို့သော မသိနားမလည်မှုများကို တစ်စိတ်တစ်ဒေသအားဖြင့် ချေပရန်အတွက် ဤစာအုပ် 'ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက' သည် ဖြစ်ပေါ်လာရသည်ဟု ဆိုသင့်ပါ၏။ အမှန်ကတော့ ဤစာအုပ်၏ ပဓာန ရည်ရွယ်ချက်သည် မြတ်ဗုဒ္ဓ၏ အခြေခံကျသော ဒေသနာ တရားတော်များကို မှန်မှန်ကန်ကန် နားလည် သဘောပေါက်ချင်သော စိတ်ဆန္ဒ ရှိကြသူများနှင့် ဗုဒ္ဓဘာသာ၏ ပိုမို ခက်ခဲ နက်နဲသော အချက် အလက်များကို ကိုယ်ခံအားဖြင့် ဗုဒ္ဓဘာသာ အကြောင်းကို နက်နက် နဲနဲ သိထားခြင်း မသိကြသူများအား ခေတ်နှင့် လျော်စွာ နားလည်ရ လွယ်စေရန် ရှင်းလင်း သင်ကြားပေးဖို့ ဤစာအုပ် ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။ ဤစာအုပ်၏ လူကြိုက်များ ကျော်ကြားမှုမှာ ကျွန်ုပ်တို့ မျှော်မှန်းထားသည်ထက် ကျော်လွန်သွားခဲ့လေသည်။ ၁၉၇၃ ခုနှစ်က တစ်ကြိမ်၊ ၁၉၈၇ ခုနှစ်က တစ်ကြိမ်၊ မွမ်းမံ ပြင်ဆင်၍ ချဲ့ထွင်၍ ထုတ်ဝေခဲ့ပါသည်။ ဤစာအုပ်ကို ဝယ်လိုအား ရလိုအားက ဆက်လက် ကြီးထွားလျက်ပင် ရှိနေပါသည်။ တရုတ် ဘာသာ၊ ကိုရီးယား ဘာသာ၊ အင်ဒိုနီးရှား ဘာသာစကားများဖြင့်လည်း ဘာသာပြန်ဆိုပြီး ထုတ်ဝေ ထားပြီး ဖြစ်၍ ထိုဘာသာစကားများနှင့်လည်း ဝယ်ယူ ရရှိနိုင်ပါသည်။

ဤနှစ် ၁၉၈၇ ခုနှစ်သည် ဤဗုဒ္ဓဘာသာ သာသနာပြု အသင်း ကြီး စတင် ဖွဲ့စည်း တည်ထောင်ခဲ့တာ ၂၅ နှစ် ပတ်လည် အခါသမယ ဖြစ်ရကား ဤ 'ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက' စာအုပ်ကို ထပ်မံ ပြင်ဆင် ဖြည့်စွက်၍ 'အထူး အမှတ်တရ စာ'အဖြစ် ထုတ်ဝေရန် ဆုံးဖြတ်ချက် ချခဲ့ကြပါသည်။ ဤအသင်းကြီး၏ ငွေရတု သဘင် ဆင်နွှဲခြင်း အထိမ်းအမှတ် ပြုရန် ဖြစ်ပါသည်။ ဤအချက်နှင့် စပ်လျဉ်း၍ အနှစ် ၄၀ ကျော်မျှ သာသနာပြုလုပ်ငန်းများကို အပတ်တကုတ် ကြိုးပမ်း အားထုတ်တော်မူခဲ့သော စာရေးသူ ဆရာတော်ဘုရားကြီးက သူ

နောက်ထပ် ရှာဖွေ စုဆောင်း သုတေသနပြု ရေးသားထားချက်များကို ၁၉၈၇ ခုနှစ် ထပ်မံ ရိုက်နှိပ်သော ဤစာအုပ်တွင် အခန်းသစ် ကဏ္ဍသစ်များ အဖြစ် ထည့်သွင်းပေးနိုင်ခဲ့ပါသည်။ ဤ 'ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက' စာအုပ်သည် ဗုဒ္ဓဘာသာအကြောင်း၊ ဗုဒ္ဓဘာသာဆိုတာကို ကောင်းကောင်း သိလိုကြသူ အားလုံး အတွက် ဖြစ်ပါသည်။

ဤစာအုပ်ကို ရေးသားစဉ် ထားရှိသော မူလ ရည်ရွယ်ချက်ကို ထိန်းသိမ်းထားရာ၌ စာရေးသူ အရှင်မြတ်၏ စိတ်ဆန္ဒတွင် တစ်ပါးသော ဘာသာ အယူဝါဒများ၊ ယုံကြည်မှုများနှင့် ဗုဒ္ဓဘာသာ ဂိုဏ်းကွဲများအား သိမ်ငယ်အောင်၊ သိက္ခာကျအောင် ပြောဆိုလိုခြင်း ဆန္ဒ ရည်ရွယ်ချက် လုံးဝ မရှိပါကြောင်း အလေးအနက် ပြောရပေမည်။ ဆရာတော်သည် မြတ်ဗုဒ္ဓက သူ၏ တပည့်သာဝကများအား အမြင် ကျယ်ကျယ် ထားကြဖို့၊ ပွင့်လင်းသော နှလုံးစိတ်ထားရှိကြဖို့ ဘယ်အယူဘယ်ဝါဒကိုပဲ ဖြစ်ဖြစ် ဆင်ခြင် တိုင်းထွာ ယူကြဖို့ ဆုံးမတော်မူသော ကာလာမသုတ်လာ တရားဒေသနာကို ထပ်တလဲလဲ အလေးအနက် ထား၍ ရေးသားတော်မူထားပါသည်။ မြတ်ဗုဒ္ဓ ပွင့်ထွန်းတော်မူစဉ်ကာလက သူနှင့် ခေတ်ပြိုင် ယုံကြည် ကိုးကွယ်မှုများ၊ အယူဝါဒများကို တစ်ခါမျှ ပြက်ရယ်ခြင်း လုံးဝ မပြုပါ။ သို့သော် သူ ကိုယ်တော်တိုင်ကမူ အမှန်သစ္စာ ဆိုက်သော တရားမျိုးကိုသာ ဟောကြားတော်မူလေ့ ရှိပါသည်။

ဤစာအုပ်သည် ဘာသာအယူဝါဒ ကူးပြောင်းလာဖို့ကို ဆိုရန်လည်း ရည်ရွယ်ချက် မရှိပါ။ အဘယ်ကြောင့်ဆိုသော် ထိုစိတ်ဓာတ်မျိုးသည် ဗုဒ္ဓဘာသာဝင်တို့၏ စိတ်ဓာတ်မျိုး မဟုတ်သောကြောင့် ဖြစ်ပါသည်။ သို့သော် ဤစာအုပ်၏ ရည်ရွယ်ချက်ကို ထပ်မံ ပြောရဦးမည်ဆိုလျှင် ဗုဒ္ဓဘာသာဝင်များအား သူတို့ ကိုးကွယ်သော ဘာသာတရားနှင့် စပ်ဆိုင်ရာ အခြေခံတရားများကို သိမြင်အောင် သတင်းစကား ပြောကြားရန်နှင့် အသိပညာ ဖြစ်အောင် သင်ကြား ပြသပေးရန်နှင့် ဤဘာသာက အမွန်အမြတ်ထားသော စံတန်ဖိုးများကို သရုပ်သကန်ဖြင့် ပြသခြင်းအားဖြင့် မိမိတို့ ဘာသာတရား ယုံကြည် ကိုးကွယ်မှုအတွက် ဗုဒ္ဓဘာသာဝင် ဖြစ်ရခြင်းအတွက် ဗုဒ္ဓဘာသာဝင်တိုင်းက ဂုဏ်ယူတတ်ကြဖို့သာ ဖြစ်ပါသည်။

'ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက' ၏ ရည်ရွယ်ချက် နောက်တစ်ခုမှာ အခြားသူများကိုလည်း မြတ်ဗုဒ္ဓ ဒေသနာ၏ အထူး သန့်ရှင်းစင်ကြယ်ပုံကို ဉာဏ်အမြင် ပေါ်လာအောင် ပြသခြင်းဖြင့် ဤမြတ်လှစွာသော ဓမ္မရတနာကို သူတို့က မဟုတ်မမှန် ဝေဖန် ပုတ်ခတ်နေခြင်းများကို သူတို့ဘာသာ မေတ္တာ၊ စေတနာ ထား၍ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်လာကြစေရန်သာ ဖြစ်ပါ၏။ ဤနည်းအားဖြင့် သန်းပေါင်းများစွာသော လူသားများကို လမ်းမှန် ပေါ်သို့ ရောက်အောင် ပို့ဆောင်ရန်သာ ရွယ်ကိုးပါသည်။

မြတ်ဗုဒ္ဓ၏ ဒေသနာများသည် အတိတ်ကာလက လူသားတို့ ရရှိခဲ့သော၊ ကြီးမြတ်လှစွာသော အမွေအနှစ်များ ဖြစ်ကြပါသည်။ မြတ်ဗုဒ္ဓ၏ အကြမ်းမဖက်ရေး၊ ငြိမ်းချမ်းရေး၊ မေတ္တာ ကရုဏာတရားများနှင့် သည်းခံခြင်း ခန္တီ၊ အချင်းချင်း နားလည်မှု၊ သစ္စာနှင့် ပညာ၊ ဂါရဝ ရှေ့ထားမှုနှင့် သက်ရှိ သတ္တဝါများ အားလုံးအပေါ် ကိုယ်ချင်းစာတရား၊ တစ်ကိုယ်ကောင်း ဝါဒမှ လွတ်မြောက်ရေး၊ အမုန်းတရား၊ အကြမ်းဖက်တရားများမှ လွတ်မြောက်ရေး စသည် တရားများသည် လွန်ခဲ့သော အနှစ် ၂၅၀၀ ကျော်က ဟောကြားတော်မူခဲ့သော တရားများ ဖြစ်ပါ၏။ သို့ပါလျက် ယခုခေတ် တိုင်အောင် တရားကောင်း တရားမြတ်များအဖြစ် တည်နေဆဲ ဖြစ်ပါ၏။ ထာဝရ တည်မြဲမည့် သတင်းစကားများ ဖြစ်ပါ၏။

ကျွန်ုပ်တို့သည် သဘော ကွဲမှု၊ တိုက်ခိုက်မှုများကြောင့် ပွန်းပဲ့နေသော ကမ္ဘာကြီးထဲမှာ အသက် ရှင်နေကြရသူများ ဖြစ်ပါ၏။ မြတ်ဗုဒ္ဓက ကျွန်ုပ်တို့ ကိုယ်တိုင်၌ 'ဗောဓိ' ဉာဏ် ရှိသော ပညာနှလုံး၊ မေတ္တာနှလုံး၊ အချင်းချင်း နားလည်မှုတို့ကို မွေးပြီး လူ့ဘဝ အစကတည်းက လူသားများကို ကပ်ဆိုက်စေခဲ့သော ထိုအကျင့်ပျက် ဒုစရိုက်တရားဆိုးများကို လွန်မြောက်အောင် အားထုတ်ကြဖို့ကိုသာ သင်ကြားပေးခဲ့ပါ၏။ 'ဒေါသကို အဒေါသဖြင့် လွန်မြောက်စေရာ၏။ အမုန်းကို ချစ်ခြင်း မေတ္တာဖြင့်သာ လွန်မြောက်စေရာ၏' ဟုသာ ဆိုဆုံးမတော် မူခဲ့ပါ၏။ ကျွန်ုပ်တို့သည် ကိုယ်တော်မြတ်ကြီး၏ အဆုံးအမအတိုင်း လိုက်နာကျင့်ကြံခဲ့ကြပါ၏လော။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကံကြမ္မာအတွက် တာဝန် ရှိသူများ ဖြစ်ကြပါ၏။ ကျွန်ုပ်တို့သည် မိမိတို့၏ စိတ်နှလုံးကို သန့်ရှင်း စင်ကြယ်စေကြရပါမည်။ မိမိတို့၏ သဘာဝကို ဝေဖန် သုံးသပ်

ပြီး ကိုယ်တော်မြတ်ကြီး၏ အဆုံးအမများအတိုင်း စာထဲမှာသာမက လက်တွေ့ ဘဝမှာပါ လိုက်နာ ကျင့်သုံးကြရပါမည်။ ပို၍ အရေးကြီးသည်မှာ စိတ်ဓာတ်အားဖြင့် လိုက်နာ ကျင့်ကြံတတ်ဖို့ လိုအပ်ပါသည်။ ဤ 'ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက' စာအုပ်သည် မဂ်ဉာဏ် အလင်းရောင် ရဖို့ ကြိုးပမ်းနေကြသော ဗုဒ္ဓဘာသာ ဓမ္မမိတ်ဆွေများအတွက် မဂ်လမ်းပြ ဓမ္မစာ ဖြစ်လိမ့်မည်ဟု မျှော်လင့်ပါ၏။

ဗုဒ္ဓသာသနာပြု အသင်းကြီး၏ ဥက္ကဋ္ဌ လူကြီး တစ်ဦးအနေဖြင့် ပြောရလျှင် ဤစာရေးသူ ဒေါက်တာကော၊ သီရိ ဓမ္မနန္ဒ အရှင်သူမြတ်နှင့် နီးနီးကပ်ကပ် ဆက်ဆံ ကြည်ညိုခွင့်ရပြီး ဤစာအုပ် ထုတ်ဝေရဖို့ အားထုတ်ခဲ့ရခြင်းအတွက် ဂုဏ်ယူ ဝမ်းမြောက်ပါ၏။

မစ္စတာ ဗစ်တာဝီးနှင့် မစ္စတာ ဝိဇယ သမရဝိက္ကမတို့အား စာရေးသူကို အားပေး ကူညီရုံသာမက စာအုပ် တည်းဖြတ်မှုခွင့်ပါ ကူညီပေးလျက် ဤပုံစံ စာအုပ်ကောင်း ဖြစ်လာအောင် များစွာသော အကြံကောင်း ဉာဏ်ကောင်းများကို ပေးခဲ့ကြခြင်းအတွက် ကျေးဇူးတင်၍ ရိုးသားစွာ သူတို့၏ ဂုဏ်ကျေးဇူးကို နားလည်ပါကြောင်း ဖော်ပြလိုပါ၏။ ကျွန်ုပ်အနေဖြင့် မစ္စစ် ချုံဟုန်ချူးကိုရော၊ သူမ၏ ကာလ ကြာမြင့်စွာ မနေမနား ဤစာအုပ် စတင် ပုံနှိပ်သည်မှ စာအုပ် ဖြစ်မြောက်သည် အထိ အသေးစိတ် ကြည့်ရှုစောင်မခဲ့ခြင်းအတွက်လည်း ကျေးဇူး အထူးတင်ကြောင်း ဖော်ပြလိုပါ၏။ မစ္စတာ အိခ်ျ၊ အမ်၊ အေ၊ ဒီဆီးလ်ဗား၊ မစ္စလီလီဆီးနှင့် မစ္စလီလိုင်ဖုံး၊ မစ္စကွာပင်ပင်၊ မစ္စလီယွန်ဖိုးချီး၊ မစ္စတန်ကွီးဖုံးနှင့် မစ္စလောမေရင်းတို့ကိုလည်း လက်နှိပ်စက် ရိုက်နှိပ်ပေးခြင်း၊ ပရုဖတ်စာပြင်ပေးခြင်းများအတွက် အထူးပင် ကျေးဇူးတင်ရပါကြောင်း၊ သူတို့၏ အကူအညီ မပါဘဲနှင့် ဤစာအုပ် ဖြစ်မလာနိုင်ပါကြောင်းကိုလည်း ကျေးဇူးတင်လျက် မှတ်တမ်းတင်အပ်ပါကြောင်း။

**တေသီအန်ချူး A.M.N.**

ဥက္ကဋ္ဌ

ဗုဒ္ဓဘာသာ သာသနာပြုအသင်းကြီး။

# စာရေးသူ၏ မှတ်စု

ဗုဒ္ဓဘာသာ အကြောင်း ရေးသားထားတဲ့ စာအုပ်တွေ ဒီလောက်တောင် များနေတာ နောက်ထပ် ရေးစရာ လိုသေးလို့လားလို့ မေးကောင်း မေးကြမှာပါ။ ဈေးကွက်ထဲမှာ ဗုဒ္ဓဘာသာ စာအုပ် စာတမ်းတွေ ဝယ်ယူလို့ ရနိုင်တာ မှန်ပါသော်လည်း များသောအားဖြင့် ရေးသားထားတဲ့ စာအုပ်တွေက ဗုဒ္ဓဓမ္မရဲ့ အခြေခံ သဘောတရားတွေကို သိပြီးသား လူတွေအတွက် ရည်ရွယ်ပြီး ရေးသားထားကြတာပါ။ တချို့ စာရေးဟန်တွေကလည်း ရှေးက ရေးနည်း ရေးဟန်တွေက များပါတယ်။ နိဿယျလို၊ ပါဠိတော်ကို တင်းတင်းကြပ်ကြပ် တိတိကျကျ မချွတ်မယွင်း ရအောင် ဘာသာ ပြန်ဆိုကြပုံမျိုးလို ဖြစ်နေကြပါတယ်။ ဒီလို ရေးနည်း ရေးဟန်ဟာ ခေတ်လူ ခေတ်သစ် စာဖတ်သူတွေအတွက်ကျတော့ ဗုဒ္ဓဘာသာ စာတွေ ဖတ်ရတာ ငြီးငွေ့စရာ ခြောက်သွေ့လိုက်တာလို့ ထင်မြင်ယူဆစရာ ဖြစ်နေပါတယ်။ ပညာရှင်ကြီးတွေ ရေးသားကြတဲ့ စာအုပ်တွေကျပြန်တော့လည်း ပညာရှိ ဆန်လွန်းပြီး နက်နဲလွန်းလို့ နားလည်ရ ခက်ပြန်ရော။ ဒီစာအုပ်တွေဟာ ဘာသာရေး အသိဉာဏ် ကျယ်ပြီးသား စာဖတ်သူတွေကအပ ကျန်စာဖတ်သူတွေအတွက်တော့ ရှင်းရှင်းလင်းလင်း သိနားလည်ဖို့ထက် စိတ်ရှုပ်ခေါင်းရှုပ် ဖြစ်ကြဖို့က ပိုပြီး အလားအလာ များတဲ့အပြင် သာမန် စာဖတ်သူတွေ အနေနဲ့ကျတော့ ဗုဒ္ဓဘာသာစာတွေကလည်း စိတ်ရှုပ်သွေးဖို့ ကောင်းလိုက်တာဆိုတဲ့ အထင်အမြင်မျိုး ရောက်သွားနိုင်ပါတယ်။

တချို့ စာအုပ်တွေကျပြန်တော့လည်း ဗုဒ္ဓဘာသာရဲ့ ဂိုဏ်းကွဲ အယူဝါဒကွဲတွေကို ပေါ်လွင် ထင်ရှားအောင် ရေးသားထားကြတာ ဖြစ်တော့ ကနဦးက ဒီကိစ္စတွေကို ကြိုတင် သိထားခြင်း မရှိတဲ့ စာဖတ်သူတွေ အဖို့ဆိုရင် ဗုဒ္ဓဘာသာမှာ 'ဂိုဏ်းဂဏစွဲတွေနဲ့ အချင်းချင်း အကွဲကွဲ အပြဲပြဲ ဖြစ်နေကြတာပဲ' ဆိုတဲ့ အထင်အမြင်ကိုပဲ ရသွားနိုင်ပြီး ဂိုဏ်းကွဲတွေ ထဲမှာ ရှိနေတဲ့ တူညီချက်တွေကိုတော့ လျစ်လျူရှုထားလိုက်နိုင်တာကြောင့် မြတ်ဗုဒ္ဓရဲ့ ဒေသနာစစ်တွေကို တလွဲလွဲ တချော်ချော် သဘောပေါက် နားလည်သွား နိုင်ပါတယ်။

ဒီစာအုပ်ကို ရေးကတည်းက စိတ်ထဲမှာ ဝိသေသ အထူး ရည်မှန်းချက် ထားခဲ့ပါတယ်။ မြတ်ဗုဒ္ဓရဲ့ မူလ ဓမ္မစစ်တွေကို ရှင်းရှင်းလင်းလင်း မိတ်ဆက်ပေးမယ်။ ပုံကြီးလည်း မချဲ့ဘူး။ ဂိုဏ်းဂဏ တစ်ခုခုရဲ့ အယူအဆတွေကိုလည်း ပြစ်တင် ဝေဖန် ပုတ်ခတ်တာမျိုး မလုပ်ဘူး။ ဒါကြောင့် စာဖတ်သူအနေနဲ့ ဗုဒ္ဓရဲ့ ဓမ္မစစ်တွေကို ခေတ်အမြင် ခေတ်အသိနဲ့ သိနားလည်ကြစေရမယ်ဆိုတဲ့ ရည်ရွယ်ချက်ပါ။ ကမ္ဘာပေါ်မှာ ဗုဒ္ဓဘာသာကို စိတ်ဝင်စားမှုဟာ တစ်နေ့တခြား ကြီးထွား ကျယ်ပြန့်လာနေပါတယ်။ ဘာကြောင့်လဲဆိုတော့ အသိဉာဏ် ကျယ်တဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ ဘာသာရေး တစ်ယူသန်မှုနဲ့ အယူသီးမှုမျိုးတွေကို ပိုပြီး ငြီးငွေ့လာကြတာကလည်း တစ်ကြောင်း၊ ပြီးတော့ ရုပ်ဝါဒကြောင့် ဖြစ်လာတဲ့ တဏှာ လောဘကြီးမှုနဲ့ တစ်ကိုယ်ကောင်း အတ္တဝါဒစွဲ ကြီးမားစွာ ပေါ်ထွန်းလာတာကြောင့်လည်း တစ်ကြောင်း ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာကတော့ လူတွေကို မဇ္ဈိမ ပဋိပဒါ အလယ်လမ်းကို ညွှန်ပြပြီး မျှမျှတတ စဉ်းစားတတ်အောင် သင်ကြားနိုင်တဲ့အပြင် ချမ်းသာပြီး ငြိမ်းချမ်း ပျော်ရွှင်ဖွယ် ကောင်းတဲ့ ဘဝမျိုး ရအောင် ဘယ်လို နေသင့်တယ် ဆိုတာကိုလည်း သင်ကြား ပြသပေးနိုင်လို့ ဖြစ်ပါကြောင်း။

ကော၊ သီရိ၊ ဓမ္မနန္ဒ

၁၈-၃-၁၉၈၇

# အပိုင်း တစ်

## မြတ်ဗုဒ္ဓရဲ့ ဘဝနဲ့သတင်းစကား

၂၈၃၆၈

# ၁

# မြတ်ဗုဒ္ဓရဲ့ ဘဝနဲ့သဘာဝ

## ဂေါတမ ဗုဒ္ဓ

*ဗုဒ္ဓဘာသာကို တည်ထောင်သူ*

ဂေါတမ ဗုဒ္ဓဟာ ဗုဒ္ဓဘာသာလို့ လူသိ များလာတဲ့ ဘာသာ ယုံကြည် ကိုးကွယ်မှုကို တည်ထောင်ခဲ့သူ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တယ်။ ဘီစီ ၆ ရာစုတုန်းက အိန္ဒိယပြည်မြောက်ပိုင်းမှာ ဖွားမြင်တော်မူခဲ့တယ်။ သူ့ရဲ့ ငယ်နာမည်က သိဒ္ဓတ္ထ။ မိသားစု မျိုးနွယ်စု နာမည်က ဂေါတမ။ 'ဗုဒ္ဓ' ဆိုတဲ့ နာမည်က အရိယသစ္စာ သိပြီး သဗ္ဗညုတ ဉာဏ်တော်ကို ရပြီး ဘုရားဖြစ်မှ ခေါ်ကြတာ။ ဗုဒ္ဓရဲ့ အဓိပ္ပာယ်က နိုးထခြင်း၊ အလုံးစုံကို သိမြင်တော်မူသော သဗ္ဗညု မြတ်စွာဘုရား ဆိုတဲ့ အဓိပ္ပာယ်ပါ။ သူ့ကိုယ်သူကျတော့ မြတ်ဗုဒ္ဓက '*တထာဂတ*' လို့ ခေါ်လေ့ ရှိတယ်။ တခြား လူတွေကတော့ ဂေါတမလို့လည်း ခေါ်ကြတယ်။ သကျမုနိလို့လည်း ခေါ်တတ်ကြပါတယ်။

သူဟာ အလုံးစုံပြည့်ဝတဲ့ ချမ်းသာတဲ့ မင်းသား တစ်ပါးအဖြစ် ဖွားမြင်တော်မူလာတာပါ။ စည်းစိမ် ချမ်းသာတဲ့ နန်းတော် ထဲမှာ ကြီးပြင်းခဲ့ရတယ်။ မိဘက် ဖဘက် နှစ်ဖက်စလုံးကလည်း သကျသာကီဝင်မျိုးတွေ ဖြစ်ပါတယ်။ သူဟာ နန်းမွေ ဆက်ခံရမည့် မင်းသားပါ။ အလွန့် အလွန် တင့်တယ် လှပတယ်။ မြင်သူတကာရဲ့ ကြည်ညိုဖွယ် အဆင်း ရှိတယ်။ အသားအရေကလည်း အလွန့် အလွန် ချောမွတ် ပြေပြစ်တယ်။ အဆင်း ရူပကာကလည်း မဟာဆန်လှပြီး ဉာဏ်တော်ကလည်း အထူး ထက်မြက်ပါတယ်။ အသက် ဆယ့်ခြောက်နှစ် အရွယ်မှာ သူ့ရဲ့ နှမ တစ်ဝမ်းကွဲတော်သူ ယသော်ဓရာနဲ့ စုလျား ရစ်ပတ် လက်ထပ်တော် မူတယ်။ သားတော် တစ်ပါး ထွန်းကားခဲ့တယ်။ သားတော်ကလေးကို ရာဟုလာလို့ နာမည် ပေးခဲ့တယ်။ သူ့ရဲ့ ကြင်ယာတော်ဟာလည်း အလွန် မဟာဆန်တယ်။ နေ့ရော ညပါ ရွှင်လန်း ချမ်းမြေ့တဲ့ အမူအရာ ရှိပြီး အလွန် သိက္ခာ သမာဓိနဲ့ ခံ့ညား ထည်ဝါ ယဉ်ကျေး သိမ်မွေ့သူ ဖြစ်ပါတယ်။

ဤစည်းစိမ် ချမ်းသာ ဘုံကြီးထဲမှာ နေရင်းက အလောင်းတော်ရဲ့ စိတ်ထဲမှာ ရွှေချိုင့်လှောင် ငှက်ငယ်ပမာ အလွန် ကျဉ်းကျပ်စွာ ချုပ်နှောင်တာ ခံစားနေရတယ်။ တစ်နေ့ မြို့တွင်းကို အလည် သွားတုန်းမှာ နိမိတ်ကြီး လေးပါးလို့ ပြောကြတဲ့ လူအို၊ လူနာ၊ လူသေ၊ ရဟန်းတို့ကို တစ်ခုပြီး တစ်ခု မြင်တွေ့ခဲ့ရပါတယ်။ အလောင်းတော်ရဲ့ စိတ်နှလုံးတော်ထဲမှာ မအိုရာ၊ မသေရာ ဘယ်နေရာမှာများ ရှိပါလေစလို့လည်း မျှော်မှန်း တမ်းတခဲ့မိတယ်။ ရသေ့ ရဟန်း သွင်ပြင်ကတော့ ငြိမ်သက်တယ်၊ အေးချမ်းတယ်။ သူ့မှာက လောကီ အာရုံ ကာမဂုဏ် စည်းစိမ် တွေကို လိုချင်တဲ့ ဆန္ဒရာဂတွေကို စွန့်ပယ်နိုင်ခဲ့လို့ ငြိမ်းအေးနေတာ ဖြစ်မယ်ဆိုတဲ့ သဲလွန်စကို ရခဲ့တယ်။ ဒါကြောင့် သစ္စာတရားကို ရှာရာမှာ ပထမ အဆင့် လုပ်ရမှာက နိက္ခမ ဆိုတဲ့ တောထွက်ခြင်း အလုပ်ကို လုပ်ရမယ်၊ လောကီရေးတွေကို စွန့်လွှတ်ရမယ်လို့ သူ့မှာ အတွေးဉာဏ် ဖြစ်ပေါ်ခဲ့တယ်။ ဒါကို ဒေါက်တာ သီရိ ဓမ္မနန္ဒ အရှင်မြတ် ရေးထားပုံ အင်္ဂလိပ်စာကလေးကလည်း ရိုးရှင်းပြီး နှစ်သက်ဖွယ် ကောင်းတယ်။ စာဖတ်သူ မြည်းကြည့်ပါ။

The sight of the recluse, who was calm for having given up the craving for material life, gave Him the clue that the first step in His search for Truth was Renunciation.

ဒီတစ်လောကလုံးနဲ့ ဆိုင်တဲ့ ဆင်းရဲ ဒုက္ခက လွတ်မြောက်တဲ့ လမ်းကို ရှာဖို့ ဆုံးဖြတ်ချက် ချပြီးနောက် သူဟာ ထီးနန်း စည်းစိမ်ကို စွန့်ပယ်ပြီး သူ့အတွက် သက်သက် မဟုတ်ဘဲ လူသား အားလုံးရဲ့ ဆင်းရဲဒုက္ခကို ကုစားနိုင်တဲ့ ဆေးနည်းကို ရှာဖို့ စိတ်ပိုင်းဖြတ်လိုက်ပါတော့တယ်။ သက်တော် ၂၉ နှစ်အရွယ် ညတစ်ညမှာ အိပ်စက်နေတဲ့ ကြင်ယာတော်နဲ့ သားတော်ကလေးရဲ့ မျက်နှာကို တိတ်တဆိတ် ရှုစားရင်း နောက်ဆုံး အသံတိတ် နှုတ်ဆက်ပြီး သူ့ရဲ့ ခဏ္ဍက မြင်းဖြူကြီးပေါ် ကုန်းနှီး ကကြိုး တင်ကာ တောထွက်ခဲ့ပါတယ်။

သူ့လို အိမ်ရှေ့ နန်းလျာ မင်းသား ဘဝ တောထွက်တာမျိုး သမိုင်းမှာ ရှေးက အစဉ်အလာ မရှိခဲ့သေးပါ။ ငယ်ရွယ် နုနယ်တဲ့ မင်းသား ဘဝမှာ ခံစား စံစား နေရတဲ့ ပျော်ရွှင်စရာ ချမ်းသာတွေကို စွန့်ပယ်ပြီး ခက်ခဲ ကြမ်းတမ်းတဲ့ ဘဝကို ထွက်ခွာသွားတာ လက်ငင်း ခံစား စံစားနေရတဲ့ ကာမဂုဏ် စည်းစိမ်ကနေ မသေချာ မရေရာတဲ့ အိုးမဲ့ အိမ်မဲ့ ဘဝကို ထွက်ခွာသွားနိုင်တာ၊ အာဏာ စည်းစိမ် ခြံရံတဲ့ မင်းသား ဘဝကနေ လှည့်လည်သွားလာ တောင်းခံ စားသောက် ရတဲ့ ရသေ့ ရဟန်း ဘဝကို ထွက်ခွာသွားပြီး ဂူတွေထဲ သစ်ပင်အောက်မှာ နေရ အိပ်ရတဲ့ ဘဝကို ခံယူလိုက်တာ၊ နန်းဝတ် နန်းစား မင်းသား အဆောင်အယောင်တွေကို စွန့်ပယ်ပြီး ဖန်ရည် စွန်းတဲ့ လျှော်တေ သင်္ကန်း အထည်ကြမ်းကို ဝတ်ရုံ ဆင်မြန်း လိုက်တာ၊ နေပူကျဲကျဲ မိုးရွာကြီးထဲ အကွယ်အကာ မပါဘဲ သွားလာ ကျက်စား ခဲ့တာတွေဟာ ရှေးကသမိုင်း အစဉ်အလာ လုပ်ရိုး ထုံးစံ မရှိခဲ့တာတွေပါ။ သူဟာ သူ့ရဲ့ စည်းစိမ်ချမ်းသာကို သာမက၊ ရာထူးအာဏာတွေကိုရော ချစ်ခြင်း မေတ္တာနဲ့ ရစ်နှောင် ဖွဲ့ပတ်ထားပြီး ဘဝမှာ သူများ မရနိုင်တဲ့ မျှော်လင့်စရာတွေ အများကြီးနဲ့ သူဟာ သစ္စာ ရှာပုံတော်နဲ့ အလဲအလှယ် ပြုပြီး တောထွက်ခဲ့ရတာပါ။

သစ္စာ ရှာပုံတော် ဖွင့်ရာမှာ ဒုက္ကရစရိယာ ဆိုတဲ့ ဆင်းရဲ ပင်ပန်းလှတဲ့ အကျင့်ကို ခြောက်နှစ် ဆိုတဲ့ ကြာမြင့်တဲ့ အချိန်ကို ပေးပြီး ရှာခဲ့ရတယ်။ ဒီခေတ် တုန်းက ထင်ရှားတဲ့ ဘာသာရေး ဆရာကြီးတွေထံမှ အလောင်းတော်ဟာ နည်းခံ သင်ကြားခဲ့တယ်။ ဒါပေမဲ့ သူ ရှာဖွေနေတဲ့ သစ္စာတရားတော်ကို ဒီဆရာသမား များ ထံမှာ မတွေ့ရတာကို သိမြင် နားလည်လာတဲ့အခါ သူဟာ သူ့လို တော ထွက်လာတဲ့ ပဉ္စဝဂ္ဂီ ငါးဦးနဲ့ ပေါင်းပြီး ခြိုးခြံလှတဲ့ ကိုယ်ကို ညှဉ်းပန်းတဲ့ အကျင့် တွေကို ကျင့်တော်မူပြန်တယ်။ နောက်ဆုံးမှာ ခန္ဓာကိုယ် အဆမတန် ညှိုးချုံးပြီး

ဗုန်းဗုန်းလဲတဲ့ အထိ ဖြစ်တော့မှ ဒီနည်းနဲ့ဖြင့် သစ္စာတရားကို ရှာလို့ မရနိုင်ဘူး ဆိုတာကို နားလည်ပြီး ယုံကြည်သွားတယ်။

ဒီလောက် အားစွမ်း၊ ဉာဏ်စွမ်း ထက်လှတဲ့အတွက် သူဟာ ခြိုးခြံတဲ့ အကျင့်ကို ကျင့်ရာမှာလည်း သူမတူအောင် ကျင့်နိုင်တော် မူခဲ့တယ်။ အစာ ငတ်ခံတာ ကျတော့လည်း ဝမ်းရေပြား ကျောမှာ ကပ်တဲ့ အထိပါပဲ။ ဒီလို ကိုယ်ကို ညှဉ်းဆဲတဲ့ အတ္တကိလမထနုယောဂ အကျင့်ဟာ အချည်းနှီး အကျင့်မျိုး ဖြစ်မှန်း အချိန်မီ သိနားလည်ခြင်း မရှိခဲ့ရင် သူ မုချ သေမှာပါပဲ။ ဒါကို သိမြင်လာတော့ သူဟာ မဇ္ဈိမပဋိပဒါဆိုတဲ့ အလယ်အလတ်လမ်းကို ရွေးပြီး မျှမျှတတ ကျင့်ဖို့ ဆုံးဖြတ်ချက် ချလိုက်တယ်။

ကဆုန် လပြည့်ည ဝိသာခါ နက္ခတ် ကြံ့တဲ့ ညမှာ ဗုဒ္ဓဂါယာမှာ ရှိတဲ့ ဗောဓိပင် အောက်မှာ ထက်ဝယ် ဖွဲ့ခွေ ထိုင်နေတော်မူပြီး ဝိပဿနာ ကမ္မဋ္ဌာန်း တရားကို အားထုတ်တော် မူခဲ့တယ်။ ဒီအချိန်ကျမှ တစ်လောကလုံးကို အလုံးစုံ သိမြင်တော်မူတဲ့ သယမ္ဘူဉာဏ်၊ သဗ္ဗညုတဉာဏ်တော်ကြီး ပွင့်ထွန်းတော်မူတယ်။ အဲဒါ သက်တော် ၃၅ နှစ်မှာပါ။ သူဟာ သစ္စာ ရှာပုံတော်သမား ဘဝက တစ် လောကလုံးကို ဆရာ မကူ၊ သယမ္ဘူဉာဏ်တော်နှင့် သိမြင် နှံ့စပ်တော်မူသော သဗ္ဗညု ဗုဒ္ဓမြတ်စွာဘုရားအဖြစ်ကို ပြောင်းလဲ ရောက်ရှိသွားပြီ ဖြစ်ပါတော့တယ်။

ရာစုနှစ် ထက်ဝက် နီးပါးလောက် ဖုန်ထူ ဖုတ်ပေါ်တဲ့ အိန္ဒိယက မြေလမ်းတွေ ပေါ်မှာ ခြေကျင် လျှောက်တော်မူပြီး ကိုယ်တော်မြတ် သိမြင်တော်မူပြီး ဖြစ်တဲ့ အရိယာ ဓမ္မတွေကို ဟောကြား ဆုံးမတော်မူတယ်။ နာကြားရသူ အပေါင်းတို့ဟာ နာကြားတဲ့ အတိုင်း ကျင့်ကြံ အားထုတ်ခြင်းအားဖြင့် မြင့်မြတ်တဲ့ ဘဝကို ရပြီး ဆင်းရဲ ဒုက္ခအပေါင်းက လွတ်မြောက်ခြင်း ဝိမုတ္တိရသကို ခံစားကြရပါတယ်။ ကိုယ်တော်မြတ် လက်ထက်တော် အခါသမယမှာပဲ သံဃာနဲ့ ဘိက္ခုနီ အဖွဲ့အစည်းတွေကို ဖွဲ့စည်းထူထောင်ပေးတော်မူခဲ့တယ်။ အိန္ဒိယက ဇာတ်ခွဲခြားတဲ့ စနစ်ကိုလည်း ဆန့်ကျင် စိန်ခေါ်တော်မူတယ်။ အမျိုးသမီးများရဲ့ လူမှုအဆင့်အတန်းကိုလည်း မြှင့်တင်ပေးတော်မူတယ်။ ဘာသာရေး လွတ်လပ်မှု (လွတ်လပ်စွာ ကိုးကွယ်မှု)၊ လွတ်လပ်စွာ စူးစမ်းမှုကိုလည်း သင်ကြားပေးတော် မူကယ်။ လူအားလုံးအတွက် ဘဝလွတ်မြောက်မှု ဝိမုတ္တိလမ်း နိဗ္ဗာန် တံခါး ပေါက်ကိုလည်း ဖွင့်လှစ်ပေးတော်မူတယ်။ ဇာတ်နိမ့်ရော ဇာတ်မြင့်ရော

သူတော်ကောင်း၊ သူယုတ်မာ ဘဝ အဆင့် မခွဲဘူး။ အင်္ဂုလိမာလလို ရာဇဝတ်သား လူဆိုး လူမိုက်ကြီးကိုတောင် မြင့်မြတ်တဲ့ ဘဝကို ရောက်အောင် လမ်းပြ ခေါ်ဆောင်တော်မူရုံမျှမက အမ္ဗပါလီလို ပြည့်တန်ဆာမ အောက်တန်းကျကိုလည်း အရိယာ ထေရီဘဝကို ရောက်အောင် ကယ်တင်တော်မူပါတယ်။

မြတ်စွာဘုရားရဲ့ ပညာဉာဏ်တော်ဟာ ကျေးဇူးတော် အစုံ ဂုဏ်တော် အနန္တ ဖြစ်တယ်။ လူသတ္တဝါ အားလုံးရဲ့ ကိုးကွယ်ရာ ဖြစ်တယ်။ ကိုယ်တော်မြတ် ထံကို ရောက်လာသမျှ ပြဿနာ အားလုံးကို တစ်ပိုင်းစီ ခွဲခြမ်း စိတ်ဖြာပြီးမှ ယုတ္တိ နည်းကျ ပြန်ပြီး ပြဿနာ တစ်ခုလုံးကို အဓိပ္ပာယ် ရှိရှိ ရှင်းလင်း မြင်သာ အောင် ပြန်လည် ပေါင်းစပ် ပေးတော်မူတယ်။ ကိုယ်တော်မြတ်နဲ့ စကား ယှဉ်ပြိုင် အနိုင် ပြောနိုင်သူ ဆိုလို့ တစ်စုံတစ်ယောက်မျှ မရှိပါဘူး။ သူဟာ အနှိုင်းမဲ့ ဆရာ၊ လောကဝိဒူ ဖြစ်တော်မူတယ်။ ကိုယ်တော်မြတ်ဟာ စိတ်ဝိညာဉ် သဘာဝကို ခွဲခြမ်း စိတ်ဖြာ ဟောကြားရာမှာ ယခုခေတ် တိုင်အောင် အကောင်းဆုံး သုံးသပ် တတ်သူ ဖြစ်ပါတယ်။ လူ့သမိုင်းမှာ ပထမဆုံး လူသားကို ကိုယ့်အတွက်ကိုယ် စဉ်းစားနိုင်စွမ်း ရှိအောင် လုပ်ပေးပါတယ်။ လူ့တန်ဖိုးကို မြင့်မားအောင် ဆောင်ရွက် ပေးပါတယ်။ လူသား အနေနဲ့ အမြင့်မားဆုံး အသိပညာ သဗ္ဗညုတဉာဏ်ကိုတောင် ရောက်အောင်၊ ရအောင် ကိုယ်တိုင် လုပ်ရင် ဖြစ်နိုင်ကြောင်းကိုလည်း လမ်းပြတော် မူတယ်။

ပင်ကိုက မဟာသေ့း၊ မဟာနွယ် သကျသာကီဝင်မင်းသား ဖြစ်တဲ့အပြင် အနှိုင်းမဲ့ ဉာဏ်တော်ရှင် ဖြစ်စေကာမူ ကိုယ်တော်မြတ်ဟာ ဘယ်တုန်းကမှ ရိုး သားတဲ့ တောသူတောင်သား ဆင်းရဲသားများနဲ့ ကင်းကင်းကွာကွာ မနေခဲ့ဘူး။ အပေါ်ယံ အဆင့်အတန်း ခွဲခြားတာတို့ ဇာတ်နိမ့် ဇာတ်မြင့် ခွဲခြား ဆက်ဆံတာတို့ ကိုလည်း သူက အဓိပ္ပာယ် မရှိဘူးလို့ ယူဆတယ်။ လူကို ကူညီ စောင်မရာမှာ သူ့ အတွက် အနည်းဆုံး အနိမ့်ဆုံး လူသား ဆိုတာ ဘယ်သူမှ မရှိပါ။ တစ်ခါတစ်ရံ အပယ်ခံ ဇာတ်နိမ့် ဖြစ်ဖြစ်၊ ဆင်းရဲသား အောက်တန်းစားပဲ ဖြစ်ဖြစ် ကိုယ်တော် မြတ်ထံကို ရောက်လာရင်လည်း ထိုသူကို မြတ်စွာဘုရားက လူရိုသေ ရှင်ရိုသေ ခံရတဲ့ ဘဝကို ရောက်အောင် မြင့်မြတ်တဲ့ ဘဝကို ရောက်အောင် ပြောင်းလဲပေး နိုင်ပါတယ်။

မြတ်ဗုဒ္ဓဟာ မဟာပညာ၊ မဟာကရုဏာတော်နဲ့ ပြည့်စုံတော်မူတယ်။ သူ့ ထံပါးကို ရောက်လာသမျှ လူပုဂ္ဂိုလ်တိုင်းကို သူ့ အဆင့်၊ သူ့ အစွမ်း အားလျော်စွာ

သူ့လို အကျိုးကျေးဇူး ခံစားရအောင် ဘယ်လို လုပ်ပေးသင့်တယ် ဆိုတာကိုလည်း သိမြင်တော်မူတယ်။ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက် အကျိုး ဖြစ်ထွန်းမှာကို မြင်ရင် အလွန် ဝေးကွာတဲ့ အရပ်ထိအောင် ကိုယ်တော်တိုင် ကြွမြန်းပြီး ကူညီ ပေးသူ အဖြစ်လည်း လူသိ များပါတယ်။

မြတ်ဗုဒ္ဓဟာ သူ့ရဲ့ သာဝကများကို ချစ်ခင် သနားတော် မူပြီး ဘဝ တစ်လျှောက်လုံး တပည့် သာဝကများရဲ့ အကျိုးကို ဆောင်ရွက်တော် မူတယ်။ သာဝကများ အကျိုး ဖြစ်ထွန်းရာ ဖြစ်ထွန်းကြောင်းတွေကို အစဉ်အမြဲ စူးစမ်းလေ့လာပြီး သူတို့ရဲ့ သက်သာ ချောင်ချိရေး၊ တိုးတက် ဖွံ့ဖြိုးရေးကိုလည်း ဆောင်ရွက်တော်မူတယ်။ နာမကျန်း ဖြစ်နေကြတဲ့ ချစ်သား ရဟန်း သံဃာများရှိရာ လူနာဆောင်သို့လည်း နေ့စဉ် ကိုယ်တော်တိုင် ကြွသွားပြီး သတင်း မေးပြီး ကူညီတယ်။ မကျန်းမမာသူများ အပေါ်မှာ ထားတဲ့ ကိုယ်တော်မြတ်ကြီးရဲ့ ကရုဏာတော်ကို ကိုယ်တော်မြတ် မိန့်တော်မူတဲ့ စကား အရ သိနိုင်တယ်။ -နာမကျန်းသူကို ပြုစု စောင့်ရှောက်သူဟာ ငါဘုရားကို ပြုစု စောင့်ရှောက်သူ မည်တယ်- လို့ ဟောတော်မူတယ်။ မြတ်ဗုဒ္ဓဟာ အချင်းချင်း အပြန်အလှန် ချစ်ခင် လေးစားကြဖို့ အတွက် ဝိနည်းသိက္ခာ စည်းမျဉ်း ဥပဒေတော်များကိုလည်း ချမှတ် ပေးတော်မူခဲ့တယ်။ ပသေနဒီကောသလ မင်းကြီးရဲ့ စိတ်ထဲမှာ သူလို သက်ဦးဆံပိုင် အပြစ်ဒဏ် ပေးနိုင်တဲ့ အခွင့်အာဏာ ရှိတဲ့ ဘုရင် တစ်ပါးတောင်မှ တိုင်းသူပြည်သားနန်းတွင်းသားတွေကို အဆင်ပြေပြေ နေအောင် မလုပ်နိုင်ဘဲနှင့် မြတ်စွာဘုရားကျတော့ သူ့ တပည့်သား သံဃာတွေ ချစ်ခင် ညီညွတ်နေအောင် အမိန့် အာဏာ စက် မပါဘဲ ဘယ်လိုများ လုပ်ထားလို့ ရပါလိမ့်ဆိုတာ နားမလည်နိုင်အောင် မစဉ်းစားတတ်အောင် ဖြစ်ခဲ့ရတယ်။

မြတ်စွာဘုရားမှာ တန်ခိုးတော် အစုံ ဂုဏ်တော် အနန္တ ပြည့်စုံတော်မူပါသော်လည်း ဒီတန်ခိုးတွေဟာ အရေးကြီးတာတွေလို့ မယူဆဘူး။ ကိုယ်တော်မြတ် အတွက်မှာ တန်ခိုး အထက်ဆုံး လက်နက်ကတော့ သစ္စာတရား (အမှန်တရား) ကို မြင်ထင်လာအောင် ရှင်းလင်း ဟောကြား ပြဖို့သာပဲ ဖြစ်တယ်။ နက်ရှိုင်းလှတဲ့ မဟာကရုဏာတော်ရှင်၊ လောကဝိဒူ ဆရာ တစ်ဆူ ဖြစ်တော်မူသောကြောင့် ကိုယ်တော်မြတ်ရဲ့ နှလုံးတော်ထဲမှာ လူသတ္တဝါတို့ ခံစားနေကြရတဲ့ ဆင်းရဲဒုက္ခများကို စာနာစိတ် အလွန် အထူး ဖြစ်တယ်။ ဒါကြောင့် ဒီ ဒုက္ခဆင်းရဲ

အပေါင်းက လွတ်ဖို့၊ သံယောဇဉ် တရားတွေက လွတ်မြောက်စေဖို့ အတွက် ဆင်ခြင်တုံ တရားနဲ့ အညီ ဖြစ်တဲ့ နည်းစနစ်တွေကို ပေးဖို့ကိုသာ သန္နိဋ္ဌာန် ချထားတာ ဖြစ်တယ်။

မြတ်စွာဘုရားက လောကရဲ့ အခြေအနေ၊ ဆင်းရဲဒုက္ခတွေ၊ အဖြစ်အပျက်တွေကို ဘယ်သူ ဘယ်ဝါ ဖန်ဆင်းထားတာ၊ ဘယ်သူ့ အလိုကျ ဖြစ်ရတာ ဆိုတဲ့ အယူအဆကို လက်မခံဘူး။ လောကရဲ့ ဖြစ်စဉ် 'ဓမ္မ' လို့ ခေါ်တာတွေဟာ ဖန်ဆင်းထားတာတွေလို့ ဘယ်တုန်းကမှ မဟောပါဘူး။ လောကဝိဒူ၊ လောကကြီးကို သိစပ် မြင်နှံ့သူလို့ အခေါ် ခံရစေကာမူ ဒီလောကကြီးရဲ့ နိယာမတရားတွေကို မိမိသာ သိသူ မြင်သူ ဖြစ်တယ်။ တခြားသူ မသိနိုင်ဘူးလို့လည်း မဟောဘူး။ ဓမ္မ ဆိုတဲ့ စကြဝဠာထဲမှာ ဖြစ်ပျက်နေတဲ့ တရားတွေဟာ ဘယ်သူကမှ ဖန်ဆင်းထားတာ မဟုတ်ဘူး။ သူ့ဘာသာသူ အစွန့်ကာလ ကတည်းက တည်ရှိနေကြတာ လို့ပဲ ယူဆတော်မူတယ်။

လောကကြီး ထဲမှာ ဖြစ်လာသမျှ သင်္ခါရတရားများ အားလုံးဟာ နိယာမ ဓမ္မ အတိုင်းပဲ ဖြစ်ပြီး ပျက်နေကြရတာ ဖြစ်တယ်။ မြတ်ဗုဒ္ဓဟာ သူ့ အလျှင် ပွင့်တော်မူပြီးကြတဲ့ မြတ်စွာဘုရားများ နည်းတူ လောကရဲ့ သစ္စာတရားကို ပြန်လည် ရှာဖွေ ဖော်ထုတ်ပေးသူသာ ဖြစ်တယ်။ ဒီလို သင်္ခါရ တရား ဖြစ်စဉ်ကြီးရဲ့ အဆုံး မရှိတဲ့ သံသရာ စက်ကြီး ထဲက ထွက်မြောက်ကြောင်း ဧကန် နည်းလမ်းမှန်ကိုလည်း ရှာဖွေ ဖော်ထုတ် ပေးတော်မူတယ်။

၄၅ ဝါ ကာလပတ်လုံး တရားဓမ္မများကို လှည့်လည် ဟောကြား ပြသပြီး သတ္တဝါများကို ကျွတ်တမ်းဝင်အောင် ချေချွတ်တော်မူပြီးနောက် သက်တော် ၈၀ မှာ ကုသိနာရုံ မလ္လာမင်းတို့ရဲ့ အင်ကြင်းတောမှာ ထောင်သောင်း များစွာ လူရောနတ်ပါ ပြဟ္မာ ရဟန်း သံဃာများကို များလှစွာသော ဓမ္မခန္ဓာများနှင့် အတူ ထားရစ်ခဲ့ပြီးနောက် ပရိနိဗ္ဗာန် ပြုတော်မူတယ်။ ကိုယ်တော်မြတ်ကြီးရဲ့ မဟာကရုဏာနဲ့ မဟာ ပညာတော်ရဲ့ အကျိုးသက်ရောက်မှုတွေကို ယခုခေတ် ကာလတိုင် ခံစား သိမြင်နေကြရဆဲပါ။

*'ကမ္ဘာ့သမိုင်းထဲက မဟာလူသားများ'* ဆိုတဲ့ စာအုပ်မှာ စာရေးဆရာကြီး အိချ်၊ ဂျီ၊ ဝဲလ် (H.G .Wells) က. . .

-ဗုဒ္ဓ ကိုယ်တော်မြတ် ထဲတွင် သူသည် လူသား တစ်ဦး ဖြစ်ပြီး ရိုးသားခြင်း၊ ကြည်ညိုခြင်း၊ အထီးတည်းနေခြင်း၊ ဉာဏ်အလင်းရောင် အတွက် ရုန်းကန်

နေခြင်း၊ ထင်ရှားသော လူ့ ကိုယ်ရည်ကိုယ်သွေးတို့ကို ဒဏ္ဍာရီ မဟုတ်၊ ပကတိ အတိုင်း တွေ့ကြရသည်။ သူက လူသားများအား တစ်လောကလုံးနှင့် စပ်ဆိုင်သော တရားများ၏ သတင်းစကားများကို ပေးတော်မူခဲ့သည်။ ခေတ်ကာလပေါ် ကျွန်ုပ်တို့၏ အတွေးအခေါ် အယူအဆ များစွာတို့သည် ကိုယ်တော်မြတ်ကြီး၏ အတွေးအခေါ် အယူအဆများနှင့် နီးနီးစပ်စပ် တူညီကြသည်။ လောကမှာ လူတွေ ခံစားနေကြသော သောက ပရိဒေဝ၊ ဒုက္ခ၊ ဥပါယာသ များသည် တစ်ကိုယ်ကောင်း အတ္တစိတ်ကြောင့် ဖြစ်ကြောင်း သူ သင်ကြား ပြသတော် မူခဲ့သည်။ လူ တစ်ယောက်သည် သန့်ရှင်း စင်ကြယ်သူ မဖြစ်မီ၊ ဦးစွာ ပထမ ကာမဂုဏ် အာရုံ တရားများမှ ကင်းရှင်းအောင် နေတတ်ရမည်။ ထို့နောက်သူသည် မဟာလူသားအဖြစ် ပွင့်ထွန်းတော်မူလာသည်။ ဗုဒ္ဓဘာသာက လူကို အတ္တကင်းရှင်းအောင် နေတတ်ရမည်ဟု ခရစ်တော် မပေါ်မီ အနှစ် ၅၀၀ ကျော်က ဟောကြားတော် မူခဲ့လေသည်။ တချို့ နည်းလမ်းများ၌ မြတ်ဗုဒ္ဓသည် ကျွန်ုပ်တို့နှင့်ရော၊ ကျွန်ုပ်တို့၏ လိုအပ်ချက်များနှင့်ပါ နီးစပ်သည်။ လူပုဂ္ဂိုလ်၏ အရေးပါမှုသည် လူသား၏ အကျိုးကို ဆောင်ရွက်ခြင်းမှာ တည်သည်ဟု ဟောကြားရာတွင် ခရစ်တော်ထက် ပိုပြီး ရှင်းလင်း ပြတ်သားသည်။ လူပုဂ္ဂိုလ်၏ မအို၊ မနာ၊ မသေခြင်း ပြဿနာကို ဟောရာမှာလည်း ရှုပ်ထွေးမှု နည်းသည်ဟု ဆိုလေသည်။

## တောထွက်တော်မူခြင်း

*သိဒ္ဓတ္ထမင်းသား၏ တောထွက်တော်မူခြင်းသည် လူသားတစ်ဦး ပြုသမျှ ကိစ္စတို့တွင် အရဲရင့်ဆုံး ခြေလှမ်း ဖြစ်ခဲ့တယ်။*

ဝေဖန် သဂြိုဟ် စကားတင်း ဆိုသူများက သူ၏ ထီးနန်း စည်းစိမ်ကိုရော နေပြည်တော်ကြီးကိုပါ စွန့်လွှတ်ပြီး တောထွက်သွားတာကို ရှုတ်ချ ပြစ်တင်ကြတယ်။ တချို့ကဆို ဒီလုပ်ရပ်ကို 'ဇနီး မိသားစု အပေါ် အကြင်နာမဲ့ ကြောင့်ကြမဲ့ ကိုယ်လွတ်ရုန်းပြီး စွန့်ပစ်သွားခြင်း' လို့တောင် ဖော်ပြကြတယ်။

သို့ဖြစ်စေ အကယ်၍များ ဤကဲ့သို့ တိတ်တဆိတ် လူသိ မခံဘဲ လုပ်ရိုး ထုံးစံအတိုင်း သားမယားကို နှုတ်ဆက်ပြီးမှ တောထွက်မယ် ဆိုရင် ဘယ်လို ဖြစ်သွား နိုင်သလဲ။ သားမယား ဆွေမျိုးသားချင်းတွေက သူ့ကို စိတ် ပြောင်းအောင် အသနား ခံပြီး မရမက တောင်းပန်ကြမှာ မုချ ဖြစ်မယ်။ ငိုကြီးချက်မနဲ့ ပြင်း ထန်စွာ စိတ်လှုပ်ရှား ခံစားနေကြရတဲ့ ဒီမြင်ကွင်းဟာ သူ့ ဖခမည်းတော် သုဒ္ဓေါဒန ရာဇာရဲ့ သေးငယ်တဲ့ မင်းနေပြည်တော် တစ်ခုလုံးကို အုန်းအုန်းကျွက်ကျွက် ဖြစ်သွားစေမှာတော့ သေချာတယ်။

အလောင်းတော်ရဲ့ သစ္စာတရားကို ရှာပုံတော် ဖွင့်ဖို့ မူလ ရည်မှန်းချက် ဖြစ်တဲ့ တောထွက်ခြင်း အကြံကို အပြင်းအထန် ကန့်ကွက်ကြမယ့် သူ့ ဖခမည်းတော် နှင့် သူ့ ကြင်ယာတော်တို့ကြောင့် လုံးဝ ပျက်စီးသွားစေနိုင်တယ်။ သက်တော် ၂၉ နှစ် အရွယ် ဆိုတာ အလောင်းတော် သိဒ္ဓတ္ထ မင်းသားအနေနဲ့ ငယ်မူ ငယ်သွေး ပြည့်စုံတုန်း နုပျိုတုန်းအခါ ဖြစ်တယ်။ သူ ပိုင်ဆိုင်သမျှ စည်းစိမ် ချမ်းသာတွေကို စွန့်လွှတ်ပြီး သစ္စာတရားကို ရှာမယ်ဆိုတဲ့ အကြံအစည်ဟာလည်း တောမထွက် ပါနဲ့လို့ သွေးဆောင် တောင်းပန်နေကြတာကြောင့် အခက်ကြီး ကြုံသွားနိုင်တယ်။ နောက်ဆုံး အချိန် သူ နန်းတော်ထဲက မထွက်ခွာခင်ကလေးမှာတောင် သူဟာ သူ့ရဲ့ အိပ်ဆောင်တော်ထဲကို သွားပြီး အိပ်မောကျနေတဲ့ ကြင်ယာတော်နဲ့ မွေးစ သားငယ်ကို သွားပြီး ရှုစားခဲ့သေးတယ်။ တစ်ဖက်က တောထွက်မယ်လို့ ကြံရွယ် ထားတာနဲ့ နန်းတော်ကြီးထဲမှာ နေပြီး တောထွက်ဖို့ အကြံကို စွန့်လွှတ်လိုက်ချင်တဲ့ စိတ်နှစ်စိတ် လွန်ဆွဲနေလို့ သူ့ ရင်ထဲမှာ မချိမဆံ့ ဖြစ်နေမှာပါ။

အဲဒီခေတ် အခါတုန်းကဆို အိန္ဒိယ ပြည်မှာ ချစ်ရည် ခန်းခြောက် အိုမင်း ရောက်သော် စွန့်မြောက် လူ့ဘောင်၊ တောထွက်သော်မှ၊ မြင့်မြတ်လှတယ်ဆိုတဲ့ အယူအဆ ရှိခဲ့တယ်။ လောက အာရုံ ကာမဂုဏ်တွေကို စွန့်ပြီး ရသေ့ ရဟန်းပြု တောထွက်တဲ့ ဓလေ့ ထုံးစံကို သူတော်ကောင်းတွေရဲ့ မြင့်မြတ်တဲ့ အလုပ် အဖြစ် သတ်မှတ်ခဲ့ကြတယ်။ အခြေအနေ အရပ်ရပ်ကို ထည့်တွက် စဉ်းစားကြည့်ရင် အလောင်းတော် သိဒ္ဓတ္ထ မင်းသား အနေနဲ့ ရဲရဲရင့်ရင့် မြန်မြန်ဆန်ဆန် ဆောင်ရွက် နိုင်မှသာ သူ့ရဲ့ အကြံအစည်တွေ ထမြောက် အောင်မြင်နိုင်မှာ ဖြစ်လို့ အလောင်း တော် လုပ်ခဲ့ပုံများဟာ မှန်တယ်လို့ ဆိုသင့်ပါတယ်။

သူ လောကီ အာရုံ ကာမဂုဏ် တရားတွေကို ပယ်စွန့်လိုက်တာဟာ သူ့ရဲ့ ကိုယ်ကျိုး ကိုယ် ချမ်းသာအတွက် မပါပါဘူး။ ဆင်းရဲ ဒုက္ခတွင်းထဲ နစ်နေတဲ့

လူသား အားလုံး အတွက် လုပ်ခဲ့တာပါ။ မင်းသား တစ်ဦး အနေနဲ့ ဒီအသက် ဒီအရွယ်မှာ လောကီ ချမ်းသာတွေကို စွန့်လွှတ်ပြီး တောထွက်နိုင်တယ် ဆိုတာဟာ အလောင်းတော် မင်းသားရဲ့ လူ့သမိုင်းမှာ အရဲရင့်ဆုံး လုပ်ရပ် ခြေလှမ်း တစ်ခု အဖြစ် ကျန်ရစ်နေပါတယ်။

သဗ္ဗညုတ ဉာဏ်တော်သို့ ရရောက်အောင် အားထုတ်ရာမှာ သံယောဇဉ်တွေကို ပယ်ခွာ ဖြတ်တောက်နိုင်မှုဟာ အလွန့် အလွန် အရေးကြီးတဲ့ အချက် တစ်ခု ဖြစ်ပါတယ်။ ချစ်ခင် တွယ်တာ စွဲလမ်းခြင်း ကင်းမှသာ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ရရောက်နိုင်တယ်။ လူ့ ဘဝမှာ တွေ့ကြုံ ခံစားကြရတဲ့ အခက်အခဲဆင်းရဲ ဒုက္ခများဟာလည်း ချစ်ခင် စုံမက် စွဲလမ်းမှုကြောင့် ဖြစ်တာ များပါတယ်။ စုံမက် စွဲလမ်းမှုကြောင့် လောဘ၊ ဒေါသ၊ သောက ပရိဒေဝ ဒုက္ခတွေ တသီတတန်းကြီး ကြုံတွေ့ကြရတယ်။ ဒီအစွဲအလမ်းကြောင့်ပဲ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ရတယ်။ တင်းမာမှုတွေ၊ ခေါင်းမာမှုတွေ၊ ကြေကွဲ ဝမ်းနည်းစရာတွေ ကြုံကြရတယ်။ လူ့ဘဝကို စူးစမ်း ကြည့်ရင် ချစ်ခင် စွဲလမ်းမှုဟာ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတွေ အားလုံးရဲ့ ပင်မ အကြောင်းခံ ဖြစ်တာ တွေ့ရတယ်။ အလောင်းတော် သိဒ္ဓတ္ထ မင်းသားဟာ ဇနီးမယား၊ မွေးခါစ သားငယ်၊ မြို့နိုင်ငံ မင်းနေပြည် မင်းစည်းစိမ်တွေ အပေါ်မှာသာ ချစ်ခင်စွဲလမ်းနေခဲ့ရင် သူ့အနေနဲ့ လူသားတစ်ရပ်လုံး တွေ့ကြုံ ခံစားနေကြရတဲ့ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာ ကုစားဆေး အမှန် ဖြစ်တဲ့ သစ္စာမဂ္ဂင် ဆေးတော်ကြီးကို ရှာဖွေ ဖော်ထုတ်ပေးနိုင်ခဲ့မှာ မဟုတ်ပါ။

ဤနုပျိုဆဲ မင်းသားကလေးရဲ့ ဉာဏ်မျက်စိ ထဲမှာ လောကကြီး တစ်ခုလုံး လောဘ၊ ဒေါသမီး ဟုန်းဟုန်း တောက်နေတာကို မြင်နေခဲ့တယ်။ ကိလေသာမျိုး တရားဆိုးတွေဟာ လူ့ခန္ဓာကို ရာဂမီး လောင်အောင် ရှို့နေတယ် ဆိုတာကို သူ သိမြင်တော် မူနိုင်ခဲ့တယ်။ ဤလောကမှာ အသက် ရှင်နေသမျှ သတ္တဝါ မှန်သမျှ သူ၏ ကြင်ယာတော် အပါအဝင် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဒုက္ခ မျိုးစုံကို ခံစားနေကြရတယ်လို့ အလောင်းတော်ရဲ့ စိတ်ထဲမှာ သိမြင် နားလည်နေတယ်။ ဒါကြောင့် ဒုက္ခဘုံထဲ နစ်မွန်းနေကြရတဲ့ လူသားများအတွက် ဒုက္ခဆင်းရဲ အပေါင်းမှ ယွတ်မြောက်ကြောင်း တရားကို သူ ရအောင် ရှာဖို့ ဆုံးဖြတ်တော်မူခဲ့တယ်။ သူ စိတ်ထဲမှာ အရာရာကို စွန့်လွှတ်ပြီး စွန့်စားဖို့လည်း ကြိုတင် ပြင်ဆင်ထားတော်မူတယ်။

အလောင်းတော် တောထွက်ပြီး အနှစ် ၂၅၀၀ ကျော်ကြာ ကာလ ရောက်မှ သူ့ အပြုအမူကို ဝေဖန်ပြီး မိကျောင်း မျက်ရည် ကျပြသူတွေကလည်း ပေါ်သေးတယ်။ သူ စွန့်ခွာ တောထွက်သွားတာကို သူ့ရဲ့ ချစ်ဇနီး ကြင်ယာတော် မင်းသမီးကတောင် အလောင်းတော်ရဲ့ မြင့်မြတ်လှတဲ့ အကြံတော် ရည်ရွယ်ချက်ကို နားလည်တဲ့အခါ အပြစ် မတင်ခဲ့ဘူး။ အပြစ် မတင်သည့် အစား ယသော်ဓရာ မင်းသမီးဟာ သူ ကိုယ်တိုင် ရွှေနန်းတော်ကြီးထဲက စည်းစိမ် ချမ်းသာ ဘုံကြီးကို စွန့်ပယ်ပြီး ဘိက္ခုနီမ အသွင်နဲ့ နှိမ့်ချ ရိုးသားတဲ့ ဘဝမှာ နေပြီး ကိုယ်တော်မြတ်ကို လေးစား ကြည်ညိုပုံကို သက်သေထင်ရှား ပြခဲ့သေးတယ်။

ဒါဟာ ကလေးတွေရဲ့ ချို့မြိန်ခြင်းကို မုန်းတီးလို့မှ မဟုတ်ဘဲ၊
ဒါဟာ ချစ်ဇနီး အပေါ်မှာ မကြင်နာ မုန်းတီးလို့လည်း မဟုတ်ဘဲ၊
သူ့ နှလုံးသားမှာ သူတို့ကို အချစ်လျော့လို့လည်း မဟုတ်ဘဲ၊
ဗုဒ္ဓဘုရား အဖြစ်ကို ပိုပြီး ရချင်လို့သာ အရာရာကို စွန့်လွှတ်ခဲ့တာပဲ။

(ဒွိုက်ဂိုဒတ်)

# မြတ်ဗုဒ္ဓရဲ့ သဘာဝ

## *လောကရဲ့ အလင်းရောင်*

**နားလည်သင့်တဲ့ တရားကို နားလည်ခြင်း လည်းကောင်း၊ ပျိုးထောင်သင့်တဲ့ တရားကို ပျိုးထောင်ခြင်း လည်းကောင်း၊ ပယ်ဖျက်သင့်တဲ့ တရားကို ပယ်ဖျက်ခြင်း လည်းကောင်း ပြုခဲ့သည် ဖြစ်၍ ငါ ဗုဒ္ဓသည် ဖြစ်တော်မူ မည်၏။**

(သုတ္တနိပါတ)

ရဟန်းတို့ ဤလောကမှာ နေမင်း လမင်းတို့ မပေါ်ထွန်းမီ အခါ... အလင်းရောင်ခြည် မထွန်းမီက ဤလောက၌ အလင်းရောင် မထွန်းပဘဲ ရှိခဲ့ဖူးတယ်။ မှောင်ကြီး အတိ ကျခဲ့ဖူးတယ်။ မောဟမှောင်ကြီး ကျနေခဲ့တယ်။ နေ့နဲ့ ညကို ခွဲ

ခြားလို့ မရဘူး။ လဆန်း လဆုတ်ကို ခွဲခြားလို့လည်း မရဘူး။ ရာသီတွေ နှစ်တွေကိုလည်း ခွဲခြားလို့ မရခဲ့ဘူး။

ရဟန်းတို့ လောကမှာ နေမင်း လမင်း ထွန်းလင်းလာတဲ့ အခါကျမှ အလင်းရောင်ခြည်ဟာ ဒီလောကမှာ ပေါ်ထွန်း လင်းလက်လာတယ်။ အမှောင်ထုကြီး အဝိဇ္ဇာ အမှောင်ထုကြီးလည်း မရှိတော့ဘူး။ ဒီအခါကျမှ လဆန်း လဆုတ်တွေ၊ ရာသီတွေ၊ နှစ်တွေ ဖြစ်ပေါ်လာရတယ်။

ဒီအတိုင်းပဲ။ ရဟန်းတို့ အရဟံ ဂုဏ်တော်နဲ့ ပြည့်စုံတော်မူတဲ့ ဗုဒ္ဓဘဂဝါ ပွင့်ပေါ်မလာခင်က ဤလောကမှာ ထွန်းပတဲ့ အလင်းရောင်ခြည်တော်ကြီး မရှိခဲ့ဖူးဘူး။ အမှောင်ထုကြီး၊ အဝိဇ္ဇာ အမှောင်ထုကြီးသာ ပိတ်ဆီးနေခဲ့တယ်။ လောကမှာ ဒေသနာတွေလည်း မရှိခဲ့ဘူး။ သာသနာလည်း မရှိခဲ့ဘူး။ သစ္စာလေးပါး မြတ်တရားကို ရအောင် သစ္စာ မဂ္ဂကို နားလည်အောင် ခွဲခြမ်း စိတ်ဖြာပြီး ပြခဲ့ခြင်းမျိုးလည်း မရှိဘူး။ အရိယာ သစ္စာ လေးပါး မြတ်တရား ဆိုတာ ဘာလဲ။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ တို့ပဲဖြစ်တယ်။

ရဟန်းတို့ အဘယ်မှာလျှင် သင်တို့သည် ဤကား ဒုက္ခသစ္စာ၊ ဤကား သမုဒယသစ္စာ၊ ဤကား နိရောဓသစ္စာ၊ ဤကား မဂ္ဂသစ္စာ ဟူ၍ သင်တို့ ကိုယ်တိုင် သိမြင်အောင် ဆောင်ရွက်နိုင်ပါမည်လဲ။

အထက်ပါ အဆိုအမိန့် စကားတွေဟာ ဒီလောကမှာ မြတ်ဗုဒ္ဓ ပွင့်ထွန်းတော်မူလာခြင်းရဲ့ တန်ဖိုး ကြီးမားပုံကို ကျွန်ုပ်တို့ သိမြင်အောင် ပုံဖော် ပြသခဲ့တဲ့ စကားတွေပဲ။ ဗုဒ္ဓ ရှင်တော်မြတ် ပွင့်ထွန်းလာတဲ့ အချိန်တုန်းက အနောက်တိုင်း ကမ္ဘာမှာ ဟေရာကလိတပ် ဦးဆောင်တဲ့ ဒဿန ပညာရှင်ကြီးတွေက အနောက်တိုင်း ဒဿန ပညာကို စင်တော်ဖွင့် ကာလလို့ ဆိုနိုင်တယ်။ အစက အိုလံပီယံ နတ်တွေကို ကိုးကွယ် ဆည်းကပ် နေရာက သဘာဝတ္တဒဿန ဘက်ကို အာရုံပြောင်းခါစပဲ ရှိသေးတယ်။ အဲဒီ အချိန်ဟာ ဘေဘီလုံမှာ ဂျူး (ရေဝတီ) လူမျိုးတွေကို ယေရမိယာ[၁] က ဘာသာရေး အယူအဆသစ်တွေကို ဟောခါစ အခါပဲ ရှိသေးတယ်။

ဒီအချိန်မှာပဲ အီတလီ နိုင်ငံမှာလည်း ပိုက်သာဂိုရပ်စ်က လူ့ရဲ့ ပြန်လည်ဝင်စားခြင်း အယူဝါဒ (သံသရာဝါဒ) ကို မိတ်ဆက် ဟောကြားစပဲ ရှိသေးတယ်။

---

၁ Jeremiah

အရှေ့ဘက်ခြမ်းက တရုတ်ပြည်မှာလည်း ပညာရှိကြီး ကွန်ဖြူးရှပ်က တရုတ် အမျိုးသားရေးဆိုင်ရာ ကိုယ်ကျင့်တရားတွေကို ဟောကြားနေတဲ့ ကာလ ဖြစ်တယ်။

ဒီအချိန်တုန်းက အိန္ဒိယမှာတော့ လူမှုဘဝ တစ်ခုလုံးကို ဗြဟ္မဏ နတ်ဆရာ ဘုန်းကြီးတွေက ချုပ်ကိုင် ခြယ်လှယ်နေပြီး ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲရေး၊ ဇာတ်နိမ့် ဇာတ်မြင့် ခွဲခြားရေး၊ အကျင့်ပျက် ပဒေသရာဇ် မြေရှင်စနစ် ထွန်းကားရေး၊ အမျိုးသမီးများကို ချိုးနှိမ်ပြီး ယုတ်ညံ့သူများ အဖြစ် သတ်မှတ်ရေး၊ ဗြဟ္မဏ ပုဏ္ဏားများရဲ့ စိုးမိုး ခြယ်လှယ် နေတာကို ကြောက်လန့်အောင် လုပ်နေ တဲ့ အလေ့အထတွေ ထွန်းကားနေချိန် ဖြစ်တယ်။

ဒီလို အချိန်ကာလမျိုးမှာ သူတော်ကောင်း သူမြတ်လောင်းတွေ ဘဝကို မြှုပ်နှံပြီး သစ္စာတရားကို ရှာဖွေတဲ့ နေရာဖြစ်တဲ့ အိန္ဒိယပြည်မှာ မြတ်ဗုဒ္ဓ ဆိုတဲ့ လူသားများ အတွက် အလွန်တရာ မွှေးကြိုင်လှတဲ့ ပန်း တစ်ပွင့် ပွင့်ထွန်းလာတာ ဖြစ်ပါတယ်။ ဒီသဘောကို ဒေါက်တာ၊ သီရိ၊ ဓမ္မနန္ဒ အရှင်မြတ် ရေးသားပုံ ဖော်ပြပုံ အင်္ဂလိပ်စာ အရေးအသားကလည်း မှတ်သားဖွယ် ကောင်းလို့ ဖော်ပြလိုက်ပါတယ်။

It was at such time that the Buddha, the most fragrant flower of the human race, appeared in the land where saints and sages dedicated their lives in the search for truth.

ဗုဒ္ဓမြတ်စွာဟာ မဟာလူသား တစ်ပါး ဖြစ်တယ်။ သူရဲ့ သက်တော်တမ်း တစ်လျှောက်လုံးမှာ တခြားလူတွေ အပေါ် ထူးထူးခြားခြား ဘုန်းတန်ခိုး ဩဇာ ကြီးမားစွာ လွှမ်းမိုးခဲ့တယ်။ ကိုယ်တော်မြတ်ကြီးရဲ့ ပင်ကို သံလိုက်ဓာတ် ဆွဲဆောင်မှု၊ သီလ ဂုဏ်သိက္ခာနှင့် ကိုယ်တော်တိုင် ရှာဖွေ တွေ့ရှိခဲ့တဲ့ တရားအပေါ်မှာ ထားရှိတဲ့ ယုံကြည် စိတ်ချမှု ဂုဏ်ရောင် ထွန်းလင်း တောက်ပခဲ့တာကြောင့် သူ့အပေါ် လူကြိုက်များပြီး အောင်မြင် ထင်ရှားသူ ပုဂ္ဂိုလ်ထူးဖြစ်တယ်။ မရပ်မနား လှုပ်ရှားသွားလာပြီး တရားဓမ္မများကို သင်ကြားပေးနေတဲ့ အာစရိယ ဆရာဘဝ တစ်လျှောက်လုံးမှာ ဗုဒ္ဓ ကိုယ်တော်မြတ်ကြီးဟာ သူ့ တရားကို နာယူသူ လူပေါင်း များစွာကို မင်္ဂဉာဏ်ဖိုလ်ဉာဏ်ကို ရရှိစေခဲ့တယ်။ သူဟာ မြင့်သူ၊ နိမ့်သူ၊ ချမ်းသာသူ၊ ဆင်းရဲသူ၊ ပညာရှိ၊ ပညာမဲ့၊ အမျိုးသား၊ အမျိုးသမီး၊ အိမ်ရာ ထူထောင်သူ ဝတ်ကြောင်များရော၊ အိုးအိမ်ကို စွန့်ခွာသူ ရသေ့ ရဟန်းများပါ မကျန် မင်းမှူးမတ်များနဲ့ တောင်သူလယ်သမားများ အားလုံးကို ဆွဲဆောင်နိုင်သော

ပုဂ္ဂိုလ်ထူးပါ။ သန့်ရှင်း စင်ကြယ်သူ အကျင့်သီလ ပြည့်စုံသူတွေက သူ့ထံကို တရား နာကြားဖို့ လာနေစဉ်မှာ သူကတော့ လူဆိုး လူယုတ် ရက်စက် ကြမ်းကြုတ်သူတွေ ရှိရာ အရပ်ကို ကြွသွားပြီး တရားဓမ္မတွေကို ဟောကြား ဆုံးမတော်မူတယ်။ သူ တွေ့သမျှ လူအပေါင်းကို သူ ရှာဖွေ ဖော်ထုတ်ခဲ့တဲ့ သစ္စာ ဓမ္မကို လက်ဆောင်အဖြစ် ပေးကမ်းတယ်။ သူ့ရဲ့ တပည့် သာဝကတွေဟာ မင်း တွေ၊ စစ်မှုထမ်းတွေ၊ ကုန်သည်ကြီးတွေ၊ သူကြွယ်တွေ၊ သူတောင်းစားတွေ၊ ပြည့် တန်ဆာတွေ၊ ဘာသာတရား ကိုင်းရှိုင်းသူတွေရော၊ အယူဝါဒ မှားယွင်းနေသူတွေ ပါ မကျန် လူမျိုးစုံ၊ ဘဝမျိုးစုံ ပါကြပါတယ်။ လူတွေ အချင်းချင်း မသင့်မတင့် ဖြစ်ပြီး တိုက်ခိုက်ကြတဲ့အခါ ကိုယ်တော်မြတ် ကြွသွားပြီး အချင်းချင်း သင့်မြတ် ပြီး ငြိမ်းအေးအောင်လည်း ဆောင်ရွက်တော်မူတယ်။ လူတွေမှာ အမြင်မှား အထင်မှားတွေနဲ့ အယူမှားနေတာကိုလည်း အယူမှန် အမြင်မှန် ရအောင် သူတို့ရဲ့ ဉာဏ်အလင်း ရအောင် ဆောင်ရွက်တော်မူတယ်။ လူတွေဟာ ရာဂ ဒေါသမီးတွေ တောက်လောင်နေရင်လည်း ကိုယ်တော်မြတ်ကြီးက သစ္စာ ရေစင် ပေးပြီး မီးငြိမ်း အေးအောင် ပြုတယ်။ လူတွေမှာ အချင်းချင်း မစောင့်ရှောက်ကြဘဲ တစ်ဦးကို တစ်ဦး စွန့်ပစ်သွားလို့ ပူဆွေးနေကြတဲ့အခါ ကိုယ်တော်မြတ် နှလုံးတော်က ဖြစ်ပေါ်လာတဲ့ မဟာကရုဏာတော် အနန္တကို ဖြန့်ကြက်ပြီး စိတ်ချမ်းသာအောင် လည်း ပြုတော်မူတယ်။

ကိုယ်တော်မြတ်ဟာ လောကကို တစ်နည်းတစ်ဖုံ ပုံသွင်းဖို့ ကြိုးပမ်းသူ မဟုတ်ပါ။ လောကကို သိမြင် နားလည်သူ လောကဝိဒူ သာ ဖြစ်တယ်။ လောက ကြောင်းကို အလွန် ကျွမ်းဝင် နားလည်သူ ဖြစ်တော်မူတာကြောင့် ကိုယ်တော်မြတ် ဟာ လောက သဘာဝ အပေါ် အထင်မှား အမြင်မှား ကင်းရှင်းတော်မူတယ်။ သို့ မဟုတ် လောကရဲ့ နိယာမ တရားတွေကို လူသားတွေရဲ့ အလိုဆန္ဒ အတိုင်း ကိုက်ညီအောင် ပြန်ပြီး ပြုပြင်နိုင်မယ် ဆိုတဲ့ ယုံကြည်ချက်မျိုးလည်း မထားဘူး။ ကိုယ်တော်မြတ် ဉာဏ်တော်မှာ လောကကြီးဖြစ်တည်နေတာဟာ လူသားတွေကို ပျော်ရွှင်စရာတွေ ဖန်တီးပေးဖို့ ဖြစ်တည်နေတာ မဟုတ်ဘူး ဆိုတာကို ကောင်းကောင်း သိမြင်ထားတယ်။ လောက သဘာဝကို၊ လောကရဲ့ အခြေအနေကို လည်း ကိုယ်တော်မြတ် ကောင်းစွာ သိမြင်တော်မူတယ်။ လောကထဲမှာ ဘဝ ဖြစ် တည်နေပုံဟာ တရစပ် ပြောင်းလဲနေတယ်။ တစ်မျိုးပြီး တစ်မျိုး ဖြစ်ပေါ်နေတယ် ဆိုတာကို သိမြင်တော်မူတယ်။ လူတွေ စိတ်ကူးယဉ်ပြီး မျှော်မှန်း တမ်းတ နေကြ

တဲ့ နေ့လယ် အိပ်မက်လို ဘဝ ကောင်းစားရေး စိတ်ကူးတွေဟာ ဘာမှ အသုံးမကျ အရာမထင်တာတွေ ဖြစ်တယ် ဆိုတာကိုလည်း ကိုယ်တော်မြတ် ကောင်းစွာ သိမြင်တော်မူတယ်။ ဒီလေးနက်တဲ့ သဘောတရားတွေကို ဒေါက်တာ သီရိ ဓမ္မနန္ဒ ဆရာတော်ဟာ ရိုးရှင်းတဲ့ အင်္ဂလိပ်စာနဲ့ ရေးသား ဖော်ပြပုံကလည်း နှစ်သက်စရာ ကောင်းတယ်။ သူ့ အရေးအသားကို မြည်းစမ်းကြည့်ပါ။

"He knew that the world does not exist for the pleasure of the man. He knew about the nature of worldly conditions. He realized the vicissitude of worldly life. He knew the futility of human imagination or day-dreaming about the world.

မြတ်ဗုဒ္ဓဟာ ဘဝ ကောင်းစားရေး ဆိုတဲ့ စိတ်ကူးယဉ် လောက တည်ဆောက်ရေးနဲ့ ရသေ့ စိတ်ဖြေ ကိုယ် ဖြစ်ချင်တာ တွေးမျှော် ကြည့်နေတာမျိုးကိုလည်း အားမပေးဘူး။ သူက ကိုယ့်ဘဝ ကိုယ် အောင်အောင်မြင်မြင် ဖန်တီးနိုင်တဲ့ နည်းကိုပဲ ဟောပြ ဆုံးမတော်မူတယ်။ ကိုယ်တိုင် ဖန်တီးနိုင်တဲ့ ဘဝ ဆိုတာက အပြင်လောက မဟုတ်ဘူး။ အဇ္ဈတ္တလောက၊ အတွင်းက လောကသာ ဖြစ်တယ်။ ကိုယ့်ရဲ့ ကိုယ်ပိုင်လောကပေါ့။ ရိုးရိုးရှင်းရှင်း စကားနဲ့ ပြောရရင် မြတ်ဗုဒ္ဓက လောကကြီး တစ်ခုလုံးဟာ မိမိရဲ့ ကိုယ်တွင်း အဇ္ဈတ္တမှာပဲ တည်ရှိနေတယ်။ အဲဒီ လောကကိုလည်း စိတ်က ဦးဆောင်နေတယ်။ ဒါကြောင့် လောကကို ပြုပြင်ပြောင်းလဲချင်ရင် ကိုယ့်စိတ်ကို လေ့ကျင့်ပြီး စင်ကြယ်အောင် ပြောင်းလဲရမယ်လို့ပဲ သင်ကြား ဆုံးမတော်မူတယ်။

မြတ်ဗုဒ္ဓရဲ့ အဆုံးအမက ရိုးရိုးကလေးနဲ့ အနက် အဓိပ္ပာယ် ပြည့်စုံတယ်။ မကောင်းမှု အကုသိုလ်ကို မပြုနှင့်၊ ကောင်းမှု ကုသိုလ်နှင့် ပြည့်စုံစေ၊ စိတ်ကို စင်ကြယ်အောင်ထား၊ ဒါ ဗုဒ္ဓရဲ့ အဆုံးအမ သာသနာပဲတဲ့။

(ဓမ္မပဒ-၁၈၃)

အဝိဇ္ဇာ ဆိုတဲ့ မောဟကို ဘယ်လို ပယ်ဖျက်ရမယ် ဆိုတာကို လူတွေ သိမြင်အောင် သူက သင်ပေးတယ်။ လွတ်လပ်ခြင်း သဘောကို စိတ်ထဲ ဘယ်လို ထိန်းသိမ်းပြီး လွတ်လွတ်လပ်လပ် ဘယ်လို စဉ်းစား ဆင်ခြင်ရမယ် ဆိုတာကိုလည်း အားပေးအားမြှောက် ပြုတော်မူတယ်။ တင်းကျပ်တဲ့ ပူဇော် ပသမှုတွေ၊

တင်းကျပ်တဲ့ အယူအစွဲ သန်မှုတွေ၊ မျက်ကန်း ယုံကြည်မှုတွေ၊ ဇာတ်နိမ့် ဇာတ်မြင့် ခွဲခြားမှုတွေ အားလုံးကို သူ့ ဘဝ ထဲမှာ လက်မခံဘူး။ နေရာ မပေးဘူး။ မြတ်ဗုဒ္ဓရဲ့ အမြင်မှာ လူအားလုံးဟာ တစ်မျိုးတည်း၊ တစ်စားတည်းပဲ ဖြစ်တယ်။ သူ့ အဆုံးအမ စကားတိုင်းဟာ အစမ်းခံတယ်၊ စမ်းလည်း စမ်းသပ်ခဲ့ကြတယ်။ သူ့ ခေတ်ကာလတုန်းကလည်း သူဟာ အလွန်အကြူး ထူးမြတ်တဲ့ ပုဂ္ဂိုလ် ဖြစ်တယ် ဆိုတာကို အထင်အရှား ပြသနိုင်ခဲ့တယ်။ သူဟာ လူတွေကို အလုပ်အကျွေး ပြုတဲ့ ယုံကြည် ကိုးကွယ်မှု၊ ကိုယ်ကျိုး စွန့်ပြီး သာသနာ အတွက် အောင်မြင်အောင် စွမ်းဆောင်နိုင်သူ ဖြစ်ကြောင်းကိုလည်း အထင်အရှား ပြတော်မူခဲ့တယ်။ ကျွန်ုပ်တို့ ကိုလည်း မျက်မှောက် ကာလက စပြီး ဘဝကို ထူထောင်ဖို့ကိုရော၊ ဒါကိုပဲ ဘဝ ရဲ့ အစလို့ သဘောထားဖို့၊ ပြီးတော့ နေ့စဉ် ဘဝ ထဲက အဆုံးမဲ့ တာဝန်ဝတ္တရား တွေကိုလည်း ကျေပွန်အောင် ရွက်ဆောင်ကြဖို့၊ ကိုယ့် တာဝန်ကိုယ် ယူကြဖို့ ကိုယ်က လွဲပြီး တခြားမှာ အားကိုးစရာ မရှိကြောင်း ကောင်းမြတ်လှတဲ့ အဆုံးအမ များကို ပေးခဲ့တယ်။

လောကရဲ့ သဘော အသစ်ကိုလည်း ဗုဒ္ဓမြတ်စွာ ရှင်းပြတော်မူခဲ့တယ်။ ထာဝရ ချမ်းသာ ပျော်ရွှင်မှု ဆိုတဲ့ အမြင်သစ်ကိုလည်း သိမြင်စေခဲ့တယ်။ အဲဒါ ကတော့ ဘုရားအဖြစ်ကို ရောက်အောင် ပါရမီ ဖြည့်ကျင့်ပုံကိုလည်း ပြခဲ့တယ်။ အနိစ္စ သင်္ခါရတရား အားလုံးကို လွန်မြောက်တဲ့ အသင်္ခတနိစ္စ ထာဝရ နိဗ္ဗာန်နဲ့ နိဗ္ဗာန် ရောက်ကြောင်း တရားကိုလည်း အထင်အရှား ပြသထားခဲ့တယ်။

မြတ်ဗုဒ္ဓ ပွင့်တော်မူခဲ့တာ လွန်ခဲ့တဲ့ အနှစ် ၂၅၀၀ ကျော် ကာလက ဖြစ် တယ်။ ခုအချိန် အထိ ဗုဒ္ဓရဲ့ ဂုဏ်ကျေးဇူးကို ဘာသာတရား ကိုင်းရှိုင်းတတ်သူ များက သာမက၊ ထာဝရဘုရားကို မယုံကြည်သူတွေကရော၊ သမိုင်း ပညာရှင်တွေ ကရော၊ ကမ္ဘာပေါ်မှာ ရှိနေကြတဲ့ ဆင်ခြင်ဉာဏ် အဓိကဝါဒီတွေ၊ ပညာရှိ သူခမိန်တွေ အားလုံးကပါ သူဟာ သဗ္ဗညုတ ဉာဏ်တော်ကို ရပိုင်ခဲ့သူ မြတ်ဗုဒ္ဓ အဖြစ်ရော၊ လွတ်လပ်တဲ့ စိတ်ဓာတ် ရှိသူ မဟာ ကရုဏာရှင် မဟာ ပညာရှင် ဆရာကြီး အဖြစ်နဲ့ပါ အသိအမှတ် ပြုကြရတယ်။

*သုခေါ ဗုဒ္ဓါနံ၊ ဥပ္ပါဒေါ*

**ဗုဒ္ဓရှင်တော်မြတ် ပွင့်တော်မူခြင်းသည် ချမ်းသာ ပျော်ရွှင်ခြင်း ဖြစ်၏။**

*(ဓမ္မပဒ-၁၉၄)*

## မြတ်ဗုဒ္ဓဟာ ထာဝရဘုရား လူ့ဝင်စားလား

*သူသည် ထာဝရဘုရားရဲ့ သားတော် ဖြစ်တယ်၊ ထာဝရဘုရားရဲ့ တမန်တော်မြတ် ဖြစ်တယ်လို့ ဘယ်တုန်းကမျှ မတောင်းဆိုခဲ့ပါ။*

မြတ်ဗုဒ္ဓသည် ထူးမြတ် ထင်ရှားလှသော လူသား စင်စစ် ဖြစ်တယ်။ ဆရာမကူ သယမ္ဘူ ဉာဏ်ဖြင့် သမ္မာသမ္ဗောဓိ အဖြစ် ပွင့်ထွန်းလာသူ ဖြစ်တယ်။ သဗ္ဗညုတ ဉာဏ်ကြီးရှင် ဘုရား စင်စစ် ဖြစ်တော်မူလာရာ၌ ဤကား ငါ့ဆရာလို့ ညွှန်ပြခြင်း ခံထိုက်သူ တစ်စုံတစ်ယောက်လည်း မရှိပါ။ မိမိရဲ့ လုံ့လ ဥဿဟာဖြင့် ကိုယ်တော်တိုင် ပါရမီ ဆယ်ပါး အပြား သုံးဆယ်ကို ဖြည့်ကျင့်တော်မူခဲ့ရတယ်။ ဒါန ပါရမီ၊ သီလ ပါရမီ၊ နိက္ခမ ပါရမီ၊ ပညာ ပါရမီ၊ ဝီရိယ ပါရမီ၊ ခန္တီပါရမီ၊ သစ္စာ ပါရမီ၊ အဓိဋ္ဌာန် ပါရမီ၊ မေတ္တာ ပါရမီ၊ ဥပေက္ခာ ပါရမီတို့ကို ဖြည့်ကျင့်တော်မူခဲ့ခြင်း ဖြစ်တယ်။ ဒေါက်တာ သီရိဓမ္မနန္ဒ အရှင်မြတ်ရဲ့ ပါရမီ ၁၀ ပါးကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားပုံမှာ ပိုမို ခေတ်ဆန်သော အင်္ဂလိပ်စာ အရေးအသားမျိုး ဖြစ်လို့ နှစ်သက်ဖွယ် ကောင်းပါတယ်။ စာဖတ်သူ အတွက် စာမြည်းအဖြစ် တင်ပြချင်ပါတယ်။

He practised to perfection the ten supreme qualities of generosity (ဒါန)၊ discipline (သီလ)၊ renunciation (နိက္ခမ)၊ wisdom (ပညာ)၊ energy (ဝီရိယ)၊ endurance (ခန္တီ)၊ truthfulness (သစ္စာ)၊ determination (အဓိဋ္ဌာန်)၊ good-will (မေတ္တာ) and equanimity. (ဥပေက္ခာ)

မြတ်ဗုဒ္ဓသည် ကိုယ်တော်တိုင် စိတ္တဝိသုဒ္ဓိ ဖြစ်အောင် ကျင့်ကြံ အားထုတ်တော်မူပြီးနောက်မှ (ဒိဋ္ဌိ ဝိသုဒ္ဓိ၊ ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိ၊ မဂ္ဂါ မဂ္ဂ ဉာဏ ဒဿန ဝိသုဒ္ဓိ၊ ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ၊ ဉာဏ ဒဿန ဝိသုဒ္ဓိ) စတဲ့ ဝိသုဒ္ဓိ အဆင့်ဆင့်ကို ဖြစ်စေတော်မူလျက် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ တံခါးများ အားလုံးကို ဖွင့်လှစ်ပေးတော်မူခဲ့ခြင်း ဖြစ်တယ်။

မြတ်စွာဘုရားသည် သိအပ်သော တရား အားလုံးကိုလည်း သိစပ် မြင်နိုင်တော် မူတယ်။ ပြုကျင့်အပ်သော တရား မှန်သမျှကို ပြုကျင့်တော် မူပြီးလည်း

ဖြစ်တယ်။ ဖျက်ဆီးအပ်သော ကိလေသာတရား အားလုံးကို ဖျက်ဆီး ပြီးသူလည်း ဖြစ်တယ်။ စင်စစ် ကျင့်ကြံ အားထုတ်ပြီး ရရောက်အပ်သော ဉာဏ်တော်သို့ ရောက်ရှိရာမှာ သူ့ကို ယှဉ်ပြိုင်နိုင်သူ ပုဂ္ဂိုလ်မျိုး တခြားသော ဘာသာ အယူဝါဒ များမှာ မပေါ်ပေါက်ဖူးပေ။

မြတ်ဗုဒ္ဓဟာ ပုဂ္ဂိုလ်အားဖြင့်လည်း ထူးမြတ်လှတယ်။ သူ ဟောကြားတော်မူခဲ့သော တရားဓမ္မများမှာလည်း မိုးကြိုးစက် ကဲ့သို့ အလွန် ထက်မြက်လှတယ်။ ထို့ကြောင့် လူအပေါင်းက သူ့ကို 'သူ ဘယ်သူလဲ' ဆိုတဲ့ အမျိုးအမည်ကို စူးစမ်းတဲ့ အမေးပုစ္ဆာမျိုးကို မေးခြင်းထက် *'သူဟာ ဘာလဲ' What He was* ဆိုသော အမေးမျိုးကိုသာ မေးတတ်ကြတယ်။ ဤအမေးဟာ သူ့ကို 'ဘယ်လို ပုဂ္ဂိုလ်ထူးမျိုး လဲ' *Who He was* ဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ ထူးမြတ်မှု အဆင့်အတန်းကို စူးစမ်းသော အမေးမျိုး ဖြစ် တယ်။ အလွန် ကြည်ညိုဖွယ် ရှိလှတာကြောင့် သူ သက်တော်ထင်ရှား ပွင့်ထွန်း တော်မူစဉ် ကာလမှာပင် လူအများက သူ့ကို နတ်ဘုရားလိုလို၊ ထာဝရ နတ်ဘုရား လူဝင်စား အသွင်ဖြင့် ပွင့်ထွန်းလာသူလိုလို ပြောင်းလဲ သတ်မှတ်ခြင်းကို ခံခဲ့ရ တယ်။ ဒီလို လူစင်စစ်က နတ်ဘုရားအဖြစ် နတ်ဘုရားရဲ့ လူဝင်စား ဘုရား အဖြစ် ကြည်ညိုခြင်းမျိုးကို သူဟာ ဘယ်အခါကမျှ လက်ခံတော်မူခြင်း မရှိခဲ့ဘူး။ အင်္ဂုတ္တိုရ်မှာ မြတ်ဗုဒ္ဓက 'ငါသည် နတ် (ဒေဝ) မျိုး မဟုတ်။ ဂန္ဓဗ္ဗနတ်မျိုးလည်း မဟုတ်၊ ယက္ခနတ်မျိုးလည်း မဟုတ်၊ မနုဿ လူစင်စစ်သာ ဖြစ်၏။ သင်တို့က ငါ့ကို ဗုဒ္ဓ ဟူ၍သာ သိကြကုန်လော့' ဟု မိန့်တော်မူခဲ့တယ်။ အမှန်စင်စစ် သဗ္ဗညုတ ဉာဏ်တော်ကို ရပြီး နောက်တွင် ဗုဒ္ဓမြတ်စွာဘုရားအား သာမန် မနုဿ လူသား အဖြစ် သတ်မှတ်ရန်တော့ မသင့်ပြီ။ သူသည် ဗုဒ္ဓဝံသ၊ ဗုဒ္ဓ မျိုးနွယ်ဝင် ဖြစ်သွားပြီး သဗ္ဗညုတ ဉာဏ်ကို ရတော်မူခဲ့ကြတဲ့ ဗုဒ္ဓ မျိုးနွယ်ဝင်များ ထဲတွင် ပါဝင်သူ တစ်ပါး ဖြစ်သွားပြီ။

'ဗုဒ္ဓ' များသည် ဤလောက၌ အခါအားလျော်စွာ ပွင့်ထွန်းတော်မူခဲ့ကြ လေသည်။ (ဂေါတမဗုဒ္ဓ မတိုင်မီက ဂင်္ဂါဝါဠု သဲစုမက၊ ဗုဒ္ဓ ဘုရား အဆူဆူ ပွင့် တော်မူခဲ့ကြဖူးကြောင်း ဟောကြားတော်မူခဲ့၏။) သို့သော် လူတွေက (အထူးသဖြင့် ဟိန္ဒူ ဘာသာဝင်တွေက) ဗုဒ္ဓသည် တစ်ပါးတည်း ဖြစ်ကြောင်း လူဝင်စား အဖြစ် အကြိမ်ကြိမ် ပြည်တော်ဝင် ဖြစ်ကြောင်း၊ မှားယွင်းစွာ ယူဆကြ၏။ အမှန် စင်စစ် ဗုဒ္ဓများသည် တစ်ဦး တစ်ယောက်၊ တစ်ပါးတည်း မဟုတ်။ အကယ်၍

တစ်ပါးတည်းက လူဝင်စား အဖြစ် အကြိမ်ကြိမ် ပြည်တော်ဝင် ဖြစ်သည် ဆိုလျှင် တခြား လူတွေအနေနှင့် ဘုရားဆုကြီးပန် ဖြစ်ခွင့် ရှိနိုင်တော့မည် မဟုတ်ချေ။ ဗုဒ္ဓ ဘာသာဝင်များ ယုံကြည်ကြသည်ကား မည်သူမဆို ဆုကြီး ပန်ပြီး ပါရမီ ဖြည့်ကျင့်တော်မူပြီး အဝိဇ္ဇာကို ပယ်သတ်ပြီး ဖြစ်လျှင် (ဗုဒ္ဓ) ဘုရား ဖြစ်နိုင်ကြသည် ချည်း ဖြစ်၏။ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရှိလျှင် ဘယ်သူပဲ ဖြစ်ဖြစ် နိဗ္ဗာနဓာတ်၊ နိရောဓ ဓာတ်ကို ခံစားကြရခြင်းတွင် အတူတူပင် ဖြစ်၏။

အိန္ဒိယပြည်တွင် ရှေးရိုး အယူစွဲသန်သော ဘာသာ ယုံကြည်သူများက မြတ်ဗုဒ္ဓ၏ လွတ်လပ်သော အတွေးအခေါ် အယူအဆများကြောင့် သူတို့ လက်ခံထားသော ဇာတ်နိမ့် ဇာတ်မြင့် လူတန်းစား ခွဲခြားထားမှု စနစ်ကို အိန္ဒိယ လူ့ အဖွဲ့အစည်းအတွင်း တော်လှန် ပြောင်းလဲစေသည် ဆိုပြီး သူ့ကို ဝေဖန် ပုတ်ခတ်ကြ၏။ အယူအဆ မတူသူ လူများစွာက ဗုဒ္ဓဘာသာကို နိမ့်မြင့် မဟူ ပညာရှိ ပညာမဲ့ လူပေါင်းများစွာ သက်ဝင် ယုံကြည် ကိုးကွယ်လာကြသောအခါ ရန်သူကြီးအဖြစ် သတ်မှတ်ခဲ့ကြ၏။ သူ့ကို သူတို့က ဖျက်ဆီးပစ်ရန် ကြိုးစား ခဲ့ကြ၏။ ဖျက်ဆီးခြင်း မအောင်မြင်သောအခါ သူတို့က တစ်ဖက်လှည့်ဖြင့် သူသည် သူတို့ ကိုးကွယ်သော ဗြဟ္မာကြီး နတ်ဘုရားက လူအဖြစ် လူ့ အသွင် ဝင်စားလာသူ (အဝတာရ) အဖြစ် ပြောင်းလဲ သတ်မှတ်ကြပြန်သည်။ (ဟိန္ဒူဘုရားကျောင်းများ ထဲတွင် ဗုဒ္ဓကို သူတို့၏ 'နဝမအဝတာရ' အဖြစ် သတ်မှတ်ပြီး တည်ထား ကိုးကွယ် ကြ၏။) ဤနည်းဖြင့် သူတို့သည် ဗုဒ္ဓဘာသာကို သူတို့ ဘာသာထဲ သွင်းပြီး စိမ့်ဝင်သွားအောင် ပြုခဲ့ကြ၏။ ဤနည်းသည် အိန္ဒိယပြည်တွင် အတော်အတန် အလုပ် ဖြစ်ခဲ့သည်။ ရာစု နှစ်ပေါင်းများစွာ ကြာလာသောအခါ ဤနည်းဖြင့် ဗုဒ္ဓဘာသာ ယိုယွင်းလာအောင် နောက်ဆုံး အိန္ဒိယတွင် အစ ပျောက်သွားအောင် အထိ ပြုလုပ်ခဲ့ကြ၏။ ဤနည်းဖြင့် စတင် ပေါ်ထွန်းရာ အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓ ဘာသာ ပျောက်ကွယ်သွားသည် အထိ ဖြစ်ခဲ့ရလေသည်။

ယခုခေတ် တိုင်အောင် တချို့သော ဘာသာဝင်များသည် (သူတို့ ဘာသာ ဝင်များ ဗုဒ္ဓဘာသာကို ကူးပြောင်း ကိုးကွယ်လာကြခြင်းကို တားဆီးရန်နှင့်) ဗုဒ္ဓ ဘာသာဝင်များ သူတို့ ဘာသာ အယူဝါဒ ထဲသို့ ကူးပြောင်း ကိုးကွယ်လာကြစေ ရန် အတွက် ဗုဒ္ဓဘာသာကို သူတို့ ဘာသာ ထဲသို့ စိမ့်ဝင်အောင် ကြိုးပမ်းနေကြ သည်။ ထိုသူတို့ ပြောဟောနေသော အကြောင်းမှာ ဗုဒ္ဓ ကိုယ်တော်တိုင်က

နောက်ဆုံး ပွင့်ဦးမည့် ဗုဒ္ဓ ရှိသေးကြောင်း ဗျာဒိတ်တော် ရှိခဲ့ကြောင်း၊ အုပ်စု တစ်စုက ဂေါတမ ဗုဒ္ဓ နောက်ပိုင်း အနှစ် ၆၀၀ ကျော်တွင် ပေါ်ထွန်းခဲ့သော သူတို့၏ ဘာသာရေး ခေါင်းဆောင် တမန်တော်သည် နောက်ဆုံးပွင့် ဗုဒ္ဓပင် ဖြစ်ကြောင်း ပြောဆိုကြသည်။ နောက်အုပ်စု တစ်ခုကလည်း ဘဒ္ဒ ကမ္ဘာတွင် နောက်ဆုံး ပွင့်မည့် ဗုဒ္ဓဘုရားရှင်သည် ၁၃ ရာစု အတွင်းက ဂျပန် နိုင်ငံတွင် ပွင့်တော်မူပြီးပြီဟု တောင်းဆိုကြပြန်သည်။ နောက်ထပ် အုပ်စု တစ်စုလည်း ရှိသေး၏။ သူတို့ကလည်း သူတို့၏ ဘာသာ အယူဝါဒကို တည်ထောင်သူသည် ဂေါတမ ဗုဒ္ဓနှင့် ယေရှု ခရစ်တော်တို့၏ အစဉ်အလာအတိုင်း ဆင်းသက်လာသောကြောင့် သူတို့၏ ဘာသာကို ထူထောင်သူသည် ဘဒ္ဒကမ္ဘာမှာ နောက်ဆုံး ပွင့်သော မြတ်ဗုဒ္ဓပင် ဖြစ်ကြောင်း ယုံကြည်နေကြပြန်သည်။ ထိုသူများက ဗုဒ္ဓဘာသာဝင်များအား သူတို့၏ ရှေးကျသော ဗုဒ္ဓဘာသာကို စွန့်ပြီး ဗုဒ္ဓဘာသာသစ်ကို ပြောင်းလဲ ကိုးကွယ်ကြဖို့ ဆိုဆုံးမနေကြပြန်၏။ ထိုသူတို့က မြတ်ဗုဒ္ဓကို သူတို့၏ ခေါင်းဆောင် ဆရာကြီးများအဖြစ် တစ်တန်းတည်းထားပြီး ကိုးကွယ်နေကြခြင်းသည် ကောင်းသည်ဟု မြင်နိုင်ပါ၏။ သို့သော် ကျွန်ုပ်တို့၏ စိတ်ထဲတွင် ဤကဲ့သို့ ဗုဒ္ဓဘာသာဝင်များကို သူတို့ ဘာသာ အထဲ ဝင်လာအောင် အမှန်တရားကို တလွဲ ပုံဖော်ပြီး ကြိုးပမ်းနေကြခြင်းကိုကား အလွန် ခါးသီးစွာ ခံစားကြရ၏။

ဗုဒ္ဓသစ်သည် ပွင့်တော်မူခဲ့ပြီးပြီဟု တလွဲ ချွတ်ချော် ပုံဖော်ပြောဆိုနေကြသူများသည် မြတ်ဗုဒ္ဓ၏ ဗျာဒိတ်စကားကို လွဲမှားစွာ ဖော်ပြနေကြခြင်းသာ ဖြစ်၏။ မြတ်စွာဘုရားက နောက်ဘုရား မပွင့်ပေါ်မီ ကြိုတင် ဖြစ်ပေါ်ရမည့် နိမိတ်လက္ခဏာများကို အတိအကျ ဟောထားတော်မူခဲ့ပြီး ဖြစ်၏။ ဗုဒ္ဓတို့၏ သဘောသဘာဝမှာ လက်ရှိ ဗုဒ္ဓ၏ သာသနာတော် ကွယ်ပျောက်ပြီး မဖြစ်မချင်း နောက်ထပ် ဗုဒ္ဓဘုရား ပွင့်ပေါ်ရိုး ထုံးစံ မရှိခြင်း ဖြစ်၏။ နောက်ဘုရားသည် သစ္စာလေးပါး မြတ်တရားနှင့် မဂ္ဂင် ရှစ်ပါး မြတ်တရားကို လူသားတို့ လုံးဝ မေ့ပျောက်သွားပြီးသောအခါမှသာ ပွင့်မည် ဖြစ်၏။ ထိုအခါ ကာလ၌ လူတို့အား ရှေးက ပွင့်တော်မူခဲ့ပြီးသော သစ္စာတရားတော်များအတိုင်း ကောင်းစွာ နားလည်ကြစေရန် နောက်ပွင့်မည့် ဘုရားက ညွှန်ကြား ပြသပေးမည် ဖြစ်၏။ ကျွန်ုပ်တို့က ဂေါတမ ဗုဒ္ဓ ဟောကြားတော်မူခဲ့သော သာသနာတွင်း ကာလ၌ အသက် ရှင်နေဆဲပင် ဖြစ်၏။ လူသားတို့၏ အကျင့် သီလများမှာ တချို့ လူများမှ အပ အများအားဖြင့်

ယုတ်လျော့ ယိုယွင်းကုန်ကြပြီ ဖြစ်စေကာမူ အနာဂတ် ကာလ၌ ပွင့်ပေါ်လာမည့် ဗုဒ္ဓမြတ်စွာဘုရားသည် ဤသာသနာ ကွယ်ပပြီးနောက် အသင်္ချေကပ် ကမ္ဘာကာလကို လွန်မြောက်ပြီး၊ နိဗ္ဗာန် ရောက်ကြောင်း လမ်းကောင်းတရားလည်း လုံးဝ ကွယ်ပပြီး လူများကလည်း နောက်ဘုရားကို တောင့်တလျက် ကြိုလင့်ရန် အသင့်ဖြစ်သော အခါကျမှ ပွင့်ရမည် ဖြစ်၏။

## မြတ်ဗုဒ္ဓ၏ ဆောင်ရွက်ချက်

*ဗုဒ္ဓသည် အဝိဇ္ဇာ မှောင်တိုက်ကို ပယ်ဖျက်လျက် လောကအား ဆင်းရဲ ဒုက္ခ အပေါင်းမှ လွတ်မြောက်အောင် ဘယ်လို လုပ်ရမည်ကို ညွှန်ပြရန်အတွက် ဖွားမြင်လာခြင်း ဖြစ်၏။*

မြတ်ဗုဒ္ဓ ဟူသည် သူ ဟောတော်မူခဲ့သော ကောင်းကျိုး ချမ်းသာ ဖြစ်စေသော တရားတို့၏ စုဝေးရာပင်ဖြစ်၏။ ၄၅ ဝါ ပတ်လုံး လှည့်လည်ပြီး ဒေသစာရီ ကြွချီလျက် ဟောကြား ဆုံးမတော်မူခဲ့သော အောင်မြင်သော သူ၏ ဓမ္မဒူတ လုပ်ငန်းကြီးတွင် သူ ဟောတော်မူခဲ့သမျှ စကားလုံးများကို အပြောသာ မဟုတ် ကာယကံ၊ ဝစီကံ၊ မနောကံ အလုပ်များအဖြစ်သို့ ပြောင်းလဲတော် မူစေနိုင်ခဲ့၏။ ကိုယ်တော်မြတ်သည် မည်သည့်အခါကမျှ လူသား၏ ပျက်လွယ်သော သမာဓိ အားနည်းမှု သဘောကိုရော၊ လူသား၏ တပ်မက်မှု ရာဂ သဘောကိုရော ပြသတော်မူခဲ့ခြင်းလည်း မရှိချေ။ လောကမှာ ပေါ်ထွန်းပြီးသမျှ ဘာသာရေး ခေါင်းဆောင်တို့တွင် မြတ်ဗုဒ္ဓ၏ အကျင့်သီလသည်ကား အပြစ်အနာ အကင်းဆုံး ဖြစ်ပါ၏။

ရာစု နှစ်ပေါင်း ၂၅ စုကို ကျော်လွန်လာခဲ့ပြီးသည့်တိုင်အောင် လူ သန်းပေါင်း များစွာသည် သူ၏ တရား ဒေသနာများကို နာကြားရပြီးနောက် စိတ်ဓာတ်တက်ကြွကာ စိတ်သက်သာမှု နှစ်သိမ့်အောင် အားပေးခြင်း အရသာကို ခံစားကြရ၏။ မြတ်ဗုဒ္ဓ၏ ကြီးကျယ် မြင့်မြတ်မှုကလည်း လောကကြီး တစ်ခုလုံးကို လွှမ်းခြုံ ထွန်းလင်းသော နေမင်းကြီးပမာ အခြားသော အလင်းရောင်တို့ထက်

သာလွန် ထွန်းပသော အလင်းကို ဆောင်နိုင်ပါ၏။ သူ၏ ဒေသနာတော်များက စိတ်ပန်းကိုယ်ကြေ ဖြစ်နေသော ကြည်ညို ကိုးကွယ်လာသူများအား ဘဝ လုံခြုံ၍ ငြိမ်းအေးခြင်း အမှန် မြတ်နိဗ္ဗာန်သို့ ဖိတ်ခေါ် ယူငင် နေဆဲ ဖြစ်၏။ လူသားတို့ ခံစား နေကြရသော ဆင်းရဲ ဒုက္ခကို ကယ်တင်ရန် အတွက် သူ့လောက် ကိုယ့်ကျိုး ကိုယ့် စည်းစိမ် ချမ်းသာများကို စွန့်လွှတ်၍ ဆောင်ရွက်နိုင်သူမျိုးကား ဤလောက၌ သူနှင့် တူမျှသူ တစ်စုံတစ်ယောက်မျှ မရှိနိုင်ပါ။

လူ့ သမိုင်းတွင် တိရစ္ဆာန်များကို သတ်ဖြတ်ပြီး ယဇ်ပူဇော်ခြင်းကို ဆန့်ကျင်သော အဆုံးအမများကို ဟောကြားတော် မူသော ဘာသာရေး ခေါင်းဆောင်များ ထဲတွင် မြတ်ဗုဒ္ဓသည် ပထမဆုံး ခေါင်းဆောင် ဖြစ်၏။ ထိုနည်းတူစွာ သက်ရှိ သတ္တဝါများကို ညှဉ်းဆဲ နှိပ်စက်ခြင်း မပြုအပ်ကြောင်းကိုလည်း လူအပေါင်းတို့ အား ဆိုဆုံးမတော်မူတယ်။

မြတ်ဗုဒ္ဓ၏ အမြင်တွင် ဘာသာရေး ဆိုတာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရစေ နိုင်တဲ့ နည်းလမ်းသာ ဖြစ်ပြီး ပေါပေါလောလော ရအပ်သော အရာ မဟုတ်ဟု ရှုမြင်တယ်။ သူ၏ နောက်လိုက်များ အနေနှင့်လည်း မျက်ကန်း ယုံကြည်ကိုးကွယ် ခြင်းမျိုးကို မြတ်ဗုဒ္ဓက အလို မရှိပါ။ သူ့ကို ယုံကြည်သူများ အနေနှင့် လွတ်လပ်စွာ စဉ်းစား ဆင်ခြင် တိုင်းထွာပြီးမှ ယုံကြည်သူတွေ ဖြစ်စေချင်တယ်။

မြတ်ဗုဒ္ဓ ပွင့်ထွန်းလာခြင်းကြောင့် လူ့ လောက တစ်ခုလုံးမှာ ကောင်းချီး ဩဘာ မင်္ဂလာ အပေါင်း ခညောင်း ပြည့်စုံခဲ့ရတယ်။ ဗုဒ္ဓမြတ်စွာဘုရား ဟော ကြားတော်မူခဲ့တဲ့ ဒေသနာတော်တွေ ထဲမှာ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက် အပေါ်မှာတောင် မိတ်ဆွေ မဆန်တဲ့ ရန်လို မုန်းထား ပြုသင့်တယ်လို့ ဘယ်တုန်းကမှ ဟောကြားတော်မူခြင်းမျိုးလည်း လုံးဝ မရှိပါ။ သူ့ အပေါ် ဆန့်ကျင် တိုက်ခိုက် သူ အဆိုးဆုံး ရန်သူ အပေါ်မှာတောင် မိတ်ဆွေ မဆန်တဲ့ မလိုမုန်းထား စိတ်မျိုး ကို မပြုသင့်ဘူးလို့လည်း ထုတ်ဖော် ဟောကြားတော်မူတယ်။ မြတ်ဗုဒ္ဓ လက်ထက် တော် အခါက သူ့အပေါ် မလိုမုန်းထားတဲ့ အာဃာတ စိတ်နဲ့ သတ်ဖြတ်ပစ်ဖို့ အထိ ကြိုးပမ်းမှုမျိုး ရှိခဲ့ဖူးတယ်။ ဒါတောင် ဗုဒ္ဓမြတ်စွာဘုရားဟာ ဒီလူတွေကို ရန်သူလို့ သဘော မထားခဲ့ဘူး။ တစ်ခါက မြတ်ဗုဒ္ဓ မိန့်တော်မူပုံမှာ 'ဆင်ပြောင် ကြီးသည် စစ်မြေပြင်၌ လေးမှ (မိမိ အပေါ်သို့) ကျရောက်လာသော မြားကို မတုန် မလှုပ် ခံသကဲ့သို့ ငါဘုရားသည် လွန်ကျူး စော်ကားသော စကားကို သည်းခံအံ့။ (လောကီဘုံသား) လူ အများသည် သီလ မရှိသည်သာတည်း' (ဓမ္မ ပဒ-၃၉၈) ဟူ၍ ဖြစ်တယ်။

လူ့ သမိုင်းစဉ် တစ်လျှောက်မှာ မြတ်ဗုဒ္ဓလို သူ့ကိုယ်ကို သာသနာတော် အတွက် လူသားများ ချမ်းသာရေးအတွက် ပေးလှူစွန့်လွှတ်ထားနိုင်သူမျိုး ဘယ်သူမှ မပြုနိုင်ဘူးလို့ မှတ်တမ်းတင်ရမှာပါ။

မဟာဗောဓိမှာ သဗ္ဗညုဉာဏ်တော်ကို ရယူသည်က စ၍ နောက်ဆုံး ပရိနိဗ္ဗာန် ပြုသည့် အချိန်တိုင်အောင် ကိုယ်တော်မြတ်ဟာ လူသားတို့ရဲ့ ဘဝကို အဆင့်မြင့်လာအောင် မရပ်မနား၊ မမောမပန်း ဆောင်ရွက်တော်မူခဲ့တယ်။ တစ်နေ့ လုံးမှာ ၂ နာရီပဲ ကျိန်းစက်တော်မူတယ်။ ဤမဟာစရိယ ဓမ္မဆရာကြီး ပရိနိဗ္ဗာန် ပြုပြီးနောက် ၂၅ ရာစု (အနှစ် ၂၅၀၀ ကျော်) အချိန်တွေ ကုန်လွန်သွားပြီ ဖြစ် သော်လည်း ကိုယ်တော်မြတ်ရဲ့ မဟာကရုဏာနဲ့ မဟာပညာ သတင်းစကားဟာ ယခုထက်တိုင် အထူး သန့်ရှင်းစင်ကြယ်လျက်ပင် ဖြစ်တည်နေဆဲပါ။ ဒါကို ဆရာတော်ကြီး ဒေါက်တာ သီရိဓမ္မနန္ဒ ရေးပြတော်မူတဲ့ အင်္ဂလိပ်စာ အရေးအသား ကလည်း မှတ်သားဖို့ကောင်းလို့ ဖော်ပြချင်တယ်။

*Though 25 centuries have gone since the passing away of this great Teacher, His message of love and wisdom still exists in its pristine purity.*

*ဒီသတင်းစကားများဟာ ယခုတိုင် လူသားရဲ့ ကံကြမ္မာ အပေါ် မလွဲဧကန် ဩဇာ လွှမ်းမိုးဆဲပင် ရှိပါ၏။*

*This message is still decisively influencing the destinies of humanity.*

*ကိုယ်တော်မြတ်သည်ကား မဟာကရုဏာတော်ရှင်ကြီး အဖြစ်၏ ဤကမ္ဘာ လောကကို ပြဟ္မာစိုရ် မေတ္တာတော်ဖြင့် ထွန်းပလျက် နေခဲ့တယ်။*

*He was the most Compassionate One who illuminated this world with loving kindness.*

*နိဗ္ဗာန်ကို စံဝင်တော်မူပြီး နောက်မှာလည်း ကိုယ်တော်မြတ် ထားခဲ့သော အမတ ချမ်းသာ သတင်းကောင်း စကားများသည် ယခုတိုင် ကျွန်ုပ်တို့ ထံမှာ အတူ ရှိနေဆဲပါ။*

*After attaining Nibbāna, the Buddha left a deathless message that is still with us.*

ယခု မျက်မှောက် ကာလ၌ ကမ္ဘာလောကကြီး၏ ငြိမ်းချမ်း သာယာရေးကို ကြောက်မက်ဖွယ် ခြိမ်းခြောက်မှုမျိုးနှင့် ကျွန်ုပ်တို့ ရင်ဆိုင်နေကြရတယ်။

Today we are confronted by the terrible threat to world peace.

ဒါကြောင့် ကမ္ဘာ့သမိုင်းမှာ ဘယ်အခါ ကာလကမှ ကိုယ်တော်မြတ်၏ သတင်းစကားမျိုးကို ယခုကာလထက် ပို၍ လိုအပ်သော ကာလမျိုးလည်း မရှိတော့ပါ။

At no time in the history of the world is His message more needed than it is now.

မြတ်ဗုဒ္ဓသည် လောက၏ အဝိဇ္ဇာ အမှောင်ထုကို ပယ်ရှင်းရန် အတွက် ဖွားမြင်တော်မူလာခြင်း ဖြစ်သည်။ လောကသားများအား အိုခြင်း၊ နာခြင်း၊ သေခြင်းနှင့် သောက ပရိဒေဝ ဆင်းရဲ အပေါင်း ပယ်ရှင်း သုတ်သင်နိုင်ကြောင်း တရားကို ဘယ်လိုဘယ်ပုံ ကျင့်ကြံ အားထုတ်ရမည်ဆိုသော နည်းလမ်းကို ညွှန်ပြရန် အတွက် ဖွားမြင်တော်မူလာခြင်းလည်း ဖြစ်၏။

တချို့ လူတွေက ဒီလောကမှာ မကောင်းသူကို ပယ်၊ ကောင်းသူကို ကယ်တင်ဖို့အတွက် နတ် သိကြားတွေ ကောင်းကင်ဘုံက ဆင်းသက်လာကြမယ်လို့ ယုံကြည်နေကြတယ်။ မြတ်ဗုဒ္ဓ ဒီလောကမှာ ပွင့်ပေါ်တော်မူလာတာ ကတော့ မကောင်းသူတွေကို ပယ်ရှင်း သုတ်သင်ပစ်ဖို့ ဆင်းသက်လာတာ မဟုတ်ပါ။ ဒီလို ဒုစရိုက်သမား၊ မကောင်းမှု ပြုသူများကို လူကောင်း လူမွန်တွေ ဖြစ်လာအောင် မှန်သော လမ်းကို ပြညွှန်ဖို့ အတွက် ပွင့်လာတာသာ ဖြစ်တယ်။

လူသား အပေါင်းကို ကယ်တင်မည့် ဗုဒ္ဓရဲ့ နည်းလမ်းက လွတ်မြောက်ကြောင်း အမှန် မြတ်နိဗ္ဗာန်ကို ရောက်အောင် ဘယ်လို ရှာကြံရမည် ဆိုတာကို သင်ကြား ပြသပေးခြင်း ဖြစ်တယ်။ လူတို့ တစ်ခါတစ်ရံ ကြုံတွေ့ကြရသော ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်ခြင်းကိုသာ လျော့နည်း သက်သာသွားအောင် ဆောင်ရွက်ပေးရန် စိတ်ဆန္ဒမျိုး သူ့မှာ မရှိပါ။ သူ့မှာ လူသတ္တဝါတို့၏ ဆင်းရဲဒုက္ခ အပေါင်းက လွတ်မြောက်ကြောင်း မဂ်လမ်းကိုသာ ဖော်ထုတ် ပြညွှန်ပေးလိုသော ဆန္ဒတော်မျိုးသာ ပို၍ ရှိသည်။

ကျွန်ုပ်တို့ အနေနှင့် ကမ္ဘာကျော် ဒဿန ပညာရှင်ကြီးများ၊ စိတ်ပညာရှင်ကြီးများ၊ အတွေးအခေါ် ဆရာကြီးများ၊ သိပ္ပံပညာရှင်ကြီးများ၊ ဆင်ခြင်တုံ ဝါဒီများ၊

လူမှုရေး အလုပ်သမားများ၊ ပြုပြင်ရေးသမားများ၊ အခြားသော ဘာသာရေး ဆရာကြီးများကို ယှဉ်၍ နှိုင်းယှဉ် ကြည့်ကြပါဦးစို့။ ဘက်လိုက်မှု ကင်းသော စိတ်မျိုးဖြင့် ထိုပုဂ္ဂိုလ်ကြီးများ၏ ကြီးကျယ်မှု၊ အကျင့်သီလ ပြည့်စုံမှု၊ အလုပ်အကျွေးပြုမှု၊ ဉာဏ်ပညာ ကြီးမှုများကို မြတ်ဗုဒ္ဓ၏ အကျင့်သီလ စရဏ၊ ကရုဏာတော် ဉာဏ်တော်တို့နှင့် ယှဉ်မည်ဆိုလျှင် ထိုပုဂ္ဂိုလ်ကျော်များ ထဲတွင် မြတ်ဗုဒ္ဓက ဘယ်လို နေရာမျိုးမှာ ရှိလိမ့်မည် ဆိုသည်ကို ဉာဏ် ရှိသူတိုင်း နားလည်နိုင်ပါလိမ့်မယ်။

## မြတ်ဗုဒ္ဓ၏ သမိုင်းအထောက်အထား

*မြတ်ဗုဒ္ဓသည် လောကကို အောင်နိုင်သူတို့တွင် အကြီးဆုံး အမြတ်ဆုံး ဖြစ်၏။ ကိုယ်တော်မြတ် ဟောကြား သင်ကြားတော်မူသော တရားဒေသနာတော်များကလည်း လူအပေါင်းတို့အား အမှောင် လောကကို ကျော်ဖြတ်ရမည့် လမ်းကို အလင်းရောင် ထွန်းပြတော်မူသည်။ အမုန်းတရားနှင့် ဒုက္ခဆင်းရဲများကို ကျော်လွန်သော၊ မေတ္တာတရား၊ သုခချမ်းသာတို့ဖြင့် တင့်တယ်သော အလင်းလောကသို့ လမ်းပြပေးတော်မူသည်။*

ဂေါတမ ဗုဒ္ဓဟူသည် ဒဏ္ဍာရီ ထဲက သူရဲကောင်း မဟုတ်ပါ။ အမှန်တကယ် သက်တော် ထင်ရှား ရှိခဲ့သော သမိုင်းဝင် ပုဂ္ဂိုလ်ထူး ဖြစ်၍ ယခု ဗုဒ္ဓဘာသာဟု ခေါ်ကြသော ဘာသာ ယုံကြည်မှုကို အစပျိုး ထူထောင်ခဲ့သူ ဖြစ်တယ်။ ဤဘာသာရေး ခေါင်းဆောင်ကြီး သက်ရှိထင်ရှား ထွန်းကားခဲ့ကြောင်း သမိုင်း သက်သေ အထောက်အထားများကို အောက်ပါ အချက်အလက်များ၌ ထင်ရှားသည်။

(၁) ကိုယ်တော်မြတ်ကို ကိုယ်တိုင် ဖူးတွေ့ခဲ့ရသူများ၏ အထောက်အထားများ ရှိသည်။ ထိုအထောက်အထားများကို ကျောက်သား ပေါ်မှာ ထွင်းထုထားသော ကျောက်ထက် အက္ခရာတင် မှတ်တမ်း မှတ်ရာများ၊ စိုက်ထူထားသော

ကျောက်စာများ၊ သူ့ကို ဂုဏ်ပြုရန် တည်ထားသော စေတီပုထိုးများ ရှိသည်။ ဤအထိမ်းအမှတ်များ ကမ္ပည်းများကို မင်းများနှင့် အခြားလူများက သူ့ကို အမှတ် ရစေရန် တည်ထားခဲ့ ကြသည်။ ထိုသူများသည် မြတ်ဗုဒ္ဓခေတ်က မြတ်ဘုရားနှင့် နီးနီးကပ်ကပ် နေထိုင် ဆက်ဆံခဲ့ကြရသူများ ဖြစ်ကြပြီး ထို အထောက်အထားများအားဖြင့် မြတ်ဗုဒ္ဓ၏ ဘဝ ဇာတ်လမ်းကို သုံးသပ် ဆုံးဖြတ်နိုင်သည်။

(၂) သူ့ခေတ် ဇာတက ဝတ္ထုများမှာ ဖော်ပြထားသော ဗုဒ္ဓခေတ် (ရှေးကျသော) အဆောက်အအုံ အကြွင်းအကျန်များကိုရော နေရာဒေသများကိုပါ ရှေးဟောင်း သုတေသနက ရှာဖွေ တွေ့ရှိခဲ့ကြရတယ်။

(၃) မြတ်ဗုဒ္ဓ တည်ထောင်ခဲ့သော သံဃာ အဖွဲ့အစည်းသည် ယခုခေတ် တိုင် အောင် မပျက်မစီးဘဲ ဆက်လက် တည်ရှိဆဲ ဖြစ်တယ်။ ဗုဒ္ဓ၏ ဘဝဖြစ်စဉ် အချက်အလက်များကို ဆောင်ထားကြသော သံဃာတော်များသည် ထိုအချက် အလက်များကို မျိုးဆက် တစ်ခုပြီး တစ်ခု အဆက်မပြတ်အောင် ကမ္ဘာ အရပ်ရပ်မှာ သယ်ဆောင်တော် မူလာခဲ့ကြတယ်။

(၄) မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် စံတဲ့ နှစ်က အကြောင်းအချက်တွေရယ်၊ ဒီနောက်ပိုင်းမှာ ဆက်လက် ဖြစ်ပေါ်ခဲ့တဲ့ သင်္ဂါယနာတင်ပွဲကြီးတွေဟာ မြတ်ဗုဒ္ဓ ဟောကြား တော် မူခဲ့တဲ့ ဓမ္မဒေသနာတော်တွေကို စိစစ် သုံးသပ်ဖို့ အတွက် ကျင်းပခဲ့ကြ တာ ဖြစ်တယ်။ ဒီလို သင်္ဂါယနာ တင်ပြီး ပိဋကတ်တော်တွေကို ဆရာက တပည့်ကို သင်ကြားပေးတဲ့ နည်းနဲ့ လက်ဆင့်ကမ်း သယ်ယူလာကြတာဟာ ယခုခေတ် ကာလတိုင်အောင်ပါပဲ။

(၅) ကိုယ်တော်မြတ် ပရိနိဗ္ဗာန် ပြုတော်မူပြီးနောက် ရုပ်ကလာပ်တော်ကို မီး သဂြိုဟ်တဲ့အခါ ကြွင်းကျန်နေတဲ့ ဓာတ်တော် မွေတော်တွေကို အိန္ဒိယပြည် မှာ ရှိခဲ့ကြတဲ့ ရှစ်ပြည်ထောင်မင်းများက ခွဲဝေ ယူခဲ့ကြတယ်။ ဒီမင်းတစ်ပါး စီကလည်း သူတို့ ခွဲဝေ ရရှိခဲ့ကြတဲ့ ဓာတ်တော်တွေကို ဌာပနာပြီး စေတီ ပုထိုးတော်များ တည်ထား ကိုးကွယ်ခဲ့ကြတယ်။ အဇာတသတ် ဘုရင် ရရှိခဲ့ တဲ့ ဓာတ်တော်တွေကို အဇာတသတ် ဘုရင်က စေတီ တစ်ဆူတည်း ဌာပနာပြီး ရာဇဂြိုဟ်ပြည်မှာ တည်ထားခဲ့တယ်။ ဒါကို နောက်အနှစ် နှစ်ရာ လျော့လျော့ လောက် ကြာတော့ အသောကမင်းကြီးက ဒီဌာပနာ တိုက်ကို ဖွင့်ယူပြီး

ဓာတ်တော်များကို သူ့ ပိုင်နက် နိုင်ငံတော်ကြီးထဲ ကိုးတိုင်း ကိုးဌာနကို ခွဲဝေပေးတော်မူတယ်။ အသောက မင်းကြီးက ဒီဓာတ်တော်တွေဟာ မြတ်ဗုဒ္ဓရဲ့ ဓာတ်တော် မွေတော်စစ်တွေ ဖြစ်ကြောင်း နောင်လူများ သံသယ မဖြစ်ရအောင် ကျောက်စာရေး ထုထွင်းပြီးလည်း ထားခဲ့တယ်။

(၆) 'မဟာဝံသ' ဆိုတဲ့ ရှေးရာဇဝင် သမိုင်းစာ ထဲမှာလည်း မြတ်ဗုဒ္ဓရဲ့ ဘဝဇာတ်လမ်း အသေးစိတ်ကိုရော၊ ကေရာဇ် ဘုရင်ကြီး အသောက အကြောင်း အသေးစိတ်ကိုရော အခိုင်အမာ မှတ်တမ်းတင်ထားတာကို တွေ့ရတယ်။ ဒီခိုင်မာတဲ့ သမိုင်း မှတ်တမ်းကြီးထဲမှာ ဗုဒ္ဓနဲ့ ဆက်နွယ်နေတဲ့ တခြား အချုပ်အခြာ အာဏာပိုင် မင်းတွေ အကြောင်းကိုလည်း တွေ့ရတယ်။ အိန္ဒိယနိုင်ငံ သမိုင်း ထဲမှာလည်း မြတ်ဗုဒ္ဓ သက်တော် ထင်ရှားစဉ် အခါက သွားလာလှုပ်ရှားတော် မူခဲ့တဲ့ ထင်ရှားတဲ့ အရပ်ဒေသတွေ အကြောင်းကို ဖော်ပြထားတယ်။ ဗုဒ္ဓ ဘာသာ အစဉ်အလာတွေ၊ ထုံးဓလေ့တွေကိုလည်း ဖော်ပြထားတယ်။

(၇) အိန္ဒိယပြည်မှာ ဂေါတမဗုဒ္ဓဆိုတဲ့ ဘာသာရေး ခေါင်းဆောင် ဆရာကြီး တစ်ဦး ပေါ်ပေါ်ခဲ့ဖူးတယ်ဆိုတဲ့ အထောက်အထားတွေ၊ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီး နောက်ရာစု နှစ်ပေါင်း အနည်းငယ်အတွင်းမှာ ဗုဒ္ဓဘာသာကို ရရှိခဲ့ကြတဲ့ သီရိလင်္ကာလို၊ မြန်မာလို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လောလို နိုင်ငံတွေရဲ့ မှတ်တမ်း မှတ်ရာများမှာလည်း အဆက်မပြတ် တည်ရှိလာခဲ့ကြတဲ့ သမိုင်း အထောက်အထား၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ စာပေ ဓလေ့ ထုံးစံ အထောက်အထားတွေကိုလည်း သက်သေ အထောက်အထား ထင်ရှား တွေ့ရတယ်။

(၈) ၄၅ ဝါ ပတ်လုံး မရပ်မနား ဟောကြား ဆုံးမတော်မူခဲ့တဲ့ ဓမ္မဒေသနာတော်တွေကို အစဉ်အဆက် မပြတ်ဘဲ မှတ်တမ်းတင်လာခဲ့ကြတဲ့ ပိဋကတ် သုံးပုံဟာလည်း မြတ်ဗုဒ္ဓဟာ ဒီကမ္ဘာပေါ်မှာ အထင်အရှား၊ သက်ရှိ လူသား အဖြစ် ပွင့်ထွန်းခဲ့တယ် ဆိုတဲ့ သက်သေ အထောက်အထားတွေ ဖြစ်တယ်။

(၉) ဗုဒ္ဓ စာပေ ကျမ်းတွေရဲ့ တိကျ ခိုင်မာမှုကို အထောက်အကူ ပြုတာက ဘီစီ ၅ ရာစု၊ ၆ ရာစုလောက်က ရေးသားခဲ့ကြတဲ့ အိန္ဒိယသမိုင်း ပညာရှင်တွေကို သတင်း အချက်အလက်တွေ ပေးခဲ့တယ်။ အဲဒီခေတ်တုန်းက တည်ရှိခဲ့တဲ့

လူမှု စီးပွားရေး အခြေအနေတွေ၊ ယဉ်ကျေးမှုနဲ့ နိုင်ငံရေး ပတ်ဝန်းကျင် အခြေအနေတွေနဲ့ ဗုဒ္ဓရဲ့ သက်တော်ထင်ရှားတဲ့ ခေတ်ကာလ အခြေအနေတွေ၊ ဗုဒ္ဓနဲ့ ခေတ်ပြိုင် ဖြစ်ခဲ့တဲ့ ဘုရင် ဗိမ္ဗိသာရတို့လို မင်းတွေ လက်ထက်က အခြေအနေများအတွက်လည်း သမိုင်းအထောက်အထားတွေကို ပေးနိုင်ခဲ့တယ်။

# ရဟန္တာဘဝဖြင့် လွတ်မြောက်ခြင်း

*ရဟန္တာအဖြစ်နှင့် နိဗ္ဗာန်ကို စံဝင်တာဟာ တစ်ကိုယ်ကောင်း ဆန်တာ မဟုတ်ဘူး။*

တချို့ ဗုဒ္ဓဘာသာဝင်များ (မဟာယာန) များက ရဟန္တာပြုပြီး နိဗ္ဗာန်ကို စံဝင်ခြင်းသည် တစ်ကိုယ်ကောင်းဆန်ခြင်း ဖြစ်သည်ဟု ယုံကြည်နေကြတယ်။ အဘယ်ကြောင့်နည်းဆိုလျှင် သူတို့က လူတိုင်း ဘုရားဖြစ်အောင် ကျင့်ပြီးမှသာ နိဗ္ဗာန်ကို စံဝင်ကြရမည်ဟု ယူဆ ယုံကြည်ထားကြသောကြောင့် ဖြစ်ပါတယ်။ ဗုဒ္ဓဘုရားဖြစ်အောင် ကျင့်ရမယ်ဆိုတာက လူသတ္တဝါ အများကို ကယ်တင်နိုင်ဖို့ ဖြစ်တယ်လို့ ဆိုကြတယ်။ ဒီအယူအဆဟာ မြတ်ဗုဒ္ဓရဲ့ ဒေသနာတော်များအရ ဆိုလျှင် ဘာမျှ အခြေအမြစ် မရှိပါ။ မြတ်ဗုဒ္ဓက ဘယ်တုန်းကမှ သူဟာ လောကကြီး တစ်ခုလုံးမှာ ရှိတဲ့ သတ္တဝါ အားလုံးကို ကယ်တင်တော်မူမည့် ကယ်တင်ရှင် ဘုရားဖြစ်တယ်လို့ ဟောကြားတော်မူခဲ့ခြင်း မရှိပါ။ မြတ်ဗုဒ္ဓအနေနဲ့ မိမိကိုယ်ကို မြတ်သော မဂ္ဂင်လမ်းကြောင်းအတိုင်း ကျင့်ကြံပြီး ဝဋ်ဒုက္ခ သံသရာကြီးထဲက ထွက်မြောက်ခြင်းကို အလို ရှိကြတဲ့ အကျင့်သီလ စရဏနှင့် ပြည့်စုံပြီး ဖြစ်တဲ့ ဝေနေယျများကို ကူညီပေးဖို့အတွက်သာ ပွင့်တော်မူလာခြင်း ဖြစ်တယ်။

*အမတ(သေခြင်းကင်းသော) နိဗ္ဗာန် တံခါးများကို ဖွင့်ပြီးပြီ။ နားကြားကြကုန်။ သူတို့သည် မိစ္ဆာ အယူကို စွန့်ကြလိမ့်မည်။ ယခု ငါသည် ဓမ္မစကြာကို လှည့်လည်စေအံ့။*

*ဤကိစ္စ အလို့ငှာ ငါသည် ကာသိတိုင်းသို့ ကြွခဲ့၏။ ထိုအရပ်၌ ငါသည် အမတ စည်ကြီးကို တီးခတ်အံ့။ ဤလောကသည် မှောင်ထုထဲ၌ စမ်းတဝါးဝါး သွားနေရ၏။*

***(အရိယာပရိယေသနသုတ် - မဇ္ဈိမနိကာယ်)***

မြတ်ဗုဒ္ဓ ဟောကြားတော်မူသော မူလ ဒေသနာတော် ထဲတွင် 'ကယ်တင်ခြင်း' ဆိုသော စကားလုံးပင် မပါချေ။ မြတ်ဗုဒ္ဓ၏ မိတ်ဆက် နည်းလမ်းထဲတွင် လူတိုင်း လူတိုင်းသည် မိမိတို့ ဘာသာ ကိုယ့်ကိုယ်ကိုယ် သန့်ရှင်း စင်ကြယ်အောင် လေ့ကျင့် အားထုတ်ခြင်းဖြင့်သာ မိမိ၏ဘဝ လွတ်မြောက်ရေးကို ကိုယ်တိုင် မြတ်ဗုဒ္ဓ၏ လမ်းညွှန်သော အဆုံးအမတိုင်း လိုက်နာ လုပ်ဆောင်ကြဖို့သာ ပါတယ်။ မြတ်ဗုဒ္ဓ ဆုံးမတော် မူသော အောက်ပါ ဩဝါဒကို မမေ့မလျော့ သတိချပ်သင့်တယ်။ *"သင်တို့သည် ကိုယ်တိုင် အားထုတ်ကြကုန်လော့။ ဘုရားရှင်တို့သည် လမ်းမှန်ကို ညွှန်ကြားရုံမျှ ဖြစ်၏။ ကျင့်ကြကုန်၍ ကိလေသာကို ရှို့မြိုက်ကြကုန်သော သူတို့သည်သာ မာရ်မင်း အနှောင်အဖွဲ့မှ လွတ်မြောက်နိုင်ကုန်၏။"*

(ဓမ္မပဒ - ၂၇၆)

မြတ်ဗုဒ္ဓက လူတိုင်းသည် မိမိတို့ ဘဝ လွတ်မြောက်ရေး အတွက် ဘုရားဆုပန်ပြီး ဘုရား (ဗုဒ္ဓ) ဖြစ်အောင် ကျင့်ရမည်ဆိုသော ယုံကြည်မှုမျိုးကို ဘုရားဟော မူလ ဒေသနာများ၌ မတွေ့ရပါ။ ထိုယုံကြည်ချက်သည် လူတွေကို ရောဂါကို ကုသ ပျောက်ကင်းချင်ရင် ကိုယ်တိုင် ဆရာဝန် ဖြစ်အောင် လုပ်ရမည်ဟု ဆိုခြင်းမျိုးနှင့် တူနေတယ်။ ထိုဩဝါဒသည် အလွန် လက်တွေ့မကျသော စကားမျိုး ဖြစ်တယ်။ အမှန်ကတော့ လူတွေဟာ ရောဂါ ပျောက်ကင်းအောင် ကုသချင်ရင် တတ်ကျွမ်းတဲ့ ဆရာဝန်ဆီမှာ သွားပြီး ဆရာဝန်ရဲ့ အကြံဉာဏ်ကို ယူရင် ပြီးတာပါပဲ။ ဒီကိစ္စဟာ ကိုယ်တိုင် ဆေးပညာကို လေ့လာပြီး တတ်ကျွမ်းတဲ့ ဆေးဆရာ၊ သမားတော် ဖြစ်အောင် စောင့်ရမည့် ကိစ္စ မဟုတ်တာဘဲ။ ဒီလို ဆိုတော့ လူတိုင်း ဆေးဆရာဝန် ဖြစ်ဖို့ လိုတဲ့ ကိစ္စမှ မဟုတ်တာ။ ကဲ. . . လူတိုင်း ဆရာဝန် ဖြစ်အောင် လုပ်နိုင်ပြီပဲ ထားပါဦး။ ဒီလို လူတိုင်း ဆေးပညာ တတ်ကျွမ်းတဲ့ ဆရာဝန် ဖြစ်ရင် သူတို့က ဘယ်လူနာကို ဆေးကုရမှာလဲ။ ဒီလိုပဲပေါ့။ လူတွေကို ကယ်တင်ချင်လို့ ဘုရား (ဗုဒ္ဓ) ဖြစ်အောင် ကျင့်ရမယ်ဆိုရင် လူတိုင်း ဗုဒ္ဓဘုရား အဖြစ် ပွင့်ကြပြီ ဆိုတဲ့ အခါ သူတို့က ဘယ်သူ့ကို ကယ်တင် ကြမှာလဲ။

ဒီတော့ ဆရာဝန် ဖြစ်ချင်သူကလည်း ဆရာဝန် ဖြစ်အောင် လုပ်ပေါ့။ သို့ပေမဲ့ သူတို့မှာ ဉာဏ်လည်း ထက်မှ၊ သတ္တိလည်း ရှိမှ၊ ဆေးပညာကို လေ့လာနိုင်တဲ့ နည်းလမ်းတွေလည်း ရှိမှ ဖြစ်မယ်။ ဒီအတိုင်းပဲ။ လူတိုင်း လွတ်မြောက်ရေးအတွက် ဗုဒ္ဓဘုရားဖြစ်ရမယ်ဆိုတာဟာ လုပ်ကို လုပ်ရမှာပဲ ဆိုတဲ့ (မဖြစ်မနေလုပ်ရမည့်) သဘော မဟုတ်ပါဘူး။ စွမ်းနိုင်သူ၊ ဆန္ဒ ရှိသူဖြစ်ရင် လုပ်ချင်ရင် လုပ်ပါ။ သို့ရာတွင် ဗုဒ္ဓဘုရားဆုပန် ဖြစ်ဖို့ အရေးမှာ သတ္တိလည်း ရှိဦးမှ၊ စွန့်ခြင်းကြီးတွေကို စွန့်ရဲဖို့နဲ့ သမ္မာသမ္ဗောဓိဆုကို ပြည့်စုံအောင် ပါရမီ ဖြည့်နိုင်လောက်တဲ့ ပညာ ပါရမီလည်း ပြည့်စုံဦးမှ ဖြစ်တယ်။ တခြားလူတွေကတော့ ဆရာဝန် မဖြစ်ဘဲနဲ့ ကျန်းမာရင် ပြီးတာပါပဲ။

ရဟန္တာ ဖြစ်ဖို့ အရဟတ္တမဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရောက်ဖို့ အရာမှာလည်း လောဘနဲ့ အတ္တကို ပယ်စွန့်ရမယ်။ ဒါက ဘာကို ညွှန်ပြသလဲ ဆိုတော့ ရဟန္တာဟာ လူအများနဲ့ ဆက်ဆံတဲ့ အခါ မဟာကရုဏာတရား ရှေ့ထားပြီး သူတို့ကိုလည်း ဆင်းရဲ ဒုက္ခ အပေါင်းက လွတ်မြောက်ကြောင်း အမှန် မြတ်နိဗ္ဗာန်ကို ရောက်စေနိုင်တဲ့ မဂ်လမ်း ပေါ်ကို ရောက်အောင် တွန်းပို့ပေးရမယ်။ သူက ဝေနေယျသတ္တဝါတွေကို သူဟာ ဗုဒ္ဓမြတ်စွာဘုရား ညွှန်ပြတော်မူသော နည်းလမ်း အတိုင်း ကျင့်ကြံ ပွားများ အားထုတ်ခဲ့လို့ ယခုလို ရဟန္တာ အဖြစ်ကို ရောက်တော်မူခြင်း ဖြစ်ကြောင်း နမူနာ သက်သေကောင်း တစ်ခု အဖြစ် လက်တွေ့ စွမ်းဆောင်ပြနိုင်သော ပုဂ္ဂိုလ် ဖြစ်တယ်။ နိဗ္ဗာန်ကို ရောက်ဖို့ အရေးမှာ တစ်ကိုယ်ကောင်း အတ္တစိတ်နဲ့ လုပ်လို့ မရဘူး ဆိုတာကို ပြခြင်း ဖြစ်တယ်။ ဒါကြောင့် ရဟန္တာ အဖြစ်နဲ့ နိဗ္ဗာန်ကို စံဝင်တဲ့ လုပ်ထုံးလုပ်နည်းဟာ တစ်ကိုယ်ကောင်း လုပ်တာ၊ အတ္တဆန်တာလို့ စွပ်စွဲတာဟာဖြင့် အခြေအမြစ် မရှိပါဘူး။ သဗ္ဗညုဗုဒ္ဓဘုရား၊ ပစ္စေကဗုဒ္ဓါနဲ့ ရဟန္တာ ဆိုတဲ့ ဗောဓိဆုကြီးပန် သုံးမျိုးသုံးစားမှာ သမ္မာသမ္ဗုဒ္ဓဘုရားဟာ အမြင့်ဆုံး အမြတ်ဆုံး ဖြစ်တယ် ဆိုတာကတော့ အငြင်းပွားစရာ မရှိပါဘူး။ ဒါပေမဲ့ ဒီလို အမြင့်ဆုံး အမြတ်ဆုံး ဘဝ၊ သမ္မာသမ္ဗုဒ္ဓ အဖြစ်ကို လူတိုင်း ရောက်နိုင်ပါ့မလား။ သေချာတာက သိပ္ပံပညာရှင် ထဲမှာတောင် လူတိုင်း အိုင်စတိုင်း၊ နျူတန် ဖြစ်နိုင်တာ မဟုတ်ပါ။ သူတို့လောက် မကြီးကျယ်တဲ့ သိပ္ပံပညာရှင်တွေ အတွက်လည်း နေရာ ရှိရမှာပဲ။ သူတို့ကလည်း သူတို့ အစွမ်းနဲ့ သူတို့ အဆင့်နဲ့ သူတို့လောကကို ကျေးဇူးပြုနိုင်ကြတာပါ။

# ဗောဓိသတ္တ(ဘုရားလောင်းဆု)

*ဗောဓိသတ္တဆိုတာက မဟာဗောဓိ ဆုကြီးပန် ဘုရားအလောင်းတော်ကို ပြောတာ။*

မဟာကရုဏာ ဓာတ်နှင့် ပြည့်စုံသော ဗောဓိသတ္တဘုရားလောင်းသည်ကား မိမိ၏ ပါရမီတော် အဟုန်ဖြင့် စိတ်ဝိညာဉ်ကို မြှင့်တင်ခြင်းဖြင့် အနာဂတ်ကာလ၌ ဗုဒ္ဓဘုရား မုချ ဧကန် ဖြစ်မည့် ဆုကြီးပန် ပုဂ္ဂိုလ် ဖြစ်တယ်။ သဗ္ဗညုဉာဏ်တော်ကို ရစိမ့်သောငှာ ဘုရားလောင်းတို့ မည်သည် ပါရမီတော်ကို ဖြည့်ကျင့်ကြရတယ်။ ပါရမီကား ဒါနပါရမီ၊ သီလပါရမီ၊ နိက္ခမပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ သစ္စာ ပါရမီ၊ အဓိဋ္ဌာန်ပါရမီ၊ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီတွေ ဖြစ်တယ်။ ဒီပါရမီတွေကို မဟာကရုဏာ၊ မဟာပညာတို့နှင့် ကိုယ်ကျိုး အတ္တမပါဘဲ ကိုယ်ထီး မာန မပါဘဲ ဖြည့်ကျင့်တော် မူကြရတယ်။ သူဟာ သတ္တဝါများ အားလုံးအတွက် ပျော်ရွှင် ချမ်းမြေ့ရေးကို ဆောင်ရွက်ရင်း ဆင်းရဲဒုက္ခ အပေါင်းက လျော့နည်း သက်သာအောင် ဘဝပေါင်းများစွာ ပါရမီ ဖြည့်ကျင့်ရင်းဖြင့် ဆောင်ရွက်ရတယ်။ သူ၏ ပါရမီဖြည့်ရာ ခရီးလမ်း တစ်လျှောက်တွင် ဤ ဒါန၊ သီလ၊ ပညာ စသည့် ပါရမီများကို ဖြည့်ကျင့်တော်မူရာတွင် တစ်ခါတစ်ရံ အသက်ပါ စွန့်လွှတ်ပြီး ဆောင်ရွက်ရခြင်းမျိုးပင် ရှိတတ်တယ်။

ပါဠိစာပေ ကျမ်းဂန်တွေထဲမှာတော့ ဒီ'*ဗောဓိသတ္တ*' ဆိုတဲ့ စကားလုံးမြတ်၊ သဗ္ဗညုတဉာဏ်ကို မဟာဗောဓိမှာ ရပိုင်တော်မမူမီမှာ အလောင်းတော် သိဒ္ဓတ္ထမင်းသားကို သတ်မှတ် သမုတ်ကြတဲ့ နာမည် ဖြစ်တယ်။ ရှေးဘဝများက အဖြစ်အပျက်တွေမှာလည်း သူ ဗုဒ္ဓဘုရား အဖြစ်ကို မရောက်ခင်က အလောင်းတော် ဗောဓိသတ္တလို့ပဲ ခေါ်ကြတယ်။ ဘုရား မဖြစ်မီ ရှေးဘဝ အတိတ် ဇာတက ဝတ္ထုများကို ဟောပြောတဲ့အခါမှာလည်း ကိုယ်တော်တိုင် နှုတ်တော်က ဗောဓိသတ္တဘုရားလောင်းလို့ပဲ သူ့ကိုယ်သူ ဖော်ပြပြီး ဟောပါတယ်။ ပါဠိကျမ်းဂန်တွေ ထဲမှာ ဆိုရင် ဘုရားဖြစ်အောင် ဆုကြီး ပန်တဲ့ မဟာဗောဓိကိုသာ နိဗ္ဗာန်ကို ရောက်နိုင်တဲ့ နည်း တစ်နည်းပဲ ရှိတယ်လို့လည်း မဟောပါဘူး။ မြတ်ဗုဒ္ဓ သက် တော် ထင်ရှား ရှိစဉ် လက်ထက်တော် အခါကလည်း ရဟန္တာ ဖြစ်အောင် ကျင့်တော်မူခြင်းကို စွန့်ပြီး ဘုရားဖြစ်အောင် ကျင့်တဲ့ ရဟန်း သံဃာတော်များလည်း ပေါ်ပေါက်တာကို

မတွေ့ရပါ။ သို့သော် လူပုဂ္ဂိုလ်တွေ သာဝကတွေထဲမှာတော့ တချို့ ဗောဓိသတ္တဆု ဘုရားဖြစ်ဖို့ ဆုကြီးပန်တာတွေတော့ ရှိခဲ့ကြောင်း သိရပါတယ်။

မဟာယာန ဗုဒ္ဓဘာသာ ထဲမှာတော့ ဒီဗောဓိသတ္တ ဆုကြီးပန်တဲ့ အယူဝါဒ ရှိသူများဟာ အရေးပါသူများ ဖြစ်တယ်။ မဟာယာနတွေရဲ့ စံထားတဲ့ ဗောဓိသတ္တဆိုတာ၊ နိဗ္ဗာန် နှုတ်ခမ်းဝ အထိ ရောက်အောင် ကျင့်ပြီးမှ နိဗ္ဗာန် စံဝင်ခြင်း မပြုသေးဘဲ သူ့ ဆန္ဒအလျောက် နှောင့်နှေးအောင် လုပ်ပြီး လူ့ပြည် လူ့လောကထဲ ပြန်ကြွလာပြီး တခြားသူတွေကို ကယ်တင်တဲ့ အလုပ်တွေကို လုပ်ကြတယ်လို့ ယူဆထားကြတယ်။ ဗောဓိသတ္တ ဘုရားလောင်းသည် ဝေနေယျ သတ္တဝါတွေကို နိဗ္ဗာန် ရောက်ကြောင်း မဂ္ဂင်လမ်းကို ညွှန်ပြဖို့ အတွက် မိမိ ကိုယ်တိုင် သံသရာက လွတ်မြောက်ခြင်းကို မပြုသေးဘဲ မိမိရဲ့ စိတ်ဆန္ဒ အလျောက် သံသရာ လွတ်မြောက်ရေး ကိစ္စကို ရွှေ့ဆိုင်းထားလိုခြင်း ဖြစ်တယ်လို့ ဆိုပါတယ်။

ထေရဝါဒကလည်း ဘုရားလောင်း ဗောဓိသတ္တ ကျင့်စဉ်ကို လေးစားသမှု ပြုသော်လည်း မိမိ ကိုယ်တိုင်က သမ္မာသမ္ဗုဒ္ဓဘုရား အမှန်ဧကန် စင်စစ် မဖြစ်သေးမီ တခြားသော သတ္တဝါတွေကို ကယ်တင်ရေး ဆိုတဲ့ ကိစ္စကို အရေး ထားရမည့် ကိစ္စ ဖြစ်တယ်လို့ သဘော မထားပါ။ ဒါကြောင့် ဗောဓိသတ္တ ဘုရားလောင်းကို ထေရဝါဒက ကယ်တင်ရှင်လို့ သဘော မထားဘူး။ ဘဝရဲ့ နောက်ဆုံး ပန်းတိုင် နိဗ္ဗာန် မဂ်ဖိုလ်ကို မျက်မှောက် ပြုနိုင်ရေး အတွက် သတ္တဝါ မှန်သမျှ မြတ်ဗုဒ္ဓက စံနမူနာ ပြပြီး ဟောကြားတော်မူထားခဲ့တဲ့ ဓမ္မ နည်းလမ်းများ အတိုင်း လိုက်နာ ကျင့်ကြံကြဖို့သာ ပိုပြီး အရေးကြီးတယ်။

ပကတိ သာဝကတွေ အနေနဲ့ မိမိတို့ ကိုယ်တိုင် မိမိတို့ ကိုယ်တွင်းမှာ ရှိနေတဲ့ ကိလေသာမျိုး တရားဆိုးတွေကို ပယ်ဖျက်ပြီး အကျင့်ကောင်း အကျင့်မြတ်တွေကို ဖွံ့ဖြိုးလာအောင် လုပ်ကြရမှာ ဖြစ်တယ်။

ထေရဝါဒ ဗုဒ္ဓဘာသာဝင်တွေဟာ နိဗ္ဗာန် ရဖို့ အတွက် လူတိုင်း ကိုယ်စီ ဆုကြီးပန် ဘုရား ဖြစ်အောင် ကျင့်ကြံကြရမယ်ဆိုတဲ့ ယုံကြည်မှုမျိုးကို လက်မခံကြပါ။ သို့သော်လည်း 'ဗောဓိဆု' ဆိုတဲ့ စကားလုံးကိုတော့ ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓနဲ့ ရဟန္တာတွေ အတွက် အသုံးပြုကြပါတယ်။ ဥပမာ သမ္မာသမ္ဗောဓိ၊ ပစ္စေကဗောဓိ၊ သာဝကဗောဓိ ဆိုပြီး ခေါ်ကြတာမျိုးပေါ့။

ထပ်ဆင့် ပြောစရာ ရှိလာတာက မဟာယာနဂိုဏ်း အယူဝါဒ ထဲမှာ လက်ခံထားကြတဲ့ ဗုဒ္ဓများဟာ အမှန်တကယ် သမိုင်း ထင်ရှား ရှိတဲ့ ဗုဒ္ဓများ

မဟုတ်ကြပါ။ ဒါကြောင့်လည်း သမိုင်းစဉ်လာ မရှိဘဲ သူတို့ဘာသာ စိတ်ကူးပြီး ထည့်ထားတဲ့ မဟာယန ထဲက ဗုဒ္ဓတွေကို ထေရဝါဒ ဗုဒ္ဓဘာသာဝင်တွေက သိပ် ပြီး အလေးဂရု မပြုကြတာ ဖြစ်ပါတယ်။ ဗုဒ္ဓမြတ်စွာဘုရားများနဲ့ ဗောဓိသတ္တ ဘုရားလောင်းတော်များဟာ သုခဝတီ ဆိုတဲ့ ဘုံမှာ စံနေတော်မူပြီး သူတို့ ထံမှာ ဆုတောင်းကြသူများ ဆုတောင်းကို ဖြည့်ပေးဖို့ စောင့်နေကြတယ် ဆိုတဲ့ အယူအဆ ကလည်း ထေရဝါဒက လက်ခံထားတဲ့ ဘုရားဟောတရား အခြေခံ အယူအဆတွေ နဲ့ ကွာလှမ်းနေတယ်။ ဗောဓိသတ္တ ဘုရားလောင်းတွေဟာ သုခဝတီ ဘုံကြီးထဲမှာ သူတို့ စိတ်ဆန္ဒ အလျောက် စံနေတော်မူကြတယ်။ လူတွေ အားလုံးကို ကယ်တင် ပြီးတဲ့ အထိ သုခဝတီ ဘုံမှာပဲ စံနေတော်မူကြမယ် ဆိုတာကလည်း ဘယ်လို လုပ်ပြီး ဖြစ်နိုင်ပါ့မလဲ။ စကြဝဠာနဲ့ အဝန်း ကျယ်ပြန့်လှတဲ့ သတ္တဝါတွေ ဆိုတာက အနန္တပဲဟာ။ ဒီသတ္တဝါတွေ အားလုံးဟာ အဝိဇ္ဇာနဲ့ တဏှာရဲ့ ကျေးကျွန်များသာ ဖြစ်ကြတယ်။ ဒီသံသရာမှာ ဒီသတ္တဝါတွေဟာ အဆုံး မရှိ ကျင်လည်နေကြရမှာ ပဲ။ ဘယ်တော့မှ မဆုံးနိုင် မကုန်နိုင်တာပဲဟာ။ အားလုံးကို ကျွတ်တမ်း ဝင်အောင် ကယ်တင်မယ် ဆိုတဲ့ စကားဟာ ယုတ္တိ ယုတ္တာ ကင်းပါတယ်။ မဖြစ်နိုင်ကောင်းပါ။

ဗောဓိသတ္တ ဘုရားလောင်း ဆိုတာကလည်း အမြတ်တမ်း ဗုဒ္ဓဘာသာဝင်တွေ ချည်း ဖြစ်ကြရမှာလား။ ဗုဒ္ဓဘာသာဝင်တွေ ထဲမှာတော့ ကိုယ်ကျိုး အတ္တကို စွန့် ပြီး မေတ္တာ ကရုဏာတရား လက်ကိုင် ထားတဲ့ ဗောဓိသတ္တ ဘုရားလောင်းမျိုး တွေ့ကောင်း တွေ့နိုင်ပါလိမ့်မယ်။ သို့သော် တခြား ဘာသာဝင် ပုဂ္ဂိုလ်တွေ ထဲ မှာလည်း ဒီလို ကိုယ်ကျိုးစွန့်သူတွေ၊ မေတ္တာစိတ် ကြီးမားသူတွေလည်း ရှိနိုင်ပါ တယ်။ ဇာတက ဝတ္ထုတွေ ထဲမှာ ဗုဒ္ဓရဲ့ အတိတ်ဘဝ ဇာတ်လမ်းတွေကို ဖော်ပြထား ပါတယ်။ အဲဒီ ဇာတက ဝတ္ထုတွေ ထဲမှာဆို ဘုရားလောင်း ဖြစ်ခဲ့တဲ့ ဘဝတွေ မျိုးစုံ ပါပါတယ်။ တစ်ခါတစ်ရံ သူဟာ တိရစ္ဆာန် ဘဝမှာ မွေးဖွားပြီး ရှင်သန်တာ လည်း ပါတယ်။ ဒီတော့ ဗောဓိသတ္တ ဘုရားလောင်းဟာ ဘဝတိုင်း ဘဝတိုင်းမှာ ဗုဒ္ဓဘာသာဝင် မိသားစု အထဲမှာချည်း ပဋိသန္ဓေ တည်နေ မွေးဖွားဖို့ ဆိုတာလည်း မဖြစ်နိုင်ပြန်ပါဘူး။ သို့ပေမဲ့ ဗောဓိသတ္တဟာ ဘယ်ဘဝ ဘယ်ပုံစံနဲ့ပဲ ပဋိသန္ဓေ တည်နေ မွေးဖွားစေကာမူ သူ မချွတ်မလွဲ အမြဲ ရွက်ဆောင်ရမှာက သူ့ရဲ့ ပါရမီ အဆောက်အအုံ ကြီးမားလာအောင် ကြိုးပမ်း ဆောင်ရွက်ရေးပဲ ဖြစ်တယ်။ နောက်ဆုံး ဘုရား ဖြစ်မည့် ဘဝ တိုင်အောင် ဘဝတိုင်း ဘဝတိုင်းမှာ သူဟာ ပါရမီ ဆယ်ပါး အပြား သုံးဆယ်ကို ဖြည့်ကျင့်တော်မူနေရမှာပဲ။ ဒါဟာ ဗောဓိ

သတ္တ ဘုရားလောင်းနဲ့ တခြား သတ္တဝါတွေ ကွာခြားမှုရဲ့ ထင်ရှားတဲ့ အခြင်းအရာ ဖြစ်တယ်။

## သဗ္ဗညုတဉာဏ်တော်ကို ရတော်မူခြင်း

*သဗ္ဗညုတဉာဏ်တော်ကို ရတဲ့ သမ္မာသမ္ဗောဓိ အမှန် ဘုရားကေန်ဖြစ်ဖို့ ဆိုတာဟာ ဒီ လောကမှာ လူပုဂ္ဂိုလ်တစ်ဦး အတွက် သူ လိုက်စား နေသမျှ အတွက် အခက်ခဲဆုံး အလုပ် ဖြစ်တယ်။*

ဘုရားအဖြစ် (ဗုဒ္ဓ အဖြစ်) ဟာ လူထူးလူမွန်လူချွန်ဆိုတဲ့ လက်ရွေးစင်များနဲ့သာ သက်ဆိုင်တာ မဟုတ်ဘူး။ ဒါဟာ လူတိုင်း ဖြစ်နိုင်တဲ့ တရားဖြစ်တယ်။ လူတိုင်း ဗုဒ္ဓဘုရား ဆုပန်မယ်ဆို ပန်နိုင်တယ်။ ဒါပေမဲ့ ဘယ် ဘာသာ ဘယ်အယူဝါဒမှာမှ နောက်လိုက် သာဝကတွေ ဘာသာဝင် သာမန်လူတွေဟာ ဘုရားဖြစ်နိုင်ဖို့ကို မဆိုထားနဲ့။ သူတို့လို တမန်တော်တွေ၊ ဘာသာရေးဂိုဏ်းကို ထူထောင်နိုင်သူ တောင်မှာ ဖြစ်ခွင့်ဖြစ်လမ်း ရှိကြောင်း ဟောထားတာမျိုး ဘယ်ဘာသာမှာမှ (ဗုဒ္ဓဘာသာက လွဲရင်) မရှိဘူး။ မတွေ့နိုင်ပါဘူး။

ဒါပေမဲ့ လူသား တစ်ယောက် အနေနဲ့ လောကမှာ သူ လိုက်စား စွမ်းဆောင်နိုင်သမျှ ကိစ္စတွေထဲမှာ ဘုရားဖြစ်ဖို့ ကိစ္စကတော့ အခက်ခဲဆုံး အလုပ် ဖြစ်တယ်။ ဘုရားဖြစ်ဖို့ဆိုရင် လူဟာ အစွမ်းကုန် ကြိုးပမ်းရမယ့် အပြင်လောက မှာ သူခံစားခွင့် ရှိတဲ့ လောကီအာရုံ ကာမဂုဏ် စည်းစိမ် အားလုံးကိုလည်း စွန့်ခြင်းကြီး စွန့်လွှတ်နိုင်သူ ဖြစ်ရမယ်။ သူ့ကိုယ်သူ စင်ကြယ်အောင် ဝိသုဒ္ဓိကျင့် စဉ် အဆင့်ဆင့်ကိုလည်း ကျင့်ရမယ်။ မိမိ စိတ်ကို ကိလေသာ အညစ်အကြေး အားလုံးက လွတ်မြောက်စေနိုင်မှသာ သဗ္ဗညုတ-ဉာဏ်ကို ရနိုင်တယ်။ ဒီလို သဗ္ဗညုတ ဉာဏ်တော်ကို ရအောင် မိမိ စိတ်အစဉ်ကို ကိလေသာ အညစ်အကြေး အားလုံးက စင်ကြယ်အောင် လုပ်ဖို့ ဆိုတာ၊ တစ်ဘဝ တစ်ကာလနဲ့ မဖြစ်နိုင်ဘူး။ ဘဝပေါင်း မရေမတွက်နိုင်အောင် အသင်္ချေကပ် ကမ္ဘာပတ်လုံး လုပ်နိုင်မှသာ ဗောဓိဆုကို ပြည့်စုံစေနိုင်တယ်။ လေးသင်္ချေနဲ့ ကမ္ဘာ တစ်သိန်း၊ ရှစ်သင်္ချေနဲ့

ကမ္ဘာ တစ်သိန်း၊ ဆယ့်ခြောက် သင်္ချေနဲ့ ကမ္ဘာ တစ်သိန်း စသည်အားဖြင့် အခွင့်ကာလကို ထားပြီး မနေမနား မဆုတ်မနစ်တဲ့ စိတ်နဲ့ ဝိသုဒ္ဓိမဂ်လမ်းကို လျှောက်ကြရတယ်။ ဒီလို လျှောက်လှမ်းရာမှာ ကိုယ့်ကိုယ်ကိုယ် စည်းကမ်း သတ်ခြင်း၊ ကိုယ့်ကိုယ်ကိုယ် ချုပ်တည်းခြင်း၊ လုံ့လ ဝီရိယ ပြည့်စုံခြင်း၊ ခိုင်မာလှတဲ့ စိတ် အဓိဋ္ဌာန် ရှိခြင်း၊ ဘယ်လို ဆင်းရဲဒုက္ခမျိုးကို မဆို ရင်ဆိုင်လိုတဲ့ စိတ်ဆန္ဒ ပြင်းထန်ခြင်းမျိုး ရှိရတယ်။

ဒါက ဘာကို ဖော်ပြသလဲ ဆိုတော့ ဘုရားဗုဒ္ဓ ဖြစ်ဖို့ ဆိုတာ လက်ဝါး ဖြန့်ပြီး ဆုတောင်းနေရုံနဲ့ ရနိုင်တာမျိုး မဟုတ်ဘူး။ ဝတ်ပြုနေရုံနဲ့လည်း မရနိုင် ဘူး။ ဗလိနတ်စာ ကျွေးပြီး နတ်မြတ်နတ်ကောင်းတို့က ကူညီညာဝိုင်းလို့ မှိုင်းမတော် မူပါဆိုပြီး ပသနေရုံနဲ့လည်း မပြီးနိုင်ဘူးဆိုတာကို အထင်အရှား ပြတယ်။ သူဟာ ဘုရားအဖြစ်ကို မိမိရဲ့ စိတ်အစဉ်၊ စင်ကြယ်အောင် လုပ်နိုင်မှသာ ရနိုင်ကြောင်း ထင်ရှားတယ်။

သမ္မာသမ္ဗောဓိ ဆုကို ရအောင် အားထုတ်ရာမှာ ဗဟိဒ္ဓက ဘယ် သတ္တဝါရဲ့ အကူအညီကိုမှ ယူလို့ မရဘူး။ ပြင်ပက သြဇာ လုံးဝ မပါဘဲ ကိုယ့်စိတ်ကို ကိုယ် ပြုပြင်ပြီး ထိုးထွင်း သိမြင်တဲ့ ဉာဏ် ပေါ်လာအောင် ကိုယ့်ဘာသာ လုပ်နိုင်စွမ်း ရှိမှသာ ရနိုင်တာမျိုး ဖြစ်တယ်။ ဒါကြောင့် စိတ်အဓိဋ္ဌာန် ခိုင်မာလှတဲ့ ဥတ္တမ ပုရိသ ယောကျ်ားကောင်း ယောကျ်ားမြတ်တို့ရဲ့ ခိုင်မာတဲ့ စိတ်၊ ရဲရင့်တဲ့ စိတ် အခက်အခဲ မှန်သမျှ တစ်ကိုယ်ကောင်းစိတ်နဲ့ ချည့်နဲ့တဲ့ စိတ်တွေကို ရင်ဆိုင် ကျော်လွှားမယ် ဆိုတဲ့ ရဲစွမ်းသတ္တိရှိမှသာ ရနိုင် ရောက်နိုင်တာမျိုး ဖြစ်တယ်။

သိဒ္ဓတ္ထ မင်းသားသည် ဗောဓိပင် အောက်မှာ ထိုင်၍ အားထုတ်ရုံဖြင့် နေ့ချင်း ညချင်း ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ရှိလာသည် မဟုတ်ပါ။ ဘယ်က နတ်သားမှ ရောက်လာပြီး အလောင်းတော်၏ နားထဲသို့ တီးတိုးစကား ဆိုပြီး ဗောဓိပင်အောက်မှာ ဝိပဿနာ အားထုတ်နေစဉ် ဗျာဒိတ်တော်များ လာ၍ ပြောခြင်း လည်း မရှိပါ။ သဗ္ဗညုတ ဉာဏ်ကို ရခြင်း၏ နောက်ကွယ်တွင် ရှည်လျားလှသော အသင်္ချေ အသင်္ချာ ကပ်ကမ္ဘာပတ်လုံး ပါရမီ ဖြည့်ကျင့်တော်မူခဲ့ရကြောင်း အတိတ် ထုံးဟောင်း ဇာတကဝတ္ထုကြောင်း များစွာ ရှိပါတယ်။ ထုံးဟောင်း ဇာတက ဝတ္ထု ကြောင်းများထဲတွင် အတိတ်ဘဝတွေတုန်းက အလောင်းတော်သည် သဗ္ဗညုတ ဉာဏ် ရဖို့အတွက် အသက်အသွေးတွေကို စတေးပြီး စွန့်ခြင်းကြီးတွေကို ပြုပြီး ဘယ်လောက် ပင်ပန်း ခက်ခဲစွာ ကျင့်ခဲ့ရတယ်ဆိုတာ သိနိုင်တယ်။ ဘယ်သူမှ

ဘဝပေါင်း များစွာ ပါရမီ သမ္ဘာရကို မဆောက်တည်ဘဲနှင့် ဗုဒ္ဓ အဖြစ် သဗ္ဗညုတ ဉာဏ်တော်ကို မရနိုင် မရောက်နိုင်ပါ။ ဒီလို ကာလ ကြာမြင့်စွာ ပါရမီ ဆယ်ပါး၊ အပြား သုံးဆယ်ကို ဘဝပေါင်း များစွာ ဆက်ကာဆက်ကာ ဖြည့်ကျင့် တော်မူမှသာ ဗောဓိဆုကြီး ပြည့်စုံ အောင်မြင်နိုင်တယ်။ ဒါဟာ ဘုရား တစ်ဆူ တစ်ဆူ ကြားထဲမှာ ဘာကြောင့် အချိန်ကာလတွေ၊ အကြာကြီး ပွင့်ဖို့ စောင့်ရသလဲ ဆိုတဲ့ မေးခွန်း အတွက် အဖြေ ဖြစ်တယ်။

ဒါကြောင့် မြတ်စွာဘုရားက သူ့ရဲ့ သာဝကတွေကို ဆုံးမတော်မူရာမှာ လူတိုင်း လူတိုင်းဟာ ဘဝ ဆင်းရဲ အပေါင်းက လွတ်မြောက်တဲ့ မဂ်ဉာဏ် ဖိုလ် ဉာဏ် နိဗ္ဗာန် ချမ်းသာကို ရဖို့ ကိစ္စမှာ ကိုယ်တိုင် ဘုရား ဖြစ်သည် အထိ စောင့် နေစရာ မလိုကြောင်း ဟောထားပါတယ်။ ဗောဓိဆုကြီးကို ပန်ချင်သူများ အနေနဲ့ ပစ္စေကဗုဒ္ဓါ အဖြစ်နဲ့ပဲ ဖြစ်ဖြစ်၊ ရဟန္တာ အဖြစ်နဲ့ပဲ ဖြစ်ဖြစ် မိမိရဲ့ မဂ်ဉာဏ် ဖိုလ် ဉာဏ် နိဗ္ဗာန်ချမ်းသာကို ရအောင် ယူမယ် ဆိုရင်လည်း ဖြစ်ပါတယ်။ သူတို့ဟာ လည်း မဂ်ဉာဏ် ဖိုလ်ဉာဏ် ရတဲ့ ပုဂ္ဂိုလ်ချည်း ဖြစ်ကြပါတယ်။ သမ္မာသမ္ဗောဓိ အဆင့် အထိ မရောက်သေးတာပဲ ရှိတယ်။ ဒါပေမဲ့ နိဗ္ဗာန်ကို ရောက်တာချင်း ကျတော့ အတူတူပါပဲ။ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားနဲ့ မတူတာက သူတို့က သဗ္ဗညု မြတ်စွာဘုရားလို အလုံးစုံသော ဓမ္မဒေသနာတော်တွေကို ခွဲခြမ်း ဟောကြား ပြီး သတင်းစကားတွေကို မဟောနိုင်တာ တစ်ခုပဲ ရှိတယ်။ သူတို့လည်း အဖော် မမှီးဘဲ တစ်ကိုယ်တည်း နေနိုင်သူတွေချည်း ဖြစ်ကြပါတယ်။

ဘုရား စင်စစ် ဖြစ်တဲ့ အခါ ရရှိတဲ့ နိဗ္ဗာန် ချမ်းသာကို ရဟန္တာ ဖြစ်တဲ့ အခါမှာလည်း အတူတူပဲ ရရှိတာ ဖြစ်တယ်။ ဘုရား ရတဲ့ နိဗ္ဗာန်က သက်သက်၊ ရဟန္တာ ရတဲ့ နိဗ္ဗာန်က တခြားလို့ ခွဲခြားလို့ မရပါဘူး။ ရဟန္တာနဲ့ သဗ္ဗညု မြတ်စွာဘုရားမှာ ကွဲပြား ခြားနားတာ တစ်ခုပဲ ရှိတယ်။ ရဟန္တာက သဗ္ဗညု မြတ်စွာဘုရားလို တခြားလူတွေကို မဂ်ဉာဏ် ဖိုလ်ဉာဏ် ရအောင် အညီအမျှ မလုပ်ပေးနိုင်တာပဲ ရှိတယ်။ ရဟန္တာဟာလည်း ပုထုဇဉ်တွေမှာ ရှိနေတဲ့ ရာဂတဏှာ အားလုံးနဲ့ အားနည်းချက်တွေကို ပယ်သတ်ပြီး သူပဲ ဖြစ်တယ်။ ရဟန္တာ အရှင် မြတ်များဟာ မြတ်ဗုဒ္ဓ ဟောကြားတော်မူတဲ့ ဓမ္မ ဒေသနာတော်တွေကို ကိုယ်တိုင် ထိတွေ့ သိမြင် ခံစားနိုင်သူတွေ ဖြစ်ကြတယ်။ တခြား ဝေနေယျ သတ္တဝါတွေကို ရဟန္တာများဟာ မြတ်ဗုဒ္ဓရဲ့ ဘဝ နေနည်း အမှန်နဲ့ နိဗ္ဗာန် ရောက်ကြောင်း မဂ်လမ်းကောင်းကို ပြညွှန်နိုင်တာချည်းပါပဲ။

*'ကိစ္ဆော ဗုဒ္ဓါနံ ဥပ္ပါဒေါ'*
ဘုရားရှင်တို့ ပွင့်ထွန်း ပေါ်ပေါက်ခြင်းသည် ခဲယဉ်း၏။
(ဓမ္မပဒ - ၁၈၂)

# တြိကာယ-ဗုဒ္ဓ၏ ကာယ သုံးပါးအမြင်

*ဗုဒ္ဓ၏ ကာယသုံးပါးတို့တွင် ဓမ္မကာယ (သစ္စာသိကိုယ်) သမ္ဘောဂကာယ (သုခခံစားသော ကိုယ်) နှင့် နိဗ္ဗာနကာယ (ဖြစ်ပျက်သော ကိုယ်) တို့ ဖြစ်သည်။*

မဟာယန အတွေးအခေါ်က လာတဲ့ အယူအဆ ဖြစ်တယ်။ သူတို့က မြတ်ဗုဒ္ဓရဲ့ ကိုယ်ရည်ကိုယ်သွေးကို အကျယ်တဝင့် ရှင်းလင်း ဖွင့်ဆိုထားကြတယ်။ သူရဲ့ ဒဿနအရဆိုရင် ဗုဒ္ဓမှာ ကာယ သုံးမျိုး သုံးစား ရှိတယ်လို့ ရှုမြင်ကြတယ်။ *ဓမ္မကာယ* တစ်မျိုး၊ *သမ္ဘောဂကာယ* တစ်မျိုး၊ *နိဗ္ဗာနကာယ* တစ်မျိုး ဖြစ်တယ်။

ဗုဒ္ဓ ရှင်တော်ဘုရားဟာ ဗောဓိဉာဏ်ကို ရပြီး သဗ္ဗညုဘုရား ဖြစ်ပြီးနောက် သူဟာ သက်ရှိ ထင်ရှား လူသား အဖြစ်မှာပင် ရှိသော်လည်း သူ့ရဲ့ ကိုယ်မှာတော့ မဟာပညာ၊ မဟာကရုဏာ၊ သုခချမ်းသာများနဲ့ ဝိမုတ္တိဓာတ်များဖြင့် ပြည့်စုံကုံလုံနေတယ်။ အစ ကနဦးမှာ ဗုဒ္ဓ ထုံးတမ်းစဉ်လာမှာ ဗုဒ္ဓ ကိုယ်တော်မြတ် တစ်ပါးတည်းပဲ ရှိသေးတယ်။ ကိုယ်တော်မြတ်ဟာ သမိုင်းဝင် သကျမုနိ ဗုဒ္ဓ ဖြစ်တယ်။ ဒါပေမဲ့ ကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှား ရှိစဉ် ကာလမှာပဲ ကိုယ်တော်မြတ်ရဲ့ ကာယတော်ဟာ နှစ်မျိုး ကွဲပြားနေတယ်လို့ ဆိုတယ်။ သမိုင်းဝင် သဗ္ဗညုတ ဉာဏ်တော်ရှင် ဗုဒ္ဓက တစ်ကိုယ် (တစ်ပိုင်း)၊ နောက်တစ်ကိုယ်က သစ္စာတရား ကိန်းဝပ်တဲ့ ကာယ ဖြစ်တယ်တဲ့။ သဗ္ဗညုတ ဉာဏ်တော်ကို ရတော်မူတဲ့ ကိုယ်က ရူပကာယ သို့မဟုတ် နိဗ္ဗာနကာယ (ဖြစ်ပျက် ဒုက္ခသစ္စ ကာယ) ဖြစ်တယ်တဲ့။ ဒါက ရုပ်ခန္ဓာ၊ မွေးရာပါ ကိုယ်၊ သဗ္ဗညုတ ဉာဏ်ကို ရရောက်တော်

မူတဲ့ ကိုယ်တဲ့။ တရားဓမ္မတွေကို ဟောဖော် ညွှန်ပြ ဆုံးမတော်မူပြီး မဟာ ပရိနိဗ္ဗာန် စံတော်မူတဲ့ ကိုယ် ဖြစ်တယ်။ ဒီလို ဖြစ်ပျက် ဒုက္ခ သစ္စာကို ဖော်ဆောင် တဲ့ ရူပကာယမျိုးဟာ ဗုဒ္ဓ များစွာ အနက် တစ်ပါးနဲ့ တစ်ပါး မတူကြဘူးတဲ့။

တခြား တစ်ဖက်မှာတော့ သဗ္ဗညုတ ဉာဏ်တော်ကို ဆောင်ထားတဲ့ ဓမ္မကာယ၊ သစ္စာကိုယ်။ ဒီကိုယ်ကမှ ဗုဒ္ဓရဲ့ အနှစ်သာရကို ဖော်ဆောင်တဲ့ ကိုယ် ဖြစ်တယ်တဲ့။ ဒါက ဉာဏ် သက်သက်ကို ပြောတာ။ သိတဲ့ ပုဂ္ဂိုလ် ပေါ်မှာ မတည်ဘူး။ ဒီမှာ ဓမ္မ ဆိုတာ သစ္စာကို ပြောတာ ဖြစ်တယ်။ ဒီသစ္စာဓမ္မ ဆိုတာက ဘုရားဟော ကျမ်းဂန်တွေ ထဲက စကားတွေ၊ တရားဒေသနာတွေနဲ့ မဆိုင်ဘူးတဲ့။ ဘုရားဟော ဒေသနာတွေဟာလည်း ဒီ'အနှစ်သာရ' သဘော သစ္စာသဘောက ထွက်ပေါ်လာတာပဲ ဖြစ်တယ်တဲ့။ ဒါကြောင့် အစစ်အမှန် ဖြစ်တဲ့ မြတ်ဗုဒ္ဓရဲ့ အနှစ်သာရဟာ သစ္စာဓမ္မ၊ သို့မဟုတ် ဗောဓိဉာဏ်သာ ဖြစ်သတဲ့။ ဒီအယူအဆကို မူရင်း ပါဠိ ပိဋကတော်တွေ ထဲမှာလည်း ဖော်ပြထားပါတယ်။ မြတ်စွာဘုရားက ဝါသေဋ္ဌကို ဟောကြားတော်မူရာမှာ 'တထာဂတဟာ ဓမ္မကာယပဲ ဖြစ်တယ်' *(ဒီဃနိကာယ်)* သစ္စာဉာဏ် အဖြစ်သို့ ရောက်သောသူ။ တခြား တစ်နေရာမှာလည်း ဗုဒ္ဓ ရှင်တော်မြတ်က ဝက္ကလိကို ဟောကြားတော်မူရာမှာလည်း သစ္စာဓမ္မကို မြင်သူသည်သာ တထာဂတကို မြင်သူ ဖြစ်တယ်။ တထာဂတကို မြင်သောသူသည်လည်း သစ္စာဓမ္မကို မြင်တယ်။ *(သံယုတ္တနိကာယ်)* လို့ ဟောတော်မူတယ်။ ဆိုလိုတာက ဗုဒ္ဓ ဆိုတာ ဓမ္မပဲ။ သစ္စာတရားပဲလို့ ဆိုခြင်းနဲ့ သဘောချင်း အတူတူပဲ ဖြစ်တယ်။ ဒါကြောင့် သစ္စာကို သိမြင်ခြင်းမှာ ဗုဒ္ဓဘုရား အားလုံးဟာ မကွဲပြားဘူး။ သဘောချင်း ထပ်တူညီမျှ ဖြစ်တယ်။ ဘာကြောင့်လဲ ဆိုတော့ 'သစ္စာတရား' ဟာ တစ်ခုတည်း ဖြစ်လို့ပါပဲ။

မြတ်ဗုဒ္ဓ သက်တော်ထင်ရှား ရှိစဉ် အခါကာလမှာတော့ နိဗ္ဗာန ကာယနဲ့ ဓမ္မကာယဟာ တစ်မျိုး တစ်ပေါင်းစည်းနေတယ်။ ဒါပေမဲ့ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် စံတော်မူပြီး နောက်ကာလကျတော့ နိဗ္ဗာန ကာယနဲ့ ဓမ္မကာယ ကွဲပြား ခြားနားမှု ဟာ ပိုပြီး သိသာ ထင်ရှားလာတယ်။ ဒါကို မဟာယာန အတွေးအခေါ်တွေ ထဲမှာ ပိုပြီး မြင်သာလာတယ်။ ကိုယ်တော်မြတ်ရဲ့ ဖြစ်ပျက် ခန္ဓာကတော့ ပရိနိဗ္ဗာန် စံသွားလို့ ကြွင်းတဲ့ ဓာတ်တော်တွေကို ဘုရား စေတီတော်တွေ ထဲမှာ ဌာပနာ ထားကြတယ်။ ဒါပေမဲ့ ဓမ္မကာယတော်ကတော့ ထာဝရ ရှင်သန်နေဆဲပဲ ဖြစ်တယ် တဲ့။

နောက်ကာလကျတော့ မဟာယာန ဒဿနတွေ ထဲမှာ သမ္ဘောဂကာယ အကြောင်းကို တိုးချဲ့လာကြတယ်။ သမ္ဘောဂကာယက သုခ ခံစားတဲ့ ကိုယ် ဖြစ်တယ်။ သမ္ဘောဂကာယ ဆိုတာကို၊ သစ္စာဓမ္မကို သိပြီး ဝိမုတ္တိရသကို ခံစားတဲ့ ကိုယ်လို့ ယူဆနိုင်တယ်တဲ့။ ဒီသုခ ခံစားမှုဟာ သစ္စာတရားကို ကိုယ်တိုင် သိမြင်ရုံမက တခြားသူတွေပါ သိမြင် ခံစားရအောင် ဟောကြားရာမှာရော အရိယာသူတော်ကောင်းတွေ ထွန်းကားလာတဲ့ အခါ သူတို့နဲ့ အတူ ပေါင်းသင်းနေရာမှာပါ ခံစားရတဲ့ ချမ်းသာ ဖြစ်သတဲ့။ ဒီခံစားမှုဟာ အတ္တ ကင်းစင်တဲ့ ခံစားမှုမျိုး ဖြစ်တယ်။ ကာမဂုဏ် ခံစားတာမျိုးနဲ့ မရောထွေးစေသင့်ဘူးတဲ့။ ဒီသမ္ဘောဂ ကာယ ဆိုတဲ့ အယူအဆမျိုးကို ထေရဝါဒ ကျမ်းဂန်တွေ ထဲမှာ သိသိသာသာ ဖော်ပြထားတာမျိုးတော့ မပါရှိဘူး။ တကယ့် သဘော အမှန်ကို သိပြီး ခံစားတတ်ရင်တော့ ဝိရောဓိ ဖြစ်စရာ အကြောင်း သိပ်မရှိပါဘူး။

မဟာယာန ကျမ်းဂန်တွေ ထဲမှာ ဖော်ပြတာက ဒီသမ္ဘောဂ ကာယဟာ ဓမ္မကာယလို အကောင်အထည် ဒြပ် မပါတဲ့ ဓမ္မသဘော တရားကိုယ်သဘော မဟုတ်ဘူး။ ပုဂ္ဂိုလ်သဘော ပါတယ်။ ပုဂ္ဂိုလ် ဆိုပေမဲ့ သမိုင်းဝင် လူပုဂ္ဂိုလ် သဘောလည်း မဟုတ်ဘူးတဲ့။

နောက်ပိုင်း မဟာယာနနဲ့ ဆက်နွယ်လာတဲ့ ပါဠိကျမ်းဂန်တွေ ထဲမှာလည်း သမ္ဘောဂကာယ၊ ဓမ္မကာယ ဆိုတဲ့ စကား အသုံးအနှုန်းတွေ ပါလာတာ တွေ့ရတယ်။ တခြား ဂိုဏ်းတွေ ထဲက ပညာရှင်တွေကလည်း ဒီအယူအဆကို အပြင်းအထန် ကန့်ကွက်ကြတာတော့ မရှိဘူး။ ရှင်မဟာဗုဒ္ဓဃောသကလည်း ဝိသုဒ္ဓိမဂ် ထဲမှာ ဗုဒ္ဓရဲ့ ကာယတော်များနဲ့ ပတ်သက်လို့ အောက်ပါ အတိုင်း ဖော်ပြထားတာ တွေ့ရတယ်။

'မြတ်ဗုဒ္ဓမှာ အလွန် တင့်တယ်တော်မူသော ရူပကာယတော် ရှိသည်။ မဟာပုရိသ လက္ခဏာကြီး ၃၂ ပါး၊ လက္ခဏာတော်ငယ် အပါး ၈၀ နှင့် ပြည့်စုံတော် မူတယ်။ ထို့ပြင် သီလဂုဏ် သမာဓိဂုဏ်တော်တို့ဖြင့် ပြည့်စုံ ထုံမွှမ်းလျက် သန့်ရှင်း စင်ကြယ်သော အတုမဲ့ ဓမ္မကာယတော်လည်း ရှိတော်မူ၏။'

ရှင်မဟာဗုဒ္ဓဃောသရဲ့ အယူအဆက ဖြစ်ရပ်မှန်ကို ဖော်ပြတာ၊ အံ့ဖွယ် ဆန်းကြယ်ခြင်း လူထူး လူလွန် တန်ခိုး သိဒ္ဓိသဘောနဲ့ ဖော်ပြထားတာ မဟုတ်ဘူး။ အဋ္ဌသာလိနီမှာလည်း မြတ်ဗုဒ္ဓ လူမြင်ကွင်းက ပျောက်ကွယ်နေတဲ့ ဝါတွင်း သုံးလကာလ၊ တုသိတာ နတ်ပြည်မှာ မယ်တော်မိနတ်သားကို အဘိဓမ္မာတရား ကို

ဟောကြားတော်မူခြင်း ကိစ္စတို့ ဖော်ပြရာမှာလည်း မြတ်စွာဘုရားက နိမ္မိတ ဗုဒ္ဓရုပ်ပွားကို ဖန်ဆင်းတော်မူထားကြောင်း မိမိနှင့် ထပ်တူတဲ့ နိမ္မိတ ရုပ်ပွား ကာယတော်ဟာ အသံတော်မှာရော စကားတော်များမှာရော ကိုယ်တော်က ထွက်တော်မူတဲ့ ရောင်ခြည်တော်တွေရော ခွဲခြားလို့ မရကြောင်း ဖော်ပြထားတယ်။ ဒီလို ဖန်ဆင်းထားတဲ့ နိမ္မိတ ရုပ်ပွား ကာယတော်ကို သာမန်လူတွေ နတ်တွေက မမြင်နိုင်ဘူး။ အဆင့်မြင့် တန်ခိုးကြီး နတ်တွေကပဲ စုံစမ်း သိနိုင်ပုံကိုလည်း ဖော်ပြထားတယ်။ ဒီစကားများ အရ ဆိုရင် ရှေးခေတ် ထေရဝါဒက အရှင်ကောင်း အရှင်မြတ်များကလည်း မြတ်ဗုဒ္ဓရဲ့ ရူပကာယ၊ သမ္ဘောဂကာယတွေကို လူ့ကိုယ် လူ့ခန္ဓာသဘော ရှုမြင်ခဲ့ကြတာ ထင်ရှားပြီး ဓမ္မကာယကိုတော့ ဓမ္မ အစုအပေါင်း ဝိနည်း သိက္ခာ အစုအပေါင်း သဘောနဲ့ ရှုမြင်ခဲ့ကြတာ သိသာ ထင်ရှားလှပါတယ်။

# ၂
# သူ၏သတင်းစကား

## အားလုံးအတွက်သတင်းစကား

*လူသားတို့၏ ပန်းကောင်း တစ်ပွင့် ဖြစ်တော်မူသော မြတ်ဗုဒ္ဓကား ဤ လောကဝယ် သက်ရှိ ထင်ရှား မရှိတော့ပါ။ သို့ပါသော်လည်း ငြိမ်းချမ်း သာယာရေး အတွက် ဖြစ်သော သူ့ သတင်းစကားများ၏ ရနံ့သည်ကား ဤလောက၌ ထာဝရ မွှေးပျံ့ ကြိုင်လှိုင်လျက်ပင် ရှိပါ၏။*

ယနေ့ထက်တိုင် လူသားများ လက်ခံ ကျင့်သုံးဆဲ ဖြစ်တဲ့ ဗုဒ္ဓဘာသာဟာ ရှေး အကျဆုံး ဘာသာတရား ယုံကြည် ကိုးကွယ်မှု တစ်ခု ဖြစ်တယ်။ အိန္ဒိယ နိုင်ငံ တွင် ပေါ်ထွန်းခဲ့သော အခြား ဘာသာတရားများ၏ အမည်ကိုပင် လူတို့ မေ့ထား လိုက်ပြီ ဖြစ်တဲ့ ယခုလို အချိန်ကာလမျိုးမှာတောင် 'ဓမ္မ' လို့ ခေါ်ကြတဲ့ မြတ်ဗုဒ္ဓ

ရဲ့ ဒေသနာတော်တွေကတော့ ဒီကနေ့ လူသားများရဲ့ လူ့ အဖွဲ့အစည်းရဲ့ လိုအပ်ချက်များနဲ့ ကိုက်ညီနေတုန်းပဲ ဖြစ်တယ်။ ဒါဘာကြောင့်လဲ ဆိုတော့ မြတ်ဗုဒ္ဓဟာ သူကိုယ်သူ လူသား ဘာသာရေး ခေါင်းဆောင်၊ ဓမ္မခေါင်းဆောင် တစ်ဦး အဖြစ်ပဲ သဘောထားတဲ့အပြင် သူ့ သတင်းစကားများကလည်း လူသားများရဲ့ ပျော်ရွှင်ချမ်းမြေ့မှုနဲ့ ဘဝ တိုးတက် ကောင်းမွန် သာယာရေး အတွက် ဖြစ်နေတာကြောင့်ပဲ ဖြစ်တယ်။ မြတ်ဗုဒ္ဓရဲ့ အဓိက ကြောင့်ကြစိုက်မှုက သူ့ရဲ့ သာဝကများကို ကိုယ့်ကိုယ်ကိုယ် လုံးဝ ပစ်ပယ် ညှဉ်းဆဲတဲ့ အတ္တကိလမထနုယောဂ အကျင့်ကိုလည်း မကျင့်ဖို့ ကိုယ့်ရဲ့ ကိလေသာ အာရုံ ကာမဂုဏ်တရားတွေကိုလည်း အလွန်အကျွံ မလိုက်စားဘဲ ရိုးရိုး မယုတ်မလွန် နေတတ်ဖို့ကို ကူညီဖို့ပဲ ဖြစ်တယ်။ [ ဒီသဘောကို ဒေါက်တာသီရိဓမ္မနန္ဒ အရှင်မြတ် ရေးသား ဖော်ပြထားပုံကလည်း နှစ်သက်ဖွယ် ကောင်းပါတယ်။ ]

The Buddha's primary concern was to help His followers to live a normal life without either going to the extremes of self-denial or totally surrendering to sensual desires.

မြတ်ဗုဒ္ဓ ဟောကြားတော်မူတဲ့ တရားများ လက်တွေ့ကျပုံဟာ လူတိုင်း လူတိုင်း အနေနဲ့ ကိုယ်တော်မြတ် ရရောက်နိုင်ခဲ့တဲ့ ဘဝ ပန်းတိုင်ကို မိမိတို့ အနေနဲ့ တစ်ဘဝ တစ်သက်တာမျှလောက် အချိန်နဲ့ သူ ရောက်တဲ့ အတိုင်း ထပ်တူထပ်မျှ ရောက်မယ်လို့ မမျှော်လင့်နိုင်ဘူး ဆိုတဲ့ အချက်မှာ ပေါ်လွင် ထင်ရှားတယ်။ ဘာကြောင့်လဲ ဆိုတော့ လူတွေရဲ့ စိတ်မှာ နက်ရှိုင်းစွာ ကပ်တွယ်နေတဲ့ ကိလေသာ အညစ်အကြေးတွေကြောင့်ပဲ ဖြစ်တယ်။

The practical nature of the Buddha's teaching is revealed in the fact that not everyone is expected to attain exactly the same goal in one lifetime, since the mental impurities are deeply rooted.

တချို့သော ပုဂ္ဂိုလ်များဟာ ကျန်လူများထက် စိတ်ဓာတ်ရေး အရ ပိုပြီး အဆင့်မြင့်တာလည်း ရှိကြပါတယ်။ ဒီတော့ သူတို့က ပိုပြီး ဉာဏ် အဆင့်မြင့်မြင့် ရောက်အောင် ဆောင်ရွက်နိုင်ကြတယ်။ ဒါပေမဲ့ လူတိုင်း လူတိုင်းမှာ အမြင့်ဆုံး ဗုဒ္ဓဘုရား ဖြစ်အောင် ဆုကြီး ပန်နိုင်တဲ့ ကိုယ်စွမ်းကိုယ်ရည်တွေလည်း (အကယ်၍ သူတို့မှာ စိတ်အဓိဋ္ဌာန် ပြင်းပြကြရင်) ရှိကြပါတယ်။

ယခုခေတ် ကာလ တိုင်အောင် မြတ်ဗုဒ္ဓရဲ့ နူးညံ့ ချိုမြလှတဲ့ တရားဓမ္မ ဆည်းလည်းသံတွေဟာ ကျွန်ုပ်တို့ရဲ့ နားထဲမှာ တီးခတ်နေဆဲ ဖြစ်ပါတယ်။

တစ်ခါတစ်ရံ ကျွန်ုပ်တို့ အနေနဲ့ မြတ်ဗုဒ္ဓ ဟောကြားတော် မူခဲ့တဲ့ တရားသံတွေကို ကြားနေဆဲမှာ နားမလည် သဘောမပေါက်ကြတာကတော့ ရှက်တောင် ရှက်ဖို့ ကောင်းသလို ခံစားရတယ်။ မကြာခဏ ကျွန်ုပ်တို့ နှုတ်က သူနဲ့ သူ့ တရားတွေကို ကြည်ညိုကြောင်း၊ လေးစားကြောင်း ထုတ်ဖော် ချီးမွမ်းကြသော်လည်း လက်တွေ့ ကျင့်သုံးဖို့ကျတော့ သူ ဟောတဲ့ အတိုင်း မလုပ်ကြဘူး။ နှစ်ပေါင်း ထောင်နဲ့ ချီ ပြီး ကြာလာတဲ့ အထိ မြတ်ဗုဒ္ဓရဲ့ ဒေသနာတွေ သတင်းစကားတွေဟာ လူအားလုံး အပေါ်မှာ အကျိုးသက်ရောက်မှု ရှိနေဆဲပဲ။ ဒီဘာသာကို ယုံတာ၊ မယုံတာက တစ်ကဏ္ဍပါ။ သူ့ရဲ့ သတင်းစကားတွေကတော့ လူအားလုံးအတွက်ပဲ ဖြစ်တယ်။

လူသား တစ်ရပ်လုံး အတွက် မွှေးကြိုင်လှတဲ့ ပန်းကောင်း တစ်ပွင့် ဖြစ်စေကာမူ သည် ပန်းပွင့်ကြီးကတော့ လူသားတို့ရဲ့ လောကမှာ မရှိတော့ပါ။ သူ ဟောကြားတော် မူခဲ့တဲ့ တရားဓမ္မ ဒေသနာတော်တွေရဲ့ မွှေးပျံ့ ကြိုင်လှိုင်နေတဲ့ ရနံ့တွေကတော့ ဝေးလံလှတဲ့ အရပ်ဒေသများ အထိ ပျံ့လွင့်သွားနေဆဲ ဖြစ်တယ်။ ဒီဓမ္မများရဲ့ သင်းထုံ မွှေးပျံ့တဲ့ ရနံ့တွေဟာ လူသား သန်းပေါင်း များစွာရဲ့ နှလုံးသားကို ငြိမ်သက်ပြီး ကြည်သာ ရွှင်လန်းစေတယ်။ ဒီသူတော်စင်များရဲ့ ရေမွှေး ရနံ့ကလည်း ဒီတရားတော်တွေ ထိုးဝင် ပျံ့နှံ့သွားတဲ့ လူမျိုး အားလုံးကို နှလုံး စိတ်ဝမ်း ချမ်းမြေ့ ကြည်နူးစေပါတယ်။ လူသား သန်းပေါင်း များစွာတို့ရဲ့ နှလုံး သားကို ကိုယ်တော်မြတ်ရဲ့ တရားဓမ္မ ဒေသနာတော်တွေက သိမ်းယူ ဖမ်းစားနိုင် တာဟာ ဘာကြောင့်လဲ ဆိုတော့ ဒီတရားတွေကို အတင်းအကျပ် သွတ်သွင်းခဲ့တာ မဟုတ်ဘဲ လူတိုင်း အပေါ်မှာ ထားခဲ့တဲ့ မေတ္တာစိတ်၊ ကရုဏာစိတ်ကြောင့်ပဲ ဖြစ်တယ်။ ဒီတရားတော်များ ပျံ့နှံ့ရာ ခရီးလမ်း တစ်လျှောက်လုံး သန့်ရှင်း စင် ကြယ်ခဲ့တယ်။ သွေး တစ်စက်တောင် အစွန်းအထင်း မရှိခဲ့လို့ပဲ ဖြစ်တယ်။ ဗုဒ္ဓ ဘာသာ အောင်မြင်တယ် ဆိုတာ မေတ္တာနဲ့ ထိတွေ့ ပိုက်ထွေးခဲ့လို့သာ ဖြစ်ပြီး ရက်စက် ကြမ်းကြုတ်တဲ့ အကြောက်တရား လက်သည်းကြီးတွေနဲ့ ကုတ်ဖဲ့ပြီး အနိုင်ယူခဲ့လို့ မဟုတ်ဘူး။ နတ်မိစ္ဆာတွေ၊ ငရဲဘုံတွေနဲ့ ခြိမ်းခြောက်တာမျိုး ဗုဒ္ဓ ဘာသာမှ လုံးဝ မရှိဘူး။

မြတ်ဗုဒ္ဓ ပွင့်ထွန်းတဲ့ အချိန်က စပြီး ရာစုနှစ် ၂၅ ခုကျော် ကြာမြင့်လာတဲ့ အတောအတွင်းမှာဖြင့် ကမ္ဘာ ပေါ်မှာ အပြောင်းအလဲ များစွာ နေရာတကာမှာ ဖြစ်ပေါ်ခဲ့တယ်။ မင်းနေပြည်တွေ ပေါ်လာလိုက်၊ ပျောက်သွားလိုက် ဖြစ်ခဲ့ကြတယ်။ လူမျိုးတွေလည်း ချမ်းသာလိုက်ကြ၊ မွဲပြာကျသွားလိုက်ကြ ဖြစ်ခဲ့တယ်။ ဒါပေမဲ့ မျက်မှောက် ကာလကျတော့ ဒီအဖြစ် သနစ်တွေကို လူတွေက မေ့ပျောက်ပစ်လိုက်

ကြပြီ။ သစ္စာဓမ္မ မင်းနေပြည်ကြီး (The Kingdom of Righteousness) ကတော့ မြတ်ဗုဒ္ဓ တည်ထောင်တော် မူထားခဲ့တဲ့ အတိုင်း ဆက်လက်ပြီး ရှင်သန် ခိုင်မာ၍ အင်အား ကောင်းနေဆဲပါ။ သူ့ကို ဂုဏ်ပြု တည်ထားခဲ့ကြတဲ့ ဘုရားကျောင်းကန်တွေ၊ စေတီပုထိုးတွေ၊ ရုပ်ပွား ဆင်းတုတော်တွေ၊ ပိဋကတ်တိုက်ကြီးတွေ၊ ဘာသာရေး အမှတ်သင်္ကေတတွေ ထူထောင်ထားခဲ့ကြတာများက အဖျက်အဆီး ခံခဲ့ကြရတယ်။ သို့သော်လည်း ကိုယ်တော်မြတ်ရဲ့ ညီညွတ် စည်းလုံးတဲ့ မွန်မြတ်တဲ့ ဘွဲ့ဂုဏ်တော်တွေနဲ့ သတင်းစကား ဓမ္မ ဒေသနာတော်တွေကတော့ ယဉ်ကျေးတဲ့ လူသားများရဲ့ စိတ်အစဉ်မှာ ဆက်လက် ခိုင်မြဲနေဆဲပါပဲ။

မြတ်ဗုဒ္ဓ ဟောကြား ဆုံးမတော် မူခဲ့တာက အကြီးအကျယ် အောင်မြင်ခြင်းသည် သူတစ်ပါးကို နှိပ်ကွပ် သိမ်းသွင်းခြင်း မဟုတ် မိမိရဲ့ အတ္တစိတ်ကို နှိပ်ကွပ်ခြင်းသာ ဖြစ်တယ်လို့ ဓမ္မပဒမှာ မြတ်ဗုဒ္ဓ သင်ကြားတော်မူခဲ့တယ်။ 'စစ်ပွဲမှာ လူပေါင်း တစ်သောင်းကို အောင်နိုင်ခြင်းထက် မိမိကိုယ်ကို အောင်နိုင်ခြင်းကသာ အကြီးကျယ်ဆုံး အောင်နိုင်ခြင်းမည်၏'

မဟာကရုဏာတော်ရှင် မြတ်ဗုဒ္ဓရဲ့ နူးညံ့ သိမ်မွေ့တဲ့ သတင်းစကား၊ တရားဓမ္မများနဲ့ ပြန်လည် ထူထောင်ပေးလို့ သာသနာ့ ဒါယကာ ဖြစ်သွားတဲ့ ရက်စက် ကြမ်းကြုတ်ခဲ့တဲ့ ဧကရာဇ်ဘုရင်ကြီး သီရိဓမ္မာသောကရဲ့ ဖြစ်ရပ်ဟာဖြင့် အထင်ရှားဆုံး သက်သေ သာဓက ဖြစ်တယ်။

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် စံပြီး နောက် အနှစ် ၂၀၀ လောက် ကြာမှ အသောကမင်းကြီးဟာ အိန္ဒိယနိုင်ငံ တစ်နံတစ်လျားမှာ ပြင်းထန်တဲ့ စစ်ပွဲတွေကို ဆင်နွှဲခဲ့တယ်။ လူတွေ အတိဒုက္ခ ရောက်အောင် ကြောက်ရွံ့ တုန်လှုပ်နေအောင် လုပ်ခဲ့တယ်။ ဒါပေမဲ့ သူဟာ ဓမ္မနဲ့ တွေ့ပြီး သူ့ နှလုံးသားမှာ တရားဓမ္မများ စိမ့်ဝင်ပျံ့နှံ့သွားတဲ့ အခါကျတော့ သူ ပြုခဲ့မိတဲ့ အကုသိုလ်မှု ဒုစရိုက်များ အတွက် အကြီးအကျယ် နောင်တရတယ်။ ကျွန်ုပ်တို့ နောင်လာနောက်သားများက သူ့ကို သတိတရနဲ့ ဂုဏ်ပြုနေကြရတဲ့ အကြောင်းကတော့ သူ ငြိမ်းအေးတဲ့ ဓမ္မလမ်းကို ရောက်ရှိပြီး သူ့ရဲ့ သက်ဝင် ယုံကြည်မှု ပြောင်းသွားတဲ့ နောက်ပိုင်းမှာ သူဟာ အခြား တိုက်ပွဲ တစ်ခုကို ဆင်နွှဲခဲ့တာကြောင့် ဖြစ်တယ်။ သူ ဆင်နွှဲခဲ့တာက လူ့လောက အတွက် ငြိမ်းချမ်းရေးကို ဖော်ဆောင်တဲ့ တိုက်ပွဲပဲ ဖြစ်တယ်။ ကြီးကျယ် မြင့်မြတ်ခြင်း အမှန်ဟာ မေတ္တာတရားကသာ ပေါက်ဖွားတာဖြစ်တယ်။ အမုန်းတရားက ပေါက်ဖွားလာတာ မဟုတ်ဘူးဆိုတဲ့ မြတ်ဗုဒ္ဓရဲ့ သတင်းစကား တရားဒေသနာတော် မှန်တယ် ဆိုတာကို သူက သက်သေ ထူပြနိုင်ခဲ့တယ်။

ကြီးကျယ် မြင့်မြတ်ခြင်း အစစ်ဟာ နှိမ့်ချခြင်းကသာ ထွက်ပေါ်လာတာ ဖြစ်တယ်။ ထောင်လွှားခြင်းက ဖြစ်ပေါ်လာတာ မဟုတ်ဘူး။ ကရုဏာတရားကသာ ပေါ်ထွက်တယ်။ ရက်စက် ကြမ်းကြုတ်မှုကြောင့် ဖြစ်ပေါ်လာနိုင်တာ မဟုတ်ပါ။

အသောက ဧကရာဇ် ဘုရင်ကြီး အယူဝါဒ ပြောင်းလဲလာတာဟာ ရက်စက် ကြမ်းကြုတ်ခြင်းက ကြင်နာ ယုယခြင်းဆီ ပြောင်းခဲ့တာ ဖြစ်တယ်။ ဒါကြောင့် ဘယ်လောက်တောင် ကြင်နာခြင်းတရား သူ့ ရင်ထဲမှာ ပြည့်စုံသွားသလဲဆို သူ့ နိုင်ငံ ထဲမှာ တိရစ္ဆာန်ရဲ့ အသက်ကိုတောင် မသတ်ရဘူးလို့ တားမြစ်ခဲ့တယ်။ လူတွေ ခိုးကြ ဝှက်ကြတာဟာ မဖူလုံလို့၊ လိုတာ မရကြလို့ ခိုးတာ ဖြစ်တယ်လို့ ဆင်ခြင်တော်မူခဲ့မိတာကြောင့် သူ့ နိုင်ငံ ထဲမှာ လိုအပ်ချက် မပြည့်စုံတဲ့ ဘဝမျိုး လျော့ကျအောင်လည်း ဆောင်ရွက်တော်မူတယ်။ ဒီထက် ပိုပြီး ထူးခြားတာက ဗုဒ္ဓဘာသာဝင်တွေကို မြတ်ဗုဒ္ဓရဲ့ အဆုံးအမ ဖြစ်တော်မူတဲ့ တခြား ဘာသာ အယူဝါဒ ရှိသူတွေကို ဘယ်သောအခါမှ အင်အား သုံးပြီး မိမိတို့ ဘာသာ အယူဝါဒကို လက်ခံအောင် မလုပ်ရဘူး ဆိုတာကို ဘုရားဟော တရား အတိုင်း ဆိုဆုံးမခဲ့တယ်။ တခြား ကိစ္စတွေမှာ ကျွန်ုပ်တို့ ကြားဖူးသမျှ ဆိုရင် ရှင်ဘုရင်တွေဟာ ဘာသာ အယူဝါဒ ပြောင်းလဲ သက်ဝင်သွားကြပြီ ဆိုရင် ဓားမိုးပြီး သူ ကိုးကွယ်တဲ့ ဘာသာ အယူဝါဒကို တိုင်းသူပြည်သားတွေလည်း လိုက်ပြီး ကိုးကွယ်ရမယ် ဆိုပြီး လုပ်တတ်ကြတယ်။ ဗုဒ္ဓဘာသာ တစ်ခုပဲ အသောကလို မေတ္တာ ကရုဏာနဲ့သာ သာသနာတော်ရဲ့ ကြီးကျယ် မြင့်မြတ်ပုံကို ပြတာမျိုး၊ သူနဲ့ အပြိုင် ပြနိုင်တာမျိုး၊ သူ့အလျင်ကလည်း မပေါ်ပေါက်ဖူးဘူး။ ဘယ်တုန်းကမှလည်း မရှိခဲ့ဖူးဘူး ဆိုတာကတော့ ဂုဏ်ယူစရာပဲ ဖြစ်တယ်။

ဗုဒ္ဓမြတ်စွာဘုရားရဲ့ ဒေသနာတော်မြတ်များကို စတင် လက်ခံခဲ့ကြတာ လူ့ အဖွဲ့အစည်းတွေကို ယဉ်ကျေး သိမ်မွေ့အောင် ပြုစု ပျိုးထောင်ဖို့ အတွက်နှင့် လူ အချင်းချင်း ငြိမ်းငြိမ်းချမ်းချမ်း ညီညီညွတ်ညွတ် နေနိုင်ဖို့ အတွက်ပဲ ဖြစ်ပါတယ်။ လူတွေရဲ့ ခက်ခဲတဲ့ ဘဝ ပြဿနာ အားလုံးမှာ မြတ်ဗုဒ္ဓရဲ့ အဆုံးအမ အတိုင်း လိုက်နာ ကျင့်သုံးနိုင်ကြရင်ဖြင့် ပိုပြီး အချင်းချင်း နားလည်မှု ရနိုင်ပါတယ်။ လူမှုဒုက္ခတွေ၊ လူ့ဘဝ ပြဿနာတွေကို ချဉ်းကပ်ပုံမှာ ဗုဒ္ဓရဲ့ ချဉ်းကပ်ပုံဟာ အလွန် တည့်မတ်တယ်။ မကွေ့မဝိုက်ဘဲ အဖြောင့်နည်း ချဉ်းကပ်ပုံ ဖြစ်ပါတယ်။

လောကမှာ ပေါ်ပေါက် ပွင့်ထွန်းခဲ့သမျှ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့တွင် မြတ်ဗုဒ္ဓဟာ အကြီးအကျယ်ဆုံး အောင်နိုင်သူ ဖြစ်တယ်။ လောကကို မြတ်ဗုဒ္ဓဟာ သူ့ရဲ့ အပြစ် ကင်းသော မေတ္တာဓာတ်၊ သစ္စာဓာတ်တို့ဖြင့် အောင်တော်မူခြင်း

ဖြစ်တယ်။ မြတ်ဗုဒ္ဓရဲ့ ဒေသနာတော်များဟာ လူ့ လောကကို အမုန်းတရားနှင့် ဆင်းရဲဒုက္ခ အမှောင်လောကကို ဖြတ်ကျော်ပြီး မေတ္တာတရားနှင့် ပျော်ရွှင်ခြင်း သုခတို့ ထွန်းလင်းတဲ့အလင်း လောကသစ်ထဲသို့ ရောက်အောင် လမ်းကို ထွန်းပြပေးပါတယ်။ ဒါကို ဒေါက်တာ သီရိဓမ္မနန္ဒ အရှင်မြတ်ရေးပြပုံကလည်း မှတ်သားစရာပါ။

His Teaching illuminates the Way for mankind to cross from a world of darkness , hatred, and suffering, to a new world of light, love and happiness.

## အံ့ဖွယ်ဆန်းကြယ်တဲ့ တန်ခိုးတော်

*ကောက်ကျစ်စဉ်းလဲတဲ့ လူဆိုး လူယုတ် တစ်ယောက်ဟာ သန့်စင်တဲ့ အရိယာ သူတော်စင် အဖြစ်ကို ရောက်ရှိလာရင် ဗုဒ္ဓဘာသာရဲ့ သဘော အရ ဒါဟာ လက်တွေ့ကျတဲ့ အံ့ဖွယ် ဆန်းကြယ်တဲ့ အဖြစ်ပဲလို့ ဆိုတယ်။*

ဘာသာ အယူဝါဒတိုင်းလိုလိုမှာ ဒီဘာသာရေးကို စတင် တည်ထောင်သူ ခေါင်းဆောင်တွေပဲ ဖြစ်ဖြစ်၊ သူတို့ရဲ့ နောက်လိုက် သာဝကတွေပဲ ဖြစ်ဖြစ် အနည်းထက်အများ အံ့ဖွယ် ဆန်းကြယ်တွေ လုပ်ပြတတ်ကြတာ၊ တန်ခိုး ပြတတ်ကြတာ တွေ့ရတတ်ပါတယ်။ ဗုဒ္ဓဘာသာမှာလည်း မြတ်ဗုဒ္ဓ ဖွားတော်မူခန်းက စပြီး ပရိနိဗ္ဗာန်စံဝင်တော်မူတဲ့ အခန်းထိ အံ့ဖွယ် ဆန်းကြယ် ဖြစ်ရပ်တွေ၊ တန်ခိုးပြတော်မူတာတွေ ပါရှိပါတယ်။ (တခြားဘာသာတွေမှာ အံ့ဖွယ် ဆန်းကြယ် တန်ခိုးလို့ ခေါ်တဲ့) စိတ်စွမ်းအင်တွေကို မြတ်ဗုဒ္ဓဟာ သူ့ရဲ့ ကာလ ကြာမြင့်စွာ ပြင်းပြင်းထန်ထန်အားထုတ်ခဲ့ရတဲ့ သမထ၊ ဝိပဿနာ၊ ဘာဝနာ ကျင့်စဉ်တွေကြောင့် ရလာတာဖြစ်တယ်။ မြတ်ဗုဒ္ဓဟာ ကမ္မဋ္ဌာန်းဘာဝနာတရားကို အားထုတ်ရင်း အဘိညာဉ်အဆင့်ဆင့်၊ ဝိပဿနာ မဂ်ဉာဏ်ဖိုလ်ဉာဏ် အဆင့်ဆင့်ကို ကျော်ဖြတ် ပြီးနောက်အထွတ်အထိပ် ဖြစ်တဲ့ ဉာဏဒဿနဝိသုဒ္ဓိ အဆင့်ကို ရောက်တော်မူခဲ့တာ

ဖြစ်တယ်။ ဒါကို ဒေါက်တာ သီရိဓမ္မနန္ဒထေရ်မြတ် ရေးပြတဲ့ အင်္ဂလိပ်စာ အရေးအသားကလည်း နှစ်သက်ဖို့လည်း ကောင်း၊ အတုယူစရာလည်း ကောင်းလို့ ဖော်ပြချင်ပါတယ်။

The Buddha meditated and passed through all the highest stages of contemplation that culminated in pure self-possession and wisdom.

ဤကဲ့သို့ ဘာဝနာတရားကို ကျင့်ကြံ ပွားများ အားထုတ်ခြင်း ဆိုတဲ့ အနုဗောဓဉာဏ်က တစ်ဆင့် ဆိုက်ရောက်လာတဲ့ ပဋိဝေဓဉာဏ် ဖြစ်ပေါ်ခြင်း ကတော့ တန်ခိုး ဖန်ဆင်းခြင်း မဆိုင်ပါ။ ဒါက အလေ့အကျင့် ရှိတဲ့ ရသေ့ ရဟန်းများရဲ့ ဘာဝနာ တန်ခိုးအားကြောင့် ဖြစ်ပေါ်လာတဲ့ ဉာဏ်မျိုးသာ ဖြစ်တယ်။

သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရတော်မူတဲ့ ညဉ့်ဦးယံမှာ အလောင်းတော် မြတ်ရဲ့ ကမ္မဋ္ဌာန်း ဘာဝနာ စီးဖြန်းမှုကြောင့် ပထမဦးစွာ မိမိ ဖြစ်ခဲ့ဖူးတဲ့ အတိတ် ဘဝဟောင်း များစွာကို သိမြင်တော်မူတဲ့ ပုဗ္ဗေနိဝါသဉာဏ်ကို ရတော်မူ ပါတယ်။ ပုဗ္ဗေနိဝါသဉာဏ်ကို ရတော်မူတဲ့ အခါ အတိတ်ဘဝ များစွာကို အသုံး ပြုပြီး သဗ္ဗညုတဉာဏ် ရရာရကြောင်း အလို့ငှာ သူ ဘာတွေကို လုပ်ခဲ့ပြီးပြီ ဆို တာကို အသေးစိတ် ပြန်ပြီး အောက်မေ့နိုင်တယ်။

He remembered His previous births and how He had made use of these births to gain His Enlightenment.

ဒုတိယ ညဉ့်ယံကို ရောက်တော့ ပိုပြီး ကျယ်ဝန်းတဲ့ ဒိဗ္ဗစက္ခု အဘိညာဉ်ကို ရတော်မူတယ်။ ဒီညာဉ်က စကြဝဠာကြီး တစ်ခုလုံးကို စနစ်ကြီး တစ်ခု အဖြစ် မြင်တော်မူတယ်။ (ကမ္မ) ကံနဲ့ ဇာတိပဋိသန္ဓေ ဆက်စပ်ပြီး ထပ်တလဲလဲ ဖြစ်နေပုံ စနစ်ကြီးကိုပါ သိမြင်တော်မူလာတယ်။

Then the Buddha had second and wider vision in which He saw the whole universe as a system of *Kamma* and *Rebirth.*

စကြဝဠာ လောကကြီး တစ်ခုလုံးဟာ မြင့်မြတ်သူတွေနဲ့ ယုတ်ညံ့သူတွေ၊ ချမ်းသာသူတွေနဲ့ ဆင်းရဲဒုက္ခ ရောက်နေသူတွေနဲ့ ဖွဲ့စည်း တည်ဆောက်ထားတဲ့ လောကကြီး ဖြစ်နေတာကို သိမြင်တော်မူတယ်။ သတ္တဝါတွေ အားလုံးဟာ မိမိတို့ ပြုခဲ့တဲ့ ကံသတ္တိ အားလျော်စွာသာ အဆက်မပြတ် ဖြစ်ပျက်နေကြရတယ်။ တစ်ဘဝ မှာ မွေးပြီး သေလိုက်၊ နောက် တစ်ဘဝမှာ မွေးပြီး သေလိုက်နဲ့ တစ်ဘဝက တစ်ဘဝကို ဆက်ကာဆက်ကာ ပြောင်းရွှေ့နေကြရတယ်။ ဒီဘဝမှာ ဘဝ ဖြစ် တည်ပုံက တစ်မျိုး၊ နောက်ဘဝကျတော့ ဖြစ်တည်ပုံက တစ်မျိုးနဲ့ ဘဝ ပုံသဏ္ဌာန်

အမျိုးမျိုးမှာ ဖြစ်နေကြရတယ်လို့ သိမြင်တော်မူလာတယ်။ နောက်ဆုံး မြတ်ဗုဒ္ဓ သိမြင် နားလည်တော်မူလာတာက ဒုက္ခသစ္စာ၊ ဒုက္ခသမုဒယသစ္စာ၊ ဒုက္ခနိရောဓ သစ္စာနဲ့ မဂ္ဂသစ္စာတွေကို သိမြင်တော်မူတယ်။ မိုးသောက်ယံကျတော့ အာသဝက္ခယ ဉာဏ်တော်ကို ရတော်မူတယ်။ ကိုယ်တော်မြတ်က မိမိသည် အာသဝေါတရား အလုံးက လွတ်မြောက်ပြီးပြီ။ ဘဝ အနှောင်အဖွဲ့က လွတ်မြောက်သွားပြီ ဆိုတာကို သိမြင်တဲ့ ဉာဏ်ကို ရတော်မူတယ်။ ထိုအခါ မြတ်ဗုဒ္ဓက မိမိသည် ပြုဖွယ်ကိစ္စ မှန်သမျှကို ပြုပြီးပြီဟု သိတော်မူတယ်။ မိမိ၏ ယခုဘဝသည် နောက်ဆုံး ပဋိသန္ဓေ နေခြင်း ဘဝ ဖြစ်ပြီး နောက်ထပ် ဇာတိပဋိသန္ဓေ နေခြင်း ကိစ္စ မရှိတော့ဟုလည်း သိမြင်တော်မူတယ်။ ဤအာသဝက္ခယဉာဏ်သည် အဝိဇ္ဇာ အမှောင်ကို ပယ်ဖျက်ပြီး ဖြစ်၍ ကိုယ်တော်မြတ်၏ နှလုံးတော်တွင် ဉာဏ်အလင်းရောင် ထွန်းပလာတယ်။ ဒါဟာ စိတ်စွမ်းအင်ကြောင့် ဖြစ်ပေါ်လာတဲ့ ပညာဉာဏ် အလင်းရောင် ဖြစ်တယ်။ ဒီပညာအလင်း ဉာဏ်အလင်းကို ဗောဓိပင်နှင့် ရွှေပလ္လင်မှာ ပိုင်ပိုင် ရလိုက်တာ ဖြစ်တယ်။

မြတ်ဗုဒ္ဓ ဖွားမြင်တော်မူတာလည်း သဘာဝ အတိုင်း ဖွားမြင်တော်မူခြင်း သာ ဖြစ်တယ်။ အသက် ရှင်ခိုက် နေထိုင်ခဲ့တာလည်း လူသား တစ်ဦးရဲ့ နေခြင်းမျိုးနဲ့ နေခဲ့တာပဲ ဖြစ်တယ်။ ဒါပေမဲ့ သဗ္ဗညုတဉာဏ်ကို ရတော်မူပြီးနောက် မှာတော့ ကိုယ်တော်မြတ်ဟာ လူသာမန် မဟုတ်တော့ပါဘူး။ ဥတ္တမပူရိသ၊ ဥတ္တရိမနုဿလို့ ဆိုထိုက်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်သွားပါပြီ။ တချို့ မြတ်ဗုဒ္ဓရဲ့ ထူးမြတ်လှတဲ့ ဉာဏ်ပညာသဘောကို အကဲမခတ်တတ်ကြတဲ့ လူတွေက သူ့ဘဝကို တစေ့တစောင်း ချောင်းမြောင်းကြည့်ကြတဲ့ အခါ အံ့ဖွယ် ဆန်းကြယ်တဲ့ တန်ခိုးတော်တွေကိုသာ အလေးပေး လေ့လာတတ်ကြတယ်။ ဒါပေမဲ့ မြတ်ဗုဒ္ဓရဲ့ သဗ္ဗညုတဉာဏ်တော်ကြီးကတော့ သူ့ရဲ့ ကြီးကျယ်မှုတွေ အတွက် လိုတာထက် တောင် ပိုနေပါပြီ။ ကိုယ်တော်မြတ်ရဲ့ ကြီးကျယ် ထင်ရှားပုံကို ဖော်ဆောင်ဖို့ အတွက် အံ့ဖွယ် ဆန်းကြယ်တဲ့ တန်ခိုး က္လဒ္ဓိပါဒ်တွေကို ထည့်ပြောနေစရာတောင် မလိုတော့ပါ။

လူတွေရဲ့ စိတ်ကို လေ့ကျင့်ခြင်းအားဖြင့် အဘိညာဉ် တန်ခိုးတွေကို ရနိုင်ကြောင်းကို ရှင်တော်မြတ်ဘုရား သိပြီးသား ဖြစ်တယ်။ ဒ့ါပြင် ဒီတန်ခိုးတွေ၊ အဘိညာဉ်တွေကို ကျင့်ကြံ ပွားများ အားထုတ်ခြင်းအားဖြင့် သူသာမက၊ သူ့ရဲ့ တပည့် သာဝကများလည်း ရနိုင်တယ် ဆိုတာကိုလည်း သိမြင်တော်မူတယ်။ သို့ ဖြစ်သောကြောင့် မြတ်ဗုဒ္ဓက အသိဉာဏ်ပညာ နည်းသူတွေကို မိမိ ဘာသာကို

သက်ဝင် ယုံကြည်လာအောင် လုပ်ဖို့ အတွက် တန်ခိုး ဣဒ္ဓိပါဒ်ကို မထူထောင်ရဘူးလို့ ဆုံးမတော်မူထားတယ်။ ရည်ညွှန်း ပြောချင်တာက ရေ ပေါ်မှာ လမ်းလျှောက်ပြတာတို့၊ ဖုတ်၊ ပြိတ္တာ သရဲ ထုတ်တာ နှင်တာတို့၊ လူသေကို ဖုတ်သွင်းတာတို့လို အံ့ဖွယ် အလုပ်မျိုးတွေကို မလုပ်ကြဖို့ ရည်ရွယ်ပြောခြင်း ဖြစ်ပါတယ်။ ပြီးတော့ ကိုယ်တော်မြတ်က နိမိတ်ဖတ်ပြီး ကြိုတင် ဟောကိန်း ထုတ်တာတို့၊ သူများ စိတ်အကြံကို ပြောတာမျိုး၊ ဗေဒင် ဟောတာမျိုးတွေကိုလည်း တားမြစ်တော်မူလိုခြင်း ဖြစ်တယ်။ သို့သော် အမည်ခံ ဗုဒ္ဓဘာသာ သက်ဝင် ယုံကြည်တယ် ဆိုသူတွေကတော့ သစ္စာကို သိပြီး ယုံကြည်ကြတာ မဟုတ်ဘဲ တန်ခိုး ဣဒ္ဓိပါဒ်တွေကို စွဲလမ်းပြီး ယုံကြည်ကြတာတွေ ရှိပါတယ်။ ပညာမဲ့တွေကတော့ ဒီလိုမျိုး တန်ခိုး ပြတာတွေ့ရမှ သူတို့ရဲ့ ရင်ထဲက ယုံကြည်မှုကလည်း နက်နက်ရှိုင်းရှိုင်း ဖြစ်တတ်ကြတယ်။ ပြီးတော့ ဒီလူတွေကပဲ ဒီတန်ခိုးတွေကို အလကားပါ။ စုန်းကိုက် နတ်တိုက်တွေ၊ မှော်ပဥ္စလက်တွေလို့ မှတ်ချက် ချတတ်ကြတယ်။ လူတွေကို တရားဓမ္မကို နာကြားဖို့ ဆွဲဆောင်ရာမှာ မြတ်ဗုဒ္ဓကတော့ သူတို့ ကိုယ်တိုင် ဆင်ခြင်ဉာဏ် သုံးတတ်လာအောင်ပဲ ဆွဲဆောင်တော်မူတယ်။

အောက်ပါ ဝတ္ထုဇာတ်လမ်းက တန်ခိုးပြခြင်းနဲ့ ပတ်သက်တဲ့ မြတ်စွာဘုရားရဲ့ စိတ်သဘောထားကို ဖော်ညွှန်းပါတယ်။

တစ်နေ့သ၌ မြတ်စွာဘုရားသည် မြစ်ကမ်းဘေးမှာ ထိုင်နေတဲ့ ရသေ့တစ်ပါးကို တွေ့ဆုံတော်မူတယ်။ ဒီရသေ့ဟာ တပစရဏ ခေါ်တဲ့ ခြိုးခြံစွာ ကျင့်ရတဲ့ အကျင့်ကို ကျင့်လာတာ ၂၅ နှစ်တောင် ရှိပြီတဲ့။ မြတ်စွာဘုရားက ဒီရသေ့ကို မေးတော်မူတယ်။ ဒီလောက် ပင်ပန်း ဆင်းရဲခံပြီး ကျင့်ကြံ ကြိုးကုတ် အားထုတ်လာတာ ဘာအကျိုးအမြတ်များ ရပြီလဲလို့ မေးသတဲ့။ ဒီအခါ ရသေ့က ဝင့်ကြွားစွာ ဖြေလိုက်ပုံက သူဟာ ခုဆိုရင် ရေပေါ်မှာ ကောင်းကောင်း လမ်းလျှောက်နိုင်တယ်တဲ့။ ဒီအခါ မြတ်စွာဘုရားက အသပြာ တစ်ပြား ပေးလိုက်ရုံနဲ့ ကူးတို့လှေ စီးပြီး တစ်ဖက်ကမ်းကို ကူးလို့ ရတဲ့ ကိစ္စ အတွက်များ ဒီလောက် နှစ် ကြာအောင် အပင်ပန်းခံပြီး လုပ်ခဲ့တာဟာ အကျိုး မရှိကြောင်း ပြောတော်မူတယ်။

တချို့ ဘာသာအယူဝါဒတွေမှာတော့ လူတွေ တန်ခိုး ဣဒ္ဓိပါဒ်တွေကို ပြခြင်းအားဖြင့် သူတော်စင် ဖြစ်ဖို့ ကိစ္စမှာ အထောက်အကူ ဖြစ်တယ်လို့ ယူဆကြတယ်။ ဒါပေမဲ့ ဗုဒ္ဓဘာသာမှာတော့ အရိယာ သူတော်စင် ဖြစ်ရေး ကိစ္စမှာ ဈာန်၊ အဘိညာဉ် တန်ခိုးတွေဟာ အနှောင့်အယှက် အတားအဆီးတွေ ဖြစ်တယ်လို့ ယူဆတယ်။ ဒါတွေက ပုဂ္ဂိုလ်ရေး ကိစ္စတွေ၊ ကိုယ်ကျိုးကိစ္စတွေနဲ့ ပတ်သက်တယ်

လို့ သဘောထားတယ်။ လူတိုင်းဟာ မိမိတို့ကိုယ် မိမိတို့ သန့်စင်အောင် ဝိသုဒ္ဓိမဂ်လမ်း အတိုင်း ပြုလုပ်ခြင်းဖြင့်သာ အရိယာ သူတော်စင် ဖြစ်အောင် လုပ်ဆောင်ကြရမယ်။ ဘယ်သူ တစ်ဦးတစ်ယောက်ကမှ တခြား လူတစ်ယောက်ကို အရိယာ (ရဟန္တာ) ဖြစ်အောင် လုပ်မပေးနိုင်ပါဘူး။ ဒါကို သီရိနန္ဒအရှင်မြတ်က ဒီလို ရေးပြထားတယ်။

Each person himself must work for his sainthood through self-purification and no one else can make another person a saint.

မြတ်ဗုဒ္ဓက အံ့ဖွယ် ဆန်းကြယ် တန်ခိုးပြတဲ့ အလုပ်ကို စိတ်တန်ခိုး ရမှ လုပ်ပြနိုင်တာ မဟုတ်ဘူး။ မရှိလည်း လုပ်ပြနိုင်တယ်လို့ ဆိုပါတယ်။ မြတ်ဗုဒ္ဓ ဟောတော်မူတာက ပထမ စိတ်တန်ခိုးတွေ၊ ဈာန်အဘိညာဉ်တွေ ရရင် အံ့ဖွယ် ဆန်းကြယ် တန်ခိုး ပြနိုင်တာဟာ အလိုအလျောက် ဖြစ်လာနိုင်တယ်။ ဒီလို အကျင့်သီလ စရဏ မရှိဘဲနဲ့ တန်ခိုး အစွမ်းသတ္တိတွေ ရအောင် လုပ်သူဟာ အန္တရာယ်နဲ့ ရင်ဆိုင်ရတတ်တယ်။ ဒီတန်ခိုးတွေကို လောကီ စီးပွားချမ်းသာ ရရေး အတွက် တလွဲ အသုံးပြုတတ်တယ်။ (ပါဋိကသုတ်ဂါမ ဥဒါန)

ဒီလို အကျင့်သီလ စရဏ မရှိဘဲ တန်ခိုးကို ရအောင် လုပ်မိလို့ လမ်းလွဲသွားပြီး ချွတ်ချော်ကုန်ကြတာ များတယ်။ အချို့ တန်ခိုး အနည်းအကျဉ်း ရရင်ပဲ အကျိုး မရှိတဲ့ လောကီရေး အောင်မြင်မှုတွေရဲ့ ဆွဲဆောင်ရာ ဘက်ကို ပါသွားတတ်ကြတယ်။

လူတွေ အပြော များတဲ့ တန်ခိုး ဆိုတာတွေကတော့ စိတ်ကူးယဉ်တာတွေ၊ သူတို့ စိတ်က ဖြစ်လာတယ် ထင်မြင်ယောင်မှားတွေ၊ သဘာဝတရား အမှန်သဘောကို နားမလည်ကြလို့ ဖြစ်တာတွေ များတယ်။ ဒီအံ့ဖွယ် ဆန်းကြယ် တန်ခိုး ဆိုတာတွေဟာ ဘာတွေလဲ ဆိုတာကို လူတွေ အမှန်အတိုင်း မသိကြသေးသရွေ့တော့ အံ့ဖွယ် ဆန်းကြယ်တွေ ဖြစ်နေကြဦးမှာပါပဲ။

မြတ်ဗုဒ္ဓကတော့ သူ့ရဲ့ သာဝကတွေကို သူ့ တရားတွေရဲ့ ထူးပုံကို ပြဖို့ အတွက် အံ့ဖွယ်တန်ခိုး ပြတာတွေ မလုပ်ကြဖို့ ပွင့်ပွင့်လင်းလင်းပဲ တားမြစ်တော်မူတယ်။ အဖြစ်အပျက် တစ်ခုမှာတော့ မြတ်ဗုဒ္ဓက လူတွေကို ကိုယ့်ဘာသာထဲ သက်ဝင်လာအောင် လုပ်ဖို့ အံ့ဖွယ်တန်ခိုးပြ စည်းရုံးတာဟာ ဘာနဲ့ အလားတူသလဲ ဆိုတော့ လူတွေကို တစ်ခုခု လုပ်စေချင်လို့ ကချေသည်မ တစ်ဦးကို အသုံးပြုပြီး ဆွဲဆောင်တာမျိုး ဖြစ်တယ်လို့ ဆိုတယ်။ အကျင့် စရဏနဲ့ ပြည့်စုံသော သူများ အနေနဲ့တော့ တန်ခိုး ပြလို့ ရတယ်။ ဘာကြောင့်လဲ ဆိုတော့ သူတို့က

စိတ်ဟာ ရုပ်ကို စိုးမိုးနိုင်စွမ်း ရှိတာကို ပြဖို့ အတွက် ရိုးရိုးသားသား ပြတာ ဖြစ်လို့ပဲ ဖြစ်တယ်။

မြတ်ဗုဒ္ဓရဲ့ အလိုတော်ကတော့ သတိပညာဉာဏ် ဖြစ်အောင် ပြတဲ့ အံ့ဖွယ်ဆန်းကြယ် တန်ခိုး ပြတာကတော့ အစစ်အမှန် တန်ခိုး ပြခြင်း ဖြစ်တယ်လို့ ယူတယ်။ လူသတ်သမား တစ်ယောက်၊ သူခိုး တစ်ယောက်၊ အကြမ်းဖက်သမား တစ်ယောက်၊ အရက်သမားတစ်ဦး၊ မုဒိမ်းကျူးပြုသူ တစ်ဦးကို သူ ပြုခဲ့တဲ့ အမှုကိစ္စဟာ မှားတယ် ဆိုတာကို သိမြင် နားလည်လာအောင် သူ့ရဲ့ မကောင်းမှုအန္တရာယ် ပြုတဲ့ အပြုအမူတွေကို စွန့်လွှတ်ချင်အောင် သူ့ကို လူကောင်းသူကောင်း ဖြစ်သွားအောင် ပြောင်းလဲလိုက်ခြင်းသာလျှင် တကယ့် အံ့ဖွယ်တန်ခိုး ဖြစ်တယ်လို့ ယူဆရတယ်။ တရားဓမ္မရဲ့ သဘောကို နားလည်ပြီး ကိုယ့်ကိုယ်ကိုယ် ကောင်းအောင် ပြောင်းလဲစေခြင်းကသာ အဆင့် အမြင့်ဆုံး အံ့ဖွယ် ဆန်းကြယ် တန်ခိုး ပြခြင်း မည်ပါသတဲ့။

# ဗုဒ္ဓ၏ နှုတ်ဆိတ်၍ နေတော်မူခြင်း

*မေးခွန်းထုတ်သူ တစ်စုံတစ်ယောက် သူ့ မေးခွန်း အတွက် ပေးတဲ့ အဖြေရဲ့ အကျိုး ရှိပုံကို နားလည်နိုင်စွမ်း မရှိရင်ဘဲ ဖြစ်ဖြစ်၊ ကိုယ်တော်မြတ် အပေါ် တင်လာတဲ့ မေးခွန်းက မှားနေရင်ပဲ ဖြစ်ဖြစ်၊ မြတ်စွာဘုရားဟာ နှုတ်တော် ဖွင့်ဟခြင်း မပြုဘဲ မဖြေဘဲ ဆိတ်ဆိတ် နေတော်မူလေ့ ရှိတယ်။*

ပိဋကစာပေ ကျမ်းဂန်တွေထဲမှာ မြတ်စွာဘုရားဟာ သူ့အပေါ် တင်လာတဲ့ မေးခွန်းပုစ္ဆာ ပြဿနာများကို အဖြေ မပေးဘဲ နှုတ်ဆိတ်၍ နေတော်မူတဲ့ အခွင့်အခါများ ရှိကြောင်း ဖော်ပြထားတယ်။ မြတ်ဗုဒ္ဓက ဘာမှ မပြောဘဲ ဆိတ်ဆိတ် နေတတ်တာကို တချို့ ပညာရှင်များက တလွဲ အဓိပ္ပာယ် နားလည်ပြီး ဗုဒ္ဓက ဒီလို မေးခွန်းတွေကို မဖြေဘဲ ဆိတ်ဆိတ် နေတာဟာ အဖြေ မပေးနိုင်လို့ ဖြစ် တယ် ဆိုပြီး အလျင်စလို မဆင်မခြင် မတိုင်းထွာဘဲ ကောက်ချက်ချ အပြစ်တင်

တတ်ကြတယ်။ အမှန်ကတော့ များစွာသော အရေးကိစ္စတွေမှာ မေးလာတဲ့မေးခွန်းတွေက ရုပ်လောကလွန် တက္ကက မေးခွန်းတွေ၊ အတွေးလွန် မေးခွန်းတွေ ဖြစ်နေကြလို့ ဆိုတဲ့ အကြောင်းကြောင့်သာ မြတ်ဗုဒ္ဓက ဘာမျှ တုံ့ပြန် မပြောဘဲ ဆိတ်ဆိတ် နေတော်မူခြင်း ဖြစ်ပါတယ်။

While if is true that on serveral occasions the Buddha did not respond to these metaphysical and speculative questions, there are reasons why the Buddha kept noble silence.

ဆိတ်ဆိတ် နေတော်မူခြင်းဟာ အကြောင်း များစွာ ရှိပါတယ်။ မေးခွန်းကို မေးသူ အနေနဲ့ အဖြေ ပေးသော်လည်း ပေးတဲ့ အဖြေက နက်နဲနေလို့ နားလည်နိုင်မှာ မဟုတ်ဘူး ဆိုတဲ့အခါ ဒါမှမဟုတ် မေးတဲ့ မေးခွန်းကိုယ်နှိုက်က မှားမှားယွင်းယွင်း မေးပုံမျိုး ဖြစ်နေတဲ့အခါ မြတ်ဗုဒ္ဓက ဘာမှ မပြောဘဲ နှုတ်ပိတ်ဆိတ်ဆိတ် နေတော်မူတတ်ပါတယ်။ ဗုဒ္ဓမြတ်စွာ မဖြေဘဲ ထားတတ်တဲ့ မေးခွန်းတချို့ဟာ အောက်ပါ မေးခွန်းမျိုးများ ဖြစ်တယ်။

၁။ လောကသည် မြဲသလား။ - Is the universe eternal?

၂။ လောကသည် မမြဲဘူးလား။ - Is it not eternal?

၃။ လောကသည် အဆုံး ရှိသလား။ - Is the universe finite?

၄။ လောကသည် အဆုံး မရှိဘူးလား။ - Is it infinite?

၅။ ဝိညာဉ်နှင့် ကိုယ်နှင့် အတူတူပဲလား။ - Is the soul the same as the body?

၆။ ဝိညာဉ်က တခြား၊ ကိုယ်က တခြားလား။ - Is the soul one thing and the body another?

၇။ တထာဂတ သတ္တဝါသည် သေပြီးနောက် ဖြစ်တည်နေဦးမှာလား။ - Does the Tathagata exist after death?

၈။ သတ္တဝါသည် သေပြီးနောက် မရှိတော့ဘူးလား။ - Does He not exist after death?

၉။ သတ္တဝါသည် သေပြီးနောက် ဖြစ်တည်ခြင်း ရှိသည်လည်း ရှိသည်၊ ဖြစ်တည်ခြင်းလည်း မရှိဘူးလား။ - Does He both (at the same time) exist and not exist after death?

၁၀။ သတ္တဝါသည် သေပြီးသည့်နောက် ဖြစ်တည်ခြင်း ရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်ဘူးလား။ - Does He both (at the same time) neither exist nor not exist?

မြတ်ဗုဒ္ဓသည် ဤကဲ့သို့သော အမေးများ၏ သဘော သဘာဝကို ကောင်းစွာ သိမြင်ပြီး ဖြစ်တော်မူသည့် အတွက် အဖြေ မပေးဘဲ နှုတ်ဆိတ်၍ နေခြင်းကို ပြုတာ ဖြစ်တယ်။ အသိဉာဏ် ပညာ မရှိတဲ့ သာမန် ပုထုဇဉ် တစ်ဦး အဖို့တော့ ပြောစရာ ဖြေစရာတွေ အများကြီး ရှိမှာပေါ့။ ဒါပေမဲ့ အဲဒီ အဖြေတွေ၊ အဲဒီ စကားတွေဟာ အနုမာန မျက်ရမ်းဆပြီး စိတ်ကူးစိတ်ထင် ပြောချင်ရာ ပြောနေကြခြင်းသာ ဖြစ်တယ်။

မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး အနေနဲ့ ဒီလို (တောင်စဉ်ရေမရ) မေးခွန်းတွေကို အဖြေ မပေးဘဲ ဆိတ်ဆိတ် နေရာမှာ အဖြေတွေ အရာ အထောင် လျှောက်ပြီး တောင်စဉ်ရေမရ ပေးနေတာထက် ပိုပြီး အဓိပ္ပာယ် ရှိတယ်။ အစစ်အမှန် လောက သဘာဝကို နက်ရှိုင်းစွာ တွေ့ကြုံ ခံစားရတာကို ကုန်စင်အောင် ပေါ်လွင်အောင် ဖော်ပြဖို့ အတွက် ကျွန်ုပ်တို့ရဲ့ ဘာသာစကားမှာ ဝေါဟာရ မကြွယ်တာရယ်၊ ဒီလောက သဘာဝရဲ့ နက်နဲတဲ့ သဘောတွေကို လူပုဂ္ဂိုလ် တစ်ယောက် အနေနဲ့ ဝိပဿနာဉာဏ်နဲ့ ထိုးထွင်း ခံစား သိမြင်နိုင်စွမ်း မရှိတာရယ် ကြောင့်လည်း မဖြေဘဲ ဆိတ်ဆိတ် နေတော်မူတာလည်း ဖြစ်တယ်။ အဖြစ်အပျက်ကိစ္စ များစွာမှာ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးဟာ အလွန် သည်းခံတော်မူပြီး စိတ်ရှည်လက်ရှည်စွာ ဖြေရှင်းတော်မူသော်လည်း တကယ့် ပရမတ္ထ အစစ်လောကရဲ့ အနှစ်သဘောကို ဖော်ပြနိုင်တဲ့ လူသုံးစကား ဝေါဟာရတွေက အကန့်အသတ် ရှိလွန်းတော့ အလုံးစုံကို အပြည့်အစုံ မဖော်ပြနိုင်ဘူး။ အကယ်၍ ပရမတ္ထ သစ္စာတရားဟာ အကြွင်းမဲ့တရား ဖြစ်ရင် ဒါကို သာမန် ပုထုဇဉ် နားလည်သဘောပေါက်အောင် လောကီ အတွေ့အကြုံလောက်ကိုသာ သိနိုင်တဲ့ လူကို ပရမတ္ထသစ္စာကို ရည်ညွှန်း ပုံနှိုင်းပြစရာ မရှိပါဘူး။ ပုထုဇဉ်က သမုတိသစ္စာလောက်ကိုသာ သိနိုင်တယ်။ ဒါကြောင့် ပုထုဇဉ်အနေနဲ့ ပရမတ္ထ သစ္စာသဘောကို သူ့ရဲ့ အကန့်အသတ် ရှိတဲ့ စိတ်အယူအဆ တစ်ခုအဖြစ် စဉ်းစားရင်လည်း ဆင်ကြီးကို စမ်းသပ်ပြီး အမျိုးမျိုး နားလည်၊ အမျိုးမျိုး ပြောနေကြတဲ့ မျက်မမြင် ပုဏ္ဏား ခုနစ်ယောက်လိုပဲ ဖြစ်နေမှာပဲ။ တလွဲ နားလည်နေကြမှာပဲ။ ပရမတ္ထ သစ္စာတရားကို သိမြင် နားလည်နိုင်စွမ်း မရှိတဲ့ နားထောင်သူဟာ ဘုရား ရှင်းပြတော်မူတဲ့ တရားရဲ့ နက်ရှိုင်းမှုကို သမုဒ္ဒရာ ရေအောက် ယုန်ထောက်လို့ မမီ

ဆိုသကဲ့သို့ပဲ ဖြစ်နေမှာပါ။ မွေးကတည်းက ကန်းလာတဲ့ လူကို မိုးကောင်း ကင်ရဲ့ အရောင်ကို သူ နားလည်အောင် ပြောပြဖို့ နည်းလမ်း မရှိသလို ဖြစ်နေ မှာပေါ့။

သူ့အပေါ် မေးလာသမျှ မေးခွန်းပုစ္ဆာ ပြဿနာတွေ အားလုံးကို မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး အဖြေ ပေးတော်မူလေ့ မရှိပါ။ အဓိပ္ပာယ် မရှိတဲ့ မေးခွန်းတွေ၊ မေးသူ ကိုယ်တိုင်က နားလည်မှု လွဲပြီး မေးတဲ့ မေးခွန်းမျိုးတွေ ဖြေကြားခြင်းအားဖြင့်လည်း မေးသူအတွက် အကျင့်သီလ စရဏ စိတ်ပိုင်း တိုးတက် ဖွံ့ဖြိုးမှုအတွက် အထောက်အကူ မပြုတဲ့ မေးခွန်းမျိုးတွေကို မဖြေဘူး။

ကိုယ်တော်မြတ်ဟာ လက်တွေ့သမား၊ မဟာကရုဏာတော်၊ မဟာပညာ ကျော်နှင့် ပြည့်စုံသူ ဖြစ်တယ်။ လူတွေရဲ့ အဇ္ဈာသယကို သိမြင်တော် မူတဲ့ အခါ သူ့စကားကို နားလည်နိုင်စွမ်း ရှိသူမျိုးကိုတော့ မေးသမျှကို ဖြေတော်မူပါတယ်။ *(သိကြားမင်းတို့၊ ကောသလမင်းတို့ မေးသမျှကို ဖြေတော်မူကြောင်း သံယုတ် ပါဠိတော်မှာ ထင်ရှားပါတယ်။ စကားချပ်)*

လူ တစ်ယောက်က ဘာသာ ကိုင်းရှိုင်းတဲ့ ဘဝကို ပျိုးထောင်ချင်လို့ မေး တဲ့ အမေးမျိုး မဟုတ်ဘဲ ဆံခြည်မျှင် ခွဲခြမ်းသလို စကား ကပ်ပြီး မလိုအပ်ဘဲ ခွဲခြမ်း စိတ်ဖြာနေတာမျိုး ဆိုတာကို သိရင် အဖြေ မပေးပါဘူး။ တရားကို သိမြင် ပေါက်မြောက်ဖို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရောက်ကြောင်း အထောက်အပံ့ ဖြစ်တဲ့ ဟန်ရေးပြ မဟုတ်တဲ့ မေးခွန်းမျိုး ဆိုရင်ကတော့ အဖြေ ပေးတော်မူပါတယ်။

မြတ်ဗုဒ္ဓရဲ့ အယူအဆ အရ မေးခွန်းကို ဖြေပုံဖြေနည်း များစွာ ရှိတယ်။ ပထမ အမျိုးအစားက ဟုတ်ရင် ဟုတ်တယ်၊ မဟုတ်ရင် မဟုတ်ဘူး တုံးတိ ဖြေ နိုင်တဲ့ မေးခွန်းမျိုး ဖြစ်တယ်။ ဥပမာ "သင်္ခါရတရား မှန်သမျှဟာ မမြဲဘူးလား" ဆိုတဲ့ မေးခွန်းမျိုး၊ ဒီမေးခွန်းကို "ဟုတ်တယ်" တစ်လုံးတည်း ဖြေရုံနဲ့ ပြီးတယ်။ ဒုတိယ မေးခွန်း အမျိုးအစားက ခွဲခြမ်း စိတ်ဖြာပြီး ဝိဘဇ္ဇနည်းနဲ့ ဖြေမှ ရတဲ့ မေးခွန်းမျိုး ဖြစ်တယ်။ ဆိုကြပါစို့ မေးခွန်းက "အင်္ဂုလိမာလဟာ ရဟန္တာ မဖြစ်ခင်က လူသတ်သမား ဖြစ်ခဲ့တာပဲ။ ဒါဆို လူသတ်သမားတိုင်း ရဟန္တာ ဖြစ်နိုင်တယ်လို့ ဆိုနိုင်မလား" ဒီမေးခွန်းမျိုးကျတော့ ဟုတ်တယ်၊ မဟုတ်ဘူး တုံးတိ ဖြေလို့ မရဘူး။ ခွဲခြမ်း စိတ်ဖြာ မဖြေဘဲ တုံးတိ ဖြေရင် ပြည့်စုံလုံလောက်တဲ့ အဖြေမှန်ကို မရနိုင်ဘူး။ ဘယ်လို အကြောင်းခြင်းရာတွေ ရှိမှ ဒီဘဝမှာပဲ လူသတ်သမားဟာ ရဟန္တာ ဖြစ်နိုင်ကြောင်းကို ခွဲခြမ်းစိတ်ဖြာ ပြနိုင်ရမယ်။ ဒါမှ အဖြေမှန် ရနိုင်တယ်။

တတိယ အမျိုးအစား မေးခွန်းက ပဋိပုစ္ဆာဗျာကရဏ နည်းနဲ့ မေးခွန်း ပြန်မေးပြီး ဖြေရတဲ့ အမေးမျိုး ဖြစ်တယ်။ The third type of question is one

where it is necessary to ask a counter question to help the questiner to think through. ဥပမာ *"သက်ရှိသတ္တဝါတွေကို သတ်တာဟာ ဘာကြောင့် မကောင်းမှု ဖြစ်တယ်လို့ ဆိုနိုင်သလဲ"*။ ဒါကို မဖြေဘဲ တုံ့ပြန်ပြီး မေးခွန်း ပြန်မေးပြီး ဖြေလို့ ရတယ်။ မေးရမှာက "တခြားလူ တစ်စုံတစ်ယောက်က သင့်ကို သတ်မယ် လုပ်ရင် သင့် စိတ်ထဲမှာ ဘယ်လို ခံစားရသလဲ"။ ဒါဆို မေးသူ ရင်ထဲမှာ အဖြေ ပေါ်လာမယ်။

စတုတ္ထ မေးခွန်းမျိုးက မဖြေဘဲ ပယ်ချရမည့် မေးခွန်းမျိုး ဖြစ်တယ်။ အဲဒီ မေးခွန်းမျိုးက ရော်ရမ်း မှန်းဆပြီး အတွေးနယ်လွန် မေးခွန်းမျိုးတွေပါ။ ဒီမေးခွန်းတွေကို ဖြေရင် အဓိပ္ပာယ် မရှင်းဘဲ ပိုလို့တောင် စိတ်ရှုပ်ထွေးသွားနိုင် တယ်။ ဥပမာ *"လောကမှာ အစ ရှိသလား။ မရှိဘူးလား"* ဆိုတာမျိုးပေါ့။ ဒီမေးခွန်းကို ဖြေဖို့ လူတွေ ဆွေးနွေးရင်းပဲ ဘဝ တစ်သက်တာသာ ကုန်ဆုံးသွားမယ်။ နိဂုံးချုပ် အဖြေတော့ ရမှာ မဟုတ်ဘူး။ ဒီမေးခွန်းက တကယ် သိပြီး ဖြေလို့ ရတာ မဟုတ်ဘူး။ စိတ်ထင်ရာ ကြံစည်ပြီး ဖြေရတာမျိုး ဖြစ်တယ်။ (လူတိုင်း လက်ခံနိုင်တဲ့ အဖြေမျိုး မရနိုင်ဘူး)။

တချို့ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ဖြေတော်မူဘဲ့ မေးခွန်းတွေဟာ ခုခေတ် အဏုမြူ သိပ္ပံပညာရှင်တွေ မေးတဲ့ မေးခွန်းမျိုးနဲ့ သဘောချင်း တူကြောင်း နှိုင်းယှဉ်ပြီး ပြနိုင်တယ်။ ရောဘတ်အိုပင်ဟိုင်းမား အကယ်၍ ဥပမာ ဆိုပါစို့ အီလက်ထရွန် တစ်လုံးဟာ တစ်နေရာတည်းမှာ ရပ်တည်ပြီး နေနိုင်သလားလို့ ကျွန်ုပ်တို့က မေးရင် ကျွန်ုပ်တို့က "မနေနိုင်ဘူး"လို့ ဖြေရမယ်။ အီလက်ထရွန် ဟာ ငြိမ်သက်ပြီး နေသလား မေးရင်လည်း မနေဘူးဘဲ ဖြေရမယ်။ ဒါဆို အီလက်ထရွန်ဟာ ရွေ့လျား ပြောင်းလဲနေသလား မေးရင်လည်း မဟုတ်ဘူးပဲ ဖြေရမယ်။ မြတ်ဗုဒ္ဓကလည်း လူ သေပြီးနောက် ဖြစ်တည်ခြင်း ရှိသေးသလား ဆိုတဲ့ မေးခွန်း မေးသူကို အဖြေ ပေးရင် သူတို့ခေတ် သူတို့အခါက ဉာဏ်အဆင့် အတန်းနှင့်ဆို အဖြေကို (အဏုမြူသိပ္ပံက အဖြေကို) ၁၇ ရာစု ၁၈ ရာစုက လူတွေရဲ့ အစဥ်အလာ အယူအဆတွေကြောင့် နားလည်နိုင်မှာ မဟုတ်သလိုပဲ ဖြစ်နေတယ်။

ဒါပေမဲ့ မြတ်ဗုဒ္ဓက မေးခွန်း မေးသူ ထွက်ခွာသွားတဲ့ အခါ သူ့ရဲ့ ဉာဏ် အဆင့် မြင့်ပြီးသား သာဝကကြီးတွေကိုတော့ အဖြေ ပေးတတ်ပါတယ်။ ကိစ္စများစွာမှာ မြတ်ဗုဒ္ဓရဲ့ ရှင်းလင်း ဖော်ပြချက်တွေဟာ သိပ္ပံပညာ ဗဟုသုတ ကြီးကြီးကျယ်ကျယ် ရှိတဲ့ ခေတ်မှာ နေတဲ့ လူတွေသာ နားလည်နိုင်မှာမျိုးတွေ

ဖြစ်နေကြောင်း ဖော်ပြနေတယ်။ ဒါကြောင့် ဒီအမေးတွေကို မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး အဖြေ မပေးဘဲ စူးစမ်းချင်တဲ့ စိတ် ရှိတဲ့ သူ့ခေတ် မေးခွန်း မေးသူများ ကျေနပ်အောင် အဖြေ မပေးဘဲ ဘာကြောင့် ထားသလဲ ဆိုတဲ့ အကြောင်းများပါပဲ။

## လောကီပညာအပေါ် မြတ်ဗုဒ္ဓရဲ့သဘောထား

*လောကီပညာက လူ တစ်ယောက်ကို ငြိမ်းချမ်းတဲ့ ဝိမုတ္တိရသကို ခံစားရတဲ့ သူတော်စင် ဖြစ်လာအောင် ဘယ်တော့မှ မတတ်နိုင်ဘူး။*

လောကီအတတ်ပညာတွေဟာ လောကီရေး ကိစ္စ အတွက်သာ အသုံးဝင်တယ်။ ဒီပညာတွေက ကမ္ဘာပေါ်က အရင်းအမြစ်တွေကို ဘယ်လို အသုံးချရမယ် ဆိုတာလောက်ကိုပဲ သင်ကြားပေးတာ ဖြစ်တယ်။ လူမှု အဆင့်အတန်း မြင့်လာအောင် ဘယ်လို လုပ်ရမယ်။ အစားအစာကို ရအောင် ဘယ်လို စိုက်ပျိုးရမယ်။ စက်ရုံတွေ လည်ပတ်ဖို့ အတွက် လျှပ်စစ်စွမ်းအင်ကို ဘယ်လို ထုတ်ယူရမယ်။ လမ်းတွေ၊ အိမ်တွေ၊ မီးထွန်းဖို့၊ စက်ရုံ အလုပ်ရုံတွေကို စီမံ အုပ်ချုပ်ရမယ်။ လူနာတွေကို ဘယ်လို ကုသပေးရမယ်။ အိမ်အဆောက်အအုံတွေ၊ လမ်းတံတားတွေကို ဘယ်လို ဆောက်ရမယ်။ အစားအသောက် အသစ်အဆန်းတွေကို ဘယ်လို ချက်ပြုတ်ရမယ်။ ဒါတွေကိုပဲ သင်ပေးတာ ဖြစ်တယ်။ ဒီလောကီပညာတွေကို တခြား အန္တရာယ်ပေးနိုင်တဲ့ ကိစ္စတွေအတွက်လည်း သုံးနိုင်တယ်။ ဗုံးပျံတွေ ထုတ်လုပ်တာတို့၊ အဏုမြူလက်နက်တွေ ထုတ်လုပ်တာ၊ စတော့ဈေးကွက်မှာ ဈေးကစားတာ၊ နိုင်ငံရေး စိုးရိမ်မှုတွေ၊ နိုင်ငံရေး အမုန်းတွေ အာဃာတတွေကို တမင် ဖန်တီးပြီး လူတွေကို လှည့်ဖြားတာတွေကိုလည်း လုပ်နိုင်တယ်။ လူတွေရဲ့ လောကီပညာတွေကို အထူးသဖြင့် နှစ်ဆယ်ရာစုအတွင်းမှာ ချဲ့ထွင် လာနိုင်တယ်လို့ ဆိုရပေမဲ့ လူတွေကို လူမှု ပြဿနာတွေနဲ့ မကျေနပ်မှု ဆင်းရဲဒုက္ခတွေက ပြေလည်စေမှုနဲ့ နီးစပ်အောင်တော့ ဘာမှ မလုပ်ပေးနိုင်ပါဘူး။

ဒီအတိုင်းပဲ။ ဒီလောကီ အတတ်ပညာတွေဟာ လူသားများ ကြုံတွေ့ခံစားနေရတဲ့ လောက တစ်ခုလုံးနဲ့ ဆိုင်တဲ့ လူမှု ပြဿနာတွေကို ဖြေရှင်းပြီး လူ

ဘဝမှာ ငြိမ်းချမ်းပြီး ပျော်ရွှင်ခြင်း သုခကို ခံစားရအောင်တော့ ဘယ်တော့မှလည်း လုပ်ပေးနိုင်မှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီလောကီပညာတွေ ဖြစ်တဲ့ ရှာဖွေ တွေ့ရှိမှုတွေ၊ တီထွင်မှုတွေဟာ (လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ ပပဉ္စတရားတွေ) ကို နိဒါန်းအဖြစ် အခြေခံပြီး တည်ဆောက်ထားလို့ ဖြစ်ပါတယ်။

ဒေါက်တာ သီရိဓမ္မနန္ဒထေရ်မြတ် ရေးသားထားပုံက. . .

In all likelihood, it never will solve mankind's universal problems and bring peace and happiness because of the premises on which such knowledge, discoveries and inventions are built.

တစ်ချိန် တည်းမှာပဲ ဗုဒ္ဓဘာသာ ကတော့ လူ့ဘဝကို ပိုကောင်းအောင် ဘယ်လို အချင်းချင်း နားလည်မှု တည်ဆောက်ရမယ် ဆိုတဲ့ (ဘဝ နေနည်း) ကို ပြတယ်။ ဗုဒ္ဓဘာသာရဲ့ အဓိက ဦးတည် ရည်မှန်းချက်က မိမိရဲ့ စိတ်ဝိညာဉ်ကို လွတ်မြောက်ရေး၊ အသိဉာဏ် ဖွံ့ဖြိုး တိုးတက်အောင် လုပ်တဲ့ စိတ်ပိုင်း ပြုစု ပျိုးထောင်နည်းကို ပြတယ်။ လူသာမန်တွေ အတွက် လောကီပညာကို ရှာရတာမှာ ဆုံးခန်းတိုင်စရာ လမ်း မရှိပါဘူး။ နောက်ဆုံး ခွဲခြမ်း စိတ်ဖြာကြည့်တဲ့ အခါကျ တော့လည်း ဒီပညာတွေဟာ လူ့ဘဝ အတွက် အရေး မပါကြောင်း တွေ့ရမှာပဲ။ ဘာကြောင့်လဲ ဆိုတော့ လူတွေ အနေနဲ့ တရားဓမ္မရဲ့ သဘောကို မသိ နားမလည် ကြသရွေ့ သံသရာ ဆိုတဲ့ ထောင်ချောက်မှာ အမြဲ မိမြဲ မိနေကြမှာ ဖြစ်လို့ပဲ ဖြစ်တယ်။ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက “ရဟန်းတို့၊ ရှည်မြင့်စွာသော ကာလပတ်လုံး အမေ သေလို့ ဆင်းရဲ ငိုကြွေးခဲ့ကြရတာ၊ အဖေ သေလို့ ဆင်းရဲ ငိုကြွေးခဲ့ကြရတာ။ သမီး သေလို့ ပူဆွေး ငိုကြွေးခဲ့ကြရတာ၊ အစ်ကိုတွေ၊ အစ်မ တွေ၊ ညီမတွေ သေလို့ ပူဆွေး ငိုကြွေးခဲ့ကြရတာတွေ၊ ရှည်မြင့်စွာသော ကာလပတ် လုံး ပစ္စည်းဥစ္စာတွေ ဆုံးရှုံးလို့ ပူဆွေး ငိုကြွေးကြရတာ၊ ရောဂါတွေ ရလို့ ဆင်းရဲ ဒုက္ခရောက်ခဲ့ကြရတာ၊ မချစ် မနှစ်သက်သူတွေနဲ့ ဆုံကြုံ ပေါင်းသင်းပြီး နေရလို့ မျက်ရည် ကျခဲ့ရတာတွေထက် သံသရာ အစွန့် ကာလ တစ်လျှောက်လုံးမှာ မွေးလိုက် သေလိုက်၊ နောက်ထပ် တစ်ဖန် ပြန်မွေးလိုက်၊ သေလိုက်နဲ့ ဖြစ်ရလို့ ကျခဲ့ရတဲ့ မျက်ရည်တွေဟာ သမုဒ္ဒရာ လေးစင်းက ရေထက် တောင်မှ များပါ သေးတယ်- (အင်္ဂုတ္တရ နိကာယ်)။ ဒီမှာ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက လောကသားတွေ ဆက်ကာဆက်ကာ ပဋိသန္ဓေနေရခြင်းနဲ့ သေရခြင်း ဆင်းရဲတွေကို ဖော်ပြထားတယ်။ ကိုယ်တော်မြတ်ကြီးရဲ့ တစ်ခုတည်းသော စိတ်ဝင်စားမှုက လူသားအပေါင်းတို့ကို

ဆင်းရဲခပ်သိမ်း အေးငြိမ်းရာ အမှန် မြတ်နိဗ္ဗာန်ကို ရွက်ဆောင်နိုင်တဲ့ နည်းလမ်းကို ညွှန်ပြရေးပဲ ဖြစ်တယ်။

မြတ်ဗုဒ္ဓက သူ့ရဲ့ သာဝကတွေကို ဘာကြောင့် ဒီလို ဟောတော်မူပါသလဲ။ လောကဟာ မြဲသည် ဖြစ်စေ၊ မမြဲသည် ဖြစ်စေ၊ အဆုံး ရှိသည် ဖြစ်ဖြစ်၊ အဆုံး မရှိသည်ပဲ ဖြစ်ဖြစ်၊ သူက ဘာဖြစ်လို့ ဒီပြဿနာတွေကို သူကိုယ်တိုင် ဖြေရှင်းပေးဖို့ အတွက် ဘာဖြစ်လို့ မကြိုးပမ်းတာလဲ။ စူးစမ်း နားလည်လိုစိတ်ရှိတဲ့ လူတွေ အဖို့တော့ ဒီပြဿနာတွေက စိတ်လှုပ်ရှားစရာ၊ စိတ်တက်ကြွစရာများ ဖြစ်နေကြပါတယ်။ သို့သော် ဒီပြဿနာတွေက လူ တစ်ယောက်ကို ဆင်းရဲ ခပ်သိမ်းက ကင်းငြိမ်း လွတ်မြောက်အောင်၊ ဘယ်နည်းနဲ့မှ မတတ်နိုင်ပါဘူး။ ဒါကြောင့် မြတ်စွာဘုရားဟာ ဒီ လောကီ ပြဿနာ ဖြေရှင်းနည်းတွေကို ဘေးဖယ် ပယ်ချထားတာပဲ ဖြစ်တယ်။ ဘာကြောင့်လဲ ဆိုရင် ဒီလောကီပညာတွေဟာ လူ့ ဘဝ ကောင်းမွန်ရေး အတွက် ဘာမှ အထောက်အကူ မပြုနိုင်ဘူး ဆိုတာ သိတော်မူလို့ပဲ ဖြစ်တယ်။

မြတ်ဗုဒ္ဓက လက်တွေ့အားဖြင့် တန်ဖိုး မရှိသော ကိစ္စ၊ လူတို့ နားလည်နိုင်စွမ်း ရှိတာထက် လွန်ကဲနေသော ကိစ္စများကို ဆောင်ရွက်ခြင်းသည် အချိန် ဖြုန်းခြင်းသာ ဖြစ်သည်ဟု ကြိုတင် ရှုမြင်တော်မူသည်။ အလားတူ ကိစ္စမျိုးကို အနုမာန မျက်ရမ်းဆပြီး ထင်ကြေးပေး ပြောဆိုခြင်းသည်လည်း လူ့ စိတ်ကို ပုံမှန် စဉ်းစားဉာဏ်မှ လမ်းလွဲ ချွတ်ချော်သွားအောင် လုပ်ခြင်းသာ ဖြစ်၍ အသိ ဉာဏ်၊ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖွံ့ဖြိုး တိုးတက်မှု အတွက် အတား အဆီး အပိတ်အပင် ဖြစ်စေနိုင်ကြောင်းကို ကြိုတင်၍ သိမြင်တော်မူတယ်။

လောကီပညာ၊ သိပ္ပံပညာ သုတေသနများ ပြည့်စုံစေရန် အတွက် ထိုပညာရပ်များကို ဘာသာရေး တန်ဖိုး ထားမှုများဖြင့် ဖြည့်စွက်ပေးရမယ်။

Worldly knowledge and scientific research should be complemented by religious and spiritual values.

သို့မဟုတ်ပါက ထိုလောကီပညာများသည် ဘယ်နည်းနှင့်မျှ လူတို့၏ စင်ကြယ်သော ဘာသာရေး ဘဝကို အကျိုး ပြုနိုင်မည် မဟုတ်ပါ။ လူသားတို့၏ စိတ်သည် စက်သုံး ကိရိယာများ၊ နည်းပညာ တိုးတက် ဖြစ်ထွန်းမှုများ၏ ဖြည့်ဆည်းမှုကြောင့် တန်ခိုး အာဏာကို တပ်မက်ခြင်း၊ တစ်ကိုယ်ကောင်း အတ္တဆန်ခြင်း၊ ရုပ်ပစ္စည်း ကြီးပွား ချမ်းသာရေး သက်သက်ကိုသာ လိုလား တောင့်တသော စိတ် စွဲလမ်းလွန်မှု၊ အခြေအနေသို့ ဆိုက်ရောက်သွားပေမည်။ ဘာသာရေး တန်ဖိုးထားမှုများ မပါလျှင် လောကီပညာ၊ နည်းပညာ တိုးတက်မှုများကြောင့်

လူသားသည် ဘဝ အဆင်းလမ်းနှင့် ပျက်စီးခြင်းဆီသို့သာ ဦးတည် ရောက်ရှိသွားနိုင်တယ်။

Without religious values, worldly knowledge and technological advancement can lead to man's downfall and destruction.

ထိုပညာများသည် လူ၏ လောဘမီးကိုသာ တောက်လောက်စေသည် ဖြစ်၍ ထိုမီးသည် အဘက်ဘက်သို့ ကြောက်မက်ဖွယ် ကူးစက်ပြီး အသစ်အသစ် ဖြစ်ပေါ် လောင်ကျွမ်းသွားမှာ ဖြစ်ပါတယ်။ တစ်နည်း ဆိုရရင် လောကီပညာများကို ကိုယ်ကျင့်တရား စည်းမျဉ်း စည်းကမ်းများနှင့် ဇက်ကြိုး တပ်ပြီး ထိန်းတဲ့ အခါကျရင်တော့ ဒီပညာတွေဟာ လူ့ ဘဝကို ကောင်းကျိုး ချမ်းသာတွေ အများဆုံး ပေးနိုင်ပါတယ်။

## မြတ်ဗုဒ္ဓ၏ နောက်ဆုံးသတင်းစကား

*ငါ ပရိနိဗ္ဗာန် ပြုတဲ့ အခါ ငါရဲ့ ဓမ္မခန္ဓာတွေဟာ သင်တို့ရဲ့ လမ်းညွှန် လမ်းပြ အာစရိယများပင် ဖြစ်လိမ့်မယ်။*

ပရိနိဗ္ဗာန် မပြုမီ သုံးလက ကြိုတင်ပြီး မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက သူရဲ့ တပည့် သာဝကများကို မိန့်တော်မူတာက ငါသည် ၄၅ ဝါတို့ ပတ်လုံး ဓမ္မ ခန္ဓာပေါင်း များစွာကို သင်တို့အား ဟောကြားတော်မူခဲ့ပြီးပြီ။ ထိုတရားဓမ္မများကို သင်တို့ လေ့လာ သင်ကြားကြပြီး တန်ဖိုးထား သိမ်းဆည်းထားကြကုန်လော့။ သင်တို့ ကိုယ်တိုင်လည်း လက်တွေ့ ကျင့်ကြံ ပွားများကြ၊ သူတစ်ပါးကိုလည်း သိ အောင်တတ်အောင် သင်ပေးကြရမယ်။ ဤသို့ ပြုမူ ဆောင်ရွက်ခြင်းသည် ယခု မျက်မှောက် ဘဝ ချမ်းသာ အတွက်ရော၊ နောင်လာနောက်သားများ အတွက်ပါ လူမှုဘဝ ကြီးပွား ချမ်းသာရေး အတွက် လွန်စွာ အသုံးကျလိမ့်မယ်။

"ငါ၏ အရွယ်တော်သည် ယခုအခါ ရင့်မှည့်သော အဆင့်သို့ ရောက်နေပြီ။ ကျန်ရှိသော သက်တမ်းလည်း တိုတောင်းလှပြီ။ မကြာမီမှာပင် ငါသည် သင်တို့အား စွန့်ခွာရပေတော့မည်။ သင်တို့သည် စိတ်အားထက်သန်မှု ရှိကြရမည်။ ရဟန်းတို့

သတိ၊ သမာဓိ၊သီလနှင့် ပြည့်စုံကြပါကုန်။ ငါ၏ အဆုံးအမ အတိုင်း မမောမပန်းဘဲ ကြိုးပမ်း ဆောင်ရွက်ကြကုန်သော သူတို့သည် သေခြင်း ကင်းရာ သံသရာ တစ်ဖက်ကမ်းသို့ ရောက်ကြပြီး၊ ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းရာ အမှန် (မြတ်နိဗ္ဗာန်) ကို ရောက်ကြရပေလိမ့်မည်”

မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန် စံတော်မူသော အခါ သံဃာ အဖွဲ့အစည်းသည် ဘယ်သို့ ဖြစ်ရမလဲဟု ညီတော် အာနန္ဒာက မေးလျှောက်သောအခါ ဗုဒ္ဓရှင်တော်မြတ်ဘုရားက ဤသို့ ဖြေတော်မူတယ်။ -အာနန္ဒာ၊ သံဃာတို့သည် ငါ့ ထံမှ ဘာ မျှော်လင့်စရာ လိုသေးသလဲ။ ငါသည် သစ္စာဓမ္မကို အကြွင်းအကျန် မထားဘဲ အကုန်ကို ဟောတော်မူခဲ့ပြီးပြီ။ သစ္စာတရားနှင့် စပ်သမျှ အတွက် ငါသည် လက်သီးဆုပ် အတွင်း၌ ထားအပ်သော အရာ မရှိပြီ။ အာနန္ဒာ တချို့သော ရဟန်းများအား ဤသို့ စဉ်းစားခြင်းသည် ဖြစ်တန်ရာ၏။

မြတ်စွာဘုရား၏ နှုတ်တော်မှ ထွက်သော စကားတို့သည် မကြာမီ ဆုံးခန်းတိုင် ရောက်ပေတော့မည်။ မကြာမီ ကာလ၌ ငါတို့မှာ ဆရာ မရှိသော အဖြစ်သို့ ဆိုက်ရောက်ပေတော့အံ့ ဟု စဉ်းစားကြရာ၏။ သို့သော် အာနန္ဒာ ထိုသို့ မစဉ်းစားပါလင့်။ ငါ ပရိနိဗ္ဗာန်ပြုသွားစေကာမူ ငါ ဟောကြားတော် မူခဲ့ပြီးသော သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့သည် သင်တို့၏ ဆရာ ဖြစ်လတ္တံ့ ဟု ဆိုတော်မူ၏။

ထပ်ဆင့်၍လည်း မြတ်ဗုဒ္ဓက ဤသို့ မိန့်တော်မူတယ်။ “အကယ်၍ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က ငါသည် သံဃာကို ဦးဆောင်မည်ဟု စဉ်းစားသည် ဖြစ်စေ၊ သံဃာသည် ငါ့ကို မှီရအံ့။ ငါသည် သံဃာကို ဆုံးမအံ့ဟု ဆိုသော် ဗုဒ္ဓမြတ်စွာ ဘုရားသည် ထိုသူသည် သံဃာကို ဦးဆောင်သင့်သူ၊ သံဃာသည် သူ့အား အမှီပြုသင့်သူဟု မယူဆပေ။ ငါကား ၁၀ သက်တမ်း၏ အဆုံး ကာလသို့ ရောက်နေပြီ။ လှည်းအိုကြီးသည် ပစ္စည်းပိုများဖြင့် ပြုပြင် ဖာထေးပြီး အသုံးချမှသာ ဆက်လက်၍ အသုံးပြုနိုင်သကဲ့သို့ ငါ၏ ကာယတော်သည်လည်း ထို့အတူ ဂရုတစိုက် ပြုစုပြီး နေမှ ရသော အခြေအနေသို့ ဆိုက်ရောက်နေပြီ။ အာနန္ဒာ၊ သင်တို့သည် သင်တို့၏ မှီခိုရာကျွန်းကြီးသဖွယ် ဖြစ်၍၊ ကိုယ့်ကိုယ်ကိုယ် အားထားကြရမည်။ ကိုယ့်ကိုယ်မှအပ တခြား အရပ်၌ ကိုးကွယ် အားထားရာကို မရှာကြပါလင့်။ သစ္စာတရားသည် သင်တို့၏ မှီခိုရာ ကျွန်းကြီး ဖြစ်ပါစေ။ သစ္စာတရားသည်သာ သင်တို့၏ ကိုးကွယ် ဆည်းကပ်ရာ ဖြစ်ပါစေ။ တခြားမှာ ကိုးကွယ် အားထားရာ မရှာကြပါနှင့်။

သက်တော် ၈၀ အရွယ် ကိုယ်တော်၏ မွေးနေ့ (ကဆုန်လပြည့်နေ့) တွင် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူတယ်။ ပရိနိဗ္ဗာန် စံတဲ့ အချိန်မှာ လောကီ၊ အဘိညာဉ် စျာန်တန်ခိုးတွေကိုလည်း ဘာမျှ မပြဘူး။ သင်္ခါရ တရားတို့၏ အနိစ္စ၊ မမြဲခြင်း သဘောကိုသာ ပေါ်လွင်အောင် ကိုယ်တိုင် ပြတော်မူတယ်။

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် စံတော်မူသွားတဲ့ အခါ သူ့ရဲ့ သာဝက တစ်ဦးက ဤသို့ မှတ်ချက် ချတယ်။ "အားလုံး ခွဲခွာကြရတာချည်းပဲ။ သက်ရှိ သတ္တဝါ မှန်သမျှဟာ သူတို့ရဲ့ ပေါင်းစပ်ထားတဲ့ ခန္ဓာ ငါးပါးကို စွန့်ပစ်ကြရတာပဲ။ ဗုဒ္ဓ ကိုယ်တော်တိုင် သင်္ခါရတရားတို့၏ အစုအပေါင်း ခန္ဓာရဲ့ မမြဲပုံ သဘာဝ အမှန်တရားကို ထင်ရှားအောင် ပြသွားတယ်"ဟု ဆိုတယ်။

မြတ်ဗုဒ္ဓရဲ့ နှုတ်တော်က ဆုံးမတဲ့ နောက်ဆုံးစကားက-

"*ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပါဒေထ*"

သတိ ရှိကြကုန်လော့။ သင်္ခါရ တရားတို့သည် မမြဲခြင်း အနိစ္စ သဘော ရှိကြကုန်၏။

(မဟာပရိနိဗ္ဗာနသုတ္တန်)

# ၃
# ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးနောက်ကာလ

## ပရိနိဗ္ဗာန်ပြုပြီးနောက် ဗုဒ္ဓ ဖြစ်တည်နေသေးသလား

***မေးခွန်း။*** *။ ပရိနိဗ္ဗာန် ပြုပြီးနောက် မြတ်ဗုဒ္ဓသည် ဆက်လက်၍ အသက်ရှင် ဖြစ်တည် နေသေးသလား။ ဖြစ်တည် မနေတော့ဘူးလား ဆိုတဲ့ မေးခွန်းဟာ မေးခွန်း အသစ်တော့ မဟုတ်ပါဘူး။ ဒီမေးခွန်းမျိုးကို မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကတည်းက မေးခဲ့ကြဖူးပါတယ်။*

ရသေ့လို ကျင့်နေကြတဲ့ အုပ်စု တစ်စုဟာ ဒီမေးခွန်းမျိုးကို ဗုဒ္ဓ ရှင်တော်မြတ်စွာဘုရားရဲ့ တပည့်သားတွေဆီကို သွားပြီး မေးစမ်းခဲ့ကြဖူးတယ်။ သူတို့ အနေနဲ့ ကျေနပ်လောက်တဲ့ အဖြေကိုတော့ မရခဲ့ကြဘူး။ ဒီလို ပြောဆို ဆွေးနွေး ခဲ့ကြတဲ့ အကြောင်း ရှင်အနုရာဓမထေရ်ကြီးက မြတ်စွာဘုရား ထံမှာ သွားပြီး အစီရင်ခံတယ်။

မြတ်စွာဘုရား အနေနဲ့ မေးခွန်း မေးသူရဲ့ နားလည် သဘော ပေါက်နိုင်တဲ့ ဉာဏ်စွမ်းကို ထည့်စဉ်းစားပြီး ပြောလို့လည်း နားလည်မှာ မဟုတ် ဘူး ဆိုတာကို သိမြင်တော်မူတဲ့ အခါ ဒီလို မေးခွန်းမျိုးကို အဖြေ မပေးဘဲ ကိုယ် တော်မြတ်ဟာ ဆိတ်ဆိတ် နေတော်မူလေ့ ရှိတယ်။ ဒါပေမဲ့ ရှင်အနုရာဓမထေရ် ကြီးကိုတော့ မြတ်ဗုဒ္ဓက အောက်ပါအတိုင်း ရှင်းလင်း ဖြေကြားတော်မူတယ်။

"အို. . . အနုရာဓ၊ သင် ဘယ်လို ယူဆသလဲ။ ရုပ်ဟာ မြဲသလား၊ မမြဲဘူးလား"

"မမြဲပါ ဘုရား"

"ကောင်းပြီ။ ဒါဆို မမြဲတဲ့ ရုပ်ဟာ ချမ်းသာသလား၊ ဆင်းရဲသလား"

"ဆင်းရဲပါတယ် ဘုရား"

"ကောင်းပြီ။ မြဲလည်း မမြဲ၊ ဆင်းရဲခြင်းလည်း ရှိတဲ့ အနိစ္စတရား ဖြစ်တဲ့ ရုပ်ကို "ဒါ ငါ့ရုပ်ပဲ၊ ဒါ ငါ့ဝိညာဉ်ပဲ၊ ဒါဟာ အတ္တပဲလို့ ယူဖို့ သင့်ပါမလား"

"မသင့်ပါ ဘုရား"

"ဝေဒနာဟာ မြဲသလား၊ မမြဲဘူးလား"

"မမြဲပါ ဘုရား"

"အို မမြဲတဲ့ တရား (ဝေဒနာ) ဟာ ဆင်းရဲ ဖြစ်မလား၊ ချမ်းသာ ဖြစ်မလား"

"ဆင်းရဲ ဖြစ်မှာပါ ဘုရား"

"ထိုကဲ့သို့ မြဲခြင်းလည်း မရှိ၊ ဆင်းရဲခြင်း အတိသာ ဖြစ်၍ အနိစ္စ ဖြစ်တဲ့ တရား (ဝေဒနာ) ကို ဒါ ငါ့ဥစ္စာပဲ၊ ဒါ ငါရဲ့ အတ္တဝိညာဉ်ပဲလို့ ဆိုသင့်သလား"

"မဆိုသင့်ပါ ဘုရား"

"သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့သည် မြဲသလား၊ မမြဲဘူးလား"

"မမြဲကြပါ ဘုရား"

"ထိုမမြဲတဲ့ တရားဟာ ချမ်းသာသလား၊ ဆင်းရဲသလား"

"ဆင်းရဲပါ ဘုရား"

"ထိုမြဲလည်း မမြဲ၊ ဆင်းရဲခြင်းလည်း ဖြစ်တဲ့ အနိစ္စတရားကို 'ဒါ ငါ့ဟာ ငါ့ဥစ္စာပဲ။ ဒါ ငါပဲ။ ငါ့ အတ္တပဲ' လို့ကော ယူရန် သင့်သလား"

"မသင့်ပါ ဘုရား"

"ဒါကြောင့် ရုပ်ပဲ ဖြစ်ဖြစ်၊ ဝေဒနာပဲ ဖြစ်ဖြစ်၊ သညာ၊ သင်္ခါရ ဝိညာဉ်ပဲ ဖြစ်ဖြစ်၊ ထိုတရားတို့သည် ကိုယ်နှင့် ပတ်သက်သည် ဖြစ်စေ၊ တခြားသူနှင့်

ပတ်သက်သည် ဖြစ်စေ၊ ကြမ်းသည် ဖြစ်စေ၊ နူးညံ့သည် ဖြစ်စေ၊ ယုတ်ညံ့သည် ဖြစ်စေ၊ မြတ်သည်ဖြစ်စေ၊ ဝေးသည် ဖြစ်စေ၊ နီးသည် ဖြစ်စေ၊ ထို ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့ကို မှန်ကန်သော အသိဉာဏ်ဖြင့် ဒါတွေဟာ-

"ငါ့ဥစ္စာတွေ မဟုတ်ဘူး။ ငါ မဟုတ်ဘူး။ ငါ့ အတ္တ မဟုတ်ဘူး- လို့သာ ရှုမြင်ပြီး မှန်ကန်စွာ ယူသင့်တယ်။ ထိုကဲ့သို့ ရှုမြင်သော မြတ်သော၊ အသိဉာဏ် ပညာနှင့် ပြည့်စုံသော မြတ်ဗုဒ္ဓရဲ့ တပည့် သာဝကဟာ ရုပ်၌ လည်းကောင်း၊ ဝေဒနာ၌ လည်းကောင်း၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့၌ လည်းကောင်း၊ စွဲကပ် ငြိတွယ်ခြင်း တဏှာ ကင်းတယ်။ စွဲငြိခြင်း တဏှာ ကင်းသော သူသည် သူ၏ ကာမရာဂတို့ကို ထိန်းချုပ်နိုင်သည် ဖြစ်၍ နောက်ဆုံးတွင် ထိုတရားများကို စွန့်ပယ်နိုင်တယ်"

"ကာမရာဂတို့မှ လွတ်မြောက်ပြီးသူသည် လွတ်မြောက်ပြီးသူ ဖြစ်၍ ထိုသူ၌ ဝိပဿနာဉာဏ် ပေါ်ထွက်လာလိမ့်မယ်။ ထိုအခါ သူသည် "ငါကား လွတ်မြောက်ခဲ့ပြီ"ဟု သိမြင်လိမ့်မည်။ ငါ့မှာ ပဋိသန္ဓေ နေခြင်း ကိစ္စ ဖျက်ဆီးပြီး ဖြစ်ပြီ။ ငါ့မှာ ပြုဖွယ် ကိစ္စ အားလုံး ပြုပြီးပြီ။ နောက်ထပ် ပဋိသန္ဓေ မဖြစ်တော့ဘူး လို့ သိမြင်လာလိမ့်မယ်"

"အနုရာဓ၊ သင် ဘယ်သို့ စဉ်းစားမိသလဲ။ ထိုရုပ်တရားကို သင့် စိတ်ထဲမှာ တထာဂတ (သတ္တဝါ) ပဲလို့ ယူသေးသလား။

"မယူတော့ပါ ဘုရား"

"ဒါဆိုရင် ရုပ်မှ တခြားအားဖြင့် တထာဂတ ရှိတယ်လို့ကော ယူသေးသလား"

"မယူတော့ပါ ဘုရား"

"အို. . . အနုရာဓ၊ သင် ဘယ်သို့ ထင်မြင် ယူဆသလဲ။ တထာဂတ ဆိုတာ ရုပ်လည်း မရှိ၊ ဝေဒနာလည်း မရှိ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်လည်း မရှိတာ လို့ ယူသလား"

"မယူပါ ဘုရား"

"ဒီလို ဆိုရင်ဖြင့် ဒီဘဝမှာ သတ္တဝါ ဆိုတာကို မတွေ့နိုင်ဘူးလို့ကော ယူဆသလား။ အတုမဲ့ သဗ္ဗညု မြတ်စွာဘုရား ပြဋ္ဌာန်းအပ်သော အောက်ပါ အဆိုလေးခုကို သင် ဆိုသင့်သလား။

- သတ္တဝါသည် သေပြီးနောက် ဖြစ်တည်သေး၏။
- သတ္တဝါသည် သေပြီးနောက် ဖြစ်တည်ခြင်း မရှိတော့ပါ။

- သတ္တဝါသည် သေပြီးနောက် ဖြစ်လည်း ဖြစ်၏။ ဖြစ်လည်း မဖြစ် တော့ပါ။
- သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်း မဟုတ်။ မဖြစ်သည်လည်း မဟုတ်ပါ။

-ဤသို့လည်း မဆိုသင့်ပါ ဘုရား-

-ကောင်းမြတ်လှပေ၏။ အနုရုဒ္ဓါ၊ ယခင်ကရော၊ ယခုအခါမှာပါ ငါ ပညတ်ဟောကြားသည်ကား ဒုက္ခသစ္စာနှင့် ဒုက္ခနိရောဓ သစ္စာသာ ဖြစ်တယ်။ ဒုက္ခနှင့် ဒုက္ခ ချုပ်ကြောင်း တရားသာ ဖြစ်တယ်။

**(အနုရာဓသုတ် - သံယုတ္တနိကာယ်၊ ဒု-အုပ်)**

အထက် ဖော်ပြပါ ရှင်အနုရာဓနှင့် မြတ်ဗုဒ္ဓတို့ အပြန်အလှန် ဆွေးနွေးကြသော အကြောင်းသည် စူးစမ်းလိုစိတ် ရှိသူများ အဖို့ ကျေနပ်ဖွယ် ရှိမည် မဟုတ်ပေ။ အမှန်သစ္စာ၏ သဘောမှာ နုလုံးသား စိတ်လှုပ်ရှားမှုကို ကျေနပ်စေလျှင်၊ ဦးနှောက်၏ ဆင်ခြင်ဉာဏ် အတွက် ကျေနပ်စေမည် မဟုတ်၍ ဖြစ်တယ်။ လူသားများ အဖို့ သစ္စာတရားသည် သိနားလည်ဖို့ရာ အခက်ခဲဆုံး ဖြစ်တယ်။ သစ္စာကို သိဖို့ ကိစ္စမှာ ထိုးထွင်း သိမြင်သော အနုဗောဓဉာဏ်၊ ပဋိဝေဓဉာဏ်မျိုး ရမှသာ ပြည့်ပြည့်ဝဝ သိနိုင်တယ်။ ဗုဒ္ဓ ဟူသည်ကား ပဋိဝေဓဉာဏ် အထွတ် အထိပ်သို့ ရောက်ပြီးသော အလုံးစုံသော သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံပြီး ပုဂ္ဂိုလ်မျိုး ဖြစ်တယ်။ ဒါကြောင့် ဗုဒ္ဓရှင်တော်မြတ်ဘုရားများက သူတစ်ပါးကို ဉာဏ် အထွတ်အထိပ်ကို ရအောင် လုပ်ပေးနိုင်တာ၊ ဗုဒ္ဓဘုရားများက ဉာဏ် ဖွင့် ပေးလို့ ဉာဏ်ပွင့်သွားတယ် ဆိုတာမျိုးလည်း လောကမှာ ရှားပါတယ်။

## ဗုဒ္ဓကို အမွေဆက်ခံသူတစ်ဦး

*အထွတ်အထိပ် ဖြစ်သော အောင်မြင်ပေါက်မြောက်မှုတို့တွင် ဗုဒ္ဓဘုရား၏ ဖြစ်ခြင်းသည် အမြင့်ဆုံး၊ အမြတ်ဆုံး ဖြစ်တယ်။*

လူများစွာက မြတ်ဗုဒ္ဓ သက်တော် ထင်ရှား ရှိစဉ်အခါက ဗုဒ္ဓကို အမွေဆက်ခံမည့်သူ တစ်ဦးကို ဘာကြောင့် မရွေးပါသလဲလို့ မေးခဲ့ကြဖူးတယ်။

သမ္မာသမ္ဗုဒ္ဓ ဖြစ်တော်မူတဲ့ အနှိုင်းမဲ့ ပုဂ္ဂိုလ်ထူးရာ အရိုက်အရာကို ဆက်ခံမည့်သူ တစ်စုံတစ်ယောက်ကို ရွေးပြီး ခန့်ထားဖို့ ဆိုတာ ဖြစ်နိုင်ပါ့မလား။ သဗ္ဗညုတ ဉာဏ်တော်သခင် ဘုရားရှင် ဗုဒ္ဓ ဖြစ်ခြင်းဟာ လူ့ စွမ်းဆောင်နိုင်မှု မှန်သမျှတို့တွင် အမြင့်ဆုံး၊ အမြတ်ဆုံး ကိစ္စ ဖြစ်တာကြောင့် ဒီဉာဏ် ဒီအဆင့် အတန်းကို ရောက်နိုင်သူဟာလည်း ဉာဏ်ပညာ အမြင့်မားဆုံး ပုဂ္ဂိုလ်မျိုး ဖြစ်မှသာ ရောက်နိုင်မှာ ဖြစ်ပါကယ်။ မြတ်ဗုဒ္ဓဟာ လူသားလောကရဲ့ အမြတ်ဆုံး ပန်းကောင်း တစ်ပွင့် ဖြစ်တယ်။ ဒီဉာဏ် ဒီအဆင့်ကို ရောက်နိုင်ဖို့ ဆိုတာ ဆရာမကူ၊ မိမိဘာသာ ကျင့်ကြံ ကြိုးကုတ်ပြီး ရတဲ့ သယမ္ဘူ ဉာဏ်မျိုး ရအောင် စွမ်းနိုင်သူ၊ သီလ၊ သမာဓိ၊ ပညာ အရာမှာရော၊ မဟာကရုဏာတော်မှာရော၊ အထွတ် အမြတ်ဆုံး အဆင့် ရှိသူ ဖြစ်မှသာ ရောက်မှာ ဖြစ်တယ်။ ဒါကြောင့် ဗုဒ္ဓဘုရား အဖြစ်ကို ရောက်ရေး အတွက် အကြင် ဘုရား ဆုပန် ယောက်ျားသည် စွန့်ခြင်းကြီး များစွာကို စွန့်ပြီး ဒုက္ခဆင်းရဲ များစွာကို ရင်ဆိုင် ကျော်ဖြတ်ရဲတဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်မှသာ ဖြစ်နိုင်တယ်။ ဥပမာ ဆိုကြပါစို့။ ဆရာဝန် တစ်ဦးဟာ သူ့သားကို ဆရာဝန် အဖြစ် သူ့ အရိုက်အရာ ဆက်ခံနိုင်ခွင့်ကို မပေးနိုင်ဘူး။ ဥပဒေ အကျိုးဆောင် တစ်ယောက်ဟာလည်း နောက် တစ်ယောက်ကို ဥပဒေဘွဲ့ မရဘဲနဲ့ ရှေ့နေ အဖြစ် အမွေ ပေးလို့ မရဘူး။ ဒီအတိုင်းပဲ သိပ္ပံပညာရှင် တစ်ယောက်က လည်း သိပ္ပံပညာ အသိဉာဏ် မရှိတဲ့ လူကို သိပ္ပံ ပညာရှင် အဖြစ် ခန့်ထားလို့ မရဘူး။

ဒါကြောင့် ဗုဒ္ဓ မြတ်စွာဘုရားကလည်း သူ့ကို အရိုက်အရာ ဆက်ခံဖို့ အတွက် နောက် ဗုဒ္ဓ တစ်ပါးကို ရွေးချယ် ခန့်ထားပေးလို့ မရတာ ဖြစ်တယ်။ အကယ်၍ မြတ်စွာဘုရားက တစ်ဦးတစ်ယောက်ကို သူ့ကို ဆက်ခံသူ ဗုဒ္ဓ အဖြစ် ရွေးချယ် ခန့်ထားခဲ့တယ်ပဲ ထားပါ။ ထိုလူဟာ ဗုဒ္ဓ ဖြစ်ထိုက်တဲ့ သဗ္ဗညုတဉာဏ် မရလို့ ရှိရင် သူ ရထားတဲ့ ဘုရား ဆိုတဲ့ အခွင့်အာဏာကို တလွဲ သုံးပြီး လူတွေကို လမ်းလွဲ ရောက်အောင် ဦးဆောင်သူ ဖြစ်သွားမှာပေါ့။

ဘာသာရေး ကိစ္စမှာ ဓမ္မစက် ဆိုတဲ့ အာဏာကို သုံးစွဲခွင့် ရှိတဲ့ ပုဂ္ဂိုလ်ဟာ မိမိ စိတ်အစဉ်ကို သန့်ရှင်းအောင် စိတ္တဝိသုဒ္ဓိ၊ သင့်လျော်တဲ့ ဉာဏ် စင်ကြယ်အောင် ဒိဋ္ဌိဝိသုဒ္ဓိ၊ ဉာဏဒဿနဝိသုဒ္ဓိကို ရအောင် လုပ်ပြီးသူ၊ အရိယာ သူတော်စင်မျိုးသာ ဖြစ်ရမယ်။ ဓမ္မစက် ဆိုတဲ့ အခွင့်အာဏာကို ပုထုဇဉ် စိတ် ရှိသူ၊ ကိလေသာ အာရုံ ကာမဂုဏ်ရဲ့ ကျေးကျွန် ဖြစ်ဆဲ စည်းစိမ်ချမ်းသာ၊ တန်ခိုးအာဏာကို တပ်မက်ဆဲ ဖြစ်သူ လက်ထဲ မထည့်သင့်။ ဒီအာဏာကို အသုံးပြုခွင့် မပေးသင့် ပါဘူး။ မဟုတ်လို့ ရှိရင် ဘာသာတရားရဲ့ သန့်စင် မွန်မြတ်မှု၊ လွတ်လပ်ခြင်း၊ ဝိမုတ္တိရှိမှု၊ သစ္စာတရားတွေအပေါ် အပြစ်တင်စရာ၊ အငြင်းပွားစရာ ဖြစ်လာမှာပေါ့။

# အနာဂတ်မှာ ပွင့်မည့် ဗုဒ္ဓမြတ်စွာဘုရား

*ငါသည် ဤလောက၌ ပွင့်ကြကုန်သော ဗုဒ္ဓဘုရားရှင်တို့တွင် ကနဦး ပထမ ဗုဒ္ဓ မဟုတ်ချေ။ ထို့အတူ ငါသည် နောက်ဆုံးပွင့် ဗုဒ္ဓလည်း မဟုတ်။ ငါ၏ ရှေးကလည်း ဂဏ် ဝါဠု သဲစုမက ဘုရားရှင်တို့ ဤ လောကမှာ ပွင့်တော်မူဖူးကြလေပြီ။ ငါ့ နောက်မှာလည်း ဤဘဒ္ဒကမ္ဘာ၌ ဘုရား တစ်ဆူ ပွင့်တော်မူပေဦးမည်။*

မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုအံ့ဆဲဆဲ အချိန်တွင် ရှင်အာနန္ဒနှင့် တခြားသော တပည့်သာဝကများ ပူဆွေး ငိုကြွေးကြတယ်။ ဒီလို ငိုကြွေးတာကို သိတော်မူတဲ့ အခါ မြတ်စွာဘုရားက ရှင်အာနန္ဒာအား ဤသို့ မိန့်ဆိုတော်မူတယ်။ -ချစ်သား အာနန္ဒာ၊ ငါဘုရားသည် သင်တို့အား စိုးရိမ် ပူဆွေး၊ ငိုကြွေး မြည်တမ်းခြင်း၌ အကျိုး မရှိသည်ကို မိန့်တော်မူဖူးပြီ။ ဤလောက၌ ဖြစ်ရကုန်သော လူနတ် အပေါင်းတို့ပင် ခင်မင် စုံမက် နှစ်သက်ကြကုန်သော မိဘ ဆွေရင်းသားချစ် ဖြစ်ကြကုန်သော သူတို့နှင့် အတူ မနေ သေလွန်သဖြင့် ကွဲပြားရခြင်းတည်း ဟူသော နာနာဘာဝ၊ ဒေသတခြား လွင့်ပါး ဝေးကွာရခြင်းတည်း ဟူသော ဝိနာဘာဝ၊ ရှေးက စည်းစိမ်ဖြင့် ရိပ်ငြိမ် ပျော်စံလျက် တစ်သက်ပန်တွင် ငြိုငြင် ဆင်းရဲပြန်ခြင်း တည်း ဟူသော အညထာဘာဝ၊ ဤဒုက္ခတို့ကို ခံရမြဲ ဓမ္မတာသာ ဖြစ်၏။ လွတ် လွဲခြင်းငှာ အဘယ်မှာ တတ်နိုင်ပါအံ့နည်း။ ချစ်သား အာနန္ဒာ၊ အကြင်ခန္ဓာကိုယ် သည် တဏှာတည်း ဟူသော အကြောင်းတရားတို့ကြောင့် ထင်ရှား ဖြစ်တတ်၏။ ထိုဖြစ်သမျှ ခန္ဓာသည် ပျက်ရမြဲ ဓမ္မတာသာတည်း။ တစ်စုံတစ်ယောက်သော ပြဟ္မာ သိကြားဘုရားတို့မှလည်း မပျက်စီးရအောင် တောင့်တ၍ မဖြစ်နိုင်သည် သာဟု ငါ ဟောတော်မူပြီးပြီ မဟုတ်လား။

(ဇိနတ္ထပကာသနီ)

အထက်ပါ ရှင်အာနန္ဒာအား ဆုံးမသော စကားကို ဒေါက်တာ သီရိဓမ္မ နန္ဒ အရှင်မြတ်၏ ရေးသား ဖော်ပြပုံမှာ မှတ်သားဖွယ်၊ အတုယူဖွယ် ကောင်း၍ တင်ပြချင်ပါသည်။

When the Buddha was about to pass away, Ven. Ananda and many other disciples wept. The Buddha said, "Enough, Ananda. Do not allow yourself to be troubled. Do not weep. Have I not already told you that it is in the very nature of things that they must pass away. We must be separated from all that is near and dear to us.

ဤသို့ ဖော်ပြပြီးနောက် အရှင်ဓမ္မနန္ဒထေရ်မြတ်က ဆက်၍ ဖော်ပြသည်မှာ "မိုက်မဲသော သူတို့သည်သာ ငါ ကိုယ် အတ္တ ရှိသည်ဟု ယူကြတယ်။ ပညာရှိတို့ ကတော့ ငါ ကိုယ် အတ္တ ဆိုတာ တည်နေနိုင်ဖို့ အခြေခံ မရှိဘူးလို့ ရှုမြင်ကြတယ်။ ဒါဟာ လောကကို ပညာရှိတို့ သိမြင်ပုံ အမှန် ဖြစ်တယ်။ ပညာရှိတို့ဟာ သင်္ခါရ တရား မှန်သမျှ ပျက်စီး ပျောက်ကွယ်ကြရမြဲ ဓမ္မတာ ဖြစ်တယ် ဆိုတာကို သိတယ်။ ဒါပေမဲ့ သစ္စာတရားကတော့ အမြဲ ရှိနေမှာပဲ။

မြတ်ဗုဒ္ဓက ဆက်၍ မိန့်တော်မူတာက "ငါဟာ ဤလောကမှာ ပွင့်တော်မူ တဲ့ ကနဦး ပထမ ဗုဒ္ဓ မဟုတ်ဘူး။ အတူပင် ငါသည် နောက်ဆုံးပွင့် ဗုဒ္ဓလည်း မဟုတ်ဘူး။ အချိန်တန်သော ကာလ၌ ဒီလောက ဘဒ္ဒကမ္ဘာမှာ နောက်ထပ် သမ္မာ သမ္ဗုဒ္ဓဗုဒ္ဓ တစ်ပါး ပွင့်တော်မူဦးမယ်။ ထိုမြတ်စွာဘုရားကလည်း သင်တို့ကို ထာဝရ သစ္စာတရားကို ငါ ဟောခဲ့ပြီးသည့် အတိုင်း ဟောတော်မူဦးမှာပဲ။ ထိုမြတ်စွာဘုရား သည်လည်း ငါ ကဲ့သို့ပင် ကျေးဇူးတော် အစုံ၊ ဂုဏ်တော် အနန္တနှင့် ပြည့်စုံတော်မူတဲ့ သမ္မာသမ္ဗောဓိ စင်စစ် ဖြစ်တော်မူတယ်။

ဗုဒ္ဓ ဘာသာဝင်တွေရဲ့ စိတ်ထဲမှာ ခုမျက်မှောက်ဘဝမှာ ကုသိုလ်ကောင်းမှု တွေ ပြုလုပ်ခဲ့ကြတဲ့ လူတွေဟာ အရိမေတ္တေယျ ဘုရား ပွင့်တော်မူတဲ့အခါ သူတို့ လည်း လူ့ဘဝကို ပြန်ရောက်ကြမယ်လို့ ယုံကြည် မျှော်လင့်ကြတယ်။ အဲဒီအခါကျ မှ ဂေါတမဗုဒ္ဓ လက်ထက်က ရခဲ့ကြတဲ့ နိဗ္ဗာန် ချမ်းသာနှင့် ထပ်တူ ချမ်းသာမျိုး ကိုလည်း ထိုဘုရားသာသနာမှာ သူတို့ ရကြမယ်လို့ ယုံကြည် မျှော်လင့်ထားကြ တယ်။ အဲဒီအခါကျပြန်တော့လည်း ထိုဗုဒ္ဓရဲ့ ဒေသနာတော်တွေဟာ နောင်အခါ ပွင့်မည့် ဘုရားကို မျှော်လင့်တဲ့ မျှော်လင့်ချက်တွေ ဖြစ်နေဦးမှာပဲ။ သို့သော် ဘာသာရေးကို ကိုင်းရှိုင်းကြတဲ့ ဘယ်သူမျိုး မဆို ဘယ်အချိန်မှာပဲ ဖြစ်ဖြစ်

နိဗ္ဗာန်ဓာတ်၊ အငြိမ်းဓာတ်ကို ရနိုင်ကြတာသာ ဖြစ်ပါတယ်။ ဗုဒ္ဓမြတ်စွာဘုရား ပွင့်တဲ့ အခါ ဖြစ်ဖြစ် မဖြစ်ဖြစ်၊ နိဗ္ဗာန်ကို ရချင်တဲ့ ဇောစိတ်နဲ့ ကျင့်ကြံ ပွားများ အားထုတ်ကြရင် ဘယ်အချိန်မဆို နိဗ္ဗာန်ကို ရနိုင်တာချည်း ဖြစ်ပါတယ်။

"ငါ၏ တပည့်သားများသည် သီလ၊ သမာဓိ၊ ပညာကို ကြိုးပမ်း အားထုတ် နေသမျှ ကာလပတ်လုံး ဤလောကမှာ အရိယာ မဆိတ်သုဉ်းသေး" (မဟာပရိနိဗ္ဗာနသုတ်)

'As long as my disciples lead a pure religious life, so long the world will never become empty of Arahantas.'

(Maha Prinibbana Sutta)

# အပိုင်း နှစ်

## ဗုဒ္ဓဘာသာ အနှစ်သာရနှင့် နှိုင်းယှဉ်ချဉ်းကပ်ပုံများ

# ၄
# ဗုဒ္ဓ၏ ကာလမဲ့ အမှန်သစ္စာတရား

## ခြင်္သေ့မင်းရဲ့ဟောက်သံ

*ဗုဒ္ဓ ဟောကြားတော်မူသော ဓမ္မဒေသနာတော်များကို နာကြားကြရပြီး နောက်တွင် လူပေါင်းများစွာ တို့သည် မိမိတို့၏ ရှေးက လက်ခံ ယုံကြည်ထားကြသော မှားယွင်းသော ဘာသာရေး အယူအဆများ၊ ယုံကြည်မှုများကို စွန့်လွှတ်ကြရန် ဆုံးဖြတ်ကြသည်။*

ဗုဒ္ဓဘာသာသည် ဘယ်ဘက်ကကြည့်ကြည့် လှပနေသော ကျောက်ကောင်း တစ်လုံး ဖြစ်တယ်။ ကိုယ်ရည်ကိုယ်သွေး ကွဲပြား ခြားနားကြသော လူပေါင်းများစွာကို ဆွဲ ဆောင်နိုင်တယ်။ ဤကျောက်ကောင်း၏ မျက်နှာသွင်ပြင် အမျိုးမျိုးကို အဘက် ဘက်က အမှန်သစ္စာတရားကို ရှာသူများ အနေနှင့် စမ်းသပ် စစ်ဆေးနိုင်သော နည်းလမ်းများ၊ ချဉ်းကပ်ပုံများလည်း ရှိတယ်။ စမ်းသပ်သူ၏ အသိဉာဏ်

အဆင့်ဆင့်၊ အကျင့်သီလ အဆင့်ဆင့်ကို လိုက်၍လည်း၊ မိမိတို့၏ ကွဲပြားနေသော အသိဉာဏ် အဆင့်အတန်းကို လိုက်၍လည်း စမ်းသပ်ခဲ့တယ်။

ဗုဒ္ဓဓမ္မသည် လူသားများအပေါ် မဟာကရုဏာထားသော အလောင်းတော် သာကီဝင်မင်းသား တစ်ပါး၏ ကာလကြာမြင့်စွာ အပြင်းအထန် ဒုက္ကရစရိယ အကျင့်ဖြင့် ရှာဖွေခဲ့ရသော အကျိုးရလဒ် အသီးအပွင့် ဖြစ်တယ်။ လောကီစည်းစိမ် ချမ်းသာမှန်သမျှ စုပုံလောင်းချ ခံစားနေရသော အိမ်ရှေ့ ဥပရာဇာ မင်းသားဘဝကို ရခဲ့လင့်ကစား သူ၏ လောကီ စည်းစိမ် ချမ်းသာ အားလုံးကို ပယ်စွန့်တော် မူပြီး ခက်ခဲ ကြမ်းတမ်းလှစွာ ဒုက္ကရစရိယဖြင့် သစ္စာရှာပုံတော် ခရီးကို ထွက်ခွာပြီး လူသားတို့ ခံစားနေရတဲ့ ဆင်းရဲဒုက္ခ အနာရောဂါကို ကုစားနိုင်သည့် ဆေးကောင်း တစ်လက်ကို ရှာဖွေပေးခဲ့တယ်။

ဆင်းရဲခြင်း ပြဿနာ အားလုံးကို သက်သာစေသည့် ဖြေရှင်းနည်းကို ရှာဖွေဖို့ စိတ်အား ထက်သန်နေခဲ့တယ်။ အတိတ်က လူတွေ ထုံးတမ်းစဉ်လာအရ လက်ခံနေခဲ့ကြတဲ့ နတ်ဘုရားကိုလည်း မင်းသားသည် အားကိုးအားထား ပြုခြင်း မျိုး မလုပ်ဘဲ သူ့ဘာသာ ပြဿနာရဲ့ အဖြေကို ရှာခဲ့တယ်။

သူဟာ ဒီ အပြင်းအထန် ရှာပုံတော် ခရီးကို လွတ်လပ်တဲ့ စိတ်ဓာတ်၊ ပွင့်လင်းတဲ့ နှလုံးသားနှင့်အတူ ရိုးသား ဖြောင့်မတ်တဲ့ ရည်ရွယ်ချက်၊ မြင့်မြတ်တဲ့ စိတ် အဓိဋ္ဌာန်၊ မမောမပန်းနိုင်တဲ့ သည်းခံခြင်း ခန္တီတရားများနှင့် အစစ်အမှန်ဖြစ်တဲ့ မဟာကရုဏာ နှလုံးသားပိုင်ရှင် ပီသစွာ ဒုက္ခဆင်းရဲ အပေါင်းက သက်သာခွင့်ရဖို့ အတွက် ထက်သန်လှတဲ့ စိတ်ဆန္ဒနှင့် ပြုလုပ်ခဲ့တာ ဖြစ်တယ်။

ဒါကို သိရိဓမ္မနန္ဒ ဆရာတော်ကြီး ရေးသားထားပုံမှာ ဤသို့ ဖြစ်သည်

He did an intensive search with a free and open mind, guided solely by His sincerity of purpose, noble resolution, inexhaustible patience, and a truely compassionate heart with the ardent wish to relief suffering.

ဒုက္ကရစရိယကို ခြောက်နှစ်ကြာ ကျင့်ပြီးမှ အကျင့်မှား၊ အကျင့်လွန်တွေကို လည်း ပြုလုပ်ခဲ့မိပြီးမှ မြတ်သော အလောင်းတော်မင်းသားဟာ ရည်မှန်းချက်ကို အောင်မြင်တော်မူခဲ့တာ ဖြစ်တယ်။ နောက်ဆုံး ဗောဓိဆုကြီးဖြစ်တဲ့ သမ္မာသမ္ဗောဓိ အမှန်၊ ဘုရားအဖြစ်ကို ဧကန်မုချ ရတော်မူခဲ့တာ ဖြစ်တယ်။ သဗ္ဗညု မြတ်စွာဘုရား ဖြစ်ပြီး နောက်မှ ကိုယ်တော်မြတ်သည် ဗုဒ္ဓဘာသာလို့ ခေါ်တဲ့ သူ့ရဲ့ ဓမ္မဒေသနာ

တော်များကို လောက လူသားများအား ဟောကြား သင်ကြားပေးတော်မူခဲ့တာ ဖြစ်တယ်။

တစ်ခါက မြတ်ဗုဒ္ဓက ဤသို့ မိန့်တော်မူတယ်။ "ရဟန်းတို့၊ ကေသရာဇာ ခြင်္သေ့မင်းသည် ညနေခင်း အခါမှာ သူ့ရဲ့ သားရဲတွင်းက ထွက်လာတယ်။ သူ့ကိုယ်သူ အကြော ဆန့်လိုက်ပြီး အရပ် လေးမျက်နှာကို လှည့်လည်ကြည့်လိုက်တယ်။ ဒီလို ကြည့်ပြီးမှ သုံးကြိမ်တိုင်တိုင် ဟောက်လိုက်တယ်။ ဒီလို ဟိန်းဟောက်ပြီးမှ အစာရှာဖို့ ထွက်ခွာသွားတယ်။

"ရဟန်းတို့၊ သားရဲတို့ရဲ့ ဘုရင် ကေသရာဇာ ခြင်္သေ့မင်းရဲ့ ဟောက်သံကို ကြားရတဲ့ အရပ်ရပ်မှာ ရှိကြတဲ့ သားတိရစ္ဆာန်တွေဟာ ကြောက်လန့် တုန်လှုပ်ကုန်ကြတယ်။ တွင်းအောင်း သတ္တဝါတွေက တွင်းထဲဝင်ပုန်းကြတယ်။ ရေနေသတ္တဝါတွေကလည်း ရေထဲဆင်းပြေးကြတယ်။ တောထဲနေတဲ့ တိရစ္ဆာန်တွေကလည်း တောထဲဝင်ပြေးကြတယ်။ ငှက်တွေကလည်း လေထဲ ပျံသွားကြတယ်။ ဒီအခါ ကျေးလက်တောရွာမှာ ရှိနေကြတဲ့ အုပ်စိုးသူတို့ရဲ့ ဆင်တွေ၊ မြို့ပြ နန်းတော်မှာ ရှိကြတဲ့ ဆင်တွေကလည်း ထူးခတ်ထားတဲ့ သားရေလွန်ကြိုးတွေကို အပိုင်းပိုင်း ပြတ်အောင် ဆွဲဖြတ်ပစ်ကြတယ်။ ကြောက်ချေးပါပြီး ကစဉ့်ကလျား ပြေးကုန်ကြတယ်။ ကေသရာ ခြင်္သေ့မင်းရဲ့ တိရစ္ဆာန်တွေ အပေါ်မှာ ရှိတဲ့ စွမ်းအားဟာ အလွန် ကြီးကျယ်တယ်။ ထို့အတူ ရဟန်းတို့ လောကမှာ ဗုဒ္ဓမြတ်စွာ တစ်ပါး ပွင့်ထွန်း ပေါ်ပေါက်လာတဲ့ အခါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသ ဓမ္မသာရထိ၊ သတ္ထာဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားက "ဤကား ငါစွဲ အတ္တဒိဋ္ဌိ ဖြစ်တယ်။ ဤကား ငါစွဲ အတ္တစွဲမှ ကင်းဝေးကြောင်း အကျင့်ကောင်း ဖြစ်တယ်"လို့ ဓမ္မဒေသနာကို ဟောတော်မူတယ်။

ဒီစကားကို ကျေးဇူးရှင် သီရိဓမ္မနန္ဒထေရ်မြတ် ရေးသား တင်ပြထားပုံကလည်း နှစ်သက်ဖွယ် ကောင်းပါတယ်။

'Just so, monks, is it when a Buddha arises in the world, an Arahant, a Perfecfly Enlightened One, perfect in wisdom and in conduct, wayfarer, knower of the worlds, the unsurpassed trainer of those who can be trained, teacher of gods and men, a Buddha, an Exalted One. He teaches the Dhamma: 'Such is the nature of concept of self; this is the way leading to the ending of such Self.'

ဘယ်သို့သော နတ်ဒေဝါမျိုးတွေပဲဖြစ်ဖြစ် တထာဂတ (ဘုရားရှင်ကိုယ်တော်မြတ်)ရဲ့ တရားဓမ္မသံကို နာကြားကြရတဲ့အခါ အများအားဖြင့်တော့ ကြောက်လန့်ကြတယ်။ သူတို့ အားလုံး တုန်လှုပ်ကြတယ်။ သူတို့က "ငါတို့ ထင်ခဲ့ကြတာက မြဲတယ်လို့ ထင်ခဲ့ကြတာ၊ ခုတော့ မမြဲပါကလား။ ခိုင်မြဲတယ်။ တည်တံ့တယ်လို့ ငါတို့ ထင်ခဲ့ကြတာလည်း ခုတော့ မခိုင်မြဲပါလား။ မတည်တံ့ပါကလား။ အမြဲရှင်သန်နေမယ် ထင်ခဲ့တာလည်း မရှင်သန်နိုင်တော့ပါကလား"လို့ ဆိုမြည်တမ်းကြတယ်။ "ငါတို့ ထင်ထားတဲ့ အတ္တ ဆိုတာကလည်း မမြဲခြင်း၊ မတည်တံ့ခြင်း၊ အစဉ်မရှင်သန်နိုင်ခြင်း သဘောပဲ ဖြစ်နေတယ်။ ဒီလို တထာဂတရဲ့ စွမ်းအားဟာလည်း နတ်နှင့် လူသားများရဲ့ လောက အပေါ်မှာ အင်အား ကြီးမားတယ်"

[အင်္ဂုတ္တရနိကာယ်]

# ဗုဒ္ဓဘာသာဆိုတာ ဘာလဲ

*ဗုဒ္ဓဘာသာဆိုတာ ဘာမှ မဟုတ်ဘူး။ အရိယာသစ္စာပဲ ဖြစ်တယ်။*

ဗုဒ္ဓဘာသာ ဆိုတာ ဘာလဲ။ လူများစွာတို့က ဗုဒ္ဓဘာသာကို ဒဿနပညာ တစ်ခုလား ဆိုပြီး စူးစမ်း လေ့လာကြတဲ့အခါ သူတို့ မျက်စိ လည်ကုန်ကြတယ်။ ဒါဟာ ဘာသာရေး ယုံကြည်မှုလား၊ ဒါမှမဟုတ် ဘဝနေနည်း တစ်ခုလား။ အဖြေကို ရိုးရိုးရှင်းရှင်း ပေးရရင်တော့ ဗုဒ္ဓဘာသာဟာ ဒါပဲ၊ ဟိုဟာပဲ ဆိုပြီး သတ်သတ်မှတ်မှတ် ပြောဖို့ရာ မလွယ်ပါဘူး။ ကျယ်ဝန်း နက်နဲလွန်းလို့ပါ။ အမှန်ကတော့ ဗုဒ္ဓဘာသာမှာ ဒဿနပညာလည်း ပါတယ်။ ယုံကြည် ကိုးကွယ်မှုလည်း ပါတာပဲ။ ဘဝနေနည်းတွေလည်း ပါပါတယ်။

ဒီလို ဗုဒ္ဓဘာသာကို ကဏ္ဍခွဲတာတို့၊ တံဆိပ် ကပ်တာတို့က လူတွေကို လွယ်လွယ်နဲ့ သိမြင်အောင်လို့ ဆိုင်းဘုတ် ထောင်ပြတာနဲ့ တူပါတယ်။ အကယ်၍ ဗုဒ္ဓဘာသာကို ကျွန်ုပ်တို့က ဆေးဆိုင် တစ်ဆိုင်နဲ့ ဥပမာ နှိုင်းပြရရင်တော့ ထင်ရှားတာက ဆေးဆိုင်မှာ တပ်ထားတဲ့ ဆိုင်းဘုတ်က ရောဂါအနာကို ကုသပေးနိုင်တာ မဟုတ်ပါဘူး။ ဒါ ထင်ရှားပါတယ်။ ဆေးကသာ ရောဂါကုရာမှာ အစွမ်းထက်တာပါ။ ဒါကြောင့် ဆေးက ရောဂါကုရာမှာ စွမ်းဖို့သာ အရေးကြီးပါတယ်။ ဆေးပေါ်မှာ ကပ်ထားတဲ့ တံဆိပ်က အရေးမပါပါဘူး။ ဒီအတိုင်းပါပဲ။ မြတ်ဗုဒ္ဓရဲ့ ဓမ္မ

ဒေသနာတော်တွေကသာ အစွမ်းထက်တာပါ။ ကျေးဇူးပြုနိုင်တာပါ။ ဒါကြောင့် ဗုဒ္ဓဘာသာကို ဆိုင်းဘုတ် တစ်ခုခု တပ်ပြီး မသတ်မှတ်ပါနှင့်။

ခေတ်ကာလ အမျိုးမျိုးမှာ အသက်ရှင်နေခဲ့ကြတဲ့ လူ အမျိုးမျိုး၊ ဒေသ အမျိုးမျိုးမှာ ဗုဒ္ဓဘာသာကို ကမ္ပည်း အမျိုးမျိုး တပ်ခဲ့ကြပါတယ်။ အဓိပ္ပာယ် အမျိုးမျိုး ဖွင့်ခဲ့ကြတယ်။ တချို့ လူတွေက ဗုဒ္ဓဘာသာ ဆိုတာ အယူသည်း အစွဲ သန်တဲ့ ဓလေ့ထုံးစံတွေရဲ့ အစုအပေါင်း တစ်ခုပဲလို့ ထင်ကြတာလည်း ရှိတာပဲ။ နောက် လူတစ်စုကျတော့ ဗုဒ္ဓဘာသာဟာ လောကီရေး အောင်မြင်မှုတွေအတွက် အသုံးချဖို့ လွယ်တဲ့အရာ တစ်ခုလို့ တံဆိပ် ကပ်ကြတာလည်း ရှိတယ်။ နောက်လူ တစ်စုကျတော့ ဗုဒ္ဓဘာသာ ဆိုတာ ရှေးကျတဲ့ အယူဝါဒ တစ်ခုလို့ သတ်မှတ်ကြပြန် တယ်။ နောက် လူတစ်စုလည်း ရှိသေးတယ်။ သူတို့ကျတော့ ဗုဒ္ဓဘာသာ ဆိုတာ ပညာရှင်တွေနဲ့သာ သက်ဆိုင်တဲ့ အတွေးအခေါ် စနစ် တစ်ခု အနေနဲ့ပဲ အကျိုး သက်ရောက်မှု ရှိတယ်လို့ ယူကြပြန်တယ်။ တခြား လူစုတွေကျတော့ ဒါဟာ သိပ္ပံ နည်းကို ရှာဖွေတွေ့ရှိမှု တစ်ခုလို့ သတ်မှတ်ကြပြန်တယ်။ ဘုရား တရား အပေါ် ကြည်ညိုတဲ့ လူတွေကျတော့ ဗုဒ္ဓဘာသာ ဆိုသာ သူတို့အဖို့တော့ ဘဝ တစ်ခုလုံးနဲ့ ဆိုင်တယ်။ မိမိနှင့်တကွ နီးစပ်သူ ဆွေမျိုးသားချင်းများ အတွက်ပါ ဘဝရဲ့ ပြည့်စုံစေမှု တစ်ခုပဲလို့ ခံယူတတ်ကြတယ်။

ပညာရှင် တချို့ကျပြန်တော့ ဗုဒ္ဓဘာသာ ဆိုတာ အိန္ဒိယနိုင်ငံရဲ့ ရေခံ မြေခံ ပတ်ဝန်းကျင်က ထုတ်ပေးလိုက်တဲ့ ထုတ်ကုန်ပစ္စည်း တစ်ခုပဲ ဖြစ်တယ်။ အိန္ဒိယပြည်မှာ ပေါ်ထွန်းခဲ့ဖူးတဲ့ ဘာသာအယူဝါဒကွဲ တစ်ခုပဲ ဖြစ်တယ်လို့ ဆိုကြပြန်တယ်။ အမှန်ကတော့ ဗုဒ္ဓဘာသာ ဆိုတာ အထွေအထူး ပြောနေပေမဲ့ တခြား ဘာမှ မဟုတ်ဘူး။ ဗုဒ္ဓဘာသာဟာ အရိယာ သစ္စာတရားပဲ ဖြစ်တယ်။ ဗုဒ္ဓဘာသာ ဟာ အစစ်အမှန် ဖြစ်တဲ့ ပရမတ္ထသစ္စာကို ဉာဏ်ပညာဖြင့် ချဉ်းကပ်ပုံ ချဉ်းကပ်နည်းပဲ ဖြစ်တယ်။ မြတ်ဗုဒ္ဓ သိမြင်တော်မူတဲ့ တစ်လောကလုံးနဲ့ ဆိုင်တဲ့ ပြဿနာများဟာ ရိုးရိုး စဉ်းစား ဆင်ခြင်တဲ့ဉာဏ်နဲ့ ရတာမဟုတ်ဘူး။ ဉာဏ်စဉ် အဆင့်ဆင့်ကို မြင့်မားအောင် ဖွံ့ဖြိုး တိုးတက်အောင် ကြိုးပမ်း အားထုတ်ပြီးရတဲ့ ဝိသုဒ္ဓိမဂ် ပညာနဲ့မှ ရတာဖြစ်တယ်။

ဆင်ခြင်ဉာဏ်နဲ့ သိပ္ပံနည်းကျ သဘောထားရှိမှုကြောင့်လည်း ဗုဒ္ဓဘာသာ ဟာ ခေတ်အဆက်ဆက် ပေါ်ဖူးသမျှ ဘာသာရေး ခေါင်းဆောင် ဆရာကြီးများအနက် မှာ လုံးလုံးလျားလျား တစ်မူ ထူးပြီး ထင်ရှားနေတာ ဖြစ်တယ်။ မှန်ပါတယ်။ မြတ်ဗုဒ္ဓ ပွင့်ထွန်းတဲ့ အချိန်ကာလဟာ အိန္ဒိယပြည်မှာ အမှန်တရားကို စူးစမ်းတဲ့

ဉာဏ် အဆင့်အတန်း မြင့်မားပြီး ကိုယ်ကျင့်တရား ဘက်ကလည်း စွမ်းစွမ်းတမံ ဆောင်ရွက်နေကြတဲ့အခါ အသိဉာဏ်ပညာ အမှောင် အဝိဇ္ဇာထုထဲကနေပြီး ဓမ္မရဲ့ အလင်းရောင် ပြန့်ပြီး အိန္ဒိယပြည်မှာ ရှင်သန်နိုးထလာတဲ့ အခါလည်း ဖြစ်တာ မှန်ပါတယ်။

နှစ်ပေါင်း ထောင်ချီပြီး ဘာသာရေးနဲ့ ဒဿန အယူအဆတွေ ဖြစ်ထွန်း ခဲ့မှုက ဉာဏ်ပညာ ဖြစ်ပေါ်ရာ အိန္ဒိယ မြေပြင်ပေါ်မှာ မြေဆီဩဇာ ဖြစ်စေတဲ့ အယူအဆတွေ စံနှုန်းတွေ အနည် ကျခဲ့လို့လည်း ဒီမြေဟာ ဓမ္မ မျိုးစေ့ ကျပြီး ရှင်သန်ဖို့ အကောင်းဆုံး ပတ်ဝန်းကျင် အခြေအနေကို ဖြစ်ပေါ်စေခဲ့ပါတယ်။

ဒါကို သီရိဓမ္မနန္ဒထေရ်မြတ် သရုပ်ဖော် ရေးသားထားပုံမှာ ဤသို့ ဖြစ်ပါတယ်။

Thousands of years of religious and philosophical development had left on the intellectual soil of India a rich and fertile deposit of ideas and ideals which formed the best possible environment into which the seed of Dhamma could fall.

ဂရိနိုင်ငံ၊ တရုတ်နိုင်ငံ၊ အီဂျစ်နိုင်ငံနှင့် ဘေဘီလုံနိုင်ငံတွေလို အတွေးအခေါ် ဘက်က အထွတ်အထိပ် ရောက်နိုင်ခဲ့ကြပေမဲ့ အိန္ဒိယနိုင်ငံက တောထဲထောင်ထဲမှာ ကျင့်ကြံ အားထုတ်နေကြတဲ့ အရညဝါသီ တောမှီ ရသေ့ရဟန်း သူတော်စင် အရိယာကြီးများ ရောက်ခဲ့ကြတဲ့ ဉာဏ်အရည်အသွေး အဆင့်အတန်းကို မီအောင်တော့ မရောက်နိုင်ခဲ့ကြပါဘူး။ ဝေးလံလှတဲ့ အရပ်က ပျံလာတဲ့ မျိုးစေ့လို ပေါက်ပွားလာတဲ့ သဗ္ဗညုတ ဉာဏ်မျိုးစေ့ဟာလည်း အာကာသနဲ့ ကာလထဲက ဝေးလံတဲ့ အရပ် အထိ ကမ္ဘာအနှံ့ကို အိန္ဒိယပြည်ရဲ့ အရှေ့မြောက်ဘက် အစွန်အဖျားကနေပြီး ပြန့်ပွားပြီး ပေါက်ဖွား ထွန်းကား သွားခဲ့ပါတယ်။

ဒီ သဗ္ဗညုတဉာဏ် မျိုးစေ့ဟာ ဂေါတမဗုဒ္ဓ ခေါ်တဲ့ လူသား စင်စစ်ရဲ့ အတွေ့အကြုံကိုမှ အပြည့်အဝ ဖြစ်ထွန်း ပေါ်ပေါက်ခဲ့တာ ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာရဲ့ သဘောတရား အားလုံးဟာ ဒီသဗ္ဗညုတ ဉာဏ်အလင်းဆိုတဲ့ အတွေ့အကြုံ ကနေ စီးထွက်လာကြတာချည်း ဖြစ်ပါတယ်။ ဒီသဗ္ဗညုတ ဉာဏ်ကို ကိုယ်တိုင် တွေ့ကြုံ ခံစားသိမြင်တော်မူပြီးမှပဲ သူဟာ သူ့ရဲ့ ဓမ္မဒေသနာတော်တွေကို တရားသော ယုံကြည်မှုမျိုး၊ ဂမ္ဘီရ သဘောမျိုး ဘာမှ မပါဘဲ တစ်လောကလုံး သိနိုင် မြင်နိုင် ခံစားနိုင်တဲ့ အတွေ့အကြုံ စစ်စစ် အဖြစ် လောကကို သူက သစ္စာတရား

တစ်ခု အဖြစ် ပေးတော်မူခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဗုဒ္ဓဘာသာရဲ့ တကယ် အဓိပ္ပာယ် ဖွင့်ဆိုချက် အမှန်ဟာ ဘာလဲဆိုရင် 'အရိယာသစ္စာတရား' ပဲ ဖြစ်တယ်။ သတိ ပြုသင့်တာက ဗုဒ္ဓရှင်တော်မြတ်ဘုရားဟာ ဘယ်တော့မှ သဘော တရား (သီဝရီ) သက်သက်ကို သင်ကြားပေးတော်မူခြင်း မရှိဘူး ဆိုတဲ့ အချက်ပဲ။ သူက လက်တွေ့ စမ်းသပ်ခံတဲ့ သဘောအဖြစ်နဲ့ပဲ သူ သိမြင်တွေ့ကြုံခဲ့တဲ့ အသိ ဉာဏ်၊ နားလည်မှု၊ သစ္စာသိမှုပေါ် မူတည်ပြီး သင်ပေးပါတယ်။

ဗုဒ္ဓဘာသာဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ ကျော်ကတည်းက သစ္စာဓမ္မနဲ့ ဖွဲ့စည်းထားတဲ့ တရားအဖြစ် စတင် ပေါ်ပေါက်ခဲ့တယ်။ ဂေါတမ ဗုဒ္ဓ ရှင်တော် မြတ်ဘုရားက စတင် ဟောကြားတော်မူခဲ့တာပါ။ ဒီတရားကို မြတ်ဗုဒ္ဓ စတင် မိတ်ဆက် ဟောကြားတော်မူကတည်းက သူ့ ရည်ရွယ်ချက်က လူတွေရဲ့ စိတ်ထဲ မှာ ငါစွဲ အတ္တစွဲကြီးပြီး ထာဝရ အသက်ရှင် နေနိုင်ပြီး လောကီအာရုံ ကာမဂုဏ် တရားတွေကို ခံစား ပျော်ပါးလိုတဲ့ ဘဝ ရည်မှန်းချက်မျိုး မထွန်းကားစေဖို့ ဖြစ် တယ်။ ကိုယ်တော်မြတ် ရည်ရွယ်တော်မူတာက ယခု ရထားတဲ့ ဘဝဟာ ဘာမှ အနှစ်သာရ မရှိဘူး။ အချည်းနှီးပဲ ဆိုတာကို သိမြင်စေပြီး သူ ရှာဖွေ တွေ့ရှိခဲ့တဲ့ ဒုက္ခခပ်သိမ်း ငြိမ်းအေးရာ လွတ်မြောက်ခြင်း အမှန် မြတ်နိဗ္ဗာန်ကို ပို့ဆောင်နိုင်တဲ့ လက်တွေ့ကျတဲ့ သမ္မာဒိဋ္ဌိမဂ္ဂင်လမ်းကို ညွှန်ပြဖို့သာပဲ ဖြစ်တယ်။

His intention was to point out the futility of the worldly life and to show the correct, practical Path to salvation that He discovered.

မြတ်ဗုဒ္ဓရဲ့ မူရင်း ဒေသနာဟာ လူ့ ဘဝနဲ့ လောက သဘာဝ အမှန်ကို ဖွင့်လှစ်ပြဖို့ပဲ ဖြစ်တယ်။ သို့သော်လည်း ဓမ္မ(ဗုဒ္ဓရဲ့ ဒေသနာ)ဆိုတဲ့ ဗုဒ္ဓဟော တရားတော် မူရင်းနဲ့ ဗုဒ္ဓဟော တရားအပေါ် အခြေခံပြီး နောက်ထပ် ထွန်းကား လာတဲ့ ယုံကြည်ကိုးကွယ်မှု ဘာသာအယူဝါဒကိုတော့ ခွဲခြား သိမြင်ဖို့ လိုတယ်။

မြတ်ဗုဒ္ဓရဲ့ ဒေသနာတွေဟာ ဘာသာယုံကြည် ကိုးကွယ်မှုကို စတင် တည်ထောင်ခဲ့ရုံတွင်မက လူ့ ယဉ်ကျေးမှုကြီး တစ်ခုလုံး ဝေဝေဆာဆာ ဖူးပွင့်လာဖို့ ကိုလည်း အားပေးခဲ့တာ ဖြစ်တယ်။ ဒီတရားဒေသနာတော်တွေဟာ လူ့ သမိုင်း တစ်လျှောက်မှာ လူပေါင်း များစွာ၊ နိုင်ငံတွေရဲ့ ယဉ်ကျေးမှု ပြုစုပျိုးထောင်ရာမှာ လည်း ကြီးမားတဲ့ ယဉ်ကျေးမှု တွန်းအား ဖြစ်ခဲ့ပါတယ်။ ဗုဒ္ဓဘာသာဟာ လူတို့ရဲ့ အံ့ဖွယ်သမိုင်း စွမ်းဆောင်မှုများ အဖြစ် ဗုဒ္ဓ စာပေ ဘက်မှာရော၊ ဗုဒ္ဓ အနုပညာ ဘက်မှာရော၊ ဒဿနပညာမှာရော၊ စိတ်ပညာဘက်မှာရော၊ ကိုယ်ကျင့်တရားပညာ

ဘက်မှာရော၊ ဗိသုကာ လက်ရာတွေ ဘက်မှာရော၊ ယဉ်ကျေးမှု ဘက်ပေါင်းစုံမှာ အောင်မြင်မှုတွေ ရရှိခဲ့တယ်။ ရာစုနှစ်များ အတွင်း နိုင်ငံတကာမှာလည်း လူမှုရေး အဖွဲ့အစည်း လှုပ်ရှားမှုမျိုးတွေ မရေမတွက်နိုင်အောင်ပဲ ဆောင်ရွက်နိုင်ခဲ့တယ်။ အားလုံးဟာ မြတ်ဗုဒ္ဓရဲ့ ဓမ္မဒေသနာတော်ကို ရည်ညွှန်းကြတာချည်းပါ။ မြတ်ဗုဒ္ဓရဲ့ သမိုင်းကြောင်းကိုလည်း တပည့် သံဃာတော်များရဲ့ ကောင်းမှုတော်များ အဖြစ် ရွှေပုရပိုက်ပေါ်မှာ တင်နိုင်ခဲ့ကြပါတယ်။ ဘာသာရေး ယုံကြည်မှုနဲ့ ဓလေ့ထုံးစံတွေ ဟာလည်း ဆင်ခြင်တုံတရားနဲ့ ပြည့်စုံတဲ့ သိပ္ပံနည်းကျ ဘဝနေနည်းကို ဖြစ်ပေါ်စေ ခဲ့တယ်။ ဘာသာရေး ကိုင်းရှိုင်းမှုကလည်း ဘုရား ပွင့်တော်မူချိန် တရားတော်ကို စတင် ဟောကြားတော်မူစဉ် ကတည်းက ဘဝရဲ့ အဓိပ္ပာယ်နဲ့ ဘာသာတရားရဲ့ အဓိပ္ပာယ်ရဲ့ ရည်မှန်းချက် အမှန်ကိုလည်း သိနားလည်စေခဲ့ပါတယ်။

## လူ့ယဉ်ကျေးမှုအပေါ် ဗုဒ္ဓဘာသာ၏ အကျိုးသက်ရောက်မှု

ခေတ်သစ်ကမ္ဘာ လောကကြီးထဲမှာ ဗုဒ္ဓဘာသာဟာ ယဉ်ကျေးမှု စွမ်းအားကြီး တစ်ခု အဖြစ်နဲ့ တည်ရှိနေဆဲ ဖြစ်ပါတယ်။ ယဉ်ကျေးမှု စွမ်းအား တစ်ခုအဖြစ် ဗုဒ္ဓဘာသာဟာ ကိုယ့်ကိုယ်ကိုယ် လေးစားခြင်း၊ ဝတ္တရားကို နားလည်တတ်တဲ့ စိတ်ဓာတ်တွေကို မရေမတွက်နိုင်လောက်အောင် များပြားတဲ့ လူတွေကို ဖြစ်ပေါ်စေ ပြီး လူမျိုးများရဲ့ စွမ်းအင်ကို လှုံ့ဆော်ပေးလျက် ရှိတယ်။ စိတ်ဓာတ် တိုးတက်မှု ကို ပြုစုပေးတယ်။ လူရဲ့ ကိုယ်ပိုင် တွေးခေါ် စွမ်းအားကိုလည်း ဆွဲဆောင်ခြင်းအား ဖြင့် ဖြစ်ပေါ်စေတယ်။ လူတွေ အနေနဲ့ ဘာသာရေး အမြင်ကျဉ်းမှုလို အမျိုးသား ရေး အမြင်ကျဉ်းမှုလို အယူသီးမှုမျိုးတွေက လွတ်မြောက်ပြီး သည်းခံတတ်အောင် ခွင့်လွှတ်တတ်အောင်လည်း စိတ်ဓာတ်ကို မြှင့်တင်ပေးတယ်။ ရိုင်းသူကို ယဉ်ကျေး သိမ်မွေ့အောင်၊ အမြင်ကျယ် အမြင်ရှင်းပြီး နူးညံ့တဲ့ စိတ်သဘောထားရှိတဲ့ တိုင်းသူ ပြည်သားမျိုး ဖြစ်အောင်လည်း ချော့မွတ်စေတယ်။ တိုရှင်းလိုရှင်းကို ဆိုရရင် ဗုဒ္ဓဘာသာက ကိုယ့်ကိုယ်ကိုယ် ယုံကြည် အားထားတတ်တဲ့ စိတ်ဓာတ် ဖြစ်ပေါ်အောင် လူ့ ဘဝရဲ့ ကံကြမ္မာကို ဖန်တီးနိုင်ခွင့်ဟာ မိမိ လက်ထဲမှာပဲ ရှိ တယ်။ မိမိ မှာသာ မိမိရဲ့ ဘဝ အဆင့်ကို အမြင့်ဆုံး အမြတ်ဆုံးဖြစ်အောင် စွမ်း ဆောင်နိုင် စွမ်းဟာလည်း မိမိရဲ့ ဉာဏ်ပညာ ဖွံ့ဖြိုးမှု စွမ်းရည်ပေါ်မှာပဲ တည်တယ် ဆိုတာကို သင်ကြားပေးတော်မူတယ်။

နှစ်ပေါင်း ၂၅၀၀ ကျော် ကာလ အတွင်းမှာ ဗုဒ္ဓဘာသာသည် လူသား တစ်ရပ်လုံးရဲ့ သုံးပုံတစ်ပုံလောက်ကို စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ ပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်ခဲ့တယ်။ ယခု မျက်မှောက်ခေတ် ကာလတိုင်အောင် ဗုဒ္ဓဘာသာ ရဲ့ လူကြိုက်များမှုဟာ အင်အား ကြီးမားဆဲပဲ ရှိတယ်။ ဗုဒ္ဓရဲ့ ဓမ္မဒေသနာဟာ လူသားများရဲ့ အကြွယ်ဝဆုံး လူ့ အရင်းအမြစ် အဖြစ် တည်ရှိနေတာဟာလည်း လူသားများရဲ့ ဘယ်တော့မှ လိုဘ မပြည့်နိုင်တဲ့ လိုအင်ဆန္ဒတွေကို ကျော်လွန်ပြီး ပိုပြီး အဆင့်မြင့် ဉာဏ်ကိုရအောင် မြှင့်တင်ပေးနိုင်ခဲ့လို့ပဲ ဖြစ်တယ်။ ဗုဒ္ဓဘာသာရဲ့ ရှုထောင့်ရဲ့ အကျယ်အဝန်းကို ပြောရရင် ဘဝကို ရှုမြင်တဲ့ မြတ်ဗုဒ္ဓရဲ့ အမြင်၊ အယူအဆများဟာ စိတ်မောလူပန်း ဖြစ်နေကြတဲ့ ဉာဏ်ပညာ ရှိကြတဲ့ အသိဉာဏ် ကြွယ်သူတွေကို ဆွဲဆောင်နိုင်တယ်။ သို့သော်လည်း မြတ်ဗုဒ္ဓရဲ့ အမြင်၊ အယူအဆ များဟာ ဉာဏ်ပညာနဲ့ ပတ်သက်တဲ့ ကာယ စွမ်းအားနဲ့ စိတ်သက်သာမှု ပေးရာမှာ ရိုးရိုး အသိပညာပိုင်းအရ မစွမ်းမသန်တာကို ကျော်လွန်ပြီး စွမ်းဆောင်အား ရှိ တယ်။

နောက်တစ်ချက် ဗုဒ္ဓဘာသာရဲ့ [illegible] စိတ်နဲ့ အကြိုက်ဖြစ်တဲ့ အကြောင်းက တော့ ဒီတရားက သရုပ်မှန်တရား ဖြစ်တယ်။ ဘဝ သရုပ်မှန်သဘောကို ဖော်ပြ ပေးတယ်။ လောကကြီးရဲ့ သရုပ်မှန်သဘောကိုလည်း ဖော်ပြတယ်။ သူရူးတို့ ပျော်ရာ သုခဘုံမျိုးကို စိတ်ကူးနဲ့ ဖန်တီးပေးပြီး အဲဒီလို ဘုံခန်းနဲ့လည်း မြှောက် ပြီး မဆွဲဘူး။ နောက်ပြီး ကြောက်မက်ဖွယ်ကောင်းတဲ့ ငရဲခန်းနဲ့လည်း အဆန်း တကြယ် ကြောက်စရာတွေ၊ လန့်စရာတွေကို ပြပြီးလည်း မခြောက်လှန့်ဘူး။

ဒီအမြင်ကို သီရိဓမ္မနန္ဒအရှင်မြတ် ရေးသား ဖော်ပြပုံကလည်း နှစ်သက် စရာကောင်းတယ်။ နားလည်လွယ်တဲ့ ခေတ်ဆန်တဲ့ အင်္ဂလိပ်စာ အရေးအသားနဲ့ ဖော်ပြထားတယ်။

It does not entice people into living in a fool's paradise, nor does it frighten and agonize people with all kinds of imaginary fears and guilt feelings.

ဗုဒ္ဓဘာသာက ကျွန်ုပ်တို့ဟာ ဘယ်လို သတ္တဝါ၊ ဘယ်လို ဘဝ၊ ဘယ်လို လောကမျိုးမှာ နေနေရတယ် ဆိုတာကို တိတိကျကျ ဓမ္မဓိဋ္ဌာန်နည်းနဲ့ ပြတယ်။ ပြီးတော့ ဒီလို ဘဝမျိုးက လုံးဝ လွတ်မြောက်အောင် ဘယ်လိုလုပ်ရင် ရတယ်ဆိုတဲ့ နည်းလမ်းကိုလည်း ညွှန်ပြတယ်။ ငြိမ်းချမ်းတဲ့ ဘဝ။ ငြိမ်းအေးတဲ့ ငြိမ်သက်ပြီး

သုခချမ်းသာရနိုင်တဲ့ ဘဝမျိုးဖြစ်အောင် ဘယ်လို လုပ်ရမယ်ဆိုတဲ့ နည်းကိုလည်း ပြတယ်။

ဘာသာရေး ယုံကြည် ကိုးကွယ်မှုများက သင်ကြားပြီး လက်ခံထားတဲ့ ကိုယ်ကျင့်တရား စံနှုန်းတွေကို ဆန့်ကျင် တုံ့ပြန်မှုရဲ့ အန္တရာယ်က ယနေ့ လူ့လောကကို ကယ်တင်မယ်ဆိုရင် ဗုဒ္ဓဘာသာသည်သာ အထိရောက်ဆုံး ယာဥ်တစ်ခု ဖြစ်တယ်။ ဗုဒ္ဓဘာသာသာလျှင် လူသားတို့ရဲ့ ယုံကြည် ကိုးကွယ်ရာ အစစ် ဖြစ်တယ်။ ဒီဘာသာကို တည်ထောင်ခဲ့တဲ့ ဗုဒ္ဓရှင်တော်မြတ်ဘုရားဟာလည်း လူသား စင်စစ် ဖြစ်တယ်။ သူ ဟောတာ၊ ပြောတာတွေဟာ ကောင်းကင်ဘုံက ထာဝရဘုရားသခင်ဆီက ကျလာတဲ့ ဗျာဒိတ်တော်တွေ ဆိုပြီးတော့လည်း မပြောဘူး။ မဟောဘူး။ လူသားရဲ့ အောင်မြင်မှု အပေါ် သူ့ရဲ့ ရုပ်လောကကြီးကို ချုပ်ကိုင်နိုင်စွမ်းအားက လွှမ်းမိုးနေတဲ့ ယခုလို ခေတ်ကာလမျိုးမှာ လူသားဟာ အထိန်းချုပ်ရ အခက်ဆုံး ဖြစ်တဲ့ သူ့ရဲ့ အတ္တ (တစ်ကိုယ်ကောင်းစိတ်)ကို ထိန်းချုပ်နိုင်ခြင်း အပေါ်မှာ သူ ဖန်တီးနိုင်တဲ့ အောင်မြင်ခြင်း ဖွဲ့တည်နေတယ်ဆိုတာကို ပြန်ပြီး သုံးသပ်ကြည့်ရင် သိနိုင်ပါတယ်။ ဒီ လေ့လာ စူးစမ်းမှုမှာ ခေတ်သစ် လူသား အနေနဲ့ ဗုဒ္ဓဘာသာဟာ သူ့ရဲ့ များပြားလှတဲ့ ပြဿနာတွေ၊ သံသယတွေအတွက် အဖြေ ပေးနိုင်တာကို တွေ့ရမှာ ဖြစ်တယ်။

ယနေ့ ယခုအချိန်မှာ ဗုဒ္ဓဘာသာဟာ အနောက်တိုင်း ကမ္ဘာက လူသားတွေရဲ့ စိတ်ကို ဆွဲဆောင်မှုများပါတယ်။ အယူသန်တာမျိုး မရှိဘဲ ဆင်ခြင်ဉာဏ်ရှိတဲ့ ဦးနှောက်နဲ့ ခံစားတတ်တဲ့ နှလုံးသား နှစ်မျိုးစလုံးကို ကျေနပ်မှု ပေးနိုင်တာကြောင့်ပဲ ဖြစ်တယ်။ သူတစ်ပါး အပေါ်မှာ သည်းခံခွင့်လွှတ်နိုင်စွမ်းနဲ့ ကိုယ့်ကိုယ်ကိုယ် အားကိုးအားထား ပြုမှုကိုသာ တိုက်တွန်း အားပေးထားတာရယ်၊ ခေတ်သိပ္ပံပညာရဲ့ ရှာဖွေ တွေ့ရှိချက်တွေဟာ လူ့ ဘဝကို အပြုသဘောဆောင်ရင်း လက်ခံပွေ့ပိုက်နိုင်တာရယ်ကြောင့် အနောက်တိုင်းသားများကို ဆွဲဆောင်နိုင်တာ ဖြစ်တယ်။ လက်ရှိ ဘဝကို ကိုယ် ကြိုက်သလို ဖန်ဆင်းနိုင်စွမ်း ရှိတာဟာ လူသား တစ်မျိုးတည်းပဲ ရှိတယ်ဆိုတာကို ညွှန်ပြတာ။ ကိုယ့်ဘဝ ကိုယ့်ကြမ္မာကို လိုသလို ပုံသွင်း သရုပ်ဖော်နိုင်တာ လူပဲ ရှိတယ်လို့ ပြညွှန်တာလည်း ဗုဒ္ဓဘာသာပဲ ဖြစ်တယ်။

ဗုဒ္ဓဘာသာကို ဘဝနေနည်းသစ် တစ်ရပ် အဖြစ်၊ ယုံကြည် ကိုးကွယ်မှုသစ် တစ်ရပ်အဖြစ် လက်ခံ ကိုးကွယ်လာကြတဲ့ သန်းပေါင်း များစွာသော လောကတစ်ခွင်လုံးရှိ လူသားများ အပေါ်မှာ ငြိမ်းချမ်းခြင်းနဲ့ မေတ္တာ ကရုဏာတရား ဆိုတဲ့ ဗုဒ္ဓဘာသာရဲ့ သတင်းစကားများဟာ ရောက်ခြည်သန်းလျက် ရှိနေပါပြီ။

## လူသားများအတွက် မြတ်ဗုဒ္ဓရဲ့ အကျိုးပြုမှု

ဗုဒ္ဓဘာသာသည် ယုံကြည် ကိုးကွယ်ရာ ဘာသာတရား တစ်ခုအဖြစ် လူသားများအား မျှော်လင့်ချက်များနှင့် စိတ်အား ထက်သန်မှုတွေကို ကောင်းကောင်း ပေးနိုင်တယ်။ လူ့ အဖွဲ့အစည်း အတွင်းမှာလည်း ထိန်းကျောင်းရလွယ်တဲ့ ဘဝနေနည်း တစ်မျိုးနှင့် လူသား အချင်းချင်း ရိုင်းပင်းတဲ့ စိတ်ဓာတ်တွေ ဖြစ်ပေါ်လာအောင်၊ ငြိမ်းချမ်းရေးနဲ့ ရောင့်ရဲလွယ်မှု စိတ်ဓာတ် ရှင်သန် ဖွံ့ဖြိုးလာအောင်လည်း ကြိုးပမ်းပြီး မွေးမြူပေးပါတယ်။ ဒီဘာသာဟာ လူလောက သာယာဝပြောရေး ကိစ္စမှာ အစဉ်အမြဲ ရှေ့တန်းမှာ နေခဲ့တာ ဖြစ်ပါတယ်။

It has been in the forefront of human welfare.

နိုင်ငံရေး ကိစ္စမျိုးမှာပင် အရေးကိစ္စ အများအပြားမှာ ထိထိရောက်ရောက် ထိုးဖောက်ပြီး ပြဿနာများကို ကျော်လွှားသွားနိုင်အောင် မျှမျှတတ ဆောင်ရွက်နိုင်ခဲ့တာတွေကိုလည်း မှတ်တမ်းတင်ထားခံရပြီး ဖြစ်တယ်။ အများ သဘောတူ လက်ခံနိုင်တဲ့ အစီအစဉ်များနဲ့ ကျင့်ဝတ် သိက္ခာ တန်ဖိုးများကို အခြေခံပြီး ပြဿနာတွေကို ဖြေရှင်းပေးနိုင်ပါတယ်။

အရှေ့တိုင်း လူ့ ယဉ်ကျေးမှုရဲ့ သိသာ ထင်ရှားတဲ့ မွေးရနံ့ကိုလည်း ဗုဒ္ဓဘာသာက သင်းပျံ့ကြိုင်လှိုင်အောင် လုပ်ဆောင်ပေးနိုင်ခဲ့တယ်။ ကိုယ်ကျင့်သိက္ခာပိုင်း အခြေခံများနဲ့ သိမ်မွေ့တဲ့ အမူအကျင့်တွေကိုလည်း လူတွေ ကြားထဲမှာ တစ်နည်းမဟုတ် တစ်နည်း လက်ခံ ကျင့်သုံးလာအောင်လည်း ထောက်ပံ့ပေးနိုင်ခဲ့တယ်။

Buddhism has supplied fine and ethical basic attitudes amongst the people who adopted it in one form or another.

မှန်ပါတယ်။ ကြီးကျယ် မြားမြောင်လှတဲ့ ဗုဒ္ဓဘာသာရဲ့ စွမ်းဆောင်ရည်များ အားလုံးကိုတော့ လူအများက သဘောမပေါက်ကြသေး။ ကောင်းကောင်း မသိကြသေးပါဘူး။ ဒီသဘောထား အမြင်တွေ စွမ်းဆောင်နိုင်မှုတွေကို အကန့်အသတ်နဲ့ပဲ လူတွေက လက်ခံနိုင်ခဲ့ကြသေးတာ အမှန်ပါ။ ပုဂ္ဂိုလ် တစ်ဦးချင်း အလိုက်နဲ့ ယေဘုယျ စွမ်းရည်တွေကိုတော့ စာပေအနုပညာပိုင်းမှာ ဗုဒ္ဓဘာသာရဲ့ လက်တွေ့ အကျိုးပြု စွမ်းဆောင်ချက်တွေက အရိပ် လွှမ်းလျက် ရှိပါတယ်။ ဒါ

ပေမဲ့ အကြီးကျယ်ဆုံး ဗုဒ္ဓဘာသာရဲ့ စွမ်းရည်ကတော့ အရာရာကို ဆင်ခြင်တုံတရား အပေါ် အခြေခံ တည်ထားခြင်းပဲ ဖြစ်ပြီး၊ ဒါကိုတော့ ဘယ်ဘာသာတရားကမှ မယှဉ်နိုင်ပါဘူး။ (ဆင်ခြင်တုံတရားဟာ လူတိုင်းရဲ့ နောင်တ သံဝေဂကို ပပျောက်အောင် စွမ်းဆောင်နိုင်စွမ်း ရှိတယ်။ ဒီဆင်ခြင်တုံတရားဟာ လူမှာပဲ ရှိတယ်။ လူပဲ ဆင်ခြင်တုံတရားကို ပိုင်ဆိုင်တယ်။ ဒီတရားက လူ့ ဘဝကို ယဉ်ကျေးသိမ်မွေ့စေတယ်။) (စိတ်လှုပ်ရှား ခံစားမှုလိုမျိုး လူ့ သဘာဝရဲ့ တခြား အစိတ်အပိုင်းကြောင့် ဆင်ခြင်တုံတရားဟာ ဘယ်လောက်ပင် မှုန်ဝါးဝါး ဖြစ်နိုင်စေကာမူပေါ့)

အကယ်၍ ဗုဒ္ဓဘာသာရဲ့ အခြေခံ တန်ဖိုးတွေကို ပြန်လည် ဆန်းသစ်လိုရင် ပြန်၍ တစ်ဖန် တန်ဖိုးထားလိုရင် အခါအားလျော်စွာ မရေမရာ မသေမချာတဲ့ ဗျာဒိတ်စကားတွေလို သဘာဝ ဓမ္မတာ တရားကို လွန်တဲ့ တန်ခိုးတော်တွေ အပေါ်မှာ မူတည်ပြီး လုပ်လို့ မရပါဘူး။ သဘာဝကျကျ သဘာဝယုတ္တိ၊ အာဂမယုတ္တိ ဆိုတဲ့ ဆင်ခြင်တုံတရား အပေါ်မှာပဲ မူတည်လုပ်ရမှာ ဖြစ်တယ်။

လူသားများရဲ့ လူမှုရေးနဲ့ စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုများ အတွက် ဗုဒ္ဓဘာသာက အကျိုးပြုဖို့ စွမ်းဆောင်နိုင်ခဲ့တာတွေဟာ အမှတ်ရစရာ ဖြစ်လွန်းလို့ ကိုယ်တော်မြတ်ရဲ့ ဓမ္မဒေသနာတော် သတင်း စကားတွေဟာ အာရှတိုက်နိုင်ငံများစွာမှာ ပျံ့နှံ့ပြီး လူမျိုးပေါင်း များစွာရဲ့ အတုမရှိ ပြိုင်ဘက်ကင်းတဲ့ ချစ်ခင်လေးစားမှု ကြည်ညို ကိုးကွယ်မှုကို ခံခဲ့ရတယ်။

## ပရမတ္ထသစ္စာတရား

*မြတ်ဗုဒ္ဓရဲ့ ဒေသနာတော်များထဲမှာသာ အကြွင်းမဲ့ ပရမတ္ထသစ္စာကို တွေ့နိုင်တယ်။*

ဗုဒ္ဓဘာသာမှာ သစ္စာတရား နှစ်မျိုးကို အသိအမှတ်ပြု လက်ခံထားတယ်။ မြင်သာတဲ့ သမုတိ သစ္စာက တစ်ခု။ ပြီးတော့ အစစ်အမှန် မဖောက်ပြန်တဲ့ ပရမတ္ထသစ္စာက တစ်ခု ဖြစ်တယ်။ ပရမတ္ထ သစ္စာကိုတော့ မှန်းဆချက်တို့ သဘောတရားသက်သက်အားဖြင့် မသိနိုင်ဘူး။ ကမ္မဋ္ဌာန်း ဘာဝနာ အားထုတ်ခြင်းဖြင့် ရတဲ့ပဋိဝေဓဉာဏ်နဲ့သာ သိမြင်နိုင်တယ်။

မြတ်ဗုဒ္ဓရဲ့ ဓမ္မဒေသနာတော်ဟာ လောကရဲ့ ပရမတ္ထသစ္စာ အမြင်တွေပဲ ဖြစ်တယ်။ ဒါပေမဲ့ ဗုဒ္ဓဘာသာဟာ ကောင်းကင်ဘုံက ကျလာတယ်ဆိုတဲ့ ဗျာဒိတ် ဟော်တွေနဲ့ ဆိုင်တဲ့ ထာဝရဘုရားရဲ့ ထိန်းချုပ် ပြုပြင်ခံရတဲ့ ဘာသာယုံကြည် ကိုးကွယ်မှုမျိုး မဟုတ်ဘူး။ ဒီဘာသာတရားဟာ သဘာဝတရားရဲ့ ဖြစ်တည်နေပုံ ပရမတ္ထသစ္စာနဲ့ ပတ်သက်တဲ့ မေးခွန်းတွေကို သိပ္ပံနည်း အကျဆုံး ဆင်ခြင်ဉာဏ် သက်သက်နဲ့ ချဉ်းကပ် လေ့လာတဲ့ ပထမဆုံး နမူနာပြ ဘာသာအယူအဆ ဖြစ်တယ်။

It is the first example of the purely scientific approach applied to questions concerning the ultimate nature of existence.

အချိန်ကာလမရွေး မှန်ကန်တဲ့ ဒီသစ္စာတရားကို မြတ်ဗုဒ္ဓ ကိုယ်တော်တိုင် ဘယ်နတ်ဘုရားရဲ့ အကူအညီ အထောက်အပံ့မှ မပါဘဲ ရှာဖွေ တွေ့ရှိပြီး ဖော်ထုတ်တော်မူခဲ့တာ ဖြစ်တယ်။ ဒီတရားဒေသနာတော်များမှာ ဘယ်အကဲစမ်းမှုမျိုးကိုမဆို အခြေခံမူတွေ ဘာမှ အပြောင်းအလဲ မရှိဘဲနဲ့ ယှဉ်ပြိုင် ရင်ဆိုင်နိုင်တဲ့ ခိုင်ခံ့တဲ့ အင်အားလည်း အပြည့် ရှိတယ်။

This same teaching is strong enough to face any challenge without changing the basic principles of the doctrine.

ဘယ်ဘာသာ ဘာသာယုံကြည် ကိုးကွယ်မှု (rcligion) အနေနဲ့မဆို ခေတ်သစ် ကမ္ဘာ့ အခြေအနေနဲ့ လိုက်လျောညီထွေ ဖြစ်အောင်ဆို မူရင်းဒေသနာတွေမှာ အပြောင်းအလဲတွေ လုပ်ကြရတာ ရှိတယ်။ ဒါတွေက အခြေခံ မူဝါဒခိုင်မာခြင်း မရှိတဲ့၊ ပရမတ္ထသစ္စာ ဉာဏ်အမြင် မပါတဲ့ ဘာသာအယူဝါဒမျိုးတွေပဲ ဖြစ်တယ်။ ဗုဒ္ဓဘာသာကတော့ မြတ်ဗုဒ္ဓရဲ့ မူရင်းဒေသနာတော်တွေကို အင်မတန်ခက်ခဲတဲ့ ခေတ်သစ် ကမ္ဘာ့ အခြေအနေတွေ ထဲမှာတောင်မှ ဘာမှ အပြောင်းအလဲ လုပ်စရာ မလိုဘူး။ မူရင်းအတိုင်းပဲ ထိန်းသိမ်းထားနိုင်ခဲ့တယ်။ မြတ်ဗုဒ္ဓဟာ လူတစ်ဦး တစ်ယောက်ချင်း အတွက် ဖြစ်စေ၊ တစ်လောကလုံး အတွက် ဖြစ်စေ၊ ဘယ်အကျင့်မျိုးကိုမှ ကိုယ်ကျင့်သီလ မပါဘဲ၊ ကိုင်းရှိုင်းမှု မပါဘဲ ထည့်သွင်း ဟောကြားခဲ့တာဆိုလို့ ဘာဆို ဘာမှ မရှိဘူး။ ကိုယ်ကျင့်သီလ မပါတဲ့ အဲဒီလို အမူအကျင့်တွေဟာ မြတ်ဗုဒ္ဓရဲ့ အမြင်မှာ ဘာသာရေး တန်ဖိုး (ယုံကြည်ကိုးကွယ်မှုတန်ဖိုး) ဘာမှ မရှိဘူး။ ကျွန်ုပ်တို့ အနေနဲ့ မြတ်ဗုဒ္ဓ ကိုယ်တော်တိုင် ဟောကြားခဲ့တဲ့ ဓမ္မဒေသနာများနဲ့ ဗုဒ္ဓဘာသာလို့ နာမည်တပ်ပြီး လူတွေ အကြိုက်လိုက်ပြီး ဟောကြားနေကြတာတွေကို ခွဲခြား နားလည်ရမှာပဲ။

ဘယ်ဘာသာ ယုံကြည် ကိုးကွယ်မှုမျိုးမှာမဆို ဒီဘာသာကို စတင်တည် ထောင်တဲ့ ပုဂ္ဂိုလ် ဟောကြားတဲ့ တရား ဒေသနာများသာမကဘဲ နောက်လူတွေ ထည့်သွင်းတဲ့ ဝတ်ပြု ပူဇော်တဲ့ အခမ်းအနား၊ ဓလေ့ထုံးစံတွေဟာ မူရင်းဒေသနာ တော်တွေကို ဖုံးလွှမ်းသွားတဲ့ထိ ပေါင်းမြက်များ ထသလို တောထပြီး ပေါ်ပေါက် တတ်ကြတာချည်း ဖြစ်ပါတယ်။ ဒီပူဇော်ပသမှုနဲ့ ဆိုင်တဲ့ ပွဲသဘင် အခမ်းအနားတွေ ဟာလည်း ဒီဘာသာကို ကိုးကွယ်ကြတဲ့ လူမျိုးများ ကျင့်သုံးခဲ့ကြတဲ့ ယဉ်ကျေးမှု အစဉ်အလာတွေ အပေါ်မှာ အစပျိုးပြီး ဖြစ်လာကြတာ ဖြစ်တယ်။ ကမ္ဘာပေါ်မှာ ထွန်းကားတဲ့ ဘာသာတရားကြီးတွေကို တည်ထောင်ခဲ့ကြတဲ့ မူရင်းဆရာကြီးများ ကတော့ ဘယ်လို ပူဇော်ရမယ်၊ ဘယ်လို ပသရမယ်လို့ အတိအကျ လုပ်ထုံး လုပ် နည်းတွေ ချမှတ်ပေးခဲ့ကြတာမျိုး မရှိကြပါဘူး။ မူလ ဘာသာရေးကို စတင် ထူ ထောင်တဲ့ ပုဂ္ဂိုလ်နောက်ကျမှ ပေါ်ပေါက်လာကြတဲ့ ဘာသာရေး ခေါင်းဆောင်တွေ က ဒီဘာသာကို လုပ်ထုံးလုပ်နည်း ဓလေ့ထုံးစံတွေ ချပြီး နောက်လိုက်တွေမသွေ ဖည် သွားအောင်လို့ ထုံးတမ်း၊ စည်းကမ်းတွေ သတ်မှတ်လာကြတာ ဖြစ်ပါတယ်။

ကျွန်ုပ်တို့က 'ဗုဒ္ဓဘာသာ' လို့ ခေါ်တဲ့ ဘာသာ ယုံကြည် ကိုးကွယ်မှုမျိုးမှာ တောင် မြတ်ဗုဒ္ဓ လက်ထက်တော်အခါက ဘုရားကိုယ်တော်တိုင်နဲ့ သူ့ရဲ့ ရှေ့က တပည့်သာဝကများ ပြုလုပ်ခဲ့တဲ့ အလေ့အကျင့်တွေ ထုံးတမ်းစဉ်လာတွေနဲ့ အပြင် ပန်းအားဖြင့် အင်မတန် ကွဲပြား ခြားနားတဲ့ အပေါ်ယံဟန်ပြ ဓလေ့ထုံးစံတွေ ပေါ်ပေါက်ခဲ့ပါသေးတယ်။ ရာစုနှစ် ပရိစ္ဆေဒ များစွာ ကြာမြင့်တဲ့တိုင် ယဉ်ကျေး မှု ပတ်ဝန်းကျင် အခြေအနေတွေရဲ့ ဩဇာ သက်ရောက်မှုကြောင့် မြန်မာ၊ ထိုင်း၊ တရုတ်၊ တိဗက်၊ သီရိလင်္ကာနဲ့ ဂျပန် ဗုဒ္ဓဘာသာတွေဟာ ကွဲပြားခြားနားကုန်ကြ တာ တွေ့ရတယ်။ ဒါပေမဲ့ ဓလေ့ထုံးစံ ဒီ ကွဲပြား ခြားနားမှုတွေဟာ တစ်ခုနဲ့ တစ်ခု ပဋိပက္ခ အသွင်မျိုး မဆောင်ကြပါဘူး။ ဘာကြောင့်လဲဆိုတော့ မြတ်ဗုဒ္ဓ ဟောတော်မူခဲ့တဲ့ သစ္စာတရား အမြင်ကတော့ အကွင်းမဲ့ အမှန်တရားအဖြစ် တည်ရှိနေလို့ပဲ ဖြစ်တယ်။ အပေါ်မြင် ရုပ်အသွင်အားဖြင့်သာ ဒီသစ္စာတရားကို ဖော်ဆောင်ပုံများဟာ ကိုးကွယ်သူများရဲ့ ဘဝနေနည်းကိုလိုက်ပြီး ကွဲပြားကုန်ကြ တာ ဖြစ်ပါတယ်။

ဗုဒ္ဓရှင်တော်မြတ်ဘုရား၊ ပရိနိဗ္ဗာန်စံပြီးနောက် ရာစုနှစ် အနည်းငယ် ကြာလာတဲ့အခါ မြတ်ဗုဒ္ဓရဲ့ တပည့်သာဝကများဟာ ကိုယ်တော်မြတ်ရဲ့ မူရင်း ဒေသနာတော် အပေါ် အခြေခံပြီး စုဝေးညီညာ သင်္ဂါယနာ တင်ခဲ့ကြပါတယ်။ ဘာသာ ယုံကြည် ကိုးကွယ်မှုကို စုစည်းကြတဲ့ အခါကျတော့ နှောင်းလူများက

တခြား ဘာသာရေး အယူအဆများ၊ ယုံကြည်မှုများ အတွင်းသို့ အံ့ဖွယ် အဆန်း တကြယ် တွေကိုရော၊ ဂမ္ဘီရ သဘောတွေ၊ ဗေဒင် ယတြာ သဘောတွေ၊ ဂါထာ မန္တရား၊ လက်ဖွဲ့ အစီအရင်တွေ၊ တန္တရ မန္တရတွေ၊ ဆုတောင်း ဂါထာတွေနဲ့ ပူဇော်ပသပုံ၊ ဓလေ့ထုံးစံ၊ စည်းကမ်း နည်းလမ်းတွေကို ထည့်သွင်း ပေါင်းစပ် လာကြတယ်။ ဒါတွေဟာ မူရင်းဒေသနာတော်တွေထဲမှာ မပါတာတွေပါ။ ဒါတွေ ပေါ်ပေါက်လာတဲ့ အခါကျတော့ မြတ်ဗုဒ္ဓရဲ့ မူရင်းဒေသနာတော်ထဲက အရေးကြီးတဲ့ ကိုယ့်ကိုယ်ကိုယ် သီလ၊ သမာဓိ၊ ပညာနဲ့ ပြည့်စုံအောင် ကိုယ့်အားကိုယ်ကိုးပြီး ထူထောင်ကြရမယ် ဆိုတဲ့ အဆုံးအမတွေကို လူတွေက လျစ်လျူရှုလာကြတယ်။ မူလ ဘုရားဟော တရားတော် အတိုင်း လိုက်နာ ကျင့်ကြံဖို့ထက် လူတွေက ကိုယ့်ကိုယ်ကိုယ် အန္တရာယ်ကင်း ဘေးရှင်းဖို့ အရေးလောက်၊ ကံကောင်းဖို့၊ ဘဝ အကျိုးပေး ကောင်းဖို့ လောက်ကိုသာ ပိုပြီး အရေးထားလာကြတယ်။ ကြာလာတော့ လူတွေ စိတ်ထဲမှာ မြတ်ဗုဒ္ဓရဲ့ မူရင်း ဒေသနာတော်တွေ အပေါ် စိတ်ဝင်စားမှု နည်းလာပြီးတော့ ကံဆိုး ကြမ္မာဆိုးတွေ ပပျောက်အောင် ယတြာချေတာတို့၊ ဂြိုဟ်စာ ကျွေးတာတို့၊ အောက်လမ်းနည်းတွေကိုပဲ ပိုပြီး စိတ်ဝင်စားလာခဲ့ကြတယ်။ အချိန် ကြာမြင့်လာခဲ့ တာနဲ့အမျှ မူရင်းဘာသာရေး ယုံကြည် ကိုးကွယ်မှု အမှန်တွေ အလေ့အကျင့်တွေဟာ ဆုတ်ယုတ်လာခဲ့ရတယ်။ လူတွေရဲ့ စိတ်မှာ လောကီ ကောင်းစားရေး ကိစ္စက ပိုပြီး အရေးကြီးလာတော့တယ်။ ယခုခေတ် တိုင်အောင် လူ အများရဲ့ စိတ်ထဲမှာ သူတို့ ကြုံတွေ့ရတဲ့ ကံမကောင်း အကြောင်းမလှတာတွေကို ပြင်ပက တန်ခိုး သိဒ္ဓိတွေ အားကိုးနဲ့ ပပျောက်အောင် လုပ်နိုင်တယ်လို့ ပိုပြီး ယုံကြည်လာကြတယ်။ ဒီယုံကြည်ချက်ကို ခုခေတ်တိုင်အောင် လူတွေရဲ့ စိတ်ထဲမှာ စွဲနေတုန်းပဲ ရှိသေးတယ်။ ဒီတော့ မိမိကိုယ်တိုင် သီလ၊ သမာဓိ၊ ဉာဏ်ပညာတွေ တိုးတက် ဖွံ့ဖြိုးလာအောင်၊ ခွန်အားရှိလာအောင် လုပ်ဖို့ ကိစ္စကို လျစ်လျူရှုလာကြ တယ်။ နောက်တစ်နည်း ပြောရရင် လူတွေက ဒီလို ပဥ္စလက်နည်း အောက်လမ်း နည်းတွေကို ဗုဒ္ဓဘာသာကို နာမည်တပ်ပြီး လုပ်လာကြတာကြောင့် ကိုယ့် အသိဉာဏ်ပညာ တိုးတက်ရေးဆိုတဲ့ လူ့ ဉာဏ်ပညာ ကိစ္စကို အပြစ်တင်ချင် လာကြတာ တွေ့ရတယ်။ ဒီလူတွေဟာ တကယ်တမ်းကျတော့ သန့်ရှင်း စင်ကြယ် လှတဲ့ မြတ်ဗုဒ္ဓရဲ့ ဒေသနာတော်မြတ်ကို ညစ်နွမ်းအောင် လုပ်နေကြတဲ့ လူတွေပဲ ဖြစ်ကြပါတယ်။

သို့ဖြစ်ရာ နိုင်ငံတကာမှာ ကျွန်ုပ်တို့ မြင်တွေ့နေကြရတဲ့ ခေတ်သစ်ဘာသာ အယူဝါဒတွေဟာ အဲဒီ နိုင်ငံတွေမှာ နေကြတဲ့ လူမျိုးတွေ၊ သာမန်လူတွေက သူ

တို့ရဲ့ လူမှုရေးနှင့် ယဉ်ကျေးမှု ပတ်ဝန်းကျင်နဲ့ လိုက်ဖက်အောင် ကိုယ့် စိတ်ကြိုက် ပြုပြင် မွမ်းမံထားတဲ့ ဘာသာ ယုံကြည် ကိုးကွယ်မှုတွေ ဖြစ်နေကြပါပြီ။ ဒါပေမဲ့ စတင် ပေါ်ပေါက်လာ ကတည်းက ဗုဒ္ဓဘာသာကတော့ ကောင်းကင်ဘုံမှကျလာ တယ်ဆိုတဲ့ ဘာသာတရားမျိုး မဟုတ်ဘဲ လူ့ လောကမှာ ရှည်လျားတဲ့ သမိုင်း ကြောင်းတစ်လျှောက် တစ်ဆင့်ပြီး တစ်ဆင့် ဖွံ့ဖြိုးတိုးတက် ပြောင်းလဲလာတဲ့ ယုံကြည် ကိုးကွယ်မှုမျိုး ဖြစ်တာကြောင့် ဒီဘာသာတရားရဲ့ ဆင့်ကဲဖြစ်စဉ်မှာ လူပေါင်းများစွာဟာ မူရင်းဒေသနာတော်ဆီက တဖြည်းဖြည်းချင်း ဝေးကွာသွားကြ ပြီး ကွဲပြားတဲ့ ဂိုဏ်းဂဏသစ်တွေ စတင်ပေါ်ပေါက်လာခဲ့တာ ဖြစ်ပါတယ်။

လူတွေရဲ့ ဘာသာကို နာမည်တပ်ပြီး မျက်ကန်း ယုံကြည် ကိုးကွယ်တာ မျိုးတွေကို မြင်တွေ့ကြရတဲ့အခါ ဘာသာတရား တစ်ခုရဲ့ စစ်မှန်မှုကို ပြောချင်လို့ ဖြစ်ဖြစ်၊ ရှုတ်ချ ပုတ်ခတ်ချင်လို့ပဲ ဖြစ်ဖြစ် အဆောတလျင် မလုပ်သင့်ပါ။ ဒီ ဘာသာတရားရဲ့ သဘာဝ အမှန်ကို သိနားလည်ချင်ရင် မူရင်း ဒေသနာတော်ကို သေသေချာချာ စူးစမ်း လေ့လာသင့်ပါတယ်။

နှောင်းလူတွေ တိုးချဲ့ ပြုလုပ်ခဲ့ကြတဲ့ အယူအဆတွေ၊ အလေ့အကျင့်တွေ အရောရော အနှောနှော ဖြစ်နေတာကြောင့် မြတ်ဗုဒ္ဓ ကိုယ်တော်တိုင် ဟောတော်မူ ခဲ့တဲ့ မူရင်းဓမ္မ ဒေသနာတော်များဘက်ကို လှည့်ကြမှသာ ကျွန်ုပ်တို့ အတွက် အသုံးဝင်မှာ ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာလို့ နာမည်ခံပြီး လူတွေ ဘယ်လိုပဲ ယုံ ကြည် ကိုးကွယ်နေနေ မြတ်ဗုဒ္ဓရဲ့ မူရင်း အနှစ်ဒေသနာ အစစ်တွေကတော့ ဗုဒ္ဓရဲ့ ပိဋကတ်တော်တွေထဲမှာ အထင်အရှား ရှိနေပါသေးတယ်။

# ဗုဒ္ဓဘာသာရဲ့ အဓိက ဂိုဏ်းကြီးများ

*ဗုဒ္ဓဘာသာကို အမှန်အတိုင်း ယုံကြည်ကိုးကွယ် ဆည်းကပ်ချင်သူများ အနေနှင့်ဆိုလျှင် ဘယ်ဂိုဏ်းဂဏထဲမှ မပါဘဲ ဆည်းကပ် ကိုးကွယ် လို့လည်း ဖြစ်ပါတယ်။*

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် စံပြီးနောက် ရာစုနှစ် အနည်းငယ်အတွင်း ဗုဒ္ဓရှင်တော်မြတ်၏ မူရင်း ဓမ္မဒေသနာတော်များကို ကိုယ်စားပြုသည်ဟု ဆိုပြီး သာသနာတော်အတွင်း

ဂိုဏ်းဂဏပေါင်း ၁၈ ဂိုဏ်း ပေါ်ပေါက်လာတယ်။ ဒီလို အယူကွဲ ဂိုဏ်းကွဲတွေ ပေါ်ပေါက်လာရတာဟာ ဗုဒ္ဓရှင်တော်မြတ် ဟောတော်မူခဲ့တဲ့ ဒေသနာတော်တွေကို အဓိပ္ပာယ် အမျိုးမျိုး ဖွင့်ကြ၊ အယူအဆ အမျိုးမျိုးနဲ့ နားလည်ခဲ့ကြတာကို အခြေခံပြီး ကွဲကုန်ကြတာပဲ ဖြစ်တယ်။ ကာလ ကြာလာတော့ ဒီဂိုဏ်း အမျိုးမျိုးဟာ ပဓာန ဂိုဏ်းကြီး နှစ်ဂိုဏ်းအဖြစ် ပေါင်းသွားကြတယ်။ ထေရဝါဒနဲ့ မဟာယာန ဆိုပြီး ဖြစ်လာကြတယ်။ ယနေ့အခါမှာတော့ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူများဟာ ဒီနှစ်မျိုးပဲ သိသိသာသာ ကွဲပြားနေကြပြီ ဖြစ်ပါတယ်။

အခြေခံအားဖြင့်တော့ မဟာယာန ဗုဒ္ဓဘာသာဟာလည်း မြတ်ဗုဒ္ဓရဲ့ ဟောကြားထားတဲ့ တရား အပေါ်မှ အခြေခံတာပါပဲ။ သူတို့က လူသားတိုင်းမှာ ဘုရား ဖြစ်နိုင်တဲ့ အလားအလာတွေ ပါရှိတယ်လို့ ယူဆကြတယ်။ ဒီ ဘုရား ဖြစ်နိုင်တယ်ဆိုတာ သူ့ အလိုလို ဖြစ်နိုင်တာ မဟုတ်ဘူး။ လူကိုယ်တိုင်ရဲ့ သမ္မပ္ပဓာန် လုံ့လနဲ့ စိုက်ထုတ်မှသာ ဖြစ်နိုင်တာလို့ ထေရဝါဒ ကိုးကွယ်သူတွေ ဘက်က သဘောထားပြီး ပြောကြတယ်။ မဟာယာနတွေ ဘက်က ပြောပြန်တာက သူတို့အနေနဲ့ ဘဝ လွတ်မြောက်ခွင့်ကို ဗောဓိသတ္တ ဘုရားလောင်းတွေရဲ့ အကူအညီနဲ့ ရအောင် လုပ်လို့ ရနိုင်တယ်။ ယုံကြည်ကြပြန်တယ်။ သူတို့ရဲ့ အယူအဆက ဗောဓိသတ္တ ဘုရားလောင်း ဆိုတာ နောင်ပွင့်မည့် ဘုရားလောင်းတွေ ဖြစ်ကြတယ်။ လူသားများ အပေါ်မှာ ထားတဲ့ သူတို့ရဲ့ မေတ္တာ ကရုဏာ တရားကြောင့်သာ သူတို့က ဗုဒ္ဓဘုရား အဖြစ်ကို ချက်ချင်း မယူသေးဘဲ လူသားများကို အရင် ဘဝ လွတ်မြောက်မှုရအောင် ကူညီ ကယ်တင်ဖို့ အတွက် ဆိုင်းငံ့ထားကြလို့ ယူဆကြတာ ဖြစ်တယ်။ ဒီလို အခြေခံ အယူအဆ မတူဘဲ ကွဲပြားနေကြစေကာမူ တိပိဋကမှာ လာတဲ့ ဓမ္မဒေသနာအရ လုံးဝ သဘောထား ကွဲနေကြတာတော့ မဟုတ်ပါဘူး။ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဗုဒ္ဓဘာသာဝင်တွေကို သစ္စာတရားကို သတိထားပြီး ရှာဖွေ စူးစမ်းဖို့ကို အားပေးတော်မူတာဖြစ်တော့ သူတို့မှာလည်း ပိဋကတော်တွေကို သူတို့ကလည်း သူတို့ နားလည်သလို လွတ်လပ်စွာ အဓိပ္ပာယ် ဖွင့်ခွင့်ရှိကြတာပဲ။ ဒါတွေထက် ပိုပြီး အဓိကကျတာက မဟာယာနပဲ ဖြစ်ဖြစ်၊ ထေရဝါဒပဲ ဖြစ်ဖြစ် မြတ်စွာဘုရား အပေါ်မှာ ကြည်ညိုပုံကတော့ တစ်မျိုးတစ်စားတည်းပါပဲ။ ကြည်ညိုခြင်း အတူတူပါပဲ။

မဟာယာနနဲ့ ထေရဝါဒ ဗုဒ္ဓဘာသာ နှစ်ခုမှာ တူညီတဲ့ အချက်တွေဟာ အောက်ပါအတိုင်း ဖြစ်ပါတယ်။

၁။ သကျမုနိ ဗုဒ္ဓမြတ်စွာဘုရားကို နှစ်ဂိုဏ်းလုံးက သူတို့ရဲ့ ဆရာ အာစရိယ အဖြစ် သဘောထားပြီး ကိုးကွယ်ကြတာပါ။

၂။ အရိယာသစ္စာ လေးပါး မြတ်တရားကလည်း တစ်သဘောတည်းပါပဲ။

၃။ မဂ္ဂင်ရှစ်ပါး မြတ်တရားကလည်း တစ်ထပ်တည်း တူညီကြတာပါပဲ။

၄။ 'ပဋိစ္စသမုပ္ပာဒ်' တရားတော်နဲ့ ပတ်သက်လို့လည်း ဘာမှ မကွဲဘူး။ တစ်သဘောတည်းပါ။ အတူတူပါပဲ။

၅။ နှစ်ဂိုဏ်းစလုံးက ထာဝရ ဖန်ဆင်းရှင် ဘုရားဝါဒကို ငြင်းပယ်ကြတာချည်းပဲ။ တစ်သဘောတည်းပါပဲ။

၆။ နှစ်ဂိုဏ်းစလုံးက အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတဲ့ လက္ခဏာရေး သုံးပါး အမြင်မှာရော သီလ၊ သမာဓိ၊ ပညာ အမြင်တွေမှာပါ ဘာမှ မကွဲပြားပါဘူး။ အားလုံး အတူတူပါ။

တချို့ လူတွေမှာတော့ ထေရဝါဒဟာ တစ်ကိုယ်ကောင်းဝါဒ ဆိုတဲ့ အမြင်မျိုး ရှိတတ်ကြတယ်။ ဘာကြောင့်လဲဆိုတော့ ထေရဝါဒက ကိုယ့်အတွက်၊ ကိုယ့် ဘဝ လွတ်မြောက်ရေးကို လုပ်ဖို့ အရေးထား ဟောလို့ ဖြစ်တယ်။ ဒါပေမဲ့ တစ်ကိုယ်ကောင်း အတ္တစွဲသန်တဲ့ ယူဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ဘယ်လို လုပ်ပြီး ရနိုင်ပါ့မလဲ။ မဟာယာနနဲ့ ထေရဝါဒ နှစ်ဂိုဏ်းစလုံးက ဗောဓိ သုံးမျိုး၊ ယာန သုံးမျိုး အယူအဆကို အတူတူ လက်ခံကြတာပါ။ ဘုရားအဖြစ် ဆုကြီးပန် တာကိုတော့ အမြင့်ဆုံးလို့ သဘောထားပါတယ်။ မဟာယာနကတော့ ဂမ္ဘီရဆန်တဲ့ ဗောဓိသတ္တ ဘုရားလောင်း အမျိုးမျိုးကို ဖန်တီးထားကြတယ်။ ထေရဝါဒကတော့ ဗောဓိသတ္တ ဘုရားလောင်းဟာလည်း လူထဲက လူပဲ။ လူ အဖြစ်နဲ့ သူ့ ဘဝ တစ်ခုလုံးကို ပါရမီဖြည့်ခြင်းဖြင့်သာ ကုန်လွန်စေပြီး အဆုံးစွန် ဘဝမှာ လောက ကြီး ပျော်ရွှင် ချမ်းမြေ့ပြီး သာယာရေး အတွက် သဗ္ဗညုဗုဒ္ဓ အဖြစ် လူ့ ဘဝမှာပဲ ဖြစ်လာတဲ့ လူကို ဘုရားအလောင်းတော်လို့ သဘောထားတာ ဖြစ်တယ်။

ဟိနယာန (ယာဉ်ငယ်)၊ မဟာယာန (ယာဉ်ကြီး) ဆိုတဲ့ ဝေါဟာရတွေဟာ ထေရဝါဒ ပိဋက ကျမ်းစာတွေ ထဲမှာ မပါပါဘူး။ ပါဠိ ပိဋကတော်တွေထဲမှာ ရော၊ အဋ္ဌကထာတွေထဲမှာရော ဒီစကားလုံးတွေကို လုံးဝ မတွေ့ရပါဘူး။

ထေရဝါဒ ဗုဒ္ဓဘာသာဝင်တွေဟာ လွန်ခဲ့တဲ့ အနှစ် ၂၅၀၀ ကျော်တုန်းက အိန္ဒိယနိုင်ငံမှာ ထွန်းကားခဲ့တဲ့ ဘုရား လက်ထက်တော် အခါက တည်ရှိခဲ့တဲ့ ရှေး

ပေါင်း ဘာသာရေး ထုံးတမ်းစဉ်လာတွေကို လိုက်နာသူများ ဖြစ်ကြပါတယ်။ ဘာသာရေး ကိစ္စတွေကိုလည်း ပါဠိ အသုံးအနှုန်းနဲ့ပဲ ပြုလုပ်ကြတယ်။ ထေရဝါဒ ကလည်း သဗ္ဗညုဘုရား အဖြစ်ကို ရောက်ပြီးမှ နိဗ္ဗာန် ပန်းတိုင်ကို မျက်မှောက်ပြု လိုတဲ့ မျှော်လင့်ချက်လည်း ရှိကြပါတယ်။ ပစ္စေကဗုဒ္ဓါ ရဟန္တာ အဖြစ်နဲ့ နိဗ္ဗာန်ကို စံဝင်ခြင်း သဘောကိုလည်း မျှော်လင့် တောင့်တကြတယ်။

ထေရဝါဒ အများစုကတော့ ရဟန္တာ အဖြစ်နဲ့ နိဗ္ဗာန်စံဝင်ခြင်း နည်းလမ်းကို ပိုပြီး နှစ်သက်ကြတယ်။ သီရိလင်္ကာ၊ မြန်မာ၊ ထိုင်းစတဲ့ ဗုဒ္ဓဘာသာ လူမျိုးများဟာ ထေရဝါဒ ဂိုဏ်းသားများ ဖြစ်ကြပါတယ်။ မဟာယာနတွေကတော့ ရှေးကျတဲ့ ဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းတွေကို ပြောင်းလဲပစ်တတ်ကြတယ်။ မဟာယာနတွေက ရှေးရိုးဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းတွေကို သူတို့ နေထိုင်တဲ့ နိုင်ငံ၊ လူမျိုးတွေရဲ့ ဓလေ့ထုံးစံတွေနဲ့ ကိုက်ညီအောင် ပြောင်းလဲပစ်တတ်ကြတယ်။ ပြီးတော့ ဘာသာရေး ကိစ္စတွေကို ဆောင်ရွက်တဲ့ အခါမှာလည်း (ပါဠိတော်ကို မသုံးဘဲ) တရုတ်ဆို တရုတ် ဘာသာ၊ ဗီယက်နမ်ဆို ဗီယက်နမ် ဘာသာ၊ တိဗက်ဆို တိဗက် ဘာသာ၊ ဂျပန်ဆို ဂျပန် ဘာသာစကားတွေနဲ့ပဲ ရွတ်ဖတ် သရဇ္ဈာယ်ကြ တယ်။ ဒါကြောင့် မဟာယာနတွေဟာ၊ ဗုဒ္ဓကိုရော ဗောဓိသတ္တ ဘုရားလောင်းကို ရော (တန်းတူထားပြီး) ဂုဏ်ပြုကြတယ်။ တရုတ်ပြည်၊ ဂျပန်ပြည်၊ ကိုရီးယားမှာ ရှိတဲ့ ဗုဒ္ဓဘာသာဝင်တွေဟာ မဟာယာန ဂိုဏ်းသားများ ဖြစ်ကြတယ်။ တိဗက်နဲ့ မွန်ဂိုးလီးယားကျတော့ 'ဝဇိရာယာန' လို့ ခေါ်တဲ့ တခြား ဗုဒ္ဓဘာသာ တစ်မျိုးကို ကိုးကွယ်ကြတယ်။ ပညာရှင်တွေကတော့ 'ဝဇိရာယာန' ဂိုဏ်းခွဲဟာလည်း မဟာယာန ဗုဒ္ဓဘာသာထဲ သက်ဝင်တယ်လို့ သဘောထားကြတယ်။

ပာစ်ကမ္ဘာလုံးမှာရှိတဲ့ ပညာရှင်တွေ အားလုံးက ဟိနယာန၊ မဟာယာနဆို တဲ့ ဝေါဟာရတွေဟာ နှောင်းကာလကိုမှ တီထွင်ကြတာတွေ ဖြစ်တယ်လို့ ယူဆ ကြတယ်။ သမိုင်းကြောင်းအရ ပြောရရင်တော့ ဒီစကားလုံးတွေ ပေါ်မလာခင် ကာလကြာမြင့်စွာ ကတည်းက ထေရဝါဒဆိုတဲ့ ဝေါဟာရဟာ တည်ရှိနေပြီးသား ဖြစ်ပါတယ်။

ဘီစီ ၃၀၀ လောက်က အိန္ဒိယက သီရိဓမ္မာ သောကမင်း လက်ထက်မှာ မူရင်း ဗုဒ္ဓဘာသာလို့ ပညာရှင်များ အားလုံးက အသိအမှတ်ပြုထားတဲ့ ထေရဝါဒ ဟာ သီရိလင်္ကာနိုင်ငံကို စတင် ရောက်ရှိခဲ့ပါတယ်။ အဲဒီအချိန်တုန်းက မဟာယာန ဆိုတာ ရှိကို မရှိသေးဘူး။ မဟာယာနက ဒီနောက်ပိုင်းကျမှ ပေါ်လာတဲ့ နောက်မှ ပေါက်တဲ့ ရွှေကြာပင် ဖြစ်ပါကယ်။ ခရစ်ယာန် အယူဝါဒ စတင် ပေါ် ပေါက်တဲ့

(ဘီစီ ၅၀၀) ကျော်ကျမှ ပေါ်လာတာဖြစ်တယ်။ ဘီစီ ၃၀၀ ကတည်းက ထေရဝါဒ ပါဠိ ပိဋကတော်များနှင့်တကွ အဋ္ဌကထာကျမ်းများဟာ သီရိလင်္ကာနိုင်ငံ ကို ရောက်ရှိခဲ့တာပါ။ သီရိလင်္ကာမှာပဲ ထေရဝါဒ ဆိုတဲ့ တိတိကျကျ ဂိုဏ်းတစ်ခု အဖြစ်နဲ့ အခိုင်အမာ တည်လာခဲ့တာပါ။ ဟိနယာနဂိုဏ်း အဖြစ်နဲ့ ရောက်လာခဲ့တာ မဟုတ်ပါဘူး။ ဒီဟိနယာန အငြင်းပွားမှုကို နောက်ပိုင်းကျမှ အိန္ဒိယပြည်မှာ မဟာယာနတွေက လုပ်လာခဲ့ကြတာပါ။ ဒါကြောင့် မဟာယာနထဲမှာရော၊ ဟိနယာန ထဲမှာရော ထေရဝါဒကို ထည့်ဖို့ မသင့်ပါဘူး။ သို့သော် ၁၉၅၀ ခုနှစ်တုန်းက ကမ္ဘာ့ ဗုဒ္ဓဘာသာ သဟာယ (World Fellowship of Buddhists) ကို စတင် ဖွဲ့ စည်း တည်ထောင်ကြတဲ့ အချိန်မှာ အရှေ့တိုင်း၊ အနောက်တိုင်းက အသိပညာ ရင့်ကျက်တဲ့ ပုဂ္ဂိုလ်များက ဟိနယာနကို အသိအမှတ် မပြုကြဘဲ ထေရဝါဒကိုသာ တရားဝင် အသုံးပြုခဲ့ကြပါတယ်။ အရှေ့တောင်အာရှမှာ ထွန်းကားတဲ့ ဗုဒ္ဓဘာသာ ဟာ ထေရဝါဒသာပဲ ဖြစ်ပါတယ်။ ယခုအချိန်အထိ အမြော်အမြင်နည်းတဲ့ ခေတ် မမီတဲ့ လူတွေကတော့ ဟိနယာနဆိုတဲ့ စကားလုံးကို သုံးနှုန်းနေတတ်ကြတုန်း ရှိ သေးတယ်။ မဟာယာန သုတ္တန် တစ်ခုဖြစ်တဲ့။ သန္ဓိနိမောစန* သုတ်မှာလည်း ထေရဝါဒနဲ့ မဟာယာနသည် (ဧကာယာန) ယာန တစ်ခုတည်းပဲ ဖြစ်တယ်။ ဒါက ဗုဒ္ဓဘာသာ နှစ်မျိုး၊ 'ယာန' နှစ်မျိုး ကွဲနေတာ မဟုတ်ဘူးလို့ ရှင်းရှင်း လင်းလင်း ဖော်ပြထားတယ်။

မတူညီတဲ့ ကွဲပြားနေတဲ့ ဗုဒ္ဓဘာသာများမှာ မတူညီတဲ့ ထင်မြင် ယူဆချက် တွေ ရှိကြပေမဲ့ အနှစ် ၂၀၀၀ ကျော် ကာလအတွင်းမှာ ဒီဂိုဏ်းကွဲ အချင်းချင်း အကြမ်းဖက်တာတို့၊ သွေးထွက်သံယို ပဋိပက္ခ ဖြစ်တာမျိုး လုံးဝ မရှိခဲ့ပါဘူး။ ဒါဟာ ဗုဒ္ဓဘာသာရဲ့ သည်းခံနိုင်တဲ့ ခန္တီ သတ္တိထူးပဲ ဖြစ်ပါတယ်။

*Samdhi Nirmorcana Sutta.

# ၅
# အခြေခံ အယူအဆများ

## တိပိဋက

*၄၅ ဝါတို့ ပတ်လုံး မြတ်ဗုဒ္ဓ ဟောကြား ဆုံးမတော်မူခဲ့သော ဓမ္မဒေသနာများကို စုပေါင်းပြီး ပါဠိ ဘာသာ စကားဖြင့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ဟူ၍ ခွဲခြားသတ်မှတ်ပြီး နိကာယ် ငါးရပ် ပိဋက သုံးပုံ ပြုလုပ်ထားသော အရာကို တိပိဋကဟု ခေါ်ခြင်းဖြစ်သည်။*

ဘုရား လက်ထက်တော် အခါက သက်ရှိ ထင်ရှားဖြစ်သော ရဟန္တာ အရှင်ကောင်း အရှင်မြတ်များသည် လက်ရှိပုံစံ အတိုင်း တိပိဋကခေါ် ပိဋက သုံးပုံကို ပြုစု မှတ်တမ်းတင် ထားခဲ့ကြတယ်။

မြတ်စွာဘုရားကား ပရိနိဗ္ဗာန် ပြုသွားပြီ ဖြစ်တယ်။ သို့သော် ထူးကဲ မွန်မြတ်လှစွာ ဓမ္မဒေသနာတော်များကတော့ လူသားများ အကျိုးငှာ မခြွင်းမချန်

ဟောတော်မူထားရစ်တဲ့ အတိုင်း သန့်ရှင်း စင်ကြယ်လှစွာ ယခုထက်တိုင်အောင် ကောင်းစွာ တည်ရှိနေပါတယ်။

မြတ်စွာဘုရား ကိုယ်တော်တိုင် လက်ရေးနဲ့ ရေးတဲ့စာအဖြစ် ထားခဲ့တာ မဟုတ်သော်လည်း ထင်ရှားလှတဲ့ တပည့်သာဝကကြီးများက ဒီတရား ဒေသနာတော်များကို မပျောက်မပျက်ရအောင် ထိန်းသိမ်းဖို့အတွက် ပထမမှာ နှုတ်တိုက် အာဂုံဆောင် မှတ်သားထားခဲ့ကြတယ်။ တစ်ဆက်ပြီး တစ်ဆက် အာဂုံဆောင်နည်းဖြင့် လက်ဆင့်ကမ်း သင်ကြားပေးခဲ့ကြတယ်။

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် ပြုသွားတော်မူတဲ့အခါ ချက်ချင်းပဲ ရဟန္တာ အရှင်မြတ်ကြီး ၅၀၀ ဟာ စုဝေးပြီး ပထမ သင်္ဂါယနာ အမည်တွင်တဲ့ သဘင်ကြီး ဆင်နွှဲပြီး သင်္ဂါယနာ တင်တော်မူခဲ့ကြတယ်။ မြတ်စွာဘုရား ဟောကြားတော်သမျှ တရားတော်တွေကို အနီးကပ် ပြုစုခွင့်ရခဲ့တဲ့ ရှင်အာနန္ဒာ ကိုယ်တော်ကြီးက သူ ကြားဖူးခဲ့သမျှ ဓမ္မ ဒေသနာတော်များကို 'ဧဝံ မေ သုတံ' ဆို သုတ္တန်ပိုင်းကို ရွတ်ဖတ်ပြတော်မူရတယ်။ ဥပါလိအရှင်မြတ်က ဝိနည်း ဒေသနာတော်များကို သူ မှတ်သားထားခဲ့သမျှ ရွတ်ဖတ်တော်မူရတယ်။

ပထမ သင်္ဂါယနာ တင်ပြီးနောက် အနှစ် ၁၀၀ ကြာတဲ့အခါ ကာလာသောက မင်းလက်ထက်မှာ တချို့ သာဝကကြီးများက ဝိနည်း သိက္ခာပုဒ်ငယ် အချို့ကို ပြုပြင်ဖို့ လိုလာတာကို သိမြင်တော်မူခဲ့ကြတယ်။ ရှေးအယူအစွဲသန်တော်မူကြတဲ့ သံဃာတော်များက ဝိနည်းသိက္ခာပုဒ်တွေကို ဘာတစ်ခုမှ ပြောင်းလဲစရာ မလိုဘူးလို့ ယူဆကြတယ်။ နောက်ဆုံးကျတော့ ဒီအချိန်ကစပြီး အယူအဆ မတူတဲ့ ဂိုဏ်းဂဏကွဲတွေ စတင်ပြီး ပေါ်ပေါက်ဖို့ အစ့်အညွှောက် ပေါက်လာတော့တာပဲ။ ဒုတိယ သင်္ဂါယနာမှာ ဝိနည်း သိက္ခာပုဒ်တွေ အပေါ်မှာပဲ အခြေတည်ပြီး ဆွေးနွေးခဲ့ကြတယ်။ သုတ္တန် ဒေသနာ အပေါ်မှာတော့ အငြင်းပွားတာ မတွေ့ရပါဘူး။

ဘီစီ ၃၀၀ လောက်ကို ရောက်တော့ အာသောကဧကရာဇ် ဘုရင်ကြီးလက်ထက်မှာ တတိယ သင်္ဂါယနာ တင်တော်မူကြတယ်။ သံဃာ အစုအဖွဲ့တွေကြားမှာ ပေါ်ပေါက်နေတဲ့ အမြင် အယူအဆ ကွဲပြားမှုတွေကို တတိယ သင်္ဂါယနာမှာ ဆွေး နွေးခဲ့ကြတယ်။ ဒီသင်္ဂါယနာမှာ ဆွေးနွေးချက်တွေဟာ ဝိနည်းတော်နည်းသာ သက်ဆိုင်ကြတာ မဟုတ်တော့ဘဲ သုတ္တန် ဒေသနာတော်တွေနဲ့လည်း ဆက်နွှယ် ဆွေးနွေးခဲ့ကြပါတယ်။ ဒီသင်္ဂါယနာပွဲကြီး အပြီးမှာ သင်္ဂါယနာရဲ့ ဥက္ကဋ္ဌ (နာယက)

ဖြစ်တဲ့ အရှင်မောဂ္ဂလိပုတ္တ တိဿမထေရ်ကြီးက ကထာဝတ္ထု ခေါ်တဲ့ အဘိဓမ္မာ ကျမ်းကို ပြုစုတော်မူတယ်။ ဒီကျမ်းထဲမှာ အယူလွဲ အယူမှားတွေကို သုတ်သင် ရှင်းလင်းတော်မူတယ်။ ဘီစီ ၈၀၊ ဝဋ္ဋဂါမိဏိမင်း လက်ထက်မှာ ကျင်းပတဲ့ စတုတ္ထ သင်္ဂါယနာဟာ သီရိလင်္ကာနိုင်ငံမှာ ပြုလုပ်ခဲ့တာပါ။ သီရိလင်္ကာမှာ ကျင်းပတဲ့ ဒီသင်္ဂါယနာပွဲကျမှ တိပိဋကခေါ် ပိဋကသုံးပုံကို စတင်ပြီး ပေထက် အက္ခရာ တင်တော်မူကြတာ ဖြစ်တယ်။

ဗုဒ္ဓ ဒေသနာတော်များကို စုစည်းထားတဲ့ ပိဋက သုံးပုံထဲမှာ သုံးပုံ၊ သုံး ပိုင်း ပါရှိတယ်။ ဝိနည်း ပိဋက,က တစ်ပိုင်း၊ သုတ္တန် ပိဋက,က တစ်ပိုင်း အဘိ ဓမ္မာ ပိဋက,က တစ်ပိုင်း ဖြစ်တယ်။

ဝိနည်း ပိဋကမှာကတော့ ဘိက္ခု သံဃာတော်များနဲ့ ဘိက္ခုနီများနဲ့ သက် ဆိုင်တဲ့ ဥပဒေ စည်းမျဉ်း စည်းကမ်းများကို သတ်မှတ် ဖော်ပြတာ ဖြစ်တယ်။ ဒီ အပိုင်းမှာ သာသနာ တဖြည်းဖြည်း တိုးတက် ဖွံ့ဖြိုးလာပုံကို ခရေစေ့တွင်းကျ အသေးစိတ် ဖော်ပြထားတယ်။ မြတ်ဗုဒ္ဓရဲ့ ဘဝနဲ့ သာသနာပြု လုပ်ငန်းများ အကြောင်း ဗုဒ္ဓဝင် ဖြစ်ရပ်များကိုလည်း ဝိနည်း ပိဋကမှာပဲ ဖော်ပြထားတာ ဖြစ် တယ်။ သွယ်ဝိုက်သောအားဖြင့် ဂိနည်းပိုင်းမှာ ရှေးကျတဲ့ အိန္ဒိယနိုင်ငံ သမိုင်း၊ ဓလေ့ထုံးစံများ၊ အတတ်ပညာ သိပ္ပများကိုပါ ဖော်ပြထားတယ်။

သဗ္ဗညုတဉာဏ်ကို မဟာဗောဓိမှာ အောင်မြင်တော်မူခဲ့ပြီးနောက် အနှစ် နှစ်ဆယ်တိုင့်ပတ်လုံး မြတ်စွာဘုရားဟာ သံဃာတော်များအတွက် ဝိနည်း သိက္ခာ ပုဒ်တွေကို ပြဋ္ဌာန်း သတ်မှတ်တော်မူခြင်း မရှိခဲ့သေးပါ။ နောက်ပိုင်းကျမှ အခါ အခွင့်တွေ ပေါ်လာလို့ မြတ်စွာဘုရားက သာသနာ အဓွန့်ရှည် တည်တံ့စေဖို့ ဥပဒေ စည်းမျဉ်းများကို ပြဋ္ဌာန်းတော်မူခဲ့တာ ဖြစ်တယ်။

ဝိနည်း ပိဋကတော်ထဲမှာ အောက်ပါ ကျမ်းများ ပါပါတယ်။

၁။ ပါရာဇိကဏ် - ပါဠိ (အပြစ်ကြီးများ)
၂။ ပါစိတ် - ပါဠိ (အပြစ်ငယ်များ)
၃။ မဟာဝဂ္ဂ - ပါဠိ (အပိုင်းကြီး)
၄။ စူဠဝဂ္ဂ - ပါဠိ (အပိုင်းငယ်)
၅။ ပရိဝါရ - ပါဠိ (ဝိနည်းအကျဉ်း သခင်္ဂြပ)

## သုတ္တန်ပိဋက

သုတ္တန် ဒေသနာမှာ မြတ်ဗုဒ္ဓ အခါအားလျော်စွာ ဟောကြားတော်မူသော တရားများကို စုစည်း တင်ပြထားသော အပိုင်း ဖြစ်တယ်။ ထိုသုတ္တန်များထဲတွင် ဗုဒ္ဓ၏ ထင်ရှားသော တပည့် သာဝကကြီးများ ဟောကြားတော်မူသော တရား အချို့လည်း ပါတယ်။ ရှင်သာရိပုတ္တရာ၊ ရှင်အာနန္ဒာ၊ ရှင်မောဂ္ဂလာန် အရှင်မြတ် စသူတို့ ဟောကြားသော တရားတော်များ ဖြစ်တယ်။ သုတ္တန် တရားများမှာ အနာနှင့်ဆေး တည့်အောင် ပေးထားသော ကာလ ဒေသနှင့် ပုဂ္ဂိုလ် စရိုက်ကို လိုက်ပြီး ဟောထားသော ဆေးစာညွှန်းနှင့် တူသော ဓမ္မ ဒေသနာများ ဖြစ်ကြပါတယ်။ အခါအခွင့် အားလျော်စွာ ပုဂ္ဂိုလ်ရဲ့ စရိုက်ကို လိုက်ပြီး ဟောထားတဲ့ တရားများ ဖြစ်တဲ့အတွက် တချို့ တရားနဲ့ တချို့ တရားများဟာ ဝိရောဓိသဘော ဆန့်ကျင်နေသယောင် ဖြစ်နေတာတောင် ပါတတ်ပါတယ်။ ဒါကို တလွဲ အဓိပ္ပာယ် မဖွင့်သင့်ပါဘူး။

သုတ္တန် ပိဋကကို နိကာယ် ငါးရပ်ဖြင့် ခွဲခြား ဖော်ပြထားတယ်။ နိကာယ်ဆိုတာက အစုအပေါင်းကို ပြောတာပါ။ ပါဝင်တဲ့ နိကာယ်တွေက

၁။ ဒီဃနိကာယ် (ရှည်လျားတဲ့ သုတ္တန်အပေါင်း)
၂။ မဇ္ဈိမနိကာယ် (မတိုမရှည် သုတ္တန်အပေါင်း)
၃။ သံယုတ္တနိကာယ် (သဘောတူရာဆိုသော သုတ္တန်အပေါင်း)
၄။ အင်္ဂုတ္တရနိကာယ် (အရေအတွက်အားဖြင့်ပြသော သုတ္တန်အပေါင်း)
၅။ ခုဒ္ဒကနိကာယ် (ငယ်သော သုတ္တန်အပေါင်း)

နိကာယ် ငါးရပ်ကို ထပ်မံ၍ ကျမ်း ၁၅ မျိုး ခွဲပြထားသည်။

| | | |
|---|---|---|
| ၁။ | ခုဒ္ဒကပါထ | (Shorter Text) |
| ၂။ | ဓမ္မပဒ | (The way of Truth) |
| ၃။ | ဥဒါန | (Heartfelt sayings) |
| ၄။ | ဣတိဝုတ္တက | ('Thus said' Discourses) |
| ၅။ | သုတ္တနိပါတ | (Collected Discourses) |
| ၆။ | ဝိမာနဝတ္ထု | (Stories of Celestial Mansions) |
| ၇။ | ပေတဝတ္ထု | (Stories of Petas) |

| | | |
|---|---|---|
| ၈။ | ထေရဂါထာ | (Psalms of the Brothren) |
| ၉။ | ထေရီဂါထာ | (Psalms of the Sisters) |
| ၁၀။ | ဇာတက | (Birth Stories) |
| ၁၁။ | နိဒ္ဒေသ | (Expositions) |
| ၁၂။ | ပဋိသမ္ဘိဒါ | (Analytical Knowledge) |
| ၁၃။ | အပါဒါန | (Lives of Saints) |
| ၁၄။ | ဗုဒ္ဓဝံသ | (History of the Buddha) |
| ၁၅။ | စရိယပိဋက | (Modes of Conduct) |

**အဘိဓမ္မာ ပိဋက**

လေးနက်စွာ တွေးခေါ်တတ်သူများ အဖို့ အဘိဓမ္မာသည် အရေးအကြီးဆုံးနှင့် စိတ်ဝင်စားဖွယ် အကောင်းဆုံး ပိဋက ဖြစ်တယ်။ အဘိဓမ္မာထဲမှာ ပိုရှင်းပြီး နားလည်လွယ်တဲ့ သုတ္တန်ပိဋကနဲ့ နှိုင်းစာရင် ပိုပြီး လေးနက်၍ ပညာသားပါတဲ့ အတွေးအခေါ် ဒဿနများ ပါဝင်ပါတယ်။

သုတ္တန်ပိဋက ထဲမှာတော့ မကြာခဏ လူပုဂ္ဂိုလ် စသည်ကို ရည်ညွှန်းပြီး ဟောကြားတာမျိုး မကြာခဏ မြင်တွေ့ကြရပါတယ်။ အဘိဓမ္မာထဲကျတော့ သမုတိသစ္စာကို ဖော်ပြတဲ့ စကားလုံးတွေအစား ပရမတ္ထသစ္စာကို ဖော်ပြတဲ့ ပုဂ္ဂိုလ်သတ္တဝါကို မဖော်ပြဘဲ ခန္ဓာ ငါးပါး၊ ရုပ်နမ် နှစ်ပါး ဆိုတဲ့ အသုံးအနှုန်းမျိုးကိုသာ တွေ့ကြရတယ်။

သုတ္တန်ပိဋကထဲမှာ ဝေါဟာရ ဒေသနာခေါ်တဲ့ သမုတိသစ္စာကိုပြတဲ့ ဟောပြောချက်တွေကို တွေ့ရတယ်။ အဘိဓမ္မာထဲကျတော့ ပရမတ္ထ ဒေသနာခေါ်တဲ့ အကြွင်းမဲ့ သစ္စာတရားနဲ့ ဆိုင်တဲ့ ဟောပြောချက်တွေသာ တွေ့ရတယ်။

အဘိဓမ္မာ ထဲမှာ အရာရာကို အသေးစိတ် ခွဲခြမ်းစိတ်ဖြာပြီး ဟောတော်မူတယ်။ ဒါကြောင့် အဘိဓာမ္မာကို ခွဲခြမ်းစိတ်ဖြာတဲ့တရား (ဝိဘဇ္ဇဝါဒ)လို့ ခေါ်ကြတာ ဖြစ်တယ်။

အဘိဓမ္မာထဲမှာ ပရမတ္ထ သစ္စာ လေးပါးကို ရေတွက်ပြထားတယ်။ အဲဒါတွေကတော့ စိတ် (consciousness)၊ စေတသိက် (n :ntal concomitants)၊ ရုပ် (matter)၊ နိဗ္ဗာန် (extinction of all Sufferings)

ပုဂ္ဂိုလ် သတ္တဝါလို့ ခေါ်တဲ့ ဖြစ်တည်ခြင်း သဘောကို အနုစိတ် ခွဲခြမ်းစိတ်ဖြာပြထားတယ်။ အစိတ်အပိုင်း တစ်ခုစီကိုလည်း ခရေစေ့တွင်းကျ ဖော်ပြထားတယ်။ နောက်ဆုံးမှာ ရောက်ရမည့် ဘဝ ပန်းတိုင်သဘောကိုရော၊ ထိုပန်းတိုင်ကို ဆိုက်ရောက်ကြောင်း နည်းလမ်းကောင်းကိုရော လိုအပ်တဲ့ အသေးစိတ် အချက်အလက်မှန်သမျှကို ရှင်းလင်း ဖော်ပြထားတယ်။

အဘိဓမ္မ ပိဋကမှာ ပါဝင်တဲ့ ကျမ်းတွေကတော့ အောက်ပါအတိုင်း ဖြစ်တယ်။

| | | |
|---|---|---|
| ၁။ | ဓမ္မသင်္ဂဏီ | (Enumeration of Phenomena) |
| ၂။ | ဝိဘင်္ဂ | (The Book of Treatises) |
| ၃။ | ကထာဝတ္ထု | (Points of controversy) |
| ၄။ | ပုဂ္ဂလပညတ် | (Description of Individuals) |
| ၅။ | ဓာတုကထာ | (Discourse on Elements) |
| ၆။ | ယမိုက် | (The Book of Pairs) |
| ၇။ | ပဋ္ဌာန်း | (The Book of Relations) |

အခြား ဂုဏ်တု စွဲခွဲပုံ တစ်မျိုးကို မြတ်ဗုဒ္ဓ ကိုယ်တော်တိုင် ဖော်ပြထားပုံက ပိဋက သုံးပုံကို ၉ ပိုင်း ခွဲပြီးလည်း ဟောတော်မူတယ်။ ၁။ သုတ္တ၊ ၂။ ဂေယျ၊ ၃။ ဝေယျာကရဏ၊ ၄။ ဂါထာ၊ ၅။ ဥဒါန၊ ၆။ ဣတိဝုတ္တက၊ ၇။ ဇာတက၊ ၈။ အဗ္ဘုတဓမ္မ၊ ၉။ ဝေဒလ္လတို့ ဖြစ်ကြပါတယ်။

၁။ သုတ္တ - တိုတဲ့ သုတ်တွေ၊ အလယ်အလတ်သုတ်တွေ၊ ရှည်လျားတဲ့ သုတ်တွေ၊ အခါအားလျော်စွာ ပုဂ္ဂိုလ်ရဲ့ စရိုက်ကိုလိုက်ပြီး မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့တဲ့ တရားဒေသနာများ ဖြစ်ပါတယ်။ ဥပမာ- မင်္ဂလသုတ်၊ မေတ္တာသုတ် စကာမျိုးတွေပေါ့။ အဋ္ဌကထာ ဆရာမြတ်များ မိန့်တော်မူတာက ဝိနည်း ပိဋက တစ်ခုလုံးဟာလည်း ဒီခေါင်းစဉ် အောက်မှာ ပါဝင်ပါသတဲ့။

၂။ ဂေယျ - ဒီအပိုင်းမှာ ဂါထာဆိုတဲ့ သီဆိုရတဲ့ ကဗျာလင်္ကာ သီချင်းတွေလည်း ရောနှောနေတယ်။ သဂါထာဝဂ္ဂတို့လို သံယုတ္တနိကာယ်တို့လို တရားတွေလည်း ပါဝင်နေတယ်။

၃။ ဝေယျာကရဏ - စာအရကတော့ အဖွင့်ကျမ်းပဲ။ အဘိဓမ္မာကျမ်း တစ်ခုလုံး ကဗျာလင်္ကာ မဟုတ်တဲ့ ရိုးရိုးဟော တရားတော်များနဲ့ တခြား ကဏ္ဍ ရှစ်ခုမှာ မပါဝင်တဲ့ တရားအားလုံး ဒီကဏ္ဍမှာ ထည့်သွင်းထားပါတယ်။

၄။ ဂါထာ - ဓမ္မပဒတို့ ထေရာဂါထာတို့ ထေရီဂါထာတို့မှာ ပါဝင်တဲ့ ကဗျာလင်္ကာတွေနဲ့ သီးခြား လွတ်နေသေးတဲ့ သုတ္တန်ထဲမှာ မပါသေးတဲ့ ဂါထာတွေ အားလုံးလည်း ဒီကဏ္ဍမှာ ပါတယ်။

၅။ ဥဒါန - ဥဒါန်း ဝမ်းမြောက်ပြီး ကြွေးကြော်တဲ့ ဂါထာတွေ၊ခုဒ္ဒကနိကာယ်ဝင်၊ ဥဒါန်းဂါထာများ ဖြစ်ပါတယ်။

၆။ ဣတိဝုတ္တက - -မြတ်ဗုဒ္ဓ ဤသို့ ဟောတော်မူဖူးတယ်- အစချီထားတဲ့ တရား ၁၁၂ ပုဒ် ဖြစ်တယ်။ ကျမ်း ၁၅ ကျမ်းထဲက ခုဒ္ဒကနိကာယ် ထဲမှာပါတဲ့ ဣတိဝုတ် အပိုင်း ဖြစ်တယ်။

၇။ ဇာတက - ဇာတက ဝတ္ထု ဖြစ်တော်စဉ်ပေါင်း ၅၄၇ ပုဒ် ပါဝင်တယ်။ (ငါးရာ့ငါးဆယ်လို့ ခေါ်တဲ့ ဇာတ်နိပါတ်တော်များ ဖြစ်တယ်) မြတ်ဗုဒ္ဓ ပါရမီတော် ဖြည့်စဉ်အခါက အတိတ် ဘဝဇာတ်ကြောင်းများကို ဖော်ပြထားတာ ဖြစ်တယ်။

၈။ အဗ္ဘုတဓမ္မ - အံ့ဖွယ်ဆန်းကြယ်တဲ့ တန်ခိုးပြခန်းများနဲ့ ဆိုင်တဲ့ ဒေသနာ အချို့ ရှိပါတယ်။ ဥပမာအားဖြင့် မဇ္ဈိမနိကာယ်က ၁၂၃ ဣဈ္ဆရိယ အဗ္ဘုတဓမ္မသုတ်လို တရားမျိုး ဖြစ်တယ်။

၉။ ဝေဒလ္လ - ဝမ်းမြောက်ဖွယ်ဖြစ်တဲ့ စူဠဝေဒလ္လသုတ်လိုမျိုး မဟာပေဒလ္လသုတ်လိုမျိုး တရားတွေ၊ သမ္မာဒိဋ္ဌိသုတ်လို တရား (မဇ္ဈိမနိကာယ်၊ ၄၃၊ ၄၄၊ ၉) တွေ ဖြစ်ကြတယ်။ ဒီသုတ်တွေမှာ ဝမ်းမြောက်ဝမ်းသာ မေးမြန်းထားတဲ့ မေးခွန်းတွေကို ဖြေကြားထားတဲ့ အဖြေတွေ ပါရှိပါတယ်။

# အဘိဓမ္မာဆိုတာ ဘာလဲ

*အဘိဓမ္မာဆိုတာက စိတ်စေတသိက်စတဲ့ မနောဝိညာဏဓာတုတွေ အကြောင်းကို ခွဲခြမ်းစိတ်ဖြာ ဟောတော်မူထားတဲ့ တရားတွေ ဖြစ်တယ်။*

အဘိဓမ္မာထဲမှာ အလွန် နက်နဲတဲ့ ကိုယ်ကျင့်တရားနဲ့ ဆိုင်တဲ့ စိတ်ပညာသဘော တွေနဲ့ ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ ဓမ္မဒေသန ဒေသနာတော်တွေ ပါတယ်။ သုတ္တန် ပိဋကမှာ ဟောထားတာများနဲ့ နှိုင်းစာရင် ပိုပြီး သိခဲနက်နဲတဲ့ တရားတော်တွေ ဖြစ်တယ်။

သုတ္တန် ဒေသနာက ရတဲ့ ကျွန်ုပ်တို့ရဲ့ အသိပညာများဟာ အခက်အခဲများ ကို ရင်ဆိုင် ကျော်ဖြတ်ရာမှာ ဖြစ်ဖြစ်၊ ကျွန်ုပ်တို့ရဲ့ ကိုယ်ကျင့်သိက္ခာ၊ စိတ်ပိုင်း ဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် လေ့ကျင့်မှုတွေ ပါဝင်တယ်။ ဒီလို အသိပညာများကို ရရှိသူများ အနေနဲ့ ငြိမ်းချမ်းတဲ့ ဘဝ၊ ကြည်ညို လေးစားခြင်းကို ခံရတဲ့ ဘဝ၊ ဘေးမရှိ ရန်မရှိ မြင့်မြတ်တဲ့ ဘဝတွေကို ရရှိခံစားနိုင်ဖို့ အထောက်အကူ ရပါတယ်။ ဒီသုတ္တန် ဒေသနာတော်တွေကို နာကြားခြင်းအားဖြင့် ဓမ္မရဲ့ အနက်ကို နားလည် သဘောပေါက်ပြီး မိမိတို့ရဲ့ နေ့စဉ်ဘဝကို တရားဓမ္မနဲ့အညီ ပြုပြင် တည်ဆောက် နိုင်တယ်။ သို့သော် သုတ္တန် ပိဋကမှာ ခေါ်ဝေါ် သုံးနှုန်းထားတဲ့ စကားတွေ၊ ဝေါဟာရပုဒ်တွေရဲ့ နောက်ကွယ်မှာရှိတဲ့ အယူအဆများဟာ ပြောင်းလဲ နိုင်တာကြောင့် ဒီစကားတွေရဲ့ နောက်ကွယ်က အနက်အဓိပ္ပာယ်၊ အယူအဆတွေကို မြတ်ဗုဒ္ဓခေတ်မှာ တည်ရှိနေခဲ့တဲ့ လူမှုပတ်ဝန်းကျင် အခြေအနေကိုပါ ထည့်သွင်း စဉ်းစားပြီး အဓိပ္ပာယ် ဖွင့်သင့်ပါတယ်။ သုတ္တန်ဒေသနာထဲမှာပါတဲ့ (သုံးနှုန်းထားတဲ့) အယူအဆတွေဟာ သမုတိသစ္စာ စကားတွေပဲ ဖြစ်တယ်။ သာမန် လူတွေက သိပ္ပံပညာ အကြောင်းကို ဖော်ပြ ပြောဆိုတဲ့ စကားလုံးတွေနဲ့ တူတယ်။ သုတ္တန် စကားတွေကို သမုတိသစ္စာ သဘောမျိုးနဲ့ နားလည် နိုင်စေကာမူ အဘိဓမ္မာထဲမှာ သုံးတဲ့ စကားလုံးတွေကျတော့ ပရမတ္ထသစ္စာ သဘောနဲ့သာ နားလည်ရမှာ ဖြစ်တယ်။ အဘိဓမ္မာမှာ ဖော်ပြထားတဲ့ အယူအဆတွေဟာ တိကျတဲ့ သိပ္ပံပညာရှင် တွေ သုံးနှုန်းတဲ့ အဓိပ္ပာယ် တလွဲကောက်မှုကို ကာကွယ်ထားတဲ့ ဝေါဟာရ အသုံး အနှုန်းတွေနဲ့ တူတယ်။

အဘိဓမ္မာထဲကျတော့မှ ဘယ်လို စိတ်စေတသိက်တွေကဖြင့် သူ့ရဲ့ ဆန္ဒနဲ့ စေတနာအလျောက် ကံနဲ့ စပ်တဲ့ ကုသိုလ်စိတ်၊ အကုသိုလ်စိတ်တွေကို ဖြစ်စေတယ် ဆိုတာကို ရှင်းလင်း ဖော်ပြထားတယ်။ အဘိဓမ္မာထဲမှာ စိတ်အမျိုးမျိုး၊ စေတသိက် အမျိုးမျိုးရဲ့ သဘာဝ တိတိကျကျ ခွတ်ခွဲ အဓိပ္ပာယ် ဖွင့်ဆို ရှင်းလင်းထားတာ တွေ့ရတယ်။

သုတ္တန် ဒေသနာထဲမှာပါတဲ့ ဓမ္မကို နားလည်ပုံ အသိဉာဏ်ဟာ ရောဂါ အလိုက် ဖော်ပြထားတဲ့ ဆေးညွှန်းကို လေ့လာရတာနဲ့ တူတယ်။ အဲဒီဆေးညွှန်း ကို အသုံးချပြီး ရောဂါ ပျောက်ကင်းအောင် ကုသရာမှာတော့ အထောက်အကူ ပြုသလိုပေါ့။

တစ်နည်းအားဖြင့် ကျွမ်းကျင်လိမ္မာတဲ့ သမားတော်ဟာ သူ တတ်သိ နားလည်ထားတဲ့ ဆေးအသိပညာနဲ့ ရောဂါကို ဖော်ထုတ်ရာမှာ ရောဂါ အများ အပြားကို ဖော်ထုတ်ပြီး သိနိုင်ရုံမျှမက ဒီရောဂါများရဲ့ ဖြစ်ရင်း အကြောင်းကိုပါ သိပါတယ်။ အထူး ကျွမ်းကျင်မှုက သူ့ကို ပိုပြီး ထိရောက်တဲ့ ဆေးတွေ ပေးပြီး ရောဂါ ပျောက်ကင်းမှုအတွက် ဆေးညွှန်းပေးနိုင်အောင် ကူညီတယ်။ အလားတူပဲ အဘိဓမ္မာကို လေ့လာခြင်းအားဖြင့် လူ့ စိတ်သဘာဝကို ပိုပြီး နားလည်နိုင်ပြီး ဘယ်လို စိတ်ကြောင့် လူမှာ ဒုစရိုက်တွေ ကျူးလွန်လာရတယ် ဆိုတာကို ခွဲခြား စိတ်ဖြာပြီး ဒီအမှောက်အမှားတွေကို ရှောင်ကြဉ်ချင်တဲ့ စိတ်ဆန္ဒတွေ ပေါ်လာအောင် ဘယ်လို စိတ်ဓာတ် ဖွံ့ဖြိုးရေးကို လုပ်ရမယ် ဆိုတာကိုလည်း ပိုပြီး နားလည်နိုင် တယ်။

အဘိဓမ္မာက ‘ငါ’၊ ‘သူတစ်ပါး’၊ ‘ယောကျ်ား’၊ ‘မိန်းမ’၊ ‘လူ’၊ ‘လောက’ ဆို တဲ့ နေ့စဉ် သုံးနေတဲ့ ပုဂ္ဂိုလ် သတ္တ အတ္တစွဲတွေဟာ ဘဝ ဖြစ်တည်မှုကို မှန်မှန် ကန်ကန် မဖော်ပြနိုင်ဘူး ဆိုတာကို သင်ကြားပြသတယ်။ သမုတိသစ္စာ စကားများ ဟာ သင်္ခါရ တရားများရဲ့ လျင်မြန်စွာ ပြောင်းလဲ ဖြစ်ပျက်နေတဲ့ သဘာဝကို ထင်ဟပ်ပြနိုင်ခြင်း မရှိဘူး။ ပျော်ရွှင်မှု၊ မသေချာ မရေရာမှု၊ အမြဲ မရှိမှု သဘောများရဲ့ ပင်ကိုသဘာဝ အမှန်ကိုရော၊ သက်ရှိသက်မဲ့ အရာဝတ္ထုများ အား လုံးထဲမှာ ပါဝင်နေတဲ့ ဓာတ်တွေ၊ စွမ်းအင်တွေရဲ့ ဆန့်ကျင် ဝိရောဓိ ဖြစ်နေမှု သဘောကိုလည်း ထင်ဟပ်မပြနိုင်ပါဘူး။

The conventional concepts do not reflect the fleeting nature of pleasures, uncertainties, impermanence of every component thing, and

conflict among the elements and energies intrinsic in all animate or the inanimate things.

[သီရိမင်္ဂလာ ဆရာတော်ကြီးရဲ့ ခေတ်သုံး အင်္ဂလိပ်စာ အရေးအသားနဲ့ ရေးဖွဲ့ပြပုံ ဖြစ်တယ်]

အဘိဓမ္မာကတော့ လူ့ရဲ့ ပရမတ္ထ သဘာဝကိုရော၊ လူ့ သဘာဝကို အခြားသော လူ အကြောင်းကို လေ့လာချက်တွေထဲ ပိုပြီး ခွဲခြမ်းစိတ်ဖြာရင်း ရှင်းရှင်းလင်းလင်း ဖြစ်အောင် ဖွင့်ပြထားတယ်။

အဘိဓမ္မာက ပရမတ္ထဓမ္မ အကြောင်းကို လေ့လာတယ်။ ပရမတ္ထဓမ္မ (ပရမတ္ထသစ္စာ) က လေးမျိုး ရှိတယ်။ ဒါတွေကတော့-

၁။ စိတ် - ဝိညာဏ်လို့လည်း ခေါ်တယ်။ 'အတွေ့အကြုံ သို့မဟုတ် အာရုံကို ထိတွေ့ပြီး သိခြင်းသဘော' လို့လည်း အဓိပ္ပာယ် ဖွင့်ကြတယ်။ စိတ်ဟာ ဝိညာဏ် ဖြစ်ခိုက်မှာ ထင်ရှားဖြစ်ပေါ်တဲ့ ခဏငယ်များ (momentary states) အစဉ်ကို ပြောတာ။

၂။ စေတသိက် - စိတ်ဖြစ်တိုင်းမှာ စိတ်နဲ့အတူ ယှဉ်တွဲပြီး ပေါ်တက်တဲ့ စိတ်သဘောကလေးများ ဖြစ်တယ်။

၃။ ရုပ် - ဖောက်ပြန် ပြောင်းလဲနေတဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ အထည်ပုံပန်းသဏ္ဌာန် စတဲ့ ရုပ်သဘာဝများ ဖြစ်တယ်။

၄။ နိဗ္ဗာန် - ဘဝရဲ့ ပန်းတိုင်ဖြစ်တဲ့ ဖြစ်ခြင်း၊ ပျက်ခြင်းကင်းတဲ့ အသင်္ခတ၊ သန္တိသုခသဘော ဖြစ်တယ်။

စိတ်၊ စေတသိက်၊ ရုပ်တွေကတော့ သင်္ခတဓာတ်တွေ၊ ပြုပြင်မှုရှိမှ ဖြစ်ပေါ်လာတတ်တဲ့ အစစ်အမှန် သဘောတွေ ဖြစ်တယ်။ အကြောင်းရှိမှ ဒီပရမတ်တရား သုံးမျိုးက ဖြစ်ပေါ်လာတယ်။ အကြောင်းချုပ်သွားရင် သူတို့လည်း ချုပ်ဆုံးပျောက်ကွယ်သွားတယ်။ ဒါတွေက မမြဲတဲ့ အနိစ္စဓမ္မတွေပဲ။ နိဗ္ဗာန်ကျတော့ ဖန်တီးပြုပြင်မှုဖြစ်တဲ့ သင်္ခတဓာတ် မဟုတ်ဘူး။ ဒါက အသင်္ခတဓာတ်၊ နိဗ္ဗာန်က အကြောင်းတိုက်ဆိုင်မှ ပေါ်လာပြီး အကြောင်းချုပ်ရင် ချုပ်ပျောက်သွားတဲ့ ဖြစ်ပျက်သင်္ခါရတရား မဟုတ်ဘူး။ ဒီပရမတ်ဓာတ်ဖြစ်တဲ့ သစ္စာတရား လေးမျိုးကို နာမည်ပေးထားတာက အရေးမဟုတ်ဘူး။ ဒါတွေကို ထိတွေ့ပြီး သိမြင်နိုင်ပါတယ်။ ဒီသစ္စာ

တရား လေးမျိုးက အပ ဖြစ်တဲ့ မိမိတို့ရဲ့ ကိုယ်တွင်း ကိုယ်ပမှာ ရှိတဲ့ တရားတွေ၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်မှာ ဖြစ်ပျက်နေနိုင်တဲ့ တရားတွေ၊ အကြမ်းတွေ၊ အနုတွေ၊ အနိမ့်တွေ၊ အမြင့်တွေ၊ အနီးတွေ၊ အဝေးတွေ အားလုံးကတော့ ပညတ်တွေ၊ အယူအဆတွေချည်းပဲ။ တကယ် အစစ်အမှန်ရှိတဲ့ တရားတွေ မဟုတ်ကြဘူး။

စိတ်၊ စေတသိက်၊ နိဗ္ဗာန်တွေကိုတော့ နာမ်တရားတွေလို့လည်း ခေါ်တတ်ကြတယ်။ နိဗ္ဗာန်ကတော့ အသင်္ခတနာမ်ဓာတ် ဖြစ်တယ်။ ပြုပြင် ဖန်တီးခြင်းကင်းတဲ့ နာမ်သဘော ဖြစ်ပါတယ်။ ပြုပြင်ဖန်တီးမှု ဖြစ်တဲ့နာမ် နှစ်စုက စိတ်နဲ့ စေတသိက်တရားတွေပါ။ ဒီနာမ်တွေက ရုပ်နဲ့အတူ နာမ်ရုပ် ရှိတဲ့ သက်ရှိ ရုပ်ကို ဖြစ်ပေါ်စေတယ်။ လူ အပါအဝင် သတ္တဝါတွေ အားလုံးပဲပေါ့။ အဘိဓမ္မာထဲမှာ အဲဒီ နာမ်နဲ့ ရုပ် နှစ်ခုစလုံးကို အဏုကြည့် မှန်ဘီလူးနဲ့ ကြည့်သလို ခွဲခြမ်းစိတ်ဖြာ လေ့လာပြထားတယ်။ ပဋိသန္ဓေနဲ့ စုတိကြားမှာ ဆက်စပ် ဖြစ်ပျက်နေတဲ့ ဖြစ်စဉ်တစ်ခုလုံးကိုလည်း အသေးစိတ် ဖော်ပြထားတယ်။ အဘိဓမ္မာဟာ ဓမ္မရဲ့ သဘောသဘာဝကို အနုစိတ် ရှင်းပြတယ်။ ဒီလို ရှင်းပြခြင်းအားဖြင့် ပရမတ္ထတရားကိုယ်သဘောကို သိမြင် နားလည်စေတယ်။ ဒီလို နားလည်စေခြင်းအားဖြင့် ဘဝလွတ်မြောက်ရာ လမ်းကိုလည်း အထင်အရှား ဖော်ပြပေးထားတယ်။ အဘိဓမ္မာကို လေ့လာခြင်း အားဖြင့် ကျွန်ုပ်တို့ ရရှိလာတဲ့ မိမိတို့ ဘဝနဲ့ လောက သဘာဝအကြောင်း နားလည်မှု၊ သဘောပေါက်မှုဟာ ပညတ်သဘောနဲ့ နားလည်သိမြင်ခြင်း မဟုတ်ဘဲ ပရမတ်သဘောနဲ့ သိမြင်နားလည်လာခြင်း ဖြစ်ပါတယ်။

အဘိဓမ္မာထဲမှာ စိတ္တုပ္ပတ် (Thought process) ဆင်ညာဏ်ဖြစ်စဉ်ကို ဖွင့်ပြထားပုံမျိုးကိုဖြင့် တခြား ဘယ်စိတ်ပညာကျမ်းမျိုးမှာမှ မတွေ့နိုင်ပါဘူး။ အရှေ့တိုင်းမှာလည်း မရှိဘူး။ အနောက်တိုင်းမှာလည်း ရှာ၍ မတွေ့နိုင်ပါ။ အဘိဓမ္မာထဲမှာ သိစိတ် (ဝိညာဏ်) ရဲ့ သဘောကို အဓိပ္ပာယ် ဖော်ဆောင်ရာမှာ စိတ်တွေကို အကျင့်သီလ ရှုထောင့်ကကြည့်ပြီး အဓိကအားဖြင့် ခွဲခြမ်းစိတ်ဖြာပြတယ်။ အမျိုးအစား ခွဲခြား သတ်မှတ်ပြထားပါတယ်။ စိတ္တဝီထိ တစ်ခုချင်းကိုလည်း အသေးစိတ် သတ်မှတ် ဖော်ပြထားတယ်။ စိတ်ဟာ စီးနေတဲ့ ရေအလျဉ်လိုပဲ ဖြစ်တယ်ဆိုတဲ့ ခေတ်သစ်ဒဿန ပညာရှင် ဝီလျံဂျိမ်းစ်ရဲ့ အမြင်ကို အဘိဓမ္မာ နားလည်သူ အနေနဲ့ အလွန်အမင်း နားလည်ရ လွယ်ပါတယ်။ နောက်ပြီး အဘိဓမ္မာကို လေ့လာနေတဲ့ စာသင်သားဟာ အနတ္တ (အတ္တဝိညာဉ်ကောင် မရှိ)ဆိုတဲ့ သဘောတရား အမြင်ကိုလည်း ပြည့်ပြည့်စုံစုံ နားလည်နိုင်တယ်။ အဲဒီ အမြင်ဟာ

ဒဿန ရှုထောင့်က ကြည့်ကြည့်၊ ကိုယ်ကျင့်သီလ ရှုထောင့်က ကြည့်ကြည့် အရေးပါတဲ့ အမြင် ဖြစ်ပါတယ်။

အဘိဓမ္မာထဲမှာ ဘုံဘဝ အမျိုးမျိုးမှာ ဇာတိပဋိသန္ဓေရဲ့ ဖြစ်စဉ်ကိုလည်း ရှင်းလင်း ဖော်ပြထားတယ်။ စုတိနဲ့ ပဋိသန္ဓေ ကြားမှာ ဘဝ တစ်ခုက ဘဝတစ်ခုကို ရွှေ့လျား ရွှေ့ပြောင်းသွားတာ ဘာဆိုဘာမှ မရှိဘူးဆိုတာ မရှိကြောင်းကိုလည်း ထင်ရှားအောင် ပြထားတယ်။ ဒီရှင်းလင်းချက်က ကံနဲ့ ပဋိသန္ဓေ ဆက်စပ်ပုံ အယူအဆကိုလည်း ထောက်ခံထားတယ်။ အဘိဓမ္မာမှာ စိတ်ရဲ့ ဆန်းကြယ်ပုံ ကြွယ်ဝပုံများကိုလည်း အသေးစိတ် ဖော်ပြထားတယ်။ စိတ်ပိုင်းဆိုင်ရာ စွမ်းအင်တွေ၊ ရုပ်စွမ်းအင်တွေကိုလည်း အသေးစိတ်ပြတဲ့ အပြင် ရုပ်ရဲ့ ဂုဏ်သတ္တိတွေ၊ ရုပ်ရဲ့ အရင်းအမြစ်တွေ၊ ရုပ်နဲ့ စိတ်တို့ရဲ့ ဆက်နွယ်ပြီး ဖြစ်ပျက်နေကြပုံများကို လည်း အကျယ်တဝင့် လေ့လာ ဖော်ပြထားပါတယ်။

အဘိဓမ္မာ သင်္ဂြိုဟ်ကျမ်းဖြစ်တဲ့ 'အဘိဓမ္မတ္ထသင်္ဂဟ' အဘိဓမ္မာ လက်စွဲ ကျမ်းမှာ ကြောင်းကျိုးဆက်နွယ်မှု နိယာမတရားကို ဖော်ပြထားတဲ့ 'ပဋိစ္စသမုပ္ပာဒ်' တရားဟာ အခြား လူ့ သဘာဝကို လေ့လာတဲ့ ကမ္ဘာပေါ်က ဘယ်ပညာမျိုးမှာမှ ရှာမတွေ့နိုင်တဲ့ ပြိုင်ဘက်ကင်းတရား ဖြစ်ပါတယ်။ အဘိဓမ္မာရဲ့ နက်ရှိုင်းလှတဲ့ ခွဲခြမ်းစိတ်ဖြာ လေ့လာဖွင့်ဆိုထားမှုကြောင့် ဒီတရားဟာ အပေါ်ယံ လေ့လာတဲ့ အပျော်ဖတ် စာဖတ်သူများ အတွက်တော့ လေ့လာလို့ ကောင်းမည့် အကြောင်း အရာ မဟုတ်ပါ။

ခေတ်သစ် စိတ်ပညာနဲ့ အဘိဓမ္မာထဲမှာ စိတ်ကို ခွဲခြမ်းစိတ်ဖြာပြထား တာတွေကို ဘယ်လောက် အတိုင်းအတာအထိ နှိုင်းယှဉ်ပြလို့ရမလဲ။ အဘိဓမ္မာနဲ့ နှိုင်းစာရင် စိတ်ကို လေ့လာရာမှာ ခေတ်သစ် စိတ်ပညာက နယ်ကျဉ်းတယ်။ ခြားနားချက်ကတော့ အဘိဓမ္မာမှာက အသက်ဝိညာဉ်တို့၊ နာမ်ဝိညာဉ် (Psycho) ရှိတယ်ဆိုတဲ့ အယူအဆကို လုံးဝ လက်မခံဘူး။

အဘိဓမ္မာထဲမှာ စိတ်ရဲ့ သဘာဝကို ခွဲခြမ်းစိတ်ဖြာ ပြထားတာမျိုး ဘယ်မှာ မှ မရနိုင်ပါဘူး။ ခေတ်သစ် စိတ်ပညာရှင်တွေဟာလည်း ဇောစိတ်တွေနဲ့ ပတ်သက် လာရင် အမှောင်ထဲမှာ လျှောက်ဆဲပဲ ရှိသေးတယ်။ ဟာလေလမ်းက စိတ်ပညာရှင် အထင်ကရ ဖြစ်သူဒေါက်တာ ဂရေဟမ်ဟိုး[1] ရေးသားတဲ့ 'မမြင်စွမ်းနိုင်သော သော ခန္ဓာဗေဒ' [2] ဆိုတဲ့ သူ့ စာအုပ်ထဲမှာ ဝန်ခံထားတယ်။

(1) DR. Graham Howe (2) Invisible Anatomy.

စိတ်ပညာရှင်တွေရဲ့ သမိုင်း တစ်လျှောက်မှာ စီ၊ ဂျီ၊ ဂျွန်း[3] ဖော်ပြခဲ့တာတွေကိုပဲ တွေ့ရသေးတယ်။ သူက ကျွန်ုပ်တို့လည်း မြတ်ဗုဒ္ဓနဲ့ နီးစပ်လာပြီလို့ ဆိုထားတယ်။ ဗုဒ္ဓဘာသာ ကျမ်းစာတွေကို နည်းနည်း ဖတ်ကြည့်လိုက်ရုံနဲ့ ခေတ်သစ်စိတ်ပညာ ပြဿနာတွေ၊ သူတို့ သိပြီးဖြစ်တယ် ဆိုတာထက် လွန်ခဲ့တဲ့ နှစ် ၂၅၀၀ ကျော်က ဗုဒ္ဓ သိမြင်တော်မူခဲ့တာတွေက ပိုပြီး များပါတယ်။ ရှေးက ဗုဒ္ဓဘာသာဝင်တွေက ဒီပြဿနာ အများအပြားကို ရှာဖွေတွေ့ရှိခဲ့ရုံသာမက အဖြေတွေလည်း ရှာပေးခဲ့ပြီး ဖြစ်ပါတယ်။ ရှေးက အရှေ့တိုင်းရဲ့ ပညာတွေကို ခုကျမှ ကျွန်ုပ်တို့က ပြန်လည် ရှာဖွေ ဖော်ထုတ်နေကြဆဲ ဖြစ်တယ်။

တချို့ ပညာရှင်တွေက အဘိဓမ္မာဟာ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတဲ့ တရား မဟုတ်လို့ ယူဆနေကြတာလည်း ရှိသေးတယ်။ အဘိဓမ္မာဟာ မြတ်ဗုဒ္ဓ ဟောတော်မူခဲ့တဲ့ အခြေခံတူတဲ့ ဒေသနာတွေကို အဓိပ္ပာယ်ဖွင့်တဲ့ အဋ္ဌကထာတွေထဲကျမှ ပေါ်ပေါက်တာလို့လည်း ဆိုကြသေးတယ်။ ဒီအဋ္ဌကထာတွေ ဆိုတာကလည်း အလွန် ကြီးမြတ်တော်မူကြတဲ့ ပညာရှိ ရဟန်းသံဃာတော် ထေရ်ကြီးဝါကြီးများ ပြုစုခဲ့ကြတာပါ။ ဒါပေမဲ့ အစဉ်အလာ ရှိတာက အဘိဓမ္မာရဲ့ အနှစ်အဆန်ဟာ ဘုရား ကိုယ်တိုင်ဟောပြီး ဒေသနာတော်ထဲမှာ ပါပြီးသားပါ။

အဋ္ဌကထာဆရာမြတ်များ ဖော်ပြကြတာက မြတ်ဗုဒ္ဓသည် မယ်တော်ဖြစ်ခဲ့ဖူးသော နတ်သားကို ကျေးဇူးဆပ်သောအားဖြင့် ထိုနတ်သားနှင့်တကွ အခြားနတ်ဒေဝါ အပေါင်းတို့အား ဝါတွင်း သုံးလပတ်လုံး အဆက်မပြက် အဘိဓမ္မာတရား ဟောကြားတော်မူကြောင်း ဆိုပါတယ်။ ခေါင်းစဉ်ကြီးများ (မာတိကာ) အနေနဲ့ ကောင်းမှုကုသိုလ် တရားများ (ကုသလဓမ္မာ) နှင့် မကောင်းမှု အကုသိုလ် (အကုသလဓမ္မာ) တွေကို မြတ်စွာဘုရားက အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကို ပြန်ပြီးဟောတော်မူတယ်။ နောက်ပိုင်းကျမှ ရှင်သာရိပုတ္တရာ ရှင်မြတ်ကြီးက ဒီခေါင်းစဉ်တွေကို အကျယ်ဖွင့်ဆိုပြီး ထပ်မံ ဟောကြားတော်မူခြင်း ဖြစ်တယ်။ ဒါကို နောက်လူများက အဘိဓမ္မာ ခြောက်ကျမ်းခွဲပြီး ပြုစုခြင်း ဖြစ်တယ်။ (ကထာဝတ္ထုကျမ်းက တတိယ သင်္ဂါယနာ တင်ပြီးမှ အဘိဓမ္မာ ခုနစ်ကျမ်းထဲ ပါလာတာ ဖြစ်တယ်)

ရှေးအခါ ကာလကတည်းက အဘိဓမ္မာတရားသည် ဘုရားကိုယ်တော်တိုင် တကယ်ပဲ ဟောတော်မူသော တရား ဟုတ်ရဲ့လား ဆိုတဲ့ အပေါ်မှာ အငြင်းပွားလာ

---

(3) C.G. Jung.

ခဲ့ကြတာပါ။ ဒီလို ဆွေးနွေး စူးစမ်းတာဟာ ပညာရှင် အသိုင်းအဝိုင်းထဲမှာ စိတ်ဝင်စားစရာ ကိစ္စ ဖြစ်ပေမဲ့ ကျွန်ုပ်တို့အတွက် အရေးကြီးတာက အဘိဓမ္မာ ကျမ်းတွေထဲမှာ ပါဝင်တဲ့ အစစ်အမှန် သဘောတွေကို နားလည်ပြီး ထိတွေ့ ခံစား နိုင်အောင် လုပ်ဖို့ အရေးက ပိုပြီး အရေးတကြီး လိုအပ်တာပါ။ ဒီလောက် နက်နဲပြီး ယုတ္တိ ယုတ္တာ ရှိလှတဲ့ အစမ်းသပ် အစစ်ဆေးခံနိုင်တဲ့ အမှန်သစ္စာတရားတွေကို ဟောနိုင်တာ ဒီတရားမျိုး စတင် ပေါ်ပေါက်ဖို့ ဆိုတာ ဗုဒ္ဓရှင်တော်မြတ်ရဲ့ သဗ္ဗညုတဉာဏ်မျိုးကသာ ပေါ်ထွက်လာနိုင်တဲ့ တရားမျိုး ဖြစ်တယ် ဆိုတာကို လူတိုင်း စဉ်းစားတတ်ရင် သိနိုင်တဲ့ ကိစ္စပါ။ ပြီးတော့ အဘိဓမ္မာတရားတော်တွေ ထဲမှာ တွေ့ရတဲ့ တရား အများစုကို သုတ္တန် ဒေသနာတော်တွေထဲမှာလည်း တွေ့ရပါတယ်။ ဒီ တရားမျိုးကို ဗုဒ္ဓရှင်တော်မြတ်ဘုရား ပထမ စပြီး မဟောပြောခင်တုန်းက ဘယ်မှာမှ မကြားခဲ့ကြရဖူးပါဘူး။ ဒါကြောင့် အဘိဓမ္မာ တရားဟာ ဘုရားကိုယ်တိုင် ဟောတဲ့ တရား မဟုတ်ဘူးလို့ အကြောက်အကန် ပြောနေကြသူတွေ အနေနဲ့ ဒီလိုသာဆိုရင် သုတ္တန် ဒေသနာတော်တွေဟာလည်း ဘုရားဟော မဟုတ်ဘူးလို့ပဲ ဆိုကြရမှာပဲ။

Therefore, those who claim that the Buddha was not the source of the *Abhidhamma* would have to say the same thing about the Sutta.

အမှန်ကတော့ ဤသို့သော ပြောဆိုချက်များမှာ သက်သေ အထောက် အထား မရှိပါ။

ထေရဝါဒ အစုအစဉ်အရဆိုလျှင် အဘိဓမ္မာ၏ အနှစ်သာရ အခြေခံများ နှင့် အဆောက်အအုံ အဖြူထည် သက်သက်ကတော့ ဗုဒ္ဓမြတ်စွာဘုရားကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော တရားများသာ ဖြစ်ကြတာ ထင်ရှားပါတယ်။ အခန်းကဏ္ဍတွေခွဲပြီး အစီအစဉ် ချကြတာကတော့ နောက်ကျမှ ဘုရားရဲ့ တပည့် သာဝကကြီးများက ပြုလုပ်ကြတာ ဖြစ်နိုင်ပါတယ်။ အရေးကြီးတာက အနှစ်သာ ရပါ။ ဓမ္မရဲ့ အနှစ်အရသာကိုသာ ကျွန်ုပ်တို့က ထိတွေ့ခံစားနိုင်အောင် ကြိုးစား ကြရမှာ ဖြစ်ပါတယ်။ မြတ်စွာဘုရားကလည်း အဘိဓမ္မာ အပေါ်မှာ ခိုင်ခိုင်မာမာ ရပ်တည်ပြီး အဘိဓမ္မာ ဉာဏ်ပညာကို အသုံးပြုပြီး စိတ်ပိုင်းဆိုင်ရာ ပြဿနာတွေ၊ တက္ကိကဝါဒ ပြဿနာတွေ၊ ဒဿနပိုင်း ပြဿနာတွေကို ရှင်းလင်းခဲ့တာပဲ။ အဘိဓမ္မာကို ဘုရားဟောတာ ဟုတ်သလား၊ မဟုတ်ဘူးလားဆိုတဲ့ အရေး မဟုတ်တာကို အရေးလုပ်ပြီး အချေအတင် အငြင်းပွားနေခြင်းဟာ ကျွန်ုပ်တို့ကို အမှန်တရား နားလည်ရေးကိစ္စမှာ ဘာမှ အထောက်အကူပြုမှာ မဟုတ်ပါဘူး။

Mere intellectual quibbling about whether the Buddha taught the Abhidhammā or not will not help us to understand reality.

နောက်ထပ် ပြဿနာ တင်လာကြပြန်တာက တရား အားထုတ်ဖို့ကိစ္စမှာ အဘိဓမ္မာဟာ အရေးကြီးသလား ဆိုတာပါပဲ။ ဒီကိစ္စအတွက် အဖြေကတော့ တရားအားထုတ်သူ ပုဂ္ဂိုလ် အပေါ်မှာ တည်ပါလိမ့်မယ်။ လူတွေဟာ အသိဉာဏ် ပညာ အဆင့်အတန်း၊ နားလည်မှု အဆင့်အတန်း မတူကြပါဘူး။ သူတို့ရဲ့ စိတ်သဘောထားရော၊ ဘာသာရေး အသိဉာဏ် ဖွံ့ဖြိုးမှုရော မတူကြပါဘူး။ ဖြစ်စေချင်တဲ့ သဘောနဲ့ ပြောရင်တော့ ခြားနားနေကြတဲ့ ဘာသာရေး စွမ်းရည်သတ္တိတွေ အားလုံး တစ်သဘောတည်း တညီတညွတ်တည်း ဖြစ်စေချင်ကြတာပေါ့။ ဒါပေမဲ့ တချို့ လူတွေကျတော့ ကြည်ညိုတဲ့ စိတ်နဲ့ ကိုးကွယ် ဆည်းကပ်နေရတာလောက်နဲ့ပဲ တင်းတိမ်နေတတ်ကြတယ်။ သူက သဒ္ဓါနိဿိတ၊ သဒ္ဓါနုသာရီတွေ ဖြစ်ကြပါတယ်။ တခြား လူတွေကတော့ ပညာနိဿိတ၊ ပညာနုသာရီတွေ ဖြစ်ကြတယ်။ (သဒ္ဓါကို မှီပြီး သဒ္ဓါဖြင့် လွတ်မြောက်ချင်သူတွေ၊ ပညာကိုမှီပြီး ပညာဖြင့် လွတ်မြောက်ချင်သူတွေ)

ဓမ္မရဲ့ သဘောကို နက်နက်ရှိုင်းရှိုင်း အသေးစိတ် သိချင် နားလည်ချင်သူတွေ အတွက်တော့ အဘိဓမ္မာဟာ သိပ် အသုံးဝင်ပါတယ်။ အဘိဓမ္မာက အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောကို ဝိပဿနာဉာဏ်နဲ့ ထိုးထွင်း သိမြင်စေမှုမှာ အဘိဓမ္မာက အထောက်အပံ့ အများကြီး ပေးပါတယ်။ အဘိဓမ္မာဟာ တရားအားထုတ်နေစဉ် အခိုက်အတန့်မှာသာ အသုံးကျတာ မဟုတ်ပါ။ လောကီကိစ္စတွေ မျိုးစုံ ကြုံတွေ့ကြရတဲ့အခါမှာလည်း နေ့စဉ် ဘဝထဲမှာလည်း အသုံးကျပါတယ်။ ပရမတ္ထသစ္စာကို တွေ့ကြုံ သိမြင်ကြတဲ့အခါကျရင်လည်း အဘိဓမ္မာကို လေ့လာခြင်းကြောင့် အကြီးအကျယ် အကျိုးကျေးဇူး ခံစားရနိုင်တယ်။ ထပ်မံ ပြောရလျှင် ဓမ္မကို သင်ကြားပို့ချ ရှင်းလင်းကြရတဲ့ အခါမှာလည်း အဘိဓမ္မာကို သိနားလည်မှုက အလွန် အသုံးဝင်ပါတယ်။ တကယ့်တကယ် သိပ်အရေးကြီးတဲ့ ဓမ္မတို့ ကမ္မ၊ သံသရာ၊ သင်္ခါရ၊ ပဋိစ္စသမုပ္ပာဒ်နှင့် နိဗ္ဗာန် ဆိုတဲ့ ဗုဒ္ဓဘာသာ ဝေါဟာရများရဲ့ တကယ့် အနက်အဓိပ္ပာယ် အမှန်ကို နားလည်ရေး ကိစ္စမှာ အဘိဓမ္မာကို မသိရင် နားလည်နိုင်မှာ မဟုတ်ပါဘူး။

## (နာမရူပ)၊ စိတ်နှင့်ရုပ်

*'စိတ် ဆိုတာ ဘာလဲ၊ ရုပ် မဟုတ်တာ။ ရုပ် ဆိုတာ ဘာလဲ၊ စိတ်မဟုတ်တာ'*

ဗုဒ္ဓဘာသာရဲ့ သဘောတရားအရ ဆိုရင် ဘဝ ဆိုတာ နာမ်နဲ့ ရုပ်တို့ရဲ့ ပေါင်းစည်းမှု တစ်ခုပဲ ဖြစ်တယ်။ စိတ် (ဝိညာဏ်) ဆိုတဲ့ အထဲမှာ ဝေဒနာရယ်၊ သညာရယ်၊ သင်္ခါရရယ်ပါတယ်။ ရုပ်ထဲမှာတော့ မဟာဘုတ် ဓာတ်ကြီး လေးပါး ပထဝီ (အစိုင်အခဲသဘော)၊ အာပေါ (အရည်သဘော)၊ ဝါယော (လှုပ်ရှားခြင်းသဘော)နဲ့ တေဇော (အပူသဘော) များပါတယ်။ ဘဝသည် စိတ်နဲ့ရုပ် တစ်ခုကို တစ်ခု မှီတည်နေကြတဲ့ ဖြစ်တည်မှုသဘော တစ်ခုပဲ။ ဇရာ (အိုမင်း ရင့်ရော်ခြင်း) ဆိုတာက စိတ်နဲ့ရုပ် တစ်ခုနဲ့တစ်ခု အကျိုးတူ ဆောင်ရွက်ခြင်းသဘော ဆုတ်ယုတ်သွားခြင်းပဲ ဖြစ်တယ်။ စုတိ(သေခြင်း) သဘောဆိုတာက စိတ်နဲ့ ရုပ် ခွဲခွာကြခြင်းပဲ ဖြစ်တယ်။ ဇာတိပဋိသန္ဓေဆိုတာက ဘဝတစ်ခုမှ ဘဝတစ်ခုကို ဆက်စပ်ကြခြင်း သဘောပါ။ ရုပ်ခန္ဓာ သေဆုံးသွားတဲ့အခါ စိတ်ရဲ့ စွမ်းအင် (ကံသတ္တိ)က တခြား ရုပ်ခန္ဓာသစ် တစ်ခုမှာ သွားပေါင်းပြီး နောက်ထပ် ဘဝ ဖြစ်တည်မှု တစ်ခုကို ဖြစ်ပေါ်စေတာပဲ ဖြစ်တယ်။

Death is the separation of mind and matter. Rebirth is the recombination of mind and matter. After the passing away of the physical body (matter), the mental forces (mind as kammie force) recombine and assume a new combination in a different material form and condition another existence.

စိတ်နဲ့ ရုပ်ရဲ့ ဆက်နွယ်ပုံဟာ မော်တော်ကားစက်နဲ့ ဘက်ထရီ ဓာတ်အိုးနဲ့ ဆက်နွယ်နေတာနဲ့ တူတယ်။ ကားစက်နိုးအောင် ဘက်ထရီ ဓာတ်အိုးက အကူအညီပေးတယ်။ အင်ဂျင်စက်က တစ်ဖန် ဘက်ထရီ ဓာတ်အားကို ပြန်ပြီး ဖြည့်ပေးတယ်။ ဒီနှစ်ခု စုပေါင်းပြီးတော့ မော်တော်ကားကို မောင်းနိုင်အောင် ဆောင်ရွက်ပေးနေကြတာ ဖြစ်တယ်။ ဒီသဘော အတိုင်းပဲ ရုပ်က စိတ်ကို သူ့ ကိစ္စ ဆောင်ရွက်နိုင်အောင် ကူပံ့ပေးတယ်။ စိတ်ကလည်း ရုပ်ကို လှုပ်ရှားနိုင်ရေး အတွက် အကူအပံ့ ပြုပေးနေတယ်။

ဗုဒ္ဓဘာသာက ဘဝ ဖြစ်တည်ခြင်း သဘောဟာ ရုပ်ရဲ့ ဂုဏ်သတ္တိ တစ်မျိုးတည်း မဟုတ်ဘူး။ ဘဝဖြစ်စဉ် ဆက်တိုက် ဖြစ်ပေါ်နေတာဟာလည်း အကြောင်းကြောင့် အကျိုးပေါ်တဲ့ သဘောနဲ့ ဖြစ်နေတာလို့ သင်ကြားပေးပါတယ်။ ဒီရုပ်ဓာတ်နဲ့ နာမ်ဓာတ်တွေဟာ အမီးဘားကနေ ဆင်ကောင်ကြီးအထိ သက်ရှိရုပ်တိုင်းမှာရော လူမှာပါ ဖြစ်နေတာ၊ ဒီဘဝတွင် မကဘူး ရှေးက ဖြစ်ခဲ့ဖူးတဲ့ ဘဝ ဖြစ်တည်ပုံအမျိုးမျိုးမှာလည်း ဒီအတိုင်းပဲ ဖြစ်ခဲ့တယ်။

တချို့ လူတွေက အသက် (ဘဝ) ဟာ ရုပ်ကနေတောင် ဖြစ်ပေါ်လာတာလို့ ယူကြသော်လည်း တကယ့် သိပ္ပံ ပညာရှင် အရင့်အမာကြီးတွေကတောင် သက်ရှိလောက စတင် ဖြစ်ပေါ်ဖို့အတွက် ရုပ်ထက် အရင် စိတ်က ဖြစ်တာဆိုတဲ့ အယူအဆကို လက်ခံနေကြရပြီ။

Although some people hold the view that life originates in matter alone, the greatest scientists have accepted that mind precedes matter in order for life to originate.

ဗုဒ္ဓဘာသာမှာတော့ ဒီစိတ်ကို 'ပဋိသန္ဓေ ဝိညာဏ်' (ဘဝကို ပြန်ဆက်ပေးတဲ့စိတ်) လို့ ခေါ်တယ်။

ပရမတ္ထ သဘောအရဆိုရင် ကျွန်ုပ်တို့ အားလုံး လူတိုင်း လူတိုင်းဟာ နာမ်ရုပ်ချည်းပဲ။ နာမ်နဲ့ ရုပ် ပေါင်းစပ်ထားတဲ့ ဖြစ်တည်ခြင်းသဘော သက်သက်ပဲ။ ဒီပြင် ဘာမှ မပိုဘူး။

ဒီနာမ်ရုပ်ကို ဖြစ်စေတဲ့ ပရမတ္ထသစ္စာ တရားမှအပ တခြား အတ္တတို့၊ ဝိညာဉ်ကောင်တို့၊ ငါကောင်တို့ ဆိုတာ ဘာဆိုဘာမှ မရှိဘူး။ စိတ် (နာမ်) ရဲ့ သဘောက အာရုံတွေကို ထိတွေ့ခံစား သိမြင်တဲ့ သဘောသက်သက်ပဲ။ ရုပ်ကတော့ ဘာကိုမှ မသိနိုင်ဘူး။ မခံစားနိုင်ဘူး။ ခန္ဓာကိုယ် ပေါ်မှာ ထိခိုက်ဒဏ်ရာရလို့ နာကျင်မှုကို ခံစားကြရတဲ့အခါ ဒီဝေဒနာကို ရုပ်က ခံစားတာ မဟုတ်ဘူး။ ဝေဒနာ နာမ်က ခံစားတာ ဖြစ်တယ်။ ဗိုက်ဆာတဲ့အခါ အစာအိမ်က ဆာတာလောင်တာ မဟုတ်ဘူး။ ဒါလည်း စိတ်က ဆာလောင်မှုကို ခံစားတာသာ ဖြစ်ပါတယ်။

ဒါပေမဲ့ ဒီဆာလောင် မွတ်သိပ်မှုကို ဖြေဖျောက်ဖို့ကျတော့ စိတ်က အစာစားလို့ မရဘူး။ စိတ်နဲ့ စေတသိက်တွေက ခန္ဓာကိုယ်ကို အစာကြေအောင် ဖန်တီးပေးတယ်။ ဒါကြောင့် နာမ်ပဲ ဖြစ်ဖြစ်၊ ရုပ်ပဲ ဖြစ်ဖြစ်၊ တစ်ခုချင်းမှာ ကိုယ်ပိုင် စွမ်းရည် မရှိကြပါဘူး။ နာမ်နဲ့ ရုပ်ဟာ တစ်ခု အပေါ် တစ်ခုက မှီခိုနေကြရတယ်။ တစ်ခုကို တစ်ခုက ထောက်ပံ့ပေးနေကြရတယ်။ ရုပ်နဲ့ စိတ် နှစ်ခုစလုံးဟာ

လည်း အကြောင်း တိုက်ဆိုင်မှ ဖြစ်ပေါ်လာကြပြီး ချက်ချင်းပဲ ပျက်စီး ပျောက်ကွယ်သွားကြရတာမျိုး ဖြစ်တယ်။ ဒီဖြစ်စဉ်ဟာ ကျွန်ုပ်တို့ ဘဝရဲ့ တစ်ခဏတိုင်းမှာ ဖြစ်ပျက်နေကြရတာပါ။ ဒီနာမ်ရုပ် ဖြစ်ပျက် အမှန်တရားကို ထိတွေ့ပြီး လေ့လာကြည့်လိုက်ရင် ဝိပဿနာ ထိုးထွင်းသိမှုဉာဏ် ဖြစ်ပေါ်လာပြီး (၁) ကျွန်ုပ်တို့ရဲ့ အဖြစ်မှန်သဘောဟာ ဘာလဲ။ (၂) ကျွန်ုပ်တို့ရဲ့ ပတ်ဝန်းကျင်မှာ ဘာကို တွေ့ကြရသလဲ။ (၃) ဒီကိုယ်တွင်းကိုယ်ပ (အဇ္ဈတ္တ၊ ဗဟိဒ္ဓ) ကို ကျွန်ုပ်တို့ အနေနဲ့ ဘယ်လို တုံ့ပြန်နေကြသလဲ။ ဘာကြောင့် တုံ့ပြန်နေကြရတာလဲ။ (၄) ဘဝမှာ ဘာကို ဘာသာရေး ပန်းတိုင်အဖြစ်ထားပြီး ဒီပန်းတိုင် ရောက်အောင် အရေးတကြီး ဘာလုပ်သင့်သလဲ ဆိုတာကို သိမြင် နားလည်လာကြရတယ်။

နာမ်နဲ့ ရုပ် ပေါင်းဖွဲ့ ဖြစ်တည်နေတဲ့ ဘဝရဲ့ သဘာဝကို ထိုးထွင်းသိမြင်တဲ့ ဉာဏ်ကိုရဖို့ဆိုရင် ဘဝ ဆိုတာဟာ အမြင်မှားမှု တစ်ခုပဲ ဖြစ်တယ်။ တံလျှပ်တစ်မျိုးပဲ ဖြစ်တယ်။ ရေပွက်ပမာ ဖြစ်တယ် ဆိုတာကို သိနားလည်ဖို့လိုတယ်။ ဘဝ ဆိုတာ ဖြစ်ပျက်သဘော တစ်ခုပဲ ဖြစ်တယ်။ ပေါ်လာလိုက် ပျောက်သွားလိုက်၊ မွေးလိုက် သေလိုက် ဖြစ်နေတဲ့ ဖြစ်ပျက်အစဉ်တစ်ပဲလို့ သိမြင်ရတယ်။ ဖြစ်တည်ခြင်း သဘောမှန်သမျှဟာ သင်္ခါရ အကြောင်းကြောင့် ဖြစ်လာကြတာချည်းပဲ ဖြစ်တယ်။ (သဗ္ဗေသင်္ခါရာ အနိစ္စာ)

# အရိယာသစ္စာ လေးပါး မြတ်တရား

*ဒီဘဝကို ကျွန်ုပ်တို့ ဘာကြောင့် ရောက်လာကြတာလဲ။ ရထားတဲ့ ဘဝမှာ ဘာကြောင့် ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင် မနေနိုင်ကြတာလဲ။ ဒုက္ခ ဆင်းရဲခြင်းတွေရဲ့ အကြောင်းတရားက ဘာလဲ။ ဒီဒုက္ခ ခပ်သိမ်း ချုပ်ငြိမ်းရာ အမှန်ကို ဘယ်နည်းနဲ့ သိရပြီး ထာဝရ ငြိမ်းချမ်းခြင်း သုခကို ဘယ်ပုံဘယ်နည်း ခံစားရမလဲ။*

မြတ်ဗုဒ္ဓ ဟောကြားတော်မူသော ဓမ္မဒေသနာတော်များသည် အရိယာ သစ္စာ လေးပါး မြတ်တရား အပေါ်မှာ အခြေခံထားတယ်။ ဤသစ္စာ တရားများကို သိနားလည်ရေးသည် မိမိရဲ့ ဘဝ ဖြစ်တည်ခြင်း အပါအဝင် ဘဝ ဖြစ်တည်ခြင်း၏

သဘောကို ထိုးထွင်း သိမြင်နားလည်ရေး ဖြစ်တယ်။ ဖြစ်တည်ခြင်း သဘောရှိသော ရုပ်နာမ်ဓမ္မ အားလုံးသည် သင်္ခါရသဘော ရှိသည်။ ခုဖြစ် ခုပျက်သဘော ရှိကြောင်း၊ ဆင်းရဲခြင်း ဒုက္ခ သဘောရှိကြောင်း၊ ဘာအနှစ်အဆန် အမာခံဒြပ်သဘောမျှ မရှိ၊ ပကတိ အနတ္တသဘောမျှသာ ဖြစ်ကြောင်း သိမြင်နားလည်လာသောအခါ ခိုင်မြဲသော အမှန်တကယ် ချမ်းသာ အစစ်ကို ရုပ်ဝတ္ထု ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခြင်းအားဖြင့် လည်းကောင်း၊ လောကီရေးရာ အောင်မြင်မှုများ စွမ်းဆောင်နိုင်မှုများအားဖြင့် လည်းကောင်း ရှာဖွေ၍ မတွေ့နိုင်ကြောင်း မိမိ၏ စိတ်ကို စင်ကြယ်အောင် လုပ်ခြင်းအားဖြင့် လည်းကောင်း၊ ပညာဉာဏ် ဖွံ့ဖြိုးအောင်လုပ်ခြင်းအားဖြင့် လည်းကောင်း အလုပ်ဖြင့်သာ ရှာဖွေ တွေ့ရှိနိုင်ပါကလားဆိုသော အချက်ကို သိနားလည်လာပါလိမ့်မယ်။

အရိယာသစ္စာ လေးပါး မြတ်တရားသည် ဗုဒ္ဓမြတ်စွာ သာသနာမှာ အလွန်အရေးပါသော အပိုင်း ဖြစ်တယ်။ မြတ်ဗုဒ္ဓက ကျွန်ုပ်တို့သည် သစ္စာဉာဏ် မရှိလို့ အရိယာသစ္စာကို နားမလည်လို့ သံသရာ ဝဋ်ဆင်းရဲစက်ကြီးထဲမှာ မွေးခြင်း သေခြင်းနဲ့သာ မရပ်မနား ဖြစ်တည်နေရတယ်လို့ ဟောတော်မူတယ်။ ဗုဒ္ဓမြတ်စွာ ဘုရား ပဉ္စဝဂ္ဂီ ငါးဦးကို ပထမဆုံး ဟောကြားတော်မူသော ကနဦးတရား၊ ဓမ္မစကြ ပဝတ္တန သုတ်ဟာ အရိယာသစ္စာကို စတင် ဟောကြားတဲ့ တရား ဖြစ်တယ်။ အရိယာသစ္စာ လေးပါး မြတ်တရား ဆိုတာက

၁။ ဒုက္ခသစ္စာ - ဒုက္ခဆင်းရဲခြင်းသာ အမှန်ရှိတယ်။

၂။ သမုဒယသစ္စာ - ဆင်းရဲရခြင်းရဲ့ အကြောင်းဟာလည်း အမှန်ရှိတယ်။

၃။ နိရောဓသစ္စာ - ဒုက္ခရဲ့ အဆုံး လွတ်မြောက်ခြင်းသဘောလည်း အမှန်ရှိတယ်။

၄။ မဂ္ဂသစ္စာ - လွတ်မြောက်အောင် လုပ်နိုင်တဲ့ နည်းလမ်းလည်း အမှန်ရှိတယ်။

ပါဠိ စကားလုံး 'ဒုက္ခ' ကို နည်းအမျိုးမျိုးနဲ့ နားလည်နိုင်တယ်။ အများအားဖြင့် ဒုက္ခကို ဆင်းရဲခြင်းကို ခံစားရခြင်း Suffering လို့ ဘာသာပြန်ကြတယ်။ ကျေနပ်မှု ကင်းမဲ့ခြင်း Unsatisfactoriness လို့လည်း ပြန်ကြတယ်။ ဒါပေမဲ့ အရိယာသစ္စာ လေးပါးထဲမှာ ဒီစကားလုံးကို သုံးထားပုံက ပိုပြီး နက်နဲပါတယ်။ ပိုပြီး ကျယ်လည်း ကျယ်ဝန်းပါတယ်။ ဒုက္ခထဲမှာ ဆင်းရဲခြင်းကို ခံစားခြင်း

(ကိုယ်စိတ် ဆင်းရဲခြင်း) အပြင် ပိုပြီး နက်နဲတဲ့ သဘောတွေဖြစ်တဲ့ အပြစ်အနာ မကင်းခြင်း၊ နာကျင်ခြင်း၊ မခိုင်မြဲခြင်း၊ ညီညွတ်မှု သင့်မြတ်မှု မရှိခြင်း၊ သက်သောင့်သက်သာ မရှိခြင်း၊ စိတ်ကသိကအောက် ဖြစ်ခြင်း၊ ပြီးပြောက်မှု အဆုံးမရှိဖြစ်နေမှုကို နားလည်ခြင်း၊ ပြည့်စုံ လုံလောက်မှု မရှိခြင်းကို နားလည်ခြင်းသဘောများ အားလုံး အကျုံးဝင်နေပါတယ်။ ဘယ်နည်းနဲ့ ပြောပြော ဒုက္ခဆိုတဲ့ စကားထဲမှာ စိတ်ဆင်းရဲမှု ခံစားရခြင်းနဲ့ ကိုယ်ဆင်းရဲမှု ခံစားရခြင်း သဘော ပါနေတယ်။ မွေးဖွားရခြင်း ဆင်းရဲ၊ အိုမင်းရခြင်း ဆင်းရဲ၊ ရောဂါ ခံစားရခြင်း ဆင်းရဲ၊ သေဆုံးရခြင်း ဆင်းရဲများနဲ့အတူ မနှစ်သက်စရာတွေနဲ့ ကြုံဆုံရခြင်းနဲ့၊ နှစ်သက်စရာများနဲ့ကျတော့ ကွေကွင်းရခြင်း ဆင်းရဲတွေ၊ လိုချင်တာ မရတဲ့ဆင်းရဲတွေ အားလုံး အကျုံးဝင်နေပါတယ်။ သို့သော်လည်း ပုထုဇဉ် အကန်းတွေကတော့ ပျော်ရွှင်စရာကောင်းတာတွေထဲမှာ ဒုက္ခတွေ ပါနေတယ် ဆိုတာကို မသိနိုင်ရှာဘူး။ ပျော်ရွှင်မှုထဲက ဒုက္ခဟာ ဘယ်လိုဟာမျိုးလဲ။ ဘာကြောင့် ပျော်ရွှင်စရာတွေထဲမှာ ဒုက္ခ ရှိနေတယ်လို့ ပြောတာလဲ။ အကြောင်းကတော့ အဲဒီပျော်ရွှင်စရာတွေဟာ မမြဲလို့ပါ။ ပျော်ရွှင်နေတုန်းပဲ ပြုန်းဆို အခြေအနေတွေ ရုတ်တရက် ပြောင်းသွားလို့ ဒုက္ခလှလှကြီး တွေ့ရတယ်။ ဒါကြောင့် ဒုက္ခသစ္စာ ဆိုတဲ့ အမှန်တရားဟာ ဘဝဖြစ်တည်မှု တစ်ခုလုံးကို လွှမ်းခြုံနေတယ်။ ဒုက္ခနှင့် ကင်းတာ ဘယ်နေရာမှ မရှိဘူး။ အသက်ရှင်၍ ဖြစ်တည်နေသမျှ ကာလပတ်လုံး ကျွန်ုပ်တို့သည် ဒီဒုက္ခသစ္စာကို ထင်ထင်ရှားရှား ထိတွေ့ ခံစားနေကြရမှာပဲ။

တချို့ လူတွေက ဘဝ ဖြစ်တည်ပုံကို ဒုက္ခသစ္စာကြီးပဲလို့ ယူဆတာဟာ ဘဝ အဆိုးမြင်ဝါဒ ဖြစ်တယ်လို့ ထင်မြင်ယူဆချင်လည်း ယူဆကြမယ်။ ဒါဟာ ဘဝကို အဆိုးမြင်တာ မဟုတ်ပါဘူး။ ဘဝကို အဖြစ်မှန်သဘောနဲ့ မြင်တာသာ ဖြစ်တယ်။ တကယ်လို့သာ လူ တစ်ယောက်က ရောဂါအနာ ရနေတယ်။ ဒါကို သူက ရောဂါ ဖြစ်နေတယ်လို့လည်း သဘောထားဖို့ကို ငြင်းနေတယ်။ ရောဂါဖြစ်နေတာကို ရောဂါဖြစ်တာ မဟုတ်ဘူးလို့ မြင်နေတဲ့အတွက် ကုသဖို့ကိုလည်း ငြင်းပယ်နေတယ် ဆိုရင်တော့ ဒီသဘောထားကို ကျွန်ုပ်တို့ အနေနဲ့ ဘဝအကောင်းမြင် သဘောထားလို့ မစဉ်းစားနိုင်ဘူး။ မယူဆနိုင်ပါဘူး။ ဒါကို ရူးကြောင်တာလို့ပဲ ယူဆမှာပဲ။ ဒါကြောင့် ဘဝ အဆိုးမြင်ရော ဘဝ အကောင်းမြင် သဘော နှစ်ရပ်စလုံးဟာ ဘဝ ဖြစ်တည်မှု သဘောကို အမှန်အတိုင်း မမြင်ကြတာဘဲ ဖြစ်တယ်။ ဒါကြောင့်လည်း ဒီအမြင်တွေဟာ ဘဝ ပြဿနာတွေကို အမှန်

အတိုင်း မဖြေရှင်းနိုင်ကြတာ ဖြစ်တယ်။ အရိယာသစ္စာ လေးပါး မြတ်တရားမှာ ဒုက္ခသစ္စာကို အစ,ထားပြီးမှာ ဒုက္ခ ဘာကြောင့် ဖြစ်ရတာလဲ။ ပြီးတော့ ဒီရောဂါ ဖြစ်ကြောင်းကို သိပြီး ရောဂါ ကုသနည်းကို ဖော်ပြပေးတယ်။ ဗုဒ္ဓရှင်တော်မြတ်က ဒုက္ခသစ္စာကိုပဲ ဟောပြီး ရပ်ထားရင်တော့ ဗုဒ္ဓဘာသာဟာ ဒုက္ခကိုပဲ ပြဿနာ လုပ်နေတာပဲ။ ကုသနည်းကို မပေးဘူးလို့ ပြောနိုင်တာပေါ့။ ဒီလိုသာဆိုရင် လူ့ဘဝ အခြေအနေဟာလည်း မျှော်လင့်ချက် ကင်းမဲ့နေမှာပဲ။ ဒါပေမဲ့ မြတ်ဗုဒ္ဓက ဒုက္ခသစ္စာ တစ်ခုတည်းကိုသာ အသိအမှတ် ပြုတာမှ မဟုတ်တာပဲ။ ဗုဒ္ဓက ဒုက္ခ ဖြစ်ရခြင်း အကြောင်းကိုလည်း ခွဲခြမ်း စိတ်ဖြာပြီး ဟောတော်မူတယ်။ ပြီးတော့ ဒုက္ခ လွတ်ကြောင်းတရားကိုလည်း ဟောတော်မူထားပါတယ်။ ဒီတော့ ဒုက္ခ ပျောက်နည်းပါ သိနေမှဖြင့် ဘယ်နည်းနဲ့များ ဗုဒ္ဓဘာသာဟာ ဘဝ အဆိုးမြင်ဝါဒလို့ ဆိုလို့ရပါ့မလဲ။

How can Buddhism be considered to be pessimistic if the cure to the problem is known?

အမှန်ကတော့ ဗုဒ္ဓဘာသာဟာ မျှော်လင့်ချက်နဲ့ ပြည့်စုံကုံလုံနေတဲ့ တရား ရယ်ပါ။

ထပ်ပြီး ပြောရရင် ဒုက္ခသည် အရိယာသစ္စာ ဖြစ်တယ်လို့ ဆိုပေမဲ့ ဘဝ ထဲမှာ ပျော်ရွှင်မှုတို့၊ ချမ်းမြေ့မှုတို့၊ သာယာမှုတို့ လုံးဝ မရှိဘူးလို့ မဆိုလိုပါဘူး။ နေ့စဉ် ဘဝထဲမှာ ဘယ်လိုနေရင်ဖြင့် ချမ်းသာသုခကို ပိုပြီး ရနိုင်တယ်ဆိုတဲ့ နည်းမျိုးစုံကိုလည်း ဟောတော်မူထားပါတယ်။

ဒါပေမဲ့ အဆုံးစွန်ကျအောင် ခွဲခြမ်းစိတ်ဖြာပြီး လေ့လာကြည့်ရင်တော့ နေ့စဉ် ဘဝထဲမှာ တွေ့ကြုံခံစားရတယ် ဆိုတဲ့ ချမ်းသာသုခလည်း မမြဲဘူး ဆိုတာပဲ ပေါ်တယ်။ ပျော်စရာကောင်းတဲ့ အခြေအနေကိုလည်း ခံစားရတတ်ပါတယ်။ ချစ်ကျွမ်းဝင်သူတွေနဲ့လည်း အတူ နေရတတ်ပါတယ်။ ငယ်စဉ်အခါ ကျန်းမာတုန်းမှာ မြူးထူးခဲ့တာတွေလည်း ရှိပါတယ်။ မကြာမတင်မှာပဲ ဒီအခြေအနေတွေက အမြဲ မနေဘဲ ရုတ်ခြည်း ပြောင်းလဲသွားတဲ့အခါကျတော့ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ကြရပြန်တာပဲ။ ဒါကြောင့် ဘယ်လိုပဲ ပျော်နေတဲ့အခါ စိတ်ချမ်းသာစရာ အကြောင်းများ ရှိတယ်ပဲဆိုဆို အဲဒီ ပျော်ရွှင်မှုကို ငြိတွယ်စွဲလမ်းတဲ့ ဥပါဒါန် မဖြစ်အောင် နေသင့်တယ်။ ဒါမှ မဟုတ်ရင် လမ်းဘေးကို ချော်ကျသွားပြီး ဘဝ လွတ်မြောက်ရေးအတွက် ပြီးစီးသည်အထိ လုပ်ရသည့် လမ်းကြောင်းကို မေ့လျော့ သွားနိုင်တယ်။

ဒုက္ခက လွတ်ကင်းအောင် ကျွန်ုပ်တို့ အနေနဲ့ မိမိကိုယ်ကို ကုသချင်ရင် ပထမဆုံး ဒုက္ခ ဖြစ်ရခြင်း အကြောင်းကို တိတိကျကျ သိအောင် လုပ်ကြရမယ်။ မြတ်ဗုဒ္ဓရဲ့ အလိုတော် အရကတော့ တဏှာ ရာဂဟာဖြင့် ဒုက္ခရဲ့ အကြောင်း သမုဒယပဲလို့ ဟောထားပါတယ်။ ဒုက္ခရဲ့ အကြောင်း သမုဒယ ဆိုတာက ဒုတိယ အရိယသစ္စာပဲ ဖြစ်တယ်။ လူတွေက စိတ်ချမ်းသာမှုကို လိုချင်တောင့်တကြတယ်။ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာဖို့ကိုပဲ လိုချင် တပ်မက်ကြတယ်။ ဒါတင်မကဘူး။ သေခြင်းကင်းတဲ့ ထာဝရ အသက်ရှင်လိုနေချင်တဲ့ ဘဝတဏှာကလည်း အားကြီး ပါတယ်။ သိပ်ပြီး စိတ်ဆင်းရဲ စိတ်ပျက်လက်ပျက် ဖြစ်တဲ့အခါကျပြန်တော့ ထာဝရသေခြင်းကို လိုချင်တမ်းတကြပြန်တယ်။ လူတွေဟာ ကာမဂုဏ် အာရုံတွေ ကိုသာ တပ်မက် စွဲလမ်းကြတာ မဟုတ်ဘူး။ ဥစ္စာစီးပွား တန်ခိုးအာဏာအပြင် အယူဝါဒ၊ ယုံကြည်မှု၊ အစွဲအလမ်းတွေလည်း ရှိကြပါသေးတယ်။ တဏှာဆိုတာ က အဝိဇ္ဇာနဲ့ တွဲဆက်နေတယ်။ သက်ရှိသက်မဲ့ ပစ္စည်းတွေရဲ့ ပင်ကို သဘာဝ အစစ်တရားအနှစ်ကို မသိကြဘူး။ လောကထဲမှာ ကိုယ်တိုင် ကြုံတွေ့ ဖြတ်သန်း လာခဲ့ကြရတဲ့ အတွေ့အကြုံတွေရဲ့ ပင်ကိုသဘော အစစ်တရား အနှစ်ကိုလည်း နားမလည်ကြဘူး။ အတ္တစွဲ၊ ဒိဋ္ဌိဝိပလ္လာသရဲ့ အောက်မှာ အနတ္တသဘော (ဝိညာဉ် ကောင် မရှိခြင်းသဘော) ကိုလည်း နားမလည်ကြတာကြောင့် လူတွေဟာ အမြဲ မရှိနိုင်တဲ့ အနိစ္စတရားတွေကို မြဲတဲ့နိစ္စတရားတွေလို့ အမြင်မှားပြီး စွဲလမ်းနေကြတာ ဖြစ်တယ်။ တပ်မက်နေကြတာ ဖြစ်တယ်။

ဒီမမြဲတဲ့ ပျက်စီးလွယ်တဲ့ တရားတွေ အပေါ်မှာ တပ်မက် စွဲလမ်းနေတဲ့ တဏှာရဲ့ လောဘ အလိုကြီးတိုင်း ထိုသဘောကို ပြည့်စုံအောင် ကျေနပ် တင်းတိမ် လောက်အောင် မဖြည့်နိုင်တာကြောင့် နောက်ဆုံးကျတော့ စိတ်ပျက်အားငယ်ပြီး ဒုက္ခဆင်းရဲ ကြုံကြရတာ ဖြစ်တယ်။

## တစ်ကိုယ်ကောင်း အတ္တစွဲ၏ အန္တရာယ်

သတ္တဝါ အားလုံးကို လောင်ကျွမ်းနေတာဟာ တဏှာမီးပဲ ဖြစ်တယ်။ လုပ်နေသမျှ ကံ ကိစ္စ အားလုံးကိုလည်း တဏှာ၊ လောဘက လှုံ့ဆော်ပေးနေပါတယ်။ တဏှာ ရဲ့ နယ်ဟာ သိပ်ကျယ်တယ်။ တိရစ္ဆာန်မှာ ဖြစ်နေတဲ့ ရုပ်ပိုင်းဆိုင်ရာ သဘာဝ အတိုင်းဖြစ်တဲ့ လောဘ တဏှာကအစ ယဉ်ကျေးပြီး လူ့ အဖွဲ့အစည်းထဲမှာ ဖြစ် ပေါ်လာတဲ့ အင်မတန် ရှုပ်ထွေး ကျယ်ပြန့်တဲ့ လူလုပ်လို့ လူ့ ပယောဂကြောင့် ဖြစ်တဲ့ တဏှာအထိ ပါဝင်ပါဘယ်။

ဒီဆန္ဒရာဂ လောဘ တဏှာရဲ့ လိုဘပြည့်အောင် ဖြည့်ဖို့အတွက် တိရစ္ဆာန်တွေဟာ ကြိုးနိုင်ငယ်ညှဉ်း အချင်းချင်း သတ်ဖြတ် စားသောက်၊ ငါ့ ဝမ်းပူစာ မနေသာတာကို ဖြေဖျောက်ကြတယ်။ လူတွေကျတော့လည်း တိုက်ခိုက်ကြရ၊ သတ်ဖြတ်ကြရ၊ လိမ်လည် လှည့်ဖြားကြရ၊ အကုသိုလ်မျိုးစုံ၊ ဒုစရိုက် မျိုးစုံကို ပြုလုပ်နေကြရတယ်။ ဘဝ ဖြစ်တည်ပုံ မျိုးစုံထဲမှာ တဏှာသည် အားကောင်းတဲ့ စိတ်စွမ်းအား တစ်ခု အဖြစ်နဲ့ ပါဝင်နေတယ်။ ဘဝထဲမှာ ဖြစ်ပေါ်လာသမျှ မကောင်းမှု ဒုစရိုက် အကုသိုလ် တရားများကို ဖန်တီးတဲ့ အဓိကပင်မ အကြောင်းဟာဖြင့် ဒီရာဂတဏှာပါပဲ။ သံသရာ တစ်လျှောက်လုံးမှာ ထပ်တလဲလဲ ပဋိသန္ဓေနေရခြင်းဆင်းရဲ (မွေးလိုက် သေလိုက် ဖြစ်နေရတဲ့) အကြောင်းဟာလည်း ဒီတဏှာပါပဲ။

ကျွန်ုပ်တို့ အနေနဲ့ တစ်ကြိမ်တစ်ခါလောက် ဒုက္ခဆင်းရဲ ကြုံရခြင်းရဲ့ အကြောင်းကို ကောင်းကောင်း သိနားလည်ကြပြီ ဆိုရင်ဖြင့် ကျွန်ုပ်တို့သည် ဒီဒုက္ခဆင်းရဲကို အဆုံးတိုင် သုတ်သင်နိုင်တဲ့ အခြေအနေကို ရောက်နိုင်ပြီ ဖြစ်တယ်။ ဒါဆို ဒီဒုက္ခ ခပ်သိမ်း ချုပ်ငြိမ်းအောင် ဘယ်နည်းနဲ့ လုပ်ရပါ့မလဲ။ ဒီဒုက္ခခပ်သိမ်း ချုပ်ငြိမ်းစေရန် အတွက် လုပ်ရမှာက ကိုယ့် စိတ်ထဲမှာ စွဲငြိနေတဲ့ တဏှာကို အရင်ဖယ်ရှား သုတ်သင်ပစ်ရမှာ ဖြစ်ပါတယ်။

ဒါက အရိယာသစ္စာ လေးပါး မြတ်တရားထဲက တတိယသစ္စာ ဖြစ်ပါတယ်။ တဏှာ ချုပ်ဆုံးသွားတဲ့ အခြေအနေဟာ နိဗ္ဗာန်ပါပဲ။ နိဗ္ဗာန ဆိုတဲ့ ဝေါဟာရမှာ နိ + ဗာန ပေါင်းထားတာ ဖြစ်ပါတယ်။ အဓိပ္ပာယ်ကတော့ တဏှာ ကုန်ဆုံးခြင်း၊ တဏှာနဲ့ ကင်းကွာခြင်း ဆိုတဲ့ သဘော ဖြစ်တယ်။ ဒီလို တဏှာဆုံးရင် ခန္ဓာဆုံးတယ်။ နောက်ထပ် ပဋိသန္ဓေနေခြင်း အားလုံး ချုပ်ဆုံးသွားတာကြောင့် သံသရာမှာ ခန္ဓာ ဇာတ်သိမ်းပြီး ဖြစ်ပါတယ်။ ဒါဟာ နိဗ္ဗာန်ပါပဲ။ တဏှာဆုံးရင် ခန္ဓာ ဆုံးတယ်။ ခန္ဓာဆုံးရင် ပဋိသန္ဓေနေခြင်း၊ ဇာတိ ဒုက္ခ၊ အိုမင်းခြင်း ဆင်းရဲ၊ ဇရာ ဒုက္ခ၊ သေရခြင်းဆင်းရဲ မရဏဒုက္ခ အားလုံး ချုပ်ဆုံးဇာတ်သိမ်းသွားတယ်။ ဒီ နိဗ္ဗာန်ရဲ့ သဘောဟာ သိမ်မွေ့ နက်နဲလွန်းလို့ လူတွေ ပြောနေကြတဲ့ ဘာသာစကား တွေနဲ့ ပေါ်လွင်ထင်ရှားအောင် ဖော်ပြဖို့တောင် အလွန် ခက်ပါတယ်။ နိဗ္ဗာန်ဟာ မွေးဖွားပြီး ဖြစ်ပေါ်လာတာလည်း မဟုတ်ဘူး။ စတင်ပြီး ဖြစ်ပေါ်လာတာလည်း မဟုတ်ဘူး။ ဖန်ဆင်းလို့ ဖြစ်ပေါ်လာတာလည်း မဟုတ်ဘူး။ ဖွဲ့စည်း တည်ဆောက်လို့ ဖြစ်ပေါ်လာတာလည်း မဟုတ်ဘူး။

Nibbana is Unborn Unoriginated, Uncreated, Unformed.

ဒီလိုမျိုး ဖွားမြင်လို့ ဖြစ်လာတာလည်း မဟုတ်။ စတင်ပြီး ပေါ်ပေါက်လာတာလည်း မဟုတ်။ ဖန်ဆင်းလို့ ဖြစ်လာတာလည်း မဟုတ်။ ဖွဲ့စည်းတည်ဆောက်လို့ ဖြစ်လာတာလည်း မဟုတ်တဲ့ သဘောမျိုးသာ မရှိခဲ့ဘူး ဆိုရင် သင်္ခါရကြောင့် ဖြစ်တဲ့ လောကထဲက လွတ်မြောက်ဖို့ အခွင့်အလမ်းလည်း ရှိတော့မှာ မဟုတ်ပါဘူး။

နိဗ္ဗာန် ဆိုတာက ယုတ္တိလွန်တရား၊ ဆင်ခြင်ဉာဏ်လွန်တရားမျိုး ဖြစ်တယ်။ နိဗ္ဗာန်ကို မှန်းဆပြီး ဘယ်လိုပဲ ဆင်ခြင်ဆင်ခြင်၊ ပရမတ္ထ သစ္စာတရား ဖြစ်တဲ့ နိဗ္ဗာန်ရဲ့ အစစ်အမှန် သဘောကိုတော့ ဘယ်တော့မှ နားလည်နိုင်မှာ မဟုတ်ပါဘူး။ ဒါက မဂ်အင်္ဂါရှစ်ပါး ပါတဲ့လမ်းပေါ်ကို လျှောက်သွားမှ ရောက်နိုင်တဲ့ ကိုယ်တိုင်သိမြင်ပြီး ဒုက္ခရဲ့ အဆုံးကို ကိုယ်တိုင် မျက်မှောက်ပြုရ ပြီးမှ သိနိုင်တာမျိုး ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဗုဒ္ဓဘာသာ ဆိုတာက ဒေသနာအစဉ်ကိုက်ပြီး ယုတ္တိရှိတဲ့ တရားမျိုး ဖြစ်ပြီး ဖြစ်တည်ခြင်း ဘဝနဲ့ စပ်ဆိုင်သမျှ ကိစ္စ အားလုံး အကျုံးဝင်တဲ့ တရား ဖြစ်နေလို့ ဖြစ်ပါတယ်။ ဒီမဂ္ဂင် ရှစ်ပါး မြတ်တရားကလည်း တကယ့် ချမ်းသာစစ် ဘဝ သုခကို ရစေနိုင်တဲ့ အလွန် သိမ်မွေ့တဲ့ ဓမ္မသတ်မျိုး ဖြစ်နေလို့ပါ။ ဒီမဂ္ဂင်အတိုင်း ကျင့်ကြံပွားများ အားထုတ်သူ တစ်ဦးတစ်ယောက်ကိုပဲ ဖြစ်ဖြစ်၊ အခြား လူများကိုပဲ ဖြစ်ဖြစ်။ ဒီ မဂ္ဂင်ရှစ်ပါး မြတ်တရားသည် အကျိုးကျေးဇူး ဖြစ်စေနိုင်တယ်။ တစ်ခုတော့ ရှိတယ်။ ဒီမဂ္ဂင်တရားဟာ ကိုယ့်ကိုယ်ကိုယ် ဗုဒ္ဓဘာသာလို့ အမည်ခံထားမှသာ ကျင့်နိုင်တဲ့တရား ကျင့်အပ်တဲ့ တရားလည်း မဟုတ်ပါဘူး။ ဘယ်ဘာသာ ဘယ် အယူဝါဒရှိတဲ့လူပဲ ဖြစ်ဖြစ်၊ ဒီအတိုင်း နားလည်ပြီး ကျင့်ရင်ဖြင့် ဒီအကျိုးကျေးဇူးကို ခံစားရနိုင်တဲ့ တရားမျိုးပါ။

## မဂ္ဂင်ရှစ်ပါးမြတ်တရား၊ မရှိမပင့်ပဒါ

*ဒီလမ်းဟာ အစွန်း နှစ်ဖက်ကို ရှောင်ပြီး လိုက်လျှောက်သွားရင် မြင့်မြတ်တဲ့ အရိယာဘဝကို ရောက်စေနိုင်တဲ့လမ်း ဖြစ်ပါတယ်။*

ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ သာသနာတွင် အရေးပါသော အပိုင်းမှာ မဂ္ဂင် ရှစ်ပါး မြတ်တရားကို မွန်မြတ်သော ဘဝနေနည်း အဖြစ် လက်ခံကျင့်သုံးရေးပင် ဖြစ်

တယ်။ မဂ္ဂင် ရှစ်ပါး၏ အခြား အခေါ်အဝေါ် (အမည်) တစ်ခုမှာ 'မဇ္ဈိမပဋိပဒါ' ဖြစ်တယ်။ ဗုဒ္ဓမြတ်စွာဘုရားက သူ၏ နောက်လိုက် တပည့်သာဝကများကို သူ၏ အသင့်အတင့် မယုတ်မလွန် ကျင့်ရသော အလယ်လမ်းကို လိုက်ကြဖို့ အစွန်းတရား နှစ်ပါးကို ရှောင်ကြဖို့ ဆုံးမတော်မူတယ်။ အစွန်းတရား နှစ်ပါး ဆိုတာက ကိလေသာ အာရုံ ကာမဂုဏ် တရားတွေကိုချည်း လိုက်စားတဲ့ 'ကာမသုခလ္လိကနုယောဂ' တရားနဲ့ ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲပြီးကျင့်တဲ့ 'အတ္တကိလမထနုယောဂ' ဆိုတဲ့ ယုတ်ညံ့တဲ့ အကျင့်တွေပဲ ဖြစ်တယ်။ မဇ္ဈိမပဋိပဒါ အလယ်လမ်းသည် ဖြောင့်မတ်မှန်ကန်တဲ့ အကျင့်လမ်း ဘဝနေနည်း ဖြစ်တယ်။ ဒီအကျင့်မှာ ကိုယ့်အပြင်ဘက်က သူများတွေ ဟောနေတဲ့ တရားတွေကို လက်မခံပါဘူး။ (သူများပြောတာကို မယူဘူး။ ကိုယ့် ခန္ဓာက ပြောတာကိုပဲ ယူတယ်။ လက်ခံတယ်) မဇ္ဈိမပဋိပဒါကို ကျင့်သုံးတဲ့ လူဟာ ကိုယ်ကျင့်တရား ကောင်းမွန်အောင် သီလစင်ကြယ်အောင် နေထိုင် လုပ်ကိုင်ရာမှာ လမ်းညွှန်အဖြစ် တန်ခိုးရှင်ကို ကြောက်လို့ မဟုတ်ဘဲ။ အကျင့်သီလ ကောင်းစွာ နေထိုင် ပြောဆို တွေးကြံခြင်းရဲ့တန်ဖိုးရှိပုံကို နားလည်လို့နေခြင်းမျိုးပဲ ဖြစ်တယ်။ ကိုယ့်ကျင့်သိက္ခာ ရှိရှိ နေရာ မှာလည်း ဘာကို ကြောက်လို့မှလည်း မဟုတ်ဘဲ၊ ဘာကို မျှော်ကိုးလို့မှလည်း မဟုတ်ဘဲ၊ ကိုယ့်ကိုယ်ကိုယ် စင်ကြယ်အောင် နေသင့်တယ်လို့ မိမိဘာသာ နားလည်သဘောပေါက်ပြီး ကိုယ့် စည်းကမ်းကို ကိုယ် ပြဋ္ဌာန်းပြီး ကိုယ့် အသိဉာဏ်နဲ့ ကိုယ်လိုက်နာကောင်းတယ် ထင်လို့ လိုက်နာတာသာ ဖြစ်တယ်။

မဇ္ဈိမပဋိပဒါဟာ အဇ္ဈတ္တ ပျိုးထောင်မှုနှင့် တိုးတက်မှုကို စီမံချက်ချပြီး လုပ်တဲ့ လုပ်ထုံးလုပ်နည်း ဖြစ်တယ်။ ဒီလမ်း (မဂ္ဂင်လမ်း) ကို လိုက်ရာမှာ ဗဟိဒ္ဓကိုးကွယ် ဆည်းကပ်မှု ပူဇော်ပသပြီး ဆုတောင်းနေတာ မဟုတ်ဘဲ ကိုယ့်ဘာသာ ဖြောင့်မတ် မှန်ကန်စွာ နေထိုင်ခြင်းအားဖြင့် အစစ်အမှန် တိုးတက်မှုကိုရအောင် လုပ်နိုင်ပါတယ်။ မြတ်ဗုဒ္ဓ ကိုယ်တော်မြတ်ကြီးက တရားဓမ္မနှင့်အညီ နေထိုင်သူကို တရားဓမ္မက ပြန်လည် စောင့်ရှောက်တယ်လို့ ဟောတော်မူတယ်။ လူ တစ်ယောက်ဟာ တရားဓမ္မနဲ့အညီ နေထိုင်တတ်ရင်ဖြင့် သူဟာ လောကပါလတရားနဲ့အညီ နေသူမည်ပါတယ်။

ဗုဒ္ဓဘာသာဝင်တိုင်းကို ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့တဲ့ မဂ္ဂင်ရှစ်ပါး မြတ်တရားနဲ့အညီ မိမိကိုယ်ကိုယ် ပြုပြင်ပုံသွင်းဖို့ကို အားပေးပါတယ်။ ဒီလို မဂ္ဂင် ရှစ်ပါးတရားနဲ့အညီ မိမိကိုယ်ကိုယ် လိုက်လျောညီထွေ နေတတ်ပြီဆိုရင် ထိုသူသည် မျက်မှောက် ဘဝမှာရော၊ သံသရာ ဘဝမှာပါ ပူဆွေး သောက

ရောက်ခြင်း၊ ဘေးဒုက္ခ ကျရောက်ခြင်းတို့မှ ကင်းဝေး လွတ်မြောက်တဲ့သူ ဖြစ်သွားပါပြီ။ ဒီပြင် သူသည် မကောင်းမှု ဒုစရိုက်တရားတို့မှ ကင်းဝေးအောင်လည်း သူ့စိတ်ကို သူ ထိန်းချုပ်နိုင်သူဖြစ်ပြီး သီလဝန္တ ပုဂ္ဂိုလ်လည်း ဖြစ်သွားနိုင်ပါပြီ။

မဂ္ဂင် ရှစ်ပါးတရားကို လမ်းပြ မြေပုံနှင့် ဥပမာထားကြည့်လို့ ရပါတယ်။ ခရီးသည် တစ်ယောက်ဟာ ခရီးဆုံးကို ရောက်အောင်သွားဖို့ အတွက် လမ်းညွှန် မြေပုံ လိုအပ်သလိုပဲ။ ကျွန်ုပ်တို့သည်လည်း နိဗ္ဗာန် ရောက်အောင် ဘယ်လို သွားသလဲ ဆိုတဲ့ ဘဝ ပန်းတိုင် သံသရာ ထွက်လမ်းကို ပြတဲ့ မဂ္ဂင် ရှစ်ပါး (မဇ္ဈိမပဋိပဒါ) လမ်းပြ မြေပုံ လိုအပ်ပါတယ်။ ဘဝရဲ့ နောက်ဆုံး ပန်းတိုင်ကို ဆိုက်ရောက်ဖို့အတွက် မဂ္ဂင် ရှစ်ပါးမှာ ကျင့်စဉ်အရ အပိုင်း သုံးပိုင်း၊ အချက် သုံးချက် ပါပါတယ်။ ပထမဦးစွာ သီလ စင်ကြယ်ရေး ဖြစ်တယ်။ နောက် သမာဓိ ထူထောင်ရေး အပိုင်း ဖြစ်တယ်။ တတိယ အဆင့်က ပညာပိုင်းပါ။ ဒီအပိုင်း သုံးပိုင်းကို တစ်ပြိုင်နက် တစ်ချက်တည်း ထူထောင်နေစဉ် လူပုဂ္ဂိုလ်အလိုက် (သူရဲ့ စိတ်ပိုင်း ဖွံ့ဖြိုးမှုအရ) ဘယ်အပိုင်းကို ပိုပြီး အပြင်းအထန် ကျင့်ရမယ်ဆိုတာကျတော့ ကွဲပြားပါတယ်။ တရား အားထုတ်သူ ယောဂီဟာ ပထမဦးစွာ သီလကို ထူထောင်ရပါတယ်။ ဒါကတော့ သူပြုတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေဟာ တခြားသက်ရှိသတ္တဝါများရဲ့ အကျိုးကိုပါ ဖော်ဆောင်ပေးရတာ ဖြစ်တယ်။ ဒါက သူဟာ သီလ သိက္ခာပုဒ်တွေ ဖြစ်တဲ့ ပါဏာတိပါတာ၊ သူ့ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။ မုသာဝါဒ၊ လိမ်လည် ပြောဆိုခြင်း၊ ဖရုဿဝါစာ ကြမ်းတမ်းစွာ ပြောဆိုခြင်းကို သစ္စာရှိရှိ မကျိုးမပေါက်အောင် ထိန်းသိမ်းခြင်းမျိုး ဖြစ်တယ်။ မခိုးဘူး။ မူးယစ်စေတတ်သော အရာများကို မမှီဝဲဘူး ဆိုတာတွေလို သီလသိက္ခာပုဒ်တွေကို မကျိုးမပေါက်အောင် ထိန်းနိုင်ရင်ဖြင့် သူတစ်ပါးကိုလည်း အကျိုးပြုရာ ရောက်ပါတယ်။ ဒီလို သီလသိက္ခာပုဒ်တွေကို ထိန်းနိုင်ပြီဆိုရင်ဖြင့် သူဟာ သူ့စိတ်ကို သူ ထိန်းသိမ်းရလွယ်သွားပြီ။ စိတ်ကို အလွယ်တကူ ထိန်းနိုင်ရင် သမာဓိရဖို့လည်း လွယ်သွားတာပေါ့။ နောက်ဆုံးမှာ သမာဓိက တစ်ဆင့် ပညာဉာဏ် ဖြစ်ထွန်းပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။

## တစ်ဆင့်ပြီး တစ်ဆင့် ဖွံ့ဖြိုးတိုးတက်ခြင်း

မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ချက်ချင်း ရောက်ရေး ကိစ္စတွင် လူတိုင်းမှာ ဉာဏ်အဆင့်အတန်းချင်း တန်းတူ မရှိကြကြောင်းကို ဗုဒ္ဓရှင်တော်မြတ်ကြီးသည် သဗ္ဗညုတဉာဏ်

တော်ကြီးနှင့် သိမြင်တော်မူတယ်။ ဒါကြောင့် ကိုယ်တော်မြတ်ကြီးက မဂ္ဂင် ရှစ်ပါး မြတ်တရားကို ပိုင်းခြား ဟောတော်မူခြင်း ဖြစ်တယ်။ ဒါက ဉာဏ်အဆင့်မြင့်သို့ ရောက်အောင် တဖြည်းဖြည်း တစ်ဆင့်ပြီး တစ်ဆင့် ဖွံ့ဖြိုး တိုးတက်အောင် လုပ်တဲ့နည်းပါ။ လူတိုင်းဟာ တစ်ဘဝ တစ်သက်တာတည်းနဲ့ နိဗ္ဗာန် မဂ်ဖိုလ်ကို မရောက်နိုင်ကြောင်း ကိုယ်တော်မြတ်ကြီး ကောင်းကောင်း သိတော်မူပါတယ်။ ဒါကြောင့် သီလ၊ သမာဓိ၊ ပညာကို ဘဝ အဆက်ဆက် ဖွံ့ဖြိုး တိုးတက်အောင်လည်း ဝီရိယ ကောင်းကောင်းနဲ့ လုပ်ရင် လုပ်လို့ရကြောင်း ဟောတော်မူခြင်း ဖြစ်တယ်။ ဒီမဂ်လမ်းစဉ်သည် အဆုံးစွန် ဘဝကို ရောက်ရင်ဖြင့် နိဗ္ဗာန် ချမ်းသာကြီးဆီကို မျက်မှောက် ပြုသွားမှာဖြစ်တဲ့ အတွက် ဒုက္ခ အားလုံး ချုပ်ဆုံးပြီး သံသရာ ဇာတ်သိမ်းသွားမှာ ဖြစ်ပါတယ်။

## ဖြောင့်မတ်မှန်ကန်သော ဘဝ

မဂ္ဂင်ရှစ်ပါးတွင် အောက်ပါအချက် ၈ ချက် ပါဝင်သည်။

| | | | |
|---|---|---|---|
| သီလ Morality | သမ္မာဝါစာ | - | Right Speech |
| | သမ္မာကမ္မန္တ | - | Right Action |
| | သမ္မာအာဇီဝ | - | Right Livelihood |
| သမာဓိ Mental Culture | သမ္မာဝါယာမ | - | Right Effort |
| | သမ္မာသတိ | - | Right Mindfulness |
| | သမ္မာသမာဓိ | - | Right Concentration |
| ပညာ Wisdom | သမ္မာဒိဋ္ဌိ | - | Right Understanding |
| | သမ္မာသင်္ကပ္ပ | - | Right Thoughts |

## သမ္မာဒိဋ္ဌိဆိုတာ ဘာလဲ

အမြင်မှန်ဆိုတာ အရိယာသစ္စာ လေးပါးကို သိနားလည်သော ဉာဏ်ရှိခြင်းလို့ ရှင်းလင်း ဟောကြားထားပါတယ်။ တစ်နည်းဆိုသော် ရုပ်ဓမ္မ၊ နာမ်ဓမ္မတွေရဲ့ သဘာဝကို ရှိသည့်အတိုင်း ဖြစ်သည့်အတိုင်း သူ့ အတိုင်းတိုင်းကို သိနားလည်ခြင်း

ပဲ ဖြစ်တယ်။ သမ္မာဒိဋ္ဌိ အမြင်မှန်ဆိုတဲ့ အထဲမှာ ဘယ်ဟာက ကောင်းမှုကုသိုလ် ဖြစ်စေတဲ့ ကံ (အလုပ်) ပဲ၊ ဘယ်ဟာကဖြင့် မကောင်းမှု အကုသိုလ် အလုပ်(ကံ) ပဲလို့ ကံရဲ့ သဘောကို နားလည်ခြင်းလည်း ပါတယ်။*ကမ္မ (ကံ) ကို နားလည်ခြင်း အားဖြင့် လူပုဂ္ဂိုလ် တစ်ဦးသည် မကောင်းမှုကို ရှောင်ကြဉ်နိုင်တယ်။ ကောင်းမှုကို ဆောင်ရွက်နိုင်တယ်။ ဒီလို လုပ်ခြင်းအားဖြင့် သူ့ ဘဝမှာ အကျိုးကျေးဇူးတွေကို ခံစားလာရတယ်။ လူ တစ်ဦးမှာ သမ္မာဒိဋ္ဌိ အမြင်မှန်ကို ရတဲ့အခါ သူဟာ ဘဝရဲ့ လက္ခဏာရေး သုံးပါးကို နားလည်တယ်။ (သဗ္ဗေသင်္ခါရာ အနိစ္စာ၊ သဗ္ဗေသင်္ခါရာ ဒုက္ခာ၊ သဗ္ဗေဓမ္မာ အနတ္တာ) ကို သိနား လည်တယ်။ ကံကြောင့် သတ္တဝါများ သံသရာ လည်နေရခြင်း ဆိုတဲ့ သံသရာစက် ပဋိစ္စသမုပ္ပာဒ် တရားကိုရော နားလည်လာတယ်။ သမ္မာဒိဋ္ဌိ အမြင်မှန်နဲ့ ပြည့်စုံတဲ့ လူဟာ အဝိဇ္ဇာ မောဟက လွတ်မြောက်သွားသူလည်း ဖြစ်တယ်။ ဒီလို ဝိဇ္ဇာဉာဏ် အလင်းကို ရသော သဘာဝ အားလျော်စွာ ထိုသူသည် မကောင်းမှု အကုသိုလ်ကံကို ဖြစ်စေတဲ့ အကုသိုလ် ရေသောက်မြစ်တွေကို သူ့ စိတ်ထဲက ဖယ်ရှင်းပစ်နိုင်သူ ဖြစ်ပြီး ဗုဒ္ဓ ဘာသာက အထွတ်အမြတ် အထားဆုံး ဘဝရဲ့ ပန်းတိုင် (ရည်မှန်းချက်)ကတော့ ဉာဏ်ပညာ (ဝိဇ္ဇာဉာဏ်) ရရှိရေး၊ လောကထဲက ရုပ်ဓမ္မ၊ နာမ်ဓမ္မ အားလုံးရဲ့ အဖြစ်မှန်ကို သိတဲ့ဉာဏ် (သမ္မာဒိဋ္ဌိ အမြင်မှန်) ကို ရရှိရေးပဲ ဖြစ်တယ်။

လူ တစ်ဦးတစ်ယောက်ဟာ သမ္မာဒိဋ္ဌိ အမြင်မှန်ကို ရပြီဆိုမှ သူ၊ သူမသည် သမ္မာသင်္ကပ္ပခေါ်တဲ့ မှန်မှန်ကန်ကန် စဉ်းစား ဆင်ခြင်တတ်သူ ဖြစ်လာနိုင်တယ်။ သမ္မာသင်္ကပ္ပကို တစ်ခါတလေ မှန်ကန်သော ဆုံးဖြတ်ချက် ချတတ်မှုလို့လည်း ပြောတတ်ကြတယ်။ မှန်ကန်သော လိုချင်တပ်မက်မှုနဲ့ မှန်ကန်တဲ့ တွေးတောမှု ယူဆမှုတွေဟာ မှားယွင်းတဲ့ လိုချင်ဆန္ဒ ရမ္မက်တွေ၊ မှားယွင်းတဲ့ အတွေး အယူ အဆတွေကို စိတ်ထဲမှာ ဖယ်ရှားနိုင်ပြီး နိဗ္ဗာန် မဂ်ဖိုလ်သို့ ပို့ဆောင်နိုင်တဲ့ စင်ကြယ်တဲ့ အကျင့်သီလ ဖြစ်ပေါ်တိုးတက်မှု ဖွံ့ဖြိုးမှုကို ဖြစ်စေပါတယ်။ သမ္မာ သင်္ကပ္ပမှာ တစ်ချက်ခုတ် နှစ်ချက်ပြတ် သဘောရှိတယ်။ သူက မကောင်းသဖြင့် ဖြစ်တဲ့ အယူအဆ အတွေးအကြံတွေကို သုတ်သင် ဖယ်ရှားခြင်း သဘောနဲ့ ကောင်းမှု ကုသိုလ်ဖြစ်တဲ့ အတွေးအကြံ အယူအဆတွေကို ရှင်သန် ဖွံ့ဖြိုးစေခြင်း သဘော နှစ်မျိုးလုံးပါတယ်။ ဒီသမ္မာသင်္ကပ္ပဟာလည်း အလွန် အရေးကြီးပါတယ်။

* ကုသိုလ်ကံ၊ အကုသိုလ်ကံနှင့် ပတ်သက်ပြီး အခန်း (၈) မှာ အကျယ် ရှင်းပြထားတယ်။

ဘာကြောင့်လဲဆိုတော့ သူက လူပုဂ္ဂိုလ် တစ်ဦးရဲ့ စိတ်ကို စင်ကြယ်အောင်ရော၊ ယုတ်ညံ့အောင်ရော လုပ်နိုင်လို့ ဖြစ်တယ်။

သမ္မာသင်္ကပ္ပမှာ အချက် (၃) ချက် ပါတယ်။ ပထမ အချက်ကတော့ လူတစ်ယောက်ဟာ သမ္မာသင်္ကပ္ပဖြစ်ရေး အလို့ငှာ လောကီ အာရုံ ကာမဂုဏ်တရားတွေ အပေါ်မှာ အလွန် တပ်မက်တဲ့ စိတ်မျိုး၊ တစ်ကိုယ်ကောင်း စိတ်မျိုး၊ ကင်းရမယ်။ ဒါကို ကာမစိတ်ကို ပယ်ရှားခြင်း ဖြစ်တယ်။ ဒီပုဂ္ဂိုလ်ဟာ ကိုယ်ကျိုးကို မလိုလားဘဲ အများကောင်းကျိုးကို ပိုပြီး လိုလားတဲ့ စိတ်မျိုး ရှိရမယ်။ ဒါကို နိက္ခမဝိတက်လို့ ခေါ်တယ်။

ဒုတိယ အချက်ကတော့ သူ့ စိတ်ထဲမှာ မေတ္တာဓာတ်ကို ထိန်းသိမ်းထားရမယ်။ စိတ်ကောင်း နှလုံးကောင်း မွေးရမယ်။ သတ္တဝါ မှန်သမျှပေါ်မှာ သနားချစ်ခင်စိတ် ရှိရမယ်။ ဒီစိတ်ဟာ သူတစ်ပါးအပေါ် မလိုမုန်းထားစိတ်၊ ဒေါသစိတ် ဗျာပါဒစိတ်ကို ပယ်ရှားခြင်း ဖြစ်တယ်။ ဒါကို အဗျာပါဒဝိတက်ကို ခေါ်တယ်။ တတိယဝိတက် ကြံစည်ခြင်းက သူတစ်ပါးကို အန္တရာယ် ဖြစ်စေလိုမှု ကင်းရှင်းတဲ့ အတွေးအကြံမျိုး ဖြစ်တယ်။ သတ္တဝါ အားလုံး အပေါ် ကြင်နာတတ်ပြီး ရက်စက်ကြမ်းကြုတ်မှု၊ သူတစ်ပါးကို မထောက်ညာမှုကို ဆန့်ကျင်လိုမှုပဲ ဖြစ်တယ်။ ဒါကိုတော့ အဝိဟိံသ ဝိတက်လို့ ခေါ်တယ်။

လူ တစ်ယောက်ဟာ ဘာသာရေး လမ်းပေါ်မှာ စိတ်ဓာတ် တိုးတက်လာတာနဲ့အမျှ သူ့ စိတ်ဟာလည်း ကြင်နာမှုတွေ၊ အန္တရာယ်ကင်း ဘေးရှင်းစေလိုမှုတွေ၊ ကိုယ်ကျိုးစွန့်မှုတွေ၊ မေတ္တာ ကရုဏာတွေနဲ့ ပြည့်ဝလာပါတော့တယ်။

သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပတို့သည် ပညာခန်းမှာ ပါဝင်ကြတယ်။ မှန်သောအမြင်၊ မှန်သော အတွေးအကြံတွေကလည်း သီလ၏ စင်ကြယ်မှုကို ကျေးဇူးပြုကြတယ်။ သီလခန်းမှာတော့ အချက် (၃) ချက် ပါတယ်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တနဲ့ သမ္မာအာဇီဝတို့ ဖြစ်ကြတယ်။ မှန်သော စကား၊ မှန်သော အလုပ်၊ မှန်သော အသက်မွေးဝမ်းကျောင်းမှု သဘောများ ဖြစ်ပါတယ်။ သမ္မာဝါစာ၊ မှန်သော စကားဆိုတဲ့ အထဲမှာ မှန်ကန်မှု သစ္စာကို စောင့်စည်းခြင်းသဘော၊ သူတစ်ပါးတို့ ကောင်းစားရေးကို လိုလားမှုတွေလည်း ပါတယ်။ ဆိုလိုတာက လိမ်ညာမှုကို ရှောင်ရှားခြင်း၊ ကုန်းချော၊ စိတ်ဝမ်းကွဲအောင် ပြောဆိုခြင်းကို ရှောင်ရှားခြင်း၊ ကြမ်းတမ်းခက်ထန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ရှားခြင်း၊ အနှစ်သာရ မရှိ သိမ်ဖျင်းသော စကားကို ဆိုခြင်းမှ ရှောင်ခြင်း စသည်တို့ ဖြစ်ပါတယ်။

ကျွန်ုပ်တို့ အနေနဲ့ စကားရဲ့ ခွန်အား စွမ်းအင်ကို နားလည်ကြပေမဲ့ ပြောတဲ့အခါ ကျတော့ စောင့်စည်းမှု ထိန်းချုပ်မှု မရှိဘဲ စိတ်လွတ်ကိုယ်လွတ် ပြောချလိုက်တတ်ကြ တယ်။ ကျွန်ုပ်တို့ ဘဝမှာ တစ်ကြိမ်တစ်ခါမှာတော့ တစ်ယောက်က နာလောက်တဲ့ စကား ပြောတာ ခံရတတ်ပါတယ်။ တစ်ခါတလေကျတော့ သူများက အားပေးအား မြှောက်ပြုတဲ့ စကားမျိုး အပြောလည်း ခံရတတ်ပါတယ်။ ကြမ်းကြုတ်တဲ့ စကားနဲ့ ထိခိုက်လို့ရတဲ့ ဒဏ်ရာက လက်နက်နဲ့ တိုက်ခိုက်ခံရလို့ရတဲ့ ဒဏ်ရာထက် ပိုပြီး ပြင်းထန်တယ်လို့လည်း ဆိုရိုး ရှိပါတယ်။

အင်မတန် ကြမ်းကြုတ် ရက်စက်တဲ့ ရာဇဝတ်သားကိုတောင်မှ နူးညံ့ပြေပြစ် တဲ့ စကား၊ ချိုသာတဲ့ စကားနဲ့ သိမ်မွေ့ နူးညံ့လာအောင်၊ စိတ်သဘောထား ပြောင်းအောင် လုပ်လို့ရတတ်ပါတယ်။ ဒါကြောင့် ညီညွတ်တဲ့ လူ့ အဖွဲ့အစည်း ဖြစ်အောင် ဆောင်ရွက်ချင်ရင် ကျွန်ုပ်တို့သည် စကားကို ထိန်းထိန်းသိမ်းသိမ်း ပြောဖို့၊ မှန်မှန်ကန်ကန် အပြုသဘောနဲ့ ပြောဆိုတတ်ဖို့ ပြုစုပျိုးထောင်ပေးရမှာ ဖြစ်ပါတယ်။ ကျွန်ုပ်တို့က မှန်သော စကားကို ဆိုခြင်းအားဖြင့် ညီညွတ်မှု၊ ကြင်နာမှု၊ အမိပ္ပာယ် ရှိမှုတွေကို ဖြစ်ပေါ်စေနိုင်ပါတယ်။ မြတ်စွာဘုရားက တစ်ခါက 'ချိုသာသော စကား၏ အရသာသည် ပျားရည်ထက် ချိုသည်။ မှန်ကန်သော စကားသည် ပန်းလို လှသည်။ မဟုတ်မမှန် ပြောဆိုသော အလဇ္ဇီ စကားသည်ကား မစင်ဘင်ပုပ်နှင့် တူ၏' လို့ ဟောတော်မူခဲ့ဖူးပါတယ်။

ကိုယ်ကျင့်တရား ကောင်းမွန်မှု ဖြစ်စေရန် နောက်တစ်ချက်မှာ သမ္မာကမ္မန္တ ဖြစ်သည်။ ကောင်းသော ကာယကံမှုကို ဆိုလိုသည်။ ကာယကံ ကုသိုလ်သည် ဘဝကို အလေးအမြတ် ပြုခြင်းသဘော၊ ပစ္စည်းဥစ္စာအပေါ် အလေးအမြတ်ပြုခြင်း သဘော အချင်းချင်း ဆက်ဆံမှု အပေါ် အလေးအမြတ်ပြုခြင်း သဘောများ နောက်ဆက်တွဲ ပါဝင်နေကြသည်။ သမ္မာကမ္မန္တ အထဲတွင် ငါးပါးသီလထဲက ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊ ကာမေသု မိစ္ဆာ သိက္ခာပုဒ် သုံးခုလုံး ပါဝင်တယ်။

လူတိုင်း လူတိုင်း ဘဝကို ချစ်မြတ်နိုးကြတယ်။

Life is dear to all.

အပြစ်ဒဏ် စီရင်ခံရမည်ကို လူတိုင်း တုန်လှုပ်ကြတယ်။

All tremble at punishment.

ပြီးတော့ သေခြင်းကို လူတိုင်း ကြောက်ကြသည်။ အသက်ကို မြတ်နိုး တန်ဖိုးထားကြသည်ချည်း ဖြစ်၏။

And all fear death and value life.

ဒါကြောင့် မိမိကိုယ်တိုင် အသတ် မခံရဲသော အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းကို ပြုအပ်တယ်။ တခြားသော သက်ရှိသတ္တဝါတွေ အပေါ်မှာလည်း အန္တရာယ် မပြုသင့်ပါဘူး။

Hence, we should abstain from taking a life which we ourselves cannot give and we should not harm other sentient beings.

ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုအပေါ် အလေးအမြတ်ပြုခြင်း ဆိုတာက သူများ မပေးတဲ့ ပစ္စည်းကို မရယူသင့်ဘူး ဆိုတာပဲ ဖြစ်တယ်။ ခိုးယူတာတို့၊ လိမ်ယူတာတို့ အင်အားသုံးပြီး လုယက်ယူတာတို့ကို မလုပ်သင့်ဘူးလို့ ပြောခြင်း ဖြစ်တယ်။

အချင်းချင်း အပေါ်မှာ အလေးအမြတ် ပြုမှုဆိုတာက သူတစ်ပါး သားမယား ကို ပြစ်မှား ကျူးလွန်တာတို့ တရားမဝင် လိင်ဆက်ဆံတာတို့ ဆိုတဲ့ ကာမေသု မိစ္ဆာစာရ (မှားယွင်းသော ကာမ ဆက်ဆံမှုများ)ကို ရှောင်ကြဉ်ခြင်းကို ဆိုလိုတယ်။ ဒီတရားဟာ ချစ်ခင်သူများရဲ့ မေတ္တာထားမှု၊ ချစ်ခင်မှု၊ ယုံကြည်စိတ်ချမှု ရဖို့နဲ့ ပိုပြီး နေပျော်ဖွယ်ကောင်းတဲ့ လူ့ အဖွဲ့အစည်း ဖြစ်အောင် ပြုလုပ်တဲ့ နေရာမှာ အလွန် အရေးကြီးတဲ့ အချက် ဖြစ်ပါတယ်။

သမ္မာအာဇီဝ သိက္ခာပုဒ်ကတော့ ကျွန်ုပ်တို့ အနေနဲ့ လူ့ အဖွဲ့အစည်းထဲ နေတဲ့အခါ ဘယ်လို အသက်မွေးဝမ်းကျောင်းမှု ပြုသင့်တယ်ဆိုတဲ့ ကိုယ်ကျင့်တရား အပြုအမူနဲ့ ဆိုင်ပါတယ်။ ဒါဟာ မှန်သောစကားကို ဆိုခြင်းနဲ့ မှန်သော ကာယကံ အမှုကို ပြုလုပ်ခြင်း သိက္ခာပုဒ် နှစ်ခုလုံးကို ချဲ့ထွင်ထားခြင်း ဖြစ်တယ်။ မှန်သော စကားကို ဆိုခြင်း၊ မှန်သော အလုပ်ကို လုပ်ခြင်းသည် မှန်ကန်မှုကို ရိုသေလေးစား ခြင်း၊ ဘဝကို တန်ဖိုးထား လေးစားခြင်း၊ ဥစ္စာပစ္စည်း အပေါ်မှာ လေးစားခြင်းနဲ့ အချင်းချင်း ဆက်ဆံရေးတို့နဲ့ သက်ဆိုင်ပါတယ်။ မှန်သော အသက်မွေးဝမ်းကျောင်း ပြုမှုရဲ့ အဓိပ္ပာယ်မှာ အကြမ်းမဖက်ဘဲ ရှင်သန် နေထိုင်ခြင်း ဆိုတဲ့ ကိုယ်ကျင့် တရားဆိုင်ရာ မူဝါဒသဘောပါ။ ဗုဒ္ဓဘာသာဝင်များဟာ အောက်ပါ လုပ်ငန်း ငါး မျိုးနဲ့ အသက်မွေးခြင်းကို အားမပေးပါဘူး။ ဘုရား မနှစ်သက်ပါဘူး။ ဒါတွေက

၁။ လူကုန်ကူးမှု

၂။ လက်နက်ကုန်ကူးမှု

၃။ သားငါး သတ်ဖြတ် ရောင်းဝယ်မှု

၄။ မူးယစ်စေတတ်သော အစာဆေးဝါး ရောင်းဝယ်ဖောက်ကားမှု

၅။ အဆိပ် ရောင်းဝယ်မှု

တချို့ လူတွေကတော့ သူတို့ အနေနဲ့တော့ ဒီအလုပ်တွေကို လုပ်ပြီး အသက်မွေးဝမ်းကျောင်း နေကြရတယ်။ ဒါကြောင့် ဒီအလုပ်ဟာ သူတို့အတွက် စီးပွားဖြစ်လို့ မှားတယ်လို့ မဆိုနိုင်ဘူးလို့ ပြောချင် ပြောကြမယ်။ ဒါပေမဲ့ ဒီ ဆင်ခြေဟာ လုံးဝ အခြေအမြစ် မရှိပါဘူး။ တကယ်လို့ ဒီဆင်ခြေသာ မှန်ရိုး ဆိုရင်ဖြင့် သူခိုး လုပ်စားတာလည်း မှန်တာပဲပေါ့။ လူသတ်သမားလုပ်လည်း မှန်ရောပေါ့။ ဓားပြတိုက်တာ၊ ပြန်ပေးဆွဲတာ၊ မှောင်ခို ကုန်ကူးတာ၊ လိမ်စားနေတဲ့ လူအားလုံး ဟာလည်း မှန်ကန်တဲ့ အသက်မွေးဝမ်းကျောင်း ဖြစ်ကုန်ရောပေါ့။ သူတို့ကလည်း ကျုပ်တို့ ဒါပဲ လုပ်တတ်လို့ ဒါ လုပ်စားနေကြရတယ်။ ဒါလုပ်မှသာ ချောင်ချောင်လည်လည် နေရစားရတယ်။ ဒါကြောင့် သူတို့ ဒီလို လုပ်စား နေရတာလည်း မှန်တယ်လို့၊ ကောင်းတယ်လို့ ခပ်လွယ်လွယ်ပဲ ပြောကုန်ကြတော့ မှာပေါ့။ သူတို့ ဒီအလုပ် လုပ်စားလို့ အဆင်ပြေနေတာ ဘာမှ မှားစရာ မရှိဘူးဘဲ ပြောကြတော့မှာပေါ့။

တချို့ လူတွေက အပျော် ငါးမျှားကြတာတို့၊ အပျော် အမဲပစ်ကြတာတို့၊ စားသောက်ဖို့အတွက် အမဲသားငါး သတ်ဖြတ်ကြတာတို့ဟာ ဗုဒ္ဓဘာသာက လက်ခံ ထားတဲ့ ငါးပါးသီလနဲ့ မဆန့်ကျင်ဘူး ဆိုပြီး ပြောတတ်ကြတယ်။ ဒါဟာလည်း ဓမ္မရဲ့ သဘောကို နားမလည်လို့ နားလည်မှု လွဲမှားလို့ ဖြစ်ပေါ်လာတဲ့ အမြင်မှား မှု တစ်မျိုးပဲ ဖြစ်တယ်။ ဒီ အပြုအမူကံတွေဟာ တခြားသော သက်ရှိသတ္တဝါတွေ အတွက် ဆင်းရဲဒုက္ခကို ဖန်တီးတာ ဖြစ်လို့ လျော်ကန်သင့်မြတ်တဲ့ အလုပ်တော့ မဖြစ်နိုင်ပါဘူး။ ဒီလို ကာယကံမှုတွေမှာ တခြား လူတွေထက် ပိုပြီး အန္တရာယ်များ တဲ့ လူတွေဟာ အကုသိုလ် အလုပ်ကို ပိုပြီး လုပ်တတ်ကြတယ်။

In all these actions, the one who is harmed most of all is the one who performs these unwholesome actions.

လွဲမှားတဲ့နည်းနဲ့ အသက်မွေးဝမ်းကျောင်းမှု ပြုတာဟာ ဗုဒ္ဓမြတ်စွာ ဒေသနာ တော်များနဲ့ မကိုက်ညီပါ။ မြတ်ဗုဒ္ဓက 'အကျင့်သီလ ကင်းမဲ့ခြင်းဖြင့် အသက် တစ်ရာ နေရခြင်းထက် အကျင့်သီလ ဘာဝနာ ပြည့်စုံစွာဖြင့် တစ်ရက်တည်း အသက်ရှင်၍ နေရခြင်းက ပို၍ မြတ်၏' (ဓမ္မပဒ-၁၀၃) လို့ ဟောတော်မူပါတယ်။

The Buddha once said, "Though one should live a hundred years immorally and unrestrained, yet it would indeed be better to live one day virtuously and meditatively."

[Dhammapada - 103]

ကောက်ကျစ် ယုတ်မာသူ၊ အဖြစ် အသက်ရှင်၍ နေရခြင်းထက် လူရိုသေလေးစားခြင်း ခံရသူ၊ တရားရှိသူ အဖြစ် သေရခြင်းက ပို၍ မြတ်တယ်။

မဂ္ဂင်ရှစ်ပါးပါ ကျန်သော မဂ်အင်္ဂါ သုံးပါးသည် လူ၏ ဉာဏ်ပညာနှင့် အတွေးအခေါ် အယူအဆ စင်ကြယ်ရေး ဖြစ်သည်။ ဒိဋ္ဌိဝိသုဒ္ဓိ ကိစ္စ ဖြစ်တယ်။ စိတ္တဝိသုဒ္ဓိကို ပြုပြီး ဉာဏ်ဖွံ့ဖြိုးရေးကို ဆောင်ရွက်ရန် ဖြစ်တယ်။ ၎င်းတို့မှာ သမ္မာဝါယာမ၊ သမ္မာသတိနှင့် သမ္မာသမာဓိ မဂ္ဂင်များ ဖြစ်ကြပါတယ်။ ဒီမဂ္ဂင်များကို လေ့ကျင့် ပျိုးထောင်နိုင်တဲ့ ပုဂ္ဂိုလ်သည် မိမိ စိတ်ကို အင်အား ရှိအောင် ပြုလုပ်ပြီး နိုင်နင်းအောင် ထိန်းသိမ်း စောင့်ရှောက်နိုင်သူ ဖြစ်လာတယ်။ ဒီလို စိတ်ဓာတ် မြင့်မားအောင် ဆောင်ရွက်နိုင်တဲ့အတွက် မိမိ စိတ်ကို ကောင်းမွန်မြင့်မြတ်အောင် ဆက်လက်ပြီး ထိန်းသိမ်းထားနိုင်တယ်။ ဒီလို ထိန်းသိမ်းနိုင်မှုကြောင့် မိမိ စိတ်ဟာ သစ္စာဉာဏ်ကို ထိုးထွင်းသိမြင်ရေး အတွက် အသင့် ဖြစ်နေတာပါ။ ဒါဟာ လွတ်မြောက်ခြင်းဆိုတဲ့ ဝိမုတ္တိ တံခါးပေါက်ကို ဖွင့်လှစ်နိုင်ခြင်းပဲ ဖြစ်ပါတယ်။

သမ္မာဝါယမ ဆိုတာက မိမိတို့ ပြုလုပ်တဲ့ အမှုကိစ္စတွေမှာ အပြုသဘော ဆောင်ဖို့ရယ်၊ စိတ်အားထက်သန်မှု ရှိဖို့ရယ်အတွက် ပြုစုပျိုးထောင်ပေးတဲ့ သဘောကို ပြောတာ ဖြစ်တယ်။ ဒါက မိမိတို့ရဲ့ နေ့စဉ်ဘဝ လုပ်ငန်းဆောင်တာတွေ အတွက်ရော၊ တရားဓမ္မပိုင်း ဆိုင်ရာ အားထုတ်မှုတွေမှာပါ လုပ်ဖို့ လိုအပ်တဲ့ သဘောမျိုးလည်း ဖြစ်တယ်။ ဒီလို ဒီလို စိတ်အား ထက်သန်မှုနှင့် ရှင်လန်းတက်ကြွ စိတ် အဓိဋ္ဌာန် ခိုင်မာမှုကို တည်တံ့အောင် လုပ်နိုင်မှသာလျှင် ကျွန်ုပ်တို့ လုပ်ကိုင်ဆောင်ရွက်တဲ့ အမှုကိစ္စတွေ အားလုံးမှာ ပြီးမြောက် အောင်မြင်မှု ရနိုင်ပါတယ်။ သမ္မာဝါယာမမှာ ကောင်းဘက် ဆိုးဘက် လေးဖက် ရှိပါတယ်။ ပထမဘက်က မကောင်းမှု ဒုစရိုက်တွေကို ငြင်းပယ်ရတဲ့ဘက်ပါ။ ဒါက ဖြစ်ပြီးသော အကုသိုလ်တွေကို ပယ်ခြင်း ဖြစ်တယ်။ ဒုတိယက မဖြစ်သေးတဲ့ (ဖြစ်လာဦးမည့်) အကုသိုလ်တွေကို ကာကွယ်တဲ့ဘက် ဖြစ်တယ်။ တတိယဘက်က ဖြစ်ပြီးသား ကုသိုလ်တရားတွေကို ထိန်းသိမ်းထားဖို့၊ ပွားများအောင်လုပ်ဖို့၊ ကြိုးပမ်းဖို့ဘက် ဖြစ်တယ်။ စတုတ္ထဘက်ကတော့ မဖြစ်သေးတဲ့ (ဖြစ်လာနိုင်တဲ့) ကုသိုလ်တွေကို ဖြစ်ပေါ်လာအောင် ကြိုးပမ်း ဆောင်ရွက်ဖို့ဘက် ဖြစ်ပါတယ်။ ကျွန်ုပ်တို့ရဲ့ ဘဝထဲမှ သမ္မာဝါယာမကို အသုံးချခြင်းအားဖြင့် ကျွန်ုတို့သည် မိမိတို့ရဲ့ သန္တာန်မှာ ရှိနေတဲ့အကုသိုလ် တရားများကို လျော့နည်း ပပျောက်သွားအောင် လုပ်နိုင်တယ်။ ပြီးတော့

ဖြစ်ပြီး ကုသိုလ်တရားများနဲ့ ဖြစ်ဆဲ ကုသိုလ်တရားများကို ခိုင်ခိုင်မာမာ ဖြစ်အောင် တည်ဆောက်ပြီး တိုးပွားအောင်လည်း လုပ်နိုင်ပါတယ်။ သမ္မာဝါယာမသည် သမ္မာသမာဓိ ဆိုတဲ့ မဂ်အင်္ဂါနဲ့လည်း နီးနီးကပ်ကပ် ဆက်စပ်နေပါတယ်။ ဗုဒ္ဓဘာသာမှာ သမထ လုပ်ငန်းသည်လည်း အရေးပါတဲ့ လုပ်ငန်းဖြစ်တယ်။ မြတ်ဗုဒ္ဓက သတိပဋ္ဌာန်တရား ပွားများခြင်းသည်သာ နိဗ္ဗာန်သို့သွားရာ တစ်ခုတည်းသော လမ်းကြောင်း ဖြစ်တယ်လို့ ဟောတော်မူခဲ့တယ်။ ဒီသတိပဋ္ဌာန်တရား ပွားများမှုကိစ္စကို ဖွံ့ဖြိုး တိုးတက်လာစေရန်အတွက် ပြောခဲ့ပြီးတဲ့ ဘက်လေးဖက် အချက်လေးချက်ကို အဆက်မပြတ် သိနားလည်နေရမယ်လို့ ဆိုပါတယ်။ ဒါကတော့ ကာယဂတာ သတိပဋ္ဌာန် ခေါ်တဲ့ ခန္ဓာကိုယ် အင်္ဂါ အစိတ်အပိုင်းတွေ ပေါ်မှာပဲဖြစ်ဖြစ် ကိုယ်နေဟန်ထား အမူအရာတွေ အပေါ်မှာပဲ ဖြစ်ဖြစ်၊ ထွက်သက် ဝင်သက်ဖြစ်တဲ့ အာနာပါန ပေါ်မှာပဲ ဖြစ်ဖြစ်၊ ဓာတုမနသိကာရ ခေါ်တဲ့ ရုပ်ဓာတ်တွေ အပေါ်မှာပဲ ဖြစ်ဖြစ် ဒီသတိပဋ္ဌာန်တရားကို အသုံးချပြီး ပွားများနေရမှာ ဖြစ်ပါတယ်။ ဒါမှမဟုတ် ဝေဒနာပေါ်မှာ ပွားများတဲ့ ဝေဒနာနုပဿနာမှာ ကတော့ သုခ ဝေဒနာ၊ ဒုက္ခ ဝေဒနာနဲ့ ဥပေက္ခာ ဝေဒနာတွေ အပေါ်မှာ ပွားများ ရတယ်။ စိတ် အပေါ်မှာ ရှုပွားတဲ့ စိတ္တာနုပဿနာမှာ စိတ်ဟာ လောဘစိတ်လား၊ ဒေါသစိတ်လား၊ မောဟစိတ်လား စသည်အားဖြင့် စိတ်တွေ ပေါ်လာသမျှ ချုပ် ပျောက်သွားပုံ၊ စိတ်ဖြစ်ပျက်ကို ရှုပွားရတာ ဖြစ်တယ်။ နောက် ဓမ္မာနုပဿနာကျတော့ နီဝရဏ တရားတွေနဲ့ သစ္စာတရားတွေကို ရှုပွားနိုင်တယ်။

ဒီသတိပဋ္ဌာန် တရားတော်ဟာ သံသရာ ထွက်မြောက်ကြောင်းအတွက်သာမက မိမိတို့ရဲ့ နေ့စဉ် လောကီ ကိစ္စတွေမှာလည်း အရေးပါတယ်။ နေ့စဉ် ဘဝထဲက အလုပ်တွေကို သတိရှိရှိနဲ့ လုပ်ဖို့ ခံစားချက်တွေ၊ အတွေးအကြံတွေနဲ့ ပတ်ဝန်းကျင် လောကရဲ့ အခြေအနေတွေကို သတိရှိရှိနဲ့ လုပ်ဖို့ အရေးကြီးတာပါပဲ။ စိတ်ဟာ အမြဲ ကြည်လင်နေဖို့ သတိ ရှိနေဖို့ လိုတယ်။ စိတ်က ပျံ့လွင့်နေရင် မှုန်မှိုင်းနေရင် အလုပ်ကိစ္စတွေကို အောင်အောင်မြင်မြင် လုပ်နိုင်မှာ မဟုတ်ပါဘူး။

သမ္မာသတိကတော့ မိမိကိုယ်၊ မိမိစိတ်၊ မိမိ ခံစားချက်တွေ တခြား သူများနဲ့ ပတ်သက်တာတွေ အပေါ် သတိရှိအောင် ထိန်းကျောင်းပေးပါတယ်။ တစ်နည်းဆိုတော့ သမ္မာသတိက မိမိတို့ ရွေးချယ် ဆောင်ရွက်မည့် ကိစ္စတွေ အပေါ် သတိပြုလာအောင် အာရုံစိုက်လာအောင် ညွှန်ပြပါတယ်။ သမ္မာသမာဓိကျတော့ မိမိရဲ့ စိတ်ကို အရှုခံ အာရုံပေါ်မှာ စူးစူးစိုက်စိုက်နဲ့ မြဲနေအောင်

စိတ်ပျံ့ မသွားအောင် စိတ်ကို စုစည်းပေးတယ်။ သမ္မာသမာဓိဟာ စိတ်ကို တစ်အာရုံတည်း အပေါ်မှာ တည်နေတဲ့ ဧကဂ္ဂတာ ဖြစ်အောင် ရှက်ဆောင်ပေးပါတယ်။ ဒီအချိန် မှာ စိတ်ဟာ အာရုံ တစ်ခုတည်း အပေါ်မှာ စိမ့်ဝင် စူးစိုက်နေတယ်။ ဒါကြောင့် ဒီအချိန်မှာ စိတ်ပျံ့လွင့်မှု၊ စိတ်ရှုပ်ထွေးဝေဝါးမှု၊ စိုးရိမ် ကြောင့်ကြမှု ပျင်းရိ ငြီးငွေ့မှုတွေ ကင်းဆိတ်နေပါတယ်။ အတွေ့အကြုံရှိတဲ့ သိနားလည်တဲ့ ဆရာ့ထံမှာ တရား အားထုတ်ခြင်းအားဖြင့် သမ္မာသမာဓိက အကျိုးရလဒ် နှစ်ခု ပေါ်ထွက်လာနိုင်တယ်။ ပထမအချက်က ကိုယ်ရောစိတ်ပါ ကျန်းမာ ရွှင်လန်းလာပါတယ်။ စိတ်သက်သာမှု၊ စိတ်ရွှင်လန်းမှု၊ ငြိမ်သက်မှု၊ အေးချမ်းမှုတွေကို ခံစားရတဲ့ အကျိုး ရှိတယ်။ ဒုတိယအချက်က ဒီသမာဓိက ထိုးထွင်း သိမြင်မှုကို ဖြစ်စေပြီး ရုပ်နာမ် ဓမ္မသဘာရများရဲ့ ရှိအတိုင်းတိုင်း၊ ဖြစ်အတိုင်းတိုင်း သဘာဝတွေကို သိမြင်လာစေနိုင်တယ်။ ဒီကတစ်ဆင့် စိတ်မှာ ဉာဏ်အဆင့်ဆင့်၊ ပညာ အမျိုးမျိုး ဖြစ်ပေါ်လာနိုင်တယ်။

မဂ္ဂသစ္စာဟာ အရိယာသစ္စာ လေးပါး မြတ်တရားရဲ့ စတုတ္ထမြောက် သစ္စာ ဖြစ်ပါတယ်။ မြတ်စွာဘုရားဟာ ထက်မြက်လှတဲ့ စိတ်ရောဂါကု ဘေသဇ္ဇပါရဂူကြီးပမာ လူ့ ဘဝကို ထိခိုက် နစ်နာစေတဲ့ 'ဒုက္ခ' ဆိုတဲ့ ရောဂါကြီးကို ဖော်ထုတ်ပြီး ဒီရောဂါ ဖြစ်ရခြင်း အကြောင်းကိုလည်း (ရောဂါရဲ့ ဇာစ်မြစ်ကိုလည်း) ရှာဖွေ ဖော်ထုတ်ပေးတယ်။ ဒုက္ခ ဖြစ်ရခြင်း အကြောင်းဟာ အဝိဇ္ဇာနဲ့ တဏှာ (ကိုယ်ကျိုးရှာသဘော) ကြောင့် ဖြစ်တယ်လို့ ဖော်ထုတ်ပေးနိုင်ပါတယ်။ နိဗ္ဗာန်ဆိုတာက ရောဂါ ခပ်သိမ်း ချုပ်ငြိမ်းကင်းပျောက်ခြင်း သဘောဖြစ်တယ်။ ပြီးတော့ ဘုရား ပေးတော်မူတဲ့ ဆေးညွှန်းကတော့ မဂ္ဂင် ရှစ်ပါး မြတ်တရားပါ။ ကျွမ်းကျင်လိမ္မာတဲ့ ဆေးသမားဟာ ရောဂါ တစ်ခုကို ကုသတဲ့အခါ ရုပ်ပေါ်က ရောဂါ တစ်ခုတည်းကိုသာ မကုဘဲ စိတ်ထဲက ရောဂါကိုပါ ကုသပေးနိုင်စွမ်းတယ်။ မဂ္ဂင်ရှစ်ပါး မြတ်တရားက ဒုက္ခ ခပ်သိမ်း၊ ရောဂါ ခပ်သိမ်း ချုပ်ငြိမ်း ကင်းပျောက်ရာ အမှန် မြတ်နိဗ္ဗာန်သို့ ပို့ဆောင်တဲ့ လမ်းဖြစ်တယ်။ ဒါဟာ သံသရာ ဝဋ်ဆင်းရဲအပေါင်းက လွတ်မြောက်ကြောင်း ကုထုံးကောင်းပါ။ သီလ၊ သမာဓိ၊ ပညာ ဆိုတဲ့ သိက္ခာ သုံးရပ်ကို ပျိုးထောင် လေ့ကျင့်ပြီး ကုသတဲ့နည်းပါ။ ဒီနည်းလမ်းက စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်မှု၊ စင်ကြယ်မှု သဘောကိုပြပြီး ဒုက္ခတွေ အားလုံး ချုပ်ဆုံးသွားအောင် ကုစားတဲ့နည်းပါ။

# သင်္ခါရာအနိစ္စာ

## (အရာခပ်သိမ်းတို့သည် အမြဲ မရှိကြကုန်)

*ဖြစ်တည်နေသမျှ သင်္ခါရတရားတို့သည် အနိစ္စချည်း ဖြစ်သည်။ နိစ္စဖြစ်သော တရားသည် ဖြစ်တည်ခြင်း မရှိပါ။*

ဘဝကို ရှုကြည့်လျှင် ဘဝ ဘယ်လို ဖြစ်ပေါ် ပြောင်းလဲနေသလဲ ဆိုတာ ကျွန်ုပ်တို့ သိလာနိုင်သည်။ ဖြစ်ပြီးနောက် ပျက်စီးခြင်း ဆိုသော အစွန်းထွက် တရားနှစ်ပါးကြားမှာ ဘဝသည် ဘယ်လို ဆက်ပြီး စခန်းသွားနေသလဲ။ ပြောင်းလဲ ရွေ့လျားနေသလဲ ဆိုတာ သိနိုင်တယ်။ ဖြစ်နေတာ၊ ပျက်နေတာတွေကို မြင်ရတယ်။ အောင်မြင်နေတာတွေ ဆုံးရှုံးနေတာတွေကို မြင်တွေ့နေကြရတယ်။ အနိုင်အရှုံးတွေကို ခံစားနေကြရတယ်။ ဂုဏ်ပြုတာတွေ၊ ရှုတ်ချ ပြစ်တင်တာတွေကိုလည်း တွေ့ကြုံခံစားနေကြရတယ်။ ချီးမွမ်းတာတွေ၊ ပုတ်ခတ်တာတွေ၊ ဝမ်းသာစရာတွေ၊ ဝမ်းနည်းစရာတွေ၊ စိတ်ပျက် အားလျော့တာတွေ၊ စိတ် ကျေနပ်တာတွေ၊ ကြောက်ရွံ့တာတွေ၊ မျှော်လင့်တာတွေ ဒီလို ပြင်းထန်တဲ့ လောကဓံ လှိုင်းလုံးကြီးတွေက သယ်ဆောင်သွားလို့ ဘဝမှာ နိမ့်ချည်တစ်ခါ၊ မြင့်ချည်တစ်လှည့်နဲ့ ခေတ္တမျှခိုနားစရာ ကွန်းခိုရာကို မရောက်ခင် တွေ့ကြုံကြရမြဲပါ။ နောက်တော့လည်း အသစ် ဖြစ်လာတဲ့ လောကဓံလှိုင်းတွေ ကြားထဲ မျောပါသွားကြရတာပဲ။ ဒီလှိုင်း တစ်ချက်ကွဲအက်သွားခိုက်မှာ ဘယ်နည်းနဲ့များ ဘဝမှာ ထောက်တည်ရာ တစ်နေရာကိုရဖို့ မျှော်လင့်နိုင်ပါ့မလဲ။ ဘဝရဲ့ အဆောက်အအုံကို ဘယ်နေရာ၊ ဘယ်ဘုံမှာများ ဆောက်တည်ရပါ့မလဲ။ ဘယ်အခါမှ အတည်တကျ မရှိတဲ့ မငြိမ်သက်တဲ့ ဘဝသမုဒ္ဒရာကြီးထဲမှာ ဘဝရဲ့ ထောက်တည်ရာ၊ ဘဝရဲ့ သက်သာရာ ဘယ်မှာများ ရပါ့မလဲ။ ဒီကမ္ဘာကြီးက စိတ်ပျက် အားငယ်စရာတွေ ဆုံးရှုံး နစ်နာတာတွေ အများကြီးကို ခံစားရပြီးမှ မဖြစ်စလောက်တဲ့ ပျော်ရွှင်မှု သုခကလေးကို စိတ်ချလက်ချ ခံစားကြရတာပါ။ နာမကျန်း ဖြစ်မှုတွေ၊ ကြေကွဲမှုတွေနဲ့ သေခြင်းတရားကြားထဲမှာ ရှားရှားပါးပါး ကလေး ပေါက်ဖွားလာတဲ့ ပျော်ရွှင်မှု သုခသဘောကလေးကို ခံစားကြရတာပါ။ ဒီကမ္ဘာကြီးမှာက စောစောက ခဏတာ ကာလမျှလောက်ကလေးအတွင်းမှာ ကြင်နာမှု သုခကလေးကို ဖျတ်ခနဲ ခံစားလိုက်ရပြီး နောက်တစ်ခဏကျတော့ ကြင်နာမှု၊ ကရုဏာတရားကို တောင့်တ မျှော်မှန်းနေကြရပြန်

ရော၊ ဒါဟာ ဒီလောကရဲ့ ဓမ္မသဘောပါ။ ဒီလောကထဲမှာ ဒီနေ့ မိတ်ဆွေတွေ ဖြစ်ခဲ့ကြသူ အနန္တဟာ နောက်နေ့ကျတော့ ရန်သူတွေ ဖြစ်သွားကြရပြန်ရော။ ကူညီခဲ့ကြသူတွေဟာ ဘေးရန် အန္တရာယ်ပေးသူတွေ ဖြစ်လာကြပြန်တယ်။

မြတ်ဗုဒ္ဓက ဒီလောကကြီးကို အဆုံးမဲ့ ဖြစ်ပျက်နေတဲ့ ဖြစ်စဉ်ကြီး တစ်ခု ဖြစ်တယ်လို့ ဟောတော်မူတယ်။ အရာခပ်သိမ်းတို့သည် အမြဲမရှိ ပြောင်းလဲ နေကြကုန်၏။ အဆက်မပြတ် တရစပ် ပြုပြင်ပြောင်းလဲလျက်သာ နေကြရတယ်။ ပြတ်တောက်ခြင်း မရှိတဲ့ တစ်ဆက် တစ်စပ်တည်း ဖြစ်ပြီးပျက်ရင်း ပြောင်းလဲခြင်း သဘောကိုဆောင်တဲ့ ရွေ့လျားခြင်း အလျဉ်ကြီး တစ်ခုသာ ဖြစ်ကြောင်း ဟော တော်မူတယ်။ အရာခပ်သိမ်းတို့သည် တစ်ခဏစီသာ ဖြစ်တည်ကြရကုန်သည်။ အရာခပ်သိမ်းတို့သည် ဖြစ်လာလိုက် ပျက်စီး ပြောင်းကြလိုက်နှင့်သာ အလျဉ် မပြတ် တရပ်စပ် ဖောက်ပြန် ပြောင်းလဲ နေကြခြင်းသာ ဖြစ်တယ်။ အရာခပ်သိမ်းတို့ သည် မွေးလိုက်ကြ၊ သေလိုက်ကြ ဖြစ်နေကြရသည်။ ရှင်သန်ခြင်း ဆိုတာဟာလည်း တကယ်တမ်းကျတော့ သေလမ်းကို သွားနေကြရခြင်းသာ ဖြစ်တယ်။ ရှင်သန်ခြင်း သဘောကို ဖော်ပြခြင်း မရှိတဲ့ ရုပ်ဝတ္ထုတွေဟာလည်း အနိစ္စ သဘောအတိုင်းပဲ ဖြစ်ပျက်ခြင်း အစဉ် ရှိကြသည်သာ ဖြစ်ကြကုန်၏။

သက်ရှိရော သက်မဲ့ရုပ်တွေရောဟာ အိုမင်းခြင်း ဟောင်းနွမ်းခြင်း ဇရာ ဖြစ်စဉ်နဲ့ မကင်းနိုင်ကြပါဘူး။ ဒီ 'သဗ္ဗေသင်္ခါရာ အနိစ္စာ' ဆိုတဲ့ ဒေသနာဟာ ဗုဒ္ဓဘာသာရဲ့ ဗဟိုအချက်အချာကျတဲ့ ဟောကြားချက်ပါ ဒီကမ္ဘာပေါ်မှာ ရှိရှိသမျှ သင်္ခါရ တရားတွေထဲမှာ ပရမတ်သဘောရှိတဲ့ ထာဝရ တည်မြဲတာ ဆိုလို့ ဘာမှ မရှိပါဘူး။ သေခြင်း ကင်းတဲ့ မွေးဖွားခြင်း ဆိုတာကလည်း ဖြစ်နိုင်ကောင်းတဲ့ တရား မဟုတ်ပါဘူး။ ဖြစ်ပေါ်ခြင်း အစရှိသော တရားအားလုံးတို့သည် ပျက်စီးခြင်း လျှင် အဆုံး ရှိကြကုန်သည်။ အနိစ္စ သဘောသည်သာ သစ္စာတရား ဖြစ်နေပါ တယ်။

အနိစ္စတရား၊ အနိစ္စ နိယာမတရားအရ မြတ်ဗုဒ္ဓက ထာဝရတရား၊ ထာဝရ အတ္တ၊ ထာဝရဘုရား ဆိုတာတွေ ရှိတယ်ဆိုတဲ့ အတ္တအမြင်ကို ငြင်းပယ်တော်မူတာ ဖြစ်တယ်။ ဝိညာဉ်နဲ့ ရုပ် အရှိတရားဆိုတာဟာ မှားတဲ့တရား ကိုယ်ထုတ်ယူဆင်ခြင် တဲ့ အတွေးသက်သက်သာ ဖြစ်တယ်။ ဇင်စစ်အမှန် (သစ္စာ) အားဖြင့် ရှိတာကတော့ အနိစ္စဓမ္မပဲ ရှိတယ်။ အဲဒီ အနိစ္စဓမ္မကလည်း တစ်ခုအပေါ် တစ်ခု တည်မှီပြီး အကြောင်းအကျိုးအားဖြင့် ဖြစ်ပျက်နေကြတာပဲ ဖြစ်တယ်။

ဒီနေ့ ကမ္ဘာပေါ်မှာ သိပ္ပံပညာရှင်တွေကလည်း မြတ်ဗုဒ္ဓ ရှာဖွေဖော်ထုတ်ခဲ့တဲ့ အနိစ္စဓမ္မ နိယာမကို မငြင်းနိုင်ဘူး။ လက်ခံနေကြရတယ်။ သိပ္ပံပညာရှင်တွေကလည်း ဒီလောကမှာ ထာဝရ တည်နေတဲ့ အထည်ဒြပ် အတ္တဆိုတာ မရှိနိုင်ဘူး။ တိကျခိုင်မာတဲ့ အတုံးအခဲ သဘောဆိုတာ မရှိဘူး။ အရာခပ်သိမ်းတို့ဟာ စွမ်းအင်ဖွဲ့ဝဲကတော့တွေပဲ ဖြစ်တယ်။ ဘယ်အခါမှ အတည်တကျ မရှိတဲ့ ရစ်ပတ်လှည့်လည်နေတဲ့ ဖြစ်စဉ်တွေချည်းပဲ ဖြစ်တယ်။ ဘယ်အရာမှ ခဏနှစ်ခုမှာ တစ်သဘောတည်း တည်နေနိုင်တာရယ်လို့ မရှိဘူး။ သိပ္ပံ ပညာရှင်တွေကနေ ဖျက်လို့ပျက်တဲ့ အဆုံးစွန် အကြွင်းမဲ့ အေးစက်ခြင်း ဆိုတာလည်း မရှိနိုင်ဘူးလို့ မျှော်မှန်းတွက်ချက်ပြီး ယူဆထားတဲ့ အယူအဆ တစ်ခုလည်း ရှိတယ်။ ဒီသဘောကြောင့် ဗုဒ္ဓဘာသာဝင်တွေ အနေနဲ့ စိတ်အားငယ်စရာလည်း အကြောင်းမရှိဘူး။ လောကကြီး တစ်ခုလုံးဟာ ဖြစ်ပြီး ပျက်၊ ပေါ်ပြီးပျောက်နေတဲ့ ဖြစ်စဉ်ကြီး တစ်ခုသာ ဖြစ်ကြောင်း ဟောကြားထားပြီးသားပဲ။ လူ တစ်ဦး တစ်ယောက်ရဲ့ သံသရာ ဘဝဟာ မွေးလိုက် သေလိုက်နဲ့ မဆုံးတမ်း မတုံးတမ်း လည်နေသလိုပဲ။ ကပ်ကမ္ဘာကြီးဟာလည်း စက်ဝိုင်းကြီးလို လည်နေတယ်။ ကပ်ကမ္ဘာ တစ်ခု ပျက်သွားလိုက်၊ နောက်ထပ် ကပ်ကမ္ဘာ တစ်ခု ပေါ်လာလိုက်နဲ့ သံသရာလည်နေတယ်။ ဒါပေမဲ့ ကျွန်ုပ်တို့ရဲ့ ကမ္ဘာကြီးကတော့ တစ်နေ့ကျရင် ပျက်သုဉ်းသွားမှာ သေချာပေါက်ပဲ။ ရှေးက ကပ်ကမ္ဘာများလည်း ဒီအတိုင်း ပျက်ခဲ့ကြရသလို ယခု ဘဒ္ဒကမ္ဘာကြီးလည်း ပျက်ဦးမှာပါပဲ။

လောက ဆိုတာက ဖြစ်ပျက်အစဉ်ကြီးပါ။ ကာလဆိုတဲ့ ကပ်ကမ္ဘာကြီးထဲမှာ ကျွန်ုပ်တို့ ဖြစ်တည်နေကြရတာပါ။ စာပေ ကျမ်းဂန်တွေ၊ ကျောက်ဆစ်ရုပ်တွေ၊ ပန်းချီကားချပ်တွေ၊ ယဉ်ကျေးမှု အမွေအနှစ်တွေ၊ လူမျိုးဆက်တွေ အားလုံးလည်း သစ်ရွက်တွေ ပန်းပွင့်တွေ ကြွေသလို ကြွေလွင့်ခဲ့ကြရတာပါ။ တကယ် ဖြစ်တည်နေတာကတော့ မရပ်မနား ပြောင်းလဲခြင်းဆိုတဲ့ အနိစ္စ တရားကြီးပါ။

ဒီလိုနဲ့ပဲ နတ်တွေ၊ လူတွေ၊ တိရစ္ဆာန်တွေ၊ ရုပ်ဝတ္ထု ပစ္စည်းတွေ၊ ဒီစကြဝဠာကြီးထဲမှာ ရှိရှိသမျှ အရာခပ်သိမ်းတို့သည် အမြဲမရှိခြင်း ဆိုတဲ့ နိယာမတရားကြီးရဲ့ ပြုပြင်ခြင်းကို ခံနေကြရတာချည်းပါ။ ဗုဒ္ဓဘာသာမှာ ဟောကြားထားတာက- ·

ရူပက္ခန္ဓာသည် ရေမြှုပ်နှင့်ပမာတူ၏။

ဝေဒနာက္ခန္ဓာ (ခံစားချက်) များက ရေပွက်နှင့်ပမာ တူ၏။

သညာက္ခန္ဓာက တံလျှပ်နှင့်ပမာ တူ၏။

သင်္ခါရက္ခန္ဓာက ငှက်ပျောတုံးနှင့်ပမာ တူ၏။
ဝိညာဏက္ခန္ဓာသည် မျက်လှည့်နှင့်ပမာ တူ၏။

(သံယုတ္တနိကာယ်)

The body like a lump of foam;
The feelins like a water bubble;
Perception like a mirage;
Volitional activities like a plantain tree;
And Consciousness like a jugglery

[Samyutta Nikaya]

## ကံဆိုတာ ဘာလဲ

*ကံသည် အနတ္တ၊ မိမိတို့ ပြုသောကံ (ကာယကံ၊ ဝစီကံ၊ မနောကံ) အားလျော်စွာ ဖြစ်ပေါ်လာသော သဘာဝ နိယာမ ဖြစ်တယ်။ ဒါဟာ နိယာမ (ကမ္မနိယာမ) သဘော သက်သက်မျှ ဖြစ်တယ်။ ဒီဥပဒေကို ပြုသူ၊ ချပေးသူ မရှိပါဘူး။ ကံသည် သူ့သဘော အဖြစ်ဖြင့်သာ သူ ဆောင်ရွက်တယ်။ (ကမ္မသကာ) အပြင် ပုဂ္ဂိုလ် တစ်စုံတစ်ယောက်က ဝင်ရောက်စွက်ဖက်ခြင်း မရှိ။ သူ ပြုသော အတိုင်းသာ သူ ဖြစ်ရခြင်း ဖြစ်တယ်။*

ကံဆိုတာကို ကလေးတောင် နားလည်နိုင်တဲ့ စကားနဲ့ ပြောရင် ကောင်းတာ လုပ် ကောင်းတာ ဖြစ်တယ်။ မကောင်းတာလုပ် မကောင်းတာ ဖြစ်တယ်။ ဒီဘဝမှာရော နောင်သံသရာမှာရော ကံ၊ ကံ၏ အကျိုးကို ခံစားကြရမယ် ဖြစ်တယ်။ အတွေ့အကြုံ ရင့်ကျက်ပြီးသူများ နားလည်နိုင်တဲ့ သီးနှံ စကားနဲ့ ပြောရင်တော့ ကံရဲ့ သဘောကို ဒီလို ရှင်းပြသင့်ပါတယ်။ မျိုးကောင်းတဲ့ စပါးကို စိုက်ရင် ရိတ်သိမ်းတဲ့အခါ မျိုးကောင်းတဲ့ စပါး သီးနှံတွေကို ရမှာဖြစ်ပါတယ်။ မျိုးညံ့တဲ့ မျိုးစေ့ကို စိုက်ရင် သီးပွင့် ရင့်မှည့်တဲ့အခါ မျိုးညံ့တဲ့ သီးနှံ စပါးတွေကိုပဲရမှာ ဖြစ်ပါတယ်။

သိပ္ပံစကားနဲ့ ပြောရင် ကံ (ကမ္မ) ရဲ့ သဘောဟာ အကြောင်းအကျိုး သဘောပဲ ဖြစ်တယ်။ အကြောင်းတရား မှန်သမျှမှာ အကျိုးရလဒ် တစ်ခု ရှိတာ ချည်းပါပဲ။ ကံရဲ့ သဘောကို နောက်တစ်မျိုး နာမည်ပေးပြီး ပြောရရင်တော့ ကံ ဟာ အကျင့်စရဏနဲ့ ပတ်သက်တဲ့ အကြောင်းတရားပါ ရုပ်လောကမှာ ရုပ်ပိုင်း နိယာမ တရားတွေက ပြုပြင်ဖန်တီးနေသလို ကိုယ်ကျင့်သီလ စရဏနယ်မှာလည်း သူ့ နိယာမနဲ့သူ ရှိတယ်။

ဓမ္မပဒထဲမှာ ကမ္မ (ကံ) ကို ဖော်ပြထားပုံက ကောင်းမှုကံ၊ မကောင်းမှုကံ တို့ကို စိတ်ကသာ ဦးဆောင်တယ်။ စိတ်ကောင်း မနောကောင်းနဲ့ ပြောဆိုပြုမူရင် အကျိုးရလဒ်က စိတ်ချမ်းသာစရာ ပျော်ရွှင် ဝမ်းမြောက်စရာတွေ ဖြစ်ပေါ်လာပြီး အရိပ်သည် မိမိကို မစွန့်သလို အကျိုးပေးမှာပဲ။ စိတ်ယုတ်၊ စိတ်ညံ့နဲ့ ပြုမူပြောဆို ရင်တော့ စိတ်ဆင်းရဲစရာ၊ စိတ်မချမ်းသာစရာ အကျိုးရလဒ်မျိုးတွေဟာ လှည်းဘီး သည် နွားခြေရာကို လိုက်နင်းသကဲ့သို့ ကံပြုသူကို လိုက်ပြီး အကျိုးပေးဖို့ ထွက် ပေါ်လာမှာ ဖြစ်တယ်။

ကံ ဆိုတာ ရိုးရိုးရှင်းရှင်း ပြောရင်တော့ အပြုအမူပဲ အလုပ်ပဲ။ သက်ရှိ ရုပ်ရဲ့ အင်္ဂါတွေထဲမှာ စေ့ဆော်နေတဲ့ စွမ်းအား တစ်ခု ရှိတယ်။ ဗီဇ စေ့ဆော်မှု သဘော၊ သိမှုသဘောတွေပဲ မွေးရာပါ ဒီစိတ်နေစိတ်ထား စိတ်စွမ်းအားတွေက သိစိတ်ရှိသူတွေကို ပြုမူလှုပ်ရှားအောင် စေ့ဆော် တိုက်တွန်းနေကြတယ်။ သတ္တဝါ တွေဟာ ရုပ်ပိုင်း အရရော၊ စိတ်ပိုင်း အရရော စေ့ဆော်မှုကို ခံပြီး လှုပ်ရှားကြရ တယ်။ သူ့ရဲ့ လှုပ်ရှားမှုဟာ ကံပါပဲ။ ဒီကံကို ထပ်တလဲလဲ လုပ်ဖန်များတော့ အထုံဝါသနာ ဖြစ်လာတယ်။ ဒီအထုံ ဝါသနာကနေ နောက်ကျတော့ စိတ်နေစိတ် ထား စရိုက်သဘာဝတွေ ဖြစ်လာတော့တာပဲ။ ဗုဒ္ဓဘာသာမှာတော့ ဒီဖြစ်စဉ်ကို ကမ္မ (ကံ) လို့ ခေါ်တယ်။

အန္တိမသဘောနဲ့ ပြောရရင် ကံ ဆိုတာ ကုသိုလ် အကုသိုလ် သဘော နှစ် မျိုးလုံးကို ဆိုလိုတယ်။ စိတ်ဆန္ဒနဲ့ စေတနာနဲ့ ပြုလုပ်ဆောင်ရွက်မှု မှန်သမျှဟာ ကံ ဖြစ်ပါတယ်။ ဒီတော့ ကံ ဆိုတာ အထည်ဒြပ် အနေနဲ့ ရှိနေတဲ့ ဖြစ်တည်မှု အစစ်တစ်ခု မဟုတ်ဘူး။ သူက ပြုမူမှု၊ ဆောင်ရွက်မှု ဖြစ်စဉ် တစ်ခုသာ ဖြစ် တယ်။ ဒါဟာ စွမ်းအား တစ်ခု၊ စွမ်းအင် တစ်ခုသာ ဖြစ်တယ်။ အထည်ဒြပ်ရှိတဲ့ အရာ မဟုတ်ဘူး။ တချို့က ဒီကံစွမ်းအင်ကို အပြုအမူ ဩဇာသက်ရောက်မှု (action influence) ဆိုပြီး အဓိပ္ပာယ် ဖွင့်ကြတယ်။ ဒါဟာ ကျွန်ုပ်တို့ရဲ့ ကိုယ့် ကိုယ်နဲ့ ဆိုင်တဲ့ ဆောင်ရွက်မှု တုံ့ပြန်မှု တစ်ခုရယ်ပါ။ ဒုက္ခ၊ သုခ ဆိုတဲ့ လူတွေ

တွေ့ကြုံ ခံစားနေကြရတာတွေဟာ ကိုယ်ပြုတဲ့ ကံက ထွက်ပေါ်လာတဲ့ အကျိုးရလဒ်တွေပဲ ဖြစ်ပါတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံတွေရဲ့ ရလဒ်တွေပဲ ဖြစ်တယ်။ ကျွန်ုပ်တို့ရဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ ရလဒ်တွေက ကျွန်ုပ်တို့ရဲ့ အောင်မြင်မှု၊ ဆုံးရှုံးမှုတွေကို ဖြစ်ပေါ်စေတယ်။ သုခ၊ ဒုက္ခကို ဖြစ်စေပါတယ်။

ကမ္မ ဆိုတာဟာ အတ္တမဲ့၊ အနတ္တ သဘောရှိတဲ့ သဘာဝ နိယာမ တစ်ခုပဲ ဖြစ်တယ်။ ဒီနိယာမဟာ ကျွန်ုပ်တို့ရဲ့ အပြုအမူ အတိုင်း လိုက်လျောညီထွေ ဖြစ်ပေါ်နေရတယ်။

Kamma is impersonal, natural law that operates strictly in accordance with our actions.

ဒါဟာ နိယာမသက်သက်၊ သူ့ သဘောကို သူ ဆောင်ပြီးဖြစ်တဲ့ ဖြစ်စဉ်တစ်ခုမျှ ဖြစ်တယ်။ ဒီနိယာမကို ပြုလုပ်သူ၊ ပေးကမ်းသူ 'ဥပဒေပြုသူ' မရှိဘူး။ ဒီကမ္မ နိယာမသည် သူ့ သဘောသူ ဆောင်ပြီး သူ့နယ်မှာသူ ဖြစ်ပေါ်နေတဲ့ တရား ဖြစ်တယ်။ အပြင်ပက ပါဝင်ဆောင်ရွက်ပေးတဲ့ ကြားလူ၊ ဒီနိယာမ အပေါ်ကနေပြီး ချုပ်ကိုင် ခြယ်လှယ်သူ မရှိဘူး။ ကမ္မနိယာမ နောက်ကွယ်က ပုန်းလျှိုးပြီး ကြိုးဆွဲနေသူ၊ ချုပ်ကိုင် ခြယ်လှယ်နေသူ၊ စွက်ဖက်နေသူ၊ ညွှန်ကြားနေသူလည်း မရှိဘူး။ ကံဟာ သူ့ဘာသာသူ ကောင်းကျိုးဆိုးကျိုး ပေးနေတာ ဖြစ်တယ်။ ကံ ပြုသူကို ဆုပေးသူ၊ အပြစ်ဒဏ် စီရင်နေသူ အလွတ် သီးခြား မရှိပါဘူး။ ဒါကြောင့် ဗုဒ္ဓဘာသာဝင်တွေ အနေနဲ့ ဆုတောင်းခြင်း အပေါ် အားကိုးအားထား မပြုဘူး။ ကံကို ခြယ်လှယ်နေတဲ့ သဘာဝထက် လွန်ကဲတဲ့ တန်ခိုးရှင်ဆီမှာ လက်ဝါးဖြန့် ဒူးထောက်ပြီးလည်း ဆုမတောင်းဘူး။ ကိုယ်လုပ်မှ ကိုယ်ရတယ်။ ကိုယ်လုပ်သလို ကိုယ်ရမယ်လို့ပဲ ယုံကြည် ယူဆကြတယ်။ မြတ်ဗုဒ္ဓရဲ့ အလိုတော်အရက ကံဟာ ကြိုတင် ပြုပြင်ထားတဲ့ ကြမ္မာဖူးစာ သဘော မဟုတ်ဘူး။ ဘာမှ ကြိုတင် ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းခံသဘော (determinism) မဟုတ်ဘူး။ (တခြားဘာသာတွေမှာ ယုံကြည် လက်ခံထားကြသလို ဘုရားသခင် အလိုတော်အတိုင်း ဖြစ်ရတယ်ဆိုတဲ့ ကြိုတင်ပြီး တန်ခိုးတော်ရှင်ရဲ့ ဆန္ဒအတိုင်း ပြဋ္ဌာန်း သတ်မှတ်ထားတာ လုံးဝ မဟုတ်ဘူး)။ အဲဒီ တန်ခိုးတော်ရှင်တွေက ပြုပြင် စီမံသလို ခံနေကြရတယ်ဆိုပြီး ယုံကြည်ကြလို့ အဲဒီတန်ခိုးတော်ရှင်တွေကိုပဲ ဝတ်ပြုဆုတောင်းပြီး ပူဇော်ပသရတာမျိုး ဗုဒ္ဓဘာသာမှာ လုံးဝ မရှိဘူး။

ဗုဒ္ဓဘာသာကတော့ လူဟာ သူတို့ စိုက်ပျိုးတဲ့ ကောက်ပဲသီးနှံကို သူတို့ ရိတ်သိမ်းယူဆောင်ကြရတာပဲ ဖြစ်တယ်။ ဘယ်သူက ပေးလို့ ရတာမှ မဟုတ်ဘူး။

ကိုယ် လုပ်ခဲ့လို့ ကိုယ် ရတာပဲ ဖြစ်တယ်။ ကိုယ် ပြုခဲ့တဲ့ ကံရဲ့ အကျိုးဝိပါက်ကို ကိုယ် ခံစား စံစားကြရတာပဲ ဖြစ်တယ်။ အနာဂတ်မှာလည်း ကိုယ် ပြုခဲ့တဲ့ ကောင်းမှုကံ မကောင်းမှုကံ အတိုင်းပဲ ရကြ၊ ဖြစ်ကြရဦးမှာသာ ဖြစ်တယ်။ တစ်နည်းဆိုရလျှင် လူသားဟာ သူ အတိတ်က ပြုခဲ့တဲ့ အတိုင်းပဲ တစ်သမတ်တည်း ဖြစ်တည် မနေပါဘူး။ ဆိုလိုတာကတော့ ကမ္မနိယာမဆိုတာ ပြဋ္ဌာန်းခံပြီး အယူဝါဒ မဟုတ်ဘူး။ Determinism မဟုတ်ဘူးလို့ ဆိုလိုတယ်။ (အတိတ်ကံကြောင့် သူ ဆင်းရဲဘဝမှ မွေးဖွားလာသူ ဖြစ်ပေမဲ့ ပစ္စုပ္ပန်ကံကြောင့် ထိုသူ ချမ်းသာနိုင်တယ်။ ဘဝ အဆင့် မြင့်မားနိုင်တယ်။)

မြတ်ဗုဒ္ဓက အရာရာဟာ ကြိုတင် ပြဋ္ဌာန်းပြီးဖြစ်တဲ့ ကြမ္မာ အတိုင်းပဲ ဖြစ်ကြရတယ် ဆိုရင် ဆန္ဒ လွတ်လပ်ခွင့် (Free will) ဆိုတဲ့ သဘောတရားလည်း ဖြစ်ခွင့်မရှိတော့ဘူး။ ဒီလို မိမိဘာသာ ကြိုက်ရာကို ဆန္ဒအလျောက် ရွေးချယ် ဆောင်ရွက်ခွင့်၊ လုပ်ကိုင်နိုင်ခွင့် မရှိရင် ကိုယ်ကျင့်သီလ ဆိုတာရော၊ အရိယာ ဘဝမျိုး ဆိုတာတွေရော ရှိနိုင်တော့မှာ မဟုတ်ဘူးလို့ ထောက်ပြတော်မူတယ်။ အဲဒီလိုသာဆိုရင် လူသားဟာ အတိတ်ဘဝရဲ့ ကျေးကျွန်ဘဝမှာပဲ ကံကောင်းစီမံရာ ခံနေကြရတော့မှာပဲ။ တစ်နည်းအားဖြင့် ပြောရင် အရာခပ်သိမ်းဟာ ကံပြုပြင်တာ မဟုတ်ဘူး။ သူ ဖြစ်ချင်သလို ဖြစ်နေကြတာလို့ ဆိုပြန်ရင်လည်း အကျင့်သီလ စရဏကို ပြုစုပျိုးထောင်တာတွေ၊ သီလ၊ သမာဓိ၊ ပညာ တိုးတက် ဖွံ့ဖြိုးအောင် လုပ်နိုင်တဲ့ အခွင့်အလမ်းတွေ ရှိနိုင်တော့မှာ မဟုတ်ပါဘူး။ ဒါကြောင့် မြတ်စွာ ဘုရားဟာ လုံးဝ ပြဋ္ဌာန်းခံဝါဒ (determinism) ကိုရော လုံးဝ ပြဋ္ဌာန်းကင်းဝါဒ (indeterminism) ကိုရော ပယ်တော်မူခြင်း ဖြစ်တယ်လို့ မှတ်ထားသင့်ပါတယ်။

## ကံနှင့်စပ်သော အယူမှားများ

အင်္ဂုတ္တိုရ်ထဲတွင် ကံနှင့် စပ်သော အယူမှားများ၊ ဆင်ခြင်တုံတရား ကင်းမဲ့သော ယုတ္တိမဲ့ အမြင်အထင်များကို ဖော်ထုတ် တင်ပြထားသည်။ ထိုကျမ်းထဲတွင် ထိုသို့သော ယုတ္တိမဲ့ အယူအဆများကို စူးစမ်း လေ့လာပြီး ဉာဏ်အမြင်ရှိသော ပညာရှိသည် ပယ်ချရမည်ဟု ဖော်ပြထားသည်။ ထိုအမြင်မှားများမှာ

(၁) ဖြစ်ဖြစ်သမျှ အရာခပ်သိမ်း၊ အမှုခပ်သိမ်းတို့သည် အတိတ်ကံ၏ စီမံသလိုသာ ဖြစ်ကြရသည် ဆိုသော *ပုဗ္ဗေကတဟေတုကဒိဋ္ဌိ* အမြင်လည်း တစ်ရပ်၊

(၂) အရာခပ်သိမ်း၊ အမှုခပ်သိမ်းတို့သည် ဖန်ဆင်းရှင် ထာဝရဘုရားသခင် စီမံသလိုသာ ဖြစ်ကြရသည်၊ ဘုရားသခင်၏ အလိုတော် အတိုင်းသာ ဖြစ်ကြရသည် ဆိုသော *ဣဿရိယ နိမ္မာနဟေတုကဒိဋ္ဌိ*လည်း တစ်ရပ်။

(၃) အရာခပ်သိမ်း၊ အမှုခပ်သိမ်းတို့သည် အကြောင်းမဲ့ သူ့ဘာသာ ဖြစ်ချင်တိုင်းသာ ဖြစ်နေကြရသည် ဆိုသော *အဟေတုကဒိဋ္ဌိ* တို့ ဖြစ်ကြတယ်။

လူ တစ်စုံတစ်ဦးသည် လူသတ်သမား တစ်ယောက်၊ သူခိုး တစ်ယောက်၊ မုဒိမ်းသမား တစ်ယောက် ဖြစ်လာသည် ဆိုလျှင် အကယ်၍ သူ ပြုသမျှ အမှုကိစ္စတို့သည် သူ၏ အတိတ်ကံ စီမံသလိုသာ ဖြစ်နေကြရခြင်း ဖြစ်သည်ဟု ဆိုလျှင် သို့မဟုတ် ဘုရားသခင်၏ ဆန္ဒတော် အတိုင်း၊ အလိုတော် အတိုင်းသာ ဖြစ်နေကြရခြင်း ဖြစ်သည်ဟု ဆိုလျှင် သို့မဟုတ် ဘာအကျိုး ဘာအကြောင်းမျှ မရှိဘဲနှင့် သူ ဖြစ်ချင်သလို ကြုံကြိုက်သလိုသာ ဖြစ်နေကြရသည် ဆိုလျှင် ထိုသူသည် သူပြုသမျှ မကောင်းသော အမှုကိစ္စများ အတွက် တာဝန် ကင်းမဲ့သူသာ ဖြစ်သွားပေတော့မည်။

နောက် ကံနှင့်စပ်သော အမြင်များ၊ အယူများ တစ်ခုမှာ မိမိတို့ ယုံကြည်ကိုးကွယ်ရာ ဘာသာရေး အယူအဆတိုင်းသာ အကျိုး ဖြစ်ထွန်း ခံစားကြရသည်။ သို့ရာတွင် လူ တစ်ဦး၏ နောင်ဘဝတွင် ကြုံရမည့် ကံကြမ္မာမည် သူ ယုံကြည်ကိုးကွယ်သော ဘာသာ အယူဝါဒ အပေါ်မှာ မတည်ပေ။ သူက ဘယ်ဘာသာကိုပဲ ကိုးကွယ် ကိုးကွယ်၊ သူ ကြုံတွေ့ရမည့် ကောင်းမှု၊ ဆိုးမှု၊ ဆင်းရဲမှု၊ ချမ်းသာမှုတို့သည် သူ ပြုမူခဲ့သော ကာယကံ၊ ဝစီကံ၊ မနောကံပေါ်မှာသာ မှီတည်သည်။ သူ ဘယ်ဘာသာကို ကိုးကွယ်သည်ဆိုဆို ဒါက အရေးမကြီးပါ။ သူ ပြုမူခဲ့သော ယခု ဘဝ ကောင်းမှုကံများ အတွက် နောင်အနာဂတ် ဘဝတွင် သူသည် အစွန်းအထင်း ကင်းသော ကောင်းကျိုးချမ်းသာကို ခံစားရမည်သာ ဖြစ်တယ်။ ဒါကြောင့် ဗုဒ္ဓဘာသာက ဘုရားသခင်ရဲ့ ကျေးဇူးတော်ကိုခံတဲ့ လူတွေသာပဲ နောင် တမလွန်ဘဝမှာ နတ်ပြည် သုဂတိကို ရောက်ရမည့် သူတွေ ရှိတယ်ဆိုတဲ့ အယူကို လုံးဝ လက်မခံပါဘူး။ ဒါမျိုးကို မြတ်စွာဘုရားဟာ ဘယ်အခါကမျှ ဟောတော်မူခြင်း မရှိပါဘူး။ ဗုဒ္ဓဘာသာ အမြင်မှာတော့ ဘယ်အယူ ဘယ်ဝါဒကိုပဲ ကိုးကွယ်သည် ဖြစ်စေ သူ့ ကြမ္မာဟာ သူပြုတဲ့ ကုသိုလ်၊ အကုသိုလ်ကံတွေ ပေါ်မှာသာ တည်ပြီး ဒီဘဝမှာရော၊ နောင်ဘဝမှာပါ ကံသတ္တိ တစ်ခုတည်းကသာ ကံပြုသူ၏ ကောင်း

ကြမှာ၊ ဆိုးကြမှာကို ပြပြင် ဖန်တီးတာ ဖြစ်တယ်လို့ ယူဆပါတယ်။ ကမ္မဒေသနာ အရ သေပြီးမှ သေရခြင်း အကြောင်းကို ရင်ခွဲရုံထဲ ခွဲစိတ် ရှာဖွေပြီး ဆုံးဖြတ်တာ မျိုးကိုလည်း ရည်ညွှန်းတာ မဟုတ်ပါဘူး။

မြတ်ဗုဒ္ဓက ဒီကမ္မနိယာမ သဘောတရားကို ဟောကြား ဆုံးမတော်မူတာ ဟာ လူချမ်းသာတွေ၊ သူဌေးတွေကို အကာအကွယ် ပေးဖို့အတွက် ဟောတော်မူ တာလည်း မဟုတ်ပါ။ သူဆင်းရဲတွေ၊ လူမွဲတွေကို စိတ်သက်သာအောင် ဖြေသိမ့် ဖို့အတွက် ဟောတော်မူတာလည်း မဟုတ်ပါ။ (ဆင်းရဲသားတွေ ဒီဘဝမှာ ဆင်းရဲ ပေမဲ့ လှူကြတန်းကြရင်ဖြင့် နောင်ဘဝမှာ စည်းစိမ် ချမ်းသာတွေကို ခံစားကြရမယ် ဆိုတဲ့ မစားရဝခမန်း စိတ်ကူးယဉ် မျှော်လင့်ချက်တွေ ပေးပြီး စိတ်သက်သာမှု ရအောင် ဖြေသိမ့်ဖို့အတွက် ကမ္မနိယာမ တရားကို ဟောတော်မူခြင်းလည်း မဟုတ်ဘူးလို့ ဆိုလိုတာ ဖြစ်တယ်။

ဗုဒ္ဓဘာသာတရားတော်အရ ကမ္မနိယာမက ယှဉ် လောကထဲမှာ မညီမမျှ ဖြစ်နေကြရတာ ဆူကြုံနိမ့်မြင့် ဖြစ်နေကြရတာ ဘာကြောင့်လဲ ဆိုတာကို ဖြေရှင်း ဖို့အတွက် ဟောခြင်း ဖြစ်တယ်။ လောကီ လူ့ဘောင်ထဲမှာ မညီမမျှ ဖြစ်နေကြရ တာဟာ ပတ်ဝန်းကျင် ရေမြေသဘာဝ အမွေခံ သက်သက်ကြောင့်ချည်း ဖြစ်ရတာ မဟုတ်ဘူး။ သူပြုတဲ့ ကံကြောင့်လည်း ဖြစ်ရတာ ဖြစ်တယ် ဆိုတာကို ပြလိုတာ လည်း ဖြစ်တယ်။ ကံသတ္တိ၊ ကံစွမ်းအင်တွေဟာ လူရဲ့ ဘဝင်စိတ်ထဲမှာ ဗီဇသဘော နဲ့ ရှိနေတယ်။ သစ်စေ့ မျိုးစေ့ထဲမှာ သစ်ပင်၊ သစ်ရွက်၊ သစ်ပွင့်၊ သစ်သီးတွေရဲ့ မျိုးဗီဇသဘော ရှိနေသလိုပါပဲ။ အခါအခွင့် သင့်လို့ ရေ၊ မြေ၊ လေတွေကြောင့် ဒီ မျိုးစေ့ ရှင်သန်ပေါက်ပွား ကြီးထွားလာရင် သီးလာ ပွင့်လာပြန်ရော။ အဲဒီ အသီး အပွင့်တွေဟာ ကံကျိုးရလဒ်တွေပဲ မျိုးစေ့ထဲမှာ မျိုးရိုးဗီဇ သဘောတွေ အားလုံး ကိန်းအောင်းနေသလိုပဲပေါ့။ ရေ၊ မြေ၊ လေ၊ ဥတုသဟ္မာယ ဖြစ်တဲ့အခါ ဒီကံမျိုးစေ့ က အပင်တွေ ပေါက်ပွားလာပါတယ်။

ဒီနေရာမှာ ကံရဲ့ ပြုလုပ် ဆောင်ရွက်ပုံကို ဘဏ်စာရင်း ဖွင့်ထားတာနဲ့ လည်း နှိုင်းယှဉ်ကြည့်လို့ ရပါတယ်။ ဒီမျက်မှောက် ဘဝမှာ ကောင်းမှုကုသိုလ်တွေ နဲ့ ထုံထားတဲ့ သူတော်ကောင်းဟာ ပေးကမ်း စွန့်ကြခြင်း ဒါနနဲ့ ကောင်းမှုကုသိုလ် တွေကို ပြုပါတယ်။ ဒီစုဆောင်းထားတဲ့ ကုသိုလ်ကောင်းမှုတွေကို ဘဝရဲ့ အခက်အခဲ အကျပ်အတည်းကင်းအောင် ဆောင်ရွက်ရာမှာ သုံးနိုင်တယ်။ ဒါပေမဲ့ ဒီကောင်းမှု တွေကို ဘဏ်ငွေစာရင်းက ထုတ်ယူ သုံးစွဲငွေကို ဘဏ်ထဲ ပြန်သွင်းရသလို ပြန် သွင်းဖို့ လိုပါတယ်။ မဟုတ်ရင် ဘဏ်စာရင်းထဲ ဘာမျှ လက်ကျန် မရှိဘဲ ဖြစ်သွားမှာ

ဖြစ်တယ်။ ဒီလို ပြန်ပြီး ကောင်းမှုတွေ ပြန်ဖြည့်ထားရင် သူ့ကို ဘယ်သူလာပြီး အပြစ်တင်လို့ ရပါ့မလဲ။ သူ့ အနေနဲ့လည်း တခြား လူကိုရော၊ ကံကောင်းကြမ္မာကိုရော အပြစ်တင်လို့ မရပါဘူး။ သူ လုပ်လို့ သူဖြစ်တာ။ သူ့မှာပဲ တာဝန်ရှိတယ်။ သူ့ အပြစ် သူခံရမှာပဲ။ ဒါကြောင့် ဗုဒ္ဓဘာသာကောင်း တစ်ယောက်ဆိုတာ အပြစ်က လွတ်အောင်၊ အပြစ်ကို ရင်မဆိုင်ဘဲ လွတ်အောင် ရုန်းပြီး ထွက်ပြေးသူ မဟုတ်ရပါဘူး။ သူဟာ ဘဝကို ရှိအတိုင်းတိုင်း ရင်ဆိုင်ဝံ့သူ ဖြစ်ရမယ်။ ဘဝက ပုန်းကွယ်ဖို့ လွတ်အောင် ထွက်ပြေးသူ မဖြစ်ရပါ။ ကံသတ္တိကို ဘာမှ မလုပ်ဘဲနဲ့ ထိန်းချုပ်ခြင်းမှာ မတတ်သာပါ။ ကိုယ့်ရဲ့ ချမ်းသာဖို့ အတွက် ကိုယ့်ဘာသာ ပြင်းပြင်းထန်ထန် ကြိုးပမ်း လုပ်ဆောင်ကြရမှာသာ ဖြစ်ပါတယ်။ ဘဝကို ပုန်းကွယ်ဖို့ ရုန်းထွက်ပြေးတဲ့ ဝါဒဟာ လူညံ့ လူယုတ်တွေ၊ မလိမ္မာသူတွေ လုပ်တဲ့ သူရဲဘောကြောင်တဲ့ လုပ်ရပ်သာ ဖြစ်ပါတယ်။ အမှန်ဆိုရင် ရုန်းထွက်ပြေး ပေမဲ့လည်း ဒီထွက်ပြေး ပုန်းရှောင်သူဟာ သူပြုခဲ့တဲ့ ကံရဲ့ ဝိပါကဝဋ်ကိုတော့ ပြေးလို့ ဘယ်နည်းနဲ့မှ မလွတ်နိုင်ပါဘူး။ ဒါကြောင့် မြတ်ဗုဒ္ဓက 'ကမ္မဝိပါကဝဋ်က လွတ်အောင် ပုန်းစရာ နေရာ မရှိပါ' ဟု ဟောတော်မူခြင်း ဖြစ်ပါတယ်။

## ကျွန်ုပ်တို့ ကိုယ်တွေ့ သဘောက

ကမ္မနိယာမကို နားလည်ခြင်း သဘောမှာ မိမိတို့ အနေနှင့် ကိုယ် ပြုလုပ်သမျှ အမှုကိစ္စ အားလုံး ကောင်းမှုဆိုးမှု၊ ဆင်းရဲ ချမ်းသာ အားလုံး အတွက် မိမိမှာ တာဝန် ရှိတယ် ဆိုတာကို သိနားလည်ဖို့ လိုခြင်းပဲ ဖြစ်တယ်။ မိမိတို့သည် မိမိတို့ ပြုတဲ့ကံရဲ့ ဗိသုကာတွေပဲ ဖြစ်တယ်။ ဗုဒ္ဓဘာသာက လူသား အနေနဲ့ မိမိတို့ရဲ့ ကံကြမ္မာကို မိမိတို့ လိုချင်သလို ပြုလုပ်နိုင်တယ်။ လိုရာ ပုံသွင်းလို့ ရတယ် ဆိုတဲ့ ဖြစ်ခွင့်ဖြစ်လမ်း ရှိပုံကို ရှင်းလင်း ဖော်ပြတယ်။ ကိုယ့် ဘဝကို ကိုယ်လိုရာ ပန်းတိုင် ရောက်အောင် ကိုယ့်ဘာသာ လမ်းညွှန်နိုင်ပြီး ကိုယ့်ကံနဲ့ ကိုယ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခွင့် ရှိတယ်ဆိုတာကို ပြတယ်။

တစ်နည်းအားဖြင့် ဆိုရလျှင် လူဟာ သူ ပြုတဲ့ အမှုတွေ အတွက် လည်စင်းခံရတဲ့ ကံ အကျဉ်းသား မဟုတ်ဘူး။ သူဟာ ကံရဲ့ ကျေးကျွန်လည်း မဟုတ်ဘူး။ ပြီးတော့ လူဟာ ဗီဇစွမ်းအားတွေရဲ့ ပြုတိုင်း စက်လည်လည်နေရတဲ့ စက်ရုပ်လည်း မဟုတ်ဘူး။ ပြီးတော့ သဘာဝက ပြုတိုင်း ခံရတဲ့ သဘာဝရဲ့ ထုတ်ကုန်ပစ္စည်း သက်သက် တစ်ခုလည်း မဟုတ်ဘူး။ လူသားရဲ့ စိတ်စွမ်းအင်က

ကံစွမ်းအင်ထက် ပိုပြီး အားကောင်းတယ်။ ပိုပြီး သန်စွမ်းတယ်။ လူရဲ့ ပင်ကို သဘောအရ အဇ္ဈတ္တ သန္တာန်မှာ အင်အား အပြည့် ရှိတယ်။ ဒီစိတ်အင်အားတွေနဲ့ ကိုယ့် ကြမ္မာကို ကိုယ်က ပြောင်းလဲအောင် ဖန်တီးလို့ ရတယ်။ သူ့ရဲ့ စိတ်စွမ်းအားနဲ့ သူ့ ကံကို သူ လိုရာသို့ ရောက်အောင် စေစားရင်လည်း ရတယ်။ ကံစီမံရာပဲ ဆိုပြီး လူသား အနေနဲ့ မိမိရဲ့ ဘဝ မျှော်မှန်းချက်တွေနဲ့ ကြိုးပမ်းချက်တွေကို လက်လျှော့တာမျိုး မရှိဘူး။ အတိတ်က ပါလာတဲ့ အကုသိုလ် ကံတွေကိုလည်း လူသား အနေနဲ့ တုံ့ပြန်နိုင်စွမ်း ရှိတယ်။ ဒီနေရာမှာ ကုသိုလ် ကောင်းမှုတွေကို များများပြု၊ မိမိ စိတ်ကို စင်ကြယ်အောင် များများလုပ်ဖို့ပဲ လိုတယ်။ ပူဇော်ပသဝတ်ပြုတာတွေ ဆုတောင်းနေတာတွေ ကိုယ့်ကိုယ်ကိုယ် အပြစ်က လွတ်အောင် မကောင်းမှုတွေက လွတ်အောင်ဆိုပြီး ညှဉ်းဆဲတဲ့ အတ္တကိလမထာနုယောဂ အကျင့်တွေ၊ ကျင့်တာတွေ မလိုပါဘူး။ ကုသိုလ်ကောင်းမှုတွေ များများ လုပ်ပြီး ကိုယ့်စိတ် စင်ကြယ်အောင် လုပ်နိုင်ရင်လည်း ပြီးပါတယ်။ ဒါကြောင့် လူဟာ သူ့ရဲ့ မကောင်းမှုကံရဲ့ အကျိုးဝိပါက်တွေကို ကျော်လွန်နိုင်အောင် အသိဉာဏ် ပညာကို ရှေ့ထားပြီး မြင့်မြတ်တဲ့ အရိယာ ဘဝကို ရောက်အောင် အားထုတ်ရင် ရနိုင်ပါတယ်။

လူသား အနေနဲ့ မိမိရဲ့ ရည်မှန်းချက်တွေ ပြည့်မီရေး အတွက် သူ့မှာ ပါလာတဲ့ ရုပ်ဝတ္ထုတွေကို အသုံးပြုရမှာ ဖြစ်ပါတယ်။ ဘဝရဲ့ အနိုင်ဖဲချပ်တွေဟာ မိမိတို့ရဲ့ လက်ထဲမှာပဲ ရှိပါတယ်။ ကျွန်ုပ်တို့ အနေနဲ့ ရွေးချယ်ယူလို့ ရထားတဲ့ နိုင်ဖဲတွေ မဟုတ်ပါဘူး။ အတိတ်က ပြုခဲ့တဲ့ ကံကျိုးများ အဖြစ် ရလာခဲ့ကြတာ ဖြစ်တယ်။ ဒါပေမဲ့ ဒီဖဲချပ်တွေကို မိမိ ကြိုက်ရာနေရာမှာ ထုတ်ပြီး သုံးချင်ရင် သုံးလို့ ရပါတယ်။ သင့်တော်မယ် ထင်တဲ့ နေရာမှာ ထုတ်သုံးဖို့ပါ။ ဘဝမှာ နိုင်တာရယ် ရှုံးတာရယ်ပဲ ရှိပါတယ်။

ကံဆိုတာကို လူ လုပ်တဲ့ အလုပ်နဲ့ ညီမျှခြင်းဆွဲလို့ ရပါတယ်။ ဒီအပြုအမူ အလုပ်အကိုင်တွေက ကမ္မဝိပါကလို့ ခေါ်တဲ့ ကံရဲ့ အကျိုးဆက်တွေကို ဖြစ်ပေါ်စေပါတယ်။ ဒါပေမဲ့ ဘာမှ ရည်ရွယ်ချက်၊ ကြံရွယ်ချက် မပါဘဲ ပြုလုပ်ရတဲ့ အလုပ်တွေကျတော့ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေ ဖြစ်မလာပါဘူး။ ဒါကြောင့် မြတ်ဗုဒ္ဓက စေတနာသည်သာ ကံ ဖြစ်တယ်လို့ ဟောတော်မူခြင်း ဖြစ်တယ်။ (စေတနာ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ) ဆိုလိုတာကတော့ ရည်ရွယ်ချက် စေတနာ မပါဘဲ ကြံရွယ်ချက် မပါဘဲ ပြုလုပ်တဲ့ ကောင်းမှုကံ၊ မကောင်းမှုကံ ကံတွေဟာ နောက်ဘဝ ပဋိသန္ဓေ အကျိုးပေးရလောက်အောင် စွမ်းအားသတ္တိ မရှိကြဘူး။

သို့သော် ကောင်းမှုကံ၊ မကောင်းမှုကံကို ပြုလုပ်လို့ ထွက်ပေါ်လာတဲ့ အကျိုးဆက်တွေကိုတော့ မသိလို့ လုပ်မိတာပါဆိုပြီး ပြောလို့ အပြစ်က မလွတ်ဘူး။ ရည်ရွယ်ချက်နဲ့ တမင် ကြံစည်ပြီး လုပ်တဲ့ အလုပ် ဆိုရင်တော့ ဒီကံရဲ့ ကောင်းကျိုးဆိုးကျိုးကို ခေါင်းရှောင်လို့ မရဘူး။ အလုပ် တစ်ခုကို တမင်တကာ ကြံရွယ်ပြီး ထိခိုက်အောင် အနာတရ ဖြစ်အောင် ကလေးသူငယ်တွေ အသိဉာဏ် မရှိတဲ့ လူတွေက လုပ်တဲ့အခါကျတော့ သူတို့မှာလည်း ကံကျိုးက လွတ်ခွင့်ရှိတယ်လို့ ပြောဖို့ရာ ခက်ပါတယ်။ ကလေးငယ်ကလေးက မသိလို့ မီးခဲ ရဲရဲကို ကိုင်ကြည့်တဲ့အခါ ကလေးပဲ မသိတတ်သေးတဲ့ အရွယ်ပဲဆိုပြီး မီးက သူ့ လက်ကို မလောင်ဘဲ မနေဘူး။ မီးကတော့ ကလေးပဲ ဖြစ်ဖြစ် အသိဉာဏ် မရှိလို့ဘဲ ဖြစ်ဖြစ် မပူမလောင်ပဲ မနေဘူး။ သူ့ကို ကိုင်ရင်တော့ ချမ်းသာ မပေးဘူး။ လောင်လိုက်မှာပဲ။ ဒါကို ကြည့်ရင် ကံကျိုးပေးတာ ပုဂ္ဂိုလ် မရွေးဘူး။ ပြီးတော့ ကံကျိုးပေးပုံကလည်း တစ်နေရာမှာ တစ်မျိုး မဖြစ်ဘူး။ တစ်မျိုးတစ်စားတည်းပဲ။ တိတိကျကျ ဖြစ်တတ်ပါတယ်။ ကံစွမ်းအင်ဟာ မျက်နှာ မလိုက်ဘူး။ ဆင်းရဲ ချမ်းသာ၊ လူစိမ်း လူကျက် မရွေးဘူး။ သူက အကျိုးပေးပုံ ကျတော့ တစ်မျိုးတည်းပဲ အပိုအလို မရှိဘူး။ တိတိကျကျပဲ အကျိုးပေးပါတယ်။ ကံစွမ်းအင်၊ ကံသတ္တိ ဟာလည်း ဒြပ်ဆွဲနိယာမ လိုပဲ မျက်နှာ မလိုက်ဘူး။ အဂတိ ကင်းပါတယ်။

အင်္ဂုလိမာလ လူဆိုးကြီးနဲ့ စစ်ဘုရင်ကြီး ဖြစ်ခဲ့တဲ့ အာသောက မင်းကြီးတို့ရဲ့ ဘဝ တစ်ခုလုံး တစ်ဖြစ်လဲ ပြောင်းလဲခဲ့ကြပုံကို ကြည့်လျှင် လူမှာ ကံစွမ်းအင်တွေကို ထိန်းချုပ် ပြုပြင်နိုင်တဲ့ စွမ်းအား ရှိတယ် ဆိုတာ ထင်ရှားပေါ်လွင်စေပါတယ်။

အင်္ဂုလိမာလ လူဆိုးကြီးဟာ ခရီးလမ်းမကြီး ပေါ်က ဓားပြကြီးပါ။ သူဟာ လူပေါင်း တစ်ထောင်ကျော်ကို သတ်ဖြတ်ခဲ့တဲ့ လူ ဖြစ်ပါတယ်။ သူ့ကို အပေါ်ယံ ကြည့်ပြီး အကဲဖြတ်ရင်တော့ လူဆိုး လူမိုက်ကြီးပေါ့။ ဒီလို အမြင်နဲ့ အကဲဖြတ်လို့ ရပါ့မလား။ ဘာဖြစ်လို့လဲဆိုတော့ သူဟာ သူ့ဘဝ သက်တမ်း မကုန်ဆုံးမီမှာဘဲ လူကောင်း ပကတိ ဖြစ်ခဲ့ရုံသာမကဘဲ ရဟန္တာ အဖြစ်ကိုတောင် ရောက်ခဲ့ပါသေးတယ်။ ဒီလို ရဟန်းကိစ္စ ပြီးအောင် ဆောင်ရွက်နိုင်ခဲ့တဲ့ အတွက် သူ့ကိုယ်သူ ကယ်တင်နိုင်ခဲ့တယ်။ သူ ပြုခဲ့တဲ့ အကုသိုလ်ကံကျွေး အနန္တကို နောက်ခန္ဓာ မရတဲ့ အတွက် မပေးဆပ်ရတော့ပါဘူး။

အာသောကဟာ အိန္ဒိယ နိုင်ငံက ဧကရာဇ် ဘုရင် တစ်ပါး ဖြစ်ပါတယ်။ သူလည်း သူ့ နိုင်ငံတော်ကို ချဲ့ထွင်ဖို့ ကလိင် စစ်ပွဲမှာ လူပေါင်း ထောင်နဲ့

သောင်းနဲ့ ချီပြီး သတ်ဖြတ်ခဲ့တယ်။ သူ နန်းတက်စဉ် အခါကလည်း ညီတော်နောင်တော်တွေ အားလုံးကို စုပုံ သတ်ဖြတ်ပြီး သွေးလမ်းပေါ်ကနေ ရာဇပလ္လင်ပေါ်ကို တက်ခဲ့သူပါ။ သို့ပေမဲ့ သူဟာ စစ်ပွဲကို နိုင်ပြီးတဲ့အခါကျတော့ သူဟာ သူ့ကိုယ်သူ သာသနာ့ ဒါယကာကြီး အဖြစ် ပြောင်းလဲခဲ့ပြီး သာသနာတော် အတွက် အကြီးအကျယ် ရွက်ဆောင်သူ ဖြစ်ခဲ့ပါတယ်။ ဒီအကြောင်းကို အိချ်၊ဂျီ၊ဝဲလ်က သမိုင်း မှတ်တမ်းတင်ခဲ့ရာမှာ "လူ့ သမိုင်းမှာ ပေါ်ပေါက်ခဲ့တဲ့ အရာအထောင်မက များပြားလှတဲ့ ပဒေသရာဇ် ဧကရာဇ် မင်းများရဲ့ ကြီးကျယ် မြင့်မြတ်ပုံများ အနက် အာသောက မင်းကြီးရဲ့ နာမည်သည်သာ အတောက်ပြောင်ဆုံး၊ အလင်း လက်ဆုံး ကြယ်ပွင့်လို ဖြစ်ခဲ့တယ်" ဆိုပြီး ရေးသားခဲ့ပါတယ်။

H.G.Wells 'Amid the tens of thousands of names of monarchs that crowd the columns of history, their majesties and royal highness and the like, the name of Asoka shines and shines almost alone, as a star' ဆိုပြီး ရေးခဲ့တာပါ။

## ကံကို ထောက်ပံ့သော အခြားအချက်များ

ဗုဒ္ဓဘာသာက နောက်ဆုံးမှာ လူသားသည် သူ၏ ကံစွမ်းအားများအပေါ် ချုပ်ကိုင်နိုင်သည့် ထိန်းချုပ်နိုင်စွမ်း ရှိသည်ဟု ဆိုရစေကာမူ ဤစကားသည် ကိစ္စအားလုံးသည် ကံကြောင့် ဖြစ်သည်ဟု ဖော်ပြလိုခြင်း မဟုတ်ပါ။ ဗုဒ္ဓဘာသာသည် အခြား အကြောင်းများကိုလည်း ပစ်ပယ်ထားခြင်း လျစ်လျူရှုထားခြင်း မရှိပါ။ ကံတစ်ခုတည်းကသာ ဘဝကို ခြယ်လှယ်နေသည် မဟုတ်ဘဲ တခြားသော အကြောင်းများကလည်း ဘဝကို ပြုပြင်နိုင်သည် ဆိုသော အချက်ကို လျစ်လျူရှု မထားပါ။ ဗုဒ္ဓဘာသာတရားတော်အရ ဘဝကို ပြုပြင်နိုင်သော အခြား အကြောင်း သဘာဝ ဖြစ်စဉ် ငါးခု ရှိကြောင်း နိယာမ ငါးခု ရှိကြောင်းကိုလည်း လက်ခံထားပါသည်။

၁။ ဥတုနိယာမ - ဒါက သက်မဲ့ လောက သဘာဝ၏ ဥတုရာသီ အကြောင်း ဖြစ်တယ်။

၂။ ဗီဇနိယာမ - ဒါက ဇီဝဗေဒ ဥပဒေသ နိယာမ ဖြစ်တယ်။ ဥတုရာသီ မျိုးဗီဇများနှင့်လည်း ဆက်စပ်နေတဲ့ အကြောင်း ဖြစ်တယ်။

၃။ ကမ္မနိယာမ - ဒါက ကံနှင့် ပတ်သက်သော ကိုယ်ကျင့်တရားဆိုင်ရာ ကြောင်းကျိုး ကောင်းဆိုး သဘောတွေ ဖြစ်ပေါ်ပုံ ဖြစ်တယ်။

၄။ ဓမ္မနိယာမ - ဒါက သဘာဝ အဖြစ်အပျက်တစ်ခုပါ။ လျှပ်စစ်စွမ်းအင်လိုမျိုး၊ ဒီလှိုင်းများ လှုပ်ရှားနေတာမျိုးများ ဖြစ်ပါတယ်။ (ကျမ်းဂန်တွေမှာတော့ ဘုရားပွင့်တဲ့အခါ မြေငလျင်တုန်လှုပ်တာမျိုး တော်လည်းတာမျိုးများကို ပြထားတယ်)

၅။ စိတ္တနိယာမ - ဒါက စိတ်ပိုင်းဆိုင်ရာ ဥပဒေသ ဖြစ်တယ်။ သိမှုဝိညာဏ်ဖြစ်ပေါ်မှု အပေါ် စိုးမိုးနေတဲ့ နိယာမ ဖြစ်တယ်။ သို့ဖြစ်ရာ ကံသည် သဘာဝ နိယာမ ငါးခုထဲက တစ်ခုဖြစ်ပြီး ကံကြောင့် လောကထဲမှာ ကွဲပြား ခြားနားမှုတွေ ဖြစ်ပေါ်လာစေပါတယ်။

## ကံကို ပြောင်းလဲနိုင်သလား

ကံကို မကြာခဏ ပတ်ဝန်းကျင် လောကက ဩဇာ လွှမ်းမိုးနေတာ တွေ့ရတယ်။ ကမ္မနိယာမ ဆိုတာ သူ့ဘာသာ ဖြစ်ပျက်နေတဲ့ တရားကြီးထဲမှာ ကျေးဇူးပြုတဲ့တရားတွေနဲ့ အန္တရာယ် ပြုနိုင်တဲ့ တရားတွေ ရှိနေတယ်။ ဒီဆန့်ကျင်ဘက်တရားတွေက ကံ အပေါ်မှာ အထောက်အပံ့ အကူအညီ ပေးခြင်း၊ အဟန့်အတားပြုခြင်းသဘောတွေကို ဖြစ်စေနိုင်ပါတယ်။ ဒါတွေကတော့ ဇာတိ (မွေးဖွားခြင်း)၊ ကာလ (အချိန်)၊ အခြေအနေ၊ အသွင်အပြင်နဲ့ အားထုတ်မှုများပဲ ဖြစ်တယ်။ ဒါတွေဟာ သမ္ပတ္တိတရားတွေပါ။ ဂတိသမ္ပတ္တိ ဆိုတာက မွေးကတည်းက အခါအခွင့်ကောင်းတွေကျတဲ့ ဂတိသမ္ပတ္တိနဲ့ ပြည့်စုံခြင်းကို ဆိုလိုတာပါ။ တချို့ကျတော့ အခါမသင့် အခွင့်မသာတဲ့ ဘဝမှာ မွေးဖွားလာရတယ်။ ဥပမာ လူ တစ်ဦးဟာ အမျိုးမြင့်မြတ်တဲ့ မင်းစိုးရာဇာ မိဖထဲမှာ မွေးဖွားလာရလို့ရှိရင် သူ့ ဘဝမှာကောင်းမွန်ဖို့ အတွက် ပိုပြီး အခွင့်သာပါတယ်။ ကံကောင်းတယ်လို့ ဆိုကြတာမျိုးပေါ့။

တချို့ ဉာဏ်မရှိတဲ့ လူတွေ၊ အတိတ်ကံရဲ့ အကျိုးပေးကြောင့် မင်းစိုးရာဇာဘဝ နန်းမြို့တော် ပတ်ဝန်းကျင်မှာ မွေးဖွားလာရတဲ့အခါ သူဟာ ဉာဏ်ပညာမရှိပေမဲ့ မိဘမျိုးရိုးက မြင့်မြတ်တာကြောင့် သူ့ကို လူတွေက ချီးမြှင့် မြှောက်စား

ကြခြင်း ခံရတတ်ပါတယ်။ ဒီလို အလားတူ ပုဂ္ဂိုလ် (သူကိုယ်တိုင်ပဲ ဖြစ်ဖြစ်) ယုတ်ညံ့တဲ့ အောက်ကျနောက်ကျ မိသားစုထဲမှာ မွေးဖွားလာရလို့ ရှိရင် မင်းစိုးရာဇာ မိသားစုထဲမှာ မွေးဖွားလာသူ ရရှိ ခံစားရတဲ့ ဘဝ အခွင့်သာမှုမျိုးကို ခံစားရမှာ မဟုတ်ပါဘူး။ သူ့ကို လူတွေက မင်းသား တစ်ပါးကို ဆက်ဆံသလို ဆက်ဆံကြမှာလည်း မဟုတ်ပါဘူး။

*ဥပတိ သမ္ပတ္တိ* ခေါ်တဲ့ အသွင်အပြင် တင့်တယ်မှုနဲ့ *ဥပတိဝိပ္ပတ္တိ* ခေါ်တဲ့ အသွင်အပြင် မတင့်တယ်မှုတို့ဟာလည်း ကံရဲ့ အလုပ်တွေမှာ အထောက်အပံ့၊ အတားအဆီး တစ်ခုခု ဖြစ်လာတတ်ပါတယ်။ တစ်စုံတစ်ရာ ရှေးကောင်းမှုကံ အထောက်အပံ့ကြောင့် အမျိုးကောင်းသား အဖြစ်နဲ့ မွေးဖွားလာပါသော်လည်း မကောင်းတဲ့ ကံကြောင့် ရုပ်ဆင်းအင်္ဂါ ချွတ်ယွင်းမှု ပါလာလို့ ရှိလျှင် သူသည် အမျိုးကောင်းသား အဖြစ် မွေးဖွားခဲ့ရခြင်း အကျိုးကို မခံစားရတတ်ပါဘူး။ ကုသိုလ်ကံ အကျိုးဆက်တွေကို အပြည့်အဝ မခံစားရတတ်ပါဘူး။ နန်းတော်ထဲမှာ ဘုရင့်သားတွေ၊ ဥပရာဇာ နန်းမွေ ဆက်ခံခွင့်ရှိသူ အဖြစ် မွေးဖွားလာတာတောင်မှ ဆွံ့အ နားမကြား စိတ်ဓာတ် မမှန်ဖြစ်နေရင် သူဟာ နန်းမွေ ဆက်ခံခွင့် ရမှာ မဟုတ်ပါဘူး။ အဆင်းရူပကာ တင့်တယ်လှပခြင်းကြောင့် ဘဝ အဆင့် မြင့်တက်မှုကို ရရှိဖို့ အခွင့်သာစေပါတယ်။ ဆင်းရဲတဲ့ မိဘက မွေးတဲ့ သားကလေးဟာ ရုပ်ဆင်းတင့်တယ် ချောမောမှုကြောင့် လူ အများရဲ့ ချစ်ခင်မှုကို ခံရတတ်ပါတယ်။ ဒီလို လူတွေ အပေါ် လှပမှုရဲ့ ဩဇာသက်ရောက်မှုကြောင့်လည်း သူဟာ လူတွေကြားထဲမှာ သူများနဲ့မတူ တစ်မူ ထူးခြားလာနိုင်ပါတယ်။ ဆင်းရဲသား မိဘက မွေးသော်လည်း ရုပ်ဆင်းတင့်တယ်လို့ ဒီကလေးဟာ ထင်ရှား ကျော်ကြားတဲ့ ရုပ်ရှင်သရုပ်ဆောင် မင်းသား တစ်ယောက် ဖြစ်လာတာမျိုးကိုလည်း၊ ရုပ်ရှင် သရုပ်ဆောင် မင်းသမီး အကျော်အမော် ဖြစ်လာကြတာ၊ အလှမယ်၊ အလှဘုရင်မ အဖြစ် ထင်ပေါ်ကျော်ကြားလာတာ၊ သူဌေးကတော် မိဖုရား ဖြစ်လာကြတာတွေ အများကြီး ရှိပါတယ်။

ခေတ်ကာလ အခြေအနေရဲ့ အထောက်အပံ့လည်း ရှိပါသေးတယ်။

ဒါက ကာလသမ္ပတ္တိ သဘောပါ။ ဒုဗ္ဘိက္ခန္တရကပ် ဆိုက်တဲ့အခါ စစ်ဘေး စစ်ဒဏ်ခံကြရတဲ့အခါ လူတွေ အားလုံး အတူတကွ ဆင်းရဲကြုံကြရတယ်။ ဘယ်သူ တစ်စုံတစ်ယောက်မှ ခြွင်းချက်မရှိ ခံစားကြရတာချည်းပါပဲ။ ဒီလို စနစ်ဆိုး ခေတ်ဆိုးနဲ့ ကြုံကြရတဲ့၊ ကံမကောင်း အကြောင်းမလှတဲ့၊ အခွင့်မသာတဲ့ အခါမျိုးမှာ မကောင်းမှု အကုသိုလ်ကံတွေ ဖြစ်ပွားဖို့ ပိုပြီး အခွင့်သာစေပါတယ်။ တစ်ဖက်

တစ်လမ်းအားဖြင့် ဆိုရလျှင် အခွင့်အခါသာတဲ့ အချိန်၊ အေးချမ်း သာယာတိုးတက်ကြီးပွားတဲ့ ခေတ်ကာလအခါ သမယမျိုးမှာ မကောင်းမှု အကုသိုလ်တရား ဖြစ်ပွားမှုကို ဖြစ်ခွင့်မရအောင် တားဆီးမှုတွေက အသာစီး ရတတ်ပါတယ်။

ကံကို အထောက်အပံ့ပြုတဲ့ အချက်တွေထဲမှာ အရေး အပါဆုံး အရာရောက် ဆုံးကတော့ ဉာဏ် ဝီရိယပါ။ ဝီရိယ မပါဘဲနှင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာ သော အကျိုးစီးပွား ဖြစ်ထွန်းဖို့ မဖြစ်နိုင်ပါဘူး။ လူ တစ်ယောက်ဟာ ရောဂါ ဖြစ်ပွား ခံစားနေရတဲ့အခါ ဒီရောဂါ သက်သာ ပျောက်ကင်းအောင် ကြိုးစားပြီး မကုသဘူး ဆိုရင် အခက်အခဲ ကြုံတဲ့အခါ ဒီအခက်အခဲက လွတ်မြောက်အောင် မကြိုးစားဘူးဆိုရင် သို့မဟုတ် မိမိ ဘဝ ကြီးပွား တိုးတက်ရေးအတွက် သတိ ဝီရိယနဲ့ မလုပ်ဘဲနေမယ် ဆိုရင် သူ့ရဲ့ မကောင်းသဖြင့်ပြုသော ကံသည် သူနဲ့တော်ရာ အကုသိုလ် အကျိုး၊ မကောင်းကျိုးကို ပေးမှာ သေချာပါတယ်။ သမုဒ္ဒရာထဲမှာ သင်္ဘော ပျက်ကိန်းကြုံတဲ့အခါ အလောင်းတော် မင်းသားဟာ သူနဲ့ သူ့မိခင် ဒိုကြီးရဲ့ အသက်ရှင်ရေး အတွက် လုံ့လပြုပြီး ကယ်တင်ခြင်း အမှုကို ပြုခဲ့ဖူးပါတယ်။ ဒီလို အခက်ကြုံတဲ့အခါ ဝီရိယကို စိုက်ခြင်း၊ အမှုကို ပြုတဲ့လူကို သူပြုခဲ့တဲ့ အတိတ်ကောင်းမှုကံတွေက ကူညီ ထောက်ပံ့လာတတ် ပါတယ်။ သင်္ဘောပျက်တော့ တခြား လူတွေက နတ်တွေ၊ တန်ခိုးရှင်တွေကို မျှော်မှန်းတမ်းတပြီး ကူညီဖို့ ဆုတောင်းရင်းပဲ သင်္ဘောနစ်တော့ အတူ နစ်မြုပ်ခဲ့ကြရတယ်။ အလောင်းတော်ကတော့ ကိုယ့်ခွန် ကိုယ့်အားကို အားကိုးပြီး သမုဒ္ဒရာကို ဖြတ်ကူးခဲ့တယ်။ ဒါကြောင့် တခြား လူတွေ ရေနစ်ပြီး ငါး၊ လိပ်၊ မကန်းစာ ဖြစ်သွားကြတဲ့ အချိန်မှာ အလောင်းတော်ကတော့ မိမိကိုယ်ကို ကယ်တင်နိုင်ခဲ့ပါတယ်။

ဤသို့အားဖြင့် ကံကို ဇာတိ၊ ဥပတိ၊ ကာလနှင့် ကိုယ်တိုင် အားထုတ်လုပ်ဆောင်မှု ဉာဏ် ဝီရိယတို့ကလည်း အထောက်အပံ့ ပေးပါတယ်။ အထောက်အပံ့လည်း ပေးပါတယ်။ အတားအဆီးလည်း ပြုတတ်တဲ့ သဘော ရှိပါတယ်။

သို့သော်လည်း လူသား အနေနဲ့ လတ်တလော ကြုံကြရတဲ့ ကံကျိုး (ဒိဋ္ဌဓမ္မကံ) ကို နည်းလမ်း ရှာဖွေပြီး ကျော်လွှားနိုင်အောင် လုပ်နိုင်စွမ်းလည်း ရှိပါတယ်။ ဒါပေမဲ့ ကိုယ်ဟာ သံသရာဝဋ်နှောင်ထဲက မထွက်မြောက်သေးသမျှ ကာလပတ်လုံးတော့ ဒီကမ္မဝိပါက သဘောနဲ့ ကင်းလို့တော့ မရပါဘူး။ မွေးသေအရှိုင်းပြေး ဘဝနဲ့တော့ ကြုံတွေ့ကြရဦးမှာပါ။ အခါအခွင့် ကြုံတဲ့အခါတိုင်းမှာ သူ ကျော်ဖြတ်နိုင်ခဲ့တဲ့ ကံကျိုး ဝိပါက တစ်ဖန် ပြန်ပြီး အကျိုး ထပ်ပေးပြန်တယ်။ ဒါဟာ လူ့ လောကရဲ့ မသေချာ မရေရာတဲ့ အနေကန္တ သဘောပါ။ လူသာမန်ကို

မဆိုထားနဲ့။ ဘုရား၊ ရဟန္တာ ဖြစ်ပြီးတာတောင်မှ နောက်ဆုံး ဘဝမှာတောင် ကံကျိုး ဝိပါက်ကြမှာကို ခံကြရပါသေးတယ်။

ကံသတ္တိ ဖြစ်ပေါ်မှုမှာ လူတွေ ကောင်းမှု မကောင်းမှု ကြုံတွေ့ကြရာမှာ ကာလ ဆိုတဲ့ အချက်ဟာလည်း အရေး ပါတဲ့ အချက် တစ်ခု ဖြစ်ပါတယ်။ တချို့ လူတွေက သူ ပြုတဲ့ကံရဲ့ အကျိုးဝိပါကကို သူ အသက်ရှင်နေစဉ် မျက်မှောက်ဘဝ မှာပင် ပြန်လည် ပေးဆပ်ကြရပါတယ်။ ဒီကံရဲ့ အကျိုးဝိပါက်ကို ဒုတိယ ဘဝ၊ နောင်တမလွန်ကျမှ ပေးဆပ်ရတာမျိုးလည်း ရှိတတ်ပါတယ်။ တချို့ ကံတွေကျတော့ မျက်မှောက် ဘဝ၊ ဒုတိယ ဘဝမှာ အကျိုး မပေးဘဲ သံသရာ တစ်လျှောက်လုံး ကျရာ ဘဝမှာ အကျိုး မပေးရဘဲ ဟောသိကံ မဖြစ်ပါဘူး။ အပရာပရိယ ဝေဒနိယကံမျိုး ဖြစ်တယ်။ ဒီကံမျိုးက ဘယ်တော့မှ အချည်းနှီး အဟောသိကံ ဖြစ်မသွားဘူး။ နိဗ္ဗာန် မရသေးသမျှ သံသရာ ဘဝ အဆက်ဆက်လိုက်ပြီး တစ်ခု သော ဘဝမှာတော့ သူ အကျိုးပေးမှာ မုချပဲ ဖြစ်ပါတယ်။ ဒီလို ကံအကျိုးပေး ကွာခြားရတာရဲ့ အဓိက အကြောင်းကတော့ ဇောစိတ်ကြောင့် ဖြစ်ရတယ်လို့ ဘုရား ဟောတော်မူပါတယ်။ ဒီဇောက ကောင်းမှု မကောင်းမှု ကံပြုစဉ်အခါက ပါခဲ့တဲ့ ဇောတွေပါ။ (ပထမဇော ဒိဋ္ဌဓမ္မ ဝေဒနိယကံ၊ သတ္တမဇော ဥပပဇ္ဇ ဝေဒနိယကံ၊ အလယ်ငါးဇော၊ အပရာပရိယဝေဒနိယကံကို ဖြစ်စေပါတယ်)။

## မျက်နှာ မလိုက်တဲ့ စွမ်းအင်

လောကမှာ ကံသတ္တိ၊ ကံ စွမ်းအင် ရှိတယ် ဆိုတာကို မယုံဘူး ဆိုသူတွေ အနေနဲ့ နားလည်သင့်ကြတာက ဒီကံစွမ်းအင် ဆိုတာ ယုံကြည် ကိုးကွယ်တဲ့ ဘာသာက ထုတ်လုပ်တဲ့ဟာ မဟုတ်ဘူး ဆိုတာဖြစ်ပါတယ်။ ဟိန္ဒူဘာသာကရော၊ ဗုဒ္ဓဘာသာ ကရော၊ ဂျိမ်းဘာသာကပါ ဒီကံသတ္တိရဲ့ သဘောကို ရှင်းလင်း ဖော်ပြခဲ့ကြပါတယ်။ ကံသတ္တိ ဆိုတာက သဘာဝ ဓမ္မ တစ်ခု၊ နိယာမ တစ်ခု အဖြစ် လောကထဲမှာ ဖြစ်တည်ရှိနေတဲ့ တရားစု တစ်ခုပါ။ ဒါကို ဘာသာရေး အမြင် ဖြစ်တယ်လို့ တံဆိပ် ကပ်စရာ မရှိပါ။ ဘယ်သူဘယ်ဝါပဲ ဖြစ်ဖြစ်၊ ဒီကမ္မနိယာမကို ကျူးလွန် ဖောက်ဖျက်ရင် ဘာသာမရွေး၊ လူမျိုးမရွေး၊ နေရာဒေသမရွေး ဒီကံရဲ့ နောက်ဆက် တဲ့ အကျိုးရလဒ်ကို ခံစားကြရတာချည်းပါပဲ။ ဒီကမ္မနိယာမကို ယုံကြည်နားလည်

သူတွေကျတော့ နေထိုင် ဆက်ဆံတတ်ကြသူများ အဖို့မှာတော့ သူတို့ ဘဝမှာ ငြိမ်းချမ်းမှုနဲ့ ပျော်ရွှင်မှု သုခကို ခံစားကြရတတ်ပါတယ်။ ဒါကြောင့် ဒီကမ္မဥပဒေသ၊ ကမ္မနိယာမဟာ မျက်နှာလိုက်မှု၊ ဘက်လိုက်မှု မရှိပါ။ ကံကို ယုံသူကိုပဲ ဖြစ်ဖြစ်၊ မယုံဘူး ဆိုသူကိုပဲ ဖြစ်ဖြစ် အကျိုးပေးချင်းကတော့ အတူတူပဲ။ တညီတညွတ်တည်းပဲ ဖြစ်တယ်။ ဘယ်ဘာသာ၊ ဘယ်အယူဝါဒကိုပဲ ယုံကြည် ကိုးကွယ်ကိုးကွယ်၊ ကံ အကျိုးပေးရာမှာတော့ ခွဲခြားဆက်မှု မရှိပါဘူး။ ဒီကမ္မနိယာမဟာလည်း တခြား သဘာဝ လောကထဲမှာ ရှိနေတဲ့ နိယာမ တရားတွေ အတိုင်းပါပဲ။ တစ်ခု သိနားလည်စေချင်တာက ကမ္မနိယာမ ဆိုတာ ဗုဒ္ဓဘာသာနဲ့သာ ဆိုင်တဲ့ ဗုဒ္ဓဘာသာပိုင် ပစ္စည်းလည်း မဟုတ်ဘူး ဆိုတာပါ။

ကျွန်ုပ်တို့ အနေနဲ့ ကံဟာ သတ္တိ တစ်မျိုး ဖြစ်တယ်။ စွမ်းအင် တစ်မျိုး ဖြစ်တယ် ဆိုတာကို ယုံကြည်ကြလို့ရှိလျှင် ကျွန်ုပ်တို့ အနေနဲ့ အစကနဦး အကြောင်းကို စူးစမ်း ရှာဖွေလို့ ရနိုင်မှာ မဟုတ်ပါဘူး။ ကံဟာ ဘယ်က စ,လာတာလဲလို့ မေးတာဟာ လျှပ်စစ်စွမ်းအင်ဟာ ဘယ်ကစဖြစ် လာတာလဲလို့ မေးတာနဲ့ တူနေပါတယ်။ လျှပ်စစ်စွမ်းအင်နဲ့ တူတဲ့ ကံမှာ အစ,မရှိပါ။ အကြောင်းတိုက်ဆိုင်တဲ့ အခါကျမှ ဖြစ်ပေါ်လာတဲ့ တရားမျိုးပါ။ ပြောရိုးပြောစဉ်အရ ပြောတဲ့ အခါမှာသာ ကံရဲ့ အစဟာ စိတ်စေတနာပဲလို့ ပြောကြရတာပါ။ ဒါကလည်း မြစ်ဘယ်က စ,သလဲဆို တောင်ထိပ်က စ,တယ်လို့ ပြောရတာနဲ့ တူနေပါတယ်။

သမုဒ္ဒရာ လှိုင်းလုံးကြီးတွေ တစ်လုံးထဲကို တစ်လုံး ပြေးပြီး စီးဝင်သွားသလို အသိစိတ် တစ်ခုဟာလည်း နောက်သိစိတ် ဝိညာဉ် တစ်ခုထဲကို ပြေးပြီး စီးဝင်သွားတယ်။ ဒီလို သိစိတ် တစ်ခုထဲကို တစ်ခု ပြေးဝင်ပေါင်းစည်းပြီး တစ်ခုတည်း ဖြစ်သွားတာဟာ ကံ ဖြစ်ပေါ်နေပုံ သဘောပဲ ဖြစ်တယ်။ အကျဉ်းချုပ် ပြောရရင် သက်ရှိသတ္တဝါတိုင်းဟာ ဗုဒ္ဓဘာသာအရ လျှပ်စစ်စီးကြောင်း တစ်ခုပဲ ဖြစ်တယ်။ အဲဒီဘဝ လျှပ်စစ်စီးကြောင်း အလိုအလျောက် ပေါ်လာပြီး ကံဖြစ်အောင် ခလုတ်ဖွင့်ပေးပါတယ်။ ဒီလို လျှပ်တစ်ပြက် အပြေးအလွှား လျင်မြန်စွာ ပြောင်းလဲဖြစ်ပျက်နေတဲ့ ဒီစိတ်ထဲမှာရော ဒီကိုယ်ထဲမှာပါ ကံသတ္တိ၊ ကံစွမ်းအင်ကို ရှာလို့ မတွေ့နိုင်ပါဘူး။ ဒီကလည်း သရက်ပင်ထဲမှာ သရက်သီးကို အပင်၊ အကိုင်း၊ အခက်၊ အလက်၊ အရွက်တွေကို ခွဲပြီး ရှာကြည့်လို့ မတွေ့ရသလိုပါပဲ။ သရက်ပင်စည်ထဲမှာ သရက်သီးကို သိုလှောင်ထားတာမှ မဟုတ်တာ အကြောင်း ညီညွတ်တိုက်ဆိုင်တဲ့အခါကျမှ သူ့ အလိုအလျောက် ပွင့်လာ သီးလာကြတာပါ။ ကံကလည်း ဒီ

အတိုင်းပဲပေါ့။ ကံဟာ လေလို၊ မီးလိုပါ။ ဒီကမ္ဘာထဲမှ မီးတွေ၊ လေတွေကို သို လှောင်ထားတာ မဟုတ်ပါဘူး။ အကြောင်း တိုက်ဆိုင် ညီညွတ်ခါကျမှ ဖြစ်ပေါ် လာတာမျိုး ဖြစ်တာကို ဉာဏ်အမြင်နဲ့ မြင်တတ်ဖို့ လိုပါတယ်။

## ဇာတိပဋိသန္ဓေ

*မရောင့်ရဲနိုင်တဲ့ ဘဝ တဏှာနှင့် ကာမ တဏှာကြောင့် ဇာတိပဋိသန္ဓေ ဖြစ်လာရသည်။*

မြတ်ဗုဒ္ဓက ဇာတိပဋိသန္ဓေ ဖြစ်ခြင်းသဘောကို သီဝရီ သဘောတရား အနေနဲ့သာ ဟောတော်မူတာ မဟုတ်ပါဘူး။ လက်တွေ့အားဖြင့် စမ်းသပ်နိုင်တဲ့ အကြောင်း အချက်တစ်ခု အဖြစ်ဖြင့်လည်း ဟောတော်မူခဲ့ပါတယ်။ ဇာတိပဋိသန္ဓေနဲ့ ပတ်သက် တဲ့ ယုံကြည်ချက်ဟာ ဗုဒ္ဓဘာသာရဲ့ အခြေခံမှု တစ်ခုလည်း ဖြစ်တယ်။ ဒါပေမဲ့ ဇာတိပဋိသန္ဓေ ယူပြီး ပြန်၍ တစ်ဖန် မွေးဖွားခြင်း (rebirth) သဘောတရား ဟာ ဗုဒ္ဓဘာသာနဲ့သာ ဆိုင်တဲ့ အယူအဆ တစ်ခုတော့ မဟုတ်ဘူး။ တခြား ဘာသာ အယူဝါဒတွေ၊ တခြား နိုင်ငံတွေမှာရော လွတ်လပ်စွာ တွေးခေါ်ခဲ့ကြတဲ့ ဒဿန ပညာရှင်တွေရဲ့ အယူအဆ၊ အတွေးအမြင်တွေထဲမှာပါ တွေ့ရတဲ့ အယူအဆ တစ်ခုပါ။ ပိုက်သဂိုရပ်စ်[၁]ဟာ သူ့ရဲ့ အတိတ်ဘဝတွေကို သိမြင်နိုင်တဲ့ ဇာတိဿရ ဉာဏ် ရဖူးသူ ဖြစ်တယ်။ ဂရိ တွေးခေါ်ရှင်ကြီး ပလေးတို[၂]ဟာလည်း သူဖြစ်ခဲ့ဖူး တဲ့ ရှေးဘဝ အတော်များများကို ပြန်လည် သတိရ အောက်မေ့နိုင်တဲ့ ပုဗ္ဗေနိဝါသ ဉာဏ် ရရှိခဲ့သူ ဖြစ်ကြောင်း သိရတယ်။ ပလေးတိုကဆို လူဟာ ဆယ်ကြိမ်လောက် အထိ ပြန်လည် မွေးဖွားနိုင်တယ်လို့ ဆိုပါတယ်။ ပလေးတို အမြင်မှာ ဒီဘဝ လူဟာ နောက်ဘဝမှာ တိရစ္ဆာန် လောကထဲမှာ ပဋိသန္ဓေ တည် နေမွေးဖွားနိုင်တဲ့ ဖြစ်ခွင့်ဖြစ်လမ်း ရှိတယ်ဆိုတာကို သူ ယုံကြည်ခဲ့တယ်။ ရှေးက အီဂျစ် နိုင်ငံသားတွေ၊ တရုတ်ပြည်က တရုတ် လူမျိုးတွေကတော့ ထင်ရှားတဲ့ ဧကရာဇ် ဘုရင်တွေ၊ ပဒေသရာဇ်မင်းတွေဟာ နောက်ထပ် တစ်ဖန် ပြန်ပြီး ဇာတိ ပဋိသန္ဓေ တည်နေ မွေးဖွားနိုင်တယ် ဆိုတဲ့ အယူအဆကို ယုံကြည်ခဲ့ကြတယ်။

---

* ၁။ Pythagoras ၂။ Plato

ခရစ်ယာန် ဘာသာက ဩရီဂင်[၃] ဆိုတဲ့ သာသနာဝင် ပုဂ္ဂိုလ် (၁၈၅-၂၅၄ အေဒီ) ဟာ ဘဝဟောင်းကလာသူ ဖြစ်တယ်လို့ ယုံကြည်တာ တွေ့ရတယ်။ ဩရီဂင်ရဲ့ အယူအဆ တစ်ခုက ငရဲ ဒုက္ခမှာ ထာဝရ ကျခံရတယ် ဆိုတာ မဟုတ်ဘူး။ အမြဲဖြစ်တဲ့ ငရဲဆင်းရဲ ဆိုတာ မရှိဘူးလို့ ယုံကြည်ခြင်း ဖြစ်တယ်။

၁၆ ရာစုလောက်တုန်းက ပေါ်ပေါက်ခဲ့တဲ့ ဂေါ်ရာနာဘရူနို[၄] ကလည်း လူနဲ့ တိရစ္ဆာန်တို့ရဲ့ ဝိညာဉ်ကောင်ဟာ တစ်ဘဝက တစ်ဘဝကို ကူးပြောင်းပြီး နောက်ထပ် ဘဝ တစ်ဖန် ပြန်လည် မွေးဖွားနိုင်တယ်။ ပြန်ပြီး ဝင်စားနိုင်တယ်လို့ ယုံကြည်ခဲ့တယ်။ ၁၇၈၈ ခုနှစ်တုန်းက ထင်ရှားလှတဲ့ ဂျာမန်ဒဿန ပညာရှင်ကြီး ကန့်[၅] ကလည်း ထာဝရအားဖြင့် ဘုရားသခင်က အပြစ်ဒဏ် စီရင်ချမှတ်ခြင်း အယူအဆကို ဝေဖန်ခဲ့တယ်။ ကန့်ကလည်း အသစ်တစ်ဖန် ပြန်လည်၍ ဇာတိ ပဋိသန္ဓေ တည်နေဖွားမြင်ခြင်း သဘောတရားကို ဖြစ်နိုင်တယ်လို့ ယုံကြည်ခဲ့ပါတယ်။ လူဟာ တခြား ဘုံဘဝမှာ ပြန်လည် ပဋိသန္ဓေ တည်နေ မွေးဖွားနိုင်ကြောင်း ယုံကြည်လက်ခံခဲ့တယ်။ ဂျာမန်ဒဿန ပညာရှင်ကြီး ရှိုပင်ဟောင်းဝါး[၆] (၁၇၈၈-၁၈၆၀) ကလည်း အသစ်တစ်ဖန် ပြန်လည် ဖြစ်တည်ချင်တဲ့ ဆန္ဒ (ဘဝတဏှာ) ရှိလို့ရှိရင် နောက်ဘဝမှာ မုချ ပြန်ဖြစ်တယ်။ ဒီဘဝတဏှာ ဖြစ်တည်နေလိုခြင်း စိတ်ဆန္ဒဟာ ဆက်ကာဆက်ကာ ဘဝ အသစ် ဖြစ်ပေါ်မှုကို ဖြစ်စေနိုင်တယ် ဆို တာကို ထင်ရှားအောင် ဖော်ထုတ်ဖွင့်ဟနိုင်တယ်လို့ ဆိုတယ်။ မြတ်ဗုဒ္ဓကတော့ ရှိုပင်ဟောင်းဝါး ပြောတဲ့ ဘဝ အသစ် တစ်ဖန် နေလိုခြင်း ဆန္ဒ ဆိုတာကို 'ဘဝ တဏှာ' လို့ ဟောတော်မူခဲ့တယ်။

အတိတ်က ဖြစ်ခဲ့ဖူးတဲ့ ဘဝတွေကို ပြန်ပြီး စိစစ်ကြည့်ဖို့ ကိစ္စဟာ ဖြစ်နိုင်ပါတယ်။ လွယ်တော့ မလွယ်ပါ။ လူ့ စိတ်ရဲ့ သဘောက လူတိုင်းကို အတိတ်ဘဝကို ပြန်လည် အောက်မေ့နိုင်တဲ့ ဇာတိဿရဉာဏ်ကို မရနိုင်စေပါဘူး။ ကျွန်ုပ်တို့၏ စိတ်ကို နီဝရဏ တရား ငါးပါးက လွှမ်းမိုး အုပ်စိုးခြင်းကို ခံနေရတယ်။ နီဝရဏ ငါးပါး ဆိုတာက ၁။ ကာမစ္ဆန္ဒ နီဝရဏ ခေါ်တဲ့ ကာမဂုဏ် အာရုံ ခံစားလိုမှု ၂။ ဗျာပါဒနီဝရဏ မလိုမုန်းထားမှု၊ ၃။ ထိနမိဒ္ဓ ခေါ်တဲ့ ပျင်းရိ ထိုင်းမှိုင်း မှု၊ ၄။ ဥဒ္ဓစ္စ ကုက္ကုစ္စ ဆိုတဲ့ စိတ်ပျံ့လွင့်မှု၊ ၅။ ယုံမှား သံသယမှု ဆိုတာတွေ ဖြစ်တယ်။ ဒီစိတ်ကို နှောင့်ယှက် တားဆီးတတ်တဲ့ နီဝရဏ တရားများကြောင့်

---

* ၃။ Origen (185-254 AD) ၄။ Gorana Bruro
၅။ Kant ၆။ Schopenhauer (၁၇၈၈-၁၈၆၀)

ကျွန်ုပ်တို့ရဲ့ အမြင်ဟာ လောကီနယ်ထဲမှာပဲ ကန့်သတ်ခံနေရတယ်။ ဒါကြောင့် ကျွန်ုပ်တို့ရဲ့ မျက်မြင်ကိုယ်တွေ့ သဘောအရ ဇာတိ ပဋိသန္ဓေနေပြီး အသစ်တစ်ဖန် ဘဝသစ်မှာ ပြန်လည် ဖွားမြင်လာရခြင်း ကိစ္စကို မသိနိုင်ဘူး။ မမြင်နိုင်ဘူး။ ကြည့်မှန်လိုပေါ့။ မှန်ပေါ်မှာ ဖုန်မှုန့်တွေ ကပ်နေတဲ့အခါ မှန်မှာ ကြည်လင်တဲ့ အရိပ် မထင်နိုင်သလိုပေါ့။ ဒါကြောင့် လူ အားလုံးဟာ မိမိတို့ရဲ့ ဖြစ်တည်ခဲ့ဖူးတဲ့ အတိတ် ဘဝတွေကို ပြန်လည် အောက်မေ့ခြင်း မပြုနိုင်တော့တာ ဖြစ်တယ်။ နေ့ အချိန်မှာ ကျွန်ုပ်တို့သည် ကြယ်တာရာတွေကို မမြင်နိုင်ပါ။ မမြင်နိုင်တာ ကောင်း ကင်ပေါ်မှာ ကြယ်တွေ မရှိလို့ မဟုတ်ဘူး။ မမြင်ရတာက နေ့မှာ နေရောင်ခြည်က ပိုပြီး လင်းနေတော့ ဒီနေရောင်ကို ကြယ်ရဲ့ အလင်းက မတိုးနိုင်ဘူး။ မဖောက်ထွင်း နိုင်ဘူး။ ဒီသဘော အတိုင်းပါပဲ။ အတိတ် ဘဝ အကြောင်းတွေကို ပြန်ပြီး မအောက်မေ့နိုင်တာဟာလည်း လက်ရှိ ဘဝ ပစ္စုပ္ပန်မှာ ကျွန်ုပ်တို့ရဲ့ စိတ်အစဉ် မှာလောကီအာရုံ ကာမဂုဏ်နဲ့ စပ်တဲ့ သိစရာ မြင်စရာ၊ အတွေးတွေ များလွန်းပြီး ဝန်ပိနေလို့ပဲ ဖြစ်တယ်။ ကျွန်ုပ်တို့ရဲ့ သက်တမ်းတိုနေတာကို ပြန်ပြီး စဉ်းစား ဆင်ခြင်ကြည့်ရင်လည်း ဇာတိပဋိသန္ဓေနေပြီး ပြန်လည် ဖွားမြင်ခြင်း ဆိုတဲ့ (rebirth) သဘောကို သိမြင်မှုမှာ အထောက်အပံ့ ဖြစ်နိုင်တယ်။

အကယ်၍ ကျွန်ုပ်တို့က ဘဝ အကြောင်း၊ ဘဝရဲ့ အဓိပ္ပာယ်နဲ့ ဘဝရဲ့ ပန်းတိုင် သဘောကိုရော၊ ဘဝမှာ လူတို့ ကြုံတွေ့နေကြရတဲ့ များပြားလှတဲ့ အတွေ့အကြုံတွေကိုရော ဆင်ခြင် သုံးသပ်လို့ ရှိရင်လည်း လူတွေ ရည်မှန်းထားတာ တွေ သူ လုပ်ချင်တာတွေ၊ ဖြစ်ချင်တာတွေ အားလုံးကို ဘဝသက်တမ်း တစ်ခု အတွင်း ဆောင်ရွက်ဖို့ရာ သက်တမ်းက တိုနေတော့ အချိန်က မလုံလောက်ဘူးပေါ့။ လုပ်ချင်သလောက် ပြီးမြောက်အောင် ဆောင်ရွက်ဖို့ အချိန်မရခဲ့ဘူး။

အတွေ့အကြုံရဲ့ အတိုင်းအဆက ကြီးမားလွန်းလှတယ်။ လူ့ ကိုယ်ထဲမှာ ရှိနေတဲ့ စွမ်းအားတွေက ကျယ်ပြန့်လွန်းတယ်။ ဒါတွေကို ဖွံ့ဖြိုးအောင် ထူထောင်ဖို့ ဆိုတာ အခွင့်သာရင်တော့ ဖြစ်တယ်။ ဒီခေတ် ဒီအခါမှာ ဒီအချက်ဟာ ပိုပြီး မှန်ကန်ကြောင်း သိသာတယ်။ အကယ်၍ အထူးပြု စူးစမ်းမှု ပြုနိုင်မယ် ဆိုရင် ပေါ့၊ ကျွန်ုပ်တို့ ကိုယ်မှာ မြင့်မားတဲ့ စိတ်အားထက်သန်မှုတွေကတော့ ရှိပါရဲ့။ ဒါတွေကို အကောင်အထည် ပေါ်လာအောင် ဆောင်ရွက်ဖို့ကျတော့ အချိန်က မရှိတော့ဘူး။ ဒီအတောအတွင်းမှာပဲ ရမ္မက်တွေ၊ တဏှာ လောဘတွေ၊ ကိုယ်ကျိုး အတ္တစိတ်တွေ၊ ဘဝ ရည်မှန်းချက်၊ မျှော်လင့်ချက်ကြီးတွေကလည်း ကျွန်ုပ်တို့ ကိုယ်တွင်းမှာ စစ်ခင်းနေကြတယ်။ အဋ္ဌတ္တ စစ်ပွဲကိုရော ဗဟိဒ္ဓမှာလည်း တခြား

လူတွေနဲ့ စစ်ခင်းနေကြရပြန်တယ်။ ဒီအင်အားစုတွေက တစ်ခုကို တစ်ခု လိုက်စားနေလိုက်ကြတာ ကျွန်ုပ်တို့ သေတဲ့ အချိန်တိုင်အောင်ပဲ ဖြစ်နေကြတယ်။ ဒီအင်အားစု အားလုံးကို စမ်းသပ်နေကြရတယ်။ အောင်မြင်အောင် ကြိုးပမ်းနေကြရတယ်။ နိုပ်ကွပ်ပြီး အသုံးကျအောင် လုပ်နေကြရတယ်။ ဒီကိစ္စတွေ အားလုံးကို ပြီးပြတ်အောင် ဆောင်ရွက်ဖို့ ဆိုတာ ဘဝ သက်တမ်း တစ်ခုလောက်နဲ့တော့ ဘယ်နည်းနဲ့မှ အချိန် မလုံလောက်နိုင်ပါဘူး။ ဒီဘဝပဲ ရှိတယ်။ ဒါပြီးရင် ပြီးတာပဲ။ ဒီဘဝပြီးရင် ဘယ်ဘဝမှ မရှိဘူးလို့ ဆိုခြင်းဟာ ဒီလို ဖြစ်ခွင့်ဖြစ်လမ်း ရှိပါလျက်နဲ့ ဒီဖြစ်ချင်တာတွေ ဖြစ်အောင် ပြည့်စုံအောင် လုပ်ခွင့် မရဘဲ သေသွားရတယ် ဆိုရင် လောကကြီးထဲမှာ လူ ဖြစ်ခွင့်ရခဲ့တဲ့ ဘဝမှာ ကြီးမားတဲ့ အင်မတန် အရေး ပါတဲ့ ရယ်စရာ ဟာသကြီး တစ်ချက် ဖြစ်နေကော့မှာပေါ့။

ဗုဒ္ဓဘာသာဝင်တွေ လက်ခံထားတဲ့ ဇာတိ တစ်ဖန် ပြန်လည် ဖွားမြင်ခြင်း သဘောသည် လူဝင်စားခြင်း ဆိုတဲ့ အယူဝါဒတွေနဲ့ရော၊ ဝိညာဉ်ကောင်က တစ်ဘဝပြီး တစ်ဘဝ ဆက်ပြီး ကျင်လည်နေရတယ် ဆိုတဲ့ အယူဝါဒနဲ့ရော ကွဲပြားခြားနားကြောင်းကိုလည်း သိသင့်ပါတယ်။ ဗုဒ္ဓဘာသာမှာက ထာဝရတည်မြဲနေတဲ့ တရား ဆိုလို့ ဘာကိုမှ လက်မခံပါဘူး။ နတ်ဘုရားတို့၊ ဖန်ဆင်းရှင်တို့၊ ဖန်ဆင်းထားတဲ့ အတ္တဝိညာဉ်တို့လိုမျိုး၊ ဝိညာဉ်ကောင်က လူသေပေမဲ့ ဝိညာဉ်က မသေဘဲနဲ့ ဘဝ တစ်ခုက တစ်ခုကို ကူးပြောင်းနေတယ် ဆိုတဲ့ အယူဝါဒတို့ကို ငြင်းပယ်ပါတယ်။

အကြောင်းအကျိုး ဆက်စပ် ဖြစ်ပေါ်မှု သဘောနဲ့ သမုတိသစ္စာ သဘောအားဖြင့် ပုဂ္ဂိုလ်ကို သတ်မှတ် ပြောဆို သုံးနှုန်း ပြောဆိုရသော်လည်း တစ်ဘဝက တစ်ဘဝကို ဆက်စပ်ရာမှာ အတ္တကောင်၊ ဝိညာဉ်ကောင်က ဘဝကူးတာ မဟုတ်ဘဲ ရှေးဘဝနဲ့ နောက်ဘဝဟာ အကြောင်းအကျိုး သဘောအားဖြင့်သာ ဆက်စပ်တာ ဖြစ်တယ်။ ဘဝ တစ်ခုထဲမှာပင်လျှင် စိတ္တက္ခဏ ကလေးတွေက ဖြစ်ပျက်ပြီး နောက်စိတ် တစ်ခဏ ဆက်ပြီး ဖြစ်သွားအောင် ပြုလုပ်သွားတာ ဖျက်ရင်းက နောက်တစ်ခု ဆက်ပြီး ဖြစ်သွားအောင် ပြုပြင် ဖန်တီးသွားတာသာ ဖြစ်တယ်။ ပိုပြီး အတိအကျ ပြောရင်ဖြင့် ဒီခဏ ကလေးတွေရဲ့ ဖြစ်ပြီးပျက် သဘောဟာ စိတ္တက္ခဏကလေး တစ်ခု မွေးပြီး သေသွားခြင်းပဲ ဖြစ်တယ်။ ဒါကြောင့် ဘဝတစ်ခုထဲမှာပဲ စက္ကန့်တိုင်းမှာ ကျွန်ုပ်တို့သည် မရေမတွက်နိုင်လောက်အောင် များပြားလှတဲ့ မွေးမှု သေမှုတွေနဲ့ ကြုံကြရပါတယ်။ သို့ရာတွင် ရုပ်ခန္ဓာ တစ်ခုတည်းကို မှီပြီး စိတ်အစဉ်က စိတ္တက္ခဏ ကလေးတွေ ဆက်ကာဆက်ကာ မွေးလိုက် သေလိုက်

ဖြစ်နေကြရတာဆိုတော့ ဒီရုပ်နာမ်ဓမ္မ သင်္ခါရ ဖြစ်စဉ်ကိုပဲ ဘဝ တစ်ခုလို့ သတ်မှတ်ကြရတာပါ။

ရိုးရိုး ပြောကြစို့ ဆိုရင်တော့ သေခြင်း ဆိုတာဟာ ကိုယ်လို့ခေါ်တဲ့ ရုပ်ခန္ဓာရဲ့ ရှင်သန်မှု ဇီဝိတိန္ဒြေ ချုပ်သွားခြင်းကို ပြောလိုတာ ဖြစ်တယ်။ ဒီလို ရုပ်ခန္ဓာကြီးက ဇီဝိတိန္ဒြေ ချုပ်ပျက်သွားတော့ နာမ်ဖြစ်တဲ့ စိတ်ဖြစ်စဉ်ကို မထောက်ပံ့နိုင်တော့ပါ။ ဒီတော့ ဘဝကို ငြိတွယ်နေတဲ့ ဥပါဒါန်က ဆက်ပြီး အသက်ရှင်လိုခြင်း ဆန္ဒက ရုပ်ပြတ်သွားသော်လည်း စိတ်အစဉ်ကို မပြတ်သွားစေပါဘူး။ ရုပ်ခန္ဓာ သေပြီဆိုတဲ့အခါ ဆက်ပြီး အသက်ရှင်နေလိုတဲ့ တပ်ငြိမှု ဘဝတဏှာက နောက်ခန္ဓာသစ်တစ်ခုမှာ ကပ်ငြိပြီး ဘဝသစ်တစ်ခုကိုထူထောင်ဖို့ ဆက်လက်ဖြစ်ပေါ် သွားခြင်းပဲ ဖြစ်ပါတယ်။ အမိသားဉနဲ့ အဖ သုက်ကောင်တို့ တွေ့ဆုံခြင်းကို အကြောင်းပြုပြီး စုတိစိတ်ဟာ ပဋိသန္ဓေစိတ် အဖြစ် ဆက်လက် ဖြစ်ပေါ်သွားတာ ဖြစ်တယ်။ ဒီတင် ပဋိသန္ဓေ ဆိုတဲ့ ဇာတိ တစ်ခု စတင် ဖြစ်ပေါ်လာတာပါ။ စုတိနဲ့ ပဋိသန္ဓေဟာ စိတ်တစ်စိတ်တည်းပဲ။ ဒီဘက်မှာ ချုပ်ပြီး ဟိုဘက် ဟိုခန္ဓာမှာ ဒီစိတ် ဆက်ပြီး ပေါ်လာတာ ဖြစ်တယ်။ ဒီမှာ မှတ်ဉာဏ်က အနှောင့်အယှက်ဖြစ်လို့ ပျက်သွားပေမဲ့။ ဖြစ်စဉ်ကတော့ တစ်ဆက် တစ်စပ်တည်း ဖြစ်သွားတာကြောင့် ဟိုဘက်က သေတဲ့လူဟာ ဒီဘက်က စတင် ပဋိသန္ဓေ တည်လာသူနဲ့ အကြောင်းအကျိုးအားဖြင့် ဆက်စပ်နေတာကြောင့် တစ်ယောက်တည်းပဲ ဖြစ်တယ်လို့ မှတ်ကြရတာပါ။ ဒီဘက်က သေတဲ့ လူရဲ့ စိတ်အစဉ်ဟာ နောက်လူသစ် ဘဝနဲ့ ဆက်လက် ဖြစ်ပေါ်သွားတာပါ။ မှတ်ဉာဏ်မှ ချွတ်ယွင်းသွားပေမဲ့ ဒီဘက်က လူ ပြုလုပ်ခဲ့သမျှ အတွေ့အကြုံတွေ၊ စုဆောင်းထားတဲ့ ကံသတ္တိတွေက စိတ်နေသဘောထားတွေဟာ နောက်လူသစ်မှာ ပါလာပါတယ်။ ဒီတင် သံသရာ ဆိုတဲ့ ဝဋ်ဖြစ်စဉ်ကြီး လည်တော့တာပါပဲ။

ဗုဒ္ဓဘာသာ အတွက်တော့ ဒါကြောင့် သေခြင်းတရားဟာ ထာဝရလောကရဲ့ ဝင်ပေါက်လည်း မဟုတ်ဘူး။ လုံးဝ ဘဝပြတ်စဲခြင်းမျိုးလည်း မဟုတ်ပါဘူး။ ဒါက နောက်ဘဝသစ်မှာ ပဋိသန္ဓေ တည်နေပြီး ပြန်လည် မွေးဖွားခြင်း တံခါးပေါက်ကြီးပဲ ဖြစ်တယ်။ ဒီတံခါးပေါက်ကြီးထဲ ဝင်သွားရင် ရှင်သန် ကြီးထွားခြင်း၊ အိုမင်းခြင်း၊ နာမကျန်းဖြစ်ခြင်းနဲ့ သေခြင်း အဆုံးရှိတဲ့ နောက်ဘဝသစ် တစ်ခုကို တွေ့ကြုံ ခံစားကြရဦးမှာပဲ။

ဘဝရဲ့ နောက်ဆုံး ခဏကလေးမှာ နောက်ထပ် ရုပ်သစ်တွေ သေခြင်းနီးနေသူရဲ့ စိတ်မှာ လုံးဝ မဖြစ်ပေါ်လာတော့ပါဘူး။ ဒါဟာ ဘာနဲ့ အလားသဏ္ဍာန်

တူသလဲဆိုတော့ မော်တော်ကား စက်ရပ်ခါနီးမှာ စက်ရှိန် မြင့်တဲ့လီဗာကို လျှော့ချလိုက်သလိုပါပဲ။ နောက်ထပ် စက်ကို အရှိန်မြှင့် လည်ဖို့ အတွက် အင်အား မပေးတော့တဲ့ သဘောပါ။ ဒီအတိုင်းပါပဲ။ လူမှာလည်း နောက်ထပ် ရှင်သန်လှုပ်ရှားနိုင်ဖို့ စွမ်းအားကို ပေးတဲ့ ရုပ်ပိုင်းခွန်အားတွေ ပေးတဲ့ ကံသတ္တိ လျော့ကျသွားတဲ့ သဘော ဖြစ်တယ်။

ဗုဒ္ဓဘာသာဝင်တွေက ဒီပစ္စုပ္ပန် ဘဝ တစ်ခုတည်းသာ ထာဝရတရား ဖြစ်တဲ့ ဒုက္ခနဲ့ သုခကြားမှာ ရှင်သန်ခြင်း ဖြစ်ခဲ့ရတာလို့ မယုံကြည်ကြပါဘူး။ ပြီးနောက် သေတဲ့အခါ ကောင်းကင်တမန် နတ်တွေကလာပြီး မိမိကို ကောင်းကင်ဘုံဆီသို့ သယ်ယူပို့ဆောင်ပေးပြီး ကောင်းကင်ဘုံမှာ ခံစားနေကြရမယ်လို့လည်း မယုံကြည်တတ်ကြပါဘူး။ ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်တာက သံသရာ ခရီး ဖြတ်သန်းစဉ် ဖြစ်ခဲ့ဖူးတဲ့ ဘဝ များစွာအနက် ယခု ကမ္ဘာမြေ ပေါ်မှာ ဖြစ်ခဲ့ကြရတဲ့ ဘဝဟာ တစ်ခု အပါအဝင် ဖြစ်တယ်လို့သာ ယုံကြတာ ဖြစ်တယ်။ သူတို့ယုံကြည်တာက သက်ရှိသတ္တဝါ မှန်သမျှ သေလွန်ပြီးသည်၏ အခြားမဲ့၌ ဘုံဘဝ တစ်ခုခုမှ ပြန်လည် မွေးဖွား ရှင်သန်ကြရဦးမယ်။ သက်တမ်း တစ်ခုစီ နေကြရဦးမယ်။ ရှင်နေကြရတဲ့ ကာလ အကန့်အသတ်ကလည်း သူတို့ အတိတ်က ပြုခဲ့ကြတဲ့ ကုသိုလ် အကုသိုလ် ကံဟောင်းအနန္တရဲ့ ကံသတ္တိ ကျန်ရှိသေးသလောက်ပဲ နေကြရမှာ ဖြစ်တယ်။ ဒီကံသတ္တိဟာ လူသားရဲ့ ဘဝင်စိတ်ထဲမှာ ရှိနေတယ်။ စိတ်စွမ်းအင် အဖြစ်နဲ့ ကိန်းနေတယ်လို့ ရှုမြင် နားလည်ကြပါတယ်။ ခုပြောတဲ့ ဗုဒ္ဓဘာသာက လက်ခံထားတဲ့ ဘဝင်စိတ်ရဲ့ သဘောဟာ ခေတ်သစ် စိတ်ပညာရှင်တွေ ပြောတဲ့ မသိစိတ် ဆိုတာနဲ့ မတူဘူး။ တခြားစီ ဖြစ်ကြောင်း၊ တစ်ထပ်တည်း မတူကြောင်းကိုလည်း နားလည်သင့်တယ်။

ဒါဆို ပြန်လည် မွေးဖွားရခြင်း ဇာတိ တစ်ဖန် ဖြစ်ခြင်းရဲ့ အကြောင်းတရားဟာဘာလဲ မြတ်စွာဘုရားက အဝိဇ္ဇာကြောင့် တဏှာ ဖြစ်လာရတယ်လို့ ဟောကြားတော်မူခဲ့တယ်။ ဘယ်တော့မှ ပြေပျောက်နိုင်ခြင်း၊ ရောင့်ရဲလွယ်ခြင်း မရှိတဲ့ လောဘတဏှာဟာ ဘဝ တစ်ဖန် ပြန်လည် မွေးဖွားရခြင်းရဲ့ အကြောင်းပဲတဲ့။ ဒါကြောင့် အဲဒီ ဘယ်အခါမှ ကျေနပ် ရောင့်ရဲခြင်း မရှိတဲ့ တဏှာကို သတ်နိုင်မှသာ ဘဝ သံသရာကြီး လည်ပြတ်သွားနိုင်တယ်လို့ ဟောတော်မူတယ်။ ဒီကိစ္စမှာလည်း တဏှာကို သုတ်သင်ဖို့ ဆိုတာ တဏှာကိုချည်း သုတ်သင်လို့ မရပါဘူး။ တဏှာကို ဖြစ်စေတဲ့ အဝိဇ္ဇာ အမြစ်ကို ဖြတ်နိုင်မှသာ တဏှာ သေမှာ ဖြစ်တယ်။

အဝိဇ္ဇာကို ဖျက်ဆီးပစ်နိုင်ပြီ ဆိုရင်တော့ ဘာမှ တန်ဖိုး မရှိတဲ့ ဘဝ တစ်ဖန်ပြန်၍ မွေးဖွားခြင်း ကိစ္စဟာလည်း ဇာတိရဲ့ သဘောကို မှန်ကန်စွာ သိမြင်ပြီးနောက် သူ့ရဲ့ အကြောင်းဖြစ်တဲ့ ဘဝတဏှာကို ပယ်သတ်ခြင်းဖြင့်သာ သုတ်သင်နိုင်တာကို သိမြင်လာမှာ ဖြစ်ပါတယ်။

အဝိဇ္ဇာခေါ်တဲ့ မသိနားမလည်ခြင်း ဆိုတာဟာလည်း မှောက်မှောက်မှားမှား ယူတ္တိယုတ္တာ မရှိတဲ့ လူမှာ ဒီဘဝ တစ်ခုတည်းပဲ ရှိတယ်။ ဒီဘဝပြီးရင် ပြီးပြီဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိ အမြင်နဲ့ ဒီဘဝပြီးရင် နောက်ဘဝမှာ ထာဝရ ချမ်းသာခြင်းသုခကို ခံစားကြရမယ် ဆိုတဲ့ သဿတဒိဋ္ဌိ အမြင်မှားတွေကြောင့် ဖြစ်ရတာ ဖြစ်တယ်။

မြတ်ဗုဒ္ဓက ဒီလို ဒိဋ္ဌိအမြင်မှားတွေကို ပယ်ရှင်းရေးမှာ အဝိဇ္ဇာကို ပယ်ဖို့ ဝမ်းနည်း ကြေကွဲခြင်းကို ပယ်ဖို့ရာအတွက် သစ္စာ လေးပါး မြတ်တရားကို မျက်မှောက်ပြုနိုင်အောင် လုပ်ကြရမယ်လို့ ဆိုဆုံးမတော်မူပါတယ်။ ဒီလို မသိနားမလည်ခြင်း အဝိဇ္ဇာကို ပယ်ဖို့အတွက် လူသားဟာ မိမိ အပြုအမူတွေထဲမှာ ပရဟိတ စိတ်ဓာတ် မွေးမြူထားဖို့ လိုပါတယ်။ ဉာဏ်ပညာကို ဆုပ်ကိုင်ထားဖို့ လိုတယ်။

ပဋိသန္ဓေ တည်နေပြီး ဇာတိ တစ်ဖန် ဘယ်လို ပြန်ပြီး ဖြစ်တာလဲ။ ဒီရုပ်ခန္ဓာကြီး၊ ကိုယ်ကောင်ကြီးက ဘာအမှုကိစ္စကိုမှ မဆောင်ရွက်နိုင်တော့ဘဲ ရပ်တန့်သွားတဲ့အခါ စွမ်းအင်တွေကတော့ ရုပ်ကောင်ကြီးနဲ့အတူ သေမသွားကြပါဘူး။ ဒီစွမ်းအင်တွေက နောက်ဘဝ နောက်ခန္ဓာမှာ ဆက်လက် ဖြစ်ပွားကြပါတယ်။ ဒါကို ကျွန်ုပ်တို့က ဘဝ ဖြစ်တည်ခြင်းလို့ ခေါ်နေကြတာ ဖြစ်တယ်။ ဒီအခါ လူပုံပန်းသဏ္ဌာန်နဲ့ ဖြစ်ပေါ်ခဲ့တဲ့ ကံသတ္တိ၊ ကံစွမ်းအင်သည် နောက်ဘဝ၊ နောက်ဖြစ်ဘည်မှုကျတော့ တိရစ္ဆာန် ပုံသဏ္ဌာန်နဲ့လည်း ဆက်ပြီး ဖော်ဆောင်နိုင်ပြန်တာပဲ။ ဒီလို အသစ်တစ်ဖန် ပြန်လည် ရှင်သန်ခြင်း သဘောကို ပဋိသန္ဓေ ပြန်လည် မွေးဖွား ရှင်သန်ခြင်း (rebirth) လို့ ခေါ်ရတာ ဖြစ်တယ်။

ယခုအခါ လူမျိုးတိုင်း တိုင်းပြည်တိုင်းမှာ မိမိတို့ရဲ့ အတိတ် ဘဝကို အလိုအလျောက် ပြန်လည် အောက်မေ့နိုင်တဲ့ 'ဇာတိဿရ' ဉာဏ်ရှိသူတွေ ရှိတတ်ကြပါတယ်။ ဒီလို ဇာတိဿရဉာဏ်ရသူတွေရဲ့ ဘဝ အတွေ့အကြုံတွေကို သေသေချာချာ လေ့လာ သုတေသနပြုပြီး မှတ်တမ်းမှတ်ရာများ ပြုလုပ်ထားပြီးလည်း ရှိပါတယ်။ ဇိပ်မွေ့ချပြီး သူတို့ရဲ့ ဘဝင်စိတ်ကို နှိုးပြီး ဖော်ထုတ်လို့ ရှိရင်လည်း ဒီလူတွေဟာ သူတို့ရဲ့ အတိတ်ဘဝ အတွေ့အကြုံတွေကို ဝတ္ထု ဇာတ်လမ်း တစ်ခုလို ပြောတတ်ကြပါတယ်။ တချို့ လူတွေက ဘဝတစ်ဖန် ပြန်လည် မွေးဖွားလာတာကိုရော အတိတ်ဘဝ အကြောင်းခြင်းရာတွေကို ပြန်လည် အောက်မေ့ပြီး သိ

နိုင်တယ် ဆိုတာကိုရော လက်မခံတာမျိုးလည်း ရှိတယ်။ ဒါပေမဲ့ သူတို့ရဲ့ အတိတ်ဘဝ အတွေ့အကြုံတွေကို စူးစမ်း လေ့လာပြီး သက်သေ အထောက်အထား ရှာကြည့်တဲ့အခါ သူတို့ ပြောတာတွေ မှန်ကန်ကြောင်းကိုလည်း အထင်အရှား တွေ့ကြရပါတယ်။

စိတ်ညှို့ အိပ်မွေ့ ချလိုက်တဲ့အခါ တချို့ လူတွေဟာ သူတို့ရဲ့ အတိတ်ဘဝ အကြောင်းခြင်းရာ၊ အတွေ့အကြုံတွေ၊ ခံစားခဲ့ရတာတွေကို ပြန်ပြီး ဖော်ထုတ် သတင်းစကား ပြောကြားတတ်ကြပါတယ်။ ဘဝင်စိတ်ကို ထိုးထွင်းနိုင်လောက် အောင် အိပ်မွေ့ ကျသွားတဲ့ လူကို သူတို့ရဲ့ အတိတ် ဘဝဇာတ်ကြောင်း ပြန်ပြော ခိုင်းရင် ပြောနိုင်ကြတာ လေ့လာ တွေ့ရှိရပါတယ်။

ဒီလို ဘဝပြီးနောက် ဘဝ ဆက်ကာဆက်ကာ ဇာတိ တစ်ဖန် ပြန်၍ မွေးဖွား ရှင်သန်ခြင်း သဘောသည် ဘယ်ဘာသာ၊ ဘယ်ဘုရားကမှ ဖန်ဆင်းတာ မဟုတ်ပါဘူး။ တစ်ဖန်ပြန်၍ မွေးဖွား ရှင်သန်ရခြင်း ဆိုတဲ့ တရားဟာ ယုံကြည် သည် ဖြစ်စေ၊ မယုံကြည်သည် ဖြစ်စေ၊ ဘာမှ အပြောင်းအလဲ မဖြစ်ပါဘူး။ စိတ် ထဲမှာ ဘဝတဏှာနဲ့ ဘဝအပေါ် စွဲလမ်းတဲ့ ဥပါဒါန်တွေ ရှိနေသမျှ ကာလပတ် လုံး ဇာတိ တစ်ဖန် ပြန်၍ ဖြစ်ခြင်းသဘောဟာလည်း ရှိနေမှာသာ ဖြစ်ပါတယ်။ ဤလောက၌ သက်ရှိလူသားတိုင်းမှာ အင်အား ကြီးမားသော စိတ်စွမ်းအင်များ ဖြစ်ပေါ်လျက် ရှိကြကုန်၏။

နောင်ကာလ၌ ဘဝသစ် တစ်ဖန် ပြန်၍ မဖြစ်လိုပါ၏ဟု ဝတ်ပြု ဆုတောင်း နေကြသူများ နားလည်ရမည်မှာ ၎င်းတို့၏ ဆန္ဒများသည် ၎င်းတို့မှာ ရှိသော တဏှာနှင့် ဥပါဒါန် အစွဲအလမ်းများကို ဆိတ်သုဉ်းပပျောက်သွားအောင် အားသွန် ခွန်စိုက် မလုပ်ဘဲနှင့် ဘယ်နည်းနှင့်မျှ ပြည့်စုံနိုင်ခြင်း မရှိကြောင်း နားလည်ရမယ်။ လောကီနယ်ထဲမှာ မသေချာ မရေရာမှုတွေနှင့် ကျေနပ်နိုင်ဖွယ် မရှိစရာများကို တွေ့ကြုံ ခံစား သိမြင်လာကြသောအခါ ဉာဏ်ပညာရှိသော သူတို့သည် ဤကဲ့သို့ သော ဘဝမျိုးမှာ ထပ်ပြန်တလဲလဲ ဇာတိ ထပ်ပြန်ဖြစ်ပွား၍ မွေးဖွား ရှင်သန်ခြင်း ကိစ္စကို ပယ်ရှင်း သုတ်သင်ရန် အားထုတ်လာကြတယ်။ မှန်ကန်သော ဘဝလမ်း ကို လျှောက်လှမ်းလာကြတယ်။ မိမိတို့ရဲ့ တဏှာ၊ ဥပါဒါန်တရားတွေကို လျော့ပါး သွားအောင် မလုပ်နိုင်တဲ့ လူတွေကျတော့ ဇာတိနှင့်အတူ ယှဉ်တွဲပြီး ဖြစ်လာတဲ့ မကျေနပ်စရာတွေ၊ မသေချာ မရေရာတဲ့ ဘဝ အခြေအနေတွေကို ခါးစည်းပြီး ရင်ဆိုင်နိုင်ဖို့ ပြင်ဆင်ထားကြရမယ်။

## ဇာတိသည် တစ်ပြိုင်နက် ဖြစ်သလား

ဇာတိ ပဋိသန္ဓေ တည်နေ မွေးဖွားခြင်း (rebirth) နဲ့ ပတ်သက်ပြီး နောက် တစ်ချက် နားလည်ရမှာက ဇာတိ ဖြစ်တာဟာ တစ်ပြိုင်နက် တစ်ချိန်တည်းမှာ ဖြစ်တာဟုတ်လား၊ မဟုတ်ဘူးလား ဆိုတာကို နားလည်ဖို့ပဲ ဖြစ်တယ်။ ဒီကိစ္စဟာ ထင်ရှားတဲ့ ဗုဒ္ဓဘာသာ ပညာရှင်တွေလောက်မှာပါ အငြင်းပွားနေရတဲ့ ကိစ္စ ဖြစ်တယ်။ အဘိဓမ္မာသင်္ဂြိုဟ်ကျမ်း ထဲမှာတော့ စုတိ (သေခြင်း) နဲ့ ပဋိသန္ဓေ (ပြန်လည် ဆက်စပ် မွေးဖွားခြင်း) မှာ ကြားကာလ (အန္တရာဘဝ) ဖြစ်တည်ခြင်း မရှိ၊ တစ်ဆက် တစ်စပ်တည်း တစ်ပြိုင်နက်တည်း ဖြစ်တယ်လို့ ဟောထားပါတယ်။ တစ်ချိန်တည်းမှာပဲ တချို့ လူတွေ စိတ်ထဲမှာ သေတဲ့ ပုဂ္ဂလ်ဟာ အချိန်ကာလ အတိုင်းအတာ တစ်ခုအထိ ဝိညာဉ် လောက၊ နာနာဘာဝ အဖြစ်နဲ့ နေပြီးမှ ဘဝတစ်ဘဝမှာ ပဋိသန္ဓေ ယူတယ်လို့ ယုံကြည်နေကြတာလည်း တွေ့ရတယ်။ အလားတူ နောက်အယူအဆ ထင်မြင်ချက် တစ်ခုက သေပြီးတဲ့နောက် ဖြစ်တည်နေတာဟာ 'ဝိညာဉ်ကောင်'တော့ မဟုတ်ဘူး။ 'ဝိညာဏ်' သိစိတ်ကလေး အနေနဲ့ ရှိနေတာသာ ဖြစ်တယ်။ အာကာသထဲမှာ စိတ်စွမ်းအင် တစ်ခုအဖြစ် တည်နေတာသာ ဖြစ်တယ်။ ဒီလို ဝိညာဏ် သိစိတ်၊ စိတ်စွမ်းအင် တစ်ခု တည်နေအောင် သူရဲ့ ဘဝ တဏှာနဲ့ ဘဝ အစွဲအလမ်း၊ ဥပါဒါန်က ထောက်ပံ့ထားတာ ဆိုပြီးလည်း ပြောဆို ငြင်းခုံနေတတ်ကြသေးတယ်။ ဒါပေမဲ့ ဒီဖြစ်တည်ပုံက အကြာကြီး ဖြစ်နေတာတော့ မဟုတ်ဘူး။ သိပ်မကြာမြင့်ခင်မှာပဲ ပဋိသန္ဓေယူမှာ ဖြစ်တယ်လို့လည်း ယုံကြည် ယူဆတာမျိုး ရှိနေကြတယ်။ ပြိတ္တာကောင် ဆိုတာက နာမ်လောက တစ်ခုပဲ။ သူတို့က ဝိညာဉ်ကောင် သဘောမျိုးနဲ့ မွေးဖွား ဖြစ်ပေါ်လာတာ သူတို့ ဘဝလည်း မြဲတာ မဟုတ်ဘူး။ ပြောင်းလဲ ဖောက်ပြန်နေတဲ့ အနိစ္စ ဘဝပဲ ဖြစ်တယ်လို့လည်း ဆိုကြသေးတယ်။ အမှန်ကတော့ ဒါဟာလည်း ဇာတိပဋိသန္ဓေ တစ်မျိုးပဲ။ ယာယီ ပဋိသန္ဓေမျိုး ဖြစ်တယ်တဲ့။ ဒီလို အမြင်မျိုးလည်း ရှိနေတာ တွေ့ရတယ်။

နောက် လူအများ နားမလည်နိုင်တဲ့ နားလည်ရခက်တဲ့ အယူအဆ တစ်မျိုးလည်း ရှိသေးတယ်။ ဒါက ဘာလဲဆိုတော့ ဒီ လူဘဝက သေတဲ့ လူဟာ နောက် ဘဝမှာ တိရစ္ဆာန် ဖြစ်နိုင်တယ်။ ခုဘဝ တိရစ္ဆာန်ဟာ နောက်ဘဝကျတော့ လူ ဖြစ်ချင်လည်း ဖြစ်နိုင်တယ်ဆိုတဲ့ အယူအဆပါ။ လူ ဖြစ်ပေမဲ့ တိရစ္ဆာန်စိတ်ရှိတဲ့လူ၊ တိရစ္ဆာန် အမူအကျင့် ရှိတဲ့လူဟာ နောက်ဘဝမှာ အဲဒီ အကြောင်းတွေကြောင့် လူ အဖြစ်ကနေ တိရစ္ဆာန် အဖြစ် ပြောင်းပြီး တိရစ္ဆာန် ဘဝမှာ အသစ်

တစ်ဖန် ဇာတိပဋိသန္ဓေ နေရခြင်းဖြစ်တယ်လို့ ယူတဲ့အယူအဆပါ။ နောက် ဘဝ နောက်ခန္ဓာ ရရအောင် အကြောင်းပြုခဲ့တာက စိတ်စွမ်းအင်၊ စိတ်အခြေအနေ၊ စိတ်အမူအရာတွေပဲ ဖြစ်တယ်။ တစ်နည်းဆိုတော့ တိရစ္ဆာန် ဘဝမှာ ပဋိသန္ဓေ တည်နေ မွေးဖွားခဲ့သူက အဲဒီ အတိတ် ဘဝတုန်းက ဖြစ်ပေါ်ခဲ့တဲ့ လူတွေရဲ့ သနားကရုဏာမဲ့စွာ ရုန့်ရင်း ကြမ်းတမ်းပြုခဲ့မှုတွေကို ခံရပြီး ဖြစ်ပေါ်လာတဲ့ စိတ်ပိုင်းဆိုင်ရာ အခြေအနေတွေကြောင့် ဒီတိရစ္ဆာန်တွေက လူတွေကို ပြန်ပြီး ကိုယ်ထိလက်ရောက် ပြန်ပြီး မတုံ့ပြန်ခဲ့ရင် ဒီတိရစ္ဆာန်ဟာ နောက်ဘဝမှာ လူ ဖြစ်လာတတ်ပါတယ်။ (နွားဘဝမှာ ဝဋ်ကြွေးတွေ ပေးဆပ်ပြီးရင် နွားသေရင် လူ ဖြစ်လာဖို့ များပါတယ်။) တချို့ တိရစ္ဆာန်တွေဟာ အသိဉာဏ် ရှိပြီး နားလည်မှု လည်း ရှိကြောင်း အထင်အရှား တွေ့ရတတ်ပါတယ်။ ဒီသတ္တဝါမျိုးဟာ နောင်ဘဝ ကျရင် လူ ဖြစ်လာဖို့ စိတ်ညွတ်နေတာ ပေါ်လွင် ထင်ရှားပါတယ်။ (စေတီပုထိုး၊ ဘုရား ဆင်းတုတော်တွေ ဆီမှာ လာပြီး ရစ်ခွေ ပူဇော်နေကြတဲ့ မြွေကြီးတွေဟာ မြွေသဘာဝ ပျောက်ပြီး လူတွေနဲ့ ရောနှောနေတတ်တာ လူတွေက ရေချိုး အစာ ကျွေးလုပ်တာကို ခံယူနေပြီး ဘုရားကို ကြည်ညိုနေကြတာ မြန်မာပြည်မှာ ထင်ရှား ရှိပါတယ်။ ဒီမြွေတွေ သေရင် လူ ဖြစ်လာဖို့ အကြောင်း များပါတယ်။ ဒီလို ဖြစ် ကြောင်း မှတ်တမ်း ဇာတ်လမ်းတွေလည်း မြန်မာပြည်မှာ ထင်ရှားရှိပါတယ်။)

တိရစ္ဆာန် ဘဝကို ရောက်သွားသူက တစ်ဖန် ပြန်ပြီး လူ့ ဘဝ ရောက်လာ ခြင်းလည်း ရှိပါတယ်။ အကုသိုလ် ကြွေးဟောင်းတွေ ကျေပြီး ကုသိုလ်ကံတွေ တိုးပွားလာရင် ဒီလို ဖြစ်တတ်ပါတယ်။

## သေဆဲခဏ

စုတိဆဲ ခဏမှာ သတ္တဝါရဲ့ စိတ်မှာ သိစိတ် သုံးမျိုး ဖြစ်ပေါ်လာပါတယ်။ ဒါက ပဋိသန္ဓေစိတ်၊ ဘဝ တစ်ခုနဲ့ တစ်ခု ဆက်စပ်ပေးတဲ့ စိတ်ပါ။ ဒါကို ဘဝ ဆက် ပေးတဲ့ ဘဝင်စိတ်လို့လည်း ခေါ်နိုင်တယ်။ နောက် လက်ရှိ ဘဝကို ဖြတ်တဲ့ စုတိ စိတ် လာတယ်။ လူသားရဲ့ ရှင်သန်ခြင်း နောက်ဆုံး ခဏမှာ ပဋိသန္ဓေစိတ် ဖြစ် ပေါ်လာတယ်။ ပဋိသန္ဓေစိတ် ထဲမှာ နိမိတ် သုံးမျိုးပေါ်တယ်။ ပဋိသန္ဓေစိတ်ရဲ့ အာရုံတွေ အဖြစ်နဲ့ ပေါ်တာဖြစ်တယ်။ ပဋိသန္ဓေစိတ်ဟာ ဇောစိတ် ငါးမျိုးကို သိပြီး ဖြစ်နေတယ်။ နောက်ကျတော့ ဘဝင်စိတ် အဖြစ် ကျုံ့သွားတယ်။ ဘဝင်စိတ် ရဲ့ အဆုံးကျတော့ စုတိစိတ် ပေါ်လာတယ်။ ပစ္စုပ္ပန် ဘဝကို စုတိစိတ်က ဖြတ်ချ

ပြီး ဘဝင်စိတ်ထဲ ပေါင်းစည်းသွားတယ်။ ဒီအချိန်မှာ ပစ္စုပ္ပန် ဘဝ အလုပ် ပြတ်သွားတယ်။ ဒီနောက်ထပ် ဘဝင်စိတ် အဆုံးကျပြန်တော့ ပဋိသန္ဓေစိတ် တစ်ခါပေါ်လာပြန်တယ်။ ဒီပဋိသန္ဓေစိတ်က နောက်ဖြစ်သည့် ဘဝမှာ ပေါ်တာဖြစ်တယ်။ ဒီအချိန်ကစပြီး နောက်ဘဝသစ် စတင် ဖြစ်ပေါ်ခြင်း ဖြစ်တယ်။ ဒါဟာ ဗုဒ္ဓဘာသာက လက်ခံထားတဲ့ စုတိနဲ့ ပဋိသန္ဓေ ဆက်စပ်ပြီး ဘဝသစ်မှာ အသစ်တစ်ဖန် ရှင်သန် မွေးဖွားခြင်းသဘော အကျဉ်းမျှ ဖြစ်တယ်။ ထူးခြားတာက ဒီစုတိ ပဋိသန္ဓေ ဆက်စပ်ပြီး သတ္တဝါတွေ တစ်ဘဝက တစ်ဘဝသို့ အသစ်တစ်ဖန် မွေးဖွား ရှင်သန်ပုံ သဘောတရားကို အသေးစိတ် ရှင်းလင်း ဖော်ပြပြီး ဟောကြားနိုင်တာဟာ ကမ္ဘာပေါ်မှာ ဗုဒ္ဓဘာသာ တစ်ခုပဲ ရှိတယ်။ ဘယ်ဘာသာ ဘယ်အယူဝါဒမှာမှ တွေ့နိုင်မှာ မဟုတ်ပါဘူး။

ဒါကြောင့် ဗုဒ္ဓဘာသာဝင်တွေဟာ သေခြင်းတရားကို အကျပ်အတည်း ပြဿနာကြီး တစ်ခုလို သဘောထားပြီး ရင်မဆိုင်ဘူး။ ဒါဟာ ဖြစ်ရိုးဖြစ်စဉ် တစ်ခုလို့ပဲ သဘောထားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဗုဒ္ဓဘာသာဝင်တိုင်းရဲ့ စိတ်ထဲမှာ မွေးပြီး အိုခြင်း၊ နာခြင်း၊ သေခြင်း ဆင်းရဲကို မုချမသွေ ရင်ဆိုင်တွေ့ကြုံကြရမှာပဲလို့ သိမြင် နားလည်ထားလို့ပဲ ဖြစ်တယ်။ -လူတိုင်း မွေးဖွားလာကတည်းက သေဒဏ် ကျခံထားပြီး အသိအမှတ်ပြု လက်မှတ်ပါလာကြတာချည်းပဲ- လို့ သဘောထားနိုင်ကြလို့ ဖြစ်တယ်။ ဒီလိုသာ ဉာဏ်ပညာ သဘောနဲ့ ဆင်ခြင်တုံတရားနဲ့အညီ ကိုယ့်အသေကိုယ် မြင်ထားကြရင် ဘဝကို ခင်တွယ်တဲ့ တဏှာ၊ ဥပါဒါန်တွေလည်း ကင်းရှင်းသွားနိုင်တာပေါ့။

'အယံ အန္တိမ ဇာတိ၊ နတ္ထိဒါနိ၊ ပုနဗ္ဘဝေါ'

ဒါဟာ ငါ့ရဲ့ နောက်ဆုံးဘဝ ဖြစ်တည်ခြင်းပဲ။ နောက်ထပ် ငါ့မှာ ဇာတိ တစ်ဖန် လည်မွေးဖွားခြင်းသည် မရှိတော့ပြီ။

[မြစက္ကပဝတ္တနသုတ်]

# နိဗ္ဗာန်

*နိဗ္ဗာန်သည် အမြင့်မြတ်ဆုံးသော ချမ်းသာ ဖြစ်၏။ လောကုတ္တရာ ထာဝရ ချမ်းသာမျိုး ဖြစ်၏။ နိဗ္ဗာန်၏ ချမ်းသာခြင်းကို အာရုံ ခံစားခြင်း*

*အတွေ့အကြုံအားဖြင့် မသိနိုင်။ စိတ်တည်ငြိမ်ခြင်းကြောင့် ဖြစ်ပေါ်လာသော ထိုးထွင်းဉာဏ် ပဋိဝေဓဉာဏ်အားဖြင့်သာ သိနိုင်သည်။*

နိဗ္ဗာန်သည်ကား ဗုဒ္ဓဘာသာ၏ အဆုံးပန်းတိုင် ဖြစ်၏။ သို့ဖြစ်ရာ နိဗ္ဗာန်ဆိုတာဘာလဲ သိအပ်၏။ စင်စစ် နိဗ္ဗာန်ကို သိဖို့ အရေးဟာ လွယ်ကူသော အရေးတော့ မဟုတ်။ နိဗ္ဗာန် ဆိုတာ ဘာလဲ သိဖို့ထက် နိဗ္ဗာန် မဟုတ်တာက ဘာလဲ သိဖို့က ပိုပြီး လွယ်ကူပါလိမ့်မယ်။

နိဗ္ဗာန်သည် ဘာမျှ မရှိခြင်း၊ လုံးဝ ဆိတ်သုဉ်းခြင်းလည်း မဟုတ်ပါ။ ဘာမျှ မရှိတာကြီး ဆိုလျှင် ဗုဒ္ဓသည် ထီးနန်း စည်းစိမ်နှင့် မိမိ၏ သားမယား မိသားစုကိုပါ စွန့်လွှတ်ပြီး ၄၅ ဝါတို့ပတ်လုံး ရွက်ဆောင်တော်မူပါသည်လား။

ဒါဆို နိဗ္ဗာန်ဟာ အမတ သုခဘုံလား၊ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် ပြုတော်မူပြီး ရာစုနှစ်ပေါင်း အတန် ကြာမြင့်သောအခါ ဗုဒ္ဓဘာသာ အမည်ခံ ဂိုဏ်းအချို့က နိဗ္ဗာန်ကို အမတသုခဘုံ (Paradise) အဖြစ် ပြောင်းလဲ သတ်မှတ်ရန် စတင် အားထုတ်မှုမျိုး ပေါ်ပေါက်ခဲ့ဖူးတယ်။ ထိုဂိုဏ်းသားများရဲ့ အကြံအစည်ကတော့ ဉာဏ်ပညာ နုံ့သော သူတွေကို အမတ ချမ်းသာသုခဘုံကြီး ပြပြီး သူတို့ ဂိုဏ်းရဲ့ အယူဝါဒတွေကို သက်ဝင် ယုံကြည်လာအောင် လုပ်ဖို့ လာဘ်လာဘ ပေါများအောင် လုပ်ဖို့ပဲ ဖြစ်တယ်။ နိဗ္ဗာန်ရောက်ကြောင်း တရားကို ကြိုးပမ်း အားထုတ်တာဟာ သေခြင်းကင်းတဲ့ သုခဘုံ တစ်နေရာ၊ ချမ်းသာ သုခနဲ့ ပြည့်စုံတဲ့ အရာရာဟာ လှပ တင့်တယ်ပြီး ထာဝရ ချမ်းသာ ပျော်ရွှင်စွာ ခံစားနေရတဲ့ ဘုံဘဝ တစ်ခုကို ရောက်ဖို့ဆိုတဲ့ မျှော်လင့်ချက်တွေ ပေးဖို့ ဖြစ်လာတယ်။ ဒါဟာ အင်မတန် နေပျော်စရာကောင်းတဲ့ ဒဏ္ဍာရီထဲက တစ်နေရာသာ ဖြစ်တယ်။ မြတ်ဗုဒ္ဓ ပြောဟော ပြီး မျက်မှောက်ပြုရတဲ့ နိဗ္ဗာန် ချမ်းသာ အစစ်တော့ မဟုတ်ပါဘူး။ မြတ်ဗုဒ္ဓ သက်တော်ထင်ရှား ရှိစဉ်အခါက ကိုယ်တော်တိုင်က အမတသုခဘုံ ဆိုတဲ့ အယူအဆ ရှိတယ် ဆိုတဲ့ အယူဝါဒကို ငြင်းထားတာတော့ မရှိပါဘူး။ ဒီ အယူအဆဟာ အိန္ဒိယနိုင်ငံက ရှေးကျတဲ့ ဘာသာ အယူဝါဒတွေ ထဲမှာ ပါတယ်။ ဒါပေမဲ့ မြတ်စွာဘုရား သိမြင်တော်မူတာက ရှေးကျတဲ့ အိန္ဒိယပြည်က ဘာသာ အယူဝါဒတွေထဲက အမတသုခဘုံ ခေါ်တဲ့ (ပါရာဒိုက်စ်) ဟာ သံသရာ ထဲမှာပဲ ရှိတယ်။ သံသရာရဲ့ ပြင်ဘက်ကို လွတ်မြောက် ထွက်ခြင်းမျိုး

မဟုတ်ဘူး။ တကယ့် ဝိမုတ္တိ ဆိုတဲ့ လွတ်မြောက်ခြင်းဟာ လောကီနယ် သံသရာ အဝန်းရဲ့ အပြင်ဘက်ကို လွန်မြောက်ခြင်းပဲ ဖြစ်ရမယ်။ မြတ်ဗုဒ္ဓ သိမြင်တော်မူတဲ့ နိဗ္ဗာန် ဆိုတာက လောကုတ္တရာ ခေါ်တဲ့ လောကီနယ်ကို လွန်မြောက်ထွက်သွားခြင်းသာ ဖြစ်တယ်။ နိဗ္ဗာန်သို့ သွားရာ မဂ်လမ်းဟာ နတ်ပြည်ကို ရောက်ကြောင်းလမ်းထက် လွန်မြောက်ခြင်း အထိ ရောက်နိုင်တာကိုပါ သိမြင်တော်မူခဲ့တယ်။

နိဗ္ဗာန်ဟာ တည်ရာ ဌာန မဟုတ်ဘူး ဆိုရင် အဲဒီ နိဗ္ဗာန်ဟာ ဘယ်မှာ ရှိတာလဲ။ နိဗ္ဗာန် ဖြစ်တည်ပုံက မီး ဖြစ်တည်နေပုံနဲ့ အလားသဏ္ဍာန် တူပါတယ်။ သို့သော် မီးကို သိုလှောင်ထားတဲ့ နေရာလည်း မရှိဘူး။ နိဗ္ဗာန် တည်ရှိရာ နေရာလည်း မရှိဘူး။ ဒါပေမဲ့ ဝါးနှစ်လုံးကို နာနာ ပွတ်လို့ရှိရင် ပူလာပြီး မီး ပေါ်လာသလိုပဲ။ ပွတ်ခြင်း ပူခြင်းဟာ မီးဖြစ်ခြင်းရဲ့ အကြောင်း အထောက်အပံ့ ဖြစ်သလိုပဲ။ ဝိပဿနာ အလုပ်ကို ကြိုးစား အားထုတ်တဲ့ ယောဂီရဲ့ စိတ်အစဉ် တိုးတက်ဖြစ်ထွန်းလာပြီး သူ့ရဲ့ ဉာဏ်အမြင်ဟာ ကိလေသာတွေက စင်ကြယ်သွားရင် (ဉာဏဝိသုဒ္ဓိ) ဒီတင် နိဗ္ဗာန် ပေါ်လာတာပဲ။

နိဗ္ဗာန်ကို ကျွန်ုပ်တို့ မျက်မှောက် ခံစားနိုင်တယ်။ နိဗ္ဗာန်ကို ကိုယ်တိုင် မျက်မှောက် ခံစားရခြင်း မရှိသေးသရွေ့ စိတ်ကူးနဲ့ မှန်းဆကြည့်ပြီး နိဗ္ဗာန်ရဲ့ သဘော အမှန်ဟာ ဘာလဲလို့ ဆင်ခြင်ခြင်းအားဖြင့် နားလည်ခြင်းမျိုးပဲ ရှိပါလိမ့်မယ်။ အဲဒီလို သဘောတရားအားဖြင့် သိနားလည်ချင်တဲ့ လူတွေအဖို့ ပိဋကတ်ကျမ်းဂန်တွေထဲက အထောက်အပံ့ အကူအညီ နည်းနည်းတော့ ရနိုင်ပါတယ်။ ကျမ်းဂန်ထဲမှာတော့ နိဗ္ဗာန်ဟာ လောကုတ္တရာ ချမ်းသာ၊ ဘာနဲ့မှ မရောတဲ့ အသမ္ဘိန္န သုခမျိုး ဖြစ်တယ်လို့ ပြထားပါတယ်။

နိဗ္ဗာန်ရဲ့ သဘောကို တစ်ခုခုနဲ့ နှိုင်းယှဉ်ပြီး အဲဒါ မဟုတ်ဘူးလို့ ပြတာက ရှင်းပြဖို့ နည်းနည်း လွယ်တယ်။ သူ့ချည်း သက်သက် ဘာနဲ့မှ မရောဘဲ ပြောပြဖို့၊ ရှင်းပြဖို့ကျတော့ တော်တော် ခက်တယ်။ အဓိပ္ပာယ် ဖွင့်ပြဖို့ မလွယ်ဘူး။

ညရဲ့ အမှောင်ကို ရှင်းပြတဲ့အခါ အမှောင်ရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ နေ့ရဲ့ အလင်းရောင်နဲ့ နှိုင်းပြမှ သိသာသလို ငြိမ်သက်ခြင်း သဘောကို ရှင်းပြတဲ့ အခါမှာလည်း သူ့ရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ လှုပ်ရှားခြင်း သဘောနဲ့ နှိုင်းပြမှ ရှင်းသလို ဒီအတိုင်းပဲ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်း ကင်းဆိတ်ခြင်းအမှန် မြတ်နိဗ္ဗာန်ရဲ့ သဘောကိုလည်း သူ့ရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ သံသရာ တစ်လျှောက်လုံး တွေ့ကြုံခံစားကြရ

တဲ့ ဒုက္ခနဲ့ နှိုင်းပြပြီး ရှင်းမှပဲ ရမှာပါ။ အလင်းရောင် မရှိတဲ့ နေရာဌာနတိုင်းမှာ အမှောင် ရှိနေသကဲ့သို့၊ လှုပ်ရှားမှု မရှိတဲ့ နေရာတိုင်းမှာ ငြိမ်သက်မှု ရှိနေသကဲ့သို့ နိဗ္ဗာန်ဟာလည်း အနိစ္စ၊ ဒုက္ခနဲ့ ကိလေသာ မရှိတဲ့ နေရာတိုင်း (မမြဲခြင်း၊ ဆင်းရဲခြင်း မရှိတဲ့ နေရာတိုင်း)မှာ နိဗ္ဗာန် ရှိနေပါတယ်။

ဝဲနာ ပေါက်နေတဲ့ ရောဂါသည်ဟာ သူ့ရဲ့ ဝဲနာ ယားနာကို ကုတ်ခြစ်နေစဉ် တစ်ခဏမှာတော့ သက်သာရာ ရနေတာမျိုးက ဝဲနာ၊ ယားနာ ပိုပြီး ကူးစက်ပြီး ဆက်ပြီး ဖြစ်ပေါ်နေအောင်ပဲ လုပ်သလို ဖြစ်နေတယ်။ ဒီအတိုင်းပဲ ဝတ္ထု အာရုံ ကာမဂုဏ်တွေ အပေါ် တပ်မက်တဲ့ တဏှာကို သူ လိုချင်တာ ပေးပြီး ကျေနပ်အောင် ဖြည့်ဆည်း ပေးနေတာဟာလည်း တစ်ခဏလောက် သက်သာသလို ချမ်းသာသလို ထင်ရပေမဲ့ ဒီချမ်းသာက သံသရာ ဝဋ်ဆင်းရဲ တာရှည်အောင် လုပ်ပေးသလို ဖြစ်နေတယ်။ သံသရာဝဋ်နာ ပျောက်ကင်းသွားအောင် ကုတဲ့ ဆေးစွမ်းကောင်းကတော့ နိဗ္ဗာန်ပဲ ဖြစ်တယ်။ နိဗ္ဗာန်သည် တဏှာ ကုန်ဆုံးခြင်း၊ ချုပ်ငြိမ်းခြင်း ဖြစ်တယ်။ တဏှာက ပဋိသန္ဓေနေခြင်း ဆင်းရဲ၊ အိုခြင်း ဆင်းရဲ၊ နာခြင်း ဆင်းရဲ၊ သေခြင်း ဆင်းရဲ၊ ဝမ်းနည်းခြင်း ဆင်းရဲ၊ ပူဆွေးခြင်း ဆင်းရဲ၊ သောကရောက်ခြင်း ဆင်းရဲ၊ ကြေကွဲခြင်း ဆင်းရဲတကာတို့ရဲ့ အကြောင်းရင်းခံ ဖြစ်တယ်။ ဒါကြောင့် နိဗ္ဗာန် ချမ်းသာကို သံသရာထဲက ခေတ္တခဏ အာသာပြေတဲ့၊ အယားပြေတဲ့ ချမ်းသာမျိုးနဲ့တော့ နှိုင်းပြလို့ မရပါဘူး။ သံသရာထဲက ချမ်းသာက ဝဲနာ ပျောက်အောင် ကုသတာ မဟုတ်ဘူး။ ခေတ္တခဏ နေသာထိုင်သာ ရှိအောင် ကုတ်ဆွပေးသလို တဏှာ ဆန္ဒကို ဖြည့်ဆည်းပေးလို့ရတဲ့ တဒင်္ဂ ချမ်းသာမျိုးသာ ဖြစ်တယ်။

နိဗ္ဗာန်ဟာ ဘယ်လိုများပါလိမ့်ကို ရမ်းချတွေးတောခြင်းဟာ အန္တရာယ် ရှိပါတယ်။ မှန်းဆပြီး ပြောတာထက် နိဗ္ဗာန်ကို မျက်မှောက် ပြုရာပြုကြောင်း လိုအပ်တဲ့ အထောက်အပံ့တွေကို ဖြည့်ဆည်းဖို့ ပြင်ဆင်တာကသာ ပိုပြီး အကျိုးများပါလိမ့်မယ်။ အဇ္ဈတ္တ ငြိမ်းအေးမှုရအောင် ဘယ်လို လုပ်မလဲ၊ နိဗ္ဗာန်ကို ပို့ဆောင်တဲ့ ဉာဏ်အမြင် ရှင်းအောင် ဘယ်လို လုပ်ရမလဲ။ ဒီကိစ္စ အတွက် မြတ်ဗုဒ္ဓရဲ့ အဆုံးအမတော် အတိုင်း လိုက်နာကြဖို့ပါ။ ဘုရားဟော တရားဒေသနာတွေကို လက်တွေ့ ဘဝမှာ အသုံးချကြည့်ပါ။ ကိလေသာ အားလုံးကို ပယ်သတ်ပါ။ လောဘ၊ ဒေါသ၊ မောဟ တဏှာမှာ အခြေအမြစ် စွဲနေတဲ့ ကိလေသာတွေကို သုတ်သင်ရပါမယ်။ လောဘတဏှာ မှန်သမျှ သန့်ရှင်း စင်ကြယ်သွားအောင်လုပ်

ပြီး အနတ္တသဘောကို နားလည်အောင် အားထုတ်ပါ။ ဖြောင့်မတ် မှန်ကန်စွာ ပြုမူနေထိုင်တတ်ခြင်း ဆိုတဲ့ အကျင့်သီလဖြင့် အသက်ရှင်နေနိုင်အောင် အားထုတ်ပါ။ ပြီးတော့မှ စွဲစွဲမြဲမြဲ ဝိပဿနာ တရားကို အားထုတ်ပါ။ ဒီလို ထက်ထက်သန်သန် ကြိုးပမ်း အားထုတ်ခြင်းအားဖြင့် သာလျှင် မိမိကိုယ်ကိုယ် အတ္တ ကင်းစင်တဲ့ လူ ဖြစ်အောင်၊ တစ်ကိုယ်ကောင်း အမြင်တွေ ကင်းစင်အောင် ဆောင်ရွက်နိုင်ပါတယ်။ ဒီလို လုပ်ခြင်းအားဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး ကိုယ်တိုင် သိမြင် ခံစားရမှာ ဖြစ်တယ်။

## နိဗ္ဗာန်နှင့် သံသရာ

နာမည်ကျော် မဟာယာန ဗုဒ္ဓဘာသာမှ ပညာရှင် ဖြစ်သော နာဂဇုနက သံသရာနှင့် နိဗ္ဗာန်သည် တစ်ခုတည်းပဲလို့ ဆိုခဲ့တယ်။ ဒီအဓိပ္ပာယ် ဖွင့်ဆိုချက်ကို ကြားရသူတွေ စိတ်ထဲမှာ အလွယ်တကူ အမှားမှား အယွင်းယွင်း ယူဆနိုင်တယ်။ သို့ရာတွင် နိဗ္ဗာန်နှင့်သံသရာဟာ တစ်ခုတည်းပဲလို့ သူ ဆိုလိုတဲ့ အဓိပ္ပာယ်က သင်္ခါရတရား မှန်သမျှဟာ အနတ္တပဲ ဖြစ်တယ်။ အသင်္ခတဓာတ် ဖြစ်တဲ့ နိဗ္ဗာန်ဟာလည်း အနတ္တပဲ ဖြစ်တယ် ဆိုတဲ့ သဘောမျိုးနဲ့ ပြောလိုတာ ဖြစ်ပါတယ်။ ပါဠိပိဋကတ်တော်များ အရကတော့ သံသရာ ဆိုတာ အဆက်မပြတ် တရစပ် ဖြစ်နေတဲ့ ခန္ဓာအစဉ်ကြီး၊ ဓာတ်ကြီး လေးပါး၊ အာယတန ၁၂ ပါးဟာ စိတ်ဖြစ်စဉ်ရဲ့ မူလအစ ဖြစ်တယ်။ နိဗ္ဗာန်ကတော့ ဆိုခဲ့ပြီးတဲ့ သင်္ခါရတရား၊ သမုတိ သစ္စာများ ချုပ်ငြိမ်းခြင်းသဘော ဖြစ်တယ်လို့ ဖော်ပြပါတယ်။

သို့သော်လည်း နိဗ္ဗာန်ကိုရတဲ့ ပုဂ္ဂိုလ်ဟာ သံသရာထဲမှာ သူ ဖြစ်တည်နေစဉ်အခါကတည်းက နိဗ္ဗာန်ရဲ့ သဘောကို တွေ့ကြုံ ခံစားနိုင်ကြောင်း လက်ခံထားပါတယ်။ ဒီလို ဆိုပေမဲ့ သေဆုံးတဲ့ အခါကျတော့ ဒီလို ခန္ဓာ၊ အာယတန၊ ဓာတ်တွေ တစ်ခုနဲ့ တစ်ခု အဆက်အစပ် ရှိနေခြင်း သဘောအားလုံး ချုပ်ပျောက်သွားတော့တာ ဖြစ်တယ်။ အကြောင်းကတော့ နိဗ္ဗာန်ဟာ အသင်္ခါရ၊ အသင်္ခတ ဓာတ်ကြီး ဖြစ်လို့ပဲ ဖြစ်တယ်။ နိဗ္ဗာန်ဟာ ပဋိစ္စသမုပ္ပာဒ် ကြောင်းကျိုးဆက် အစဉ်ကြီး ပြတ်သွားခြင်း ဖြစ်လို့ပါ။ နိဗ္ဗာန် ရပြီးနောက် တစ်စုံတစ်ခု ရှိသေးတယ် ဆိုရင် အဲဒီ တစ်စုံတစ်ခု ဆိုတာ 'ပရမတ္ထသစ္စာ' ပဲ ဖြစ်ရပါလိမ့်မယ်။

နိဗ္ဗာန်ကို သက်ဝင်သူရဲ့ အတွေ့အကြုံမှာ လောကီအာရုံ ကာမဂုဏ်တရား

တွေ အားလုံးနဲ့ ပြတ်တောက်သွားပြီလို့ ခံစား နားလည်ရမယ်။ အကယ်၍ တစ်စုံတစ်ယောက်၊ တစ်စုံတစ်ခုကို ချစ်ခင် နှစ်သက် စွဲလမ်းနေသေးရင်ပဲ ဖြစ်ဖြစ်၊ တစ်စုံတစ်ယောက်၊ တစ်စုံတစ်ခုကို မုန်းတီးပြီး မလိုလားဖြစ်နေသေးရင် ဖြစ်ဖြစ် နိဗ္ဗာန်ကို ဘယ်နည်းနဲ့မှ မျက်မှောက် မပြုနိုင်ဘူး။ နိဗ္ဗာန် ဆိုတာ အချစ်၊ အမုန်း လိုချင် မလိုချင်တာ အားလုံးကို လွန်မြောက်သွားခြင်းပဲ ဖြစ်တယ်။

ဆိုခဲ့ပြီးသော ပရမတ္ထ သစ္စာသို့ ဉာဏ်ဆိုက်ရောက်ပြီးသောအခါ သင်သည် ယခု တပ်မက်နေသော လောကီ ဘဝ၏ သဘောသဘာဝကို အပြည့်အဝ နားလည်သွားပါလိမ့်မည်။ ဤလောကီအာရုံ ကာမဂုဏ်များကို တပ်မက်နှစ်သက်သော သဘောများ ကုန်ခန်းသွားပါလိမ့်မည်။ သင်သည် ရှင်သန်ခြင်းရှိသော အရာ အားလုံးနှင့် ရှင်သန်ခြင်း မရှိသော သက်ရှိသက်မဲ့ အားလုံး၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တ သဘောကို သိမြင် နားလည်သွားပါလိမ့်မည်။ ဆရာသင်ကြား ပေးသော ကျမ်းဂန်စာပေများကို ဖတ်ရှု လေ့လာ၍ရသော အနုဗောဓဉာဏ် လောက်ဖြင့် ဝိပဿနာ အလုပ်ကို ကျင့်ကြံ အားထုတ်ခြင်း မရှိဘဲနှင့် နိဗ္ဗာန်သို့ ဉာဏ်သက်ဝင်နိုင်ဖို့ အရေးသည် ခက်ခဲလှပါတယ်။ သင့်ရဲ့ အိပ်မက်များ ပျက်ပြယ်သွားမှာပါ။ လေထဲမှာ ဘယ်ရဲတိုက်ကိုမှ တည်ဆောက်လို့ မရပါ။ ချမ်းသာစစ်ဖြစ်တဲ့ နိဗ္ဗာန်သို့ ဉာဏ်သက်ဝင်တဲ့အခါ မုန်တိုင်းလည်း စဲသွားပါလိမ့်မယ်။ ဘဝ ရုန်းကန်မှု တွေလည်း လွန်မြောက်သွားမယ်။ သဘာဝရဲ့ ဖြစ်ပျက် အစဉ်ကြီး လည်း ရပ်စဲသွားမယ်။ သင့် ရင်ထဲက သောက၊ ဒုက္ခ၊ ပရိဒေဝတွေ တာဝန် ဝတ္တရားတွေ၊ စိတ် အနှောင့်အယှက် ဖြစ်စရာတွေ၊ ဝန်ထုပ်ဝန်ပိုးကြီးတွေ စိတ်ရောကိုယ်ပါ နာကျင် စရာတွေ၊ စိတ်လှုပ်ရှားမှုတွေ အားလုံးလည်းပဲ ပပျောက် ချုပ်ငြိမ်း သွားပါလိမ့်မယ်။

နိဗ္ဗာန် ဆိုတာ ဘာမှ မရှိတဲ့ သဘော ဖြစ်တယ်လို့ ပြောရိုးပြောစဉ် ပြော ကြတာက နိဗ္ဗာန်ရဲ့ သဘောကို အာရုံ ငါးပါးနဲ့ ထိတွေ့ခံစားကြည့်လို့မရလို့ပဲ ဖြစ်တယ်။

နိဗ္ဗာန်ကို ယခုမျက်မှောက် ဘဝမှာပဲ ရနိုင်ပါတယ်။ ဗုဒ္ဓဘာသာက နိဗ္ဗာန် ချမ်းသာကို သေပြီး နောက်ဘဝကျမှ ရရှိခံစားနိုင်တယ်လို့ မဟောပါဘူး။ နိဗ္ဗာန်ကို ယခုမျက်မှောက် လက်ငင်းဘဝမှာတင် ခန္ဓာလက်ရှိနဲ့ ရတဲ့သဘောကို သဥပါဒိ သေသ နိဗ္ဗာန်လို့ ခေါ်ပါတယ်။ ရဟန္တာ အရှင်မြတ်များ ပရိနိဗ္ဗာန်စံဝင် ပြီး ခန္ဓာ ဝန်ချပြီး နောက်မှ ခံစားရတဲ့ နိဗ္ဗာန်၊ နောက်ထပ် ရုပ်နာမ် ခန္ဓာ ဖြစ်တည်ခြင်း ကင်းပြတ်သွားတာကိုတော့ အနုပါဒိသေသ နိဗ္ဗာန်လို့ ခေါ်ပါတယ်။

# ပဋိစ္စသမုပ္ပာဒ်တရား

## (ကြောင်းကျိုးဆက် နိယာမတရား)

*ဘယ်ဘုရား ဘယ်ပြဟ္မာမှ မရှိနိုင်ပါ။*
*ဒီသံသရာစက်မှာ ရုပ်အထည်ကြီးလည်း မရှိပါ။*
*ဖြစ်ပျက် သင်္ခါရတရားနဲ့ စက်လည်နေတာ။*
*တစ်ခု အပေါ် တစ်ခု တည်မှီ၍သာ ဖြစ်နေရတာပါ။*

(ဝိသုဒ္ဓိမဂ်)

ပဋိစ္စသမုပ္ပာဒ်ခေါ်တဲ့ ဒီအကြောင်းပေါ် တည်၍ အကျိုးဖြစ်တဲ့ ဒီတရားဟာ မြတ်ဗုဒ္ဓရဲ့ ဒေသနာတော်တွေ ထဲမှာ အင်မတန် အရေးကြီးတဲ့တရား တစ်ခု ဖြစ်ပါတယ်။ ပြီးတော့ ဒီတရားဟာ အလွန် နက်နဲတဲ့ တရား ဖြစ်တယ်။ မြတ်ဗုဒ္ဓက မဇ္ဈိမနိကာယ မဟာတော်မူတာက သူ သဗ္ဗညုတ ဉာဏ်တော်ကို ရတာဟာ နည်းနှစ်နည်းအနက် တစ်နည်းအားဖြင့် ရတာဖြစ်တယ်။ သစ္စာ လေးပါး မြတ်တရားကို သိမြင် နားလည်တော်မူလို့ ရခဲ့တာက တစ်နည်း၊ သံသရာစက် လည်နေပုံကို သိမြင်နားလည်ကြောင်း ဖြစ်တဲ့ ပဋိစ္စသမုပ္ပာဒ် ကြောင်းကျိုးမှီတည် ဖြစ်ပုံတရားကို သိနားလည်ခြင်းကြောင့်လည်း တစ်ကြောင်း ဖြစ်တယ်လို့ ဟောတော်မူတယ်။

ဒါပေမဲ့ လူ အများကတော့ အရိယာသစ္စာ လေးပါး မြတ်တရားကိုသာ ပြောဆို ဆွေးနွေး မေးမြန်းကြတာ များကြပါတယ်။ ပဋိစ္စသမုပ္ပာဒ် တရားကျတော့ သိမြင် နားလည်သူက သစ္စာကို သိနားလည်သူလောက် မများဘူးလို့ ဆိုသင့်တယ်။ ဒီတရားဟာလည်း သစ္စာ လေးပါး မြတ်တရားလောက် အရေးပါတဲ့ တရား တစ်ခု ဖြစ်ကြောင်းပါ။

ပဋိစ္စသမုပ္ပာဒ်ကို လက်တွေ့အားဖြင့် ထိုးထွင်း သိမြင်မှုရှိလို့ ထိုးထွင်းသိမြင်တဲ့ ဉာဏ် ရင့်သန်လာစေဦးတော့ ဒီတရားမှာပါတဲ့ အခြေခံမှုတွေကို သိဖို့ လိုပါသေးတယ်။ ပဋိစ္စသမုပ္ပာဒ် ဒေသနာရဲ့ အခြေခံ အချက်က ဘဝ ဖြစ်တည်ပုံ ဖြစ်တယ်။ လောကကြီး တစ်ခုလုံးဟာ အကြောင်းကြောင့် အကျိုး ဖြစ်နေတဲ့ ကြောင်းမှီကျိုးဖြစ် သဘောတရား အစဉ်ကြီး ဖြစ်တယ်။ ဒီဖြစ်စဉ် ထဲမှာ ဖြစ်ပြီး ပျက်သွားတဲ့ သင်္ခါရ ဓမ္မ တစ်ခုဟာ တခြား သင်္ခါရ အကြောင်းတရား တစ်ခု ပေါ်မှာ တည်မှီ

ပြီးမှ ဖြစ်ရပျက်ရတာ ဖြစ်တယ် ဆိုတာကို သိမြင် နားလည်ဖို့ သဘောပေါက်ဖို့ လိုတယ်။ ဒီဖြစ်စဉ်ကြီးကို အောက်ပါ စာ လေးကြောင်းလောက်နဲ့ ဖော်ပြနိုင်တယ်။

ဒါဖြစ်ရင် ဟိုဟာ ဖြစ်တယ်။

ဒါပေါ်ရင် ဟိုဟာ ပေါ်တယ်။

ဒါမဖြစ်ရင် ဟိုဟာ မဖြစ်ဘူး။

ဒါချုပ်ရင် ဟိုဟာလည်း ချုပ်တာပဲ။

အတွင်းသဘောဖြင့် ဆက်စပ် တည်မှီနေတဲ့ ဒီအညမည သဘောပေါ်မှာ ဖြစ်တည်ခြင်းသဘော ဖြစ်ပေါ်လာတယ်။ ဖြစ်ခြင်း၊ တည်ခြင်း ပြီးတော့ ပျက်ခြင်း သဘော ပေါ်ရတယ်။ ဒါကို ပါဠိလို ပဋိစ္စသမုပ္ပာဒ် တရားလို့ ခေါ်တယ်။ ဒီ နိယာမ သဘောတရားအရ ဒီလောက ထဲမှ ဖြစ်လာသမျှ သင်္ခါရ တရား အားလုံး တို့သည် တခြား တစ်ခု အပေါ် တည်မှီ၍သာ ဖြစ်ရတဲ့ သမုတိ သဘောတွေပဲ ဖြစ်တယ်။ အမှီအခို မကင်းတဲ့၊ အကြောင်းကြောင့် ဖြစ်တဲ့ အကျိုးတရားချည်းပဲ ဖြစ်ကယ်။ တစ်စုံတစ်ခု ဖြစ်ပေါ်လာတာဟာ သူ့ကို ဖြစ်ပေါ်အောင် အထောက်အပံ့ ပြုတဲ့အကြောင်း အထောက်အပံ့တွေ ပြည့်စုံ ညီညွတ်လို့ ပေါ်လာရတာ ဖြစ်တယ်။ ပေါ်လာပြီး ခဏ တည်ပြီး ပျက်သုဉ်းသွားကြပြန်ရော။

ပဋိစ္စသမုပ္ပာဒ် တရားတော်သည် စကြဝဠာကြီး တစ်ခုလုံးကို သရုပ် မှန်ကန်စွာ သိနားလည်စေသော နည်းလမ်း ဖြစ်၍ အိုင်းစတိုင်း၏ 'ရီလေတစ်ဗတီ' သဘောတရားနှင့် သဘောချင်း တူသည်ဟု ဆိုသင့်တယ်။ ရုပ်လောကထဲမှာ ဖြစ် တည်နေသမျှ အရာခပ်သိမ်းသည် တစ်ခုနှင့် တစ်ခု ဆက်စပ်၍သာ တည်နေသည့် သဘောရှိသည်။ တစ်ခုကို တစ်ခု အမှီပြု၍သာ ဖြစ်တည်နေကြသည် ဆိုသော ဤအမြင်သည် ခေတ်ကာလပေါ် သိပ္ပံပညာက လက်ခံထားသော အမြင်နှင့် တစ် သဘောတည်း ကျတယ်။ ကိုက်ညီတယ်။ အရာခပ်သိမ်းသည် အကြောင်းကြောင့် ဖြစ်ပေါ်ရသော သင်္ခါရတရားတွေ ဖြစ်ကြတာကြောင့် တစ်ခုနဲ့ တစ်ခု ဆက်စပ်ပြီး အတွင်းသဘောဖြင့် အပြန်အလှန် တည်မှီနေရတဲ့ တရားတွေ ဖြစ်ကြတာကြောင့် ဘယ်အရာမှ ထာဝရ ခိုင်မြဲတယ် ဆိုတာ မရှိပါဘူး။ လူတွေ ပြောနေ ယုံနေကြတဲ့ အတ္တသဘော ဝိညာဉ်ကောင်၊ လိပ်ပြာကောင် သဘောလည်း မရှိဘူး။

ဖြစ်ပျက် အစဉ်သာရှိတဲ့ လောကကြီး တစ်ခုလုံးဟာ ကြောင်းကျိုးဆက်စပ် ပြီး ဖြစ်နေတဲ့ သမုတိသစ္စာ ဖြစ်စဉ်ကြီးသာ ဖြစ်တယ်။ ဒါပေမဲ့ ဒီအမြင်ဟာ လူ သာမန်တွေ မြင်နေကြရိုး အမြင်နဲ့တော့ တူပုံမလား။ ဒီလောကကြီးဟာ မြဲနေတယ်

လို့ ကျွန်ုပ်တို့ စိတ်က တမင် ဖန်တီးပြီး မြင်နေတာ။ စိတ်ကူးယဉ် သဘောနဲ့ ဖန်တီး ပြောဆိုနေကြတာသာ ဖြစ်တယ်။ ဒါကလည်း ကိုယ် ဖြစ်ချင်တာကို ကိုယ့်တဏှာက ဖန်တီး ယူထားတာပါ။ လောကမှာ ကိုယ် နှစ်သက်တာတွေ၊ လှတယ်လို့ ထင်တာတွေ၊ လိုချင်တာတွေ၊ တပ်မက်တာတွေကျတော့ တွယ်တာ စွဲလမ်းတတ်ကြတာ သဘာဝကျတယ်။ ဓမ္မတာပဲ ဖြစ်တယ်။ အရုပ်ဆိုးတာတွေ၊ မနှစ်သက်တာတွေကိုကျတော့ ငြင်းပယ်တတ်ကြတာလည်း ဓမ္မတာပါပဲ။ ဒါကြောင့်လည်း လောကကြီး တစ်ခုလုံးဟာ ရေပွက်နဲ့ တူတယ်၊ တံလျှပ်နဲ့ တူတယ်လို့ ပြောလို့ရှိရင် နားလည်ရ ခက်နေကြတာ ဖြစ်တယ်။ ဒါဟာ အစစ်အမှန်လို့ ထင်နေတာ မှားတယ်။ လူဟာ လောဘနဲ့ ဒေါသရဲ့ သားကောင် ဖြစ်နေတာကြောင့် သူတို့ဟာ မောဟနောက်ကို ပါနေကြရတယ်။ အဝိဇ္ဇာ အမှောင် ပိတ်ဖုံးခြင်းကို ခံနေကြရတယ်။ သူတို့ တပ်မက် တွယ်တာနေတာတွေ၊ မလိုမုန်းထား ပစ်ပယ်ချင်တာတွေကို မြဲတဲ့ခိုင်တဲ့ တရားတွေလို့ မှတ်ထင်နေကြတယ်။ ဒါကြောင့် ဒီလောကကြီးဟာ တကယ်ရှိနေတဲ့ လောကကြီး မဟုတ်ဘူး ဆိုတာကို သိမြင်ဖို့ မလွယ်ဘဲ ဖြစ်နေကြတယ်။ ဒါဟာ မီးခဲကြီး တစ်တုံးနဲ့ တူပါတယ်။ ထင်းမီးစ တစ်ခုကို ယူပြီး ဝှေ့ဝိုက်ယမ်းလိုက်လို့ရှိရင် မီး စက်ဝိုင်းကြီး ဖြစ်ပေါ်လာသလိုပါ။

ပဋိစ္စသမုပ္ပါဒ် တရားတော်ရဲ့ အခြေခံ သဘောတရားကတော့ အကြောင်းအကျိုးဆက် တရားပဲ ဖြစ်တယ်။ ပဋိစ္စသမုပ္ပါဒ် သဘောတရား ထဲမှာ အကြောင်းအကျိုး ဆက်ပြီး ဖြစ်ပေါ်လာတဲ့ တရားတွေကို အသေးစိတ် ဖော်ပြထားတယ်။ ကျွန်ုပ်တို့ ပတ်ဝန်းကျင်မှာ ရှိတဲ့ အရာခပ်သိမ်းတို့ရဲ့ ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးဖြစ်စဉ် သရုပ်ပေါ်အောင် ဖော်ပြချင်ရင် ဆီမီးခွက် တစ်ခုကို ဥပမာထားပြီး စဉ်းစားကြည့်ပါ။ ဆီမီးခွက်က မီးတောက် မီးညွန့်ကလေး တောက်လောင်နေတာဟာ ရေနံဆီနဲ့ မီးစာကို အမှီပြုပြီး တောက်နေရတာသာ ဖြစ်တယ်။ ရေနံဆီလောင်စာဆီရှိတုန်း မီးစာ မကုန်ခင်မှာ မီးတောက်ကလေး ဖြစ်ပေါ်ပြီး လင်းနေတယ်။ အဲဒီ ရေနံဆီနဲ့ မီးစာ တစ်ခုခု ကုန်သွားလို့ရှိရင်တော့ မီးလည်း ငြိမ်းသွားတော့မှာပဲ။ ဒီသဘောဟာ ဆီမီးခွက်ရဲ့ ပဋိစ္စသမုပ္ပါဒ် သဘော တစ်ခုပဲ ဖြစ်တယ်။ တစ်ခါ သစ်ပင်ကလေး တစ်ပင် ရှင်သန်နေပုံကို ကြည့်ကြဦးစို့။ မျိုးစေ့ရယ်၊ မြေဆီရယ်၊ ရေငွေ့ရယ်၊ လေရယ်၊ နေရောင်ခြည် အပူဓာတ်ရယ် ရတဲ့အခါ သစ်စေ့ကလေး အပင် ပေါက်လာတယ်။ ဒီသစ်စေ့က သစ်ပင်ကလေး ပေါက်လာတာ အကြောင်း အထောက်အပံ့ အများကြီး အပေါ် မူတည်ပြီး ပေါ်ပေါက်လာတာ

ဖြစ်တယ်။ သူ့ဘာသာ အမှီကင်းပြီး လွတ်လွတ်လပ်လပ် ဖြစ်လာတာ မဟုတ်ပါဘူး။ ဒါဟာလည်း သစ်ပင်ရဲ့ ပဋိစ္စသမုပ္ပာဒ်ပဲ ဖြစ်တယ်။

တရားသဘောအရကျတော့ ဇာတိနဲ့ ဒုက္ခ ကိစ္စမှာ ဒီပဋိစ္စသမုပ္ပာဒ်တရားကို ဘယ်လို အသုံးချလို့ရမလဲ ဆိုတာကိုပဲ ကျွန်ုပ်တို့ စိတ်ဝင်စားပါတယ်။ ပြဿနာက ဝဋ်သံသရာထဲမှာ ကျွန်ုပ်တို့ ဘာကြောင့် လည်နေကြရတာလဲ။ ဒါကို ပဋိစ္စသမုပ္ပာဒ်တရားက ဘယ်လို ဖြေရှင်းမလဲ။ ဒီဝဋ်ဒုက္ခ သံသရာထဲက ထွက်မြောက်အောင် ဘယ်လို လုပ်ရမလဲ။ ပဋိစ္စသမုပ္ပာဒ် တရား ဆိုတာဟာ လောကကြီး ဘယ်က စတင် ပေါ်ပေါက်လာသလဲ ဆိုတဲ့ ဘဝ အစလေးကအစ သတ္တဝါရဲ့ အစကိုရှာတဲ့ အီဖော်လူးရှင်း သဘောတရား မဟုတ်ပါဘူး။ ဒါကြောင့် မြတ်ဗုဒ္ဓ ဖော်ပြတဲ့ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်ရတာ ဆိုတဲ့ တရားကို လောကရဲ့ အစပထမ အကြောင်းတရားကို ရှာတဲ့ အီဖော်လူးရှင်း သဘောတရားနဲ့ ရောထွေးသွားတဲ့ အမှားမျိုး မဖြစ်သင့်ဘူး။ အရာခပ်သိမ်းတို့သည် တစ်ခုကို တစ်ခု အကြောင်းအကျိုးအားဖြင့် အမှီပြု၍သာ ဖြစ်နေကြရတာကို ဖော်ပြတာဖြစ်လို့ ဒီမှာ ပထမဆုံး ကနဦး အကြောင်းက ဘာလဲ ဆိုတဲ့ ကိစ္စ မပေါ်ပေါက်ပါဘူး။ (ဘဲဥနဲ့ ဘဲမ ဘယ်ဟာက အရင် စ,တာလဲလို့ မေးရင် အဖြေ ရှာမရသလိုပေါ့)

ပဋိစ္စသမုပ္ပာဒ် ဒေသနာတော် အရကတော့ အင်္ဂါ ၁၂ ပါးရှိတဲ့ ဖြစ်တည်ပုံအစဉ်အဆက် ဖြစ်နေပုံကို ပြတာ။ ဇာတိပြီး ဇာတိ တစ်ဖန် ပြန်ပြီး ဖြစ်ရပုံကို ပြတာ။ အဲဒီ အင်္ဂါ ၁၂ ပါးက ဒီလို-

၁။ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်တယ်။ (သင်္ခါရ ဆိုတာက စိတ်စေတနာနဲ့ ပြုလုပ်ခဲ့တဲ့ ကံတွေပါ)

၂။ သင်္ခါရကြောင့် ပဋိသန္ဓေ ဝိညာဏ် ဖြစ်တယ်။ (ဒါက ရှေးဘဝနဲ့ နောက်ဘဝ ဆက်စပ် ဖြစ်ပေါ်ပုံကို ပြတာ)

၃။ ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်တယ်။

၄။ နာမ်ရုပ်ကြောင့် အာရုံဒွါရ ခြောက်ခု၊ သဠာယတန ဖြစ်ပြန်ရတယ်။

၅။ သဠာယတနကြောင့် ဖဿ ဖြစ်တယ်။

၆။ ဖဿကြောင့် တစ်ခါ ဝေဒနာ ဖြစ်ရပြန်တယ်။

၇။ ဝေဒနာကြောင့် တဏှာ ဆိုတဲ့ လိုချင် တပ်မက်မှု ဖြစ်တယ်။

၈။ လိုချင် တပ်မက်ခြင်း တဏှာကြောင့် စွဲလမ်းခြင်း ဥပါဒါန် ဖြစ်ရတယ်။

၉။ ဥပါဒါန် ဖြစ်တော့ ကမ္မဘဝ ခေါ်တဲ့ ဖြစ်တည်ခြင်း သဘော ဖြစ်ပေါ်လာတယ်။

၁၀။ ကမ္မဘဝကြောင့် နောက်တစ်ခါ ဇာတိ ပဋိသန္ဓေ တည်နေဖွားမြင်ခြင်း ဖြစ်ပြန်ရော။

၁၁။ ဇာတိ ပဋိသန္ဓေ ဖြစ်တော့ ဇရာ၊ မရဏ၊ သောက၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတွေ၊ ပူးဆွေး ငိုကြွေးရမှုတွေ ဖြစ်ကြရတယ်။

ဒါဟာ ဘဝ ဖြစ်တည်ပုံ၊ ဘဝ စဉ်ဆက်ဖြစ်ပုံ သဘော တစ်ခုပဲ ဖြစ်တယ်။ ဘဝမှာ ဘယ်လိုဘယ်ပုံ သောက၊ ဒုက္ခတွေ ဖြစ်လာရတာကို ပြခြင်း ဖြစ်တယ်။ ဒီတစ်ခုပြီး တစ်ခု နောက်ဆက်တွဲ ဖြစ်တဲ့ ဘဝဖြစ်စဉ် သဘော တရားဟာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးမှာ လှည့်ပြီး ဖြစ်နေပုံကို ပြတာ။

ပဋိစ္စသမုပ္ပာဒ် တရားတော်အရ အဝိဇ္ဇာနဲ့ သင်္ခါရက အတိတ် အကြောင်း အတိတ်ကာလတုန်းက ဖြစ်ခဲ့တဲ့ အကြောင်းကို ပြတာ။ အဲဒီ အဝိဇ္ဇာနဲ့ သင်္ခါရဟာ ယခု ဘဝ ဖြစ်ပေါ်လာအောင် ဖန်တီးခဲ့တဲ့ အတိတ် အကြောင်းပဲ ဖြစ်တယ်။ နောက်ဆက်ပြီး ဖြစ်ရတဲ့ ပဋိသန္ဓေ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံဆိုတာတွေက ခုဘဝ ပစ္စုပ္ပန် ဘဝ ဖြစ်ပုံများ ဖြစ်ကြတယ်။ နောက်ဆုံး နှစ်ခု ဖြစ်တဲ့ ဇာတိနဲ့ ဇရာမရဏကတော့ အနာဂတ်ကာလနဲ့ ဆိုင်တယ်။

ဒီဥပဒေသမှာ ပထမ အင်္ဂါ ဖြစ်တဲ့ အဝိဇ္ဇာကြောင့် စေတနာပါတဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေ ဖြစ်ရတယ်။ ကမ္မဘဝ (သင်္ခါရ) တွေပေ့ါ။ အဝိဇ္ဇာ ဆိုတာက မိမိတို့ ဖြစ်တည်နေပုံ အမှန် (သစ္စာ) သဘောကို မသိနားမလည်တာကို ပြော တာ။ သစ္စာကို မသိတော့ ကောင်းမှု ကုသိုလ်တွေရော၊ မကောင်းမှု အကုသိုလ် တွေကိုရော လုပ်မိကြတာပေ့ါ။ အဲဒီ ကံတွေက ဒီသတ္တဝါ နောက်ဘဝမှာ အသစ် တစ်ဖန် ပြန်လည်ပြီး ဇာတိ ပဋိသန္ဓေ တည်နေ မွေးဖွားခြင်းကို ဖြစ်အောင် ဖန်တီးတာ ဖြစ်တယ်။ အဲဒီဇာတိ ပဋိသန္ဓေဟာ ဘုံဘဝ အမျိုးမျိုးမှာ ဖြစ်နိုင်တယ်။ လူ ဖြစ်နိုင်တယ်။ နတ် ဖြစ်နိုင်တယ်။ ဗြဟ္မာ့ဘုံမှာ ဖြစ်နိုင်တယ်။ ပြီးတော့ ဒုက္ခ များစွာ ကြုံရတဲ့ အပါယ်ဘုံတွေမှာလည်း ဖြစ်နိုင်တယ်။ ဘယ်ပုံ ဘယ်ဘဝမှာ ပြန်ပြီး ပဋိသန္ဓေနေရသလဲ ဆိုတာက သူ ပြုခဲ့တဲ့ ကံသတ္တိ ပေါ်မှာ တည်တယ်။ လူ တစ်ယောက် သေဆုံးတဲ့အခါ သူ ပြုခဲ့တဲ့ ကမ္မဘဝ (သင်္ခါရ) ခေါ်တဲ့ စေတနာ ပါပြီး ပြုခဲ့တဲ့ ကုသိုလ်ကံ အကုသိုလ်ကံ သတ္တိ (ဝါ) ကံစွမ်းအင်က နောက်ဘဝမှာ ပဋိသန္ဓေ ဝိညာဏ်ခေါ်တဲ့ ပဋိသန္ဓေစိတ် ဖြစ်ပေါ်အောင် အကြောင်းပြုပါတယ်။ ဒီကိစ္စမှာ ပဋိသန္ဓေစိတ်ဟာ ဘဝ တစ်ခုနဲ့ တစ်ခုကို ဆက်ပေးတဲ့ ဘဝင်စိတ်

အဖြစ် စုတိနဲ့ ပဋိသန္ဓေ ဆက်ပြီး နောက်ဘဝမှာ နောက်ခန္ဓာမှာ ပဋိသန္ဓေစိတ်သစ် ဖြစ်ပေါ်အောင် ဆောင်ရွက်ပါတယ်။

ပဋိသန္ဓေစိတ်၊ ဘဝင်စိတ် ဖြစ်ပေါ်တာနှင့် တစ်ပြိုင်နက် နောက်ဘဝမှာ ရှင်သန်ခြင်း စတင် ဖြစ်ပေါ်တာပါပဲ။ ဒီဖြစ်ပေါ်လာတဲ့ ဝိညာဏ်စိတ်ကို အကြောင်းပြုပြီး အဲဒီ ဘဝသစ်မှာ နာမ် ဖြစ်ဖြစ်လာတယ်။ နာမ်ရုပ် ဖြစ်လာတော့ အာရုံဖြစ်ရာ ဒွါရ ခြောက်ခု၊ သဠာယတန ဖြစ်ပေါ်လာတယ်။ ဆဋ္ဌမဒွါရက စိတ် (မနောဒွါရ) ပါ။ ဒီလို အာရုံဒွါရတွေ ဖြစ်ပေါ်လာတော့ ဖဿ (ထိတွေ့မှု) ဖြစ်လာရတယ်။ ဘာနဲ့ ထိတွေ့တာလဲ။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိ၊ အတွေးအကြံ စသည်နဲ့ ထိတွေ့လာရခြင်းပါ။

ဒီ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိနှင့် အတွေးအကြံတွေဟာ လုပ်တာတွေလည်း ဖြစ်ချင် ဖြစ်မယ်။ နှစ်သက်ဖွယ်၊ ဆွဲဆောင်တာတွေလည်း ဖြစ်မယ်။ တစ်နည်းအားဖြင့် အရုပ်ဆိုးတာတွေ၊ မနှစ်သက်စရာတွေလည်း ဖြစ်ချင်ဖြစ်မယ်။ ဒါကြောင့် တွေ့ထိမှု ဖဿကို အကြောင်းပြုပြီး ခံစားမှု ဝေဒနာ ဖြစ်ပေါ်လာရပြန်တယ်။ ဒီခံစားမှုကြောင့်ပဲ လောဘ (ဆွဲအား) နဲ့ ဒေါသ (တွန်းအား) တွေ ဖြစ်လာရတာ ဖြစ်တယ်။ ဒါတွေက လှုပ်ရှားမှု နိယာမရဲ့ သဘောတွေပါပဲ။ လှုပ်ရှားမှုကို ဖြစ်ပေါ်စေတယ်။ သတ္တဝါတွေရဲ့ သဘောက ချစ်နှစ်သက်စရာတွေကို တွေ့ရင် ဆွဲဆောင်ရာ ပါသွားတတ်တယ်။ မနှစ်သက်တာတွေကို ကြုံကြရတဲ့အခါ တုံ့ပြန် တွန်းဖယ် ပစ်တတ်ကြတယ်။ လှပတဲ့ ဝတ္ထုပစ္စည်းတွေကို တွေ့ရကြုံရတဲ့အခါ သတ္တဝါမှာ လိုချင် တပ်မက်ခြင်း တဏှာ လောဘ ဖြစ်လာရတယ်။ အသံသာယာတာတို့၊ အရသာ ချိုမြတာတို့၊ အနံ့ မွှေးကြိုင် သင်းပျံ့တာတို့နဲ့ တွေ့တော့၊ အတွေ့အထိ ကောင်းတာတွေနဲ့ တွေ့တော့ စိတ်က ဒါတွေကို နှစ်သက်စရာတွေ၊ မွေ့လျော်စရာတွေလို့ သတ်မှတ်တာ ဖြစ်လို့၊ ဒီတပ်မက်မှု တဏှာကနေ ပြင်းထန်တဲ့ စွဲလမ်း မှုဥပါဒါန်တွေ ဖြစ်ပေါ်လာရပြန်ရော။ မနှစ်သက်တာ၊ လက်မခံချင်တာတွေကျတော့လည်း မုန်းတီးမှုနဲ့ တွန်းဖယ်လိုခြင်း အစွဲအလမ်း ဖြစ်ပြန်တာပါပဲ။ ဒီစွဲလမ်းမှု ဥပါဒါန် တရားကြောင့် နောင်ဘဝ အခြေအနေတွေကို ဖြစ်ပေါ်စေမည့် ကမ္မဘဝ (ဖြစ်တည်လိုမှု သဘော) ဖြစ်ပေါ်လာပြန်တယ်။ တစ်နည်း ပြောရလျှင် ဘဝ ဖြစ်လိုမှုကို လှုပ်ရှား ဖြစ်ပေါ်လာအောင် ဥပါဒါန်က ဆောင်ရွက်တယ်။

ဒီကွင်းဆက် ဖြစ်စဉ် ပဋိစ္စသမုပ္ပာဒ်မှာ ဒီကမ္မဘဝက နောက်ဘဝမှာ ဇာတိ ပဋိသန္ဓေကို ဖြစ်ပေါ်စေပါတယ်။ နောက်ဆုံးကျတော့ ဇာတိပေါ် မူတည်ပြီး ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတွေ ဖြစ်ပေါ်လာရခြင်း

ဖြစ်ပါတယ်။ ဒါက ဘဝအစဉ် အလိုက်သင့် ဖြစ်ပေါ်သွားပုံ အနုလုံသဘော ကို ပြတာပါ။

ဒီဖြစ်စဉ်ကို ပြောင်းပြန်လှန်ပြီး ဆင်ခြင်တာက ပဋိလုံ သဘောပါ။ အဝိဇ္ဇာ ချုပ်ငြိမ်းသွားပြီ ဆိုရင်တော့ (ဒါက ဝိပဿနာ ပွားများလို့ ဖြစ်ပေါ်လာတဲ့ ထိုးထွင်း သိမြင်မှု အနုဗောဓဉာဏ်၊ ပဋိဝေဓဉာဏ်)နဲ့ အဝိဇ္ဇာကို ပယ်သတ်ပြီးလို့ ရှိရင် ကမ္မဘဝ (သင်္ခါရ) လည်း အလိုလို ချုပ်ပါတယ်။ အကြောင်းကို သတ်လို့ အကျိုး သေတဲ့ သဘော၊ အကြောင်းချုပ်တော့ အကျိုးချုပ်ရတဲ့ သဘောပေါ့။ ဒီ ကမ္မဘဝ (သင်္ခါရ) ချုပ်တော့ နောက်ဘဝမှာ ဖြစ်မည့် ပဋိသန္ဓေ ဝိညာဏ်လည်း ဖြစ်ခွင့်မရဘဲနဲ့ ချုပ်တော့တာပေ့ါ။ ဇာတိ (ပဋိသန္ဓေ ဝိညာဏ်) ချုပ်တဲ့အခါ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတွေ အားလုံးလည်း ချုပ်ဆုံးသွားတယ်။ ဒါကြောင့် ဝဋ်ကောင်ဟာ သံသရာ ဝဋ်ဆင်းရဲက ကျွတ်ပြီး လွတ်မြောက် ထွက်သွားတော့တာပေ့ါ။ ဒါက အဝိဇ္ဇာကို ချုပ်ငြိမ်းစေပြီး သံသရာက ရုန်းထွက်ပုံကို ပြခြင်း ဖြစ်တယ်။ ပဋိစ္စသမုပ္ပာဒ်ကို အစကနေ ဖြတ်ချလိုက်တာပါ။

ဖော်ပြခဲ့တဲ့ အကြောင်းကို ထပ်မံပြီး ဖော်ပြရဦးမယ် ဆိုရင် ဒီပဋိစ္စသမုပ္ပာဒ် ဖြစ်စဉ်ကြီးဟာ မွေးခြင်း၊ သေခြင်း သဘောကိုသာ ရှင်းပြတဲ့ တရား ဖြစ်တယ်။ ကမ္ဘာကြီး ဘယ်က စတင် ဖြစ်ပေါ်ပြီး ပြောင်းလဲ တိုးတက်လာသလဲ ဆိုတဲ့ အီဗော်လူးရှင်း သဘောကို ရှင်းပြတာ မဟုတ်ဘူး။ ဒီတရေးမှာက နောက်ထပ် တစ်ဖန် ပြန်လည်ပြီး ဘာကြောင့် ဇာတိ ပဋိသန္ဓေ တည်နေမွေးဖွားရသလဲ။ ဒုက္ခ ဆင်းရဲတွေ ဘာကြောင့် ဖြစ်လာရတာလဲ ဆိုတာကိုသာ ရှင်းလင်း ဖော်ပြတာ ဖြစ်ပြီး သတ္တဝါတွေ ဘယ်ကနေ ဘယ်လို စတင် ဖြစ်ပေါ်ရသလဲ ဆိုတဲ့ သတ္တဝါ အစကို ရှာတဲ့တရား လုံးဝ မဟုတ်ဘူး ဆိုတာ နားလည်ထားရမယ်။ ပဋိစ္စသမုပ္ပာဒ် တရားအစမှာ ပါတဲ့ အဝိဇ္ဇာ (မသိမှု) ဆိုတာက အရိယာသစ္စာ လေးပါး မြတ်တရား ကို မသိမှုကို ပြောတာ။ ဒါကြောင့် အရိယာသစ္စာ လေးပါး မြတ်တရားကို သိနား လည်မှု ကိစ္စဟာ ကျွန်ုပ်တို့အတွက် အလွန် အရေးကြီးတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်ုပ်တို့ သံသရာထဲမှာ ထောင်ချောက်မိပြီး ကာလ ကြာမြင့်စွာ ကျင်လည် ခဲ့ရတာဟာ ဒီအဝိဇ္ဇာကြောင့် ဖြစ်လို့ပါပဲ။

မြတ်ဗုဒ္ဓရဲ့ အလိုတော်က ရှင်အာနန္ဒာကို ဟောကြားတော်မူပုံက "သတ္တဝါ တွေ အနေနဲ့ ပဋိစ္စသမုပ္ပာဒ် တရားကို ဉာဏ်အမြင် မပေါက်ခဲ့တာကြောင့် ဒီလူ သတ္တဝါတွေဟာ အစရှာမရတဲ့ ချည်ထွေးကြီးလို ဖြစ်ပြီး သစ္စာတရားကိုလည်း မမြင်မသိခဲ့ခြင်း ဖြစ်တယ်။ ဒါကြောင့် ဆင်းရဲ ဒုက္ခ ကွေ့ကြုံခဲ့ရတယ်။ ဖိစီးနှိပ်စက်

မှု အမျိုးမျိုးကို ခံကြရတယ်။ ငြီးငွေ့ဖွယ် စိတ်ဆင်းရဲမှုတွေ၊ စိတ်ဓာတ် ကျဆင်းမှုတွေကို ခံစားခဲ့ကြရတယ်။ မသိနားမလည်မှုက ကြာရှည်လေ၊ ဒုက္ခက သက်ဆိုးရှည်လေ ဖြစ်ခဲ့ကြရတယ်။ ဒါပေမဲ့ ဒီလူတွေဟာ ဒီအကျပ်အတည်း၊ အရှုပ်အထွေးက လွတ်မြောက်အောင် ဘယ်လို လုပ်ကြရမှန်းလည်း မသိခဲ့ကြဘူး”ဟု ဟောတော်မူခဲ့တယ်။

# မြဲတယ်ဆိုတဲ့ အမြင်နဲ့ ပြတ်တယ်ဆိုတဲ့ အမြင် (သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ)

*အစွန်းထွက် အမြင် (သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ) နှစ်ခုစလုံးကို မြတ်ဗုဒ္ဓက ပယ်တော်မူတယ်။*

သမ္မာဒိဋ္ဌိ ဖွံ့ဖြိုး တိုးတက်ရေး အတွက် ပထမဦးစွာ ကျွန်ုပ်တို့သည် မိစ္ဆာဒိဋ္ဌိဟု ယူဆရသော အမြင်မှား နှစ်မျိုးကို သိအပ်ပါတယ်။ ပထမ အယူမှားကတော့ မြဲတယ်၊ ခိုင်တယ်လို့ ယူတဲ့ သဿတဒိဋ္ဌိ အယူဖြစ်တယ်။ ဒီအယူဝါဒဟာ ထာဝရ အသက်ရှင် တည်နေနိုင်ရေး၊ ထာဝရ ခိုင်မြဲတဲ့ အရာဝတ္ထုတွေနဲ့ ဆက်ဆံ နေထိုင်ရေး သဘောများနဲ့ ပတ်သက်တယ်။ ဗုဒ္ဓမြတ်စွာဘုရား မပွင့်မီ ကာလက လောကမှာ သေခြင်း ကင်းတဲ့ ထာဝရ အသက်ရှင်နေနိုင်တဲ့ တရား တစ်ခု ရှိတယ်။ ထာဝရ တည်နေနိုင်တဲ့ အတ္တ ဝိညာဉ်ကောင်ကို ရရှိအောင် မဟာဗြဟ္မာကြီးနဲ့ ပေါင်းစည်းရေး ဆိုတဲ့ အတ္တဝါဒ ထွန်းကားနေခဲ့တယ်။ ဗုဒ္ဓဘာသာမှာ ဒီအယူဝါဒကို သဿတဒိဋ္ဌိ အမြင်လို့ ခေါ်တယ်။ ထာဝရ အတ္တကို ရှိတယ်လို့ ယုံ ကြည်တဲ့ အယူပဲ ဆိုပါစို့။ ဒီအမြင်ဟာ ခုခေတ် ခေတ်သစ် ကာလမှာတောင် ရှိနေသေးတယ်။ အသက်မသေဘဲ နေလိုတဲ့ တဏှာက ဖြစ်ပေါ်လာတဲ့ အယူပေါ့။ (မသေဆေးတို့၊ မသေတဲ့ ဓာတ်လုံးတို့ ရှာတာတွေ၊ အသက် မသေဘဲ အရိမေတ္တေယျ ဘုရား ပွင့်တဲ့အထိ နေနိုင်ဖို့ ဆိုပြီး အားထုတ်နေကြတဲ့ ဝိဇ္ဇာဘိုးတော် ဆိုတာမျိုး တွေ ရှိနေသေးတာပဲ)

ဒီသဿတဒိဋ္ဌိ၊ ထာဝရ အတ္တစွဲ အမြင်ကို ဘုရားက ဘာကြောင့် ပယ်ရတာလဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီလောကမှာ ရှိရှိသမျှ ရုပ်နာမ်ဓမ္မ အားလုံးရဲ့ ပင်ကိုသဘော၊ ရှိအတိုင်းတိုင်း သဘောကို သိနားလည်တဲ့အခါ ဒီလောကမှာ ခိုင်တာ

မြဲတာ ထာဝရ တည်နေနိုင်တာ ဆိုလို့ ဘာဆိုဘာမှ မရှိဘူး ဆိုတာ သိလာရတယ်။ 'သဗ္ဗေ သင်္ခါရာ အနိစ္စ' ဆိုတဲ့ အတိုင်း သင်္ခါရတရား မှန်သမျှ ဖြစ်ပြီးပျက်တာချည်းပဲ။ မပြောင်းလဲဘဲနေတာ မပျက်စီးဘဲ နေနိုင်တာ ဘာဆိုဘာမှ မရှိဘဲကိုး။ အရာခပ်သိမ်းဟာ အနိစ္စတရား အပေါ် တည်မှီနေကြရတာကိုး။ ကျွန်ုပ်တို့ အနေနဲ့ အရာဝတ္ထုတွေကို သူတို့ရဲ့ ပင်မ ဓာတ်ပစ္စည်းတွေ ထိအောင် စူးစမ်း လေ့လာ စစ်ဆေးကြည့်ရင် အဲဒီအရာဝတ္ထုတွေ ထဲမှာ တည်စရာ၊ မှီစရာ၊ ခိုင်တာ၊ မြဲတာရယ်လို့ ဘာမှ မရှိတာဘဲ။ ထာဝရ တည်နေတဲ့ ဓာတ်ပစ္စည်း ဘာ တစ်ခုမှ မရှိတာဘဲတွေ့ရတယ်။ ဒါကြောင့် ထာဝရ ခိုင်မြဲတဲ့ အတ္တ ရှိတယ်လို့ ယူတဲ့ သဿတဒိဋ္ဌိ အယူကို မှားတဲ့ အယူလို့ သတ်မှတ်ရခြင်း ဖြစ်တယ်။

ဒုတိယ အယူမှား (မိစ္ဆာဒိဋ္ဌိ) ကတော့ သေရင် ပြီးပြီ၊ ပြတ်ပြီ။ ဘာမှ ဖြစ်စရာ မရှိဘူးလို့ ယူတဲ့အယူ၊ နောင်တမလွန် ဘဝဆက် မရှိဘူးလို့ ယူတဲ့ အယူ ဖြစ်တယ်။ ဒါက ရုပ်ဝါဒီတွေ လက်ခံထားတဲ့ အယူ ဖြစ်တယ်။ ဒီအယူ ရှိသူတွေက စိတ်ကြောင့် ဖြစ်ရတယ် ဆိုတာကို လက်မခံလိုကြဘူး။ ဒီရုပ်ဝါဒဟာ ဘဝကို တစ်ပိုင်းတစ်စအားဖြင့် မြင်တဲ့ အမြင် ဖြစ်တယ်။ သူတို့က ရုပ်နာမ် နှစ်ပါး ရှိတယ် ဆိုတာကို နာမ်ခန္ဓာတွေရဲ့ အကြောင်းအားလျော်စွာ ဖြစ်မှုကို လက်မခံဘူး။ ရုပ်ပဲ ရှိတယ်။ ရုပ်ကြောင့် ဖြစ်တာချည်းပဲလို့သာ မြင်ကြတယ်။ တစ်စုံတစ်ယောက်က သေပြီးရင် နောက်ထပ် ပြန်ပြီး မွေးဖွား ရှင်သန်တယ် ဆိုတာ မဟုတ်ဘူးလို့ဆိုရင် ဒါက နာမ် (စိတ်) ရဲ့ ဆက်လက် ဖြစ်ပေါ်မှုစိတ် ဖြစ်စဉ်ကို ငြင်းပယ်တာဖြစ်တယ်။ ဘဝကို နားလည်ချင်တယ် ဆိုရင်တော့ ဘက်ပေါင်းစုံက စဉ်းစားကြရမှာပဲ။ ရုပ်ရော နာမ်ရော ထည့်တွက်ကြရမှာပဲ။ ကျွန်ုပ်တို့ အနေနဲ့ ရုပ်နာမ် နှစ်ခုစလုံးရဲ့ သဘောသဘာဝကို နားလည်တဲ့အခါ ကျွန်ုပ်တို့သည် သေပြီးနောက် ဖြစ်ရာဘဝ မရှိ။ တမလွန်ဘဝ မရှိဘူးဆိုပြီး ပြောလို့မရတော့ပါဘူး။ သေပြီးတစ်ဖန် ပြန်လည် မွေးဖွား ဖြစ်တည်ခြင်းလည်း မရှိဘူးလို့ မဆိုနိုင်ဘူး။ ဒီသေပြီးနောက်ဘဝ မရှိဘူး ဆိုတဲ့ အမြင်ဟာ မှားတယ်လို့ ဆိုရတာက ဘာကြောင့်လဲဆိုတော့ ဒီအယူဟာ ဘဝကို အပြည့်အစုံ မမြင်ဘဲ တစ်ခြမ်းပဲ့ အမြင် ဖြစ်နေလို့ပဲ ဖြစ်တယ်။

မပြည့်စုံတဲ့ ဘဝ အမြင် ဖြစ်နေတယ်။ ကမ္မနိယာမ သဘောတရားကို ဟောတော်မူတုန်းက ဗုဒ္ဓရှင်တော်မြတ်ဘုရားက သေပြီးရင် ပြီးရော၊ ပြတ်ရောလို့ဆိုတဲ့ ဘဝပြတ် အယူ (ဥစ္ဆေဒဒိဋ္ဌိ) ကို မဟောခဲ့ပါဘူး။ ဗုဒ္ဓဘာသာက အတ္တဝါဒကို ထာဝရ ဝိညာဉ်ကောင် ရှိတယ် ဆိုတာကို လက်မခံ ငြင်းပယ်ထားပေမဲ့ နောင်တမလွန် ဘဝဆက် ရှိတယ် ဆိုကာကိုတော့ လက်ခံထားတယ်။ ဒါပေမဲ့

နောင်ဘဝ တမလွန် ဘဝမှာ ဖြစ်တာဟာ လူဟောင်းက ရွှေ့ပြောင်းပြီး ဖြစ်တာ မဟုတ်ဘူး။ ခန္ဓာသစ်၊ လူသစ် အနေနဲ့ ဖြစ်တာကို ပြောတာ။ (ယောကျ်ားက မိန်းမဖြစ်၊ မိန်းမက ယောကျ်ားဖြစ်၊ တိရစ္ဆာန်က လူဖြစ်၊ လူက တိရစ္ဆာန်ဖြစ်တာ မျိုး အထက်မှ ပြခဲ့ပြီးပြီ)

တရားဓမ္မများကို အနှစ် ၄၅ နှစ် ကြာအောင် ကြာမြင့်စွာ သူ့ ဝေနေယျ တွေကို ဟောတော်မူစဉ် ကာလ တစ်လျှောက်လုံးမှာ မြတ်ဗုဒ္ဓဟာ မှန်းဆပြီး ကြံ တွေးပြီး ထင်မြင်ချက်နဲ့ ပြောတဲ့ ဆင်ခြေဆင်လက်တွေကို အားမပေးပါဘူး။ ဘီစီ ၅ ရာစု ကာလ အတွင်းတုန်းက အိန္ဒိယနိုင်ငံဟာ ကြီးကျယ်လှတဲ့ ပျားအုံကြီး တစ်ခုလိုပဲ။ အတွေးအခေါ် ပညာရှင်တွေ၊ ယောဂီတွေ၊ ဒဿနဆရာတွေ၊ ပညာရှိ မင်းတွေ၊ သာမန် ရပ်သူရွာသားတွေကအစ လူ့ ဘဝ၊ လူ့ ဖြစ်တည်မှုနဲ့ ပတ် သက်ပြီး တွေးကြ၊ မေးကြ၊ ရေးကြ၊ ပြောကြ၊ ငြင်းကြ၊ ခုံကြနဲ့ တလှုပ်လှုပ် တရွရွနဲ့ ပျားသလက်ကြီး ကျနေတာပဲ။

တချို့ ကိစ္စတွေဟာ လုံးလုံးလျားလျား မဆီမဆိုင်တာတွေ တောင်စဉ်ရေ မရ သဘောတွေလည်း ပါနေတယ်။ အကြောင်းအရာ မျိုးစုံကို အချိန်ကုန်ခံပြီး တစ်နေကုန် တစ်နေခန်း အချိန်တွေ ဖြုန်းပြီး ငြင်းခုံ ဆွေးနွေးနေတာမျိုးလည်း ရှိခဲ့ကြတယ်။ သူတို့က သူတို့ ဘယ်လောက် သိကြောင်း၊ ဘယ်လောက် တတ် ကြောင်း၊ ဘယ်လောက် နားလည်ကြောင်းကို ပြချင်တာက များပြီး တကယ့် လူ့ ဘဝ ပြဿနာတွေကို ဖြေရှင်းနိုင်တဲ့ အဖြေမှန်ကိုတော့ ရှာမပေးနိုင်ခဲ့ကြဘူး။ (၁၈ ရာစုတုန်းက အင်္ဂလန်ပြည်မှာလည်း ဒီလိုပဲ တောင်စဉ်ရေမရ အတွေးအခေါ် တွေကို ခနဲ့ချင်လို့ ဂျော်နသန် ဆွစ်ဖ်ဟာ သူရဲ့ ဂူလီဗား ခရီးစဉ် စာအုပ်ထဲမှာ လီလီပွတ် ဆိုတဲ့ လူစဉ် မမီသူ လူပုကလေးတွေနဲ့ သရုပ်ဖော် ပြပြီး ကြက်ဥဟာ ချွန်တဲ့ဘက်က ကွဲတာလား၊ ပြားတဲ့ဘက်က ကွဲတာလားဆိုပြီး ငြင်းရင်းက စစ်ဖြစ်ကြပုံကို နမူနာပြပြီး ခနဲ့ခဲ့ဖူးတယ်။

မြတ်ဗုဒ္ဓဟာ တောင်စဉ်ရေမရ မှန်းဆတွေးခေါ်ပြီး ငြင်းကြခုံကြတဲ့ အလုပ်ထဲမှာ မပါဝင်လိုဘူး။ ဒီလို အတွေးအခေါ်မျိုးဟာ အခြေအမြစ် မရှိလို့ လက်မခံခဲ့ပါဘူး။ အားလုံးကို ငြင်းပယ်တော်မူခဲ့တယ်။ မြတ်စွာဘုရားက ထောက်ပြ တာက လူတွေ ကြုံတွေ့နေရတဲ့ ပြဿနာတွေဟာ အတိတ်မှာလည်း မရှိဘူး။ အနာဂတ်မှာလည်း မဟုတ်ဘူး။ ပစ္စုပ္ပန် တည့်တည့်မှာပဲ ရှိတယ်။ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ အမြင်တွေဟာ လူသား ရင်ဆိုင်နေရတဲ့ ကိလေသာ အနှောင်အဖွဲ့တွေ ထဲက ရုန်းထွက်ရေး ကိစ္စမှာ ဘာတစ်ခုမှ အထောက်အကူ မပြုဘူး။ ကိလေသာ

အနှောင်အဖွဲ့ ဆိုတာက လူသားရဲ့ ဘဝကို တုပ်နှောင်ထားတဲ့ သံယောဇဉ် အနှောင်အဖွဲ့တွေ ဖြစ်တယ်။ လူကို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်စေတတ်တဲ့ တရားတွေ ဖြစ်တယ်။ ဒါဟာ ဘာဖြစ်လို့ ပေါ်လာရတဲ့ ဆင်းရဲ ဒုက္ခတွေလည်းဆို တော့ လူသားဟာ သူ လိုချင်သလောက်ရအောင် သူ့ လောဘကို သူ ပြည့်အောင် ဖြည့်နိုင်စွမ်း မရှိလို့ ဖြစ်လာရတာတွေပဲ ဖြစ်တယ်။ မြတ်ဗုဒ္ဓက နိဗ္ဗာန်သို့ ရှေးရှု ပို့ဆောင်တဲ့ လမ်းကြောင်းကို မလျှောက်ခင် လူသား အနေနှင့် ဦးစွာပထမ လုပ်သင့် တာက အမြင်မှန်ရရေးပဲ ဖြစ်တယ် ဆိုတာကို ထောက်ပြတယ်။ ကိုယ် ဘာကို ရှာ ရမလဲ ဆိုတာကို ရှင်းရှင်း သိမှသာလျှင် လိုရာ ပန်းတိုင်ကို ရောက်နိုင်မှာ အမှန် ဖြစ်တယ်။

## ပထမအကြောင်းတရားကို သိနိုင်သလား

*ဒီကမ္ဘာလောကကြီးဟာ ပထမ အကြောင်းတရား မရှိဘဲနှင့် ဘယ်လို စတင် ဖြစ်ပေါ်လာသလဲ ဆိုသော အချက်ကို သိနားလည်ရန်မှာ ကျွန်ုပ်တို့ အတွက် ခက်ခဲလှပါတယ်။ ဒါထက် ပိုပြီး ခက်ခဲတာကတော့ ကမ္ဘာ လောကကြီးကို ဖန်ဆင်းတဲ့ ပထမ အကြောင်းတရား ဖန်ဆင်းရှင်ကို သိဖို့ပဲ ဖြစ်တယ်။ ဖန်ဆင်းရှင် ဘယ်လိုဖြစ်ပေါ်လာတာ လဲ ဆိုတာ သိဖို့၊ ဖန်ဆင်းရှင်တို့ ဖန်ဆင်းတဲ့ ကနဦး အကြောင်းတရား ရဲ့ အစဟာ ဘာလဲဆိုတာကို သိဖို့က ပိုပြီးတောင် ခက်ပါသေးတယ်။*

ဗုဒ္ဓကတော့ ကမ္ဘာလောကကြီးရဲ့ အစ၊ လောကရဲ့ အစကို ကြံစည် စဉ်းစားလို့ မရနိုင်ဘူး။ အစိန္တိယျ ကိစ္စ ဖြစ်တယ်လို့ ဟောတော်မူတယ်။ ဘာကြောင့်လဲ ဆိုတော့ လူတိုင်းရဲ့ အတွေ့အကြုံအရ သိရတာက အကြောင်းက အကျိုး ဖြစ်ပေါ်သလို အကျိုးကလည်း အကြောင်း ပြန်ဖြစ်နေတယ်လို့ပဲ ဖြစ်ပါတယ်။ အကြောင်းနှင့် အကျိုးက စက်ဝိုင်းလို လည်နေတယ်။ ဒီစက်ဝိုင်းလို လှည့်လည် နေတဲ့ အရာရဲ့ အစကနဦး အကြောင်းကို သိဖို့ဆိုတာက မကြံစည်အပ်ဘူး။ ကြံ စည်ခြင်းငှာ မတတ်သာဘူး။ ဘဝရဲ့ အစနဲ့ ပတ်သက်ပြီး မြတ်ဗုဒ္ဓ ဟောတော်မူတာ

က ထပ်တလဲလဲ ဖြစ်နေတဲ့ သံသရာစက်ကြီး (မွေးလိုက် သေလိုက်ဖြစ်နေတဲ့ ဝဋ် သံသရာကြီး စက်ဝိုင်းကြီး) ဟာ သိနိုင်တဲ့ အဆုံး မရှိပါ။ သတ္တဝါတွေဟာ အဝိဇ္ဇာ ရဲ့ အတားအဆီး အပိတ်အပင်ကို ခံနေကြရတယ်။ ကိလေသာ တဏှာရဲ့ အနှောင် အဖွဲ့ကို ခံနေကြရတယ်။ သတ္တဝါရဲ့ အစကိုလည်း မသိနိုင်ဘူး။ (အနမတဂ္ဂ- သံသရာလို့ သံယုတ် ပါဠိတော်မှာ လာတယ်။) ဒီဘဝ အလျင်ဟာ အစအဆုံး မရှိ တဲ့ အနန္တရ ဖြစ်စဉ်ကြီး ဖြစ်တယ်။ အဝိဇ္ဇာ တဏှာဆိုတဲ့ ကိလေသာ အညစ်အကြေး ရွှံ့ရေတွေနဲ့ လိမ်းကျံနေသရွေ့ ကာလပတ်လုံး၊ ဘယ်အခါမှ မဆုံးနိုင်ဘူး။

အာကာသ ကောင်းကင်ကြီး ဘယ်နေရာမှာ အဆုံးသတ်သလဲ ဆိုတာကို တောင် စဉ်းစားရဖို့ ခက်ပါတယ်။ ဒီအတိုင်းပဲ ကာလဆိုတဲ့ အချိန် အတိုင်းအတာ ဟာလည်း ဘယ်အခါ ဘယ်နေရာမှာ အဆုံးသတ်မလဲ စဉ်းစားလို့ မရနိုင်ပါဘူး။ အချိန် ကာလ မရှိတဲ့အခါ ဘယ်တော့ ဖြစ်မလဲ။ စဉ်းစားလို့ရမှာ မဟုတ်ပါဘူး။ ဒီအတိုင်းပဲ။ ဒီကမ္ဘာ လောကကြီးကို ဘယ်တုန်းက စတင် ဖြစ်အောင် ပြုလုပ်ခဲ့တဲ့ ပထမ အကြောင်းတရား (First Cause) ဟာ ဘာဖြစ်သလဲ ဆိုတာကို သိဖို့ အလွန်ခက်ပါတယ်။ ဒါ့ထက်ပိုပြီး ခက်တာက အဲဒီ ကမ္ဘာကြီးကို စတင် ဖန်တီးတဲ့ ပထမ အကြောင်းကို သိဖို့ကျတော့ ပိုလို့တောင် ခက်ခဲပါသေးတယ်။ အဲဒီ ပထမ အကြောင်းတရား ဘယ်တုန်းက စတင် ဖြစ်ပေါ်လာတာလဲ သိဖို့ မလွယ်ပါ။ ဘာကြောင့်လဲဆိုတော့ တကယ်လို့ အဲဒီ ကမ္ဘာကြီးကို ဖန်ဆင်းတဲ့ ဖန်ဆင်းရှင် ပထမ အကြောင်းတရားကြီးကတော့ ဘယ်သူမှ မဖန်ဆင်းဘဲ သူ့ဘာသာ ဖြစ်လာတာလို့ ယုံကြည်နိုင်လို့ရှိရင်ကမ္ဘာပေါ်မှာ ဖြစ်နေတဲ့ ရုပ်နာမ်ဓမ္မတွေ အားလုံး ဟာလည်း ဘယ်သူမှ မဖန်ဆင်းဘဲ သူ့ဘာသာ ဖြစ်လာတာလို့ မယုံကြည်နိုင်စရာ ဘာ အကြောင်းမှ မရှိပါဘူး။

ပထမ ဖန်ဆင်းရှင်၊ ပထမ အကြောင်းတရားကြီး မရှိဘဲနှင့် သတ္တဝါတွေ ဘယ်လိုလုပ်ပြီး ဖြစ်တည်လာကြတာလဲ ဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ဗုဒ္ဓ ဖြေကြားပုံကတော့ အဲဒီ မေးခွန်းအတွက် အဖြေ မရှိဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ မေးတဲ့ မေးခွန်းကိုယ်၌က အကန့်အသတ်ရှိတဲ့ လူ့ အတွေးအကြံ အသိဉာဏ်နဲ့ မေးခွန်း ဖြစ်နေလို့ပဲတဲ့။ အကယ်၍ ကျွန်ုပ်တို့သည် သဘာဝ လောကကြီးရဲ့ ကာလသဘောရဲ့ အညမည (ရီလေတစ်ဗိတီ) ဖြစ်စဉ်ကြီးကို နားလည်လို့ရှိရင် ဒီလောက ဒီအချိန်ကာလမှာ အစမရှိဘူး ဆိုတဲ့ တရားကို နားလည် သဘောပေါက် လာပါလိမ့်မယ်။ ထောက်ပြနိုင်တာက ပြောခဲ့တဲ့ မေးခွန်းကို ဖြေနေကြတဲ့ အဖြေ တွေ အားလုံးဟာ အခြေခံအားဖြင့် အလွဲချည်းသာ မှတ်ပါ။ အကယ်၍ အရာဝတ္ထု

တစ်ခုမှာ စတင် ဖြစ်ပေါ်လာဖို့ အတွက် ဒီပစ္စည်းကို ဖန်ဆင်းတဲ့၊ ပြုလုပ်တဲ့ ဖန်ဆင်းရှင် ရှိရမယ်လို့ဆိုရင်၊ ယုတ္တိရှိရှိ စဉ်းစားတတ်လို့ ရှိရင် အဲဒီဖန်ဆင်းရှင်ကို ဖြစ်အောင် ဖန်ဆင်းတဲ့ နောက်ဖန်ဆင်းရှင် တစ်ခုလည်း ရှိရဦးမှာပဲ။ ဒီလိုသာ ဖန်ဆင်းတဲ့သူရဲ့ ဖန်ဆင်းသူကို လိုက်ပြီး စူးစမ်းလိုက်ရင် အဲဒါ ဘယ်တော့မှ ဆုံးတော့မှာ မဟုတ်ပါဘူး။ ဖန်ဆင်းရှင်ရဲ့ ဖန်ဆင်းရှင်၊ ဖန်ဆင်းရဲ့ ဖန်ဆင်းရှင် ဆိုပြီး နောက်ဆုတ် စဉ်းစားကြည့်စမ်း။ ဘယ်နေရာမှာ ဆုံးဦးတော့မလဲ။ တစ်နည်းဆိုတော့ အဲဒီ ကနဦး ဖန်ဆင်းရှင်မှာတော့ ဖန်ဆင်းတဲ့ အကြောင်း မရှိဘူး။ သူ့ဘာသာသူ ဖြစ်တည်နေတယ်ဆိုရင် ဒီဖန်ဆင်းလည်း အစမရှိတဲ့ အရာဖြစ်ပြီး ဒီဆင်ခြင် စဉ်းစားပုံ တစ်ခုလုံး ပျက်စီးသွားတာပါပဲ။ ဖန်ဆင်းရှင် ဝါဒဟာ ဘယ်ပြဿနာကိုမှ မရှင်းနိုင်ပါဘူး။ ဒီအယူအဆကြောင့် လက်ရှိ ပြဿနာဟာ ပိုပြီးတောင် ရှုပ်ထွေးကုန်မှာပဲ။

ဒါကြောင့် ဗုဒ္ဓဘာသာမှာတော့ ကမ္ဘာဦးအစ သတ္တဝါအစကို လိုက်ရှာတဲ့ ဖန်ဆင်းရှင် သဘောတရားကိုရော၊ ယုံကြည်မှုတွေကိုရော၊ ရေးကြီးခွင်ကျယ် သဘောမထားဘူး။ အရေးကြီးတဲ့ ကိစ္စ တစ်ခု ဖြစ်တယ်လို့ လုံးဝ မယူဆဘူး။ ကမ္ဘာကြီးကို ဖန်ဆင်းရှင်ဘုရားက ဖန်ဆင်းလို့ပဲ ဖြစ်ဖြစ်၊ သူ့ အလိုလို ဖြစ်လာတာပဲ ဖြစ်ဖြစ် ဘာ အကြောင်းထူးမလဲ။ ဘာမှ အကြောင်း မထူးပါဘူး။ အဲဒီကမ္ဘာဦး အစ၊ သတ္တဝါ အစကို လိုက်ရှာနေဖို့ အရေးထက် ကိုယ့်ဘဝ ကိုယ့်ဒုက္ခက လွတ်မြောက်ဖို့ အရေးကသာ ပိုပြီး အရေးကြီးတယ်လို့ ရှုမြင်တယ်။

သိပ္ပံပညာရှင်များသည် ဘဝ ဖြစ်တည်မှုကို အထောက်အပံ့ ဖြစ်စေသော အကြောင်းတရား များစွာကို ရှာဖွေ ဖော်ထုတ်နိုင်ခဲ့ကြပြီးပြီ။ သစ်ပင် အကြောင်းတွေ၊ ဂြိုဟ်နက္ခတ် အကြောင်းတွေ၊ ဓာတ်အကြောင်းတွေ၊ အခြားသော စွမ်းအင် အကြောင်းတွေကို ရှာဖွေ ဖော်ထုတ်နိုင်ခဲ့ကြတယ်။ ဒါပေမဲ့ ဘဝရဲ့ ဘယ်အရာ တစ်စုံတစ်ခု အတွက်မှ ပထမ အကြောင်းတရားကို ဖော်ထုတ်နိုင်ခဲ့ခြင်း မရှိဘူး။ (သစ်ပင်တွေရဲ့ အစပထမ အကြောင်း၊ ဂြိုဟ်နက္ခတ်တွေကို စတင် ဖြစ်ပေါ်စေခဲ့တဲ့ ပထမ အကြောင်း၊ ဓာတ်တွေ ဖြစ်ပေါ်စေခဲ့တဲ့ ပထမ အကြောင်း စသည်)

အကယ်၍ သူတို့ဟာ ဘဝ ဖြစ်တည်မှု အတွက်၊ အရာဝတ္ထု တစ်ခုအတွက်၊ ပထမ အကြောင်းတရားကို ရှာဖွေနေကြဆဲ ဖြစ်တယ်ပဲ ထားပါဦး။ သူတို့က အကြောင်း တစ်ခုခုကိုသာ ဒါဟာ အဓိက အကြောင်းပဲလို့ ပြောနိုင်တယ် ထားပါ။ အဲဒီ အကြောင်းဟာ စတင် ဖြစ်ပေါ်စေခဲ့တဲ့ ပထမဆုံးသော အကြောင်းတရားတော့ ဖြစ်မလာပါဘူး။ ဘဝတွေ၊ အရာဝတ္ထုတွေရဲ့ စတင် ဖြစ်ပေါ်ခြင်း ကနဦး

အကြောင်းကို တစ်ခုပြီး တစ်ခု ရှာခဲ့ကြရာမှာ သူတို့ အနေနဲ့ မူလနေရာ ကိုပဲ ပြန်ရောက်လာတတ်ကြတယ်။ ဒီလို ဖြစ်ရတာက အကြောင်း တစ်ခုကြောင့် အကျိုး တစ်ခု ဖြစ်ပေါ်လာပြီး အဲဒီအကျိုးတရားကပဲ နောက်အကျိုး တစ်ခုအတွက် အကြောင်း ပြန်ဖြစ်သွားတာကြောင့် ဖြစ်တယ်။ ဒါကြောင့် မြတ်စွာဘုရားက "လောကကြီးရဲ့ အစကို မသိနိုင်ဘူး။ ငါ မြင်လည်း မမြင်ဘူး"လို့ ဟောပါတယ်။ စကြဝဠာကြီးဟာ အစမရှိတဲ့ ဖြစ်စဉ်ကြီးပဲ ဖြစ်တယ်။

## ထာဝရဝိညာဉ်ဆိုတာ ရှိသလား

*လူ့ ဝိညာဉ်ကို ထာဝရ ဝိညာဉ် ဖြစ်တယ်လို့ ယူတဲ့ အယူဟာ အယူမှားပါ။*

### ဝိညာဉ်သီဝရီများ

ဝိညာဉ် သဘောတရား သီဝရီနှင့် ပတ်သက်လာလျှင် ဤကမ္ဘာပေါ်မှာ ဆရာ သုံးမျိုး ရှိတယ်။

ပထမ အမျိုးအစား ဆရာက ထာဝရ ဝိညာဉ်ကောင် အတ္တကောင် ဆိုတာ ရှိတယ်။ ဒီဝိညာဉ်ကောင် အတ္တကောင်ဟာ ဘယ်တော့မှ မသေဘူးလို့ ယူတာ။ ဒီဆရာကို သဿတဒိဋ္ဌိသမားလို့ ခေါ်ရတယ်။

ဒုတိယ အမျိုးအစား ဆရာက အတ္တဝိညာဉ်ဟာ ခဏပဲ တည်ရှိနေနိုင်တယ်။ သေဆုံးတဲ့အခါ လုံးဝ ပျက်စီး ပျောက်ကွယ်သွားတယ်။ ဒါက ရုပ်ဝါဒီရဲ့ အမြင်ပါ။

တတိယ အမျိုးအစား ဆရာက ထာဝရ ဝိညာဉ်ကောင်လည်း မရှိဘူး။ တစ်ခဏ ဝိညာဉ် ဆိုတာလည်း မရှိဘူး။ ဒီတရားကို ဟောတော်မူတာကတော့ မြတ်ဗုဒ္ဓပါ။ မြတ်ဗုဒ္ဓက ကျွန်ုပ်တို့ ခေါ်နေတဲ့ အတ္တဝိညာဉ်ကောင်၊ ငါ၊ ကိုယ်၊ ပုဂ္ဂိုလ်၊ သတ္တဝါ ဆိုတာတွေဟာ သမုတိသစ္စာတွေ၊ အခေါ်ရှိတွေသာ ဖြစ်တယ်။ အမှန်က ပရမတ္ထ သစ္စာတရားကို ကိုယ်စား မပြုဘူး။ သီးခြား တည်နေနိုင်တဲ့ တရားတွေ မဟုတ်ဘူး။ ဗုဒ္ဓဘာသာတရားအရ လောကထဲမှာ ကောင်းကင်ဘုံက

ကျလာတဲ့ ထာဝရ ဝိညာဉ် ဆိုတာမျိုး၊ သူ့ဘာသာသူ ဖြစ်တည်လာတဲ့ ထာဝရ ဝိညာဉ်တော် နာမ်ဘုရား၊ ဖန်ဆင်းရှင် ရှိတယ် ဆိုတာမျိုး၊ နာမ်ဝိညာဉ်ကောင်က လူ သေပေမဲ့ သူက မသေဘဲ သေသူရဲ့ ရုပ်ခန္ဓာက ထွက်ခွာပြီး နောက်အမိဝမ်း ထဲဝင်ပြီး ပဋိသန္ဓေ ယူတယ် ဆိုတာမျိုး၊ အဲဒီ အတ္တဝိညာဉ်ကောင်က သုခဘုံမှာ စံရတယ်၊ ငရဲမှာ ကျခံရတယ် ဆိုတာတွေဟာ ယုတ္တိယုတ္တာ မရှိဘူး။ ဆင်ခြင် တုံတရားနဲ့လည်း မကိုက်ညီဘူးလို့ ယူဆထားတယ်။ မြဲတဲ့ တရား၊ ထာဝရ တည် နေနိုင်တဲ့ တရားမျိုးဟာ ဒီကမ္ဘာပေါ်မှာလည်း မရှိဘူး။ ၃၁ ဘုံ ဘယ်နေရာမှာမှ လည်း ရှိတယ်လို့ မယူဆဘူး။ အဲဒီ ထာဝရ ဝိညာဉ်ကောင် ရှိတယ် အယူအဆကို ဗုဒ္ဓဘာသာမှာ လုံးဝ လက်မခံဘူး။ ကျွန်ုပ်တို့ဟာ ဘဝကို ငြီးငွေ့တဲ့ စွဲလမ်းမှု ကြောင့်၊ ဒီဘဝထဲ ကြာကြာနေချင်တဲ့ တဏှာကြောင့်၊ သေခြင်း မရှိ၊ ပြောင်းလဲခြင်း မရှိတဲ့ တရားကို မျှော်လင့် တောင့်တနေကြတာ ဖြစ်တယ်။ ဒါက ဘာနဲ့ တူသလဲ ဆိုတော့ သက်တံကို လက်နဲ့ ဖမ်းပြီး ဆုပ်ကိုင်ချင်တဲ့ ကလေးရဲ့ လိုချင်တမ်းတ မှုမျိုးနဲ့ တူတယ်။ ကလေးတွေ သက်တံကို လိုချင်လို့ တောင်းဆိုတာက တော် သေးတယ်။ ဒါက တကယ် မြင်နေရလို့ တကယ် သက်တံက ရှိနေလို့ တောင်း တာ။ လူကြီးတွေကတော့ သိတာပေါ့။ သက်တံ ဆိုတာ နေရောင်ခြည်နဲ့ မိုးတိမ် တွေ တွေ့လို့ ပေါ်လာတာ ဆိုတာ၊ အလင်းရောင် ဆိုတာကလည်း အလင်းလှိုင်း တွေ၊ ခုပေါ် ခုပျက်နေတဲ့ အရာတွေပဲ။ သက်တံနဲ့ မထူးပါဘူး။

လူတွေဟာ ဒီ အတ္တ ဝိညာဉ် ဆိုတာကြီးကို တွေ့လည်း မတွေ့ရဘဲနဲ့ တွေ့နိုး တွေ့နိုးနဲ့ ရှာနေကြတာ ကြာလှပေါ့။ ဒါတောင် လူတွေ ရင်ထဲမှာ မောရ မှန်း ပန်းရမှန်း မသိဘူး။ ရာစုနှစ်တွေသာ တစ်ခုပြီး တစ်ခု ကုန်ဆုံးသွားတယ်။ ဝိညာဉ်ကောင် အတ္တကို တွေ့ဖူးတယ် ဆိုတာလည်း မရှိပါဘူး။ ပြီးတော့ ဒီဝိညာဉ် ကောင် အတ္တကောင် ရှိတယ်လို့ ရော်ရမ်း မှန်းဆပြီး တွေးတော မျှော်လင့်နေတဲ့ စိတ်ကူး အလုပ်ကြီးကို လုပ်ခဲ့ကြတော့ လူ့ လောက အတွက် ဘာ ကျေးဇူး များခဲ့ သလဲ ဆိုပြန်တော့လည်း ဘာမှ အကျိုး ဖြစ်ထွန်းခြင်း မရှိခဲ့ပါဘူး။ ဒီအတ္တဝိညာဉ် ကောင်ကို ရှာနေကြပုံက မှောင်မိုက်နေတဲ့ ဘာမှ မရှိတဲ့ အခန်း တစ်ခုထဲမှာ တစ် ခုခုကို လိုက်ရှာနေကြသလိုပဲ။ ဒါပေမဲ့ သနားစရာ လူသား အများစုကတော့ အခန်းထဲမှာ သူ ရှာနေတဲ့ ပစ္စည်း မရှိဘူး ဆိုတာကို မသိရှာဘူး။ ဒီလို အန္ဓပုထုဇဉ် လူ မလိမ္မာကို သူ ရှာနေတဲ့ အလုပ်ဟာ ဘာမှ အသုံးမကျတဲ့ အချည်းနှီး အလုပ် ကြီး ဆိုတာကို သဘောပေါက်အောင် ပြောဖို့ အတော် ခက်တယ်။

ဒီလိုပဲ ဝိညာဉ်ကောင် အတ္တကောင် ရှိတယ်လို့ ယုံကြည် စွဲလမ်းနေမှုတွေကိုလည်း အဲဒီ ဝိညာဉ်ကောင် ဆိုတာ ဘာလဲ။ ဝိညာဉ်ကောင် ဘယ်နေရာမှာ ရှိသလဲလို့ ပြောဖို့ မလွယ်ပြန်ဘူး။ ဗုဒ္ဓရှင်တော်မြတ်ဘုရားက မလိုအပ်တဲ့ မျှော်ရမ်းမှန်းဆပြီး တွေးတော ဆင်ခြင်နေတာတွေနဲ့ အချိန်ကုန် ခံမနေဘဲနဲ့ မိမိတို့ရဲ့ ဘဝ လွတ်မြောက်ရေးကိုသာ အားသွန်ခွန်စိုက် လုပ်ဆောင်သင့်ကြောင်းကို ဆုံးမတော်မူတယ်။ ကျွန်ုပ်တို့ အနေနှင့် ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ ပြည့်စုံတဲ့အခါကျရင် လောကမှာ ဝိညာဉ်ကောင် အတ္တကောင် ရှိသလား။ မရှိဘူးလား ဆိုတာ ကွဲကွဲပြားပြား နားလည်သွားမှာပါ။ ဝစ္ဆဂေါတ ဆိုတဲ့ ပရိဗိုဇ်က မြတ်ဗုဒ္ဓကို မေးတယ်။ အတ္တ ဆိုတာ ရှိသလားလို့ မေးတာ။ ဝတ္ထုကြောင်းက ဒီလိုပါ။

ဝစ္ဆဂေါတ ရောက်လာပြီး မြတ်စွာဘုရားကို မေးခွန်း ထုတ်တယ်။

"ရှင်ကြီး ဂေါတမ၊ အတ္တ ဝိညာဉ်ကောင် ရှိပါသလား"

ဗုဒ္ဓက မဖြေဘဲ ဆိတ်ဆိတ် နေတော်မူတယ်။

ဝစ္ဆဂေါတက ထပ်ပြီး မေးပြန်တယ်။

"ရှင်ကြီး ဂေါတမ။ အတ္တ ဝိညာဉ်ကောင် ဆိုတာ မရှိဘူးလား"

ဗုဒ္ဓက ဆိတ်ဆိတ်ပဲ နေတော်မူတယ်။ မဖြေဘူး။

ဝစ္ဆဂေါတလည်း ဆက်မမေးဘဲ ထ,ထွက်သွားတယ်။

ဝစ္ဆဂေါတ ပရိဗိုဇ် ထွက်သွားပြီးမှ ရှင်အာနန္ဒာက မြတ်စွာဘုရား အနီးသို့ ကပ်ပြီး မေးလျှောက်တယ်။ မြတ်စွာဘုရား ဘာကြောင့် ဝစ္ဆဂေါတရဲ့ အမေး ပုစ္ဆာများကို မဖြေဘဲ ဆိတ်ဆိတ် နေတော်မူပါသလဲဘုရားလို့ မေးတယ်။ ဒီအခါကျမှ ဗုဒ္ဓရှင်တော်မြတ်ဘုရားက သူ ဆိတ်ဆိတ် နေရခြင်း အကြောင်းကို ရှင်းလင်း ဟောကြားတော်မူတယ်။

"အာနန္ဒာ. . . ပရိဗိုဇ် ဝစ္ဆဂေါတ မေးတာက "အတ္တ ရှိသလား"လို့ မေးတယ်။ အကယ်၍ ငါ ဘုရားက "အတ္တ ရှိတယ်"လို့ ဖြေလိုက်လို့ရှိလျှင် အဲဒါ သဿတဒိဋ္ဌိ ရှိတဲ့ ဗြဟ္မာဏတွေ၊ ပရိဗိုဇ်တွေ၊ ရသေ့တွေရဲ့ အယူကို ယူရာကျတယ်။

"ပြီးတော့ အာနန္ဒာ. . . ဝစ္ဆဂေါတ ပရိဗိုဇ် မေးတာက "အတ္တ မရှိဘူးလား" လို့ မေးတာ။ တကယ် သူ့ အမေးကို ငါ ဘုရားက "အေး. . . ဟုတ်တယ်။ အတ္တ မရှိဘူး"လို့ ဖြေလိုက်လို့ ရှိပြန်ရင်လည်း ငါဟာ ဥစ္ဆေဒဒိဋ္ဌိ ရှိတဲ့ ရသေ့တွေ၊ ပရိဗိုဇ်တွေ ဗြဟ္မာဏတွေ ဘက်ကို ရောက်သွားလိမ့်မယ်။

"ပြီးတော့ အာနန္ဒာ. . . တကယ်၍ ငါက အတ္တ ရှိတာပေါ့လို့ ဖြေလိုက်လို့ ရှိရင် ငါ ဟောကြားထားတဲ့ 'သဗ္ဗေဓမ္မာ အနတ္တာ' ဆိုတဲ့ တရားနဲ့ ကိုက်ညီပါဦးတော့မလား"

"မကိုက်ညီတော့ပါဘုရား"

"ပြီးတော့ အာနန္ဒာ. . . ဒီပရိဗိုဇ်က ငါ့ကို အတ္တ မရှိဘူးလားလို့ မေးတာကိုက "အေး. . . အတ္တ မရှိဘူး"လို့ ဖြေပြန်ရင်လည်း အစကတည်းက သူ့ ခေါင်းထဲမှာ ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေတာကို ပိုပြီး ရှုပ်ထွေးသွားအောင် လုပ်သလို ဖြစ်သွားမယ်။ သူ့ စိတ်ထဲမှာ အစက ငါ့မှာ အတ္တ ရှိခဲ့တယ်။ ခုမှ မရှိတော့တာလို့ တွေးဆသွားနိုင်တယ်။ (သံယုတ္တနိကာယ်)။ ဗုဒ္ဓရှင်တော်မြတ်က ဝိညာဉ်ကောင် အတ္တကောင် ရှိတယ်လို့ မျှော်ရမ်း မှန်းဆပြီး တွေးတော ယူဆနေကြတာကို အသုံးမကျတဲ့ ထင်ယောင်ထင်မှား ဝိပလ္လာသ တစ်ခုသာ ဖြစ်တယ်လို့ သဘောထားတော်မူတယ်။ အဝိဇ္ဇာနဲ့ ဝိပလ္လာသ တရားတွေကြောင့် လူတွေက သူတို့မှာ သေတဲ့အခါ ကိုယ်ကခွာပြီး သီးခြား ဖြစ်တည်နေနိုင်တဲ့ ဝိညာဉ်ကောင် အတ္တကောင် ရှိနေတယ်ဆိုပြီး ထင်နေကြခြင်းသာ ဖြစ်တယ်။ သူတို့ နှလုံးသားမှာ ဒီအတ္တစွဲကို ငြိတွယ်နေကြတယ်။ စွဲလမ်းနေကြတာ ဖြစ်တယ်။ ဒီလူတွေက နတ်ပြည်၊ နတ်ချမ်းသာကို လိုချင်ကြ၊ ခံစားချင်နေကြတာ။ ကောင်းကင်ဘုံ နတ်ပြည်မှာ ဒီအတ္တကောင်က နက်စည်းစိမ် နတ်ချမ်းသာကို ခံစားရဖို့ အစွဲသန်နေကြတာ။ ဒီတော့ ဒီလိုတွေဟာ ဓမ္မလမ်းကြောင်း ဖြောင့်မတ်မှုကို မသိနိုင်၊ မမြင်နိုင်ကြဘူး။ လူ့ စိတ်နှလုံးသားထဲမှာ တစ်ကိုယ်ကောင်း ခံစားလိုမှုနဲ့ ဒီအတ္တကောင်ကို လက်ခံထားတဲ့ အယူကြောင့် ဘဝတဏှာ (ဖြစ်တည်ခြင်းကို နှစ်သက်လိုလားတဲ့ တဏှာ) ဖြစ်နေကြရတာ ဖြစ်တယ်။

## အနတ္တ၊ အတ္တ မရှိခြင်းဒေသနာ

မြတ်ဗုဒ္ဓသည် အတ္တဝါဒ၊ အတ္တရှိသည်ဟု မှန်းဆ တွေးတောမှု အားလုံးကို သူ၏ အနတ္တ ဝါဒ အမြင်ဖြင့် ဆန့်ကျင် ငြင်းပယ်ခဲ့တယ်။ အနတ္တ ဆိုသော စကားလုံးကို ဝိညာဉ်မဲ့ အယူ၊ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ မရှိ အယူဝါဒ၊ အတ္တစွဲ မရှိဝါဒ စသည်အားဖြင့် အမျိုးမျိုး ဘာသာပြန်ကြတယ်။

အနတ္တ သဘောတရားကို နားလည်ဖို့အတွက် ထာဝရ ဝိညာဉ် ရှိသည် ဆိုသော ထာဝရ အတ္တဝါဒကို အရင် နားလည်ဖို့ လိုတယ်။ "ငါ့မှာ ဝိညာဉ်ကောင်

ရှိတယ်" ဆိုတာနဲ့ "ငါ့မှာ ဘာ ဝိညာဉ်ကောင်မှ မရှိဘူး"ဆိုတဲ့ ရုပ်ဝါဒ အမြင် နှစ်ခုစလုံးဟာ မိမိ ခန္ဓာရဲ့ သဘောသဘာဝ အမှန်ကို နားလည်ရေး ကိစ္စနဲ့ သံသရာ ဝဋ်ဆင်းရဲက လွတ်မြောက်ရေး ကိစ္စမှာ အဟန့်အတားတွေ ဖြစ်ကြတယ်။ အဲဒီ အမြင်မှား အယူမှားတွေ ပေါ်ပေါက်လာရတာက "ငါ ရှိတယ်"ဆိုတဲ့ အမြင်မှား အထင်မှား (သက္ကာယဒိဋ္ဌိ) ကြောင့် ဖြစ်တယ်။ ဒါကြောင့် အနတ္တ သဘော တရားကို နားလည်းရေးကိစ္စမှာ နားလည်ချင်သူဟာ ပြောခဲ့တဲ့ အယူမှား အမြင်မှားတွေကို မစွဲလမ်းဖို့ အရေးကြီးတယ်။ တစ်နည်းဆိုပေ‌ရ‌ ဓမ္မဓိဋ္ဌာန်ကျတဲ့ သဘာဝကို ရှိအတိုင်းတိုင်း မဖောက်မပြန် မြင်တဲ့ ယထာဘူတ ဉာဏ်အမြင် ရရှိရေးပဲ ဖြစ်တယ်။ သဘာဝကို ရှုမြင်တဲ့အခါ ကိုယ့် စိတ်က ဖန်တီးပြီး ကြည့်တဲ့ အကြည့်မျိုး မဖြစ်ဖို့ လိုတယ်။

လူတွေ ပြောနေကြတဲ့ ငါ၊ ကိုယ်၊ ဝိညာဉ် ဆိုတာတွေဟာ စင်စစ် ဘာတွေလဲဆိုတာ သိအောင် လေ့လာဖို့ လိုတယ်။ အနတ္တ သဘော ဖြစ်တဲ့ အဆက်မပြတ် ပြောင်းလဲနေတဲ့ ဖြစ်ပျက်နေတဲ့ ရုပ်နာမ် ဖြစ်စဉ်ပဲ ရှိတယ်။ ဒီသဘောကို သိမြင် နားလည်ဖို့ အတွက် ခွဲခြမ်း စိတ်ဖြာ လေ့လာကြည့်ဖို့ လိုမယ် ထင်တယ်။

မြတ်ဗုဒ္ဓက မိမိကိုယ် ထဲမှာ ထာဝရ တည်မြဲနေတဲ့ တစ်စုံတစ်ခု ရှိတယ်လို့ ထင်မြင် ယူဆနေတာဟာ ရုပ်ဓမ္မ နာမ်ဓမ္မတွေ ပေါင်းစပ် ဖြစ်နေတဲ့ ပဥ္စက္ခန္ဓာ ခေါ်တဲ့ ခန္ဓာ ငါးပါး စွမ်းအားစုကြီးပဲ ဖြစ်တယ်လို့ ဟောကြား ဆုံးမတော်မူတယ်။ ပဥ္စက္ခန္ဓာလို့ ခေါ်တဲ့ ခန္ဓာငါးပါးဆိုတာ ရူပက္ခန္ဓာလို့ ခေါ်တဲ့ ရုပ်ကောင်၊ ရုပ်ခန္ဓာကြီးရယ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ ဝိညာဏ်လို့ ခေါ်တဲ့ နာမက္ခခန္ဓာ လေးခု အစုအဝေးကြီးပဲ ရှိတယ်။ ဒီခန္ဓာ ငါးပါး ရုပ်တရား နာမ်တရား အစုကြီးဟာလည်း မရပ်မနားဘဲ တရစပ် ပြောင်းလဲ ဖြစ်ပျက်နေတဲ့ ခဏတာမျှသာ တည်ခြင်းသဘော ရှိတဲ့ ဖြစ်စဉ်ကြီးပဲ ဖြစ်တယ်။ ဒါကြောင့် ဒီခန္ဓာ ငါးပါးဟာ မနေ့ကနဲ့ ဒီနေ့ မတူဘူး။ စောစောကနဲ့ ခု ဖြစ်ပျက်နေတာ မတူဘူး။ ဒါတွေဟာ ရုပ်နာမ် ဘဝ ဖြစ် တည်ခြင်း သဘော (Psycho-Physical Life) ရဲ့ အပေါင်းအစု အစိတ်အပိုင်းတွေမျှသာ ဖြစ်တယ်။ ဒီရုပ်နာမ်ဓမ္မ ဖြစ်တည်ခြင်း ဘဝကို မြတ်ဗုဒ္ဓက ခွဲခြမ်းစိတ်ဖြာ လေ့လာကြည့်တဲ့အခါ ကိုယ်တော်မြတ်ကြီးရဲ့ ဉာဏ်တော် ထဲမှာ ဒီခန္ဓာ ငါးပါး ဆိုတဲ့ စွမ်းအင် ငါးမျိုးကိုပဲ မြင်တွေ့ရတယ်။ မြတ်စွာဘုရားရဲ့ သဗ္ဗညုတဉာဏ်တော် ထဲမှာ ထာဝရ တည်နေနိုင်တဲ့ ဝိညာဉ်ကောင် ဆိုတာ ဘယ်နေရာမှာမှ မတွေ့ရပါဘူး။ ဒါပေမဲ့ လူအများ စိတ်ထဲထင်နေတာက သိတတ်တဲ့ ဝိညာဏ်စိတ်ကို ဝိညာဉ်ကောင်၊ အတ္တကောင် မှတ်နေကြတာ တွေ့ရတယ်။ မြတ်စွာဘုရားက

ရှင်းရှင်းပြတ်ပြတ် မိန့်တော်မူတာက ဝိညာဏ် သိစိတ်ဟာ ရုပ်အပေါ် မှာ တည်မှီပြီးမှ ဖြစ်ပေါ်နိုင်တာ ဖြစ်တယ်။ ဝေဒနာ၊သညာ သင်္ခါရ ပေါ်မှာလည်း တည်နေတယ်။ သူ့ချည်း သက်သက် တစ်ဘာသာ လွတ်လပ်စွာ ဖြစ်ပေါ်နိုင်ရိုး ထုံးစံ မရှိဘူးလို့ ဟောထားပါတယ်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားက "ရဟန်းတို့. . . ရုပ်သည် ကိုယ် အတ္တ၊ ငါ မဟုတ်။ ဝေဒနာသည်လည်း ငါ ကိုယ် မဟုတ်။ သညာသည်လည်း ငါ ကိုယ် မဟုတ်။ သင်္ခါရသည်လည်း ငါ ကိုယ် မဟုတ်။ ဤသို့ သိမြင် နားလည်ပြီးနောက် ငါ၏ ချစ်သား တပည့်များ အနေနှင့် ရုပ်ခန္ဓာကို သော်လည်းကောင်း၊ ဝေဒနာကို သော်လည်းကောင်း၊ သညာကို သော်လည်းကောင်း၊ သင်္ခါရကို သော်လည်းကောင်း၊ ဝိညာဏ်စိတ်ကို သော်လည်းကောင်း တန်ဖိုး ရှိသည်ဟု မယူအပ်။ ထိုခန္ဓာ ငါးပါးတို့ အပေါ်မှာ တန်ဖိုးမဲ့ကို သိမြင်သောအခါ အကြင်သူသည် ထိုခန္ဓာငါးပါး တို့ အပေါ်မှာ တပ်မက်ခြင်း တဏှာ ကင်းပျောက်၍ လွတ်မြောက်သွားလိမ့်မယ်။ လွတ်မြောက်ခြင်းကို သိသော ဝိမုတ္တိဉာဏ်သည်လည်း သူ၏ အဇ္ဈတ္တ သန္တာန်မှာ ထင်ရှား ဖြစ်ပေါ်လာလိမ့်မယ်။ ထိုအခါ၌ ထိုသူသည် ငါ့မှာ ပြုဖွယ်ကိစ္စ အားလုံး ကို ပြုပြီးပြီဟု သိမြင် နားလည်လာမည်။ ထိုအခါ သူသည် စင်ကြယ်သော အရိယာ အဖြစ်သို့ ရောက်ပြီး ဟိုဘဝ ဤဘဝတို့မှာ နောက်ထပ် ပဋိသန္ဓေ နေခြင်း ဆင်းရဲ ကင်းပြီး ထိုသူမှာ ဇာတိ ပဋိသန္ဓေနေခြင်း ကိစ္စသည် ပျက်စီးပြီး ဖြစ်တယ်။ (အနတ္တ လက္ခဏာသုတ်)

အနတ္တ သဘောတရားကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်မှာ လွန်ပြီးသော အနှစ် ၂၅၀၀ ကျော်အခါက ဖြစ်တယ်။ ယခု မျက်မှောက် လောက ထဲမှာ သိပ္ပံပညာ၏ အတွေးအခေါ် ဖြစ်ပေါ်နေပုံမှာလည်း ဗုဒ္ဓ ဟောတော်မူခဲ့သော အနတ္တသဘော သို့မဟုတ် ဝိညာဉ်ကောင် အတ္တကောင် မရှိဆိုသော သဘော အတိုင်းပင် ဖြစ်တယ်။ ခေတ်သိပ္ပံပညာ ဆရာကြီးများ၏ အမြင်မှာလည်း လူဆိုတာ အမြဲ ဖြစ်ပျက် ပြုပြင် ပြောင်းလဲနေတဲ့ ခံစားမှု အစုအပေါင်းပဲ ဖြစ်တယ်။ ခေတ်သစ် ရူပဗေဒ သိပ္ပံပညာရှင်များ ပြောကြတာက ခုမြင်နေရတဲ့ ထုထည် ပမာဏ အစိုင်အခဲ ဖြစ်နေတယ် ထင်တဲ့ စကြဝဠာကြီးဟာ စင်စစ်တော့ ဘာ အစိုင်အခဲ အထည်ဒြပ်မျှ မရှိဘူး။ အမှန်စစ်က စွမ်းအင်များ အလျဉ်မပြတ် ပြောင်းလဲ ဖြစ်ပေါ်နေတဲ့ ဖြစ်စဉ်ကြီး (Flux) တစ်ခုသာပဲ ဖြစ်တယ်။ ရူပဗေဒ သိပ္ပံပညာရှင်များရဲ့ အမြင်မှာ တစ်လောကလုံးဟာ စွမ်းအားများ အဆက်မပြတ် တရစပ် ဖြစ်ပျက် ပြောင်းလဲနေတဲ့ ဖြစ်စဉ်ကြီး စွမ်းအင် မျိုးစုံရဲ့ ဖြစ်စဉ်ကြီး

တစ်ခု ဖြစ်ပြီး လူဟာ အဲဒီ ဖြစ်စဉ်ကြီး ထဲမှာပါတဲ့ အစိတ်အပိုင်း တစ်ခုသာ ဖြစ်တယ်။ ဒီအမြင်ကို ပထမဆုံး သိမြင်တော်မူခဲ့တာက မြတ်ဗုဒ္ဓပါ။

နာမည်ကျော် စာရေးဆရာကြီး ဒဗလျူအက်စ်ဝီလီ ဆိုသူ တစ်ခါက ပြောဖူးတာက "လူသားရဲ့ ဖြစ်စဉ်မှာ မသေတဲ့ နိစ္စသဘောမျိုး ဖြစ်တည်နိုင်ခြင်း ရှိတယ်ဆိုတဲ့ အယူအဆဟာ တစ်စတစ်စ ပိုပြီး ခေတ်သစ် အတွေးအခေါ်နယ် ထဲမှာ လူ မယုံကြည်စရာ အလေးဂရုပြုခြင်း မခံရတဲ့ အမြင် ဖြစ်လာနေတယ်။ ဝိညာဉ်ကောင်ဟာ သေခြင်း ကင်းတယ်။ နိစ္စ ထာဝရ ဖြစ်တည်ပြီး နေနိုင်တယ် ဆိုတဲ့ ယုံကြည်မှုဟာလည်း အတွေ့အကြုံအရ အခိုင်အမာ ပြုထားတဲ့ သစ္စာတရား နဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ မှောက်မှားတဲ့ အယူအစွဲသန်မှု တစ်ခု ဖြစ်သွားပြီ။

ဝိညာဉ်ကောင်ဟာ သေခြင်း ကင်းတယ်။ လူ သေတဲ့အခါ ဝိညာဉ်ကောင်က မသေဘူး။ လူ့ ကိုယ်ထဲမှာ မသေဘဲ ကျန်တာ တစ်စုံတစ်ရာ ရှိတယ် ပြောတာဟာ ကျွန်ုပ်တို့ အနေနဲ့ အဲဒီ မသေဘဲ ကျန်နေတာဟာ ဘာလဲဆိုတာ သိပြီး အဲဒီအရာ ဝတ္ထုဟာ ငါပဲ ကိုယ်ပဲ ဆိုတာနဲ့ အတူတူပဲ ဖြစ်တယ် ဆိုတာကို သက်သေထင်ရှား မပြနိုင်သေးသရွေ့ အဲဒီ ယုံကြည်ချက်ဟာ ကျွန်ုပ်တို့ကို မသေဘဲ နေနိုင်အောင် စွမ်းဆောင်ပေးနိုင်မှာ မဟုတ်ပါဘူး။ လူ အများကတော့ သူတို့ကိုယ် သူတို့ မသေတဲ့အရာ ဖြစ်တယ်လို့ မယူပါဘူး။ သေဆုံး ပျက်စီးတတ်တဲ့ အရာအဖြစ်နဲ့ သာ ထပ်တူထားပြီး လက်ခံနေကြတာ ဖြစ်တယ်။ မျက်မှောက် ခန္ဓာကြီးက တစ်မုဟုတ်ချင်း ပြောင်းလဲ ဖြစ်ပျက်နေတာကြီးကို မြင်လျက်သားနဲ့ ခေါင်းမာစွာနဲ့ ဒီ ခန္ဓာကိုယ်ကြီးကိုပဲ မသေတဲ့ ဝိညာဉ်ကောင်ပဲ။ ဘဝရဲ့ အနှစ်သာရပဲလို့ မှားမှား ယွင်းယွင်း ယုံကြည်နေကြတာ ဖြစ်တယ်။

ခုခေတ် သိပ္ပံ သုတေသန ပညာရှင်များက သူတို့ ပြောတဲ့ ဝိညာဉ်ကောင် ဆိုတာဟာ ဝေဒနာ ခံစားမှု၊ စိတ်လှုပ်ရှားမှု၊ စိတ်ဝင်စားမှု၊ တွေးတော ကြံစည်မှု စတဲ့ ရုပ်ပိုင်း အတွေ့အကြုံနဲ့ ဆက်စပ်နေတဲ့ သဘောတွေကို ခေါ်နေကြတာ ဖြစ် တယ်လို့ ဆိုချင်ကြတာ တွေ့ရတယ်။ ပါမောက္ခ ဂျိမ်းစ်က ဝိညာဉ်ကောင် (Soul) ဆိုတဲ့ ဝေါဟာရဟာ ဘာမှ အစစ်အမှန်အားဖြင့် အကောင်အထည် ပြစရာ မရှိ တာကြီး အတွက် သမုတ်ထားတဲ့ စကားလုံး သက်သက်သာ ဖြစ်တယ်လို့ ဆိုတယ်။

ဒီ ဗုဒ္ဓရဲ့ အနတ္တ သဘောတရားကို မဟာယာန ဗုဒ္ဓဘာသာ ထဲမှာ 'သုည တ' ဆိုပြီး ပြောင်းလဲခေါ်ကြတယ်။ ဒီ အယူအဆကို မဟာယာန ပညာရှင် အများအပြားက ရှင်းလင်း တင်ပြကြသော်လည်း နာဂဇုနက အဓိပ္ပာယ် အမျိုးမျိုး ဖွင့်ပြထားသော်လည်း ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့တဲ့ မူလ အနတ္တ သဘော

တရားနဲ့ ကွဲပြားတဲ့ ထူးခြားတဲ့ အယူအဆမျိုး 'သုညတ' သဘောထဲမှာ ဘာမှ အပို မပါပါဘူး။

အတ္တ ဝိညာဉ်ကောင် ဖန်ဆင်းရှင် ထာဝရ ဘုရားသခင် စတဲ့ အရာတွေကို ယုံကြည်နေကြရာမှာ လူ အများရဲ့ စိတ်ထဲမှာ အခိုင်အမာ အမြစ်တွယ်နေတာက ဗုဒ္ဓဘာသာ ဖြစ်လို့ သူတို့ အယူအဆ (ယုံကြည်မှု) ကို လက်မခံဘဲ ပယ်ချခဲ့တာလည်း ဆိုတာကို မစဉ်းစားမိနိုင်ကြတာပဲ ဖြစ်တယ်။ ဒီအယူအဆ နှစ်ခု (အတ္တဝါဒနဲ့ ထာဝရ ဖန်ဆင်းရှင် ဘုရားသခင်ဝါဒ) ဟာ တခြား ဘာသာ အယူဝါဒ အများအပြားမှာ မပါမဖြစ်တဲ့ သဘော နှစ်ခု ဖြစ်တယ်။ ဒီအယူအဆ အစွဲအလမ်း နှစ်ခုကို မြတ်ဗုဒ္ဓက ပယ်ချလိုက်တာကို ကြားရတော့ တချို့ လူတွေက တုန်လှုပ် ချောက်ချား သွားကြတတ်တယ်။ ဒီအကြောင်းကြောင့်ပဲ ဘက်လိုက်မှုကင်းတဲ့ ပညာရှင်တွေ၊ စိတ်ပညာရှင်တွေရဲ့ အမြင်မှာ ဗုဒ္ဓဘာသာဟာ တခြားဘာသာများနဲ့ မတူ။ သီးခြား ဖြစ်တယ်။ တစ်မူအားဖြင့် ထူးခြားနေတယ်။ တခြားဘာသာ အယူဝါဒတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် တစ်မူ ထူးခြားတယ် ဆိုပြီး ပညာရှင်အချို့ကဆို တခြား ဗုဒ္ဓဘာသာရဲ့ အစိတ်အပိုင်းတွေကိုပါ လေ့လာပြီး ဗုဒ္ဓဘာသာကို သိသိသာသာ တိုးတက် ဖွံ့ဖြိုး ကြွယ်ဝလာအောင် ဆိုပြီး အနတ္တ သဘောတရားကို အနက်အဓိပ္ပာယ် တစ်မျိုးတစ်ဘာသာ ဖွင့်ဖို့၊ ဗုဒ္ဓဘာသာထဲကို ဝိညာဉ်ကောင်ဝါဒ၊ အတ္တဝါဒကို သွတ်သွင်းဖို့ ကြိုးစားလာကြတာတွေလည်း ရှိလာတာ တွေ့ရတယ်။

ဗုဒ္ဓမြတ်စွာဘုရားက လူသားများရဲ့ ဒီလို ကျေနပ်အားရခြင်း မရှိဘဲ အတွေးနယ်ချဲ့တဲ့ အတွေး အုံကြွမှုမျိုး ဒီအနတ္တ သဘောတရားနဲ့ ပတ်သက်ပြီး ပေါ်ပေါက်လာနိုင်တယ် ဆိုတာကိုလည်း သိမြင်တော်မူခဲ့တယ်။

ဒါကြောင့်

သဗ္ဗေ သင်္ခါရာ အနိစ္စာ၊

သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊

သဗ္ဗေ ဓမ္မ (သင်္ခါရ၊ အသင်္ခါရ အားလုံး) သည် အနတ္တာလို့ ဓမ္မပဒမှာ ဟောကြားတော်မူခဲ့ခြင်း ဖြစ်တယ်။

(ဓမ္မပဒ၊ ၂၇၇၊ ၂၇၈၊ ၂၇၉)

ဗုဒ္ဓဘာသာ ကျမ်းဂန်တွေ ထဲမှာ ထာဝရ ဝိညာဉ်ကောင် ရှိတယ် ဆိုတဲ့ အယူနဲ့ ပတ်သက်တဲ့ ဥပမာ ပုံဝတ္ထု တစ်ခု ရှိတယ်။ လူ တစ်ယောက်ဟာ လှုပ်နေတဲ့ ကြိုး တစ်ချောင်းကို မြွေလို့ မှားပြီး မြင်တယ်။ မြွေလို့ မှားပြီး မြင်တော့

ကြောက်စိတ်တွေ ဖြစ်ပေါ်လာတယ်။ နောက်ကျတော့ ဒါ မြွေ မဟုတ်ဘူး။ ကြိုးစ တစ်ခုသာ ဖြစ်တာကို သိလာရတဲ့ အခါကျမှ ကြောက်စိတ်တွေ ပြေပျောက်ပြီး သူ့စိတ်ထဲလည်း အေးငြိမ်းသွားတယ်။ ဒီအဖြစ်အပျက်နဲ့ ဝိညာဉ်ကို ယုံကြည်တဲ့ ယုံကြည်ချက်နဲ့ နှိုင်းပြထားတယ်။ ဒါဟာ လူ့ရဲ့ စိတ်ကူးနဲ့ ဖန်တီးထားတာသာ ဖြစ်တယ် ဆိုတဲ့ သဘောပါ။

# ၄

# ဗုဒ္ဓဘာသာသည် တခြားဘာသာအယူဝါဒများနှင့် မျက်နှာချင်းဆိုင် ဖြစ်သည်

ဗုဒ္ဓဘာသာသည် တခြားသော ခေတ်ပြိုင်
အိန္ဒိယ အတွေးအခေါ်များနှင့် တူသလား။

*မြတ်ဗုဒ္ဓ သိမြင်တော်မူသော တရားကို ယခင်က လူများ မကြားဖူးကြပါ။*

ဗုဒ္ဓရှင်တော်မြတ်ဘုရားက တရားဦး ဓမ္မစကြာတွင် သူ သိမြင် ဟောကြားတော်မူသော ဤတရားကို ရှေးက လူတို့ မကြားဖူးကြသေး။ ဤတရားသည် သူ့တွင် အမြင်ရှင်းစွာ ပေါ်လာတယ်။ (စက္ခုံ ဥဒပါဒိ) ဉာဏ်ရှင်းစွာ ပေါ်လာတယ်။ (ဉာဏံ ဥဒပါဒိ) ပညာ အဖြစ်ဖြင့် ပေါ်လာတယ်။ (ပညာ ဥဒပါဒိ၊) ထိုးထွင်း သိမြင်သောအားဖြင့် ရှင်းရှင်း ပေါ်လာတယ်။ (ဝိဇ္ဇာ ဥဒပါဒိ) သဗ္ဗညုတဉာဏ်

အလင်းရောင် အဖြစ်ပေါ်တယ်။ (အာလောကော ဥဒပါဒိ) လို့ ဟောတော်မူဘယ်။

တချို့က ဗုဒ္ဓဟာ ရှေးက အိန္ဒိယ နိုင်ငံမှာ ရှိပြီးသား တရားတွေကိုပဲ ပြုပြင်ပြီး ဟောတာ ဖြစ်တယ်။ အသစ်အဆန်း မပါပါဘူးလို့လည်း ဆိုတတ်ကြဘယ်။ သို့သော် ဗုဒ္ဓရှင်တော်မြတ်ဘုရားဟာ ဟိန္ဒူ ဘာသာကို ပြုပြင်တဲ့ ပြုပြင်ရေးသမား မဟုတ်ဘူး။ ရှေးကျတဲ့ အိန္ဒိယပြည်က ဘာသာ အယူဝါဒတွေကို ထောက်ခံခဲ့ကြတဲ့ လူတွေ ပြောသလို မဟုတ်ဘူး။ မြတ်ဗုဒ္ဓရဲ့ ဘဝနေနည်းရော၊ ဟောကြားတော်မူတဲ့ တရားရောဟာ သူ့ခေတ် သူ့အခါက လူတွေ ယုံကြည်ကိုးကွယ်ခဲ့ကြတဲ့ ဘာသာ အယူဝါဒနဲ့ရော ဘဝ နေပုံနေနည်းနဲ့ပါ ကွဲပြား ခြားနားလှပါတယ်။ မြတ်ဗုဒ္ဓဟာ သက်တော် ထင်ရှား ရှိစဉ်အခါက နေထိုင် ဟောကြား ဆုံးမခဲ့တာ၊ ပရိနိဗ္ဗာန် ပြုသွားတာတွေဟာ ဝေဒဆရာတွေ၊ ဗြာဟ္မဏ ဆရာတွေရဲ့ နေပုံနေနည်း ဟောပုံဟောနည်း၊ သေပုံသေနည်းလည်း မဟုတ်ဘူး။ ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့သမျှ ပိဋကတော်တွေ ထဲက ဘယ်တရား တစ်ပုဒ်တလေမှာမှ သူ့ အပေါ် သူ့ ခေတ်က ဘာသာ အယူဝါဒတွေက ကျေးဇူးရှိခဲ့ကြောင်း ထုတ်ဖော် ဟောကြားတာ ဘာ တစ်ခုမှ မရှိပါဘူး။ ဗုဒ္ဓရှင်တော်မြတ်ဘုရားက သူ့ကိုယ်သူ ဆင်ခြင်တုံတရားနဲ့ ပြည့်စုံတဲ့ ဘာသာရေး နည်းလမ်းကိုပဲ စတင်အသုံးပြုခဲ့သူ ဖြစ်တယ်လို့ ယူဆတယ်။ လမ်းသစ်ကို ဖောက်သူ အဖြစ်ပဲ ယူဆထားတယ်။ တကယ့်တကယ် ပြောကြစို့ ဆိုရင် သိက္ခာ ရှိရှိနဲ့ လက်ရှိ အိန္ဒိယ အတွေးအခေါ် အယူအဆတွေ၊ ယုံကြည် ကိုးကွယ်မှုတွေကို တော်လှန်ပစ်ခဲ့သူသာ ဖြစ်တယ်။

ဒီအကြောင်းကြောင့် တခြားသော ဘာသာ အယူဝါဒ ကွဲပြားကြသူတွေက ဗုဒ္ဓကို သဘောမတူကြတာ ဖြစ်တယ်။ ဗုဒ္ဓကို ရှုတ်ချ ပြစ်တင်ခဲ့ကြတယ်။ ဝေဖန်ပုတ်ခတ်ခဲ့ကြတယ်။ ဝေဒ၊ ဗြာဟ္မဏ ဂိုဏ်းသား ဆရာကြီးတွေက ရန်စတာမျိုးတောင် ရှိခဲ့တယ်။ ဒီလို ပြုမူဆက်ဆံခဲ့ကြတာဟာ ဗုဒ္ဓနဲ့ ဗုဒ္ဓရဲ့ ဒေသနာတော်တွေကို အပြုတ်တိုက်ဖို့ ဝါးမျိုပစ်ဖို့ ကြိုးစားခဲ့ကြတာ ဖြစ်တယ်။ အိန္ဒိယပြည်မှာ ခရစ်ဘာသာ မထွန်းကားမီ စောစောပိုင်းကဆို ဟိန္ဒူ ဗြာဟ္မဏဂိုဏ်းသားတွေက ဗုဒ္ဓဟာ သူတို့ရဲ့ ဗြဟ္မာကြီး လူသားအဖြစ် နဝမ အကြိမ် ဝင်စားတဲ့ လူဝင်စားဘုရား (အဝတာရ) ဖြစ်တယ်ဆိုပြီး သူတို့အထဲ သွတ်သွင်းပြီး ဝါးမျိုပစ်ဖို့ လုပ်ခဲ့ကြသေးတယ်။ တချို့ကတော့ ဗုဒ္ဓကို *ဝသလက၊ မုဏ္ဍက၊ သမဏက၊ နတ္ထိက၊*

သုဒ္ဒ ဆိုပြီး ခေါ်ခဲ့ကြတယ် (ဗုဒ္ဓခေတ်က ဘာသာရေး ဆရာတွေကို ရန်စတဲ့အခါ ဒီလို နှိမ်ချတဲ့ စကားလုံးတွေကို သုံးနှုန်းခဲ့ကြတယ်။)

ဝသလက ဆိုတာက လူယုတ်မာလို့ အဓိပ္ပာယ် ရတယ်။

မုဏ္ဍက ဆိုတာက ဦးပြည်းယုတ်၊ ခေါင်းတုံးလို့ အဓိပ္ပာယ်ရတယ်။

သမဏက ဆိုတာက ရဟန်းလို့ အဓိပ္ပာယ် ရတယ်။

နတ္ထိက ဆိုတာက မရှိဆိုတဲ့ အယူရှိသူလို့ အဓိပ္ပာယ် ရတယ်။

သုဒ္ဒ ဆိုတာက အမျိုးယုတ်သူ၊ ကျွန်၊ သူဆင်းရဲ၊ ငမွဲလို့ အဓိပ္ပာယ်ရတယ်။

သံသယဖြစ်ဖွယ် မရှိတာကတော့ ဗုဒ္ဓမြတ်စွာဘုရားဟာ ဓလေ့ထုံးစံ အချို့ကို ပြုပြင်ပြောင်းလဲခဲ့တာ မှန်တယ်။ ဘာသာရေး ဝတ္တရားတွေ၊ ပူဇော်ပသပုံ ထုံးတမ်းစဉ်လာတွေ၊ ကိုယ်ကျင့်တရား အမြင်တွေနဲ့ ဘဝ နေပုံထိုင်နည်းတွေကို လည်း ပြုပြင်ပြောင်းလဲသွားအောင် ဆောင်ရွက်တော်မူခဲ့တယ်။ ကိုယ်တော်မြတ်ကြီး ရဲ့ စရိုက်နဲ့ ကြီးကျယ် မြင့်မြတ်ပုံက မှားယွင်းတဲ့ ယုံကြည် ကိုးကွယ်မှု၊ ဓလေ့ထုံးစံ လုပ်နည်းလုပ်ဟန်တွေနဲ့ ပြည့်နေတဲ့ လေဘောလုံးကြီးကို အပ်ချွန်ကလေးနဲ့ ထိုး ဖောက်ပစ်လိုက်သလို လုပ်တာကြောင့် လေဘူးလုံးကြီး ပေါက်ပြီး အထဲမှာ ဘာမျှ မရှိတာ ဗလာနတ္ထိ ဖြစ်တာကို ပေါ်လောပေါ်စေခဲ့တာပါ။

ဒါပေမဲ့ အခြေခံကျတဲ့ ဒဿန အမြင်၊ စိတ်ပညာ အမြင်တွေနဲ့ ပတ်သက် လို့တော့ ဗုဒ္ဓဟာ သူ့ ခေတ်က အိန္ဒိယပြည်မှာ ရှိပြီးသား အတွေးအခေါ်တွေကို ပုံတူ ကူးတာ၊ မိတ္တူ ကူးတာလို့ ပြောဖို့ကတော့ လုံးဝ အခြေအမြစ် မရှိပါဘူး။ ဥပမာ ပြကြစို့ဆိုရင် အရိယာ သစ္စာ လေးပါး မြတ်တရားတို့၊ မဂ္ဂင် ရှစ်ပါးမြတ် တရားတို့၊ နိဗ္ဗာန်တို့ ဆိုတဲ့ သဘောတရား အမြင်တွေဟာ မြတ်စွာဘုရား မပွင့်မီ ကာလတုန်းက ကြားတောင် မကြားဖူးကြတာတွေပါ။ ကံ အမြင် ဇာတိ တစ်ဖန် ပဋိသန္ဓေနေခြင်း သဘောတွေက အိန္ဒိယပြည်မှာ လူသိများတာ မှန်ပါတယ်။ ဗုဒ္ဓ ခေတ် မတိုင်ခင်ကတည်းက ရှိခဲ့တဲ့ အမြင် အယူအဆတွေ ဖြစ်တာ မှန်ပါတယ်။ ဒါပေမဲ့ ဒီတရားတွေဟာ သဘာဝ နိယာမတရား၊ ကြောင်းကျိုး နိယာမ တရား တွေ ဖြစ်တယ် ဆိုတာကျတော့ မြတ်ဗုဒ္ဓ ပေါ်လာမှ လူတွေ သိခဲ့ကြရတာ ဖြစ် တယ်။ ဒါတွေက လွဲရင် ဗုဒ္ဓက ဘယ်တည်ဆဲ ဘာသာ အယူဝါဒကိုမျှ ပြက်ရယ် မပြုဘူး။ အထင်သေး အမြင်သေးသဘော မပြောဘူး။ သူ့ အမြင်မှာ မှန်တယ်လို့ ထင်တာတွေကျတော့ တန်ဖိုးထားတယ်။ အဲဒီ ယုံကြည်မှုတွေကို ပိုကောင်းတဲ့ ရှင်းလင်းချက်တွေတောင် ပေးခဲ့ပါတယ်။ ဒါကြောင့် တစ်ခါက ဗုဒ္ဓရှင်တော်မြတ် ဘုရားက ဘယ်နေရာမှာပဲ ဖြစ်ဖြစ် သစ္စာတရား ဆိုရင် လေးစားရမှာပဲလို့ ဟော

ခဲ့ပါတယ်။ ဒါပေမဲ့ မဟုတ်တမ်း တရားတွေ၊ သီလကြောင် သဘောတွေကိုတော့ ဝေဖန် ရှုတ်ချဖို့ရာ သူ ဘယ်တော့မှ ဝန်မလေးဘူး။ ဝေဖန် ရှုတ်ချရမှာကိုလည်း လုံးဝ မကြောက်တတ်ပါဘူး။

## ဗုဒ္ဓဘာသာဟာ ဒဿနလား၊ သီဝရီလား

*မြတ်ဗုဒ္ဓရဲ့ သဗ္ဗညုတ ဉာဏ်ဟာ စိန္တာမယ သဘောက ထွက်ပေါ် လာတဲ့ ဉာဏ် မဟုတ်ဘူး။*

ဂေါတမမြတ်ဗုဒ္ဓ ပွင့်ထွန်းတော်မူစဉ် အခါက အိန္ဒိယ နိုင်ငံတွင် အသိပညာကို အသိပညာ အတွက် ဆိုပြီး စူးစမ်း ရှာဖွေနေကြသော ပညာရှင် များစွာ ပေါ်ပေါက်ခဲ့တယ်။ ဒီပညာရှင်ကြီးများမှာ သဘောတရား အမျိုးမျိုး လက်ကိုင်ထားရှိကြတယ်။ တချို့မှာ တစ်မြို့က တစ်မြို့၊ တစ်နယ်က တစ်နယ် လှည့်လည်သွားလာနေကြပြီး သူတို့ကို ပညာပြိုင်မည့်သူ ရှိသလား။ ရှိလျှင် ထွက်ခဲ့ကြ။ စကားအနိုင်ယှဉ်ပြိုင် ပြောဆိုမယ် ဆိုပြီး စိန်ခေါ်ကြတယ်။ ဒီနည်းနဲ့ သူတို့ကိုယ် သူ တို့ ကြီးကျယ် ထင်ရှားအောင် လုပ်နေကြတယ်။ မြတ်ဗုဒ္ဓကတော့ ဒီလို ပညာလိုက်ပြိုင်ပြီး လာဘ်လာဘ ရှာနေကြတဲ့ လူတွေက သစ္စာတရားကို သိဖို့နဲ့ နီးစပ်သူတွေ မဟုတ်ကြဘူး။ သူတို့မှာ အသိပညာ ဗဟုသုတတွေ ရှိပေမဲ့ အလိမ္မာ ဉာဏ်ပညာ (wisdom) တော့ မရှိကြဘူး။ လောဘကို ကျော်လွှန်နိုင်တဲ့၊ ဒေါသကို ကျော်လွှန်နိုင်တဲ့၊ မောဟကို ကျော်လွှန်နိုင်တဲ့ ဉာဏ်ပညာ မရှိကြဘူးလို့ ဆိုတယ်။ အမှန်မှာ ဒီပညာရှိ ဆိုသူတွေဟာ မာန်ထောင်နေသူတွေ၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေသူတွေ၊ စိတ်ကြီးဝင်နေသူတွေသာ ဖြစ်ကြတယ်။

သူတို့ရဲ့ တစ်ကိုယ်ကောင်း အတ္တ စိတ်က သူတော်ကောင်း အလုပ်တွေ၊ သူတော်ကောင်း ပတ်ဝန်းကျင်ကို အနှောင့်အယှက် ပေးနေကြတာ ဖြစ်တယ်။ ဒါကို ဒေါက်တာမမ္မနန္ဒ ဆရာတော်ကြီးက

Their egoistic concepts disturbed the religious atmosphere. ဆိုပြီး ရေးပြထားတယ်။

မြတ်ဗုဒ္ဓရဲ့ အလိုတော်ကတော့ ပညာရှိ ဆိုတာ ကိုယ့်ရဲ့ စိတ်သဘာဝကို ပထမဆုံး ကိုယ်တိုင် ကြိုးပမ်းရတယ်။ ဒီကိစ္စကို လုပ်တဲ့အခါမှာလည်း မိမိ စိတ်ကို သမာဓိရအောင် ထူထောင်တဲ့နည်းနဲ့ လုပ်ကြရမယ်။ သမာဓိ ရှိမှသာ လူသားဟာ အတွင်း အဇ္ဈတ္တရဲ့ နက်ရှိုင်းစွာ သိမြင် နားလည်ခြင်း ဆိုတဲ့ ဉာဏ်ပညာကို ရနိုင်တယ်။ ပြီးတော့ ဒီဝိပဿနာဉာဏ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုလည်း ဒဿနနည်းနဲ့ ဆင်ခြင် စဉ်းစားခြင်း (စိန္တာမယ) အားဖြင့် မရနိုင်ဘူး။ အတ္တဒိဋ္ဌိရဲ့ မှားယွင်းတဲ့ သဘောကို ငြိမ်သက်တဲ့ ထိုးထွင်း သိမြင်မှုအားဖြင့်သာ ရနိုင်တယ်။

သက်ရှိ သတ္တဝါ အားလုံးတို့ အတွက် ဗုဒ္ဓဘာသာဟာ ငြိမ်းချမ်းခြင်းနှင့် ပျော်ရွှင်ခြင်း သုခကို ရစေနိုင်တဲ့ ဖြောင့်မတ် မှန်ကန်တဲ့ ဘဝနေနည်း တစ်ခုပဲ ဖြစ်တယ်။ ဒါဟာ ဒုက္ခ ခပ်သိမ်း ချုပ်ငြိမ်းအောင်လုပ်တဲ့နည်း၊ ဝဋ်ဆင်းရဲ အပေါင်းက မိမိကိုယ်ကို လွတ်မြောက်အောင် ကယ်တင်တဲ့နည်း ဖြစ်တယ်။ ဒါ ကို ဓမ္မနန္ဒ ဆရာတော်ကြီးက ရေးပြရာမှာ-

Buddhism is a righteous way of life for the pcace and happiness of every living being. It is a method to get rid of miseries and to find liberation လို့ ရေးပြပါတယ်။

ဗုဒ္ဓဘာသာ တရားတော် (သာသနာ) ဟာ လူမျိုးတစ်မျိုး၊ နိုင်ငံ တစ်နိုင်ငံအတွက် ကန့်သတ်ထားတာ မဟုတ်ပါဘူး။ ဒါဟာ ဝါဒ သဘောထားလည်း မဟုတ်ဘူး။ ယုံကြည် ကိုးကွယ်မှု သက်သက်လည်း မဟုတ်ဘူး။ ဒီအဆုံးအမတွေဟာ လောကကြီး တစ်ခုလုံးအတွက် ဖြစ်တယ်။ ပြီးတော့ ဒီအဆုံးအမတွေဟာ အချိန်ကာလတိုင်းမှာ မှန်တဲ့ သစ္စာတရားတွေပဲ ဖြစ်တယ်။ ဒီတရားတော်ရဲ့ ရည်မှန်းချက်က ကိုယ်ကျိုးမဖက် သတ္တဝါများ အတွက် စိတ်ကောင်း စေတနာကောင်းများနဲ့ ငြိမ်းချမ်းစေဖို့ ဒုက္ခ ခပ်သိမ်းက လွတ်မြောက်ကြောင်းအမှန် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေး ဖြစ်တယ်။

ဗုဒ္ဓဘာသာမှာ လွတ်မြောက်ခြင်း ဆိုတဲ့ (ဝိမုတ္တိ) ကိစ္စဟာ လူ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နဲ့ ဆိုင်တဲ့ ကိစ္စပဲ ဖြစ်တယ်။ ကိုယ် အသက်ရှင်ဖို့ ကိုယ့်ဘာသာစားရ၊ သောက်ရ၊ အိပ်စက် နားနေရသလိုပေါ့။ ကိုယ် လွတ်မြောက်ရေး အတွက် ကိုယ့်ဘာသာကိုယ်ပဲ လုပ်ရတဲ့ ကိစ္စ ဖြစ်တယ်။ (ဘယ်သူကမှလာပြီး မကယ်နိုင် မယူနိုင်ဘူး) ဗုဒ္ဓရှင်တော်မြတ်ဘုရားက လွတ်မြောက်ရာသို့ ပို့ဆောင်နိုင်တဲ့ မဂ်လမ်းကို ညွှန်ပြရုံပဲ တတ်နိုင်တယ်။ ဒါပေမဲ့ လွတ်မြောက်ရေး အတွက် မြတ်စွာဘုရား၊ သဘောတရား၊ သီဝရီ တစ်ခု၊ ဒဿန တစ်ခုကို လက်တွေ့ မပါတဲ့

သဘောတရား သက်သက် ဘယ်တော့မှ မဟောဘူး။ မြတ်ဗုဒ္ဓကို သူ့ ခေတ်တုန်းက သူ့ သဘောတရားဟာ ဘာလဲ။ သူ့ သီဝရီဟာ ဘာလဲလို့ ဒဿနကို မေးပြတဲ့အခါ သူက သူ့မှာက သီဝရီ သဘောတရား သက်သက်မှ မရှိဘူး။ သူ ဟောပြောနေတာ အားလုံးဟာ လက်တွေ့ ကျင့်ကြံ ပွားများ အားထုတ်ခြင်းအားဖြင့် ဖြစ်ပေါ်လာတဲ့ အကျိုးရလဒ်တွေပဲ ဖြစ်တယ်လို့ ဖြေတော်မူခဲ့ပါတယ်။ သဘောတရား သီဝရီ သက်သက်ဟာ လူ တစ်ယောက်ကို ဝိသုဒ္ဓိ ဖြစ်အောင် အရိယာ ဘဝသို့ ရောက်အောင် မပို့ဆောင်နိုင်ဘူး။ သီဝရီ သဘောတရား သက်သက်ဟာ လူ့ စိတ်ထဲမှာ နှောင်ဖွဲ့တတ်တဲ့ သံယောဇဉ်ကိုသာ တိုးပွားစေတယ်။ စိတ်ဓာတ်အဆင့်အတန်း မြင့်မားရေးမှာ တိုးတက်မှုကို အခက်အခဲ၊ အကျပ်အတည်းပဲ ဖြစ်စေတယ်လို့ ယူဆထားတယ်။ မြတ်ဗုဒ္ဓ ဟောတော်မူတာက "ဉာဏ်ပညာရှိတဲ့ လူဟာ သီဝရီ သဘောတရားတွေကို သုံးပြီး လူတွေက သူတို့ကို ယုံကြည်သက်ဝင်လာအောင် ပြုလုပ်လေ့ မရှိဘူး။ သူတို့က လူတွေ ကိုယ်တိုင် တိုက်ရိုက် မြင်ပြီးကြားပြီးမှ ယုံကြည် လက်ခံလာအောင် ပြုလုပ်တတ်ကြတယ်"လို့ ဟောတော်မူတယ်။

သီဝရီ သဘောတရား ဆိုတာက လူတို့ရဲ့ ဆင်ခြင်ဉာဏ်က ထွက်လာတာတွေ ဖြစ်တယ်။ ဗုဒ္ဓရှင်တော်မြတ်က လူရဲ့ ဆင်ခြင်ဉာဏ်မှာ အကန့်အသတ် အပိုင်းအခြား ရှိနေတဲ့ သဘောကို သိတော်မူတယ်။ လူသား အနေနဲ့ ဆင်ခြင်စဉ်းစားတဲ့ အလုပ်ကို လုပ်ခြင်းအားဖြင့် ဘဝ လွတ်မြောက်မှု ဝိမုတ္တိကို မခံစားရနိုင်ဘူး။ ဒီဖော်ပြချက်ဟာ ဖြုန်းခနဲ ကြည့်ရင်တော့ ယုတ္တိ မရှိသလို ထင်ရနိုင်တယ်။ ဒါပေမဲ့ ဒါဟာ အမှန်တရား (သစ္စာ) ပဲ ဖြစ်တယ်။ ဆင်ခြင်ဉာဏ်သမားက သူ့ ဘဝ တစ်သက်တာရဲ့ တန်ဖိုး ရှိလှတဲ့ အချိန်ကာလတွေကို လေ့လာဆည်းပူးခြင်း ခွဲခြမ်း ဝေဖန်ခြင်း၊ ပြောဆို ငြင်းခုံခြင်းအားဖြင့်သာ ကုန်ဆုံးစေတတ်ပါတယ်။ စကားနောက် တရားပါရင်း အချိန်ကုန် ခံနေကြသော်လည်း လက်တွေ့ ကျင့်ကြံ ပွားများ အားထုတ်ခြင်း အလုပ်ကိုတော့ လုပ်လေ့လုပ်ထ မရှိကြပါဘူး။

မဟာရောမ ဒဿန ဆရာကြီးတွေ၊ သိပ္ပံပညာရှင်ကြီးတွေ၊ တက္ကကဝါဒ စွဲကြီးသူတွေဟာ သုတမယဉာဏ် ရှိတဲ့ အရှုံးအကြောင်းကြီးတွေတောင် ဖြစ်သွားနိုင်သေးတယ်။ သူဟာ သုတမယဉာဏ်ကြီးရှင် ဖြစ်လာတဲ့အခါ အယူအဆတွေကို ရုတ်တရက် သိမြင် နားလည်တတ်လာပြီး ဒီအယူအဆတွေကိုလည်း ချက်ချင်း ရှင်းလင်း ဖော်ထုတ်ပြီး ပြောဆိုနိုင်တတ်ကြပါတယ်။ ဒါပေမဲ့ ဒီလို သုတမယဉာဏ်

ဘက်မှာ အားသန်ကြသူတွေဟာ သူတို့ ပြုမူလုပ်လိုက်တဲ့ ကာယကံ၊ ဝစီကံ၊ မနောကံများနဲ့ အဲဒီ ကံတွေကြောင့် နောက်ဆက် ဖြစ်ပေါ်လာတဲ့ ဝိပါက အကျိုးသွားတွေကိုတော့ မသိနိုင်ကြတော့ဘူး။ သူတို့ အားသန်နေတာက သူတို့ လိုလားနေတာတွေ၊ မျှော်လင့် တောင့်တတာတွေကို ဖြည့်ဆည်းဖို့လောက်ကိုသာ အရေးထားတတ်ကြတယ်။ မြတ်ဗုဒ္ဓကတော့ အဲဒီလို လူကို သုတမယဉာဏ် ရှိတဲ့ အရူး (ဥမ္မတ္တ) လို့ပဲ မှတ်ယူထားတော်မူတယ်။ အောက်တန်းစားဉာဏ်လောက်ပဲ ရှိတဲ့ လူလို့ သတ်မှတ်တော်မူတယ်။ ဒီလူမျိုးဟာ သူ့ရဲ့ စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုကို အဟန့်အတား လုပ်နေသူပဲ ဖြစ်တယ်လို့ ယူဆတော်မူတယ်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ ဒေသနာများမှာတော့ လက်တွေ့ ကျင့်ကြံအားထုတ်ပြီး ရလာတဲ့ ဘာဝနာမယဉာဏ်ကိုသာ လက်ခံထားတယ်။ ဒီဉာဏ်ကတော့ သီဝရီ သဘောတရားလောက် ဒဿန အမြင်လောက်တင် အကန့်အသတ်ရှိတာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ ဒဿနဉာဏ်မှာက လောက အတွေ့အကြုံလောက် အပေါ်မှာသာ အခြေခံထားတာ ဖြစ်တယ်။ ဘာဝနာမယဉာဏ်ဆိုတာက လောဘ အတွေ့အကြုံကို နေ့စဉ် ဘဝထဲမှာ အသုံးချဖို့လောက်နဲ့ပဲ ခရီးဆုံးတယ်။

ဗုဒ္ဓဘာသာကတော့ ဝိဇ္ဇာရော စရဏနဲ့ပါ ဆိုင်တယ်။ ဝိဇ္ဇာရော စရဏကို ပါ အဓိက ထားတယ်။ အလေးအနက် ပြုတယ်။ ဒဿန ပညာရှင်တွေလည်း ဘဝရဲ့ ဆင်းရဲဒုက္ခတွေ၊ စိတ်ပျက်အားငယ်စရာတွေကို မြင်ကြပါတယ်။ ဒါပေမဲ့ မြတ်ဗုဒ္ဓနဲ့ မတူတာက ဘဝရဲ့ ကျေနပ်ဖွယ် မရှိတဲ့ သဘာဝနဲ့ ဆက်စပ်နေတဲ့ သောက ပရိဒေဝ၊ ဆင်းရဲ ဒုက္ခတွေအပေါ် ကျော်လွှန် အောင်မြင်နိုင်တဲ့ လက်တွေ့ကျတဲ့ ဖြေရှင်းပုံ ဖြေရှင်းနည်းကို မပေးနိုင်ဘူး။ ဒဿန ပညာရှင်က သူ့ အတွေးအခေါ်တွေကို နောက်ထပ် ဖွံ့ဖြိုးတက်ဖို့ လမ်း မရှိတဲ့ လမ်းဆုံး လမ်းပိတ်နေတဲ့ နေရာအထိ တွန်းပို့တယ်။ ဒဿန ပညာဟာ အသုံးမဝင်ဘူးလို့ ဆိုလိုတာ မဟုတ်ပါဘူး။ ကျွန်ုပ်တို့ရဲ့ စဉ်းစားတတ်တဲ့ စိတ်ကူးဉာဏ် ကြွယ်ဝလာအောင်တော့ ဆောင်ရွက်ပေးနိုင်ပါတယ်။ စိတ် မတိုးတက်နိုင်အောင် စိတ်ထဲမှာ အဆို့အပိတ်ဖြစ်နေတဲ့ အယူသီး အယူမှားတွေ လျော့နည်း ပပျောက်သွားအောင်တော့ လုပ်ပေးနိုင်တယ်။ အဲဒီအတိုင်းအတာ အထိ ဗုဒ္ဓဘာသာက ဒဿန ပညာကို တန်ဖိုးထားတယ်။ ဒါပေမဲ့ ဒဿန ပညာက ဘာသာရေး ဆိုင်ရာ ဘဝ လွတ်မြောက်ရေးကို လိုလား တော်မောမှုကိုတော့ အမောပြေအောင် မစွမ်းဆောင်နိုင်ပါဘူး။

သတိပြုသင့်တာက ဗုဒ္ဓဘာသာရဲ့ ပဓာနကျတဲ့ ရည်မှန်းချက်က ဝိသုဒ္ဓိမဂ်ကိုရဖို့။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရဖို့ပဲ ဖြစ်တယ် ဆိုတာ ဖြစ်ပါတယ်။ ဝိဇ္ဇာဉာဏ် အလင်းရမှသာ ဒီဉာဏ်က အဝိဇ္ဇာ အမှောင်ကို ပပျောက်သွားအောင် ရှက်ဆောင်နိုင်မှာ ဖြစ်တယ်။ ဒီအဝိဇ္ဇာ ဆိုတာဟာ ဇာတိ တစ်ဖန် ပြန်၍ ပဋိသန္ဓေနေခြင်း ဆင်းရဲနဲ့ သေခြင်း ဆင်းရဲတို့ရဲ့ အခြေအမြစ် ဖြစ်တယ်။ ဒါပေမဲ့ ဒီအဝိဇ္ဇာ အမှောင်တိုက် ကင်းစင် ပပျောက်သွားအောင် လုပ်ဖို့ အရေးက သဒ္ဓါတရား ယုံကြည်မှုနဲ့ ကျင့်ကြံ ပွားများ အားထုတ်မှုက လွဲပြီး အခြား နည်းနဲ့ မရနိုင်ဘူး။ သာမန် ဆင်ခြင်ဉာဏ်လောက်နဲ့ အဝိဇ္ဇာကို ပပျောက်အောင် လုပ်တဲ့ နည်းဟာ မထိရောက်ဘူး။ ဒါကြောင့် မြတ်ဗုဒ္ဓက နိဂုံးချုပ်ပြီး ပြောတော်မူတာက "ဒီတက္ကိက အတွေးနဲ့ ပြောတဲ့ မေးတဲ့ မေးခွန်းတွေဟာ ဘာအကျိုးကိုမှ မရရှိစေနိုင်ပါဘူး။ ဒီအတွေးအခေါ်တွေက ဓမ္မနဲ့လည်း မသက်ဆိုင်ဘူး။ ဒါတွေက သမ္မာကမ္မန္တ ခေါ်တဲ့ ကောင်းမြတ် မှန်ကန်တဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေကိုလည်း မဖြစ်ပေါ်စေနိုင်ဘူး။ ကိလေသာ တဏှာတွေ ကင်းစင် သန့်ရှင်းသွားအောင်လည်း လုပ်မပေးနိုင်ဘူး။ နှလုံးသားကို ငြိမ်သက် အေးချမ်းသွားအောင်လည်း လုပ်မပေးနိုင်ဘူး။ တကယ့် သစ္စာဉာဏ်ကိုလည်း မဖြစ်ပေါ်စေနိုင်ဘူး။ အဆင့်မြင့်တဲ့ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကိုလည်း မရနိုင်ဘူး။ နိဗ္ဗာန်ကိုလည်း ဉာဏ်သက်ဝင်နိုင်ခြင်း မရှိဘူး"။

(မဇ္ဈိမနိကာယ်၊ မာလုကျပုတ္တသုတ်)

တက္ကိက အတွေးတွေအစား မြတ်ဗုဒ္ဓက သူ ရှာဖွေ တွေ့ရှိခဲ့တဲ့ သစ္စာလေးပါး မြတ်တရားကို လက်တွေ့ကျကျ နားလည် သဘောပေါက်ဖို့ အရေးကို ပိုပြီး အရေးထားတယ်။ ဒုက္ခ ဆိုတာ ဘာလဲ။ ဒုက္ခ ဖြစ်ပေါ်လာအောင် စတင်လုပ်ဆောင်ခဲ့တဲ့ အကြောင်းဟာ ဘာလဲ။ ဒီဒုက္ခက လွတ်မြောက်မှုဟာ ဘာလဲ။ ဒုက္ခက လွတ်မြောက်ကြောင်း တရား၊ လွတ်မြောက်ရေး နည်းလမ်းက ဘာလဲ။ ဒီအရိယာ သစ္စာ လေးပါး မြတ်တရား အားလုံးဟာ လက်တွေ့ သဘောဆောင်တဲ့ တရားချည်းပဲ။ ဒီသစ္စာတရားတွေကို ပြည့်ပြည့်ဝဝ နားလည်ခြင်းအားဖြင့်သာ လွတ်မြောက်ခြင်း ဆိုတဲ့ ဝိမုတ္တိရသကို လက်တွေ့ ခံစားကြရမှာ ဖြစ်တယ်။

မဂ်ဉာဏ် ဖိုလ်ဉာဏ် ဉာဏ်အလင်းက အဝိဇ္ဇာ အမှောင်ထုကို ပယ်ဖျက်တယ်။ ဒီအဝိဇ္ဇာ ကင်းစင်ပပျောက်ရေးဟာ ဗုဒ္ဓဘာသာဝင်တို့ရဲ့ ဘဝမှာ စံထားရတဲ့ ကိစ္စ ဖြစ်တယ်။ ခုသိပြီးသမျှအရ ဆိုရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ဆိုတာ စဉ်းစား

ဆင်ခြင်ခြင်းအားဖြင့် ရနိုင်တာမျိုး မဟုတ်ဘူး ဆိုတာတော့ ရှင်းတယ်။ ဆင်ခြင်ပြီး မျှော်မှန်းဆတဲ့ အတွေးဉာဏ်နဲ့ ဘာဝနာမယဉာဏ် ဖြစ်တဲ့ မဂ်ဉာဏ် ဖိုလ် ဉာဏ်ဟာ တခြားစီ ဖြစ်တယ်။ ဒီလို မျှော်မှန်းပြီး တွေးတော ဆင်ခြင်တာမျိုးက ဘဝကိစ္စတွေနဲ့ နီးနီးကပ်ကပ် ဆက်စပ်တာမျိုး မဟုတ်ဘူး။ ဒါကြောင့် မြတ်ဗုဒ္ဓက ကိုယ်တွေ့ မျက်မြင်သဘောကိုသာ ပဓာနထားခြင်း ဖြစ်တယ်။ ဝိပဿနာ ဘာဝနာ အလုပ်၊ သတိပဋ္ဌာန် အလုပ်ဟာ လက်တွေ့ သိပ္ပံနည်းကျတဲ့ စနစ် ဖြစ်တယ်။ သစ္စာတရားကို ကိုယ်တိုင် တွေ့ကြုံ သိမြင်မှုနဲ့ စိစစ်နိုင်တဲ့နည်း ဖြစ်တယ်။ ကျင့်ကြံပွားများ အားထုတ်ခြင်းဆိုတဲ့ ကမ္မဋ္ဌာန်း ဘာဝနာ အလုပ်အားဖြင့်သာ စိတ်ဟာ သူ့ကို ဖြစ်ပေါ်အောင် ပြုပြင်နေတဲ့ တရားတွေကို လွန်မြောက်သွားပြီး ဉာဏ်ကို ရှင်သန် နိုးကြားလာအောင် လုပ်ပေးနိုင်တယ်။ တက္ကကက အကြံအတွေး သဘောက စိတ်ကို အတွေးတွေ၊ စကားလုံးတွေထဲမှာ ငြိပြီး ရုန်းမထွက်နိုင်အောင် ချည်နှောင်ခြင်းမျိုး ပြုလုပ်တတ်တယ်။

# ဗုဒ္ဓဘာသာသည် ဘဝအဆိုးမြင် ဝါဒလား

*ဗုဒ္ဓဘာသာသည် ဘဝ အဆိုးမြင် ဝါဒလည်း မဟုတ်၊ ဘဝ အကောင်းမြင် ဝါဒလည်း မဟုတ်။ ဘဝ အမှန်မြင် ဘာသာ အယူဝါဒ ဖြစ်သည်။*

တချို့ ဝေဖန်ရေးသမားများက ဗုဒ္ဓဘာသာကို ဘဝကို မကောင်းမြင်သော အယူ၊ အပြစ် မြင်သော အယူ၊ အရာရာကို စိတ်ချဉ်ပေါက်သော အယူ၊ ဘဝ၏ အမှောင်ဘက်၊ အရိပ်လွှမ်းသော ဘက်မှာ နေသောအမြင်၊ အပြစ်ကင်းသော ပျော်ရွှင်ခြင်း သုခ၏ ရန်သူ၊ အပြစ်ကင်းသော ဘဝ၏ သာယာ ချိုမြမှု အပေါ် အကြင်နာမထားသော၊ ငဲ့ကွက်ခြင်းကင်းသော စိတ်သဘောထားသော အယူ ဖြစ်တယ်လို့ ပြောကြဆိုကြတယ်။ သူတို့က ဗုဒ္ဓဘာသာဟာ ဘဝ အဆိုးမြင် သဘောတရား ဖြစ်တယ်။ ဘဝမှာ မျှော်လင့်ချက် ကင်းမဲ့တဲ့ သဘောမျိုးကို ဖြစ်ပေါ်စေတဲ့ အယူ ဖြစ်တယ်။ လူ့ ဘဝ လူ့ ကိစ္စမှန်သမျှမှာ ဒုက္ခတွေချည်းပဲ။ ကောင်းတာ ဘာဆိုဘာမှ မရှိဘူး

ဆိုတဲ့ မှုန်ဝါးတဲ့၊ မကြည်လင်တဲ့ အတွေးအမြင်ကိုပဲ အားပေးတဲ့ အယူ ဖြစ်တယ်လို့ မကောင်းမှု အကုသိုလ်နဲ့ ဒုက္ခ ဆင်းရဲတွေပဲ ဘဝကို လွှမ်းမိုးနေတယ် ဆိုတဲ့ ခံစားချက်ကို အသားပေးတဲ့ ဘာသာ အယူဝါဒ ဖြစ်တယ်လို့လည်း ဝေဖန်ပြစ်တင်ကြတယ်။ ဒီဝေဖန်ရေးသမားတွေဟာ ဒီလို ဝေဖန်ကြရာမှာ အခြေခံပြောနေကြတာက ပထမ အရိယာ သစ္စာဖြစ်တဲ့ 'ဒုက္ခ သစ္စာ' တစ်ခုတည်းကို ကိုင်ပြီး ပြောနေကြတာ ဖြစ်တယ်။ ပထမ အရိယာ သစ္စာမှာက 'သဗ္ဗေ သင်္ခါရာ ဒုက္ခာ' လို့ ဆိုထားတာကိုး။ ဒီလူတွေ အနေနဲ့ သတိမူမိဟန် မတူတဲ့ အချက်က ဗုဒ္ဓရှင်တော်မြတ်ဘုရားက ဒုက္ခ သစ္စာ တစ်ခုတည်းကို ဟောထားတာ မဟုတ်ဘူး။ ဘုရားက ဒုက္ခ ခပ်သိမ်း ချုပ်ငြိမ်းကြောင်းအမှန် ဒုက္ခ နိရောဓ သစ္စာကိုပါ ဟောထားတယ် ဆိုတာကို မေ့နေကြပုံ ပေါ်တယ်။ ဘုရားက ဒုက္ခသစ္စာ အပြင် ဒုက္ခဖြစ်ကြောင်း၊ ဒုက္ခ သမုဒယ သစ္စာကိုရော၊ ဒုက္ခက ထွက်မြောက်ကြောင်း ဒုက္ခ သမုဒယ နိရောဓဂါမိနီ ပဋိပဒါလို့ ခေါ်တဲ့ ဒုက္ခ လွတ်မြောက်ရာသို့ ထွက်လမ်း မဂ္ဂသစ္စာကိုပါ ဟောဖော်ညွှန်ပြဆုံးမထားတော်မူတာ ဖြစ်တယ်။ နေပါဦး။ ဒီကမ္ဘာပေါ်မှာ ဒီဘဝဟာ ကောင်းတဲ့ ဘဝဒုက္ခ အားလုံး ကင်းရှင်းတဲ့ အလွန် ပျော်ရွှင်ဖွယ်ရာများနဲ့ ပြည့်စုံနေတဲ့ ဘဝ ဖြစ်တယ်လို့ ဘယ်ဘာသာ၊ ဘယ်အယူဝါဒကများ ချီးမွမ်းထားတာ ရှိလို့လဲ။ ဒီဘဝဟာ ကောင်းလွန်းလို့ ဒီလောကီ လူ့ ဘဝကိုပဲ တွယ်တာနေရမယ်လို့ ဘယ်ဘာသာကများ ဟောထားတာရှိလို့လဲ။

ဒီဗုဒ္ဓဘာသာကို တည်ထောင်ခဲ့သူ မြတ်ဗုဒ္ဓရှင်တော်ဘုရားဟာ သူတို့ပြောသလို ဘဝကို အဆိုးမြင် ဝါဒီ ဖြစ်ခဲ့လို့ရှိရင် မြတ်ဗုဒ္ဓရဲ့ ကိုယ်ရည်ကိုယ်သွေးဟာ ဒီလောက် အေးချမ်းငြိမ်သက်ပြီး ကြည်လင်ခြင်း ပကတိ ရှိကော ရှိပါ့မလား။ မြတ်စွာဘုရားရဲ့ ရုပ်ပွားတော်မှာ ကြည်လင်ခြင်း၊ အေးမြခြင်း၊ ငြိမ်သက်ခြင်း၊ မျှော်လင့်ချက်နဲ့ စိတ်ကောင်း နှလုံးကောင်းများ ရှိနေပုံကို တင်စားဖော်ပြထားတာပေါ်လွင် ထင်ရှားနေတယ်။ ဗုဒ္ဓဆင်းတုတော်ပေါ်က သံလိုက် ဆွဲအားရှိတဲ့ တောက်ပတဲ့ အပြုံးတော်ဟာ နားလည်ရခက်တဲ့ ပဟေဠိ တစ်ခုလို့ပဲ အကဲခတ်ရခက်တဲ့ အပြုံး ဖြစ်တယ်လို့ ပြောကြသလိုပဲ။ သူ့ရဲ့ အပြုံးတော်ဟာလည်း ကိုယ်တော်မြတ် ဟောကြားတဲ့ တရား ဒေသနာများရဲ့ ပြယုဂ်သဘောပဲ ဖြစ်တယ်။ တချို့ စိတ်သောက ရောက်နေရသူတွေ၊ ကြေကွဲ ဝမ်းနည်းနေသူတွေဟာ ဉာဏ်အလင်းရောင်ကို ဆောင်တော်မူတဲ့ ကိုယ်တော်မြတ်ကြီးရဲ့ အပြုံးတော်ကို မြင်လိုက်ရတဲ့အခါ စိတ်ထဲမှာ မျှော်လင့်ချက်တွေ ဖြစ်ပေါ်လာစေတဲ့ အားတိုးဆေး တစ်ခွက်

ကို သောက်လိုက်ရသလို အားရှိပြီး ရင်မှာ အေးချမ်းသွားစေတယ်။ စိတ်သက်သာရာ ရသွားစေပါတယ်။

မြတ်ဗုဒ္ဓသည် ကိုယ်တော်မြတ်ရဲ့ မေတ္တာစာတ်၊ ကရုဏာစာတ် ရောင်ခြည်တော်ကို လောကဓာတ် တစ်ခွင်လုံး အရပ် ၁၀ မျက်နှာသို့ ဖြန့်ကြက်တော်မူတယ်။ ဒီလို ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်မျိုးဟာ ဘယ်နည်းနဲ့မှ ဘဝ အဆိုးမြင်သမား မဖြစ်နိုင်ကောင်းပါ။ တချို့သော ရာဇမာန်ဝင့်နေကြတဲ့ မင်းတွေ၊ မင်းညီမင်းသားတွေဟာ မြတ်ဗုဒ္ဓရဲ့ တရားတော်တွေကို နာကြားကြရတဲ့အခါ သူတို့ စိတ်ထဲမှာ တကယ့် အောင်မြင်ခြင်း အစစ်ဟာ အပြင်အောင်ခြင်း မဟုတ်ဘူး။ အတွင်းအောင်ခြင်းသာ ဖြစ်တယ် ဆိုတာကို သိမြင် နားလည်သွားကြတယ်။ လူ အပေါင်းရဲ့ နှလုံးသားကို အောင်နိုင်ဖို့ အတွက် အကောင်းဆုံး နည်းဟာလည်း လူတွေကို တရားဓမ္မ၌ တည်စေခြင်းပဲ ဖြစ်တယ် ဆိုတာပဲလို့ သိမြင် နားလည်သွားစေတယ်။ ဓမ္မဆိုတာက သစ္စာတရားပါ။

မြတ်ဗုဒ္ဓမှာ ဟာသဉာဏ်လည်း ကြီးမားတယ်။ ဒါကြောင့် သူ့ကို ခါးခါးသီးသီး ဆန့်ကျင်လာသူတွေတောင်မှ သူနဲ့ ပြောဆို ဆွေးနွေးကြပြီးတဲ့အခါ အားလုံး ဝန်ချသွားကြရတာချည်းပဲ။ မကြာခဏ သူတို့ဟာ ဘုရားရဲ့ စကားကို နာကြားရပြီး မရယ်ဘဲကို မနေနိုင်ကြဘူး။ မြတ်ဗုဒ္ဓမှာ အံ့ဩစရာကောင်းတဲ့ အားတိုးဆေး ရှိတယ်။ သူတစ်ပါးရဲ့ အဆိပ် သင့်စေတဲ့ စနစ်တွေကို ဘုရားက စင်ကြယ်သွားအောင် လုပ်ပေးတယ်။ ပြီးတဲ့အခါကျတော့ သူတို့ အားလုံး စိတ်အားထက်သန်စွာနဲ့ ယနေ့က စပြီး တပည့်တော်တို့ကို ဥပါသကများ အဖြစ် မှတ်ယူတော်မူပါဘုရားလို့ လျှောက်ထားကြရတာချည်းပါပဲ။ ဘုရားရဲ့ တရားတော်တွေ ဆွေးနွေးခန်းတွေ ထဲမှာ လူတိုင်း လေးစားရလောက်အောင် ဂုဏ်သိက္ခာ ဩဇာများနဲ့ ပြည့်စုံနေပါတယ်။ ဒီတော့ ဒီလို ပုဂ္ဂိုလ်ထူးမျိုးကို ဘယ်နည်းနဲ့ ဘဝ အဆိုးမြင်သမားလို့ ပြောလို့ ရပ့်မလဲ။

မြတ်ဗုဒ္ဓက သူ့ တပည့်သားများ အနေနဲ့ ဘဝရဲ့ ဒုက္ခ ဆင်းရဲတွေ အပေါ်မှာ စိတ် အနှောင့်အယှက် ဖြစ်ပြီး ကြောက်လန့်နေတာမျိုးကို မမျှော်လင့်ဘူး။ မလိုလားပါဘူး။ ဆင်းရဲပြီး စိတ်ချမ်းသာခြင်း မရှိတဲ့ ဘဝနေနည်းကိုလည်း မနှစ်သက်ဘူး။ မလိုလားပါဘူး။ ရှင်တော်မြတ်ဘုရားက ခန္ဓာဟာ ဒုက္ခသစ္စာ ဖြစ်တယ် ဆိုတဲ့ အကြောင်းကို ပြောတော်မူတာက သူ့ အနေနဲ့ ဒီဆင်းရဲဒုက္ခ အပေါင်းက လွတ်မြောက်ကြောင်းကို ဘယ်ပုံဘယ်နည်း လုပ်ရမယ် ဆိုတာရယ်၊

ချမ်းသာစစ်ကို ရအောင် ရှေးရှုလုပ်ဆောင်ဖို့ လိုတယ် ဆိုတာရယ်ကို သိဖို့အတွက် ဟောရခြင်း ဖြစ်တယ်။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရတဲ့လူ ဖြစ်ရေးမှာ လူ တစ်ဦးဟာ ပီတိ၊ သုခ ဆိုတဲ့ အဆင့်ကို တွေ့ကြုံ ခံစား ဖြတ်သန်းရမယ်။ အဲဒီလို ပီတိ သုခ ကိုရအောင် ပြုစု ပျိုးထောင်ပုံနည်း လမ်းတွေကိုလည်း ထောက်ခံ ဟောကြားတော်မူတယ်။ ပီတိ ဆိုတာ ဘဝ မကောင်းမြင် သဘောမျိုးမှ မဟုတ်တာ။

ဗုဒ္ဓဘာသာ ပိဋကတော်တွေထဲမှာ ထေရာဂါထာ၊ ထေရီဂါတာ ဆိုတဲ့ ကျမ်း နှစ်စောင် ပါဝင်ပါတယ်။ အဲဒီ ကျမ်းတွေထဲမှာ မြတ်ဗုဒ္ဓရဲ့ တပည့်သားများ က ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြောင်း ထုတ်ဖော် ပြောဆိုထားတာတွေ အပြည့်ပါ။ ဒီလို ဝမ်းမြောက်ကြောင်း ပြောကြရတာကလည်း မြတ်စွာဘုရား ဟောကြားတော်မူ တဲ့ တရားအတိုင်း ကျင့်ကြံ ပွားများ အားထုတ်ကြလို့ သူတို့ ရရှိခံစားရတဲ့ ငြိမ်း ချမ်းမှုနဲ့ ချမ်းသာမှု သဘောတွေကို ဝမ်းမြောက်ဝမ်းသာ ဖွင့်ဟ ဝန်ခံကြတာပဲ ဖြစ်တယ်။

ကောသလမင်းကြီးကလည်း တစ်ခါက မြတ်စွာဘုရားကို လျှောက်ထားရာ မှာ မြတ်ဗုဒ္ဓရဲ့ တပည့်သားတွေမှာ ပင်ပန်းနွမ်းနယ်နေသူတွေ၊ ရုပ်အဆင်း ကြမ်းတမ်း ခက်ထန်နေသူတွေ၊ ဖျော့တော့နွမ်းနယ်နေသူတွေ၊ အဆမတန် ကြုံလှီနေသူတွေ၊ စိတ်မပါ လက်မပါ လုပ်နေကြသူတွေကိုလည်း တခြား ဘာသာ အယူဝါဒတွေမှာလို မတွေ့ရဘူး။ အရှင်ဘုရားရဲ့ တပည့်သားတွေဟာ ရွှင်လန်းပြီး အားကျစရာကြီး အရိယာ ဘဝကို ရရှိနေကြရတာကို တွေ့ရတယ်။ စိတ်နှလုံး စင်ကြယ်ပြီး အေးချမ်းကြတယ်။ ဒရယ်ငယ်ရဲ့ စိတ်နှလုံးမျိုးနဲ့ စိတ်ပေါ့ပါး ရွှင်လန်းနေကြတယ်။ ဒီလို ဖြစ်နေကြတာဟာ မြတ်စွာဘုရား ဟောကြားတော်မူ တဲ့အတိုင်း တရားတော်ကို သူတို့ရဲ့ ခန္ဓာမှာ ဉာဏ်ရောက်ပြီး သိသွားကြတာကြောင့် ဖြစ်လိမ့်မယ်လို့ သူ ယုံကြည်ကြောင်း ကောသလမင်းကြီးက ထပ်ဆင့် ပြောဆိုပြန် တယ်။

**(မဇ္ဈိမနိကာယ်)**

**ရိုးရိုးကလေး ငြိမ်သက်တဲ့ ဘဝမှာနေပြီး တစ်နေ့မှာ ဆွမ်း တစ်နပ်မျှသာ ဘုဉ်းပေးတော်မူကြတဲ့ ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ တပည့်သားများဟာ ဘာကြောင့် ဒီလောက်တောင် ထွန်းပနေကြပါသလဲလို့ မေးတဲ့အခါ ဗုဒ္ဓမြတ်စွာဘုရား ဖြေကြား တော်မူတာက "သူတို့ဟာ အတိတ်က ပြုခဲ့တာတွေအတွက် နောင်တ တစ်ဖန် ပူပန်ခြင်းလည်း မရှိကြဘူး။ အနာဂတ်အတွက်လည်း ကြောင့်ကြတဲ့ စိတ်နေတွေးပြီး**

ပူပန်ခြင်း မရှိကြဘူး။ သူတို့ဟာ ပစ္စုပ္ပန် တည့်တည့်မှာပဲ နေကြတယ်။ ဒါကြောင့် သူတို့ ထွန်းပနေကြတာ။ အနာဂတ်ကို တွေးပူခြင်း အတိတ်ကို ပြန်တွေးပြီး နောင်တ တစ်ဖန် ပူပန်ခြင်းဟာ မိုက်မဲခြင်း ဖြစ်ပြီး ခုတ်ဖြတ်ခြင်း ခံရတဲ့ ကျူပင် ကျူရိုးများ နေရောင်အောက်မှာ ခြောက်သွေ့သွားကြသလိုပဲ ဖြစ်စေတယ်။

(သံယုတ္တနိကာယ်)

ယုံကြည် ကိုးကွယ်မှု ဘာသာအယူ တစ်ခု အဖြစ်နဲ့ ဗုဒ္ဓဘာသာဟာ လောကကြီး တစ်ခုလုံး ဒုက္ခ ဖြစ်နေပုံကို ဟောတယ်။ ဒါပေမဲ့ ဒီလို ဟောတာကြောင့် ဗုဒ္ဓဘာသာဟာ ဘဝကို အဆိုးမြင်တဲ့ ဒုက္ခကိုချည်းပဲ မြင်နေတဲ့ အယူဝါဒလို့တော့ မဆိုနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ ဗုဒ္ဓဘာသာက ဒီဒုက္ခ ဆင်းရဲအပေါင်းက လွတ်မြောက်အောင် ဘယ်လို လုပ်ရမယ် ဆိုတဲ့ ဒုက္ခ ချုပ်ကြောင်း နည်းလမ်းကောင်းကိုပါ ဟောကြားထားလို့ပဲ ဖြစ်တယ်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ အလိုတော်အရဆိုလျှင် အဆိုးဆုံး အပြစ် ကျူးလွန်သူတောင်မှ သူ ပြုထားတဲ့ ဝဋ်ကြွေးတွေ ကျေအောင် ပေးဆပ်ပြီးရင် ဘဝ လွတ်မြောက်ခြင်း အမှန် မြတ်နိဗ္ဗာန်ကို ရောက်နိုင်ကြောင်း ဟောတော်မူထားပါတယ်။ (ဗုဒ္ဓဘာသာဟာ ထာဝရ ငရဲကျခံရတယ်ဆိုတဲ့၊ ငရဲက လွတ်လမ်း မရှိဘူး ဆိုတဲ့ ဘာသာ အယူဝါဒမျိုး မဟုတ်ဘူး)တစ်နေ့ကျရင် ဝဋ်ကောင်ဟာ လွတ်မြောက်ခွင့်ရှိတယ် ဆိုတဲ့ ဘဝ မျှော်လင့်ချက်ကို ပေးထားတဲ့ ဘာသာအယူဝါဒ ဖြစ်တယ်။ တခြား ဘာသာ အယူဝါဒတွေမှာဆိုရင် အပြစ်ကျူးလွန်သူဟာ ငရဲကို ကျသွားပြီးရင် ထာဝရ ငရဲမှာပဲ နေရတယ်လို့ ဟောတာများတယ်။

ဗုဒ္ဓဘာသာဟာ ဘဝ အကောင်းမြင် ဝါဒလည်း မဟုတ်ဘူး။ ဘဝ အဆိုးမြင်ဝါဒလည်း မဟုတ်ဘူး။ လူသားကို သူရဲ့ ပြောင်းလဲနေတဲ့ ခံစားချက်နဲ့ ဘဝကို အကောင်းသဘောချည်း မြင်တာမျိုး၊ ဘဝကို အဆိုးချည်းပဲ သဘောထားတာမျိုးကို ဗုဒ္ဓရှင်တော်မြတ်က အားမပေးပါဘူး။ ဗုဒ္ဓဘာသာကို ကျွန်ုပ်တို့ကို အားပေးတာက ဘဝကို အမှန်အတိုင်း မြင်တတ်ဖို့ပဲ ဖြစ်တယ်။ ကျွန်ုပ်တို့ အနေနဲ့ ရုပ်နာမ်ခမ္ဘ သင်္ခါရ တရားတွေကို အဖြစ်မှန်အတိုင်း ရှိအတိုင်းတိုင်း ရှုမြင်တတ်ဖို့ပဲ ဖြစ်တယ်။

# ဗုဒ္ဓဘာသာဟာ ကိုးကွယ်ရာမဲ့ ဝါဒလား

*ဘုရား မရှိ၊ ကိုးကွယ်စရာ မရှိဆိုတဲ့ အယူဝါဒဟာ ရုပ်ဝါဒနဲ့ ဆက်နွယ်နေတယ်။ လောကရဲ့ အထက်မှာ မြင့်တာ မြတ်တာလို့ ဘာမှ မရှိဘူးလို့ သူတို့က ယုံကြည် နေကြတယ်။*

မြတ်ဗုဒ္ဓက ဘုရားမဲ့ ဝါဒကို ရှုတ်ချတော်မူတယ်။ ဒီကိစ္စမှာ ဗုဒ္ဓမြတ်စွာ ဆိုလိုတာက ဆည်းကပ် ကိုးကွယ်မှုနဲ့ လောကီ အာရုံ ကာမဂုဏ်ကို စွန့်လွှတ်ခြင်းကို ငြင်းပယ်တဲ့ အယူအဆကို ပယ်တော်မူတာ ဖြစ်တယ်။ ကိုယ်ကျင့်တရားနဲ့ လူမှုတာဝန်ဝတ္တရားများ အပြင် စင်ကြယ်တဲ့ အရိယာ ဘဝနေနည်းကို ငြင်းပယ်တဲ့ သဘောကို ဗုဒ္ဓရှင်တော်မြတ်ဘုရားက ရှုတ်ချတော်မူခြင်း ဖြစ်တယ်။ မြတ်ဗုဒ္ဓက ကိုယ်ကျင့်တရား တန်ဖိုးတွေ၊ ဘာသာရေး တန်ဖိုးတွေ ရှိတယ်ဆိုတဲ့ အပေါ် အလွန် အရေးထားတယ်။ အလွန် အလေးအနက် ထားတယ်။ ထို့ပြင် သီလရဲ့ တန်ဖိုးကိုလည်း အထွတ်အမြတ် ထားတော်မူတယ်။ သဘောတစ်ခုမှာတော့ ဗုဒ္ဓဘာသာကို ထာဝရနတ်ဘုရား ကိုးကွယ်မှုကို လက်မခံတဲ့ ဘာသာလို့ ပြောရင် ပြောလို့ရတယ်။ ဗုဒ္ဓက လောကကို ဖန်ဆင်းတဲ့ ထာဝရဖန်ဆင်းရှင်၊ အနန္တ တန်ခိုးတော်ရှင်နတ်ဘုရားသခင် ရှိတယ် ဆိုတာကိုတော့ ငြင်းပယ်တော်မူတယ်။ တစ်ခါတစ်ခါကျတော့ ဘာသာမဲ့ဝါဒ (atheism) ဆိုတဲ့ စကားဟာ တစ်စုံတစ်ယောက်ကို ချိုးနှိမ်ပုတ်ခတ်တဲ့ လေသံပါတယ်။ ဒီသဘောမျိုး ဆိုရင်တော့ ဗုဒ္ဓဘာသာနဲ့ လားလားမှ မသက်ဆိုင်ပါ။ တစ်ခါတလေ ဘာသာမဲ့ဆိုတဲ့ စကားကို ပြောတတ်ကြတဲ့ လူတွေရဲ့ စိတ်ထဲမှာ ရုပ်ဝါဒ၊ အစွဲအလမ်းတွေ ပါတယ်။ ဒီရုပ်လောကရဲ့ အပေါ်မှာ ဘာမှ ပိုပြီး မြင့်မြတ်တာ မရှိဘူး။ ဒီလောကထက် ပျော်စရာကောင်းတာလည်း ဘာမှ မရှိဘူးဆိုတဲ့သဘော ပြောကြတယ်။ ဒီလို ရုပ်ဝါဒ သဘောထားမျိုးတော့ ဗုဒ္ဓဘာသာမှာ လုံးလုံး မရှိပါဘူး။

ဗုဒ္ဓဘာသာကို ဘာသာမဲ့ (ဘုရားမဲ့၊ တရားမဲ့) ဝါဒဟု ကင်ပွန်းတပ်စရာ အကြောင်းလုံးလုံး မရှိပါ။ နတ္ထိက ဝါဒ၊ ဘာသာရေးတန်း မဝင်သော၊ ရှေးကျသော လူများ ကိုးကွယ်သော၊ ရုပ်တုဆင်းတု ကိုးကွယ်သော အယူဝါဒ၊ ရုပ်တု ကိုးကွယ်သော အယူဝါဒ (pagan, heathen) သို့မဟုတ် ကွန်မြူနစ် ဝါဒမျိုးဟု သမုတ်စရာ အကြောင်းလည်း လုံးဝ မရှိပါ။ ထိုအယူဝါဒများကလည်း ဖန်ဆင်းရှင် ထာဝရ

နတ်ဘုရား ကိုးကွယ်ကြသော အကြောင်းကြောင့် ဗုဒ္ဓဘာသာကလည်း ထိုနတ်ဘုရား ဖန်ဆင်းရှင်ကို ကိုးကွယ်သောကြောင့် တန်းတူထား၍ မစွပ်စွဲသင့်ပါ။

ဗုဒ္ဓဘာသာက လက်ခံသော နတ်ဘုရားသည် တခြား ဘာသာများက လက်ခံ ထားသော နတ်ဘုရားနှင့် သဘောချင်း ကွာခြားတယ်။ ဒီလို ယုံကြည်ပုံ ယုံကြည်နည်း ကွာတဲ့အတွက် သမ္ဘပ္ပလာပ ဝါစာသုံးပြီး နာမည် အမျိုးမျိုး တပ်သင့်သည် မဟုတ်ပါ။

ဗုဒ္ဓဘာသာနှင့် တခြား ဘာသာတွေ တူသော အချက်မှာ ဤလောကီ လူ့ဘောင်ထဲတွင် စစ်မှန်သော ထာဝရ ခိုင်မြဲသော ချမ်းသာသုခကို ဘယ်တော့မှ ရှာ၍ မရနိုင်ဆိုသော အချက် ဖြစ်တယ်။ ဗုဒ္ဓမြတ်စွာဘုရား ထိုချမ်းသာစစ်ကို လူ့ဘဝမှာ ရှာ၍ မရသလို နတ်ဘဝမှာပဲ ဖြစ်ဖြစ်၊ ပြဟ္မာ ဘဝမှာပဲ ဖြစ်ဖြစ်၊ ၃၁ ဘုံထဲ ဘယ်မှာမှ ရှာ၍ မရနိုင်ကြောင်းကိုလည်း ဟောထားတယ်။ ဒီနေရာမှာ ဗုဒ္ဓရှင်တော်မြတ်ဘုရားက မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်နဲ့ စပ်တဲ့ ဘာသာရေး တန်ဖိုးတွေကို လောကုတ္တရာ တန်ဖိုးတွေ အဖြစ်နဲ့ သတ်မှတ် ဟောကြားထားသော် လည်း ဒီတန်ဖိုးတွေဟာ ယခု မျက်မှောက် ဘဝ လူ့ လောကမှာ ရနိုင်တာတွေ မဟုတ်။ လူ့ ဘဝကို လွန်မြောက်သွားမှ ရနိုင်တာတွေ ဖြစ်တယ် ဆိုတဲ့ သဘောနဲ့ ပိုင်းခြားထားခြင်း မရှိဘူး။ ဒီမဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ဆိုတဲ့ တန်ဖိုးတွေကို ယခု မျက်မှောက်ဘဝ လူ့ လောက ထဲမှာပဲ ရနိုင်တဲ့ တရားတွေ ဖြစ်တယ်။ လူ အဖြစ်နဲ့ပဲ မျက်မှောက် ဘဝတွင်ပဲ ကျင့်ကြံ ပွားများ အားထုတ်လို့ အနုဗောဓဉာဏ် ကနေ ပဋိဝေဓဉာဏ် ဖြစ်ပေါ်လာရင် ရတာပဲလို့ ဟောထားတာ ဖြစ်တယ်။

# အပိုင်း သုံး

## ဗုဒ္ဓဘာသာဝင်ကျောင်း တစ်ယောက်၏ ဘဝနေနည်း

# ၇
# လူသားဘဝအတွက် အခြေခံအုတ်မြစ်က ကိုယ်ကျင့်သီလ

## လူ့ဘဝရဲ့ ရည်မှန်းချက်က ဘာလဲ?

*သဘာဝတရား၏ ဆင့်ကဲ တိုးတက် ပြောင်းလဲမှု (အီဗော်လူးရှင်း) ဖြစ်စဉ်ထဲတွင် လူသားသည် အဆင့် အမြင့်ဆုံး အသီးအပွင့် ဖြစ်သည်။ ဤသို့ ဖြစ်ခြင်းမှာ လူသားသည် သဘာဝ လောကထဲတွင် မိမိရဲ့ ဘဝ ဖြစ်တည်ပုံကိုရော၊ ဘဝရဲ့ အဓိပ္ပာယ် အမှန်ကိုရော နားလည် နိုင်စွမ်း ရှိခြင်းကြောင့် ဖြစ်တယ်။*

ဘဝ ဖြစ်တည်ခြင်းရဲ့ ရည်ရွယ်ချက်ကို သိဖို့ ကိစ္စမှာ လူသား အနေနဲ့ ဦးစွာ ထိုအကြောင်းအရာကို မိမိ ဘဝ အတွေ့အကြုံတွေနဲ့ ထိုးထွင်း သိမြင်မှုဉာဏ်ကို လေ့လာရမှာ ဖြစ်တယ်။ ဒီအခါကျမှ သင်ဟာ သင့်ဘဝရဲ့ အဓိပ္ပာယ် အစစ်အမှန် ကို ကိုယ်တိုင် ရှာဖွေဖော်ထုတ်နိုင်မှာ ဖြစ်တယ်။ လမ်းညွှန်ချက်တွေတော့

ပေးထားနိုင်ပါရဲ့။ ဒါပေမဲ့ ကိုယ့်ဘဝကို ကိုယ်နားလည်ရေး အတွက်ကျတော့ ကိုယ်တိုင်က လိုအပ်တဲ့ အခြေအနေတွေကို ဖန်တီးတတ်ရဦးမှာ ဖြစ်တယ်။

လူ့ဘဝရဲ့ ရည်ရွယ်ချက်ကို သိဖို့ ကနဦး သိသင့်တဲ့ အကြောင်းအချက်တွေက အများကြီးပဲ။ ပထမဦးစွာ သင်ဟာ လူ့သဘာဝကိုရော၊ ဘဝ ဖြစ်တည်ခြင်းရဲ့ သဘော သဘာဝကိုရော နားလည်ရမယ်။ နောက်ကျတော့ သင်သည် ကိုယ့်စိတ်ကို ကိုယ်က ငြိမ်သက်ပြီး ငြိမ်းအေးခြင်းသို့ ရောက်အောင် ဘာသာတရားက ညွှန်ကြား ချက်အတိုင်း ကျင့်ကြံ ပွားများ အားထုတ်ရမယ်။ ဒီအခြေအနေတွေ ပြည့်မီပြီဆိုတော့ သင် ရှာဖွေနေတဲ့ အဖြေဟာ မိုးကောင်းကင်ပေါ်က သိမ်မွေ့တဲ့ မိုးစက်ကလေးတွေ ဖျန်းပက်ပြီး ကျလာသလို ကျလာလိမ့်မယ်။

## လူ့သဘာဝကို နားလည်ခြင်း

လူသားဟာ လကမ္ဘာ ပေါ်မှာ ခြေချနိုင်သည် အထိ အသိဉာဏ်ပညာ ရှိခဲ့တယ်။ စကြဝဠာကြီးရဲ့ အံ့ဖွယ်ကောင်းလောက်တဲ့ အကြောင်းအရာတွေကိုတောင် ရှာဖွေဖော်ထုတ်နိုင်ခဲ့ပြီးပါပြီ။ ဒါပေမဲ့ သူဟာ သူ့ရဲ့ အဇ္ဈတ္တ မနောသဘာဝကို ထိုးထွင်းပြီး နှိုက်နှိုက်ချွတ်ချွတ် သိဖို့ကျတော့ လေ့လာ သင်ကြားစရာတွေ လိုနေသေးတယ်။ သူ့ရဲ့ စိတ်ကို အမြင့်ဆုံး ကိုယ်ရည်ကိုယ်သွေးများ ဖွံ့ဖြိုးတိုးတက်လာအောင် ဘယ်လိုဆောင်ရွက်ရမလဲ ဆိုတာကို သိမှသာ သူ့စိတ်ရဲ့ သဘာဝ အမှန်ကို သိမြင်နားလည်နိုင်မှာ ဖြစ်တယ်။

ဘာပဲ ပြောပြော၊ ဘယ်လောက်ကြီး ဗဟိဒ္ဓအားဖြင့် တိုးတက် ကြီးပွားနေတယ် ဆိုဆို၊ ခုထိ လူသား အပေါ် အဝိဇ္ဇာရဲ့ ရစ်ပတ်ထားခြင်းကို ခံနေရသေးတယ်။ သူ့ကိုယ်သူ ဘယ်သူဘယ်ဝါလဲ၊ ဘယ်က လာခဲ့တာလဲ၊ ဒီဘဝမှာ ဘာလုပ်ဖို့လာတာလဲ ဆိုတာတွေကိုတော့ သူ မသိရှာဘူး။ ဒီလို မသိတော့ အရာရာကိုတလွဲ အဓိပ္ပာယ် ကောက်ပြီး တလွဲ ကောက်ယူထားတဲ့ အဓိပ္ပာယ်နဲ့ တလွဲပဲ လုပ်နေတော့တာပဲ။ ကျွန်ုပ်တို့ရဲ့ လူ့ယဉ်ကျေးမှုကြီး တစ်ခုလုံးဟာ ဒီမှားယွင်းတဲ့ ဘဝအဓိပ္ပာယ် ဖော်ဆောင်ချက် အပေါ်မှာ တည်ဆောက်ခဲ့ကြတာ ဖြစ်တယ် ဆို တာဆင်ခြင်ကြည့်ရင် မသိနိုင်ပေဘူးလား။

မိမိရဲ့ ဘဝဖြစ်တည်နေပုံ အမှန်ကို မသိနားမလည်ခဲ့တာကြောင့် လူသားဟာ သူ့ကိုယ်သူ ကိုယ်ကျိုးရှာ အတ္တသမား ပွေကြီးအဖြစ် ဖော်ဆောင်ခဲ့တာ၊ သူ့ကိုယ်သူ အတ္တစွဲကြီးသူ မဟုတ်သလို မတတ်နိုင်တာတွေ အတွက် ဟန်ဆောင်ခဲ့ကြရတာတွေ ဖြစ်ခဲ့ကြရတာပဲ မဟုတ်လား။

လူသားအနေနဲ့ အမှန်သစ္စာတရားကို သိမြင်တဲ့ဉာဏ် ဖြစ်ပေါ်လာဖို့ အတွက် အဝိဇ္ဇာကို ကျော်လွှန်နိုင်အောင် ကြိုးပမ်းကြရမယ်။ မဟာလူသားတိုင်း ဟာ သာမန် ပုထုဇဉ်တွေလိုပဲ အမိဝမ်းက မွေးလာခဲ့ကြရတာပါ။ ဒါပေမဲ့ ဒီ ပုဂ္ဂိုလ်ကြီးတွေဟာ သူတို့ကိုယ် သူတို့ မဟာလူသား ဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့ ကြတယ်။ ရေဟာ ရေစည်ထဲကို စီးဝင်သလို မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မျက်မှောက် ပြုရေးဟာ စီးဝင်မလာနိုင်ပါဘူး။ ဗုဒ္ဓရှင်တော်မြတ်ဘုရားတောင်မှ လူ့သဘာဝ အမှန်သစ္စာကို သိမြင်တဲ့ ဉာဏ်ရဖို့ အစွမ်းကုန် အားထုတ်ခဲ့ရတယ်။ သူ့ရဲ့ စိတ် ကို ပြုစု ပျိုးထောင်ခဲ့ရပါတယ်။

လူသားဟာ သူ့ကိုယ်သူ အဝိဇ္ဇာက ဖန်တီးထားတဲ့ အိပ်မက်ထဲက နိုးထ ရုန်းထွက်ပြီး အပြည့်အဝ နိုးကြားလာရင်ဖြင့် သူလည်း ဝိဇ္ဇာဉာဏ်တွေကို ရနိုင် တယ်။ ဗုဒ္ဓ ဖြစ်နိုင်တယ်။ သူ ယခု မျက်မှောက် ဖြစ်တည်နေတာဟာ သူ အထပ် ထပ်အခါခါ ပြုခဲ့ပြီးတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေရဲ့ အကျိုးဝိပါက် အတိုင်း ဖြစ်နေရတာ ဆိုတာကို သိမြင်နားလည်ရမယ်။ သူဟာ အရန်သင့် လုပ် ထားပြီးသား မဟုတ်ဘူး။ သူဟာ အဆက်မပြတ် မရပ်မနား တရစပ် ပြောင်းလဲ ဖြစ်ပျက်နေတဲ့ ဖြစ်စဉ်ကြီး တစ်ခုသာ ဖြစ်တယ်။ ဒီလို ပြောင်းလဲခြင်းဆိုတဲ့ အနိစ္စ သဘောထဲမှာ သူ့ရဲ့ အနာဂတ်ဘဝ တည်ရှိနေတယ်။ ဘာကြောင့်လဲဆိုတော့ သူ့အနေနဲ့ သူ့ဆရာ၊ သူ့ စိတ်ဓာတ်၊ သူ့ ကြမ္မာတွေကို သူ လုပ်သင့်တဲ့ အလုပ်တွေကို ရွေးလုပ်ခြင်းအားဖြင့် ပုံဖော်နိုင်ခွင့် ရှိလို့ပဲ ဖြစ်တယ်။ စင်စစ် သူ ပြုတဲ့၊ သူ ရွေးချယ်ပြီး လုပ်တဲ့ ကံအားလျော်စွာ၊ အတွေးအကြံ အားလျော်စွာပဲ သူ ဖြစ်လာနိုင်လို့ပါ။ သဘာဝ တရားရဲ့ ဆင့်ကဲပြောင်းလဲတဲ့ ဖြစ်စဉ် (အီဗော်လူးရှင်း) ဆိုတဲ့ သစ်ပင်ပေါ်မှာ အဆင့်အမြင့်ဆုံးသော အသီးဟာ လူသားပဲ ဖြစ်တယ်။ ဒါကြောင့် လူသားဟာ သဘာဝ လောကကြီးထဲက သူ ရပ်တည်နေတဲ့ နေရာကိုရော၊ သူ ဖြစ်တည်နေခြင်း ဘဝရဲ့ အဓိပ္ပာယ်ကိုရော ကောင်းကောင်း သိနားလည်ဖို့ လိုအပ်ပါတယ်။

## ဖြစ်တည်ခြင်းရဲ့ သဘာဝကို နားလည်ခြင်း

**လူအတော်များများက ဘဝရဲ့ ဖြစ်ရပ်အမှန်တွေကို ရင်ဆိုင်ရမှာကို မနှစ်သက်ဘူး။ သူတို့က ချိုမြိန်တဲ့ ဘဝ အိပ်မက်တွေကို မက်ပြီး လွဲမှားတဲ့ လုံခြုံမှုကို အလုပ် မလုပ်ဘဲနဲ့ ရရှိခံစားရမယ်ဆိုတဲ့ စိတ်ကူးယဉ်နေရတာကို ပိုပြီး နှစ်သက်ကြတယ်။**

· ဒီလူတွေဟာ အရိပ်ကို အကောင်ထင်ပြီး လွဲချော်နေကြတာ ဖြစ်တယ်။ ဘဝ ဆိုတာ ဘာတစ်ခုမှ သေချာတဲ့ သဘော မရှိဘူး။ အနေကန္တ တရားကြီး ဖြစ်တယ် ဆိုတဲ့ အချက်ကို သူတို့ သတိ မပြုမိကြဘူး။ ဘဝနေနည်း၊ ဘဝကို ရင်ဆိုင်နည်း တစ်ခုကတော့ ဘဝရဲ့ သဘောကို နားလည်အောင် လုပ်ပြီး သေခြင်းတရားကို နားလည်ပြီးရင် ရင်ဆိုင်ရဲဖို့ပဲ ဖြစ်တယ်။ သေခြင်းတရားဆိုတာ တစ်ခဏ ဖြစ်တည်ခြင်း တစ်ခုရဲ့ တစ်ခဏ အဆုံးသတ်မှု တစ်ခုပဲ ဖြစ်တယ်။ ဒါပေမဲ့ လူအများက 'သေခြင်း' ဆိုတဲ့ စကားကို နားကြားပြင်း ကတ်တတ်ကြတယ်။ သေခြင်းဆိုတာကို မကြားချင်သူက များတယ်။ ဒီလူတွေဟာ သေခြင်းဟာ မုချ ရောက်လာမည့် တရားပဲ ဆိုတာကို မေ့ပြီး နေချင်ကြတာ။ သူတို့ ကြိုက်ကြိုက် မကြိုက်ကြိုက် သေခြင်းကိုတော့ ရှောင်လွှဲလို့ မရဘူး။ သေခြင်းသဘောကို မှန်မှန်ကန်ကန် စဉ်းစား ဆင်ခြင် သုံးသပ်တတ်သူ အဖို့မှာတော့ သေခြင်းကို ရဲရင့်စွာ၊ တည်ငြိမ်စွာ ဘဝရဲ့ သဘောကို ထိုးထွင်း သိမြင်မှုဖြင့် ရင်ဆိုင်ရဲပါတယ်။

သေခြင်းတရားကို နားလည်ခြင်း ပြီးနောက် ကျွန်ုပ်တို့အနေနဲ့ ဖြစ်တည် နေတဲ့ မိမိတို့ရဲ့ ဘဝဖြစ်တည်ခြင်းကိုလည်း ကောင်းကောင်း နားလည် သဘော ပေါက်ဖို့ လိုတယ်။ မိမိတို့ အသက်ရှင် ဖြစ်တည်နေတဲ့ ဘဝဟာ ကိုယ် လျှောက်ချင် တဲ့ ချောမွတ်တဲ့ ပန်းခင်းလမ်း မဟုတ်ဘူး။ ဒါကို သိထားရမယ်။ ဘဝမှာ မကြာ ခဏ ပြဿနာတွေကို တွေ့ရမယ်။ အခက်အခဲတွေကို ရင်ဆိုင်ရမယ်။ ဒီဘဝ ပြဿနာတွေ၊ ဘဝ အခက်အခဲတွေကို ကြောက်လန့်နေလို့ မဖြစ်ဘူး။ ဘာဖြစ်လို့ လည်း ဆိုတော့ ဒီပြဿနာတွေ ဒီအခက်အခဲတွေကို သဘာဝကျကျ ထိုးထွင်း သိမြင်ခြင်းအားဖြင့် ကျွန်ုပ်တို့အနေနဲ့ ဘဝရဲ့ နက်နဲတဲ့ အတွင်းသဘောတွေကို ထိုးထွင်း သိမြင်နိုင်လို့ ဖြစ်တယ်။ ကြီးပွားခြင်း၊ စည်းစိမ် ဥစ္စာ ပေါများခြင်း၊ လူရိုသေရှင်ရိုသေ ခံရခြင်း ဆိုတဲ့ လောကီချမ်းသာတွေ၊ လူ အများ လိုလား တောင့်တနေကြတာတွေဟာ စင်စစ်တော့ အမှားကို အမှန်ထင်နေတဲ့ ဝိပလ္လာသ တရားတွေပါ။ ထင်ရှားတာက လောကီအာရုံ ကာမဂုဏ် စည်းစိမ် ချမ်းသာတွေ တိုးတက်လာလေ စိတ်ငြိမ်ဆေး၊ အိပ်ဆေးတွေ အရောင်းရ တိုးလာလေလေ၊ စိတ်ရောဂါကု ဆေးရုံကို ရောက်တဲ့ လူနာတွေ တိုးလာလေလေ၊ ကိုယ့် ကိုယ်ကိုယ် သတ်သေတဲ့ အဖြစ်တွေ တိုးတက်လာလေလေပါ။ ဒါတွေဟာ ရုပ်ဝတ္ထုတွေဘက်က တိုးတက်လာလေ စိတ်ပိုင်းဆိုင်ရာ ဒုက္ခဆင်းရဲတွေက တိုးတက် များပြား လာလေ ဖြစ်တယ် ဆိုတဲ့ လုံလောက်တဲ့ သက်သေ အထောက်အထားတွေပါ။ ဒါကြောင့် ကျွန်ုပ်တို့ အနေနဲ့ တကယ် စစ်မှန်တဲ့ ချမ်းသာကို ရချင်ရင် ရုပ်ဝတ္ထုတွေ အပေါ်

တပ်မက်ပြီးရတဲ့ လောကီ ချမ်းသာအတုကို ကျော်လွန်ပြီး လောကုတ္တရာ ချမ်းသာ အထိ ရောက်အောင်သွားနိုင်စွမ်း ရှိဖို့ လိုအပ်တယ်။

## ယုံကြည် ကိုးကွယ်မှု ဘာသာအယူဝါဒ လိုအပ်ခြင်း

ဘဝ၏ ရည်ရွယ်ချက်ကို အမှန်အတိုင်း သိရန်အတွက် လူတစ်ဦး အနေနှင့် မိမိ၏ စိတ်နှလုံးကို မကောင်းမှု ဒုစရိုက် ပြုခြင်းမှ ရှောင်ကြဉ်ရေး အတွက် အထိန်း အကွပ် ပြုပေးနိုင်သော ကိုယ်ကျင့်သီလနှင့် ပြည့်စုံသော ဘာသာအယူဝါဒ တစ်ခုကို ရွေးချယ်ပြီး ထိုဘာသာ၏ အဆုံးအမများအတိုင်း လိုက်နာ ကျင့်ကြံ၍ နေတတ်ရန် လိုအပ်ပါတယ်။ ဘာသာအယူဝါဒ တစ်ခုက မိမိအား မကောင်းမှု ပြုခြင်းကို ထိန်းချုပ်ပြီး ကောင်းမှုကုသိုလ် ပြုခြင်းကို အားပေးသည့်ပြင် မိမိ၏ စိတ်ကို စင်ကြယ်အောင်လည်း ပြုပြင်ပေးပါက ထိုဘာသာ အယူဝါဒကို ကိုးကွယ် ဆည်းကပ်ရပေလိမ့်မယ်။ ဆိုခဲ့ပြီးသော သဘောများ ပါသော ယုံကြည် ကိုးကွယ် ခြင်းကိစ္စကို ကျွန်ုပ်တို့က 'ဘာသာ ယုံကြည် ကိုးကွယ်မှု' (religion) လို့ ခေါ်လို့ ရပါတယ်။

ဘာသာယုံကြည် ကိုးကွယ်မှု ဆိုတာ လူတစ်ယောက်ရဲ့ မိမိကိုယ်ကို မိမိ သိမြင်နားလည်အောင် ကြိုးပမ်းတဲ့ ကြိုးပမ်းချက် ဖြစ်တယ်။ ထိုလူသားရဲ့ ကြီးမားတဲ့ စွမ်းအားလည်း ဖြစ်တယ်။ ဒီစွမ်းအားက လူတစ်ယောက်ရဲ့ အဖျက်သဘော ရှိတဲ့ စိတ်နေစိတ်ထားတွေကို အပြုသဘော ရှိတဲ့ စိတ်နေစိတ်ထား သဘောထား ဖြစ်အောင် ပြောင်းလဲပေးနိုင်တယ်။

ဘာသာတရားက အဝိဇ္ဇာမောဟကို ဝိဇ္ဇာပညာ ဖြစ်အောင်၊ တစ်ကိုယ် ကောင်းအတ္တကို အများအကျိုး လိုလားအောင်၊ မာန်မာန ထောင်လွှားမှုကို နှိမ့်ချ အောင် ကိုယ့်ကိုယ်ကိုယ်သာ အကောင်း ထင်သော မောက်မာမှုကို သည်းခံတတ် အောင်၊ လောဘကြီးမှုကို ကရုဏာ ထားတတ်အောင်၊ ရက်စက်မှုကို ကြင်နာ သနားတတ်အောင်၊ပုဂ္ဂလမိဋ္ဌာန် ဆန္ဒစွဲကို ဓမ္မမိဋ္ဌာန်ကျအောင် ပြောင်းလဲစေနိုင် တယ်။

ဘာသာတိုင်းကတော့ လူ့စိတ်သဘာဝကို မြင့်မြတ်တဲ့ အဆင့်အထိ ရောက်အောင် ဆောင်ရွက်ဖို့ နည်းလမ်းတွေကို တင်ပြတတ်ကြတာပါပဲ။ ဒါပေမဲ့ ခြောက်ပြစ်ကင်း နည်းလမ်းများကိုတော့ မပေးနိုင်ကြဘူး။ ရှေးပဝေသဏီ ကာလ ကတည်းက ဘာသာ ယုံကြည် ကိုးကွယ်မှုဟာ လူသားများရဲ့ အနုပညာနဲ့

ယဉ်ကျေးမှုဆိုင်ရာ စိတ်ထက်သန်မှုကို စတင် ဖြစ်ပေါ်စေခဲ့ကြတယ်။ လူ့သမိုင်းဘာ်လျှောက်မှာ ဘာသာ ယုံကြည် ကိုးကွယ်မှုတွေ အများအပြား ပေါ်ထွန်းလာခဲ့ကြစေကာမူ ကာလ ကြာမြင့်တဲ့အခါ ပျောက်ကွယ်သွားကြပြီး လူတွေကလည်း မေ့ပစ်လိုက်ကြပါတယ်။ ဘာသာ တစ်ခုစီက သူ့ခေတ် သူ့အခါ အားလျော်စွာ လူသားများရဲ့ တိုးတက် ဖွံ့ဖြိုးမှုအတွက် အတိုင်းအတာ တစ်ခုစီ အထိတော့ တစ်စုံတစ်ရာ အကျိုးပြုခဲ့ကြတာချည်းပါ။

ခရစ်ယာန် ဘာသာက အနောက်တိုင်းသားများကို ယဉ်ကျေးအောင် ကူညီခဲ့တယ်။ ဗုဒ္ဓဘာသာကတော့ ခရစ်ယာန်ဘာသာ မတိုင်မီ ကြာမြင့်စွာကပင် အရှေ့တိုင်းနိုင်ငံများမှာ ယဉ်ကျေးမှုကို ဖြစ်ပေါ်စေခဲ့တာပါ။ ယခုတိုင်အောင်လည်း အရှေ့တိုင်းမှာ ပဓာန စွမ်းအားကြီးတစ်ခု အဖြစ်နဲ့ ဆက်လက် ရှင်သန်နေဆဲပါ။ ပြီးတော့ ယခုလို သိပ္ပံပညာ ထွန်းကားတဲ့ ခေတ်ကြီးထဲမှာ သိပ္ပံပညာက ဗုဒ္ဓဘာသာရဲ့ ဩဇာအရှိန်အဝါ ကြီးမားမှုကို ပိုမို ကျယ်ပြန့်ပြီး အားကြီးအောင် ဆောင်ရွက်ပေးနေသလို ရှိပါတယ်။

ဗုဒ္ဓဘာသာဟာ ခေတ်သစ် သိပ္ပံပညာ၊ အသိပညာတွေနဲ့ ဘယ်နေရာမှာမှ ဝိရောဓိ မဖြစ်ဘူး။ ဝိရောဓိ မဖြစ်ရုံမျှမက ဘယ်ဘာသာ ယုံကြည် ကိုးကွယ်မှုကမှ မတတ်နိုင်တဲ့ သိပ္ပံအသိပညာတွေကို ပွေ့ပိုက်နိုင်ပြီး သိပ္ပံပညာထက်တောင် ကျော်လွန် ထူးခြားနေသေးတယ်။ ဒီလိုမျိုး ဘယ်ဘာသာမှ မလုပ်နိုင်ဘူး။ အနောက်နိုင်ငံသားများက ရုပ်ဝတ္ထု ပစ္စည်းတွေ ကြွယ်ဝ ချမ်းသာရေး အတွက် စကြဝဠာလောကကြီးကို အနိုင်ရဖို့ကို ကြိုးပမ်းတယ်။ ဗုဒ္ဓဘာသာနဲ့ အရှေ့တိုင်း ဒဿနပညာကတော့ စိတ်ချမ်းသာမှုအတွက် သဘာဝတရားနဲ့ သဟဇာတ ဖြစ်အောင် ကြိုးပမ်း အားထုတ်တယ်။

ဘာသာ ယုံကြည် ကိုးကွယ်မှုက လူတွေရဲ့ စိတ်နှလုံးကို ငြိမ်သက်အောင် လုပ်ပြီး ငြိမ်းအေးဖို့အတွက် သင်ကြား လမ်းညွှန်ပေးတယ်။ ဒီလို ဝတ္ထုအာရုံကာမဂုဏ်တရားတွေ ထကြွ သောင်းကျန်းခြင်း ကင်းပြီး စိတ်နှလုံး ငြိမ်သက်ရေးကိစ္စရဲ့ အလွန် လျှို့ဝှက်တဲ့ အချက်၊ သိခဲတဲ့ ကိစ္စကတော့ စိတ်သောက အမျိုးမျိုးရဲ့ အရင်းအမြစ် ဖြစ်တဲ့ လောဘတဏှာကို ငြိမ်းသတ်ရေးပဲ ဖြစ်တယ်။ လူသားများအတွက် အရေးကြီးတာက ရတတ်သမျှနဲ့ ရောင့်ရဲစွာ နေတတ်ဖို့ပဲ ဖြစ်တယ်။ လူတွေက ပစ္စည်းဥစ္စာတွေ ကြီးပွား ချမ်းသာရေးကို လိုချင် တပ်မက်

လေလေ သူတို့မှာ ဒုက္ခတွေ များလာလေလေပဲ ဖြစ်တယ်။ သူတို့မှာ ရှိတဲ့ ရွှေတွေနဲ့ သူတို့ရဲ့ ဘဝ ပြဿနာတွေကို ဖြေရှင်းပေးမည့် နည်းလမ်းကို ဝယ်ယူလို့ မရပါဘူး။ ဒါပေမဲ့ ရောင့်ရဲ တင်းတိမ်ခြင်းဖြင့် နေတတ်တဲ့ ပစ္စည်းမဲ့ သူဆင်းရဲကတော့ လူချမ်းသာ ဆိုတဲ့ လူတွေထက် ပိုပြီး ဘဝ အရသာကို ခံစားနိုင်တယ်။ ကဗျာတစ်ပုဒ်မှာ ဆိုထားတာက. . .

> တချို့မှာတော့ ထားစရာ မရှိအောင် ချမ်းသာသော်လည်း လိုချင်ကပ်မက်ခြင်းက ပိုများလာတယ်။
> ငါ့မှာတော့ နည်းနည်းလေးပဲ ရှိတယ်။ တော်ပြီ ရှာမနေတော့ဘူး။
> သူတို့က အများကြီး ရှိလျက်က ဆင်းရဲနေကြတယ်။
> ငါ့မှာတော့ ရှားပါးတဲ့ ပစ္စည်းကလေးနဲ့ပဲ ချမ်းသာနေတယ်။
> သူတို့က ဆင်းရဲ၊ ငါက ချမ်းသာ။
> သူတို့က တောင်းသူ၊ ငါက ပေးကမ်းနိုင်သူ။
> သူတို့မှာက လိုအပ်နေတုန်းပဲ၊ ငါ့မှာတော့ ပြည့်စုံတယ်။
> သူတို့က လိုချင် တောင့်တနေတုန်း၊ ငါကတော့ ချမ်းသာစွာ နေရတယ်။

## ဘဝရည်မှန်းချက်ကို ရှာဖွေခြင်း

လူပုဂ္ဂိုလ် အလိုက် ဘဝရည်မှန်းချက်တွေက ကွဲပြား ခြားနားနေတတ်တယ်။ ပန်းချီဆရာက သူ သေပြီးတဲ့နောက်ကာလအထိ ကျန်ရစ်နေခဲ့မည့်၊ ဥဒါန်းတွင်ရစ်မည့် လက်ရာကောင်းကို ရေးဆွဲနိုင်ဖို့ကို ရည်မှန်းချက်ထားမယ်။ သိပ္ပံပညာရှင်ကလည်း သူများ မတွေ့သေးတဲ့ သဘာဝ နိယာမ တစ်ခု၊ သီဝရီသစ် တစ်ခု၊ ဖော်မြူလာသစ် တစ်ခုကို ဖော်ထုတ်နိုင်ဖို့၊ အသစ်အဆန်း စက်တီထွင်မှု တစ်ခု လုပ်နိုင်ဖို့ကို ရည်မှန်းမယ်။ နိုင်ငံရေးသမား တစ်ယောက်လည်း ဝန်ကြီးချုပ် ဖြစ်ဖို့၊ သမ္မတ ဖြစ်ဖို့ကို ရည်မှန်းချက်ထားမယ်။ လူငယ်အမှုဆောင် အုပ်ချုပ်ရေးသမားတစ်ဦးကျတော့ နိုင်ငံတကာ အတိုင်းအတာနဲ့ လုပ်ကိုင်နေတဲ့ ကုမ္ပဏီကြီးတစ်ခုမှာ ညွှန်ကြားရေးမှူးချုပ် ဖြစ်ဖို့ကို ရည်မှန်းမှာပဲ။ ဒါပေမဲ့ အဲဒီအနုပညာရှင် ပန်းချီဆရာကိုပဲ ဖြစ်ဖြစ်၊ သိပ္ပံပညာရှင်ကိုပဲ ဖြစ်ဖြစ်၊ နိုင်ငံရေးသမားကိုပဲ ဖြစ်ဖြစ်၊ လူငယ် အုပ်ချုပ်ရေးမှူးကိုပဲ ဖြစ်ဖြစ် သူတို့ ဘာအတွက်များ အဲဒီလို ဘဝ ရည်မှန်းချက်တွေ ထားကြတာလဲလို့ မေးရင် သူတို့က ဒီလို ရည်မှန်းချက် ရှိမှ

ကိုယ် ဘာကို ဦးတည်ပြီး လုပ်နေတယ်ဆိုတာ သိမယ်။ ဒီရည်မှန်းချက်တွေ အောင်မြင် ပြီးမြောက်မှ သူတို့ဘဝမှာ စိတ်ချမ်းသာမှု ရမှာပေါ့လို့ ဖြေကြလိမ့်မယ်။ လူတိုင်း ဘဝ ရည်မှန်းချက်ထားတာ ပျော်ရွှင်ခြင်း သုခချမ်းသာ ရဖို့အတွက်ပဲ ဖြစ်တယ်။ ဒါပေမဲ့ အတွေ့အကြုံက ပြတာက ဒီလို အောင်မြင်ဖို့ ကိစ္စဟာ အချိန်လည်း လိုတယ်။ လွယ်လည်း မလွယ်ဘူး ဆိုတာကို ပြတယ်။

## ရည်မှန်းချက် ပေါက်မြောက်ခြင်း အမှန်သို့ ဆိုက်ရောက်ခြင်း

ဘဝ၏ ဆင်းရဲခြင်းသဘော၊ မမြဲခြင်းသဘော၊ အနတ္တ အစိုးမရခြင်း သဘော အမှန်ကို သိမြင် နားလည်သည်နှင့် လူ၏ လောဘတဏှာနှင့် ထိုလောဘကို ပြည့်အောင် ဖြည့်နေရခြင်း၏ ဆင်းရဲကို သိမြင် နားလည်သည်နှင့် လူသားများ အနေနှင့် ချမ်းသာခြင်းကို လူတွေ အပတ်တကုတ် လိုက်ရှာနေပါလျက် ဘာကြောင့် ဤမျှလောက် ခက်ခဲနေရသလဲ။ လရောင်ကို လိုက်၍ ဖမ်းနေသလို ဘာကြောင့် ဖြစ်နေရတာပါလိမ့် ဆိုသော အကြောင်းယုတ္တိကို နားလည် သွားပါလိမ့်မယ်။ လူတွေက ပစ္စည်းဥစ္စာကို စုဆောင်း သိုမှီးခြင်းအားဖြင့် ချမ်းသာသုခကို ရှာကြသည်။ ပစ္စည်းဥစ္စာကို ရှာဖွေ စုဆောင်းလိုပါလျက် လိုဘမပြည့် ဖြစ်ရသည့်အခါ၊ တန်ခိုး အာဏာကို လိုချင်ပါလျက် လိုချင်သလို ဖြစ်မလာသောအခါ၊ ဂုဏ်ပကာသနကို လိုချင်ပါလျက် လိုချင်သလို ဖြစ်မလာသောအခါ၊ ဝတ္ထုအာရုံ ကာမဂုဏ် စည်းစိမ် ချမ်းသာတွေမှ ရသော ချမ်းသာ ပျော်ရွှင်ခြင်းကို ရှာ၍ မရသောအခါ သူတို့ စိတ်ဆင်းရဲကြရတော့တယ်။ ကိုယ့်ကိုယ်ကိုယ်လည်း မကျေနပ်၊ သူတစ်ပါး ရသည်ကိုလည်း မနာလို မရှုဆိတ် ဖြစ်ပြီး ဆင်းရဲဒုက္ခ ရောက်ကြရပြန်တယ်။ သို့ရာတွင် ရှာဖွေစဉ်အခါက ရှာသလောက် ရခဲ့သော အရာများ ပြန်၍ ဆုံးရှုံး ကုန်ခန်း သွားမည်ကို စိုးရိမ်ခြင်းဖြင့် ဆင်းရဲခြင်းကို ခံစားကြရပြန်တယ်။ စည်းစိမ် ဥစ္စာတွေ ရလာပြန်တော့လည်း ဘယ်လောက်ပဲ ရရ မတင်းတိမ်နိုင်၊ မရောင့်ရဲနိုင် ဖြစ်ကာ ပို၍ ရချင်ပြန်တယ်။ ပိုပြီး ဂုဏ်ပကာသန၊ အာဏာတန်ခိုး တိုးတက် ကြီးမားချင်ပြန်တယ်။ ပို၍ ချမ်းသာချင်စိတ်က များလာပြန်တယ်။ ဤနည်းဖြင့် သူတို့၏ လိုချင်ဆန္ဒ လောဘဟာ ဘယ်သောအခါမျှ မတင်းတိမ်နိုင်၊ မရောင့်ရဲနိုင်ဘဲ ဖြစ်ကြရတယ်။ ဒါကြောင့် ဘဝ ဖြစ်တည်နေခြင်း သဘောကို အမှန်အတိုင်း

သိနားလည်ဖို့ ကိစ္စဟာ အလွန် အရေးကြီးတယ်။ ဒါမှသာ ကျွန်ုပ်တို့ အနေနှင့် မဖြစ်နိုင်တာတွေကို လုပ်ရင်း မရနိုင်တာကို ရှာရင်း အချိန်ကုန်နေတဲ့ အဖြစ်က လွတ်မြောက်မှာ ဖြစ်တယ်။

ဒီသဘောတွေကို သိမြင် နားလည်သူ အနေနဲ့ ဘာသာ အယူဝါဒ တစ်ခု၊ ယုံကြည် ကိုးကွယ်မှု တစ်ခုကို လက်ဆုပ်လက်ကိုင် ထားဖို့ ကိစ္စဟာ အရေးကြီးတယ် ဆိုတာ ပေါ်တယ်။ ဘာသာတရားကသာ ရောင့်ရဲ တင်းတိမ်လွယ်တဲ့ စိတ်နဲ့ လက်ရှိ လောကီ အာရုံ ကာမဂုဏ်တရားတွေကို ကျော်ပြီး မိမိရဲ့ အတ္တကို ကျော်လွန်ပြီး ကြည့်ဖို့ လိုအပ်ချက် သဘောကို သိလာနိုင်တယ်။ ဗုဒ္ဓဘာသာလို ဘာသာ ယုံကြည် ကိုးကွယ်မှုမှာတော့ လူဟာ သူ ပြုတဲ့ ကံရဲ့ ကံအကျိုးဝိပါက်ကို ဆက်ခံရသူ ဖြစ်တယ်။ မိမိသာလျှင် မိမိ ကံကြမ္မာရဲ့ အရှင်သခင်၊ ကိုယ့်ဘဝကို ကိုယ်သာ ပြုပြင် ဖန်တီးနိုင်တယ် ဆိုတာကို သတိပေး ဟောကြားတော်မူထားတယ်။ ကြီးကျယ်တဲ့ ချမ်းသာသုခ အစစ်ကို ရချင်လိုချင်ရင် ဒီလို ရနိုင်ဖို့ အတွက် သူဟာ လတ်တလော ခံစားရတဲ့ ရေတို ချမ်းသာသုခကို စွန့်လွှတ်နိုင်ရ မယ်။ လူ တစ်ယောက် သေပြီးနောက်မှ ဖြစ်ရာ တမလွန်ဘဝကို မယုံကြည်ဘူး ဆိုရင် သူ့အနေနဲ့ ဒီလောကီဘဝမှာ ကောင်းမွန် မြင့်မြတ်တဲ့ ဘဝ ကို ထူထောင်နိုင်လို့ ချမ်းသာသုခတွေကို ဒီဘဝမှာ ခံစား စံစားရတယ်ပဲ ထားပါ။ သူဟာ နောင်ဘဝကို မယုံကြည်ပေမဲ့ လူသား အများရဲ့ ကောင်းကျိုး ချမ်းသာကို ဆောင်ရွက်လို့ ရှိလျှင် ထိုကဲ့သို့ ကိုယ်ကျိုးရော၊ သူတစ်ပါး အကျိုးရော အတ္တ ပရ နှစ်ဌာန ကောင်းကျိုးကို သယ်ပိုး ရွက်ဆောင်ရင်လည်း တစ်ကိုယ်ကောင်း အတ္တ အကျိုးပဲ ကြည့်ပြီး လုပ်ကိုင်နေတာထက်တော့ ပိုပြီး ကောင်းတာပဲ။ လူ့ဘဝ ရကျိုး နပ်တာပဲ။

ဒါပေမဲ့ လူတစ်ယောက်ဟာ သေပြီး နောက်ဘဝကို ရှိတယ်လို့ ယုံကြည်လို့ ရှိလျှင် ကမ္မနိယာမ သဘောတရားအရ သူ ပြုခဲ့တဲ့ ကုသိုလ်ကံ အကုသိုလ်ကံ အားလျော်စွာ နောက်ဘဝမှာ ဘဝချမ်းသာ၊ ဘဝဆင်းရဲကို ခံစားရမှာပဲ။ ကောင်းမှု ကုသိုလ်တွေကိုပဲ လုပ်ကိုင်သွားတဲ့ လူဟာ သုဂတိဘဝကို ရမှာပဲ။ သုဂတိဘဝမှာ သူ ပြုခဲ့တဲ့ ကောင်းမှု ကုသိုလ်ကံ အားလျော်စွာ စည်းစိမ်ချမ်းသာ ပေါများခြင်း၊ ခွန်အားကြီးခြင်း၊ အဆင်းလှခြင်း၊ ကျန်းမာခြင်း၊ မိတ်ဆွေကောင်းနှင့် ပေါင်းသင်း ရခြင်း၊ ဆရာကောင်းနှင့် ဆုံခြင်း ဆိုတာတွေကို ခံစားရမှာပဲ။ ကုသိုလ်ကောင်းမှု ကံက နတ်ပြည် နတ်ဘဝမှာလည်း ပြန်၍ တစ်ဖန် မွေးဖွားနိုင်ပြန်သေးတယ်။ အကုသိုလ်ကံတွေကိုချည်း အပြုများတဲ့ လူကတော့ နောက်ဘဝမှာ အပါယ်လေးပါး ဒုဂ္ဂတိဘဝကို ရောက်ရတတ်တယ်။ လူ တစ်ယောက်ဟာ ကမ္မနိယာမကို နားလည်

သဘောပေါက်လို့ ရှိရင် သူဟာ မကောင်းသော အကုသိုလ်ကံတွေကို မပြုမိအောင် သူ့ကိုယ်သူ ထိန်းချုပ်နိုင်တယ်။ ကုသိုလ်ကောင်းမှုတွေ တိုးပွားအောင်လည်း သူ့ကိုယ်သူ ပြုစု ပျိုးထောင်နိုင်တယ်။ ထိုကဲ့သို့ ပြုမူခြင်းအားဖြင့် ထိုသူဟာ ဒီဘဝမှာသာ ဘဝကောင်းကျိုး ချမ်းသာတွေကို ခံစားရရုံ မကဘူး နောင်လာမည့် အနာဂတ် ဘဝတွေမှာလည်း ကောင်းကျိုး ချမ်းသာတွေကို ခံစားရမှာ ဖြစ်တယ်။

လူတစ်ဦးသည် လူ့သဘာဝကို နားလည် သဘောပေါက်လျှင် အရေးကြီးသော အသိဉာဏ် အချို့ ဖြစ်ပေါ်လာတယ်။ သူ သိလာတာက ကျောက်ဆောင်ကျောက်ခဲနှင့် မတူဘဲ သက်ရှိလူသားမှာ မွေးကတည်းက ပါလာတဲ့ အသိဉာဏ်ပညာဖြစ်ပေါ်လာနိုင်တဲ့ စွမ်းရည်သတ္တိတွေ ကရုဏာတွေ ဖြစ်ပေါ်လာနိုင်တယ်။ ကိုယ်စွမ်းကိုယ်ရည်တွေ ပါလာတယ် ဆိုတာကို သူ သိမြင်လာတယ်။ ဒီလို ကိုယ်စွမ်းကိုယ်ရည်ကို ဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်းဖြင့်လည်း သူ့ကိုယ်သူ ပြောင်းလဲ တိုးတက်အောင် ပြုလုပ်နိုင်တယ်။ နောက်တစ်ချက် သူ သိနားလည်လာတာက မနုဿတ္တဘာဝေါဒုလ္လဘော ဆိုသလို လူအဖြစ်နဲ့ မွေးဖွားလာဖို့ အရေးဟာ မလွယ်ဘူး ဆိုတာပါပဲ။ ဒါထက် ပိုပြီး ခက်တာက တရားဓမ္မကို နာကြားတတ်သူ ဖြစ်ဖို့ မလွယ်ဘူးဆိုတာပဲ ဖြစ်တယ်။ ဒီ့ပြင် သူ သိမြင်လာတာက သူ ရရှိထားတဲ့ လူ့ဘဝဟာလည်း မမြဲဘူး၊ ဒါကြောင့် တရားဓမ္မကို ကျင့်ကြံ ပွားများ အားထုတ်ဖို့ အခွင့်အလမ်းသာတဲ့ လူ့ဘဝရခိုက်မှာ ဒီအလုပ်ကို ကြိုးပမ်း အားထုတ်ရမယ် ဆိုတာကို သိမြင် နားလည်လာတာပဲ ဖြစ်တယ်။ တရားဓမ္မကို အားထုတ် လုပ်ဆောင်ကျင့်ကြံ ပွားများတဲ့ အလုပ်ဟာ တစ်သက်လုံး ကိုယ့်ကိုယ်ကိုယ် ပညာဉာဏ် ဖွံ့ဖြိုးလာအောင် လုပ်တဲ့ ပညာပေး အလုပ် ဖြစ်တယ်။ ဒီအလုပ်ကို လုပ်ရင်းဖြင့်သာ သူဟာ အဝိဇ္ဇာ တဏှာ လောဘရဲ့ ရစ်ပတ် နှောင်ဖွဲ့ခြင်း ခံထားရတဲ့ သူ့ စိတ်ထဲမှာ အမှန် ရှိတဲ့ ကိုယ်စွမ်းကိုယ်ရည်တွေ အကြောင်းကို သိခွင့်ရလာမှာ ဖြစ်တယ်။

ဒီအသိဉာဏ် ဖြစ်ပေါ်လာမှု အပေါ် မူတည်ပြီး သူ ပို၍ သိမြင်လာနိုင်တာက သူ ဘာတွေကို ဘယ်လို စဉ်းစား ဆင်ခြင်နေတယ် ဆိုတာရယ်၊ ဘာတွေကို ဘယ်လို ပြောမိ ဆိုမိတယ် ဆိုတာရယ်၊ ဘာတွေကို ဘယ်လို လုပ်မိ ကိုင်မိတယ် ဆိုတာတွေကိုပါ သိမြင် နားလည်လာနိုင်တယ်။ ပြီးတော့ ဒီကာယကံ၊ ဝစီကံ၊ မနောကံတွေဟာ မေတ္တာ ကရုဏာတရား ရှေ့ထားပြီး ပြုလို့ ရှိရင် ကောင်းတဲ့ ကုသိုလ် အကျိုးရလဒ်တွေ ဖြစ်ပေါ်လာပြီး သူ့အတွက်ရော တခြား လူတွေအတွက်ပါ အကျိုးစီးပွား ဖြစ်စေတယ် ဆိုတာလည်း သူ သိမြင် နားလည်လာနိုင်တယ်။ သူ့ ဘဝကို လုံးလုံးလျားလျား ပြောင်းလဲသွားစေနိုင်တဲ့ မဂ်လမ်းပေါ်မှာ သူ

လျှောက်နေရခြင်းရဲ့ တန်ဖိုး အမှန်ကိုလည်း သူ သိနားလည်လာရတယ်။ ဒီမဂ်လမ်းဆိုတာက ဗုဒ္ဓဘာသာဝင် အများသိပြီးဖြစ်တဲ့ မဂ္ဂင် ရှစ်ပါး မြတ်တရားပဲ ဖြစ်တယ်။ ဒီမဂ္ဂင်လမ်းဟာ လူတစ်ယောက်ရဲ့ ကိုယ်ကျင့်သီလ အားကောင်း အားသန်လာအောင်လည်း တတ်နိုင်တယ်။ အကုသိုလ် ဖြစ်စေတတ်တဲ့ အဖျက်အမှောင့်အလုပ်တွေကို မလုပ်မိအောင် ထိန်းချုပ်ခြင်းအားဖြင့် အပြုသဘော ဆောင်တဲ့ ကုသိုလ်ကံတွေကို ရှင်သန် ဖွံ့ဖြိုးလာအောင် ပျိုးထောင်ခြင်းအားဖြင့် သူ့ရဲ့ ကိုယ်ရည်ကိုယ်သွေး၊ စိတ်အင်အားတွေကို ရှင်သန် ကြီးထွားလာစေတယ်။ ထိုမျှသာမကသေးဘဲ ဒီမဂ္ဂင် ရှစ်ပါး မြတ်တရားထဲမှာ လူတစ်ယောက်အတွက် သူ့ကိုယ်သူ စိတ္တဝိသုဒ္ဓိ ဖြစ်အောင် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်အောင် တိုးချဲ့ လုပ်ဆောင်နိုင်တဲ့ နည်းလမ်းတွေလည်း ပါတယ်။ ဒီလို စိတ်ပိုင်းဆိုင်ရာ ပျိုးထောင်ခြင်း သဘောကို *ဘာဝနာ*လို့ ခေါ်တယ်။ ဘာဝနာ အလုပ်က လူသားရဲ့ စိတ်ကို နက်နက်ရှိုင်းရှိုင်း သိနိုင်စွမ်းကို ဖြစ်ပေါ်စေပြီး လူ့ အတွေ့အကြုံတွေကို ကျယ်ကျယ်ပြန့်ပြန့် ထိုးထိုးထွင်းထွင်း နားလည်စေတယ်။ သူ့ အတွေ့အကြုံတွေကိုသာမကဘဲ သဘာဝထဲက ရုပ်ဓမ္မ နာမ်ဓမ္မများရဲ့ သဘောအမှန်ကိုရော ဘဝဖြစ်တည်ပုံနဲ့ တကွ စကြဝဠာလောကကြီး တစ်ခုလုံးကိုပါ သိနားလည်လာစေနိုင်တယ်။ ဒါက ဘယ်ကို ရှေးရှု ဖြစ်ပေါ်တဲ့ လမ်းလည်းဆိုတော့ *ပညာ*ကို ဖြစ်စေတဲ့ လမ်းပါ။ သီလ၊ သမာဓိက တစ်ဆင့် သူ့မှာ ပညာ ဖြစ်ပေါ် ပေါက်ပွားလာပြီဆိုရင် ကရုဏာ မေတ္တာနဲ့ ပီတိ ပါမောဇ္ဇ များလည်း ပေါက်ပွားလာပါတော့တယ်။ ထိုအခါ သူဟာ ဘဝအမျိုးမျိုးရဲ့ သဘော သဘာဝတွေကိုရော သူ့ရဲ့ အတွေး၊ ခံစားချက်နဲ့ စိတ်စေတနာ သဘောများကိုပါ ကျယ်ကျယ်ပြန့်ပြန့် နားလည်လာတော့တယ်။

ကိုယ့်ကိုယ်ကိုယ် တိုးတက် ပြောင်းလဲအောင် ပြုလုပ်တဲ့ ဖြစ်စဉ်မှာ ထိုအသိဉာဏ် ရှိတဲ့ လူသားဟာ နောက်ဘဝမှာ နတ်အဖြစ် ပဋိသန္ဓေ တည်ပြီး နတ်စည်းစိမ် နတ်ချမ်းသာမျိုးကိုလည်း မလိုလားတော့ဘူး။ မတောင့်တတော့ပါဘူး။ ဒီအခါကျတော့ ဒီလူသားဟာ နတ်စည်းစိမ်ထက် ပိုပြီး အဆင့်မြင့်တဲ့ ချမ်းသာကိုသာ ရည်မှန်းချက် ထားပြီး လုပ်ဆောင်တော့မှာ ဖြစ်တယ်။ သူဟာ မြတ်ဗုဒ္ဓကို စံနမူနာထားပြီးတော့ သဗ္ဗညုတဉာဏ်ရှင် ဘုရား ဧကန် စင်စစ် ဖြစ်ရေး ဆိုတဲ့ ဗောဓိဆုကြီးကိုပဲ ဖြစ်ဖြစ်၊ အရဟတ္တမဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ရရောက်နိုင်တဲ့ သဉပါဒိသေသ၊ အနုပါဒိသေသ နိဗ္ဗာန်ကိုပဲ ဖြစ်ဖြစ်၊ အဆင့်မြင့် ရည်မှန်းချက် ထားပြီး ကြိုးပမ်းတော့မှာ ဖြစ်တယ်။ ဒီအခါကျတော့ ဒီပုဂ္ဂိုလ်ဟာ ရတနာသုံးပါး အပေါ်မှာလည်း မတုန်မလှုပ် ယုံကြည်တဲ့ နက်ရှိုင်းတဲ့ သဒ္ဓါတရား

များလည်း ဖြစ်ပေါ်လာပြီး မြတ်ဗုဒ္ဓကိုလည်း သူ့ရဲ့ အရိယာဘဝမှာ စံပြနမူနာ ထားတော့မှာ ဖြစ်တယ်။ သူဟာ လောဘတဏှာကို သုတ်သင် ရှင်းလင်းပြီး ကရုဏာနဲ့ ပညာဖွံ့ဖြိုးရေးကို ကြိုးပမ်းရင်းဖြင့် သံသရာဝဋ်ထောင်က လွတ်အောင် ရုန်းထွက်နိုင်ခြင်း ဆိုတဲ့ ဝိမုတ္တိကို ရအောင်သာ ရည်မှန်းချက် ထားပြီး ကြိုးပမ်း လုပ်ဆောင်တော့မှာ ဖြစ်တယ်။

# လူ့ဘောင်အဖွဲ့အစည်းထဲက လူသားအတွက် ဗုဒ္ဓဘာသာ

*ဒီတရားကို လူ့ဘောင် အဖွဲ့အစည်း လူတောထဲမှာပဲ ဖြစ်ဖြစ် ဆိတ်ငြိမ်ရာမှာ အဖော်မမှီး တစ်ကိုယ်တည်းဖြစ်ဖြစ် အားထုတ်နိုင်တယ်။*

တချို့ လူတွေကျတော့ ဗုဒ္ဓဘာသာဟာ နက်နဲလွန်း သိမ်မွေ့လွန်းလို့ လက်လုပ် လက်စား ဘဝ လူသာမန်တွေ အတွက် ကျင့်ကြံ အားထုတ်ဖို့ မလွယ်ပါဘူး ဆိုပြီး ယုံကြည်နေကြတာမျိုးလည်း ရှိတယ်။ ဒီလူတွေ စိတ်ထဲမှာ ဗုဒ္ဓဘာသာ စစ်စစ် ဖြစ်ချင်ရင်၊ ဗုဒ္ဓဘာသာတရားကို အားထုတ်ချင်ရင် လူ့ဘောင်ကို စွန့်ပြီး ဘုန်းကြီး အဖြစ် ဘုန်းကြီးကျောင်းကိုပဲ ဖြစ်ဖြစ်၊ ဒါမှမဟုတ် ရသေ့ယောဂီ အဖြစ် လောကီ နယ်က ထွက်ပြီး လူသူ ဝေးကွာပြီး တိတ်ဆိတ်တဲ့ တောရိပ် တောင်ရိပ် ခိုမှဖြစ်ဖြစ် လုပ်လို့ ရမှာပဲလို့လည်း ထင်နေကြတယ်။

အဲဒါဟာ ဗုဒ္ဓ ရှင်တော်မြတ်ဘုရား အပေါ် နားလည်မှု မရှိလို့ တလွဲ ထင်နေကြတဲ့ ဝမ်းနည်းစရာကောင်းတဲ့ ကိစ္စပါ။ လူတွေက ဒီအတိုင်း ခုန်ကျော်ပြီး မှတ်ချက် ချနေကြတာဟာ ဗုဒ္ဓစာပေကို မတောက်တခေါက် လေ့လာ ဟောပြောတဲ့ တရားတွေကို မစို့မပို့ ကြားသိပြီး ကိုယ့်အထင်နဲ့ ကိုယ် ပြောကြ ဆိုကြ ကောက်ချက် ချကြတာပါ။ တချို့ လူတွေက ဗုဒ္ဓဘာသာ အကြောင်းကို လေ့လာရာမှာ အပေါ်ယံ ရှုပ်ပြီး ရေးတဲ့ စာတွေလောက်ကို ဖတ်မိကြတာကြောင့် ဗုဒ္ဓဘာသာရဲ့ အနှစ်ကို မသိဘဲ အပေါ်ယံ အခွံအကာလောက် အသိနဲ့ ထင်ရာမြင်ရာ တွေးကြ ထင်ကြ တာပါ။ ဒီလို အပေါ်ယံ သဘောလောက်ကို ဆောင်းပါးတစ်ပုဒ် ဖြစ်ရင် ပြီးရော ဆိုပြီး ရေးကြသားကြတဲ့ စာတွေက ဗုဒ္ဓရဲ့ သင်ကြားချက် ဒေသနာတွေကို တစ်စိတ်တစ်ပိုင်းလောက်ပဲ ဖော်ပြနိုင်တာကြောင့် ဒီအသိကလည်း အကန့်အသတ်

သဘောမျိုးနဲ့ သိတာပဲ ဖြစ်နေတ ပ်။ မြတ်ဗုဒ္ဓရဲ့ ဟောကြားချက်တွေဟာ ရဟန်း သံဃာတော်များအတွက် ဘုန်းကြီးကျောင်း အတွက်လောက်သာ ကျက်ပြီး ဟောကြားတော် မူခဲ့တာ မဟုတ်ပါ။ ဘုရား ဟောတော်မူခဲ့တဲ့ ဒေသနာတော်တွေ ထဲမှာ အိမ်ရာထူထောင် လူ့ဘောင်ထဲ နေကြတဲ့ အမျိုးသား အမျိုးသမီးများ အတွက်လည်း အများအပြား ဟောကြားတော် မူခဲ့ပါတယ်။ မဂ္ဂင်ရှစ်ပါး မြတ်တရား ဆိုတာ ဗုဒ္ဓဘာသာဝင်များရဲ့ ဘဝနေနည်းကို ဟောကြားဆုံးမတော်မူတဲ့ တရားပါ။ ဒီမဂ္ဂင်ရှစ်ပါးတရားဟာ လူသား အားလုံးအတွက် ရည်ရွယ်ပြီး ဟောတော်မူခဲ့တဲ့ တရားပါ။ ဒါဘုန်းကြီး ရဟန်းနဲ့သာ ဆိုင်တဲ့ တရား မဟုတ်ပါ။ လူသား အားလုံး အတွက် လူမျိုးမရွေး၊ ဘာသာမရွေး၊ အသားအရောင် မရွေးအတွက် ဟောတော်မူခဲ့တဲ့ တရားပါ။

ကမ္ဘာပေါ်မှာ ရှိရှိသမျှ လူတကာကတော့ အားလုံး ရသေ့ ရဟန်း ပြုလို့ လည်း မဖြစ်ဘူး။ အားလုံး တောတောင်ထဲက ဂူတွေ လိုဏ်တွေထဲမှာ သွားပြီး နေလို့လည်း မဖြစ်ပါဘူး။ ဗုဒ္ဓဘာသာဟာ ဘယ်လောက်ပဲ မွန်မြတ်တယ် ဆိုဆို၊ ဘယ်လောက်ပဲ စင်ကြယ်တယ် ပြောပြော၊ ခေတ်သစ် ကမ္ဘာကြီးထဲက လူသားများ အနေနဲ့ သူတို့ရဲ့ နေ့စဉ်ဘဝထဲမှာ ဒီဘာသာရဲ့ အဆုံးအမများအတိုင်း လိုက်နာ ကျင့်ကြံဖို့ မဖြစ်နိုင်ဘူးလို့ ဆိုရင်တော့ ဗုဒ္ဓဘာသာဟာလည်း ဘာမှ အသုံးကျမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ သင်သည် ဗုဒ္ဓဘာသာရဲ့ အနှစ်သာရ သဘောကို မှန်မှန် ကန်ကန် နားလည်နိုင်မယ် ဆိုရင်ဖြင့် ဒီဘာသာရဲ့ အဆုံးအမများအတိုင်း လူ့ဘောင် ထဲမှာ အိမ်ရာထူထောင်ပြီး နေတဲ့ သာမန် ပုထုဇဉ် လူသား တစ်ယောက်အနေနဲ့ မုချ လိုက်နာ ကျင့်ကြံ နေထိုင်ရတာ မခက်ဘူး။ လိုက်နာနိုင်ကြောင်း နားလည် လာမှာပါ။

လူ့ဘောင် အဖွဲ့အစည်းနဲ့ ကွာလှမ်းလှတဲ့ ဇနပုဒ်နေ လူတွေက ဗုဒ္ဓဘာသာ ကို လက်ခံ ကျင့်သုံးရာမှာ ပိုလွယ်ပြီး ပိုသက်သောင့်သက်သာ ရှိတာမျိုး ဖြစ်နိုင် ပါတယ်။ တစ်နည်း ပြောရရင်တော့ လူ့ဘောင် အဖွဲ့ထဲက လူတွေနဲ့ အဆက်အစပ် မပြု ဖြတ်တောက်ပြီး နေတဲ့ လူမျိုးကို ပြောတာပါ။ ဒါပေမဲ့ တခြားလူတွေရဲ့ စိတ်ထဲမှာတော့ ဒီလို လူသူ ကင်းဝေးတော့ တောအုံဇနပုဒ်မှာ အဖော် မမှီး တစ် ကိုယ်တည်း နိက္ခမ အကျင့် ကျင့်ပြီး နေရတာကို ပျင်းငြီးပြီး စိတ်ဓာတ် ကျနိုင် တယ်။ စိတ်ရော ကိုယ်ပါ ချုံးကျ သွားနိုင်ပါတယ်။ အဲဒီလို လူတွေ အတွက်မှာ ဆိုရင်တော့ ဒီလို နေပုံထိုင်နည်းဟာ သူတို့ရဲ့ ဘာသာရေး ဘဝ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရေး ကိစ္စမှာ လွယ်ကူမှာ မဟုတ်ပါဘူး။

နိက္ခမ အကျင့် ဆိုတာက လူတွေ ကြားထဲက လူကိုယ်တိုင် ထွက်ပြေးတာ၊ တောထဲ သွားပြီး နေမှ နိက္ခမ ဖြစ်တာ မဟုတ်ပါဘူး။ အဂ္ဂသာဝကကြီး ဖြစ်တော်မူတဲ့ အရှင်သာရိပုတ္တရာ ဟောတော်မူတာက လူတစ်ယောက်ဟာ တောထဲ သွားပြီး အဖော်မမှီး တစ်ကိုယ်တည်းနေပြီး ရသေ့ ရဟန်း အဖြစ် ခြိုးခြံတဲ့ အကျင့်ကို ကျင့်ပေမဲ့ သူ့စိတ်ကတော့ ကိလေသာနှင့် တင်းကျမ်း ပြည့်နေလို့ မသန့်ရှင်းနိုင်ပါဘူး။ နောက် တစ်ယောက်ကျတော့ ရွာထဲ မြို့ထဲမှာပဲ နေတယ်။ ဒါပေမဲ့ သူ့ စိတ်က ကိလေသာ အညစ် ကင်းစင်ပြီး သန့်ရှင်းနေတယ်။ ဒါဆိုရင် ဒီလူ နှစ်ယောက်အနက် ရွာထဲ မြို့ထဲမှာ နေပေမဲ့ သူ့စိတ်က ကိလေသာ အညစ် ကင်းပြီး သန့်ရှင်းနေလို့ ရှိရင် ဒီလူက တောထဲ သွားပြီး ခြိုးခြံနေတယ်ဆိုတဲ့ လူထက် သန့်စင် မွန်မြတ်တာပေါ့။ ပိုပြီး အဆင့်မြင့်တာပေါ့။

(မဇ္ဈိမနိကာယ်)

ဗုဒ္ဓရဲ့ အဆုံးအမများ အတိုင်း တိတိကျကျ လိုက်နာချင်ရင် အိမ်ထောင် သားမွေးဘဝကို စွန့်ပြီး နိက္ခမ အကျင့်ကို ကျင့်မှ ရမယ်လို့ လူအများ ထင်မြင် ယူဆ ယုံကြည်နေကြတာဟာ အထင်မှား အမြင်မှား တစ်ခုပါ။ ဒါဟာ တကယ်တမ်း ကျတော့ တရား အားမထုတ်ချင်တဲ့ လူတွေရဲ့ မသိစိတ်က တုံ့ပြန် ပြောဆိုခြင်း တစ်ခုသာ ဖြစ်တယ်။ ဗုဒ္ဓ ပိဋကတ် စာပေတွေ ထဲမှာ လူသာမန်ဘဝ၊ အိမ်ထောင် သားမွေး စီးပွားရှာ အလုပ်တစ်ဖက်နှင့် တရား အားထုတ်ခဲ့ကြလို့ နိဗ္ဗာန် မဂ်ဖိုလ် ကို မျက်မှောက် ပြုသွားခဲ့ကြတဲ့ လူပေါင်း မြောက်မြားစွာ ရှိကြောင်း အထောက် အထားတွေ တစ်ပုံကြီး ရှိတာပါ။ ဝစ္ဆဂေါတ္တ ပရိဗိုဇ်က တစ်ခါက မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး တည့်တည့်ပဲ မေးတယ်။ 'အရှင်ဘုရား၊ အိမ်ထောင်သားမွေး ဘဝက မထွက်နိုင် သေးတဲ့ လူသာမန်တွေ အနေနဲ့ အရှင်ဘုရား ဟောကြားတော်မူတဲ့ တရားမမြတွေကို လောကီကိစ္စ တစ်ဖက်နှင့် အားထုတ်ရင်ကော မဂ်ဉာဏ် ဖိုလ် ဉာဏ်ကို ရနိုင်ပါ့မလား ဘုရား'။ ဒီအမေးကို မြတ်စွာဘုရားကလည်း ဝစ္ဆဂေါတ္တ ပရိဗိုဇ်ရဲ့ အမေးကို အလေး ဂရုပြုပြီး သိသာ ထင်ရှားအောင် ဖြေကြားတော်မူပါ တယ်။ မြတ်စွာဘုရား ရှင်တော်မြတ်က သူ့ သာသနာထဲမှာ လောကီနယ်က အိမ်ထောင် သားမွေးမှုကို ပြုကြရင်း သူ ဟောကြားတဲ့ တရားနဲ့ အညီ ကျင့်ကြံ အားထုတ်ခဲ့ကြတဲ့အတွက် အရိယာ ဘဝကို အောင်မြင် ပေါက်မြောက်သွားကြတဲ့ ဒကာ၊ ဒကာမ၊ အမျိုးသား၊ အမျိုးသမီးတွေ ဒုနဲ့ဒေး ရှိကြောင်း ထောက်ပြတယ်။

တချို့ လူတွေက ဆူညံနေတဲ့ မြို့ပြဝန်းကျင်ကို စွန့်ခွာပြီး လူသူ မနီးတဲ့ ဆိတ်ငြိမ်ရာ အရပ်သို့ သွားပြီး တရား အားထုတ်ကြတာလည်း ကောင်းတာပဲ။ ဒါ့ထက် ပိုပြီး ချီးမွမ်းဖို့ ကောင်းတာက လူတောထဲမှာ နေပြီး မဂ်ဖိုလ် နိဗ္ဗာန်ကို ပေါက်မြောက်အောင် အားထုတ်နိုင်သူတွေကိုပဲ ဖြစ်တယ်။ ဒီလူတွေက လူသားတွေကို ကူညီရင်း လူသား အကျိုးကို ဆောင်ရွက်ရင်းပဲ ကိုယ့်ရဲ့ ဘဝ လွတ်မြောက်ကြောင်း အလုပ်ကိုလည်း လုပ်နိုင်သူတွေ ဖြစ်ကြတယ်။ ပိုပြီး အသုံးကျတာက အချိန် အတိုင်းအတာ တစ်ခု အထိ ဆိတ်ငြိမ်ရာ အရပ်ကို သွားပြီး မိမိရဲ့ သီလ၊ သမာဓိ ပညာ ဖွံ့ဖြိုး တိုးတက်ကြောင်း အလုပ်ကို အားထုတ်။ ပြီးမှ လူတောထဲ ပြန်လာပြီး လူသားများ အကျိုးအတွက်လည်း လုပ်ဆောင်ပေးတာက ပိုပြီးတောင် မြတ်ပါသေးတယ်။ ဒီလို မဟုတ်ဘဲ မိမိ ကိုယ်ကျိုး တစ်ခုတည်းအတွက် လူသူ မနီးတဲ့ တောကြီးထဲကို သွားပြီး တစ်သက်လုံး ကိုယ့်အလုပ်ကိုပဲ ကိုယ်လုပ်ပြီး လောကတ္ထစရိယကို မကျင့်ဘူး ဆိုရင်တော့ ဒါဟာ ဗုဒ္ဓတရားတော်နဲ့ အညီ ကျင့်ကြံနေထိုင်တာလို့ ပြောလို့ မရပါဘူး။ ဗုဒ္ဓတရားတော်က မဟာကရုဏာ မဟာပညာပေါ်မှာ အခြေခံတာ။ ဗုဒ္ဓတ္ထစရိယ ပြီးရင် ဉာဏတ္ထစရိယ၊ လောကတ္ထစရိယကိုပါ ကျင့်ဖို့ကို အခြေခံ ဟောထားတာပါ။ မြတ်ဗုဒ္ဓ ကိုယ်တော်တိုင်လည်း ဒီအတိုင်း ကျင့်ကြံ အားထုတ်ပြီး လူသားများ ဝေနေယျများ အကျိုးကို သယ်ပိုး ရွက်ဆောင်တော်မူခဲ့တာပါ။

ဒီတော့ လူတစ်ဦး အနေနဲ့ ခုမေးနိုင်တာက -လူတစ်ယောက် အနေနဲ့ လူ့ဘောင် လောကထဲမှာ သာမန် အိမ်ထောင်သားမွေး ဘဝနဲ့ နေပြီး ဗုဒ္ဓ ဟောကြားတော်မူတဲ့ တရားများကို လောကီအလုပ်တွေကို လုပ်ရင်း ကိုင်ရင်းပဲ လုပ်လို့ ရတယ် ဆိုရင် ဘာအတွက် ရဟန်း သံဃာ အဖွဲ့အစည်းကို မြတ်ဗုဒ္ဓက ထူထောင်ပေးခဲ့ရတာလဲ-။

ရဟန်း သံဃာ အဖွဲ့အစည်းကို ထူထောင်ပေးတော်မူခဲ့တာက လူမှုဘဝ၊ လူ့ကိစ္စတွေထဲက ထွက်ပြီး မိမိရဲ့ ဘဝ လွတ်မြောက်ကြောင်းကို ဇောက်ချ အချိန်အပြည့် ပေးပြီး လုပ်မယ်။ ပြီးရင် လူသားတွေရဲ့ အကျိုးကို နောက်ဆံ မတင်းရဘဲ လွတ်လွတ်ကျွတ်ကျွတ် ဘဝကို ပေးပြီး လုပ်ချင်တယ်ဆိုတဲ့ ရည်ရွယ်ချက် ကြီးတဲ့ လူပုဂ္ဂိုလ်များ အတွက် အခွင့်အရေး သာအောင် သံဃာ အဖွဲ့အစည်းကို ထူထောင်ပေးခဲ့တာ ဖြစ်တယ်။ အိမ်ထောင် သားမွေး ဘဝထဲ နေပြီး မိသားစု အရေးကိစ္စကို မဆောင်ရွက်ဘဲ ပရဟိတ သက်သက်ကို ဇောက်ချပြီး ဆောင်ရွက်ဖို့ ဆိုတာ လက်တွေ့မှာ မဖြစ်နိုင်ပါ။ ရဟန်း ဘဝကတော့ သူ့မှာ မိသားစု အိမ်ထောင်ရေး

ဘဝ တာဝန်တွေ မရှိတာကြောင့် တစ်ကြောင်း၊ အခြား လောကီရေး အနှောင်အဖွဲ့၊ သံယောဇဉ်တွေ ကင်းတာကြောင့် ဘဝ တစ်ခုလုံးကို ပေးပြီး အများကောင်းကျိုးကို ဆောင်ရွက်နိုင်ပါတယ်။

(ဒေါက်တာဝါလ်ပိုလာရာဟုလာ)

'ရဟန်း လုပ်တော့ ဘာအကျိုးကျေးဇူး ရရှိလို့ ကောင်းလာနိုင်ပါသလဲ'။ ရဟန်းသံဃာ အနေနဲ့ သူ့ဒကာ ဒကာမများကို စည်းစိမ်ဥစ္စာတော့ ရအောင် လုပ်မပေးနိုင်ပါဘူး။ ဒါပေမဲ့ လောကီဘဝထဲမှာ လူ့ဒုက္ခတွေ၊ လူမှု ပြဿနာတွေကို ကြုံတွေ့ ခံစားနေကြရတဲ့ လူတွေကိုတော့ စိတ်ချမ်းသာမှု၊ ငြိမ်းအေးမှု ရအောင် ဘာသာရေး ဆိုင်ရာ လမ်းညွှန်မှုကို ပြုပေးနိုင်တယ်။ ရဟန်း သံဃာ အနေနဲ့ တရားဓမ္မနဲ့ ပတ်သက်ပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ကိုယ်တိုင် ရရှိအောင် အလွတ်အလပ် ဆောင်ရွက်နိုင်တယ်။ ပြီးရင် မိမိ ရရှိတဲ့ တရားကိုရော ဘုရားဟောထားတဲ့ တရားတွေကိုရော လူသားတွေ နားလည် သဘောပေါက်အောင် ရှင်းလင်း ဟောကြား သင်ကြားပေးနိုင်တယ်။ ဒကာ ဒကာမများက ပညာတတ်တွေ ဖြစ်လို့ ရှိရင်လည်း နက်နဲ ခက်ခဲတဲ့ တရားတွေကို အသိဉာဏ်ပညာရှိတဲ့ ဒကာ ဒကာမများနဲ့ တိုင်ပင် ဆွေးနွေးခြင်းအားဖြင့် ဉာဏ်ပညာ တိုးတက်အောင်လည်း ဆောင်ရွက်နိုင်တယ်။

ဗုဒ္ဓဘာသာ နိုင်ငံများမှာ ဆိုလျှင် ရဟန်း သံဃာများသည် လူငယ်များ ပညာတတ်မြောက်ရေးအတွက် သင်ကြား ပို့ချရေး လုပ်ငန်းကို လုပ်ခဲ့ကြပါတယ်။ (ရှေးအခါက ဆိုလျှင် အနာဂတ် လူငယ်များရဲ့ ပညာရေးကို ဘုန်းကြီးကျောင်းက တာဝန်ယူ သင်ကြားပေးခဲ့ရတယ်။) ဒီလို ဘုန်းကြီးကျောင်း ပညာရေးစနစ် ရှိခဲ့တာကြောင့်လည်း ဗုဒ္ဓဘာသာနိုင်ငံများမှာ စာပေ ကျမ်းဂန် နှံ့စပ်တဲ့ ပညာရှိတွေ ပေါ်ပေါက်ခဲ့တယ်။ ဘာသာရေး တန်ဖိုးတွေ အကြောင်းကို နားလည်တဲ့ လူဦးရေများပြားခဲ့တယ်။ ပြီးတော့ သောက ရောက်နေသူတွေ စိတ်ဆင်းရဲ ကြုံနေကြရသူတွေကိုလည်း ဒီလောကကြီးဟာ အနိစ္စလောက၊ ဒုက္ခလောက၊ အနတ္တလောက ဖြစ်လို့ ဒီလို ဆင်းရဲမျိုးကို လူတိုင်း ကြုံကြရပုံကို ပြောဆို ဖျောင်းဖျပြီး စိတ်သက်သာရာ ရအောင်လည်း ကူညီ ဆောင်ရွက်ပေးနိုင်ခဲ့တယ်။

အပြန်အလှန်အားဖြင့် လူဝတ်ကြောင် ဒကာ ဒကာမျှားကလည်း ရဟန်း သံဃာများမှာ လိုအပ်တဲ့ ပစ္စည်းလေးပါးကို ထောက်ပံ့ လှူဒါန်းခဲ့ကြတယ်။ အများ ကျင့်သုံးတဲ့ ဗုဒ္ဓဘာသာဓလေ့ ထုံးစံမှာ ရဟန်း သံဃာများ ကျန်းမာရေး အတွက် ထောက်ပံ့ လှူဒါန်းကြရတာကို ကောင်းမှု ကုသိုလ် ပြုရခြင်း ဖြစ်တယ်လို့ ယုံကြည်ထားကြတာကြောင့် ဆရာနဲ့ ဒကာ ဒကာမများ အပြန်အလှန် ကျေးဇူး ပြု နေကြတာကို တွေ့မြင်ကြရတယ်။

## အိမ်ထောင်သားမွေး ပြုသူ ဥပါသကာများအတွက် ဗုဒ္ဓဘာသာဘဝနေနည်း

*လူသားများ ပျော်ရွှင် ချမ်းသာရေး အတွက် စီးပွားရေး ဖူလုံရေးသည် လိုအပ်ချက် တစ်ခု ဖြစ်ကြောင်း ဗုဒ္ဓ ရှင်တော်မြတ်က သဘော ထားတယ်။ ဒါပေမဲ့ လူသားရဲ့ ကိုယ်ကျင့်သီလနှင့် စိတ်ဓာတ် မြင့်မြတ်ရေးဟာလည်း ပျော်ရွှင် ငြိမ်းချမ်းတဲ့ ဘဝမှာ နေရေးနဲ့ ရောင့်ရဲ လွယ်တဲ့ ဘဝနေနည်း အတွက် လိုအပ်တယ်လို့ သဘောထားတယ်။*

တစ်ခါက ဒီဃဇာဏု ဆိုတဲ့ ဥပါသကာ တစ်ယောက်ဟာ မြတ်စွာဘုရားကို ဖူးမြော်ပြီး မေးခွန်း မေးလျှောက်တော်မူတယ်။

'အရှင်မြတ်ကြီးဘုရား၊ တပည့်တော်များဟာ သာမန် ပုထုဇဉ် လူသားများ ဖြစ်ကြပါတယ်။ အိမ်ရာ ထူထောင် လူ့ဘောင်ဘဝထဲမှာ ဇနီးမယား သမီးသားနှင့် နေကြသူများလည်း ဖြစ်ကြပါတယ်။ တပည့်တော်တို့ သာမန် အိမ်ရာ ထူထောင် လူ့ဘောင်နေသူ လူဥပါသကာများ အတွက် လက်ရှိဘဝမှာရော သေလွန်ပြီး နောက်ဘဝမှာပါ ချမ်းချမ်းသာသာ နေနိုင်တဲ့ တရားများ ရှိရင် ဟောသနားတော် မူပါ'လို့ လျှောက်ထားတယ်။

ဒီအခါ မြတ်စွာဘုရားက မိန့်တော်မူတာက ဒီဘဝမှာ ချမ်းသာရကြောင်း တရား လေးပါး ရှိတယ်။ လေးပါး ဆိုတာက. . .

(၁) **ဥဋ္ဌာနသမ္ပဒါ** - ဒါကတော့ အလုပ် ကျွမ်းကျင်မှု ရှိဖို့၊ ဝီရိယစွမ်း ဉာဏ်စွမ်း ထက်ဖို့၊ ကိုယ်လုပ်တဲ့ အသက်မွေးဝမ်းကျောင်း အလုပ်မှာ စိတ်အား ထက်သန်မှု ရှိဖို့နဲ့ ကိုယ့် အလုပ်ရဲ့ သဘော သဘာဝကို ကိုယ်တိုင် ကောင်းစွာ သိဖို့ပဲ ဖြစ်တယ်။

(၂) **အာရက္ခသမ္ပဒါ** - ဒါက ဒုတိယ အချက် ဖြစ်တယ်။ မိမိ ရှာဖွေ ရရှိတဲ့ ဝင်ငွေကို ကာကွယ်နိုင်ရမယ်။ ဒီဝင်ငွေမှာလည်း သမ္မာ အာဇီဝ အဖြစ် မိမိ ရှာဖွေထားတဲ့ ချွေးနဲ့စာ ဖြစ်ရမယ်။

(၃) **ကလျာဏမိတ္တသမ္ပဒါ** - ဒါက တတိယ အချက် ဖြစ်တယ်။ မိမိမှာ မိတ်ကောင်း ဆွေကောင်း ရှိရမယ်။ မိတ်ကောင်း ဆွေကောင်း ဆိုတာက မိမိအပေါ် သစ္စာ စောင့်သိတဲ့ သူ၊ ဉာဏ်ပညာ အမြော်အမြင် ရှိသူ၊ အကျင့်သီလနှင့် ပြည့်စုံသူ၊ ရက်ရောသူ၊ ထိုးထွင်းဉာဏ် ရှိသူ၊ မိမိကို ကောင်းမှုကုသိုလ် ဘက်မှာ ကူညီပြီး မကောင်းမှု အကုသိုလ်ရေးမှာ တားဆီးသူကို ပြောတာ။

(၄) **သမဇီဝိတာ သမ္ပဒါ** - ဒါက စတုတ္ထ လိုအပ်ချက် ဖြစ်တယ်။ ဒါက သုံးစွဲရာ မှာ ဆင်ခြင် တိုင်းထွာပြီး ဝင်ငွေနဲ့ ထွက်ငွေ မျှတအောင် ကုန်သင့်တဲ့ နေရာမှာ ကုန်စေပြီး မကုန်သင့်တဲ့ နေရာမှာ မကုန်အောင် မျှမျှတတ နေထိုင်တတ်သူ ဖြစ်ရမယ်။ ပစ္စည်းဥစ္စာပေါ်မှာ အလိုရမ္မက် ကြီးသူလည်း မဖြစ်ရဘူး။ ပစ္စည်းဥစ္စာကို မဆင်မခြင် အရမ်း သုံးစွဲ ဖြုန်းတီးသူလည်း မဖြစ်ရဘူး။ ဆိုလိုတာက ကိုယ့်ဝင်ငွေနှင့် ထွက်ငွေကို မျှတအောင် နေ ထိုင်တတ်သူ ဖြစ်ရမယ်လို့ ဘုရားက ဟောတော်မူတယ်။

ပြီးမှ ဗုဒ္ဓမြတ်စွာဘုရားက ပျော်ရွှင် ချမ်းသာခြင်းကို ဖြစ်စေတဲ့ အကျင့်သီလ ပြည့်စုံမှု လေးမျိုးကို ဆက်ပြီး ဟောတော်မူတယ်။ လေးမျိုး ဆိုတာက. . .

(၁) **သဒ္ဓါ** - ဒါက ကိုယ်ကိုယ့်ကိုယ် ယုံကြည်မှု ဖြစ်တယ်။ ဒါဟာ ကိုယ်ကျင့်တရား တန်ဖိုးလည်း ဖြစ်တယ်။ စိတ်ပိုင်းဆိုင်ရာ စရဏ တန်ဖိုးလည်း ဖြစ်တယ်။ ပညာဉာဏ်ပိုင်းဆိုင်ရာ တန်ဖိုးလည်း ဖြစ်တယ်။ အင်အား (ဗလ)လည်း ဖြစ်တယ်။ အစိုးရမှု (ဣန္ဒြေ)လည်း ဖြစ်တယ်။

(၂) **သီလ** - ဒါက သူတစ်ပါး အသက်ကို ဖျက်ဆီး သတ်ဖြတ်ခြင်းက ရှောင်ကြဉ် တာ၊ သူတစ်ပါး ပစ္စည်းကို ခိုးယူ လိမ်ယူခြင်းက ရှောင်ကြဉ်တာ၊ သူ တစ်ပါး အိမ်ရာကို ကျူးလွန်ခြင်းက ရှောင်ကြဉ်တာ၊ မူးယစ်စေတတ်သော အရာများက ရှောင်ကြဉ်တာ၊ ပြီးတော့ မမှန်မကန် ပြုမူ ပြောဆိုခြင်းက ရှောင်ကြဉ်တာတွေ ဖြစ်တယ်။

(၃) စာဂ - ဒါက ပေးကမ်း စွန့်ကြဲတာ။ ဥစ္စာပစ္စည်း အပေါ် တပ်မက်လွန်းတဲ့ တဏှာလောဘကို သတ်တာ။ ရတတ်သမျှကို သူများကိုပါ ခွဲဝေ ခံစားနိုင်အောင် ရက်ရောတာ။

(၄) ပညာ - ဒါကတော့ ဉာဏ်ပညာ ဖွံ့ဖြိုးအောင် အားထုတ်တာ ဖြစ်တယ်။ ဒီပညာနဲ့ ဒုက္ခ ခပ်သိမ်း ချုပ်ငြိမ်းရာ အမှန် မြတ်နိဗ္ဗာန်ကို မျက်မှောက် ပြုရအောင် အားထုတ်ခြင်း ဖြစ်တယ်။

**(ဒေါက်တာဝေါလ်ပိုလာရာဟုလာ၏ 'မြတ်ဗုဒ္ဓ၏ ဒေသနာ' ကျမ်းမှ ကောက်နုတ်ချက်)**

တစ်ခါတစ်ရံ ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ချွေတာ စုဆောင်းရေးနှင့် ပတ်သက်သော တရားကို အသေးစိတ် ဟောကြားတော်မူတယ်။ ဥပမာအားဖြင့် ဗုဒ္ဓရှင်တော်မြတ်ဘုရားက သိင်္ဂါလလုလင်ကို ဟောကြားစဉ်က လုလင်အနေနှင့် သူ ရှာဖွေ ရရှိတဲ့ ငွေရဲ့ လေးပုံ တစ်ပုံကိုသာ နေ့စဉ် ကုန်ကျစရိတ် အတွက် အသုံးပြုသင့်ကြောင်း ထိုငွေ၏ ထက်ဝက်ကို အရင်းအနှီးထဲကို ပြန်ထည့်ပြီး ကျန်လေးစု တစ်စုကိုမူ အရေးပေါ် ကိစ္စအတွက် သီးခြား ထားရမည်လို့ ဟောကြား တော်မူခဲ့တယ်။

တစ်ချိန်တုန်းကတော့ ဘဏ်လုပ်ငန်းရှင် သူကြွယ်ကြီး ဖြစ်တဲ့ အနာထပိဏ် သူဌေးကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်း ဒါယကာကြီးက အိမ်ထောင်ရှင် စီးပွားရေးသမားကြီး ဖြစ်တယ်။ သူ့ကို ဆုံးမတော်မူတာက အိမ်ထောင်ရှင် မိသားစုဘဝမှာ နေသူ လူသာမန် ပုထုဇဉ် အနေနဲ့ ရရှိနိုင်တဲ့ လောကီချမ်းသာ လေးမျိုး ရှိကြောင်းကို ဟောတော်မူတယ်။ ပထမ ရရှိနိုင်တဲ့ ချမ်းသာ ပျော်ရွှင်မှုက. . .

(၁) အတ္ထိသုခ - ဖြစ်တယ်။ ဒါက စီးပွားရေး ငွေရေး ကြေးရေးအရ ဘဝလုံခြုံမှု ရှိရမယ် ဆိုတာပါ။ သမ္မာအာဇီဝ နည်းလမ်းနဲ့ ရှာဖွေ ရရှိထားတဲ့ ဓနအင်အား လုံလောက်မှု ရှိရမယ် ဆိုတာ ဖြစ်တယ်။

(၂) ဘောဂသုခ - ဆိုတာက ဒုတိယ ချမ်းသာခြင်း ဖြစ်တယ်။ လုံလောက်စွာ ရှာဖွေ စုဆောင်းထားတဲ့ ဥစ္စာ ဓနတွေကို မိမိအတွက် ဖြစ်စေ၊ မိသားစု အတွက် ဖြစ်စေ၊ မိတ်ဆွေ အပေါင်းအသင်း အတွက် ဖြစ်စေ၊ ရက်ရက်ရောရော သုံးစွဲပြီး ကုသိုလ်ကောင်းမှု ပြုနိုင်ခြင်း ဖြစ်တယ်။

(၃) **အနနုသုခ** - ဆိုတာက တတိယ သုခ ဖြစ်တယ်။ ကြွေးမြီ ကင်းရှင်းခြင်းကို ဆိုလိုတယ်။

(၄) **အနဝဇ္ဇသုခ** - ဆိုတာက အကုသိုလ် ဒုစရိုက် အဖြစ် ကင်းရှင်းစွာ သန့်ရှင်း စင်ကြယ်တဲ့ ဘဝမှာ ကာယကံ၊ ဝစီကံ၊ မနောကံအားဖြင့် အပြစ်အနာ မရှိ နေနိုင်ခြင်းကြောင့် ရရှိတဲ့ သုခချမ်းသာခြင်း ဖြစ်တယ်။

ဒီသုခ ၄ မျိုး အနက် ပထမ ၃ မျိုးသည် စီးပွားရေး အပေါ် အခြေခံတဲ့ သုခမျိုး ဖြစ်တယ်။ စည်းစိမ်ဥစ္စာနဲ့ စပ်ဆိုင်တဲ့ သုခမျိုး ဖြစ်တယ်။ အဲဒီ သုခမျိုး က ကိုယ်စိတ် သန့်ရှင်း စင်ကြယ်မှုကြောင့် ရတဲ့ သုခ မပါဘဲနဲ့တော့ တန်ဖိုး မရှိ ဘူး။ စတုတ္ထ သုခကတော့ သီလ စင်ကြယ်မှုကြောင့် ရတဲ့ ချမ်းသာမျိုး ဖြစ်တယ်။

အထက် ဖော်ပြပါ နမူနာ အချို့ကို ကြည့်ခြင်းအားဖြင့် မြတ်စွာဘုရားသည် လောကီချမ်းသာ သုခတို့သည် စီးပွားရေး ဘဝ ဖူလုံမှုနဲ့ ဆက်စပ်နေတယ်။ ဒီ လောကီ ချမ်းသာမျိုး ရဖို့အတွက် စီးပွားရေး ပြည့်စုံဖို့ ဖူလုံဖို့ လိုအပ်တယ် ဆိုတဲ့ အချက်ကို အသိအမှတ်ပြု လက်ခံထားကြောင်း တွေ့ရတယ်။ ဒါပေမဲ့ ရုပ်ဝတ္ထု ပစ္စည်း ပေါများ ကြွယ်ဝရုံလောက်နဲ့တော့ လူ့ဘဝ တိုးတက်တယ် ဆိုတဲ့ သဘော ဟာ စစ်မှန်တဲ့ တိုးတက်မှု ဖြစ်တယ် ဆိုတာကိုတော့ မြတ်ဗုဒ္ဓက အသိအမှတ် မပြုဘူး။ အကျင့်သီလ အပေါ် အခြေမခံတဲ့ ပစ္စည်းဥစ္စာ ချမ်းသာ ကြွယ်ဝခြင်းကို စစ်မှန်တဲ့ ဘဝ တိုးတက်မှု အဖြစ် မြတ်ဗုဒ္ဓက သတ်မှတ်လိုခြင်း မရှိဘူး။ ဗုဒ္ဓ ဘာသာက ဥစ္စာဓနေ ကြွယ်ဝ ချမ်းသာရေးကိုလည်း အားပေးတယ်။ ဒါပေမဲ့ ပျော် ရွှင်ပြီး ငြိမ်းချမ်း သာယာတဲ့ ဘဝမှာ နေနိုင်ဖို့ အတွက်ကတော့ အကျင့်သီလနဲ့ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုး တိုးတက်မှုလည်း လိုအပ်တယ် ဆိုတာကို အလေးအနက် ထားပြီး ဟောကြားတော်မူတယ်။ ဒါမှသာ ပျော်ရွှင်ဖွယ် ငြိမ်းချမ်း သာယာပြီး ရောင့်ရဲ တင်းတိမ်တဲ့ လူ့အဖွဲ့အစည်း ဖြစ်နိုင်ကြောင်း ဟောကြားတော်မူတယ်။

လူအများရဲ့ စိတ်ထဲမှာ ထင်နေကြတာက ဗုဒ္ဓဘာသာဝင်ကောင်း တစ် ယောက် ဖြစ်ဖို့ ဆိုရင် လောကီ ကြီးပွားရေး၊ ရုပ်ဝတ္ထု ကြီးပွားရေးကို ဘာမှ လုပ် နေစရာ မလိုဘူးလို့ သဘောထားနေကြတယ်။ ဒီအမြင် အယူအဆဟာ လုံးဝ မမှန်ပါဘူး။ မြတ်ဗုဒ္ဓ သင်ကြားတော်မူခဲ့တာက လူသား အနေနဲ့ အစွန်း တစ်ဖက် ကို ရောက်လောက်အောင် ရုပ်ဝတ္ထု စည်းစိမ်တွေ အပေါ်မှာ မခံစားဘဲ စည်းစိမ် ဥစ္စာကို သင့်တင့် လျောက်ပတ်စွာ ခံစားရင်း မိမိရဲ့ သီလ၊ သမာဓိ၊ ပညာ ဘက် မှာ တိုးတက် ဖွံ့ဖြိုးအောင် သတိနဲ့ ဆောင်ရွက်တတ်ဖို့ပဲ ဖြစ်တယ်။ လူသာမန်

တွေ အနေနဲ့ တစ်ဖက်က လောကီအာရုံ ကာမဂုဏ်တွေကိုလည်း အသင့်အတင့် ခံစား ဒါပေမဲ့ ဒီကာမဂုဏ် အာရုံတွေကို အလွန်အကျွံ တပ်မက်ပြီး မိမိရဲ့ သီလ သမာဓိ ပညာ တိုးတက်ရေးကို အဟန့်အတား မဖြစ်စေဘဲ ခံစားနိုင်ဖို့သာ အရေးကြီးတယ်။ ဗုဒ္ဓဘာသာက သင်ကြားတာက အလယ်အလတ် ကျင့်စဉ်၊ မဇ္ဈိမ ပဋိပဒါ ကျအောင် လုပ်တတ်ဖို့ နေတတ်ဖို့ပဲ ဖြစ်တယ်။

# ၈
# ဗုဒ္ဓဘာသာဝင်တို့၏
# ကိုယ်ကျင့်သီလစရဏာ

## ဗုဒ္ဓဘာသာကိုယ်ကျင့်ပညာ

*လူတွေ လုပ်ထားကြတဲ့ ကိုယ်ကျင့်တရား ဓလေ့ ထုံးတမ်းများက ဗုဒ္ဓဘာသာရဲ့ ကိုယ်ကျင့်တရားပညာကို ဖွဲ့စည်း ဖြစ်ပေါ်စေတာ မဟုတ်ဘူး။*

ယခု မျက်မှောက် ကာလတွင် ကမ္ဘာလောကကြီး တစ်ခုလုံးဟာ အုန်းအုန်းကျွက်ကျွက် ဆူပွက်ပြီး ညံနေကြတယ်။ တန်ဖိုး ရှိတဲ့ ကိုယ်ကျင့်သီလတရားတွေဟာလည်း ပြောင်းပြန် လန်ကုန်ကြပြီ။ ရုပ်ဝါဒရဲ့ ဝိစိကိစ္ဆာ သဘောတွေကလည်း အစဉ်အလာ အရ လူ့ဘဝရဲ့ ဂုဏ်အရည်အသွေးလို့ သတ်မှတ် ထားခဲ့ကြတာတွေကို သူတို့ရဲ့ သံသယ သင်တုန်းဓားနဲ့ အစိတ်စိတ် ဖြစ်အောင် ခွဲစိတ်ပစ်လိုက်ကြပြီ။ ဒါပေမဲ့ လူ့ယဉ်ကျေးမှု၊ လူ့အရည်အချင်း ပြုစု ပျိုးထောင်မှု အတွက် ကြောင့်ကြ

ရှိသူများကတော့ လက်တွေ့ကျတဲ့ ကိုယ်ကျင့်သီလပိုင်းကို ဂရုပြုကြတုန်းပါပဲ။ ဘာကြောင့်လဲ ဆိုတော့ ကိုယ်ကျင့်တရား ပညာဟာ လူရဲ့ ကာယကံ၊ ဝစီကံ တွေနဲ့ သက်ဆိုင် ဆက်စပ်နေလို့ပဲ ဖြစ်တယ်။ ဒီပညာက ကိုယ့်အချင်းချင်း ဆက်ဆံရေးနဲ့ရော သူတစ်ပါးနဲ့ ပေါင်းသင်း ဆက်ဆံရေးနဲ့ပါ ဆက်စပ်နေလို့ပဲ ဖြစ်တယ်။

လူသားသည် သဘာဝအားဖြင့် ခြောက်ပစ်ကင်း မဟုတ်လို့ သူ့မှာ ကိုယ်ကျင့်တရား ရှိဖို့ လိုအပ်လာတာ ဖြစ်တယ်။ သူ့ကိုယ်သူ လူကောင်း သူကောင်း တစ်ယောက် ဖြစ်အောင် လေ့ကျင့် သင်ကြားဖို့ လိုတယ်။ ဒါကြောင့် ကိုယ်ကျင့် သီလသည် လူ့ဘဝမှာ အရေးအကြီးဆုံး ကိစ္စ တစ်ခု ဖြစ်လာရခြင်း ဖြစ်တယ်။

ဗုဒ္ဓဘာသာက လက်ခံ ကျင့်သုံးတဲ့ အကျင့်သီလ သဘောဟာ လူသားများ က မိမိတို့အတွက် အသုံးကျအောင် တမင်တကာ တီထွင်ထားတဲ့ ကိုယ်ကျင့်တရား စံနှုန်းမျိုး မဟုတ်ပါ။ ထို့အပြင် လောက အပြင်ဘက်က တန်ခိုးတော်ရှင် ထာဝရ ဘုရားသခင်ဆီက ကျလာတဲ့ ဗျာဒိတ်တော်တွေလည်း မဟုတ်ပါ။ လူတွေ စိတ် ကြိုက် ပြုလုပ်ထားတဲ့ ကျင့်ထုံး ဥပဒေတွေနဲ့ လူမှုရေး ဘဝက လက်ခံထားတဲ့ ထုံးတမ်း ဓလေ့ ဥပဒေ စည်းကမ်းတွေဟာလည်း ဗုဒ္ဓဘာသာ ကိုယ့်ကျင့်သီလရဲ့ အခြေခံ အုတ်မြစ်များ မဟုတ်ကြပါဘူး။ ဥပမာ ဆိုကြပါစို့။ ဝတ်စား ဆင်ယင်ပုံ တစ်ခုဟာ ဒီတိုင်းပြည် ဒီလူမျိုးရဲ့ ရာသီဥတုနဲ့ ယဉ်ကျေးမှုနဲ့ ကိုက်ညီတယ်။ သင့်တော်အောင် လုပ်ထားတာ ဖြစ်သော်လည်း နောက်တစ်နေရာကျတော့ အမြင် မတော်တာမျိုး ဖြစ်နိုင်တယ်။ ဒါပေမဲ့ ဒါက ကိုယ်ကျင့်တရားနဲ့ မပတ်သက်ဘဲ ယဉ်ကျေးမှု ထုံးစံဓလေ့နဲ့သာ ပတ်သက်တာမျိုး ဖြစ်တယ်။ လူတို့ တမင်တကာ ပြုလုပ် စီမံ တီထွင်ထားတာတွေဟာ ဆက်ကာဆက်ကာ ကိုယ်ကျင့်တရား သဘော တွေနဲ့ ရောထွေး ကုန်တတ်ပါတယ်။ အမှန်ကတော့ ကိုယ်ကျင့်သီလ သဘောက ဘယ်နေရာမှာ ဖြစ်ဖြစ်၊ ဘယ်ကာလမှာ ဖြစ်ဖြစ်၊ ဘယ်လူမျိုး အတွက်ပဲ ဖြစ်ဖြစ် မပြောင်းလဲဘဲ မှန်ကန်ကြောင်း ထင်ရှားနေတတ်ပါတယ်။

ဒါကြောင့် ဗုဒ္ဓဘာသာက လက်ခံထားတဲ့ ကိုယ်ကျင့်သီလတွေဟာ အခါ အားလျော်စွာ ပြောင်းလဲတတ်တဲ့ လူမှုဓလေ့ ထုံးစံတွေ ပေါ်မှာလည်း အခြေခံပြီး တည်ဆောက်ထားခြင်း မရှိဘူး။ ဒါပေမဲ့ သဘာဝ တရားရဲ့ မပြောင်းလဲတဲ့ နိယာမ (လောက ဓမ္မ) သဘော အပေါ်မှာသာ အခြေခံ တည်ဆောက်ထားတာ ဖြစ်တယ်။ ဗုဒ္ဓဘာသာ လက်ခံထားတဲ့ ကိုယ်ကျင့်တရား တန်ဖိုးထားမှုတွေဟာ အနှစ်သာရအားဖြင့် သဘာဝတရားရဲ့ အစိတ်အပိုင်းများ ဖြစ်ကြတယ်။ ပြီးတော့

ဒီကိုယ်ကျင့်တရား သဘောတွေဟာ ပြောင်းလဲခြင်း ဖောက်ပြန်ခြင်း မရှိတဲ့ ကမ္မနိယာမ အပေါ်မှာသာ အကြောင်းအကျိုး သဘောမျိုးနဲ့ တည်ရှိနေကြတာ ဖြစ်တယ်။ ဒီလို ကိုယ်ကျင့်တရားကို သဘာဝ နိယာမ အပေါ်မှာ တည်ဆောက်ထားတာကြောင့်လည်း ဒီကိုယ်ကျင့်သီလ သိက္ခာပုဒ်တွေဟာ အသုံးကျနေတာ ဖြစ်ပြီး ခေတ်သစ် ကမ္ဘာက လက်ခံနိုင်ကြတာတွေ ဖြစ်နေတာပါ။ အကြောင်းခြင်းရာအားဖြင့် ဗုဒ္ဓရဲ့ ကိုယ်ကျင့်သီလ သိက္ခာပုဒ်တွေဟာ လွန်ခဲ့တဲ့ အနှစ် ၂၅၀၀ ကျော်ကတည်းက ပေါ်ပေါက်နေခဲ့ကြတာပါ။ ဒါပေမဲ့ ခေတ်တွေသာ ကုန်လွန်သွားကြတယ်။ ဒီကိုယ်ကျင့်တရား သဘောတွေက ရိုးမသွားဘူး။ သူ့ရဲ့ ကာလဝိမုတ္တိ သဘောက ရွေ့လျောမသွားကြဘူး။

အကျင့်သီလ သဘောဟာ ဗုဒ္ဓဘာသာမှာတော့ လက်တွေ့ကျကျ နိဗ္ဗာန်မဂ်ဖိုလ် ဖြစ်တဲ့ အန္တိမ ချမ်းသာစစ်ကို ပို့ဆောင်ပေးတဲ့ ပဓာနကျတဲ့ ကိစ္စတစ်ရပ်ဖြစ်တယ်။ ဘဝဆင်းရဲ ခပ်သိမ်းက လွတ်မြောက်ကြောင်း အမှန် မြတ်နိဗ္ဗာန်သို့ ရှေးရှုသွားရာလမ်းမှာ လူတိုင်းဟာ မိမိတို့ ပြုသမျှ ကောင်းမှု၊ ဆိုးမှု၊ အကျိုးရှိမှု၊ အကျိုးမဲ့မှု အားလုံး အတွက် တာဝန် ရှိသူ ဖြစ်တယ်။ လူတိုင်း လူတိုင်းဟာ မိမိတို့ဘဝ လွတ်မြောက်ရေးအတွက် ဘယ်သူ့ကိုမှ အားကိုးစရာ မရှိဘဲ ကိုယ့်ကိုယ်ကိုယ်သာ အားကိုးပြီး ကိုယ်တိုင် ဉာဏ်ဝီရိယ စိုက်ပြီး လုပ်ဆောင်ကြရမှာ ဖြစ်တယ်။ ဗုဒ္ဓဘာသာဝင်တို့ရဲ့ ဘဝ လွတ်မြောက်မှု၊ ကိုယ့်ကိုယ်ကိုယ် ကယ်တင်မှု သဘောသည် မိမိ ကိုယ်တိုင် ကိုယ်ကျင့်သီလ ဖွံ့ဖြိုး တိုးတက်အောင် ပြုလုပ်နိုင်မှု အပေါ်မှာ အခြေခံတယ်။ အပြင်အပက ဘယ်တန်ခိုးရှင်ကိုမှ အားကိုးနေစရာ မလိုဘူး။ ဘယ်သူကမှ လာပြီးလည်း လုပ်မပေးနိုင်ဘူး။ ဝတ်ပြု ဆုတောင်းနေလို့လည်း မရဘူး။ မြတ်ဗုဒ္ဓ ပွင့်ထွန်းတော်မူလာတာက လူတွေကို ကယ်တင်ဖို့ လာတာမဟုတ်ဘူး။ လူသားတွေကို မိမိတို့ ရရှိထားတဲ့ ဘဝရဲ့ သဘာဝ အမှန်ကို အမှန်အတိုင်း သိမြင် နားလည်အောင် ဉာဏ်မျက်စိကို ဖွင့်ပေးဖို့ ပွင့်ပေါ်လာခြင်းသာ ဖြစ်တယ်။ ပြီးတော့ လူသားများသည် မိမိတို့အနေနဲ့ မိမိတို့ရဲ့ ဘဝ ချမ်းသာအစစ်ကို ရရှိဖို့ အတွက် ဘယ်ပုံဘယ်နည်း ကိုယ်တိုင်ကိုယ်ကျ လုပ်ကိုင်ဆောင်ရွက်ရမယ် ဆိုတာကို အဆုံးအမ ပြုဖို့ ပွင့်ပေါ်လာတာသာ ဖြစ်တယ်။ နောက်ဆုံးအနေနဲ့ ပြောရရင် ဗုဒ္ဓဘာသာ ကိုယ်ကျင့်သီလ သဘောဟာ ဘယ်ပညတ်တော်တွေ အပေါ်မှာမှ အခြေစိုက်မထားဘူး။ လူတွေ မလိုက်နာလို့ မရဘူး။ မဖြစ်မနေ လိုက်နာရမယ် ဆိုတဲ့ အမိန့်အာဏာလည်း မပါဘူး။ မိမိဘာသာ ရွေးချယ် လိုက်နာ ကျင့်ကြံမှု အပေါ်မှာသာ အခြေခံတယ်။ 'ငါ၏ အမိန့်ကို မလိုက်

နာသူကို ငါသည် ဤသို့ အပြစ်ဒဏ်ထားမည်'ဆိုတဲ့ ဒဏ်ခတ်ခြင်း၊ အပြစ်ဒဏ် စီရင်ခြင်း သဘောလည်း မရှိဘူး။ မြတ်စွာဘုရားက အပြစ် ကျူးလွန်သူကို ရှုတ်ချ ပြောဆိုရာမှာ သုံးနှုန်းတဲ့ စကားလုံးတွေ ထဲမှာ အပြင်းထန်ဆုံး စကားလုံး တွေက ရှက်ဖွယ်ကောင်းသူ၊ ကောက်ကျစ်သူ၊ ယုတ်ညံ့သူ၊ အသုံးမကျသူ၊ ဘုရား တရား သံဃာကို ပြစ်မှားသူ စသည်အားဖြင့်သာ ဝေဖန် ပြောဆိုတယ်။ အပြစ် ဒဏ်နဲ့ မခြိမ်းခြောက်ဘူး။ 'သင်သည် ကိုယ့်ကိုယ်ကိုယ် ဆင်းရဲဒုက္ခ ရောက်အောင် အကျိုးမဲ့ကို ပြုသူ၊ မိုက်မဲသူ ဖြစ်တယ်'ဆိုရုံလောက်ပဲ ပြောဆို ဆုံးမလေ့ ရှိပါ တယ်။

ဗုဒ္ဓဘာသာက လက်ခံထားတဲ့ ကိုယ်ကျင့်သီလ သဘောတရား သိဝရီတွေ ဟာ လက်တွေ့အားဖြင့် အသုံးကျကြောင်းကို သိက္ခာပုဒ် ပြဋ္ဌာန်းချက်များ အရ ပေါ်လွင် ထင်ရှားနေတယ်။ ဒီစည်းကမ်းချက် သိက္ခာပုဒ်တွေဟာ ဗုဒ္ဓဘာသာဝင် များ အတွက် မိမိတို့ ရောက်လိုရာ ဘဝပန်းတိုင် ဖြစ်တဲ့ နောက်ဆုံး ဘဝ လွတ် မြောက်ရေး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက် ပြုရေး ဆီသို့ ရှေးရှု သွားရမည့် လမ်းကို ပြညွှန်တဲ့ ယေဘုယျလမ်းပြ သဘောများလည်း ဖြစ်တယ်။ ဒီသိက္ခာပုဒ် အများကို ဖော်ပြရာမှ ငြင်းပယ်တဲ့ သဘောနှင့် ဖော်ပြထားသော်လည်း ဗုဒ္ဓဘာသာမှာ ပါဝင်တဲ့ သီလ သိက္ခာပုဒ်တွေမှာ မကောင်းမှု အကုသိုလ်က ရှောင်ကြဉ်တဲ့ သဘောကို ဖော်ပြထားပေမဲ့ ကောင်းမှုကုသိုလ်ကို ဖြည့်ဆည်းပုံ မပါဘူးလို့ မယူဆသင့်ပါဘူး။

သီလ သိက္ခာပုဒ် အားလုံးမှာ ပါဝင်တဲ့ ကိုယ်ကျင့်တရားသဘောကို အကျဉ်းချုံးပြီး ပြောရရင် အခြေခံမှု ၃-ခု အပေါ်မှာ မူတည်ထားတာ ဖြစ်ကြောင်း နားလည်သင့်တယ်။ အခြေခံမှု ၃-ရပ် ဆိုတာက (၁) မကောင်းမှု အကုသိုလ်ကို ရှောင်ကြဉ်ခြင်း (၂) ကောင်းမှုကုသိုလ်ကို ပွားများစေခြင်းနှင့် (၃) စိတ်ကို စင် ကြယ်အောင် ထားခြင်းတို့ပဲ ဖြစ်တယ်။ ဒါဟာ ဗုဒ္ဓအဆူဆူ ဟောတော်မူတဲ့ အဆုံးအမ သာသနာပဲ ဖြစ်တယ်။

ဗုဒ္ဓဘာသာမှာ ဘယ်ဟာက မကောင်းမှု အကုသိုလ် ဖြစ်တယ်၊ ဘယ်ဟာက ကောင်းမှု ကုသိုလ် ဖြစ်တယ် ဆိုတာကို ခွဲခြား သတ်မှတ်ပုံကလည်း သိနားလည် ဖို့ လွယ်ပါတယ်။ ဘယ်ကံပဲ ဖြစ်ဖြစ် လောဘ၊ ဒေါသ၊ မောဟကို အခြေခံပြီး ကိုယ်ကျိုး အတ္တက ပေါက်ပွားလာတာ ဖြစ်လို့ ရှိရင် အန္တရာယ် ရှိတဲ့ ငါစွဲ အတ္တ ဒိဋ္ဌိ ဝိပလ္လာသ ပါတာချည်းပဲ။ ဒီလို အပြုအမူ (ကာယကံ၊ ဝစီကံ၊ မနောကံ) ဟာ အကုသိုလ်ကံ ဖြစ်တယ်။ မကောင်းမှု ဖြစ်တယ်။ ဒီကံတွေကို အကုသလကမ္မလို့

ခေါ်တယ်။ အကြင် ကာယကံ၊ ဝစီကံ၊ မနောကံတွေဟာ ဒါန၊ သီလ၊ မေတ္တာ၊ ပညာတွေ အပေါ်မှာ အခြေပြုပြီး ပေါ်ပေါက်တာ ဖြစ်လို့ ရှိရင် ဒီကံတွေဟာ ကောင်းမှု ကုသိုလ်ကံတွေ ကုလသကမ္မ တွေ ဖြစ်တယ်။ ဒါက ကာယကံ၊ ဝစီကံ၊ မနောကံ အားလုံးကို တိုင်းတာ အကဲဖြတ်တဲ့ သီလ စံနှုန်းပဲ ဖြစ်တယ်။

## ဗုဒ္ဓဘာသာ ကိုယ်ကျင့်သီလဟာ စေတနာအပေါ်မှာ အခြေခံတယ်

'စေတနာသည် ကံ ဖြစ်၏' မြတ်ဗုဒ္ဓ ဟောတော်မူခဲ့တယ်။ စေတနာ မပါတဲ့ အပြုအမူ သက်သက်ဟာ အကောင်းအဆိုး သဘော မပါဘူး။ သို့သော် ကောင်းမှု ကုသိုလ်နဲ့ မကောင်းမှု အကုသိုလ် ဖြစ်ပေါ်လာတာက ပြုသူရဲ့ စိတ်စေတနာကြောင့် ဖြစ်တယ်။ ဒါပေမဲ့ ဗုဒ္ဓဘာသာ ကိုယ်ကျင့်သီလထဲမှာ ထုံးတမ်းစဉ်လာအားဖြင့် အပြစ် (sin) ဆိုတဲ့ သဘောကို လက်မခံဘူး။ လူ တစ်ယောက်ဟာ ပြစ်မှု ကျူးလွန်တယ် ဆိုရာမှာ သူကိုယ်တိုင်က စေတနာ ပါပြီး တမင်တကာ ကိုယ့်သဘော ကိုယ့်ဆန္ဒနဲ့ပြုလုပ်တာ ဖြစ်မှသာ အပြစ် ဖြစ်တယ်လို့ ယူဆတယ်။ ဒီနေရာမှာ ဗုဒ္ဓဘာသာက အပြစ် ကျူးလွန်ခြင်း ဖြစ်တာ၊ မဖြစ်တာကို လောကီနယ်ထဲက ဥပဒေ ပညတ်ချက်တွေ အရင် ချမှတ်ထားပြီး ဒီဥပဒေ ပြဋ္ဌာန်းချက်တွေကို ကျူးလွန် ဖောက်ဖျက်တဲ့ အပေါ်မှာ ကုသိုလ်၊ အကုသိုလ် ဖြစ်တယ် ဆိုတဲ့ သဘောကို မူတည် မထားဘဲ လူ့ရဲ့ စိတ်ပိုင်းဆိုင်ရာ စိတ်စေတနာ အပေါ်မှာသာ အခြေခံထား တာ တွေ့ရတယ်။ ဒီနေရာမှာ စိတ်စေတနာနဲ့ ကာယကံ၊ ဝစီကံတွေကို ဆက်စပ် ထားတာဟာ ထူးခြားတယ်။ သီလမှာ မနောကံ မပါဘူးလို့ ယေဘုယျ ယူဆနေကြ သလို မဟုတ်ဘဲ မနောကံရဲ့ အကျိုးသက်ရောက်မှုကို ကာယကံ၊ ဝစီကံတွေ အထိ ချဲ့ထွင် ပါဝင်နေအောင် ဆက်စပ်ထားတာကို တွေ့ရတယ်။ စိတ်ကောင်း နှလုံးကောင်း ရှိသူ တစ်ယောက် အနေနဲ့ လူသတ်မှု ကျူးလွန်ဖို့ ဆိုတာ ဖြစ်နိုင် ကောင်းတာ မဟုတ်ဘူး။ ဘာကြောင့်လဲ ဆိုတော့ သတ်ဖြတ်မှု ဆိုတာ ကာယကံ ကိစ္စ ဖြစ်တယ်လို့ ဆိုပေမဲ့ မုန်းတီးမှု ဒေါသနဲ့ လက်စားချေလိုမှု၊ သေစေလိုမှု လောဘ ဆိုတဲ့ စိတ်စေတနာ အပေါ်မှာ အခြေတည်နေပါတယ်။ ကာယကံ၊ ဝစီကံ ဆိုတဲ့ အပြုအမူတွေဟာ မနောကံရဲ့ အကျဉ်းရုန်း ဖော်ပြချက်တွေပဲ ဖြစ် တယ်။ မိုးစက်တွေဟာ ရေငွေ့တွေကို အားခဲ စုစည်းလိုက်တဲ့ ဖော်ပြချက်မျိုးပေါ့။ အပြုအမူတွေဟာ ခေါင်မိုးပေါ် တက်ပြီး လူသိရှင်ကြား ဖြစ်အောင် ကြွေးကြော်

အော်ဟစ်ပြတာနဲ့ တူတယ်။ ဒါပေမဲ့ ဒီဖွင့်ဟချက်တွေဟာ တကယ်တော့ တိတ်တခိုး ကျူးလွန်ထားပြီးတဲ့ ကိစ္စတွေပဲ ဖြစ်ကြပါတယ်။

ဒါကြောင့် ကိုယ်ကျင့်သီလ ပျက်ပြားတဲ့ ဒုစရိုက်မှု တစ်ခုကို ကျူးလွန်တဲ့ လူဟာ သူ့အနေနဲ့ စိတ်ထဲမှာပါ အကုသိုလ်မှု တစ်ခုကို ကျူးလွန်ထားပြီး ဖြစ်ကြောင်းကို ဖွင့်ဟ ဝန်ခံတာပဲ ဖြစ်တယ်။ အလွန် သန့်ရှင်း စင်ကြယ်တဲ့ စိတ်နှလုံးထားရှိသူကျတော့ သူ့ရင်ထဲ နှလုံးထဲမှာ ကိလေသာ အညစ်အကြေးတွေ ကင်းစင်နေတာကြောင့် သူ့အနေနဲ့ အကုသိုလ်ကံတွေကို ကာယကံမြောက် ဝစီကံမြောက် ကျူးလွန်မိဖို့ ဆိုတာ မစွမ်းနိုင်တော့ပါဘူး။

ဗုဒ္ဓဘာသာရဲ့ ကိုယ်ကျင့်သီလ သဘောတရားထဲမှာ ကိုယ်ကျင့်တရား ဆိုင်ရာ စံတန်ဖိုးများကိုလည်း လက်ခံထားပါတယ်။ တစ်နည်းဆိုရလျှင် ကမ္မဝိပါက ဆိုတဲ့ ကံကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးဆက်တွေဟာ သူ ပြုတဲ့ ကံအားလျော်စွာ (ကောင်းတာ ပြုရင် ကောင်းကျိုး၊ ဆိုးတာ ပြုရင် ဆိုးကျိုး)ဟာ သဘာဝ ကမ္မနိယာမ အတိုင်း နောက်က လိုက်ပြီး ဖြစ်တတ်ပါတယ်။ ဒီကံကျိုး ပေး သဘောက ပုဂ္ဂိုလ်ရဲ့ စိတ်ထား သဘောထားနဲ့လည်း မဆိုင်ဘူး။ လူ့အဖွဲ့ အစည်းရဲ့ စိတ်နေစိတ်ထား သဘောထားနဲ့လည်း မဆိုင်ပါဘူး။ (ဆိုလိုတာက လူ့အဖွဲ့အစည်း အနေနဲ့ မိမိတို့ နိုင်ငံကို ကျူးကျော် တိုက်ခိုက်သူတွေကို လိုက်လံ သတ်ဖြတ် ချေမှုန်းနိုင်သူကို သူရဲကောင်းလို့ ဂုဏ်တင် ပြောဆို ချီးမွမ်းကြချင် ချီးမွမ်းကြမှာပဲ။ ဒါပေမဲ့ သူ့အသက်ကို သတ်ဖြတ်ခြင်း ဆိုတဲ့ ကံရဲ့ အကျိုး (ဝိပါက်) ကတော့ သူ့ကျိုးပေး အတိုင်းပဲ ပြောင်းလဲသွားမှာ မဟုတ်ပါဘူး။) ဥပမာ မူးယစ်သောက်စားခြင်းဟာ သူ့အကျိုးပေးနဲ့ သူ ရှိပြီးသားပါ။ မူးယစ်သောက်စားခြင်းကြောင့် မူးယစ်သောက်စားသူကိုရော၊ တခြားလူတွေကိုရော စိတ်ဆင်းရဲခြင်းကို ဖြစ်စေပါတယ်။ သူရာမေရယကံရဲ့ အကျိုး ဝိပါက်ကတော့ သောက်သူကပဲ ဖြစ်ဖြစ်၊ သူ နေထိုင်တဲ့ လူ့ဘောင် အဖွဲ့အစည်းကပဲ ဖြစ်ဖြစ် အရက်သောက်မှု အပေါ်မှာ ထားတဲ့ သဘောထား အမြင်နဲ့ မဆိုင်ဘူး။ သူ့အကျိုးပေးနဲ့ သူ ရှိနေမှာပဲ။ မူးယစ်သောက်စားတာဟာ အကုသိုလ် ဖြစ်တယ်။ အကျိုးမဲ့ကို ဖြစ်စေတယ်။ အပြစ်ဖြစ်စေတယ် ဆိုတာ ဖြစ်ရပ် အမှန်ပဲ။ ဒါကို တည်ဆဲ လူတွေရဲ့ သဘောထား အမြင်နဲ့ ပြောင်းလဲပစ်လို့ မရပါဘူး။ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာ၊ ကံပိုင်းဆိုင်ရာ အကျိုးဆက်များကသာ အပြုအမူ တစ်ရပ်လို ကုသိုလ် ဖြစ်တယ်၊ အကုသိုလ်ဖြစ်တယ် ဆိုတာကို သတ်မှတ်တာ ဖြစ်တယ်။ ဒီအပြုအမူကို ထင်မြင်ချက်ပေးသူများရဲ့ အမြင် သဘောထားနဲ့တော့ မပတ်သက်ပါဘူး။ ဤကဲ့သို့

ကိုယ်ကျင့်တရားဆိုင်ရာ ဆက်နွယ် ပတ်သက်မှု သဘောကို အသိအမှတ် ပြုထားလို့ ရှိရင် ဒီသဘော အယူအဆဟာ ကိုယ်ကျင့်တရား တန်ဖိုးများရဲ့ ဓမ္မဓိဋ္ဌာန် ကျကျ တည်ရှိနေနိုင်ခြင်းကို ချေဖျက်နိုင်မှာတော့ မဟုတ်ပါဘူး။

## ဝိနည်းဆိုတာဘာလဲ?

*ဝိနည်း ဆိုတာ ရဟန်းသံဃာတော်များနှင့် ဘိက္ခုနီမများ အတွက် မိမိကိုယ်ကိုယ် ထိန်းသိမ်း စောင့်ရှောက်နိုင်ရန် လိုက်နာဖို့ အတွက် မြတ်ဗုဒ္ဓက ချမှတ် ပြဋ္ဌာန်းတော်မူထားတဲ့ ဥပဒေ စည်းမျဉ်း စည်းကမ်းများ ဖြစ်တယ်။ ရဟန်းသံဃာများနဲ့ ဘိက္ခုနီမများ သာမဏေများရဲ့ ဘုန်းကြီးကျောင်းဘဝ နေနည်းမှာ အရေးပါတဲ့ အခန်းကဏ္ဍ တစ်ခု ဖြစ်တယ်။*

ဗုဒ္ဓမြတ်စွာဘုရားသည် ဥပဒေ စည်းမျဉ်းများကို ကိစ္စ တစ်ခု အတွက် အသုံးပြုရန် (ပြဿနာ မပေါ်သေးဘဲနှင့်) ပြဋ္ဌာန်း သတ်မှတ်တော်မူခြင်း မရှိပါ။ အကြောင်းကိစ္စ ပေါ်ပေါက်လာသော အခါမှသာ လိုအပ်သလို ဥပဒေ စည်းကမ်း (ဝိနည်းဥပဒေ) များကို သတ်မှတ် ပြဋ္ဌာန်းတော်မူတယ်။ ဝိနည်း ပိဋကတ်တော်တွေနဲ့ ဝိနည်း အဋ္ဌကထာကျမ်းတွေထဲမှာ ဘာအကြောင်းကိစ္စ ဝတ္ထုတွေ ပေါ်လို့ ဒီစည်းကမ်း ဥပဒေကို ဘယ်လို ပြဋ္ဌာန်းကြောင်း ဇာတ်လမ်းတွေ အများအပြား ပါပါတယ်။ မြတ်ဗုဒ္ဓရဲ့ အလိုတော်မှာ အကောင်းဆုံး ဝိနည်း စည်းမျဉ်း ဆိုတာ ကာယကံ၊ ဝစီကံ၊ မနောကံတွေကို ထိန်းသိမ်း စောင့်ရှောက်ရေးအတွက် စည်းကမ်း သတ်မှတ်ခြင်းပဲ ဖြစ်တယ်။

ကနဦး သာသနာ အစတုန်းက ရှိတော်မူခဲ့ကြတဲ့ သာဝကကြီးများဟာ အရိယာ သာဝကကြီးများ ဖြစ်ကြပြီး မိမိတို့ရဲ့ ကိုယ်၊ နှုတ်၊ နှလုံးကို စောင့်သုံး နေထိုင်တော်မူခဲ့ကြတဲ့ အရှင်ကောင်း အရှင်မြတ်ကြီးများ ဖြစ်ကြတဲ့ အတွက် သူတို့ အတွက် ဥပဒေ စည်းကမ်းတွေ သတ်မှတ်ဖို့ မလိုအပ်ခဲ့ပါဘူး။ နောက်ကျတော့ သံဃာ အဖွဲ့အစည်း ကြီးထွားလာပြီး ဘုန်းကြီးတွေ၊ ဘုန်းကြီး ကျောင်းတိုက်တွေ များပြားလာတဲ့ အခါကျတော့ တခြားလူတွေ၊ သီလ သမာဓိ ပညာအားဖြင့်

အဆင့် မြင့်မြင့် နေထိုင် ကျင့်သုံးခြင်း မရှိသူတွေကလည်း သာသနာ့ဘောင်ထဲကို ဝင်လာကြတယ်။ ဒီအခါ သံဃာတော်တွေထဲမှာ သူတို့ရဲ့ အမူအကျင့်တွေ အနေအထိုင်တွေက လူဝတ်ကြောင်တွေလို ဖြစ်လာတယ်။ ကိလေသာ အာရုံ ကာမဂုဏ် အပျော်အပါးတွေကို လိုက်စားမှုတွေကလည်း ဖြစ်ပေါ်လာတယ်။ ဒီလို လောကီဆန်တဲ့ အမူအကျင့်တွေကြောင့် သံဃာထုထဲမှာ ပြဿနာတွေ ပေါ်ပေါက်လာတဲ့ အခါကျမှ မြတ်စွာဘုရားက ဝိနည်း သိက္ခာပုဒ်တွေကို ရဟန်းသံဃာများနဲ့ ဘိက္ခုနီမများကို လူတွေရဲ့ အနေအထိုင် အပြောအဆို အပြုအမူများနဲ့ ကွဲပြား ခြားနားစေဖို့ ကိုယ်ကျင့်တရား လမ်းညွှန်ချက်များ အဖြစ်နဲ့ သတ်မှတ် ပြဋ္ဌာန်းတော်မူရခြင်း ဖြစ်တယ်။ ဘိက္ခုနှင့် ဘိက္ခုနီမများရဲ့ အဖွဲ့အစည်းသည် သူတော်ကောင်းတရားကို ကျင့်ကြံ ပွားများနေနိုင်ဖို့ အတွက် ကောင်းစွာ ဖွဲ့စည်း တည်ထောင်ထားတာ ဖြစ်တယ်။ ဗုဒ္ဓခေတ်အခါက တပသီအကျင့်ကို ကျင့်ကြံနေကြတဲ့ သမဏ ပြဟ္မဏ တွေလည်း ရှိတယ်။ ဗုဒ္ဓဘာသာက ရဟန်း သံဃာများနဲ့ ဒီခေတ်ပြိုင် တခြား ဂိုဏ်းသား ခြိုးခြံစွာ ကျင့်ကြံ နေထိုင်သူများနဲ့လည်း မတူ၊ တစ်မူ ကွဲပြားကြောင်းကို ပေါ်လွင်အောင်လို့ ဒီဝိနည်း သိက္ခာပုဒ်တွေကို သတ်မှတ် ပြဋ္ဌာန်းတော် မူခဲ့ရတာ ဖြစ်တယ်။

လူ့ဘဝရဲ့ ဘက်ပေါင်းစုံမှာ သံဃာ အဖွဲ့အစည်းရဲ့ အနေအထိုင်ကို ထိန်းသိမ်းထားဖို့ အတွက် လိုအပ်တဲ့ လမ်းညွှန်သဘောတရားတွေကို ညွှန်ကြား ပြဋ္ဌာန်းထားတာ ဖြစ်တယ်။ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် စံတော်မူတဲ့အခါ ဒီဝိနည်း သိက္ခာပုဒ်တွေကို စုစည်း စိစစ်ကြပြီး ဒီဝိနည်း သိက္ခာပုဒ်တော်တွေ အတိုင်း သံဃာအဖွဲ့အစည်းကို ဖွဲ့စည်းကြဖို့ကို သဘောတူ လက်ခံခဲ့ကြတယ်။ မြတ်ဗုဒ္ဓ ပြဋ္ဌာန်းထားတော်မူခဲ့တဲ့ ကိုယ်ကျင့်သီလနဲ့ ပတ်သက်တဲ့ သိက္ခာပုဒ်တော်တွေကို ကျယ်ကျယ်ဝန်းဝန်း ပိုင်းခြားရင် နှစ်ပိုင်း ခွဲကြည့်နိုင်တယ်။ တစ်ပိုင်းကတော့ တစ်လောကလုံးနဲ့ စပ်ဆိုင်တဲ့ ကျင့်ထုံးဥပဒေတွေ ဖြစ်တယ်။ ဒါကိုတော့ လောကဝဇ္ဇ လို့ ခေါ်ရတယ်။ ဒီလောက အလိုအားဖြင့် တားမြစ်ထားတဲ့ တစ်လောကလုံး အကျုံးဝင်တဲ့ သီလ သိက္ခာပုဒ်တွေဟာ ရဟန်းတော်တွေနဲ့ သာမက လူသာမန်များ နဲ့လည်း စပ်ဆိုင်တာတွေ ဖြစ်တယ်။ လူသားတိုင်းအတွက် သူတော်ကောင်းတရားနဲ့ အညီ နေထိုင်နိုင်ဖို့ အတွက် လိုအပ်ချက်တွေ ဖြစ်ကြတယ်။ နောက် သီလ သိက္ခာပုဒ် တစ်မျိုးက ကာလဒေသကို လိုက်ပြီး လူမှုရေးအရ၊ ယဉ်ကျေးမှုအရ ဒီလိုနေ ဒီလို ပြုမူရမယ်။ ဒီလိုတော့ မလုပ်ရဘူးလို့ အမိန့်အာဏာ ထားပြီး

သတ်မှတ်တော်မူတဲ့ သိက္ခာပုဒ်တွေ ဖြစ်တယ်။ ဒါကိုတော့ *ပါဏတ္တိဝဇ္ဇ*လို့ ခေါ်တယ်။ ပထမ 'လောကဝဇ္ဇ' သိက္ခာပုဒ်တွေကတော့ လောက တစ်ခုလုံးနဲ့ ဆိုင်တဲ့ ကျင့်ထုံး ဥပဒေမျိုး ဖြစ်တယ်။ အကျင့်သီလ မရှိ၊ အကျိုးယုတ်စေတတ်တဲ့ အပြုအမူတွေကို တားမြစ်ထားတာ ဖြစ်တယ်။ ဒုတိယ 'ပါဏတ္တိဝဇ္ဇ' သိက္ခာပုဒ်တွေ ကျတော့ ရဟန်း သံဃာများ၊ ဘိက္ခုနီမများအတွက် သီးသန့် တားမြစ်တော်မူတဲ့ စည်းကမ်း ဥပဒေတွေ ဖြစ်တယ်။ ရဟန်း သံဃာများ၊ ဘိက္ခုနီမများရဲ့ လုပ်ထုံး လုပ်နည်း ဓလေ့ထုံးစံ၊ တာဝန် ဝတ္တရား၊ အမူအကျင့်များကို ပြဋ္ဌာန်းထားတာ ဖြစ်တယ်။ လောကဝဇ္ဇ သဘောအရ ပြဋ္ဌာန်းထားတဲ့ သီလ သိက္ခာပုဒ်တွေကို ကျူးလွန်ရင် နာမည် ဂုဏ်သတင်း ပျက်စီးတယ်။ အကုသိုလ် ဖြစ်တယ်။ ဆိုးကျိုးတွေ ဖြစ်လာတယ်။ လူမှုရေး အခြေအနေအရ ပြဋ္ဌာန်းထားတဲ့ တရားဥပဒေတွေကို ချိုးဖောက်ခြင်း အားဖြင့် ကျူးလွန်မှု အပြစ် ဖြစ်ပေမဲ့ အကုသိုလ်ကံ မမြောက်ဘူး။ ဒါတောင်မှ ပါဏတ္တိဝဇ္ဇအားဖြင့် တားမြစ်ထားတဲ့ သိက္ခာပုဒ်တွေကို ကျူးလွန်ခြင်းအားဖြင့် တဖန် ပြစ်တင် ခံရတယ်။ သံဃာတော်ရဲ့ ဂုဏ်သိက္ခာကို ညစ်နွမ်းစေတယ်။ သိက္ခာပုဒ် တွေဟာ အများအားဖြင့် လွန်ခဲ့တဲ့ အနှစ် ၂၅၀၀ ကျော်က အိန္ဒိယ နိုင်ငံမှာ တည်ရှိခဲ့တဲ့ လူမှုရေးနဲ့ ယဉ်ကျေးမှု အခြေအနေတွေ အပေါ်မှာ အခြေခံပြီး ပြဋ္ဌာန်းထားတာ ဖြစ်တယ်။ မဟာပရိနိဗ္ဗာနသုတ်မှာ မြတ်စွာဘုရားက သူ ပရိနိဗ္ဗာန် ပြုတော်မူပြီးနောက် ကာလမှာ တချို့ သေးငယ်တဲ့ အရေး မပါတဲ့ သိက္ခာပုဒ်တွေကို အခြေအနေ အချိန်အခါအလိုက် ပြုပြင်လိုက ပြုပြင်ရန် ပြောင်းလဲလိုက ပြောင်းလဲရန်ခွင့် ပြုတော်မူခဲ့တယ်။ ပြောင်းလဲရာမှာ ကိုယ်ကျင့် သိက္ခာကို မထိခိုက်ဖို့၊ ဘေးအန္တရာယ်တွေ ဖြစ်ပေါ်လာအောင် အားပေးရာမကျဖို့ တော့ သတိပြုရမယ်လို့လည်း ညွှန်ကြားတော်မူခဲ့တယ်။ အမှန်မှာ မြတ်ဗုဒ္ဓ သက် တော် ထင်ရှား ရှိစဉ်အခါကပင် သံဃာတော်များ အနေနှင့် မြတ်စွာဘုရားရဲ့ ခွင့်ပြုချက် ဖြင့် တချို့သော သေးငယ်သော သိက္ခာပုဒ်တော်များကို ပြင်ဆင်ခဲ့ကြပြီးလည်း ဖြစ်ပါတယ်။ မြတ်စွာဘုရား ကိုယ်တော်တိုင်ကလည်း ဂိလာန ရဟန်းများ၊ ဘိက္ခုနီမများ အနေနှင့် နာမကျန်းတဲ့ အချိန်မှာ တချို့သော သိက္ခာပုဒ်များမှ ကင်းလွတ်ခွင့် ပြုခဲ့ပါတယ်။ ဒါပေမဲ့ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် စံပြီးနောက် ပထမ အကြိမ် ကျင်းပတဲ့ သင်္ဂါယနာပွဲမှာ ရဟန်း သံဃာတော်များ သုံးလတိုင်တိုင် သင်္ဂါယနာ တင်ကြပြီးနောက် ဘယ်သိက္ခာပုဒ်ကိုဖြင့် ပြင်ဆင်သင့်တယ် ဆိုတာ အတိအကျ မည်သူမျှ မပြောနိုင်တာကြောင့် သိက္ခာပုဒ် အားလုံးကို မြတ်စွာဘုရား

ထားတော်မူခဲ့သည့် အတိုင်း လုံးဝ အပြောင်းအလဲ မပြုလုပ်ဘဲ ဆက်လက် ထိန်းသိမ်း စောင့်ရှောက်ရေးကိုသာ အညီအညွတ် ဆုံးဖြတ်ပြီး လက်ခံတော်မူခဲ့ကြတယ်။ နောက်ဆုံး သာဝကကြီးများက မြတ်ဗုဒ္ဓ ထားတော်မူခဲ့သည့် အတိုင်း ဝိနည်း သိက္ခာပုဒ်တော်များကို လက်ရှိအတိုင်း ထားရန် ဆုံးဖြတ်တော်မူခဲ့ကြတယ်။

သို့ရာတွင် အချိန်ကာလ ကြာညောင်းလာသောအခါ ဝိနည်းသိက္ခာပုဒ်တော်များလည်း ကျောက်ဖြစ်ရုပ်ကြွင်းများကဲ့သို့ ပင်ကိုသွင်ပြင် အတိုင်း တည်ရှိသွားကြပြီး ရှေးထုံးအတိုင်း လိုက်နာလိုသူ သာဝကကြီးများသည် ဝိနည်း သိက္ခာပုဒ်တော်များ၏ အနှစ်သာရအတိုင်း အတိအကျ လိုက်နာ ကျင့်သုံးတော်မူလာကြတယ်။ ဒီလို တင်းတင်းကျပ်ကျပ် လိုက်နာ ကျင့်သုံးရေးကို ကာကွယ်လိုတဲ့ အတွက် မြတ်စွာဘုရားက သူ ပရိနိဗ္ဗာန် ပြုသွားပြီးနောက် သူ့ကိုယ်စား ဝိနည်း သိက္ခာပုဒ်တော်များကို စောင့်ထိန်းရန် အလို့ငှာ ဆက်ခံသူကို ရွေးချယ် ခန့်ထားတော်မူခြင်း မပြုခဲ့ပါ။ ဒါကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက တရားတော်ကို နားလည်ခြင်းဖြင့် တရားတော်ကို စောင့်ထိန်းခြင်းသည် ဆရာရှိသကဲ့သို့ပင် အရိယာဖြစ်ရေးအတွက် အထောက်အကူ ပြုနိုင်ကြောင်းကို ဟောတော်မူခဲ့တယ်။ ကနဦး ရှေးကျတဲ့ သာဝကကြီးများအနေနဲ့ သိက္ခာပုဒ်တော်များကို လုံးဝ ပြောင်းလဲဖို့ကို သဘောမတူ နဂိုအတိုင်း လက်ခံကြဖို့ကို သဘောတူ ဆုံးဖြတ်ခဲ့ရခြင်းရဲ့ နောက်အကြောင်းတစ်ခုကတော့ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် ပြုတော်မူပြီး နောက် ကာလ မကြာမြင့်ခင်မှာ ဝိနည်းသိက္ခာပုဒ်တော်များကို ပြင်ဆင် ပြောင်းလဲဖို့ရာ လုံလောက်တဲ့ အကြောင်း ယုတ္တိ မပေါ်ပေါက်သေးလို့ပဲ ဖြစ်တယ်။ ဒါကလည်း ထိုစဉ်အခါက လောကီအာရုံကာမဂုဏ် လောက၊ အိမ်ထောင်ရှင်ဘဝကို စွန့်ပယ်ပြီး ရဟန်းပြုတော်မူခဲ့ကြတဲ့ အရှင်ကောင်း အရှင်မြတ်များဟာ ဒီလို လောကီ ဘဝကို စွန့်ခွာရာမှာ ယုံကြည်ချက် ခိုင်မာပြီး ရိုးသား ဖြောင့်မတ်မှု ရှိခဲ့ကြလို့လည်း ဖြစ်တယ်။ ဒါပေမဲ့ လူမှုရေး အခြေအနေတွေကလည်း စတင် ပြောင်းလဲလာပြီး ဗုဒ္ဓဘာသာကလည်း အိန္ဒိယနိုင်ငံနဲ့ အခြားနိုင်ငံတွေ အနှံ့အပြားကို ပျံ့နှံ့သွားတဲ့ အခါကျတော့ ပထမ သင်္ဂါယနာ အချိန်တုန်းက သာဝကကြီးများရဲ့ ဘယ်သိက္ခာပုဒ်တော်ကိုမှ မပြောင်းလဲရဘူး၊ မပြင်ဆင်ရဘူး ဆိုတဲ့ ဆုံးဖြတ်ချက်ဟာ အကြီးအကျယ် ပြဿနာ ဖြစ်လာပါတယ်။ ဘာကြောင့်လဲ ဆိုတော့ တချို့ သိက္ခာပုဒ်တွေဟာ ပြောင်းလဲ ဖြစ်ပေါ်လာတဲ့ နိုင်ငံရေး အခြေအနေတွေ လူမှု စီးပွားရေး အခြေအနေများနဲ့ အံမဝင်ခွင်မကျ ဖြစ်လာလို့ပဲ ဖြစ်တယ်။

## သံဃာအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်လာခြင်း

ကာလ ရွေ့လျောလာတာနဲ့ အမျှ သံဃာအဖွဲ့အစည်းဟာလည်း တဖြည်းဖြည်း ဆင့်ကဲ ပြောင်းလဲ တိုးတက်လာတယ်။ ဂိုဏ်းဂဏတွေလည်း အမျိုးမျိုး ကွဲပြား ခြားနားလာတယ်။ သံဃာတော် အများအပြား အနေနဲ့ ဗုဒ္ဓရှင်တော်မြတ်ဘုရား လက်ထက်တော် အခါက ချမှတ် ပြဋ္ဌာန်းတော်မူထားခဲ့တဲ့ အရေးပါတဲ့ ဝိနည်း သိက္ခာပုဒ်တော်ကြီးများ အတိုင်း တစ်သဝေမတိမ်း လိုက်နာ ကျင့်သုံးတော်မူ လို ကြတယ်။ ဒါပေမဲ့ အရေး မကြီးတဲ့ သိက္ခာပုဒ်ငယ်များကိုတော့ လျစ်လျူရှုပြီး အရေး ဂရု မပြုလိုကြတော့ဘူး။ ဒီကိစ္စမှာ မဟာယာန ဂိုဏ်းသားများနဲ့ နှိုင်းစာရင် ထေရဝါဒ ဂိုဏ်းသား သံဃာတော်များဘက်က ပိုပြီး ရှေးမူကို လက်ကိုင် ထားပြီး တင်းကျပ်တဲ့ သဘောထား ရှိတယ်။ မဟာယာန ဘက်သားတွေကျတော့ ဝိနည်း သိက္ခာပုဒ်တွေကိုရော သီလ၊ သမာဓိ၊ ပညာသိက္ခာ သုံးရပ်ဘက်မှာပါ ပေါ့လျော့မှု ပြုလာကြတယ်။ ထေရဝါဒ သံဃာတော်များဘက်ကတော့ ပတ်ဝန်းကျင် အခြေ အနေတွေ ဘယ်လိုပဲ ပြောင်းပြောင်း ရှေးက ကျင့်သုံးလာခဲ့ကြတဲ့ မူဝါဒ လုပ်ထုံး လုပ်နည်းများအတိုင်း အပြောင်းအလဲ မပြုဘဲ တစ်သဝေမတိမ်း လိုက်နာလိုကြ တယ်။ ဒါပေမဲ့ အခါအားလျော်စွာ အသေးအမွှား အပြောင်းအလဲ ပြုတာတွေက တော့ ရှိခဲ့ပါတယ်။ ဒါပေမဲ့ ဒီလို အပြောင်းအလဲ မသိမသာ လုပ်တာကို တရား ဝင် အသိအမှတ် ပြုတာမျိုးတော့ မလုပ်ခဲ့ကြဘူး။ ဥပမာ ပြောရရင် မွန်းလွဲပြီး နောက်မှ အစာစားခြင်းကို ရှောင်ကြဉ်ခြင်း သိက္ခာပုဒ်တော်ကို စောင့်ထိန်းကြရာ မှာ ထေရဝါဒ ဂိုဏ်းကတော့ အခြေအနေ အချိန်အခါ အလျောက် အနည်းအကျဉ်း အပြောင်းအလဲ ရှိတာကို ပွင့်ပွင့်လင်းလင်း အသိအမှတ် မပြု၊ လက်မခံကြဘူး။ သို့ရာတွင် ဘယ်လို အရောင်၊ ဘယ်လို သင်္ကန်းမျိုးကိုသာ ဝတ်ဆင်အပ်တယ်လို့ လက်ခံထားတဲ့ သံဃာတော်များကတော့ ကနဦးခေတ် ကာလတုန်းက ထုံးတမ်း စဉ်လာအတိုင်း ဝိနည်းနဲ့အညီ ပြဋ္ဌာန်းထားတဲ့ သင်္ကန်းအရောင်၊ သင်္ကန်း အတိုင်း ဆက်လက် ဆင်မြန်းတဲ့ ထေရဝါဒ ဂိုဏ်းသား သံဃာတော်များလည်း ရှိဆဲပါပဲ။ ဒီသံဃာတော်များကတော့ ခေတ်ကာလ လူမှုရေး ဘဝပဲ ပြောင်းပြောင်း၊ ဥတု အခြေအနေပဲ ပြောင်းပြောင်း ဘုရား သတ်မှတ်တော်မူခဲ့တဲ့ အတိုင်းပဲ ဆက်လက် သုံးဆောင်ဆဲ ဖြစ်ပါတယ်။ ဒါပေမဲ့ အခြေအနေအရ ဘုရားခေတ်အခါက သတ်မှတ်ထားတဲ့ အတိုင်း မလိုက်နာနိုင်ကြတာလည်း ရှိပါတယ်။ ဗုဒ္ဓဘာသာ

ရဟန်းသံဃာတော်များ ကျင့်ထုံးကျင့်နည်းတွေကိုတော့ ရှေးထုံးစဉ်လာ နည်း အတိုင်း လိုက်နာ ကျင့်သုံးတော်မူကြတဲ့ သံဃာတော် အရှင်ကောင်း အရှင်မြတ်များ ပဲ ပိုပြီး သိနားလည်တော်မူကြတာ ဖြစ်ပါတယ်။

အခြား အစွန်းတစ်ဖက်မှာတော့ တချို့ ရဟန်း သံဃာတော်များကျတော့ ဝိနည်း သိက္ခာပုဒ်တော်များရဲ့ အနှစ်သာရထက် စာအညွှန်းကိုပဲ လိုက်နာတတ်ကြတာလည်း ရှိတယ်။ ဒီအပြုအမူတွေဟာ ထိုရဟန်းများ ပတ်ဝန်းကျင်ရှိ လူအများရဲ့ စိတ်ကို အနှောင့်အယှက် ဖြစ်စေတယ် ဆိုတာကိုတောင် ဂရုမပြုကြတော့ပါဘူး။ ဥပမာ ပြောရရင် ခုခေတ်မှာ အနောက်တိုင်း နိုင်ငံများဆီသို့ ပို့ပြီး သံဃာတော်များအား ပင့်ဖိတ်တာတွေ များလာပါတယ်။ အနောက်နိုင်ငံက လူတွေရဲ့ အနေအထိုင် ယဉ်ကျေးမှုရော၊ ရာသီဥတုကပါ အာရှတိုက်နဲ့တော့ အကွာကြီး ကွာပါတယ်။ ဒါပေမဲ့ ဒါကို တခြား ရပ်ရွာ ဘာသာခြား လူမျိုးခြား ဖြစ်တယ် ဆိုတာကို အသိအမှတ် ပြုရမယ်။ ဒီနေရာမှာ ရဟန်း သံဃာအနေနဲ့ ဖြတ်ထုံးဉာဏ်၊ ဆင်ခြင်ဉာဏ်နဲ့ ချိန်ဆပြီး လုပ်တတ်ကိုင်တတ် နေတတ်ထိုင် တတ်ဖို့ လိုပါတယ်။ လူမျိုးခြားများရဲ့ အမြင်မှာ မိမိဟာ ရယ်စရာမဖြစ်အောင် နေတတ်ရမှာ ဖြစ်တယ်။ အရေးကြီးတဲ့ စည်းမျဉ်း အနေနဲ့ လိုက်နာ လုပ်ဆောင်တတ်ဖို့က မိမိ အပြုအမူဟာ ဒုစရိုက် မဖြစ်ဘူး။ ရက်စက် ကြမ်းကြုတ်ခြင်း မရှိဘူး။ အန္တရာယ် မဖြစ်ဘူး။ သူတစ်ပါး အကြည်အညို အလေးအမြတ် ပြုခြင်းကို မပျက်ယွင်းစေဘူး ဆိုတာ ဖြစ်ဖို့ အရေးကြီးတယ်။ ရဟန်း သံဃာ အနေနဲ့ ရိုးသား ဖြောင့်မတ်မယ်။ သနား ကြင်နာတတ်မယ်။ အန္တရာယ် ကင်းမယ်။ လူများရဲ့ စည်းကမ်းနဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းရမယ် ဆိုတဲ့ နားလည်မှုမျိုး ရှိမယ် ဆိုရင် ဒီလို ကိုယ်ရည်ကိုယ်သွေးမျိုးကို ဘယ်နေရာ၊ ဘယ်အရပ်၊ ဘယ်ကမ္ဘာမှာမဆို လေးစား ချစ်ခင်ခြင်းကို ခံရမှာပဲ ဖြစ်တယ်။ ဒီလို မဟုတ်ဘဲ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ဓလေ့ထုံးစံအတိုင်းပဲ ဘယ်နေရာ ရောက်ရောက် လုံးဝ မပြောင်းမလဲဘဲ နေမယ်ဆိုတာကတော့ တရားတော်ရဲ့ အနှစ်သာရ သဘောနဲ့ မဆိုင်ပါဘူး။

ဒါ့ပြင် အခြား ပြဿနာ တစ်ခုလည်း ရှိပါသေးတယ်။ အနောက်တိုင်းသားများ အနက် အထူးသဖြင့် ဗုဒ္ဓဘာသာ ဘဝ နေနည်းကို လက်ခံထားကြတဲ့ လူတွေ အနေနဲ့ ကျမ်းဂန် စာပေတွေ ထဲမှာ ဝိနည်း သိက္ခာပုဒ်တော်များကို ဖတ်ရှုလေ့လာကြပြီးတော့ သူတို့ စိတ်ထဲမှာ ရဟန်း သံဃာတော်ဟာ ကမ္ဘာပေါ်က ဘယ်နေရာပဲ ရောက်ရောက် ပြဋ္ဌာန်းထားတဲ့ ဝိနည်း သိက္ခာပုဒ်တော်များအတိုင်း

တစ်သဝေမတိမ်း လိုက်နာ ပြုစုမယ်လို့ တွေးဆတတ်ကြတယ်။ ဒီနေရာမှာ သိနားလည်သင့်တာက ဒီဝိနည်း ဥပဒေတော်အချို့ဟာ လွန်ခဲ့တဲ့ ရာစုခေတ် ၂၅ ခုကျော်လောက်တုန်းက အိန္ဒိယနိုင်ငံ ရေမြေ သဘာဝနဲ့ ကိုက်ညီအောင် ပြဋ္ဌာန်းထားခဲ့တာတွေ ဖြစ်တယ်။ အဲဒီခေတ်တုန်းက အခြေအနေတွေဟာ ခုဆို အာရှတိုက်မှာတောင်မှ မဆီလျော်တော့ဘူး။ ဗုဒ္ဓမြတ်စွာဘုရား ဝိနည်းတော်များကို ပြဋ္ဌာန်းတော်မူခဲ့စဉ်အခါက အိန္ဒိယနိုင်ငံမှာ သီတင်းသုံးနေတော်မူခဲ့ကြတဲ့ သံဃာတော် အရှင်မြတ်များ အတွက် ရည်ရွယ်ပြီး ပြဋ္ဌာန်းတော်မူခဲ့တာ ဖြစ်တယ်။ အဲဒီတုန်းက သံဃာတော်များ အနေနဲ့ အိန္ဒိယနိုင်ငံ အပြင်ဘက်က တခြားတစ်ပါးသော နိုင်ငံတွေရဲ့ ဘဝ အတွေ့အကြုံတွေ မရှိကြသေးဘူး။ သံဃာတော်များရဲ့ ပဓာန ထားတဲ့ ကိစ္စက သီလ သမာဓိ ပညာ တိုးတတ် ဖွံ့ဖြိုးရေး ကိစ္စပဲ ဖြစ်တယ်။ ဒီကိစ္စ ကို ဆောင်ရွက်ရာမှာ မိမိတို့ လူ့အဖွဲ့အစည်း အတွင်းမှာ စိတ်အနှောင့်အယှက် ဖြစ်စရာတွေ နည်းနိုင်သလောက် နည်းရေးသာ ပဓာန ဖြစ်တယ်။ သို့သော် ယခု ခေတ်မှာသာ ထိုခေတ် ထိုအခါက သံဃာတော် အရှင်မြတ်များ နေကြရမယ် ဆိုရင် ထိုအရှင်မြတ်များ အနေနဲ့ အခြား ပြဿနာသစ် များစွာကို ရင်ဆိုင် တွေ့ကြုံခံစားကြရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် မိမိတို့ လိုက်နာ ကျင့်သုံးနေတဲ့ ဝိနည်း သိက္ခာပုဒ်တော်တွေနဲ့ ရင်းနှီး ကျွမ်းဝင်ခြင်းလည်း မရှိ၊ နားလည် သဘောပေါက်ခြင်းလည်း မရှိသေးတဲ့ အရပ်မျိုးကို ရောက်ရင် ကြုံတွေ့ရမည့် ပြဿနာများကို ပြောတာပါ။

လူသာမန်များ အတွက် ပြဋ္ဌာန်းထားတဲ့ သီလ သိက္ခာပုဒ်တွေမှာကျတော့ လူ့ဘောင်က အိမ်ထောင်ရှင် ဘဝကို စွန့်စရာ မလိုဘဲ သီလ သမာဓိ ပညာနဲ့ ပြည့်စုံတဲ့ ကလျာဏပုထုဇဉ် ဖြစ်နိုင်ပုံကို ညွှန်ပြထားပါတယ်။ မင်္ဂလသုတ်၊ ပရာဘဝသုတ်၊ သိင်္ဂါလောဝါဒသုတ်၊ ဝသလသုတ်၊ ဗျာဂ္ဃပဇ္ဇသုတ်နဲ့ တခြား သုတ်တော်တွေထဲမှာ မြတ်စွာဘုရားက လူသာမန်တို့ လိုက်နာ ကျင့်ကြံအပ်တဲ့ စည်းကမ်း ထုံးတမ်းများကို ထုတ်ဖော် ဟောကြားတော်မူထားပါတယ်။

ဝိနည်း သိက္ခာပုဒ်များစွာကတော့ လူ့ဘောင်ကို စွန့်ခွာတော်မူကြတဲ့ ပုဂ္ဂိုလ်များနဲ့သာ သက်ဆိုင်တာ ဖြစ်ပါတယ်။ တကယ်လို့ မိမိက အရိယာ အကျင့်ကို ကျင့်ပြီး မဂ်လမ်းကို သွားလိုရင်လည်း လူသာမန် အနေနဲ့ တချို့ ဝိနည်း သိက္ခာပုဒ်တွေကို လိုက်နာ ကျင့်ကြံရင်လည်း ရပါတယ်။

## ပြောင်းလဲနေတဲ့ လူ့ဘောင်

လူ့ဘောင် အဖွဲ့အစည်းက ပြောင်းလဲ ဖြစ်ပေါ်နေတဲ့အခါ လူ့ဘောင်နဲ့ ဝတ်ကြောင်ကို စွန့်ထားပြီး ဖြစ်သော်လည်း ရဟန်း သံဃာတော်များ အနေနှင့် ပြောင်းလဲသွားတဲ့ လူ့ဘောင်နှင့် အံဝင်ခွင်ကျ ဖြစ်အောင် လိုက်ပါ ပြောင်းလဲခြင်း မရှိဘဲ ရှေးထုံးစဉ် အလာအတိုင်း နေလို့ မဖြစ်တော့ဘူး။ တချို့ ဒီသဘောတရားကို နားမလည် နိုင်တဲ့ လူတွေက ရဟန်း သံဃာများဘက်က ပြောင်းလဲလာတာကို တွေ့မြင်ရတဲ့ အခါ ဝေဖန် ပြောဆိုသံတွေ ထွက်ပေါ်လာတတ်တယ်။ သံဃာတော်များဘက်က အနည်းအကျဉ်း သေးငယ်တဲ့ သိက္ခာပုဒ်တွေကို အပြောင်းအလဲ လုပ်ဖို့ လိုလာတဲ့ အခါ သံဃာ့ နာယကကြီးများ အဖွဲ့ရဲ့ ခွင့်ပြုချက်ကို ရယူပြီး ပြောင်းလဲမယ် ဆိုရင် ပြောင်းလဲဖြစ်ပါတယ်။ ရဟန်းသံဃာအနေနဲ့ ကိုယ့်ပုဂ္ဂိုလ်ရေး သဘော အယူအဆနဲ့တော့ ပုဂ္ဂလိက ဆန္ဒစွဲသက်သက်နဲ့ ဝိနည်းကို ပြောင်းလဲတာတို့၊ ပြင်ဆင်တာတို့ ပြုလုပ်လို့ မဖြစ်ပါဘူး။ သံဃာ့ ဝိနိစ္ဆယ အဖွဲ့အစည်းများအနေနဲ့ ရဟန်း သံဃာတော် တစ်ပါးပါးက ဝိနည်း ဥပဒေကို ကြီးကြီးကျယ်ကျယ် ကျူးလွန်ဖောက်ဖျက်လာရင် ဒီရဟန်းသံဃာကို ဝိနိစ္ဆယ ဆုံးဖြတ်ချက်နဲ့ အရေးယူ အပြစ်ပေးနိုင်တယ်။ မြတ်စွာဘုရားကလည်း သံဃာ့နာယက ဝိနည်းမိုရ်များကို ရဟန်းသံဃာတော်များအား ဝိနည်း ဥပဒေ စည်းကမ်းများ ဖောက်ဖျက်မှုများ၊ လူဝတ်ကြောင်တို့ရဲ့ ပြုမူ နေထိုင်ပုံများကို ကာကွယ်ဖို့အတွက် ဒီလို ဝိနည်းမိုရ် အဖွဲ့အား ဆုံးဖြတ်ပိုင်ခွင့်ကို ခွင့်ပြုတော်မူခဲ့တာ ဖြစ်တယ်။ ဝိနည်းတွေဟာ တခြား ဘာသာ အယူဝါဒတွေမှာ ပါတဲ့ ထာဝရ ဘုရားသခင်ဆီက ကျလာတယ်ဆိုတဲ့ ဗျာဒိတ်တော် ပညတ်တော်တွေလိုမျိုး မဟုတ်ပါ။ ဝိနည်းဆိုတာ လမ်းညွှန် စည်းကမ်း သဘောမျှ ဖြစ်ပါတယ်။

အထူးသဖြင့် အာရှနိုင်ငံများမှာ ရဟန်း သံဃာတော်များကို လူဥပါသကာ တွေက အလွန်တရာမှပဲ ကြည်ညိုခြင်း၊ လေးစားခြင်း ရှိကြပါတယ်။ လူတွေက သံဃာတော်များကို တရားဓမ္မများကို သင်ကြား ဆုံးမတော်မူတဲ့ ဆရာသခင်များ အဖြစ်နဲ့ရော မွန်မြတ်တဲ့ သာသနာ တာဝန်တွေကို ထမ်းဆောင်ဖို့ အတွက် လူ့ လောက အိမ်ထောင်ရှင် ဘဝကို စွန့်နိုင်သူများ အဖြစ်နဲ့ပါ လေးစား ချစ်ခင် ကြည်ညိုကြပါတယ်။ ရဟန်း သံဃာတော်များကလည်း ပရိယတ် သင်ကြားခြင်း၊ ပို့ချခြင်း ဆိုတဲ့ ဂန္ထဓူရနဲ့ ပဋိပတ် ဆိုတဲ့ တရားကို ကျင့်ကြံပွားများ အားထုတ်ခြင်း

ဆိုတဲ့ ဝိပဿနာခူရများကို တာဝန်ယူပြီး အပတ်တကုတ် ကြိုးစား အားထုတ်နေကြရတာ ဖြစ်လို့ စီးပွားဥစ္စာ ရှာဖွေခြင်း ကိစ္စကို မဆောင်ရွက်ကြပါ။ ဒါကြောင့် ရဟန်း သံဃာများရဲ့ သီတင်းသုံးနေထိုင်မှု အဆင်ပြေအောင် ပစ္စည်း လေးပါးဖြင့် လူဥပါသကာများက ထောက်ပံ့ကြရပါတယ်။ လူတွေဘက်က ပစ္စည်း လေးပါးနဲ့ ထောက်ပံ့ပြီး ရဟန်း သံဃာများဘက်က သူတို့ အလိုရှိတဲ့ ဘာသာရေး ကိစ္စများကို ဆောင်ရွက်ပေးဖို့ကို လိုလားကြတယ်။ ဒါကြောင့် ရဟန်း သံဃာများ အနေနဲ့ လူတွေက မိမိတို့ကို မကြည်ညိုသေးရင် ကြည်ညိုလေးစားလာအောင် ကြည်ညိုပြီး ဖြစ်လျှင်လည်း ပိုပြီး ကြည်ညို လေးစားလာအောင် ပြုမူ နေထိုင်နိုင်ဖို့ ကိစ္စဟာ အရေးကြီးလာတယ်။ ဥပမာ ရဟန်းသံဃာ တစ်ပါးကို လူတို့ အကြည်အညို ပျက်စေတဲ့ ဂုဏ်သိက္ခာ မဲ့တဲ့ နေရာမျိုးမှာ တွေ့မြင်ရလို့ ရှိရင် ရဟန်း ကိုယ်တိုင်က အကျင့်ပျက် သိက္ခာမဲ့ လုပ်ရပ်ထဲမှာ မပါဝင် မပတ်သက်တာတောင်မှ ဝေဖန် ပြစ်တင်ခံရမှာ ဖြစ်တယ်။ ဒါကြောင့် ရဟန်း သံဃာများ အနေနဲ့ မသွားကောင်းတဲ့ အရပ်၊ မပတ်သက်ကောင်းတဲ့ နေရာကို ရှောင်ရှားပြီး မိမိ တို့ရဲ့ ရဟန်း သိက္ခာပုဒ်တော်များကို ထိန်းသိမ်းပြီး နေနိုင်ဖို့ အရေးကြီးလာပါတယ်။

ရဟန်း သံဃာများဘက်က ဘယ်သူ ကြည်ညိုချင် ကြည်ညို မကြည်ညိုချင် နေပေ့စေ။ ငါ နေချင်သလို နေမှာပဲ၊ ငါ ထိုင်ချင်သလို ထိုင်မယ် ဆိုလို့ ရှိရင်တော့ လူ ဥပါသကတွေဘက်က အကြည်ညို ပျက်ပြီး ပစ္စည်းလေးပါး ထောက်ပံ့ ခြင်းကိုလည်း မပြုဘဲ ရှောင်ဖယ်သွားကြမှာပဲ ဖြစ်တယ်။ ဗုဒ္ဓစာပေ ကျမ်းဂန်တွေထဲမှာ ဒီလို ဖြစ်ခဲ့ကြရတဲ့ ဖြစ်ရပ် ဇာတ်လမ်းတွေ အမြောက်အမြား ပါရှိပါတယ်။ ဗုဒ္ဓရှင်တော်မြတ်ဘုရား လက်ထက်တော်အခါကလည်း ဒီလို မောက်မာ ရိုင်းပြပြီး ရန်လို မုန်းထား စိတ်ရှိတဲ့ တာဝန်မဲ့ ရဟန်း သံဃာများကို လူ ဥပါသကာတွေ ဘက်က တာဝန်ယူ စောင့်ရှောက်ဖို့ ငြင်းပယ်ခြင်း ခံခဲ့ကြရတာ ရှိပါတယ်။ ပုထုဇဉ် လူဝတ်ကြောင်တွေအနေနဲ့ လွတ်လွတ်လပ်လပ် လုပ်ခွင့်ရှိတဲ့ လူ့လောကီ ကိစ္စများကို ရဟန်း သံဃာများက လိုက်ပြီး လူတွေ လုပ်ကြတာပဲ။ ငါတို့လည်း လုပ်မယ်ဆိုရင် တော့ အပြစ်တင် ဝေဖန်ခြင်းကို ခံရမှာပဲ။ (ဥပမာ - လယ်ထွန်တာ၊ လှည်းမောင်း တာ၊ ကားမောင်းတာ၊ စက်ဘီးစီးတာ၊ ခမောက်ဆောင်းတာ၊ လူတွေ လွတ်လွတ် လပ်လပ် လုပ်ခွင့်ရှိတယ်။ ဒါတွေကို ရဟန်းလုပ်ရင် အပြစ်တင်တယ်။)

ဆိုတဲ့ ဝိပဿနာခုရမှုများကို တာဝန်ယူပြီး အပတ်တကုတ် ကြိုးစား အားထုတ် နေကြရတာ ဖြစ်လို့ စီးပွားဥစ္စာ ရှာဖွေခြင်း ကိစ္စကို မဆောင်ရွက်ကြပါ။ ဒါကြောင့် ရဟန်း သံဃာများရဲ့ သီတင်းသုံးနေထိုင်မှု အဆင်ပြေအောင် ပစ္စည်း လေးပါးဖြင့် လူဥပါသကာများက ထောက်ပံ့ကြရပါတယ်။ လူတွေဘက်က ပစ္စည်း လေးပါးနဲ့ ထောက်ပံ့ပြီး ရဟန်း သံဃာများဘက်က သူတို့ အလိုရှိတဲ့ ဘာသာရေး ကိစ္စများကို ဆောင်ရွက်ပေးဖို့ကို လိုလားကြတယ်။ ဒါကြောင့် ရဟန်း သံဃာများ အနေနဲ့ လူတွေက မိမိတို့ကို မကြည်ညိုသေးရင် ကြည်ညိုလေးစားလာအောင် ကြည်ညိုပြီး ဖြစ်လျှင်လည်း ပိုပြီး ကြည်ညို လေးစားလာအောင် ပြုမူ နေထိုင်နိုင်ဖို့ ကိစ္စဟာ အရေးကြီးလာတယ်။ ဥပမာ ရဟန်းသံဃာ တစ်ပါးကို လူတို့ အကြည်အညို ပျက်စေတဲ့ ဂုဏ်သိက္ခာ မဲ့တဲ့ နေရာမျိုးမှာ တွေ့မြင်ရလို့ ရှိရင် ရဟန်း ကိုယ်တိုင်က အကျင့်ပျက် သိက္ခာမဲ့ လုပ်ရပ်ထဲမှာ မပါဝင် မပတ်သက်တာတောင်မှ ဝေဖန် ပြစ်တင်ခံရမှာ ဖြစ်တယ်။ ဒါကြောင့် ရဟန်း သံဃာများ အနေနဲ့ မသွားကောင်းတဲ့ အရပ်၊ မပတ်သက်ကောင်းတဲ့ နေရာကို ရှောင်ရှားပြီး မိမိ တို့ရဲ့ ရဟန်း သိက္ခာပုဒ်တော်များကို ထိန်းသိမ်းပြီး နေနိုင်ဖို့ အရေးကြီးလာပါတယ်။

ရဟန်း သံဃာများဘက်က ဘယ်သူ ကြည်ညိုချင် ကြည်ညို မကြည်ညိုချင် နေပေ့စေ။ ငါ နေချင်သလို နေမှာပဲ၊ ငါ ထိုင်ချင်သလို ထိုင်မယ် ဆိုလို့ ရှိရင်တော့ လူ ဥပါသကတွေဘက်က အကြည်ညို ပျက်ပြီး ပစ္စည်းလေးပါး ထောက်ပံ့ ခြင်း ကိုလည်း မပြုဘဲ ရှောင်ဖယ်သွားကြမှာပဲ ဖြစ်တယ်။ ဗုဒ္ဓစာပေ ကျမ်းဂန်တွေ ထဲမှာ ဒီလို ဖြစ်ခဲ့ကြရတဲ့ ဖြစ်ရပ် ဇာတ်လမ်းတွေ အမြောက်အမြား ပါရှိပါတယ်။ ဗုဒ္ဓရှင်တော်မြတ်ဘုရား လက်ထက်တော်အခါကလည်း ဒီလို မောက်မာ ရိုင်းပြပြီး ရန်လို မုန်းထား စိတ်ရှိတဲ့ တာဝန်မဲ့ ရဟန်း သံဃာများကို လူ ဥပါသကာတွေ ဘက်က တာဝန်ယူ စောင့်ရှောက်ဖို့ ငြင်းပယ်ခြင်း ခံခဲ့ကြရတာ ရှိပါတယ်။ ပုထုဇဉ် လူဝတ်ကြောင်တွေအနေနဲ့ လွတ်လွတ်လပ်လပ် လုပ်ခွင့်ရှိတဲ့ လူ့လောကီ ကိစ္စများကို ရဟန်း သံဃာများက လိုက်ပြီး လူတွေ လုပ်ကြတာပဲ။ ငါတို့လည်း လုပ်မယ်ဆိုရင် တော့ အပြစ်တင် ဝေဖန်ခြင်းကို ခံရမှာပဲ။ (ဥပမာ - လယ်ထွန်တာ၊ လှည်းမောင်း တာ၊ ကားမောင်းတာ၊ စက်ဘီးစီးတာ၊ ခမောက်ဆောင်းတာ၊ လူတွေ လွတ်လွတ် လပ်လပ် လုပ်ခွင့်ရှိတယ်။ ဒါတွေကို ရဟန်းလုပ်ရင် အပြစ်တင်တယ်။)

## ဓမ္မနှင့် ဝိနယ

လူတွေက ဓမ္မ ဆိုတာ ဘုရား ဟောတော်မူတဲ့ သစ္စာတရားတွေ ဖြစ်ပြီး ဘယ် အခြေအနေ ဘယ်ပတ်ဝန်းကျင်မှာမှ အပြောင်းအလဲ လုပ်လို့ မရတာ၊ အဲဒါ ဓမ္မ ဖြစ်တယ်။ ဒီအတိုင်းပဲ ဝိနယ သိက္ခာပုဒ်တွေ ထဲမှာလည်း ဘယ်အချိန် ဘယ်အခြေ အနေ ဘယ်ပတ်ဝန်းကျင်မှာမှ ပြောင်းလို့ မဖြစ်တဲ့ သိက္ခာပုဒ်များလည်း ရှိတယ်။ ဒါပေမဲ့ တချို့ အရေးမကြီးလှတဲ့ သိက္ခာပုဒ်များကိုတော့ အချိန်အခါ အခြေအနေ အပြောင်းအလဲ ရှိလာတဲ့ အပေါ်မှာ မူတည်ပြီး ဖြစ်ပေါ်လာတဲ့ အဆင်မပြေမှုများ ကို ကာကွယ်ဖို့အတွက် ပြုပြင်သင့်တာကို ပြုပြင်နိုင်တဲ့ ဝိနည်းမျိုးလည်း ရှိတယ် ဆိုတာ ကောင်းကောင်း သဘောမပေါက်ကြဘူး။ ဒီနေရာမှာ ဓမ္မနဲ့ ဝိနယဟာ ထပ်တူ မဖြစ်ပါဘူး။ တစ်မျိုးတစ်စားတည်း မဟုတ်ပါ။ တချို့ ရဟန်း သံဃာများ အနေနဲ့ တချို့သော ထုံးတမ်းစဉ်လာတွေကို ကြပ်ကြပ်တည်းတည်း လိုက်နာပြီး နေထိုင်တတ်ကြပါတယ်။ ဒီသံဃာတော်များ စိတ်မှာ ဝိနည်း သိက္ခာပုဒ်တိုင်းဟာ အရေးကြီးတဲ့ ဘာသာရေး မူဝါဒချည်းပဲလို့ သဘောမျိုး တင်းတင်းကျပ်ကျပ် ထားကြပေမဲ့ တခြား ရဟန်း သံဃာတော်များဘက်ကကျတော့ ဒီလို တင်းတင်း ကျပ်ကျပ် နေထိုင် ပြုမူတာကြောင့် ဘာသာရေး အကျိုး သက်ရောက်မှု ဘာမှ ပိုမရှိဘူးလို့ ရှုမြင် သဘောထားတတ်ကြပါတယ်။ တစ်ချိန်တည်းမှာပဲ တချို့ ကောက်ကျစ် စဉ်းလဲတဲ့ ရဟန်းတွေ အနေနဲ့ လူတွေ အထင်ကြီးအောင် သူတို့ကို ပိုပြီး ကြည်ညိုခြင်းအားဖြင့် လာဘ်လာဘပေါ်များအောင် ဆိုပြီး အပေါ်ယံ ဗန်းပြ သဘောမျိုး စင်ကြယ်ကြောင်း ပြတာ၊ လူတွေကို တလွဲ အထင်ကြီးအောင် ပြုလုပ် တတ်တာမျိုးလည်း ရှိပါတယ်။ (ကုမာနာ- ကောက်ကျစ် စဉ်းလဲတဲ့ အကျင့်လို့ ခေါ်ပါတယ်)။ အာရှတိုက်ရှိ နိုင်ငံများမှာ ရဟန်း သံဃာတော်များနှင့် လူအများပါ လက်ခံ ကျင့်သုံးနေကြတဲ့ ထုံးတမ်းစဉ်လာ အလေ့အကျင့်တွေဟာ ဘာသာရေးနဲ့ ဆိုင်တဲ့ သီလ သိက္ခာပုဒ်တွေချည်းပဲ ဖြစ်တယ်လို့တော့ မဆိုနိုင်ပါဘူး။ အများ အားဖြင့်တော့ လူအများ လက်ခံထားတဲ့ ဓလေ့ထုံးစံတွေက များပါတယ်။ တစ်နည်း ဆိုရလျှင် ရဟန်း သံဃာတော်များ လိုက်နာဖို့ ပြဋ္ဌာန်းထားတဲ့ သိက္ခာပုဒ်တွေကတော့ တကယ့်ကို သံဃာတော်များရဲ့ သိက္ခာနဲ့ သန့်ရှင်း စင်ကြယ်ခြင်းကို ထိန်းသိမ်းနိုင် ပါတယ်။ ဘာသာရေး ထုံးတမ်းစဉ်လာများနှင့် လူတွေရဲ့ ယဉ်ကျေးမှု အစဉ် အလာများ ရိုးရာ ယဉ်ကျေးမှုများဟာ ဘာသာရေး ကိုင်းရှိုင်းမှု ဖွံ့ဖြိုး တိုးတက် စေနိုင်ကဲ့ စိတ်ရွှင်လန်းစရာ ကောင်းတဲ့ ပတ်ဝန်းကျင် အခြေအနေကို ဖန်တီး

ပေးနိုင်ပါတယ်။ လူမှု ပတ်ဝန်းကျင် အခြေအနေတွေက ခေတ်ပြောင်းတာနဲ့ အမျှ ပြောင်းလဲနေတာ ဖြစ်တော့ တချို့သော ခေတ်နဲ့ အံမဝင်ခွင်မကျဖြစ်တဲ့ သေးငယ်တဲ့ သိက္ခာပုဒ်တွေကိုတော့ အနည်းအကျဉ်း ပြင်ဆင် ဖြည့်စွက်ဖို့တော့ လိုအပ်ပါတယ်။ ဒီလို မလုပ်ဘဲ ဒီအတိုင်းပဲ ထားမယ်ဆိုရင်တော့ သံဃာတော်များအနေနဲ့ မိမိတို့ ဘဝ ရှင်သန် ရပ်တည်ရေးအတွက်မှာကိုပဲ ပြဿနာတွေ အများအပြားကိုပဲ လူတွေနဲ့ ဆက်ဆံကြရာမှာ ရင်ဆိုင်ကြရနိုင်ပါတယ်။

တချို့ လူတွေက ဘုန်းကြီး ရဟန်းများ ငွေကို ကိုင်တွယ် သုံးစွဲ နေကြရတာကို ဝေဖန်နေကြပါတယ်။ တကယ်တမ်းကျတော့ ဒီခေတ်ကြီးထဲမှာ ငွေကို မဆက်ဆံဘဲနဲ့ သံဃာတော်များ အနေနဲ့ ဘာသာရေး ကိစ္စတွေကို ဆောင်ရွက်ရာမှာပဲ ဖြစ်ဖြစ်၊ တခြား ကိစ္စတွေ အတွက် လှုပ်ရှား သွားလာရေးမှာပဲ ဖြစ်ဖြစ် အခက်အခဲ များစွာ ကြုံကြရမှာ ဖြစ်ပါတယ်။ (ယခုခေတ်တွင် လူဝတ်ကြောင် တစ်ဦး အနေနှင့် ရဟန်း သံဃာနှင့် အတူနေပြီး ကပ္ပိယကာရက အဖြစ် ဆောင်ရွက်နိုင်သူ ရရှိရေးမှာ အခက်အခဲ တစ်ခု ဖြစ်ပါသည်။) ရဟန်း သံဃာများ အနေနဲ့ ငွေကို မလွဲသာ မရှောင်သာ၍ ကိုင်တွယ်ကြရသောအခါ ထိုငွေကြေး ဓနဥစ္စာ အပေါ်တွင် ငါ့ဟာ ငါ့ဥစ္စာဟု အစွဲလမ်း မပြုမိဖို့ကသာ ပိုပြီး အရေးကြီးပါတယ်။ ဒါဟာ ဗုဒ္ဓမြတ်စွာ မိန့်တော်မူရင်း အချက်ပါ။ ဒီနေရာမှာ တချို့က ကိုယ့်လာဘ်လာဘ ကိစ္စ အတွက် ဝိနည်းသိက္ခာပုဒ်တော်များကို တလွဲ အဓိပ္ပာယ် ဖွင့်ချင်တာမျိုးလည်း ရှိတော့ ရှိတတ်တာပါ။ ဒီလိုလုပ်ရင်လည်း သူတို့ ကံကြောင့် သူတို့ ရမည့် ဝိပါက်ကို သူတို့ ခံကြရမှာပါပဲ။ ရဟန်း သံဃာများမှာ အာပတ် ရှိနေလို့ ရှိရင် မဂ်တား ဖိုလ်တား ဖြစ်နေတာကြောင့် မိမိတို့ရဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရှိရေးမှာ မစွမ်းသာဘဲ ခက်ခဲနေတတ်ပါတယ်။

သို့ရာတွင် လူသူ ကင်းဝေးတဲ့ အရပ်မှာ စိတ်ရဲ့ ငြိမ်းအေးမှု ရရှိရေး အတွက် ကမ္မဋ္ဌာန်း ဘာဝနာ အလုပ်ကို သွားလုပ်ဖို့ ရွေးချယ်သူများ အနေနဲ့ ကျတော့ မိမိတို့ရဲ့ ဘာသာရေး တာဝန် ဝတ္တရားကို ဆောင်ရွက်တဲ့ အခါ ဝန်ထုပ်ဝန်ပိုး ဖြစ်စေတဲ့ လောကီကိစ္စတွေ မရှိဘဲနဲ့ ဆောင်ရွက်နိုင်ပါတယ်။ ဒီလို လူသူ မနီး တောကြီးထဲမှာ အဖော်မမှီး တစ်ကိုယ်တည်း တရား အားထုတ်မယ်လို့ ဆုံးဖြတ်ရင်တောင်မှ မိမိကို အထောက်အပံ့ ပြုမည့် ဒကာ ဒကာမ အလုံအလောက် ရှိရဲ့လား ဆိုတာ ပထမဦးစွာအောင် သေချာအောင် လုပ်ထားဖို့ လိုဦးမှာ ဖြစ်တယ်။ ရဟန်း တစ်ပါး အနေနဲ့ လူ့လောကကို လုံးဝ မျက်ကွယ် ပြုပြီး လူ့အဖွဲ့အစည်းနဲ့ ကင်းဝေးတဲ့ဆီကို အပြီးအပိုင် သွားပြီး နေမယ်ဆိုရင်လည်း ကိုယ့် သိတင်းသုံး

ဖော် သံဃာတော် အချင်းချင်းထဲမှာ လူ့ဘောင်ထဲက လူတွေရဲ့ ဘာသာရေး လိုအပ်ချက်တွေကို ဖြည့်ဆည်း ဆောင်ရွက်ပေးဖို့ သံဃာတော်များ အလုံအလောက် ရှိရဦးမှာ ဖြစ်တယ်။ မဟုတ်လို့ ရှိရင် လူတွေရဲ့ စိတ်ထဲမှာ ဗုဒ္ဓဘာသာဟာ သူတို့ ရဲ့ နေ့စဉ်ဘဝကိစ္စများ အတွက် ဘာမှ အကျိုး မပြုနိုင်ဘူး ဆိုတဲ့ ထင်မြင် ယူဆ မှုမျိုး ဖြစ်ပေါ်လာနိုင်တယ်။

## ရဟန်းတစ်ပါးမှာ ရှိရမည့် အခြင်းအရာ

တိတ်တဆိတ် ဆောင်ယူထားအပ်သော ရဟန်း၏ အခြင်းအရာ လက္ခဏာတို့တွင် သန့်ရှင်းစင်ကြယ်ခြင်း၊ မိမိ သဘော အလျောက် ငြိုးခြံ၍ နေခြင်း၊ နှိမ့်ချခြင်း၊ ရိုးဖြောင့်ခြင်း၊ ကိုယ်ကျိုး မပါဘဲ အများအကျိုးကို လိုလားခြင်း၊ ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်ခြင်း၊ သည်းခံနိုင်ခြင်း၊ သနားကရုဏာ ရှိခြင်း၊ အပြစ်ကင်းခြင်းတို့ ဖြစ်တယ်။ ရဟန်းဟာ အောက်ပါ သီလ သိက္ခာပုဒ်တော်ကြီးများကို စောင့်ထိန်း ခြင်း ရှိရမှာ ဖြစ်တယ်။

**ပါတိမောက္ခသံဝရ သီလ** - အခြေခံ သီလ သိက္ခာပုဒ်ကြီးများ။ (အကျင့်ပျက်ခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်း၊ အန္တရယ်ပြုခြင်း၊ ကိုယ်ကျိုးရှာခြင်းနှင့် ဆိုင်တဲ့ သိက္ခာပုဒ်ကြီးများကို စောင့်ထိန်းခြင်း ဖြစ်တယ်။)

**ဣန္ဒြိယသံဝရ သီလ** - အာရုံများ အပေါ် ထိန်းချုပ်ခြင်းနှင့် ဆိုင်တဲ့ သိက္ခာပုဒ် တော်များ။

**အာဇီဝပါရိသုဒ္ဓိ သီလ** - အသက်မွေးမှု စင်ကြယ်ခြင်းနှင့် ဆိုင်တဲ့ သိက္ခာပုဒ် တော်များ။

**ပစ္စယသန္နိဿိတ သီလ** - ရဟန်း အသုံးအဆောင် ပစ္စည်းများကို သုံးဆောင်ခြင်းနှင့် ဆိုင်သော သိက္ခာပုဒ်တော်များ။

ဒီ အဓိသီလ လေးမျိုးကို စုပေါင်းပြီး သီလဝိသုဒ္ဓိလို့လည်း ခေါ်ကြပါတယ်။

လူ တစ်ယောက်ဟာ သာသနာ့ဘောင်ကို ဝင်လာတဲ့အခါ ရှင်ပြုခြင်း ကိစ္စ ပြီးပါက သူ့ကို သာမဏေလို့ ခေါ်တယ်။ မြန်မာတွေကတော့ ကိုရင်၊ ရှင်သူငယ် စသည် ခေါ်ကြပါတယ်။ သာမဏေ ဖြစ်တာနဲ့ တစ်ပြိုင်နက် သူဟာ သာမဏေ

သီလ သိက္ခာပုဒ် ၁၀ ခုကို စောင့်ထိန်းရတယ်။ ဒါက သူ့ကို ဥပသမ္ပဒါ ကံဆောင် ရဟန်းဘောင်သို့ ရှေးရှုစေတဲ့ သိက္ခာပုဒ်တွေ ဖြစ်တယ်။ ဉတ်ကမ္မဝါစာနှင့် တကွ ဥပသမ္ပဒါကံဆောင် ရဟန်းဘောင်သို့ ချီးမြှောက် သွတ်သွင်း ပြီးတဲ့ အခါကျတော့ အထက်မှာ ဖော်ပြခဲ့တဲ့ သီလ သိက္ခာပုဒ်တော်ကြီးများ၌ အပါအဝင် ဖြစ်တဲ့ ၂၂၇ သွယ်သော သိက္ခာပုဒ်တော်များကို ထိန်းသိမ်း စောင့်ရှောက်ကြရပါတယ်။ ပါရာဇိကဏ် သိက္ခာပုဒ်ကြီး လေးပါးမှာ သားမယားနှင့် နေခြင်း၊ မေထုန်မှုကို ရှောင်ခြင်း၊ သူတစ်ပါး ပစ္စည်းဥစ္စာကို မပေးဘဲ ခိုးယူ လုယူခြင်း၊ သူ့အသက်ကို သတ်ခြင်း၊ ဥတ္တရိမနုဿဓမ္မ ဖြစ်သော စျာန် မဂ်ဖိုလ်ကို မရရှိဘဲလျက် ဝါကြွား လိုသော သဘောဖြင့် ဝန်ခံ ပြောဆိုခြင်းတို့ကို ရဟန်း သံဃာများ အတိအကျ လိုက်နာ ကျင့်သုံးရသည်။ ပါရာဇိကဏ် သိက္ခာပုဒ် လေးပါး တစ်ပါးပါးကို ကျူးလွန် ခြင်းဖြင့် ရဟန်းသည် ဤဘဝဝယ် သာသနာ့ဘောင်၌ ရဟန်းအဖြစ်မှ အပြီးတိုင် ဆုံးရှုံးရသည်။ ရဟန်းဘောင်တွင် ဆက်လက် နေခွင့် မရှိတော့ပါ။ အခြားသော သိက္ခာပုဒ်တော်များအတွက်မူ ကျူးလွန်ခြင်းအတွက်၊ သိက္ခာပုဒ် အကြီးအသေး အလိုက် အပြစ်ဒဏ် ကျခံ၍ ကုစားနိုင်သည်။

ရဟန်းပြုရန် အလို့ငှာ ဆုကြီးပန်ခြင်း ကိစ္စ မလိုအပ်ပါ။ မိမိဘာသာ ရဟန်း ပြုပြီး သာသနာ့ဘောင်မှာ နေလိုသမျှ ကာလပတ်လုံး နေနိုင်သည်။ ထို့ကြောင့် ဆုကြီးပန်ထားသည် ဆိုသော ခြေချုပ်မိခြင်း သဘောကို ရဟန်းသည် မခံစားရပါ။ ထို့ပြင် ဤသိက္ခာပုဒ်တော်များကို မိမိ ဆန္ဒအလျောက် လိုက်နာခြင်း ဖြစ်၍ ကိုယ့်ကိုယ်ကိုယ် သီလကြောင် ဖြစ်အောင် လုပ်ဖို့လည်း မလိုတော့ပါ။ ရဟန်းသည် သာသနာ့ဘောင်မှာ မနေချင်တော့သောအခါ မိမိ သဘော အလျောက် လူထွက်လျှင်လည်း လွယ်ကူစွာ သိက္ခာချပြီး လူထွက်နိုင်ပါတယ်။

## သုစရိုက် ၁၀ ပါးနှင့် ဒုစရိုက် ၁၀ ပါး

*ဘဝ၏ ကံကောင်းခြင်း၊ ဘဝ၏ ကံမကောင်းခြင်းသည် မိမိ ပြုခဲ့ဖူးသော ကုသိုလ်ကံနှင့် အကုသိုလ်ကံပေါ်မှာ တည်သည်။*

သုစရိုက် ခေါ် ကောင်းသော အမှုကို ပြုခြင်းသည် ကုသိုလ်ကံ (ပုည) ကို ဖြစ်စေတယ်။ ကုသိုလ်ကံက စိတ်ကို သန့်ရှင်း စင်ကြယ်စေပါတယ်။ စိတ်ရဲ့

သဘောက သူ့ကို အထိန်းအကွပ် မဲ့ထားလို့ ရှိရင် စိတ်ကို မကောင်းမှု ဒုစရိုက်တွေ က ဖုံးလွှမ်းလာတတ်တယ်။ ဒီလို မကောင်းမှု ဒုစရိုက်တွေကို ပြုကျင့်ခြင်းအားဖြင့် အခက်အခဲတွေ ပြဿနာတွေ အပြစ်တွေ ဖြစ်ပေါ်လာတတ်ပါတယ်။ ကုသိုလ်ကံ ခေါ်တဲ့ ကောင်းမှု ပြုခြင်းသည် စိတ်ကို လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ ဒုစရိုက် တွေကို ကင်းစင်စေပါတယ်။ လောဘစိတ်က လူတစ်ယောက်ကို ပစ္စည်းဥစ္စာ စည်းစိမ် ချမ်းသာတွေကို စုဆောင်း သိုလှောင်လာအောင် အားပေးတယ်။ ဒေါသ ကတော့ လူတစ်ယောက်ကို အလိုမကျ မုန်းတီး ခါးသီးလာတတ်အောင် အားပေး တယ်။ မောဟ ဆိုတဲ့ မသိ နားမလည်မှု၊ မိုက်မဲမှုကတော့ လူကို လောဘ၊ ဒေါသ မှာ ငြိတွယ်စေတယ်။ ဒီလို လောဘ ဖြစ်တာ၊ ဒေါသ ဖြစ်တာကိုပဲ ကောင်းတယ် လို့ ထင်မြင်လာအောင်လည်း လုပ်တတ်ပါတယ်။ အကုသိုလ်ကံ၊ ဒုစရိုက်တွေက တော့ လူကို ပိုပြီး ဒုက္ခဆင်းရဲတွင်းနက်အောင် လုပ်တတ်တဲ့ အပြင် တရားဓမ္မ ကိုလည်း မသိနားမလည်ဘဲ ဝေးကွာသွားအောင် လုပ်ပါတယ်။

ဘဝခရီးလမ်း တစ်လျှောက်လုံးမှာ မိမိတို့ အတွက် အထောက်အကူ ပေးနိုင်တာကတော့ ကောင်းမှုကုသိုလ်၊ သုစရိုက်တရားတွေပဲ ဖြစ်တယ်။ ကုသိုလ် ကောင်းမှု ဆိုတာက မိမိ အတွက်ရော၊ သူတစ်ပါး အတွက်ပါ ကောင်းကျိုး ချမ်း သာကို ပေးနိုင်တယ်။ ဒ့ါအပြင် စိတ်ဓာတ်ရေးရာမှာလည်း ဖွံ့ဖြိုး တိုးတက်အောင် စွမ်းဆောင်နိုင်ပါတယ်။ လူတစ်ယောက် ရှာမှီး သိမ်းဆည်းထားတဲ့ စည်းစိမ် ဥစ္စာ ရတနာတွေကို အခိုးခံရနိုင်သော်လည်း မီးဘေး၊ ရေဘေး၊ မင်းဘေးများ ကြောင့် အဖျက်ဆီး ခံရတတ်သော်လည်း ကောင်းမှု ကုသိုလ်ကံကိုတော့ ဘယ်သူမှ ဖျက်ဆီးလို့ မရဘူး။ ဘာဘေးမှလည်း မကျရောက်ရုံမက ဒီဘဝက သေပြီးတာ တောင် နောက်ဘဝတွေ အထိ ဆက်ကာ ဆက်ကာ အကျိုးပေးတတ်ပါသေးတယ်။ ကံကျိုးပေးမှုက ဆက်ပြီး ကောင်းမှုကံတွေ မလုပ်ဘဲ ထားရင်တော့ သူ့ အကျိုးပေး တွေလည်း တဖြည်းဖြည်း ကုန်ခန်းသွားတတ်တဲ့ သဘောမျိုး ရှိတယ်။ ကုသိုလ်ကံ၊ သုစရိုက်တရားများကို ဆက်လက် ပွားများအောင် ပြုလုပ်နေသူ အဖို့တော့ ခု လက်ငင်းဘဝမှာရော နောင်တမလွန် ဘဝများ တိုင်အောင် ချမ်းသာသုခတွေကို ခံစားရတတ်တယ်။

ကုသိုလ်ကံဟာ ကြီးကျယ်တဲ့ ဖွံ့ဖြိုး တိုးတက်စေသူ၊ အခက်အခဲတွေကို လွယ်ကူစေနိုင်သူပါ။ ကုသိုလ်ကံတွေ ရှိတဲ့ လူဟာ ဘယ်အမှု ဘယ်ကိစ္စကိုပဲ စွန့် စားလုပ်ကိုင်တယ် ဆိုဆို အောင်မြင်နိုင်ပါတယ်။ စီးပွားရေး လုပ်ငန်းကြီး တစ်ခု လုပ်ချင်တယ် ဆိုရင်လည်း ဒီလို ပုဂ္ဂိုလ်ဟာ အဆက်အသွယ်ကောင်းတွေ၊ မိတ်

သင်္ဂဟကောင်းတွေနဲ့ ဆက်ဆံ ပေါင်းသင်းရပြီး နေ့ချင်း ညချင်း ကြီးပွားတိုးတက်နိုင်တယ်။ ပညာရှင် ဖြစ်ချင်တယ် ဆိုရင်လည်း သူဟာ ပညာရှိ သူတော်ကောင်းတွေနဲ့ ပေါင်းသင်းရပြီး ထူးချွန် ပြောင်မြောက်တဲ့ ပညာရှင်ကြီး ဖြစ်လာနိုင်တယ်။ တရား ဘာဝနာ အလုပ်ကို အားထုတ်ချင်ရင်လည်း သူ့ကို မဂ်ဉာဏ် ဖိုလ်ဉာဏ် အထိ ရောက်အောင် လမ်းညွှန် ပို့ဆောင်ပေးနိုင်တဲ့ ကလျာဏမိတ္တ ဆရာကောင်း သမားကောင်းကို ပေါင်းသင်းရတတ်ပါတယ်။ သူ့ဘဝ များစွာကို ဆုတောင်း ဖြည့်ဆည်းလာခဲ့တဲ့ ကုသိုလ် အဆောက်အအုံကြီးက သူစိတ်ကူးသမျှ ကြံစည်သမျှ အကြံအစည်တွေ အောင်မြင်အောင် အကျိုးပေးတတ်ပါတယ်။ ဒီကုသိုလ်ကံ အရှိန်သတ္တိကြောင့် ကုသိုလ်ကောင်းမှု ပြုထားသူဟာ နတ်ပြည် နတ်ရွာမှာလည်း ပဋိသန္ဓေ တည်နေ မွေးဖွားနိုင်တယ်။ နတ်လည်း ဖြစ်နိုင်တဲ့ အပြင် မြင့်သော မြတ်သော ဘဝက နေပြီး နိဗ္ဗာန် မဂ်ဖိုလ် ရောက်သည့်တိုင် အကျိုးပေးတတ်တယ်။

ကောင်းမှုကံရဲ့ အကျိုးပေးဟာ အလွန် ကျယ်ပြန့်ပါတယ်။ တချို့ လယ်ယာမြေကောင်းတွေဟာ သီးနှံ အထွက် ကောင်းသလိုပေါ့။ ကောင်းမှု ကုသိုလ်ကံကို ပြုထားသူမှာလည်း တခြားသူများထက် ကောင်းကျိုးပေးတာ အားသန်ပါတယ်။ ရဟန်း သံဃာကို ပြုတဲ့ ကုသိုလ်ကောင်းမှု၊ မိဘ အပေါ် ပြုတဲ့ ကုသိုလ်ကောင်းမှု၊ မရှိဆင်းရဲသားတွေအပေါ် ပြုတဲ့ ကုသိုလ် ကောင်းမှုတွေဟာ အကျိုးပေး သန်တဲ့ ကုသိုလ်တွေ ဖြစ်ကြပါတယ်။ ဒီလို ရဟန်း သံဃာတော်များ၊ မိဘများ စားရမဲ့ သောက်ရမဲ့ အတိဒုက္ခ ရောက်နေသူများနဲ့ ပတ်သက်တဲ့ ကုသိုလ်ကောင်းမှုတွေက အံ့ဩရလောက်အောင် အကျိုးပေးသန်တတ်ကြပါတယ်။

မြတ်ဗုဒ္ဓက လူတွေ အတွက် ကုသိုလ် ကမ္မပထ တရား ဆယ်ပါးကို သုစရိုက် ဆယ်ပါးအဖြစ် ဟောထားတာ ရှိပါတယ်။ မြတ်စွာဘုရားက ဒီပုညကြိယာ ဆယ်ပါးကို ချမ်းသာ သုခနဲ့ ဘဝ ငြိမ်းချမ်းမှု ရလိုသူတိုင်း ပြုသင့်ကြောင်းကိုလည်း ဟောတော်မူပါတယ်။ ဒီကောင်းမှုများဟာ အသိဉာဏ် ပညာ တိုးပွားမှုကိုလည်း အထောက်အကူ ပြုပါတယ်။

ဒီသုစရိုက် ဆယ်ပါး မြတ်တရားတွေက. . .

၁။ ပေးကမ်းစွန့်ကြဲခြင်း

၂။ ကိုယ်ကျင့်တရား ကောင်းမွန်အောင် ပြုလုပ်ခြင်း

၃။ စိတ်ကို ပြုစု ပျိုးထောင်ခြင်း

၄။ ရိုသေထိုက်သူကို ရိုသေတတ်ခြင်း

၅။ ကူညီ ပံ့ပိုးပေးခြင်း

၆။ ကောင်းမှု ကုသိုလ်ကို ဝေမျှခြင်း

၇။ သူတစ်ပါး ကုသိုလ်ကောင်းမှု အတွက် ဝမ်းမြောက်ခြင်း

၈။ တရားဟောခြင်း

၉။ တရားနာခြင်း

၁၀။ အယူဖြောင့်မှန်ခြင်းတို့ပဲ ဖြစ်ပါတယ်။

ဤပုည ကြိယာ ၁၀ ပါးကို ကျင့်ကြံ ပြုလုပ်သူသည် မိမိမှာသာ အကျိုးကျေးဇူး ခံစားရသည် မဟုတ်။ တစ်ပါးသူများအားလည်း အကျိုးကျေးဇူး ဖြစ်ထွန်းစေပါတယ်။ ကိုယ်ကျင့် စရဏဟာ လူခပ်သိမ်းတို့အား အကျိုးကျေးဇူး ဖြစ်ထွန်းစေတယ်။ အချင်းချင်း ရင်းနှီးတဲ့ ဆက်ဆံမှုမျိုးကိုလည်း ဖြစ်လာနိုင်တယ်။ စိတ်ကို သမာဓိ ရအောင် ပြုစု ပျိုးထောင်ခြင်းအားဖြင့် သူတစ်ပါး အတွက်လည်း ငြိမ်းချမ်းမှုကို ခံစားရစေ ပါတယ်။ ဒီလို စိတ်မှာ ငြိမ်းချမ်းမှု ရလာတာကြောင့် ထိုသူများ အနေနဲ့လည်း တရားဓမ္မကို ကျင့်ကြံ ပွားများလိုစိတ် ဖြစ်ပေါ်လာစေနိုင်တယ်။ အရိုအသေပြုမှု၊ ကိုင်းရှိုင်းမှုဟာ လူ့အဖွဲ့အစည်းရဲ့ ညီညွတ်မှုကို ဖြစ်ပေါ်စေတယ်။ ဒီလို အကျိုးပြုတဲ့ လုပ်ရပ်ကြောင့် လူ့လောက၊ လူ့ဘဝလည်း တိုးတက် ဖွံ့ဖြိုးလာနိုင်တယ်။ ကုသိုလ်ကောင်းမှုကို အမျှပေးဝေခြင်းက မိမိ သည် သူတစ်ပါးကိုလည်း ကောင်းကျိုး ချမ်းသာ ရရှိ ခံစားစေလိုခြင်း စေတနာကို ပြတာ ဖြစ်တယ်။ သူတစ်ပါး ချမ်းသာစေမှု အတွက်လည်း မိမိဟာ ကြောင့်ကြ စိုက်မှု ရှိတယ် ဆိုတာကို ပြတာ ဖြစ်ပါတယ်။ သူတစ်ပါးရဲ့ ကောင်းမှုကုသိုလ်အတွက် မိမိကလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ခြင်းဟာ တခြားသူများအား ကုသိုလ် ကောင်းမှုကို ပိုပြီး ပြုချင်လာအောင် အားပေးခြင်း မည်ပါတယ်။ တရာဟောခြင်း၊ တရားနာခြင်းကတော့ တရားဟောသူ အတွက်ရော၊ တရားနာသူ အတွက်ပါ နှစ်ဦးနှစ်ဖက် စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်ရတဲ့အတွက် ဟောသူရော နာသူ အတွက်ပါ တရားနှင့် နေထိုင် ဆက်ဆံလိုစိတ်ကို အားပေးခြင်း မည်ပါတယ်။ အယူဖြောင့်မှန်ခြင်းကတော့ မိမိ ကျင့်သုံးဆောက်တည်နေတဲ့ ဓမ္မရဲ့ အလှကို တစ်ပါးသူတွေကိုပါ မြင်လာအောင် စွမ်းဆောင်နိုင်တယ်။

ဓမ္မပဒ ဒေသနာတော်ထဲမှာ မြတ်ဗုဒ္ဓက. . .

၁၁။ ပုဂ္ဂိုလ်သည် ကောင်းမှုကို ပြုပြီးသော်လည်း
ထိုကောင်းမှုကို ထပ်ကာ ထပ်ကာ ပြုရာ၏။
ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကို ပြုရာ၏။
ကောင်းမှုကို ပွားခြင်းသည် ချမ်းသာခြင်း၏ အကြောင်းတည်း။

ဒေါက်တာ ကေသီရိဓမ္မနန္ဒအရှင်မြတ်က ဤသို့ ရေးသား ဖော်ပြတော်မူထားတယ်။

'Should a person perform good,
He should do it again and again;
He should find pleasure therein;
For blissful is the accumulation of good.'

(118)

အနည်းငယ်သော ကောင်းမှုသည်
(ငါ့အား) အကျိုးရောက်လိမ့်မည် မဟုတ်ဟု
ကောင်းမှုကို မထီမဲ့မြင် မအောက်မေ့ရာ။
မိုးရေပေါက်သည် ကျဖန်များလတ်သော်
ရေအိုးသည် ပြည့်ဘိသကဲ့သို့
အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို
ပြုဆည်းပူးဖန် များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

(ဓမ္မပဒ-၁၂၂)

ဒေါက်တာ ဓမ္မနန္ဒထေရ်မြတ်က. . .

'Think not lightly of good, saying,
'It will not come near to me'_
Even by the falling of drops a water jar is filled.
Likewise the wise man gathering little by little,
Fills himself with good.'

(122)

## ဒုစရိုက်တရားဆယ်ပါး

ဗုဒ္ဓဘာသာဝင်များ ဝေးစွာ ရှောင်ကြဉ်အပ်သော ဒုစရိုက် ဆယ်ပါး ရှိတယ်။ ဒီတရားတွေကတော့ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ်စိတ်တွေ အပေါ်မှာ အခြေခံပြီး ဖြစ်လာတဲ့ အကုသိုလ်ကံ (မကောင်းမှုကံ) ဆယ်မျိုး ဖြစ်တယ်။ ဒီတရားတွေဟာ သူတစ်ပါးအတွက်လည်း ဒုက္ခကို ဖြစ်စေတယ်။ အထူးသဖြင့်ကတော့ ပြုသူ မိမိကို ပိုပြီး ဆင်းရဲ ဒုက္ခ ဖြစ်စေတဲ့ တရားတွေပဲ ဖြစ်တယ်။ အကြင် သူဟာ ကံ ကံ၏ အကျိုးဆိုတဲ့ ကမ္မနိယာမ သဘောတရားကို နားလည်သူ ဖြစ်လို့ ရှိရင် မကောင်းမှုကို ပြုတဲ့ ကံဟာ မကောင်းကျိုးကိုပဲ ဖြစ်စေတယ် ဆိုတာကို သိနိုင်တယ်။

မကောင်းမှုကို ဖြစ်စေတဲ့ ကာယ ဒုစရိုက်က ၃ မျိုး ရှိတယ်။ ဒီကံသုံးမျိုးဟာ အကုသိုလ်ကံ ၃ မျိုးပဲ။ ဒါတွေက (၁) သူ့ အသက်ကို သတ်ခြင်း- ပါဏာတိပါတကံ (၂) သူ့ပစ္စည်းကို မပေးဘဲ ခိုးယူခြင်း- အဒိန္နဒါနကံ (၃) သူတစ်ပါး အိမ်ရာကို ပြစ်မှားကျူးလွန်ခြင်း - ကာမေသုမိစ္ဆာစာရကံများပဲ ဖြစ်တယ်။ ဒီကာယ ဒုစရိုက် ၃ ပါးဟာ ငါးပါးသီလမှာ ပါတဲ့ ကာယကံ အကုသိုလ် ၃ မျိုးပဲ ဖြစ်တယ်။

ဒီလို ကာယ ဒုစရိုက် ၃ မျိုးထဲက ပါဏာတိပါတကံကို ကျူးလွန်တဲ့ ပုဂ္ဂိုလ်ရဲ့ ကံအကျိုးပေးပုံမှာ အသက်တိုခြင်း၊ အနာရောဂါ ပေါများခြင်း၊ မိမိ နှစ်သက်တဲ့ အရာများနဲ့ ကွေကွင်းတဲ့ ကိုယ်စိတ်ဆင်းရဲခြင်း၊ အစဉ်သဖြင့် ကြောက်ရွံ့ ထိတ်လန့်မှုနဲ့ အသက် ရှင်နေခြင်းတွေပဲ ဖြစ်တယ်။ အဒိန္နဒါန ခေါ်တဲ့ သူတစ်ပါး ပစ္စည်းကို ခိုးယူခြင်းကံ အကျိုးပေးပုံက ပစ္စည်းဥစ္စာ ကင်းမဲ့တဲ့ ဆင်းရဲ မွဲတေခြင်း၊ သောက ရောက်ရခြင်း၊ စိတ်ပျက် အားငယ်ခြင်း၊ သူတစ်ပါးကို မှီခို အားထား၍သာ အသက်ရှင်နေထိုင်ရခြင်းတို့ ဖြစ်တယ်။ သူတစ်ပါး အိမ်ရာကို ပြစ်မှားခြင်း၊ ကာမေသုမိစ္ဆာစာရကံ အကျိုးပေးပုံက ဘေးရန် အန္တရာယ် များပြားခြင်း၊ လူမုန်း များခြင်း၊ နှစ်သက်ဖွယ် မရှိတဲ့ လင် (သို့မဟုတ်) မယားနှင့် ဆက်ဆံ ပေါင်းသင်း ရခြင်းတို့ ဖြစ်တယ်။

ဝစီကံ ဒုစရိုက်က ၄ ပါး ရှိတယ်။ ဒါတွေကတော့ (၁) မုသာဝါဒ- လိမ်လည် ပြောဆိုခြင်း ကံ၊ (၂) ဖရုဿဝါစာ- ကြမ်းတမ်းစွာ ဆဲရေး တိုင်းထွာ ပြောဆိုခြင်း၊ (၃) ပိသုဏဝါစာ- ကုန်းတိုက်ချောပစ် ပြောဆိုခြင်း၊ (၄) သမ္ဖပ္ပလာပဝါစာ- ပြိန်ဖျင်းတဲ့ အနှစ် မရှိတဲ့ အရပ်စကား၊ ဇာတ်စကားကို ပြောဆိုခြင်းများပဲ ဖြစ်တယ်။ ဒီဝစီကံ ၃ ပါးရဲ့ ကံအကျိုးပေးပုံက. . .

လိမ်လည် ပြောဆိုခြင်းကြောင့် အချင်းပွားမှု၊ အငြင်းပွားမှုတွေကို ဖြစ်ပေါ်စေတယ်။ ဂုဏ်သတင်း ပျက်စီးအောင် ကဲ့ရဲ့ ရှုတ်ချခံရခြင်း၊ သူတစ်ပါး အယုံအကြည် ကင်းမဲ့စေခြင်း၊ ကိုယ်ချမ်းသာမှု ကင်းမဲ့ခြင်းတွေ ဖြစ်တယ်။ သူတစ်ပါး နှစ်ဦးကြားမှာ စိတ်ဝမ်း ကွဲပြားအောင် ကုန်းတိုက်ခြင်းရဲ့ ကံအကျိုးပေးကတော့ အကြောင်းမဲ့ မိတ်ဆွေဆုံးရှုံးခြင်း ဖြစ်တတ်တယ်။ ကြမ်းတမ်းစွာ ပြောဆိုခြင်းကြောင့် သူတစ်ပါး ရွံမုန်းခြင်းကို ခံရတယ်။ ကြမ်းတမ်း ခက်ထန်တဲ့ အသံကို ရတတ်တယ်။ ပြိန်ဖျင်းတဲ့ စကားကို ပြောဆိုသူ မလွဲမသွေ ရတဲ့ ကံကျိုးကတော့ ကိုယ်အင်္ဂါတွေ၊ နှုတ်တွေ ဆွံ့အခြင်းပဲ ဖြစ်တယ်။ မိမိ စကားကို သူတစ်ပါးက မယုံကြည်တတ်ခြင်း ဖြစ်တယ်။

နောက်ဒုစရိုက် ၃ မျိုးက မနောကံ သုံးမျိုးပါ။ ဒါတွေကတော့ (၁) ဣဿာ- သူတစ်ပါးပိုင် ပစ္စည်းကို ရလို ပိုင်လိုခြင်း ဆန္ဒ ပြင်းပြခြင်း၊ (၂) မစ္ဆရိယ- မနာလို ဝန်တိုခြင်းနဲ့ (၃) မိစ္ဆာဒိဋ္ဌိ- မှားယွင်းတဲ့ အယူဝါဒတွေပဲ ဖြစ် တယ်။ ဒီမနော ဒုစရိုက် ၃ ပါးဟာလည်း လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ မကောင်းမှု ဒုစရိုက် ၃ ပါးကို အခြေခံပြီး ဖြစ်တာပဲ ဖြစ်တယ်။ ငါးပါးသီလကို မစောင့်ထိန်းတဲ့ အတွက် သုရာမေရယကံကို ကျူးလွန်ရင် ဒီမနောဒုစရိုက် ၃ ပါးကို ကျူးလွန်ရုံသာမက စိတ်ဟာ မူးယစ် မေ့လျော့တဲ့အတွက် အခြားသော ကာယကံ၊ ဝစီကံ ဒုစရိုက် အားလုံးကိုလည်း ကျူးလွန်စေနိုင်တယ်။

ဣဿာ ခေါ်တဲ့ သူတစ်ပါး ပစ္စည်းကို ကိုယ့်ပစ္စည်း ဖြစ်ချင်တဲ့ အကုသိုလ်စိတ်ရဲ့ အကျိုးပေးကတော့ မိမိမှာ ဘယ်တော့မှ အလိုဆန္ဒ မပြည့်စုံခြင်းပဲ ဖြစ်တယ်။ မစ္ဆရိယ- မနာလို ဝန်တိုစိတ်ရဲ့ အကျိုးပေးကတော့ အရုပ်ဆိုး အကျည်းတန်ခြင်းပဲ ဖြစ်တယ်။ မှားယွင်းတဲ့ မိစ္ဆာဒိဋ္ဌိရဲ့ အကျိုးပေးက အလိုရမ္မက်ကြီးခြင်း၊ ဉာဏ်ပညာ ကင်းမဲ့ခြင်း၊ ဉာဏ်တုံးခြင်း၊ အနာရောဂါ ပေါများခြင်း (နာတာရှည်ဖြစ်ခြင်း) သူတစ်ပါး ကဲ့ရဲ့ခြင်း ခံရတဲ့ အယူအဆ ရှိခြင်းတို့ပဲ ဖြစ်တယ်။

ဒါကြောင့် အကြင်သူဟာ ကောင်းမှု သုစရိုက်တရားတွေသာ ကျင့်ကြံပွားများသင့်တယ်။ မကောင်းမှု ဒုစရိုက်တရားတွေကို ရှောင်ကြဉ်သင့်တယ်။ လူတစ်ယောက်ဟာ မကောင်းမှု ဒုစရိုက်ကံတစ်ခုကို ကျူးလွန်မိပြီဆိုရင် မိမိအနေနဲ့ ဘယ်နေရာမှ ဘယ်လို မှားသွားမိပြီလဲလို့ ပြန်ပြီး ဆင်ခြင် တိုင်းထွာသင့်တယ်။ ဒီလို ဆင်ခြင်မိမှ နောက်ထပ် ဒီလို အကုသိုလ်ကံ တစ်မျိုးမျိုး မကျူးလွန်မိအောင် ကြိုးစားနိုင်မယ်။ ဒါဟာ နောင်တ သံဝေဂ သဘောရဲ့ မှန်သော အဓိပ္ပာယ်ပေါ့။ ဒီကဲ့သို့ မိမိကိုယ်ကို မိမိက ပြန်လည် ဝေဖန် သုံးသပ်ခြင်းအားဖြင့်သာလျှင် အဆုံးစွန်

ဘဝမှာ မင်္ဂဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ချမ်းသာ တိုင်အောင် ပေါက်မြောက်နိုင်ပါတယ်။

မိမိ အပြစ် ကျူးလွန်ခြင်းကို ခွင့်လွှတ်တော်မူပါ ဆိုပြီး လက်ဝါးဖြန့် ဆုတောင်းနေတာဟာ အဓိပ္ပာယ် မရှိပါဘူး။ ဘာ ဖြစ်လို့လဲ ဆိုတော့ ဆုတောင်းပြီးလည်း ဒီလူဟာ နောက်ထပ် ဒီအဖြစ်မျိုးကို ထပ်မံ ကျူးလွန်ဦးမှာပဲ ဖြစ်လို့ပါ။ သူ့စိတ်ထဲမှာ သူ တောင်းလိုက်ရင် ပြုထားတဲ့ အပြစ်တွေ ပျောက်သွားတယ်လို့ ထင်နေခြင်းကြောင့် နောက်ထပ် အပြစ် ကျူးလွန်ဖို့လည်း ဝန်မလေးတော့ဘူး။ ပြီးတော့ သူ ပြုထားတဲ့ အပြစ်တွေ ကင်းစင်သွားအောင် ဘယ်သူက လာပြီး ဆေးကြောပေးမှာလဲ။ သူ့ကိုယ်သူအပြင် မျှော်လင့်စရာ အားကိုးစရာ ဘယ်သူများ ရှိပါ့မလဲ။ အံ့ဩစရာ ကောင်းတဲ့ အပြစ်ကို ဆေးကြော သုတ်သင်ပေးသူ ရှိ၊ မရှိ ပထမ ရှိကြောင်းကို သိရဦးမှာ။ ဒါမှသာ သူ့ကို အားကိုးနိုင်မှာပေါ့။ မဟုတ်ဘဲ မသိဘဲနဲ့ ရမ်းသန်း အားကိုးနေလို့တော့ အပိုပဲ။ ဒီထက် ပိုပြီး အရေးကြီးတာက မိမိ ပြုလိုက်တဲ့ ကာယကံ၊ ဝစီကံ၊ မနောကံဟာ အကုသိုလ် ဖြစ်သွားပြီ။ ဒုစရိုက် ဖြစ်သွားပြီ ဆိုတာကိုလည်း သိဦးမှ ဖြစ်မယ်။ နောက်ကျရင် ဒီအပြစ်မျိုး မလုပ်တော့ပါဘူးလို့ ဆုံးဖြတ်ချက် ချဦးမှလည်း ဖြစ်တယ်။ ဒါမှသာ သူ့အနေနဲ့ ကိုယ် နဲ့ ပတ်သက်သူတွေ အတွက်ရော၊ တခြားလူတွေ အတွက်ပါ ကောင်းမှုများစွာကို တတ်နိုင်သလောက် ပြုတော့မှာပေါ့။

မြတ်ဗုဒ္ဓရဲ့ အမြင်မှာ ပြုပြင် ဆုံးမ ကယ်တင်လို့ မရဘူး ဆိုတဲ့ ဒုစရိုက် သမားရယ်လို့ မရှိပါဘူး။ အရေးကြီးတာက သမ္မာဒိဋ္ဌိ ဆိုတဲ့ အမြင်မှန် ရပြီး သမ္မာဝါယမ ဆိုတဲ့ ကောင်းသော အားထုတ်မှု ရှိဖို့ပဲ ဖြစ်တယ်။ ကိုယ် ပြုထားတဲ့ မကောင်းမှု ဒုစရိုက်တွေကို တန်ခိုးတော်ရှင်ထံမှာ ဝန်ချ ဆုတောင်းလိုက်ခြင်းအားဖြင့် ကိုယ့်မှာ အပြစ်တွေ ကင်းစင်သွားတယ်လို့ ထင်နေတာဟာ အယူသီးတာပါ။ လက်တွေ့ မကျပါဘူး။ မိမိရဲ့ စိတ်ဓာတ် မြင့်မားအောင် အားထုတ်၊ အရိယာလမ်းမှာ အဆိုးဆုံး အနှောင့်အယှက်ကြီးတောင် ဖြစ်လာဦးမယ်။ ဒီလို အယူသီးနေလို့ ရှိရင် သူ့မှာ အဝိဇ္ဇာ ဖုံးလွှမ်းနေတာကြောင့် ရှေ့လျှောက်လည်း အကျင့်သီလ ပျက်စီးနေဦးမှာပဲ ဖြစ်တယ်။ ဒီလို လွဲချော်နေတဲ့ အယူမှားမှုဟာ လူ တစ်ယောက် အဖို့တော့ မှားယွင်းတဲ့ ဒုစရိုက် တစ်ခုရဲ့ သူ ကြောက်တဲ့ အကျိုးပေးတာထက် တောင် ပိုပြီး အန္တရာယ် များနိုင်သေးတယ်။

# သီလသိက္ခာပုဒ်များ

*သီလသိက္ခာပုဒ်များကို စောင့်ထိန်းခြင်းကြောင့် ကိုယ်ကျင့်သီလ အားကောင်းလာအောင် ပြုစု ပျိုးထောင်နိုင်ရုံမျှမက မိမိ အနေနှင့် ဘဝခရီးဖော် လူသားများ အကျိုးကိုလည်း အမြင့်ဆုံး ရွက်ဆောင်နိုင်ပါသည်။*

ဘယ်လူ့ဘောင် အဖွဲ့အစည်းမျိုးထဲမှာပဲ ဖြစ်ဖြစ်၊ မိမိတို့ လူမှု ပတ်ဝန်းကျင်နှင့် သင့်တော်လျောက်ပတ်သော ကိုယ်ကျင့်တရား ထုံးတမ်း ဥပဒေသများလို့ သတ်မှတ်ထားတဲ့ ဓမ္မသတ်များ ရှိကြပါတယ်။ ဒီရိုးရာ ထုံးတမ်း ဓမ္မသတ်များသည် လူ့အဖွဲ့အစည်းရဲ့ အကျိုးစီးပွားနှင့်ရော တရားဥပဒေများနဲ့ပါ အဆက်အစပ် ရှိကြတယ်။ ဒီလို သတ်မှတ်ပြီး လက်ခံထားကြတဲ့ ထုံးတမ်းများ၊ ဥပဒေများနဲ့ ကိုက်ညီတဲ့ အပြုအမူ ဆိုရင် ဒီဥပဒေသများ၊ ထုံးတမ်းဓလေ့ ထုံးစံများကို ချိုးဖောက်ခြင်း မရှိတဲ့ ကာယကံ၊ ဝစီကံ စတဲ့ အပြုအမူတွေကို မှန်ကန်တဲ့ အပြုအမူလို့ လက်ခံကြတယ်။ သူများကို မထိခိုက်တဲ့ သူတစ်ပါးရဲ့ စိတ်ကို နာလောက်အောင် ကျူးကျော်ခြင်း မရှိတဲ့ အပြုအမူ အပြောအဆိုတွေကို မှန်ကန်တဲ့ အပြုအမူတွေ အဖြစ်နဲ့ လက်ခံထားတတ်ကြတယ်။ ဒီလို လူ လုပ်တဲ့ ဥပဒေ ထုံးတမ်း ဓလေ့တွေဟာ အခါအားလျော်စွာ ပြောင်းလဲ ပြုပြင်ရတဲ့ သဘော ရှိလို့ တစ်သမတ်တည်း တင်းကျပ် ခိုင်မာတာတွေ မဟုတ်ဘူး။ အချိန်အခါ အခြေအနေတွေ ပြောင်းသလိုပဲ လိုက်လျောညီထွေ ပြောင်းလဲနေကြရတယ်။ ဒီတရားတွေ၊ ဥပဒေတွေဟာ လူ့အဖွဲ့အစည်းအတွက် အရေးပါတယ် ဆိုပေမဲ့ ဒီလူ လုပ်ထားတဲ့ (ပါကာတ္တိဝဇ္ဇ) ဥပဒေသတွေဟာ အကျင့်သီလရဲ့ အခြေခံမှုတွေနဲ့ တစ်သဘောတည်း ကျတယ်လို့ ယုံကြည်နိုင်လောက်တဲ့ လမ်းညွှန်ချက်တွေလို့တော့ မဆိုနိုင်ပါဘူး။ လူ့အဖွဲ့အစည်း တစ်ခုက လက်ခံထားတဲ့ လူတွေ လုပ်ထားတဲ့ ဥပဒေ ထုံးတမ်းတွေဟာ ဘယ်နေရာမှာပဲ ဖြစ်ဖြစ်၊ ဘယ်ခေတ် ဘယ်အခါမှာပဲ ဖြစ်ဖြစ် အသုံးချလို့ ရတဲ့ ပရမတ် သဘောမျိုးတွေ မဟုတ်ပါဘူး။

နှိုင်းယှဉ်ပြောကြစို့ ဆိုရင်တော့ ဗုဒ္ဓဘာသာက လက်ခံထားတဲ့ သီလ သိက္ခာပုဒ်က လူတွေ ကြံစည် ဖန်တီး လုပ်ကိုင်ထားကြတဲ့ တရားဥပဒေတွေ မဟုတ်ကြဘူး။ ဗုဒ္ဓဘာသာမှာ ပါတဲ့ သီလ သိက္ခာပုဒ် တစ်ခုမှ လူမျိုးစု ဓလေ့

ထုံးစံ ကိုယ့်ကျင့်တရား အပေါ် မှီတည်ထားတာ မရှိဘူး။ လူမျိုးစု ထုံးစံ ဓလေ့တွေက တဖြည်းဖြည်း လူသား အားလုံးနဲ့ ဆိုင်တဲ့ ဥပဒေ ထုံးတမ်းတွေနဲ့ အစားထိုးပြီး ပြောင်းလဲကြရတယ်။ လူသား အားလုံးနဲ့ သက်ဆိုင်တဲ့ ကိုယ်ကျင့်သီလတွေကျတော့ အကြောင်းအကျိုး ခေါ်တဲ့ ကမ္မနိယာမ အပေါ်မှာ တည်ထားတာ ဖြစ်တယ်။ ဒီအပြုအမူရဲ့ ကောင်းမှု ဆိုးမှုကို ပြုသူရဲ့ စေတနာ အပေါ်မှာရော၊ မိမိနဲ့ တကွ တခြား လူသားများ အပေါ်မှာပါ သက်ရောက်တဲ့ အကျိုးအပေါ် မူတည်ပြီးမှ သတ်မှတ်ရတာ ဖြစ်တယ်။ အပြုအမူ တစ်ခုဟာ တစ်ဦးတစ်ယောက်အတွက် အကျိုးကျေးဇူး ပြုတယ်ဆိုဦးတော့ ဒီအပြုအမူဟာ ကောင်းမှုကုသိုလ် ဖြစ်တယ်လို့ ပြောလို့ မရဘူး။ ဘာကြောင့်လဲ ဆိုတော့ ကိုယ့်အတွက် အကျိုး ရှိပေမဲ့ တစ်ပါးသူ အများအတွက်တော့ အကျိုးယုတ်နိုင်တာကြောင့် ဖြစ်တယ်။

ဗုဒ္ဓဘာသာက လက်ခံထားတဲ့ ကိုယ်ကျင့်သီလက လူတိုင်း သိချင်ပြီး သိပ်အရေးပါတဲ့ မေးခွန်းကို ရည်ညွှန်းထားတယ်။ အဲဒီမေးခွန်းက ဘာလဲ ဆိုတော့ 'အပြုအမူ တစ်ခုဟာ ကောင်းတယ်၊ ဆိုးတယ်၊ ကုသိုလ် ဖြစ်တယ်၊ အကုသိုလ် ဖြစ်တယ် ဆိုတာကို ဘယ်လို ဆုံးဖြတ်တာလဲ။' မြတ်ဗုဒ္ဓရဲ့ ဖြေကြားထားပုံကတော့ ရိုးရိုးကလေးပဲ။ ကံ (ကမ္မ) ဆိုတာ စေတနာပေါ်မှာလည်း တည်တယ်။ မြတ်စွာဘုရားက စေတနာကို ကံလို့ သတ်မှတ်ကြောင်း ဟောတော်မူတယ်။ လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ အကုသိုလ် စိတ်စေတနာတွေ အပေါ်မှာ အခြေခံပြီး ပြုလုပ်တဲ့ ကံကို အကုသိုလ်ကံ ဖြစ်တယ်လို့ သတ်မှတ်တော်မူတယ်။ တစ်နည်းအားဖြင့် အပြုအမူ တစ်ခုဟာ မေတ္တာ၊ စာဂနဲ့ ပညာ အပေါ်မှာ မူတည်ပြီး ပြုတဲ့ကံ ဖြစ်ရင်တော့ ဒါကို ကုသိုလ်ကံလို့ သတ်မှတ်ရတယ်။ လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ တရားသုံးပါးကို အကုသိုလ်ဟိတ် သုံးပါးလို့ သိနားလည် ထားကြတယ်။ မေတ္တာ ပေးကမ်း စွန့်ကြဲခြင်း စာဂနဲ့ ပညာကိုတော့ ကုသိုလ်ဟိတ် သုံးပါး ဖြစ်တယ်လို့ နားလည် လက်ခံထားကြတယ်။ ဒီမှာ ဟိတ် ဆိုတဲ့ စကားက စေတနာကို ဆိုတယ်။ ဒီစေတနာပေါ် အခြေခံပြီး ဒီကံ ဖြစ်ပေါ်လာတာ ဖြစ်တယ်။ ဘယ်လောက်ပဲ လူတစ်ယောက်ဟာ သူ ပြုတဲ့ အပြုအမူအတွက် ဟန်ဆောင်ဖုံးဖိဖို့ ကြိုးစား ကြိုးစား၊ အမှန်သစ္စာသဘောကို သူ့ စေတနာပေါ် ထောက်ထားပြီး စုံစမ်း စစ်ဆေးလိုက်ရင်တော့ ပေါ်တာချည်းပါပဲ။ ပြီးတော့ စိတ်ပဲ။ စိတ်ကသာ ကာယကံ၊ ဝစီကံ အားလုံးကို စတင် ဖြစ်ပေါ်ရာ ရင်းမြစ် ဖြစ်တယ်။

ဒါကြောင့် ဗုဒ္ဓဘာသာမှာ လူ တစ်ယောက်အနေနဲ့ ပထမဦးစားပေး လုပ်ရမှာက မိမိရဲ့ စိတ်ကို စင်ကြယ်အောင် လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့

ကိလေသာတွေ ကင်းရှင်းအောင် ပြုလုပ်ဖို့က ပဓာနပဲ ဖြစ်တယ်။ ဒီလို ပြုလုပ်ရတဲ့ အကြောင်းကလည်း ကြောက်လို့ လုပ်ရတာ မဟုတ်ဘူး။ အကြောက်တရားအပေါ် အခြေမခံဘူး။ ဘုရားကို ကြောက်လို့ ဘုရား အကြိုက် လိုက်လုပ်ရတာမျိုးလည်း မဟုတ်ဘူး။ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ ဘာကံကိုပဲ ပြုပြု နားလည်မှုနဲ့ ပညာဉာဏ် အပေါ်မှာပဲ အခြေခံပြီး ပြုလုပ်ရတာ ဖြစ်တယ်။ ကုသိုလ်ကံကို သူ ပြုတာဟာ သူ ဒီလို ပြုမူတဲ့အတွက် သူ့ရဲ့ ကိုယ်ကျင့်သိက္ခာလည်း အားကောင်းလာတယ်။ ဒီကိုယ်ကျင့်သီလ အားကောင်းမှုဟာ မိမိရဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖွံ့ ဖြိုး တိုးတက်ရေး ကိစ္စမှာ အခြေခံ အုတ်မြစ် ဖြစ်လာတယ်။ ဒီသီလက နိဗ္ဗာန်ကို ကျေးဇူးပြုနိုင်တဲ့ အထောက်အပံ့ ဖြစ်လာတယ်။ ဒါ့အပြင် မိမိရဲ့ ချမ်းသာ ဆင်းရဲ အားလုံးဟာ ကမ္မနိယာမ သဘောအရ ဘယ်သူ မပြု မိမိ ပြုမှ ဖြစ်တဲ့ အမှု ဆိုတာကိုလည်း နားလည်လာနိုင်တယ်။ ဘဝရဲ့ ဆင်းရဲတွေ၊ ပြဿနာတွေ လျော့ပါးသွားဖို့အတွက် ဆိုရင် မိမိအနေနဲ့ မကောင်းမှု ဒုစရိုက်တွေကို မပြုမိအောင် ရှောင်ကြဉ်ဖို့ လိုတယ်။ ကောင်းမှုကုသိုလ်တွေကို ပြုခြင်းဖြင့်သာလျှင် ဘဝ ငြိမ်းချမ်းမှု၊ ဘဝသုခကို ရနိုင်တယ် ဆိုတာကိုလည်း နားလည်လာရတယ်။ လူတိုင်း ဘဝမှာ ချမ်းသာသုခကို ရှာနေကြတာပါ။ ဒီဘဝရဲ့ ချမ်းသာသုခကို ကောင်းမှုကုသိုလ်တွေကို ပြုခြင်း အားဖြင့်သာ ရနိုင်တယ် ဆိုတာကို သိမြင် နားလည်လာတာနဲ့ အမျှ လူသားဟာ မကောင်းမှု ဒုစရိုက်တွေကို ရှောင်လာမယ်။ ကုသိုလ်ကောင်းမှု သုစရိုက် တရားတွေကို တိုးပွားအောင် လုပ်ဆောင်လာမှာ ဖြစ်တယ်။ ဒါ့ပြင် ဒီစိတ်ထဲမှာ ရှိတဲ့ ကိလေသာ သုံးပါးကို ဖယ်ရှားပစ်ခြင်းအားဖြင့် လူမှုရေးဘဝနဲ့ ဆန့်ကျင်ဘက် ဖြစ်မှုတွေ ကင်းရှင်းသွားပြီး လူ့အဖွဲ့အစည်းထဲက လူတွေရဲ့ အကျိုးကျေးဇူး များစွာကိုလည်း ရရှိစေနိုင်တယ်။

**ငါးပါးသီလ**

လူသာမန် ပုဂ္ဂိုလ်များ၏ အကျင့်သီလများသည် ငါးပါးသီလထဲတွင် ပါဝင်နေပါ တယ်။ ငါးပါးသီလကို အဆင့် နှစ်ဆင့် ခွဲခြားပြီး စဉ်းစားသင့်တယ်။ ငါးပါးသီလ ဟာ လူတွေကို ယဉ်ကျေးတဲ့ လူ့ဘောင်အဖွဲ့အစည်း ထဲမှာ တစ်ယောက်ကို တစ် ယောက်က ယုံကြည် စိတ်ချမှု၊ ရိုသေ လေးစားမှုနဲ့ အတူတကွ နေနိုင်အောင် လုပ်ပေးပါတယ်။ ဒါက ပထမ ကိစ္စပါ။ ဒုတိယ အချက်က ငါးပါးသီလဟာ မဂ်

ဉာဏ် ဖိုလ်ဉာဏ် ရရေး ခရီးလမ်းရဲ့ အစ ကနဦး လိုအပ်ချက် ဖြစ်တယ်။ ပညတ်တော် ဆယ်ပါး ဆိုတာမျိုးနဲ့ မတူဘဲ၊ ငါးပါးသီလဟာ ထာဝရဘုရားက လူသားတွေ မလိုက်နာဘဲ မနေစေရ မလိုက်နာရင် အပြစ်ဒဏ် ထားမယ် ဆိုတာမျိုး မဟုတ်ဘဲနဲ့ မိမိတို့ရဲ့ သဘောဆန္ဒ အလျောက်သာလျှင် လိုက်နာ ကျင့်ကြံအပ်တဲ့ တရား ဖြစ်တယ်။ ဒီနေရာမှာလည်း ဒီတရားကို လိုက်နာခြင်းကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ အကျိုးကျေးဇူး၊ အသုံးကျပုံတွေကို ကိုယ်တိုင် သိ၊ ကိုယ်တိုင် နားလည်ပြီးမှ မိမိရဲ့ ကိုယ်နှုတ် နှလုံးကို ယဉ်ကျေး သိမ်မွေ့အောင် လေ့ကျင့်ခြင်း ဖြစ်တယ်။ ဘုရားရိုက်မှာ ကြောက်လို့ ဒီသီလတွေကို ဆောက်တည်တာ မဟုတ်ဘူး။ မိမိကိုယ်ပိုင်ဉာဏ်နဲ့ ဆင်ခြင်ပြီး အကျိုးရှိမှန်း သိလို့ လိုက်နာကျင့်ကြံခြင်း ဖြစ်တယ်။ ဗုဒ္ဓဘာသာကောင်း တစ်ယောက် ဖြစ်ဖို့ ဆိုရင် ငါးပါးသီလကို နေ့စဉ်ဘဝမှာ လုံခြုံအောင် စောင့်ထိန်းနိုင်သူ ဖြစ်ရမယ်။ ငါးပါးသီလကို ခံယူ ဆောက်တည်ပုံက. . .

ကျွန်ုပ်သည် ငါးပါးသော အပြစ်တို့မှ ကင်းဝေးအောင် ရှောင်ကြဉ်ပါမည်ဟု ခံယူဆောက်တည်ပါ၏ လို့ ဆိုပြီး. . .

၁။ ပါဏာတိပါတာ = သူ့အသက်ကို သတ်ခြင်းမှ၊ ဝေရမဏီ = ရှောင်ကြဉ်ပါ၏။

၂။ အဒိန္နာဒါနာ = သူတစ်ပါး ပစ္စည်းကို မပေးဘဲ ခိုးယူခြင်းမှ၊ ဝေရမဏီ = ရှောင်ကြဉ်ပါ၏။

၃။ ကာမေသုမိစ္ဆာစာရာ = သူတစ်ပါး သားမယားကို ပြစ်မှား ကျူးလွန်ခြင်းမှ၊ ဝေရမဏီ = ရှောင်ကြဉ်ပါ၏။

၄။ မုသာဝါဒါ = လိမ်လည် ပြောဆိုခြင်းမှ၊ ဝေရမဏီ = ရှောင်ကြဉ်ပါ၏။

၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ = မူးယစ် မေ့လျော့စေတတ်သော အရာကို သောက်စားခြင်းမှ၊ ဝေရမဏီ = ရှောင်ကြဉ်ပါ၏။

ငါးပါးသီလသည် ရှောင်ကြဉ်မှု ငါးမျိုးကို ဖော်ပြထားသော သီလ သိက္ခာပုဒ်ဥပဒေ စည်းမျဉ်းများ ဖြစ်သည်ဟု သိနားလည်ခြင်း အပြင် ဤငါးပါးသီလ သိက္ခာပုဒ်များသည် သူတော်ကောင်းတရား ငါးပါးကိုလည်း ဖြည့်ကျင့်နေခြင်း ဖြစ်သည်ဟု နားလည် ထားသင့်တယ်။ သီလသိက္ခာပုဒ် ၅ ပါးက ရှောင်အပ်တဲ့ တရား ငါးမျိုးကို ဖော်ပြနေသော်လည်း သူတော်ကောင်း တရား ငါးပါးကတော့ ဆောင်အပ်သော တရားများကို ပြညွှန်နေတယ်။ သူတော်ကောင်းတရား ငါးပါးက မေတ္တာ၊ နိက္ခမ၊ ခန္တီ၊ သစ္စာနဲ့ သတိတို့ပဲ ဖြစ်တယ်။ မြန်မာလို ဆိုတော့ ချစ်ခင်

သနားခြင်း၊ စွန့်လွှတ်ခြင်း၊ သည်းခံခြင်း၊ မှန်ကန်ခြင်းနဲ့ မမေ့မလျော့ခြင်းတို့ပဲ ဖြစ်တယ်။ လူတစ်ယောက်ဟာ ငါးပါး ပဉ္စသီထဲက ပါဏာတိပါတကံကို စောင့်ထိန်းတယ် ဆိုပါစို့။ ဒါက ဘာကို ပွားများတာလည်း ဆိုတော့ အဒေါသ စေတနာ မေတ္တာ ပါရမီကို ပွားများအောင် ကျင့်ကြံ အားထုတ်တာပဲ ဖြစ်တယ်။ အဒိန္နဒါနာ ဆိုတဲ့ ဒုတိယ သိက္ခာပုဒ်ကိုတော့ လောဘကို ထိန်းချုပ်ပြီး တပ်မက်ခြင်းကို စွန့်တာ၊ တဏှာနဲ့ ဥပါဒါန်ကို စွန့်ပယ်တာ ဖြစ်တယ်။ တတိယ သိက္ခာပုဒ်က ကာမေသုမိစ္ဆာစာရကံကို ထိန်းတာ၊ ဒါက မိမိရဲ့ ရာဂစိတ် ဖြစ်တဲ့ ကာမဂုဏ် အာရုံ ခံစားလိုမှုကို ထိန်းချုပ်တာ၊ မိမိရဲ့ ရာဂစိတ်ကို ထိန်းချုပ်ပြီး ရတတ်သမျှနဲ့ ရောင့်ရဲအောင် နေတာ ဖြစ်တယ်။ စတုတ္ထ သိက္ခာပုဒ်က မုသာဝါဒဆိုတဲ့ မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်တာ ဖြစ်တယ်။ ဒါက ဘာလဲ ဆိုတော့ မှန်သော သစ္စာပါရမီကို ဖြည့်ကျင့်တာ ဖြစ်တယ်။ ပဉ္စမ သိက္ခာပုဒ်က အကုသိုလ် ဒုစရိုက် ဖြစ်စေတတ်တဲ့ စိတ်လှုပ်ရှား ခံစားမှုကို ထိန်းချုပ်ပြီး သတိ ဖွံ့ဖြိုး တိုးတက်အောင် ပြုစု ပျိုးထောင်တာ ဖြစ်တယ်။ ဒီလို ပါရမီ ဖြစ်စေတတ်တဲ့ သူတော်ကောင်းတရားများကို နားလည်သူဟာ ဒီငါးပါးသီလကို စောင့်ထိန်းခြင်းအားဖြင့် မိမိသည် ကိုယ့်ကိုယ်ကိုယ် ဆုတ်ယုတ်အောင် လုပ်သူ၊ မိမိကိုယ်ကို မိမိ ကဲ့ရဲ့ ပြစ်တင်သူ၊ မိမိကိုယ်ကို မိမိက ဆန့်ကျင်သူ ဖြစ်စေမှာ မဟုတ်ဘူး ဆိုတာ သိမြင်လာနိုင်တယ်။ တစ်နည်း ဆိုတော့ ကိုယ့်ကိုယ်ကိုယ် ချစ်ခင် လေးစားထိုက်သူ၊ လူရိုသေ ရှင်ရိုသေ ထိုက်သူ၊ ကြည်ညိုခံထိုက်သူ ဖြစ်စေတဲ့ ကိုယ်ရည်ကိုယ်သွေးတွေ တိုးတက် ဖြစ်ပေါ်လာအောင် လုပ်နိုင်တယ် ဆိုတာကိုလည်း နားလည် သိမြင်လာစေတယ်။ ဒီကိုယ်ရည်ကိုယ်သွေးတွေက မိမိကို အရိယာဂတိသို့ ပို့ဆောင်ပေးနိုင်တယ်။

ဗုဒ္ဓဘာသာမှာတော့ ဒီငါးပါးသီလဟာ တရားအားလုံးရဲ့ အခြေခံ အုတ်မြစ်ပဲ ဖြစ်တယ်။ ငါးပါးသီလရဲ့ ဦးတည်ချက်က ကာယကံ၊ ဝစီကံ၊ မနောကံတို့ကို ယဉ်ကျေး သိမ်မွေ့မှုကို မဖြစ်စေဘဲ ကြမ်းတမ်းမှုကိုသာ ဖြစ်စေတဲ့ ရာဂစိတ်တွေကို ပပျောက်စေဖို့ပဲ ဖြစ်တယ်။ မိမိ စိတ်ကို သမာဓိ ရအောင် ထူထောင်ချင်သူများ အတွက်လည်း ဒီငါးပါးသီလ လုံခြုံမှုဟာ မရှိမဖြစ်တဲ့ အခြေခံ လိုအပ်ချက်၊ အခြေခံ အုတ်မြစ်ပဲ ဖြစ်တယ်။ အခြေခံကျတဲ့ သီလ သိက္ခာပုဒ်တွေ မထားလို့ ရှိရင် ဘာဝနာ အလုပ်တောင်မှ မှားယွင်းတဲ့ တစ်ကိုယ်ကောင်းဆန်မှုမျိုး ဖြစ်သွားနိုင်တယ်။

## ရှစ်ပါးသီလ

ဗုဒ္ဓဘာသာကို ကိုးကွယ်သော နိုင်ငံများရှိ ဥပါသကာ၊ဥပါသိကာမတို့သည် လပြည့် လကွယ်၊ ဥပုသ်နေ့များ၌ ရှစ်ပါးသီလကို ဆောက်တည်လေ့ ရှိကြတယ်။ ဥပုသ်သည်များသည် နံနက်စောစော ဘုန်းကြီးကျောင်း၊ စေတီပုထိုး ရှိရာ အရပ်များသို့ သွားရောက်ကြပြီးလျှင် ရှစ်ပါးသီလ (ဥပေါသထသီလ) ကို ဆောက်တည်လျက် ထိုကျောင်းကန် ဇရပ် စေတီပုထိုး ရှိရာ အရပ်များတွင် သီလ၊ သမာဓိကို ထူထောင် ဆောက်တည်လျက် နေတတ်ကြတယ်။ ဥပုသ် ဆောက်တည်ကြသောအခါ ဗုဒ္ဓဘာသာဝင်များ အနေနဲ့ နေ့စဉ်ဘဝ နိစ္စဓူဝ လုပ်ကိုင်နေကျ ပစ္စည်းဥစ္စာ ရှာဖွေမှု အလုပ်များကို ရပ်နား ဖြတ်တောက်ကြပြီး လောကီကိစ္စများနှင့် စိတ်ကို ဖြတ်တောက်လျက် ကိုယ်နှုတ် နှလုံးတို့ကို ထိန်းချုပ်လျက် ငြိမ်းအေးစွာ နေကြတယ်။ ရှစ်ပါးသီလ ဆောက်တည်ကြရာမှာ ထားကြတဲ့ ရည်ရွယ်ချက်ကတော့ တိတ်ဆိတ် ငြိမ်သက်မှုနဲ့ အတူ ကိုယ်စိတ် အပန်းဖြေတဲ့ သဘော၊ စိတ်ကို ထိန်းချုပ် ပြုပြင်တဲ့ သဘော၊ ဘာဝနာကို ပွားများမှုတွေ ပြုလုပ်ကြဖို့ ဖြစ်တယ်။

ဥပုသ် ဆောက်တည်ပြီးနေတဲ့ အချိန်မှာ တချို့က ဘာသာရေး ကျမ်းဂန် စာပေများကို ဖတ်ရှု လေ့လာနေကြတယ်။ တချို့က တရားနာကြတယ်။ တချို့က ဘာဝနာ ကမ္မဋ္ဌာန်း တရားများ ပွားများကြတယ်။ ဘုန်းကြီးကျောင်း ဝေယျာဝစ္စများ လုပ်ကိုင်ပြီး ကုသိုလ် ယူကြတာလည်း ရှိတယ်။ ဥပုသ်နေ့ကို ကျော်လွန်စေပြီး နောက်ရက်ကျတော့ ဗုဒ္ဓဘာသာဝင်များဟာ ဥပုသ်သီလကို မဆောက်တည်တော့ဘဲ ငါးပါးသီလကိုသာ ခါးဝတ်ပုဆိုး ကဲ့သို့ ဆောက်တည်နိုင်အောင် ကြိုးစားကြတယ်။ ငါးပါး သီလက လောကီအလုပ်တွေကို လုပ်ရင်း ကိုင်ရင်း ဆောက်တည်ကြတဲ့ သီလပါ။ နောက်နေ့ကျတော့ အိမ်ကို ပြန်ပြီး မိမိတို့ရဲ့ နေ့စဉ် ဘဝ အလုပ်တွေကို လုပ်ကြပြန်တယ်။

ရှစ်ပါးသီလ ဆောက်တည်ရာမှာ ကြဉ်ရှောင်ကြတဲ့ သိက္ခာပုဒ်တွေက. . .

၁။ သူ့အသက်ကို သတ်ခြင်း၊

၂။ သူ့ဥစ္စာကို ခိုးခြင်း၊

၃။ မေထုန်မှီဝဲခြင်း၊

၄။ မုသားပြောဆိုခြင်း၊

၅။ အရက်သေစာ သောက်စားခြင်း၊

၆။ မွန်းလွဲပြီးနောက် အစာ စားခြင်း၊

၇။ ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ပွဲလမ်းသဘင် ကြည့်ရှုခြင်း၊ ပန်းပန်ခြင်း၊ အမွှေးနံ့သာ လိမ်းခြင်း၊

၈။ မြင့်သော မြတ်သော နေရာမှာ နေခြင်း၊

တချို့ လူတွေရဲ့ စိတ်ထဲမှာ ဒီသီလ သိက္ခာပုဒ်တွေ ထဲမှာ ပါဝင်တဲ့ အချက် အချို့ရဲ့ အကျိုးသက်ရောက်ပုံ ဘယ်လို ရှိသလဲ ဆိုတာကို နားမလည် ဖြစ်တတ်ကြတယ်။ သူတို့ စိတ်ထဲမှာ ယူဆတာက ဗုဒ္ဓဘာသာဝင်တွေဟာ ကခုန်တာတို့၊ သီဆိုတာတို့၊ တီးမှုတ်တာတို့၊ ရုပ်ရှင် ဗီဒီယို ကြည့်တာတို့၊ ရေမွှေးနံ့သာ လိမ်းခြယ်တာတို့၊ စိန်ရွှေရတနာ လက်ဝတ်လက်စား ဝတ်ဆင်တာတို့၊ စည်းစိမ်ရှိတဲ့ အရာတွေ အပေါ် နေတာ ထိုင်တာတို့ကို ဆန့်ကျင်တယ်၊ မလိုလားဘူး ဆိုပြီး ထင်တတ်ကြတယ်။ ဗုဒ္ဓဘာသာမှာ သာမန်လူ အားလုံး ဒီအရာတွေကို ရှောင်ကြဉ်ကြရမယ်လို့ တားမြစ်ထားတာ မဟုတ်ပါဘူး။ ဒီလို ဖြေဖျော်မှုတွေကို အရသာ မခံဘူး ဆိုတာက ကျင့်ကြံ ပွားများလိုတဲ့ လူပုဂ္ဂိုလ်များကသာ သီးသန့် လုပ်ဆောင်ကြတာပါ။ ဒါဟာလည်း အချိန်ပိုင်းကလေးမှာသာ ရှောင်ကြတာ ဖြစ်တယ်။ တစ်သက်လုံး အချိန်တိုင်းမှာ ရှောင်ကြတာ မဟုတ်ပါဘူး။ ဒါက ကိုယ်နှုတ်ကို စောင့်စည်း ထိန်းချုပ်တဲ့ အလေ့အကျင့် လုပ်ဖို့ အချိန်ပိုင်း ကန့်သတ်ပြီး ရှောင်ကြဉ်တာပါ။ ဒီလို ဖြေဖျော်မှုတွေ၊ ဝတ်စား ဆင်ယင်မှုတွေကို အချိန် ကန့်သတ်ပြီး ရှောင်ကြဉ်တဲ့ ရည်ရွယ်ချက်က မိမိတို့ရဲ့ ကာမဂုဏ်အာရုံတွေကို ငြိမ်သက်အောင် လုပ်တာပါ။ မိမိတို့ရဲ့ စိတ်ကို ဝတ္ထုအာရုံ ကာမဂုဏ်ချမ်းသာ အပေါ်မှာ ငြိတွယ်ခြင်း၊ တပ်မက်ခြင်း ကင်းအောင် ပြုလုပ်တာပါ။ ဒီလို ဖျော်ဖြေမှု အလုပ်တွေက လူ့ စိတ်ကို တဏှာရာဂ တိုးပွားလာအောင် လုပ်နိုင်တယ်။ ဒီလို တဏှာရာဂ စိတ်တွေ များပြားလာရင် လူသားအဖို့ မိမိရဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် အင်အားထုတ်မှု လုပ်ငန်းမှာ အတားအဆီး ဖြစ်တတ်လို့ပါ။ အခါအားလျော်စွာ မိမိရဲ့ စိတ်ကို ကိလေသာတွေ မတိုးပွားရအောင် ဖျော်ဖြေမှုတွေကို ရှောင်ကြဉ်ခြင်း အားဖြင့် လူပုဂ္ဂိုလ်အနေနဲ့ မိမိရဲ့ စိတ်ပိုင်းဆိုင်ရာ အားနည်းချက် ချွတ်ယွင်းချက် တွေကို တိုးတက် ကောင်းမွန်လာအောင် ပြုလုပ်ပြီး ကိုယ့်ကိုယ်ကိုယ် ပိုပြီး ချုပ်တည်း ထိန်းသိမ်းနိုင်စွမ်း ရှိလာပါတယ်။

ငါးပါးသီလ၊ ရှစ်ပါးသီလများကို စောင့်ထိန်းခြင်းအားဖြင့် စိတ်အား ထက်သန်လာတဲ့ စိတ်ဟာ ကုသိုလ်ကောင်းမှု ပြုတဲ့ ဘက်မှာ ပိုပြီး အားသန်လာတတ် တယ်။ ဒီလို ကောင်းမှု ကုသိုလ်ဘက်မှာ အားသန်လာတာကြောင့် ယခု မျက်မှောက် ဘဝမှာရော၊ နောင်တမလွန် ဘဝမှာပါ အကျိုးကျေးဇူးများကို ခံစားကြရတယ်။ ဒါကြောင့် လူပုဂ္ဂိုလ် တစ်ဦးဟာ ဒီသီလ သိက္ခာပုဒ်တော်များကို နားလည်မှု ရှိရှိနဲ့ မကြာခဏ စောင့်သုံး ဆောက်တည်သင့်တယ်။

## မေတ္တာ

*ယနေ့ ကမ္ဘာပေါ်မှာ အလိုအပ်ဆုံး ဖြစ်နေတာက မေတ္တာနဲ့ ချစ်ကြည် ရေးပဲ ဖြစ်တယ်။*

ယနေ့ မျက်မှောက် ကမ္ဘာမှာ ရုပ်ဝတ္ထုပစ္စည်းတွေက လုံလောက်အောင်ပဲ ပြည့်စုံ နေပြီလို့ ဆိုသင့်ပါတယ်။ အတတ်ပညာ သိပ္ပံပညာဘက်ကလည်း အံ့မခန်း ကျအောင်ပဲ တိုးတက်နေပြီ ဖြစ်တယ်။ စာပေ ပညာရှင် ထူးချွန်သူတွေ၊ ပါရမီရှင် စကားပြော ကောင်းသူတွေ၊ ဒဿန ပညာရှင်ကြီးတွေ၊ စိတ်ပညာရှင်ကြီးတွေ၊ သိပ္ပံပညာရှင်တွေ၊ ဘာသာရေး အကြံပေး ပုဂ္ဂိုလ်ကြီးတွေ၊ အံ့သြလောက်အောင် ထက်မြက်တဲ့ ကဗျာဆရာကြီးတွေ၊ သြဇာ အာဏာ ကြီးတဲ့ ခေါင်းဆောင်ကြီးတွေ လည်း မနည်းပါဘူး။ ချွတ်ယွင်းချက် တစ်ခုခုတော့ ရှိနေလို့သာ ဒီကမ္ဘာကြီးဟာ မငြိမ်းချမ်းသေးတာ ဖြစ်မယ်။ ကမ္ဘာပေါ်မှာ လုံခြုံမှု မရှိတာ ဘာလိုနေလို့လဲ။ အဲဒီလိုနေတဲ့ လစ်ဟင်းနေတဲ့ အချက်ကတော့ လူသားတွေ ကြားမှာ မေတ္တာတရားနဲ့ ချစ်ကြည်ရေး စိတ်ဓာတ်ပဲ ဖြစ်တယ်လို့ ဆိုရမှာပါ။

ပစ္စည်းဥစ္စာတွေ ပေါများ ကြွယ်ဝလာတာ တစ်ခုတည်းနဲ့တော့ ဒီကမ္ဘာကြီး မှာ ကြာရှည်ခံတဲ့ ချမ်းသာခြင်း သုခနဲ့ ငြိမ်းချမ်း သာယာခြင်းကို မရနိုင်ဘူး ဆိုတာ ထင်ရှားနေတယ်။ ငြိမ်းချမ်းခြင်း ဆိုတာက လူ့နှလုံးသားထဲမှာ အလျှင် တည်ဆောက်ကြရမည့် တရားမျိုး ဖြစ်တယ်။ ဒါမှသာ ကမ္ဘာပေါ်မှာ ငြိမ်းချမ်းခြင်း ကို လူသားတိုင်း ရရှိ ခံစားနိုင်အောင် လူတွေ လုပ်နိုင်ကြမှာပါ။ လူ့နှလုံးသားမှာ ငြိမ်းချမ်းခြင်းတရား ဖြစ်ပွား ပေါ်ပေါက်လာအောင် လုပ်ဖို့ အမှန်ကန်ဆုံး နည်းလမ်း ကတော့ ဘာသာရေး အဆုံးအမတွေကို ဘာသာရေး ဆရာကြီးတွေက ပေးကြဖို့ပဲ ဖြစ်တယ်။

မေတ္တာတရားကို လက်တွေ့ ကျင့်သုံးနိုင်ရေးအတွက် လူတစ်ဦးအနေနဲ့ ပထမဆုံး လုပ်ရမှာက အကြမ်းမဖက်တဲ့ နည်းကို သုံးဖို့ပဲ ဖြစ်တယ်။ ပြီးတော့ တစ်ကိုယ်ကောင်း စိတ်ကို ကျော်လွှားနိုင်ဖို့လည်း အသင့် ဖြစ်ရမယ်။ ပြီးတော့ မှန်ကန်တဲ့ လမ်းစဉ်ကို လူအများကို သိအောင်လည်း ပြရမယ်။ ကိုယ်ထိ လက်ရောက် တိုက်ခိုက်တာမျိုး မလုပ်ရဘူး။ ဘာကြောင့်လဲဆိုတော့ ကောက်ကျစ်စဉ်းလဲတဲ့ သဘောဟာ ကိုယ်ထဲမှာ ရှိတာ မဟုတ်ဘူး။ စိတ်ထဲမှာ ရှိတာသာ ဖြစ်တယ်။ လက်တုံ့ပြန်တာထက် ပိုပြီး မကောင်းမှုကို ကိုက်ခိုက်ရာမှာ ထိရောက်တဲ့ နည်းလမ်းကတော့ အကြမ်းမဖက်တဲ့ နည်းပဲ ဖြစ်တယ်။ လက်တုံ့ပြန်ခြင်းဟာ ကောက်ကျစ်စဉ်းလဲမှုကို ပိုပြီး တိုးပွားစေမှာသာ ဖြစ်တယ်။

မေတ္တာတရားကို လက်တွေ့ ကျင့်သုံးရာမှာ တစ်ကိုယ်ကောင်းစိတ် ကင်းရမယ်။ မေတ္တာလို့ ပြောကြပေမဲ့ ကမ္ဘာမှာ အများစုရဲ့ မေတ္တာ ဆိုတာတွေဟာ အတ္တကို အခြေခံတာက များ 'ဘယ်သူ့ကို အချစ်ဆုံးလဲ'၊ 'ဘယ်သူ့ အပေါ် မေတ္တာ အရှိဆုံးလဲ' ဆိုရင် မိမိကိုယ်မိမိ အချစ်ဆုံးပေါ့။

ခင်ပွန်းယောကျ်ားကို ချစ်တယ် ဆိုတာလည်း တကယ်တမ်းကျတော့ ကိုယ့်ကိုယ်ကိုယ် ချစ်လို့ ချစ်တာ။ ကိုယ့်အပေါ် ကောင်းတဲ့ ယောကျ်ားမို့လို့ ချစ်တာသာ ဖြစ်တယ်။ သားသမီးတွေကို မိဘက ချစ်တယ်ဆိုတာလည်း ကိုယ့်ကိုယ်ကိုယ် ချစ်လို့ ချစ်တာ၊ ကိုယ့်ကို လုပ်ကျွေး ပြုစုတဲ့ သားသမီးကို မိဘက ချစ်တာပဲ။ နတ်တွေကို ချစ်တာလည်း နတ်ကို ချစ်တာ မဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ် ချစ်တာ၊ ကိုယ့်ကို မစ စေချင်လို့ ချစ်ခင် အားကိုးကြတာပဲ ဖြစ်တယ်။ ဘယ်သူ့ကို ချစ်လို့၊ ဘယ်ဝါ့ကို ချစ်လို့မှ ချစ်တာ၊ မေတ္တာထားကြတာ မဟုတ်ဘူး။ ကိုယ့် ကိုယ်ကိုယ် ချစ်လို့ ချစ်နေကြတာသာ ဖြစ်တယ်။ ဒါကို ဒေါက်တာ ကေ၊ သီရိနန္ဒ မဟာထေရ်က ရေးသားပုံမှာ. . .

"Not out of love for the husband loved; but the husband is loved for love of self. Children are loved by the parents, not out love for the children, but for love of self. The gods are loved, not out of love for the gods, but for love for self. Not out of love is anybody loved, but for love of self are loved."

လူသားအနေနဲ့ ကိုယ်ကျိုး မပါတဲ့ မေတ္တာမျိုးကို ဘယ်ပုံဘယ်နည်း ကျင့်သုံးသင့်တယ် ဆိုတာကို လေ့လာသင်ကြားထားသင့်တယ်။ ဘာအတွက်လဲ ဆိုတော့ စစ်မှန်တဲ့ ငြိမ်းချမ်းမှုကို ထိန်းသိမ်းထားနိုင်ဖို့နဲ့ မိမိကိုယ်ရဲ့ လွတ်မြောက်

ခွင့် (ကယ်တင်ခွင့်) ကို ရဖို့ပဲ ဖြစ်တယ်။ ကိုယ့်ကိုယ်ကိုယ် သတ်သေတယ် ဆိုတာဟာ ရုပ်ခန္ဓာကို သတ်တာလိုပဲ။ တစ်ကိုယ်ကောင်းစိတ်က မိမိရဲ့ ဘာသာရေး တိုးတက်မှုကို သတ်နိုင်တယ်။ ဗုဒ္ဓဘာသာက လက်ခံ ကျင့်သုံးတဲ့ မေတ္တာတရားမှာ စိတ်လှုပ်ရှားမှုနဲ့ တစ်ကိုယ်ကောင်းစိတ် ကင်းတယ်။ ဗုဒ္ဓဘာသာက လက်ခံတဲ့ မေတ္တာတရား ဆိုတာက သန့်ရှင်း စင်ကြယ်တဲ့ နှလုံးသားက ထွန်းပလာတာမျိုး ဖြစ်တယ်။ ဘယ်က သန့်စင်တဲ့ နှလုံးသားပေါ်က မေတ္တာရောင်ခြည် ဖြာထွက်လာ သလဲဆိုတော့ ဒေါသတွေ၊ မနာလိုဝန်တိုစိတ်တွေ၊ ရက်စက်လိုမှု၊ မုန်းတီးမှု၊ ရန်ငြိုးထားမှုတွေ ပပျောက်သွားအောင် ဖယ်ရှားပစ်နိုင်တဲ့ အခါကျမှ မေတ္တာရောင် ထွန်းပြောင် တောက်ပလာနိုင်တာ ဖြစ်တယ်။ မြတ်ဗုဒ္ဓရဲ့ အလိုတော်အရ ပြောရရင် မေတ္တာသာလျှင် စိတ်ထဲက ကိလေသာ အညစ်အကြေးတွေကို သန့်စင်အောင် ပြုလုပ်ရာမှာ အထိရောက်ဆုံး နည်းလမ်း ဖြစ်တယ်။

ဒီ 'မေတ္တာ' ဆိုတဲ့ စကားလုံးဟာ ကျယ်ပြန့်လှတဲ့ လူ့အတွေ့အကြုံထဲက စိတ်လှုပ်ရှား ခံစားမှုနယ်ကို ကျယ်ပြန့်စွာ ဖုံးလွှမ်းထားနိုင်တယ်။ တိရစ္ဆာန်ရဲ့ ရာဂ စိတ်နဲ့ တူတဲ့ တခြား တစ်ယောက်အပေါ် လိင်စိတ်နဲ့ ချစ်တယ် ဆိုတာဟာ တခြားတစ်ယောက် အပေါ်မှာ ရန်လိုတဲ့ ခံစားချက်ကို မေတ္တာဆိုပြီး တလွဲ ဖော်ပြ ခြင်းသာ ဖြစ်တယ်။ ဗုဒ္ဓဘာသာမှာတော့ စိတ်လှုပ်ရှားပုံက အမျိုးမျိုး ရှိပုံကို ဖော်ပြထားတယ်။ အဲဒီစိတ်လှုပ်ရှား ခံစားမှုတွေကို 'မေတ္တာ' ဆိုတဲ့ ယေဘုယျ စကားလုံး အောက်မှာ ထည့်ထားကြတာသာ ဖြစ်တယ်။ ပထမဆုံးအနေနဲ့ ပြော ရရင် တစ်ကိုယ်ကောင်း ကိုယ်ကျိုးရှာ အချစ်နဲ့ ကိုယ်ကျိုးမဲ့ အချစ် ဆိုပြီး ခွဲလို့ ရတယ်။ ကိုယ်ကျိုးကြည့် အချစ်ဆိုတာက ကိုယ့်ရဲ့ ပေါင်းဖက်သူရဲ့ လိုအပ်ချက်နဲ့ ခံစားချက်ကို လုံးဝ ထည့်မတွက်ဘဲ ကိုယ့်စိတ် ကျေနပ်မှု တစ်ခုကိုပဲ ကြည့်ပြီး လုပ်တတ်တဲ့ အချစ်မျိုး ဖြစ်တယ်။ မနာလိုဝန်တိုခြင်း မစ္ဆရိယ သဘောဟာ ကိုယ်ကျိုးကြည့် မေတ္တာ တစ်မျိုးပဲ ဖြစ်တယ်။ တစ်နည်းအားဖြင့် ကိုယ်ကျိုးမဲ့ မေတ္တာ ဆိုတာကျတော့ တခြား တစ်ယောက် ကောင်းဖို့အတွက် ကိုယ့်အကျိုး ကိုယ့်ဘဝ တစ်ခုလုံးကို ပစ်ချပြီး လုပ်တာမျိုးပါ။ ဒီမေတ္တာမျိုးကို သားသမီးအပေါ် ထားတဲ့ မိဘမေတ္တာမှာ အကောင်းဆုံး နမူနာအဖြစ် တွေ့ကြရတယ်။ အမြဲတမ်းလို ဖြစ်တတ်တာက လူသားများရဲ့ မေတ္တာမှာ ကိုယ်ကျိုးနဲ့ သူများ အကျိုး ကြည့်တဲ့ သဘော ရောနှောနေတတ်တယ်။ ဥပမာ ပြောရရင် မိဘတွေဟာ သားသမီး အပေါ်မှာ ကြီးမားလှတဲ့ မေတ္တာမျိုး ထားတယ် ဆိုတာတောင် အပြန်အားဖြင့် မျှော်လင့်ချက်တော့ ပါသေးတာပဲ။

နောက်မေတ္တာ တစ်မျိုးက မိဘ မေတ္တာနဲ့ ဆက်နွယ်နေတဲ့ ညီအစ်ကို ချစ်ခြင်း မေတ္တာပါ။ မိတ်ဆွေ အချင်းချင်း ထားကြတဲ့ မေတ္တာမျိုးပါ။ ဒီမိတ်ဆွေ ချစ်ဆိုတာတောင် တစ်ကိုယ်ကောင်းသဘော အနည်းငယ်ထက် များပါတယ်လို့ ဆိုရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမေတ္တာဟာ လူအကန့်အသတ် အပေါ်မှာ ရွေးချယ်ပြီး ထားတဲ့ မေတ္တာမျိုး ဖြစ်နေလို့ပါ။ တစ်လောကလုံး လူသား အားလုံး အပေါ်မှာ အညီအမျှထားတဲ့ မေတ္တာမျိုး မဟုတ်လို့ပဲ ဖြစ်တယ်။

နောက်မေတ္တာ တစ်မျိုးက လိင်နဲ့ ဆိုင်တဲ့ လင်မယား မေတ္တာမျိုးပါ။ အမျိုးသားနဲ့ အမျိုးသမီးဟာ တစ်ယောက်အပေါ် တစ်ယောက် ကာမနဲ့ ဆက်စပ်ပြီး ထားတဲ့ မေတ္တာမျိုး ဖြစ်တယ်။ ဒီမေတ္တာမျိုး ဒီအချစ်မျိုးမှာ ပါတဲ့ ကာမ ရာဂ စိတ်ကို ကြွအောင် ပြုလုပ်ပြီး ခေတ်သစ် ဖျော်ဖြေရေး လုပ်ငန်းတွေက ခေါင်းပုံဖြတ် အမြတ်ထုတ်တတ်ကြတယ်။ ဒီမေတ္တာမျိုး၊ ဒီအချစ်မျိုးကို မြီးကောင်ပေါက် အရွယ်တွေမှာ ဖြစ်လာတတ်တဲ့ ရှုပ်ထွေးခြင်း မရှိသေးတဲ့ လိင်စိတ်ကနေ လူကြီးတွေမှာ ဖြစ်တတ်တဲ့ ရှုပ်ထွေးတဲ့ ရာဂစိတ်တွေ အထိ ပါဝင်နေတာ တွေ့ရတယ်။

ဒီလို မေတ္တာတွေ အားလုံးထက် ပိုမို မြင့်မြတ်တဲ့ မေတ္တာမျိုးကတော့ တစ်လောကလုံး လူသားအားလုံးအပေါ် ဆူကြုံ နိမ့်မြင့် မရွေး၊ လူမျိုး ဘာသာ မရွေး အညီအမျှ ထားတဲ့ ဘုရား ရဟန္တာ အရိယာ သူတော်စင်များရဲ့ မေတ္တာမျိုး ဖြစ်တယ်။

ဒီမေတ္တာမျိုးရဲ့ အကျိုးကျေးဇူး ကြီးလှပုံကို မြတ်ဗုဒ္ဓက ဟောတော်မူထား ခဲ့တယ်။ ဥပမာပြရရင် အလောင်းတော် သိဒ္ဓတ္ထ မင်းသားဘဝတုန်းက မြတ်ဗုဒ္ဓဟာ မိမိရဲ့ ပိုင်နက် မင်းနေပြည်ကို စွန့်တော်မူခဲ့တယ်။ မိမိရဲ့ အိမ်ထောင်စု မင်း စည်းစိမ်နဲ့ အချုပ်အခြာ အာဏာတွေ အားလုံးကို စွန့်တော်မူခဲ့တယ်။ ဘာအတွက် စွန့်တာလဲ ဆိုတော့ လူသား အားလုံးအတွက် ဒုက္ခ ချုပ်ငြိမ်း ရုပ်သိမ်းတဲ့ ဘဝ ချမ်းသာကို အားသွန်ခွန်စိုက် ရှာဖွေနိုင်ဖို့ပဲ ဖြစ်တယ်။ သဗ္ဗညုတ ဉာဏ်တော်ကို ရဖို့အတွက် အလောင်းတော်မြတ်ဟာ ဘဝပေါင်း မရေမတွက်နိုင်လောက်အောင် စွန့်ခြင်းကြီး များစွာဖြင့် ပါရမီတော်ကို ဖြည့်ဆည်းတော်မူခဲ့ရတယ်။ သာမန် လူတွေဆိုရင် ဒီလောက် ပင်ပန်း ဆင်းရဲခံ၊ အနစ်နာခံပြီး သူ တစ်ပါး အကျိုး၊ လူသား အားလုံးအတွက် မိမိ ဘဝနဲ့ ပေးဆပ်ပြီး လုပ်နိုင်မှာ မဟုတ်ပါဘူး။ ဗုဒ္ဓ ဆိုတာ ရွေးချယ် တင်မြှောက်လို့ ရတဲ့ ဘွဲ့ဂုဏ်မျိုး မဟုတ်ပါဘူး။ စွန့်ခြင်းကြီး များစွာကို စွန့်လွှတ်ပြီး စွန့်စား ဆောင်ရွက်ခဲ့လို့သာ ရတဲ့ ဂုဏ် ဖြစ်တယ်။

ဒါကြောင့်လည်း မြတ်ဗုဒ္ဓကို 'ကရုဏာတော်ရှင်ကြီး' လို့ တင်စား ခေါ်ကြရတာ ဖြစ်တယ်။ မြတ်ဗုဒ္ဓရဲ့ အတုမဲ့၊ အကန့်အသတ်မဲ့ အနန္တ မေတ္တာတော်ဟာ လူသားများ အပေါ်မှာသာ အကြွင်းနာထားတဲ့ မေတ္တာ မဟုတ်ဘူး။ သတ္တဝါအားလုံးအပေါ်မှာ ထားတဲ့ မေတ္တာ ဖြစ်တယ်။ ဒီမေတ္တာဟာ စိတ်လှုပ်ရှားမှုနဲ့ ကိုယ်ကျိုးအတ္တကို အခြေခံခဲ့တာ မဟုတ်ဘူး။ ဒါကြောင့် တခြားသော စိတ်လှုပ်ရှားမှု ပါတဲ့ မေတ္တာ၊ ကိုယ်ကျိုး ပါတဲ့ မေတ္တာမျိုးနဲ့တော့ မတူဘူး။ မြတ်ဗုဒ္ဓရဲ့ မေတ္တာတော်သည် နယ်ခြားမဲ့ မေတ္တာ ဖြစ်တယ်။ အပိုင်းအခြား အကန့်အသတ် မရှိတဲ့ မေတ္တာမျိုး ဖြစ်တယ်။ ဒါကြောင့် တစ်လောကလုံး အပေါ် လွှမ်းခြုံထားတဲ့ မေတ္တာ Universal Love မှာ စိတ်ပျက်ခြင်း၊ အားလျော့ခြင်း ဆိုတာ ဘယ်အခါမှ မရှိဘူး။ ဒေါသ မရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဆုလာဘ်ကို မျှော်ကိုးတာ မပါလို့ပဲ ဖြစ်တယ်။ စကြဝဠာ မေတ္တာကို ပျိုးထောင်သူဟာ မုဒိတာ ကိုရော၊ ဥပေက္ခာကိုရော ပွားများနိုင်တယ်။ ဒီလို မေတ္တာကို ပွားများခြင်းအားဖြင့် လည်း အမြင့်ဆုံး အမြတ်ဆုံးသော ဘဝ အခြေအနေ အရိယာ စခန်းသို့ တက်လှမ်းနိုင်တယ်။

'မြတ်ဗုဒ္ဓရဲ့ လမ်းရိုးဟောင်း' 'The Buddhas' Ancient Path' ဆိုတဲ့ စာအုပ်ထဲမှာ အရှင်ပီယဒဿီ ဆိုထားတာက. . . 'မေတ္တာသည် ရှင်သန်နေတဲ့ စွမ်းအား တစ်ခု ဖြစ်တယ်။ မေတ္တာကို အခြေခံတဲ့ အပြုအမူတိုင်းဟာ အစွန်းအထင်း မရှိတဲ့ စိတ်ဓာတ်နဲ့ သူများကို ကူညီဖို့၊ မစဖို့၊ အားရွှင်လန်းစေဖို့၊ သူတစ်ပါးရဲ့ ဘဝလမ်းသာဖို့၊ ဆင်းရဲခြင်းဒုက္ခကို အောင်နိုင်အောင် အားထုတ်ရာမှာ ချောမွေ့စေဖို့၊ အမြင့်ဆုံးသော ဘဝကောင်းကျိုး ခံစားရစေဖို့ စေတနာကို အခြေခံပြီး ပြုလုပ်တာ ဖြစ်တယ်'။

မေတ္တာကို ပွားများပြီး ဖွံ့ဖြိုး တိုးတက်အောင် ပြုလုပ်ပုံ နည်းလမ်းကတော့ ဒေါသ အမုန်းတရား အပေါ် ဆင်ခြင် သုံးသပ်တတ်ဖို့ပဲ ဖြစ်တယ်။ အဒေါသ စေတနာရဲ့ ကောင်းကျိုးပေးမှု သဘောတွေ အပေါ် နားလည်ဖို့ပဲ ဖြစ်တယ်။ မုချ မှန်ကန်ခြင်း သဘော အရ၊ ကံ ကံ၏ အကျိုး သဘောတရား အရ၊ ဒီလောကမှာ ဖြင့် မုန်းတီးစရာ ဘာမျှ မရှိပါကလား ဆိုတာကို ဆင်ခြင် နားလည်နိုင်စွမ်း ရှိဖို့ပဲ လိုတယ်။ ဒါဆိုရင် မုန်းတီးခြင်း၊ ဒေါသဖြစ်ခြင်း ဆိုတာ ပိုပြီး မှောင်မိုက်ခြင်းကို ဖြစ်စေတတ်တဲ့ တရားပါကလား။ ရူးသွပ် မိုက်မဲခြင်း တစ်မျိုးပဲ ဆိုတာ ဒီတရားက သမ္မာဒိဋ္ဌိ အမြင်မှန်ကို ပိတ်ပင် ဖျက်ဆီးတတ်တဲ့ တရားပါကလား ဆိုတာ ဆင်ခြင် သိမြင်နိုင်ဖို့ လိုတယ်။

အမုန်းတရားက တားဆီး ချုပ်ချယ်တယ်။ မေတ္တာက လွတ်မြောက်စေတယ်။ အမုန်းက ဆုတ်ယုတ်စေတယ်။ မေတ္တာကတော့ အခွင့်အလမ်း သာစေတယ်။ အမုန်းက ထကြွအောင် လှုံ့ဆော်တယ်။ မေတ္တာက ငြိမ်သက်အောင် ပြုတယ်။ အမုန်းက ခွဲခြားတယ်။ မေတ္တာက ညီညွတ်အောင် ပေါင်းစည်းစေတယ်။ အမုန်းက ခက်ထန် ကြမ်းတမ်းစေတယ်။ မေတ္တာက နူးညံ့ သိမ်မွေ့စေတယ်။ အမုန်းက တားဆီး ပိတ်ပင်တယ်။ မေတ္တာက ကူညီ ရိုင်းပင်းတယ်။ ဒီနည်းအားဖြင့် အမုန်းတရားရဲ့ ရလဒ်က အပြစ်များပုံကို မှန်ကန်စွာ စဉ်းစား ဆင်ခြင်ပြီး မေတ္တာရဲ့ အကျိုးကျေးဇူး များပုံကိုလည်း နှလုံးသွင်းကြရင်ဖြင့် မေတ္တာကို ပွားများရန် သင့်ကြောင်းကို နားလည် သဘောပေါက်နိုင်တယ်။

မေတ္တသုတ်မှာ မြတ်ဗုဒ္ဓ ရှင်တော်ဘုရားက ဗုဒ္ဓဘာသာက လက်ခံထားတဲ့ မေတ္တာ သဘောကို ထုတ်ဖော် ဟောကြားတော်မူထားတယ်။ ‘မိခင်သည် တစ်ဦးတည်းသော သားကို မိမိ အသက်ကို စွန့်၍ စောင့်ရှောက်သကဲ့သို့ လူသားအားလုံးရဲ့ အကျိုးကို ဆောင်ရွက်ဖို့ အတွက် မိမိရဲ့ နှလုံးသား ကြီးကျယ် မြင့်မြတ်လာအောင် ပြုစု ပျိုးထောင်သင့်တယ်။ စကြဝဠာ တစ်ခုလုံးကို လွှမ်းခြုံ ရစ်ပတ်တဲ့ မေတ္တာစာတ်ကို ဝဲ ယာ၊ ရှေ့ နောက်၊ ထက် အောက် အရပ် ဆယ် မျက်နှာသို့ ဖြန့်ကြက်ရာမှာ အမုန်းကင်းစွာ၊ ရန်လိုမှု ကင်းစွာသာလျှင် ပျံ့နှံ့စေရမယ်’ လို့ ဟောကြားတော်မူထားခြင်း ဖြစ်တယ်။

## စွန့်ကြဲခြင်း အစစ် (၈၇)

*တစ်စုံတစ်ခု ပြန်လည် ရလိုခြင်း မျှော်လင့်ချက် မပါဘဲ စွန့်ကြဲခြင်းကိုသာ စွန့်ကြဲခြင်း အစစ်ဟု ဆိုရမည်။*

စွန့်ကြဲခြင်း အမှန်၏ အနှစ်သာရ သဘောမှာ တစ်စုံတစ်ရာ လာဘ်လာဘ မျှော်လင့် တောင့်တခြင်း မပါဘဲ ပေးကမ်း စွန့်ကြဲခြင်းကိုသာ ခေါ်သည်ဟု မှတ်ယူသင့်တယ်။ အကယ်၍ ဒါနကို ပြုလုပ်ရာ၌ အပြန်အလှန်အားဖြင့် လာဘ်လာဘ တစ်စုံတစ်ခု ရလိုမှုဖြင့် ပြုလုပ်ပါက ထိုသို့ ပြုလုပ်ခြင်းသည် ပစ္စည်းချင်း ဖလှယ်သော အရောင်းအဝယ် ပြုလုပ်မှုမျိုး ဖြစ်သွားသည်။ ဒါန စွန့်ကြဲ ပေးကမ်းခြင်း မပာတ်နိုင်တော့ပါ။ ဒါန ပြုသော သူ၏ စွန့်ကြဲမှုသည် စွန့်ကြဲခြင်း ခံရသူတို့၏

စိတ်ထဲတွင် ကြွေး တစ်ခု တင်သွားပြီဟု ခံစားလိုက်ခြင်းမျိုး မဖြစ်စေသင့်။ သို့မဟုတ် ဒါနကို ပြုခြင်းဖြင့် အလှူခံသူအပေါ် ဩဇာလွှမ်းမိုးမှု ရရှိအောင် ဆောင်ရွက်ခြင်းမျိုးလည်း မဖြစ်စေသင့်။ ကုန်ကုန် ပြောရလျှင် ဒါန ပြုခြင်းဖြင့် ကျေးဇူးတင်ခံလိုမှုမျိုးပင် မဖြစ်သင့်ပါ။ အဘယ်ကြောင့်ဆိုလျှင် လူများစွာတို့သည် ကျေးဇူးတရားကို မေ့လွယ်တက်သောကြောင့် ဖြစ်ပါတယ်။ ဒါနမှု အစစ်ကတော့ ကုသိုလ် ဖြစ်တယ်။ ဒါနပြုရာမှာ သံယောဇဉ် အမျှင်တန်းခြင်း မရှိဘူး။ လှူသော ပုဂ္ဂိုလ်ရော၊ အလှူခံ ပုဂ္ဂိုလ်ရော လွတ်လပ်ခြင်း ရှိကြတယ်။ ဘယ်ဘာသာကြီးများမှာမဆို ဒါနရဲ့ ကောင်းမှု ကုသိုလ်ကို ချီးမြှောက်တတ်ကြတာချည်း ဖြစ်တယ်။ မိမိအတွက် အသက်မွေးမှု ပြည့်စုံ ဖူလုံကြသူတွေဟာ သူတို့ရဲ့ ရက်ရောတဲ့ စေတနာကို လိုအပ်နေတဲ့ နေရာတွေဆီ လက်ဆန့်တန်းပြီး ပေးကမ်း စွန့်ကြဲကြတာ ဖြစ်တယ်။ တချို့ လူတွေက စွန့်ကြဲ ပေးကမ်းတာမှာ သူတို့ ကိုးကွယ်တဲ့ ဘာသာထဲကို ဝင်လာအောင်၊ အယူပြောင်းအောင် ဆွဲဆောင်ဖို့အတွက် လာဘ်လာဘနဲ့ မျှားတဲ့ သဘောမျိုး ပြုတတ်ကြတာလည်း ရှိတယ်။ အဲဒီလို မျှော်ကိုးပြီး လှူတယ်။ ပေးကမ်း စွန့်ကြဲတာမျိုးကျတော့ စွန့်ကြဲခြင်း အစစ်အမှန်လို့ ပြောလို့ မဖြစ်ဘူး။

ဒါန ပြုကြတဲ့အခါ စွန့်ကြဲခြင်း အမှုကို ကာယကံမြောက် ပြုကျင့်ရုံမျှမက နှလုံးသားထဲ စိတ်ထဲကပါ ရက်ရက်ရောရော ပေးကမ်း စွန့်ကြဲသင့်တယ်။ စွန့်ကြဲရခြင်း အတွက် ဝမ်းမြောက်ပမ်းသာ ဖြစ်ရမယ်။ ဒီနေရာမှာ သာမန် ပေးကမ်း ကူညီတာနဲ့ ဒါနပေး စွန့်ကြဲတာကို ခွဲခြားထားဖို့လည်း လိုတယ်။ ရိုးရိုး ပေးကမ်း ထောက်ပံ့ရာမှာ ထားတာက မိမိ ထောက်ပံ့ ပေးကမ်းရမည့် လူမှာ လိုအပ်နေတာကို သိပြီး သနားလို့ ကရုဏာသက်ပြီး အကူအညီ ပေးတာ ဖြစ်တယ်။ (အငတ်ဘေး ကြုံတွေ့နေသူတွေကို ကုလသမဂ္ဂက အစားအစာ ပေးကမ်း ထောက်ပံ့တာက လူမှုရေး အကူအညီ ပေးတာ၊ ဒါန မဟုတ်ဘူး) ဒါန ပြုတယ် ဆိုတာက မိမိရဲ့ စိတ်ထဲက တဏှာ မာနတွေကို ပယ်သတ်တဲ့ သဘောနဲ့ မိမိ တပ်မက် နှစ်သက်တဲ့ အရာကို စွန့်လွှတ်လိုက်တာ ဖြစ်လို့ မိမိရဲ့ စိတ်ဓာတ်ရေးရာ ဖွံ့ဖြိုးမှုနဲ့ ပညာကို အခြေခံတာ ဖြစ်တယ်။ ဒါနဟာ ပြုတတ်သူမှာ ပါရမီ ထိုက်တယ်။ ဗုဒ္ဓဘာသာတိုင်း ဒါနကို အရေးကြီးတဲ့ ဂုဏ်သတ္တိ တစ်ခုအဖြစ် ပညာသဘောနဲ့ နားလည်သင့်တယ်။ ပါရမီ ဆယ်ပါးမှာ ဒါနဟာ ပထမဆုံးဖြည့်ကျင့်ရတဲ့ ပါရမီဖြစ်တယ်။ မြတ်ဗုဒ္ဓဟာ အတိတ်ဘဝ များစွာမှာ သဗ္ဗညုတ ဉာဏ်ရဲ့ အထောက်အပံ့အဖြစ်နဲ့ ဒါန ပါရမီတော်ကို အကြိမ် များစွာ ဖြည့်ကျင့်တော်မူခဲ့ရတယ်။ ရတနာ သုံးပါးရဲ့ ဂုဏ်ကျေးဇူးကို နားလည် သဘောပေါက်ခြင်းဖြင့် ဒါနကို ပြုသင့်တယ်။

လူမှာ ပေးကမ်း စွန့်ကြဲနိုင်တာတွေ အများကြီး ရှိပါတယ်။ ရုပ်ဝတ္ထု ပစ္စည်းတွေကိုလည်း ပေးကမ်း စွန့်ကြဲနိုင်တာပဲ။ ငတ်မွတ်နေသူကို အစားအစာဖြင့် ပေးကမ်း စွန့်ကြဲနိုင်တယ်။ ဆင်းရဲသား သူတောင်းစားကို အဝတ်အထည်၊ ဝတ္ထုငွေတွေနဲ့လည်း ပေးကမ်း စွန့်ကြဲနိုင်တယ်။ အသိပညာ ကျွမ်းကျင် လိမ္မာမှုနဲ့ ပညာဒါနကိုလည်း ပြုနိုင်တာပဲ။ ကာယအား၊ ဉာဏအား၊ ဓနအားတွေနဲ့ ဒါနကို ပြုနိုင်တာ ချည်းပါ။

ဒုက္ခ ရောက်နေတဲ့ မိတ်ဆွေတွေကို အားပေးစကားတွေနဲ့လည်း ပေးကမ်း စွန့်ကြဲနိုင်တယ်။ တခြားသော သတ္တဝါတွေကို သတ်ဖြတ်ခြင်းအား ရှောင်ကြဉ်ခြင်းဖြင့်လည်း အားကိုးရာမဲ့ သတ္တဝါတွေရဲ့ ဇီဝိတဒါနကိုလည်း ပြုလို့ရတာပဲ။ မဟုတ်ရင် အသတ်ခံရတော့မယ့် သတ္တဝါကို မိမိက ဝယ်ယူပြီး ဘေးမဲ့ပေးတာမျိုး ဖြစ်တယ်။

မိမိရဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းကို လိုအပ်နေသူများအတွက် ပေးကမ်း စွန့်ကြဲတာဟာလည်း ဒါနပါရမီ မည်တယ်။ ဥပမာ သွေးလှူတာမျိုး၊ မျက်လုံးလှူတာ၊ ကျောက်ကပ်လှူတာ စသည် ဖြစ်ပါတယ်။ တချို့ အလောင်းတော်များကျတော့ မဟာကရုဏာတရားကြောင့် မိမိ အသက်ကိုပင် ပဓာနမထားဘဲ စွန့်လွှတ်ပေးလှူတာမျိုးတောင် ရှိပါတယ်။ ဘုရားအလောင်းတော်ရဲ့ နိပါတ်တော်တွေထဲမှာ မိမိရဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းကို ပေးလှူတာ အကြိမ် များစွာ ရှိခဲ့ပါတယ်။ သူများအတွက် အသက်ရှင်အောင် မိမိက အသက်ကို စွန့်လွှတ်ပြီး မဟာကရုဏာတော်ကြောင့် လှူဒါန်းခဲ့တာတောင် ရှိတယ်။

မြတ်ဗုဒ္ဓရဲ့ ကရုဏာတော်ဖြင့် ပေးလှူ စွန့်ကြဲခဲ့တဲ့ ဒါနတွေထဲမှာဖြင့် အမြင့်ဆုံး အမြတ်ဆုံး ဒါနကတော့ သူ လူသားများအတွက် ဟောကြားခဲ့တဲ့ ဓမ္မဒါနပဲ ဖြစ်တယ်။ ဒီဒါနက လူသားအားလုံးကို ဒုက္ခ ခပ်သိမ်းက လွတ်မြောက်ရေး အတွက် အထောက်အပံ့ ပေးနိုင်ပါတယ်။ ဒီဓမ္မဒါနဟာ လူ တစ်ယောက်ရဲ့ ဘဝကိုတောင် ပြောင်းလဲသွားအောင် လုပ်နိုင်တဲ့ အစွမ်းသတ္တိ ရှိတယ်။ ဓမ္မကို သန့်စင်တဲ့ စိတ်ထား နှလုံးသားနဲ့ လက်ခံနိုင်သူဟာ သစ္စာတရားကို ကျင့်ကြံ ပွားများခြင်းအားဖြင့် သူ့ဘဝ ပြောင်းလဲသွားအောင် မုချ ပြုလုပ်နိုင်တယ်။ မအောင်မြင်ဘူးဆိုတာ မရှိပါဘူး။ သူဟာ အလွန် ကြီးကျယ်တဲ့ ချမ်းသာခြင်း သုခကို ခံစားရမယ်။ သူ့ နှလုံးသားမှာ ပျော်ရွှင်ခြင်းနဲ့ ငြိမ်းချမ်းခြင်းတွေ တည်ကိန်းမယ်။ သူဟာ တစ်ကြိမ်တစ်ခါက ရက်စက်ကြမ်းကြုတ်ဖူးရင် သူဟာ ဓမ္မကြောင့် နူးညံ့ သိမ်မွေ့ သွားမယ်။ သနားကရုဏာ ကြီးမားသူ ဖြစ်သွားမယ်။ တစ်ကြိမ်တစ်ခါက ရန်ငြိုးဖွဲ့တတ်သူလည်း ခွင့်လွှတ်တတ်သူ ဖြစ်သွားမယ်။ ဓမ္မကြောင့် မုန်းတတ်သူဟာ

ကြင်နာတတ်သူ ဖြစ်လာနိုင်တယ်။ လောဘကြီးသူဟာ ရက်ရက်ရောရော ပေးကမ်း စွန့်ကြဲသူ ဖြစ်လာတယ်။ ဆောက်တည်ရာမဲ့ ဖြစ်နေသူလည်း ဓမ္မကြောင့် ပိုပြီး စင်ကြယ်သူ၊ ငြိမ်းအေးသူ ဖြစ်လာတယ်။ ဓမ္မကို စမ်းသပ် ကြည့်ရင် ထိုသူဟာ ခုဘဝမှာသာ ချမ်းသာသုခကို ခံစားရရုံမျှမက၊ နောင်ဘဝများစွာမှာလည်း နိဗ္ဗာန် မင်္ဂဖိုလ် ရသည့်တိုင်အောင် ချမ်းသာသုခတွေကို ခံစားရမှာ ဖြစ်ပါတယ်။

## တိရစ္ဆာန်များအပေါ်မှာထားတဲ့ ဗုဒ္ဓဘာသာဝင်များရဲ့ သဘောထား

*တိရစ္ဆာန်တွေကို လူတွေအတွက် စားဖို့ တစ်စုံတစ်ဦးက ဖန်ဆင်းထားတာ ဖြစ်တယ်လို့ ကျွန်ုပ်တို့ ယုံကြည်ကြလျှင် လူတွေကိုလည်း တချို့သော သားစား သတ္တဝါတွေ အတွက် စားဖို့ ဖန်ဆင်းထားတာ ဖြစ်တယ်လို့ ယုံကြည်ရတော့မှာပေါ့။*

တိရစ္ဆာန်တွေဟာ ပစ္စုပ္ပန်ကိုပဲ သိတယ်လို့ ပြောဆိုလေ့ ရှိပါတယ်။ တိရစ္ဆာန်တွေက အတိတ်ကိုလည်း ကြောင့်ကြမစိုက်ဘူး။ အနာဂတ်ကိုလည်း ကြောင့်ကြစိုက်ပြီး မမျှော်လင့်တတ်ကြဘူး။ ဒီအတိုင်းပဲ တချို့ကလေးတွေဟာလည်း အနာဂတ်နဲ့ ပတ်သက်ပြီး အကြံအစည် အယူအဆတွေ မထားတတ်ကြဘူး။ သူတို့လည်း ပစ္စုပ္ပန်မှာပဲ နေတတ်ကြတယ်။ သူတို့ရဲ့ အောက်မေ့ပြီး ဆင်ခြင် သုံးသပ်တဲ့ ဉာဏ်တွေ ဖွံ့ဖြိုးလာတဲ့ အထိပေါ့။

လူမှာ ဆင်ခြင်ဉာဏ်ကို အစိုးရတဲ့ ဣန္ဒြေ ရှိတယ်။ ပညိန္ဒြေ ရှိတယ်။ လူနဲ့ တိရစ္ဆာန်ကြားမှာ ကွာဟချက်က လူသား အနေနဲ့ သူ့ရဲ့ ဉာဏ်ပညာကို ဖွံ့ဖြိုး တိုးတက်အောင် စွမ်းဆောင်နိုင်တယ်။ ပြီးတော့ မိမိ ဉာဏ် ရှိသလိုလည်း စွမ်းဆောင်နိုင်စွမ်း ရှိတယ်။ ဗုဒ္ဓဘာသာ အနေနဲ့ တိရစ္ဆာန်မှာလည်း ဗီဇ အသိအပြင် အထိုက်အလျောက် ဆင်ခြင်ဉာဏ် ရှိတယ် ဆိုတာကိုလည်း လက်ခံထားတယ်။ တိရစ္ဆာန်မှာလည်း အတွေးဉာဏ် နည်းနည်းကျဉ်းကျဉ်း ရှိတယ်။ လူမှာက ဆင်ခြင် တိုင်းထွာတတ်တဲ့ အစွမ်း ရှိတယ်။ ဣန္ဒြေ ရှိတယ်။ ခွေးလို တချို့ တိရစ္ဆာန်တွေမှာ လူထက်တောင်သာတဲ့ အာရုံ ထူးခြားမှုတွေ ရှိတယ်။ ခွေးဆိုရင် နားကြားတာ အလွန် ရှင်သန်တယ်။ တချို့ ပုရွက်ဆိတ်လို ပိုးမွှားကောင်ကလေး

တွေကျတော့ အလွန် ထက်မြက်တဲ့ အနံ့အာရုံကို ထူးထူးခြားခြား အဝေးကြီးက နေပြီး သိတယ်။ သိမ်းငှက်တွေကျတော့ သိပ်ပြီး လျင်မြန်တဲ့ အဟုန်နဲ့ ပျံသန်းနိုင်တယ်။ လင်းယုန်ကျတော့ အလွန် ဝေးတဲ့ အမြင့်က နေပြီး မြေပြင်ပေါ်က သေးငယ်တဲ့ ကြွက်လို မြွေလို သတ္တဝါကလေးတွေကို မြင်နိုင်တယ်။

မှန်ပါတယ်။ လူသားကျတော့ ဒီတိရစ္ဆာန်တွေလောက် အာရုံခံတာ မကောင်းပေမဲ့ ဉာဏ်ကျတော့ အဆမတန် အလွန် ကောင်းမွန်တယ်။ ဉာဏ်သာတယ်သာဆိုရတာပါ တကယ်တမ်းကျတော့ ပုရွက်ဆိတ်ကလေးတွေ၊ ပျားကောင်ကလေးတွေဆီက လူတွေ လေ့လာ သင်ယူစရာတွေ အလွန် များပါတယ်။ တိရစ္ဆာန် အတော်များများရဲ့ သဘော သဘာဝတွေဟာ လူ့ကိုယ်ထဲမှာလည်း ရှိတာပါပဲ။ ဒါပေမဲ့ လူကတော့ တိရစ္ဆာန်ထက် သာတာ များပါတယ်။ လူမှာ ထူးခြားတာက သူ့ရဲ့ဘာသာရေးနဲ့ ဆိုင်တဲ့ ဉာဏ်ထူး ရအောင် လုပ်နိုင်တဲ့ စွမ်းရည် ရှိခြင်းပဲ ဖြစ်တယ်။

ဗုဒ္ဓဘာသာက လက်မခံတာက တိရစ္ဆာန်တွေကို တန်ခိုးတော်ရှင် တစ်စုံတစ်ယောက်က လူသားတွေ သတ်ဖြတ် စားဖို့ အတွက် ဖန်ဆင်းထားတာ ဖြစ်တယ်ဆိုတဲ့ အယူဝါဒကို လုံးဝ လက်မခံဘူး။ တိရစ္ဆာန်တွေကို လူတွေ စားဖို့ ဖန်ဆင်းတယ်လို့ ဆိုရင် လူတွေကိုလည်း အသားစား တောရိုင်းသတ္တဝါတွေ စားဖို့ဖန်ဆင်းထားတာပဲ ဖြစ်ရမယ်လို့ စဉ်းစားသင့်တာပေါ့။ ဘာဖြစ်လို့လဲ ဆိုတော့ကျား၊ ခြင်္သေ့တွေဟာ လူသားကို စားတာပဲဟာ။

ဗုဒ္ဓဘာသာဝင်တွေကို သက်ရှိသတ္တဝါတွေ အပေါ်ကို မေတ္တာထား ဆက်ဆံကြဖို့ကိုသာ အားပေးပါတယ်။ လူကိုပဲ လူက ချစ်ခင်အပ်တယ်။ မေတ္တာ ထားအပ်တယ်လို့ မဟောပါဘူး။ လူသားတိုင်းဟာ သက်ရှိသတ္တဝါတွေပေါ်မှာ မေတ္တာထားသင့်တယ်။ မြတ်ဗုဒ္ဓက လူသားဟာ သက်ရှိ သတ္တဝါတွေ အားလုံးအပေါ်မေတ္တာ ထားကြဖို့ကို ဆုံးမတော်မူတယ်။ ဘာကြောင့်လဲဆိုတော့ သက်ရှိ သတ္တဝါတိုင်းမှာ အသက်ရှင်ပြီး နေနိုင်ခွင့် ဆိုတဲ့ သတ္တဝါ အခွင့်အရေး ရှိတယ်လို့ ရှုမြင်သဘော ထားတော်မူတယ်။ လူတွေမှာလိုပဲ တိရစ္ဆာန်တွေမှာလည်း ကြောက်စိတ်ရှိတယ်။ ဒုက္ခ ခံစားတတ်တဲ့ သဘောရှိတယ်။ ဒါကြောင့် တိရစ္ဆာန်တွေကိုသတ်ဖြတ်တာဟာလည်း ကိုယ်ကျင့်တရား သဘောအရ မှားတယ်။ လူသား အနေနဲ့မိမိတို့ရဲ့ ဉာဏ်ပညာနဲ့ အင်အားကို တလွဲ အသုံးပြုပြီး သတ္တဝါတွေရဲ့ အသက်ကိုမဖျက်ဆီးသင့်ဘူး။ တိရစ္ဆာန်တွေက တစ်ခါတစ်ရံ လူတွေကို အနှောင့်အယှက်ဖြစ်အောင် လုပ်တတ်ပေမဲ့ လူသားအနေနဲ့ တိရစ္ဆာန်အပေါ် ရန်ငြိုးထားပြီး

သတ်ဖြတ်တာမျိုးလည်း မလုပ်သင့်ဘူး။ တိရစ္ဆာန်တွေ အပေါ် ကြင်နာ သနားတဲ့ စိတ်နဲ့ ဆက်ဆံ သင့်တယ်။ တိရစ္ဆာန်တွေ အပေါ် ဖျက်ဆီး သတ်ဖြတ်မှု ပြုကြရင် ဒီသတ္တဝါတွေ မျိုးတုံးကုန်နိုင်ကြတယ်။ ဒီလောကကြီး တည်နေနိုင်အောင် သတ္တဝါ တိုင်းဟာ သူ့နည်းနဲ့သူ အကျိုးပြုနေကြတာ ဖြစ်တယ်။ ဒါကြောင့် လူသားအနေနဲ့ သူတို့ ခမျာများရဲ့ အသက်ရှင်နေခွင့်ကို ပယ်ဖြတ်လိုက်ကြမယ်ဆိုရင် မတရားပါဘူး။

ဒီ၊ ရွမ်း*က သူ့ရဲ့ ဆင်ခြင်ဉာဏ် လက်စွဲကျမ်းမှာ ဆိုထားတာက ကျွန်ုပ်တို့ သည် တိရစ္ဆာန်များအပေါ် စနစ်တကျ သတ်ဖြတ်ပြီး ငမ်းငမ်းတက် စားနေကြရင် တစ်ခါတလေ အစိမ်း စားတယ်။ အများအားဖြင့် ချက်ပြုတ်စားနေကြရင် ကိုယ်ကျင့်သီလ ရှိတယ်လို့ ပြောဖို့ ခက်ခဲပါတယ်။ တချို့ ယောကျ်ား မိန်းမများဟာ မြင်းချစ်၊ ကြောင်ချစ်၊ ခွေးချစ်တတ်လို့ ဆိုပြီး ယုယ ပိုက်ထွေးလုပ်ကြသော်လည်း သားသမင်တွေ၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်တွေကျတော့ လည်ကို လှီးဖြတ်ပြီး အသွေးကိုရော၊ အသားကိုပါ အငမ်းမရ စျေးကြီးပေးပြီးတောင် ဝယ်ပြီး စားသောက် နေကြတယ်။ ဒါဆိုရင် သူတို့ အမြတ်တနိုး ထားပြီး ချစ်ခင်နေကြတဲ့ မြင်းက သားသမင်ထက် မြတ်တယ်လို့ ဘယ်သူ ပြောနိုင်ပါ့မလဲ။ တချို့ လူတွေကျတော့ နွားကိုတော့ အလုပ်ခိုင်းတဲ့ သတ္တဝါအဖြစ် မွေးပြီး ကြောင်တွေ၊ ခွေးတွေကို စားနေကြတာလည်း ရှိတယ်။

တချို့များ အိမ်မွေး ငှက်ကလေး တစ်ကောင် ရွှေငါးကလေး တစ်ကောင် သေရင် ငိုကြွေးကြတာတောင် ရှိကြသေးတယ်။ တခြား လူတွေကျတော့ ခရီး အဝေးကြီးထိ သွားပြီး ငါးမျှားသူတွေ၊ အမဲလိုက်နေသူတွေ၊ ငှက်ပစ်သူတွေဟာ ငါးမျှားတာ၊ ငှက်ပစ်တာ၊ အမဲလိုက်တာကို အပျော်ကစားတာ ဆိုပြီး လုပ်နေကြတာ တွေ့ရတယ်။ တချို့က တောထဲတောင်ထဲ သွားပြီး အမဲပစ်ကြတယ်။ တချို့ကျတော့ အဲဒီ တိရစ္ဆာန်တွေကိုပဲ အိမ်မွေးတိရစ္ဆာန်ကလေးတွေ အဖြစ်နဲ့ မွေးနေကြပြန်တယ်။

တချို့က ရာသီဥတုကို သိဖို့အတွက် ဆိုပြီး ဖားမွေးကြတာလည်း ရှိတယ်။ တခြားလူတွေက ဖားကို ရင်ခွဲ လက်ခြေ ဖြတ်ပြီး မီးကင် ကျပ်တိုက် စားနေကြ ပြန်ရော။ တချို့ လူများက ငှက်ကလေးတွေကို ရွှေချိုင့်ကလေးထဲ ထည့်မွေးတယ်။ တခြားလူတွေကျတော့ နံနက်စာအဖြစ် ကြော်လှော်စားကြပြန်တယ်။ တော်တော် ရှုပ်ထွေးတဲ့ ကိစ္စပါ။ လောကမှာ လူလူချင်း ထိုးကြိတ် သတ်ပုတ်တာကို အားကစား ဆိုပြီး လုပ်နေကြတာလည်း ရှိတယ်။ တိရစ္ဆာန်တွေ အပေါ်ကျတော့ ထားတဲ့ သူ့သီလကို အချိန် ပေးပြီး စဉ်းစားဖော် မရဘူး။

* D. Rumes, Handbook of Reason

ဘာသာတရားတိုင်းမှာတော့ လူလူချင်း မေတ္တာ ထားဖို့ အတွက် ဟောကြားထားတာ များပါတယ်။ တချို့ဘာသာများကျတော့ လူ အချင်းချင်းမှာ တောင် မိမိတို့ ကိုးကွယ်တဲ့ ဘာသာတူချင်း အပေါ်မှာသာ ပိုပြီး မေတ္တာ ထားရမည်လို့ ဟောထားတာများတောင် ရှိတယ်။ ဗုဒ္ဓဘာသာကျတော့ ကိုယ့်ဘာသာဝင် ကိုမှ ပိုပြီး မေတ္တာ ထားဖို့လည်း မဟောဘူး။ လူအချင်းချင်း သာမက သက်ရှိ သတ္တဝါ အားလုံး အပေါ်မှာ အညီအမျှ မေတ္တာ ထားရမယ်လို့ပဲ ဟောတော်မူတယ်။ ဘယ်သတ္တဝါကို သတ်ဖြတ်တာပဲ ဖြစ်ဖြစ် လောကကြီးရဲ့ သမ မျှတတဲ့ သဘောကို နှောင့်ယှက် ဖျက်ဆီးရာ ကျတယ်လို့ ယူဆတယ်။

သို့ရာတွင် မြတ်ဗုဒ္ဓသည် ရက်စက် ကြမ်းကြုတ်မှုကို ဆန့်ကျင်ကြောင်း ဟောကြား ဆုံးမတော်မူရာတွင် အလွန် ရှင်းလင်း ပြတ်သားတော်မူတယ်။ တစ်နေ့သ၌ ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် လူတစ်ဦး တိရစ္ဆာန်ကောင် သတ်ဖြတ်ပြီး ယဇ်ပူဇော်ဖို့ ပြင်ဆင်နေတာကို မြင်တွေ့တော်မူတယ်။ မြတ်စွာဘုရားက ဒီအပြစ်ကင်းတဲ့ တိရစ္ဆာန်ကောင်ကလေးကို ဘာကြောင့် သတ်ချင်တာလဲလို့ မေးမြန်းတော်မူတဲ့အခါ ယဇ်ပွဲ ပြင်နေသူက သူ ကိုးကွယ်နေတဲ့ နတ်တွေ ကျေနပ်အောင် သဘောကျ နှစ်ခြိုက်အောင်လို့ ပူဇော် ပသနေတာ ဖြစ်ကြောင်း ပြန်ပြီး လျှောက်ထားပါတယ်။ ဒီအခါ မြတ်ဗုဒ္ဓက ဒါဆိုရင် ငါဘုရားကို သတ်ပြီးသာ ပူဇော်လိုက်ပါ။ တိရစ္ဆာန်နဲ့ စာရင် လူက ပိုပြီး တန်ဖိုး ရှိတာကြောင့် သင် ကိုးကွယ်တဲ့ နတ်က ပိုသဘောကျမှာပေါ့လို့ မိန့်တော်မူသတဲ့။

လူသားတွေ အနေနဲ့ တိရစ္ဆာန်ကောင် အပေါ် ကြမ်းကြုတ် ရက်စက်စွာ သတ်ဖြတ် စားသောက်နေကြတာဟာ သူ့ရဲ့ အထိန်းမဲ့ လောဘ နောက်တစ်နည်း ဖော်ပြတာပဲ ဖြစ်တယ်။ ယခုအခါ ကျွန်ုပ်တို့ လူသားများက တိရစ္ဆာန်တွေကို သတ်ဖြတ် ညှဉ်းဆဲခြင်းအားဖြင့် သူတို့ရဲ့ သဘာဝအားဖြင့် ရသင့်တဲ့ အသက်ရှင်နေခွင့်ကို ဆုံးရှုံးစေတာဟာ မိမိတို့ရဲ့ ပတ်ဝန်းကျင် လောကကို ပိုပြီး နေပျော်ဖွယ် ဖြစ်အောင် ချဲ့ထွင်တာ ဖြစ်တယ်။ ဒါပေမဲ့ ဒီအပြုအမူ အတွက် လူသား အနေနဲ့ ပြန်လည်၍ တန်ကြေးကို စတင် ပေးဆပ်နေရပြီ ဖြစ်တယ်။ ကျွန်ုပ်တို့ရဲ့ ပတ်ဝန်းကျင်ကိုလည်း ခြိမ်းခြောက်ခံနေကြရပြီ ဖြစ်တယ်။ အကယ်၍ တိရစ္ဆာန် သတ္တဝါတွေ မျိုးတုံး မသွားရအောင် ကျွန်ုပ်တို့ကသာ တင်းတင်းကျပ်ကျပ် မဆောင်ရွက်ကြဘူး ဆိုရင်ဖြင့် ကျွန်ုပ်တို့ နေထိုင်တဲ့ ကမ္ဘာမြေကြီး ဆက်လက် ရှင်သန်ရေးမှာလည်း အာမခံ မရှိတာ ဖြစ်ပေါ်လာနေပါပြီ။ မှန်ပါတယ်။ တချို့ တိရစ္ဆာန်တွေ ရှိနေတာဟာ လူအတွက် အန္တရာယ် ဖြစ်စေတယ် ဆိုတာ ဒါပေမဲ့ ကျွန်ုပ်တို့

မစဉ်းစားမိခဲ့ကြတာက တခြား သတ္တဝါတွေ အတွက် အန္တရာယ် အပေးဆုံး သတ္တဝါဟာ လူ ဖြစ်နေတာပါ။ လူကို တခြား သတ္တဝါတွေက အန္တရာယ် ပြုနိုင်တာနဲ့ နှိုင်းစာရင် လူက တခြား သတ္တဝါတွေ အပေါ် အန္တရာယ် ပြုနေတာက ပိုများတယ်။

ဒီကမ္ဘာမြေ ဂြိုဟ်ကြီး ဆက်လက် တည်ရှိနေရေးအတွက် သက်ရှိ သတ္တဝါတိုင်းဟာ သူ့နည်းနဲ့သူ အကျိုးပြုနေကြတာ ဖြစ်တယ်။ သတ္တဝါတွေကို သတ်ဖြတ်ခြင်းဟာ မိမိတို့ လူသားတွေ ကြုံတွေ့နေရတဲ့ အနှောင့်အယှက်တွေကို ဖြေရှင်းတဲ့ နည်းလမ်းမှန်တော့ မဟုတ်ပါဘူး။ ကျွန်ုပ်တို့အနေနဲ့ သဘာဝတရားရဲ့ ချိန်ခွင်လျှာ ညီညွတ်နေရေးအတွက် အရေးယူ ဆောင်ရွက်သင့်တာတော့ အမှန်ပဲ ဖြစ်တယ်။

## ယနေ့ကမ္ဘာမှာ လိုအပ်နေတာ ခန္တီပါ

*"တစ်စုံတစ်ယောက်က သင့် အပေါ် မိုက်မဲစွာ အမှားအယွင်း တစ်ခု ပြုလုပ်လျှင် ငါသည် အနန္တ မေတ္တာဖြင့် သူ့ အပေါ် အကာအကွယ် ပေးခြင်းဖြင့် တုံ့ပြန်မည် ဖြစ်ပါတယ်။ သူ့ဆီက မကောင်းမှုတွေ ပိုပြီး ပြုလုပ်လာလေ၊ ငါကတော့ သူ့ အပေါ် ကောင်းအောင် လုပ်ပေးမှာပဲ။ အစဉ်သဖြင့် ငါသည် ထိုသူ့ အပေါ် ကောင်းသတင်းဖြင့် ထုံသင်းပျံ့လှိုင်စေမှာသာ ဖြစ်တယ်"*

*(မြတ်ဗုဒ္ဓ)*

ဒီနေ့ ကမ္ဘာပေါ်က လူသားတွေကို ကြည့်ရင် ဆောက်တည်ရာမဲ့ ဖြစ်နေတယ်။ အလို မပြည့်မှု၊ ကြောက်ရွံ့မှု၊ စိုးရိမ်မှု သောကတွေနဲ့ပဲ ပူပန် သောက ရောက်နေကြရတယ်။ လူတွေဟာ ဂုဏ်ပကာသနအတွက် ဩဇာတိက္ကမအတွက် လိုအင်ဆန္ဒတွေ များပြီး ယစ်မူးနေကြတယ်။ လူတွေက ဝတ္ထုအာရုံ ကာမဂုဏ်တွေကို တပ်မက်လွန်းပြီး လိုက်စားလိုစိတ်ပဲ များနေကြတယ်။ လူတွေမှာ တစ်နေ့တာ ဘဝကို စိုးရိမ် ထိတ်လန့်ခြင်းဖြင့်သာ ကုန်ဆုံးနေကြရတယ်။ မယုံကြည်မှုတွေ သံသယတွေပဲ တိုးလာတယ်။ ဘဝက ပိုပြီး မလုံခြုံတော့ဘူး။ ဒီလို ကသောင်းကနင်း ဖြစ်နေတဲ့ အကျင့်အတည်း ကာလထဲမှာ လူအချင်းချင်း တစ်ဦး·အပေါ် တစ်ဦး မှီခိုပြီး အတူ

ယှဉ်တွဲ ငြိမ်းချမ်းစွာ အသက်ရှင်နေရေးဟာ ပိုခက်ခဲလာတယ်။ ဒါကြောင့် ခုအချိန် အခါမှာဖြင့် ငြိမ်းချမ်းစွာ အတူတကွ အသက်ရှင်နေနိုင်ရေး အတွက် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း ခန္တိဟာ အထူး လိုအပ်လာတယ်။

ကမ္ဘာပေါ်မှာ သွေးထွက်သံယိုမှုက ပိုများလာတယ်။ အယူသီးမှု၊ သည်းမခံနိုင်မှု ဆိုတဲ့ ရောဂါဆိုးများရဲ့ ဒဏ်ကို အလူးအလဲ ခံနေရပြီး နိုင်ငံတိုင်းရဲ့ နိုင်ငံရေး ယဇ်ပလ္လင်ပေါ်မှာ သွေးအလိမ်းလိမ်း ပေကျံနေပြီ။ ရှေးအခါက ကောင်းကင်ပြင်ပေါ်မှာ ဘာသာ အယူဝါဒ ကွဲပြားသူတွေရဲ့ အာဇာနည်တွေကို မီးရှို့ သင်္ဂြိုဟ်တဲ့ မီးခိုးလုံးတွေနဲ့ ဖုံးလွှမ်းနေခဲ့တယ်။ ဘာသာရေးမှာပဲ ဖြစ်ဖြစ် နိုင်ငံရေးမှာပဲ ဖြစ်ဖြစ်၊ လူတွေအနေနဲ့ တစ်ယောက်အပေါ် တစ်ယောက်က ကျူးကျော် နှိပ်ကွပ်ဖို့ နည်းလမ်းကိုပဲ အရေးထား စဉ်းစားခဲ့ကြတယ်။ ဒီတော့ ဘာသာရေး စစ်ပွဲတွေ ဖြစ်ပြီး ခရူးဆိတ် စိတ်ဓာတ်တွေ၊ ဂျီဟာ့ဒ် စိတ်ဓာတ်တွေက ဘာသာ ယုံကြည် ကိုးကွယ်မှုတွေရဲ့ သမိုင်းမှတ်တမ်းတွေကို သည်းခံနိုင်ခြင်း ကင်းမဲ့စွာ ဖျက်ဆီးပစ်ခဲ့ကြတယ်။

ယနေ့ ယခု ရာစုနှစ် အတွင်းမှာ အလွန် ရေပန်းစားလာတဲ့ 'တိုးတက်မှု' ဆိုတဲ့ စကားလုံးကို ပြန်လည် သုံးသပ်ကြည့်ကြရအောင်ပါ။ ဒီရာစုဟာ အလွန် သေးငယ်တဲ့ စက်ပစ္စည်းကလေးတွေကို တီထွင်တဲ့ ရာစုခေတ် ဖြစ်တယ်။ အသစ်ဖြစ်ပေါ်လာနေတဲ့ စက်မှုနဲ့ ဆိုင်တဲ့ သိပ္ပံပညာနဲ့ ဆိုင်တဲ့ တီထွင် ဖန်တီးမှု အမြောက်အမြားသည် အံ့ဩ ထိတ်လန့်စရာ ကောင်းလောက်အောင် ထွန်းတောက်နေကြတယ်။ တယ်လီဖုန်းတွေ၊ လျှပ်စစ်မော်တာတွေ၊ လေယာဉ်ပျံတွေ၊ ရေဒီယိုတွေ၊ ရုပ်မြင်သံကြားစက်တွေ၊ ကွန်ပျူတာတွေ၊ အာကာသယာဉ်တွေ၊ ဂြိုဟ်တုတွေနဲ့ အီလက်ထရောနစ် ပစ္စည်း စသည်တွေ ဖြစ်ကြပါတယ်။ ဒါပေမဲ့ ဒီလောက် အံ့အားသင့်လောက်စရာ တီထွင်မှုတွေကို ပြုလုပ်ခဲ့ကြတဲ့ လူငယ်တွေဟာ တခြား သတ္တဝါတွေ အပေါ် လှံစွပ်တွေ၊ ကျည်ဆန်တွေ၊ ဓာတ်ငွေ့တွေနဲ့ သတ်ဖြတ်ပြီး ရက်ရက် စက်စက် လုပ်နေကြတာကလည်း သူတို့ တီထွင်တဲ့ တိုးတက်တာတွေနဲ့ အမျှ များပြား ကျယ်ပြန့်နေပါတယ်။ ယနေ့ ယခု ခေတ်ထဲမှာ လူတွေက အပြင်ဘက်က အာကာသကြီးကို စိတ်ဝင်စားမှုကလည်း ပိုများလာတယ်။ ဒါပေမဲ့ သူဟာ လူလူချင်း အဆင်ပြေပြေ ငြိမ်းငြိမ်းချမ်းချမ်း နေနိုင်ရေး ကိစ္စကိုတော့ မစွမ်းဆောင်နိုင်ဘူး။ နောက်ဆုံးကျရင် လူတွေဟာ လကမ္ဘာနဲ့ တခြားကမ္ဘာဂြိုဟ်တွေကိုပါ စိတ်လိုက် မာန်ပါ ဖျက်ဆီးပစ်ကြဦးမှာပဲ။

ရုပ်ဝတ္ထုပစ္စည်းတွေ ဘက်က အောင်နိုင်ရေး အတွက် ခေတ်သစ် လူသားတွေဟာ သဘာဝတရားကို ဖီဆန်လာကြတယ်။ လူသားရဲ့ စိတ်ထဲမှာကလည်း ကိုယ်ချမ်းသာရေး ဆိုတဲ့ တဏှာကပဲ အားကောင်းစွာ စိုးမိုးနေလေတော့ လူသားအနေနဲ့ ဘဝ ရည်မှန်းချက်ဟာ ဘာလဲ၊ ဘဝကိစ္စဟာ ဘာလဲ ဆိုတာကို ရှာလို့မရဘဲ ဖြစ်နေတာပေါ့။ ဒီလို သဘာဝမကျတဲ့၊ သဘာဝကို လွန်ဆန်တဲ့ အပြုအမူတွေကို ပြုမူလာကြတာကလည်း မှားယွင်းတဲ့ ဘဝ အမြင်၊ ဒိဋ္ဌိ အမြင်တွေကြောင့်ပဲ ဖြစ်တယ်။ အဲဒါဟာ လူသားရဲ့ စိတ်မချမ်းသာမှု၊ မကျေနပ်မှု၊ မလုံခြုံမှု၊ စိုးရိမ်ထိတ်လန့်မှုများနဲ့ သည်းမခံနိုင်မှုများ ဖြစ်လာရတဲ့ အကြောင်းရင်းတွေပဲ ဖြစ်တယ်။

ဒီနေ့ လူ့လောကကြီးထဲမှာ သည်းမခံနိုင်တာကို ဘာသာရေး ဆိုတဲ့ အရေခြုံပြီး ကျင့်သုံးလာကြတာကိုလည်း တွေ့ရတယ်။ လူတွေက ဘာသာရေးဆိုတာကို ဗန်းပြ ပြောဆိုပြီး အမတ သုခဘုံနဲ့ နိဗ္ဗာန် ရောက်နိုင်တဲ့ ဖြတ်လမ်းနည်းတွေကိုလည်း ကတိ ခံပြီး ဟောနေကြတယ်။ တကယ်လို့သာ ခရစ်ယာန် အယူဝါဒဟာ တောင်ပေါ်တရား*၊ လိုက်နာ ကျင့်ကြံနေကြရင်၊ ဗုဒ္ဓဘာသာကလည်း မဂ္ဂင် ရှစ်ပါး မြတ်တရား အတိုင်း နေထိုင်ကျင့်ကြံကြရင်၊ မွတ်စလင်တွေကလည်း ညီရင်းအစ်ကို စိတ်ဓာတ်ကို တကယ်ပဲ ကျင့်သုံး နေထိုင်ကြရင်၊ ဟိန္ဒူတွေကလည်း သူတို့ရဲ့ ဘဝတွေကို တစ်ခုတည်း ဖြစ်အောင် ပုံဖော်ပြီး နေကြမယ် ဆိုရင် ဒီကမ္ဘာပေါ်မှာ ငြိမ်းချမ်းရေးနဲ့ ညီညွတ်ရေး၊ သာယာ ဝပြောရေးတွေဟာ ဖြစ်ပေါ်လာနိုင်တယ်။ ခုတော့ ဒီလို တန်ဖိုး မဖြတ်နိုင်တဲ့ ဘာသာ အယူဝါဒကြီးတွေက သင်ကြား ဆုံးမထားတဲ့ သာသနာ့ အဆုံးအမတွေ ရှိပါလျက်နဲ့ လူတွေဟာ ခုထိ သည်းခံခြင်း ခန္တီရဲ့ တန်ဖိုးကို သဘောပေါက် နားလည်ကြခြင်း မရှိတာကို တွေ့ရတယ်။ ဘာသာရေးဆိုတဲ့ နာမည်ခံပြီး သည်းမခံနိုင်တဲ့ အပြုအမူတွေကို ပြုမူနေကြတာများကတော့ ရှက်စရာလည်း ကောင်းတယ်။ ဝမ်းနည်းစရာ ကောင်းတာလည်း အမှန်ပါ။

ဗုဒ္ဓရှင်တော် မြတ်ဘုရား ဟောကြားတော်မူတာက-

'ရန်ပြုတတ်သူတို့ အလယ်၌ ရန်မပြုကြကုန်ဘဲ အလွန် ချမ်းသာစွာ ငါတို့ အသက်မွေးနိုင်ကြကုန်၏။ ရန်ပြုသော သူတို့ အလယ်၌ ရန်မရှိကုန်ဘဲလျက် ငါတို့ နေနိုင်ကြကုန်၏'

(ဓမ္မပဒ - ၁၉၇)

*[Sermon of the mount]

ဒါကို ဒေါက်တာ ကော၊ သီရိဓမ္မနန္ဒ အရှင်မြတ်က

"Let us live happily, not hating those who hate us. Among those who hate us live free from hatred."

'စိုးရိမ် ကြောင့်ကြဖွယ်ရာ၊ တစ်စုံတစ်ခုမျှ မရှိဘဲ အလွန် ချမ်းသာစွာ ငါတို့ အသက်မွေးနိုင်ကြကုန်၏။ ငါတို့ အသက်မွေးနိုင်ကြကုန်၏။ ငါတို့သည် အနာ မရှိဘဲ ပျော်ရွှင်စွာ နေကြကုန်အံ့။ ငါတို့သည် လောဘ ရှိသူတို့ အလယ်၌ လောဘ တဏှာ ကင်းလျက် ပျော်ရွှင်စွာ နေကြကုန်အံ့။'

(ဓမ္မပဒ - ၂၀၀)

ဒါကို ဆရာတော်ကြီးက

"Let us live happily and free from ailment. Let us live happily and be free from greed; among those who are greedy."

ဆိုပြီး ရေးသား ဖော်ပြထားပါတယ်။

## ဗုဒ္ဓဘာသာ အသုဘ အခမ်းအနား

*ဗုဒ္ဓဘာသာဝင် အစစ်၏ အသုဘသည် ရိုးရိုးကလေး ဖြစ်တယ်။ ငြိမ်သက် တည်ကြည်တဲ့ ဘာသာရေး ဝတ်ပြုပွဲကလေး တစ်ခုပါ။*

**ဘာသာရေးပွဲနေ့**

ဗုဒ္ဓဘာသာကို ကိုးကွယ်တဲ့ နိုင်ငံများမှာ အသုဘ အခမ်းအနား ကျင်းပပုံမှာ ရိုးတယ်။ ငြိမ်သက်ပြီး တည်ကြည်တဲ့ အခမ်းအနား တစ်ခုပဲ ဖြစ်ပါတယ်။ ကံဆိုးချင်တော့ တချို့ လူများဟာ အသုဘ အခန်းမှာ မလိုလားအပ်တာတွေကို အများကြီး ထည့်သွင်းလာကြတယ်။ အသုဘ ထုံးစံထဲမှာ အယူသီးတဲ့၊ အသုဘနဲ့ မဆိုင်တဲ့ ကိစ္စတွေ၊ အလေ့အကျင့်တွေကိုရော ထည့်လာကြတယ်။ ဒီအလေ့အကျင့် အသစ်တွေကို ရှေးအခါက ဘဝရဲ့ သဘောဟာ ဘယ်လိုမှန်း ဝဏ္ဏနဏ မသိတဲ့ လူကြီးတွေက ရှင်နေခြင်း သဘော၊ သေခြင်း သဘောကို နားမလည်ခင်က သေပြီး နောင်တမလွန်မှာ ဘာဖြစ်မှန်း မသိတဲ့ အတွက် စပ်မိစပ်ရာ ဓလေ့ထုံးစံတွေကို ပြုလုပ်လာခဲ့ကြတာ ဖြစ်တယ်။

အဲဒီဓလေ့ထုံးစံတွေကို ဗုဒ္ဓဘာသာ အလေ့အကျင့်တွေထဲကို ထည့်သွင်းလာကြတုန်းက လူတွေက ဗုဒ္ဓဘာသာရဲ့ အသုဘ အခမ်းအနားက သိပ်ပြီး ငွေကုန်ကြေးကျ များတာပဲလို့ အပြစ်တင်ခံခဲ့ကြရတယ်။ တကယ်လို့သာ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ မြတ်ဗုဒ္ဓရဲ့ အဆုံးအမ သာသနာကို ကောင်းစွာ နားလည် တတ်သိတဲ့ပညာရှိဆီကို ဆည်းကပ်ပြီး ဗုဒ္ဓဘာသာရဲ့ အလေ့အကျင့် အမှန်က ဘယ်လိုများလဲလို့ မေးစမ်းကြလို့ ရှိရင် ဗုဒ္ဓဘာသာဝင်များအနေနဲ့ အသုဘ အခမ်းအနားကိုဘယ်လို ကျင်းပမှ ကောင်းတယ်ဆိုတဲ့ အကြံကောင်း ဉာဏ်ကောင်းကို ရနိုင်ပါတယ်။ ခုကျတော့ စိတ်မကောင်းစရာ ဖြစ်နေတာက ဗုဒ္ဓဘာသာမှာ မလိုလားအပ်တဲ့ကိစ္စတွေအတွက် အလဟဿ ငွေကုန် လူပန်း အချိန်တွေ အကုန်အကျ ခံနေကြရတယ်ဆိုတဲ့ အထင်သေး အမြင်သေးခြင်းကို ခံနေကြရတယ်။ ရှင်းရှင်း သိနားလည်သင့်တာက ဒီလို အခြေအမြစ်မရှိတဲ့ အလေ့အကျင့်တွေဟာ ဗုဒ္ဓဘာသာနဲ့ ဘာမှမပတ်သက်ဘူး ဆိုတာကို သိဖို့ပဲ ဖြစ်တယ်။

ဗုဒ္ဓဘာသာဝင်တွေဟာ လူသေ အလောင်းကို ဘယ်လို မြေမြှုပ် သင်္ဂြိုဟ်ရမှ ဆိုတဲ့ အမြင်ကျဉ်းမှုမျိုး မရှိကြပါဘူး။ ဗုဒ္ဓဘာသာဝင် နိုင်ငံများမှာ မီးသင်္ဂြိုဟ်ကြတာပဲ ထုံးစံ ဖြစ်နေပါတယ်။ ဒီလို မီးသင်္ဂြိုဟ်ကြတာဟာ ကျန်းမာရေး ရှုထောင့်ကကြည့်ကြည့်၊ စီးပွားရေး ရှုထောင့်က ကြည့်ကြည့် လုပ်သင့်လို့ လုပ်ကြတာ ဖြစ်တယ်။ ဒီနေ့ ကမ္ဘာပေါ်မှာ လူဦးရေက တစ်နေ့တခြား တိုးပွားနေတာကြောင့် မြေဈေးကအဆမတန် ဖြစ်လာတဲ့ အချိန်မှာ မြေကြီးထဲ မြှုပ်ပြီး သင်္ဂြိုဟ်တာဟာ မြေကုန်ငွေကုန်များတဲ့အပြင် တစ်နေ့ကျရင် မြေပြင် တစ်ခုလုံးဟာ လူသေတွေ မြှုပ်နှံထားတဲ့သင်္ချိုင်းမြေတွေချည်း ဖြစ်ကုန်ကြတော့မှာ ဖြစ်တယ်။ မြေမြှုပ် သင်္ဂြိုဟ်ခြင်းချည်းလုပ်နေကြရင် နောင်တစ်နေ့ တစ်ချိန်ကျရင် ကမ္ဘာပေါ်မှာ သင်္ချိုင်း မြေတွေချည်းအဆမတန် ဖြစ်လာပြီး ရှင်လူတွေ နေစရာ နေရာ မရှိသလောက် ကျဉ်းမြောင်းကုန်ကြတော့မှာ သေချာတယ်။

တချို့က မီးသင်္ဂြိုဟ်တာကို ကန့်ကွက်ချင်ကြသူတွေလည်း ရှိတတ်ကြပါတယ်။ ရှိဆဲပါ။ သူတို့ ပြောတာက မီးသင်္ဂြိုဟ်တာဟာ ဘုရားသခင် ချမှတ်တော်မူထားတဲ့ ဥပဒေနဲ့ မညီဘူးတဲ့။ ဒီနည်း အတိုင်းပဲ အတိတ်ကာလတုန်းကလည်းဒီလူတွေဟာ အခြားကိစ္စတွေကိုလည်း ဘုရားချ ဥပဒေနဲ့ မညီဘူး ဘာဘူး ဆိုပြီးကန့်ကွက် ပြောဆိုခဲ့ကြတယ်။ ဒီလူတွေ အနေနဲ့ မီးသင်္ဂြိုဟ်တာကသာ ပိုပြီး သင့်တော်တယ်၊ ထိရောက်တယ်၊ အကျိုးရှိတယ် ဆိုတာကို သိမြင် နားလည်လာအောင်လုပ်ဖို့ ဆိုရင်တော့ အချိန် အတော် ယူကြရဦးမှာ ဖြစ်ပါတယ်။

သေသူရဲ့ သိစိတ် ဝိညာဉ်နဲ့ သေသူရဲ့ အလောင်းခန္ဓာကြီး ကွဲသွားပြီးရင် ဘာမှ အဆက်အစပ် မရှိတော့ပါဘူး။ လူအများ စိတ်ထင် ထင်နေကြတာက သေတဲ့လူကို ကောင်းစွာ မြေမြှုပ် သဂြိုဟ်ပြီး သင်္ချိုင်းပေါ်မှာ အုတ်ဂူတွေ လုပ်မပေးလို့ ရှိရင် သေသူရဲ့ ဝိညာဉ်ဟာ အရပ်လေးမျက်နှာကို ငိုပြီး လှည့်လည်သွားလာနေကြရတယ်။ တစ်ခါတလေကျတော့ ကျန်ရစ်တဲ့ ဆွေမျိုးသားချင်းတွေကို လာပြီး အနှောင့်အယှက်ပေးနိုင်တယ်လို့ ယုံကြည်နေကြတယ်။ ဒီလို အယူအဆမျိုးကို ဗုဒ္ဓဘာသာ စာပေကျမ်းဂန်ထဲမှာ ဘယ်နေရာမှာမှ မတွေ့ရပါဘူး။

ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက ဒီဘဝက သေရင် စုတိစိတ်က နောက်ဘဝ ပဋိသန္ဓေစိတ် ဖြစ်သွားပြီး သူ ပြုခဲ့တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံ အလျောက် ဘဝ တစ်ခုခုမှာ (သုဂတိ ဖြစ်ဖြစ်၊ ဒုဂ္ဂတိ ဖြစ်ဖြစ်မှာ) ဇာတိ တစ်ဖန် ပြန်ဖြစ်ကြရတယ်လို့ပဲ ယုံကြည်ကြပါတယ်။ လူမှာ ဘဝတဏှာ ရှိနေသရွေ့ သူဟာ နောက်ဘဝမှာ တစ်ဖန် ပြန်၍ ပဋိသန္ဓေ တည်နေ ဖွားမြင်ရဦးမှာပါ။ ရဟန္တာ ဖြစ်ပြီးတဲ့ အရိယာ ပုဂ္ဂိုလ်ကြီးများမှသာ အာသဝေါတရားတွေ အားလုံး ကုန်ခန်းသွားပြီး ဖြစ်တာကြောင့် နောက်ဘဝမှာ ဇာတိ ပဋိသန္ဓေ ကိစ္စ မရှိတော့ပါဘူး။ ဒါကြောင့် အရိယာ ရဟန္တာကြီးများ ပရိနိဗ္ဗာန် ပြုပြီးရင် အဆုံးစွန် နိဗ္ဗာန်ချမ်းသာကိုပဲ မျက်မှောက်ပြုသွားပါတော့တယ်။

# ၉
# ဓမ္မနှင့် မိမိကိုယ်သာ ကိုးကွယ်ရာ

## ဘာကြောင့် မြတ်ဗုဒ္ဓကို ကိုးကွယ်ကြတာလဲ

*ဗုဒ္ဓဘာသာဝင်တွေ အနေနဲ့ ဗုဒ္ဓမြတ်စွာဘုရားကို ကိုးကွယ် ဆည်းကပ်ကြတာ၊ ဘုရားကို ကြောက်လို့ချည်း မဟုတ်ဘဲ မိမိတို့ ဘဝ စင်ကြယ်ရေးမှာ စိတ်ဆန္ဒ ရှိဖို့နဲ့ အမြင်မှန် ရရှိရေး အတွက်လည်း ပါတယ်။*

ဗုဒ္ဓဘာသာဝင်တွေ မြတ်ဗုဒ္ဓကို ကိုးကွယ် ဆည်းကပ်ကြတာက သူဟာ ထာဝရဘုရားသခင်ရဲ့ သားတော် ဖြစ်လို့ ကိုးကွယ်ကြတာ မဟုတ်ပါဘူး။ ဗုဒ္ဓကလည်း သူ့ကိုယ်သူ ဘယ်တုန်းကမှ ငါဟာ ကောင်းကင်ကျ ဘုရား ဖြစ်တယ်လို့ ထုတ်ဖော်ပြောဆိုခဲ့ခြင်း မရှိပါဘူး။ ဗုဒ္ဓဟာ သဗ္ဗညုတဉာဏ်တော်ရှင် မဟာကရုဏာတော်ရှင် ဘုရားသာ ဖြစ်ပါတယ်။ လူထဲက မွေးဖွားပြီး လူ့ပြည်မှာ နေခဲ့တဲ့ လူသားဘုရား၊

မဟာကရုဏာရှင်၊ မဟာပညာရှင် ဘုရားသာ ဖြစ်တယ်။ ဒါကြောင့် မြတ်ဗုဒ္ဓကို လူတွေက ဘဝ လွတ်မြောက်ခြင်း လမ်းမှန်ကို ပြညွှန်တော်မူခဲ့တဲ့ ဆရာတစ်ဆူ အဖြစ်သာ ကိုးကွယ် ဆည်းကပ်ကြတာပါ။ လူတွေက မြတ်ဗုဒ္ဓကို ကျေးဇူးတော်ရှင် အဖြစ် ကြည်ညိုခြင်းကို ဖော်ပြဖို့အတွက် ကိုးကွယ် ဆည်းကပ် ကြတာပါ။ ဒါပေမဲ့ ဗုဒ္ဓရှင်တော်မြတ်ဘုရားဆီက ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ လောက စည်းစိမ် ချမ်းသာတွေ ရဖို့အတွက် မစ တော်မူပါလို့ ဆုတောင်းဖို့၊ လာဘ်လာဘ ရဖို့အတွက် မစဖို့ ကိုးကွယ်ကြတာ မဟုတ်ပါဘူး။ ဗုဒ္ဓဘာသာဝင်တွေဟာ ဗုဒ္ဓရှင်တော်မြတ်ဘုရားကို နတ်ကို ကိုးကွယ်သလို ဆုလာဘ် ရဖို့အတွက် ဆုတောင်းဖို့ ကိုးကွယ်ကြတာ၊ ကြည်ညိုကြတာ မဟုတ်ဘူး။ မိမိကို မတရားပြုသူကို အပြစ်ဒဏ်ခတ်ဖို့၊ ကျိန်ဆဲဖို့ အတွက် ကိုးကွယ်ကြတာလည်း မဟုတ်ပါ။ ပရိတ်တွေ၊ ဂါထာတွေကို ဗုဒ္ဓဘာသာဝင်တွေ ရွတ်ကြတာလည်း ဘုရားထံမှာ အသနားတော်မြတ် ခံရဖို့ တောင်းခံတဲ့ သဘောနဲ့ ရွတ်ကြတာ မဟုတ်ပါဘူး။ မြတ်ဘုရားရဲ့ ကျေးဇူးတော် အစုံ ဂုဏ်တော် အနန္တကို အောက်မေ့သောအားဖြင့် ရွတ်ဖတ် သရဇ္ဈာယ်ကြတာသာ ဖြစ်တယ်။ ဒီလို ဘုရားဂုဏ်တော် တရားဂုဏ်တော်ကို အောက်မေ့ခြင်းအားဖြင့် ဘုရားမြတ်စွာ ဟောကြားတော်မူခဲ့တဲ့ တရားဒေသနာတွေ အပေါ်မှာ ပိုပြီး ယုံကြည်ခြင်း သဒ္ဓါ ထက်သန်လာပြီး မိမိကိုယ်တိုင် ဘုရားဟောတော်မူတဲ့ တရားကို လိုက်နာ ကျင့်ကြံဖို့ အတွက်ပဲ ဖြစ်တယ်။ တချို့က ဘုရားကို ဒီလို သဘောထားမျိုးနဲ့ ယုံကြည် ကိုးကွယ် ဆည်းကပ်တာကို တချို့က ဝေဖန် ရှုတ်ချတဲ့ လူတွေလည်း ရှိတယ်။ ဒီဝေဖန် ရှုတ်ချနေတဲ့ လူတွေဟာ ဗုဒ္ဓဘာသာဝင်တွေ ဘုရားအပေါ် သက်ဝင် ယုံကြည် ကိုးကွယ် ဆည်းကပ်ခြင်းရဲ့ အဓိပ္ပာယ် အနှစ်သာရ အမှန်ကို နားမလည် ကြလို့ ဝေဖန်ကြတာ ဖြစ်တယ်။ သူတို့က ဘာသာကို ကိုးကွယ်တာ ဆုတောင်းတာ လောက်ကိုပဲ ဘာသာ ကိုးကွယ်နည်း တစ်မျိုးပဲ ရှိတယ် ထင်ပြီး မသိနားမလည်ဘဲ ပြောနေကြတာသာ ဖြစ်တယ်။ ဗုဒ္ဓဘာသာဝင်တွေက ဘုရား၊ တရား၊ သံဃာ၊ ရတနာမြတ်သုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်ကြတာက သူတို့မှာ ရှိနေတဲ့ အကြောက်တရားတွေ၊ စိတ်ဆင်းရဲတွေ၊ စိတ်မချမ်းသာတာတွေကို ပပျောက်အောင် လုပ်တဲ့ နည်းတစ်နည်း အဖြစ်နဲ့ ကိုးကွယ် ဆည်းကပ်ကြတာပါ။ အထူးသဖြင့် နတ်ကို ယုံကြည် ကိုးကွယ်နေကြတဲ့ လူတွေက သူတို့ကို အန္တရာယ် ရန်ဘေး ကင်းဝေးအောင် အကာအကွယ်ပေးဖို့လောက် သဘောမျိုးနဲ့ ကိုးကွယ်တတ်ကြ တယ်။ သူတို့က အန္တရာယ် ကျရောက်အောင် နတ်မိစ္ဆာတွေက လုပ်နေကြတာလို့ ထင်ပြီး နတ်တွေကို ကြောက်စိတ်နဲ့ ကိုးကွယ်နေကြတဲ့ လူတွေ ဖြစ်တယ်။

တောင်ကို ကိုးကွယ်တာ၊ တောကို ကိုးကွယ်တာ၊ သစ်ပင်တွေ၊ တောအုပ်တွေ၊ နတ်ကွန်းတွေကို သူတို့မှာ ကြောက်စိတ် ဖြစ်လာတဲ့အခါ သွားပြီး ပူဇော်ပသနေကြတာဟာ အချည်းနှီး အကျိုးမဲ့အလုပ် ဖြစ်တယ် ဆိုတာကို မြတ်စွာဘုရားက ဆန့်ကျင် ဟောကြားတော်မူခဲ့တယ်။ ဒီလို ကိုးကွယ်လို့ ဘဝလုံခြုံမှု ဘယ်တော့မှ မရနိုင်ဘူး။ ဒီလို ကိုးကွယ်တာဟာလည်း အထူး မွန်မြတ်တဲ့ အလုပ် မဟုတ်ဘူး။ ဒီလိုဟာတွေကို ကိုးကွယ် ဆည်းကပ်နေလို့လည်း မကောင်းမှု၊ မကောင်းကြမ္မာဆိုးတွေကလည်း မလွတ်နိုင်ဘူး။ ဘုရား တရား သံဃာကို ယုံကြည် ကိုးကွယ်ဆည်းကပ်ခြင်းအားဖြင့်သာလျှင် သစ္စာဉာဏ်၊ သမ္မာဒိဋ္ဌိ အမြင်ကို ရနိုင်တယ်။ ဒုက္ခသစ္စာ၊ ဒုက္ခဖြစ်စေတဲ့အကြောင်း သမုဒယ သစ္စာ၊ ဒုက္ခ ချုပ်ငြိမ်း လွန်မြောက်ကြောင်း နိရောဓသစ္စာ၊ ဒုက္ခ ချုပ်ဆုံးခြင်း ချမ်းသာသို့ ပို့ဆောင်နိုင်တဲ့ မဂ္ဂသစ္စာ မဂ္ဂင် ရှစ်ပါး မြတ်တရားကို သိမှသာလျှင် ဒုက္ခ ခပ်သိမ်း ချုပ်ငြိမ်းရာ အမှန်မြတ်နိဗ္ဗာန်ကို ရရှိနိုင်တယ်။ ရတနာ သုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်ခြင်းသည်သာလျှင် လုံခြုံတဲ့ ကိုးကွယ် ဆည်းကပ်ခြင်း အမှန်ဖြစ်တယ်။ ဒီအကြောင်းကို ဓမ္မပဒပါဠိတော်မှာ. . .

**၁၈၈။** ကြောက်ရွံ့ ထိတ်လန့်ကုန်သော များစွာသော လူတို့သည် တောင်တို့ကိုလည်းကောင်း၊ တောတို့ကို လည်းကောင်း၊ အရံတို့ကို လည်းကောင်း အဓိကရ သစ်ပင် စသော ကိုးကွယ်ရာတို့ကို လည်းကောင်း ကိုးကွယ်ကြကုန်၏။

**၁၈၉။** ဤတော တောင်အရံ၊ အဓိကရ သစ်ပင် စသော ကိုးကွယ်ရာ ဟူသမျှကို ကိုးကွယ်ခြင်းသည် ဘေးကင်းသော ကိုးကွယ်ခြင်း မဟုတ်။ မြတ်သော ကိုးကွယ်ခြင်း မဟုတ်။ ဤကိုးကွယ်ရာ ဟူသမျှကို ဆည်းကပ် ကိုးကွယ်ခြင်းကြောင့် ဒုက္ခခပ်သိမ်းမှ မလွတ်မြောက်နိုင်။

**၁၉၀-၁၉၁။** အကြင်သူသည် မြတ်စွာဘုရားကို လည်းကောင်း၊ တရားတော်ကို လည်းကောင်း၊ သံဃာတော်ကို လည်းကောင်း ကိုးကွယ် ဆည်းကပ်၏။ ထိုသူသည် ဆင်းရဲ အမှန် 'ဒုက္ခသစ္စာ'၊ ဆင်းရဲခြင်း၏ အကြောင်းရင်း အမှန် 'သမုဒယသစ္စာ'၊ ဆင်းရဲ လွတ်မြောက်ရာ အမှန် 'နိရောဓသစ္စာ'၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အမှန် 'အင်္ဂါ ရှစ်ပါး ရှိသော မြတ်သော 'မဂ္ဂသစ္စာ' ဟူသော အရိယာသစ္စာ လေးပါးတို့ကို ကောင်းစွာ မဂ်ပညာဖြင့် မြင်နိုင်၏။

၁၉၂။ ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်ခြင်းသည် ဘေးမရှိသော ကိုးကွယ် ဆည်းကပ်ခြင်း မည်၏။ ဤရတနာ သုံးပါးကို ဆည်းကပ် ကိုးကွယ်ခြင်းကြောင့် ဒုက္ခ ခပ်သိမ်းမှ လွတ်မြောက်၏။

ဒီအကြောင်းကို မဟာထေရ်မြတ်၊ သီရိဓမ္မနန္ဒ ဆရာတော်က ပေါင်းခြုံရေးသားထားပုံကလည်း စိတ်ဝင်စားစရာ၊ နမူနာ ယူစရာ ဖြစ်လို့ မူရင်းကိုပါ ဖော်ပြချင်ပါတယ်။

The Buddha advised against the futility of taking refuge in hills, woods, groves, trees and shrines when people are fear-stricken. No such refuge is safe, no such refuge is supreme. Not by resorting to such a refuge is one freed from all ill. He who has gone for refuge to the Buddha, the Dhamma, and the Sangha sees with right knowledge the Four Noble Truths Sorrow, the cause of Sorrow, the transcending of Sorrow, and the Noble Eightfold Path which leads to the cessation Sorrow. This indeed is secure refuge. By seeking such refuge one is released from all Sorrow.

(Dhammapada 188-192)

ဇေဂ္ဂသုတ်တွင်လည်း သိကြားမင်းကို ကိုးကွယ် ဆည်းကပ်ခြင်းဖြင့် ကိုးကွယ်ကြသူများ အနေနှင့် လောကီ ပြဿနာများနှင့် စိုးရိမ် ကြောင့်ကြမှုများမှ မလွတ်ကင်းနိုင်ကြောင်းကို ဖော်ပြထားတယ်။ အကြောင်းကတော့ ဒီနတ်တွေ ကိုယ်၌က လောဘ၊ ဒေါသ၊ မောဟ အကြောက်တရားတွေက မကင်းနိုင်ကြလို့ပဲ ဖြစ်တယ်။ ဒါပေမဲ့ ဘုရား၊ တရား၊ သံဃာ ရတနာမြတ် သုံးပါးကတော့ အာသဝေါတရားတွေ ကုန်ခန်းကြပြီး ဖြစ်လို့ လောဘ၊ ဒေါသ၊ မောဟ၊ မာန စတဲ့ ကိလေသာ အညစ်အကြေးများ ကင်းစင်ပြီး ဖြစ်ကြတယ်။ ဒုက္ခ ခပ်သိမ်း ကင်းငြိမ်းပြီးသူများကသာလျှင် သုခရောက်ကြောင်း ချမ်းသာရကြောင်း တရားတွေကို ဟောပြောပြသနိုင်ပါတယ်။

ဖရန်စစ္စတိုရီ ခေါ်တဲ့ ဗုဒ္ဓဘာသာ ပညာရှင် တစ်ဦးက ရတနာ သုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်ခြင်းနဲ့ ပတ်သက်တဲ့ သူ့ရဲ့ အမြင်ကို ဖော်ပြထားတာ ရှိပါတယ်။

'ငါသည် မြတ်ဗုဒ္ဓကို ကိုးကွယ် ဆည်းကပ်သည်မှာ လွန်မြောက်တော်မူပြီးသော ဆရာသခင် မဟာကရုဏာတော်ရှင်၏ မျက်မှောက်တော်၌ သံသရာ ရေစီး ခရီးကြမ်း တစ်လျှောက် ငါ့အား လမ်းညွှန် ကယ်တင် ဆောင်ပို့တော်မူခြင်း၊

သန့်ရှင်း စင်ကြယ်လှသော အားပေး စောင့်ရှောက်ခြင်းဖြင့် ငါ့အား လောကီ အာရုံ ကာမဂုဏ် ညွှန်တွင်းမှ ကိုယ်တော်မြတ် ကိုယ်တော်တိုင် ငြိမ်းချမ်းသော နိဗ္ဗာန်ကို သေချာ မျက်မှောက် ဆိုက်ရောက်ပြီးမှ ဆယ်တင်တော်မူသော မြတ်စွာ ဘုရားကို ကိုးကွယ် ဆည်းကပ်ခြင်း ဖြစ်သည်။

ဝမ်းနည်း ကြေကွဲခြင်း၊ ပင်ပန်း ဆင်းရဲခြင်းဖြင့် ငါသည် ငါ၏ ချမ်းသာရ ကြောင်း အလို့ငှာ ကိုယ်တော်ရှင်မြတ် ထံသို့ လှည့်၍ ကိုယ်တော်မြတ်၏ ငြိမ်သက် သော မျက်လုံးတော်ဖြင့် သနား ငဲ့ညှာစွာဖြင့် ကြည့်ခြင်းကို ရှာဖွေခဲ့ပါသည်။ ငါ သည် မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး၏ ရုပ်ပွားတော် ရှေ့မှာ ပန်းနံ့သာ အမွှေးတိုင်ကိုသာ ချထား ပူဇော်ခြင်း မဟုတ်ပါ။ ငါ၏ ဆောက်တည်ရာမဲ့ ဖြစ် လျက် လောင်ကျွမ်းနေသော နှလုံးသည်းပွတ်ဖြင့်လည်း ချထား ပူဇော်ပါ၏။ ဤသို့ဖြင့် အငတ်ပြေ၍ တည်ငြိမ်ခြင်းကို ရရှိစေပါ၏။ ငါသည် ဆင်းတုတော်၏ ရှေ့မှောက်တွင် ငါ၏ မာနဝန်ထုပ်ကို လည်းကောင်း၊ အတ္တဝန်ထုပ်ကို လည်းကောင်း ချထား၍ ပူဇော်ပါသည်။

ငါ၏ လေးလံလှစွာသော ပူပင်သောကနှင့် မျှော်မှန်း တမ်းတမှုများ အပြင် အဆက်မပြတ် တရစပ် ဖြစ်နေရသော ဇာတိနှင့် စုတိ ဆိုသော နွမ်းလျသော ဝန်ထုပ်ကြီးကိုလည်း ချထား၍ ပူဇော်ပါ၏။

ဆား၊ ရာမ၊ စန္ဒြ ဘာရတီ ဆိုသော အိန္ဒိယက ဗုဒ္ဓဆရာကြီးကလည်း မြတ်ဗုဒ္ဓအား ယုံကြည် ကိုးကွယ်ခြင်း၏ အဓိပ္ပာယ် နောက်တစ်မျိုး ဖော်ပြပြန်သည်။

-တပည့်တော်သည် အရှင်ဘုရားအား အနိုင် ရလိုမှုဖြင့် ကိုးကွယ်သည် မဟုတ်ပါ။ အရှင်ဘုရားအား ကြောက်ရွံ့ခြင်းဖြင့် ကိုးကွယ်ခြင်းလည်း မဟုတ်ပါ။ ဂုဏ်သတင်း ကျော်စောခြင်းကို တပ်မက်၍ ကိုးကွယ်ခြင်းလည်း မဟုတ်ပါ။

အရှင်၏ နေမျိုးနွယ်မှ အခေါ်ခံရလို၍လည်း မဟုတ်ပါ။ ကျယ်ပြန့်လှ သော အသိပညာကို ရလို၍လည်း မဟုတ်ပါ။ သို့ပါသော် အတု မရှိသော မေတ္တာတော်၏ ဆွဲဆောင်မှုကြောင့်သာလျှင် အရှင်ဘုရား၏ အတုမဲ့ အလုံးစုံ သိစပ်မြင်နှံ့သော ဉာဏ်တော်၏ ဆွဲဆောင်ယူငင်သောကြောင့် သာလျှင်. . .

သံသရာ အဏ္ဏဝါပြင်ကျယ်ကြီးကို စိတ်ချလက်ချ ဖြတ်သန်းနိုင်ခြင်း အလို့ငှာသာလျှင်. . .

တပည့်တော်သည် အရှင်ဘုရားအား ရှိသေ မြတ်နိုး လက်စုံမိုး၍ ရှိခိုး

လျက် အရှင်ဘုရား သာသနာတွင် သာဝက ဖြစ်လာခြင်း ဖြစ်ပါ၏ အရှင်ဘုရား။

တချို့လူတွေကလည်း ဗုဒ္ဓ ဆိုတာက လူသား တစ်ယောက်ပဲဟာ ဒီလူသား ဘုရားကို ကိုးကွယ် ဆည်းကပ်တာဟာ အဓိပ္ပာယ် မရှိဘူးလို့ ပြောကြတာလည်း ရှိတယ်။ သို့သော် သူတို့ မသိတာက မြတ်ဗုဒ္ဓက သူဟာ လူသား စင်စစ် ဖြစ်တယ်လို့ ရှင်းရှင်း ဟောဖော် ညွှန်ပြ ဆုံးမတော်မူထားသော်လည်း သူဟာ သူလို ငါလို သာမန်လူတော့ မဟုတ်ဘူး ဆိုတဲ့ အချက်ပါ။ သူဟာ ထူးမြတ် လွန်ကဲစွာ အနှိုင်းမဲ့ မဟာကရုဏာတော်နှင့် အမြတ်ဆုံးသော သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုတ ဉာဏ်တော်ကို ရရှိပိုင်ပိုင် ဆုပ်ကိုင်နိုင်တော်မူတဲ့ သုံးလူ့ ထွတ်ထား မြတ်စွာဘုရား သာ ဖြစ်ပြီး ဖြစ်တော်မူပေတယ်။ ဗုဒ္ဓရှင်တော်မြတ်၏ ကိုယ်တော်၌ လူသာမန်တို့ မှာ ရှိတဲ့ ချွတ်ယွင်း အားနည်းချက် တစ်စုံတစ်ရာ မရှိ။ အလုံးစုံသော ကိလေသာ အညစ်အကြေး မှန်သမျှ ကင်းပတဲ့အပြင် လူတို့မှာ ဖြစ်တတ်တဲ့ စိတ်လှုပ်ရှားမှုမျိုး မှလည်း ကင်းစင်တော်မူတယ်။

ကိုယ်တော်မြတ်နှင့် စပ်၍ ပြောတတ်ကြတာက -မြတ်ဗုဒ္ဓနှင့် တုနှိုင်းစရာ မရှိလောက်အောင် ထာဝရ ဘုရားကို ငြင်းပယ်တော်မူတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူတယ်။ ဒါပေမဲ့ ဗုဒ္ဓသည် နတ်ဘုရားနှင့် ထပ်တူ ကိုးကွယ်ခံထိုက်ရာမှာ လည်း အတုမဲ့ ပုဂ္ဂိုလ်ပဲ ဖြစ်တယ်။ မြတ်ဗုဒ္ဓရဲ့ ကိုယ်တော်၌ အမြတ်ဆုံးသော အတုမဲ့ ဉာဏ်တော်၊ အတုမဲ့ ဘုန်းတော်၊ ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တနှင့် လည်း ပြည့်စုံတော်မူပါတယ်။

လူတွေ မကြာခဏ မေးတတ်တဲ့ နောက်မေးခွန်း တစ်ခုက ဒီလိုပါ။ 'ဗုဒ္ဓ ဟာ နတ် မဟုတ်ဘူး ဆိုရင် သူဟာ ဒီနေ့ ကမ္ဘာမှာ မနေနေဘူး ဆိုရင် သူက လူတွေကို ဘယ်နည်းနဲ့ ကောင်းချီး မင်္ဂလာများ ပေးနိုင်မှာတဲ့လဲ'ဆိုတဲ့ မေးခွန်း ပါ။ မြတ်ဗုဒ္ဓရဲ့ အယူကတော့ လူတွေက သူ ဆုံးမသလိုသာ လိုက်နာ ကျင့်ကြံပြီး သူတော်ကောင်းတရားနဲ့ နေထိုင်ကြလို့ ရှိရင် သူတို့ဟာ မုချ ကောင်းချီး မင်္ဂလာ တွေ ရကြမှာ ဖြစ်တယ်။ ဗုဒ္ဓဘာသာဝင်တွေ နားလည်တဲ့ ကောင်းချီးမင်္ဂလာ ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်က မိမိကိုယ် မိမိ ယုံကြည် အားထားစိတ်နဲ့ မိမိဘဝကို မိမိ ကျေနပ်မှု ရအောင် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုတွေ ဖြစ်ပေါ် တိုးတက်လာရင် စိတ်ချမ်းသာမှု ပျော်ရွှင်မှု သုခတွေကိုလည်း ခံစားရမယ်ဆိုတဲ့ သဘောပဲ ဖြစ်တယ်။ တစ်ခါတုန်းက မြတ်ဗုဒ္ဓ ဟောကြားတော်မူတာက 'တစ်စုံတစ်ယောက်က ငါဘုရားကို ဖူးမြော်ချင်တယ် ဆိုရင် သူဟာ ငါ ဟောကြားထားတဲ့ တရားဓမ္မတွေကို လေ့လာပြီး

လိုက်နာ ကျင့်ကြံရုံပဲ ဖြစ်တယ်" (သံယုတ္တနိကာယ်)။

မြတ်ဗုဒ္ဓရဲ့ အဆုံးအမတွေကို သဘောပေါက် နားလည်သူဟာ မြတ်ဗုဒ္ဓရဲ့ သဘောသဘာဝ အမှန် မိမိကိုယ်မှာ ထင်ဟပ်နေတာကို လွယ်လွယ်ကူကူ နားလည် သဘောပေါက်နိုင်တယ်။ သူတို့ စိတ်ထဲမှာ လက်ခံ သိမ်းဆည်းထားတဲ့ မြတ်ဗုဒ္ဓရဲ့ ပုံရိပ်တော်ဟာ သူတို့ အိမ်က ဘုရားစင် ပလ္လင်ပေါ်က ဆင်းတုတော် ထက် ပိုပြီး စစ်မှန်ပါတယ်။ အိမ်က ဆင်းတုတော်က သင်္ကေတ တစ်ခုသာပဲ ဖြစ် တယ်။ "တရားဓမ္မနှင့် အညီ နေသူများကို ဒီဓမ္မကပဲ ပြန်လည် စောင့်ရှောက်ခြင်းကို ခံရမှာ ဖြစ်တယ်" (ထေရ ဂါထာ)။

ဘဝ ဖြစ်တည်ပုံ သဘော အစစ်အမှန်ကို နားလည်ပြီး တရားနဲ့ အညီ အသက်ရှင် နေထိုင်သူဟာ ကြောက်ရွံ့ထိတ်လန့်ခြင်း ကင်းတယ်။ ဘဝ လုံခြုံမှု ရှိတယ်။ ဘဝခရီး အဆင်ပြေပြီး ချောမွေ့တယ်။

တခြား ဘာသာ အယူဝါဒတွေမှာ သူတို့ ကိုးကွယ်တဲ့ နတ်ဘုရားတွေဆီက မျက်နှာသာ ရဖို့၊ မိမိတို့ကို စောင့်ရှောက်ပေးပါလို့ ဆုတောင်းပြီး ရှိခိုးနေကြတာ ဖြစ်တယ်။ ဗုဒ္ဓဘာသာဝင်တွေ ဗုဒ္ဓမြတ်စွာဘုရားကို ရှိခိုး ဝတ်ပြုနေကြတာ လောကီ စည်းစိမ် ချမ်းသာများ ရရာရကြောင်း တောင်းခံချင်လို့ ရှိခိုးနေကြတာ မဟုတ်ဘူး။ ကိုယ်တော်မြတ်ကြီးကို သူရဲ့ ထူးမြတ် လွန်ကဲလှတဲ့ ကျေးဇူးတော် အစုံ၊ ဂုဏ်တော် အနန္တကို ကြည်ညို လေးစားလို့ ရှိခိုးနေကြတာသာ ဖြစ်တယ်။

ဗုဒ္ဓဘာသာဝင်တွေ မြတ်ဗုဒ္ဓကို ကြည်ညို လေးစားတဲ့ အခါ အမှန်ကတော့ ဒီကြည်ညိုခြင်း သဒ္ဓါဇောနဲ့ မိမိတို့ရဲ့ ကိုယ့်ကိုယ်ကိုယ် မြင့်မားလာအောင် မြှင့်တင် နေကြတာသာ ဖြစ်တယ်။ ဒီနည်းနဲ့ ကြည်ညိုခြင်း သဒ္ဓါကြောင့် တစ်နေ့ကျရင် မိမိတို့လည်း မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရပြီး နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ဖို့ပဲ ဖြစ် တယ်။ တကယ်လို့ ဘုရား ဖြစ်ဖို့ ဆုကြီးပန် ဖြစ်ရင်လည်း မိမိရဲ့ ဝေနေယျများ ကို ကျွတ်တန်းဝင်အောင် ချေချွတ်တော်မူဖို့ပဲ ဖြစ်တယ်။

ဗုဒ္ဓဘာသာဝင်တွေက မြတ်ဗုဒ္ဓကို ကြည်ညိုကြတာ၊ ဆရာသခင် ကျေးဇူး ရှင် အဖြစ်နဲ့ ကြည်ညိုကြတာပါ။ ဒါပေမဲ့ ဒီကြည်ညိုမှုဟာ ဆရာ အပေါ်မှာ စွဲလမ်းတဲ့ သဘော၊ မှီခို အားထားတဲ့ သဘောနဲ့ ကြည်ညိုကြတာ မဟုတ်ဘူး။ ဒီလို စွဲလမ်း ဥပါဒါန်၊ ဘုရားထံက လိုရာ တောင်းဖို့ မှီခို အားထားတဲ့ သဘော မပါဘဲ ကြည်ညိုခြင်းကသာ ဘုရားဟော တရားတော်နဲ့ အညီ ဖြစ်တယ်။ ဘုရား က ဟောထားပုံမှာ. . .

'ရဟန်းတို့၊ ရဟန်းသည် ငါ၏ သင်္ကန်းစကို ဆွဲပြီး ငါ့နောက်က တကောက်

ကောက် လိုက်ပါနေစေကာမူ ရဟန်းသည် ကိလေသာ အာရုံ ကာမဂုဏ် တရားတို့၌ ပြင်းစွာ စွဲလမ်း တပ်မက်လျက် ရလို ပိုင်လိုမှုဖြင့် နေခြင်း၊ အန္တရာယ် ပြုလိုသော စိတ်ထားဖြင့် နေခြင်း၊ အကျင့်ပျက်ခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ သတိကင်းစွာ နေခြင်း၊ ကမ္မဋ္ဌာန်းတရားကို ပွားများရန် ပျက်ကွက်ခြင်း၊ စိတ်ပြန့်ကြဲခြင်း၊ ဣန္ဒြေတို့၌ အစိုးမရခြင်း ရှိပါက ထိုရဟန်းသည် ငါဘုရားနှင့် ကွာဝေးသည်သာ ဖြစ်၏။"

"အကြင်ရဟန်း၊ ရဟန်းသည် ငါဘုရားနှင့် မိုင်ပေါင်း တစ်ရာ ဝေးကွာသော အရပ်၌ နေစေကာမူလည်း သူ့မှာ ရန်လိုမုန်းထားခြင်း မရှိ၊ ငြိတွယ် စွဲလမ်းခြင်းလည်း မပြင်းပြ၊ ကာမဂုဏ်အာရုံတို့၌လည်း မလိုက်စား၊ မကောင်းသဖြင့် ကြံစည်ခြင်းလည်း မရှိ၊ အကျင့်လည်း မပျက်၊ စိတ်ကိုလည်း မြဲမြံစွာ ထိန်းသိမ်း စောင့်ရှောက်ထား၏။ သတိလည်း ရှိ၏။ ကမ္မဋ္ဌာန်း ဘာဝနာတရားကိုလည်း ပွားများအားထုတ်ခြင်း ရှိ၏။ သမာဓိကို ထူထောင်လျက် ဣန္ဒြေတို့၌လည်း အစိုးရ၏။ ထိုရဟန်းသည် ငါဘုရားနှင့် နီးစပ်သူ ဖြစ်၏။"

(သံယုတ္တနိကာယ်)

# ကိုယ့် ဉာဏ် ဝီရိယကို မချခြင်း

*သူတစ်ပါး အပေါ် မှီခို အားထားခြင်းသည် မိမိ၏ ဉာဏ် ဝီရိယကို ချထားခြင်း၊ မိမိကိုယ်ကို အားကိုးခြင်းကို ပစ်ချခြင်းမည်၏။*

ဗုဒ္ဓဘာသာသည် တရား မျှတခြင်း၊ ညီမျှခြင်း၊ ငြိမ်းချမ်းခြင်းကို အလေးအမြတ်ထားသော၊ နူးညံ့သိမ်မွေ့သော ဘာသာတရား ဖြစ်တယ်။ မိမိ ဘဝ လွတ်မြောက်ရေးအတွက် တစ်ပါးသူအပေါ် မှီခို အားထားခြင်းသည် ဆုတ်ယုတ်ခြင်း အဖျက်သဘောဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ်သာ အားကိုးရာဟု ထားခြင်းကသာ တိုးတက်ခြင်း အပြုသဘော ဖြစ်တယ်။ သူတစ်ပါးအပေါ် အားထား မှီခိုခြင်းသည် မိမိ၏ ဉာဏ်ဝီရိယကို ပစ်ချခြင်းသဘော ဖြစ်တယ်။

လူသားရဲ့ ဘဝကို တိုးတက် ကြီးပွားအောင် မြှင့်တင်တာ မှန်သမျှဟာ လူသား ကိုယ်တိုင် စွမ်းဆောင်ရတာချည်း ဖြစ်တယ်။ လူသားရဲ့ ဘဝ တိုးတက်ကြီးပွားခြင်း ကိစ္စဟာ သူ၏ အသိဉာဏ်ပညာ၊ နားလည်မှု၊ ကြိုးပမ်းမှုနဲ့ အတွေ့အကြုံက ပေါက်ပွားလာတာသာ ဖြစ်တယ်။ ကောင်းကင်က ကျလာတာတွေ

မဟုတ်ကြပါ။ လူသားအနေနဲ့ အင်မတန် အားကောင်းတဲ့ သဘာဝ စွမ်းအားတွေရဲ့ ကျေးကျွန်တောင် အဖြစ်မခံသင့်ပါဘူး။ ဘာကြောင့်လဲ ဆိုတော့ ဒီသဘာဝ စွမ်းအားတွေရဲ့ ဖျက်ဆီး ချေမှုန်းခြင်းကို ခံရရင်တောင်မှ လူသားဟာ သဘာဝရဲ့ စွမ်းအားတွေကို နားလည်အောင် ကြိုးပမ်းပြီး သူ့ သိနားလည်စွမ်း ဉာဏ်ပညာနဲ့ သဘာဝအပေါ် အသာစီးရသူအဖြစ် ဆက်လက် ရှင်သန်နေနိုင်သေးတာပဲ။ ဗုဒ္ဓ ဘာသာက သစ္စာဉာဏ်ကို ကျယ်ပြန့်အောင် စွမ်းဆောင်နိုင်တယ်။ ဗုဒ္ဓဘာသာက လူသားအနေနဲ့ လောကရဲ့ သစ္စာဉာဏ် အမြင်ကို ရခြင်းအားဖြင့် လူသားဟာ သဘာဝ လောကကြီးကို ကိုယ် အလိုရှိသလို ထိန်းချုပ်ပြီး ပြောင်းလဲနိုင်စွမ်း ရှိသူ ဖြစ်တယ်လို့ လက်ခံထားတယ်။ သဘာဝတရားက ချေဖျက်နိုင်စွမ်းကို ရပ်တန့် သွားအောင်လည်း လူသားက လုပ်နိုင်စွမ်း ရှိတယ်။ လုပ်ဆောင်နိုင်စွမ်း ရှိရုံမျှမက သူ့ဘဝကိုလည်း ပိုပြီး မြင့်မားလာအောင် ပိုပြီး မွန်မြတ်သည်ထက် မွန်မြတ် အောင်လည်း မြှင့်တင်နိုင်စွမ်း ရှိသူ ဖြစ်တယ်။

ဗုဒ္ဓဘာသာက လူသားရဲ့ အသိဉာဏ်နဲ့ စွမ်းဆောင်ရည်၊ အောင်မြင် ပြီးမြောက်အောင် ဆောင်ရွက်နိုင်စွမ်းတွေ အပေါ်မှာသာ ထိုက်သင့်တဲ့ ဂုဏ်ကို ပေးတယ်။ ယုံကြည် အားထားမှုကို ပြုတယ်။ တခြား သဘာဝထက် ကဲလွန်တဲ့ သတ္တဝါတွေ အပေါ်မှာ ယုံကြည် အားထားခြင်း မရှိဘူး။ ဘာသာ အယူဝါဒ အစစ်အမှန်က မသိ နားမလည်နိုင်တဲ့ တန်ခိုးရှင်တွေရဲ့ မ စ မှုထက် လူသားရဲ့ ကောင်းမှု အပေါ်မှာသာ ပိုပြီး ယုံကြည် အားထားတယ်။ ဤအချက်တွင် ဗုဒ္ဓ ဘာသာဟာ ယုံကြည် ကိုးကွယ်ရာ ဘာသာ အယူဝါဒ (religion) တစ်ခုသာ ဖြစ်ရုံမက လောက ငြိမ်းချမ်းရေးနှင့် မြင့်မြတ်တဲ့ ဘဝ နေနည်းကို ကျင့်သုံးခြင်းအား ဖြင့် ထာဝရ လွတ်မြောက်ခြင်း (ကယ်တင်ခြင်း) ကို ရစေနိုင်တဲ့ ဘဝ နေနည်း တစ်ခုလည်း ဖြစ်တယ်။ အစကနဦးကတည်းက ဗုဒ္ဓဘာသာက ပြုစု ပျိုးထောင် ထားတဲ့ ဉာဏ်ကို အားကိုးအားထား ပြုခဲ့တာ ဖြစ်တယ်။ ဒါကြောင့် ယနေ့ ကမ္ဘာ ပေါ်က ဉာဏ်ယဉ်ကျေးအောင် ပြုပြင်ထားတဲ့ လူယဉ်ကျေးတိုင်းက မြတ်ဗုဒ္ဓကို ဆင်ခြင်ဉာဏ် ကြီးမားတဲ့ ဆရာတစ်ဆူ အဖြစ်နဲ့ ကြည်ညို လေးစားကြတာ ဖြစ် တယ်။

မြတ်ဗုဒ္ဓ ညွှန်ပြတော်မူတာက လူသားရဲ ဘဝ ချမ်းသာရရေး အတွက် တကယ် လိုအပ်တာဟာ အယူသည်းမှုတွေ၊ တရားသေ သဘောတရားတွေ ပါတဲ့ ဘာသာ ယုံကြည် ကိုးကွယ်မှု (religion) မဟုတ်ဘူး။ သစ္စာဉာဏ် ရှိဖို့ပဲ ဖြစ်တယ်။ သဘာဝ စကြဝဠာ လောကကြီးဟာ ကြောင်းကျိုး နိယာမနဲ့ ဆက်စပ်ပြီး ဘယ်လို

ဖြစ်ပျက်နေတယ် ဆိုတာကို ဟုတ်တိုင်း မှန်စွာ သိမြင် နားလည်ဖို့ပဲ ဖြစ်တယ်တဲ့။ လူသားအနေနဲ့ ဘဝ ဖြစ်တည်နေခြင်းဟာ သဘာဝတရား၊ သင်္ခါရ တရားတို့ရဲ့ မမြဲခြင်း သဘောကို ဖော်ပြနေတာသာ ဖြစ်တယ် (သဗ္ဗေသင်္ခါရာ အနိစ္စာ) ဆိုတဲ့ သဘောကို နားမလည်သေးသရွေ့ ဘယ်လူသားမျိုးမှ အလုံးစုံ ပြည့်ဝ စုံလင်တဲ့ ဘဝ လွတ်မြောက်ခြင်းကို မျက်မှောက် မပြုနိုင်ဘူး။

မြတ်ဗုဒ္ဓဟာ စကြဝဠာ လောကကြီးကို ရှင်းပြပုံ အသစ်နဲ့ ရှင်းပြတော်မူခဲ့တာ ဖြစ်တယ်။ ဒီအမြင်ဟာ ထာဝရ ချမ်းသာရကြောင်းအတွက် အမြစ်သစ် ဖြစ်တယ်။ ပါရမီဖြည့်ခြင်းရဲ့ သဘော အမြင်သစ် ဖြစ်တယ်။ ဗုဒ္ဓဘာသာမှာ လူသားရဲ့ ဘဝ ပန်းတိုင်ကို အောင်နိုင် ပေါက်ရောက်ခြင်းဆိုတာ သင်္ခါရ တရားတွေရဲ့ အလွန်မှာ ရှိတဲ့ အသခ်ၤတနယ်ကို ပေါက်မြောက်အောင် လုပ်တာပဲ ဖြစ်တယ်။ အနိစ္စလောကရဲ့ အလွန်မှာ ရှိတဲ့ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုရေးပဲ ဖြစ်တယ်။ နောက်ဆုံးမှာတော့ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာအမှန် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက်ပြုရေးပဲ ဖြစ်တယ်။

# အပြစ်(ပြစ်မှု) ကျူးလွန်သူ မရှိ

*ဗုဒ္ဓဘာသာမှာ ပြုတဲ့ ကံတွေဟာ ကောင်းမှုကံ၊ မကောင်းကံ ဆိုတာပဲ (ကုသိုလ်၊ အကုသိုလ်ပဲ) ရှိတယ်။ ပြစ်မှု ကျူးလွန်ခြင်း သဘော (Sinful) မျိုး မရှိဘူး။*

ဗုဒ္ဓဘာသာက လူကို သဘာဝအရ အပြစ် ကျူးလွန်ခြင်း ရှိသူလို့ မသတ်မှတ်ပါ။ ပြီးတော့ ထာဝရဘုရားကို ပုန်ကန်လို့ အပြစ် ရှိသူလို့လည်း မယူဆပါ။ လူသားကို ရှုမြင်ပုံက လူဟာ အလွန် တန်ဖိုးရှိတဲ့ သတ္တဝါ ဖြစ်ရုံ သာမက သူ့အထဲမှာ ကောင်းမှုရော၊ မကောင်းမှုတွေရော သိုမှီးထားတယ်လို့ပဲ နားလည်တယ်။ ကောင်းမှုတွေက အမြဲတမ်း ပွင့်ချိန် မှည့်ချိန် အကျိုးပေးချိန်ကို စောင့်ဆိုင်းနေတယ်။ သင့်တော်တဲ့ အချိန်မှာ အကျိုးပေးခွင့်ကို မျှော်လင့် စောင့်ဆိုင်းနေကြတယ်။ လူမှာ အဆိုးဆုံးထဲမှာ အကောင်းတွေလည်း အများကြီး ရှိတယ်။ အကောင်း ထဲမှာလည်း အဆိုးတွေ အများကြီး ရှိတတ်ပါတယ်။

ဗုဒ္ဓဘာသာမှာ သင်ကြားတာက လူဟာ သူ ပြုသမျှ ကောင်းမှုကံ၊ မကောင်းမှုကံတွေ အားလုံးအတွက် တာဝန် ရှိတယ်။ ဒါကြောင့် လူတစ်ယောက်ဟာ မိမိရဲ့ ကြမ္မာကို မိမိဘာသာ ဖန်တီးနိုင်တယ်လို့ ယုံကြည်တယ်။ မြတ်ဗုဒ္ဓ ဟောတော်မူတာက "မကောင်းမှု အကုသိုလ်ကံကို မိမိ ပြုလုပ်လျှင် မိမိသည်ပင် ညစ်နွမ်းရ၏။ မကောင်းမှုကို မိမိ မပြုလုပ်ခဲ့လျှင် မိမိသည်ပင် စင်ကြယ်၏။ စင်ကြယ်သော ကုသိုလ်နှင့် မစင်ကြယ်သော အကုသိုလ်သည် တခြားစီသာ ဖြစ်၏။ သူ တစ်ယောက်သည် အခြားသူ တစ်ယောက်ကို (ကိလေသာ အညစ်အကြေးမှ စင်ကြယ်အောင်) မသုတ်သင်နိုင်။"

(ဓမ္မပဒ- ၁၆၅)

လူတွေ ဒုက္ခ ရောက်ရတာလည်း တခြားလူ လုပ်လို့ ရောက်ရတာ မဟုတ်ဘူး။ ကိုယ် လုပ်လို့ ကိုယ် ရောက်ရတာသာ ဖြစ်တယ်။ မိဘရိုးရာ အမွေ ဆက်ခံရတာ မဟုတ်ဘူး။ ကမ္ဘာဦး မိဘနှစ်ပါး လုပ်ခဲ့တဲ့ အပြစ်ကို နောင်လာနောက်သားများက ကျိန်စာသင့်သလို အမွေ ဆက်ခံရတာ မဟုတ်ဘူး။ ဒီလောကဟာ အစမ်းသပ်ခံဖို့ (ထာဝရဘုရားက သူ့ကို ယုံသလား၊ မယုံဘူးလား ဆိုတာ စမ်းသပ်ခံဖို့) အတွက် ဖြစ်လာရတယ် ဆိုတဲ့ အယူဝါဒမျိုးကို ဗုဒ္ဓဘာသာက လုံးဝ လက်မခံပါဘူး။ ဗုဒ္ဓဘာသာကတော့ ဒီလောကဟာ လူ ဖြစ်တုန်း ဘဝရဲ့ အမြင့်ဆုံး၊ အမြတ်ဆုံး အဆင့်ကို ကျွန်ုပ်တို့ ရောက်အောင် လုပ်နိုင်တဲ့ နေရာဖြစ်တယ်လို့ ရှုမြင်တယ်။ ပါရမီ ဖြည့်ခြင်းဆိုတဲ့ စကားဟာ သဘောအားဖြင့် ချမ်းသာသုခ ရအောင် ပြုလုပ်ခြင်း ဖြစ်တယ်ဆိုတဲ့ စကားနဲ့ သဘောချင်း အနက်အဓိပ္ပာယ်ချင်း အတူတူပဲ ဖြစ်တယ်။ လူဟာ တစ်စုံတစ်ယောက် ဖန်ဆင်းလိုက်တဲ့ အစမ်းသပ်ခံ သတ္တဝါ မဟုတ်ဘူး။ ဒီလို စမ်းသပ်တယ်ဆိုတာက မလိုချင်တဲ့အခါ သုတ်သင်ပစ်ချင်လို့ လုပ်တာပါ။ ပြစ်မှုတစ်ခုကို ဘုရားသခင်ဆီမှာ ဆုတောင်းလို့၊ ခွင့်လွှတ်တော်မူပါ ဆိုလို့ ဘုရားက ခွင့်လွှတ်လိုက်လို့ ကျေသွားတယ်။ အပြစ် ကင်းသွားတယ်ဆိုရင် လူသားတွေအနေနဲ့ အခွင့်ကောင်း ယူပြီး အပြစ်တွေကို ပိုပိုပြီး ကျူးလွန်လာကြတော့မှာပေါ့။ ဒီလို ကိုယ် လုပ်ထားတဲ့ အပြစ် ကျူးလွန်မှုကို ဘုရားက ခွင့်လွှတ်လိုက်ရင် ကျေတယ်ဆိုတာမျိုးတော့ ဗုဒ္ဓဘာသာက မယုံကြည်ပါဘူး။ လူတစ်ယောက်ဟာ သူ့ လက်ကို မီးဖိုထဲ ထိုးထည့်ကြည့်ပါလား၊ မီးလောင်မှာပေါ့။ ဒီမီးလောင်တဲ့ ဒဏ်ရာကို ပျောက်အောင် တစ်လောကလုံးက ဝိုင်းပြီး ဆုတောင်း

ကြည့်စမ်းပါ။ ပျောက်မလားလို့။ ဒီအတိုင်းပဲ လူတစ်ယောက်က အကုသိုလ်ကံဆိုတဲ့ မီးထဲ တိုးဝင်ကြည့်ရင်လည်း ဒီအတိုင်းပဲ ဖြစ်မှာပဲ။ မြတ်ဗုဒ္ဓက ဒုက္ခပြဿနာကို ချဉ်းကပ် ဖြေရှင်းရာမှာ စိတ်ကူးယဉ်တာ ဘာမှ မပါဘူး။ မျှော်မှန်းရမ်းဆပြီး တွေးတော ပြောတာလည်း မပါဘူး။ ကိုယ်တွေ့လက်တွေ့ကိုပဲ ဗုဒ္ဓက အနှစ်သာရ ထားပြီး သုံးသပ်တော်မူတာ ဖြစ်တယ်။

ဗုဒ္ဓဘာသာ သဘောက ပြစ်မှု (Sin) ဆိုတာမျိုးလည်း မရှိဘူး။ တခြားဘာသာတွေမှာတော့ အပြစ်ကျူးလွန်မှု (Sin) သဘောကို လက်ခံထားကြတာများတယ်။ ဗုဒ္ဓဘာသာဝင်တွေ ပြောတဲ့ အပြစ် ဆိုတာက မကောင်းမှု အကုသိုလ်ကံကို ပြောတာသာ ဖြစ်တယ်။ အကုသိုလ်ကသာ 'ပါပ' ကို ဖြစ်စေတယ်။ ပါပဆိုတာက လူကို ကျဆုံးစေတတ်တဲ့ သဘော၊ (မကောင်းမှု၊ ဒုစရိုက်) ဖြစ်တယ်။ ကောက်ကျစ် စဉ်းလဲသူဟာ သူမိုက် ဖြစ်တယ်။ ဒီတော့ ဒီလူကို အပြစ်ဒဏ်ခတ်ပြီး ရှုတ်ချတာထက် ပညာပေးပြီး ဆုံးမတာက ပိုပြီး လိုအပ်ပါတယ်။ သူက ဘုရားသခင်ရဲ့ အလိုဆန္ဒနဲ့ ဖီလာ လုပ်တယ်။ ဘုရား အလိုတော်ကို ကျူးလွန်ဖောက်ဖျက်တယ်လို့ မသိ နားမလည်လို့ မိုက်မဲသူလို့ မယူဆနိုင်ဘူး။ သို့မဟုတ် ဒီလူကို ဘုရားထံမှာ ခွင့်လွှတ်ဖို့ တောင်းခံသင့်သူလို့လည်း မယူဆနိုင်ပါဘူး။ ဒီလို လူမှာ လိုအပ်တာက သူ အသိဉာဏ် ရှိလာအောင် လမ်းညွှန် ပြသဖို့ပဲ ဖြစ်တယ်။

လုပ်ဖို့ လိုအပ်တာက ဒီလို မိုက်မဲတဲ့ မသိ နားမလည်တဲ့ လူကို နားလည်တဲ့ လူတစ်ယောက်က ဖေးဖေးမမ လုပ်ပြီး သူ့ရဲ့ ဆင်ခြင်ဉာဏ်ကို သုံးတတ်လာအောင် သူ ပြုလုပ်တဲ့ အမှားအတွက် သူ့မှာ တာဝန်ရှိတယ် ဆိုတာကို သိမြင်လာအောင် သူ့အမှားအတွက် ဖြစ်ပေါ်လာတဲ့ အကျိုးဆက်ကို သူ ပေးဆပ်ရမယ် ဆိုတာကို သိအောင် ကူညီ ဖေးမဖို့ပဲ လိုတယ်။ ဒါကြောင့် အပြစ်ကို ဝန်ခံပြီး ခွင့်လွှတ်တော်မူပါဆိုလိုက်ရုံနဲ့ အပြစ်တွေ ကင်းစင်သွားတယ် ဆိုတဲ့ အယူအဆမျိုးကတော့ ဗုဒ္ဓဘာသာနဲ့ ပြဒါးတစ်လမ်း သံတစ်လမ်းပါ။

ဒီလောကမှာ မြတ်ဗုဒ္ဓ ပွင့်ထွန်းလာတော်မူတာက လူသားများ ကျူးလွန်ထားတဲ့ အပြစ်တွေ ကင်းစင်သွားအောင် ရေနဲ့ ဆေးကြော သုတ်သင်ပေးဖို့ ပွင့်လာတာ မဟုတ်ပါ။ ဒီလိုပဲ လူတွေ ကျူးလွန်ထားတဲ့ ပြစ်မှုတွေကို အပြစ်ဒဏ်စီရင်ဖို့၊ စဉ်းလဲတဲ့ လူတွေ၊ မိုက်မဲတဲ့ လူတွေကို ဖျက်ဆီးပစ်ဖို့လည်း မဟုတ်ပါ။ ဘုရား ပွင့်လာတာက ဒီလို မကောင်းမှု ဒုစရိုက်တွေကို ကျင့်ကြံ လုပ်ဆောင်ကြလို့

ရှိရင် ဒီမကောင်းမှု အကုသိုလ်ကံဟာ ဘယ်လို မကောင်းကျိုးကို ဘယ်လို တုံ့ပြန်ပြီး ပေးလာတတ်တယ် ဆိုတာကို ထင်ရှားပေါ်လွင်အောင် ပြဋ္ဌာန်းတော်မူဖို့ ပွင့်ထွန်းလာတာပဲ ဖြစ်တယ်။ နောက်ဆုံးပိတ် ပြောရရင်တော့ ဗုဒ္ဓဘာသာမှာ ပညတ်တော် ၁၀ ပါး ဆိုတာမျိုးလည်း မရှိဘူး။ ဘာကြောင့်လဲဆိုတော့ ဘယ်သူ တစ်ဦးတစ်ယောက်ကမှ တခြားလူတစ်ယောက်ရဲ့ ကျင့်ဝတ်သီလတွေ မြင့်မားလာအောင် မပညတ်နိုင်လို့၊ အမိန့် မပေးနိုင်လို့ပဲ ဖြစ်တယ်။ လူတို့ သီလ မြဲလာအောင် အာဏာစက်နဲ့ လုပ်လို့ မရပါဘူး။ ဗုဒ္ဓရှင်တော်မြတ်ဘုရားကတော့ လူကို အကျင့်သီလ ကောင်းမွန် မြင့်မြတ်လာအောင် သီလ ဆောက်တည်ဖို့ နားလည်မှု အသိပညာ တိုးပွားအောင် လုပ်ဖို့ကိုပဲ အားပေးအားမြှောက် ပြုတယ်။ ဘုရားက လူတွေရဲ့ ဘဝဆင်းရဲက လွတ်မြောက်ရာ မဂ်လမ်းကို ပြဋ္ဌာန်းတာပဲ ရှိတယ်။ လူတွေက သူ ဟောပြော ဆုံးမတာကို မလိုက်နာဘဲ မနေရအောင် အာဏာစက်နဲ့ ပညတ်ချက်တွေနဲ့ မလုပ်ဘူး။ သီလ ဆောက်တည်လာအောင်၊ ကိုယ်ကျင့်တရား ကောင်းမွန်လာအောင် လုပ်နိုင်တာဟာ ပညတ်တော်တွေ မဟုတ်ပါဘူး။ မိမိ ဆန္ဒအလျောက် စိတ်ပါလက်ပါ စောင့်ထိန်းလာမှသာ ရနိုင်တာမျိုး ဖြစ်တယ်။ ဘုရား ဆုံးမတော်မူပုံက "နာကြကုန်လော့။ သတိထားကြကုန်လော့။ ငါ၏ ဤအဆုံးအမကို ယူပြီး ဆင်ခြင် စဉ်းစားကြကုန်လော့။ သင်တို့ရဲ့ စိတ်မှာ သင့်တော်သည်ဟု ယုံကြည်ကြလျှင် ငါ၏ အဆုံးအမအတိုင်း လိုက်နာ ကျင့်ကြံကြည့်ကြကုန်လော့။ မိမိ၏ ကိုယ်ပိုင် အတွေ့အကြုံဖြင့်သာ အကျိုးကျေးဇူး ရှိ၊ မရှိကို စဉ်းစား ဆုံးဖြတ်ကြကုန်လော့"ဟု ဟောတော်မူလေ့ ရှိတယ်။ ပညတ်တော်ကို ဘာမှ နားမလည်ဘဲ မျက်ကန်း လိုက်နာခြင်းမှာ ဘာ ဘာသာရေး တန်ဖိုးမျှ မရှိပါ။ နားလည်မှုနှင့် ယုံကြည် သက်ဝင်မှု သဒ္ဓါ မပါဘဲ မလွှဲသာ၍ လုပ်ခြင်းသည် ကျင့်ဝတ် တန်ဖိုး ဘာမျှ မရှိပါ။ သို့သော် မြတ်ဗုဒ္ဓ ခွင့်ပြုတော်မူသော လွတ်လပ်ခွင့်ကို ကျွန်ုပ်တို့ဘက်ကလည်း အခွင့်ကောင်း ယူပြီး လုပ်ချင်တာတွေကို မလုပ်သင့်ပါ။ ယဉ်ကျေးသဖြင့်သာလျှင် ပြုမူရန် တာဝန် ရှိပါတယ်။ ယဉ်ကျေးပြီး အသိဉာဏ်ပါပြီး ဘာသာရေးကို လုပ်ဖို့သာ အရေးကြီးပါတယ်။ ပညတ်တော်တွေက ဘာမှ အရေးမကြီးပါ။ စင်ကြယ် သန့်ရှင်းတဲ့ ဘဝမှာ ဘယ်လို ရှင်သန်ပြီး နေသင့်တယ်ဆိုတဲ့ ဘဝ နေနည်းကို သိမြင်တော်မူသော မြတ်စွာဘုရားသည် ကျွန်ုပ်တို့ကို ဆုံးမတော်မူတယ်။ မြတ်စွာဘုရားသည် ဘယ်ပညတ်တော်ကိုမှ မချမှတ်ပါ။ ပညတ်ခြင်း မရှိသလို အပြစ်ဒဏ် တားခြင်းဖြင့်လည်း ကြောက်အောင် ခြောက်လှန့်ခြင်း မပြုပါ။

# ကိုယ့်ဘာသာလုပ်ပါ

*ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ် ရှိမှသည် လူ့ဘဝရဲ့ အခန်းကဏ္ဍ တိုင်းမှာ အရေးပါတဲ့ အစိတ်အပိုင်း ဖြစ်တယ်။*

ဗဟိဒ္ဓလောကက ဖန်ဆင်းရှင် နတ်ဘုရားလည်း မကယ်နိုင်ဘူး။ ယုံကြည်မှုနဲ့ ဝတ်ပြု ဆုတောင်းမှုကလည်း မကယ်တင်နိုင်ဘူး ဆိုတာကို သိနားလည်ထားကြတဲ့ ဗုဒ္ဓဘာသာဝင်တွေရဲ့ စိတ်ထဲမှာ ခံစားရတာက ကိုယ့် ဉာဏ် ဝီရိယနဲ့ ကိုယ့်ကိုယ်ကိုယ် ကယ်တင်နိုင်တယ် ဆိုတာပဲ ဖြစ်တယ်။ ကိုယ့်အပေါ်ကို အားကိုးလို့လည်း ယုံကြည် စိတ်ချမှုကို ရပါတယ်။ ဗုဒ္ဓဘာသာဝင်ရဲ့ အမြင်မှာ လက်ရှိ ဘဝအတွက်ပဲ ဖြစ်ဖြစ်၊ နောင်တမလွန် ဘဝ အတွက်ပဲ ဖြစ်ဖြစ်၊ တာဝန် အားလုံးသည် မိမိ အပေါ်မှာသာ မှီတည်နေတယ် ဆိုတာပဲ ဖြစ်တယ်။ ကိုယ်ပဲ ကိုယ့်ကိုယ်ကိုယ် ကယ်တင်နိုင်သူ ဖြစ်တယ်။ ကယ်တင်ခြင်း ဆိုတာကို ရောဂါ ကုသခြင်း သဘောနဲ့ နှိုင်းယှဉ် ပြောလို့ ရတယ်။ လူ တစ်ယောက်ဟာ နာဖျားမကျန်း ဖြစ်နေလို့ ရှိရင် ဆရာဝန်ကို ခေါ်ရမှာပဲ။ ဆရာဝန်က ရောဂါကို ရှာဖွေ စိစစ်ပြီး ဘာရောဂါ ဆိုတာကို သိမှ သင့်တော်ရာ ဆေးကို ဆေးညွှန်းပေးမှာ ဖြစ်တယ်။ ဆရာဝန်က ဆေးညွှန်းပေးတာကို ဆေး ရအောင် ရှာပြီး သောက်တာကတော့ ရောဂါရှင်က သောက်ရမှာပါ။ ရောဂါရှင်က တခြား လူ တစ်ယောက်ယောက်ကို ငါ့ အတွက် ဒီဆေးကို သောက်ပေးစမ်းပါ ဆိုလို့ မရပါဘူး။ ဘယ်ရောဂါသည် မဆို၊ ဆေးလုံးကို ကြည့်ပြီး သဘောကျနေရုံနဲ့ ရောဂါ မပျောက်နိုင်ပါဘူး။ ဆရာဝန်ကို ချီးမွမ်းနေရုံနဲ့လည်း ရောဂါ သက်သာ ပျောက်ကင်းမှာ မဟုတ်ပါဘူး။

ရောဂါ ပျောက်ကင်းဖို့ အတွက် ဆိုရင်တော့ ဆရာဝန် ညွှန်ကြားတဲ့ အတိုင်း ရောဂါသည်က သစ္စာ ရှိရှိ၊ ယုံယုံကြည်ကြည်နဲ့ ဆရာဝန် ပေးတဲ့ ဆေးကို ဆေးညွှန်းအတိုင်း သောက်ရမှာပါ။ ဆရာဝန် ပြောတဲ့ အတိုင်း အချိန် မှန်မှန် သောက်ရမယ်။ ဆရာဝန် ပေးတဲ့ ဓာတ်စာကို စားသုံးရမယ်။ ဆရာဝန်က တားမြစ်တဲ့ ကိစ္စတွေကိုလည်း လိုက်နာ စောင့်ထိန်းရမယ်။ ဒီအတိုင်းပါပဲ။ ဆင်းရဲ တွင်းက လွတ်မြောက်ရေးကို လိုလားတဲ့ လူဟာ မြတ်ဗုဒ္ဓ ပြညွှန်တော်မူတဲ့ အတိုင်း သီလကိုလည်း စင်ကြယ်အောင် ဆောက်တည်ရမယ်။ လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ ကိလေသာတွေကို ချိုးနှိမ်ပြီး သမာဓိ ပညာကို တိုးပွားလာအောင် ထူထောင်

ရမယ်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ ကျေးဇူးတော် အစုံ (ဂုဏ်တော် အနန္တကို အကြိမ် များစွာ ခမ္မတေးတွေ ဆို၍ ချီးမွမ်းပြီး ဘုရားကို ဝတ်ပြု ဆုတောင်းနေရုံနဲ့လည်း ဘဝ ဆင်းရဲက မလွတ်မြောက်နိုင်ပါဘူး။ ဘာသာရေး ပွဲသဘင် အခမ်းအနားတွေ လုပ်နေလို့ပဲ ဖြစ်ဖြစ်၊ ဘုရားကို ပူဇော်ပွဲတွေ လုပ်နေရုံ သက်သက်နဲ့ပဲ ဖြစ်ဖြစ်၊ ဘဝဆင်းရဲ ခပ်သိမ်း ချုပ်ငြိမ်းရာ အမှန် မြတ်နိဗ္ဗာန်ကိုတော့ မရောက်နိုင်ပါ။ ဗုဒ္ဓဘာသာဟာ ဝတ်ပြု ဆုတောင်းရုံနဲ့ ဘဝ လွတ်မြောက်ခြင်း အမှန် မြတ်နိဗ္ဗာန်ကို ရောက်နိုင်တယ်လို့ လက်ခံတဲ့ ဘာသာမျိုး မဟုတ်ပါ။ ကယ်တင်တော်မူပါ ဘုရားလို့ တစာစာ အော်ပြီး ဆုတောင်းနေလို့လည်း ရနိုင်တဲ့ ဘာသာ မဟုတ်ပါ။ မိမိရဲ့ အတ္တနဲ့ စိတ်လှုပ်ရှားမှုကို ထိန်းချုပ်ပြီး ကိုယ်တိုင် အားထုတ်မှသာ ဘဝ လွတ်မြောက်ခြင်း ဆိုတဲ့ ကိုယ့်ဘဝကို ကိုယ်တိုင် ကယ်တင်မှသာ ရကြောင်း ဟောထားတဲ့ ဘာသာ အယူဝါဒမျိုးသာ ဖြစ်ပါကြောင်း။

## လူမှာ ကိစ္စအားလုံးအတွက် တာဝန်ရှိတယ်

*လူ တစ်ယောက်အနေနှင့် လူ ပီသအောင် ဘယ်လို နေရမယ် ဆိုတာကို သိ နားလည်အောင် လေ့လာ ဆည်းပူးပြီး တခြား လူတွေ ကိုလည်း အနှောင့်အယှက် ကင်းအောင် နေတတ်မှသာ သူဟာ ဒီဘဝမှာ ငြိမ်းချမ်းစွာ စိုးရိမ်ကြောက်ရွံ့ခြင်း ကင်းစွာ နေရမှာဖြစ်တယ်။*

မြတ်ဗုဒ္ဓရဲ့ အမြင်မှာ လူသားသည်သာ သူ့ ဘဝကို ဖန်တီးနိုင်တဲ့ ဘဝ ဖန်တီးရှင် ဖြစ်တယ်လို့ မြင်တော်မူတယ်။ ကိုယ့် ဘဝ အရှုံးအတွက် သူ့မှာ အပြစ်တင်စရာ တခြားလူ မရှိဘူး။ သူ့ ဘဝမှာ ဖြစ်လာသမျှ ကိစ္စ အားလုံးအတွက် သူကိုယ်တိုင် မှာပဲ တာဝန် ရှိတယ်။ ကိုယ့် ဘဝကို ကောင်းအောင်ပဲ ဖြစ်ဖြစ်၊ ဆိုးအောင်ပဲ ဖြစ်ဖြစ် ကိုယ့်ဘာသာကိုယ်ပဲ လုပ်နိုင်တာ ဖြစ်တယ်။ မိမိတို့ရဲ့ ဘဝ ဆင်းရဲတွေ၊ သောကတွေ၊ ဘေးရန် အန္တရာယ်တွေ၊ ကံဆိုးတာတွေအားလုံးက ကိုယ်လုပ်လို့ ကိုယ်ဖြစ်တာချည်းပဲ ဖြစ်တယ်။ ကျွန်ုပ်တို့သည် မိမိတို့ ပြုခဲ့သမျှ ကောင်းမှုကံ၊ မကောင်းမှုကံများရဲ့ အကျိုးကို ခံစားကြရတာပဲ ဖြစ်တယ်။ အတိတ်က လောဘ တဏှာ၊ အဝိဇ္ဇာနဲ့ လုပ်ခဲ့မိကြသမျှ ကံတွေအတွက် ပေးဆပ်နေကြရတာပဲ

ဖြစ်တယ်။ ဒီလို ကောင်းကံ၊ ဆိုးကံ အားလုံးကို ကိုယ် လုပ်လို့ ကိုယ်ဖြစ်တာကြောင့် ဒီလို မကောင်းကံတွေရဲ့ အကျိုးပေးကို ကျော်လွှားနိုင်အောင် လုပ်နိုင်စွမ်းလည်း မိမိတို့ ကိုယ်ထဲမှာပဲ ရှိပါတယ်။ မကောင်းမှု လျော့ပါးအောင် ကောင်းမှုတွေကို တိုးပွားအောင်လည်း မိမိ ကိုယ်တိုင်ပဲ လုပ်ကြရမှာ ဖြစ်တယ်။

ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူတာက ကိစ္စ ခပ်သိမ်းကို ဖန်တီးတာဟာ လူသားပဲ ဖြစ်တယ်။ ကိုယ် ဖြစ်လာတာ မှန်သမျှ ကိုယ် လုပ်ခဲ့မိလို့ ကိုယ် ဖြစ်တာချည်းပဲလို့ မှတ်ရမယ်။ ကျွန်ုပ်တို့ ဖြစ်လာတာဟာ တခြား တစ်ပါးသူ လုပ်လို့ ဖြစ်လာတာ မဟုတ်ပါဘူး။ မိမိတို့ရဲ့ မစင်ကြယ်တဲ့ နှလုံး စိတ်ထားနဲ့ လုပ်ခဲ့မိဖူးတာကြောင့် ဖြစ်လာရတာချည်းပါ။

လူ့ စိတ်ကလည်း တစ်ခါတလေ တိရစ္ဆာန်စိတ် ပေါက်တာမျိုး ရှိတတ်တယ်။ ဒါပေမဲ့ တိရစ္ဆာန် စိတ်နဲ့ မတူတာက လူ့ စိတ်ကို မြင့်မားတဲ့ ဘဝ တန်ဖိုးတွေကို ရရှိအောင် လေ့ကျင့် ပျိုးထောင်ယူလို့ ရတာပဲ ဖြစ်ပါတယ်။ လူ့ စိတ်ကို ကောင်းစွာ လေ့ကျင့် ပျိုးထောင်ထားခြင်း မရှိလို့ရှိလျှင် ဒီလို မယဉ်ကျေးတဲ့ စိတ်က ကမ္ဘာပေါ်မှာ ဒုက္ခ ဆင်းရဲ များစွာကို ဖန်တီးနိုင်စွမ်း ရှိတယ်။ တစ်ခါတစ်ရံမှာတော့ လူ့ အပြုအမူတွေဟာ တိရစ္ဆာန်တွေထက်တောင် ပိုပြီး ဘေးရန် အန္တရာယ် များသေးတယ်။ တိရစ္ဆာန်တွေမှာ ဘာသာရေး ပြဿနာ မရှိဘူး။ ဘာသာ စကား ပြဿနာလည်း မရှိဘူး။ နိုင်ငံရေး ပြဿနာလည်း မရှိဘူး။ လူမှုရေး ပြဿနာ၊ ကိုယ်ကျင့်တရား ပြဿနာ ဆိုတာမျိုးလည်း မရှိဘူး။ အသားအရောင် ခွဲခြားမှု ပြဿနာလည်း မရှိဘူး။ သူတို့ အချင်းချင်း တိုက်ခိုက်ကြတာက အစားအစာ အတွက်ရယ်၊ နေရာ လုတာရယ်၊ လိင် ဆက်ဆံမှု ကိစ္စတွေအတွက်ပဲ တိုက်ခိုက်ကြတယ်။ ဒါပေမဲ့ လူတွေကျတော့ ကိုယ့်ဟာကိုယ် ဖန်တီးတဲ့ ပြဿနာက သောင်းခြောက်ထောင် ဖြစ်နေတယ်။ လူ့အပြုအမူတွေ ဖြစ်နေပုံက သူတို့ ဖန်တီးတဲ့ လက်ရှိ ပြဿနာကို ဖြေရှင်းဖို့ကျတော့ မတတ်နိုင်ကြဘူး။ ဖြေရှင်းပြန်ရင်လည်း နောက်ပြဿနာသစ်တွေကို ထပ်မံ ဖန်တီးကြပြန်ရော။ လူဟာ လူ့ ချွတ်ယွင်းချက်၊ အားနည်းချက်တွေကိုကျတော့ ဝန်ခံဖို့ ဝန်လေးကြတယ်။ ဝန်ခံရမှာ စိတ်မပါဘူး။ ပြီးတော့ လူဟာ ကိုယ့် တာဝန်ကိုလည်း ကိုယ် ထမ်းဆောင်ချင်စိတ် မရှိဘူး။ သူ့ရဲ့ ဆုံးရှုံးမှုအတွက် တခြားလူကို အပြစ်တင်ဖို့ပဲ ကြည့်နေကြတယ်။ တကယ်လို့ ကျွန်ုပ်တို့အနေနဲ့ ကိုယ် လုပ်သမျှအတွက် ကိုယ် တာဝန် ယူတတ်ကြရင် လူ့ လောကမှာ ငြိမ်းချမ်းရေးနဲ့ ပျော်ရွှင်ခြင်း သုခကို လူတွေက ထိန်းသိမ်းထားလို့ ရပါတယ်။

# လူသည် သူ၏ အကျဉ်းထောင်မှူးဖြစ်သည်

*လူဟာ ကိုယ်လုပ်ချင်တာကို လုပ်နိုင်တဲ့ လွတ်လပ်ခွင့် ရှိရမယ် ဆိုတဲ့ တောင်းဆိုမှုဟာ မှန်ပါသလား။*

လူသားရဲ့ လွတ်လပ်ခွင့်ကို ပြောကြတဲ့အခါ လူသားဟာ တကယ်ကော လွတ်လပ်မှု ရှိရဲ့လား ဆိုတဲ့ အချက်ကို ရှာဖွေရတာ အတော် ခက်ပါတယ်။ လူသား အနေနဲ့ သူလုပ်ချင်တာကို လုပ်ချင်သလို လုပ်ခွင့် ရှိရဲ့လား။ လူသားရဲ့ ဘဝမှာ အဇ္ဈတ္တ၊ ဗဟိဒ္ဓ အနှောင်အဖွဲ့တွေ၊ အခြေအနေ အရပ်ရပ်ရဲ့ ဘောင်ခတ်ထားမှုတွေက အမြောက်အမြား ရှိပါတယ်။ အစိုးရက ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေကို လိုက်နာရ မယ် ဆိုတဲ့ ပြဋ္ဌာန်းချက်လည်း ရှိတယ်။ ဘာသာရေး စည်းမျဉ်း စည်းကမ်းတွေ ကိုလည်း သူ့ အနေနဲ့ လိုက်နာရတယ်။ လူမှုရေး အခြေအနေတွင် ကျင့်ဝတ်တွေနဲ့ အညီ သူ နေထိုင်တဲ့ လူ့ဘောင် ထဲမှာ သူဟာ ပူးပေါင်း ဆောင်ရွက်ရတယ်။ အမျိုးသား ယဉ်ကျေးမှု ဓလေ့ ထုံးစံတွေ၊ မိသားစု ထုံးစံတွေ၊ ရိုးရာတွေ၊ အစဉ် အလာတွေကိုလည်း မလိုက်နာဘဲ မနေနိုင်အောင် မလုပ်မဖြစ် လုပ်နေရတယ်။ ဒါ့အပြင် သူ နေထိုင်ရာ ဒေသရဲ့ ရာသီဒဏ်၊ ဥတုဒဏ်တွေကိုလည်း ခံနေရတယ်။ သူ့ရဲ့ ကိုယ်ကာယနဲ့ ဆိုင်တဲ့ အကြောင်းအရာတွေကိုသာ ဂရုစိုက်ပြီး စောင့်ရှောက် နေရတာ မဟုတ်သေးဘဲ စိတ်ပိုင်း လှုပ်ရှားမှုတွေကိုလည်း ထိန်းချုပ်ဖို့ ဆုံးဖြတ် ချက် ရှိရတယ်။

တစ်နည်း ပြောရရင် သူ့ အနေနဲ့ လွတ်လွတ်လပ်လပ် စဉ်းစား တွေးခေါ် ဖို့တောင်မှ လွတ်လပ်ခွင့် မရှိဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ သူ့ကို အတွေးအခေါ်သစ် တွေက လွှမ်းမိုးလာတဲ့အခါ သူဟာ ရှိရင်းစွဲ အယူအဆတွေကို ဖယ်ရှားပစ်ဖို့ ကျတော့ ဝိရောဓိ ဖြစ်လာရတယ်။ တစ်ချိန်တည်းမှာပဲ သူ့ စိတ်ထဲမှာ ဘုရားသခင် ရဲ့ အလိုဆန္ဒတော်အတိုင်း ဆောင်ရွက်ရမှာပဲဆိုတဲ့ ယုံကြည် သက်ဝင်မှုမျိုးကလည်း ရှိနေနိုင်တာကြောင့် သူဟာ သူ့ရဲ့ လွတ်လပ်တဲ့ ဆန္ဒအတိုင်း လိုက်နာ လုပ်ဆောင် နိုင်ခြင်း မရှိတော့ပါဘူး။

အထက်မှာ ပြခဲ့ပြီးတဲ့ လူကို နှောင်ဖွဲ့ထားတဲ့ ပြောင်းလဲနေတဲ့ အခြေအနေ အရပ်ရပ်ကို ထည့်သွင်း စဉ်းစားလိုက်ရင် -လူမှာ လွတ်လပ်စွာ လုပ်ချင် လုပ်ပိုင်ခွင့် ရှိရမယ် ဆိုတဲ့ တောင်းဆိုမှုဟာ မှန်ပါ့မလား- ဆိုတာ စဉ်းစားစရာ ဖြစ်လာတယ်။

လူဟာ သူ့ လက်တွေကို ဘာကြောင့် ခိုင်ခိုင်မြဲမြဲ ချည်နှောင်ထားရသလဲ။ အကြောင်းကတော့ လူရဲ့ အဇ္ဈတ္တသန္တာန်မှာ မကောင်းတဲ့ စိတ်တွေ အများကြီး ရှိနေလို့ပဲ ဖြစ်တယ်။ ဒီ မကောင်းတဲ့ စိတ်တွေက သက်ရှိသတ္တဝါ အားလုံးအတွက် ဘေးရန် အန္တရာယ် ဖြစ်စေနိုင်တယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ထောင်ပေါင်းများစွာ ကတည်းက ဘာသာတရားက လူကို သူ့ရဲ့ စိတ်မချရတဲ့ ယုတ်ရင်း ကြမ်းတမ်းတဲ့ အပြုအမူတွေကို ယဉ်ကျေးလာအောင်လို့ ထိန်းကျောင်းလာခဲ့ကြရတယ်။ လူ့လောကမှာ ဘယ်လို ဘယ်ပုံ နေထိုင်မှသာ လူတော်လူမြတ် ဖြစ်နိုင်တယ်ဆိုတာကို သင်ကြား ပြသခဲ့တယ်။ ဒါပေမဲ့ ကံမကောင်း အကြောင်းမလှတာက ခုထက်ထိ လူဟာ ယုံကြည် စိတ်ချရလောက်တဲ့ သတ္တဝါ မဖြစ်သေးဘူး။ ဘယ်လောက်ပဲ အပြင်ပန်းအားဖြင့် ကောင်းမြတ်တယ် ပြောပြော၊ စိတ်မချရသေးတာတော့ အမှန်ပါပဲ။ ခုထက်ထိ လူ့ စိတ်ထဲမှာ မကောင်းတဲ့ အကုသိုလ် စိတ်တွေကို ထားရှိတုန်းပဲ ဖြစ်နေပါသေးတယ်။

ဒီအကုသိုလ် စိတ်ဟွေ ဖြစ်ပေါ်လာအောင် ပြင်ပက ဘယ် တန်ခိုးတော်ရှင်က ဖန်ဆင်း ထည့်သွင်းပေးတာမှ မဟုတ်ဘူး။ ဒီစိတ်ယုတ် စိတ်ညံ့တွေဟာ ကိုယ့်ဟာကိုယ် လုပ်ယူခဲ့ကြတာပါ။ တကယ်လို့သာ ဒီစိတ်ယုတ် စိတ်ညံ့တွေကို လူတွေက ကိုယ့်ဘာသာ ဖန်တီး ယူခဲ့ကြတာလို့ ဆိုရင် ဒီစိတ်ယုတ် စိတ်ညံ့တွေဟာ အန္တရာယ်များတယ် ဆိုတာ သိပြီး ဒါတွေ ပပျောက်သွားအောင် လူတွေကပဲ ကိုယ့်ခွန်ကိုယ့်အားနဲ့ သုတ်သင် ရှင်းလင်းပစ်ကြရမှာပဲ ဖြစ်တယ်။ ကံဆိုးချင်တော့ လူ အများစုက ရက်စက် ကြမ်းကြုတ်တယ်။ ကောက်ကျစ် စဉ်းလဲတယ်။ ကျေးဇူးကန်းတယ်။ ယုံကြည် စိတ်ချရခြင်း မရှိဘူး။ ဖြောင့်မတ် မှန်ကန်ခြင်း မရှိကြဘူး။ တကယ်လို့များ လူတွေကို သူတို့ လုပ်ချင်ရာ လုပ်နိုင်တဲ့ လွတ်လပ်ခွင့်တွေကို အထိန်းအချုပ်မဲ့ ပေးလိုက်မယ် ဆိုရင် သူဟာ မုချ အပြစ်မဲ့ လူသားတွေရဲ့ ငြိမ်းချမ်းမှုနဲ့ ပျော်ရွှင်မှုတွေကို ချိုးဖောက် ဖျက်ဆီးပစ်မှာ သေချာပါတယ်။ လူရဲ့ အပြုအမူတွေဟာ ကမ္ဘာပေါ်မှာ ရှိရှိသမျှ အန္တရာယ် ဖြစ်စေတတ်တဲ့ သတ္တဝါတွေထဲမှာ အဆိုးဝါးဆုံး အန္တရာယ်ကို ပေးနိုင်တယ်။ ဘာသာတရားက သူ့ကို လူရိုသေ ရှင်ရိုသေ ဖြစ်အောင် နေတတ်ဖို့ ခုဘဝမှာရော နောင်ဘဝမှာပါ ငြိမ်းချမ်းမှုနဲ့ ပျော်ရွှင်မှုရအောင် နေတတ်ဖို့ကို သင်ကြားပေးပါတယ်။

သူတော်ကောင်း တရားနဲ့ ဆန့်ကျင်ဘက် ဖြစ်စေတဲ့ နောက်ကိစ္စ တစ်ရပ်ကတော့ လူမျိုးရေး မောက်မာမှုပဲ ဖြစ်တယ်။ မြတ်ဗုဒ္ဓက သူ့ရဲ့ သာဝကများကို ဆုံးမတော်မူပုံမှာ ဘာသာရေးကို ကျင့်ကြံ အားထုတ်တဲ့ နေရာမှာ လူမျိုးရေး

ကိစ္စကို ထည့်မစဉ်းစားရဘူး။ ဗုဒ္ဓဘာသာဝင်တွေ အနေနဲ့ လူမျိုး ခွဲခြားတာတို့၊ ဇာတ်နိမ့်ဇာတ်မြင့် ခွဲခြားတာတို့၊ လူတန်းစား ခွဲခြားတာတို့ကို လျှော့နည်း ပပျောက်သွားအောင် လုပ်ကြရမယ်လို့ ဆုံးမတော်မူတယ်။ ဘာသာတရား အားလုံးကို ကိုးကွယ်နေကြတဲ့ လူတွေ အားလုံးဟာ လူ အချင်းချင်း ခွဲခြား ဆက်ဆံခြင်း မပြုကြဖို့ ကိုယ့်ရဲ့ ရိုးရာတွေကို ရှေ့တန်းတင်ပြီး မခွဲခြားကြဖို့ကို ဟောတော်မူတယ်။

လူ အချင်းချင်းဟာ အညီအမျှ ဆက်ဆံတတ်ကြဖို့ အထူးသဖြင့် ဘာသာတရား ကိုးကွယ်ကြရာမှာ တန်းတူရည်တူ ထားကြဖို့ကို ဟောတော်မူတယ်။ ကံမကောင်း အကြောင်းမလှတာက ဘာသာမတူ ကိုးကွယ်ကြသူတွဟာ တန်းတူထားဖို့ မဆိုပါနှင့် ပိုပြီး ခွဲခြား ဆက်ဆံမှုတွေနဲ့ အချင်းချင်း ရန်သတ္တရု ပြုမှုတွေကိုသာ ပိုတိုးပြီး လုပ်လာကြတယ်။

တခြား လူများနှင့် အတူ အလုပ် လုပ်ကိုင်စဉ် သူတို့ကိုလည်း သူတို့ရဲ့ ရိုးရာဓလေ့ ထုံးစံ အစဉ်အလာများကြောင့် စိတ်အနှောင့်အယှက် မဖြစ်စေသင့်ပါ။

သူတို့ကိုလည်း သူတို့ နှစ်သက်ရာ သူတို့ ဘာသာရဲ့ ရိုးရာများ၊ ဓလေ့ထုံးစံများကို ထိန်းသိမ်းပြီး ဘာသာရေး သဘောတရားတွေ၊ ကိုယ်ကျင့်သီလ ထုံးတမ်းဓလေ့တွေကို လိုက်နာနိုင်အောင် လုပ်ပေးသင့်တယ်။

လူမျိုးရေး ခွဲခြား ဆက်ဆံမှု၊ လူမျိုးကြီး အမြင်မျိုးကတော့ ဘာသာရေးမှာ အကြီးဆုံး အနှောင့်အယှက် တစ်ခုပါ။ တစ်ခါတုန်းက မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက ပင်လယ်ကို ဥပမာပေးပြီး ဟောကြားတော်မူရာမှာ ပင်လယ်ထဲကို ဘယ်အရပ်က ဘယ်ရေတွေ ဘယ်လိုပဲ စီးဝင်လာလာ၊ ပင်လယ်ရေ ဖြစ်တဲ့အခါ တစ်မျိုးတည်း၊ တစ်သားတည်း ဖြစ်သွားသလို ဘာသာရေးမှာလည်း လူမျိုးရေး ခွဲခြားမှုတွေကို ဖယ်ရှားပြီး လူ အချင်းချင်း တစ်သားတည်း တန်းတူ ရည်တူ သဘောထားအပ်ကြောင်းကို ပြယုဂ် ဥပမာပေးပြီး ဟောတော်မူခဲ့ပါတယ်။ ပင်လယ်ထဲ မရောက်ခင် စီးလာတဲ့ မြစ်တွေမှာ ကိုယ်စီ နာမည်တွေ ရှိကြပါတယ်။ ယမုနာမြစ်၊ ဂင်္ဂါမြစ်၊ ဧရာဝတီမြစ်၊ မဲခေါင်မြစ် စသည် နာမည်မျိုးပေါ့။ အဲဒီ မြစ်အသီးသီးက စီးလာတဲ့ ရေဟာ သမုဒ္ဒရာထဲ ကျတော့ ဘယ် မြစ်က ရေလို့ ခွဲခြားမရတော့ဘဲ သမုဒ္ဒရာရေ ဖြစ်သွားပါတယ်။ အလားတူစွာ လူမျိုး အသီးသီး၊ ဇာတ်အသီးသီးက လာကြတဲ့ လူတွေဟာလည်း ကိုယ့် လူမျိုးစွဲတွေကို မေ့ပြီး လူသားတွေချည်း အတူတူပဲ ဆိုတဲ့ အမြင်နဲ့ လူလူချင်း တန်းတူရည်တူ သဘောမျိုးနှင့် ဆက်ဆံသင့်ပါတယ်။

# ကိုယ့်ကိုယ်ကိုယ်သာ ကာကွယ်ပါ

*ကိုယ့်ကိုယ်ကိုယ် ကာကွယ်ခြင်းဟာ အများကို ကာကွယ်ခြင်း မည်တယ်။ အများကို ကာကွယ်ခြင်းအားဖြင့်လည်း ကိုယ့်ကိုယ်ကိုယ် ကာကွယ်ပြီးသား ဖြစ်ပါတယ်။*

တစ်ခါက မြတ်စွာဘုရားသည် အောက်ပါ ဝတ္ထုကို သံဃာတော်များအား ဟောတော်မူတယ်။

တစ်ရံရောအခါက မျက်လှည့်သမား နှစ်ယောက်ဟာ သူတို့ရဲ့ မျက်လှည့်ပွဲကို ဝါးလုံးတိုင် ပေါ်မှာ ကျွမ်းဘား ထိုးရင်း က,ပြကြတယ်။ တစ်နေ့ကျတော့ ဆရာ လုပ်သူက သူ့ရဲ့ လက်သင် တပည့် ဖြစ်သူကို ပြောသတဲ့။ "ကဲ. . . ငါ့ တပည့်၊ ငါ ဆရာရဲ့ ပခုံးပေါ် တက်ပြီး ဝါးလုံးတိုင်ကို တက်ပါ" ဆိုသတဲ့။ လက်သင် တပည့်က ဆရာ ပြောတဲ့ အတိုင်း တိုင်ပေါ်ကို တက်သွားတဲ့အခါ ဆရာ လုပ်သူက "ခု မင်း ငါ့ကို ကာကွယ်ရင် မင်းကိုယ်မင်းလည်း ကာကွယ်ပြီးသား ဖြစ်လိမ့်မယ်"လို့ ပြောသတဲ့။ ဒီလို တစ်ဦးကို တစ်ဦး စောင့်ရှောက် ကာကွယ်ကြရင် ငါတို့ဟာ ငါတို့ အလုပ်ကို ဘေးမသီ ရန်မခဘဲ ကောင်းကောင်း က,ပြနိုင်မယ်။ ငါတို့လည်း ကောင်းကောင်း အကျိုး ခံစားရမယ်။ မင်းလည်း အောက်ကို ဘေးမသီ ရန်မခဘဲ လုံလုံခြုံခြုံ စိတ်ချလက်ချ ပြန်ဆင်းနိုင်လိမ့်မယ်"လို့ ပြောတယ်တဲ့။ ဒီလို ဆရာက ပြောတော့ တပည့် လက်သင်လုပ်သူက "မဟုတ်ဘူး ဆရာ။ ဆရာက ဆရာ့ ကိုယ်ကိုယ်သာ ဆရာ ကာကွယ်ပါ။ ကျွန်တော်က ကျွန်တော့် ကိုယ်ကိုယ် ကျွန်တော် ကာကွယ်မှာပေါ့။ ဒီလို ကိုယ့်ကိုယ်ကိုယ် ကိုယ် စီ ကာကွယ် စောင့်ရှောက်မှသာ ကိုယ့်မှာ လုံခြုံ စိတ်ချရမယ်။ ပွဲကိုလည်း ကောင်းကောင်း က,ပြနိုင်မယ်"လို့ ပြန်ပြောသတဲ့။

"ဘုရားက အဲဒါ နည်းလမ်း မှန်တယ်- လို့ မိန့်တော်မူတယ်။ ပြီးမှ ရှင်တော်မြတ်ဘုရားက ဆက်ပြီး ဟောပုံမှာ -တပည့် လက်သင် ပြောသလို မိမိ ကိုယ်ကိုယ် မိမိ ကာကွယ်မယ်- ဆိုတာလိုပဲ မိမိရဲ့ သမာဓိအခြေခံကို ရအောင် ကျင့်ရမယ်။ မိမိကိုယ်ကိုယ် ကာကွယ် စောင့်ရှောက်ခြင်းအားဖြင့်သာလျှင် သူတစ်ပါး ကိုလည်း ကာကွယ် စောင့်ရှောက်ရာ ရောက်ကြောင်းကို ဟောတော်မူတယ်။

ကိုယ့်ကိုယ်ကိုယ် ကာကွယ်ခြင်းဖြင့် တခြား လူကို ကာကွယ်ရာ ဘယ်လို့

ရောက်နိုင်ပါသလဲ။ မကြာခဏ သမထ ဝိပဿနာ ကမ္မဋ္ဌာန်း ဘာဝနာများကို ပွားများ အားထုတ်ခြင်းအားဖြင့် ရောက်နိုင်ပါတယ်။

သူတစ်ပါးကို ကာကွယ်ရင် လူ တစ်ယောက်ဟာ ဘယ်ပုံဘယ်နည်း အားဖြင့် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရာ ရောက်နိုင်ပါသလဲ။ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ အကြမ်းမဖက်ခြင်းအားဖြင့် အန္တရာယ်ကင်းသော ဘဝနေနည်းတွင် မေတ္တာနှင့် ကရုဏာ တရားကို ပွားများခြင်းအားဖြင့် တခြား လူကို ကာကွယ်ရင်းဖြင့် မိမိ ကိုယ်ကိုယ် ကာကွယ်ရာ ရောက်စေပါတယ်။

**(သတိပဋ္ဌာန်တရား၊ သံယုတ္တနိကာယ်-၁၉)**

**ကိုယ့်ကိုယ်ကိုယ် ကာကွယ်ခြင်းဖြင့် သူတစ်ပါးကို ကာကွယ်နိုင်တယ်။ သူတစ်ပါးကို ကာကွယ်ခြင်းဖြင့် မိမိကိုယ်ကိုယ် ကာကွယ်ရာ ရောက်တယ်။**

ဒီဝါကျ နှစ်ကြောင်းသည် တစ်ခုကို တစ်ခု ဖြည့်စွက်ခြင်း သဘော ရှိပါသည်။ ဒါကြောင့် ဒီစာ နှစ်ကြောင်းကို ခွဲပြီး တစ်ကြောင်းတည်းကို သီးခြား မကိုးကားသင့်ပါ။

ယခုအခါ လူမှုရေး တာဝန် ဆိုသော စကားကို အထူး အလေးပေး ပြောကြားကြရမှာ လူတွေ အနေနဲ့ ကိုယ် ပြောလိုရင်း အချက်ကို လေးနက်စေဖို့ စာကိုးစာကား ထုတ်ပြောကြတဲ့အခါ ဒုတိယ အကြောင်း ဖြစ်တဲ့ 'သူများကို ကာကွယ်မှ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရာ ရောက်တယ်' ဆိုတဲ့ စကားကိုသာ အကိုးအကား ထုတ်တတ်ကြတယ်။ ဒီလို တစ်ဖက်သတ် ကိုးကားတာဟာ မြတ်ဗုဒ္ဓရဲ့ ဖော်ပြချက်ကို အဓိပ္ပာယ် တလွဲ ကောက်ယူစေနိုင်တယ်။ ဆိုခဲ့ပြီးတဲ့ ဝတ္ထုမှာ မြတ်စွာဘုရားက တပည့် လက်သင် ပြောတဲ့ စကားကိုသာ လက်ခံတော်မူထားတာ တွေ့ရပါတယ်။ လက်သင်တပည့် ပြောတာက ကိုယ့်ကိုယ်ကိုယ်သာ ကာကွယ်ပါ။ သူတစ်ပါးကို ဘေးရန်က ကာကွယ်ချင်ရင် ကိုယ့် ခြေလှမ်းကိုသာ ကိုယ်က ဂရုစိုက်သင့်ပါတယ်။ ဒီစကားမှာ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ပါ ဆိုတာ တစ်ကိုယ်ကောင်း ဆန်တဲ့ သဘော မရဘူး။ ဒါက ကိုယ့်ကိုယ်ကိုယ် ကောင်းအောင် ကိုယ်ကျင့်တရားအရ ဘာသာရေးအရ ပြုစု ပျိုးထောင်ရမယ် ဆိုတဲ့ သဘော ပြောတာပါ။

ကိုယ့်ကိုယ်ကိုယ် ကာကွယ်မှ သူတစ်ပါးကို ကာကွယ်ရာ ရောက်တယ် ဆိုတဲ့ ဒီစကားရဲ့ မှန်ကန်မှုဟာ ရိုးရိုးရှင်းရှင်းပဲ။ လက်တွေ့ကျတာ တွေ့ရတယ်။ ရုပ်ပိုင်း သဘောအရ ပြောရရင် ဒီသဘောထားဟာ သိပ်ကို မှန်ကြောင်း ပေါ်လွင်

ထင်ရှားတယ်။ ကိုယ့် ကျန်းမာရေးကို ကိုယ်က ဂရုစိုက်လိုက်တော့ ကိုယ်နဲ့ နီးစပ်သူတွေ အတွက်ရော၊ ဘေးပတ်ဝန်းကျင်က လူတွေ အတွက်ပါ အထူးသဖြင့် ကူးစက်တတ်တဲ့ ရောဂါမျိုး ကိစ္စမှာ ပိုပြီး ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ လိုအပ်ကြောင်း ထင်ရှားပါတယ်။ မိမိ လုပ်သမျှ ကိုင်သမျှကို ဂရုစိုက်ပြီးနေရင် သူများကိုပါ ကာကွယ်ရာ ကျတယ်။ သူများကိုပါ ရောဂါ အန္တရာယ် မကျအောင် ကူညီစောင့်ရှောက်ရာ ရောက်တယ်။

ကိုယ့်ကိုယ်ကိုယ် မစောင့်ရှောက်ဘဲ သတိလက်လွတ် ပေါ့ပေါ့လျော့လျော့နေလိုက်ရင် တခြား လူတွေကိုပါ ရောဂါ ကူးစက်ပြီး အန္တရာယ် ကျရောက်နိုင်ပါတယ်။ ကားမောင်းတဲ့ အခါမှာလည်း ကိုယ့်ကိုယ်ကိုယ် ကာကွယ်ပြီး သောက်စားခြင်း မရှိဘဲ ဂရုစိုက် မောင်းခြင်းဖြင့် သူတစ်ပါးကို ဘေးရန် ကျရောက်ခြင်းမှ ကာကွယ်နိုင်တယ်။ အကြမ်းဖက်မှု ဖြစ်ပွားနိုင်တဲ့ ကိစ္စမျိုးမှာ ကိုယ်ကသာ ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ် ကာကွယ်နိုင်ရင် ဒီနည်းနဲ့ရော တခြား နည်းပေါင်း များစွာနှင့်ပါ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရင်း သူတစ်ပါးကို ကာကွယ်နိုင်တာ ဖြစ်ပါတယ်။

ဒီတရား မှန်ကြောင်းကို ကိုယ်ကျင့်တရား အဆင့်မှာလည်း ကျွန်ုပ်တို့ တွေ့နိုင်တယ်။ မိမိရဲ့ ကိုယ်ကျင့် သီလကို ထိန်းသိမ်း စောင့်ရှောက်ခြင်းအားဖြင့် သူတစ်ပါးကို စောင့်ရှောက်ရာ ရောက်ပါတယ်။ လူ တစ်ဦးချင်း အတွက်ရော၊ လူ့ဘောင် တစ်ခုလုံး အတွက်ပါ မိမိရဲ့ အထိန်းအကွပ် မရှိတဲ့ တစ်ကိုယ်ကောင်းစိတ်၊ ရာဂ တပ်မက်မှုတွေကို ဆန့်ကျင်ဘက် လုပ်မှသာ အများကို ကာကွယ်စောင့်ရှောက်ရာ ရောက်ပါတယ်။ မကောင်းမှု အားလုံးရဲ့ ရေသောက်မြစ် ဖြစ်တဲ့ လောဘ၊ ဒေါသ၊ မောဟ တရားတွေကို မိမိ ရင်ထဲမှာ အတားအဆီး မရှိ ဖြစ်ခွင့်ပြုထားရင်ဖြင့် ဒီတရားတွေက အခြေခံ ပေါက်ဖွားလာတဲ့ မကောင်းတဲ့ အကုသိုလ်ကံတွေဟာ တောထဲက နွယ်ရိုင်းတွေလို သစ်ကောင်း ဝါးကောင်းတွေကို အသက်ရှူကျပ်အောင် လုပ်ပြီး သတ်ပစ်နိုင်ပါတယ်။

ဒါပေမဲ့ ကျွန်ုပ်တို့က ဒီကိလေသာ ဒုစရိုက် အခြေခံတရား သုံးပါးကို ကာကွယ် စောင့်ရှောက်နိုင်ကြရင် ဘဝတူ လူသားတွေ အားလုံးဟာလည်း မိမိတို့ရဲ့ အတားအဆီး မရှိ ပိုင်ဆိုင်လိုမှု၊ အာဏာ တန်ခိုးကြီးလိုမှု၊ အထိန်းမဲ့ ကျွန်ုပ်တို့ရဲ့ တဏှာ၊ လောဘ၊ ဣဿမစ္ဆရိယ စိတ်တွေရဲ့ အန္တရာယ်က ကင်းဝေးပြီး လုံခြုံ စိတ်ချမှုကို ရကြမှာပါ။ ဒါမှသာ သူတို့ဟာ အနှောင့်အယှက် ကင်းမယ်။ အဖျက်အဆီး ကင်းစွာ အသတ်အဖြတ် ကင်းစွာ မုန်းတီးမှုနဲ့ ရန်ငြိုးထားမှုက

ကင်းစွာ ပဋိပက္ခ ဖြစ်မှုတွေက ကင်းစွာ ရန်သတ္တရု ဖြစ်မှုက ကင်းစွာ နေနိုင်ကြမှာပါ။
တစ်ပါးသူတို့ အပေါ် သက်ရောက်သော ကျွန်ုပ်တို့၏ လောဘနှင့် ဒေါသ အကျိုးဆက်သည် ကျွန်ုတို့၏ လောဘနှင့် ဒေါသ သားကောင် ဖြစ်ရသူ အပေါ်တွင် အကန့်အသတ် မရှိတော့ပါ။ လောဘနှင့် ဒေါသသည် ကူးစက်တတ်သော အစွမ်း ရှိပါတယ်။ မကောင်းကျိုးကို တိုးပွား များပြားအောင် လုပ်တတ်ပါတယ်။ အကယ်၍ ကျွန်ုပ်တို့၏ စိတ်တွင် လိုချင် တပ်မက်မှု၊ လက်ရောက်ရလိုမှုမှ တစ်ပါး အခြား ကိစ္စကို မစဉ်းစားဘဲ ရဖို့၊ ပိုင်ဆိုင်ဖို့၊ ဆုပ်မိကိုင်မိဖို့၊ တွယ်တာစွဲလမ်းဖို့ လောက်တို့သာ အရေးထား စဉ်းစားပါလျှင် ထိုပိုင်ဆိုင်လိုသော စိတ်ဆန္ဒသည် သူတစ်ပါး ပိုင်ဆိုင်မှုကိုပါ ရလို ပိုင်လိုသော ဣဿ စိတ်ဓာတ်မျိုးအား ကောင်းစွာ ဖြစ်လာနိုင်ပါတယ်။ ထိုစိတ်ယုတ်မာများသည် မိမိတို့ ပတ်ဝန်းကျင် ဖြစ်သော နောင်လာနောက်သား ကလေး သူငယ်များ၊ လုပ်ဖော်ကိုင်ဖက်များ၏ အမြင်တွင် နမူနာထား၊ အတုယူစရာ အကျင့်သီလ စံနှုန်းများ အဖြစ်သို့ ရောက်သွားနိုင်ပါတယ်။ ကျွန်ုပ်တို့၏ အပြုအမူကို အခြား လူများကပါ နှစ်သက် သဘောကျပြီး လိုက်လုပ်ချင်လာအောင် အတုမြင် အတတ်သင် သဘောမျိုး လုပ်လာအောင် စိတ်ဓာတ် နှိုးဆော်ပေးသလို ဖြစ်ပြီး ထိုလူများက ကျွန်ုပ်တို့ထက်ပင် သာအောင် ပြိုင်ဆိုင်ပြုလုပ်ချင် စိတ်များ ဖြစ်လာစေနိုင်ပါတယ်။ ကျွန်ုပ်တို့ကသာ လောဘ ရမ္မက်ကြီးသူ၊ ကာမဂုဏ် လိုက်စားကြူးသူများ ဖြစ်ကြလျှင် တခြား လူများကို အလိုရမ္မက်ကြီးသူများ ဖြစ်လာအောင် အလင်းတိုင် မီးညှိထွန်းပေးသလို ဖြစ်စေနိုင်ပါတယ်။ ကျွန်ုပ်တို့၏ ကိုယ်ပိုင် အမုန်းသည် တခြား လူများကိုလည်း မုန်းတက်လာအောင် ရန်ငြိုးထားတတ်လာအောင် လှုံ့ဆော်ပေးနိုင်ပါတယ်။ မိမိက သူများကိုလည်း မုန်းတီးစိတ် ဝင်အောင် ရန်ငြိုးထားလာအောင် ကူညီ အားပေးသလို ဖြစ်သွားနိုင်ပါတယ်။

## မိမိကိုယ်ကိုယ် ဘယ်လို ကယ်တင်မလဲ

*မိမိသည်ပင် မိမိကိုယ်ကိုယ် ကယ်တင်နိုင်သူ ကယ်တင်ရှင် ဖြစ်တယ်။*
*ဘာကြောင့်လဲဆိုတော့ ဘယ်မှာ တခြား ကယ်တင်ရှင် ရှိနိုင်ပါ့မလဲ။*

*ကိုယ့်ကိုယ်ကိုယ် ကောင်းစွာ ထိန်းသိမ်း စောင့်ရှောက်နိုင်ခြင်းအားဖြင့် ဗဟိဒ္ဓ လောကသို့ ကယ်တင်ရှင်ကို ရှာရခြင်း ပြဿနာသည် ပြီးပြေနိုင်ပါတယ်။*

(ဓမ္မပဒ-၁၆၆)

ဓမ္မပဒ ၁၆၆ မူရင်းမှာတော့

၁၆၆။ သူတစ်ပါး၏ များစွာသော အကျိုးစီးပွား အတွက်ကြောင့် မိမိ၏ အကျိုးစီးပွားကို (အနည်းငယ်မျှ) မဆုတ်ယုတ်စေရာ၊ မိမိ အကျိုးစီးပွားကို သိ၍ မိမိ အကျိုး စီးပွားကို တိုးပွားအောင် လေ့ကျက် အားထုတ်ရာ၏။

166. Let no one forget his own duty for the sake of another's, however great: let a man after he has discerned his own duty, he always attentive to his duty.

*မှတ်ချက်*

*ဆရာတော်ကြီး ဓမ္မနန္ဒရဲ့ စာအုပ်ပါ စာညွှန်း ဓမ္မပဒ ၁၆၆ လို့ ပြထားတာ ကွဲလွဲနေလို့ ဘာသာပြန်သူလိုက်ပြီး စစ်ဆေး ကြည့်တော့ ဓမ္မပဒ ၁၆၀ ကို ကိုးကားထားတာ ဖြစ်နိုင်ကြောင်း တွေ့ရပါတယ်။*

ဓမ္မပဒ ၁၆၀ မှာ- မိမိသည်သာ မိမိ၏ ကိုးစားရာ ဖြစ်၏။ သူတစ်ပါးသည် မိမိ၏ ကိုးစားရာ အဘယ်မှာဖြစ်နိုင်ပါအံ့နည်း။ မိမိသည် ကောင်းစွာ ယဉ်ကျေးသဖြင့် ရရောက်နိုင်ခဲသော ကိုးစားရာ အရဟတ္တဖိုလ်ကို ရနိုင်၏။

ဒါရဲ့ အင်္ဂလိပ် ဘာသာပြန် မက်ခ်မူလာမှု F. Max Muller မှာ ဖော်ပြပုံက-

160. Self is the lord of self, who else could be the lord? With self well subdued, a man finds a lord such as few can find.

ဒါဆိုရင် ဒေါက်တာ ကေသီရိဓမ္မနန္ဒ ဆရာတော် အရှင်သူမြတ် ကိုးကားတာ *ဓမ္မပဒ ၁၆၀* ဖြစ်ပါလိမ့်မယ်။ ၁၆၆ လို့ ပြထားတာဟာ ပုံနှိပ်တိုက် အမှားဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံခါနီးဆဲဆဲ အချိန်မှာ သူ့ အနီးကို အရပ်ရပ်က ရောက်လာကြတဲ့ သာဝကတွေ ရှိကြပါတယ်။ တခြား သာဝကတွေက ဘုရားသခင် ကိုယ်တော်မြတ်ကြီး အနား ထိုင်ပြီး မျက်ရည် လည်ရွဲ စိုရွဲသော မျက်နှာနှင့် မိမိ တို့ရဲ့ ဆရာသခင် ကျေးဇူးရှင် ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန် ပြုတော့မှာကို မျှော်မှန်းပြီး ဝမ်းနည်း ကြေကွဲနေကြရှာတယ်။ ဒီအချိန်မှာ အတ္တဒတ္တ အမည်ရတဲ့ ရဟန်း တစ်ပါးကတော့ လွတ်ရာသူရဲ့ အိပ်ရာ တိုက်ခန်းဆီ သွားပြီး ဝိပဿနာ ကမ္မဋ္ဌာန်း တရားကို အားထုတ်နေပါတယ်။ ဒါကို တခြား ရဟန်း သံဃာများ သိတဲ့အခါ ဒီရဟန်းဟာ မြတ်ဗုဒ္ဓရဲ့ အကျိုးကို ဂရုမစိုက်ဘူး ဆိုပြီး မကျေမနပ် ဖြစ် ကြတယ်။ ဒီကိစ္စကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို သွားပြီး လျှောက်ထားကြ တယ်။ ဒီအခါ အတ္တဒတ္တ ရဟန်းက ပြန်လည် လျှောက်ထားပုံမှာ "မြတ်စွာဘုရား သည် မကြာမီမှာပင် ပရိနိဗ္ဗာန် ပြုပေတော့မည်။ ငါသည် ဘုရား ပရိနိဗ္ဗာန် မပြုမီ သက်တော် ထင်ရှား ရှိစဉ်ကာလမှာပင် အရဟတ္တ မဂ်ဖိုလ်သို့ ရောက် အောင် ကျင့်ကြံ ပွားများ အားထုတ်၍ နေခြင်းသည်သာ ဘုရားကို ဂုဏ်ပြုရာ ရောက်သည်ဟု ထင်ကြောင်း" လျှောက်ထားပါတယ်။ ဒီစကားကို ကြားရတဲ့အခါ မြတ်စွာဘုရားသည် ဒီရဟန်းရဲ့ သဘောထားနဲ့ အပြုအမူကို လွန်စွာ နှစ်သက် တော်မူတယ်။ ပြီးတော့ ဘုရားက "သူတစ်ပါး အကျိုးအတွက် မိမိရဲ့ အကျိုး ဖြစ်တဲ့ အရဟတ္တ မဂ်ဖိုလ်ရောက်အောင် ကျင့်ကြံ အားထုတ်ခြင်းကို မစွန့်လွှတ်သင့် ဘူး"လို့ မိန့်မှာတော်မူတယ်။

ဒီဝတ္ထု အဖြစ်အပျက်မှာ သရုပ်ဖော် တင်ပြထားတာဟာ ဗုဒ္ဓဘာသာရဲ့ အရေးပါလှတဲ့ အချက်များ ဖြစ်တယ်။ လူ တစ်ယောက်ဟာ အစဉ်သဖြင့် မိမိရဲ့ ဘဝ ဆင်းရဲ လွတ်မြောက်ကြောင်းကိုသာ မမေ့မလျော့ လုပ်ဆောင်နေရမှာ ဖြစ်တယ်။ ပြီးတော့ ဒီသံသရာ ဝဋ်ဆင်းရဲ လွတ်မြောက်ကြောင်း ကိစ္စသည်လည်း သူများ အားကိုးလုပ်လို့ မရဘူး။ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ်တိုင် ဆောင်ရွက် ရတဲ့ ကိစ္စမျိုး ဖြစ်တယ်။ သူ့အနေနဲ့ အပြင်ပက ဘယ်တန်ခိုးတော်ရှင်ရဲ့ အမအစနဲ့ နိဗ္ဗာန် ရောက်ရေးကိုလည်း မျှော်ကိုးလို့ မရဘူး ဆိုတာပဲ ဖြစ်တယ်။

ဗုဒ္ဓဘာသာကို နားမလည်တဲ့ လူတွေကတော့ ဗုဒ္ဓဘာသာကို ဝေဖန်ပြီး ဗုဒ္ဓဘာသာဟာ တစ်ကိုယ်ကောင်း ဝါဒ ဖြစ်တယ်။ ဒီဘာသာက မိမိရဲ့ ဆင်းရဲ လွတ်မြောက်ရေး ကိစ္စကိုပဲ ရှေ့တန်းတင်ပြီး အရေးတကြီး ပြောဆိုလေ့ ရှိတယ် ဆိုပြီး ဝေဖန်တတ်ကြတယ်။ ဒီလို ပြစ်တင် ဝေဖန်တာဟာ လုံးဝ မမှန်ပါဘူး။

ဗုဒ္ဓရှင်တော်မြတ်ဘုရားက ရှင်းရှင်းပဲ ဟောထားတာက လူဟာ လူသားတိုင်းရဲ့ စိတ်ပိုင်းနဲ့ ရုပ်ပိုင်း သက်သာချောင်ချိရေးကို မရပ်မနား ဆောင်ရွယ်ရမယ်လို့ ဟောထားပါတယ်။ ဒီလို ဆောင်ရွက်ရင်းပဲ သတိပဋ္ဌာန်တရားကို ကျင့်ကြံပွားများပြီးသကာလ၊ မိမိရဲ့ ဆင်းရဲ ခပ်သိမ်း ချုပ်ငြိမ်းရာ အမှန် မြတ်နိဗ္ဗာန်ကို မရောက်ရောက်အောင် အားထုတ်သွားကြရမယ် ဆိုတာကိုလည်း ဟောတော်မူတာပါ။ ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ကိုယ်ကျိုး မဖက်တဲ့ အများအကျိုးပြု လုပ်ငန်းတွေကို အထူး ထောက်ခံ အားပေးတော်မူတယ်။

ပြီးတော့ ဗုဒ္ဓဘာသာကို နားမလည်သူများ မေးနိုင်သေးတာ တစ်ခုက "ကံကောင်း အကြောင်းလှသူတွေ အတွက်တော့ နိဗ္ဗာန် ရောက်အောင် စိတ်ရောကိုယ်ပါ အပြည့်အဝ လုပ်နိုင်တာပေါ့။ သို့သော် စိတ်ပိုင်းအရရော ရုပ်ပိုင်းအရရော ပစ္စည်း ဥစ္စာအရရော ချို့တဲ့တဲ့ လူတွေ အတွက်ကျတော့ ဘယ်လို လုပ်မလဲ"တဲ့။ ဒီလိုကိုယ်တိုင် မစွမ်းနိုင်သူတွေအတွက် အပြင်အပက ကူညီမစဖို့ မလိုဘူးလားတဲ့။ လူ မစွမ်း၊ နတ် မမှ ဖြစ်တာ မဟုတ်လားတဲ့။

ဒီမေးခွန်းကို အဖြေ ပေးရရင် ဗုဒ္ဓဘာသာဝင်တွေရဲ့ အသိစိတ် ထဲမှာ ဒုက္ခ ခပ်သိမ်း ချုပ်ငြိမ်းတဲ့ အရတ္တဖိုလ်နဲ့ နိဗ္ဗာန်ကို ဒီတစ်ဘဝ ထဲမှာပဲ ရရမယ်လို့ သဘောထားမျိုး မရှိကြပါဘူး။ ဒါက ဘဝ ဆက်ကာ ဆောင်ရွက်ရတဲ့ လုပ်ငန်းမျိုး ဖြစ်စဉ်မျိုးလည်း ဖြစ်ပါတယ်။ အတိတ်ကံ နည်းသူ ခေသူတွေဟာ တစ်ဘဝထက် တစ်ဘဝ မိမိရဲ့ ကိုယ်စွမ်း ဉာဏ်စွမ်း တိုးတက် ဖြစ်ထွန်း ထက်မြက်လာအောင် ကြိုးပမ်းသွားလို့ ရပါတယ်။ ဒါကြောင့် စိတ်ပိုင်း ချွတ်ယွင်းနေသူတွေတောင် သေးတာငယ်တာ ပဓာန မထားဘဲ မိမိရဲ့ ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းရေးကိစ္စကို တဖြည်းဖြည်း စတင် ဆောင်ရွက်သွားရင် ဖြစ်ပါတယ်။ အရေးကြီးတာက စတင် လုပ်ဆောင်မိဖို့ပဲ ဖြစ်ပါတယ်။

သံသရာစက်တွေ လည်တာနဲ့ လူ ပုဂ္ဂိုလ် တစ်ယောက်ဟာ ကိုယ့်ကိုယ်ကိုယ် အားကိုးပြီး ဘဝ လွတ်မြောက်မှုကို ရှာဖွေမယ် ဆိုတဲ့ စိတ်ကို မွေးပြီး တဖြည်းဖြည်း တိုးတက်လာအောင် စတင် ဆောင်ရွက်နိုင်ပါတယ်။ သေးငယ်တဲ့ သစ်စေ့ကလေးကလည်း တစ်နေ့ကျတော့ ဝက်သစ်ချပင်ကြီး အဖြစ် ကြီးထွား ပေါ်ပေါက်လာနိုင်တာပဲ။ ဒါပေမဲ့ ဒီလို ဖြစ်အောင် နေ့ချင်းညချင်း လုပ်လို့တော့ ဘယ်ရမလဲ။ ဒီလို ခက်ခက်ခဲခဲ ဆောင်ရွက်ရတဲ့ အလုပ်မှာ သည်းခံတဲ့ စိတ် (ခန္တီ) တော့ အရေးတကြီး လိုပါတယ်။

ဥပမာ ပြောရရင် မိဘတွေဟာ ကိုယ့် သားသမီးတွေကို မိမိတို့ မျှော်လင့်သလို ဖြစ်လာအောင် နှစ်ပေါင်း လပေါင်း များစွာ ပြုစု ပျိုးထောင်ယူကြရတာ လူတိုင်းမှာ အတွေ့အကြုံ ရှိကြပါတယ်။ ဒါတောင်မှ ဒီကလေးတွေ ကြီးပြင်းလာတဲ့ အခါကျတော့ သူတို့ ဖြစ်ချင်သလို ဖြစ်သွားကြတာပဲဟာ။ မိဘတွေ ဖြစ်ချင်သလို ဖြစ်လာကြတာက ရှားပါတယ်။

ဗုဒ္ဓဘာသာမှ ကျွန်ုပ်တို့ ယုံကြည်ကြတာက တခြား လူတွေက လူ တစ်ယောက် အပေါ်မှာ ဩဇာ လွှမ်းမိုးနိုင်တယ် ဆိုပေမဲ့ နောက်ဆုံးမှာတော့ ဒီလူဟာ သူ့ ကံကြမ္မာကို သူ ဖန်တီးရတယ်။ သူ ပြုတဲ့ ကံ ကံ၏ အကျိုး အတွက် သူ့မှာပဲ တာဝန် ရှိတယ် ဆိုတာကို ယုံကြည်ထားကြပါတယ်။ လူ တစ်ယောက်ဟာ နောက်ဆုံးပိတ် ဘဝ လွတ်မြောက်ရေး အမှန် မြတ်နိဗ္ဗာန်ကို အားထုတ်ရာမှာ ဘယ်လူ တစ်ယောက်၊ ဘယ် နတ် တစ်ပါးကမှ စိုးမိုး ထိန်းချုပ်ပြီး လမ်းညွှန်နိုင်တာမျိုးလည်း မရှိပါဘူး။ ဒါဟာ ကိုယ့်ကိုယ်ကိုယ်သာ အားကိုးရာ ရှိတယ် ဆိုတဲ့ သဘောရဲ့ အဓိပ္ပာယ် ဖြစ်တယ်။

ဒါဟာ ဗုဒ္ဓဘာသာက လူတစ်ယောက်ကို တစ်ကိုယ်ကောင်း ဆန်ရမယ်လို့ သင်ကြားတဲ့ အဓိပ္ပာယ် မရပါဘူး။ ဗုဒ္ဓဘာသာမှာ လူတစ်ယောက်ဟာ သူ့ကိုယ်သူ နိဗ္ဗာန် မဂ်ဖိုလ်ကို ရအောင် ရောက်အောင် အားထုတ်တဲ့အခါ သူ့အနေနဲ့ သူ့ အသက်ကို သတ်ဖြတ်ခြင်း၊ သူ့ ဥစ္စာပစ္စည်းကို ခိုးယူခြင်း၊ မုသားပြောဆိုခြင်း၊ သူတစ်ပါး အိမ်ရာကို ကျူးလွန်ခြင်း၊ ကိုယ့် စိတ်ကို အထိန်းအကွပ် မဲ့စေတဲ့ မူးယစ် သောက်စားခြင်းတွေကို ဝေးစွာ ရှောင်ကြဉ်ဖို့ ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာ ချထားရပါတယ်။ သူ့ကိုယ်သူ ထိန်းသိမ်း စောင့်ရှောက်ခြင်းအားဖြင့် သူဟာ တခြား သူများရဲ့ ပျော်ရွှင် ချမ်းမြေ့စွာ နေထိုင်နိုင်ရေးကို အကျိုးပြုရာ ရောက်ပါတယ်။ ဒါဆိုရင် သူတို့ခေါ်တဲ့ 'တစ်ကိုယ်ကောင်း လုပ်ခြင်း' (ကိုယ့်ကိုယ်ကိုယ် ကောင်းအောင် လုပ်ခြင်း) ဟာ တခြား လူတွေရဲ့ ဘဝ သာယာ ချမ်းမြေ့ရေး အတွက် ကောင်းတဲ့ အလုပ် မဟုတ်ပေဘူးလား။

ပိုပြီး လောကီရေး အဆင့်မှာ နိမ့်ကျတဲ့ ဘဝ အဆင့်မှာ ရှိတဲ့ သတ္တဝါတွေရဲ့ ဘဝမှာ အဓိပ္ပာယ်မဲ့ သံသရာ ဝဋ်ဆင်းရဲထဲ တဝဲလည်လည် ဖြစ်နေရတဲ့ အဖြစ်က သူတို့ဘာသာ ဘယ်လို လုပ်ပြီး လွတ်မြောက်အောင် လုပ်နိုင်လဲ ဆိုတဲ့ အမေးကို မေးနိုင်ပါသေးတယ်။

မှန်ပါတယ်။ ဒီလို အားကိုးရာမဲ့ ဘဝက သတ္တဝါတွေမှာတော့ ပြင်ပက သူတို့ ဘဝကို ဘဝ သဲနုန်းအိုကြီးထဲက လွတ်အောင် ရုန်းထွက်ရာမှာ ကူညီ ပံ့ပိုး ပေးမှုဟာ လိုအပ်တာ မှန်ပါတယ်။ ဒီမေးခွန်းကို ဖြေတဲ့အခါ ကျွန်ုပ်တို့ အနေနဲ့ မိမိတို့ရဲ့ ဘဝ အဆင့်ဆင့် မြင့်တက်အောင် လုပ်နိုင်တဲ့ 'ဘုံစဉ်စံ' သဘောတရားကို ရည်ညွှန်းပြီး အဖြေ ပေးနိုင်တယ်။ ဒီကိစ္စမှာ ရှင်းနေတာက လူ့ ဘဝဟာ ရှေးကျတဲ့ သမိုင်းဦးခေတ်က လူတွေရဲ့ ဘဝနဲ့ စတင် ဖြစ်ပေါ်လာခဲ့တယ် ဆိုတာ ပေါ်လွင် ထင်ရှားပါတယ်။ ရေမှော် ဘဝနဲ့ ရေပေါ်မှာ ပေါလောမျောနေတဲ့ ကလာပ်စည်း ဘဝနဲ့ စတင် ဖြစ်ပေါ်လာခဲ့တာပါ။ နှစ်ပေါင်း သန်းနဲ့ချီ ကြာမြင့်လာတဲ့အခါကျ တော့ ဒီရေမှော် ဘဝက သက်ရှိ ဖြစ်ပေါ်မှုဟာ ပိုမို ရှုပ်ထွေးပြီး သိခက် နက်နဲတဲ့ သက်ရှိ ဘဝကို ကူးပြောင်း ဖြစ်ပေါ်လာခဲ့တယ်။ ပိုပြီး အသိဉာဏ် ရှိလာတဲ့ သတ္တဝါ အဆင့်ကို ရောက်လာခဲ့တယ်။ ဒီလို ပိုပြီး ဉာဏ်ရှိတဲ့ အသိနဲ့ ယှဉ်တဲ့ ဘဝကို ရောက်လာတဲ့ အခါကျတော့ သက်ရှိ ရုပ်တွေက ပိုပြီး ဖွံ့စည်းနိုင်စွမ်း ရှိလာခဲ့ကြတယ်။ လွတ်လွတ်လပ်လပ် တွေးတော ဆင်ခြင်လာတတ်ကြတယ်။ အယူအဆတွေကို သိမြင် နားလည်လာခဲ့ကြတယ်။

ဗုဒ္ဓဘာသာဝင်တွေက ကိုယ့်ကိုယ်ကိုယ် ကယ်တင်နိုင်စွမ်း အကြောင်းကို ပြောဆိုကြတဲ့အခါ သူတို့က သူတို့ ယခု ရောက်ရှိနေကြတဲ့ အဆင့်မြင့် ဉာဏ် အမြင်တွေ ရနေပြီးဖြစ်တဲ့ အဆင့်ကိုသာ ရည်ညွှန်းပြီး ပြောဆိုတတ်ကြတာ ဖြစ်တယ်။ ဟို အဆင့်နိမ့်တဲ့ အီဗော်လူးရှင်းခေါ် ဆင့်ကဲ တိုးတက် ဖြစ်ပေါ်မှု ဖြစ်စဉ် ဖြစ်ခဲ့ကြတုန်းအခါက သူတို့ရဲ့ ကံနှင့် ဉာဏ်စွမ်းအားစုတွေဟာလည်း တိမ်မြုပ် ငုပ်လျှိုးနေသေးတဲ့ အဆင့်မှာပဲ ရှိပါသေးတယ်။ တဖြည်းဖြည်း တစ်ဘဝပြီး တစ်ဘဝ ပြောင်းလဲ တိုးတက်လာတဲ့အခါကျတော့ သက်ရှိသတ္တဝါတွေဟာ ဗီဇ သဘောနဲ့ လုပ်ကိုင်တတ်ကြတာထက် ပိုပြီး ကိုယ့်စိတ် ကိုယ့်ဆန္ဒအလျောက် တီထွင်ဉာဏ်ကို လွတ်လွတ်လပ်လပ် သုံးပြီး လုပ်နိုင် ကိုင်နိုင်တဲ့ ဉာဏ်အဆင့်ကို ရောက်ရှိလာကြတယ်။ ဒီဉာဏ်အဆင့်ကို ရောက်ရှိလာကြတဲ့အခါကျတော့ သတ္တဝါ တွေဟာ ဘဝ တစ်ခုပြီး တစ်ခု မွေးလိုက် သေလိုက်ဖြစ်နေရတဲ့ ဝဋ်ဘဝ ထိုထိုမှာ ကပိုကရို တဝဲလည်လည် အတောမသတ် ဖြစ်နေရခြင်းရဲ့ အဓိပ္ပာယ်မဲ့ သဘော၊ ဆင်းရဲ ရောက်နေရခြင်းကို သိမြင် နားလည်လာတတ်ကြတယ်။ ဒါကြောင့် အသိဉာဏ် ရှိနေပြီဖြစ်တဲ့ လူသားဟာ ဒီဝဋ်ဒုက္ခ သံသရာထဲမှာ မွေးလိုက်၊ သေ လိုက် ဖြစ်နေရခြင်း၊ ဝဋ်ဆင်းရဲကြီးကို အဆုံးသတ်ပြီး ချမ်းသာခြင်း အမှန်ဖြစ်တဲ့ မြတ်နိဗ္ဗာန်ကို ရောက်အောင် လုပ်ဖို့ကို စိတ်ဆုံးဖြတ်ချက် ချလာကြတယ်။ ဒီလို

ဉာဏ်အဆင့်မြင့်လာတဲ့အခါ လူပုဂ္ဂိုလ်ဟာ မိမိရဲ့ ကိုယ်စွမ်း ဉာဏ်စွမ်း တိုးတက် ဖွံ့ဖြိုးအောင် လုပ်လာနိုင်ခဲ့ကြတယ်။

ကျွန်ုပ်တို့ အားလုံးက လူတွေဟာ ခမွေးလာကြတုန်းကတော့ အသိဉာဏ် ဆင်ခြင်တုံတရား အမျိုးမျိုး၊ အဆင့်အတန်း အမျိုးမျိုး ကွဲပြားနေကြတယ် ဆိုတာ သိကြပါတယ်။ တချို့ကျတော့ မွေးကတည်းက အလွန်အမင်း ဉာဏ်ပညာ ထူးချွန် ထက်မြက်သူအဖြစ် မွေးလာကြတာလည်း ရှိတယ်။ တချို့ကျတော့ အလွန်အမင်း နိမ့်ကျတဲ့ ကံမွဲ ဉာဏ်မွဲ အဖြစ်နဲ့ မွေးလာသူတွေလည်း ရှိကြပါတယ်။ ဒါပေမဲ့ လူတိုင်းမှာ မိမိတို့ဘာသာ အကောင်းအဆိုး အကြောင်းအကျိုးကို ဆင်ခြင် သုံးသပ်ပြီး ရွေးချယ်နိုင်တဲ့ ကိုယ်ရည်ကိုယ်သွေးတော့ ရှိတတ်ကြတာချည်းပါ။ အထူးသဖြင့် ကိုယ့် အသက်ရှင် နေနိုင်ရေး ကိစ္စနဲ့ ကြုံတွေ့လာကြရတဲ့အခါ ဖြစ်ပါတယ်။ ဒီလို အသက်ရှင်နေနိုင်ရေး ကိစ္စကို တိရစ္ဆာန်တွေရဲ့ ဘဝအထိ ချဲ့ထွင် စဉ်းစားကြည့်ရင်တောင်မှ တိရစ္ဆာန်တွေ အချင်းချင်းမှာလည်း ဉာဏ် အနိမ့် အမြင့် အဆင့်ဆင့် ကွဲပြား ခြားနားနေကြတာကို တွေ့ရတယ်။ အထူးသဖြင့် ဘဝ အသက်ရှင် နေနိုင်ရေးအတွက် သူတို့ ကြိုးပမ်းကြရာမှာ ရွေးချယ် ဆောင်ရွက် ကြပုံ၊ ဉာဏ်အဆင့် မတူတာကို တွေ့ကြရတယ်။

ဒီတော့ အလွန် အောက်တန်းကျတဲ့ သက်ရှိ သတ္တဝါတွေမှာတောင် ကောင်းတဲ့ ကံတွေကို လုပ်ဆောင်နိုင်စွမ်း ရှိကြတာကို တွေ့မြင်နေကြရတာပါ။ ဒီလို သတိ ဝီရိယ ရှိရှိနဲ့ ကောင်းမှု ကံတွေကို လုပ်ဆောင်ရင်းနဲ့ သတ္တဝါ တစ်ခုဟာ မိမိတို့ရဲ့ ဘဝ ဖြစ်တည်ပုံ အဆင့်မြင့်မားလာအောင် အသိဉာဏ် အဆင့်မြင့်မား လာအောင် ရွက်ဆောင်နိုင်ကြတာ ဖြစ်တယ်။

ဒီပြဿနာကို နောက် ရှုထောင့် တစ်ခုက ကြည့်ပြန်ရင်လည်း ကျွန်ုပ်တို့ အနေနဲ့ ရှေးအကျဆုံး ဇာတ်နိပါတ်တော်တွေထဲမှာ မြတ်ဗုဒ္ဓဟာ ဘုရားဗောဓိဆု ကြီးကို ပထမဆုံး ပန်ဆင်ခဲ့တာ ဘယ်လို လုပ်ခဲ့တယ် ဆိုတာကို ဖော်ပြထားပါတယ်။ သိဒ္ဓတ္ထ မင်းသား ဘဝမှာ လူ အဖြစ်၊ အလောင်းတော်အဖြစ် မမွေးမီက ဆိုရင် သူဟာ လူ သာမန် ဘဝ တစ်ခုမှာလည်း မွေးခဲ့ရဖူးပါတယ်။ တစ်နေ့ သူ့ မိခင်နဲ့ အတူ လှေတစ်စင်းနဲ့ ခရီးသွားခဲ့ကြတုန်း ဖြုန်းဆို လေပြင်းမုန်တိုင်း ကျလာပြီး လှေနစ်ခဲ့ရတယ်။ လှေထဲ ပါလာသူတွေရော ပစ္စည်းတွေပါ မုန်တိုင်း ထန်နေတဲ့ ပင်လယ်ထဲ ကျကုန်တယ်။

အလောင်းတော်ဟာ သူ့ရဲ့ အသက် လုံခြုံရေးကို လုံးဝ အရေးမထားဘဲ မိခင်ကြီးကို သူ့ ကျောပေါ် တင်ပြီး ကမ်းခြေရှိရာ အရပ်ကို မှန်းပြီး ကူးတယ်။

ဒါပေမဲ့ ရေလှိုင်းတွေက အဆမတန် ပြင်းထန်နေတာကြောင့် အလောင်းတော်ဟာ ဘယ်ဆီ ဘယ်ကမ်းကို မျှော်မှန်းလို့မရ ဖြစ်နေတယ်။ အသက် ချမ်းသာရရေး အတွက် ကမ်းခြေကို အနီးဆုံး ရောက်နိုင်မည့် လမ်းကို ရှာမရတော့ဘူး။ သူဟာ ဒီလို ကမ်းမမြင်၊ လမ်းမမြင် ဖြစ်နေခိုက်မှာ သူဟာ လုံ့လကိုတော့ လုံးဝ မလျှော့ ဘူး။ ဒါကို နတ်တစ်ပါးက သတိပြုမိတယ်။ ဒါပေမဲ့ နတ်က သူ့ကို ကာယကံ မြောက် ကယ်တင်တာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဘယ်လမ်းက ကူးရင် ကမ်း ကို အမြန်ဆုံး ရောက်နိုင်တယ် ဆိုတာကိုတော့ အလောင်းတော် သိအောင် ပြပေး တယ်။ အလောင်းတော် ဖြစ်တဲ့ လူငယ်ကလေးဟာ နတ် ပြညွှန်တဲ့ လမ်းအတိုင်း မိခင်ကြီးကို ကျောပေါ် တင်ပြီး ကူးလိုက်ကာ နောက်ဆုံးမှာ သူရော သူ့ မိခင် ကြီးပါ အသက်မသေဘဲ လွတ်မြောက်ခဲ့ရတယ်။ ဒီအခါက စပြီး သူဟာ သဗ္ဗညုတ ညာဏ်ကို မရမနေ အားထုတ်မယ်လို့ ဆုကြီးပန်ပြီး သန္နိဋ္ဌာန် ခိုင်ခိုင်မာမာ ချလိုက်ပါတော့တယ်။

ဒီဝတ္ထုထဲမှာ ဗုဒ္ဓဘာသာဝင်တွေ အနေနဲ့ မိမိတို့ရဲ့ အသက်မွေးမှု နေ့စဉ် ဘဝထဲမှာ နတ် မ,စမှု ကူညီမှုကို ရယူနိုင်တာကို တွေ့ရတယ်။ နတ်ဆိုတာလည်း ကုသိုလ်ကံ အားကောင်းတဲ့ သတ္တဝါတစ်မျိုးပဲ (သိကြားမင်းကြီးတို့လိုပေါ့)။ သူတို့မှာ တခြား သတ္တဝါတွေကို ကူညီ မ,စနိုင်တဲ့ တန်ခိုး သတ္တိတွေ မွေးကတည်းက သိလာကြတာ ဖြစ်တယ်။ ဒါပေမဲ့ ဒီတန်ခိုးတွေက ရုပ်ဝတ္ထုပစ္စည်းတွေ၊ ရုပ်ပိုင်း အကူအညီလောက်ကိုပဲ ပေးနိုင်တာ ဖြစ်တယ်။ ကံဆိုးမိုးမှောင် ကျလာတဲ့အခါ မိမိတို့ရဲ့ နေ့စဉ်ဘဝထဲမှာ မိမိတို့ စိတ်သက်သာရာရဖို့အတွက် နတ်ကို ပူဇော်ပသ ပြီး အကူအညီ တောင်းနိုင်တယ်။

ဒီလို နတ် မ,စတာကို ခံယူချင်တယ် ဆိုတာ၊ လောကုတ္တရာ ကိစ္စ မဟုတ် ပါ။ လောကီ ကိစ္စလောက်ပဲ ဖြစ်တယ်။ ကျွန်ုပ်တို့ဟာ လူ့ ဘဝမှာ မွေးလာကတည်း က လောကီ အာရုံ ကာမဂုဏ်တွေကို ရလိုခံစားလိုတဲ့ လောဘမူစိတ်နဲ့ တွဲဖက်ပြီး မွေးလာကြတာ ဆိုတဲ့ အချက်ကို လက်ခံရမှာပါ။ ပြီးတော့ ဒီလောကီ လိုအပ်ချက် တွေကို တစ်စုံတစ်ခု အတိုင်းအတာ အထိ ဖြည့်ဆည်းဖို့ လိုအပ်လို့ လုပ်နေကြရ တာကိုလည်း မှားတယ်လို့ မဆိုနိုင်ပါဘူး။ မြတ်ဗုဒ္ဓက မဇ္ဈိမပဋိပဒါကို ဟောကြား တော်မူစဉ် အခါက သူက ကျွန်ုပ်တို့အနေနဲ့ မိမိကိုယ်ကိုယ် လောကီ အာရုံကာမ ဂုဏ် တရားတွေကိုချည်း လိုက်စားမနေဖို့၊ ပြီးတော့ ဒီလောကီရေးတွေကို လုံးဝ ငြင်းပယ်ပြီး ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲသလို မလုပ်ကြဖို့ကိုလည်း ဆိုဆုံးမတော် မူခဲ့ပါတယ်။

သို့ရာတွင် ကျွန်ုပ်တို့အနေနှင့် ဤမျှလောက်ဖြင့် ရပ်မထားသင့်ပါ။ ကျွန်ုပ်တို့သည် မွေးရာပါ အခြေအနေများကိုလည်း တစ်ဖက်တစ်လမ်းက လက်ခံထားကြရမှာ ဖြစ်ပြီး နောက်တစ်ဖက်တစ်လမ်းကတော့ မဂ္ဂင်ရှစ်ပါး မြတ်တရားနဲ့ အညီ လောကီ စည်းစိမ် ချမ်းသာ ဆိုတာ ဆင်းရဲဒုက္ခကို ပိုတိုးပွားစေတယ် ဆိုတာကို သိမြင် နားလည်တဲ့ ဉာဏ်အဆင့်ကို ရောက်အောင်လည်း မနေမနား ကြိုးစား အားထုတ်ကြရမှာ ဖြစ်တယ်။

မရေမတွက်နိုင်အောင် များလှတဲ့ အတိတ် ဘဝတွေမှာ မွေးခဲ့ကြ၊ သေခဲ့ကြရတယ်ဆိုတာကို သိမြင် နားလည်ကြပြီးရင်တော့ ကျွန်ုပ်တို့ဟာ တဖြည်းဖြည်း လောကီ စည်းစိမ် ချမ်းသာကို တပ်မက်တဲ့ လောဘ တဏှာတွေ လျော့ပါးလာပါတယ်။ အဲဒီအဆင့်ကို ရောက်ရင်တော့ ဘယ်နတ်ကမှ ကျွန်ုပ်တို့ကို အကူအညီ မပေးနိုင်တော့ပါဘူး။ ဒီအဆင့်ကို ရောက်ရင် ကိုယ့်အားကိုယ်ကိုးပဲ လုပ်ကြရတော့မှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်ုပ်တို့ဟာ လောကီ စည်းစိမ်တွေကို ခံစားရဖို့ အတွက် ကြိုးပမ်းနေကြတာ မဟုတ်တော့လို့ပဲ ဖြစ်တယ်။

လောကကြီးရဲ့ အမြဲမရှိ၊ အပြေးအလွှား ပြောင်းလဲ ဖြစ်ပျက်နေတဲ့ အနိစ္စ တရားကြီး၊ အနိစ္စ သဘာဝကြီးကို သိနားလည်ထားတဲ့ ဗုဒ္ဓဘာသာဝင် တစ်ယောက် အဖို့ လောကီ စည်းစိမ် ချမ်းသာတွေ အပေါ်မှာ ဂပ်မက် စွဲလမ်းစိတ်ကို လျော့ နည်း ပပျောက်အောင် အားထုတ်နေရတယ်။ ဒါကြောင့် သူဟာ သူ့မှာ ရရှိထားတဲ့ လောကီ စည်းစိမ် ချမ်းသာတွေကို ကံမကောင်း အကြောင်းမလှတဲ့ လူသားတွေကိုပါ ခွဲဝေ သုံးစွဲနိုင်အောင် ဒီပစ္စည်းတွေကို အခမဲ့ ပေးဝေ စွန့်ကြဲတတ်တယ်။ ဒါဟာ သူ့ရဲ့ စွန့်ကြဲခြင်း အလေ့အထကို ရက်ရောသမှု ပြကျင့်တာပဲ ဖြစ်တယ်။ ဒီနည်း အားဖြင့်လည်း ဗုဒ္ဓဘာသာဝင်တွေဟာ အများ ကောင်းစားရေး၊ အများ သက်သာ ချောင်ချိရေးကို အကျိုးပြုနိုင်ပါတယ်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားဟာ ကိုယ့်ဘာသာကိုယ် အားထုတ်ခဲ့လို့ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရှိပြီးတဲ့အခါ (ဗုဒ္ဓတ္ထ စရိယကို ကျင့်ပြီးတဲ့အခါ) သူဟာ သူ ရရှိခဲ့တဲ့ သဗ္ဗညုတဉာဏ်တော်ကို သူ့ ကိုယ်ကျိုး တစ်ခုတည်းအတွက်သာ အသုံး မပြုဘဲ လောကတ္ထစရိယ လောက ကောင်းကျိုးကို ရွက်ဆောင်ဖို့အတွက် ၄၅ ဝါတိုင်ပတ်လုံး လူတွေအတွက် သာမက နတ်တွေ၊ ဗြဟ္မာတွေ အကျိုးအတွက်ပါ အသုံးပြု၍ ဆောင်ရွက်တော်မူခဲ့ပါတယ်။

ဒါဟာ ဗုဒ္ဓဘာသာရဲ့ ကိုယ့် အတွက် ကိုယ် ဦးစားပေး လုပ်ဆောင်တဲ့ တစ်ကိုယ်ကောင်းဆန်တယ် ဆိုတဲ့ (ဗုဒ္ဓတ္ထစရိယ) သဘောမှာ သတ္တဝါ အားလုံး

အတွက် ကြောင့်ကြစိုက်ခြင်း သဘော (လောကတ္ထ စရိယ) ပါတယ် ဆိုတာကို အကောင်းဆုံး နမူနာပြလိုက်တာပဲ ဖြစ်တယ်။

မကြာခဏ ပြောကြတာက မြတ်ဗုဒ္ဓဟာ သူ့ရဲ့ သာဝကတွေကို ဒုက္ခ ရောက်နေတဲ့ အချိန်မှာ ကူညီပြီး စိတ်သက်သာအောင် ဆောင်ရွက်ရာမှာလည်း အံ့ဖွယ် ဆန်းကြယ်တဲ့ တန်ခိုးတော်တွေကို အသုံးပြုပြီး သေသူကို အသက် ပြန်ရှင်လာအောင် လုပ်ပေးတာမျိုး မဟုတ်ဘဲ မဟာကရုဏာတော်၊ မဟာပညာတော် အားဖြင့်သာ သစ္စာကို ပြပြီး ကူညီတာ ဖြစ်တယ် ဆိုတာပါ။

တစ်ခါက ဆိုရင် ကိသာဂေါတမီ ဆိုတဲ့ ဒကာမ တစ်ဦးဟာ သေသွားတဲ့ သူ့ ရင်သွေးကို ပွေ့ပိုက်ပြီး ရှင်တော်မြတ် ဗုဒ္ဓထံ သွားပြီး သူ့သား အသက် ပြန် ရှင်လာအောင် ကယ်မတော်မူပါဘုရားလို့ လျှောက်ထား တောင်းပန်တော်မူတယ်။ ဒီအချိန်မှာ ဒီမိန်းကလေးကို အကျိုးအကြောင်း ပြပြီး သစ္စာဉာဏ် ရလာအောင် ဟောပြောရင်လည်း နားဝင်မှာ မဟုတ်ဘူး ဆိုတာကို သိမြင်တော်မူတာကြောင့် ဘုရားက "ချစ်သမီး၊ သင်၏ သားငယ်ကို ငါ အသက် ပြန်ပြီး ရှင်လာအောင် လုပ်ရန်မှာ ဦးစွာ ပထမ သင် ချစ်သမီးသည် မိမိတို့၏ မိဘ၊ ဘိုးဘွား၊ သားသမီး၊ မောင်နှမ၊ ချစ်သူ၊ ခင်သူ တစ်စုံတစ်ယောက်မျှ မသေဖူးသော အိမ်က မုန်ညင်းစေ့ လက်တစ်ဆုပ်စာ ရအောင် ရှာခဲ့ပါလော့"ဟု မိန့်တော်မူသတဲ့။ သောက ပရိဒေဝမီး တောက်လောင်နေရှာတဲ့ မိန်းကလေး (ကိသာဂေါတမီ) ဟာ အိမ်ပေါက်ဝ တစ်ခုမှ တစ်ခုသို့ ပြေးကာလွှားကာဖြင့် လူ မသေဖူးသော အိမ်က မုန်ညင်းစေ့ကို ရှာရန် သွားသတဲ့။ အိမ်တိုင်းအိမ်တိုင်းက လူတွေက ကိသာဂေါတမီကို ငါတို့က သင် လိုချင်တဲ့ မုန်ညင်းစေ့ကို ပေးချင်ပါရဲ့။ ဒါပေမဲ့ ငါတို့မှာ မိဘ၊ ဘိုးဘွား၊ သားသမီး၊ မောင်နှမ သေခဲ့ကြတာချည်းပါလို့ ပြန်ပြောကြသတဲ့။ ဘယ် အိမ်ကမှ သူတို့ အိမ်မှာ လူ မသေဖူးတဲ့ အိမ် မရှိကြောင်း ရိုးရိုးသားသား မပြောဘဲ မနေနိုင်တာကို မိန်းကလေး ကိသာဂေါတမီ ကြားသိခဲ့ရတယ်။ ဒီအခါကျမှ ကိသာဂေါတမီ စိတ်ထဲမှာ တဖြည်းဖြည်း နားလည်လာတာက ဪ. . . သေခြင်းတရား ဆိုတာဟာ လူသတ္တဝါ မှန်သမျှ ကြုံကြဆုံကြရတဲ့ သဘာဝတရားကြီးပါကလား ဆိုတာပဲ ဖြစ်တယ်။ ဇာတိရခဲ့သူ မှန်သမျှ စုတိနဲ့ ကြုံတွေ့ကြရမှာချည်းပဲ ဆိုတာကို သိမြင်သွားတယ်။ ဒီလို အသိဉာဏ် ရပြီးနောက် ကိသာဂေါတမီဟာ သေခြင်း မရှိတဲ့ အိမ်က မုန်ညင်းစေ့ကို ရှာလို့ မရဘဲ လက်ချည်း မြတ်ဗုဒ္ဓ ထံပါးကို ပြန်သွားခဲ့တယ်။ ဒီတစ်ခါမှာတော့ ကိသာဂေါတမီဟာ သားငယ်ကို ပြန်ရှင်အောင်

လုပ်ပေးပါလို့ တောင်းပန်ဖို့ မြတ်ဗုဒ္ဓထံ ပြန်သွားတာ မဟုတ်ဘဲ 'သင်္ခါရာ အနိစ္စာ' ဆိုတဲ့ သစ္စာတရားကို သိမြင်အောင် သူ့ကို လုပ်ပေးတော်မူတဲ့ မြတ်ဗုဒ္ဓကို ကျေးဇူးတင်ကြောင်း ဝန်ခံဖို့ ပြန်သွားတာသာ ဖြစ်ပါတော့တယ်။

ခု ဒီနေရာမှာ မြတ်ဗုဒ္ဓ ကြောင့်ကြစိုက်တော်မူခဲ့တဲ့ အဓိက အချက်ဟာ ဒီမိန်းကလေးအား ဘဝရဲ့ ပင်ကိုသဘောနဲ့ ပတ်သက်တဲ့ သစ္စာတရားကို နားလည် အောင် လုပ်ပေးဖို့ပဲ ဖြစ်တယ်။ လက်တလော သူ့ ရင်ထဲက အပူ ခေတ္တ သက်သာ သွားအောင် လှည့်ဖြားပြီး လုပ်ပေးလိုက်ဖို့ မဟုတ်ပါဘူး။ တန်ခိုးတော်နဲ့ သူ့သား ခုချက်ချင်း အသက် ပြန်ရှင်လာအောင် လုပ်ပေးနိုင်တယ်ပဲ ထားဦး၊ နောင်အခါ ကျရင် သူဟာ အို၊ နာ၊ သေလမ်းကိုပဲ သွားရဦးမှာပဲဟာ။ ဒီလို သစ္စာ ဉာဏ် အမြင်ရအောင် လုပ်ပေးလိုက်ခြင်းအားဖြင့် ကိသာဂေါတမီသည် သေခြင်းဆိုတဲ့ အနိစ္စ သဘောတရားကိုသာ နားလည် သိမြင်သွားရုံမျှမက သူ ဆင်းရဲ ရောက်ခြင်းရဲ့ အကြောင်း သမုဒ္ဒယသည် သားအပေါ် ချစ်ခင် စွဲလမ်းတဲ့ အဝိဇ္ဇာ တဏှာကြောင့် ဖြစ်ရတာပါကလား ဆိုတာကိုပါ သိမြင် နားလည်သွားစေခဲ့တာ ဖြစ်တယ်။ သူမဟာ ဒုက္ခဖြစ်ရတာ တဏှာကြောင့်ပဲ ဖြစ်တယ်။ တဏှာကို ဖြတ်နိုင်ရင်ဖြင့် ဒုက္ခကလည်း လွတ်မြောက်မှာပဲ ဆိုတဲ့ တဏှာ ချုပ်ရင် ဒုက္ခ ချုပ်တယ်ဆိုတဲ့ ပဋိစ္စသမုပ္ပာဒ် ပဋိလုံ ဖြတ်နည်းကိုပါ သိမြင်သွားတာ ဖြစ်တယ်။

ဒါကြောင့် ဗုဒ္ဓဘာသာမှာ လူ တစ်ယောက်ဟာ ဗဟိဒ္ဓ အကူအညီ ဖြစ်တဲ့ ဥပမာ နတ် မ,စတာကို ခေတ္တ ယာယီ စိတ်ချမ်းသာမှုအတွက် ရှာဖွေ တောင်းခံ ကောင်း တောင်းခံမှာ ဖြစ်ပေမဲ့ နောင်အခါ သစ္စာဉာဏ် အဆင့် မြင့်မားလာအောင် အားထုတ်ပြီးလို့ လောကီ စည်းစိမ် ချမ်းသာတွေ အပေါ်မှာ တပ်မက် စွဲလမ်းတဲ့ စိတ်တွေ ကင်းရှင်းသွားတဲ့ အခါကျတော့ သူ့ ဘဝမှာ စွန့်လွှတ်ခြင်းဖြင့် မဂ်လမ်း ပေါ်ကို တက်လှမ်းပြီ ဆိုရင်တော့ သူဟာ ကြွံချိုကဲ့သို့ တစ်ယောက်တည်း ရပ် တည်သူ ဖြစ်သွားပါတော့တယ်။

လူ တစ်ယောက်ဟာ အဖန်တလဲလဲ ဇာတိ တစ်ဖန် ပြန်ဖြစ်ခြင်း ဆိုတဲ့ အဆုံးမရှိတဲ့ ဝဋ်သံသရာကြီး ထဲက လွတ်မြောက်ရေးကို ရအောင် ကြိုးပမ်းတဲ့ အခါကျရင် သူဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရပြီဆိုရင် သူဟာ စွန့်ခြင်းကြီးတွေကို သူ့ ဉာဏ်နဲ့သူ၊ သူ့ရဲ့ စိတ်စွမ်းအင်နဲ့သူ၊ သူ့ အားထုတ်မှု တစ်ခုတည်းနဲ့ လုပ်နိုင် ပြီ ဖြစ်တယ်။

ဗုဒ္ဓဘာသာက အကြီးမားဆုံးသော လူသားရဲ့ ဂုဏ်သိက္ခာကို ပေးဆောင်နိုင်တယ်။ ဒီကမ္ဘာမှာ လူသားဟာ သတ္တဝါတွေထဲမှာ မိမိကိုယ်ကို မိမိ ကူညီပြီး ဘဝ ဆင်းရဲ အားလုံးက လွတ်မြောက်အောင် လုပ်နိုင်တဲ့ သတ္တဝါ ဖြစ်တယ် ဆိုတာကို ရှင်းရှင်း ဖော်ပြတဲ့ တစ်ခုတည်းသော ဘာသာအယူဝါဒ ဖြစ်တယ်။ သူ့ရဲ့ ဉာဏ် အဆင့် မြင့်မားအောင် ထူထောင်ပြီးတဲ့အခါကျရင် သူဟာ ဘယ်သူ့ သနားမှ ချမ်းသာရမည့် သူ မဟုတ်ဘူး။ ဘယ်သူ့ ထံမှာမှ အသနား ခံနေစရာ မလိုဘူး။ ပူဇော်ပသခြင်း ပြုမှ၊ မ,စသူတွေရဲ့ အမ,စကို ခံရအောင် လုပ်နေစရာလည်း မလိုဘူး ဆိုတာကိုပါ သိနားလည်လာနိုင်တယ်။

# အခန်း ၁၀
# ဆုတောင်းခြင်း၊ တရားအားထုတ်ခြင်းနှင့် ဘာသာရေး ဝတ်ပြုခြင်း

## ထာဝရဘုရား ရှိသည်ဟု ယုံကြည်ခြင်း၊ သဒ္ဓါတရားနှင့် ကြည်ညိုခြင်း

*အမှန်ကို သိနားလည်ခြင်း၊ သမ္မာဒိဋ္ဌိက သဒ္ဓါတရားကို ဖြစ်ပေါ်စေသည်။ သဒ္ဓါတရားက ပညာသို့ ရောက်အောင် လမ်းပြ ပို့ဆောင်သည်။*

ဗုဒ္ဓဘာသာမှာ ထာဝရဘုရား ဖန်ဆင်းရှင် ရှိတယ် ဆိုတဲ့ ယုံကြည်မှုမျိုး မရှိဘူး။ ဘာကြောင့်လဲ ဆိုတော့ ဗုဒ္ဓဘာသာဟာ မှန်ကန်သော အမြင် သမ္မာဒိဋ္ဌိ အပေါ်မှာ အခြေခံထားလို့ပဲ ဖြစ်တယ်။ စိတ်လှုပ်ရှားသူတွေအတွက် ထာဝရ ဘုရားကို ယုံကြည်မှုဟာ မူးယစ်ဆေး တစ်မျိုးလိုပဲ ကိုယ် မသိနိုင်တာကို ယုံကြည်စေလို့ပဲ ဖြစ်တယ်။ ထာဝရဘုရားကို ယုံကြည်ရာမှာ မသိဘဲနဲ့ အတင်းယုံကြည်ခိုင်းတဲ့

သဘော ရှိတယ်။ ဒီလို မသိဘဲနဲ့ ယုံကြည်ခြင်းကို အသိပညာက ဖျက်တယ်။ မသိဘဲ ယုံကြည်ခြင်းဟာ အသိဉာဏ် ဆင်ခြင်တုံတရားနဲ့ ကြုံတွေ့ရတဲ့အခါ သူ့ကိုယ်သူ ဖျက်တယ်။

မသိဘဲနဲ့ ယုံကြည်ခိုင်းလို့တော့ ဘယ်တော့မှ သဒ္ဓါတရားကို ဖြစ်ပေါ်စေနိုင်မှာ မဟုတ်ပါဘူး။ မသိဘဲနဲ့ ယုံကြည်တာက ဆင်ခြင်တုံတရား အပေါ်မှာ အခြေခံတာ မဟုတ်လို့ပါ။ သဒ္ဓါတရားကို အမြင်မှန်ရမှ ရနိုင်တယ်။

အသိဉာဏ်၊ ဆင်ခြင်ဉာဏ် မပါဘဲ မသိယုံ သဘောပါတဲ့ ယုံကြည်သက်ဝင်မှု 'Faith' ဆိုတာက ဗော်လတိုင်းယား ပြောသလို ဆိုရင် "မသိဘဲ ယုံကြည်တဲ့၊ ယုံကြည်မှု ဆိုတာဟာ မင်းရဲ့ ဆင်ခြင်တုံတရားက မမှန်နိုင်ဘူးလို့ ဆိုတာတွေပဲ ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ သင့်ရဲ့ ဆင်ခြင်ဉာဏ်က လက်ခံနိုင်တာဆိုရင် မျက်ကန်း ယုံကြည်ခြင်းဆိုတာ ရှိကို မရှိနိုင်ဘူး"တဲ့။

'Faith is to believe in something which your reason tells you cannot be true: for if your reason approved of it, there could not be no question of blind faith.' *Voltaire*

သဒ္ဓါ ဆိုတဲ့ ယုံကြည်ချက် 'Confidence' မျိုးကျတော့ မသိဘဲ ယုံကြည်ခိုင်းတာမျိုးနဲ့ မတူဘူး။ သဒ္ဓါ ဆိုတာက မသိနိုင်တာကြီး၊ မသိတာကြီး တစ်ခုကို မိမိ စိတ်က မသိဘဲ ရှိလေသယောင် လက်ခံထားတာမျိုး မဟုတ်ဘူး။ သဒ္ဓါတရား ဆိုတဲ့ ယုံကြည်မှုက လက်ဆုပ် လက်ကိုင်ပြနိုင်တဲ့ မျှော်လင့်အားထားမှုမျိုး ဖြစ်တယ်။ လောကကို လွန်သွားတဲ့ လောကအပြင်ဘက်က မသိနိုင်တဲ့ အရာမျိုး မဟုတ်ဘူး။ ကိုယ်တိုင် ထိတွေ့ပြီး သိမြင် နားလည်နိုင်တာမျိုးကို ယုံကြည်တာကမှ သဒ္ဓါတရား ဖြစ်တယ်။ သဒ္ဓါ ဆိုတဲ့ ယုံကြည်မှုမျိုးက ကျောင်းစာသင်ခန်းထဲမှာ ဆရာ၊ ဆရာမများ သင်ကြားပြသတဲ့ နျူတန်ရဲ့ ရူပဗေဒက ဒြပ်ဆွဲ နိယာမရဲ့ ပြောင်းပြန် (ပဋိ) စတုရန်း ဥပဒေသ Inverse Square Law မျိုး ဖြစ်တယ်။ စာသင်သားကလေးက ဆရာ ပြောတာ၊ ဖတ်စာအုပ်ထဲ ပါတာကို မစူးမစမ်း မဆင်မခြင်ဘဲ ယုံတာ မဟုတ်ဘူး။ သူက အချက်အလက်တွေကိုလည်း လေ့လာတယ်။ သိပ္ပံနည်းကျ ဆင်ခြင်တွေကိုလည်း စိစစ်တယ်။ သူ သိရတဲ့ အချက်တွေ အပေါ်မှာ သူ ကိုယ်တိုင် နားလည် သဘောပေါက်ပြီးမှ ယုံကြည် လက်ခံတာမျိုး ဖြစ်တယ်။ သူက သံသယ ရှိလို့ရှိရင် သူက ဒါကို လက်မခံဘဲ ထားပြီး သူကိုယ်တိုင် စူးစမ်း လေ့လာပြီး အတိအကျ၊ အခိုင်အမာ၊ စူးစမ်း စစ်ဆေးနိုင်တယ်။ ဗုဒ္ဓဘာသာဝင် တစ်ဦးဟာလည်း ဒီအတိုင်းပဲ ယုံကြည်မှု သဒ္ဓါကို ရရှိလာတာဟာ

ဆင်ခြင်တုံတရားက တစ်ဆင့် ရရှိလာတာပဲ ဖြစ်တယ်။ အသိပညာနဲ့ အတွေ့အကြုံအရသာ ယုံကြည် လက်ခံတာ ဖြစ်တယ်။ ဒါကြောင့် အသိဉာဏ်နဲ့ အတွေ့အကြုံရင့်ကျက်လာတဲ့အခါ ဖြစ်ပေါ်လာတဲ့ ယုံကြည်ချက် သဒ္ဓါတရားဟာ မျက်ကန်းယုံကြည်ခြင်း မဟုတ်တော့ပါဘူး။ သဒ္ဓါတရားဟာ စိတ်ထဲမှာ ဗိုလ် (ခွန်အား) ကြီးဖြစ်လာတယ်။

ဒေါက်တာ ဝါလ်ပိုလာရာဟုလာရဲ့ 'မြတ်ဗုဒ္ဓရဲ့ ဒေသနာ' စာအုပ်မှာ သူက ယုံကြည်ခြင်းဟူသော ကိစ္စသည် သိမြင်မှု (အပြည့်အစုံ သိရှိနားလည်မှု) မရှိမှ ဖြစ်ပေါ်သည်။ သိမြင် နားလည်သည်နှင့် တစ်ပြိုင်နက် ယုံကြည်ခြင်း ဟူသော ပြဿနာ မရှိနိုင်တော့ပေ။ လက်ထဲတွင် ကျောက်မျက်ရွဲ တစ်လုံးကို ဆုပ်ဝှက်ထားသည် ပြောပါမူ ကိုယ်တိုင် မျက်စိဖြင့် မမြင်ရ၍ ယုံကြည်ရသည့် ကိစ္စမျှသာ ဖြစ်သည်။ လက်ဝါးကို ဖြန့်၍ ကျောက်မျက်ရွဲကို ထုတ်ပြပါလျှင် ကိုယ်တိုင် မြင်ရ၍ ယုံကြည်ရုံ ကိစ္စ မဟုတ်တော့ပါ။ ထို့ကြောင့် ရှေးကျသော ဗုဒ္ဓ ကျမ်းစာများတွင် 'ကျောက်မျက်ရွဲ သို့မဟုတ် (ဖန်ခါးသီး) ကို လက်ဝါးပြင်တွင် မြင်ရသကဲ့သို့ သဘောပေါက် နားလည်သည်' ဟူ၍ အသုံးအနှုန်းများကို ဖော်ပြလေ့ ရှိသည်။*

## ဆုတောင်းခြင်း အဓိပ္ပာယ်

*သဘာဝသည် ဘက်လိုက်ခြင်း မရှိ၊ ဆုတောင်း မြှောက်ပင့်လို့လည်း မရ၊ အသနားခံပြီး တောင်းလို့လည်း မျက်နှာသာ မပေးဘူး။*

လူသားသည် ကောင်းကင်ကျ သတ္တဝါ မဟုတ်ပါ။ မိမိ လိုအပ်သမျှ အတွက် အသနားခံပြီး မျှော်လင့် စောင့်စား တောင်းခံရမည့် သတ္တဝါလည်း မဟုတ်ပါ။ ဗုဒ္ဓဘာသာ သဘောက လူသားသည် သူ့ ဘဝကို သူ ဖန်တီးနိုင်စွမ်း ရှိသူဟု နားလည်၍ ထိုအယူကို လက်ခံထားတယ်။ သူ့မှာ အဝိဇ္ဇာ အမှောင် ဖုံးလွှမ်းခံနေရ၍သာ လူသားသည် သူ့ရဲ့ ကိုယ်စွမ်း ဉာဏ်စွမ်း ရှိသလောက်ကို မသိဘဲ မသုံးနိုင်ဘဲ ဖြစ်နေရတယ်။ မြတ်ဗုဒ္ဓက လူသား၏ ဖုံးကွယ် သိုဝှက်ထားသော စွမ်းအားကို ဖော်ထုတ်ပြသခဲ့ပြီး ဖြစ်ရကား၊ လူသား အနေနှင့် မိမိ၏ မွေးရာပါ ကိုယ်ရည်

---

* မြတ်ဗုဒ္ဓဒေသနာ- ဇေယျာမောင်၊ စာမျက်နှာ ၁၉။

ကိုယ်သွေးကို ထူးချွန် ထက်မြက်လာအောင် ပြုစု ပျိုးထောင်ယူကြရမည် ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာက လူသားရဲ့ ဂုဏ်သိက္ခာနဲ့ လူ့ တာဝန်ကို အပြည့်အဝ ဖော်ပြထားတယ်။ ဗုဒ္ဓဘာသာက လူသားကို မိမိ ဘဝရဲ့ အရှင်သခင် မိမိ ဘဝကို မိမိ ပြုချင်သလို ပြုလုပ်နိုင်တဲ့ ဘဝသခင်အဖြစ် သတ်မှတ်ထားတယ်။ ဗုဒ္ဓဘာသာက လူသားရဲ့ ဘဝ ကြမ္မာကို ဆုံးဖြတ် ပြဋ္ဌာန်းနိုင်တဲ့ လူသားရဲ့ ခေါင်းပေါ်မှာ ထိုင်ပြီး ခြယ်လှယ်နေတဲ့ ဘယ်တန်ခိုးရှင်ကိုမှ ရှိတယ်လို့ မယူဆဘူး။ လက်မခံဘူး။ ဆိုလိုတာက ကျွန်ုပ်တို့ ဘဝ၊ ကျွန်ုပ်တို့ လူ့ အဖွဲ့အစည်း၊ ကျွန်ုပ်တို့ရဲ့ ကမ္ဘာလောကကြီးကို စိတ်တိုင်းကျ လိုအပ်သလို ပြုပြင် ဖန်တီးနေတာဟာ သင်တို့၊ ငါတို့ လူသားတွေပဲ ဖြစ်တယ်။ ဘယ်သူကမှ လောက အပြင်ဘက်ကနေပြီး ပြုပြင်ဖန်တီးနေတာ မဟုတ်ဘူးလို့ သဘောထားတယ်။

သဘာဝတရားမှာ ဘက်လိုက်တတ်တဲ့ သဘာ မရှိဘူး ဆိုတာကို သတိထားသင့်တယ်။ သဘာဝတရားကို ဆုတောင်းပြီး မြှောက်ပင့် ပြောဆိုလို့လည်း မရပါဘူး။ တောင်းပန်လို့လည်း သဘာဝတရားက အထူး မျက်နှာသာပေးမှာ မဟုတ်ဘူး။ ဒီလို သဘော ရှိတာကြောင့် ဗုဒ္ဓဘာသာမှာတော့ ဝတ်ပြု ဆုတောင်းတယ် ဆိုတာဟာ တရား အားထုတ်ခြင်းပဲ ဖြစ်တယ်။ တရား အားထုတ်ခြင်းဖြင့် မိမိကိုယ်ကိုယ် တိုးတက်အောင် ပြောင်းလဲသွားစေနိုင်တယ်။ တရား အားထုတ်ခြင်းဖြင့် ဝတ်ပြု ဆုတောင်းတာဟာ လူတစ်ယောက်ရဲ့ သဘော သဘောဝကို ပြန်လည် ပြုပြင် ပြောင်းလဲခြင်းပဲ ဖြစ်တယ်။

ဤသည်မှာ လူ တစ်ဦး၏ အဇ္ဈတ္တ ပြောင်းလဲမှုပင် ဖြစ်တယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါး သန့်ရှင်း စင်ကြယ်ခြင်း အဖြစ်သို့ ဆိုက်ရောက်ခြင်းလည်း ဖြစ်တယ်။ တရား အားထုတ်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် "မိမိတို့သည် မိမိတို့ အလိုရှိအပ်သော အတိုင်း ဖြစ်လာတာပဲ" ဆိုတာကို သိမြင် နားလည်လာနိုင်တယ်။ ကိုယ့်စိတ်ကိုယ် တွေ့ရှိ သိမြင်ပြီး နားလည်လာတာ ဖြစ်တယ်။ ကျွန်ုပ်တို့ ဆုတောင်းကြတဲ့အခါ ကျွန်ုပ်တို့ရဲ့ စိတ်နှလုံးအတွင်းမှာ သက်သာရာ ရသလိုမျိုး ခံစားရတတ်ပါတယ်။ ဒါဟာ စိတ်ပိုင်းဆိုင်ရာ အကျိုး သက်ရောက်မှု တစ်ခုပါ။ ဒီအကျိုး သက်ရောက်မှုကို ကျွန်ုပ်တို့ အနေနဲ့ မိမိတို့ရဲ့ သဒ္ဓါတရားနဲ့ ကြည်ညို စိတ်က ဖန်တီး ဖြစ်ပေါ်စေခဲ့တာ ဖြစ်တယ်။ ဒီလို စိတ်သက်သာမှု အကျိုးကို တစ်ခါတလေ ပရိတ်ရွတ်ခြင်း၊ ဘုရားဝတ် ပြုခြင်းအားဖြင့်လည်း ရရှိခံစားရတတ်ပါတယ်။ ဘာသာရေး ဆိုင်ရာ အမည်ပညတ်တွေ၊ အမှတ်သင်္ကေတ နိမိတ်ပုံတွေ

ကြောင့်လည်း ကြည်ညိုမှုနဲ့ သဒ္ဓါ ထက်သန်မှုကို အထိုက်အလျောက် ရရှိနိုင်ပါတယ်။

မြတ်ဗုဒ္ဓ ကိုယ်တော်တိုင် ဟောတော်မူတာက ဗုဒ္ဓ ကျမ်းစာတွေကို ရွတ်ဖတ်သရဇ္ဈာယ်တာတို့၊ ကိုယ်ကို ညှဉ်းဆဲပြီး ကျင့်တာတို့၊ မြေကြီးပေါ် အိပ်ပြီး ကျင့်တာတို့၊ ပရိတ်မန္တန်တွေကို ထပ်တလဲလဲ ရွတ်ဆို ပုတီးစိပ်တာတို့၊ ကိုယ့်အမှားအတွက် မိမိ ကိုယ်ကိုယ် ဒဏ်ခတ် ဆုံးမတာတို့၊ ဓမ္မတေးတွေ ရွတ်ဆိုတာတို့၊ ဂါထာမန္တရား ရွတ်ဆိုတာတို့၊ အင်းအိုင် ခလှဲ့ လက်ဖွဲ့ အစီအမံ လုပ်တာတို့ဟာ ဘာတစ်ခုမှ လူသားရဲ့ ချမ်းသာသုခ အစစ်ကို မပေးနိုင်ကြောင်း နိဗ္ဗာန် မင်္ဂဖိုလ်ကို ရောက်အောင် မပို့ဆောင်နိုင်ကြောင်းကို ဟောတော်မူခဲ့တယ်။

ဘဝရဲ့ နောက်ဆုံး ပန်းတိုင် ဖြစ်တဲ့ နိဗ္ဗာန် ချမ်းသာကို ရအောင် ဝတ်ပြုဆုတောင်းတာနဲ့ ပတ်သက်ပြီး တစ်ခါက မြတ်ဗုဒ္ဓက ပုံဆောင် ဟောကြားရာမှာ မြစ်တစ်ဖက်ကမ်းကို ဖြတ်ကူးချင်သူ လူ တစ်ယောက်ရဲ့ ဝတ္ထုကို သရုပ်ဆောင်ပြီး ဟောတော်မူခဲ့တယ်။ အကယ်၍ သူက မိမိသည် မြစ်တစ်ဖက်ကမ်းသို့ ရောက်ရပါလို၏။ ရောက်ပါစေသတည်းလို့ ထိုင်ပြီး ဆုတောင်းနေလို့ကတော့ သူ့ဆုတောင်းဟာ ဘယ်တော့မှ ပြည့်မှာ မဟုတ်ဘူးတဲ့။ တကယ်တမ်းသာ သူဟာ မြစ်တစ်ဖက်ကမ်းကို ရောက်လိုတာ အမှန် ဖြစ်ရင်ဖြင့် သူ ရောက်ရာရောက်ကြောင်း အလုပ်ကောင်း တစ်ခုခုကို အားထုတ် လုပ်ဆောင်ရမှာပဲတဲ့။ သစ်တုံး အချို့ကို ရှာပြီး ဖောင် လုပ်ရင်လုပ်။ ဒါမှမဟုတ် တံတား တစ်ခုကို ရှာရင်ရှာ၊ လှေတစ်စင်းကို ဆောက်ရင်ဆောက်၊ ဒါမှမဟုတ် ကူးသော် ဖြတ်ကူးတာ တစ်ခုခုတော့ လုပ်ရမှာပဲတဲ့။

ဒီအတိုင်းပဲတဲ့။ သံသရာ တစ်ဖက်ကမ်းကို ရောက်အောင် ကူးချင်သူဟာ ဆုတောင်း ဝတ်ပြုနေရုံနဲ့တော့ မလုံလောက်ပါဘူးတဲ့။ သူဟာ ဘာသာရေး ဘဝမှာ နေပြီး အားထုတ် ကျင့်ကြံရမှာပဲတဲ့။ သူ့ စိတ်ထဲက တဏှာရာဂတွေကို ငြိမ်းအေးအောင်၊ စိတ်ကို ငြိမ်သက်အောင်၊ ငြိမ်းချမ်းအောင်၊ ကိလေသာ အညစ်အကြေးတွေ သန့်စင်သွားအောင် အားထုတ် လုပ်ဆောင်ရမှာသာ ဖြစ်တယ်တဲ့။ ဒီလို လုပ်မှသာ ဘဝရဲ့ အမြတ်ဆုံး ပန်းတိုင်ကို ရောက်နိုင်ကြောင်း ဝတ်ပြု ဆုတောင်းနေလို့ကတော့ သူ ဘယ်တော့မှ ဘဝ ပန်းတိုင် နိဗ္ဗာန် ချမ်းသာကို မရနိုင်ဘူး။ မရောက်နိုင်ပါဘူးတဲ့။

အကယ်၍ ဆုတောင်းဖို့ လိုတယ် ဆိုရင်တောင်မှ အောင်မြင်မှု လာဘ်ကို ရဖို့အတွက် မဟုတ်ဘဲ မိမိရဲ့ စိတ်အင်အား ကောင်းဖို့ အတွက်ပဲ ဆုတောင်းသင့်တယ်။ အောက်ပါ နာမည်ကျော် ကဗျာဆရာ တစ်ဦးရဲ့ ဆုတောင်း ကဗျာမှာ

ကျွန်ုပ်တို့ ဆုတောင်းရင် ဘယ်လို ဆုတောင်းသင့်ကြောင်း သင်ကြားထားတယ်။ ဒါကို ဗုဒ္ဓဘာသာဝင်တွေကတော့ မိမိရဲ့ စိတ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြုစု ပျိုးထောင်တဲ့ တရား အားထုတ်မှုလို့ပဲ သဘောထားမှာ ဖြစ်ပါတယ်။

"အန္တရာယ်တွေက အကာအကွယ် ရဖို့ အတွက် ကျွန်ုပ် ဆုမတောင်းပါရစေနှင့်။

အန္တရာယ်တွေကို ရင်ဆိုင်ရတဲ့အခါ အကြောက် ကင်းစွာဖြင့် ရင်ဆိုင်နိုင်ရပါလို၏။

ကျွန်ုပ်၏ မကြုံရသေးတဲ့ ဒုက္ခဆင်းရဲတွေ မကြုံပါရစေနဲ့လို့ မတောင်းခံပါရစေနှင့်။

ဒီဒုက္ခတွေ ကြုံရတဲ့အခါ အနိုင်ရအောင် ရင်ဆိုင်နိုင်တဲ့ နှလုံးသားမျိုး ရပါစေသားလို့သာ တောင်းခံပါလို၏။

ကျွန်ုပ်အဖို့ ကြောက်ရွံ့စွာဖြင့် ကယ်တင်တော် မူပါလို့ အလိုရမ္မက် မဖြစ်ပါစေနှင့်။

မိမိ ဘဝ လွတ်မြောက်အောင် ကြိုးပမ်းရာမှာ ခန္တီ သည်းခံစိတ်သာ ရှိရပါလို၏။"

'Let me not pray to be sheltered from dangers,
but to be fearless in facing them.
Let me not beg for the stilling of my pain,
but for the heart to conquer it.
Let me not crave in anxious fear to be saved,
but for the patience to win my freedom.

## တရားအားထုတ်ခြင်း

*တရား အားထုတ်ခြင်းသည် စိတ်ပိုင်းဆိုင်ရာ ပြုစု ပျိုးထောင်မှုကို စိတ်ပညာနည်းဖြင့် ချဉ်းကပ်ခြင်း ဖြစ်သည်။ စိတ်ဓာတ် သန့်ရှင်းအောင် လေ့ကျင့်ခြင်းလည်း ဖြစ်သည်။*

ဆုတောင်းခြင်းအစား ဗုဒ္ဓဘာသာဝင်တွေကတော့ တရား အားထုတ်ခြင်း ကမ္မဋ္ဌာန်း ဘာဝနာ အလုပ်ကိုပဲ လုပ်တတ်ကြတယ်။ စိတ်ပိုင်း ပျိုးထောင်မှုနဲ့ စိတ်ပိုင်း ဖွံ့ဖြိုး တိုးတက်မှုအတွက် ဖြစ်တယ်။ မိမိ စိတ်ကို သန့်စင်အောင် ပြုစုပျိုးထောင်ခြင်း ဆိုတဲ့ တရား အားထုတ်မှု၊ ဘာဝနာ အလုပ် မပါဘဲနဲ့တော့ နိဗ္ဗာန်မဂ်ဖိုလ်ကို ဘယ်တော့မှ မရောက်နိုင်ပါဘူး။ ဒီလို ဘဝ ပန်းတိုင်ကို ရောက်ရှိရေးအတွက် ဘယ်ကုသိုလ်ကောင်းမှုမျိုးကမှလည်း မပို့ဆောင်ပေးနိုင်ပါဘူး။ မိမိ စိတ်ကို စင်ကြယ်အောင် ပြုစု ပျိုးထောင်ပေးတဲ့ ဘာဝေတဗ္ဗကိစ္စ ပါကိုပါရမှာ ဖြစ်ပါတယ်။ သဘာဝအားဖြင့်တော့ ပြုစု ပျိုးထောင် လေ့ကျင့်ထားခြင်း မရှိတဲ့ စိတ်ဟာ၊ အလွန် တိမ်းလွယ်ညွတ်လွယ်တယ်။ လူတွေကို မကောင်းမှု ပြုဖို့ ဘက်ကိုပဲ ဆွဲဆောင် တတ်တယ် (ပါပသ္မိံ ရမတေ မနော)၊ ပြီးတော့ ကိလေသာ အာရုံကာမဂုဏ် တရားတွေရဲ့ အနှိုင်းခံ ကျေးကျွန် ဖြစ်လွယ်တယ်။ စိတ်ကူး ကြံစည်မှုတွေ၊ စိတ်လှုပ်ရှားမှုတွေကလည်း လူကို လွဲမှားမှုတွေ ပြုလုပ်အောင် လုပ်တတ်တယ်။ ဘယ်လို တရား ဘာဝနာ အလုပ်ကို အားထုတ်ရမယ် ဆိုတာကို သိတဲ့ လူမျိုးကသာ စိတ်ကို သင့်အောင် လေ့ကျင့်ယူနိုင်တယ်။ ထိန်းချုပ်နိုင်တယ်။ မကောင်းတဲ့ ကာမဂုဏ် အာရုံတွေ နောက်ကို ပါသွားရင် ပြန်ထိန်းချုပ်နိုင်တယ်။

ဒီနေ့ လူသားတွေ ကြုံတွေ့နေရတဲ့ ဒုက္ခ ဆင်းရဲတွေ၊ ပြဿနာတွေဟာ ယဉ်ကျေး သိမ်မွေ့အောင် ပဲ့ပြင်ဆုံးမ မထားတဲ့ စိတ်ကြောင့် ဖြစ်ရတာက များပါ တယ်။ လူတွေ ကြုံတွေ့နေကြရတဲ့ ကိုယ်ဆင်းရဲနာ၊ စိတ်ဆင်းရဲနာတွေကို ကုသ ရာမှာ အကောင်းဆုံး ဆေးဟာ တရား အားထုတ်ခြင်းပဲ ဖြစ်တယ် ဆိုတာကို လူတွေ တွေ့ရှိ သိမြင်ထားပြီး ဖြစ်တယ်။ ဆေးပညာရှင်ကြီးတွေကရော၊ စိတ်ပညာ အကျော်အမော် ပညာရှင်ကြီးများကပါ လူတွေ တွေ့ကြုံ ခံစားနေကြရတဲ့ စိတ်ပျက် အားငယ်မှုတွေ၊ စိုးရိမ် ကြောင့်ကြမှုတွေ၊ စိတ် သောကတွေ၊ ပရိဒေဝတွေ၊ တင်းမာမှုတွေ၊ ကြောက်ရွံ့မှုတွေဟာ စိတ်ရောဂါ အမျိုးမျိုး ဖြစ်ရတဲ့ အကြောင်း တရားတွေ ဖြစ်တယ်။ ကုန်ကုန် ပြောရရင် ကောင်းနေတဲ့ စိတ်ရောဂါတွေဟာလည်း ဒီလိုမျိုး စိတ်မှာ ဖြစ်တဲ့ သောကပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတွေကြောင့် ပိုပြီး ဆိုးဆိုးဝါးဝါး ဖြစ်လာနိုင်ကြောင်း အသိအမှတ် ပြုထားကြပါတယ်။

သိစိတ်ရှိတဲ့ လူသားဟာ သိပ်ပြီး စိတ် မချမ်းမသာ ဖြစ်လာတဲ့အခါ အလွန် အမင်း စိုးရိမ် ပူပန်လာတဲ့အခါ ကြာရှည်စွာ ဝမ်းနည်း ပူဆွေးကြရတဲ့အခါ ရုပ်ခန္ဓာ မှာပါ ဒုက္ခ ဆင်းရဲတွေ ဖြစ်ပေါ်လာပါတယ်။ အစာအိမ် ပြည်တည်နာတို့ အဆုတ်နာ

ရောဂါတို့၊ နှလုံး ရောဂါတို့အပြင် ခန္ဓာကိုယ်ရဲ့ လှုပ်ရှား ဆောင်ရွက်မှု အပိုင်းနဲ့ ဆိုင်တဲ့ ရောဂါ အများအပြားဟာ စိတ်လှုပ်ရှားမှု၊ စိတ်မညီညွတ်မှုကြောင့် ဖြစ်ရတဲ့ ရုပ်ရောဂါများပဲ ဖြစ်တယ်။ ကလေးသူငယ်များမှာ ဆိုရင် သွားရောဂါ ဖြစ်တာတို့၊ မျက်စိ စွေစောင်းသွားတာတို့ဟာလည်း စိတ်လှုပ်ရှားမှု၊ စိတ်ဖောက်ပြန်မှုကြောင့် ဖြစ်တဲ့ ရောဂါများ ဖြစ်ကြောင်း တွေ့ရှိရတယ်။

ဒီရောဂါ တော်တော်များများကို တစ်နေ့လျှင် မိနစ် အနည်းငယ်လောက် မိမိ စိတ်ကို တရား ဘာဝနာ ပွားများခြင်းဖြင့် ငြိမ်သက်အောင် အားထုတ်နိုင်လို့ ရှိရင် ပျောက်ကင်းစေနိုင်ပါတယ်။ လူ အတော်များများက ဒါကို မယုံကြည်တတ်ကြတာလည်း ပါတယ်။ နားလည်မှု မရှိလို့ တရား အားထုတ်ရမှာကို ပျင်းရိတာလည်း ရှိပါတယ်။ တချို့ လူတွေကဆို တရား အားထုတ်တာဟာ အလကား၊ အချည်းနှီး အချိန်ဖြုန်းတာ သက်သက်ပဲလို့တောင် ဆိုတတ်ကြသေးတယ်။ ဒီလောကမှာ ရဟန္တာ အရှင်မြတ်ကြီးများဟာ ဒီလို ဝိပဿနာ ကမ္မဋ္ဌာန်း ဘာဝနာ အလုပ်ကို ကြိုးစား အားထုတ်ခဲ့ကြလို့ ဘဝပန်းတိုင်ကို ဆိုက်ရောက်ကြပြီး အမြင့်ဆုံး မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ဆိုက်ရောက်ခဲ့ကြတာ အများအပြား ရှိခဲ့ကြောင်းကို သတိရသင့်ပါတယ်။

သမထ ဝိပဿနာ ဆိုတဲ့ တရား အားထုတ်ခြင်း အလုပ်ဟာ လက်သီးကို ဆုပ်၊ အံကို ကြိတ်ပြီး အတင်း အဓမ္မ လုပ်ရတဲ့ အလုပ် မဟုတ်ပါဘူး။ ဒီအလုပ်က လူကို ဆွဲဆောင်နိုင်ပါတယ်။ တရား အားထုတ်ခြင်းကြောင့် စိတ်ချမ်းသာမှုနဲ့ စိတ်အား ထက်သန်မှုကို ရစေနိုင်ပါတယ်။ မိမိတို့ ကိုယ်ကို အတင်း တွန်းထိုးပြီး ဖွတ်ခိုင်းနေရသေးတယ်ဆိုရင် ဒါ ကျွန်ုပ်တို့အနေနဲ့ တရား အားထုတ်ဖို့ အဆင်သင့် မဖြစ်သေးဘူး ဆိုတာကို ပြတယ်။ တရား အားထုတ်ရမည့်အစား ကျွန်ုပ်တို့ဟာ မိမိတို့ရဲ့ ပင်ကို သဘာဝကို ဖောက်ဖျက်နေတာ ဖြစ်တယ်။ စိတ်သက်သာ ကိုယ်သက်သာနဲ့ အပန်းပြေ အလိုက်သင့် လုပ်ရမှာကို ကိုယ့်အတ္တကို အတင်း ဆုပ်ကိုင်ပြီး ကိုယ့်စိတ်ကို ကိုယ် အတင်းချုပ်ပြီး အဓမ္မ လုပ်ခိုင်းတာ ဖြစ်သွားနိုင်တယ်။ ဒီလို လုပ်ရင် တရား အားထုတ်တာဟာ ဘဝရည်မှန်းချက်နဲ့ လုပ်တဲ့ အားကစားပြိုင်ပွဲလို ပုဂ္ဂိုလ်ရေး အောင်မြင်မှုရအောင် ကိုယ့်ကိုယ်ကိုယ် ကြီးကျယ်အောင် လုပ်တာမျိုး ဖြစ်သွားမယ်။ တရား အားထုတ်တာဟာ အချစ်လိုပဲ။ သူ့အလိုအလျောက် ဖြစ်ပေါ်လာတဲ့ အတွေ့အကြုံ ဖြစ်တယ်။ အတင်းတွန်းပြီး လုပ်ရတဲ့ အဆမတန် အားထုတ်ရတဲ့ အလုပ် မဟုတ်ပါဘူး။

ဒါကြောင့် ဗုဒ္ဓဘာသာရဲ့ သမထ ဝိပဿနာ တရား အားထုတ်တာဟာ မိမိ စိတ်ကို ပစ္စုပ္ပန်တည့်အောင်၊ ပစ္စုပ္ပန် တည့်တည့်မှာ ပြန်ထားတာပဲ ဖြစ်တယ်။ တခြား ရည်ရွယ်ချက် ဘာမှ မရှိဘူး။ အမြဲ သတိကပ်ပြီး သိ သိနေအောင် လုပ်တာဟာ ဝိပဿနာ အားထုတ်နေတာပဲ ဖြစ်တယ်။ ဒီလို ပစ္စုပ္ပန်မှာ ဖြစ်ပျက်နေတာ အားလုံးကို သတိကပ်ပြီး အချက်တိုင်း သိ သိနေအောင် လုပ်ဖို့အတွက် ဆိုရင် မိမိ စိတ်ထဲမှာ အလေ့အကျင့် ဖြစ်အောင် ဓလေ့ ထုံးစံလို ဖြစ်အောင်လုပ်တဲ့ အနှောင့်အယှက် အတားအဆီးတွေကို ရှင်းလင်း သုတ်သင်ပစ်ရမှာ ဖြစ်တယ်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားဟာ အထွတ်အထိပ် ဖြစ်တဲ့ သဗ္ဗညုတဉာဏ်ကို ရတာဟာလည်း သူ့ စိတ်ကို သူ ဖွံ့ဖြိုး တိုးတက်အောင် လုပ်နိုင်ခဲ့လို့ ဖြစ်တယ်။ သူဟာ ဘယ်နတ်ဘုရားရဲ့ တန်ခိုးတော်နဲ့ အမအစကိုမှ မရှာခဲ့ပါဘူး။ ကိုယ်တိုင် တရားအားထုတ်ခြင်းဖြင့်သာ သဗ္ဗညုတဉာဏ်တော်ကို ရတော်မူခဲ့ခြင်း ဖြစ်တယ်။ ကျန်းမာတဲ့ ကိုယ်၊ ချမ်းသာတဲ့ စိတ်နဲ့ ဘဝရဲ့ ငြိမ်းချမ်းရေးကို ရဖို့အတွက် ဆိုရင်တော့ လူ တစ်ယောက်ဟာ ဝိပဿနာ ကမ္မဋ္ဌာန်း ဘာဝနာ အလုပ်ကို ဘယ်လို လုပ်ရမလဲ ဆိုတာကို လေ့လာ သင်ယူသင့်တယ်။

## ခေတ်သစ် လူ့ဘဝရဲ့ သဘာဝ

ကျွန်ုပ်တို့သည် ရုပ်ပိုင်း အရရော၊ စိတ်ပိုင်း အရပါ ပင်ပင်ပန်းပန်း အလုပ် လုပ်နိုင်မှသာ အသက် နေထိုင်နိုင်တဲ့ ယနေ့ ကမ္ဘာကြီးထဲမှာ နေကြရတာ ဖြစ်တယ်။ ခေတ်သစ် လူ့ဘောင် အဖွဲ့အစည်းထဲမှာ ပင်ပင်ပန်းပန်း ခဲခဲယဉ်းယဉ်း အလုပ်မလုပ်ဘဲနဲ့ နေနိုင်တဲ့ နေရာဆိုလို့ ဘယ်နေရာမှ မရှိပါဘူး။ မကြာခဏ ဆိုသလို နေရာတကာမှာ သူနိုင် ကိုယ်နိုင် ယှဉ်ပြိုင် အားစမ်းတဲ့ အလုပ်တွေကို လုပ်နေကြရတယ်။ လူတစ်ယောက်က တစ်ယောက်ကို အနိုင်တိုက်ဖို့ကိုပဲ နေရာတကာမှာ လုပ်နေကြရတာကြောင့် လူမှာ အနားရတဲ့ အချိန် မရှိတော့ဘူး။ စိတ်ဟာ လူ့ဘဝရဲ့ နျူကလိယ ဖြစ်တယ်။ ဒီဘဝရဲ့ အနှစ်အဆန် ဖြစ်တဲ့ စိတ်မှာ ငြိမ်းချမ်းမှုနဲ့ အနားရမှု မရှိတော့ဘူး ဆိုရင် ဘဝ ဟစ်ခုလုံး ပြိုကျ ပျက်စီးသွားမှာပဲ။ လူတွေက သူတို့ စိတ်ထဲမှာ ဖြစ်ပေါ်လာတဲ့ စိတ်ဆင်းရဲမှုတွေကို ပပျောက်အောင် လုပ်တဲ့အခါ ကိလေသာ အာရုံ ကာမဂုဏ် တရားတွေနဲ့ စိတ်ကို ဖြေဖျော်တဲ့ အလုပ်တွေကိုပဲ လုပ်တတ်ကြတယ်။ ဒီလို စိတ်ကို နှိုးဆွပြီး စိတ်ဖြေတဲ့ လုပ်ထုံး လုပ်နည်းဟာ စိတ်သက်သာရတဲ့ နည်းအစစ်အမှန် မဟုတ်ပါဘူး။ စိတ် သက်သာအောင်လို့

အရက်သောက်တယ်၊ လောင်းကစားတယ်၊ သီဆိုတယ်၊ ကခုန်တယ်၊ အမျိုးစုံ လုပ်ကြတာပဲ။ ဒီလို ရသေ့ စိတ်ဖြေ လုပ်ခြင်းကြောင့် စိတ်ချမ်းသာမှုရနိုင်တယ်။ စိတ်ဆင်းရဲမှု ပြေပျောက်တယ်လို့ တလွဲတချော် ထင်မြင်ယူဆနေကြတယ်။ ဒီလို ကာမဂုဏ် အာရုံတွေကို အလိုလိုက်ပြီး ဖြေဖျော်နေလေလေ၊ ကျွန်ုပ်တို့ဟာ ကာမဂုဏ် အာရုံတွေရဲ့ အလိုလိုက် အကြိုက်ဆောင်နေရတဲ့ အခိုင်းခံ၊ အစေခံ၊ ကျွန်တွေ ဖြစ်နေကြရမှာပဲ။ ကျွန်ုပ်တို့ရဲ့ ကာမဂုဏ် အာရုံတွေကို တပ်မက်တဲ့ ရာဂစိတ်ကို ကျေနပ်မှုရပြီး ဆုံးသွားအောင် ဘယ်တော့မှ လုပ်လို့ မရဘူး။ တပ်မက်မှု တဏှာက ဘယ်တော့မှ အဆုံးမသတ်ဘူး။ စိတ်ရော ကိုယ်ပါ အပန်းဖြေ အနား နေရဖို့ အကောင်းဆုံး လုပ်နည်းကတော့ မိမိ စိတ်ကို ထိန်းချုပ်ပြီး ကာမဂုဏ် အာရုံတွေကို ငြိမ်သက်သွားအောင် ပြုလုပ်တဲ့နည်းပဲ ဖြစ်တယ်။ စိတ်ကို သမာဓိ ရအောင် ထိန်းချုပ်နိုင်လို့ ရှိရင် ကျွန်ုပ်တို့အနေနှင့် အရာရာကို ထိန်းချုပ်နိုင်ပြီ ဖြစ်ပါတယ်။ စိတ်ကို ပြည့်ပြည့်ဝဝ ထိန်းချုပ်နိုင်ပြီ၊ သန့်ရှင်းအောင် လုပ်နိုင်ပြီ ဆိုရင်ဖြင့် ဒီအခါကျရင် စိတ်ထဲမှာ အနှောင့်အယှက်တွေ ကင်းစင်သွားပြီ ဖြစ်ပါ တယ်။ စိတ်ဟာ အနှောင့်အယှက်တွေထဲက ကင်းလွတ်သွားရင် တခြား လူတွေရဲ့ သာမန် မျက်လုံးနဲ့ မမြင်နိုင်တာတွေကို ဉာဏ်မျက်လုံးနဲ့ မြင်လာနိုင်တယ်။ ဒီအခါ ကျရင် မိမိကိုယ်ကိုယ် မိမိ ကယ်တင် ဆယ်ယူနိုင်ပြီး အမြင့်ဆုံး ငြိမ်းအေးခြင်းနဲ့ ပျော်ရွှင် ချမ်းမြေ့ခြင်းကို ရရှိနိုင်ပါတော့တယ်။

တရား အားထုတ်ဖို့ ဆိုရင် လူတစ်ယောက်မှာ ခိုင်ခံ့တဲ့ စိတ် ဆုံးဖြတ်ချက် အဓိဋ္ဌာန် ရှိရမယ်။ မြဲမြံတဲ့ လုံ့လ ဝီရိယနှင့် သည်းခံစိတ်လည်း ရှိရမယ်။ ချက်ချင်း လက်ငင်း အကျိုးရလဒ်ကို မမျှော်ကိုးရဘူး။ ဆရာဝန် တစ်ယောက် ဖြစ်ဖို့၊ ရှေ့နေ ဥပဒေ အကျိုးဆောင် တစ်ယောက် ဖြစ်ဖို့တောင် သင်္ချာပညာရှင် တစ်ယောက်၊ ဒဿန ပညာရှင်ကြီး တစ်ယောက်၊ သမိုင်း ပညာရှင် တစ်ယောက်၊ သိပ္ပံ ပညာရှင် တစ်ယောက် ဖြစ်ဖို့တောင်မှာ နှစ်ပေါင်း များစွာ အချိန်ယူရသေးတာပဲ။ ဒီအတိုင်းပဲ ယောဂီကောင်း တစ်ယောက် ဖြစ်ဖို့မှာလည်း အချိန် အတော်အတန်တော့ ယူရမှာပေါ့။ ဘာကြောင့်လဲဆိုတော့ လူဟာ သူ့ရဲ့ ထိန်းချုပ်ရခက်တဲ့ စိတ်ကို ထိန်းချုပ်ပြီး ဝတ္ထု အာရုံ ကာမဂုဏ်တွေကို ငြိမ်သက်အောင် ထိန်းရလို့ပဲ ဖြစ် တယ်။

တရား အားထုတ်တာဟာ ရေစီးသန်တဲ့ ချောင်းထဲမှာ ရေဆန် ကူးရတာနဲ့ တူတယ်။ ဒါကြောင့် ချက်ချင်းလက်ငင်း အကျိုးရလဒ်ကို မခံစားရလို့ စိတ်မပျက် သင့်ဘူး။ သည်းခံပြီး လုပ်ကြရမှာပဲ။ တစ်ချိန်တည်းမှာပဲ တရား အားထုတ်တဲ့

ယောဂီဟာ သူ့ရဲ့ အကျင့်သီလကိုလည်း စင်ကြယ်အောင် လုပ်ရဦးမယ်။ တရား အားထုတ်တဲ့အခါ စိတ်နှလုံး မွေ့လျော်ဖွယ် ကောင်းတဲ့ နေရာ (ရိပ်သာ) ဟာလည်း အခြား အရေးကြီးတဲ့ အချက် တစ်ချက် ဖြစ်တယ်။ တရား အားထုတ်တဲ့ ယောဂီမှာ အရှုခံ ရှိရမယ်။ အရှုခံ တိတိကျကျ မရှိလို့ ရှိရင် ခုန်ပေါက် ပြေးဆော့နေတဲ့ စိတ်ကို ထိန်းချုပ်ရတာ မလွယ်ဘူး။ အရှုခံ တရားကလည်း လောဘ၊ ဒေါသ၊ မောဟကို မဖန်တီးတဲ့ အရာ ဖြစ်ရမယ်။ ယောဂီ စိတ်ထဲမှာ စိတ်လှုပ်ရှားမှု ဖြစ်အောင် မဖန်တီးတဲ့ အရှုခံ တရား ဖြစ်ဖို့လည်း လိုတယ်။

တရား အားထုတ်တာနဲ့ တစ်ပြိုင်နက် အကျင့်ပါနေတဲ့ စိတ်ကူး ကြံစည်ပုံ၊ တွေးပုံ တွေးနည်း၊ တွေးနည်း အဟောင်းကနေ၊ တွေးနေကျ မဟုတ်တဲ့ တွေးတွေပုံ တွေးနည်း၊ မြင်ပုံ မြင်နည်း အသစ်ကို ပြောင်းရတာ ဖြစ်တယ်။ အာနာပါနကို အားထုတ်ရာမှာ ဝင်လေကို သတိကပ်ပြီး ရှုသွင်းတဲ့အခါ ဝင်လေ ဆိုတဲ့ စကြဝဠာ စွမ်းအင်ကို ရှုရတာ ဖြစ်တယ်။ ထွက်လေကို သတိကပ်ပြီး ရှုထုတ်တဲ့အခါကျတော့ လောကဓာတ်ကြီး တစ်ခုလုံးကို မေတ္တာဓာတ် ဖြန့်ကြက်လိုက်သလို သန့်ရှင်း စင်ကြယ်သွားအောင် ပြုလုပ်လိုက်တာ ဖြစ်တယ်။ စိတ်ရှုပ်ထွေးမှုတွေ၊ စိတ်လှုပ်ရှား မှုတွေကို ကျော်နင်းသွားဖို့ကျတော့ ဉာဏ် လိုတယ်။ ဉာဏ် အကန့်အသတ်နဲ့ သဘောတရားအရ တရားကို ထုတ်စဉ်းစားတဲ့အခါ အခက်အခဲကို ကျော်လွှားနိုင်ဖို့ အတွက် ထိုးထွင်းသိတဲ့ တန်ဖိုးပွတ္တိဉာဏ် လိုအပ်သလိုပါပဲ။

ကျွန်ုပ်တို့အနေနဲ့ အချိန်ကာလ များစွာကို ကိုယ်ခန္ဓာအတွက်ပဲ အကုန် ခံနေကြရတယ်။ ကျွေးရတယ်။ ဝတ်စား ဆင်ယင်ရတယ်။ သန့်စင်ရတယ်။ လျှော်ဖွပ်ရတယ်။ အလှပြင်ရတယ်။ အနားပေးရတယ်။ ကြည့်စမ်းပါဦး။ တစ်နေကုန် ကိုယ်ခန္ဓာနဲ့ ဆိုင်တဲ့ အလုပ်တွေပဲ အများဆုံး လုပ်နေကြရတာ မဟုတ်လား။ ကဲ. . . စိတ်အလုပ်ကျတော့ အချိန် ဘယ်လောက်များ ပေးပြီး လုပ်ကြလို့လဲ။

တချို့ လူတွေက ဗုဒ္ဓဆင်းတုတော်ဆီကို အရှုခံထားပြီး ဗုဒ္ဓါနုဿတိကို ပွားများကြတယ်။ တချို့ကျတော့ ဝင်ထွက်လေ ခေါ်တဲ့ (အာနာပါန) အလုပ်ကို အားထုတ်ကြတယ်။ ရတာပါပဲ။ ဘာကိုပဲ ရှုပွား ရှုပွား၊ ဘယ်နည်းနဲ့ ရှုရှု၊ လူတစ်ယောက်ဟာ သတိပဋ္ဌာန် တရားကို ပွားများ အားထုတ်တာနဲ့ မုချ စိတ်ရောဂါ ကိုယ်ပါ အပန်းပြေပြီး သက်သောင့်သက်သာ ဖြစ်သွားတာကို သေချာပေါက် တွေ့ကြုံ ခံစားရမှာ ဖြစ်တယ်။ သတိပဋ္ဌာန် တရား အားထုတ်ခြင်းက သူ့ကို ကိုယ်စိတ်နှစ်ပါးလုံး ကျန်းမာလာစေတာကိုရော၊ လိုအပ်တဲ့အခါ မိမိ စိတ်ကို မိမိ ထိန်းချုပ်နိုင်တာကိုရော တွေ့ရမှာ အမှန်ပဲ ဖြစ်တယ်။

မကောင်းမှု ဒုစရိုက်တွေကို ရှောင်ကြဉ်ခြင်းအားဖြင့် လူတစ်ယောက်ဟာ မိမိ နေထိုင်တဲ့ လူ့အဖွဲ့အစည်းကို အလွယ်ကူဆုံးနည်းနဲ့ အမြင့်မားဆုံး အလုပ်အကျွေး ပြုနိုင်တယ်။ သတိပဋ္ဌာန် တရားကို အားထုတ်ထားပြီး မိမိ စိတ်ကို ပျိုးထောင်ထားပြီးသူဟာ တခြား လူတွေရဲ့ အကျိုးကို အများဆုံး အလုပ်အကျွေး ပြုနိုင်တယ်။ ဒီတော့ သတိပဋ္ဌာန် တရား အားထုတ်ခြင်းသည် လူသားရဲ့ တန်ဖိုးရှိတဲ့ အချိန်တွေကို ဖြုန်းပစ်တာ မဟုတ်ဘူး ဆိုတာ ပေါ်တယ်။ တရား အားထုတ်ထားလို့ အဆင့်မြင့် ထိန်းချုပ်ထားနိုင်တဲ့ စိတ် ရှိသူဟာ လူမှု ပြဿနာ များစွာကို အလွယ်တကူ ဖြေရှင်းနိုင်စွမ်း ရှိတယ်။ တခြား လူတွေကိုလည်း ဉာဏ် အမြင်ရအောင် လုပ်ပေးနိုင်လို့ အလွန် အသုံးကျသူ ဖြစ်တယ်။ လူ တစ်ယောက်ကို ဒီလို စိတ်အနှောင့်အယှက်တွေ ထူပြောလှတဲ့ ခေတ်သစ် ကမ္ဘာကြီးထဲမှာ ငြိမ်းချမ်းစွာ နေနိုင်အောင် တရားအားထုတ်ခြင်းက ကူညီပေးနိုင်တဲ့အတွက် သိပ်အသုံးကျတယ်။ ကျွန်ုပ်တို့အနေနဲ့ ဆူပူပြီး အုတ်အော်သောင်းတင်း ကသောင်းကနင်း ဖြစ်နေတဲ့ လူတွေရဲ့ လောကကြီးထဲက ထွက်ပြီး တောထဲမှာ ဆင်စွယ် နန်းတော်ကြီးပေါ် တက်ပြီး နေနိုင်ဖို့ကို မျှော်မှန်းလို့ မရပါဘူး။

သတိပဋ္ဌာန် တရားကို အားထုတ်နေလိုက်ရင်တော့ တဒင်္ဂအားဖြင့် ပတ်ဝန်းကျင်ထဲ ဘာတွေ ဖြစ်နေတယ် ဆိုတာ မသိဘဲ စိတ်ငြိမ်းအေးမှုကလေးကို ရနိုင်တယ်။ သတိပဋ္ဌာန် တရား အားထုတ်မှုက လူတစ်ယောက်ကို သူ နေထိုင်တဲ့ လောကကြီး အကြောင်းကို ကောင်းကောင်း နားလည် သဘောပေါက်ပြီး လောကကို ရင်ဆိုင်ရဲလို့ အနိုင်ရတဲ့ ကိုယ် ဖြစ်အောင် လေ့ကျင့်ပေးတယ်။

ခေတ်သစ် ဘဝရဲ့ အခက်အခဲတွေနဲ့ ရင်ဆိုင် ကြုံတွေ့ကြရတဲ့အခါ မိမိကိုယ်ကိုယ် အံဝင်ခွင်ကျ ဖြစ်အောင် ဘယ်လို ပြောင်းလဲပြီး ခံနိုင်ရည် ရှိအောင် လုပ်ရမယ် ဆိုတာကိုလည်း လေ့ကျင့် သင်ကြားပေးတယ်။

တချို့ လူတွေက တရား အားထုတ်တဲ့ အလုပ်ကို လောကီ စည်းစိမ်ချမ်းသာတွေကို လိုချင် ရချင်လို့ အားထုတ်ကြတာလည်း ရှိတော့ ရှိပါတယ်။ လောကီ အောင်မြင်မှုတွေကို ပိုပြီး ရချင်လို့ တရား အားထုတ်ကြတာ ဖြစ်တယ်။ တချို့က အလုပ်အကိုင် ရရှိအောင် ဆိုပြီး တရား အားထုတ်ကြတယ်။ တချို့က မိမိတို့ရဲ့ စီးပွားရေး လုပ်ငန်းကို ပိုပြီး ထိထိရောက်ရောက် လုပ်နိုင်အောင် လိုအပ်တဲ့ ရွှေတွေ ရအောင်ဆိုပြီး တရား အားထုတ်ကြတာလည်း ရှိတော့ ရှိတယ်။ ဒါပေမဲ့ ဒီလို တရား အားထုတ်ခြင်းကို ခုတုံး လုပ်နေကြတဲ့ လူတွေ မသိနားမလည်ကြတာက တရား အားထုတ်ခြင်း အလုပ်ဟာ လောဘ တဏှာ ပိုပြီး များလာအောင် လုပ်တာ

မဟုတ်ဘူး။ လောဘ တဏှာ လျော့နည်းအောင် လုပ်တာဖြစ်တယ် ဆိုတဲ့ အချက်ပဲ ဖြစ်တယ်။ ရုပ်ဝါဒနဲ့ ဆိုင်တဲ့ အလိုရမ္မက်တွေဟာ တရား အားထုတ်ခြင်း ဘာဝနာ အလုပ်နဲ့ မသင့်တော်ပါ။ တရား အားထုတ်ခြင်းရဲ့ ခရီးပန်းတိုင်ဟာ လောကီနယ်ကို ကျော်လွန်ပြီး လောကုတ္တရာနယ်ကို ရည်မှန်းထားတာ ဖြစ်တယ်။ ဒါကြောင့် ဒီလောကုတ္တရာ ပန်းတိုင်ကို ရွှေနဲ့ ဝယ်ယူလို့လည်း မရပါဘူး။

အကယ်၍ ဘာဝနာ ကမ္မဋ္ဌာန်း အလုပ်ကို လုပ်ကြလို့ရှိရင် မိမိအနေနဲ့ တခြား လူတွေရဲ့ နှောင့်ယှက် ဖျက်ဆီးခြင်းနဲ့ ကြုံတွေ့ရတဲ့အခါမှာတောင် သိက္ခာရှိတဲ့ လူကြီး လူကောင်း တစ်ယောက်လို ပြုမူ ဆက်ဆံနိုင်ပါတယ်။ တရား အားထုတ်ခြင်းအားဖြင့် ကိုယ်ခန္ဓာ အပန်းပြေပြီး စိတ်တည်ငြိမ် လန်းဆန်းနေအောင် ဘယ်လို လုပ်သင့်တယ်။ ဘယ်လို နေသင့်တယ်ဆိုတာကို နားလည်လာတယ်။ မိမိကိုယ်ကိုယ် တည်ငြိမ်စေပြီး ချမ်းချမ်းသာသာ၊ ပျော်ပျော်ရွှင်ရွှင် နေပုံ ထိုင်နည်းကိုလည်း သိလာနိုင်တယ်။

စက်တစ်စက်ဟာ အချိန် အကြာကြီး မောင်းထားရင် အပူချိန် မြင့်တက်လာပြီး ပျက်စီးနိုင်တယ်။ ဒါကြောင့် ဒီစက်ကို ပြန်ပြီး အေးအောင် လုပ်ဖို့ လိုအပ်လာပါတယ်။ ဒီလိုပဲ စိတ်ဟာလည်း အဆမတန် အမှုကိစ္စတွေ ဖိစီးပြီး စိတ်ပန်းလူပန်း ဖြစ်လာတဲ့အခါ ဒီစိတ် အေးချမ်းသွားအောင် တရား အားထုတ်ခြင်းဖြင့် ပြုလုပ်နိုင်တယ်။ တရား အားထုတ်ခြင်း ကမ္မဋ္ဌာန်း ဘာဝနာ အလုပ်ဟာ လူတွေ ခံစားရတဲ့ စိတ်လှုပ်ရှားမှုတွေ၊ ဆန့်ကျင်ဘက် အတွေးတွေ နှောင့်ယှက်ခံရလို့ ဣဿ၊ မစ္ဆရိယ၊ ဒေါသ၊ မာနတွေ၊ အမုန်းတွေ ပွားလာတဲ့အခါ စိတ်ကို ထိန်းချုပ်ပြီး အင်အားတွေ ပြန်ဖြစ်လာအောင် လုပ်ဆောင်ပေးနိုင်တယ်။

သင်သည် တရား အားထုတ်ခြင်း အလုပ်ကို လုပ်ကိုင်ပါလျှင် သင်သည် ဘဝရဲ့ လမ်းဆုံလမ်းခွကို ရောက်ပြီး ဘာလုပ်ရမလဲ၊ ဘယ်လမ်းကို လိုက်ရမလဲလို့ ဝေခွဲမရ ဖြစ်နေတဲ့အခါ တရားက သင့်တော်တဲ့ ဆုံးဖြတ်ချက် ချနိုင်အောင် သင်ကြားပေးပါတယ်။ ဒီလို အရေးကြုံတဲ့အခါ သက်လုံကောင်းတဲ့ ဆုံးဖြတ်ချက်တွေကို ချနိုင်တဲ့ ကိုယ်ရည်ကိုယ်သွေးကို ဘယ်နေရာမှာမှ ရွှေနဲ့ ဝယ်ယူလို့လည်း မရနိုင်ပါဘူး။ ဒီလို ကိုယ်ရည်ကိုယ်သွေးမျိုးကို ရွှေဘယ်လောက် ပေးပေး၊ ပစ္စည်းဥစ္စာတွေ ဘယ်လောက်ပဲ ပုံအောအော၊ မရနိုင်ဘူး။ ဒါပေမဲ့ တရား အားထုတ်ခြင်းကြောင့်တော့ ရနိုင်တယ်။ နောက်ဆုံးအနေနဲ့ ဗုဒ္ဓဘာသာက လက်ခံထားတဲ့ တရား အားထုတ်ခြင်းရဲ့ အန္တိမ ရည်မှန်းချက်ကတော့ ကိလေသာ အားလုံးကို အမြစ်ပြတ်

သုတ်သင် ရှင်းလင်းပြီး မိမိ စိတ်ကို အမြင့်ဆုံး နိဗ္ဗာန် မဂ်ဖိုလ်သို့ ရောက်အောင် မြှင့်တင် ပို့ဆောင်ဖို့ပဲ ဖြစ်တယ်။

သို့ရာတွင် ယခုအခါ တရား အားထုတ်ခြင်းကို ပြစ်တင် ပုတ်ခတ်တဲ့ လူတွေ ရှိနေတယ်။ ဒီလူတွေဟာ ခု ရေတွင်း တူး၊ ခု ရေကြည် သောက်ချင်တဲ့ လူတွေ ဖြစ်တယ်။ ချက်ချင်း အကျိုး ရလဒ်ကို ရရှိ ခံစားလိုတဲ့ လူတွေပါ။ နေ့စဉ် ဘဝထဲမှာလည်း ခုချက်ချင်း ရင်းနှီးပြီး ခုချက်ချင်း အကျိုးအမြတ် ရချင်တဲ့ သဘောမျိုးပါပဲ။

ဒါပေမဲ့ ဗုဒ္ဓဘာသာဟာ တခြားသော အရှေ့တိုင်းက ယဉ်ကျေးမှု ဓလေ့ ထုံးစံများလိုပါပဲ။ ခန္တီဆိုတဲ့ သည်းခံစိတ်နဲ့ ဇွဲသန်ဖို့တော့ လိုပါတယ်။ စိတ်ကိုလည်း ဖြည်းဖြည်း ထိန်းချုပ်တဲ့ နည်းနဲ့ ထိန်းချုပ်ရမှာပဲ။ ပြီးတော့ သင့်တင့်လျောက်ပတ်တဲ့ အလေ့အကျင့် မလုပ်ဘဲနဲ့တော့ အဆင့်မြင့် ဉာဏ်ကို ရဖို့ မမျှော်လင့်သင့်ပါဘူး။ လူငယ် အမျိုးသား အမျိုးသမီးကလေးတွေထဲမှာ အဆမတန် လွန်လွန်ကဲကဲ စိတ်အားထက်သန်ကြသူတွေ ရှိကြောင်း ကြားဖူးပါတယ်။ ဒီလူငယ်တွေဟာ တရား အားထုတ်ခြင်း အလုပ်မှာ မှားယွင်းတဲ့ သဘောထား အမြင်မျိုး ထားတတ်ကြ တာကြောင့် စိတ်ဓာတ် ဖောက်ပြန်ကုန်ကြတာတွေ တွေ့ရပါတယ်။ တရား အားထုတ်ခြင်း ဆိုတာက ကိလေသာကို ပယ်သတ်ရာမှာ သိမ်မွေ့တဲ့ နည်းလမ်း ဖြစ်တယ်။ တကယ်လို့ တရား အားထုတ်ရာမှာ အောင်မြင်မှု ရတာ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရတာကို ကြွားချင်ဝါချင်လို့ လုပ်တာမျိုး ဆိုရင်တော့ သူတို့ဟာ ဒီသတိပဋ္ဌာန် တရားကို မကောင်းသဖြင့် ပြုလုပ်တာပဲ ဖြစ်ပါလိမ့်မယ်။ ဒီတရား အားထုတ်တဲ့ အလုပ်ကို ပြုလုပ်တဲ့အခါ အခြေခံအားဖြင့် ကိုယ်ကျင့်သီလ စင်ကြယ်မှု (သီလဝိသုဒ္ဓိ) က စတင်ရမှာ ဖြစ်တယ်။ ပြီးတော့ စိတ် စင်ကြယ်မှု (စိတ္တဝိသုဒ္ဓိ) ဒီက တစ်ဆင့် ဉာဏ်အမြင် စင်ကြယ်မှု (ဒိဋ္ဌိဝိသုဒ္ဓိ) အဆင့်ဆင့်ကို စည်းကမ်း စနစ်တကျ ထူထောင်ကြရမှာ ဖြစ်တယ်။ ဘာသာရေး အောင်မြင်မှုကို လောကီ အောင်မြင်မှုနဲ့ တန်းတူ သဘော မထားသင့်ဘူး။ အကောင်းဆုံးကတော့ အတွေ့ အကြုံ ရှိပြီး သစ္စာဉာဏ်ကို ပေါက်မြောက်အောင် အားထုတ်ထားပြီးတဲ့ ကလျာဏ မိတ္တ ဆရာကောင်း ရှိဖို့လိုတယ်။ ဒီလို သစ္စာဉာဏ် အမြင်ရှိပြီး ကိုယ်တိုင် ပေါက်မြောက်အောင် အားထုတ်ထားပြီး ဆရာမျိုးကသာ သူ့ တပည့်တပန်းများကို လမ်းမှန်သို့ ရောက်အောင် ပို့ဆောင် ပေးနိုင်ပါတယ်။ အရေးအကြီးဆုံး အချက် ကတော့ တရား အားထုတ်သူဟာ အလျင်စလို အောင်မြင်မှု ရချင်တဲ့ စိတ်နဲ့ ကတိုက်ကရိုက် မလုပ်သင့်ဘူး ဆိုတဲ့ အချက်ပဲ ဖြစ်တယ်။

## ပရိတ်ရွတ်ခြင်းရဲ့ အကျိုးသက်ရောက်မှု

*ပရိတ်ရွတ်ဖတ်ခြင်းဆိုတာ ပရိတ်ကြီး ၁၁ သုတ် ထဲက ဗုဒ္ဓ ဟောကြားထားတဲ့ ပါဠိ ဂါထာတွေကို အန္တရာယ်ကင်း ဘေးရှင်းဖို့ လာဘ်လာဘ ရဖို့ အတွက် ရွတ်ဖတ် သရဇ္ဈာယ်ကြခြင်း ဖြစ်တယ်။*

ပရိတ်မန္တန်များ ရွတ်ဖတ်ခြင်း၊ သုတ္တန် ဒေသနာများ ရွတ်ဖတ်ခြင်း အလုပ်ဟာ တစ်ကမ္ဘာလုံးမှာ အထူးသဖြင့် ထေရဝါဒ ဗုဒ္ဓဘာသာ နိုင်ငံတွေမှာ ဗုဒ္ဓဘာသာတွေ ပြုလုပ်ကြတဲ့ နိစ္စဓူဝ အလုပ် တစ်ခုပဲ ဖြစ်တယ်။ ဗုဒ္ဓဘာသာ နိုင်ငံတွေမှာ အထူးသဖြင့် ထေရဝါဒ ဗုဒ္ဓဘာသာကို လက်ခံထားကြတဲ့ နိုင်ငံတွေမှာ ပရိတ်တရားတော်များကို ပါဠိဘာသာဖြင့် ရွတ်ဖတ် သရဇ္ဈာယ်ကြပါတယ်။ ဒီပရိတ်တရားတော်တွေ၊ သုတ္တန်တော်တွေထဲက သုတ်အများအပြားဟာ မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့တဲ့ ဒေသနာတော်တွေထဲမှာ အခြေခံကျတဲ့ တရားတွေထဲက သူ့ရဲ့ သာဝကကြီးများက လက်ရွေးစင် ရွေးထုတ်ပြီး စီစဉ်ထားကြတာ ဖြစ်ပါတယ်။ အစကနဦးကတော့ ဒီသုတ္တန် တရားတော်တွေကို ပေရွက်ပေါ်မှာ မှတ်တမ်းတင်ထားခဲ့ကြတာပါ။ လွန်ခဲ့တဲ့ အနှစ် ၂၀၀၀ ကျော်တုန်းကပါ။ နောင်အခါကျတော့ ဒီသုတ္တန် ဒေသနာတွေကို စုပေါင်းပြီး ပရိတ်ကြီး ၁၁ သုတ် ဆိုပြီး စာအုပ်ပုံစံ စုပေါင်း ဖော်ပြခဲ့ကြတာ ဖြစ်တယ်။ ဒီသုတ်တော်များကို အင်္ဂုတ္တရနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ ခုဒ္ဒကနိကာယ်တွေထဲက ထုတ်ယူပြီး စုပေါင်း ဖော်ပြခဲ့ကြတာ ဖြစ်ပါတယ်။

ဒီလို မြတ်ဗုဒ္ဓက အန္တရာယ်ကင်းဖို့ ရွတ်ဖက်ခဲ့ကြတဲ့ ဂါထာတွေကို ပရိတ်ကြီး ဂါထာ (သုတ်) များလို့ ခေါ်ခဲ့ကြတာ ဖြစ်တယ်။ ဒီမှာ အန္တရာယ်ကင်း ဆိုတဲ့ ကာကွယ်တဲ့ သဘောဟာ မကောင်းတဲ့ မိစ္ဆာ နတ်ဆိုးများကြောင့် ဖြစ်ပေါ်တတ်တဲ့ အနာရောဂါများ ကံဆိုး ကြမ္မာဆိုးများ ပါပဂြိုဟ်များရဲ့ အကျိုး သက်ရောက်မှုများရဲ့ အန္တရာယ်က ကာကွယ်ဖို့နဲ့ မိမိတို့ စိတ် ထဲမှာ ယုံကြည် စိတ်ချမှုတွေ ဖြစ်ပေါ် လာဖို့ပဲ ဖြစ်တယ်။

ပရိတ်ရွတ်ဖတ် သရဇ္ဈာယ်သံဟာ အနီးအနားက ကြားရသူ အပေါင်းရဲ့ စိတ်နှလုံးကို ချမ်းမြေ့တဲ့ ပတ်ဝန်းကျင်မျိုး ဖန်တီးပေးပါတယ်။ ပရိတ် ရွတ်ဖတ်

ရာမှာ နရီသံဟာလည်း အရေးကြီးပါတယ်။ ပရိတ်တရားတော်များကို ရွတ်ဖတ်ကြတဲ့ သံဃာတော်များရဲ့ အသံ ကြားရသူ အပေါင်းက သုတ္တန် ဒေသနာ တစ်ခုစီမှာ အသံနေ အသံထား မတူ၊ တစ်မူစီ ကွဲပြားနေကြတာကို သတိပြုမိနိုင်ကြပါတယ်။ လူသားများရဲ့ ဘာသာရေး စိတ်ဓာတ် ဖွံ့ဖြိုးစ ရှေးပဝေသဏီ ကာလကတည်းက လူ့အသံရဲ့ နရီစည်းကျ ဖြစ်ပေါ်မှုဟာ စိတ်ပိုင်းဆိုင်ရာ ငြိမ်းချမ်းမှုကို ဖြစ်ပေါ်စေနိုင်ပြီး စိတ်ပါလက်ပါ နာကြားသူများရဲ့ စိတ်နှလုံးကိုလည်း ကြည်လင် သန့်ရှင်းစေနိုင်တဲ့ အာနိသင် ရှိကြောင်းတွေ့ရှိခဲ့ကြပါတယ်။

ဒ့ါအပြင် တချို့ အသံနေ အသံထားများဟာ လူတွေကို သာမက နတ်တွေရဲ့ စိတ်နှလုံးကိုပါ ရွှင်ပြုံး ကြည်နူးစေနိုင်တယ်။ တချို့ အသံနေ အသံထားများကတော့ နိမ့်ကျတဲ့ သတ္တဝါတွေ ဖြစ်ကြတဲ့ တိရစ္ဆာန်တွေ၊ တစ္ဆေ၊ သရဲ၊ ပြိတ္တာတွေကိုပါ နှစ်သိမ့်စေနိုင်ပါတယ်။ ဒါကြောင့် ပရိတ် ရွတ်ဖတ်ရာမှာ သာယာနာပျော်ဖွယ် ဖြစ်ဖို့ အသံနေ အသံထား မှန်ကန်ဖို့ အရေးကြီးပါတယ်။

ဒီလို နရီစည်းချက် ကျမှုကို အသုံးပြုတာဟာ ဗုဒ္ဓဘာသာ တစ်ခုတည်း မဟုတ်ပါဘူး။ ဘာသာတိုင်း လိုလိုမှာ သူတို့ရဲ့ ဘုရား ဝတ်ပြု ဆုတောင်းစာတွေကို ရွတ်ဖတ်ကြတဲ့အခါ ဓမ္မတေးတွေ၊ ဓမ္မကျမ်းစာတွေကို ရွတ်ဖတ်ကြတဲ့အခါ အသံအတက်အကျ ရှိတဲ့ နရီစည်းချက် ကျမှုကို အသုံးချကြတာပါပဲ။ ဒီလို အသံနေအသံထားနဲ့ ရွတ်ဖတ်ကြတာကို မွတ်ဆလင်များက ကိုရ်အာန် ကျမ်းစာ ရွတ်ဖတ်ရာမှာ ဖြစ်ဖြစ်၊ ဟိန္ဒူများက ဝေဒမန္တန်များ ရွတ်ဖတ်ရာမှာ ဖြစ်ဖြစ် တွေ့ကြရပါတယ်။ တချို့ ခရစ်ယာန် ဘာသာဂိုဏ်းများကလည်း နှစ်သက်ဖွယ် အသံနေအသံထားနဲ့ ဝတ်ပြု ဆုတောင်းစာတွေကို ရွတ်ဖတ်ကြတယ်။ အထူးသဖြင့် ကက်သလစ် (ဘရင်ဂျီ) ဘာသာဝင် ခရစ်ယာန်များနဲ့ ခေါမတိုင်းသား ရှေးရိုးစွဲခရစ်ယာန်ဂိုဏ်းသားများ ရွတ်ဖတ်ကြပါတယ်။

၁။ မြတ်ဗုဒ္ဓ  သူဟာ သီလ၊ သမာဓိ၊ ပညာ သိက္ခာ သုံးရပ်စလုံးကို ပြုစုပျိုးထောင်ထားပြီး သဗ္ဗညုတဉာဏ်တော်ကို ရရှိပြီးသူ ဖြစ်တယ်။ သူဟာ မဂ်ဉာဏ်ဖိုလ်ဉာဏ်၊ ဈာန်အဘိညာဉ် တန်ခိုးတော်များ အားလုံးကို ရရှိအောင် ပျိုးထောင်တော်မူပြီးမှ ကျွန်ုပ်တို့ လူသားများအတွက် ဓမ္မ ဒေသနာတော်များကို ပေးသနားတော်မူခဲ့တာ ဖြစ်တယ်။ ဆရာမြတ် တစ်ဆူ ဖြစ်သော ကိုယ်တော်မြတ်ကြီးဟာ ပုဂ္ဂိုလ် ထင်ရှား အသက်ရှင်လျက် မရှိတော့သော်လည်း သူ ထားခဲ့တဲ့ ဓမ္မခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကတော့ ယနေ့တိုင် ဆက်လက် တည်ရှိဆဲပဲ ဖြစ်ပါတယ်။ လူသားများကို ဒီတရားတော်တွေက ကျေးဇူးပြုဆဲပဲ ဖြစ်တယ်။ အလားတူစွာ

လျှပ်စစ် စွမ်းအင်ကို ရှာဖွေ ဖော်ထုတ်ပေးခဲ့တဲ့ သိပ္ပံ ပညာရှင်ကြီးကတော့ သက်ရှိ ထင်ရှား မရှိတော့ပါ။ ဒါပေမဲ့ သူ့ ဉာဏ်နဲ့ ထိုးထွင်း ရှာဖွေ ဖော်ထုတ် ထီထွင်ပေးခဲ့တဲ့ သူ့ အသိပညာရဲ့ အကျိုးကျေးဇူးတွေကိုတော့ လူသားတွေ ယခုထက်တိုင်အောင် ခံစားနေကြရဆဲပါ။ ဒီအတိုင်းပဲ မြတ်စွာဘုရားရဲ့ သဗ္ဗညုတဉာဏ်တော်နဲ့ သိမြင်တော်မူခဲ့တဲ့ ဒေသနာတော်မြတ်တွေကတော့ လူသားတွေကို အားတက်စရာ ဖြစ်အောင် အကျိုး အထူးပြုလျက်ပဲ ရှိပါသေးတယ်။ သင်က ဗုဒ္ဓရှင်တော် မြတ်ဘုရားရဲ့ ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တကို သတိရ အောက်မေ့ပြီး မြတ်စွာ ဘုရားကို ကြည်ညိုနိုင်ရင် သင့် ရင်ထဲမှာ ဘုရားနဲ့ ပတ်သက်တဲ့ သဒ္ဓါတရားဟာ အားကြီးလာပြီး သဒ္ဓါဗိုလ် ဖြစ်သွားနိုင်ပါတယ်။ ဒီအတိုင်းပဲ ကိုယ်တော်မြတ် နှုတ်တော်က ရွတ်ဖတ်တော်မူခဲ့တဲ့ ဒီပရိတ်တရားတော်တွေကို ရွတ်ဖတ်သရဇ္ဈာယ် အားဖြင့်လည်း အရှင်မြတ်ကြီးဘုရားရဲ့ ဂုဏ်တော် တန်ခိုးတော်တွေကို သင့် အကျိုး အတွက် အသုံးချနိုင်တယ်။

၂။ **ဓမ္မ** ဓမ္မ ဆိုတာ သစ္စာ စွမ်းအင်ပဲ ဖြစ်တယ်။ ဗုဒ္ဓရှင်တော်မြတ်ဘုရား ရှာဖွေ ဖော်ထုတ်ပေးခဲ့တဲ့ တရားမျှတခြင်း ငြိမ်းချမ်းခြင်း သဘောတွေပဲ ဖြစ်တယ်။ ဒီဓမ္မများ၊ တရားတော်များဟာ သူ့ကို ယုံကြည် ကိုးကွယ် ဆည်းကပ်သူတွေအနေနဲ့ ငြိမ်းချမ်းရေးနဲ့ သာယာ ပျော်ရွှင်ရေးကို ထိန်းသိမ်းရေးအတွက် ဘာသာရေး စိတ်သက်သာမှုကို ပေးနိုင်တယ်။ မိမိရဲ့ ကရုဏာစိတ်၊ ကြည်ညိုစိတ်နဲ့ ပညာဉာဏ်ကို ပွားများအောင် ပြုစု ပျိုးထောင်နိုင်တဲ့အခါ ဒီဓမ္မ စွမ်းအင်တွေက သင့်ကို ကာကွယ် စောင့်ရှောက်လာတယ်။ ပြီးတော့ ပိုပြီး သဒ္ဓါတရားနဲ့ စိတ်အင်အားတွေ တိုးတက် ကောင်းမွန်လာအောင်လည်း ကူညီ အားပေးတယ်။ ဒီအခါကျရင် သင့် စိတ်ကိုက အားကောင်းတဲ့ တန်ခိုး စွမ်းအင် ဖြစ်လာပြီး သင့်ကို ကာကွယ်ပေးတယ်။ သင်က ဓမ္မဆိုတဲ့ တရားကိုသာ လက်ကိုင်ထားကြောင်း သိလာရင် တခြား လူတွေ၊ နတ်တွေ၊ သတ္တဝါတွေကလည်း သင့်ကို ရိုသေ လေးစားလာပါတော့တယ်။ ဓမ္မက သင့်ကို မကောင်းသော ဘေး၊ မကောင်းသော ရန်မာန်စွယ်၊ အန္တရာယ် အပေါင်းက ကာကွယ်ပေးတယ်။ တရားရဲ့ တန်ခိုး သတ္တိကို မသိနားမလည်နိုင်ကြသူတွေက၊ ဓမ္မနဲ့အညီ ဘယ်လို နေရထိုင်ရမှန်း မသိသူတွေက အယူသီး အစွဲသန်မှု အမျိုးမျိုး ထဲမှာ လက်နက်ချ အညံ့ခံပြီး မဟုတ်မမှန်တာတွေကို ယုံကြည် အားထားကုန်ကြ တယ်။ ဟိုနတ်ကို ကိုးကွယ်ရ၊ ဟိုတန်ခိုးရှင် ကိုးကွယ်ရ၊ မဖွယ်မရာ ပူဇော်ပသမှုတွေ လုပ်ရနဲ့ ဟိုဟာ ကောင်းနိုးနိုး၊ ဒီဟာ ကောင်းနိုးနိုး ရမ်းသမ်းပြီး ကိုးကွယ်တာတွေ လုပ်ကိုင်ကြပါရော။ ဒီလို လုပ်လေ သူ့တို့ စိတ်ထဲမှာ စိုးရိမ်စိတ်၊ ကြောက်ရွံ့စိတ်တွေနဲ့

အဝိဇ္ဇာကို မြစ်ဖျားခံပြီး ပေါ်လာတဲ့ အယူသီးမှု အမျိုးမျိုးတွေ နောက်ကို ပါသွားကြတယ်။ ဒီအခါ ငွေကုန်ကြေးကျ အများအပြားခံပြီး နတ်ကနားပေးရတာတို့၊ ပူဇော်ပွဲပသပွဲတွေ လုပ်ရတာတို့ ဖြစ်ပေါ်လာတယ်။ ဒါကို ရှောင်ရှားနိုင်ဖို့ ဆိုရင် ဓမ္မအပေါ်မှာ ယုံကြည်စိတ် ထက်သန်လာအောင် လုပ်နိုင်မှ လွတ်မြောက်နိုင်တယ်။ ဓမ္မကို 'သဘာဝ'လို့လည်း ဖော်ပြပါတယ်။ သဘာဝ ဖြစ်ရပ်ဟာ ဓမ္မပဲ။ ဒါဟာ စကြဝဠာ လောကဓာတ်ကြီးရဲ့ နိယာမ ဖြစ်တယ်။ ဒီလို ဓမ္မနိယာမရဲ့ စွမ်းအားသတ္တိကို နားလည်အောင် လေ့လာသိရှိပြီးသူများအဖို့တော့ ဒီတရားကပဲ ပြန်လည်စောင့်ရှောက်ခြင်းကို ခံရတယ်။ စိတ်ဟာ အသိပညာဉာဏ် ဖြစ်ပေါ်ပြီး ငြိမ်းအေးပြီးငြိမ်သက်လာတဲ့အခါ စိတ်ကို နှောင့်ယှက်တတ်တဲ့ တရားတွေဟာ စိတ်ထဲမှာ စိုးရိမ်မှု၊ ထိတ်လန့်မှုတွေကို မဖန်တီးနိုင်တော့ပါဘူး။

၃။ **သံဃာ** သံဃာ ဆိုတာ ဘုရားရဲ့ သားတော်များရဲ့ အစုအဖွဲ့ကို ခေါ်တာပါ။ လောကီ ကိစ္စ အဝဝကို စွန့်ပယ်ပြီး သာသနာ အကျိုး၊ မိမိတို့ရဲ့ ဘာသာရေး စိတ်ဓာတ် ဖွံ့ဖြိုးမှုကိုသာ ဆောင်ရွက်ဖို့ အားထုတ်ကြသူများ ဖြစ်တယ်။ သူတို့ကို ဗုဒ္ဓရဲ့ သာဝကများ၊ တပည့်သားများလို့ သဘောထားကြပါတယ်။ သံဃာတော်များဟာ သိက္ခာ သုံးရပ်ကို ထူထောင်တော်မူကြပြီး မိမိတို့ ကိုယ်တိုင်အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို ရအောင် ရောက်အောင် အားထုတ်ဖို့ ဆုံးဖြတ်ထားကြသူများ ဖြစ်ပါတယ်။ သံဃာတော်များကို ကျွန်ုပ်တို့က ကြည်ညို ကိုးကွယ်ကြတာဟာ မြတ်ဗုဒ္ဓရဲ့ သာသနာတော်ကြီးကို ထိန်းသိမ်းပြီး သည်ပိုးရွက်ဆောင်လာခဲ့ကြလို့ ဖြစ်တာ တစ်ကြောင်း၊ ဒီတရားတော်များကို အနှစ် ၂၅၀၀ ကျော်ကာလပတ်လုံး မပျက်မစီး၊ မချွတ်မယွင်းရအောင် ကာကွယ် စောင့်ရှောက်ပြီး ယခုခေတ် ကာလသို့ တိုင်အောင် သည်ပိုးရွက်ဆောင်လာကြလို့ တစ်ကြောင်း၊ ပြီးတော့ သံဃာတော်များက လူ သာမန် ပုထုဇဉ်များကို မှန်ကန်တဲ့ မွန်မြတ်တဲ့ ဘဝ လမ်းကြောင်းပေါ်ကို ရောက်အောင် ရှေ့ဆောင် လမ်းပြပြီး ခေါ်ဆောင်လာခဲ့ကြလို့ တစ်ကြောင်း ဖြစ်ပါတယ်။ သံဃာတော်များဟာ သဗ္ဗညုမြတ်စွာဘုရားနဲ့ ကျွန်ုပ်တို့ လူသားများကို ဓမ္မအားဖြင့် ပေါင်းကူး ဆက်စပ်ပေးတဲ့ ပေါင်းကူးတံတားသဖွယ်လည်း ဖြစ်နေပါတယ်။

မြတ်ဗုဒ္ဓရဲ့ ခေတ်ကတည်းက သုတ္တန်ဒေသနာတော်များကို သံဃာတော်များ ရွတ်ဖတ် သရဇ္ဈာယ်ကြတဲ့ အစဉ်အလာ ဖြစ်ပေါ်နေခဲ့ပြီး ဖြစ်တယ်။ ကလေးသူငယ်များအား မကောင်းတဲ့ နတ် မိစ္ဆာများရဲ့ နှိပ်စက်မှုက ကာကွယ်ပေးဖို့အတွက် ဒီပရိတ် တရားတော်များကို ဘုရား လက်ထက်တော် ကာလကတည်းက သံဃာ

တော်များ ရွတ်ဖတ်ပြီး အန္တရာယ်ကင်း၊ ဘေးရှင်းအောင် ဆောင်ရွက်တော်မူခဲ့ကြတာ ဖြစ်တယ်။

အန္တရာယ်ကင်း ဘေးရှင်းရေး လာဘ်လာဘ ရရှိရေးအတွက် ပရိတ်တရားတော်များကို ရွတ်ဖတ်ခြင်းသည် ထိရောက်မှု ရှိခဲ့တယ်။ ပရိတ်ရွတ်ဖတ်လို့ အကျိုးထိရောက်မှု မရှိတဲ့ အခါမျိုးလည်း ရှိနိုင်ပါတယ်။ အန္တရာယ်ဆိုး ကြမ္မာဆိုးများကျရောက်သူဟာ အကုသိုလ်ကံတွေကို ပြင်းပြင်းထန်ထန် ကျူးလွန်ထားတဲ့အခါမျိုးမှာ ပရိတ်ကလည်း မဟန့်တားနိုင်ဘူး။ မည်သို့ပင် ဆိုစေ၊ တော်ရုံတန်ရုံ အကုသိုလ် အကျိုးပေးမျိုးလောက် ဆိုရင်တော့ ပရိတ်မန္တန် ရွတ်ဖတ်ခြင်းအားဖြင့် အန္တရာယ်ကို ကျော်လွှားပြီး တားဆီးနိုင်ပါတယ်။ ပရိတ်တရားတွေ တန်ခိုးအစွမ်းထက်တာဟာ ရွတ်ဖတ်တဲ့ ပုဂ္ဂိုလ်ရဲ့ သီလ၊ သမာဓိ၊ ပညာဂုဏ် ကြီးမားမှု ရွတ်ဖတ်တဲ့ အသံနေ အသံထားနဲ့ ရွတ်ဖတ်စဉ်ထားတဲ့ စေတနာတွေအပေါ် မူတည်ပြီး အစွမ်းထက်ကြောင်း တွေ့ရပါတယ်။ ဒီကိစ္စမှာ မကောင်းကံတွေရဲ့ အကျိုးပေးမှုကို ကျော်လွှားနိုင်တယ်ဆိုလို့ ဒီကံတွေရဲ့ ကံအကျိုးပေးတွေကိုလည်း လုံးဝ ပပျောက်သွားအောင် လုပ်နိုင်တာတော့ မဟုတ်ဘူး။ ခေတ္တခဏ အခိုက်အတန့်အားဖြင့် သက်သာအောင် တားဆီးနိုင်တာသာ ဖြစ်ပါတယ်။

တစ်ခါတစ်ရံ ပင်ပန်း နွမ်းနယ်နေတဲ့ ဥပါသကာရဲ့ စိတ်ဟာ ပရိတ် ရွတ်ဖတ်သံကို နာကြားလိုက်ရတဲ့အခါ စိတ်ငြိမ်သက်ပြီး သက်သာရာ ရသွားနိုင်ပါတယ်။ ဒီအတွေ့အကြုံဟာ ဂီတသံ သီချင်းသံကို ကြားရလိုစိတ် ကြည်နူးသွားတဲ့ အတွေ့အကြုံနဲ့တော့ မတူပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဂီတသံက လူ့စိတ်ကို ထကြွအောင် လှုပ်ရှားစေနိုင်လို့ပဲ ဖြစ်တယ်။ အလိုရှိရာ ပေးနိုင်တဲ့ သဘောဖြစ်တယ် ဆိုပေမဲ့ နာကြားရသူရဲ့ စိတ်ကို ဘာသာရေးအရ ကြည်ညိုလာအောင် ယုံကြည် သက်ဝင်လာအောင်တော့ မစွမ်းဆောင်နိုင်ပါဘူး။

လွန်ခဲ့တဲ့ အနှစ် ၂၅၀၀ တိုင် ကာလပတ်လုံး ဗုဒ္ဓဘာသာဝင်တွေရဲ့ အတွေ့အကြုံမှာ ပရိတ်သုတ္တန်များကို ရွတ်ဖတ်ခြင်းအားဖြင့် ကောင်းကျိုးတွေကို ရရှိခံစားခဲ့ကြရတယ်။ မြတ်ဗုဒ္ဓရဲ့ နှုတ်တော်က ထုတ်ဖော် ရွတ်ဖတ်ခဲ့တဲ့ ဒီပရိတ်မန္တန်တွေထဲမှာ အန္တရာယ်ကို တားဆီးနိုင်တဲ့ ကောင်းကျိုးကို ပေးနိုင်တဲ့ အာနိသင်တွေ ဘာကြောင့် ရှိနေတာလဲ ဘယ်လို ရှိနေတာလဲ ဆိုတာတွေကိုတော့ ကျွန်ုပ်တို့အနေနဲ့ နားလည်အောင် ကြိုးစား အားထုတ်သင့်ပါတယ်။ ဒီပရိတ်တရားတော်တွေဟာ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်ပြီး နောက်ပိုင်းမှာလည်း အစွမ်းသတ္တိတွေ ရှိနေဆဲပဲ ဖြစ်တာကို နားလည်အောင် ကြိုးစားသင့်တယ်။ ဇာတက ဝတ္ထုတွေ

ထဲမှာ တွေ့ရတာက ဘုရား မဖြစ်ခင် အလောင်းတော် ဘဝ များစွာတွေတုန်းက လည်း မြတ်ဗုဒ္ဓဟာ အလွန့်အလွန် သတိကြီးစွာဖြင့် မုသာဝါဒကို ရှောင်ကြဉ်တော်မူခဲ့တယ်။ စကားလုံးတွေကို မဟုတ်မမှန်သောအားဖြင့် လုံးဝ မပြောခဲ့ပါဘူး။ သူတစ်ပါး မခံသာ ဖြစ်စေမည့် စကားလုံးမျိုး၊ သူများကို ပြစ်တင် ပုတ်ခတ်ပြီး နာကြည်းစေတဲ့ စကားမျိုးကိုလည်း မပြောခဲ့ဘူး။ စကားပြောတိုင်းမှာ ညင်သာစွာ ကြားရသူတိုင်း နားဝင်စေမည့် စကားမျိုးကိုသာ ပြောဟောတော်မူခဲ့တယ်။ ဒါကြောင့် မြတ်ဗုဒ္ဓ ပြောဟောသမျှ စကားလုံးတိုင်းမှာ ဣစ္ဆာပူရဏာဝစီ သစ္စာရဲ့ တန်ခိုးသတ္တိများ၊ စွမ်းအားများနဲ့အတူ မဟာကရုဏာဓာတ်များလည်း ပါဝင်နေတာ ဖြစ်တယ်။ ဒါပေမဲ့ ဘုရားရဲ့ စကားလုံးတွေရဲ့ တန်ခိုး တစ်ခုတည်းနဲ့တော့ ပရိတ်တော်တွေက ကောင်းကျိုးပေးနိုင်တာ မဟုတ်ဘူး။ ပရိတ်တရားတော်တွေကို နာကြားကြတဲ့ ပရိသတ်ရဲ့ ကြည်ညိုမှု နားလည် သဘောပေါက်မှု အပေါ်မှာလည်း တည်ပါတယ်။

မြတ်ဗုဒ္ဓရဲ့ သုတ္တန်တရားတော်တွေကို နာကြားရလို့ ဗုဒ္ဓဘာသာဝင် သူတော်စင်များရဲ့ ကိုယ်စိတ်နှစ်ပါးမှာ ကျရောက်တဲ့ ရောဂါ ဝေဒနာတွေဟာ ရုတ်တရက် အံ့ဖွယ် ဆန်းကြယ်စွာ သက်သာ ပပျောက်ကုန်ကြတာ တွေ့ရတယ်။ ဒါဟာ သူတို့ရဲ့ စိတ်အစဉ်မှာ ယုံကြည် သက်ဝင်မှု၊ သဒ္ဓါတရား ထက်သန်လာမှုကြောင့် ဖြစ်တယ်။ ယုံကြည် သက်ဝင်မှုကြောင့် ရောဂါ ပျောက်ကင်းခြင်း ဖြစ်တယ်။ ဒါကို 'Faith Healing' လို့ ခေါ်တယ်။

## ဗုဒ္ဓဘာသာဝင်တွေဟာ ရုပ်တု ကိုးကွယ်သူတွေလား

*ဗုဒ္ဓဘာသာဝင်တွေဟာ ရုပ်တု (Idol) ကို ကိုးကွယ်ကြတာ မဟုတ်ဘူး။ ဗုဒ္ဓရဲ့ ကျေးဇူးဂုဏ် (Ideal) ကို ကိုးကွယ်ကြတာသာ ဖြစ်တယ်။*

အစဉ်အလာအားဖြင့် ဗုဒ္ဓဘာသာဝင် မိသားစုများရဲ့ အိမ်ပေါ်မှာ ဘုရားစင် ရှိပြီး မြတ်ဗုဒ္ဓရဲ့ ရုပ်တု၊ ဆင်းတုတော်ကို တည်ထား ကိုးကွယ်ကြတာ၊ ကြည်ညိုကြတာ၊ ထုံးတမ်းစဉ်လာ တစ်ခုလို ဖြစ်နေကြသော်လည်း ဗုဒ္ဓဘာသာဝင်တွေ ကြည်ညို

ကိုးကွယ်နေကြတာဟာ ဒီရုပ်တုကို မဟုတ်ပါဘူး။ ရုပ်တု ကိုးကွယ်မှု ဆိုတာက ရှေးဦး လူသားများက မိမိတို့ မသိတဲ့ သူတို့ရဲ့ ကောင်းကံ၊ ဆိုးကံကို ဖန်တီး ခြယ်လှယ်နေတယ်လို့ ထင်တဲ့ နတ်တွေကို ရည်မှန်းပြီး ဒီအရုပ်တိုင်ကြီးတွေကို ပုံစံ အမျိုးမျိုးနဲ့ ထုလုပ်ပြီး နတ်ရှိတယ်လို့ ထင်တဲ့ နတ်ကျွန်း နေရာတွေမှာ ထူ ထားပြီး အဲဒီအရုပ်ကြီးတွေကို ပူဇော်ပသစရာတွေနဲ့ ပူဇော်ပသကြတာ ဖြစ်တယ်။ သူတို့က နတ်တွေကို ပူဇော်ပသပြီး ဆုတောင်းကြတာကလည်း ကောင်းကျိုးချမ်းသာ တွေ ပေးဖို့ ဘေးအန္တရာယ်တွေကို ကာကွယ်ပေးဖို့ သူတို့ကို ကြီးပွား ချမ်းသာအောင် လမ်းပြဖို့ပဲ ဆုတောင်းကြတာ ဖြစ်တယ်။ နတ်တွေဆီမှာ ကျန်းမာဖို့၊ ချမ်းသာဖို့၊ ပစ္စည်းဥစ္စာတွေ ပေးဖို့ မိမိတို့ လိုရာဆန္ဒ ပြည့်စုံအောင် မ,စဖို့ မိမိတို့ ကျူးလွန်တဲ့ အပြစ်တွေကို ခွင့်လွှတ်ဖို့ တောင်းပန်ကြတာ ဖြစ်တယ်။

မြတ်ဗုဒ္ဓရဲ့ ဆင်းတုရုပ်ပွားတော် ရှေ့မှာ ရှိခိုး ပူဇော်တာက တခြားပါ။ ဆင်းတု ရုပ်တုတော်ကို ကြည်ညိုတာက ဗုဒ္ဓရှင်တော် မြတ်ဘုရားရဲ့ ကြီးမားလှတဲ့ မဟာကရုဏာ၊ မဟာပညာဂုဏ်တော်တွေကို သတိရ အောက်မေ့ပြီး ကြည်ညိုကြတာ မမြင်ရတဲ့ နတ်တွေကို ပူဇော်ပသတာနဲ့ မတူပါဘူး။ ဗုဒ္ဓရှင်တော်မြတ်ဘုရားက ဒီလူသားများရဲ့ လောကမှာ အမှန်တကယ် မဟာပုရိသ ယောကျ်ားမြတ်အဖြစ်နဲ့ သက်တော်ထင်ရှား ပွင့်ထွန်းတော်မူခဲ့တာပဲ။ ဗုဒ္ဓရှင်တော်မြတ်ဘုရားက သမိုင်း အထင်အရှား ရှိတဲ့ ပုဂ္ဂိုလ်ပဲ။ ဒီ လူ့လောကမှာ လူသားဘုရားအဖြစ် အမှန်တကယ် သက်တော် ထင်ရှား ရှိခဲ့ပြီး လူသားများရဲ့ အကျိုးကိုလည်း သူ မတူအောင် အတုမဲ့ ဆောင်ရွက်တော်မူခဲ့တာပဲ။ မြတ်ဗုဒ္ဓကို ရှိခိုးတာဟာ အရိုအသေ ပြုတာ၊ ကြည်ညိုတာ၊ အလေးအမြတ် ပြုတာ ဖြစ်တယ်။ သူ့ရဲ့ ကျေးဇူးတော် အစုံ၊ ဂုဏ်တော် အနန္တကို သတိရ အောက်မေ့ပြီး အလေးအမြတ် ပြုတာ၊ ကြည်ညိုလို့ ရှိခိုး ပူဇော်တာပဲ ဖြစ်တယ်။ ကျောက်ရုပ်၊ ကြေးရုပ်ကို ရှိခိုးတာ မဟုတ်ဘူး။

ဒီရုပ်တု ဆင်းတု ဆိုတာက သက်တော် ထင်ရှား ပွင့်တော်မူဖူးတဲ့ မြတ် ဗုဒ္ဓကို အမှတ်ရဖို့ လွယ်အောင် သင်္ကေတ ပြုပြီးထားတဲ့ ပုံရိပ် တစ်ခုမျှသာ ဖြစ်တယ်။ ခေတ် အဆက်ဆက် လူသား မျိုးနွယ်ဆက် များစွာကို ကြည်ညိုသဒ္ဓါ ထက်သန်လာအောင် စွမ်းဆောင်နိုင်ခဲ့တဲ့ ကိုယ်တော်မြတ်ရဲ့ ကျေးဇူး ဂုဏ်တော် တွေကိုသာ ကြည်ညို ရှိခိုးကြတာ ဖြစ်တယ်။ ဗုဒ္ဓဘာသာဝင်တွေက ဆင်းတုတော် တွေကို အမှတ်သင်္ကေတ တစ်ခုလို့ သဘောထားတဲ့ စိတ်မှာ သမာဓိရအောင် **စိတ်ငြိမ်းချမ်းအောင် အနုဿတိ ပွားစရာ အာရုံတစ်ခု အဖြစ်ပဲ သဘောထားတာ ဖြစ်တယ်။**

ဗုဒ္ဓဘာသာဝင်တွေက ရုပ်တု ဆင်းတုတော်တွေကို ကြည့်ရှုကြတဲ့အခါ ကြည်ညိုစိတ် ဖြစ်ပေါ်လာလို့ သူတို့မှာ ကြုံတွေ့နေရတဲ့ စိတ်ရှုပ်ထွေးမှုတွေ၊ စိတ်သောကတွေကို ဘေးဖယ်ထားပြီး စိတ်ရဲ့ ငြိမ်းအေးခြင်းကို ခံစားရတယ်။ စိတ်ကြည်လင်ပြီး စိတ်ရဲ့ ငြိမ်သက်ခြင်း ဖြစ်ပေါ်လာတယ်။

ရုပ်တု ဆင်းတုတော်ကို မြင်လိုက်ရရင် သက်ရှိ ထင်ရှား မြတ်စွာဘုရားကို ဖူးမြော်လိုက်ရသလိုပဲ မြတ်စွာဘုရားကို သတိရ အောက်မေ့စေတယ်။ အာရုံဝင်စားစေတယ်။ မြတ်စွာဘုရားကို နမူနာ ထားပြီး ကျင့်ကြံ ပွားများချင်တဲ့ စိတ်ဆန္ဒတွေကို ဖြစ်ပွား ပေါ်ပေါက်လာစေတယ်။ သူ့ နမူနာကို ယူပြီး သူ့ အဆုံးအမတွေကို လိုက်နာချင်တယ်။ ဗုဒ္ဓဘာသာဝင်တွေ၊ မြတ်ဗုဒ္ဓကို အလွန် ကြည်ညိုသူတွေရဲ့ စိတ်ထဲ နှလုံးထဲမှာ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ယခုပင် အသက်ရှင်လျက် ရှိနေတော်မူဆဲလိုပဲ ခံစားလာရတယ်။ ဒီအထင် ဒီအမြင်ကြောင့် သူတို့ရဲ့ ကြည်ညိုလေးစားမှုဟာ ပိုပြီး အကျိုး သက်ရောက်မှုတွေ ရှိလာရမယ်။ သန့်ရှင်း စင်ကြယ်နေတဲ့ ဆင်းတုတော်ရဲ့ ပုံရိပ်ကိုက ကြည်ညိုသူတွေကို မှန်ကန်တဲ့ သစ္စာဉာဏ်လမ်းအပေါ်မှာ လျှောက်ချင်လာအောင် ဖြောင့်မတ် မှန်ကန်တဲ့ အပြုအမူတွေကို ပြုမူချင်လာအောင် လှုံ့ဆော် အားပေးနိုင်တယ်။

အသိဉာဏ် ရှိတဲ့ ဗုဒ္ဓဘာသာဝင် တစ်ယောက်ဟာ ဘုရား ဆင်းတုတော်ရှေ့မှာ ဘာ ဖြစ်ရပါလို၏။ ညာ ဖြစ်ရပါလို၏လို့ လက်ဝါး ဖြန့်ပြီး တောင်းခံတာမျိုး မဟုတ်ပါဘူး။ ကိုယ် လုပ်ထားတဲ့ အပြစ် ဒုစရိုက်တွေ အတွက်လည်း မြတ်စွာဘုရား သနားကရုဏာ ထားပြီး ခွင့်လွှတ်တော်မူပါလို့ မပန်ကြားဘူး။ နားလည်မှုရှိတဲ့ သစ္စာဉာဏ်ရှိတဲ့ ဗုဒ္ဓဘာသာဝင် တစ်ယောက်ဟာ သူ့ စိတ်ကို သူ ထိန်းချုပ်နိုင်အောင်ပဲ အားထုတ်တယ်။ မြတ်ဗုဒ္ဓရဲ့ အဆုံးအမများအတိုင်း လိုက်နာကျင့်ကြံ အားထုတ်တယ်။ ဒီနည်းနဲ့ပဲ လောကီထဲမှာ ကြုံရတဲ့ သောက ပရိဒေဝ ဒုက္ခတွေ ချုပ်ငြိမ်းအောင် အဆုံးစွန်သော ကယ်တင်မှု၊ နိဗ္ဗာန်မဂ်ဖိုလ်ကို ရအောင်ပဲ ကြိုးစား အားထုတ်တယ်။

တချို့ လူတွေက ဗုဒ္ဓဘာသာဝင်တွေ ရုပ်တုဆင်းတုကို တည်ထားကိုးကွယ်တာကို ဝေဖန် ပုတ်ခတ်တတ်ကြတယ်။ ဒီလို ဝေဖန်တာဟာ ဗုဒ္ဓဘာသာဝင်တွေ စိတ်မှာ ဆင်းတုတော်တွေ အပေါ်မှာ ဘယ်လို စိတ်ထား နှလုံးထားနဲ့ ကိုးကွယ်ကြသလဲ ဆိုတာကို မသိ နားမလည်ကြလို့ တလွဲ ပြောနေကြတာသာ ဖြစ်တယ်။ တကယ်လို့ လူတွေရဲ့ အိမ်မှာ မိမိတို့ရဲ့ မိဘ ဘိုးဘွားတွေရဲ့ ဓာတ်ပုံတွေကို ချိတ်ဆွဲထားတာဟာ အဘိုးအဘွား၊ မိဘများရဲ့ ဂုဏ်ကျေးဇူးကို သတိရ အောက်မေ့ဖို့

ဖြစ်သလို၊ တချို့ အိမ်ထဲတွေမှာ ဘုရင်တွေ၊ မိဖုရားတွေရဲ့ ပုံတွေကို အိမ်မှာ အမြတ်တနိုး ထားကြတာ။ တိုင်းပြည် ခေါင်းဆောင်ကြီးတွေ၊ ဒဿန ပညာရှင်ကြီးတွေရဲ့ ရုပ်တု၊ ဓာတ်ပုံတွေကို ထားကြတာကို လက်ခံနိုင်ရင် ဗုဒ္ဓဘာသာကို သက်ဝင် ယုံကြည်သူများက မြတ်ဗုဒ္ဓရဲ့ ပုံတော်၊ ဆင်းတုတော်ကို အိမ်ပေါ်မှာ တင်ပြီး အမြတ်တနိုး ထားကြတာရဲ့ အနှစ်သာရ သဘော၊ အဓိပ္ပာယ်ကို နားလည်သဘောပေါက်နိုင်ကြမှာ ဖြစ်ပါတယ်။

တချို့ လူတွေက မြတ်ဗုဒ္ဓရဲ့ ဂုဏ်တော် ကျေးဇူးတော်တွေကို ချီးမွမ်းတဲ့ ဘုရားရှိခိုးတွေ ရွတ်ကြတာမှာ ဘာ အန္တရာယ် ရှိပါသလဲ။ ဘာ အပြစ် ရှိလို့လဲ။ လူတွေဟာ မိမိတို့ ချစ်ခင် လေးစားကြသူတွေရဲ့ ဂူသင်္ချိုင်းကို သွားပြီး ပန်းခွေချကြတာဟာ ဂုဏ်ကျေးဇူးကို သတိရကြောင်း ဖော်ပြတာ ဖြစ်လို့ ဗုဒ္ဓဘာသာဝင်တွေက မြတ်ဗုဒ္ဓရဲ့ ဆင်းတုတော်ရှေ့မှာ ပန်းတွေနဲ့ ပူဇော်တာကကော၊ ဘာ အပြစ်ရှိသလဲ။ ဘာ အန္တရာယ် ဖြစ်စေလို့လဲ။ ပန်း၊ နံ့သာ၊ ဆီမီး၊ အမွှေးတိုင်တွေ ထွန်းညှိ ပူဇော်ကြတာ လူသားများ ချမ်းသာရေးအတွက် တစ်သက်ပတ်လုံး မမောမပန်း ဆောင်ရွက်တော်မူခဲ့တဲ့ မိမိတို့ရဲ့ ဆရာသခင် ကျေးဇူးရှင်ကြီးရဲ့ ဂုဏ်ကျေးဇူးကို သတိတရ ပူဇော်တာပဲ။ ဒါဟာ ကျေးဇူးတင်ထိုက်တဲ့ ကိစ္စပဲ မဟုတ်လား။ လူတွေက သူရဲကောင်းဆိုသူတွေရဲ့ ပုံတွေကို ရုပ်တုလုပ်ပြီး အမြတ်တနိုး ထားကြတာလည်း ရှိတာပဲ။ တကယ်ဆို ဒီသူရဲကောင်းဆိုတဲ့ လူတွေဟာ အပြစ်မဲ့တဲ့ လူတွေကို သန်းနဲ့ ချီပြီး သတ်ဖြတ် သုတ်သင်ခဲ့ကြတဲ့ လူသတ်သမားကြီးတွေပါ။ ဒီလို အောင်နိုင်သူ၊ သူရဲကောင်းဆိုတဲ့ လူတွေ အမျိုးသားခေါင်းဆောင်၊ အမျိုးသားသူရဲကောင်း ဆိုပြီး အမွှမ်းတင်တာတောင် ရှိသေးတာပဲ။ သူတို့ကို အမြတ်တနိုး ပန်းတွေနဲ့ သူတို့ရဲ့ သင်္ချိုင်းဂူကို သွားပြီး လွမ်းသူ့ ပန်းခွေ ချကြတာတွေလည်း လုပ်နေကြတာပဲ။ ဒါဆို ဗုဒ္ဓဘာသာဝင်တွေကို သူတို့ရဲ့ ဘဝကို ကယ်တင်သူ၊ လူသားများ အကျိုးအတွက် သက်သက် ဘဝ တစ်ခုလုံးနဲ့ ပေးဆပ်သွားသောသူ၊ သူတို့ရဲ့ ကလျာဏမိတ္တ ဆရာသခင် ကျေးဇူးရှင်ကို ဆင်းတုနဲ့ အမှတ်တရ ထားပြီး ပန်း၊ ရေ၊ ဆီမီး၊ အမွှေးနံ့သာတွေနဲ့ ပူဇော်ကြတာ ဘာ မှားလို့လဲ။ ကိုယ်တော်မြတ်ကြီးဟာ ကယ်တင်နိုင်တဲ့ မဂ်လမ်းနဲ့ သဗ္ဗညုတ ဉာဏ်တော်ကို ရဖို့အတွက် လောကီ စည်းစိမ်တို့ရဲ့ အထွတ်အမြတ် ဖြစ်တဲ့ မင်းစည်းစိမ်ကိုတောင် စွန့်လွှတ်ပြီး ကျေးဇူးပြုသွားတာဟာ ပူဇော်ဖို့ မသင့်ပေဘူးလား။

ဆင်းတု ရုပ်တု ဆိုတာ ဘဝင်စိတ်ရဲ့ ဘာသာစကား ဖြစ်တယ်။ (Images are the Language of the Subwn Seious) ဒါကြောင့် သမ္မာသမ္ဗုဒ္ဓ ဖြစ်တော်မူသော သဗ္ဗညုတ ဉာဏ်တော် အရှင် ဗုဒ္ဓရှင်တော်မြတ်ဘုရားက ကြည်ညိုသူရဲ့ နှလုံး သည်းပွတ်ထဲမှာ ပါရမီ အဆောက်အအုံကို ဖြစ်ပေါ်အောင် ဖန်တီးစေနိုင်တဲ့ အပြင်၊ ဒီကြည်ညို စိတ်က ဘဝင်စိတ်ထဲ အထိ နက်နက်ရှိုင်းရှိုင်း ထိုးထွင်းဝင်ရောက်သွားတဲ့အခါ (ဒီသဒ္ဓါတရားဟာ ရင့်ကျက်လာပြီ ဆိုရင်ဖြင့်) ဇောစိတ်တွေကို အလိုအလျောက် ချေဖျက်ပစ်နိုင်တဲ့ အားသတ္တိတွေ ဖြစ်လာပါတော့တယ်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားကို သတိရ အောက်မေ့ခြင်းဟာ စိတ်ရွှင်လန်းမှုကို ဖြစ်စေတယ်။ စိတ် ယောက်ယက်ခတ်နေသူကို စိတ်ထဲ မကျေမချမ်း ဖြစ်ပြီး တင်းမာနေသူကို ဒီစိတ်ဆင်းရဲမှုတွေက လွတ်ကျွတ်အောင် စိတ်ကို မြှင့်တင်ပေးတဲ့ အားသတ္တိကို ရရှိစေတယ်။

ဒါကြောင့် ဗုဒ္ဓမြတ်စွာဘုရားကို ရှိခိုး ပူဇော်တာဟာ ဆုတောင်းတာ မဟုတ်ဘူး။ ဒါဟာ ဗုဒ္ဓါ နုဿတိ ဘာဝနာကို ပွားများခြင်း တစ်မျိုးပဲ ဖြစ်တယ်။ ဒါကြောင့် ဒါဟာ ရုပ်တုကို ရှိခိုး ကိုးကွယ်တာ မဟုတ်ဘူး။ မြတ်ဗုဒ္ဓရဲ့ ကျေးဇူးတော်အစုံ ဂုဏ်တော် အနန္တ ဖြစ်တဲ့ 'စံနှုန်း' တွေကို ကြည်ညိုတာ၊ အောက်မေ့တာသာ ဖြစ်တယ်။ ဒီလို ကြည်ညိုလိုက်ရတဲ့အခါ ဗုဒ္ဓဘာသာဝင်တွေရဲ့ စိတ်နှလုံးထဲမှာ အားသစ်မာန်သစ်တွေ ဖြစ်ပေါ်လာပြီး သူတို့ရဲ့ ဘဝ ဘုရား တစ်ဆောင်တစ်ခုကို တည်ဆောက်လိုက်တာပဲ ဖြစ်တယ်။ မိမိတို့ရဲ့ နှလုံးသားကို သန့်စင်စေပြီး၊ ပြီး သူတို့ရဲ့ နှလုံးသား ဘုရားဆောင်ထဲမှာ ဗုဒ္ဓရဲ့ ဆင်းတုတော် (ပုံရိပ်) ကို ထည့်သွင်း ပူဇော်လိုက်တာပါ။ ဒီဆင်းတုတော်နဲ့ ကိုယ်စားပြုထားတဲ့ မဟာလူသား၊ ဥတ္တမပုရိသ ယောကျ်ားမြတ်ကြီး ဘုရားကို အရိုအသေ အလေးအမြတ် ပြုကြတာပါ။ မြတ်ဗုဒ္ဓရဲ့ မြင့်မြတ်လှတဲ့ ကိုယ်ရည်ကိုယ်သွေးတော်ကို ကြည်ညိုပြီး မိမိတို့မှာလည်း ရှင်တော်မြတ်ဘုရားကို အားကျပြီး မြင့်မြတ်တဲ့ စိတ်ဓာတ်တွေ ဖြစ်ပေါ်လာအောင် လုပ်တာပါ။ ဗုဒ္ဓဘာသာဝင်တွေက ဗုဒ္ဓဆင်းတုတော်ကို ကြည်ညိုတဲ့အခါ အသက် မရှိတဲ့ အရုပ် အသေကြီးလို မမြင်ဘူး။ ဒီပုံရိပ်က မိမိတို့ရဲ့ ကိုယ်နှုတ် နှလုံးကို သန့်စင်အောင် နားလည်မှုနဲ့ ပြုလုပ်ထားတဲ့ လူသားရဲ့ နှလုံးသားထဲမှာ တုန်ခါမှုတွေ ဖြစ်ပေါ်လာအောင် ကိုယ်စားပြုနေပါတယ်။

ဒီဗုဒ္ဓ ဆင်းတုတော်တွေဟာ ဘုရားရဲ့ ဂုဏ်တော် ကျေးဇူးတော်တွေကို ကိုယ်စားပြုတဲ့ သင်္ကေတ တစ်ခုထက် မပိုပါဘူး။ မိမိတို့ရဲ့ ရင်ထဲ နှလုံး သည်းပွတ်ထဲက ကြည်ညို လေးစားမှုကို တစ်စုံတစ်ခုသော ပုံရိပ် ဖန်ဆင်းပြီး အနုပညာ

ပစ္စည်းတစ်ခု အဖြစ် ပန်းချီ ပန်းပုရုပ်တွေကို ဖန်ဆင်းတတ်ကြတာဟာ သဘာဝ မကျဘူးလို့ မဆိုနိုင်ပါဘူး။ ဒီလို ကြည်ညိုဖွယ် ဖြစ်တဲ့ ဘာသာရေး ခေါင်းဆောင်ကြီးရဲ့ ရုပ်တု ဆင်းတုတော်ကို ဖန်တီးပြီး ကြည်ညိုကြတာကို အထင်သေး အမြင်သေး ပြောဆိုကြတာကတော့ နားလည်ရ ခက်ပါတယ်။

ငြိမ်သက် တည်ကြည်ပြီး သန့်စင်နေတဲ့ မြတ်ဗုဒ္ဓရဲ့ ပုံရိပ် ဆင်းတုတော်ဟာ စံထားလောက်တဲ့ အလှကျက်သရေ တင့်တယ်မှုကို ဖော်ဆောင်ချက် တစ်ရပ် ဖြစ်တယ်။ အာရှ ယဉ်ကျေးမှု အမွေအနှစ်တွေထဲမှာ မြတ်ဗုဒ္ဓရဲ့ ဆင်းတုတော် ပုံရိပ်ဟာ တန်ဖိုး မဖြတ်နိုင်တဲ့ အရာ ဖြစ်တယ်။ ဗုဒ္ဓဆင်းတုတော်ထဲမှာ သန့်ရှင်း စင်ကြယ်လှတဲ့ တောက်ပ ထွန်းလင်းနေတဲ့ ဘာသာရေးအရ ဘဝ လွတ်မြောက်မှုကို ရရှိပြီး ဖြစ်တဲ့ ကိုယ်ရည်ကိုယ်သွေးတွေမျိုးကို ကျွန်ုပ်တို့အနေနဲ့ ဘယ်နေရာမှာ တွေ့နိုင်ပါ့မလဲ။

ဒါပေမဲ့ ဗုဒ္ဓရုပ်ပွားတော်ကို အာရှတိုက်သား ဗုဒ္ဓဘာသာဝင်များကသာ ကြည်ညိုပြီး နှစ်သက်ကြတာ မဟုတ်ပါဘူး။ အနာတိုလီဖရန့် ဆိုသူကလည်း သူ့ရဲ့ ကိုယ်ရေး အတ္ထုပ္ပတ္တိထဲမှာ "၁၈၉၀ ပြည့်နှစ် ကာလဆန်း တစ်ရက်နေ့တုန်းက ကျွန်ုပ်သည် ပါရီမြို့ရှိ ပြတိုက်ကို သွားရောက် လေ့လာဖို့ အခွင့်ကြုံခဲ့တယ်။ ပြတိုက်ကြီးထဲမှာ အာရှတိုက်က ရိုးသား စင်ကြယ်လှတဲ့ နတ်တွေ (ဘုရားတွေ)၊ တိတ်ဆိတ် ငြိမ်သက်မှုနှင့်အတူ ရှိနေကြတာကို တွေ့ရတယ်။ ကျွန်ုပ် မျက်လုံးများဟာ ဆင်းရဲဒုက္ခ ရောက်နေကြတဲ့ လူသားတွေကို သစ္စာဉာဏ်နဲ့ ကရုဏာ တရား ပွားများကြဖို့ ကာယဝိညာဉ်ဖြင့် ပြနေတော်မူတဲ့ ဗုဒ္ဓ ရုပ်ပွားတော်ကြီး တစ်ဆူ ရှိရာကို ရောက်သွားတယ်။ တကယ်လို့များ နတ်တစ်ပါးဟာ ဒီလောက မြေပေါ်မှာ လမ်းလျှောက်လာမယ်ဆိုရင် ကျွန်ုပ် စိတ်ထဲမှာ အဲဒါဟာ သူ (ဗုဒ္ဓ) ပဲလို့ ခံစားရမှာပဲ။ ကျွန်ုပ် စိတ်ထဲမှာ ဒူးထောက်ပြီး ဘုရားတစ်ပါးကို ရှိခိုး ဆုတောင်းသလို ဗုဒ္ဓ ရုပ်ပွားတော် ရှေ့မှာ ဒူးထောက် ရှိခိုးပြီး ဝတ်ပြု ဆုတောင်းချင်တဲ့ စိတ်ဆန္ဒတွေကို သိသိသာသာ ခံစားရတယ်။

တစ်ခါတုန်းက စစ်ဗိုလ်ချုပ် တစ်ဦးက ဝင်စတန်ချာချီဆီမှာ ဗုဒ္ဓဆင်းတုတော် တစ်ဆူကို အမွေပစ္စည်း တစ်ခုအဖြစ် ထားခဲ့တယ်။ ဗိုလ်ချုပ်ကြီး ပြောတာက "ခင်ဗျား စိတ်တွေ ရှုပ်ထွေး ပူပန်နေတဲ့အခါ ခင်ဗျား ဒီဗုဒ္ဓ ရုပ်ပွားဆင်းတုတော်ကို စိတ်သက်သာရအောင် ကြည့်ပြီး ကြည်ညိုစေချင်တယ်"ဟု ဆိုလေသည်။ ဗုဒ္ဓရဲ့ သတင်း စကားတွေဟာ မိမိတို့ အသိဉာဏ်ကို ပျိုးထောင်ထားကြတဲ့ ဉာဏ်ပညာ

ရှိတဲ့ သူတွေကို ဒီလောက် ဆွဲဆောင်မှု ရှိအောင် ဘာက လုပ်နေတာလဲ။ အဖြေကိုတော့ သန့်ရှင်း စင်ကြယ်ပြီး ထွန်းပနေတဲ့ မြတ်ဗုဒ္ဓရဲ့ ရုပ်ပွားဆင်းတုတော်ကို ကြည့်ပြီး ရှာကြည့်ကြပါ။

လူတွေက မြတ်ဗုဒ္ဓရဲ့ ဒေသနာတော်မြတ်ရဲ့ တင့်တယ်မှုကို ယုံကြည်တဲ့ သူတို့ရဲ့ သဒ္ဓါတရားကို အရောင်အဆင်းတွေ၊ ကောက်ကြောင်းတွေနဲ့ချည်းသာ ဖော်ပြနေကြတာ မကပါဘူး။ ကျောက်တုံးတွေ၊ သတ္တုတွေနဲ့လည်း လူသားတို့တွင် အထူးချွန်ဆုံး ဥတ္တမပုရိသ ဖြစ်တော်မူတဲ့ ပုဂ္ဂိုလ်ကြီးရဲ့ သွင်ပြင်ကို လူသားတွေက ရုပ်တုဆင်းတုများ ထုလုပ်ပြီး ပူဇော်ခဲ့ကြတာပါ။ သီရိလင်္ကာနိုင်ငံက အဘယဂီရိ ဝိဟာရမှာ သို့မဟုတ် ဆာနာ့သ်မှာ၊ သို့မဟုတ် ဗောရောဗုဒ္ဓမှာ တည်ရှိတဲ့ ဗုဒ္ဓ ဆင်းတုတော်တွေမှာ သက်သေထင်ရှား ရှိပါတယ်။ လူတွေ ထုလုပ်တဲ့ သစ်သားရုပ်၊ ကြေးရုပ်၊ ကျောက်ရုပ်၊ ပန်းပုလက်ရာတွေထဲမှာ ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ ရုပ်တု၊ ဆင်းတုတော်ဟာဖြင့် အကြီးကျယ်ဆုံး အဆင့်အမြင့်ဆုံးသော အနုပညာ လက်ရာ တစ်ခုပဲ ဖြစ်တယ်။ ဗုဒ္ဓ ဆင်းတုတော်ထဲက မျက်လုံးတော်ထဲမှာ မဟာကရုဏာ ပုံရိပ် ထင်ဟပ်နေတယ်။ လက်တော်များရဲ့ အနေအထား မုဒြာများကလည်း အကြောက်တရား ကင်းစင်နေပုံ၊ အဘယမုဒြာ၊ လာဘမုဒြာများနဲ့ စိတ်စေတနာ ကောင်းတွေ၊ လာဘ်လာဘတွေကို ဖော်ဆောင်နေကြတယ်။ ဒီမုဒြာများက လောကရဲ့ အမယ်ဘုတ်ကယ် သူ့ ချည်ခင် အရှုပ်တွေကို ရှင်းလင်းပြီး လောကကို သူ ရှာဖွေခဲ့တဲ့ သစ္စာရဲ့ သဘော သရုပ်ကို သက်သေ ထင်ရှားအောင် ပြသနေတယ်။ ဓမ္မ ဆိုတဲ့ တရားရောက်ရာ အရပ်တိုင်းကို ဗုဒ္ဓမြတ်စွာဘုရားရဲ့ ရုပ်တု ဆင်းတုတော်များလည်း ရောက်ပါတယ်။ ဒီဆင်းတုတော်တွေဟာ ရှိခိုးခံ ပူဇော်ခံ သက်သက် ရောက်တာ မဟုတ်ဘဲနဲ့ တရား အားထုတ်သူရဲ့ အရှုခံ အာရုံ အဖြစ် အနုဿတိ တရား ပွားများဖို့ အတွက်လည်း ရောက်ရှိသွားတာ ဖြစ်တယ်။

ကေးဆားလင်း ဆိုသူက "ဒီလောကမှာ ဗုဒ္ဓ ရုပ်ပွားတော်ထက် ပိုပြီး တင့်တယ်တာ၊ ခမ်းနားတာ၊ ထည်ဝါတာမျိုး ဘာ တစ်ခုမှ မရှိပါဘူး။ ဗုဒ္ဓ ဆင်းတုတော်သည်သာ အမြင့်ဆုံးသော ဘာသာရေးဉာဏ်ရှင် အဆင့်ကို ရောက်ရှိခြင်း သဘောကို ခြောက်ပြစ်ကင်း ဖော်ဆောင်တဲ့ အကြွင်းမဲ့ မျက်မြင် သက်သေပဲ ဖြစ်တယ်"လို့ ဖော်ပြခဲ့တယ်။

"ဒီလောက် လှပ တင့်တယ် ဘဝမျိုး၊ ဒီလောက် သန့်ရှင်း စင်ကြယ်တဲ့ နှလုံးတော်မျိုး၊ ဒီလောက် နက်နဲပြီး သိစပ်မြင်နှံ့တဲ့ ဉာဏ်ရှိတဲ့ စိတ်ဓာတ်မျိုး၊

ဒီလောက် ကိုယ်ကျိုး အတ္တ ကင်းပြီး လှုံ့ဆော် အားကောင်းတဲ့ ကိုယ်ရည်ကိုယ်သွေး မျိုးဟာ တကယ်ပဲ ရိုသေ မြတ်နိုး ရှိခိုး ဦးခိုက်လောက်ပါပေတယ်။ ဒီလို ခြောက် ပြစ်ကင်းတဲ့ ပါရမီတော်များနဲ့ ပြည့်စုံတော်မူတဲ့ ဘဝ၊ ဒီလောက် မဟာ ကရုဏာ တော်တွေနဲ့ ထုံမွှမ်းတဲ့ နှလုံးတော်၊ တည်ငြိမ် အေးချမ်းလှတဲ့ ဒီစိတ်ထားများ ပါဝင်တဲ့ ဒီလို သန့်စင်လှတဲ့ ကိုယ်ရည်ကိုယ်သွေးမျိုးဟာ ရိုသေ မြတ်နိုး လက်စုံ မိုး၍ ရှိခိုး ပူဇော် ဖူးမြော် မာန်လျှော့ ကန်တော့ထိုက်တယ်။ ဂုဏ်ပြု ချီးမွမ်းထိုက် တယ်။ ပူဇော်ထိုက်တာလည်း အမှန်ပဲ ဖြစ်တယ်။ လူသားရဲ့ လောကမှာဖြင့် မြတ် ဗုဒ္ဓသည်သာ အတုမဲ့ အမြင့်မြတ်ဆုံးသော ပါရမီရှင်ကြီး ဖြစ်ပါပေတယ်။

"ဗုဒ္ဓ ဆင်းတုတော်ဟာ လူပုဂ္ဂိုလ် မဟုတ်ပါ။ သင်္ကေတ အမှတ်အသား တစ်ခုရယ်ပါ။ ဘာရဲ့ အမှတ်အသား သင်္ကေတလဲ ဆိုတော့ ဗုဒ္ဓရှင်တော်မြတ်ဘုရား ဖြစ်ခြင်းရဲ့ သင်္ကေတပါ။ ဒီဘုရား အဖြစ် (မဟာဗောဓိဆု) သည် လူတိုင်း ရနိုင် ရောက်နိုင်တဲ့ ဆုကြီးပါ။ ဒါပေမဲ့ ရောက်သူကတော့ ရှိပင်ရှိငြား ရှားလှပါတယ်။ ဗုဒ္ဓဆု (မဟာဗောဓိဆု) ဟာ တစ်ဦးတစ်ယောက်သာ ရနိုင်တဲ့ ဆုမျိုး မဟုတ်ပါဘူး။ လူအများအတွက် တောင်းနိုင်တဲ့ ဆုလည်း ဖြစ်တယ်။ ပွင့်တော်မူကြပြီးသော ဗုဒ္ဓရှင်တော်မြတ် ဘုရားများအားလည်းကောင်း၊ ပွင့်တော်မူလတ္တံ့သော ဗုဒ္ဓ ရှင်တော်မြတ် ဘုရားများအားလည်းကောင်း၊ မျက်မှောက် ပွင့်ဆဲ သာသနာရှိသော မြတ်စွာဘုရားအားလည်းကောင်း၊ အကျွန်ုပ်သည် ရိုသေ မြတ်နိုး လက်စုံမိုး၍ ရှိခိုး ပူဇော် ဖူးမြော် မာန်လျှော့ ကန်တော့ပါ၏။"

သို့ရာတွင် ဗုဒ္ဓဘာသာဝင်တိုင်းမှာ ဗုဒ္ဓ ဟောကြားတော်မူခဲ့တဲ့ တရား တော်များအတိုင်း လိုက်နာ ကျင့်ကြံ အားထုတ်ရာမှာ လူတိုင်းမှာ ဗုဒ္ဓ ဆင်းတုတော် တစ်ဆူ အနည်းဆုံး မရှိမဖြစ် ရှိရမယ်လို့ ဆိုလိုခြင်းတော့ မဟုတ်ပါ။ မိမိရဲ့ စိတ်ကို ကောင်းစွာ နိုင်နင်းအောင် ထိန်းသိမ်းထားနိုင်ရင် ဝတ္ထုအာရုံ ကာမဂုဏ် နောက်ကို ကောက်ကောက် ပါမသွားအောင် မိမိ စိတ်ကို စောင့်ရှောက်ထားနိုင်ရင် ဗုဒ္ဓဆင်းတုကို တည်ထားပြီး မကိုးကွယ်လို့လည်း ဘာမှ မဖြစ်ပါဘူး။ တကယ်တမ်း ဗုဒ္ဓဘာသာဝင်တွေဟာ မြတ်ဗုဒ္ဓကို တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ မိမိ လက်ဝယ် ဆုပ်ကိုင်ထားချင်လို့ ရှိရင် သူ ဟောကြား ဆုံးမတော်မူခဲ့တဲ့ တရား ဒေသနာတော်တွေကို မိမိရဲ့ နေ့စဉ် ဘဝ အတွေ့အကြုံတွေထဲမှာ ဘဝ နေနည်း ဖြစ်အောင် ပြောင်းလဲနိုင်ဖို့ကသာ ပိုပြီး အရေးပါပါတယ်။ ဘုရားဟော တရား တော်များ အတိုင်း လိုက်နာ ကျင့်ကြံ ပွားများ အားထုတ်ခြင်းသည်သာ ဘုရားနှင့် နီးစပ်အောင်ပြုခြင်း မည်ပါတယ်။ ဘုရားရဲ့ မဟာ ကရုဏာနဲ့ မဟာ ပညာရဲ့

အံ့ဖွယ် ထွန်းတောက်မှုကို ကိုယ်တိုင် ထိတွေ့ ခံစားရမှာ ဖြစ်ပါတယ်။ ဘုရား ဟောတော်မူတဲ့ တရား အတိုင်းတော့ မလိုက်နိုင်၊ မကျင့်သုံးနိုင်ဘဲနဲ့ ရုပ်တုကို ထိုင်ပြီး ရှိခိုးနေရုံနဲ့ကတော့ ဘဝ လွတ်မြောက်မှု မြတ်နိဗ္ဗာန်ကိုလည်း မျက်မှောက် ပြုရမှာ မဟုတ်ပါဘူး။

ကျွန်ုပ်တို့အနေနှင့် ဗုဒ္ဓရဲ့ အနှစ်သာရ စိတ်ဝိဉာဏ် သဘောကို နားလည် သဘောပေါက်အောင် အားထုတ်သင့်ပါတယ်။ ဒီလောကမှာ ကြုံတွေ့ရသမျှ ဆင်းရဲ ဒုက္ခ အပေါင်းက လွတ်မြောက်ပြီး ချမ်းသာရအောင် သူ့ရဲ့ ဓမ္မများကသာ ကယ် တင်နိုင်တယ်။ ဒီလို ကယ်တင်နိုင်ဖို့အတွက် ဗုဒ္ဓရဲ့ တရားနည်း တစ်နည်းပဲ ရှိတယ်။ ဘယ်လောက်ပဲ သိပ္ပံပညာနဲ့ နည်းပညာတွေရဲ့ အကျိုးပြုမှုဟာ ကြီးကျယ် ကြီးကျယ်၊ ယနေ့ ကမ္ဘာပေါ်က လူသားတွေမှာတော့ အထိတ်တလန့်နဲ့ စိုးရိမ် ကြောင့်ကြ နေရဆဲပါပဲ။ စိတ်ပျက် အားလျော့နေရတုန်းပါပဲ။ ဒီလို လူ့ ပြဿနာများ အားလုံးရဲ့ အဖြေကို ရှာရင်လည်း ဗုဒ္ဓရှင်တော်မြတ် ဟောကြားတော်မူခဲ့တဲ့ ဒေသနာတော်တွေ ထဲမှာပဲ ရှာရမှာ ဖြစ်ပါတယ်။

## ဥပုသ်စောင့်ခြင်း၏ ဘာသာရေး အကျိုးဆက်

*ကမ္ဘာပေါ်ရှိ လူ သတ္တဝါမှန်သမျှ နောက်ဆုံး တစ်နေ့မှာ သေကြရမှာ ချည်း ဖြစ်တယ်။ ဒါဟာ အစာကို အလွန်အကျွံ စားလို့ ဖြစ်တယ်။*

ဗုဒ္ဓဘာသာမှာ ဥပုသ်စောင့် (အစာရှောင်) ခြင်းဟာ မိမိကိုယ်ကိုယ် ထိန်းချုပ်တဲ့ အလေ့အကျင့် တစ်ခု ဖြစ်တယ်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားက ရဟန်း သံဃာတော် များကို နေလွဲ ညစာ မစားကြဖို့ ဆုံးမတော်မူတယ်။ လူသာမန်များလည်း ဥပုသ် နေ့တွေမှာ ရှစ်ပါး ဥပုသ် သီလကို ဆောက်တည်ကြတဲ့အခါ မွန်းလွဲပြီး နောက် ပိုင်းမှာ အစာ အတုံးအခဲကို မစားကြတော့ဘဲ ရှောင်ကြဉ်ကြတယ်။

ဝေဖန်ချင်ကြသူတွေက ဒီလို ညနေပိုင်းမှာ အစာ မစားဘဲ ရှောင်ကြဉ်တာ ကို ဘာသာရေးအရ ခဏတစ်ဖြုတ် လူကြိုက်များအောင် လုပ်တာဆိုပြီး အပြစ် တင်ကြတယ်။ ဒါဟာ ခဏလောက် လူကြိုက်များအောင် လုပ်တာ မဟုတ်ဘူး။

ကိုယ်ကျင့်သီလ သဘော အရရော စိတ္တပညာ သဘော အရပါ ထိုးထွင်းဉာဏ် အပေါ် အခြေခံထားတဲ့ အလေ့အကျင့် တစ်ခု ဖြစ်တယ်။

ဗုဒ္ဓဘာသာမှာ ဥပုသ် သီလ စောင့်ခြင်းဟာ မိမိကိုယ်ကိုယ် မိမိ စည်းကမ်း သတ်ပြီး ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်အောင် လုပ်တဲ့ အလေ့အထရဲ့ ပထမ အဆင့်ပဲ ဖြစ်တယ်။ တစ်နေ့တာ အချိန်မှာ ဒါမှမဟုတ် အချိန်ပိုင်း တစ်ခု အတွင်းမှာ ထမင်း တစ်နပ် မစားဘဲ စွန့်လွှတ်လိုက်ခြင်းအားဖြင့် စားရမယ့် သောက်ရမယ့် ငတ်ခေါင်းပါး နေရှာသူတွေကို ကျွေးမွေး စောင့်ရှောက်နိုင်တယ်။ လီယိုတော် စတွိုင်းက "အစားကျူးတဲ့ လူတစ်ယောက်ဟာ ပျင်းရိ ငိုက်မျဉ်းခြင်းကို မတွန်း လှန်နိုင်ဘူး။ ပျင်းရိပြီး အစားကြီးတဲ့ လူဟာ ကာမရာဂကိုလည်း မရောင့်ရဲနိုင်ဘူး။ ဒါကြောင့် ကိုယ်ကျင့်တရားဆိုင်ရာ ဒေသနာများမှာ မိမိကိုယ်ကိုယ် ထိန်းချုပ်တဲ့ အခါ အစာ တပ်မက်မှု ရသ တဏှာက စပြီး ထိန်းချုပ်ကြရတယ်။ ဥပုသ် စောင့်ခြင်းဟာ မိမိကိုယ်ကိုယ် ထိန်းချုပ်ခြင်းဖြင့် သူတော်ကောင်း ဘဝကို စတင် ထူထောင်တဲ့အခါ ပထမ အဆင့် လုပ်ရတဲ့ အလေ့အကျင့် တစ်ခုပဲ ဖြစ်တယ်။ မိမိကိုယ်ကိုယ် ချုပ်တည်းခြင်း ဘဝရဲ့ အစဟာ ဥပုသ်စောင့်ခြင်းပဲ ဖြစ်တယ်"လို့ ရေးသားခဲ့ဖူးတယ်။

နိုင်ငံတိုင်းမှာ ရှိကြတဲ့ မိမိရဲ့ ရာဂစိတ်ကို ထိန်းချုပ်တဲ့ သူတော်စင်များဟာ အချိန်မှန်မှန် အစာစားမှု ရှောင်ခြင်း ဆိုတဲ့ ဥပုသ် သီလ ဆောက်တည်ခြင်း အားဖြင့် မိမိတို့ရဲ့ ဘာသာရေး ကျင့်စဉ်ကို မယုံကြည်နိုင်လောက်အောင် အထွတ် အထိပ် ရောက်စေနိုင်ကြတာပဲ ဖြစ်တယ်။ တပသီ ရသေ့ တစ်ပါးကို ကာမဂုဏ် လိုက်စားတဲ့ ရှင်ဘုရင် တစ်ပါးက ခြေထောက်နဲ့ ကန်ကြောက်ပြီး ညှဉ်းပန်း နှိပ်စက်တယ်။ ခြေတွေ လက်တွေကိုလည်း ဘုရင့် အမိန့်နဲ့ ဖြတ်တောက်ပစ်ကြ တယ်။ ဒါပေမဲ့ ဗုဒ္ဓဘာသာ ဇာတ်ဝတ္ထုတွေထဲမှာ ဒီခန္တီ ဝါဒီ ရသေ့ဟာ ဥပေက္ခာ တရား လက်ကိုင်ထားပြီး လုံးဝ အမျက်ဒေါသ မထွက်ဘဲနဲ့ သည်းခံနေနိုင်တယ်။ ဒီလို ခန္တီ ပါရမီနဲ့ ပြည့်စုံခြင်းဟာ မိမိတို့ရဲ့ စိတ်ဓာတ်ကို ဝတ္ထုအာရုံ ကာမဂုဏ်တွေ အပေါ်မှာ ထိန်းချုပ်နိုင်အောင် လေ့ကျင့်ပြီး စိတ်တန်ခိုး ရရှိအောင် ကျင့်ထားလို့ပဲ ဖြစ်တယ်။

# သက်သတ်လွတ် ဟင်းသီးဟင်းရွက်စားခြင်း

*လူတစ်ယောက် စားတဲ့ အစားအစာကို ကြည့်ပြီး ဒီလူရဲ့ စိတ်ဟာ စင်ကြယ်တယ် မစင်ကြယ်ဘူး ဆိုတာကို မဆုံးဖြတ်သင့်ဘူး။*

အာမဂန္ဓသုတ် (သုတ္တနိပါတ်) တွင် မြတ်စွာဘုရားက-

၂၅၈။ ငါး၊ အမဲကို မစားခြင်းသည် လည်းကောင်း
အဝတ် မဝတ်ခြင်းသည် လည်းကောင်း
ဦးပြည်းခြင်းသည် လည်းကောင်း၊
ဆံကျစ်ဖြူမှုန် အညစ်အကြေးသည် လည်းကောင်း၊
ရသေ့ ပရိက္ခရာ သစ်နက်ရေတို့သည် လည်းကောင်း
မီးကို ပူဇော်ခြင်း၊ မီးကို လုပ်ကျွေးခြင်းသည် လည်းကောင်း
ယုံမှားခြင်းမှ မကူးမြောက်သေးသော
သတ္တဝါတို့ကို မစင်ကြယ်စေနိုင်ကုန်။
ဤလောက၌ မသေရန် တောင့်တလျက်
ကိုယ်ကို များစွာ ပူပန်စေတတ်သော အကျင့်တို့သည် လည်းကောင်း
ဗေဒင်တို့သည် လည်းကောင်း
ဟုံပူဇော်သော အကျင့်သည် လည်းကောင်း
ယဇ်ပူဇော်ခြင်းသည် လည်းကောင်း
နွေဥတု၌ အပူခံခြင်း စသော ဥတုကို မှီဝဲခြင်းတို့သည် လည်းကောင်း
ယုံမှားခြင်းမှ မကူးမြောက်နိုင်သော သတ္တဝါတို့ကို မစင်ကြယ်စေနိုင်ကုန်။

ဒါက အာမဂန္ဓသုတ်မှာ မြတ်ဗုဒ္ဓ ဟောတော်မူတာပါ။ ဒါကို ဒေါက်တာ ကေသီရိ ဓမ္မနန္ဒ မထေရ်မြတ်က-

'Neither meat nor fasting, nor nakedness,
Nor shaven heads, nor matted hair, nor dirt,
Nor rough skins, nor fire-worshipping,
Nor all the penances here in this world,
Nor hymns nor oblation, nor sacrifice,

Nor feats of the season,

Will purify a man overcome with doubt.'

လို့ ရေးသား ဖော်ပြခဲ့ပါတယ်။

ငါး၊ အမဲ စားရုံမျှဖြင့် လူတစ်ယောက်ကို အညှီအဟောက် မသန့်မရှင်း မဖြစ်စေနိုင်ပါ။

လူတစ်ယောက်ဟာ သူ့ကိုယ်သူ မသန့်မရှင်း၊ အညှီအဟောက် ဖြစ်စေတာက အယူသီးခြင်း၊ လိမ်လည် လှည့်ဖြားခြင်း၊ ငြူစူခြင်း ဝါကြွား ပလွားရှ်ပြောဆိုခြင်း အလွန် မာန်မူခြင်း ရှုတ်ချ ပြောဆိုခြင်း၊ တစ်ပါးသော မကောင်းဆိုးယုတ်သော အကြံအစည် ရှိခြင်းတို့သည်သာ မိမိကိုယ်ကိုယ် မသန့်ရှင်းအောင်ပြုသော အညှီအဟောက် ဖြစ်တယ်။ ဗုဒ္ဓဘာသာမှာ ငါး၊ အမဲ စသည်တို့ကို မစားရဘူးလို့ ပြင်းပြင်းထန်ထန် ကန့်သတ် တားမြစ်ထားချက်မျိုး မရှိပါဘူး။ မြတ်စွာဘုရား တားမြစ်တော်မူထားတာက ကိုယ်တိုင်လည်း မသတ်ရဘူး၊ သူတစ်ပါးကိုလည်း သတ်ချင်အောင် အားမပေးရဘူး။ သို့သော် အသားငါးကို မစားဘဲ သက်သတ်လွတ်ဟင်းသီးဟင်းရွက်ကို စားခြင်းဖြင့် တင်းတိမ် ရောင့်ရဲမှု ရှိသူကိုလည်း ချီးမွမ်းထိုက်ကြောင်း လက်ခံတယ်။

ရဟန်းများအား၊ ဟင်းသီးဟင်းရွက်ကိုသာ သုံးဆောင်ရမယ်။ ငါး၊ အမဲကို မစားရဘူးလို့တော့ ဗုဒ္ဓရှင်တော်မြတ်ဘုရား ပညတ်တော်မူခြင်း မရှိပါ။ တစ်ခုပဲ ရဟန်းများအနေနဲ့ အသားကြီး ၁၀ မျိုးကိုတော့ မစားအပ်ကြောင်း ပညတ်တော်မူတယ်။

အသားကြီး ဆယ်မျိုး ဆိုတာက လူသား၊ ဆင်သား၊ မြင်းသား၊ ခွေးသား၊ မြွေသား၊ ခြင်္သေ့သား၊ ကျားသား၊ ကျားသစ်သား၊ ဝံသား၊ အောင်းသားတို့ ဖြစ်ပါတယ်။ တချို့ တောရိုင်း တိရစ္ဆာန်တွေက သူတို့ အသွေးအသား အနံ့ကို ရတဲ့အခါ တိုက်ခိုက်တတ်တယ်။ (ဝိနယပိဋက)

ရှင်ဒေဝဒတ်က မြတ်စွာဘုရားကို ရဟန်း သံဃာများအနေနဲ့ အသားငါးကို မစားဘဲ ဟင်းသီးဟင်းရွက်ကိုသာ စားသင့်ကြောင်း သိက္ခာပုဒ်များ ပညတ် ပေးတော်မူပါလို့ လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက ဒေဝဒတ်ရဲ့ တောင်းဆိုချက်ကို ပယ်ချတော်မူလိုက်တယ်။ ဗုဒ္ဓဘာသာသည် လွတ်လပ်စွာ ကိုးကွယ်ခွင့် ရှိတဲ့ ဘာသာအယူဝါဒ ဖြစ်တာကြောင့် သက်သတ်လွတ်စားတာဟာ စားချင်သူ ပုဂ္ဂိုလ်ရဲ့ ဆန္ဒအပေါ်မှာ မူတည်တယ်။ စားလိုက စားနိုင်ကြောင်း ဟောတော်မူတယ်။

ဒါက ဘာကို ပြသလဲဆိုတော့ သက်သတ်လွတ် စားတာ၊ ဟင်းသီးဟင်းရွက် စားတာဟာ ဘာသာရေး ကိစ္စမှာ အရေးကြီးတဲ့ ကိစ္စ မဟုတ်ကြောင်း ဗုဒ္ဓ ရှင်တော်မြတ်ရဲ့ သဘောထားကို ဖော်ပြတာပဲ ဖြစ်တယ်။ လူသာမန်တွေအတွက် ဟင်းသီးဟင်းရွက် စားဖို့ ကိစ္စနဲ့ ပတ်သက်ပြီး ဘာမှ ဟောထားတာ မတွေ့ရပါ။

ဇီဝက ကောမာရဘစ္စ ဆိုတဲ့ သမားတော်ကြီး ဇီဝကက ဒီ အငြင်းပွားဖွယ် ကိစ္စကို မြတ်စွာဘုရားနှင့် ဆွေးနွေးဖူးတယ်။

"အရှင်ဘုရား၊ လူတွေ ပြောဆိုနေကြတာကို တပည့်တော် ကြားရပါတယ် ဘုရား။ ရှင်ကြီး ဂေါတမဟာ မိမိအတွက် ရည်ရွယ်ပြီး သတ်တဲ့ သတ္တဝါတွေရဲ့ အသားကို သိလျက်သားနဲ့ စားသုံးတော်မူတယ် ဆိုပြီး စွပ်စွဲ ပြောဆိုနေကြပါတယ်။ သူတို့ စွပ်စွဲသလို ရှင်ကြီး ဂေါတမသည် မိမိအတွက် ရည်ရွယ်ပြီး သတ်သော သတ္တဝါ၏ အသားကို သိလျက်နှင့်ပင် စားသုံးတော်မူသည် ဆိုသော စကားသည် မှန်ပါသလားဘုရား။ သို့မဟုတ် သူတို့သည် မဟုတ်မမှန်ဘဲ စွပ်စွဲခြင်း ဖြစ်ပါသလား ဘုရား။ ဤသို့ စွပ်စွဲ ပြောဆိုခြင်းသည် အရှင်ဘုရား၏ ဟောကြားထားသော စကားနှင့် ကိုက်ညီခြင်း ရှိပါသလား။"

"ဇီဝက ရှင်ကြီးဂေါတမသည် မိမိအတွက် ရည်ရွယ်ပြီး သတ်ဖြတ်သော အသားကို သိလျက်နှင့် မှီဝဲ စားသုံးသည် ဆိုသော စကားသည် ငါ ဟောကြားထားသော စကားနှင့် လျော်စွာ ပြောဆိုသော စကား မဟုတ်ပေ။ ဇီဝက ငါ ဘုရားက ရဟန်း သံဃာတို့သည် အချက် သုံးချက်နှင့် ညီညွတ်သော အသားငါးကို စားသုံးရမည်ဟု ဟောကြားတော်မူထားသည်။ သတ်သည်ကိုလည်း မမြင်၊ မိမိ အတွက် သတ်သည်ကိုလည်း မကြား။ သံသယလည်း ကင်းသော အသားကိုသာ စားရမည်ဟု ငါ ဟောတော်မူပြီး ဖြစ်သည်။"

(ဇီဝကသုတ်)

တချို့သော နိုင်ငံများ၌ မဟာယာန ဗုဒ္ဓဘာသာ ဂိုဏ်းသားများသည် သက်သတ်လွတ် ဟင်းသီးဟင်းရွက် စားခြင်း ကိစ္စကို အတိအကျ လိုက်နာ ကျင့်သုံး ကြတယ်။ မိမိတို့က နှစ်သက်လို့ ဟင်းသီးဟင်းရွက် (သက်သတ်လွတ်) စားတာကို ဘာသာရေး အမည်ခံပြီး ပြုလုပ်ချင် ပြုလုပ်နိုင်သော်လည်း အသား စားတဲ့ လူတွေကိုတော့ ပြစ်တင် ပုတ်ခတ်ဖို့ မသင့်ပါဘူး။ မြတ်ဗုဒ္ဓရဲ့ မူရင်း ဝိနည်းဒေသနာ တော်တွေထဲမှာ ဗုဒ္ဓဘာသာဝင်များဟာ ဟင်းသီးဟင်းရွက်ကိုပဲ စားအပ်ကြောင်း သိက္ခာပုဒ် ပြဋ္ဌာန်းထားတာ လုံးဝ မပါရှိပါဘူး ဆိုတာ သတိပြုသင့်ပါတယ်။ ဗုဒ္ဓ

ဘာသာသည် မဇ္ဈိမ ပဋိပဒါ အလယ်အလတ်လမ်း ဖြစ်တယ် ဆိုတာကို သတိပြု သင့်တယ်။ ဒါဟာ လွတ်လပ်ခွင့်ရှိတဲ့ ဘာသာပါ။ ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ အဆုံးအမများဟာ အစွန်းတစ်ဖက်ကို ရောက်အောင် မကျင့်ကြံရပါဘူး။

ဟင်းသီးဟင်းရွက် စားတာကြောင့် လူတစ်ယောက်ရဲ့ ကိုယ်ရည်ကိုယ်သွေး ပျိုးထောင်မှုအတွက် အထောက်အကူ မပြုပါဘူး။ ဟင်းသီးဟင်းရွက်ချည်း မစားဘဲ အသားစားတဲ့ လူတွေထဲမှာလည်း သနား ကြင်နာတတ်သူတွေ၊ နှိမ့်ချသူတွေ၊ ယဉ်ကျေး သိမ်မွေ့သူတွေ အများအပြား ရှိပါတယ်။ ဒါကြောင့် ဘာသာတရားကို တကယ် ကိုင်းရှိုင်းသူဟာ ဟင်းသီးဟင်းရွက် စားသူပဲ ဖြစ်ရမယ်လို့တော့ မစားသူကို ကိုယ်ကျင့်တရားအရ မှားတယ်ဆိုတဲ့ အပြောမျိုးတော့ မလုပ်သင့်ပါဘူး။

တစ်နည်းအားဖြင့် ဆိုရင် တကယ်လို့ အသားငါး မစားရင် ကျန်းမာရေး အတွက် ထိခိုက်တယ်လို့ ထင်ရင်လည်း ဒါဟာ အသား မစားတဲ့ ဟင်းသီးဟင်း ရွက်စား သက်သတ်လွတ်သမားပေါင်း ကမ္ဘာပေါ် သန်းနဲ့ ချီရှိတဲ့ပြင် သူတို့က အသားစားတဲ့ လူထက်တောင် ကျန်းမာရေးကို ကောင်းကြတာကြောင့် ကိုယ် ပြောတာပဲ မှန်တယ်လို့ မယူသင့်ပါဘူး။

ဗုဒ္ဓဘာသာတွေက သားငါးကို စားကြတဲ့အတွက် ဝေဖန်ကြတဲ့ လူတွေဟာ အစားအစာနဲ့ ပတ်သက်ပြီး မြတ်ဗုဒ္ဓ ဟောကြားထားတဲ့ တရားတွေကို နားမလည် ကြလို့ ပြောနေကြတာပဲ ဖြစ်ပါတယ်။ သက်ရှိ သတ္တဝါဟာ အာဟာရ ဖြစ်ဖို့ အရေးကြီးတယ်။ အစာ စားနေကြရတာ အသက်ရှင် နေနိုင်ရေးအတွက်ပဲ ဖြစ်တယ်။

ဒါကြောင့် လူတွေမှာ သဗ္ဗေသတ္တာ အာဟာရ တိထိကာ ဆိုသလို အစား အစာနဲ့ ခန္ဓာကိုယ်ကြီးကို ကျန်းမာအောင်လို့၊ အားရှိအောင်လို့ ထောက်ပံ့နေရတာ ဖြစ်တယ်။ သို့ရာတွင် စည်းစိမ် ချမ်းသာတွေ တိုးပွားလာလို့၊ တိုးတက် ဖွံ့ဖြိုးတဲ့ နိုင်ငံတွေမှာ အထူးသဖြင့် လူတွေဟာ အစားအသောက်ကို စားကြတာဟာ ရသ တဏှာကို ဖြေဖျောက်ဖို့ အတွက်လို ဖြစ်နေတယ်။ အကယ်၍ လူတွေအနေနဲ့ အမျိုးမျိုးသော အစားအစာတွေကို တပ်မက်လာရင် မိမိတို့ရဲ့ အသား စားချင်တဲ့ တဏှာ လောဘကို ဖြေဖျောက်ဖို့အတွက် သတ်ဖြတ် စားသောက်ကြရင် အဲဒီလို လုပ်တာဟာ မှားပါတယ်။ ဒါပေမဲ့ တဏှာ မပါဘဲ စားရင်တော့ ကိုယ်တိုင် သတ်ဖြတ် စားသောက်တဲ့အထဲ မပါဘဲ ခန္ဓာကိုယ် တည်တံ့ရေးအတွက် အသားစားရင်တော့ ဒါလည်း မိမိကိုယ်ကို ထိန်းချုပ်တဲ့ အကျင့်ကို ကျင့်ခြင်း မည်ပါတယ်။

# လပြည့် လကွယ်နှင့် ဘာသာရေးစောင့်ထိန်းမှု

*ဗုဒ္ဓဘာသာဝင်တွေရဲ့ ဘဝမှာ အခါကြီးရက်ကြီးတွေဟာ လပြည့်နေ့မှာ ကျရောက် တတ်ကြပါတယ်။*

လူ အများ၏ စိတ်မှာ ဗုဒ္ဓဘာသာ အခါကြီး နေ့ကြီးတွေ ပြုလုပ်ကြတဲ့ လပြည့် လကွယ် လဆန်း နေ့ရက်တွေရဲ့ အကျိုး သက်ရောက်မှု ဘယ်လို ရှိသလဲ ဆိုတာကို သိချင်ကြပါတယ်။ ဗုဒ္ဓဘာသာဝင်တွေ အတွက်မှာတော့ လပြည့်နေ့မှာ ဘာသာရေး အခမ်းအနားများ ကျင်းပ ပြုလုပ်ရတာ။ အထူး အကျိုး သက်ရောက်မှု ရှိငယ်လို့ ယူဆကြပါတယ်။ ဒီလို ဘာကြောင့် ယူဆကြသလဲ ဆိုတော့ လပြည့်နေ့ဟာ မြတ်ဗုဒ္ဓရဲ့ ဘဝ ဖြစ်စဉ်မှာ ထူးခြားတဲ့ အဖြစ်အပျက်တွေနဲ့ ဆက်စပ်မှု ရှိနေလို့ပဲ ဖြစ်တယ်။ မြတ်စွာဘုရား ဖွားတော်မူတဲ့ နေ့ဟာ လပြည့်နေ့ ဖြစ်တယ်။ မြတ်စွာ ဘုရား တောထွက်တော်မူတဲ့ နေ့ဟာ လပြည့်နေ့ ဖြစ်တယ်။ သဗ္ဗညုတ ဉာဏ်ကို ဗောဓိပင်ရင်းမှာ ရရှိတော်မူတဲ့ နေ့ဟာ လပြည့်နေ့ ဖြစ်တယ်။

တရားဦး ဓမ္မစကြာကို ဟောတော်မူတဲ့ နေ့ဟာလည်း လပြည့်နေ့ပါ။ မြတ်စွာ ဘုရား နောက်ဆုံး မဟာပရိနိဗ္ဗာန် ပြုတော်မူတာလည်း လပြည့်နေ့ပါ။ ဒါ့အပြင် သက်တော် ၈၀ ဝါတော် ၄၅ ဝါ အတွင်းမှာ အရေးပါတဲ့ အဖြစ်အပျက်တွေ ဟာလည်း လပြည့်နေ့များမှာ ဖြစ်ခဲ့တာ များပါတယ်။

ဒါကြောင့် တစ်ကမ္ဘာလုံးမှာ ရှိကြတဲ့ ဗုဒ္ဓဘာသာဝင်များသည် လပြည့်နေ့ကို အထွတ်အမြတ် ထားတတ်ကြတာ ဖြစ်တယ်။ ဗုဒ္ဓဘာသာဝင်များဟာ လပြည့်နေ့ များမှာ ဥပုသ်သီလ ဆောက်တည်ကြပြီး ဘာသာရေး စိတ်ထား ထက်သန်မှု များကို အခမ်းအနား ကျင်းပ ပြုလုပ်ပြီး ဖော်ပြတတ်ကြတယ်။ လပြည့်နေ့များမှာ ဗုဒ္ဓဘာသာဝင်များဟာ လောကီ စီးပွားရှာ ကိစ္စများကို ဖြတ်တောက်ထားကြပြီ။ ဥပုသ်သီလ ဆောက်တည်ရုံမျှမက တရား အားထုတ်ခြင်း ဘာဝနာ အလုပ်ကိုလည်း ဆိတ်ငြိမ်ရာ၊ ဘုရားကျောင်းကန်များကို သွားပြီး လုပ်ကြတယ်။ ဒီလို နေ့မျိုးမှာ ဗုဒ္ဓဘာသာဝင်များဟာ လောကီရေးကနေ မိမိတို့ရဲ့ စိတ်ကို ဘာသာရေးဘက်ကို ပြောင်းထားကြပြီး သတိပဋ္ဌာန် တရားပွားများခြင်းကို ပြုကြပါတယ်။ ဗုဒ္ဓဘာသာ ဝင်များမှ တခြား ဘာသာရေး စိတ်ထက်သန်သူများကလည်း လပြည့်နေ့မှာ ထူးခြားတဲ့ ဘာသာရေး အကျိုး သက်ရောက်မှု ရှိတယ် ဆိုတာကို ယုံကြည်တတ်

ကြပါတယ်။ ဒါကြောင့် ဒီလို လပြည့်နေ့များမှာ ဥပုသ် သီလ ဆောက်တည်တာတို့၊ ဝတ်ပြု ဆုတောင်းတာတို့ ပြုလုပ်ကြတယ်။

ရှေးကျတဲ့ အိန္ဒိယ လူမျိုးများဟာ လသည် ရေရဲ့ အရှင်သခင် ဖြစ်တယ်။ ရေကို အစိုးရတယ်။ သက်ရှိ သတ္တဝါတွေ အသက်ရှင်ရေးအတွက် လိုအပ်တဲ့ ရေကို ရအောင် ကမ္ဘာကို လှည့်ပတ်နေတာ ဖြစ်တယ်။ လဟာ ကမ္ဘာမြေပေါ်က အာပေါဓာတ်ရဲ့ သခင် ဖြစ်တယ်လို့ ယုံကြည်ကြတယ်။ 'အမာတ' amrta နတ်သောက်တဲ့ ရေလို့ ဆိုကြတယ်။

နှင်း၊ မိုးစက်တွေဟာ ဟင်းသီးဟင်းရွက်များရဲ့ သောက်သုံးရေ ဖြစ်တယ်။ ဒီအသီးအရွက်ထဲက ရေဓာတ်သည် နွားမများမှာ နို့ရည် ဖြစ်လာတယ်။ ဒီနို့ရည်ဟာ သွေးအဖြစ်သို့ ပြောင်းသွားတယ်လို့ ယုံကြည်ကြတယ်။ အမာတရေ၊ ဟင်းသီးဟင်းရွက်ထဲက ရေ၊ နို့ရည်၊ သွေးရည်တွေဟာ အာယုဒီယ သက်စောင့်ဆေးရဲ့ သရုပ်သဏ္ဌာန်များပဲ ဖြစ်တယ်။ ဒီလို ထာဝရ အာပေါဓာတ်ကို ထည့်ထားတဲ့ ခွက်ကြီးဟာ လပဲ ဖြစ်တယ်လို့လည်း ယူဆခဲ့ကြတယ်။

လဟာ တခြား ဂြိုဟ်နက္ခတ်များလိုပဲ လူသားများ အပေါ် ဩဇာ သက်ရောက်မှု အထိုက်အလျောက် ရှိတာ မှန်ပါတယ်။ စိတ် ဆင်းရဲနေကြသူတွေ၊ စိတ်ဝေဒနာရှင်တွေဟာ လပြည့်နေ့ကျရင် ပိုပြီး ရောဂါ တိုးလာတတ်တာကိုလည်း လေ့လာ တွေ့ရှိရတယ်။ အင်္ဂလိပ် စကား 'Lunatic' အရူးရောဂါ ဆိုတဲ့ စကားဟာ Lunar လို့ ခေါ်တဲ့ လကို အကြောင်းပြုပြီး ဖြစ်လာတာ ဖြစ်တယ်။ ဒီစကားအရ လဟာ လူ့စိတ် အပေါ်မှာ ဘယ်လောက် လွှမ်းမိုးမှု ရှိသလဲဆိုတာ သိနိုင်ပါတယ်။ လေ့လာ သုတေသန ပြုမှုများက လရဲ့ တချို့ အစိတ်အပိုင်းဟာ လူတွေ၊ တိရစ္ဆာန်တွေ အပေါ်မှာသာ ဩဇာ သက်ရောက်မှု ရှိတာ မဟုတ်ဘူး။ သစ်ပင်ပန်းမန်တွေ အပေါ်မှာလည်း လွှမ်းမိုးကြောင်း တွေ့ရှိရတယ်။ တချို့ ရောဂါရှင်တွေဆိုရင် လဆန်းရက်တွေမှာ ရောဂါ တိုးလာတာကိုလည်း တွေ့ရတယ်။ ဒီရေ အတက်အကျဟာလည်း လရဲ့ ဆွဲအားကြောင့် ဖြစ်ရကြောင်း လေ့လာ တွေ့ရှိ ခဲ့ကြတယ်။ ကျွန်ုပ်တို့ လူ့ ခန္ဓာကိုယ်ရဲ့ ခုနစ်ဆယ် ရာခိုင်နှုန်းဟာ ရေဓာတ်များ ဖြစ်ပါတယ်။ ဆေးပညာရှင်များ လေ့လာ တွေ့ရှိထားတာအရ ခန္ဓာကိုယ်ထဲက ရေဓာတ်ဟာ လပြည့်နေ့တွေမှာ ပိုပြီး လွတ်လွတ်လပ်လပ် စီးဆင်းတယ်လို့ ဆိုတယ်။ ရင်ကျပ်ပန်းနာသည်တွေနဲ့ အရေပြား ရောဂါသည်တွေဆိုရင် လရဲ့ အတိုးအဆုတ်ကို လိုက်ပြီး ရောဂါ အတိုးအဆုတ် ဖြစ်ကြောင်းလည်း တွေ့ထားကြတယ်။ လယ်သမား

တွေက သူတို့ စိုက်ပျိုးထားကြတဲ့ ကောက်ပဲသီးနှံတွေ အပေါ် လရဲ့ အကျိုး သက်ရောက်မှုကို ပိုပြီး သိနားလည်ကြတယ်။ လွန်ခဲ့တဲ့ အနှစ် ငါးထောင်ကျော် ကတည်းက လယ်သမား ယာသမားများဟာ လယ်ယာ စိုက်ပျိုးရေးမှာ လရဲ့ ဩဇာ သက်ရောက်မှု ရှိပုံကို နားလည်ခဲ့ကြတယ်။ ဘယ် စပါးမျိုးဟာ ဘယ် လပြည့်နေ့မှာ ပွင့်ရင် အကျိုး ဖြစ်ထွန်းမယ် ဆိုတာကို သိတယ်။ ဆေးပညာရှင်များ ဖြစ်ကြတဲ့ ဘေသဇ္ဇပါရဂူများကလည်း လပေါ် မူတည်ပြီး သူတို့ ဖော်စပ်တဲ့ ဆေးစွမ်းထက်ပုံကို နားလည် လက်ခံထားကြတယ်။

ဒါကြောင့် ရှေးက ရသေ့ သူတော်စင်ကြီးများက လပြည့်နေ့ရဲ့ ဩဇာ သက်ရောက်မှုကို သိမြင်ခဲ့ကြလို့ လပြည့်နေ့မှာ မကောင်းမှုတွေ မပြုလုပ်မိကြဖို့ လပြည့်နေ့မှာ နားနားနေနေ နေကြဖို့ကို ဟောကြား ဆုံးမခဲ့ကြတယ်။ လူတွေ အနေနဲ့ လပြည့်နေ့မှာ အနားယူပြီး ဘာသာရေး အလုပ် ကုသိုလ် ကောင်းမှုများ ပြုလုပ်ကြဖို့ တိုက်တွန်းခဲ့ကြတယ်။ အထူးသဖြင့် မိမိရဲ့ စိတ်ကို အဆင့်မြင့်အောင် စင်ကြယ်အောင် လေ့ကျင့် ပျိုးထောင်ထားခြင်း မရှိကြတဲ့ လူပုဂ္ဂိုလ်များမှာ လရဲ့ ဩဇာ သက်ရောက်မှုဟာ ပိုပြီး ထိရောက်တယ်လို့ ဆိုပါတယ်။ မြတ်ဗုဒ္ဓဘုရား အဖြစ်ကို ရောက်တဲ့နေ့ဟာ ကဆုန်လပြည့်နေ့ ဖြစ်တယ်။ ဒီနေ့ ဒီအချိန်မှာ သဗ္ဗညုတဉာဏ်ကို ရဖို့၊ ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ အောင်တော်မူဖို့ အတွက် အလောင်းတော်ဟာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတော်တွေကို ဖြည့်ကျင့်ပြီးမှ ဒီနေ့ ဒီရက်မှာ ပွင့်တော်မူနိုင်တာ ဖြစ်တယ်။

ရှေးခေတ်က ဆိုရင် ဗုဒ္ဓဘာသာကို ကိုးကွယ်တဲ့ နိုင်ငံတွေမှာ၊ လပြည့်နေ့၊ လဆန်း တစ်ရက်နေ့များကို အစိုးရ အလုပ်နားရက်အဖြစ် သတ်မှတ်ခဲ့ကြပါတယ်။ ဒီလို နေ့တွေမှာ တိုင်းသူပြည်သားများ ဥပုသ် သီလ ဆောက်တည်ပြီး ဘာသာရေး ကိစ္စတွေကို လုပ်နိုင်ဖို့ ဖြစ်တယ်။ နောက် ကိုလိုနီခေတ်ကျမှ ဒီလ လပြည့် ဥပုသ် နေ့တွေကို ဖျက်ပြီး တနင်္ဂနွေနေ့ကို အလုပ်နားရက်အဖြစ် ပြောင်းလဲ သတ်မှတ် ခဲ့ကြတာ ဖြစ်တယ်။ ဒီအချက်ကို သိမြင်ကြတယ်။ တချို့ ဗုဒ္ဓဘာသာ ကိုးကွယ်တဲ့ နိုင်ငံတွေမှာ လပြည့် ဥပုသ်နေ့တွေကို အများပြည်သူ အလုပ် နားရက် အဖြစ်နဲ့ ပြန်လည် သတ်မှတ်ကြတာကို တွေ့ရတယ်။ ဒီလို လပြည့်နေ့မှာ အလုပ် နားရက် သတ်မှတ်တာဟာ နိုင်ငံသားများအနေနဲ့ ဥပုသ် သီတင်း ဆောက်တည်ပြီး ကောင်းမှု ကုသိုလ်တွေ ပြုနိုင်ကြဖို့ပဲ ဖြစ်တယ်။ ဥပုသ်နေ့တွေ၊ လပြည့်နေ့တွေမှာ လောကီ စီးပွားရှာတဲ့ အလုပ်ကို ခေတ္တ ဘေးဖယ်ပြီး စိတ်ရဲ့ ငြိမ်းအေးမှု ဘဝ ချမ်းသာကို

ဘာသာရေး အလုပ် လုပ်ပြီး ရှာနိုင်ဖို့ မိမိရဲ့ သမာဓိ၊ ဝိပဿနာ အလုပ်တွေကို လုပ်နိုင်ကြဖို့အတွက် ရည်ရွယ်တာ ဖြစ်တယ်။

လပြည့်နေ့က လူနှင့် ကမ္ဘာ လောက အပေါ်မှာ အကျိုးသက်ရောက်မှု ရှိပုံကို သိပ္ပံနည်းကျ ခွဲခြမ်း စိတ်ဖြာထားတာ ရှိတယ်။

စာရေးသူ တစ်ဦးက "ကျွန်ုပ်သည် အမေရိကန် သိပ္ပံပညာ မဂ္ဂဇင်း တစ်စောင်မှာ မကြာမီက ရေးသားထားတဲ့ ဆောင်းပါး တစ်ပုဒ်ကို ဖတ်ရသည်။ ထိုဆောင်းပါးတွင် ခေတ်ကာလ အဆက်ဆက်ကတည်းက တည်ရှိခဲ့တဲ့ လရဲ့ ဩဇာ သက်ရောက်မှုဟာ လူ့ဘဝအပေါ် အထူးသဖြင့် ၂၈ ရက် တစ်ပတ်လည်တဲ့ ရက်သတ္တပတ် ၄ ခု အပေါ် ဘယ်လောက် ထိထိရောက်ရောက် သက်ရောက် နေတယ် ဆိုတာကို လေ့လာ စုံစမ်းထားတာ တွေ့ရတယ်။

ဒီသုတေသနကို အမေရိကန် တက္ကသိုလ်များ ဖြစ်ကြတဲ့ ယေးတက္ကသိုလ်၊ ဒျူ (က) နဲ့၊ နော့သ်ဝက်စတန်း တက္ကသိုလ်တွေက ပြုလုပ်ခဲ့ကြတာ ဖြစ်တယ်၊ ဒါပေမဲ့ တစ်ပူးတစ်ပေါင်းတည်း လုပ်ခဲ့ကြတာ မဟုတ်ပါဘူး။ တခြားစီ လုပ်ခဲ့ကြ တာပါ။ ဒါပေမဲ့ အဖြေ ထွက်လာတာက အံ့အားသင့်လောက်စရာ လရဲ့ အကျိုး သက်ရောက်မှုဟာ လူရဲ့ နေ့စဉ် ဘဝ အပေါ်မှာ အကြီးအကျယ် ရှိတယ် ဆိုတာ သက်သေ ထင်ရှားပြနိုင်ကြတာပဲ ဖြစ်တယ်။ လူတွင်မက သက်ရှိ သတ္တဝါတွေ အားလုံး အပေါ်မှာ လရဲ့ ဩဇာ သက်ရောက်မှုဟာ ကြီးကျယ်တယ် ဆိုတာ တွေ့ရတယ်။

ယုံကြည်လောက်စရာ အထောက်အထား တွေ့ရတာက ဒီကိစ္စမှာ ဘာမှ မှော်ပညာလည်း မပါဘူး။ လဆန်းပက္ခ၊ လဆုတ်ပက္ခတွေမှာ လူ့ ခန္ဓာကိုယ်ရဲ့ ကမ္ဗဇီဝဗေဒ ဖြစ်စဉ်ကို အများကြီး ပြုပြင် ပြောင်းလဲစေတယ်။ ခန္ဓာကိုယ်က လျှပ်စစ်ဓာတ် ထုတ်လုပ်မှုမှာ အပြောင်းအလဲ ရှိစေတယ်။ သွေးတွင်း အက်ဆစ် ဓာတ် အပြောင်းအလဲတွေ အများကြီး ဖြစ်တာ တွေ့ရတယ်။

ဒီသော့ချက်ကျတဲ့ စမ်းသပ်မှု တစ်ခုကို ထင်ရှားအောင် စမ်းသပ်မှု တစ်ခု လုပ်ခဲ့တာက ဖစ်ဒလာကဏန်းကောင်တွေမှာ စမ်းသပ်ခဲ့တာ ဖြစ်တယ်။ ကြွက်တွေနဲ့ အပင်ငယ်တွေ ပေါ်မှာလည်း စမ်းသပ်ခဲ့တယ်။ သူတို့ အားလုံးကို ဥတု အပြောင်း အလဲကြောင့် အကျိုး သက်ရောက်မှု မရှိတဲ့ အခန်းတစ်ခန်းထဲမှာ ထည့်ထားပြီး လေဖိအား အလင်းရောင်နဲ့ အပူချိန်တွေကိုပဲ ထိန်းပေးထားတယ်။

အကြိမ်ပေါင်း ရာချီပြီး ပြုလုပ်ခဲ့တဲ့ ဒီစမ်းသပ်မှုများအရ ဒီသတ္တဝါတွေနဲ့ အပင်ငယ်တွေဟာ ၂၈ ရက် တစ်ပတ်လည်ကဲ့ စနစ်အတိုင်း ဖြစ်ပေါ်နေကြတာကို

အထင်အရှား တွေ့ရတယ်။ ဇီဝကမ္မဗေဒ ဖြစ်စဉ်ဟာ လဆန်းရက်မှာ ကျဆင်းသွားတယ်။ လပြည့်နေ့ကျတော့ ၂၀ ရာခိုင်နှုန်း ပြန်တက်လာတာ တွေ့ရတယ်။ ဒီခြားနားချက်တွေကို အဆင့်ဆင့် ခွဲခြား ဖော်ပြထားတယ်။

တစ်ခါက ဖလိုရီဒါက သူနာပြုဆရာမ တစ်ဦးက ဆရာဝန် တစ်ဦးကို ပြောပြတာက လပြည့်နေ့ကျတဲ့ အပတ်မှာ သူမရဲ့ ဓမ္မတာသွေးဟာ လာတာပိုများတယ်တဲ့။ ဒီယုံကြည်ချက်အပေါ် သံသယ ရှိကြတဲ့ ဆရာဝန် အများစုကိုပဲ ဒီဆရာဝန်ကလည်း သူနာပြုဆရာမ ပြောတာကို မယုံလို့ ရယ်တယ်။

ဒီသူနာပြု ဆရာမကတော့ တားလို့ မရဘဲ ခွဲစိတ် ကုသမှုဆိုင်ရာ မှတ်တမ်းတွေကို ထုတ်ပြတယ်။ မှတ်တမ်းတွေအရ လပြည့်နေ့မှာ ခွဲစိတ်တဲ့ လူနာတွေဟာ ခွဲစိတ်ပြီး သွေးလွန်နေလို့ ခွဲစိတ်ခန်းကို ပြန်တင်ရတာ ပိုများကြောင်း ဖော်ပြနေတယ်။

ဒီဆရာဝန်ဟာ သူ့ကိုယ်သူ ကျေနပ်မှုရအောင် ဆိုပြီး သူ ကိုယ်တိုင်ပဲ မှတ်တမ်း ပြုစုကြည့်တော့လည်း သူနာပြုဆရာမ ပြောတာ မှန်ကန်နေကြောင်းကို တွေ့ရတယ်။ ဒီအဖြစ်အပျက်တွေ အားလုံးကို ခြုံပြီး သုံးသပ် ဆင်ခြင်ကြည့်မယ်ဆိုရင် ကျွန်ုပ်တို့ရဲ့ ရှေးက ဘိုးဘွားတွေနဲ့ ဘာသာရေး ဆရာတွေက ဘာဖြစ်လို့ ကျွန်ုပ်တို့ရဲ့ နေ့စဉ် အလုပ်တွေကို ပြောင်းလဲပြီး လပြည့်နေ့မှာ အနားယူပြီး ဘာသာရေး အလုပ်ကို လုပ်ဖို့ တိုက်တွန်းခဲ့ကြသလဲ ဆိုတာ ပေါ်လာတယ်။

ဘာသာရေးအရ တရား အားထုတ်တာ သီလ ဆောက်တည်ပြီး ဘာဝနာ တရား ပွားများတာဟာ လူတွေအတွက် စိတ်ရဲ့ ငြိမ်းအေးမှုနဲ့ ကိုယ်ရဲ့ အပန်းပြေမှုကို ရဖို့အတွက် အကောင်းဆုံး နည်းလမ်း ဖြစ်ကြောင်းကိုလည်း တွေ့ရတယ်။ ဗုဒ္ဓဘာသာဝင်တွေကတော့ ရှေ့လူကြီးတွေရဲ့ ဉာဏ်ပညာအရ ဆိုဆုံးမတဲ့ အတိုင်း လိုက်နာကြပြီး လဆန်းရက်၊ လပြည့်ရက်တွေမှာ ဘာသာရေး အလုပ်တွေကို အချိန်ပို ပေးပြီး လုပ်ခဲ့ကြခြင်း ဖြစ်ပါတယ်။

# အပိုင်း      လေး

# လူ့ဘောင်ထဲကလူ့ဘဝ

# ၁၁
# ဘဝနှင့် ယဉ်ကျေးမှု

## အစဉ်အလာ ဓလေ့ထုံးစံနှင့်ပွဲတော်များ

*လူ့လောက ကောင်းကျိုးကို မထိခိုက်တဲ့ ဗုဒ္ဓဘာသာ အစဉ်အလာများ ဓလေ့ထုံးစံများကို ချမှတ်ပေးတယ်။*

မြတ်ဗုဒ္ဓက ကျွန်ုပ်တို့အား ဤအရာကား ငါတို့၏ ရိုးရာထုံးစံ ရှိသည် ဆိုကာမျှ ဖြင့်လည်း မှန်သည်ဟု မယုံကြည်ကြကုန်လင့်ဟု ဆိုဆုံးမတော်မူတယ်။ သို့ရာတွင် ဤသို့ ဆိုတော်မူသောကြောင့် ရိုးရာထုံးစံ ဟူသမျှကို ပစ်ပယ်ကြရမည် ဟူ၍လည်း မယူဆသင့်ပါ။ "သင်တို့သည် ထိုထုံးတမ်းစဉ်လာများကို စမ်းသပ် စစ်ဆေးကြည့်ရမယ်။ အကယ်၍ ထိုဓလေ့ ထုံးစံများသည် ယုတ္တိ ရှိသည် ဖြစ်၍ မိမိအတွက် သော်လည်းကောင်း၊ သူတစ်ပါးအတွက် သော်လည်းကောင်း ကောင်းကျိုးလည်း ရှိသည် ဖြစ်၍ ပျော်ရွှင်ခြင်း သုခကိုလည်း ပေးသည် မှန်မူကား ထိုဓလေ့ထုံးစံများကို လက်ခံ၍ ကျင့်သုံးကြရမည် ဖြစ်တယ်" (ကာလာမသုတ်)။

ဤအဆိုအမိန့်သည် ကျွန်ုပ်တို့၏ ဆရာသခင် ဖြစ်တော်မူသော မြတ်စွာဘုရား၏ အမိန့်များတွင် လွတ်လပ်စွာ တွေးခေါ်ခွင့်ကို ခွင့်ပြုထားချက်များအနက် တစ်ခု ဖြစ်တယ်။ ဒီလို တခြား လူများရဲ့ ဓလေ့ထုံးစံများ အပေါ်မှာပါ သည်းခံမှုမျိုးကို တခြားသော ဘာသာဝင်များမှာ မရှိတတ်ကြပါ။ တခြား ဘာသာဝင်တွေက သူတို့ ဘာသာထဲသို့ အယူ ပြောင်းပြီး ဝင်လာသူတိုင်းကို မူလက ဓလေ့ထုံးစံတွေကို အားလုံး စွန့်လွှတ်ကြရမယ်လို့သာ ဆုံးမတတ်ကြတယ်။ တခြား ဘာသာက ဓလေ့ထုံးစံတွေ ယဉ်ကျေးမှု အစဉ်အလာတွေဟာ ဘယ်လောက် ကောင်းကောင်း သူတို့ဘာသာထဲ ရောက်လာရင် အားလုံးကို စွန့်ပယ်ကြရမယ်လို့ပဲ ပြဋ္ဌာန်းလေ့ ရှိတယ်။ ဗုဒ္ဓဘာသာ သာသနာပြုများကတော့ တရားဓမ္မများကို ဟောကြား ဆုံးမကြရာမှာ တခြား ဘာသာများက ဓလေ့ထုံးစံများဟာ အကြောင်းအကျိုး ဆီလျော်တယ်ဆိုရင် ဒါတွေကို ပစ်ပယ်ရမယ်လို့ မဟောကြပါဘူး။ ဒါပေမဲ့ ဒီဓလေ့ထုံးစံတွေဟာ ဘာသာ ကိုးကွယ် ဆည်းကပ်မှုရဲ့ ဘောင်အတွင်းမှာတော့ ရှိရမယ်။ တစ်နည်းပြောရရင် မိမိတို့ရဲ့ ရိုးရာဓလေ့ ထုံးစံတွေကို လက်ခံ ကျင့်သုံးတဲ့အခါ သီလ သိက္ခာပုဒ်တွေ ဆန့်ကျင်တာမျိုးတော့ မဖြစ်ရဘူး။ တကယ်လို့ လူတွေက သူတို့ရဲ့ မိရိုးဖလာ ရိုးရာ အစဉ်အလာတွေကို လိုက်နာဖို့ သိပ်ပြီး စိတ်အား ထက်သန်နေကြတယ်ဆိုရင် ဒီဓလေ့ထုံးစံတွေ၊ ရိုးရာ အစဉ်အလာတွေဟာ ဘာသာရေးတန်ဖိုးတော့ မရှိဘူး ဆိုရင်တောင်မှ အကယ်၍ သူတို့က ဒီဓလေ့ထုံးစံတွေကို ဘာသာရေး အလုပ်သဘောမျိုး လုပ်တယ်လို့ သဘောမထားဘဲ လုပ်ကြရင် ဒါတွေကို ဗုဒ္ဓဘာသာက မပိတ်ပင်ဘူး။ မတားမြစ်ပါဘူး။ ဒီဓလေ့ထုံးစံ၊ ရိုးရာ၊ အစဉ်အလာ အလုပ်တွေက ဘယ်သူ့အတွက်မှလည်း အန္တရာယ် မဖြစ်စေဘူးဆိုရင် ဒါ လုပ်ခွင့် ရှိပါတယ်။

## ပူဇော်ပသမှုများ

ဒီလို ပူဇော်ပသပွဲတွေကိုလည်း ရိုးရာ ဓလေ့ထုံးစံတွေထဲရော ထည့်လို့ရပါတယ်။ ဒီပူဇော်ပသ ပွဲသဘင်တွေဟာ လူတွေရဲ့ စိတ်ကို ဆွဲဆောင်ဖို့အတွက် ပြုလုပ်တဲ့ ဘာသာရေးရဲ့ အဆင်တန်ဆာတွေပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ဘာသာရေးကို ကိုးကွယ်ရာမှာ ဒီပူဇော်ပွဲ၊ ပသပွဲတွေ မပါဘဲလည်း လုပ်ဖို့ ဖြစ်တာပါပဲ။ လူတွေက ဒီပူဇော်ပသပွဲတွေဟာ သူတို့ ဘဝ လွတ်မြောက်ရေးအတွက် မလုပ် မဖြစ်ဘူး ဆိုတာမျိုးကိုတော့ ဗုဒ္ဓဘာသာက ဒီလို သဘောထားမျိုး မရှိဘူး။

မြတ်ဗုဒ္ဓရဲ့ အလိုတော်မှာ လူတွေအနေနဲ့ သီလဗ္ဗတပရမာသလို့ ခေါ်တဲ့ ဒီပူဇော်သက္ကာယ အလုပ်တွေကို အစွဲအလမ်း မထားရဘူး။ ဒီသံယောဇဉ်မျိုးကို မိမိရဲ့ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ အလုပ်လုပ်ရာမှာ တွယ်တာ မနေသင့်ဘူးလို့ပဲ သဘောထားတော်မူတယ်။

## ဘာသာရေး ပွဲသဘင်များ

ဗုဒ္ဓဘာသာဝင် စစ်စစ်တွေကတော့ ဗုဒ္ဓဘာသာ ပွဲသဘင် အခမ်းအနားများကို ပျော်ဖို့ပါးဖို့ သဘောမျိုး သက်သက် ဆင်နွှဲကြတာ မဟုတ်ပါဘူး။ ဘာသာရေး ပွဲတွေမှာ ဇာတ်ပွဲ၊ အငြိမ့်ပွဲတွေ ထည့်တာတို့၊ ဗွီဒီယိုပွဲတွေ ပြတာ၊ စတိတ်ရှိုး စင်တင်ပွဲတွေ လုပ်တာ၊ အရက်သေစာ သောက်စားတာ၊ တိရစ္ဆာန်တွေကို သတ်ဖြတ်ပြီး လှူဒါန်းကြတာတွေကို ဗုဒ္ဓဘာသာဝင် သူတော်စင်တွေကတော့ မလုပ်လို ကြပါဘူး။ ဒီလို အခါကြီးရက်ကြီး၊ ဘာသာရေးပွဲတွေကို ဗုဒ္ဓဘာသာ စင်စစ် စိတ်ဓာတ် ပြည့်ဝသူတွေကတော့ တစ်မျိုး တစ်ဘာသာ ကျင်းပကြတယ်။ ဒီလို ဘာသာရေးပွဲနေ့များမှာ ဗုဒ္ဓဘာသာဝင် သူတော်စင်များကတော့ ဥပုသ်သီလ ဆောက်တည်ပြီး မရှိဆင်းရဲသားတွေ၊ ခိုကိုးရာမဲ့ ဖြစ်နေကြသူတွေကို လှူဒါန်း စွန့်ကြပြီး သူတို့ ဘဝ ဆင်းရဲ သက်သာအောင် ကူညီ ထောက်ပံ့ကြပါတယ်။ မကောင်းမှု ဒုစရိုက်တွေကို မပြုမိအောင် ကောင်းစွာ ရှောင်ကြဉ်ကြတယ်။ မိတ်သင်္ဂဟများနဲ့ ဆွေမျိုးသားချင်းများကို ဧည့်ခံ ကျွေးမွေးခြင်းများ ပြုလုပ်ကြတယ်။ လူရှိသေ ရှင်ရိုသေသော အလုပ်တွေကိုပဲ လုပ်လေ့လုပ်ထ ရှိကြတယ်။

ဘာသာရေးနဲ့ ဆက်စပ်နေတဲ့ ပွဲလမ်းသဘင်တွေဟာ တစ်ခါတစ်ရံမှာ ဘာသာရေးကို အညစ်အကြေး ပြုတဲ့ပွဲမျိုးတောင် ဖြစ်နေကြတယ်။ တစ်ဖက်က ကြည့်ရင်လည်း ပွဲလမ်းသဘင် မပါတဲ့ ဘာသာရေးကျပြန်တော့ ပျင်းစရာ ခြောက် ကပ်တယ်လို့ ဆိုစရာ ဖြစ်ပြန်တယ်။ အထူးသဖြင့် ကလေး လူငယ်တွေ ဘာသာ ရေးဘက် စိတ်ပါလာအောင် ဘာသာရေးပွဲတွေကပဲ လုပ်ပေးတယ်။

ကလေးတွေ အတွက်ကျတော့ ဘာသာရေးဘက်ကို ဆွဲဆောင်တာက ဒီဘာသာရေး ပွဲလမ်းသဘင်တွေပဲ ဖြစ်တယ်။ တရား အားထုတ်တဲ့ ယောဂီများ အတွက်ကျတော့ ဒီဘာသာရေး ပွဲလမ်းသဘင်တွေဟာ စိတ်အနှောင့်အယှက် ဖြစ်စရာတွေ ဖြစ်ကြပြန်ရော။

မှန်ပါတယ်။ တချို့ကျပြန်တော့ ဘာသာရေး ပွဲသဘင်အခါကျမှ ဘာသာရေး ကိစ္စတွေ ပိုလုပ်ကြတာကိုလည်း အားမရကြပါဘူး။ သူတို့က အပေါ်ယံ အပျော်

အပါးလည်း အနည်းအကျဉ်း ထည့်ချင်ကြတယ်။ ပူဇော်ပသတာတွေ၊ ပွဲလမ်းသဘင်တွေ၊ အခမ်းအနားတွေ၊ လှည့်လည်ပွဲတွေကို လူတွေရဲ့ စိတ်လှုပ်ရှားခံစားမှုကို အငတ်ပြေအောင် အမောပြေ တိုက်ကျွေးတဲ့ ဘာသာရေး ဆေးတစ်မျိုးဆိုရင်လည်း ရပါတယ်။ ဒီအလေ့အကျင့်တွေဟာ မှားတယ်လို့တော့ ဘယ်သူကမှ မပြောနိုင်ပါဘူး။ ဒါပေမဲ့ ဗုဒ္ဓဘာသာ ဥပါသကာများကတော့ ဒီပွဲ သဘင်တွေကို ယဉ်ကျေးဖွယ်ရာ ဖြစ်အောင် စည်းရုံး လုပ်ဆောင်ကြရမှာ ဖြစ်တယ်။ ဒီပွဲသဘင်တွေကြောင့် တစ်ပါးသူ စိတ်အနှောင့်အယှက် မဖြစ်အောင်တော့ လုပ်ဖို့ သင့်ပါတယ်။

# ဗုဒ္ဓဘာသာနှင့် အမျိုးသမီးများ

*သမီး မိန်းကလေးဟာ သား ယောကျ်ားကလေးထက် ပိုပြီးကောင်းကြောင်း သက်သေ ပြနိုင်တယ်။*

ဗုဒ္ဓဘာသာမှာ အမျိုးသမီးများရဲ့ အနေအထားဟာ တစ်မူ ထူးခြားပါတယ်။ အမျိုးသမီးများကို ဘာသာရေး ကိစ္စမှာ အပြည့်အဝ လွတ်လွတ်လပ်လပ် ပါဝင်ခွင့်ကို ဗုဒ္ဓရှင်တော်မြတ်ဘုရား ခွင့်ပြုတော်မူတယ်။ ဒီလို ဘာသာရေး လွတ်လပ်ခွင့်ကို အမျိုးသမီးများအတွက် ခွင့်ပြုတော်မူတာ၊ ကမ္ဘာမှာ ဗုဒ္ဓရှင်တော်မြတ်ဘုရားက ပထမဆုံးသော ဆရာ ဖြစ်ပါတယ်။ မြတ်ဗုဒ္ဓ မတိုင်ခင်ကဆိုရင် မိန်းမများရဲ့ အလုပ်ဟာ မီးဖိုချောင် အလုပ်ပဲလို့ သတ်မှတ်ထားခဲ့ကြတာပါ။ မိန်းမတွေကို ဘုရားကျောင်းတော်တွေထဲကိုလည်း ဝင်ခွင့် မပြုခဲ့ဘူး။ ဘုရား ကျမ်းစာတွေ၊ ပရိတ်တရားလို ဘာသာရေး စာတွေကိုတောင် ရွတ်ဖတ်ခွင့် မပြုခဲ့ကြပါဘူး။ မြတ်ဗုဒ္ဓ ပွင့်တော်မူချိန် ရောက်လာခဲ့အချိန်အထိ အမျိုးသမီးများရဲ့ အဆင့်အတန်းဟာ လူ့ဘောင် အဖွဲ့အစည်းထဲမှာ အလွန် နိမ့်ကျနေပါသေးတယ်။ မြတ်စွာဘုရားက အမျိုးသမီးများရဲ့ လွတ်လပ်ခွင့်ကို ပေးတော်မူတာကို တချို့ လူတွေက (အိန္ဒိယပြည်မှာ) ဝေဖန် ပုတ်ခတ်ခဲ့ကြပါတယ်။ မြတ်စွာဘုရားက အမျိုးသမီးများကို သံဃာအဖွဲ့အစည်းထဲကို ဘိက္ခုနီများအဖြစ်အထိ ခွင့်ပြုတော်မူတာဟာ ဒီခေတ် ဒီအချိန်အခါက ဆိုရင် အလွန် ရဲရင့်တဲ့ အပြုအမူ တစ်ရပ် ဖြစ်ခဲ့ပါတယ်။ ဗုဒ္ဓရှင်တော်

ဘုရားကတော့ အမျိုးသမီးများလည်း အမျိုးသားများ နည်းတူ အရဟတ္တ မဂ်ဖိုလ်ကို ရောက်အောင် ကျင့်ကြံ အားထုတ်ရင် ရတယ် ဆိုတာကို သက်သေ ထင်ရှားပြဖို့ ခွင့်ပြုတော်မူခဲ့တာ ဖြစ်တယ်။ ဒါကြောင့် ကမ္ဘာပေါ်မှာ ရှိတဲ့ အမျိုးသမီးထု တစ်ရပ်လုံးက ဗုဒ္ဓရှင်တော်မြတ်ဘုရားကို ကျေးဇူး အထူး တင်ထိုက်တယ်။ ဘာကြောင့်လဲဆိုရင် မြတ်ဗုဒ္ဓက အမျိုးသမီးများကိုလည်း ဘာသာရေး ဘဝ နေနည်းကို သင်ကြား ပြသခဲ့တဲ့အပြင် သူတို့ရဲ့ အမျိုးသမီး လွတ်လပ်ခွင့် ရပိုင်ခွင့်ကို အသိအမှတ်ပြု၍ ခွင့်ပြုတော်မူခဲ့လို့ပဲ ဖြစ်တယ်။ ဒါဟာဖြင့် လူ့ သမိုင်းမှာ အမျိုးသမီးများ ပထမဆုံး ရရှိခဲ့တဲ့ လွတ်လပ်ခွင့်နဲ့ ရပိုင်ခွင့်ပါ။

ဗုဒ္ဓခေတ်မှာရှိနေခဲ့တဲ့ အမျိုးသမီးများအပေါ် သဘောထားကို အကောင်းဆုံး သရုပ်ဖော်ပြခဲ့တဲ့ အဖြစ်အပျက်ကတော့ မာရ်နတ်ရဲ့ စကားပါပဲ။

"ဘယ် အမျိုးသမီးမှ ကျဉ်းမြောင်းတဲ့ ဉာဏ်ပညာ ရှိတာကြောင့် အမြင့်မြတ်ဆုံး သူတော်စင်များ ရရောက်နိုင်တဲ့ ဉာဏ်အဆင့်ကို မရောက်နိုင်ဘူး။"

ဒီအယူအဆကို အကြီးအကျယ် ဆန့်ကျင် ပုန်ကန်လိုက်တာက ဗုဒ္ဓရှင်တော်မြတ်ဘုရားပါ။ ဘိက္ခုနီမ တစ်ဦးကို မာရ်နတ်က ဒီစကားတွေ ပြောခဲ့တာပါ။ ဒါကို အောက်ပါအတိုင်း ပြန်လည် ချေပခဲ့တယ်။

"လူတစ်ယောက်ဟာ သူ့ စိတ်ကို ကောင်းစွာ သမာဓိသို့ ရောက်အောင် ထူထောင်နိုင်ရင် ပညာဟာ မုချ လိုက်ပါ ဖြစ်ပေါ်မှာပဲ။ အမျိုးသမီးကြောင့် ဆိုပြီး ဘာမှ ကွဲပြား ခြားနားမှာ မဟုတ်ပါဘူး"

ကောသလမင်းကြီးဟာ သူ့ မိဖုရားခေါင်ကြီးမှာ သမီး မိန်းကလေး မွေးကြောင်း ကြားသိရတဲ့အခါ အကြီးအကျယ် စိတ်ပျက်သွားတယ်။ မင်းကြီးက သားယောကျ်ားကလေး ရချင်လို့ မျှော်လင့်နေတာကိုး။ ဒါကို မြတ်စွာဘုရား ကြားသိတော်မူတဲ့အခါ ကောသလမင်းကြီး စိတ်ချမ်းသာအောင် ဗုဒ္ဓရှင်တော်မြတ်ဘုရား မိန့်တော်မူတာက-

"လူတို့ကို အစိုးရသော မင်းကြီး (သမီးတော်ကို) ကျွေးမွေး သုတ်သင်လော့၊ ပညာရှိသော၊ အကျင့်သီလရှိသော၊ ယောက္ခမကို နတ်ကဲ့သို့ ရိုသေသော၊ လင်ကို လုပ်ကျွေးသော၊ အချို့သော မိန်းမသည်လည်း မြတ်၏။"

"အရပ်မျက်နှာတို့၏ အရှင်ဖြစ်သော မင်းကြီး၊ ထိုမိန်းမအား အကြင် သားယောကျ်ားကို မွေးဖွား၏။ ထိုသို့သော မိန်းမကောင်း၏ သားသည် ရဲရင့်၏။ တိုင်းပြည်ကိုလည်း (အုပ်ချုပ်) ဆုံးမနိုင်၏"ဟု ရွတ်ဆိုတော်မူ၏။

(မလ္လိကာသုတ်-သံယုတ္တနိကာယ်)

မြတ်စွာဘုရားရဲ့ ဒီစကားကို အရှင်ဓမ္မနန္ဒထေရ်မြတ်က ရေးထားပုံမှာ ဤသို့ ဖြစ်ပါတယ်။

'A female child, O Lord of men, may prove
Even a better offspring than a male.
For she may grow up wise and virtuous,
Her husband's mother reverencing, true wife,
The boy that she may bear may do great a deeds,
And rule great realms, yes, such a son
Of noble wife becomes his country's guide.'

ဗုဒ္ဓရှင်တော်မြတ်ဘုရားက ယောကျ်ားသာလျှင် ပညာရှင် ဖြစ်နိုင်တာ မဟုတ်ဘူး။ မိန်းမများလည်း ပညာရှိ ဖြစ်နိုင်ကြောင်းကို အသိအမှတ် ပြုလိုက်ခြင်း၊ အတည်ပြုလိုက်ခြင်း ဖြစ်တယ်။

ယခုခေတ်အခါမှာတော့ ဘာသာရေးသမားများက သူတို့ ဘာသာဟာလည်း အမျိုးသမီးမှာလည်း တန်းတူ အခွင့်အရေး ရှိကြောင်းကို ထုတ်ဖော် ပြောဆိုလာကြပြီ ဖြစ်ပါတယ်။ ကျွန်ုပ်တို့အနေနဲ့ မိမိတို့ရဲ့ ပတ်ဝန်းကျင်မှာရှိတဲ့ ကမ္ဘာကြီးကို ကြည့်ရမယ်။ တခြား လူ့အဖွဲ့အစည်းတွေထဲမှာ အမျိုးသမီးများ ရရှိနေတဲ့ အဆင့်အတန်းကို အကဲခတ် ကြည့်သင့်တယ်။ အမျိုးသမီးများမှာ ပစ္စည်းပိုင်ဆိုင်ခွင့် မရှိတာ တွေ့ရမယ်။ တခြား အရေးကိစ္စတွေမှာလည်း ယောကျ်ားများနဲ့ ခွဲခြား ဆက်ဆံ ခံနေကြရတာကို တွေ့ရမယ်။ အများအားဖြင့် သိမ်မွေ့တဲ့ ကိစ္စတွေမှာ အပြစ်တင် ခံနေကြရတာ တွေ့ရမယ်။

အနောက်တိုင်းမှာတောင်မှ အမျိုးသမီးများ မဲပေးပိုင်ခွင့်ရဖို့ အပြင်းအထန် တိုက်ပွဲ ဝင်နေကြရတာတွေ ရှိသေးတယ်။ ဗုဒ္ဓဘာသာမှာတော့ အမျိုးသမီးများကို နှိမ့်ချပြီး ဆက်ဆံတာကို တရားတယ်လို့ မသတ်မှတ်ပါဘူး။

# ဗုဒ္ဓဘာသာနှင့် နိုင်ငံရေး

*ဗုဒ္ဓရှင်တော်မြတ်ဟာ လောကီကိစ္စ မှန်သမျှကို လွှန်မြောက်တော်မူပါတယ်။ ဒါတောင်မှ အတိုးရကောင်း တစ်ခု ဖြစ်ဖို့ ကိစ္စမှာ အဆုံးအမများ ပေးတော်မူခဲ့တယ်။*

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ခတ္တိယ ဆိုတဲ့ စစ်သူရဲ မျိုးရိုးဇာတ်နွယ်က ဆင်းသက်လာသူ ဖြစ်တယ်။ ဒီတော့ သဘာဝအားဖြင့် အုပ်ချုပ်သူ မင်းမျိုးမင်းနွယ်ထဲ ကျရောက်သွားပါတယ်။ မင်းမျိုး အုပ်စိုးသူ မျိုးနွယ်က ဆင်းသက်လာသူ ဖြစ်သော်လည်း မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့တဲ့ တရားတွေထဲမှာ နိုင်ငံရေး သြဇာအာဏာ ရရှိရေးကို ရည်ရွယ်ပြီး ဘယ်တုန်းကမှ မဟောကြားပါဘူး။ မိမိရဲ့ တရားဒေသနာတော်များကို နိုင်ငံရေး အာဏာ ရရှိရေး ကိစ္စမှာ တလွဲ အသုံးချတာကိုလည်း ဘယ်တုန်းကမှ ခွင့်ပြုတော် မမူပါဘူး။ ဒါပေမဲ့ ဒီခေတ် ဒီအခါမှာတော့ လူ အတော်များများဟာ ဗုဒ္ဓရဲ့ နာမည်ကို နိုင်ငံရေးထဲ ဆွဲသွင်း လာကြတာကို တွေ့ရတယ်။ တချို့က ဗုဒ္ဓရှင်တော်မြတ်ဘုရားကို ကွန်မြူနစ်လို့ စွပ်စွဲသူ စွပ်စွဲ၊ အရင်းရှင်လို့ စွပ်စွဲသူ စွပ်စွဲ၊ တချို့ကဆို နယ်ချဲ့သမားလို့ ရမ်းရမ်းကားကား ပြောဆို စွပ်စွဲတာတောင် ရှိလာကြတယ်။ မိမိတို့ရဲ့ ကိုယ်ကျိုး ကိုယ့်ကိစ္စအတွက် မြတ်ဗုဒ္ဓရဲ့ မွန်မြတ်လှတဲ့ နာမည် ဂုဏ်သတင်းကို အသုံးချလာသူတွေအနေနဲ့ သိထားသင့်တာက မြတ်ဗုဒ္ဓဟာ အတုမရှိသော သဗ္ဗညုတ ဉာဏ်တော်ရှင် သမ္မာသမ္ဗုဒ္ဓ ဖြစ်တော်မူခြင်းဟာ လောကီနယ်ကို လွန်မြောက်သွားခြင်း ဖြစ်တယ် ဆိုတဲ့ အချက်ပါ။

ဘာသာရေးကို လောကီရေး၊ နိုင်ငံရေးနဲ့ ရောထွေးအောင် အားထုတ်ခြင်းသည် ပြဿနာကို ဖန်တီးခြင်းပဲ ဖြစ်တယ်။ ဘာသာရေးရဲ့ အခြေခံက ကိုယ်ကျင့်သီလပဲ ဖြစ်တယ်။ သန့်စင်ခြင်း ဝိသုဒ္ဓိနှင့် ယုံကြည်ခြင်း သဒ္ဓါတရားပဲ ဖြစ်တယ်။ နိုင်ငံရေး ဆိုတာက အာဏာမှာ အခြေခံတယ်။ လူ့သမိုင်း တစ်လျှောက်မှာ အာဏာရ အုပ်စိုးသူများဟာ မိမိတို့ရဲ့ အာဏာရ အုပ်စိုးခြင်းကို တရားဝင်ကြောင်း၊ ဘုရားအလိုတော်ကျ ဖြစ်လာတာ ဖြစ်ကြောင်း လူတွေ ယုံကြည်အောင် လုပ်ဖို့ ဘာသာရေးကို ဆွဲသုံးတာတွေ ရှိခဲ့ပါတယ်။ စစ်တိုက်တာကိုပဲ ဘာသာရေးစစ်ဆိုပြီး ဒီစစ်ဟာ တရားတဲ့ စစ်၊ မွန်မြတ်တဲ့ စစ်လို့ လူတွေ ယုံကြည်အောင်လည်း ဘာသာရေးကို ခုတုံး လုပ်တက်ကြတယ်။ ဘာသာရေး ညွှန်းပန်း နှိပ်စက်မှုတွေ

လုပ်ခဲ့ကြတယ်။ ရက်စက် ကြမ်းကြုတ်မှုတွေ၊ အကြမ်းဖက်မှုတွေ၊ ပုန်ကန်မှုတွေ၊ ယဉ်ကျေးမှု အမွေအနှစ်တွေကို ဖျက်ဆီးမှု စသည်များကိုလည်း ဘာသာရေး မျက်နှာဖုံးစွပ်ပြီး ကျူးကျူးလွန်လွန် လုပ်ခဲ့ကြတယ်။

ဘာသာရေးကို မိမိတို့ နိုင်ငံရေး အကျိုးအတွက် လိုရာဆွဲပြီး အသုံးချခဲ့ကြတယ်။ ဒါကြောင့် ဘာသာတရားရဲ့ မြင့်မားတဲ့ ကိုယ်ကျင့်တရားစံတွေဟာ နိုင်ငံရေး လိုဘတွေကြောင့် ယုတ်ညံ့မှုတွေ ဖြစ်ကုန်ကြရတော့တာပဲ။

ဗုဒ္ဓဓမ္မရဲ့ ရုတ်တရက် ထိုးဝင်လာမှုဟာ နိုင်ငံရေးစနစ် တစ်ခုကို တီထွင်ဖို့ မဟုတ်ပါ။ နိုင်ငံရေး အစီအစဉ်တွေကို ချမှတ်ဖို့လည်း မဟုတ်ပါ။ အခြေခံအားဖြင့် ဘာသာရေးက လူ့ အဖွဲ့အစည်းရဲ့ ပြဿနာတွေကို ချဉ်းကပ်ရာမှာ လူ့ အဖွဲ့အစည်းရဲ့ ကိစ္စတွေကို ဆောင်ကြဉ်းနေတဲ့ လူပုဂ္ဂိုလ်တစ်ဦးချင်းကို ပြုပြင်ပြောင်းလဲဖို့ အတွက် လိုအပ်တဲ့ ယေဘုယျမူတွေကို အကြံပြုပြီး ဒီမူတွေအရ လူသား တစ်ရပ်လုံးရဲ့ ဘဝ သာယာတိုးတက် ကောင်းမွန်ရေး၊ ရင်းမြစ်တွေကို အညီအမျှ အကျိုးတူခံစားရရေးတွေကို ဖြစ်ပေါ်လာစေဖို့ပဲ ဖြစ်တယ်။

နိုင်ငံရေးစနစ် တစ်ခုဟာ လူသားတွေရဲ့ သာယာဝပြောမှုနဲ့ ပျော်ရွှင်မှုကို လုံခြုံအောင် ကာကွယ် စောင့်ရှောက်နိုင်တာက အတိုင်းအတာ တစ်ခု အထိပဲ။ အကန့်အသတ်နဲ့ ရှိနေတာပါ။ ဘယ်နိုင်ငံရေး စနစ်မှ၊ ဘယ်လောက်ပဲ စံထားလောက်တယ်လို့ ထင်ရတဲ့ စနစ်မျိုးမှ လူ့အဖွဲ့အစည်းထဲက လူတွေက လောဘ၊ ဒေါသ၊ မောဟ တရားတွေ နောက်ကို လိုက်နေလို့ ဒီတရားတွေဟာ လွှမ်းမိုးနေလို့ ရှိရင် လူ့ အဖွဲ့အစည်း တစ်ခုကို ငြိမ်းချမ်းရေးနဲ့ ချမ်းသာသုခ ရအောင် မဆောင်ရွက်ပေးနိုင်ပါဘူး။ ဒါ့အပြင် ဘယ်လို နိုင်ငံရေး စနစ်မျိုးကို လက်ခံကျင့်သုံးမလဲ ဆိုတာက လိုရင်း မဟုတ်ပါဘူး။ ဒီ လူ့ အဖွဲ့အစည်းက လူတွေမှာ ယေဘုယျကျတဲ့ သဘောတွေကို တွေ့ကြုံ ခံစားနေကြရတယ် ဆိုရင်ပေါ့။ ကံ ကံ၏ အကျိုး၊ ကောင်းကံ၊ မကောင်းကံရဲ့ အကျိုးကို ခံစားကြရမယ်။ စစ်မှန်တဲ့ စိတ်ကျေနပ်မှု၊ မြဲမြံတဲ့ ချမ်းသာသုခဆိုတဲ့ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘော ရှိတဲ့ လောကကြီးထဲမှာ ဘယ်အခါမှ မပြည့်စုံနိုင်ဘူး။ အမြဲတမ်း လိုနေမှာပဲ ဆိုတာတွေကို သိနားလည်ထားကြရင်ပေါ့။

ဗုဒ္ဓဘာသာဝင်တွေရဲ့ အမြင်မှာတော့ သံသရာမှာ ဘယ်နေရာမှာမှ စစ်မှန်တဲ့ လွတ်လပ်ခွင့် ဆိုတာလည်း မရှိဘူး။ နတ်ပြည်၊ ဗြဟ္မာ့ပြည်မှာတောင် မရှိနိုင်ဘူးလို့ နားလည်ထားပါတယ်။

ကောင်းတဲ့ နိုင်ငံရေးစနစ် တစ်ခု၊ တရား မျှတတဲ့ နိုင်ငံရေးစနစ် တစ်ခုမှာ လူ့ အခြေခံ အခွင့်အရေးတွေကို အာမခံချက် ပေးထားပြီး အာဏာကို ချုပ်ကိုင်သူများကိုလည်း ချုပ်ချယ် ကန့်သတ်ပြီး ချိန်ခွင်လျှာ ညီမျှအောင် ထိန်းပေးထားတဲ့ စနစ် ဖြစ်စေကာမူ လူတွေဟာ လူတွေ အပြည့်အဝ လွတ်လပ်ခွင့် ရှိတဲ့ နိုင်ငံရေးစနစ်မျိုးကို အချိန်ကုန် ငွေကုန်ခံပြီး ရှာနေကြရသေးတယ်။ ဘာဖြစ်လို့ ရှာနေကြတာလဲဆိုတော့ ဘယ်နိုင်ငံရေး စနစ်မှာမှ လုံးဝ လွတ်လပ်ခွင့်ဆိုတာ မတွေ့နိုင်လို့ပဲ ဖြစ်တယ်။ လုံးဝ လွတ်လပ်ခွင့် ဆိုတာကို စနစ်ထဲမှာ ရှာလို့တော့ ဘယ်တော့မှ မတွေ့နိုင်ဘူး။ စိတ်ထဲမှာပဲ ရှာလို့ ရနိုင်တယ်။ တကယ် လွတ်လပ်ချင်တယ်ဆိုရင် လွတ်လပ်မှု အပြည့်အဝကို ရဖို့အတွက်ဆိုရင် လူတွေအနေနဲ့ ကိုယ့်စိတ်ထဲမှာပဲ စိတ်ရဲ့ လွတ်လပ်ခွင့်ကို ရှာရမှာ ဖြစ်တယ်။ အဲဒါကြောင့်တော့ မိမိရဲ့ စိတ်ထဲမှာ ရှိနေတဲ့ အဝိဇ္ဇာနဲ့ တဏှာဆိုတဲ့ သမုဒယ ကိလေသာတွေက လွတ်မြောက်အောင် အားထုတ်ရမှာပဲ ဖြစ်တယ်။

အစစ်အမှန်ဆုံး လွတ်လပ်ခွင့်ကို ရနိုင်မှာက လူတွေဟာ ဓမ္မဆိုတဲ့ တရားသဘောကို ကျင့်သုံးလာနိုင်မှ ဖြစ်မှာပါ။ မိမိတို့ရဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေကို ထိန်းချုပ် ပြုပြင်ပြီး မိမိတို့ရဲ့ အကျင့်သီလ တိုးတက် ကောင်းမွန်လာအောင် လုပ်ရမယ်။ ဒီကမှ တစ်ဆင့် မိမိတို့ရဲ့ စိတ် အဆင့် မြင့်မားလာအောင် လုပ်ရမယ်။ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရောက်အောင် ရည်မှန်းပြီး လုပ်နိုင်မှ ရမှာပါ။

ဘာသာရေးကို နိုင်ငံရေးနဲ့ ခွဲခြားထားရမယ်ဆိုတဲ့ အချက်ကို သိအမှတ်ပြုပြီး နိုင်ငံရေး စနစ်ကို အကန့်အသတ်ထားပြီး ငြိမ်းချမ်းရေးနဲ့ ပေါင်းစည်းရေးကို ဖော်ဆောင်ပုံနဲ့ ပတ်သက်ပြီး ဗုဒ္ဓရဲ့ သင်ကြားချက်တွေထဲမှာ အချက်အလက် မြောက်မြားစွာ ရှိပါတယ်။ ဒီဘုရားဟော ဒေသနာတော်တွေထဲမှာ ဒီနေ့ ကမ္ဘာကြီးထဲက လူသားများအတွက် တိုက်ရိုက် အကျိုး ဖြစ်ထွန်းစေနိုင်တာတွေ နိုင်ငံရေး အစီအမံများအတွက် အသုံးတည့်တာတွေတော့ အများကြီး ပါရှိပါတယ်။ ပထမဦးစွာ မြတ်ဗုဒ္ဓက အေဗရာဟန်လင်ကွန်း မပြောမီ ရှေးပဝေသဏီ ကတည်းက လူသားချင်း တန်းတူညီမျှ ရှိရမည်ဆိုတဲ့ စကားကို မိန့်ကြားတော်မူခဲ့တာပါ။ ပြီးတော့ ဇာတ်တို့၊ လူတန်းစားတို့ ဆိုတာ လူ့ အဖွဲ့အစည်းကြီးထဲမှာ လူတွေက တမင် ဖန်တီးခဲ့ကြတာတွေသာ ဖြစ်တယ်။ မြတ်ဗုဒ္ဓက လူတွေကို ခွဲခြား သတ်မှတ်ရာမှာ သူတို့ရဲ့ အကျင့်သီလ အပေါ် မူတည်ပြီးမှ အယုတ်၊ အလတ်၊ အမြတ် ခွဲခြားပုံကို ဟောတော်မူခဲ့တာပါ။

ဒုတိယ အချက်က လူသားတွေ အချင်းချင်း လူ့ဘောင် အကျိုးကို ဆောင်ရွက်ရာမှာ စိတ်ပါလက်ပါ အတူတကွ ရိုင်းပင်း ဆောင်ရွက်ကြဖို့ကို ဟောတော်မူပါတယ်။ ခေတ်သစ် လူ့ အဖွဲ့အစည်းကြီးထဲမှာလည်း နိုင်ငံရေး ကိစ္စတွေမှာ ဒီလူမှုရေး ပူးပေါင်း ဆောင်ရွက်မှု စိတ်ဓာတ်ကို မြှင့်တင်ကြပါတယ်။ တတိယ အချက်က ဗုဒ္ဓရှင်တော်မြတ်ဘုရားကို ဆက်ခံသူ ဘယ်သူ့ကိုမှ မခန့်ထားခဲ့ပါ။ သံဃာ အဖွဲ့အစည်းကို ဓမ္မဝိနယကသာ ‌လမ်းညွှန်တော်မူရမှာ ဖြစ်ပါတယ်။ ယနေ့ထက်တိုင် သံဃာတော်များကို ဝိနည်း ဥပဒေများကသာ ချုပ်ကိုင် လမ်းညွှန်လျက် ရှိပါတယ်။ စတုတ္ထ အချက်ကတော့ မြတ်ဗုဒ္ဓက ဒီမိုကရေစီ ဖြစ်စဉ်အရ ညှိနှိုင်း တိုင်ပင် စည်းဝေး ဆုံးဖြတ် လုပ်ကိုင်တာကို အားပေးတော်မူတယ်။ ဒီအချက်ကို သံဃာတော်များရဲ့ အဖွဲ့အစည်းထဲမှာ ပိုပြီး ထင်ရှားပါတယ်။ သံဃာ အဖွဲ့အစည်းထဲမှာ သံဃာနဲ့ ဆိုင်တဲ့ ကိစ္စကို သံဃာတော်တိုင်းမှာ ပါဝင် ဆွေးနွေး ဆုံးဖြတ်ပိုင်ခွင့် ရှိပါတယ်။ ကြီးကျယ်တဲ့ ပြဿနာ ပေါ်ပေါက်လာတဲ့အခါကျမှ ပြဿနာ အတိမ်အနက်ကို သံဃာတော်များ ရှေ့မှောက် တင်ပြပြီး ဒီမိုကရေစီ ပါလီမန် လွှတ်တော်မှာ ဆွေးနွေးကြသလို ဆွေးနွေး တိုင်ပင်ကြရပါတယ်။ ဒီလို သံဃာတော်ကို သံဃာတော်များ ကိုယ်တိုင် အုပ်ချုပ်ပုံ စနစ်မျိုး လွန်ခဲ့တဲ့ အနှစ် ၂၅၀၀ ကျော် ဗုဒ္ဓခေတ် ကတည်းက မျက်မှောက်ခေတ် ပါလီမန် စနစ်မျိုး ဗုဒ္ဓခေတ်ကတည်းက ကျင့်သုံးမှု ရှိခဲ့တယ် ဆိုတာကို သိရတာ အလွန် အံ့သြစရာ ဖြစ်နေပါတယ်။ ပါလီမန်မှာ ဥက္ကဋ္ဌ (လွှတ်တော် ဥက္ကဋ္ဌ) ကို ခန့်အပ်သလို အခမ်းအနားကို ထိန်းသိမ်းဖို့ သံဃာ့နာယက ဆရာတော်ကို ရွေးချယ်ရပါတယ်။ ဒုတိယ အနေနဲ့ အခမ်းအနား အစီအစဉ်တကျ ဖြစ်မဖြစ်ကို ကွပ်ကဲဖို့အတွက် အကျိုးတော်ဆောင် ဆရာတော်ကိုလည်း သံဃာများက ခန့်အပ်ကြပါတယ်။

ပြီးတော့ အမှုကိစ္စတွေကို အဆိုများ အဖြစ် တင်သွင်းကြရပါတယ်။ ဒီအဆိုတွေကို သံဃာများ အားလုံးက ဝိုင်းပြီး ဝေဖန် ဆွေးနွေးကြပါတယ်။ တချို့ ကိစ္စတွေမှာ တစ်ကြိမ်တည်းနဲ့ ပြီးပါတယ်။ အချို့ ကိစ္စတွေကျတော့ သုံးကြိမ်တိုင် ဆွေးနွေးပြီးမှ ဆုံးဖြတ်ကြပါတယ်။ ဒီအလေ့အကျင့်ဟာ ပါလီမန် စနစ် မပေါ်ပေါက်ခင်ကတည်းက ဥပဒေ တစ်ခုကို အတည်မပြုခင် သုံးကြိမ် တိုင်တိုင် ဆွေးနွေးကြရတဲ့ သဘောမျိုးပါပဲ။ ဆွေးနွေးကြရာမှာ သဘောထား ကွဲလွဲမှု ရှိကြလို့ရှိရင် ဒီကိစ္စကို အများစု ဆန္ဒမဲနဲ့ မဲပေးပြီး ဆုံးဖြတ်ခဲ့ကြတာ ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာက နိုင်ငံရေး အာဏာကို ချဉ်းကပ်ရာမှာ ကိုယ်ကျင့်တရား (မင်းကျင့်တရား)နဲ့ ပြည်သူ့ အာဏာကို သုံးစွဲရာမှာ တာဝန်ယူမှုအပေါ် အခြေခံပါတယ်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားက အကြမ်းမဖက်ရေးကိုသာ ဟောကြား ဆုံးမတော်မူပါတယ်။ ငြိမ်းချမ်းရေးကိုသာ တစ်လောကလုံးနဲ့ ဆိုင်တဲ့ တရားအဖြစ် သတ်မှတ်ပါတယ်။ လူ့ အသက်ကို ဖျက်ဆီးခြင်းကို အကြမ်းဖက်မှုကို မြတ်ဗုဒ္ဓ ခွင့်ပြုတော် မမူပါ။ ပြီးတော့ တရားတဲ့ စစ်ဆိုတာ ဘယ်တော့မှ မရှိဘူးလို့လည်း ပြတ်ပြတ်သားသား ကြေညာတော်မူပါတယ်။

မြတ်ဗုဒ္ဓ သင်ကြားချက်က 'အောင်နိုင်ခြင်းသည် အမုန်းတရားကိုသာ ပွားစေရာသည်။ ရှုံးနိမ့်သူကား ဆင်းရဲစွာ နေကြရသည်။ အနိုင်အရှုံးကို ပယ်သော သူသာလျှင် ပျော်ရွှင်ခြင်း သုခနှင့် ငြိမ်းချမ်းခြင်းကို ရနိုင်သည်'လို့ ဓမ္မပဒမှာ ဟောတော်မူပါတယ်။ မြတ်ဗုဒ္ဓသည် အကြမ်း မဖက်ရေး၊ ငြိမ်းချမ်းရေးတရားကိုသာ ဟောကြားတော်မူတာ မဟုတ်ပါ။ စစ်ပွဲ ဖြစ်ရာနေရာကို ကိုယ်တိုင် ကြွသွားပြီး စစ်မဖြစ်ကြဖို့ တားဆီးတော်မူတဲ့ ဘာသာရေး ခေါင်းဆောင်ဆိုလို့ လူ့ သမိုင်းမှာဖြင့် မြတ်ဗုဒ္ဓသည်သာ ပထမဆုံး ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်ပါတယ်။

သကျသာကီဝင်များနဲ့ ကောလိယတွေဟာ ရောဟိနီမြစ်က ရေကို ခွဲဝေရေး ကိစ္စမှာ အငြင်းပွားပြီး စစ်ဖြစ်ရလောက်အောင် တင်းမာနေကြတယ်။ ဒါကို ဗုဒ္ဓရှင်တော်မြတ်ဘုရားက စစ်ဖြစ်ရန် ပြင်ဆင်နေတဲ့ စစ်တလင်းကို ကိုယ်တိုင် ကြွသွားပြီး တင်းမာမှုတွေ ပြေပျောက်သွားအောင် တရားဓမ္မများကို ဟောကြား ဆုံးမတော်မူပါတယ်။ ပြီးတော့ အဇာတသတ်မင်းက ဝဇ္ဇီတိုင်းကို စစ်မတိုက်ဖြစ်အောင်လည်း ဗုဒ္ဓရှင်တော်မြတ်ဘုရားက ဆွဲဆောင်တော်မူနိုင်ခဲ့ပါတယ်။

မြတ်ဗုဒ္ဓသည် အစိုးရကောင်း တစ်ခုရဲ့ အရေးပါ အရာရောက်ကြောင်းနဲ့ အုပ်စိုးသူ အစိုးရကောင်း ဖြစ်ဖို့အတွက် ကြိုတင် ရှိအပ်တဲ့ အရည်အချင်းတွေကိုလည်း ထုတ်ဖော် ဟောကြားတော်မူခဲ့ပါတယ်။ ပြီးတော့ တိုင်းပြည် တစ်ပြည်မှာ အဂတိ လိုက်စားမှုတွေ ဘယ်လို ဖြစ်လာနိုင်တယ် ဆိုတာကို ဟောကြားရာမှာ တိုင်းပြည် အုပ်ချုပ် မင်းလုပ်သူ နိုင်ငံ အကြီးအကဲက အကျင့်ပျက်ပြီး အဂတိ လိုက်စားပြီး မတရား ပြုကျင့်ရင် တိုင်းသူပြည်သားများလည်း အကျင့်ပျက်ပြီး အဂတိ လိုက်စားတတ်ပုံကို ဟောကြားတော်မူပါတယ်။ ဒီလို အုပ်စိုးသူ မင်းကအစ၊ မင်း လုလင်ပါ မကျန် အဂတိ လိုက်စားကြပြီ ဆိုရင် တိုင်းသူပြည်သား လူအများ စိတ်ဆင်းရဲရပုံ၊ တိုင်းပြည် ဆုတ်ယုတ် ပျက်စီးရပုံများကိုလည်း ထုတ်ဖော်ဟောကြားတော်မူတယ်။ မြတ်စွာဘုရားသည် အဂတိ လိုက်စားခြင်း သဘောကို ဆန့်ကျင်

ဟောကြားတော်မူခဲ့တယ်။ တိုင်းပြည် အုပ်ချုပ် မင်းလုပ်သူ အစိုးရသည် လူသားချင်း စာနာ ထောက်ထား၊ သနားငဲ့ညှာသော မူဝါဒဖြင့် အုပ်ချုပ်သင့်ကြောင်းကိုလည်း ဆုံးမတော်မူပါတယ်။

တစ်ခါတုန်းက မြတ်စွာဘုရားက "တိုင်းပြည် အုပ်ချုပ် မင်းလုပ်သူက တရား မျှတပြီး ကောင်းစွာ အုပ်ချုပ်သူ ဖြစ်ပါလျှင် မှူးမတ် အရာရှိများလည်း တရား မျှတပြီး ကောင်းစွာ တာဝန် ထမ်းဆောင်သူတွေ ဖြစ်လာတယ်။ အဆင့်မြင့် တိုင်းပြည် တာဝန်ရှိသူများက ကောင်းမွန်ပြီး တရား မျှတတဲ့အခါ အရာရှိ အရာခံများ၊ လက်အောက်ငယ်သား မင်းမှုထမ်း မင်းလုလင်များက အစ အားလုံး ကောင်းမွန်သူများ တရား မျှတသူများ ဖြစ်လာကြပါတယ်။ ဒီလို အုပ်စိုးသူများက တရားမျှတ ကောင်းမွန်သူတွေ ဖြစ်ကြပြီဆိုရင် တိုင်းသူပြည်သား လူအများလည်း တရားမျှတသူတွေ တိုင်းသူပြည်သားကောင်းတွေ ဖြစ်လာကြတော့တယ်"

(အင်္ဂုတ္တရနိကာယ်)

*စက္ကဝတ္တိသီဟနန္ဒသုတ်*မှာ မြတ်ဗုဒ္ဓက အကျင့်ပျက်မှု၊ ရာဇဝတ်များ ဖြစ်ကြတဲ့ ခိုးမှု၊ လိမ်မှု၊ အကြမ်းဖက် တိုက်ခိုက်မှု၊ မုန်းတီးမှု၊ ရက်စက် ကြမ်းကြုတ်မှုတွေဟာ ဆင်းရဲ ကျပ်တည်းမှုကြောင့် ဖြစ်လာကြရကြောင်းကို ဟောတော်မူတယ်။ မင်းနှင့် အစိုးရများအနေနဲ့ ရာဇဝတ်မှုများကို အပြစ်ဒဏ်ထားခြင်းဖြင့် နှိမ်နင်းကြရမယ်။ ဒါပေမဲ့ ရာဇဝတ်မှု ပပျောက်အောင် အင်အားကို သုံးပြီး လုပ်တာကတော့ အကျိုးမဲ့ အချည်းနှီးပဲ ဖြစ်ကြောင်းကို ဟောထားပါတယ်။

*ကုတဒန္တသုတ်*မှာလည်း ဗုဒ္ဓရှင်တော်မြတ်ဘုရားက အင်အား သုံးပြီး ရာဇဝတ်မှုကို နှိမ်နင်းမည့်အစား စီးပွားရေး အဆင်ပြေလာအောင် လုပ်ပေးသင့်ကြောင်းကိုလည်း အကြံပြု ဟောကြားတော်မူတယ်။ အစိုးရဟာ တိုင်းပြည်ရဲ့ အရင်းအမြစ်များကို အသုံးပြုပြီး တိုင်းသူများရဲ့ စီးပွားရေး တိုးတက် ကောင်းမွန်လာအောင် လုပ်ပေးရမည်။ လယ်ယာ စိုက်ပျိုးရေးနဲ့ ကျေးလက်ဒေသ လူနေမှုဘဝ သက်သာချောင်ချိပြီး တိုးတက် ကြီးထွားလာအောင် ဆောင်ရွက်ပေးရမယ်။ ငွေရေးကြေးရေး၊ အကူအညီ၊ အထောက်အပံ့တွေကို စီးပွားရေး လုပ်ငန်း စွန့်စား လုပ်ကိုင်ချင်သူတွေကို ပေးရမယ်။ လက်လုပ်လက်စား အလုပ်သမားများကိုလည်း သူတို့ဘဝ အသက်ရှင် နေထိုင်ရေးအတွက် လုံလောက်တဲ့ လုပ်ခလစာကို ထောက်ပံ့ပေးကမ်းရမယ်။ ဒီနည်းနဲ့ လူ့ ဂုဏ်သိက္ခာ မကျဆင်းရအောင် စောင့် ရှောက်ပေးရမယ်လို့ ဟောထားပါတယ်။

ဇာတက နိပါတ်တော်ထဲမှာ မင်းကျင့်တရား (၁၀) ပါးကို အစိုးရကောင်းတို့ လိုက်နာအပ်ကြောင်း ဟောတော်မူထားပါတယ်။ ဒီမင်းကျင့်တရား ၁၀ ပါးဟာ ခုခေတ် ခုကာလမှာလည်း တိုင်းပြည်ကို ငြိမ်းချမ်း သာယာစွာ အုပ်ချုပ်လိုတဲ့ အစိုးရမင်းများ အသုံးချလျှင် အသုံးတည့်နိုင်ပါတယ်။ ဒီမင်းကျင့်တရား (ရာဇဓမ္မ) ဆယ်ပါးကတော့-

၁။ ရက်ရောမှု လွတ်လပ်မှု ရှိပြီး တစ်ကိုယ်ကောင်း မဆန်ခြင်း
၂။ အကျင့်သီလ အဆင့်မြင့် ကောင်းမွန်ခြင်း
၃။ တိုင်းသူပြည်သားများ၏ ဘဝ သက်သာချောင်ချိရေးအတွက် မိမိ၏ ကိုယ်ကျိုးအတ္တကို စွန့်လွှတ် အနစ်နာခံခြင်း
၄။ ရိုးသား ဖြောင့်မတ်ပြီး အကြွင်းမဲ့ ဂုဏ်သိက္ခာရှိခြင်း
၅။ ကြင်နာသနားတတ်ခြင်း
၆။ တိုင်းသူပြည်သားများ အားကျလောက်အောင် မိမိ၏ ဘဝ အနေအထိုင် ရိုးသားခြင်း
၇။ အမျက်ဒေါသ ကင်းစင်ခြင်း
၈။ အကြမ်းမဖက်ခြင်း
၉။ သည်းခံတတ်ခြင်း
၁၀။ ပြည်သူလူထု၏ ထင်မြင် ယူဆချက်များကို လေးစားစွာ ငြိမ်းချမ်းရေးနှင့် ညီညွတ်မှုကို မြှင့်တင်ခြင်းတို့ ဖြစ်ပါတယ်။

မှတ်ချက်။ ။ ပါဠိလိုဆိုတော့ မင်းကျင့်တရား ဆယ်ပါးကို

၁။ ဒါန ၂။ သီလ ၃။ ပရိစာဂ
၄။ အဇ္ဇဝံ ၅။ မဒ္ဒဝံ ၆။ တပံ
၇။ အကောဓံ ၈။ အဝိဟိံသံ ၉။ ခန္တိ ၁၀။ အဝိရောဓနံ

တို့ ဖြစ်ပါတယ်။ ဒါကို ဒေါက်တာ သိရိဓမ္မနန္ဒ ဆရာတော်ကြီးက တိုက်ရိုက် ဘာသာပြန်တာ မဟုတ်ဘဲ ဒီစကားတို့ရဲ့ အနက်သွားပေါ်အောင် ပြန်ဆိုထားတာ ဖြစ်တယ်။

မင်းတို့ ကျင့်အပ်သော တရားနှင့် စပ်လျဉ်း၍ မြတ်ဗုဒ္ဓက ဆက်လက် ဟောကြားတော်မူသည်မှာ-

၁။ အုပ်စိုးသူ မင်းကောင်း အစိုးရကောင်းတို့ မည်သည် ဘက်လိုက်ခြင်း၊ အဂတိ လိုက်စားခြင်း၊ တိုင်းသူပြည်သား လူအများတို့ အပေါ် ခွဲခြား ဆက်ဆံမှု မရှိခြင်းလည်း တစ်ရပ်။

၂။ အုပ်စိုးသူ မင်းကောင်း၊ အစိုးရကောင်းတို့ မည်သည် တိုင်းသူပြည်သားတို့ အပေါ် အမုန်းစိတ်ထား၍ ဆက်ဆံခြင်း မပြုခြင်းလည်း တစ်ရပ်။

၃။ အုပ်စိုးသူ မင်းကောင်း၊ အစိုးရကောင်းတို့ မည်သည် တရား မျှတမှု ရှိသော တရားဥပဒေကို ပြဋ္ဌာန်းရာ၌ ကြောက်ရွံ့ ထိတ်လန့်မှု မရှိခြင်းလည်း တစ်ရပ်။

၄။ မင်းကောင်း အစိုးရကောင်းတို့မည်သည် မိမိတို့ ပြဋ္ဌာန်းလိုသော ဥပဒေကို ကောင်းစွာ သိနားလည်မှု ရှိရမည်။ ငါ့မှာ ဥပဒေ ပြဋ္ဌာန်းခွင့် အာဏာ ရှိသည် ဆိုကာမျှ သဘောထားဖြင့် ပြဋ္ဌာန်းခြင်း မပြုအပ်။ တရားဥပဒေကို ပြဋ္ဌာန်းရာ၌ အကြောင်း ယုတ္တိ ခိုင်လုံမှု ရှိပြီး စိတ်နှလုံးကောင်းဖြင့်သော ပြဋ္ဌာန်းရမည်။

(စက္ကဝတ္တိသီဟနန္ဒသုတ်)

မိလိန္ဒပဉှာတွင်လည်း ဤသို့ ဆိုထားပါတယ်။

"မင်းကြီး၊ ဥပမာ တစ်နည်းသော်ကား ယောကျ်ားသည် အစွမ်းသတ္တိ မရှိ၊ အမျိုးယုတ်၏။ နည်းသော ပညာရှိ၏။ ကြီးကျယ်စွာသော မင်း၏ အဖြစ်ကို ရသော် တစ်ခဏချင်းဖြင့် ဖောက်ပြန်၏။ ပရိသတ်ကို ဖျက်ဆီး၏။ နောက်သို့ ဆုတ်၏။ အစိုးရသော အဖြစ်ကို ဆောင်ရွက်ခြင်းငှာ မတတ်နိုင်ရာ။ ထိုသို့သော မထိုက်တန်သော မင်းအား ပြည်သူတို့က ညှဉ်းဆဲ နှိပ်စက်ရာသည်၊ ပြည်သူတို့က အပြစ်ဒဏ် ခတ်ရာသည်၊ တိုင်းသူပြည်သားတို့သည် ဥပဒေကို ချိုးဖောက်သော ကာလ အပြစ်ဒဏ် ခတ်ရာသကဲ့သို့ ထိုသို့သော ဥပဒေနှင့် အညီ မအုပ်ချုပ်သော မင်းကိုလည်း အပြစ်ဒဏ် ပေးရမည်။ ထို့အပြင် မင်းကဲ့သို့ မကျင့်၊ ခါးပြကဲ့သို့ ကျင့်သော မင်းအားလည်း အုပ်ချုပ်ခွင့်ကို မပြုရာ။

ဤသဘောကို ဆရာတော်ကြီး ဓမ္မနန္ဒက ဤသို့ ရေးသား ဖော်ပြတော်မူသည်။

'If a man who is unfit, incompetent, immoral, improper, unable and unworthy of kingship, has enthroned himself or king or a ruler with great authority, he is subject to be tortured... to be subject to a variety of punishment by the people, because being unfit and unworthy, he has placed himself unrighteously in the seat of sovereiguty. The ruler like

others who violate and transgress moral codes and basic rules of all social laws of mankind, is equally subject to punishment: and moreover, to be censured is the ruler who conducts himself as a robber of the public.'

ဇာတကထဲမှာလည်း အပြစ် မရှိတဲ့ တိုင်းသူပြည်သားတွေကိုသာ အပြစ်ဒဏ် ပေးပြီး တကယ့် လက်သည် တရားခံကိုတော့ အပြစ် မပေးဘဲထားတဲ့ မင်းဟာ တိုင်းပြည်ကို အုပ်ချုပ်ဖို့ မသင့်တဲ့ မင်း ဖြစ်ကြောင်းကို ဖော်ပြထားပါတယ်။

မင်းတို့မည်သည် မိမိကိုယ်ကိုယ် တိုးတက်မှု ရှိအောင် မိမိ၏ အပြုအမူ၊ အပြောအဆိုကို မိမိဘာသာ အမြဲတမ်း စိစစ်မှု ရှိရမည်။ ပြည်သူလူထု၏ ထင်မြင်ချက်များကို သိနေအောင် အမြဲ စနည်းနာရမည်။ မိမိသည် တိုင်းပြည်ကို အုပ်ချုပ်ရာ၌ အမှားအယွင်း တစ်စုံတစ်ရာ ပြုမိခြင်း ရှိမရှိကို အကဲခတ်နေရမည်။

အကယ်၍ မိမိသည် တရားသဖြင့် မအုပ်ချုပ်သောကြောင့် အမှားအယွင်း တစ်စုံတစ်ရာ ပြုမိခဲ့ပြီဟု သိမြင်လာသောအခါမှာလည်း ပြည်သူလူထုက မတရားသော မင်း၏ အုပ်ချုပ်မှုကြောင့် ငါတို့ ပျက်စီးရပြီဟု ပြစ်တင် ဝေဖန်လာကြလိမ့်မည်။ ကောက်ကျစ် စဉ်းလဲသော မင်းသည် မတရားသဖြင့် အပြစ်ဒဏ် စီရင်ခြင်း၊ မတရားသဖြင့် အခွန်အတုတ် ကောက်ခံခြင်း၊ အခြားသော နည်းများဖြင့် ဖိနှိပ်ချုပ်ချယ်ခြင်း၊ အဂတိ အမျိုးမျိုး လိုက်စားခြင်းကြောင့် ပြည်သူများက ထိုမင်းအား တစ်နည်းမဟုတ် တစ်နည်းအားဖြင့် တုံ့ပြန်လာကြလိမ့်မည်။ တစ်နည်းဆိုသော် မင်းသည် တရားသဖြင့် အုပ်ချုပ်သောအခါ ပြည်သူလူထုက အရှင်မင်းကြီး သက်တော်ရာကျော် ရှည်ပါစေဟု ဆုမွန်ကောင်းများ တောင်းကြလိမ့်မည်။

(မဇ္ဈိမနိကာယ်)

မြတ်စွာဘုရားသည် အုပ်စိုးသူ အစိုးရမင်းတို့၏ အကျင့်သီလ ကောင်းမွန်ရေးကို အလေးပေး ဟောကြားတော်မူပါတယ်။ အကျင့်သီလ ကောင်းမွန်ပြီး ပြည်သူလူထုက အပ်နှင်းထားတဲ့ အချုပ်အခြာ အာဏာကို ပြည်သူလူထု ဘဝ သက်သာ ချောင်ချိရေး၊ တိုးတက် ကြီးပွားစေရေးအတွက် အသုံးပြုရေး ဟောကြားချက်များက အာသောက ဧကရာဇ် ဘုရင်ကြီးကို ဘီစီ ၃၀၀ လောက်တုန်းက အလွန် အားပေးအားမြှောက် ပြုခဲ့ပါတယ်။ ဒီတရားများနဲ့အညီ အုပ်စိုးတော်မူခဲ့တဲ့ အတွက် အာသောကမင်းကြီးရဲ့ ဂုဏ်သတင်းဟာ လူ့ သမိုင်းမှာ ထွန်းပခဲ့ပါတယ်။ အာသောကမင်းကြီးဟာ မြတ်ဗုဒ္ဓ ဟောကြားတော်မူတဲ့ တရားဓမ္မများနှင့်အညီ မင်းပြုတော်မူခဲ့တယ်။ သူ့ရဲ့ အိမ်နီးချင်း တိုင်းပြည်များအပေါ် နယ်ချဲ့လိုခြင်း

သဘောထားကို ကြေညာတော်မူခဲ့တယ်။ ဒီအကြောင်းကိုလည်း အခြားသော ပြည်ထောင်မင်းများထံ တမန်စေပြီး သိကြားစေတော်မူတယ်။

တစ်ပါးသော မင်းများအပေါ် သူ ထားရှိတဲ့ ချစ်ကြည်ရေး သဘောထားကို ယုံကြည် စိတ်ချရအောင် အခိုင်အမာ ပြခဲ့ပါတယ်။ သူ့ လက်ထက်မှာ ရိုးသား ဖြောင့်မတ်ခြင်း၊ သစ္စာရှိခြင်း၊ ကရုဏာထားခြင်း၊ ကြင်နာသနားပြီး အကြမ်း မဖက်ခြင်း၊ သတ္တဝါ အားလုံးအပေါ် ထောက်ထား ညှာတာသောစိတ် ရှိခြင်း၊ အသုံးအဖြုန်းမကြီးခြင်း၊ သိမ်းပိုက်မှု မပြုခြင်း၊ တိရစ္ဆာန်များအား ညှဉ်းပန်း နှိပ်စက် သတ်ဖြတ်ခြင်း မပြုရေးဆိုတဲ့ အားရှိတဲ့ တရားများနဲ့အညီ အုပ်ချုပ် မင်းလုပ်တော် မူခဲ့တယ်။ မင်းကြီးဟာ ဘာသာရေး လွတ်လပ်စွာ ကိုးကွယ်ခွင့်ကိုလည်း အားပေး ခွင့်ပြုခဲ့တယ်။ မတူသော ဘာသာဝင် အချင်းချင်း လေးလေးစားစား ဆက်ဆံရေး ကိုလည်း အားပေးတော်မူတယ်။ ကျေးလက်ဒေသနေ ပြည်သူလူထုအများ ရှိရာ အရပ်သို့လည်း မကြာခဏ ကိုယ်တော်တိုင် သွားရောက်ပြီး တရားဓမ္မများကို ဟောကြား ဆုံးမတော်မူတယ်။ ပြည်သူ့ သက်သာ ချောင်ချိရေး၊ ကျန်းမာရေး၊ ပညာရေး စတဲ့ လုပ်ငန်းများကိုလည်း ကိုယ်တိုင် ကြီးကြပ်ပြီး တည်ထောင်တယ်။ ဆေးရုံများ တည်ဆောက်တယ်။ လူများ အတွက်ရော၊ တိရစ္ဆာန်များ အတွက်ပါ ဆေးရုံ ဆေးခန်းများကို ထူထောင်တယ်။ ဆေးများကို ဝေငှတယ်။ လမ်းဘေး အရိပ်ရ သစ်ပင်များကို စိုက်ပျိုးစေတယ်။ ရေတွင်း ရေကန်များကို တူးဖော်စေတယ်။ ရေအိုးစင်များ၊ ဇရပ်များကိုလည်း တည်ဆောက်ပြီး လှူဒါန်းခဲ့တယ်။ အထူးသဖြင့် တိရစ္ဆာန်များအပေါ် ရက်စက်ကြမ်းကြုတ်မှုကို တားမြစ်တော်မူခဲ့တယ်။

တစ်ခါတစ်ရံ ဗုဒ္ဓရှင်တော်မြတ်ဘုရားကို လူမှု ပြုပြင် ပြောင်းလဲရေးသမား ကြီး အဖြစ်လည်း ဖော်ပြ ပြောဆိုတတ်ကြတယ်။ တခြားသော လူမှု ပြုပြင် ပြောင်းလဲမှု အလုပ်များအနက် အထူးသပြင့် အိန္ဒိယပြည်မှာ အရိုးစွဲနေတဲ့ ဇာတ် စနစ်ကို ဗုဒ္ဓက ရှုတ်ချ ပြစ်တင်တော်မူတယ်။ လူ အချင်းချင်း တန်းတူညီမျှထားရေး သဘောထား အမြင်ကို အသိအမှတ် ပြုတော်မူတယ်။ လူမှုစီးပွား တိုးတက် ကြီးပွားရေးကို ဆောင်ရွက်ရန်လည်း အရေးထား ဟောကြားတော်မူပါတယ်။ ဥစ္စာ ဓနများကို အညီအမျှ ဖြန့်ဝေ ခံစားရရေးကို အရေးတကြီးထားပြီး ဆင်းရဲ ချမ်းသာ အလွန်အမင်း မကွာခြားရေးကိုလည်း ဟောကြား ဆုံးမတော်မူတယ်။ အမျိုးသမီး များရဲ့ လူမှု ဘဝ အဆင့်အတန်းကိုလည်း မြှင့်တင်တော်မူပါတယ်။ အုပ်စိုးသူ အစိုးရရဲ့ လုပ်ငန်းထဲမှာ လူသားချင်း စာနာတဲ့ လုပ်ငန်းတွေကိုလည်း ပူးတွဲ လုပ်ဆောင်ရန် ထောက်ခံပြီး ပြဋ္ဌာန်းတော်မူတယ်။ ပြီးတော့ လူ့ အဖွဲ့အစည်းကို

အုပ်ချုပ်ရာမှာ လောဘ တဏှာ ဦးစီးပြီး မလုပ်ကြဖို့ မေတ္တာ ကရုဏာနဲ့ စာနာထောက်ထားစိတ်ဖြင့်သာ အုပ်ချုပ်ကြဖို့ကိုလည်း တိုက်တွန်း ဆုံးမတော်မူပါတယ်။

ဒီအရေးကိစ္စများထက် ပိုပြီး လူသားများအတွက် မြတ်စွာဘုရား ပြုခဲ့တဲ့ အကျိုးပြု လုပ်ငန်းကြီး တစ်ခု ရှိပါသေးတယ်။ ဒီအလုပ်မျိုးကို ဗုဒ္ဓ မတိုင်မီကလည်း ဘယ်သူမှ လုပ်ရကောင်းမှန်း မသိခဲ့သလို သူ့ နောက်မှာလည်း အရေးထားပြီး လုပ်ရကောင်းမှန်း မသိတဲ့ ကိစ္စပါ။ မြတ်ဗုဒ္ဓဟာ လူသားတို့ရဲ့ စိတ်နှလုံးထဲမှာ နက်နက်ရှိုင်းရှိုင်း အမြစ်စွဲနေတဲ့ မကောင်းမှု သဘောထားတွေကို ပြုပြင် ပြောင်းလဲရေးကို ဖော်ဆောင်ခဲ့ပါတယ်။ ပြုပြင် ပြောင်းလဲရေးကို အပြင်ပန်း ဗဟိဒ္ဓအားဖြင့် လုပ်တာက ရေတိုပဲရမယ်။ တကယ်တမ်း ပြုပြင် ပြောင်းလဲရေး လုပ်ချင်ရင် စိတ်ပြောင်း တော်လှန်ရေးလုပ်မှ ဖြစ်တယ် ဆိုတာကို ထုတ်ဖော် ဟောကြားတော်မူခဲ့တာပါ။

အင်အားကို အသုံးပြုပြီး လုပ်တဲ့ ပြုပြင် ပြောင်းလဲရေးဟာ ခဏပဲ ခံမယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီ ပြုပြင် ပြောင်းလဲရာမှာ စွဲစရာ အမြစ် မပါဘူး။ အကိုင်းအခက်တွေကတော့ ဘေးပြင်ဘက်ကို ဖြာထွက်နေကြပါရဲ့။ ဘဝင်စိတ်ဆိုတဲ့ မကုန်ခန်းနိုင်တဲ့ ရင်းမြစ်တွေဆီက အဆီဩဇာဓာတ်ကို ရနေလို့ ဖြစ်တယ်။ တကယ်တမ်း ပြုပြင် ပြောင်းလဲရေး ဖြစ်ဖို့ကတော့ ပြုပြင် ပြောင်းလဲလိုတဲ့စိတ် အဆင်သင့် ဖြစ်နေမှသာ ဖြစ်နိုင်ပါတယ်။ လူတွေဟာ မိမိကိုယ်တိုင် အမှန်တရားကို ချစ်မြတ်နိုးမှု လူ အချင်းချင်း တရားမျှတစေလိုမှု ဆိုတဲ့ တရားများဆီက ရှင်သန်အားကို ရရှိနေသရွေ့ ရပ်တည် ရှင်သန်နေကြမှာပဲ ဖြစ်တယ်။

မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားဟာ နိုင်ငံရေး ဒဿနကို အခြေခံပြီး ဟောတာ မဟုတ်ပါ။ ပြီးတော့ ဒီတရားများဟာ လူတွေအတွက် လောကီ စည်းစိမ် ချမ်းသာတွေ ရဖို့ကို အခြေခံ ဟောကြားတာလည်း မဟုတ်ပါ။ နိဗ္ဗာန် မဂ်ဖိုလ်ကို ရည်သန်ပြီး ဟောကြားတာတွေချည်းပါ။ တစ်နည်းဆိုရရင် နောက်ဆုံးပိတ် ရည်မှန်းချက်ကတော့ တဏှာကို သေအောင် သတ်ဖို့ပါပဲ။ တဏှာက လူသားများကို လောကထောင်ထဲမှာ ချုပ်နှောင် အကျဉ်းချထားတာပါ။ ဓမ္မပဒထဲမှာ ပါတဲ့ ပါဠိ စာပိုဒ်တစ်ခုဟာ ဒီအချက်ကို ပေါ်လွင် ထင်ရှားစေပါတယ်။ လောကီချမ်းသာရကြောင်းက တစ်လမ်း၊ ဘာသာရေး ဘဝကို ထူထောင်ပြီး နိဗ္ဗာန် ရောက်ကြောင်း တရားက တစ်လမ်း ဖြစ်သည်။ ဒါပေမဲ့ ဒီစကားဟာ ဗုဒ္ဓဘာသာဝင်တွေဟာ နိုင်ငံရေးနဲ့ ဘာမှ မပတ်သက်ကြဘူးဆိုတဲ့ အနက်အဓိပ္ပာယ်မျိုးတော့ မသက်ရောက်ပါဘူး။ လူ့ အဖွဲ့အစည်းထဲက လူတွေရဲ့ ဘဝကို တရား ဥပဒေ

စည်းမျဉ်း စည်းကမ်းများနဲ့ ပုံဖော်ယူကြရတာပါ။ စီးပွားရေး အစီအမံတွေကိုလည်း နိုင်ငံတစ်နိုင်ငံ အတွင်းမှာပဲ လုပ်ခွင့်ရကြတာ ဖြစ်ပါတယ်။ ဒါတွေကို ဒီနိုင်ငံတွင်းက နိုင်ငံရေးက ဩဇာ သက်ရောက်ပါတယ်။ မည်သို့ပင် ဖြစ်စေ၊ ဗုဒ္ဓဘာသာဝင်တွေလည်း နိုင်ငံရေးမှာ ပါဝင်လိုကြပါတယ်။ ဒါပေမဲ့ နိုင်ငံရေး အာဏာရဖို့ ဘာသာရေးကိုတော့ ခုတုံး မလုပ်သင့်ပါ။

# ၁၂
# အိမ်ထောင်ရေး၊ ပဋိသန္ဓေတားဆီးရေးနှင့် သေခြင်းတရား

## အိမ်ထောင်ရေးအပေါ် ဗုဒ္ဓဘာသာအမြင်

*ဗုဒ္ဓဘာသာမှာ အိမ်ထောင်ရေး ကိစ္စကို လုံးဝ ကိုယ်ရေးကိုယ်တာ ကိစ္စလို့ပဲ သတ်မှတ်တယ်။ ဘာသာရေးနဲ့ လုံးဝ မဆိုင်ပါ။*

အိမ်ထောင်ရေး ကိစ္စသည် လူမှုရေးဆိုင်ရာ အများလက်ခံထားသော ဓလေ့ထုံးတမ်း တစ်ခု ဖြစ်တယ်။ လူတွေက လူသားတို့ ပျော်ရွှင် ချမ်းမြေ့စွာ နေနိုင်ရေးအတွက် ထိထွင်ထားသော လူမှုရေး အဆောက်အအုံ သဘော တစ်ခုပင် ဖြစ်ပါတယ်။ အိမ်ထောင်ရေးသည် လူနှင့် တိရစ္ဆာန်တို့ရဲ့ ကွဲပြား ခြားနားမှုကို ဖော်ဆောင်တဲ့ လူ့ မျိုးဆက် ပြန့်ပွားရေး မွေးဖွားမှုနှင့် ဆိုင်တဲ့ လူ့အဖွဲ့အစည်းအတွင်း သဘောထား ညီညွတ်မှုနှင့် စည်းကမ်းတကျ ရှိမှုကို ထိန်းသိမ်းတဲ့ ဖြစ်စဉ် တစ်ခုပါ။ ဗုဒ္ဓဘာသာ စာပေကျမ်းဂန်များထဲမှာတော့ တစ်လင် တစ်မယားစနစ်၊ တစ်လင် မယားအများ

စနစ်ကို မဖော်ပြဘဲ ရေငုံနှုတ်ပိတ် ထားစေကာမူ ဗုဒ္ဓဘာသာဝင် ဒါယကာ၊ ဒါယိကာမများအနေနဲ့ တစ်လင် တစ်မယား စနစ်ကိုပဲ လက်ခံ ကျင့်သုံးကြဖို့ ဆုံးမထားပါတယ်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားအနေနဲ့ လူသာမန်တွေနဲ့ စပ်ဆိုင်တဲ့ အိမ်ထောင်ရေး စည်းမျဉ်း စည်းကမ်းတွေကိုတော့ ချမှတ်ခဲ့တာ မရှိပါဘူး။ ဒါပေမဲ့ ပျော်ရွှင် ချမ်းမြေ့တဲ့ အိမ်ထောင်ရေး ဘဝကို ဘယ်လို တည်ဆောက်သင့်ကြောင်း အဆုံးအမများကိုတော့ ဟောကြားတော်မူခဲ့ပါတယ်။ မိမိရဲ့ ဇနီးမယား တစ်ဦးတည်း အပေါ်မှာပဲ သစ္စာရှိရှိ ပေါင်းသင်း ဆက်ဆံပြီး တခြားသော မိန်းမများ နောက်သို့ မလိုက်စားခြင်းသည်သာ ဉာဏ်ပညာရှိရာကျကြောင်း ဟောကြားတာတွေ ရှိပါတယ်။ အမျိုးကောင်းသား တစ်ယောက်ရဲ့ ကျဆုံးခြင်း အကြောင်းဟာ မိမိ ဇနီးမယားမှ တစ်ပါး အခြားသော မိန်းမများနှင့် ငြိစွန်းခြင်းကြောင့် (ပရဘ္ဘဝသုတ်) မှာ ဟော ပါတယ်။ ယောကျ်ား တစ်ယောက်ဟာ ဇနီး မိန်းမ တစ်ယောက်နဲ့ ပေါင်းသင်း ဆက်ဆံတဲ့ အိမ်ထောင် တစ်ခု တည်ထောင်ရာမှာပင် တွေ့ကြုံရတတ်တဲ့ အခက် အခဲတွေ၊ အကဲစမ်းမှုတွေ ဘယ်လောက်များတယ်ဆိုတာ နားလည်သင့်တယ်။ ဘေးအန္တရာယ်နဲ့ ကြုံတွေ့ရတဲ့ အချိန်အခါကျရင် ဒီအခက်အခဲတွေဟာ ဘယ် လောက်တောင် ပိုပြီး ကြီးကျယ်လာသလဲ ဆိုတာကိုလည်း နားလည်သင့်တယ်။ လူ့ သဘာဝရဲ့ စိတ်ဓာတ် ပျော့ညံ့မှု၊ စိတ်လွယ်မှုကို သိမြင်တော်မူတာကြောင့် မြတ်ဗုဒ္ဓက ငါးပါး သီလ သိက္ခာပုဒ်ထဲမှာ ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်ကို ထည့်သွင်းထားပြီး သူ့ တပည့်သားများ ဒီသိက္ခာပုဒ်ကို ထိန်းသိမ်းကြဖို့ကိုလည်း တိုက်တွန်းတော်မူထားပါတယ်။

အိမ်ထောင်ရေးနဲ့ ပတ်သက်တဲ့ ဗုဒ္ဓဘာသာတို့ရဲ့ အမြင် အယူအဆဟာ သိပ်ပြီး လွတ်လပ်ပါတယ်။ ဗုဒ္ဓဘာသာမှာ အိမ်ထောင်ရေး ကိစ္စဟာ ပုဂ္ဂိုလ်ရေး ကိစ္စ၊ မိမိတို့ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စသာ ဖြစ်တယ်။ ဘာသာရေးနှင့် လုံးဝ မပက်သက်ပါ။ ဘာသာ တာဝန် တစ်ရပ်လည်း မဟုတ်ပါ။ လူ တစ်ယောက်ကို အိမ်ထောင် မပြုဘဲ မနေရ ဆိုတဲ့ ဥပဒေ ပညတ်မျိုးလည်း ဗုဒ္ဓဘာသာမှာ မရှိပါ။ မိမိ သဘောအလျောက် အိမ်ထောင် မပြုဘဲ ငယ်ဖြူအဖြစ် လူပျိုကြီး၊ အပျိုကြီး အဖြစ် နေလိုကလည်း နေနိုင်တယ်။ ဗုဒ္ဓဘာသာဝင်တွေဟာ သားသမီး မွေးရမယ်လို့ ပြဋ္ဌာန်းထားချက်မျိုးလည်း ဘယ်နေရာမှာမှ မရှိပါဘူး။ သားသမီး ဘယ်နှယောက်ပဲ မွေးရမယ်လို့လည်း ကန့်သတ်ချက်မျိုးလည်း မရှိပါ။ အိမ်ထောင်ရေးနဲ့ ပတ်သက် သမျှ အမှုခပ်သိမ်းမှာ ဗုဒ္ဓဘာသာဝင်တွေ အနေနဲ့ လွတ်လပ်စွာ ရွေးချယ် ဆောင်ရွက်ခွင့် ရှိပါတယ်။ အိမ်ထောင် မပြုရဘူးဆိုတဲ့ ဥပဒေ မရှိရင် ဘာကြောင့်

ဒီနေရာမှာ မေးနိုင်တဲ့ မေးခွန်း တစ်ခုက ဗုဒ္ဓဘာသာ ရဟန်း သံဃာတွေဟာ ဘာကြောင့် အိမ်ထောင် မပြုရတာလဲ ဆိုတဲ့ အမေးပါ။

အဖြေကတော့ ရှင်းပါတယ်။ အကြောင်းက လူသားတွေ အကျိုးကို လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်ဖို့ပဲ ဖြစ်တယ်။ သံဃာတော်တွေဟာ မေထုန်မှုကို ရှောင်ကြဉ်တဲ့ ဘဝနေနည်းကို ရွေးချယ်တာပဲ ဖြစ်ပါတယ်။ အိမ်ထောင်ရေးကို ပယ်တဲ့၊ လောကီနယ်ကို စွန့်တဲ့ ရဟန်းဟာ လောကီရေး တာဝန်ယူရမှုတွေကို မိမိ သဘောအလျောက် စွန့်ပယ်ခြင်းအားဖြင့် စိတ်ရဲ့ ငြိမ်းအေးမှုကို ထိန်းသိမ်းပြီး မိမိတို့ရဲ့ သာဝကများ အကျိုးသက်သက်ကို ဆောင်ရွက်နိုင်အောင်နဲ့ မိမိရဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရှိရေးကို လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်ဖို့ပဲ ဖြစ်တယ်။ ရဟန်း သံဃာတော်များအနေနဲ့ လက်ထပ်ပွဲ အခမ်းအနားကို တာဝန်ယူ ဆောင်ရွက် ပေးခြင်း မရှိသော်လည်း မင်္ဂလာဆွမ်းကျွေးပြီး အကြင်လင်မယားအတွက် မင်္ဂလာပွဲ ချီးမြှင့်ခြင်းမျိုးကိုတော့ ကျင်းပပေးနိုင်ပါတယ်။

## လင်မယား ကွာရှင်းပြတ်စဲခြင်း

ဗုဒ္ဓဘာသာမှာ ကွာရှင်းပြတ်စဲခြင်းကို တားမြစ်ထားတာ မရှိပါ။ လိုအပ်လာတဲ့ အခါမှာတော့ ဗုဒ္ဓရဲ့ မိန့်မှာထားချက်များကို တိတိကျကျ လိုက်နာရတာမျိုးတော့ ရှိပါတယ်။ တစ်ယောက်နှင့် တစ်ယောက် သဘောမတူကြတော့တဲ့အခါ ယောကျ်ားပဲ ဖြစ်ဖြစ်၊ မိန်းမပဲ ဖြစ်ဖြစ် ကွာရှင်းနိုင်တဲ့ အခွင့်အရေး တန်းတူ ရှိပါတယ်။ လွတ်လပ်စွာ ကွာရှင်းနိုင်တယ်။ စိတ်ဆင်းရဲခံပြီး ပေါင်းသင်းနေရတာနဲ့ စာရင် ကွာရှင်းလိုက်တာက ပိုပြီး ကောင်းတယ်။ စိတ်ဆင်းရဲခံ ပေါင်းသင်းနေရတဲ့ ဘဝ ကြာရှည်နေမှုကို ရှောင်ရှားရေးအတွက် ကွာရှင်းလိုက်တာက ပိုကောင်းပါတယ်။

မြတ်ဗုဒ္ဓက အသက်အရွယ် ကြီးရင့်တဲ့ လူအို ယောကျ်ားကြီးများ ဇနီး မိန်းကလေးငယ်ငယ်ကို လက်မထပ်သင့်ကြောင်း၊ အိုမင်းရင့်ရော်သူနဲ့ နုပျိုသူဟာ အံဝင်ခွင်ကျ မရှိနိုင်လို့ပဲ ဖြစ်တယ်။ ဒီလို ဇရာအိုနဲ့ ကညာပျို ပေါင်းသင်းကြရင်ဖြင့် မဖြစ်သင့်တဲ့ ပြဿနာတွေ ဖြစ်လာနိုင်တယ်။ သဘောထား ကွဲမှုတွေ၊ ကျဆုံးမှုတွေ ဖြစ်လာနိုင်တယ်။ (ပရဘဝသုတ်)

လူ့အဖွဲ့အစည်းဟာ လူအချင်းချင်း အတွင်းကျကျ ဆက်ဆံ ပေါင်းသင်းမှု၊ တစ်ဦးအပေါ် တစ်ဦး မှီခိုမှုကနေ ပေါ်ပေါက်လာတာ ဖြစ်တယ်။ ဒီလို ပေါင်းသင်း ဆက်ဆံမှုဟာ စိတ်ရောကိုယ်ပါ တာဝန်ယူမှု၊ တစ်ဦးကို တစ်ဦးက ထောက်ပံ့မှု၊

ကာကွယ် စောင့်ရှောက်မှုပြုဖို့ ဆိုတဲ့ ခံဝန်ကတိပြုမှုတွေနဲ့ တည်ဆောက်လာကြတာ ဖြစ်တယ်။ ဒီဆက်ဆံရေး ပင့်ကူအိမ်ထဲမှာ အိမ်ထောင်ရေး ဘဝဟာ အလွန် အရေးပါတဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။ ကောင်းမွန်တဲ့ အိမ်ထောင်ရေး ဘဝကို စိတ်ဆန္ဒ ရာဂနဲ့ လိုက်စားမှုနဲ့ မတည်ဆောက်ဘဲ နားလည်မှုနဲ့ သစ္စာရှိမှု ပေါ် မှာသာ မူတည်ပြီး ထူထောင်သင့်ပါတယ်။ လူ့ ယဉ်ကျေးမှု တိုးတက် ဖြစ်ထွန်း လာရာမှာ အိမ်ထောင်ရေး အဆောက်အအုံဟာ ကောင်းမြတ်တဲ့ အခြေခံ အုတ်မြစ်ကို ချမှတ်ပေးပါတယ်။ လူ နှစ်ယောက်ရဲ့ ပျော်ရွှင်စွာ ပေါင်းသင်းမှု၊ အထီးကျန် ဘဝက လွတ်မြောက်မှုများနှင့် ပြုစု ပျိုးထောင်ယူရတာ ဖြစ်တယ်။ အိမ်ထောင်ရေး ဘဝမှာ တစ်ယောက်ဟာ တစ်ယောက်ရဲ့ ဘဝဖြည့်ဖက်၊ ကြင်ဖက် ဖြစ်လာပါတယ်။ တစ်ယောက်ကို တစ်ယောက်က အင်အားရှိအောင် ရဲစွမ်းသတ္တိ ရှိလာအောင် ပံ့ပိုးပါတယ်။ တစ်ယောက်ရဲ့ ကျွမ်းကျင်မှုက တစ်ယောက်ကို ကူညီ ပံ့ပိုးပြီး နှစ်သိမ့်မှုကို ပေးပါတယ်။ အိမ်ထောင်ရေးမှာ ယောကျ်ားက ပိုမြတ်တယ်။ မိန်းမက ပိုမြတ်တယ် ဆိုတဲ့ အတွေးအခေါ် မျိုးနဲ့လည်း မရှိဘူး။ တစ်ယောက်ရဲ့ ဘဝဟာကွက်ကို နောက်တစ်ယောက်က ဖြည့်ဖက်အဖြစ် ကွက်လပ်ဖြည့်ပြီး တန်းတူ ရည်တူ ကြင်နာယုယမှု၊ ရက်ရောမှု၊ ငြိမ်သက်မှုနဲ့ တစ်ယောက်ကို တစ်ယောက်က အပ်နှံခြင်းဖြင့် ဆက်ဆံကြတာ ဖြစ်ပါတယ်။

## ပဋိသန္ဓေတားခြင်း၊ ကိုယ်ဝန်ဖျက်ချခြင်းနှင့် ကိုယ့်ကိုယ်ကိုယ် သတ်သေခြင်း

*ယောကျ်ားမှာ မိသားစု စီမံချက်ကို မိမိတို့ရဲ့ အဆင်ပြေမှုအရ လွတ်လပ်စွာ ပြုလုပ်နိုင်သော်လည်း ကိုယ်ဝန် ဖျက်ချခြင်းကတော့ တရားမဝင်ပါဘူး။*

ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ ပဋိသန္ဓေ တားဆီး ထိန်းချုပ်ခြင်းကို ဆန့်ကျင်ရန် အကြောင်း ယုတ္တိ မရှိပါ။ မိမိတို့ သဘော ဆန္ဒအလျောက် အိမ်ထောင်ရှင်များ အနေနဲ့ ရှေးကျတဲ့ နည်းတွေနဲ့ပဲ ဖြစ်ဖြစ်၊ ခေတ်သစ် တားဆေးတွေနဲ့ပဲ ဖြစ်ဖြစ်၊ ပဋိသန္ဓေ မရအောင် တားဆီးလိုက လွတ်လပ်စွာ တားဆီးနိုင်ပါတယ်။ တချို့

ပဋိသန္ဓေ တားဆီးခြင်း ကိစ္စကို ကန့်ကွက်သူများ ပြောကြတာက ဒါဟာ ဘုရားသခင်ရဲ့ အလိုတော်ကို ဆန့်ကျင်တာ ဖြစ်တယ်ဆိုပြီး ကန့်ကွတ်ကြတာပါ။ သူတို့အနေနဲ့ သတိပြုသင့်တာက ပဋိသန္ဓေ ကိစ္စကို သူတို့ ပြတဲ့ အကြောင်းပြချက်ဟာ သဘာဝယုတ္တိ၊ အာဂမယုတ္တိ မရှိဘူး ဆိုတာပါ။ ပဋိသန္ဓေ တားဆီး ထိန်းချုပ်ရေး ကိစ္စမှာ ပြုလုပ်ကြတာက နောက် ဖြစ်တည်လာမည့် သတ္တဝါကို လူ ဖြစ်မလာမီ တားဆီးထားတာပဲဟာ။ ဒါဟာ ဖြစ်လာပြီးတဲ့ သတ္တဝါကို သတ်ဖြတ်တာမှ မဟုတ်ဘဲနဲ့။ ဒါကြောင့် ပဋိသန္ဓေ မဖြစ်ခင် တားတာဟာ အကုသိုလ် အလုပ်လည်း မဟုတ်ပါဘူး။ ဒါပေမဲ့ ပဋိသန္ဓေရပြီးသား သန္ဓေသားကို ကိုယ်ဝန် ဖျက်ချတာကတော့ မကောင်းတဲ့ အကုသိုလ်အမှု ဖြစ်ပါတယ်။ ဒါဟာ မှားယွင်းတဲ့ အလုပ်ပါ။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ဝန် ဖျက်ချခြင်းဟာ ရှင်သန်ပြီး သတ္တဝါကို သတ်ဖြတ်ခြင်း၊ ဖျက်ဆီးခြင်း ဖြစ်လို့ပဲ ဖြစ်တယ်။ ကိုယ်ဝန် ဖျက်ချခြင်းကတော့ တရားမဝင်တဲ့ လုပ်ရပ်ပါ။

မြတ်ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့တဲ့ ပါဏာတိပါတကံ ထိုက်တဲ့ အခြေအနေ ငါးမျိုး ရှိပါတယ်။ ဒီငါးမျိုးနဲ့ အကျုံးဝင်ရင် သူ့ အသက်ကို သတ်ခြင်း အကုသိုလ်ကံ မြောက်တယ်။ ပါဏာတိပါတကံ ဖြစ်စေတဲ့ အခြေအနေ ငါးမျိုး ဆိုတာက-

၁။ သတ္တဝါ ဖြစ်ခြင်း

၂။ သက်ရှိသတ္တဝါ ဖြစ်သည်ကို သိခြင်း

၃။ သတ်ဖြတ်လိုသော ရည်ရွယ်ချက် စေတနာ ပါရှိခြင်း

၄။ သတ်ဖြတ်ရန် အားထုတ်မှုရှိခြင်း

၅။ သတ်၍ သေခြင်း တို့ ဖြစ်တယ်။

အမျိုးသမီး တစ်ဦးမှာ ကိုယ်လေးလက်ဝန် ရှိလာပြီဆိုရင် သူမရဲ့ ဗိုက်ထဲမှာ သက်ရှိ ရုပ်ကလေး၊ သတ္တဝါကလေး တစ်ခု ဖြစ်ပေါ်လာပြီ ဖြစ်ပါတယ်။ ဒါဆိုရင် ပထမအချက်ဖြစ်တဲ့ သတ္တဝါဖြစ်ခြင်းဆိုတဲ့ အခြေအနေ ရှိပြီ ဖြစ်ပါတယ်။ တစ်လ နှစ်လ ကြာပြီးနောက် သူမက သူမမှာ ကိုယ်ဝန် ရှိနေပြီဆိုတာကို သိလာတဲ့ အခါ သူမ ဗိုက်ထဲမှာ ကလေး ရှိနေပြီကို သိပြီ ဖြစ်တယ်။ ဒါဆို ဒုတိယ အင်္ဂါရပ်နှင့် ပြည့်စုံသွားပြီ ဖြစ်ပါတယ်။ ဒီနောက် အကြောင်းတစ်ခုခုကြောင့် သူမက ဒီကိုယ်ဝန်ကို ဖျက်ချပစ်ချင်လာတယ်ဆိုရင် သူမက ကလေး ဖျက်ချပေးမည့် လက်သည်ကို ရှာရပါတယ်။ ဒီအလုပ်ကို ဖျက်ချပေးသူက ပြုလုပ်တာနဲ့ တစ်ပြိုင်နက် တတိယနဲ့ စတုတ္ထ အချက်တွေကို ကျူးလွန်ပြီ ဖြစ်ပါတယ်။ နောက်ဆုံး ကိုယ်ဝန် ပျက်ကျပြီး

ကလေး အသက် ဆုံးရှုံးသွားရင် ပဌမ အချက်ကို ကျူးလွန်မိပြီး လူသတ်မှု ပါဏာတိပါတကံ မြောက်သွားပါတော့တယ်။ ဒီလိုဖြစ်ရင် သူ့ အသက်ကို သတ်ခြင်း ဆိုတဲ့ ကိစ္စ ပြီးမြောက်သွားပါပြီ။ ဗုဒ္ဓဘာသာအရကတော့ ငါတို့မှာ ကိုယ် မလိုချင်ရင် ကိုယ့် ဗိုက်ထဲက ကိုယ်ဝန်ကို ကိုယ့်ဘာသာကိုယ် ဖျက်ချတာပဲ။ ဒါ ကိုယ့်မှာ အခွင့်အရေး ရှိတယ်ဆိုလို့ လုံးဝ မရပါ။ ဗိုက်ထဲက ကိုယ်ဝန်ဟာ ကိုယ့် ရင်သွေး၊ ကိုယ့် သားသမီး ဖြစ်ပေမဲ့ ကိုယ့်မှာ ဒီကလေးကို သတ်ပိုင်ခွင့် လုံးဝ မရှိပါ။

အချို့သော ပတ်ဝန်းကျင် အခြေအနေအရ အမျိုးသား၊ အမျိုးသမီးတွေရဲ့ ဘဝ အဆင်ပြေရေး အတွက် ဒီလို ကိုယ်ဝန် ဖျက်ချဖို့ လိုလာတယ် ဆိုတာမျိုးကို ခံစားချက် ရှိလာတာမျိုးလည်း ကြုံတတ်ပါတယ်။ ဒါပေမဲ့ ကိုယ်ဝန် ဖျက်ချတာဟာ မကောင်းမှု အကုသိုလ်ရဲ့ မကောင်းတဲ့ ကံအကျိုးပေးကိုတော့ ပြေးမလွတ် ခံစားရမှာကတော့ သေချာပါတယ်။ ဒီအလုပ်ဟာ တရားသဖြင့် ဖြစ်တယ်ဆိုပြီးတော့ ဘယ်နည်းနဲ့မှ မပြောနိုင်ပါဘူး။ တချို့ နိုင်ငံတွေမှာတော့ ကိုယ်ဝန် ဖျက်ချခြင်းကို ဥပဒေနဲ့ ခွင့်ပြုထားတာ ရှိပါတယ်။ ဒါက ပြဿနာ အချို့ကို ကျော်လွှန်နိုင်ဖို့ အတွက် ဥပဒေက ခွင့်ပြုထားရတာ ဖြစ်တယ်။ လူတွေ ပျော်ပါးဖို့အတွက် ဘာသာရေး အခြေခံမူတွေကိုတော့ ဘယ်တော့မှ မစွန့်လွှတ်သင့်ပါဘူး။ ဘာသာရေး အခြေခံမူတွေက လူ့ လောကကြီး တစ်ခုလုံး ကောင်းကျိုး ချမ်းသာ ခံစားကြရဖို့ ရပ်တည်နေကြတာ ဖြစ်ပါတယ်။

## ကိုယ့်ကိုယ်ကိုယ် သတ်သေခြင်း

ဘယ်အခြေအနေမျိုးမှာပဲ ဖြစ်ဖြစ်၊ ကိုယ့်အသက်ကို ကိုယ် သတ်ပြီး သေတာဟာ ကိုယ်ကျင့်သီလ သဘောအရရော၊ ဘာသာရေး သဘောအရရော မှားတဲ့ အလုပ် ဖြစ်တယ်။ စိတ်ပျက်လို့ပဲ ဖြစ်ဖြစ်၊ စိတ် မချမ်းမသာဖြစ်လို့ပဲ ဖြစ်ဖြစ်၊ ကိုယ့် အသက်ကို ကိုယ် သတ်ပြီး သေခြင်းဟာ ပိုပြီး ကြီးမားတဲ့ ဒုက္ခဆင်းရဲကိုသာ ဖြစ်စေနိုင်ပါတယ်။

ကိုယ့်ကိုယ်ကိုယ် သတ်သေတာဟာ ပြဿနာ တစ်ခုကို ရင်မဆိုင်ရဲလို့ သူရဲဘောကြောင်စွာ မိမိဘဝကို အဆုံးစီရင်တာသာ ဖြစ်ပါတယ်။ လူတစ်ယောက်ရဲ့ စိတ်ဟာ ကြည်လင် သန့်ရှင်းနေလို့ရှိရင် ကိုယ့်ကိုယ်ကိုယ် သတ်သေတဲ့ အသေခံပြီး လုပ်တဲ့ အပြစ် ကျူးလွန်မှုမျိုးကို ဘယ်တော့မှ လုပ်ဖြစ်မှာ မဟုတ်ပါဘူး။ စိတ်

ရှုပ်ထွေးပြီး ချောက်ချားနေတဲ့ စိတ်နဲ့ ဒီလောကကြီးကို စွန့်ခွာသွားရင် သူဟာ နောင်ဘဝ ပဋိသန္ဓေ နေတဲ့အခါ သုဂတိဘုံမှာ ဘယ်နည်းနဲ့မှ ပြန်လည် မွေးဖွားလာနိုင်မှာ မဟုတ်တော့ပါ။ မိမိကိုယ်ကိုယ် အဆုံးစီရင်တဲ့ အလုပ်ဟာ အကုသိုလ် အလုပ်ပါ။ ဘာဖြစ်လို့လဲဆိုတော့ အသေခံပြီး ပြုလုပ်တဲ့ ဒီအလုပ်ကို လုပ်တဲ့ လူရဲ့ စိတ်ထဲမှာ ကြီးမားတဲ့ လောဘ၊ ဒေါသနဲ့ မောဟတရားတွေ ဖုံးလွှမ်း နေပါတယ်။ ကိုယ့်ကိုယ်ကိုယ် သတ်သေသူဟာ ဘဝ ပြဿနာတွေကို ဘယ်လို ဖြေရှင်းရမှန်း မသိဘဲ အဖြေရှာမရသူ ဖြစ်တယ်။ ဘဝ အခြေအနေတွေကို ဘယ်လို ရင်ဆိုင်ရမှန်း မသိတဲ့ လူ ဖြစ်တယ်။ မိမိ စိတ်ကို သင့်တင့် လျောက်ပတ်စွာ ဘယ်လို အသုံးချရမှန်း မသိတဲ့ လူ ဖြစ်တယ်။ ဒီလူတွေဟာ ဘဝရဲ့ သဘောသဘာဝ လောကရဲ့ သဘာဝကို နားမလည်နိုင်သူ ဖြစ်တယ်။

တချို့ လူတွေက သူတို့အယူ မှန်မြတ်တယ်လို့ ထင်တဲ့ အကြောင်းတွေ အတွက် မိမိ အသက်ကို စွန့်လွှတ် အနစ်နာခံတာမျိုးကိုလည်း ပြုလုပ်တတ်ကြ တယ်။ ဒီလူတွေဟာ အစာငတ်ခံတာတို့၊ အသေခံ ဗုံးခွဲတာတို့၊ မိမိကိုယ် အသက်နဲ့ ယဇ်ပူဇော်တာ၊ ကျည်ဆန်နဲ့ ပစ်သတ်တာတို့ လုပ်တတ်ကြတယ်။ ဒီလို လုပ်ရပ် တွေကို ရဲစွမ်းသတ္တိ ရှိတဲ့ အလုပ် ဆိုပြီးလည်း ယူဆတတ်ကြတယ်။ သို့သော် ဒါကို ဗုဒ္ဓဘာသာ ရှုထောင့်က ကြည့်ရင်တော့ ဒီလို အပြုအမူတွေဟာ ကိုယ်ကျင့် သီလ သဘောအရ အပြစ် မကင်းပါဘူး။ ဗုဒ္ဓရှင်တော်မြတ်ဘုရားက ကိုယ့်ကိုယ် ကိုယ် သတ်သေစေတဲ့ စိတ်စေတနာဟာ ပို၍ ဆင်းရဲ ဒုက္ခ ရောက်ခြင်းသို့သာ ရောက်ရှိစေတယ်လို့ ရှင်းရှင်းလင်းလင်း ဟောကြားတော်မူခဲ့ပါတယ်။

## ဘာကြောင့် ကမ္ဘာ့လူဦးရေ တိုးပွားလာသလဲ

*ဒီခေတ် ဒီအခါကျမှ ကမ္ဘာမှာ လူဦးရေ တိုးပွားနေရတဲ့ ကိစ္စကို စဉ်းစားနေစရာ အကြောင်း မရှိပါ။*

ဗုဒ္ဓဘာသာဝင်တွေဟာ ထာဝရ ဘုရားသခင်က လူ ဝိညာဉ်ကို ဖန်ဆင်းတော်မူတယ် ဆိုတာကို မယုံကြည်လို့ရှိရင် ဒီခေတ် ဒီကာလမှာ ကမ္ဘာပေါ်မှာ လူဦးရေ တိုးပွား နေရတာကို သူတို့ အနေနဲ့ အကြောင်းကို သူတို့ ဘယ်လို စဉ်းစားရမှာလဲ။ ဒီမေးခွန်းကို ဒီခေတ်မှာ လူ တော်တော်များများက မေးနေကြတယ်။ ဒီမေးခွန်းကို

မေးနေကြတဲ့ လူတွေရဲ့ စိတ်ထဲမှာ ယူဆထားတာက ဒီစကြဝဠာ လောကကြီး ထဲမှာ သက်ရှိ သတ္တဝါတွေ ရှင်သန်နေထိုင်ကြတာ ဒီမြေကမ္ဘာပဲ ရှိတယ် ဆိုတဲ့ အယူကို ယူဆနေကြတာ ဖြစ်တယ်။ လူ တစ်ယောက်အနေနဲ့ စဉ်းစားနိုင်တာက ဒီလို ရာသီဉတု ကောင်းမွန်ပြီး ဆေးဝါး ပစ္စည်း အထောက်အပံ့တွေလည်း ပြည့်စုံ၊ အစားအသောက်တွေလည်း ရှိ၊ သက်ရှိ သတ္တဝါတွေရဲ့ ဘေးရန် အန္တရာယ်တွေကို ကြိုတင် ကာကွယ် တားဆီးထားတာလည်း ရှိတဲ့ ဒီကမ္ဘာမှာ လူဦးရေ တိုးပွား နေတာဟာ သဘာဝကျတယ် ဆိုတာကို စဉ်းစားပြီး သိနိုင်ပါတယ်။

နောက် စဉ်းစားနိုင်တာ တစ်ခုက ဒီကမ္ဘာမှာ လူဦးရေ တိုးပွားတာဟာ ဒီတစ်ခေတ် ဒီတစ်ခါပဲ ရှိတယ်လို့တော့ စဉ်းစားဖို့ရာ အကြောင်း အထောက်အပံ့ မရှိပါဘူး။ ရှေးခေတ် လူ့ သမိုင်းထဲက ခေတ်တစ်ခုခုနဲ့ နှိုင်းယှဉ်ကြည့်နိုင်စရာ နည်းလမ်းလည်း မရှိပါ။

အလယ် အာရှတိုက်မှာရော၊ အရှေ့အလယ်ပိုင်းမှာရော၊ အာဖရိကနဲ့ ရှေးခေတ် အမေရိကတိုက်တွေမှာပါ ကျယ်ပြန့်တဲ့ လူ့ယဉ်ကျေးမှုကြီးတွေ ထွန်းကား ခဲ့ပြီး ပျောက်ကွယ်ကုန်ခဲ့ကြတယ်။ အဲဒီခေတ်အခါတွေတုန်းက လူဦးရေ ဘယ် လောက် ရှိခဲ့ကြတယ် ဆိုတာကို သန်းခေါင်စာရင်း မှတ်တမ်းတွေ မရှိလို့ လက်လှမ်း မီဖို့ ခဲယဉ်းနေပါပြီ။

ဒီလောကထဲက တခြားသော သဘာဝ တရားများလိုပဲ လူဦးရေဟာလည်း တက်လိုက် ကျလိုက်နဲ့ သံသရာ လည်နေပါတယ်။ မွေးဖွားနှုန်းတွေ ကြောက်ခမန်း လိလိ တိုးပွားနေတဲ့အခါ လူတွေ စိတ်ထဲမှာ ဇာတိ တစ်ဖန် ပြန်ဖြစ်ခြင်း ဆိုတဲ့ သဘောကို စောဒက တက်ချင်လာတတ်ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ လွန်ခဲ့တဲ့ နှစ်ထောင်ပေါင်း အနည်းငယ်တုန်းက ဒီကမ္ဘာရဲ့ အစိတ်အပိုင်း တစ်နေရာ မှာ ခုခေတ် လူဦးရေလောက် များပြားတဲ့ လူနေ သိပ်သည်းမှုမျိုး ရှိခဲ့ကြောင်း သက်သေ အထောက်အထား မတွေ့ကြပါဘူး။ စကြဝဠာ ကမ္ဘာလောကကြီး တစ်ခုလုံးမှာ ရှိကြတဲ့ သတ္တဝါကတော့ အနန္တပဲ ဖြစ်ပါတယ်။ ပင်လယ်ကမ်းခြေ တွေက သဲလုံးမက များပြားပါတယ်။ အခြေအနေ အချိန်အခါကောင်း ကြုံကြိုက် ကြရတဲ့အခါ လူတွေရဲ့ ကုသိုလ်ကံ အကျိုးပေး အလှည့် ကြုံတဲ့အခါမျိုးမှာ ဒီသတ္တဝါ အနန္တတွေထဲက အချို့အဝက်ဟာ လူ့လောကမှာ လူအဖြစ်နဲ့ ပြန်လည် မွေးဖွား လာကြပါတယ်။ ၁၉ ရာစုနဲ့ ၂၀ ရာစု ခေတ်တွေထဲမှာ ဆေးပညာဘက်က

အဆမတန် တိုးတက်လာတာကြောင့် ဒီခေတ်က လူတွေဟာ အသက် ပိုပြီး ရှည်ရှည် နေနိုင်လာကြပါတယ်။

ဒီအချက်ဟာလည်း လူဦးရေ တိုးတက်မှုကို ကျေးဇူးပြုတဲ့ အကြောင်းတစ်ခု ဖြစ်ပါတယ်။ ကမ္ဘာ့ လူဦးရေဟာ သတိပြုမိတဲ့ လူတွေက ပဋိသန္ဓေ တားဆီးမှုပြုပြီး ကန့်သတ်ထားတာတွေ မလုပ်လို့ရှိရင် ဆက်လက် တိုးပွားနေမှာပဲ ဖြစ်ပါတယ်။ ဒီတော့ ဒီခေတ်မှာ ပိုပြီး လူဦးရေ တိုးပွားလာတာဟာ လောကမှာ ဆေးပညာ ဘက်က တိုးတက်လာပြီး ပတ်ဝန်းကျင် အခြေအနေတွေရဲ့ အားသာမှုကြောင့်လည်း ဖြစ်နိုင်တယ်လို့ ပြောရမှာ ဖြစ်ပါတယ်။ ဒီလို ပတ်ဝန်းကျင် အခြေအနေ ကောင်းမှုတို့ ဆေးပညာ တိုးတက်မှုတို့ကို လူဦးရေ တိုးတက်လာမှုအတွက် တာဝန် ရှိတယ်၊ ဂုဏ်ပြုထိုက်တယ်လို့ ပြောနိုင်တာမျိုး၊ ဘယ်ဘာသာ အယူဝါဒကိုမှ မပြောနိုင်ပါဘူး။ ကမ္ဘာလောကရဲ့ ပြင်ဘက်က တန်ခိုးရှင်၊ ဖန်ဆင်းရှင် ဘယ်သူ ဘယ်ဝါကြောင့် လို့လည်း ယိုးမယ်ဖွဲ့လို့ မရပါဘူး။

တချို့ လူတွေရဲ့ စိတ်ထဲမှာ ယုံကြည်နေကြတာက လူ့ ဘဝမှာ ကံဆိုး မိုးမှောင်ကျတာ၊ ဥပဒ် အန္တရာယ် ကျရောက်ရတာဟာ လူဦးရေ လျော့နည်းအောင် လို့ နတ်ဘုရားတွေက ဖန်တီးကြတာလို့ ယုံကြည်နေတတ်ကြပါတယ်။ ဒါဆိုရင် သတ္တဝါကို ဒုက္ခ ရောက်အောင် ဖန်တီးမည့်အစား ဒီဖန်ဆင်းရှင် ဘုရားသခင်က ဘာဖြစ်လို့ လူဦးရေကို မထိန်းချုပ်ဘဲ ထားတာလဲ။ အစားအစာ၊ ဝတ်စရာ၊ နေစရာ မလုံမလောက် ဖြစ်နေတဲ့ လူဦးရေ သိပ်သည်း ထူထပ်နေတဲ့ နေရာမှာမှ ဒီဘုရားက ဘာကြောင့် နောက်ထပ် လူတွေ တိုးပွားလာအောင် ဖန်ဆင်းနေရတာလဲ။ ဘုရား သခင်က အစစ အရာရာကို ဖန်ဆင်းတော်မူတယ်လို့ ယုံကြည်နေသူတွေဟာ ဒီမေးခွန်းတွေကို ကျေနပ်အောင် အဖြေ မပေးနိုင်ကြပါဘူး။ ဆင်းရဲ ကျပ်တည်းမှု၊ စိတ်ဆင်းရဲမှု၊ စစ်ဘေး စစ်ဒဏ်၊ ဒုဗ္ဘိက္ခန္တရကပ်ဆိုက်ပြီး ငတ်မွတ် ခေါင်းပါးမှု၊ ရောဂါ ထူပြောမှုတွေကကော ဘုရားသခင်ရဲ့ အလိုတော် အတိုင်း ဖြစ်ရတာပဲ မဟုတ်လား။ ဒါမှမဟုတ် နတ်မိစ္ဆာတွေ ပြုစားလို့ ဖြစ်ရတာ မဟုတ်လား။ သို့သော် ဒီကိစ္စတွေ ဖြစ်ရတဲ့ အကြောင်းရင်းတွေကို ရှာဖွေရတာ သိပ်တော့ မခက်ခဲပါဘူး။

# လိင်နှင့်ဘာသာရေး

## *ကျွန်ုပ်တို့၏ နိမ့်ကျဆဲ အပိုင်းသည် တိရစ္ဆာန် ဆန်တုန်းပဲ။*

(ဂန္ဒီ)

လူ့ သဘာဝမှာ လိင်နှင့် စပ်သော ဇောစိတ်သည် အလွန် ထက်သန်သော စွမ်းအား တစ်ခုပဲ ဖြစ်တယ်။ ဒီလိင်ဇော လိင်ဆန္ဒက ကြီးမား ကျယ်ပြန့်လွန်းလို့ မိမိကိုယ်ကိုယ် ထိန်းချုပ်ဖို့ အရေးဟာ လိုအပ်လာတယ်။ လူ သာမန် ဘဝမှာလည်း လိုအပ်ပါတယ်။ ဘာသာရေး အဆင့်မြင့် ဉာဏ်လမ်းမှာဆိုရင် မိမိ စိတ်ဆန္ဒတွေကို လုံးဝ နိုင်နင်းအောင် ထိန်းချုပ် ကွပ်ကဲရတာ ဖြစ်လို့ မိမိကိုယ်ကိုယ် ပိုပြီး စည်းကမ်းကလနား သတ်ဖို့ လိုအပ်ပါသေးတယ်။ ဒီလို အစွမ်းထက်တဲ့ လိင် စွမ်းအား၊ လူ့ သဘာဝ စိတ်နေစိတ်ထားကို လျှော့နည်း ကျဆင်းအောင်လုပ်ဖို့အတွက် ဘာသာရေး ဘဝကို ထူထောင်သူဟာ မိမိ စိတ်ကူးတွေကို ထိန်းချုပ်ပြီး သမာဓိရအောင် ပြုလုပ်ရပါတယ်။ ဒီလိင်စိတ်ကို ထိန်းချုပ်နိုင်ခြင်းသည် သူ၏ စိတ်အင်အားကို ကြီးမား ကောင်းမွန်လာအောင် အထောက်အကူ ပြုပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူဟာ မိမိရဲ့ လိင် စွမ်းအားကို ထိန်းချုပ်နိုင်ရင် သူဟာ တခြား စိတ်လှုပ်ရှားမှုတွေ ရမ္မက်တွေကို ပိုပြီး ထိန်းချုပ်နိုင်ပါတယ်။

ဒါကြောင့် မိမိရဲ့ ဘဝကို ဘာသာရေးဘက်မှာ ပိုမို အဆင့်မြင့်မားအောင် လုပ်ကြသူတွေအတွက် မေထုန်မှုကို ရှောင်ကြဉ်ခြင်းသည် လိုအပ်ချက် တစ်ခု ဖြစ်လာပါတယ်။

ဒါပေမဲ့ ဗုဒ္ဓဘာသာကို လက်တွေ့ ကျင့်သုံးသူတိုင်း မေထုန်မှုကို လုံးဝ ရှောင်ကြဉ်ရမယ်။ မရှောင်မနေရလို့ လူတိုင်းအတွက် သတ်မှတ်ထားချက် မရှိပါဘူး။ ဗုဒ္ဓရှင်တော်မြတ်ဘုရားက မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရောက်အောင် အားထုတ်ချင်သူများ အတွက်တော့ မေထုန်မှုကို ရှောင်ကြဉ်ခြင်းဟာ တရားရဖို့ ကိစ္စမှာ ပိုပြီး လွယ်ကူစေတယ်လို့ ဆုံးမခြင်း ဖြစ်ပါတယ်။ လူ သာမန်တွေ အတွက်တော့ အဗြဟ္မစရိယကို ရှောင်ကြဉ်ခြင်း သီလလောက်ကိုပဲ ဟောတော်မူထားပါတယ်။ ကာမေသု မိစ္ဆာစာရကံဟာ ဒီကဏ္ဍမှာ မပါပါဘူး။ ကာမေသုမိစ္ဆာစာရကံကြောင့်တော့ ဒီကံကို ကျူးလွန်သူဟာ မုချ ဒီကံရဲ့ ဆိုးကျိုးကို စိတ်ရောကိုယ်ပါ ခံစားကြရမှာ ဖြစ်ပါတယ်။

လူသာမန် ပုထုဇဉ်များ အနေနဲ့လည်း မိမိတို့ရဲ့ လိင်နဲ့ ပတ်သက်တဲ့ ရာဂစိတ်တွေကို အထိုက်အလျောက် ထိန်းချုပ်ဖို့ လိုပါတယ်။ ယောကျ်ားတွေ အနေနဲ့ မိမိတို့ရဲ့ လိင်စိတ် တိုက်တွန်းမှုကို ပိုပြီး ထိန်းချုပ်ဖို့ လိုတယ်။ ဒီလိုမှ မထိန်းချုပ်လို့ရှိရင် ယောကျ်ားများရဲ့ အပြုအမူများဟာ တိရစ္ဆာန်တွေထက်တောင် ပိုပြီး ဆိုးလာနိုင်တယ်။ အထူးသဖြင့် ရာဂစိတ် မှုန်ယစ်လာတဲ့အခါ ဖြစ်တယ်။ အောက်တန်းကျတဲ့ တိရစ္ဆာန်တွေလို့ ခေါ်တဲ့ တိရစ္ဆာန်များရဲ့ လိင် အမူအရာကို စဉ်းစားကြည့်ပါ။ အဲဒါကို စဉ်းစားကြည့်ရင် လူနဲ့ တိရစ္ဆာန် ဘယ်သူက ပိုပြီး အောက်တန်းကျသလဲ ဆိုတာ မေးစရာ ဖြစ်လာပါတယ်။ တိရစ္ဆာန်တွေမှာ သူ့ ရာသီနဲ့သူ မိတ်လိုက်ကြတာ ရှိသေးတယ်။ လူမှာတော့ ၁၂ ရာသီလုံး၊ အချိန် မှန်မှန်လည်း မဟုတ်ဘူး။ စိတ်ထကြွတိုင်း အဆင်အခြင်မရှိ။ နေ့ညမရွေး နေရာ မရွေး လိုက်နေကြတာပါ။ ဒါဆိုရင် လိင်စိတ် ထကြွတဲ့ နေရာမှာ တိရစ္ဆာန်တွေ ကတောင် လူတွေထက် ပိုပြီး အဆင့်မြင့်နေတတ်ပြီး လူက ပိုပြီးတောင် နိမ့်ကျ နေပါသေးတယ်။ ဒါ ဘာကြောင့် ဖြစ်ရတာလဲ။ အကြောင်းကတော့ စိတ်စွမ်းအင်ကို ပိုင်ဆိုင်တဲ့ လူအနေနဲ့ အမှန်အတိုင်း ပြောရရင် မိမိတို့ရဲ့ တဏှာရာဂ စိတ်ခိုင်း သမျှ ထကြွသမျှ လိုက်ပြီး အမူတော် ထမ်းနေရတဲ့ တဏှာကျွန်၊ ရာဂကျွန်တွေ ဖြစ်နေလို့ပဲလို့ ဆိုရမှာပါ။ ဒါကြောင့် လိင် ကိစ္စနဲ့ ပတ်သက်လာရင် လူဟာ တိရစ္ဆာန်တွေထက်တောင် အောက်တန်းကျပါသေးတယ်။

ရှေးက ကျွန်ုပ်တို့ ဘေးဘိုးဘီဘင်များ လက်ထက်က သူတို့ဟာ ဒီလို ကာမရာဂ လိင်စိတ် ထကြွမှုကို လျော့ကျအောင် ဆောင်ရွက်ခဲ့ကြပါတယ်။ ဒီကာမရာဂစိတ် လိင်စိတ်ဟာ အပို အားပေးစရာ မလိုဘဲနဲ့ သူ့ချည်းတောင် အလွန် ပြင်းထန်တယ်။ ရာဂစိတ်ဟာ အလွန် သန်တယ် ဆိုတာ သိခဲ့ကြတယ်။ ဒီခေတ်ကျတော့ ဒီရာဂစိတ်ကို မထကြွ ထကြွ ရအောင် ဆိုပြီး နည်းပေါင်း ထောင်သောင်းမကနဲ့ ကြော်ငြာတွေ လှုံ့ဆော်ပြီး အားပေးအားမြှောက် ပြုမှုတွေ၊ အခင်းအကျင်းတွေနဲ့ လှုံ့ဆော်နေကြရုံမျှမက ဒီကာမရာဂ စိတ်ထကြွမှုကို တားဆီး ချုပ်တည်းတာဟာ အန္တရာယ် များတယ်။ စိတ်ရောဂါကိုတောင် ဖြစ်စေနိုင်တယ် ဆိုတဲ့ အယူအဆမျိုးတွေနဲ့ပါ ပိုပြီး တက်ကြွလာအောင် လက်နက် တပ်ဆင်ပေး နေကြပြန်တယ်။

ဘယ် ယဉ်ကျေးမှုမှာပဲ ဖြစ်ဖြစ်၊ ထကြွတဲ့ လိင်စိတ်၊ ကာမရာဂစိတ်ကို တားဆီး ထိန်းချုပ်ရတာဟာ ဒါ ပထမဆုံး လုပ်ရတဲ့ အလုပ် သဘောပါ။ ကျွန်ုပ်

တို့ရဲ့ ခေတ်သစ် ကမ္ဘာ လောကကြီးထဲက ယဉ်ကျေးမှုမှာတော့ ပိုပြီး ညစ်ညမ်းတဲ့ လိင် ပတ်ဝန်းကျင်က ကျွန်ုပ်တို့ ပတ်ပတ်လည်မှာ ဝိုင်းဝန်းနေပါတယ်။

ဒီလို လိင်ကို အလွဲသုံးစွဲမှု ဆိုတဲ့ ဖုံးကွယ်ထားတဲ့ ခေတ်သစ် လူ့ အဖွဲ့ အစည်းရဲ့ ဆွဲဆောင်မှုဟာ တဖြည်းဖြည်း ဒီခေတ် လူငယ်တွေက လူအများကို စိတ်သောက ရောက်စရာ ဖြစ်အောင် လုပ်နေပါတယ်။ အပြစ်ကင်းစင်တဲ့ မိန်းမပျို ကလေး တစ်ဦးဟာ အန္တရာယ်အယှက် ကင်းစွာ မိမိ သွားလိုရာကို လွတ်လွတ် လပ်လပ် တစ်ယောက်တည်း မသွားနိုင်ပါဘူး။ တစ်နည်းအားဖြင့် ဆိုရရင် မိန်းကလေးတွေ ဝတ်စား ဆင်ယင်မှုတွေ၊ လူငယ်တွေ ကိုယ်ထဲမှာ ကိန်းအောင်း နေတဲ့ တိရစ္ဆာန် သဘာဝ စိတ်ကို ထကြွလာအောင် လုပ်ပေးသလို မဖြစ်စေသင့် ပါ။

သဘာဝအားဖြင့် ရှင်သန်မှု စွမ်းအား ပြန်ပြည့်လာအောင် လိင် ဆက်ဆံမှု မရှိတဲ့ ကာလမျိုး သတ်မှတ်မထားတာ သတ္တဝါတွေထဲမှာဖြင့် လူ ဆိုတဲ့ သတ္တဝါ တစ်မျိုးပဲ ရှိတယ်။ ကံဆိုးချင်တော့ လူရဲ့ မှောက်မှားတတ်တဲ့ သဘာဝကို တလွဲသုံးပြီး စီးပွားရေး အမြတ် ထုတ်ချင်သူများကြောင့် ခေတ်သစ် လူသားများမှာ အတော မသတ်တဲ့ အဘက်ဘက်က လှုံ့ဆော်မှုကြောင့် ပေါ်ပေါက်လာတဲ့ ပြဿနာစုံကို ရင်ဆိုင်နေကြရတယ်။ ဒီခေတ်မှာ ကြုံတွေ့နေကြရတဲ့ စိတ်ရောဂါ အများစုဟာ လည်း ဒီလို စိတ်ကို ညီညွတ် မျှတအောင် မထိန်းသိမ်းနိုင်လို့ ဖြစ်ခဲ့ကြရကြောင်း လေ့လာ တွေ့ရှိရတယ်။ ယောကျ်ားတွေကိုတော့ တစ်လင် တစ်မယား စနစ်ကို လိုက်နာ ကျင့်သုံးကြဖို့ မျှော်လင့်ထားကြတယ်။ ဒါပေမဲ့ မိန်းမတွေဘက်ကကျတော့ မိမိရဲ့ လင်ယောကျ်ားကို သာမက တခြား ယောကျ်ားတွေကိုပါ စိတ်လှုပ်ရှား တက်ကြွအောင် ရာဂစိတ်တွေ ဖြစ်ပေါ်လာအောင် လူ့ အဖွဲ့အစည်းက ယောကျ်ား တွေကို တားဆီးထားတာတွေကို ကျူးလွန်ချင်လာအောင် ပြုလုပ်နေကြတာကလည်း များလှပါတယ်။

လူ့ အဖွဲ့အစည်းများစွာမှာ တစ်လင် တစ်မယားစနစ်ကို ချမှတ် ကျင့်သုံး တတ်ကြပါတယ်။ ဒါကြောင့် အခြား ချွတ်ယွင်းအားနည်းချက်တွေ ယောကျ်ားမှာ ရှိနေပေမဲ့ သူ့ကို အကျင့်သီလ ရှိတဲ့ လူအဖြစ် ဆက်လက် တည်နေစေနိုင်ပါတယ်။ အဓိပ္ပာယ်ကတော့ ဒီယောကျ်ားဟာ သူ့ကို ဥပဒေက အသိအမှတ် ပြုထားတဲ့ ဇနီးမယား တစ်ယောက်တည်း အပေါ်မှာပဲ သစ္စာရှိရှိ ဆက်ဆံနေစေပါတယ်။

ဒီနေရာမှာ အန္တရာယ် တစ်ခု ရှိတာက အသိဉာဏ်နဲ့ ဆင်ခြင် စဉ်းစား တတ်တဲ့ လူတွေက ဒီစည်းမျဉ်းတွေဟာ လူတွေကလုပ်ထားတာပဲ တစ်လောကလုံးမှာ မှန်တဲ့ လောကုတ္တရာနဲ့ ဆိုင်တဲ့ ကောင်းကင်ကျ စည်းမျဉ်းတွေမှ မဟုတ်တာဘဲ ဆိုသူတွေအနေနဲ့ မှားနိုင်တာက ဒီစည်းမျဉ်းတွေကိုလည်း တခြား သီလနဲ့ ဆိုင်တဲ့ စည်းမျဉ်း စည်းကမ်းတွေနဲ့ တစ်သဘောတည်း ထားလိုက်နိုင်တာပဲ ဖြစ်တယ်။

လိင်ကိစ္စကို သာမန် လူသားတွေရဲ့ ဘဝမှာ ထိုက်သင့်တဲ့ နေရာပေးဖို့တော့ လိုပါတယ်။ ကျန်းမာရေး ထိခိုက်လောက်အောင် ဖိနှိပ် ချုပ်ချယ်တာမျိုးလည်း မဖြစ်သင့်ပါဘူး။ စိတ်အလိုလိုက်ပြီး ကာမ လိုက်စားတာမျိုးလည်း မဖြစ်သင့်ပါဘူး။ ဒါ့ပြင် ရာဂစိတ် လိင်စိတ်ကို ပေါက်လွှတ်မထားဘဲ ထိန်းသိမ်းထားသင့်တယ်။ မယုတ်မလွန် ကျင့်သုံးသင့်တယ်။

အိမ်ထောင်ရေးဘဝ သာယာပျော်ရွှင်ရေးမှာ လိင်ဆက်ဆံရေးဟာ အရေး ကြီးဆုံး အစိတ်အပိုင်းပဲလို့ သဘော မထားသင့်ပါ။ အတိုင်းထက်အလွန် ကာမ လိုက်စားသူများဟာ လိင်ရဲ့ ကျေးကျွန်များ ဖြစ်သွားနိုင်တယ်။ နောက်ဆုံးကျရင် ဒီလိင် ဆက်ဆံရေးကိုသာ ပဓာနထားမှုကြောင့် တစ်ဦးအပေါ် တစ်ဦး ထားခဲ့တဲ့ ချစ်ခြင်းမေတ္တာတွေ၊ စာနာ ထောက်ထား ညာတာမှုတွေဟာ ဖျက်ဆီးခြင်း ခံရ တတ်တယ်။ တခြား ကိစ္စ ခပ်သိမ်းမှာလိုပဲ မျှမျှတတ သဘောထားရှိဖို့ ဆင်ခြင် တိုင်းထွာတတ်ဖို့သည် လိင် တောင်းဆိုမှု ကိစ္စမှာလည်း ထည့်သွင်း စဉ်းစားရမယ်။ တစ်ဦးအပေါ် တစ်ဦး ရင်းနှီး ချစ်ခင်မှုနဲ့ ထောက်ထားမှုတွေကိုလည်း ထည့်သွင်း စဉ်းစားရမှာ ဖြစ်ပါတယ်။

အိမ်ထောင်ရေး ဆိုတာ ဘဝထဲကို တိုးဝင်လာကြတဲ့ အမျိုးသားနဲ့ အမျိုးသမီးတို့ရဲ့ အစုအစပ် ပြုခြင်းအတွက် အာမခံ စာချုပ် သဘောပဲ ဖြစ်တယ်။ သည်းခံစိတ်၊ ခွင့်လွှတ်စိတ်၊ နားလည်မှု ဆိုတဲ့ အချက် သုံးခုဟာ လင်မယား နှစ် ယောက်စလုံးက ပြုစု ပျိုးထောင်ပြီး ဖွံ့ဖြိုးအောင် လုပ်ရမည့် အရေးပါတဲ့ အချက် သုံးချက် ဖြစ်တယ်။ အချစ်ကတော့ လင်မယား နှစ်ယောက်ကို တုပ်နှောင် ဖွဲ့ချည်ထားတဲ့ သံယောဇဉ်ကြိုး တစ်မျှင်ပဲ ဖြစ်ပါတယ်။ ယောကျ်ား လုပ်သူက လိုအပ်တဲ့ ရုပ်ဝတ္ထု ပစ္စည်းတွေကို ရှာကြံပြီး လင်မယား နှစ်ယောက်စလုံး ခွဲဝေ သုံးစွဲခြင်းဖြင့် လိုအင်ဆန္ဒ ပြည့်စုံအောင် ပျော်ရွှင်စရာ အိမ်ထောင်စု ဘဝကို တည်ထောင်နိုင်အောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

လင်မယား နှစ်ယောက်ကြားမှာ ရရှိလာသမျှကို ငါ့ဟာလည်း မဟုတ်။ သူ့ဟာလည်း မဟုတ်။ တို့ နှစ်ယောက်ရဲ့ဟာတွေလို့ သဘောထားမှုမျိုး၊

ကောင်းမွန်တဲ့ အစုအစပ် ပြုမူ အရည်အသွေးမျိုးကို အိမ်ထောင်ရှင် နှစ်ဦးစလုံးက ပြုစု ပျိုးထောင်ကြရမယ်။ ကောင်းမြတ်တဲ့ လင်မယားဟာ ပွင့်လင်းတဲ့ စိတ်ထား နှလုံးထား ရှိရမယ်။ လျှို့ဝှက်တဲ့ သဘောမျိုး မရှိအောင် ထိန်းသိမ်းရမယ်။ လျှို့ဝှက်ထားတာကို တစ်ယောက်ယောက်က ပြုလုပ်လာရင် သံသယတွေ ဝင်လာပြီး ဒီသံသယကပဲ လင်မယား နှစ်ဦး တစ်ဦးအပေါ် တစ်ဦး ထားခဲ့ကြတဲ့ ချစ်ခင်စုံမက်မှုကိုပါ ဖျက်ဆီးပစ်နိုင်ပါတယ်။

သံသယက မနာလို ဝန်တိုမှုကို ဖြစ်ပေါ်စေတယ်။ မနာလို ဝန်တိုမှုက ဒေါသကို ဖြစ်စေတယ်။ ဒေါသက အမုန်းကို ဖြစ်စေတယ်။ အမုန်းတရားက ရန်ငြိုးကို ဖြစ်ပေါ်စေပြီး ဒီရန်ငြိုးကြောင့် မခန့်မှန်းနိုင်တဲ့ ဒုက္ခမျိုးစုံ ဖြစ်စေတယ်။ သွေးထွက်သံယို ဖြစ်ခြင်း၊ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ခြင်း၊ သတ်ဖြတ်ခြင်းများ အထိ ဖြစ်ပေါ်လာစေနိုင်ပါတယ်။

# အပိုင်း ငါး

## စစ်မှန်သော လူ့ဘာဝတိုးတက်မှုကို ဖြစ်စေနိုင်တဲ့ဘာသာတရား

# ၁၃
# သဘာဝတရား၊ တန်ဖိုးထားမှုနှင့် ယုံကြည်ကိုးကွယ်မှုကို ရွေးချယ်ခြင်း

## လူသားနှင့် ဘာသာယုံကြည် ကိုးကွယ်မှု

*ဒီ ကမ္ဘာ လောကထဲမှာ လူ သတ္တဝါတို့သည်သာလျှင် ဘာသာ ယုံကြည်မှုကို ရှာဖွေ ဖော်ထုတ်ပြီး ဆည်းကပ် ကိုးကွယ်ခြင်းကို ပြုသော တစ်ခုတည်းသော သက်ရှိ သတ္တဝါ ဖြစ်သည်။*

လူသားသည် မိမိ၏ ကိုယ်တွင်းက ဘဝနှင့် ပြင်ပက လောကကို နားလည်လိုသော ဆန္ဒကို ဖြည့်ဆည်းရန်အတွက် ဘာသာ ယုံကြည် ကိုးကွယ်မှုကို ပေါ်ပေါက်လာအောင် လုပ်ခဲ့ကြတာ ဖြစ်တယ်။ အလွန် ရှေးကျတဲ့ ခေတ်တုန်းက ပေါ်ထွန်းခဲ့ကြတဲ့ ဘာသာ ယုံကြည် ကိုးကွယ်မှုဟာ နတ်ကိုးကွယ်မှုနဲ့ စတင်ခဲ့ကြတာ ဖြစ်တယ်။ မသိနိုင်တဲ့ တန်ခိုးရှင်ကို ကြောက်ရွံ့ပြီး ဒီ သူတို့ အထင် သက်မဲ့ ဝတ္ထုတွေ နောက်ကွယ်မှာ ရှိနေတယ်လို့ ယူဆတဲ့ စွမ်းအင်တွေ (နတ်တွေ) ကို ကျေနပ်

အောင်၊ ဒေါသ မဖြစ်အောင် ပြုလုပ်လိုတဲ့ ဆန္ဒနဲ့ ပူဇော် ပသကြတာက စပြီး ဘာသာ ကိုးကွယ် ဆည်းကပ်မှု ပေါ်ပေါက်လာတာ ဖြစ်တယ်။ အချိန်ကာလ ကြာမြင့်လာတဲ့အခါ ဒီဘာသာ ယုံကြည် ကိုးကွယ်ပုံဟာလည်း အပြောင်းအလဲတွေ ဖြစ်လာတယ်။ ဘာသာ ယုံကြည် ကိုးကွယ်မှုကို ပထဝီဝင် အနေအထား သမိုင်း ကြောင်းနှင့် လူမှု စီးပွားရေး အခြေအနေများ၊ နိုင်ငံရေး အခြေအနေများနှင့် ထိုကာလက တည်ရှိခဲ့တဲ့ ဉာဏ်ပညာ ရှိသူများရဲ့ ပတ်ဝန်းကျင်တွေက အပြောင်း အလဲ ဖြစ်အောင် ဖန်တီးလာခဲ့ကြတာ ဖြစ်တယ်။

ဒီလို ဖွဲ့စည်း ဖြစ်ပေါ်လာခဲ့ကြတဲ့ ဘာသာရေး ယုံကြည် ကိုးကွယ်မှုများဟာ ယခုခေတ် တိုင်အောင် အားကောင်းတဲ့ နောက်လိုက် အင်အားစုများကြောင့် ဆက်လက် ရှင်သန် ပြန့်ပွားနေဆဲ ဖြစ်ပါတယ်။ ဘာသာရေး ပွဲလမ်းသဘင်၊ အခမ်းအနား အခင်းအကျင်းများကြောင့်လည်း ဘာသာရေးဘက်ကို ပါဝင် စုစည်း လာတဲ့ လူ အများအပြား ရှိပါတယ်။ တချို့ကျတော့လည်း ပုဂ္ဂိုလ်ရေးဆန်တဲ့ ဘာသာ ယုံကြည် ကိုးကွယ်မှု၊ တရား အားထုတ်မှုကို ပိုပြီး နှစ်သက်ကြသူတွေလည်း ရှိတယ်။ ဒီလူတွေကတော့ ဘာသာရေးကို ဘန်းပြ မလုပ်ချင်ဘူး။ မိမိရဲ့ ရင်တွင်းမှာ ထားပြီး ကိုးကွယ် ဆည်းကပ်ချင်သူတွေ ဖြစ်တယ်။ ဒီလူများဟာ ဘာသာရေးက သင်ကြား ပြသတဲ့ ကိုယ်ကျင့်သီလ သိက္ခာပုဒ်တွေကို မိမိတို့ရဲ့ နေ့စဉ် ဘဝထဲမှာ ချပြီး အသုံးပြုကြတယ်။ ဘာသာရေးမှာ လက်တွေ့ ကျင့်ကြံ ပွားများ အားထုတ်ရမှု က အရေးပါတာချည်း ဖြစ်လို့ ဘာသာ ယုံကြည် ကိုးကွယ်မှုတိုင်းဟာ သူတို့ဘာသာ ဟာ ဘဝနေနည်း တစ်ခု ဖြစ်တယ်လို့ ထုတ်ဖော် ပြောဆိုကြပါတယ်။ ဒါဟာ ယုံ ကြည် ကိုးကွယ်ရဲ့ သက်သက်မဟုတ်ဘူးလို့ ဆိုတတ်ကြတယ်။ ဘာသာယုံကြည် ကိုးကွယ်မှုတွေ ပေါ်ပေါက်လာတဲ့ စတင် ဖြစ်ပေါ်ပုံနဲ့ ကြီးထွား ဖွံ့ဖြိုးလာရာ လမ်းကြောင်းချင်း မတူကြတာကြောင့် လူတို့ ကိုးကွယ်ရာ ဘာသာတွေမှာ ဘာသာ ရေး ချဉ်းကပ်ပုံတွေ၊ နားလည်ပုံ အဓိပ္ပာယ်ဖွင့်ဆိုပုံတွေ၊ ရည်မှန်းချက် ပန်းတိုင်နဲ့ ပန်းတိုင် ရောက်အောင် ပွားများအားထုတ်ကြပုံတွေနဲ့ ကျူးလွန်တဲ့ အပြစ်တွေ အရ ဆုပေးဒဏ်ပေးပုံများ မတူညီဘဲ ကွဲပြားလာကြတာဟာ အံ့သြစရာတော့ မဟုတ်ပါဘူး။

ချဉ်းကပ်ပုံအရ ပြောရရင်တော့ ယုံကြည်မှု အပေါ် အခြေခံတာလည်း ရှိ၊ ကြောက်ရွံ့မှု အပေါ် အခြေခံတာလည်း ရှိ၊ ဆင်ခြင်တုံတရား သို့မဟုတ် အန္တရာယ် ကင်း ဘေးရှင်းမှု အပေါ် အခြေခံတာလည်း ရှိပါတယ်။ ဘာသာရေး ကျင့်သုံးမှု အများအပြားတွင် ယုံကြည်မှုကို အခြေခံပြီး ဖွံ့ဖြိုး တိုးတက်လာရာမှာ အကြောက်

တရားကို ကျော်လွှန်နိုင်ပြီး မိမိတို့ရဲ့ လိုအင်ဆန္ဒတွေ ပြည့်စုံရေးအတွက် ကျင့်သုံးလာကြတာ ဖြစ်ပါတယ်။ အဲ့ဖွယ် ဆန်းကြယ်တဲ့ တန်ခိုးပြမှု အပေါ် အခြေခံတဲ့ ဘာသာတွေဟာ အဝိဇ္ဇာ ဆိုတဲ့ မသိနားမလည်မှုကြောင့် ဖြစ်လာတဲ့ လူတွေရဲ့ ကြောက်ရွံ့စိတ်ကို တလွဲ အသုံးပြုပြီး၊ ဒီတန်ခိုးရှင်တွေကို ပူဇော်ပသလို့ ရှိရင် စီးပွားလာဘ်လာဘ တိုးတက်မယ် ဆိုပြီး တပ်မက်တဲ့ လောဘကို ဖြစ်အောင် လှုံ့ဆော်ပြီး စည်းရုံးကြတာလည်း ရှိတယ်။ ကြည်ညိုလို့ ကိုးကွယ် ဆည်းကပ်ရာမှာလည်း သဘာဝလွန် တန်ခိုးရှင်တွေကို ကြောက်တဲ့ စိတ်လှုပ်ရှားမှုတွေကို အခြေခံတာပဲ။ ဒီတန်ခိုးရှင်တွေကို ဒေါသ မဖြစ်အောင် ပူဇော်ပသတဲ့ သီလဗ္ဗတ ပရမာသနည်းတွေ၊ ယဇ် ပူဇော်တာတွေ၊ ဟုံးပူဇော်ပွဲတွေ လုပ်ကြတယ်။ ယုံကြည်မှု အပေါ် အခြေခံတဲ့ ဘာသာမှာတော့ ယုံကြည် အားကိုးမှု ရအောင် လုပ်တာ ဖြစ်တယ်။ လူ့ ဘဝရဲ့ မသေချာ မရေရာတဲ့ ကံကြမ္မာတွေ ကြားထဲမှာ ယုံကြည် စိတ်ချရတဲ့ အားကိုးရာ ရှာတာ ဖြစ်တယ်။

တချို့ ဘာသာ ယုံကြည် ကိုးကွယ်မှုတွေကတော့ ဖွံ့ဖြိုး တိုးတက်လာတဲ့ လူ့ အသိဉာဏ်ကို အခြေခံပြီး ပေါ်ပေါက်လာတာ ဖြစ်တယ်။ ဒီလို ဆင်ခြင်ဉာဏ်ပညာ အပေါ်မှာ အခြေခံထားတဲ့ ဘာသာ ယုံကြည် ကိုးကွယ်မှုမှာ ဆိုရင် လူ့ တန်ဖိုးနဲ့ သဘာဝနိယာမ သို့မဟုတ် စကြဝဠာရဲ့ နိယာမ တရားတွေ အပေါ်မှာ အခြေခံပါတယ်။ ဒီဘာသာမျိုးဟာ လူသာ ပဓာန ဝါဒ အပေါ်မှာ အခြေခံတယ်။ လူ့ ကိုယ်ရည်ကိုယ်သွေးတွေ ကောင်းမွန်တိုးတက် ဖွံ့ဖြိုးလာအောင်လည်း ပြုစုပျိုးထောင် ပေးတယ်။ ဒီဘာသာမျိုးကို ကြောင်းကျိုးတရား ကိုယ့်ကိုယ်ကိုယ်သာ အားကိုးရာ ထားတဲ့ ကမ္မနိယာမ တရားအပေါ်မှာ အခြေခံထားတယ်။ လူသားဟာ မိမိပဲ ချမ်းသာရေး ဒုက္ခခပ်သိမ်း ချုပ်ငြိမ်း လွတ်မြောက်ရေးကို မိမိဘာသာ တာဝန်ယူ ဆောင်ရွက်မှရတယ်ဆိုတဲ့ အသိဉာဏ် အပေါ်မှာ ယုံကြည်ချက်ထားတယ်။

ပညာဝိမုတ္တိကို အခြေခံထားတဲ့ ဘာသာတရားဟာ ဆင်ခြင်တုံ တရားကို အသုံးချမှုကို အခြေပြုတယ်။ ဘဝကို နားလည် သဘောပေါက်မှုနဲ့ လောကရဲ့ အစစ်အမှန် သဘော၊ သစ္စာတရားနဲ့ ဝိဘဇ္ဇ ပညာ ခေါ်တဲ့ ခွဲခြမ်း စိတ်ဖြာတဲ့ နည်းကို အသုံးပြုမှု အပေါ်မှာ အခြေခံတယ်။

ဘေးအန္တရာယ် ကင်းရှင်းရေး၊ ချစ်ကြည် ရင်းနှီးရေး ဆိုတာတွေဟာ ဘာသာတိုင်းမှာ ပါဝင်ကြတဲ့ သဘောတရားတွေ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကို လိုလားတဲ့ ဘာသာတရားဟာ မိမိ ကိုယ်ကိုယ်ရော သူတစ်ပါးကိုပါ ဘေးအန္တရာယ်

မပြုရေး အခြေခံ ပေါ်မှာ တည်ထောင်ထားကြပါတယ်။ ဒီဘာသာကို ကိုးကွယ်ကြသူ အချင်းချင်းလည်း သင့်မြတ်ရေး၊ ညီညွတ်ရေး၊ လွတ်လပ်ပြီး ငြိမ်းချမ်းစွာ နေနိုင်ရေးကို လိုလားပြီး ရှင်သန်လာအောင် ပြုစုပျိုးထောင်ကြပါတယ်။ ချစ်ကြည်ရေးနှင့် မေတ္တာတရားကို အခြေခံထားတဲ့ ဘာသာတရားဟာ တခြား လူတွေရဲ့ ပျော်ရွှင် ချမ်းသာစွာ နေရရေး အတွက် ကိုယ်ကျိုးကို စွန့်ပြီး ပရဟိတ အကျိုးကို ဆောင်ရွက်ကြပါတယ်။

ဘာသာတရားများဟာ ဒီဘာသာကို ယုံကြည် ကိုးကွယ်ကြတဲ့ လူတွေရဲ့ နားလည်မှု အရည်အသွေးနဲ့ ဘာသာရေး ခေါင်းဆောင်တွေက ဘာသာတရားရဲ့ အဆုံးအမတွေ အပေါ်မှာ အဓိပ္ပာယ် ဖွင့်ဆိုပုံ၊ ကျင့်သုံးပုံကို လိုက်ပြီး ကွဲပြားခြားနားကုန်ကြတာ ဖြစ်တယ်။ တချို့ ဘာသာတရားတွေမှာ ဘာသာရေး အခွင့်အာဏာရှိသူ ခေါင်းဆောင်များက ဘာသာရေး ဥပဒေတွေ၊ ကိုယ်ကျင့်သီလ ဥပဒေတွေကို ပြဋ္ဌာန်းဖို့ အပြင်းအထန် တောင်းဆိုတတ်ကြတယ်။ တခြား ဘာသာတွေမှာတော့ ဘာသာရေး ထုံးတမ်း ဥပဒေတွေကို လိုက်နာသင့်ကြောင်း ပြောဆို ဖျောင်းဖျဆုံးမခြင်းလောက်ပဲ ပြုလုပ်ကြတယ်။ ဘာသာတရားတိုင်းက လူတွေ ကြုံတွေ့နေကြရတဲ့ လူ့ ပြဿနာတွေနဲ့ မညီမျှမှုတွေ အပေါ် ရှင်းချက်ပေးဖို့ အကြောင်းအမျိုးမျိုး ပြတတ်ကြပြီး ဖြေရှင်းဖို့ နည်းလမ်း အမျိုးမျိုးကိုလည်း ပေးတတ်ကြတယ်။ ရှင်းချက်ပေးရင်း တချို့ ဘာသာတွေက လူတွေအနေနဲ့ ပြဿနာ သုံးမျိုးကို ရင်ဆိုင်ကြရမှာပဲလို့ အဆိုပြုလာကြပြန်တယ်။ ဘာဖြစ်လို့လဲဆိုတော့ လူဟာ ဒီလောကမှာ အစမ်းခံနေရလို့ပဲ ဖြစ်တယ်တဲ့။ ဒီလို ရှင်းချက်မျိုး ပေးနေစဉ်မှာပဲ တခြား လူတွေက မေးနိုင်ပြန်တာက ဘာကိစ္စအတွက် အစမ်းခံနေရတာလဲ။ လူတစ်ယောက်ရဲ့ ဘဝမှာ တွေ့ကြုံ ဆက်ဆံနေကြရတဲ့ အတွေ့အကြုံချင်းလည်း မတူ၊ ရုပ်ပိုင်း အရရော၊ အသိဉာဏ် ပညာပိုင်း အရရော၊ စီးပွားရေး အရရော၊ လူမှုရေး အရပါ မတူတဲ့အပြင် ပတ်ဝန်းကျင် အခြေအနေချင်းလည်း မတူကြပါဘဲနဲ့ ဘယ်လို လုပ်ပြီး လူတစ်ယောက်ကို တရားစီရင်နိုင်မှာတဲ့လဲ။

ဘာသာတိုင်းလိုလိုမှာ ဘာသာရေး ဘဝရဲ့ ရည်မှန်းချက် ပန်းတိုင် အဖြစ်သတ်မှတ်ထားတဲ့ အယူအဆတွေကလည်း ကိုယ်စီ ရှိကြတယ်။ တချို့ ဘာသာတွေမှာ ထာဝရဘုရားနှင့် ထာဝရ အတူ တည်ရှိနေရမည့် 'အမတသုခ အမြင့်ဘုံ' (Paradise) ဆိုတာကို ပန်းတိုင်အဖြစ် သတ်မှတ်ထားတယ်။ တခြား ဘာသာတချို့မှာတော့ စကြဝဠာ ဝိဉာဏ်တော်ကြီးနဲ့ ပြန်လည် ပေါင်းစည်းရေးကို ဘဝရဲ့ အဆုံးပန်းတိုင်အဖြစ် သတ်မှတ်ထားပြန်တယ်။ တချို့ ဘာသာကျပြန်တော့ ဒုက္ခ

ခပ်သိမ်း ချုပ်ငြိမ်းခြင်းနဲ့ ထပ်တလဲလဲ မွေးခြင်း သေခြင်း ဆိုတဲ့ ဇာတိ၊ စုတိ သံသရာ ဖြစ်ခြင်း ကင်းရာအမှန် မြတ်နိဗ္ဗာန်ကို ဘဝရဲ့ အဆုံးပန်းတိုင်အဖြစ် သတ်မှတ်ထားကြတယ်။ တခြား လူတွေ အတွက်ကျတော့ ကောင်းကင်ဘုံရဲ့ ကောင်းချီး မင်္ဂလာတွေ ဖန်ဆင်းရှင်၊ ပြဟ္မာကြီးနဲ့ ပြန်လည် ပေါင်းစည်းရေး ဆိုတာတွေက သာမည ကိစ္စပဲ ဖြစ်တယ်။ ဘယ် ဘဝမှာပဲ ဖြစ်ဖြစ်၊ ဘဝရဲ့ မရေရာ မသေချာမှုကသာ ပဓာန ကျတယ်လို့ ဆိုပြန်တယ်။

တချို့ အယူဝါဒတွေ ကျပြန်တော့ ဒီမျက်မှောက် ဘဝသည်ပင် ဘဝရဲ့ ရည်မှန်းချက်ကို သိမြင် ခံစားဖို့အတွက် အတွေ့အကြုံတွေက လိုတာထက်တောင် ပိုနေသေးတယ်ဆိုပြီး ပြောဆိုတတ်ကြပြန်တယ်။

နောက်ပြီး ဘဝ ပန်းတိုင်ကို ရောက်ရာရောက်ကြောင်း နည်းလမ်းကောင်း တစ်ခုကိုလည်း ဘာသာတိုင်းမှာ ပေးထားပါတယ်။ တချို့ ဘာသာတွေက ဘာသာ ဝင်တွေကို ဘုရားသခင်ထံမှာ လက်နက်ချ အညံ့ခံဖို့ကို တောင်းဆိုကြတယ်။ အရာ ခပ်သိမ်းတို့သည် ဘုရားသခင် အပေါ်မှာပဲ တည်မှီတယ်လို့ ဆိုကြတယ်။ တခြား ဘာသာတွေကျပြန်တော့ ကိုယ်ကို ညှဉ်းဆဲပြီး မိမိတို့ ကိုယ်မှာ ငြိကပ်နေတဲ့ မကောင်းမှု ကိလေသာ တရားတွေကို အပုတ်ချပစ်ရမယ်လို့ ဆိုကြပြန်တယ်။ တခြား ဘာသာတွေကျတော့ တိရစ္ဆာန်တွေကို သတ်ပြီး ယဇ်နတ် ပူဇော်ရမယ်လို့ ဆိုတယ်။ ပူဇော်ပသပုံ အမျိုးမျိုး၊ ရွတ်ဖတ်ရမည့် ဂါထာမန္တရား အမျိုးမျိုးကိုလည်း ရွတ်ဖတ်ရတယ်။ ဒါမှ မိမိကိုယ်ကို စင်ကြယ်စေပြီး ဘဝရဲ့ နောက်ဆုံး ပန်းတိုင်ကို ရောက်နိုင်တယ်လို့ ဆိုထားပြန်တယ်။ နောက်ဘာသာ အယူ တစ်ခုကျ ပြန်တော့ တခြား ဘာသာတွေနဲ့ မတူ၊ တစ်မူ ကွဲပြားစွာ ပညာနဲ့ သစ္စာဉာဏ်ကို ရအောင် သမထ၊ ဝိပဿနာ နည်းလမ်းနဲ့ ကျင့်ကြံ ပွားများ အားထုတ်ရမယ်လို့ သွန်သင် ပြန်တယ်။

မကောင်းမှု ဒုစရိုက်အတွက် အပြစ်ဒဏ် ပေးပုံမှာလည်း ဘာသာ တစ်ခုနှင့် တစ်ခု အယူအဆချင်း ကွဲပြား ခြားနားနေပြန်တယ်။ တချို့ ဘာသာတွေကျတော့ ဒီဘဝမှာ လူသားများ ကျူးလွန်ခဲ့တဲ့ အပြစ်တွေအတွက် ဘုရားသခင်က တရားစီရင်ပြီး ထာဝရ အပြစ်ဒဏ်ကို ချမှတ်မယ်လို့ ဆိုတယ်။ ဒီလို တရားစီရင် ပြီးရင် ပြန်ပြီး လွတ်လမ်း မရှိတော့ဘူး။ တခြား ဘာသာကျပြန်တော့ ကံ၊ ကံ၏ (အကြောင်းနှင့် အကျိုး) ဆိုတဲ့ သဘာဝ နိယာမတရား အတိုင်း ကံ၏ အကျိုးအရ အပြစ်ဒဏ်ဟာလည်း အချိန်ကာလ အတိုင်းအတာ တစ်ခု အထိပဲ ကျခံရတယ်။

ကံကြွေးဝဋ်ကြွေးတွေ ကျေရင်၊ ပြန်ပြီး လွတ်မြောက်မယ်လို့ ဆိုဆုံးမပြန်တယ်။ တခြား ဘာသာ အယူအဆတွေကျတော့ ဘဝ များစွာတွေထဲမှာ ဒီလူ့ ဘဝဟာ တစ်ခု အပါအဝင် ဖြစ်တယ်။ ဒီဘဝမှာ ပုဂ္ဂလိက လူသားဟာ မိမိကိုယ်ကိုယ် မိမိ ကောင်းအောင် ပြုပြင်ပြီး ဘဝရဲ့ အဆုံးပန်းတိုင်ကို ရောက်အောင် တဖြည်းဖြည်း ဆင့်ကဲ ပြောင်းလဲပြီး တိုးတက်သွားအောင် လုပ်နိုင်တယ်လို့ ဟောတာလည်း ရှိတယ်။

မြတ်ဗုဒ္ဓကတော့ "ကြည်ညိုတာ တစ်ခုတည်းနဲ့တော့ ဘယ် သင်ကြားချက် ကိုမှ လက်မခံပါနဲ့။ ဒီသင်ကြားချက်ဟာ အစစ်အမှန် ဟုတ်မဟုတ်ကို ရွှေရဲ့ အရည်ကို မီးနဲ့ စမ်းသပ်သလို ပထမ စမ်းသပ်ပြီး စစ်ဆေးရမယ်"လို့ ဆုံးမတော် မူတယ်။

ဒီလို ဘာသာ ယုံကြည် ကိုးကွယ်မှုမှာ ဖွင့်ထားတဲ့ စိတ်နှလုံးထားမျိုး ရှိဖို့ အရေးကြီးကြောင်းကို အလေးအနက် မိန့်တော်မူပြီးမှ ဒီဘာသာရဲ့ အဆုံးအမများကို လက်တွေ့ ကျင့်သုံးခြင်းအားဖြင့် သက်ရှိ သတ္တဝါ အားလုံး အတွက် ကောင်း ကျိုး ဖြစ်မဖြစ်၊ လွတ်လပ်မှု ရှိမရှိ၊ ပျော်ရွှင် ချမ်းသာခြင်း ဖြစ်မဖြစ် ဆိုတာတွေကိုလည်း အကဲခတ်ရမယ်။ သတိ ပြုရမယ်။ ဆိုလိုတာက ဘာသာတရားဆိုင်ရာ မူဝါဒ တွေဟာ သက်ရှိ သတ္တဝါ အားလုံးအတွက် ဘဝ အရည်အသွေး တိုးတက် ကောင်းမွန် ရေးကို အထောက်အကူ ပြုရမယ်။ ဒါပေမဲ့ ခုခေတ်မှာ ဘာသာရေးဆိုင်ရာမူတွေကို လူတွေက ဖောက်ဖျက်သွေဖည်သွားကြလို့ လူ့ ဘဝမှာ အကျင့်ပျက်မှုတွေ ပေါ်ပေါက် လာရခြင်း ဖြစ်တယ်။ လူတွေ ကြားထဲမှာ ကိုယ်ကျင့်တရား ပျက်ပြားတဲ့ မကောင်းမှု ဒုစရိုက်တရားတွေက ခေတ်စားလာတယ်။ ခေတ်သစ် လောကကြီးထဲမှာ ဘာသာရေး စိတ်ဓာတ် ရှိသူတွေက တချို့သော ဘာသာရေး မူဝါဒတွေကို ထိန်းသိမ်းထားဖို့ အခက်အခဲတွေ ရှိလာကြတယ်။ ထိုအချိန်၌ ဘာသာရေးမူဝါဒ စည်းမျဉ်းများ ကလည်း ညစ်ညမ်း၍ ကိုယ်ကျိုး အတ္တစိတ် ရှိသူတို့၏ လိုအပ်ချက်အရ ပြုပြင် မွမ်းမံနိုင်လောက်အောင် အဆင့်မြင့်မားခြင်း မရှိသေးပါ။ လူတွေမှာ လောကဝဇ္ဇ သဘောရှိသော အကြွင်းမဲ့ ကိုယ်ကျင့်တရား ဥပဒေသများကို မကျူးလွန်ဘဲ နေနိုင်ဖို့ထက် ကိလေသာ အာရုံ ကာမဂုဏ်တို့ကို လိုက်စားပျော်ပါးချင်သော စိတ်ကြောင့် ထိုစဉ်က ရှိခဲ့သော ဘာသာတရားများက ပြဋ္ဌာန်းထားသည့် အကျင့် သီလ သိက္ခာပုဒ်များနှင့် လိုက်လျောညီထွေ ဖြစ်အောင်နေဖို့ကိုပင် များစွာ ကြိုးပမ်း နေရသည့်အခါ ဖြစ်တယ်။

ဉာဏ်ပညာရှိသော ဘာသာရေး ခေါင်းဆောင် ဓမ္မဆရာကြီးများက အကျင့်သီလနှင့် ဆိုင်တဲ့ သီလသိက္ခာပုဒ်များကို မိတ်ဆက်သဘောဖြင့် စတင် ပြဋ္ဌာန်းနေကြပါပြီ။ ဒီသီလသိက္ခာပုဒ်တွေကို စတင် ပြဋ္ဌာန်းကြတဲ့ ဘာသာရေး ခေါင်းဆောင် ဆရာကြီးများဟာ လူ့ ဘောင်ထဲမှာ ငြိမ်းချမ်း၍ ပျော်ရွှင်ဖွယ် ကောင်းအောင် နေနည်းကို သိမြင်လာကြလို့ ဒီသီလသိက္ခာပုဒ်များကို ချမှတ် ကျင့်သုံးလာကြတာ ဖြစ်တယ်။ ဒီသီလသိက္ခာပုဒ်တွေကို ကျူးလွန်သူတွေဟာ လောကဝဋ္ဋတရားတွေကို ကျူးလွန်ကြခြင်း ဖြစ်တယ်။ ဗုဒ္ဓဘာသာတရားအရ ဒီလို ကံမျိုး ကျူးလွန်သူများဟာ ကံကျိုး ဝိပါက်ကိုလည်း အတုံ့အားဖြင့် ပြန်လည် ခံစားကြရတာ ဖြစ်တယ်။

ဒီလို ပြောတဲ့ စကားကြောင့် မိမိတို့ ဘာသာထဲမှာ ပါတဲ့ သီလသိက္ခာပုဒ်တွေကို ကျွန်များလို မဆင်မခြင်ဘဲ ဘာသာတရားက ပြဋ္ဌာန်းသမျှကို မျက်စိမှိတ်၊ ခေါင်းညိတ်ပြီး လိုက်နာကြရမယ်လို့ မဆိုလိုဘူး။ ခေတ်ကာလ အလိုနဲ့ အသုံးတည့် မတည့် စဉ်းစားခြင်း မပြုဘဲ ဘာသာတရားထဲ ပါတာဆို လိုက်နာကြရမှာပဲဆိုတဲ့ သဘောမျိုးကို မဆိုလိုပါဘူး။ ဘာသာတရားက လက်ခံပြဋ္ဌာန်းထားတဲ့ သီလသိက္ခာပုဒ်တွေ၊ ထုံးတမ်း ဥပဒေတွေဟာ လူတွေ အတွက် အဓိပ္ပာယ် ပြည့်ဝတဲ့ ဘဝမှာ နေနိုင်ရေးအတွက် အထောက်အကူ ပြုရမယ်။ ရှေးကျတဲ့ လူတွေ လက်ခံကျင့်သုံးခဲ့ကြတဲ့ ပူဇော်ပသတာမျိုးတွေ အယူသီးတဲ့ လုပ်ရပ်မျိုးတွေ မျက်ကန်းသဘောနဲ့ လိုက်လုပ်ရမယ် ဆိုတဲ့ နေရာမှာ အသုံးမချရပါဘူး။

ဘာသာတရား လက်ကိုင်ထားတဲ့ ပုဂ္ဂိုလ်ဟာ လူသားရဲ့ အသိဉာဏ် ပညာကို တန်ဖိုးထား လေးစားပြီး လူ့ ဂုဏ်သိက္ခာ ရှိရှိ လုပ်ကိုင် နေထိုင်တတ်ရမှာ ဖြစ်တယ်။ လူ့ အဖွဲ့အစည်း ပြောင်းလဲလာပြီး ကျွန်ုပ်တို့ရဲ့ ပညာရေးဘက်ကလည်း တိုးတက် ပြောင်းလဲလာတဲ့အခါ ကာလမှာ ဘာသာရေးဘက်ကလည်း ခေတ်ကာလ အခြေအနေနဲ့ လိုက်လျောပြီး အံဝင်ခွင်ကျ ဖြစ်အောင် အပြောင်းအလဲ လုပ်ရမှာပါ။ ဒါပေမဲ့ အကြွင်းမဲ့ မှန်ကန်တဲ့ မူတွေကို အနစ်နာခံ၊ လျစ်လျူရှုပြီး ပြောင်းလဲပစ်ရမှာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဘာသာရေး ကျင့်ထုံးတွေကို ပိုပြီး ကောင်းအောင်ပဲ ဖြစ်ဖြစ်၊ အပြောင်းအလဲ လုပ်ကြတဲ့အခါ အခက်အခဲတော့ ရှိတန်သလောက် ရှိတတ်တယ် ဆိုတာကိုလည်း အသိအမှတ် ပြုရမှာပါ။ ဒီလို ရှေးအယူဝါဒစွဲသန်တဲ့ ကွန်ဆာဗေးတစ် အယူရှိသူတွေဟာ ရေ သေနေတဲ့ ရေကန်လိုပဲ။ အယူအဆသစ်တွေကတော့ ရေတံခွန်က ကျတဲ့ရေလိုပဲ ရေဟောင်း နေရာမှာ ရေသစ်တွေ အမြဲတမ်း စီးဝင်နေလို့ ရေပုပ်သိုးခြင်း မရှိဘဲ သုံးလို့ရတဲ့ ရေ ဖြစ်လာတယ်။

## ဘာသာရေး အယူလွဲမှား ဖောက်ပြန်ခြင်း

ကိုယ်ကျင့်တရား မြှင့်တင်ရေး ကိစ္စတွင် ဘာသာရေး၏ တန်ဖိုး ရှိစေကာမူ ဘာသာရေးသည် အယူသီးမှု ဖြစ်ပေါ်ရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်သည်ဟု လည်း ဆိုသင့်ပြန်ပါတယ်။ ဘာသာရေး အရေခြုံပြီး အတုအယောင် ကြောင်သူတော် ကြည်ညိုဝတ်ပြုခြင်းမျိုးကိုလည်း ဖြစ်စေပါတယ်။ လူ အတော်များများက ဘာသာ ရေးကို အစစ်အမှန်တရားနဲ့ ကင်းဝေး လွတ်မြောက်သွားအောင် တကယ့် ဖြစ်ရပ် ထဲက ထွက်ပြေး လွတ်မြောက်အောင် အသုံးချတာမျိုးလည်း ရှိပါတယ်။ သူတို့က ဘာသာရေး ဝတ်ရုံတွေ ဝတ်ပြတာတို့ ဘာသာရေးအမှတ် သင်္ကေတတွေ လည်ပင်းမှာ ဆွဲပြတာတို့ကို အပေါ်ယံ လူ မြင်ကောင်းအောင် လုပ်ပြတတ်ကြတယ်။ တကယ်တမ်းကျတော့ ဒီလူတွေရဲ့ စိတ်ထဲမှာလည်း ဘာသာရေးကို တကယ် မကြည်ညိုပါဘူး။ ပြီးတော့ ဘာသာရေးရဲ့ ဆိုလိုရင်း အနှစ်သာရ သဘောက ဘာလဲဆိုတာကိုလည်း ဒီလူတွေ မသိကြပါဘူး။ ဘာသာရေးကို အဝိဇ္ဇာ၊ လောဘ၊ တစ်ကိုယ်ကောင်း အတ္တတွေအပေါ်မှာ လွဲမှားစွာ အခြေခံ ထားလိုက်တဲ့အခါ ပြည်သူလူထုက ဘာသာရေးဆိုတာ အသိဉာဏ် မရှိတဲ့ လူတွေ ယုံကြည်ကိုးကွယ် ကြတာပါဆိုပြီး စွပ်စွဲ ဝေဖန်ပြီး လက်ညှိုး ထိုးတတ်ကြတယ်။ အပေါ်ယံ ပူဇော် ပသတဲ့ အခမ်းအနား သဘောနဲ့ ဘာသာရေးဆိုင်ရာ သင်ကြားချက်တွေကို ခွဲခြား သင့်ပါတယ်။ ကျမ်းဂန်ထဲမှာ ဟောကြားထားတဲ့ တရား ဒေသနာတော်တွေနဲ့ လူတွေ ပြုလုပ်နေကြတဲ့ အပေါ်ယံ ပူဇော်ပသတာတွေကို ခွဲခြားပြီး နားလည်ရမှာ ဖြစ်ပါတယ်။ ဘာသာရေးကို မဝေဖန်ခင် ဝေဖန်ချင်သူဟာ ဘာသာတရားရဲ့ မူရင်း သင်ကြားချက်တွေကို လေ့လာသင့်တယ်။ အဲဒီ မူရင်း ဒေသနာတော်တွေ ထဲမှာ ဘာသာတရားကို ထူထောင်ခဲ့ကြတဲ့ ပုဂ္ဂိုလ်များရဲ့ ဘဝ လုပ်ဆောင်ချက်တွေ ထဲမှာ အနှစ်သာရအားဖြင့် မှားယွင်းမှု ချွတ်ချော်မှုတွေ ရှိသလား ဆိုတာကို လေ့လာကြည့်ရမယ်။

ဘာသာတရားက လူတွေကို ကောင်းတာလုပ်ဖို့ ကောင်းအောင် နေဖို့ကိုပဲ သင်ကြား ဆုံးမပါတယ်။ ဒါပေမဲ့ ဒီသင်ကြားသလို တကယ် လုပ်ရဲ့လား။ လုပ်ချင်တဲ့ စိတ်ကော ရှိရဲ့လား။ မူလ ဒေသနာတော်တွေနဲ့အညီ လိုက်နာကျင့်သုံးရမည့်အစား သူတို့က တခြား ဘာမှ ဘာသာရေး တန်ဖိုး မရှိတဲ့ အဆောင်အယောင် ပွဲသဘင် အခမ်းအနားတွေ၊ ပူဇော်ပသတာတွေနဲ့ပဲ အချိန်ကုန်တတ်ကြတယ်။ ဘာသာ

တရားရဲ့ သင်ကြားချက်များကို လိုက်နာ ကျင့်သုံးခြင်းအားဖြင့် လောဘ၊ မစ္ဆရိယ စိတ်တွေ၊ မာနတွေ၊ ရက်စက်ကြမ်းကြုတ်တဲ့ အမုန်းတရားတွေ တစ်ကိုယ်ကောင်း အတ္တစိတ်တွေ ပပျောက်သွားအောင် လုပ်ကြလို့လား။ ဘာသာရေးကိုကော နည်းမှန်လမ်းမှန် ကိုးကွယ် ဆည်းကပ်ကြလို့လား။ လူ များစွာတို့က သူတို့က ဘာသာရေးသမားယောင် ဟန်ဆောင်ကြပြီး ဘာသာရေး နာမည်ခံပြီး ရက်စက် ကြမ်းကြုတ်တဲ့ အကြမ်းဖက် လုပ်ရပ်တွေကို ကျူးလွန်နေကြတယ်။ မနာလိုမှု၊ ဝန်တိုမှု၊ မုန်းတီးမှု၊ ဖျက်ဆီးလိုမှု၊ အနိုင်ယူလိုမှု အတ္တ၊ မာနတရားတွေ ပွားများ တိုးတက်အောင်ပဲ လုပ်ဆောင်နေကြတာက များပါတယ်။ ဘာသာရေးအတွက် ဆိုတဲ့ အကြောင်းပြချက်နဲ့ အကြမ်းဖက် တိုက်ခိုက်ကြတယ်။ ခွဲခြားဆက်ဆံပြီး ကမ္ဘာကြီး မငြိမ်မသက် ဖြစ်အောင် ဘာသာရေး ဗန်းပြပြီး လုပ်နေကြတယ်။ ဘာသာရေးရဲ့ မွန်မြတ်တဲ့ ဦးတည်ချက်တွေလည်း ပပျောက်ကုန်ပါပြီ။ ဘာသာရေး တိုးတက်တယ် ဆိုတာလည်း တကယ်တမ်း စိတ်ပိုင်းဆိုင်ရာ သန့်ရှင်းမှုဘက်က တိုးတက်တာ မဟုတ်ဘဲ ဘာသာရေး အမည်ခံပြီး ပြုလုပ်တဲ့ အခမ်းအနားတွေ၊ ပူဇော်ပွဲတွေ၊ ပသပွဲတွေဘက်က တိုးတက် စည်ကားလာတာသာ ဖြစ်ပါတယ်။

ဘာသာရေးကို ကျင့်သုံးတယ် ဆိုတာက မိမိရဲ့ အတွင်း အဇ္ဈတ္တ သဘော အရ နားလည်မှု ဖွံ့ဖြိုး တိုးတက်ဖို့ စိတ်ကောင်း နှလုံးကောင်းတွေ ဖြစ်ပေါ်လာဖို့ပဲ ဖြစ်တယ်။ မိမိတို့ရဲ့ ဖြူစင်တဲ့ စိတ်ဓာတ် အင်အားအပေါ် အခြေခံပြီး ပြဿနာ မှန်သမျှကို မျှမျှတတ ဖြစ်အောင် ဖြေရှင်းတတ်ဖို့ပဲ ဖြစ်တယ်။ ဘာသာရေး နာမည်ခံပြီး ပြဿနာကို မျှတတဲ့ စိတ်ကောင်း နှလုံးကောင်းနဲ့ မဖြေရှင်းဘဲ ပြဿနာကို ရှောင်ပြေးတာကတော့ ရဲစွမ်းသတ္တိရှိတဲ့ အလုပ် မဟုတ်ပါဘူး။ ဒါကို ဘာသာရေး စိတ်ဓာတ်လို့လည်း မယူဆနိုင်ပါဘူး။

ဒီကနေ့ လူသားတွေ ကြုံတွေ့နေကြရတဲ့ ကသောင်းကနင်း အခြေအနေ တွေ ထဲမှာ စိတ်ကူးယဉ်လိုရာ ဆွဲတွေးကြတဲ့ ဘာသာရေး အယူအဆများဟာ လူ့ စိတ်ထဲမှာ သွေးဆောင်မှုများနဲ့ ရှုပ်ထွေးမှုများကိုပဲ ပိုများလာအောင် ဖန်တီးနေပါ တယ်။ ကိုယ်ကျိုးစီးပွား၊ ကိုယ့် ကိစ္စ အောင်မြင်ရေး၊ အကျိုးအမြတ် ရရှိရေး အတွက် ဘာသာရေးကို တလွဲ အသုံးချခံနေရတယ်။ တချို့သော ကိုယ်ကျင့်တရား မရှိတဲ့ လွတ်လပ်ခွင့် ဆိုတာတို့လို အကျင့်ပျက်မှု သဘောတရားတွေကို တာဝန်မဲ့ ဘာသာရေး အုပ်စုတွေက အားပေးအားမြှောက် ပြုနေကြတယ်။ မြှောက်ထိုး ပင့်ကော် လုပ်နေကြပါတယ်။ ဒီလို ဘာသာရေး အယူအဆမျိုးကို လူငယ်တွေ ကြားမှာ သွတ်သွင်းလာကြတယ်။ ဒီနေ့ ဒီအခါမှာ ဘာသာရေးဟာ အင်မတန်

သိက္ခာ ကျနေတယ်။ ဘာသာရေး ဈေးကွက်ထဲမှာ အပေါစား ကုန်ပစ္စည်း တစ်မျိုး ဖြစ်နေပါတယ်။ ဘာသာရေး တန်ဖိုးထားမှု သဘော လုံးလုံး မထားသလောက် ဖြစ်နေပါတယ်။ တချို့ သာသနာပြုတွေကဆို ဘာသာရေးမှာ အကျင့်သီလတွေ ဘာတွေဟာ အရေးမကြီးဘူး။ ထာဝရ ဖန်ဆင်းရှင် ဘုရားသခင်ကို ယုံယုံ ကြည်ကြည်နဲ့ ဝတ်ပြု ဆုတောင်းနေဖို့ကသာ ပိုပြီး အရေးကြီးကြောင်း ဟောပြော နေကြတယ်။ ဘုရားကို နှစ်နှစ်ကာကာ ယုံကြည်ပြီး ဘုရားကို ဝတ်ပြု ဆုတောင်း ခြင်းကသာ မိမိအတွက် ကယ်တင်ခြင်း ခံရဖို့ အကောင်းဆုံးနည်း ဖြစ်တယ်လို့ ယုံကြည်နေကြပါတယ်။ ဘာသာရေး အာဏာပိုင် အချို့ရဲ့ ဖောက်လွဲဖောက်ပြန် လုပ်မှုတွေကြောင့် ဥရောပတိုက်က မျက်ကန်း ဘာသာရေး နောက်လိုက်တွေကို ကြည့်ပြီး ကားလ်မာက်က နာကြည်း ပြင်းထန်တဲ့ မှတ်ချက်ကို ချခဲ့ဖူးတယ်။

"ဘာသာရေးဟာ အဖိနှိပ်ခံ သတ္တဝါတွေရဲ့ အမှတ်သင်္ကေတပဲ ဖြစ်တယ်။ ကမ္ဘာပေါ်က နှလုံးသား ကင်းမဲ့သူတွေရဲ့ ခံစားချက် ဖြစ်တယ်။ ဒါဟာ ဝိညာဉ် မရှိတဲ့ အခြေအနေထဲက ဝိညာဉ်မျိုးပဲ။ ဘာသာရေးဟာ လူတွေအဖို့တော့ ဘိန်းပဲ" လို့ ဆိုခဲ့ဖူးတယ်။

ဘာသာရေးကို လူတွေ လိုအပ်တာဟာ လူတွေကို နောင်ဘဝ မျှော်လင့် ချက်တွေ ပေးဖို့နဲ့ အယူသီး အစွဲသန်တဲ့ သဘောတွေကို ပေးပြီး လိုက်နာအောင် လုပ်ဖို့ မဟုတ်ဘူး။ ဒီလို လုပ်ရင် လူဟာ သူ့ရဲ့ လူ့ အသိဉာဏ် ဆင်ခြင်တုံတရားကို ပစ်ချပြီး မိမိတို့ လူသား အချင်းချင်းအတွက် စိတ် ငြိုငြင်စရာ သတ္တဝါ တစ်မျိုး ဖြစ်လာမှာပဲ။ ဘာသာတရား တစ်ခုဟာ ယုံကြည်စိတ်ချလောက်တဲ့ အားကိုး အားထား ပြုစရာ အကြောင်းအကျိုး ဆီလျော်စွာ လူတွေကို မျက်မှောက် ဘဝမှာ နေနည်းသင်တဲ့ တရားပဲ ဖြစ်ရမယ်။ နားလည်မှု ရှိပြီး ယဉ်ကျေး သိမ်မွေ့တဲ့လူ၊ တခြား လူတွေက အတုခိုး လိုက်နာလာအောင် ကောင်းမြတ်တဲ့ နမူနာ ပြယုဂ် ဖြစ်စေရမယ်။ ဘာသာတရား များစွာက လူတွေကို ကိုယ့်ကိုယ်ကိုယ် ကောင်းအောင် ပြုပြင်ရမယ် ဆိုတဲ့ အမြင်ကနေ လမ်းလွဲပြီး ထာဝရဘုရား၊ အနန္တ တန်ခိုးရှင်တို့ ဘက်ကို စိတ်လှည့်သွားအောင် ပြုလုပ်ကြတယ်။ ဒါပေမဲ့ ဗုဒ္ဓဘာသာကတော့ လူသားကို မိမိရဲ့ အဇ္ဈတ္တ ငြိမ်းချမ်းရေးကို ရှာဖွေဖို့ကိုပဲ သင်ပေးတယ်။ ဓမ္မ ဆိုတာက လက်ကိုင်ထားရမည့် တရားလို့ အဓိပ္ပာယ်ရတယ်။ ဒီတရားက လူသား အနေနဲ့ မိမိရဲ့ အဇ္ဈတ္တ သန္တာန် အပြင်ဘက်မှာ ရှာရတဲ့ တရား မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ အဆုံးစွန် ခွဲခြမ်း စိတ်ဖြာ လေ့လာကြည့်လိုက်တဲ့အခါ လူသားဟာ ဓမ္မပဲ။ ဓမ္မဟာ လူသားပဲ ဆိုတာ တွေ့ရတယ်။ ဒါကြောင့် စစ်မှန်တဲ့

ဘာသာတရား ဒါဟာ ဓမ္မပဲ။ ဒီတရားဟာ လူသားရဲ့ ဇာတိဒ္ဓမှာ ရှိတာ မဟုတ်ဘူး။ မိမိကိုယ်တွင်းမှာ ပညာနဲ့ သစ္စာဉာဏ် ဖွံ့ဖြိုးလာအောင် ပြုစုပျိုးထောင်ပြီး မင်ဉာဏ် ဖိုလ်ဉာဏ်နဲ့ မေတ္တာ ကရုဏာတွေ ပြည့်ဝ သန့်စင်တဲ့ ကိုယ် ဖြစ်အောင် လုပ်ရမှာသာ ဖြစ်တယ်။

## ဘယ်ဘာသာသည် ကိုးကွယ်ထိုက်တဲ့ဘာသာလဲ?

*အကယ်၍သာ ဘာသာတိုင်းမှာ အရိယာ သစ္စာ လေးပါး မြတ်တရား နှင့် မဂ္ဂင်ရှစ်ပါး တရားမျိုး ပါရှိကြရင် အဲဒီ ဘာသာတိုင်းဟာ သင့်တော် တဲ့ ဘာသာ၊ ကိုးကွယ် ထိုက်တဲ့ ဘာသာ ဖြစ်တယ်။*

ဒီကမ္ဘာမှာ ဘာသာတရားတွေ ဘာကြောင့် ဒီလောက်တောင် များနေရသလဲ ဆိုတဲ့ အကြောင်းကို လူတစ်ယောက်အနေနဲ့ သိဖို့ရာ အလွန်ပဲ ခက်ခဲနေတဲ့အပြင် အဲဒီ ဘာသာတွေထဲမှာ ဘယ်ဘာသာဟာ စစ်မှန်တဲ့ ဘာသာလဲ ဆိုတာကို သိဖို့က ပိုပြီး ခက်နေပါတယ်။

ဘာသာတရား အသီးသီးကို ကိုးကွယ်နေကြတဲ့ ဘာသာဝင်များကတော့ မိမိတို့ ကိုးကွယ်နေကြတဲ့ ဘာသာကို အကောင်းဆုံးလို့ သဘောထားကြတာပါ။ ကွဲပြား ခြားနားမှုကလည်း တချို့သော ညီညွတ်မှုကို ဖန်တီးပေးပါတယ်။ ဒါပေမဲ့ ဘာသာ ကိုးကွယ်မှု ကိစ္စမှာတော့ လူတွေဟာ ဘာသာ မတူသူ အချင်းချင်း တစ်ယောက်ကို တစ်ယောက် မနာလိုတဲ့ စိတ်၊ မုန်းတီးတဲ့ စိတ်နဲ့ အထင်သေး အမြင်သေးတဲ့ သဘောထားမျိုးနဲ့ ဆက်ဆံတတ်ကြပါတယ်။ ဘာသာ တစ်ခုက အလွန် အလေးအမြတ်ထားတဲ့ အလေ့အကျင့် တစ်ခု၊ အပြုအမူ တစ်ခုကို နောက်ဘာသာ တစ်ခုရဲ့ အမြင်မှာ ပြက်ရယ်ပြုစရာ ယုတ္တိမတန်တာ ဖြစ်နေ တတ်ပါတယ်။ ဘုရားသခင်ရဲ့ ငြိမ်းချမ်းတဲ့ သတင်းစကားကို အစပျိုးပြီး မိတ်ဆက် သွတ်သွင်းဖို့ ကိစ္စမှာ လက်နက်နဲ့ စစ်တိုက်တဲ့နည်းနဲ့ ပြုလုပ်ခဲ့ကြတာလည်း ရှိတယ်။ ဒီလုပ်ရပ်မျိုးဟာ ဘာသာတရားရဲ့ ကောင်းမြတ်လှတဲ့ နာမည် ဂုဏ်သတင်းတို့ ညစ်ညမ်းအောင် ပြုလိုက်ခြင်းပဲ မဟုတ်လား။ ဒါက ဘာကို ဖော်ပြသလဲဆိုတော့ ဒီဘာသာမျိုးဟာ ဓမ္မသဘောကို ဖော်ဆောင်ရမည့် တာဝန် ရှိပါလျက် လူတွေကို စုစည်းတဲ့ သဘောကို ပြုသလို ဖြစ်နေတယ်။

ကိုးကွယ်ထိုက်တဲ့ ဘာသာ မိမိအတွက် သင့်လျော် လျောက်ပတ်တဲ့ ဘာသာ အစစ်အမှန်ကို ရှာဖွေတဲ့ နေရာမှာ ဘက်မလိုက်တဲ့ စိတ် မငဲ့တဲ့ စိတ်နဲ့ ဘယ်ဘာသာဟာဖြင့် မှားယွင်းတဲ့ ဘာသာ ဖြစ်တယ် ဆိုတာကို ချိန်စက်တတ်ဖို့ လိုပါတယ်။ မှားယွင်းတဲ့ ဘာသာ၊ မှားယွင်းတဲ့ ဒဿန အမြင်တွေထဲမှာ ပါတာက ရုပ်ဝါဒ၊ ဒီအယူဝါဒက နောင်တမလွန် ဘဝ ရှိတယ် ဆိုတာကို ငြင်းပယ်ထားတယ်။ အကျင့်သီလမဲ့ ဝါဒ၊ ဒါက ကုသိုလ်၊ အကုသိုလ်ကို ပယ်တယ်။ ပြီးတော့ လူတွေကို အံ့ဖွယ် ဆန်းကြယ်တဲ့ နည်းနဲ့ ကယ်တင်မယ်။ ဒါမှမဟုတ် အပြစ်ဒဏ် ခတ်မယ်လို့ ယုံကြည် လက်ခံထားတဲ့ အယူဝါဒ။ နောက် ဣဿရိယ နိမ္မာန ဆိုတဲ့ ထာဝရဘုရားကသာ အရာကို ကြိုတင် စီမံတာ ဖြစ်တယ်။ ဒီဘုရားအပေါ်မှာ မမှိတ်မသုန် ယုံကြည်သက်ဝင်ရင်ဖြင့် နောက်ဆုံးမှာ ဘုရားသခင်ရဲ့ ကယ်တင်ခြင်းကို ခံစားရမယ်လို့ ဟောပြောတဲ့ ဘာသာအယူဝါဒတွေ အားလုံး ပါဝင်ကြပါတယ်။

ဗုဒ္ဓဘာသာကတော့ မသေချာ မရေရာတဲ့ ကျေနပ်ဖွယ် မကောင်းတဲ့ အခြေခံပေါ်မှာ တည်ဆောက်ထားခြင်းက ကင်းလွတ်တယ်။ ဗုဒ္ဓဘာသာက သရုပ်မှန်သဘော ရှိတယ်။ မယုံဘူးဆိုရင် သံသယရှိရင် လက်တွေ့ အစမ်းခံတယ်။ ဒီဘာသာက လက်ခံထားတဲ့ သစ္စာတရား အမြင်များဟာ ဗုဒ္ဓ ကိုယ်တော်တိုင်လည်း စမ်းသပ်ထားတာတွေ ဖြစ်တယ်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ သာဝကကြီးများ ကိုယ်တိုင်လည်း စမ်းသပ် စစ်ဆေးပြီးမှ လက်ခံထားကြတာတွေ ဖြစ်ပါတယ်။ ပြီးတော့ ဘယ်သူမဆို၊ ဘယ်အချိန်မှာမဆို၊ ဘယ်နေရာမှာမဆို မယုံရင် စမ်းသပ်ကြည့်ခွင့် ပြုထားတဲ့ စမ်းသပ်ခွင့်ကို ဖွင့်ပေးထားတဲ့ ဘာသာ ဖြစ်တယ်။ ပြီးတော့ ယခု မျက်မှောက်ခေတ်ကျတော့လည်း အလွန် ပြင်းထန်တဲ့ သိပ္ပံပညာ နည်းလမ်းတွေနဲ့ ဗုဒ္ဓရဲ့ သင်ကြားထားချက်တွေကို စမ်းသပ် စစ်ဆေးခဲ့ကြပြီးပါပြီ။

ဗုဒ္ဓရှင်တော်မြတ်ဘုရားက ဘယ်ဘာသာပဲ ဖြစ်ဖြစ် ဒီဘာသာထဲမှာ အရိယာ သစ္စာ လေးပါး မြတ်တရားမျိုး ပါလို့ ရှိရင်၊ မဂ္ဂင် ရှစ်ပါးဖြစ်တဲ့ မဇ္ဈိမပဋိပဒါ သံသရာ ထွက်မြောက်ကြောင်း တရား ပါလို့ရှိရင် အဲဒီ ဘာသာဟာ ယုံကြည် ကိုးကွယ်ဖို့ သင့်တဲ့ ထိုက်တဲ့ ဘာသာ ဖြစ်တယ်လို့ ဟောတော်မူခဲ့ပါတယ်။ ဒါက ဘာကို ပြသလဲ ဆိုတော့ ဗုဒ္ဓရှင်တော်မြတ်ရဲ့ နှလုံးတော်ထဲမှာ ဘာသာ တစ်ခုတည်းကို သီးသန့် တည်ဆောက်လိုတာ မဟုတ်ဘူး ဆိုတာကို ဖော်ပြတယ်။ ကိုယ်တော်မြတ် ထင်ရှား သိမြင်စေလိုတာက ကျွန်ုပ်တို့ ဘဝနဲ့ ကျွန်ုပ်တို့ နေထိုင်ရာ လောကကြီးရဲ့ အမှန်သစ္စာတရား (ပရမတ္ထသစ္စာ) သဘောကို ဖော်ထုတ်ပြီး သိမြင်စေချင်တာပဲ ဖြစ်တယ်။

မြတ်ဗုဒ္ဓက အရိယာ သစ္စာ လေးပါး မြတ်တရားကို ဟောဖော် ညွှန်ပြဆုံးမတော်မူခဲ့သော်လည်း မဂ္ဂင် ရှစ်ပါး မြတ်တရားကို ဟောကြားတော်မူခဲ့သော်လည်း ဒီတရားတွေဟာ သူ့ရဲ့ ကိုယ်ပိုင် ပစ္စည်းတွေ မဟုတ်ဘူး။ ဗုဒ္ဓဘာသာဝင်တွေသာ ပိုင်ထိုက်တဲ့ ပစ္စည်းတွေ မဟုတ်ဘူး။ ဒါဟာ တစ်လောကလုံးနဲ့ ဆိုင်တဲ့ အမှန်သစ္စာတရားတွေပဲ ဖြစ်တယ် ဆိုတာကိုလည်း အထင်အရှား ပြတော်မူခဲ့ပါတယ်။

လူသားများအနေနဲ့ မိမိတို့ လက်ခံ ကျင့်သုံးနေတဲ့ ဘာသာတရားရဲ့ စစ်မှန်မှုကို သက်သေပြပါလို့ စောဒက တက်ကြဖို့ လိုပါတယ်။ တချို့ကလည်း သူတို့ ဘာသာကသာ ရှေးအကျဆုံး ဖြစ်တယ် ဆိုပြီး ပြောတတ်ကြတယ်။ ဒီလို ရှေးကျတာကြောင့် သူတို့ ဘာသာထဲမှာသာ သစ္စာတရား ရှိတယ်လို့လည်း ဆိုတတ်ကြတယ်။ တခြား လူတွေကကျတော့ သူတို့ ကိုးကွယ်တဲ့ ဘာသာကသာ နောက်ဆုံးပေါ် အသစ်လွင်ဆုံး ဖြစ်လို့ အမှန်သစ္စာတရား ပါတယ်လို့ ပြောဆိုကြပြန်တယ်။ နောက်တစ်ခုကကျတော့ သူတို့ ဘာသာမှာသာ ကိုးကွယ်သူ အများဆုံး ဖြစ်တယ်။ ဒါကြောင့် သစ္စာတရားပါတယ် ဆိုပြီး ဆွဲပြောကြပြန်တယ်။ ဒါပေမဲ့ ဒီလို စောဒက တက်တာတွေဟာ တစ်ခုမှ တရားမဝင်ပါဘူး။ ဒီနည်းနဲ့ သစ္စာတရားကို ထူထောင်ပြလို့ မရနိုင်ပါဘူး။ လူတစ်ယောက်အနေနဲ့ ဘာသာ တစ်ခုရဲ့ တန်ဖိုးကို အကဲခတ်ရာမှာ လူတိုင်း သိမြင် နားလည်နိုင်တဲ့ သဘောမျိုးနဲ့ နားလည်သဘောပေါက်မှု အပေါ်မှာ မူတည်ပါတယ်။

တချို့ ဘာသာတရားများက လူတွေကို မိမိတို့ကို ဖန်ဆင်းတော်မူတဲ့ ပိုမိုကြီးမားတဲ့ တန်ခိုးတော်ရှင် ဖန်ဆင်းရှင် ဘုရားကို ဝပ်တွားခယခြင်းဖြင့်သာ မိမိတို့ရဲ့ နောက်ဆုံး ကယ်တင်ခြင်းကို ခံရမယ်လို့ ယူဆတဲ့ အစဉ်အလာ ရှိကြတယ်။

လူဟာ မိမိ ဘဝကို မိမိ ဖန်တီးသူ ဖြစ်တယ်။ မိမိ ဘဝ လွတ်မြောက်မှု အတွက်လည်း မိမိမှာသာ တာဝန် ရှိတယ် ဆိုတာကို ဟောရမည့်အစား အားလုံး ကိစ္စ မှန်သမျှကို ဘုရားသခင်ကိုပဲ အားကိုးပြုမှု အပေါ် ပုံချထားတယ်။ ဒါကြောင့် အစဉ်အလာ ပြောစကား တစ်ခုက "ဗုဒ္ဓလောက် ဘုရားမဲ့သူလည်း မရှိဘူး။ ဗုဒ္ဓလောက် ဘုရားနဲ့ တူသူလည်း မရှိဘူး"လို့ ဆိုကြတယ်။

"There is none so godless as the Buddha and yet none so godlike"

မြတ်ဗုဒ္ဓကသာ လူသားကို အကြီးကျယ်ဆုံး ဂုဏ်သိက္ခာ ရှိမှုကို သဘောကျစေတယ်။ တစ်ချိန်တည်းမှာပဲ လူသားအနေနဲ့ ကိုယ်ပြုသမျှအတွက် ကိုယ့်မှာ

တာဝန် အရှိဆုံး ဖြစ်တယ် ဆိုတာကိုလည်း သိနားလည်စေတယ်။ ဒါကြောင့် ဗုဒ္ဓဘာသာဝင် တစ်ဦးဟာ သူ့ ဘဝမှာ ကံမကောင်း အကြောင်းမလှတဲ့အခါ ဘယ်သူ့ကြောင့် ဘယ်ဝါ့ကြောင့် ဆိုပြီး တခြား လူ အပေါ် ပုံမချတတ်ဘူး။ ဒီလို မကောင်းတဲ့ ကံဆိုး ကြမ္မာဆိုးများကို ဥပေက္ခာ နှလုံးထားနဲ့ ကြံ့ကြံ့ခံပြီး ရင်ဆိုင်တယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီအခက်အခဲ အကျပ်အတည်းတွေကို မိမိဘာသာ ကျော်လွှားအောင် လုပ်နိုင်စွမ်း ကိုယ့်မှာပဲ ရှိတယ် ဆိုတာကို နားလည်လို့ပဲ ဖြစ်တယ်။

ဗုဒ္ဓဘာသာကို ဉာဏ်ပညာရှိတဲ့ လူတွေ၊ ပညာ အခြေခံ ကောင်းကောင်း ရှိတဲ့ လူတွေက နှစ်သက်ရတဲ့ အကြောင်း တစ်ခုက ဘာလဲဆိုတော့ မြတ်ဗုဒ္ဓက သူရဲ့ သာဝကတွေကို ကြားကာမျှဖြင့် ဘာကိုမှ ဟုတ်ပြီ မှန်ပြီဟု မယူဆလေနှင့် ဆိုပြီး ပြတ်ပြတ်သားသား ဖော်ပြောတော်မူခဲ့လို့ပဲ ဖြစ်စေ၊ ကြားကာမျှဖြင့် ယုံစားတာမျိုးကို မြတ်စွာဘုရားက အားပေးတော် မမူပါဘူး။ ဘာကိုပဲ ဖြစ်ဖြစ် ယုတ္တိ ရှိ မရှိ ဖြစ်နိုင် မဖြစ်နိုင်ကို သေသေချာချာ စိစစ်ပြီးမှ ယုံကြည် လက်ခံရမှာ ဖြစ်ပါတယ်။

ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့တဲ့ တရား ဒေသနာတော်များဟာ ဒီလောက် ခေတ်စနစ်ပေါင်း များစွာကို ကျော်ဖြတ်ပြီး ကာလ ကြာမြင့်စွာ မပျောက်မပျက်ဘဲ တည်တံ့နေတာဟာ ပညာရှိတဲ့ လူတွေက ဘုရားဟော တရားတွေကို ဘက်ပေါင်းစုံကနေ စိန်ခေါ် အကဲစမ်းခဲ့ကြတယ်။ ပြီးတော့ သူကပဲ မြတ်ဗုဒ္ဓရဲ့ တရားဒေသနာတော်တွေထဲမှာ ဗုဒ္ဓရှင်တော်မြတ်ဘုရားဟာ ဘယ်လိုမှ မငြင်းနိုင်တဲ့ အမှန်တရားတွေကိုချည်း ပြောခဲ့တယ်လို့ ကောက်ချက်ချခဲ့ကြရပါတယ်။ တခြား ဘာသာဝင် ဘာသာရေးသမားတွေက သူတို့ရဲ့ ဆရာကြီးများ ဟောကြားခဲ့တဲ့ စကြဝဠာ တရားဒေသနာတွေကို ခေတ်အမြင် ခေတ်အသိနဲ့ ပြန်ပြီး စည်းကြပ်ဖို့ စိစစ်ဖို့ ကြိုးပမ်းခဲ့ကြတယ်။ ဗုဒ္ဓမြတ်စွာဘုရား ဟောတော်မူခဲ့တဲ့ စကြဝဠာနဲ့ ပတ်သက်တဲ့ အမြင်တွေကို ခေတ်သစ် သိပ္ပံပညာရှင်တွေက စိစစ်ခဲ့ကြပြီးပါပြီ။

## ကိုယ်ကျင့်တရားနှင့် စိတ်ပိုင်း ဖွံ့ဖြိုးတိုးတက်မှု

*ဘာသာရေး ကျောထောက်နောက်ခံ မရှိဘဲနှင့် လူမှာ ကိုယ်ကျင့်တရားနဲ့ ဆိုင်တာ တာဝန် မရှိနိုင်ပါ။ ကိုယ်ကျင့်တရား တာဝန် မရှိတဲ့ လူဟာလည်း လူ့ အဖွဲ့အစည်းကို အန္တရာယ် ပြုနိုင်သူ ဖြစ်တယ်။*

ဗုဒ္ဓဘာသာသည် ကိုးကွယ် ဆည်းကပ်သူ ဥပါသကာ မှန်သမျှကို ဘဝ ချမ်းသာ စစ်ကို ရတဲ့ ကယ်တင်ခြင်းကို ခံရဖို့ အတွက် လမ်းပြတဲ့ မီးပြတိုက်ကြီး တစ်ခု ဖြစ်တယ်။

ဗုဒ္ဓဘာသာသည် မျက်မှောက် ကမ္ဘာလောကကြီး အတွက် ပိုပြီး အထူး လိုအပ်တဲ့ တရား ဖြစ်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မျက်မှောက် ကမ္ဘာကြီးမှာ လူမျိုးရေး၊ စီးပွားရေးနဲ့ အယူဝါဒရေးရာ အထင်မှား အမြင်မှား နားလည်မှု မှားယွင်းမှုတွေ ကြုံတွေ့နေရလို့ပဲ ဖြစ်တယ်။ ဒီနားလည်မှု လွဲမှားမှုတွေကို တစ်ဦး အပေါ် မေတ္တာ ကရုဏာတရား ရှေ့ထားပြီး ဆက်ဆံရေးမျိုးကို မချဲ့နိုင် သေးသရွေ့ ပပျောက်အောင် ဆောင်ရွက်လို့ ရမှာ မဟုတ်ပါဘူး။ ဒီ ပြောခဲ့တဲ့ မေတ္တာ ကရုဏာ ထားပြီး ဆက်ဆံလိုတဲ့ စိတ်ဓာတ်မျိုးကို ပြုစု ပျိုးထောင်ရေးမှာ ဗုဒ္ဓဘာသာဟာ အကောင်းဆုံး နည်းပေးလမ်းပြနိုင်တဲ့ ဘာသာတရား ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဟာ တစ်လောကလုံး ကောင်းကျိုး ချမ်းသာရဖို့အတွက် ကိုယ်ကျင့် သီလ အပေါ် မူတည်ပြီး ပူးပေါင်း ဆောင်ရွက်ရေးကို အထပ်ထပ် အခါခါ စိတ်ဝယ်စွဲမှတ်အောင် သင်ကြားပေးလို့ပဲ ဖြစ်တယ်။

မကောင်းမှုကို သင်ကြားရာမှာ ဆရာ မလိုဘူး ဆိုတာ လူတိုင်း သိတယ်။ ဒါပေမဲ့ ကောင်းတာကို သင်ဖို့ကျတော့ ဆရာကောင်း သမားကောင်း လိုပါတယ်။ ကောင်းမှုကို အကျင့်သီလ စောင့်ထိန်းမှုနဲ့ နမူနာကောင်းပြပြီး သင်ပေးဖို့ အထူး အရေးတကြီး လိုအပ်တယ်။

ဘာသာရေး ကျောထောက်နောက်ခံ မရှိဘဲနှင့်တော့ လူမှာ ကိုယ်ကျင့်တရား အရ တာဝန် ရှိလာမှာ မဟုတ်ဘူး။ ကိုယ်ကျင့်တရား တာဝန် မရှိရင်လည်း လူသားဟာ လူ့ အဖွဲ့အစည်းကို အန္တရာယ် ပြုလာမှာပဲ။

မြတ်ဗုဒ္ဓရဲ့ ဒေသနာတော်တွေထဲမှာ ဟောထားတာက လူ့ဘဝမှာ ပစ္စည်းဥစ္စာ ပေါများ ကြွယ်ဝဖို့ထက် လူသားတွေ အကျင့်စာရိတ္တ ကောင်းဖို့က ပိုပြီး အရေးကြီးတယ်။ သမိုင်းက သက်သေခံနေတာက လူသားအနေနဲ့ လောကီ ပျော်ရွှင် ချမ်းသာခြင်းနှင့် လောကုတ္တရာ ချမ်းသာကို တစ်ပြိုင်နက်တည်း အတူတူ တစ်ချိန်တည်းမှာ မရနိုင်ဘူး ဆိုတာပါ။

တချို့ လူတွေရဲ့ ဘဝဟာ ကိုယ်ကျင့်တရားအရ၊ ဘာသာရေးအရ၊ မွန်မြတ်အောင် ပြုပြင် နေထိုင်နေကြပါတယ်။ ဒီလို နေနိုင်ရေးကို ဘာသာရေးကပဲ ထိရောက်အောင် ဆောင်ရွက်ပေးနိုင်တယ်။ လူတွေကသာ မိမိတို့ရဲ့ အသိနဲ့ ယှဉ်ပြီး အမှန်တရား၊ တရား မျှတမှုနဲ့ အကျိုးပြု လုပ်ငန်းတွေကို ယုံယုံကြည်ကြည် လုပ်နေကြမယ်ဆိုရင် အစိုးရအနေနဲ့ လူသားတွေရဲ့ ဘဝထဲ ဝင်ပြီး ဘာအဟန့်အတားမှ လုပ်နေစရာ မလိုတော့ပါဘူး။

ဘဝ လွတ်မြောက်ရေးကို ရောက်ဖို့ အရေးမှာ အကျင့်သီလဟာ လိုအပ်ပါတယ်။ ဒါပေမဲ့ အကျင့်သီလ တစ်ခုတည်းနဲ့တော့ မလုံလောက်ပါ။ သီလနဲ့ ပညာကို ပေါင်းဖက်ပေးရမယ်။ သီလနဲ့ ပညာဟာ ငှက်တစ်ကောင်ရဲ့ အတောင်ပံ နှစ်ဖက်လိုပဲ။ ပညာကို လူရဲ့ မျက်လုံးနဲ့ နှိုင်းပြနိုင်ပါတယ်။ သီလကိုတော့ ခြေထောက်နဲ့ ပုံနှိုင်းပြသင့်တယ်။ သီလက လူကို ဘဝ လွတ်မြောက်ရေး ပန်းတိုင်ဂိတ်သို့ အရောက်ပို့ဆောင်ပေးတဲ့ ယာဉ်နဲ့လည်း တူပါတယ်။ သီလဟာ မွန်မြတ်တဲ့ ဘဝ နေနည်းသို့မဟုတ် ကျွမ်းကျင် လိမ္မာမှုပဲ ဖြစ်တယ်။ အကျင့်သီလ မရှိဘဲနဲ့ သတ္တဝါရဲ့ ဘဝမှာ ကိလေသာ စင်ကြယ်မှုဟာ အလိုအလျောက် ဖြစ်မလာနိုင်ပါ။

ဗုဒ္ဓဘာသာဟာ အဓိပ္ပာယ် အနှစ်သာရ မရှိတဲ့ အင်းအိုင် ခလှဲ့ လက်ဖွဲ့ မန္တရားတွေနဲ့ လူရိုင်းတွေ လုပ်ခဲ့ကြတဲ့ မိုက်မဲတဲ့ ကြည်ညိုမှုမျိုး မဟုတ်ပါ။ လူရဲ့ စိတ်လှုပ်ရှားမှုကို ပြေပျောက်အောင်လုပ်တဲ့ စိတ်ကူးယဉ် ယုံတမ်းစကား ဒဏ္ဍာရီမျိုးလည်း မဟုတ်ပါ။ ဒါပေမဲ့ လွတ်လပ်စွာ တွေးခေါ် ဆင်ခြင်နိုင်တဲ့ လက်တွေ့စမ်းသပ်နိုင်တဲ့ မွန်မြတ်တဲ့နည်း၊ ဘဝရဲ့ အမှန်တရားကို ရိုးရိုးသားသား ခံစားနားလည်စေနိုင်တဲ့ နည်းပဲ ဖြစ်တယ်။

## ဖန်ဆင်းရှင် ထာဝရဘုရားအယူ

*ထာဝရဘုရားကို ယုံကြည်ခြင်းနဲ့ ထိုယုံကြည်ချက်ရဲ့ စစ်မှန်မှု တရားဝင်မှုသည် လူသား၏ နားလည်နိုင်စွမ်းနှင့် စိတ်ဓာတ် ရင့်ကျက်မှု အပေါ်မှာ မူတည်ပါတယ်။*

### ထာဝရဘုရား အယူ ဖွံ့ဖြိုးတိုးတက်လာပုံ

လောက၌ ထာဝရ ဘုရား ရှိသည် ဆိုသော အယူ စတင် ပေါ်ပေါက်လာပုံကို လေ့လာမည် ဆိုလျှင် လူ့ ယဉ်ကျေးမှု စတင် ဖြစ်ပေါ်စ၊ နုနယ်သော ကာလသို့ ပြန်သွားကြရမှာ ဖြစ်ပါတယ်။ အဲဒီ အခါ ကာလတုန်းကဆို ခေတ်သစ် သိပ္ပံပညာ ဆိုတာ လုံးဝ ကြားတောင် မကြားဖူးသေးပါဘူး။ သမိုင်းဦးခေတ် လူသားများဟာ သဘာဝရဲ့ ဖြစ်ရပ်များကို မြင်တွေ့ရတဲ့အခါ အံ့ဩထိတ်လန့်ကြပြီး ဒီဖြစ်ရပ်တွေ နောက်ကွယ်မှာ နတ်တွေ ရှိမှာပဲလို့ ထင်မြင် ယူဆပြီး ယုံကြည် လာကြတာ ဖြစ်တယ်။ သဘာဝ ဖြစ်ရပ်များ နောက်ကွယ်မှာ ရှိနေကြတဲ့ ဝိညာဉ်တွေ နတ်တွေကို ယုံကြည်ကြတာကို အသုံးချပြီး ဘာသာ ကိုးကွယ် ဆည်းကပ်မှုကို ပြုခဲ့ကြတာ ဖြစ်တယ်။ မိမိတို့ရဲ့ သက်ဆိုင်ရာ သဘာဝ ပတ်ဝန်းကျင်ကို လိုက်ပြီး မိမိတို့ရဲ့ နားလည်နိုင်စွမ်းအရ လူ အမျိုးမျိုးက နတ်အမျိုးမျိုးကို ရှိခိုး ပူဇော်ရာကနေပြီး ယုံကြည် ကိုးကွယ်မှု အမျိုးမျိုး ပေါ်ပေါက်လာခဲ့ကြတာပါ။

ထာဝရ ဘုရား အယူ စတင် ပေါ်ပေါက်စတုန်းက လူတွေက နတ် အမျိုးမျိုးကို ကိုးကွယ်နေကြတယ်။ သစ်ပင်စောင့်နတ်၊ မြစ်စောင့်နတ်၊ လျှပ်စစ်မိုးကြိုးနတ်၊ မုန်တိုင်းနတ်၊ လေနတ်၊ မိုးနတ်၊ နေနတ်၊ လနတ် စုံအောင် ကမ္ဘာမြေကြီးနှင့် စပ်ဆိုင်သမျှ အဖြစ်အပျက်တွေ အလိုက် နတ်တွေကို ဖန်တီးပြီး ရှိခိုးပူဇော်ခဲ့ကြ တယ်။

ဘဘာဝထဲမှာ ဖြစ်ပျက်သမျှ အဖြစ်အပျက်တွေဟာ နတ်တွေနဲ့ ဆက်စပ် နေတော့တယ်။ နောက်ကျတော့ လူတွေက ဒီနတ်တွေကို လူပုံသဏ္ဌာန် ဖန်တီးပြီး နတ်သား၊ နတ်သမီး ဆိုပြီး လိင်တွေကိုပါ ခွဲခြားလာကြတယ်။ လူ့ ဂုဏ်သတ္တိတွေကို နတ်တွေထဲ ထည့်သွင်းပြီး နတ်တွေမှာလည်း အချစ်၊ အမုန်းတွေ၊ မနာလို

ဝန်တိုတာတွေ၊ ထိတ်လန့်တာတွေ၊ မောက်မာတာတွေ၊ ရန်ငြိုးထားတာတွေရော တခြား စိတ်လှုပ်ရှားမှုနဲ့ ဆိုင်သင့်ရာရာ လူတွေ ထဲမှာ တွေ့ရသမျှ ခံစားချက်တွေ၊ စိတ်ဆန္ဒတွေ၊ သဘောထားတွေကို နတ်တွေထဲ ထည့်လာကြတယ်။ ဒီလို နတ်တွေ အများကြီး ကိုးကွယ်နေကြရာက တဖြည်းဖြည်း သဘာဝထဲမှာ တွေ့ရတဲ့ အဖြစ်အပျက်တွေဟာ ဒီတစ်နေရာတည်း ကွက်ပြီး ဖြစ်နေတာ မဟုတ်ဘူး။ လောကတစ်ခွင်လုံးမှာ ဒီအတိုင်းပဲ ဖြစ်နေတယ် ဆိုတာကို သိနားလည်တတ်လာကြတယ်။ ဒီနားလည်မှုက တစ်ပါးတည်းသော နတ်ဘုရားကို နောက်နှောင်းခေတ်တွေမှာ ဖန်တီးပြီး ကိုးကွယ်စ ပြုလာကြတယ်။

ဒီထာဝရ နတ်ဘုရား အယူအဆ ဖြစ်ပေါ် တိုးတက်လာတဲ့ ဖြစ်စဉ်တစ်လျှောက်မှာ လူမှုရေးနဲ့ ဉာဏ်ပညာ အပြောင်းအလဲကို လိုက်ပြီး သူလည်း ပြောင်းလဲမှု အမျိုးမျိုး ဖြစ်ခဲ့တယ်။ လူ အမျိုးမျိုးက နည်းအမျိုးမျိုးနဲ့ တစ်ပါးတည်းသော ထာဝရဘုရား ဆိုတာကို ယူဆခဲ့ကြတယ်။ တချို့က ထာဝရ ဘုရားသခင်ဟာ ကောင်းကင်ဘုံကို အစိုးရတဲ့ ကောင်းကင်ဘုံနဲ့ မြေကမ္ဘာပေါ်က ရှင်ဘုရင်ဖြစ်တယ်။ ဒီလူတွေရဲ့ အသိဉာဏ်ထဲမှာ ထာဝရဘုရားကိုလည်း ပုဂ္ဂိုလ်တစ်ပါးလို့ပဲ သိနားလည်နေခဲ့ကြတာ ဖြစ်တယ်။ တခြား လူတွေကကျတော့ ထာဝရဘုရားဟာ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ဘူး။ ဒါဟာ တရားကိုယ် သဘော သက်သက် တန်ခိုးတော်သက်သက်ပဲ။ တချို့ကျတော့ ဒီထာဝရ နတ်ဘုရားကို အမြင့်ဆုံး ဘုံမြင့်ပေါ်တင်ပြီး ကိုးကွယ်ကြတယ်။ တချို့ကျတော့ ထာဝရဘုရားကို မြေကြီးပေါ်အထိ ဆွဲချပြီး လူတွေ၊ သတ္တဝါတွေ ထဲမှာကိုပဲ ထာဝရ ဘုရား တည်ရှိနေတယ်လို့ ယူဆကြပြန်တယ်။

တချို့က ထာဝရ နတ်ဘုရားဟာ အမတသုခဘုံမှာ စံနေတော် မူတယ်လို့ ယူဆကြတယ်။ တချို့ကျတော့ စိတ်ကူးပေါက်ရာ ရုပ်တုဆင်းတု လုပ်ပြီး ကိုးကွယ်ကြပြန်တယ်။ တချို့က ထာဝရဘုရား မရှိရင် ကယ်တင်ခြင်း ဆိုတာလည်း မရှိနိုင်ဘူးလို့ ဆိုလိုဆိုကြ၊ ဘုရားအပေါ်မှာ ယုံကြည် သက်ဝင်တဲ့ စိတ်နဲ့ အပြုအမူတွေကို ပြုလုပ်နေကြရင် ဒီကံတွေရဲ့ အသီးအပွင့်တွေကိုလည်း ခံစားကြရမှာ မဟုတ်ဘူးလို့ ပြောလိုပြော။ အယူတွေ အပြောတွေကတော့ စုံလို့ပါပဲ။

ထာဝရ ဘုရား ရှိတယ် ဆိုတာကို မယုံကြည်တဲ့ လူတွေကျတော့ အလကား၊ ဘာ ထာဝရဘုရားမှ မရှိဘူးတဲ့။ သံသယ ဝါဒီတွေ၊ နတ္ထိက ဝါဒီတွေကတော့ ဘုရား ရှိလား မရှိလား ကျုပ်တို့ သိလည်း မသိဘူး။ သိလည်း မသိနိုင်ဘူးတဲ့။ ပေါ်စတီဗစ်ဆိုသူတွေ ယထာဘူတ ဝါဒီတွေကကျတော့ ဒီထာဝရဘုရား အယူဟာ

ဘာအဓိပ္ပာယ်မှ မရှိတဲ့ ပြဿနာ တစ်ခုပါ။ ဒီဘုရား god ဆိုတဲ့ စကားကိုက အစကတည်းက အဓိပ္ပာယ် မရှင်းခဲ့တာလို့ ဆိုကြပြန်ရော။ ဒီလိုနည်းနှင့်ပဲ ဒီထာဝရ ဘုရား အယူနဲ့ ပတ်သက်ပြီး အမြင် အမျိုးမျိုး ယုံကြည်မှု အမျိုးမျိုး ပေါ်ပေါက်ခဲ့ ရတယ်။ ဘုရား အများကြီး ကိုးကွယ်တဲ့ဝါဒ (Pantheism) ရုပ်တုကိုးကွယ်တဲ့ ဝါဒ (Idolatory) ပုံသဏ္ဍာန်မဲ့ ဘုရား ကိုးကွယ်မှုဝါဒ၊ ဘုရားထီးတွေ၊ ဘုရားမတွေ (နတ်သား၊ နတ်သမီး) တွေကို ကိုးကွယ်တဲ့ ဝါဒတွေ စုံလို့ပါပဲ။ ပေါ်ခဲ့ရတယ်။

မကြာခင်ကမှ ဖြစ်ပေါ်လာတဲ့ တစ်ပါးတည်းသော ထာဝရ ဘုရား အယူဝါဒ ဟာလည်း အပြောင်းအလဲ အမျိုးမျိုး ကြုံခဲ့ရတယ်။ တိုင်းပြည် လူမျိုးတွေ ကွဲပြား ခြားနားသလို ကွဲပြားသွားတယ်။ ဟိန္ဒူတွေရဲ့ ထာဝရဘုရားဟာ ခရစ္စယာန်တွေရဲ့ ထာဝရဘုရားနှင့် ကွဲပြား ခြားနားတယ်။ ခရစ္စယာန်တို့ရဲ့ ထာဝရဘုရားကလည်း အခြား ဘာသာတွေက လက်ခံထားတဲ့ ထာဝရဘုရားနဲ့ ကွဲပြားတာပါပဲ။ ဘာသာ အမျိုးမျိုး အများအပြား ပေါ်ပေါက်လာတယ်။ တစ်ခုနှင့် တစ်ခုလည်း မတူဘူး။ ကွဲပြား ခြားနားသွားတယ်။ ဘာသာတိုင်းကတော့ ထာဝရဘုရားဟာ တစ်ပါးတည်းပဲ ဆိုတဲ့ စကားကို ပြောကြတာချည်းပါပဲ။

## ထာဝရဘုရား အယူနှင့် ဖန်ဆင်းခြင်း သဘော

ဘာသာတိုင်း လိုလိုသည် ထာဝရ ဘုရားသခင် အယူနှင့် ဆက်နွယ်ပြီး ပေါ်ပေါက် ထွန်းကားလာကြတာများပါတယ်။ ပြီးတော့ ဘာသာတရား တစ်ခုစီဟာ မိမိတို့ရဲ့ ဖန်ဆင်းခြင်း သဘောအပေါ် ထားတဲ့ သီးခြား သဘောထား တစ်ခုစီလည်း ရှိကြတယ်။ ဒီလိုနဲ့ပဲ ထာဝရ ဘုရားသခင် အယူဟာ အမျိုးမျိုးသော ယုံတမ်း စကား ဒဏ္ဍာရီတွေနဲ့ ဆက်စပ်လာရတယ်။ လူတွေက ထာဝရဘုရား အယူကို စကြဝဠာနှင့် လူသား ဘဝနဲ့ ပတ်သက်ပြီး သူတို့ ပြောလိုတဲ့ ရှင်းလင်းချက် အတွက် ယာဥ်တစ်ခုသဖွယ် အသုံးပြုခဲ့ကြတာ ဖြစ်တယ်။

ယခု မျက်မှောက်ခေတ်ကို ရောက်လာတဲ့အခါမှာတော့ ဉာဏ်ပညာရှိတဲ့ လူများက ရနိုင်သမျှ အချက်အလက်တွေကို ရှာဖွေပြီး ဒီထာဝရဘုရား အယူနဲ့ ဖန်ဆင်းခြင်း သဘောတရားကို ပြန်လည် သုံးသပ်ပြီး အဖြေ ထုတ်ကြတာက ဒဏ္ဍာရီ ဆန်လှတဲ့ ဖန်ဆင်းခြင်း အယူဟာ လူသားများရဲ့ စိတ်ကူး ကြံစည်မှုရဲ့ ဆင့်ကဲ ပြောင်းလဲ တိုးတက်မှု ဖြစ်စဉ်အရ သဘာဝတရားထဲက ရုပ်နာမ်

ဖြစ်ပျက်တွေကို နားမလည်မှုကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ အယူအဆ ဖြစ်တယ်လို့ ဆိုကြတယ်။ ဒီသဘာဝကို ဟုတ်တိုင်း မှန်စွာ မသိ နားမလည်ကြ ခြင်းသည် ရှေးခေတ် သမိုင်းဦး လူသားများရဲ့ ကြောက်စိတ်နှင့် အဝိဇ္ဇာအပေါ်မှာ အမြစ် တွယ်ပြီး ပေါ်လာတာ ဖြစ်တယ်။ ယခုခေတ် တိုင်အောင်ပဲ လူတွေက ရှေးခေတ် လူသားများက မသိနားမလည်ကြဘဲ ဖန်ဆင်းခြင်း သဘောကို အနက် ဖွင့်ခဲ့ကြတာ အဓိပ္ပာယ် ဖွင့်ခဲ့ကြတာကို ဆက်လက်ပြီး ထိန်းသိမ်းထားနေကြတုန်း ရှိပါသေးတယ်။ မကြာခင်က ပေါ်ပေါက်ခဲ့တဲ့ သိပ္ပံနည်းကျ တွေးခေါ်ပုံအရ ပြောကြရရင် ထာဝရ နတ်ဘုရား အမြင်ကိုနှိုက်က မရှင်းဘူး။ ဒါကြောင့် ခေတ်သစ် ဖန်ဆင်းခြင်း သဘော၊ အမြင် သဘောတရားတွေထဲမှာ ရှေးသမိုင်းဦး လူများရဲ့ အမြင်ဟာ နေရာ မရတော့ပါဘူး။

တကယ်လို့သာ လူသားကို ဗဟိဒ္ဓ လောကမှာ ရှိတဲ့ ရင်းမြစ် တစ်ခုက ဖန်ဆင်းလိုက်တာဆိုရင် လူသားကို အဲဒီဗဟိဒ္ဓ လောကကသာ ပိုင်ဆိုင်ရမယ်။ လူသားဟာ သူ့ကိုယ်သူ မပိုင်ရဘူး။ ဗုဒ္ဓဘာသာသဘော အမြင်အရကတော့ လူသားသည် သူ ပြုလုပ်သမျှ ကာယကံ၊ ဝစီကံ၊ မနောကံတွေအတွက် သူ့မှာပဲ လုံးလုံးလျားလျား တာဝန် ရှိတယ်လို့ မြင်တယ်။ ဒါကြောင့် ဗုဒ္ဓဘာသာဝင်တွေရဲ့ အမြင်မှာတော့ လူသားကို ပြင်ပ လောကက ရင်းမြစ် တစ်ခုခုက ဖန်ဆင်းလိုက်လို့ လူ့ဘဝမှာ လူသား အသွင်နဲ့ လူ ဖြစ်လာတာ ဖြစ်တယ် ဆိုတဲ့ အယူကို လက်ခံ နိုင်စရာ ဘာအကြောင်းမှ မရှိပါဘူး။ ဗုဒ္ဓဘာသာကတော့ လူသားဟာ ဒီလူ့ ဘဝကို လူသားအဖြစ်နှင့် ရောက်လာတာဟာ သူ အတိတ် ဘဝများက ပြုခဲ့တဲ့ ကံအားလျော်စွာ ကံကြောင့် ဖြစ်လာရတာလို့ပဲ မြင်တယ်။ လူကို သူ့ကိုယ်သူက လွဲလို့ တခြား ဘယ်ပုဂ္ဂိုလ်ကမှ သူ လုပ်ခဲ့တဲ့ ကောင်းကံ ဆိုးကံတွေအတွက် အပြစ်ဒဏ် ပေးတာတို့၊ ဆုလာဘ် ချီးမြှင့်တာတို့ကို မလုပ်နိုင်ဘူး။ လူသားဟာ သဘာဝရဲ့ ဆင့်ကဲ ဖြစ်စဉ်အရ လူ ဖြစ်လာရတာသာ ဖြစ်တယ်။ သို့သော် ဒီကမ္ဘာ လောကကြီးကို တစ်စုံတစ်ဦးက ဖန်ဆင်းတော်မူကြောင်း ဗုဒ္ဓရှင်တော်မြတ် ဘုရား ဟောကြားတဲ့ စကား တစ်လုံးမှ မရှိပါဘူး။ သိပ္ပံပညာက တွေ့ရှိချက် ဖြစ်တဲ့ စကြဝဠာကြီး ဆင့်ကဲ ပြောင်းလဲ ဖြစ်ပေါ် တိုးတက်လာပုံ သဘောထား အမြင်ဟာလည်း ဗုဒ္ဓ ဟောတော်မူခဲ့တဲ့ တရားတွေနဲ့ သဘောချင်း ညီမျှနေပါတယ်။

## လူသား၏ အားနည်းချက်နှင့် ထာဝရဘုရားအယူ

ထာဝရဘုရား ရှိတယ် ဆိုတဲ့ အယူနှင့် ထာဝရဘုရားသခင်က သက်ရှိသက်မဲ့ သတ္တဝါတွေ အားလုံးကို ဖန်ဆင်းတယ် ဆိုတဲ့ အမြင် သဘောတရားဟာ မိမိတို့ရဲ့ လူ့ အဖွဲ့အစည်းအတွင်း ဖြစ်တည်လာမှုနှင့် အသုံးဝင်မှုကို တရားဝင်ကြောင်း ပြသဖို့အတွက် ဒီအယူ နှစ်ခုကို လိုအပ်လာလို့ ဒီအမြင်တွေကို ကာကွယ်ပြောဆို နေကြတာ ဖြစ်ပါတယ်။ ထာဝရဘုရား ရှိကြောင်း ယုံကြည်ကြတဲ့ လူတွေ အားလုံးက သူတို့ ဘာသာ အသီးသီးမှာ ရှိကြတဲ့ ကျမ်းစာတွေဟာ ကောင်းကင်ကျ ထာဝရ ဘုရားရဲ့ နှုတ်တော်ထွက် တရားစာတွေ ဖြစ်တယ်လို့ ပြောဆိုနေကြတယ်။ တစ်နည်း အားဖြင့်ဆိုတော့ သူတို့ဟာ ထာဝရဘုရား တစ်ပါးတည်းထံက ဆင်းသက်လာကြတဲ့ လူတွေ ဖြစ်တယ်လို့ ဟောပြောနေကြတယ်။ ဒီလို ထာဝရဘုရား ကိုးကွယ်တဲ့ ဘာသာတိုင်းက သူတို့ဟာ လောကကြီး တစ်ခုလုံး ငြိမ်းချမ်းသာယာဖို့ တစ်လောက လုံးဟာ ညီရင်းအစ်ကို မောင်ရင်းနှမတွေ ဖြစ်ကြောင်း ဖော်ပြဖို့ ဖြစ်တယ်လို့ ပြောကြတာပါ။

ဒါပေမဲ့ ဘာသာရေး မျှော်မှန်းချက်တွေ ခံယူချက်တွေကတော့ ဘယ်လောက်ပဲ မြင့်မားစေကာမူ သမိုင်း တစ်လျှောက်လုံး ယခုခေတ်သို့ တိုင်အောင်ပဲ ဒီဘာသာ တွေက အယူသီးမှုတွေကိုပဲ ပြန့်ပွားအောင် အထောက်အကူ ပြုနေကြတယ်။ တချို့ကဆို လူသားများရဲ့ သိပ္ပံပညာ တိုးတက်မှုနှင့် အသိဉာဏ် မြင့်မားလာမှုကိုပါ ဆန့်ကျင် ကန့်ကွက်နေကြတယ်။ မကောင်းဆိုးဝါး စိတ်တွေ ဘက်ကို ဦးတည် ပြီးတော့ သတ်ဖြတ်တာတို့၊ စစ်တိုက်တာတို့ကို လုပ်လာခဲ့ကြတယ်။

ဒီကိစ္စမှာ ထာဝရဘုရားကို လက်ခံထားတဲ့ ဘာသာများဟာ လူသားများရဲ့ အသိဉာဏ် ပွင့်လင်းလာမှု အတွက် ကြိုးပမ်းဖို့ ပျက်ကွက်ခဲ့ကြတယ်။ ဥပမာ ဆိုရရင် တချို့ နိုင်ငံတွေမှာ လူသားများက သနားကရုဏာကို တောင်းခံဖို့ ကြိုးပမ်းကြရာမှာ လူသားများရဲ့ လက်ဟာ သွေးစွန်းကြရတယ်။ အပြစ် ကင်းတဲ့ တိရစ္ဆာန်တွေကို သတ်ဖြတ်ပြီး ယဇ်နတ် ပူဇော်ပြရလို့ ဖြစ်တယ်။ တစ်ခါတစ်ရံများဆို တိရစ္ဆာန်တွေကိုသာမက လူသားကိုပင် စတေးကြရတာတွေ ရှိတယ်။ ဒီလို သနားစရာ အားကိုးရာမဲ့ သတ္တဝါများဟာ မြင်လည်း မမြင်ရဘဲ စိတ်ကူးနဲ့ ကြံစည်ပြီး ရှိတယ်လို့ ယင်မှားနေကြတဲ့ နတ်ဘုရားတွေရဲ့ ဘာသာ ယုံကြည် ကိုးကွယ်မှုကို

ဖျက်ဆီးရာကျတဲ့ ယဇ်ပလ္လင်ပေါ်မှာ အသတ်ခံကြရတယ်။ ဘာသာရေး အမည်ခံပြီး ဒီလို ရက်စက် ကြမ်းကြုတ်တဲ့ အပြုအမူတွေရဲ့ အကျိုးမဲ့ အချည်းနှီး ဖြစ်ပုံကို သိနားလည်အောင် လုပ်နိုင်ဖို့ကျတော့ ကာလ ကြာမြင့်စွာ လုပ်ခဲ့ကြရတယ်။ ဒီလူတွေအနေနဲ့ တကယ့် ဝိသုဒ္ဓိ မဂ်လမ်းသည် မေတ္တာတရားနဲ့ သိမြင် နားလည်မှု အပေါ်မှာသာ တည်ကြောင်းကို သဘောပေါက်မည့် အချိန်ဟာ ကျရောက်လာနေပါပြီ။

လူသားများအတွက် ကြီးမားတဲ့ ခြောက်လှန့်မှု တစ်ခုကတော့ ထာဝရဘုရား အယူက ချမှတ်ထားတဲ့ မျက်ကန်း 'အစိုးရခြင်း' ဆိုတဲ့ သဘောပါ။ ဒီလို ထာဝရဘုရား ကိုးကွယ်တဲ့ ဘာသာတိုင်းက ဒီဘုရားမှာ လူသားများနဲ့ သတ္တဝါများ အပေါ်မှာ စီရင်ပိုင်ခွင့် အစိုးရခြင်း သဘော ရှိတယ်လို့ လက်ခံထားကြတယ်။

ဒီအစိုးရမှု 'ဣဿရိယ' သဘောဟာ မဖောက်ဖျက်နိုင်တဲ့ အာဏာ ဖြစ်တယ်လို့လည်း ယုံကြည် လက်ခံထားကြတယ်။ ဒီအန္တရာယ် သဘောကိုပဲ မြတ်ဗုဒ္ဓက ကာလာမသုတ်မှာ ထောက်ညွှန်းပြထားတာ ဖြစ်တယ်။ ဒီအချိန်မှာ လူသားရဲ့ လွတ်လပ်ခွင့်နှင့် ပုဂ္ဂလိက သဘောသဘာဝတွေကို အကြီးအကျယ် ဘာသာရေး အစိုးရမှု အာဏာက ခြိမ်းခြောက်လျက် ရှိပါတယ်။ ဒီအခွင့်အာဏာ အစိုးရခြင်း သဘော အမျိုးမျိုးက သင့်အား 'နောက်လိုက်' တစ်ယောက် အဖြစ်သို့ ရောက်သွားစေပါတယ်။ ကျွန်ုပ်တို့ရဲ့ ရိုးရာ အစိုးရမှု အခွင့်အာဏာများရဲ့ ထိပ်ဆုံးမှာ သိပ္ပံပညာဆိုတဲ့ နာမည်နဲ့ အာဏာစက် တစ်ခုက အသစ် ပေါ်ပေါက်လာပြန်တယ်။ နောက်ဆုံးမှာ မိုးပွင့်ကြီးလို အုပ်ဆိုင်းထားတဲ့ ဘာသာသစ်နှင့် ဒီဘာသာရေး ဆရာကြီးဟာ အကြီးအကျယ် ဘေးအန္တရာယ် ကျရောက်စေပါတော့တယ်။

(ဒီအချက်ဟာ ဂျင်ဂျုံး ဆိုသူရဲ့ ကိစ္စမှာ ထင်ရှား ပေါ်လွင်လာပါတယ်) ဒီအဖြစ်ဟာ သက်ရှိ ထင်ရှားအားဖြင့် လူသားရဲ့ ပုဂ္ဂလိက လွတ်လပ်ခွင့်နှင့် ဂုဏ်သိက္ခာအတွက် ခြိမ်းခြောက်မှုကြီး တစ်ခုဖြစ်ပါတယ်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားကတော့ လူသားများကို ထာဝရ တိုက်တွန်းနှိုးဆော်တာက သူ့လို ဘုရားဗုဒ္ဓ ဖြစ်အောင် လုပ်နိုင်ကြောင်းပဲ ဖြစ်တယ်။ ဆင်ခြင်တုံတရားအားဖြင့် လူသားတိုင်းမှာ အမြင့်မားဆုံး စံထားရတဲ့ ဗုဒ္ဓအဖြစ်ကို ရောက်အောင် အားထုတ်နိုင်တဲ့ စွမ်းပကားနှင့် ဖြစ်နိုင်ခြေများ ရှိတယ် ဆိုတဲ့ အချက်ကို သိသာ ထင်ရှားအောင် ဟောတော်မူခဲ့တာ ဖြစ်ပါတယ်။

ထာဝရဘုရား လက်ခံထားတဲ့ ဘာသာမှာ ဒီဘုရား မပါဘဲနဲ့ မိမိကို လွတ်မြောက်အောင် ကယ်တင်နိုင်တဲ့ အခွင့် မရှိဘူး။ သို့ဖြစ်ရကား လူ တစ်ယောက်ဟာ အမြင့်မားဆုံး အကျင့်သီလနှင့် ပြည့်စုံအောင် အသန့်စင်ဆုံး သူတော်စင်အဖြစ် အမြင့်ဆုံး၊ အမြတ်ဆုံး အခြေအနေသို့ ရောက်အောင် ကြိုးပမ်း အားထုတ်နိုင်စေကာမူ သူဟာ ထာဝရဘုရားရှိတယ် ဆိုတာကို မယုံကြည်တဲ့အတွက် သူဟာ ငရဲမှာ ကျခံရမလို ဖြစ်နေတယ်။ တစ်နည်းအားဖြင့်ဆိုတော့ လူတစ်ယောက်ဟာ အကုသိုလ် ဒုစရိုက်တရားတွေကို နက်နက်ရှိုင်းရှိုင်း လုပ်ထားစေကာမူ နောက်ဆုံးမှာ ဘုရားသခင်ထံ သံဝေဂရပြီး ခွင့်လွှတ်တော်မူပါ ဘုရားလို့ တောင်းပန်လိုက်လို့ရှိရင် အပြစ်တွေ အားလုံး ကျေပြီး သူဟာ ကယ်တင်ခြင်းကို ခံရမယ်လို့ ဆိုတယ်။ ဒီလို အယူမျိုးကို လက်ခံနိုင်လောက်တဲ့ အကြောင်း တစ်စုံတစ်ရာ ဗုဒ္ဓဘာသာမှာတော့ မရှိပါ။

ထင်ရှားပေါ်လွင်တဲ့ ထာဝရဘုရားယုံ ဘာသာတွေရဲ့ ဝိရောဓိများ ရှိစေကာမူ ဒီနတ်ဘုရား ရှိတယ် ဆိုတဲ့ ဘာသာ အယူဝါဒက လူသားများရဲ့ လောကကို အကျိုးပြုမှုတွေ အများကြီး ရှိခဲ့တာကြောင့် ထာဝရဘုရား မရှိတဲ့ ဘာသာအယူကိုပဲ ဟောပြောသင့်တယ်လို့ မဆုံးမသင့်ပါ။ အထူးသဖြင့် ထာဝရဘုရား ရှိတယ်လို့ ယူတဲ့ အယူဟာ လိုလားအပ်တဲ့ ကိစ္စတွေမှာ ဘုရားမဲ့ ဝါဒကို အစားထိုးဖို့ မသင့်ပါ။ ဒီထာဝရဘုရားကို ယုံကြည်မှု ဘာသာ အယူဝါဒက လူသားတွေရဲ့ တိရစ္ဆာန်သဘာဝကို ထိန်းချုပ်ရာမှာ အထောက်အကူ အများကြီး ပေးခဲ့ပါတယ်။ ဘုရားသခင်ရဲ့ နာမတော်အားဖြင့် တခြား လူတွေအတွက်လည်း အကူအညီ အထောက်အပံ့တွေ အများအပြား ပေးခဲ့ပါတယ်။ တစ်ချိန်တည်းမှာပင် ထာဝရဘုရား မရှိဘူးဆိုရင် လူတွေအနေနဲ့ ဘဝ မလုံခြုံတဲ့ ခံစားချက်မျိုးကိုလည်း ရရှိစေနိုင်ပါတယ်။ သူ့စိတ်ထဲမှာ ဘုရား ရှိတယ်လို့ ယုံကြည်နေခြင်းအားဖြင့်သာ လူသားရဲ့ စိတ်ဟာ အကာအကွယ်၊ အစောင့်အရှောက် ရှိနေတယ် ထင်ပြီး ထက်သန်မှု ရရှိလာနိုင်တာလည်း ဖြစ်တယ်။ ဒီဘာသာတရားရဲ့အစစ်အမှန် ဖြစ်မှု၊ တရားဝင်မှုကတော့ လူသားများရဲ့ နားလည်မှုနဲ့ ဘာသာရေး စိတ်ဓာတ် ရင့်ကျက်မှု အပေါ်မှာသာ အခြေခံပါတယ်။

သို့ရာတွင် ဘာသာတရားဟာ ကျွန်ုပ်တို့ရဲ့ လက်တွေ့ ဘဝနှင့်လည်း ပတ်သက်နေရမှာ ဖြစ်ပါတယ်။ ဤကမ္ဘာ လောကကြီးထဲမှာ လူသား တစ်ယောက်အဖြစ် ဘယ်လို (ဘယ်ပုံဘယ်နည်း) ဆက်ဆံနေထိုင် ပြုမူသင့်သလဲ ဆိုတာကို

စိမ်တဲ့ လမ်းညွှန်ချက် ဖြစ်ရမှာ ဖြစ်တယ်။ ဘာသာရေးက ကျွန်ုပ်တို့အား ဘာ လုပ်သင့်တယ်၊ ဘာ မလုပ်သင့်ဘူး ဆိုတာကို ပြောပါတယ်။ ဘာသာတရားကို ရိုးသား ဖြောင့်မတ်တဲ့ စိတ်နှလုံးထားနဲ့ မလိုက်နာဘူးဆိုရင် ဘာသာရေး အမည်ခံ သက်သက် ထာဝရဘုရားကို ယုံကြည် လက်ခံတယ် ဆိုရုံသက်သက်နဲ့တော့ လူသားရဲ့ နေ့စဉ် ဘဝကို အထောက်အကူ ဖြစ်စေမှာ မဟုတ်ပါ။

တစ်နည်းဆိုသော် ဘာသာ အယူဝါဒ အမျိုးမျိုးကို ကိုးကွယ်နေကြသူများ သည် ဘာသာ တစ်ခုက ဘာသာ တစ်ခုကို ပုတ်ခတ် ပြောဆိုရန်ဖြစ်နေကြလျှင် အထူးသဖြင့် ထာဝရဘုရား ရှိမရှိကို သက်သေပြမှုတွင် အငြင်းပွားနေကြလျှင် ပြီးတော့ မိမိတို့၏ ကွဲပြားသော အယူကြောင့် တခြား ဘာသာဝင်များ အပေါ် ရန်ငြိုးထား၊ ဒေါသပွားနေကြလျှင် ဤသို့သော အပြုအမူသည် ဘာသာအယူဝါဒ အချင်းချင်း ကြားမှာ သဘော ညီညွတ်မှု ပျက်ပြားအောင် ဖန်တီးနေကြခြင်း ဖြစ်ပါတယ်။ ကျွန်ုပ်တို့ လူသားတွေ ကြားထဲမှာ ဘာသာ အယူဝါဒတွေ ဘယ်လိုပင် ကွဲပြား ကွဲပြား ကျွန်ုပ်တို့ရဲ့ တာဝန်ကတော့ ဘာသာဝင်တွေ တစ်ဦး အပေါ် တစ်ဦး သည်းခံတတ်ကြဖို့ပဲ ဖြစ်တယ်။ သည်းခံခြင်း (ခန္တီ) ဟာ လူ့ ဘဝမှာ ငြိမ်းချမ်းမှုနှင့် အဆင်ပြေမှု ညီညွတ်စွာ နေနိုင်မှုအတွက် မရှိမဖြစ် လိုအပ်ချက် ဖြစ်တယ်။

သို့သော် ထာဝရဘုရား အယူကို လက်ခံဖို့ အသင့် မရှိတဲ့ မနှစ်သက်တဲ့ လူတွေကို ဒီဘာသာ အယူဝါဒကို လက်ခံလာအောင် သွတ်သွင်းတာဟာလည်း ဘာအကျိုးမှ မရှိပါဘူး။ တချို့ လူတွေမှာ မိမိတို့ရဲ့ အယူ ဖြောင့်မှန်တဲ့ ဘဝကို နေထိုင်သွားရေးမှာ ဒီအယူဟာ ဘာမှ အရေးမပါပါဘူး။ ဒီလို ထာဝရဘုရားရှိ အယူကို မယူဘဲနှင့် မြင့်မြတ်တဲ့ ဘဝမှာ မွန်မွန်မြတ်မြတ် နေသွားကြတဲ့ လူတွေ လည်း အများအပြား ရှိပါတယ်။ ဒီထာဝရဘုရားရှိ အယူကို လက်ခံထားပြီး အပြစ်မဲ့တဲ့ လူတွေရဲ့ ငြိမ်းချမ်း သာယာရေးနှင့် ပျော်ရွှင် ချမ်းမြေ့ရေးကို ဖောက် ဖျက်ကြတဲ့ လူတွေလည်း အများအပြား ရှိပါတယ်။

ဗုဒ္ဓဘာသာဝင်များအနေနဲ့တော့ ဒီလို ထာဝရဘုရားရှိ အယူကို လက်ခံ ယုံကြည်နေကြသူများနှင့်လည်း အတူ ပူးပေါင်း နေထိုင်သွားလို့ ဖြစ်ပါတယ်။ အကယ်၍ ဒီအယူကို လူသားများရဲ့ ငြိမ်းချမ်းရေး၊ ပျော်ရွှင်ရေးနှင့် သာယာဝပြော ရေးအတွက် အသုံးချရင်ပေါ့လေ။ ဒါပေမဲ့ ဒီဘာသာ အယူဝါဒကို တလွဲ အသုံး ချပြီး တခြား လူတွေကိုပါ ဒီဘာသာ အယူဝါဒကို လက်ခံ ယုံကြည်လာအောင်

သူတို့ အကျိုးအတွက် မျှော်ကိုးပြီး သွတ်သွင်းချင်သူတွေနဲ့တော့ အတူ ယှဉ်တွဲ ပူးပေါင်း နေထိုင်ဖို့ ဆိုတာတော့ မဖြစ်နိုင်ဘူးပေါ့။

နှစ်ပေါင်း ၂၅၀၀ ကျော် ကြာမြင့်လာသည့်တိုင် ဗုဒ္ဓဘာသာဝင်များက ဗုဒ္ဓဘာသာကို ကျင့်သုံးရမှာရော၊ ပြန့်ပွားအောင် ပြုလုပ်ရမှာပါ ငြိမ်းချမ်းစွာပဲ ဆောင်ရွက်ခဲ့ကြပါတယ်။ ဖန်ဆင်းရှင် ထာဝရဘုရားရှိ အယူကိုလည်း မယူခဲ့ကြပါဘူး။ ပြီးတော့ ဗုဒ္ဓဘာသာဝင်များ ဘက်ကတော့ ဒီလိုပဲ ငြိမ်းချမ်းတဲ့ နည်းလမ်းနဲ့သာ ဒီဘာသာ ဆက်လက် တည်တံ့အောင် ထိန်းသိမ်းသွားမှာပဲ ဖြစ်တယ်။ တခြားဘာသာဝင်တွေရဲ့ စိတ်အနှောင့်အယှက် ဖြစ်အောင်လည်း ပြုလုပ်မှာ မဟုတ်ပါဘူး။

ဒါကြောင့် တခြား ဘာသာဝင်တွေ အပေါ်မှာလည်း လေးစားမှုကို ပြုပြီး ဖြစ်လို့ သူတို့အနေနဲ့ သိနားလည်သင့်ကြတာက ဗုဒ္ဓဘာသာထဲကို ဒီအယူဝါဒကို သွတ်သွင်းစရာလည်း မလိုအပ်ဘူး ဆိုတာပါ။ ဘယ်သူ့ကိုမှ ဥပါဒ် အန္တရာယ် မဖြစ်ခဲ့တဲ့ ဗုဒ္ဓဘာသာကို ဗုဒ္ဓဘာသာဝင်တွေ အနက် ထိန်းသိမ်းကြပါစို့။ မြတ်ဗုဒ္ဓရဲ့ အခြေခံ ဒေသနာတော်ကို ဆက်လက် တည်တံ့ ရှင်သန်နေအောင် ထိန်းသိမ်းကြပါစို့။

လွန်လေပြီးသော ပဝေသဏီ ကာလကတည်းက ဗုဒ္ဓဘာသာဝင်များသည် ငြိမ်းချမ်းတဲ့ ဘာသာရေး ဘဝကို ရွက်ဆောင်နေခဲ့ကြတယ်။ ဒီဘာသာထဲကို ထာဝရဘုရား အယူကိုလည်း မထည့်သွင်းခဲ့ကြပါဘူး။ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ မလိုအပ်တာ မထည့်ဘဲနဲ့လည်း မိမိတို့ ဘာသာ အယူကို တည်တံ့အောင် ထိန်းသိမ်းခဲ့ကြပါတယ်။ ဒီလမ်းဆုံ လမ်းခွကျမှ တစ်စုံတစ်ယောက်က လည်ကို အားနှင့်ညှစ်ပြီး မိမိတို့ရဲ့ အလိုနဲ့ ဆန့်ကျင်တဲ့ အယူကို လက်ခံခိုင်းတာမျိုး မပြုသင့်ပါဘူး။ ဗုဒ္ဓဘာသာဝင်တွေကို ရတနာ သုံးပါးအပေါ်မှာ အပြည့်အဝ ယုံကြည်ပြီး မိမိတို့ရဲ့ ဘဝ လွတ်မြောက်ရေးကို မိမိတို့ဘာသာ ရှာဖွေ လုပ်ဆောင်နိုင်ခွင့်ကို တခြားလူများရဲ့ မသင့်လျော်တဲ့ အနှောင့်အယှက်ပြုမှု မပါဘဲ ပေးသင့်ပါတယ်။ တခြားလူတွေ အနေနှင့်လည်း သူတို့ ယုံကြည်ရာ ဘာသာကို ကိုးကွယ်နိုင်ပါတယ်။ ဗုဒ္ဓဘာသာဝင်တွေဘက်ကလည်း မလိုမုန်းထားစိတ် မပါဘဲ လက်ခံကြမှာပါ။ ကျွန်ုပ်တို့အနေနှင့် သူများရဲ့ ဘာသာရေး ဆွဲဆောင်မှု သိမ်းသွင်းမှုကို စိန်ခေါ်မှာ မဟုတ်ပါဘူး။ အပြန်အလှန်အားဖြင့် ကျွန်ုပ်တို့ ယုံကြည် ကိုးကွယ်မှုကို လက်ခံကြဖို့ကိုပဲ မျှော်လင့်ပါတယ်။

# မသေမီ ဘာသာတံဆိပ် ပြောင်းလဲခြင်းကိစ္စ

*တစ်စုံတစ်ယောက်သော သူသည် မိမိ ပြုလုပ်ထားသော အပြစ် မကောင်းမှုများကို မိမိတို့ရဲ့ စိတ်ထဲက ထကြွ သောင်းကြမ်းနေတဲ့ ကိလေသာကို မနှိမ်နင်းဘဲ စင်ကြယ်အောင် ဆေးကြော သုတ်သင် နိုင်တယ် ဆိုတာမျိုးကို ယုံကြည်ရင်တော့ ဒါဟာ ဗုဒ္ဓ ရှင်တော်မြတ် ဘုရားရဲ့ ဟောကြားတော်မူတဲ့ ဒေသနာတော်နဲ့ မကိုက်ညီပါဘူး။*

လူ တချို့ဟာ သူတို့ ဘဝ နောက်ဆုံး သေခြင်း နီးကပ်လာတဲ့ အချိန်ကျမှ သူတို့ ကိုးကွယ် ယုံကြည်လာတဲ့ ဘာသာကနေ တခြား ဘာသာကို ကူးပြောင်း ကိုးကွယ် တာမျိုး တွေ့ကြုံကြရတတ်ပါတယ်။ ဒီလူတွေရဲ့ စိတ်ထဲမှာ မိမိတို့ ပြုခဲ့တဲ့ အပြစ် ဒုစရိုက်တွေက လွတ်မြောက်အောင် တခြား ဘာသာကို ကူးပြောင်းလိုက်ရင် ဒီအပြစ်တွေ ကင်းစင်သွားမယ်လို့ တလွဲ ထင်ပြီး ပြောင်းကြတာလည်း ရှိတယ်။ ဒီလို လုပ်လိုက်ရင် နတ်ပြည်နတ်ရွာ သုဂတိဘုံကို ရလွယ်ရောက်လွယ်မှာပဲလို့လည်း ထင်မြင်ယူဆတတ်ကြတယ်။ တစ်သက်လုံး ဘာသာတစ်ခုကို ယုံကြည် ကိုးကွယ် လာပြီးမှ သေခါနီးရောက်တော့ ရုတ်တရက် တခြားဘာသာ အယူဝါဒ တစ်ခုကို ကူးပြောင်းလိုက်တာဟာ သူတို့အတွက် ဒီဘာသာဟာ လုံးဝ အသစ်အဆန်းဖြစ်ပြီး ရင်းနှီးမှုလည်းပါ။ ဒါပေမဲ့ ဒီလို ဘာသာ ပြောင်းလိုက်ခြင်းအားဖြင့် ဘာသာသစ်က သူတို့ကို ကယ်တင်မယ်လို့ မျှော်လင့်ပြီး ပြောင်းကြတာ ဖြစ်တယ်။ အမှန်ကတော့ မှန်းချက်နဲ့ နှမ်းထွက် မကိုက်ပါဘူး။ ရွှေဘုံထီးနှင့် အပုံကြီး ကွာလှမ်းလှပါတယ်။ ဒီလို လုပ်တာဟာ တကယ်တော့ စိတ်ကူးယဉ်တာပါ။ အိပ်မက် တစ်ခု မက်ကြည့် တာသာ ဖြစ်ပါတယ်။ တချို့ လူတွေကျတော့ သူတို့ မေ့မြောပြီး သတိမရတဲ့ အချိန်ကျမှ တခြား ဘာသာကို ကူးပြောင်းသွားတယ် ဆိုပြီး လုပ်နေကြတာလည်း ရှိတယ်။ တချို့ကျတော့ အဖေ သေပြီးမှ ဘာသာ ပြောင်းတာ၊ အမေ သေပြီးမှ ဘာသာ ပြောင်းတာမျိုးလည်း ရှိပါတယ်။ အခြား ဘာသာ တစ်ခုက ဘာသာဝင် တစ်ယောက်ကို ကိုယ့် ဘာသာထဲ ဝင်လာဖို့ အလွန် စိတ်အား ထက်သန်ကြ သူတွေဟာ အသိပညာဉာဏ် မရှိတဲ့ လူတွေကို ကမ္ဘာပေါ်မှာ သူတို့ ဘာသာလောက် နတ်ပြည်သုခဘုံကို ရောက်လွယ်တဲ့ ဖြတ်လမ်းနည်း ရှိတဲ့ ဘာသာ မရှိကြောင်း ပြောဆိုပြီး အယုံသွင်းကြတာမျိုးလည်း ရှိပါတယ်။ အသက်ရှင်စဉ်က လူသားတွေ

ပြုလုပ်ခဲ့တဲ့အပြစ် ဒုစရိုက်တွေကို ဆေးကြော သုတ်သင်ပေးမည့် ပုဂ္ဂိုလ်ဟာ ကောင်းကင်ဘုံမှာ ထိုင်စောင့်နေတယ်လို့ ပြောဆို အယုံသွင်းကြရင် ဒီလို ယုံကြည်တဲ့ ဘာသာဟာ လူတွေကို ပိုပြီး မကောင်းမှု ဒုစရိုက်တွေကို ပိုပြီး လုပ်ဖို့ အတင့်ရဲလာအောင် အားပေးတာနဲ့ တူနေပါတယ်။

မြတ်ဗုဒ္ဓရဲ့ ဒေသနာတော်များ အရကတော့ ကောင်းကင် ပေါ်မှာ လူတွေရဲ့ အပြစ်ဒုစရိုက်တွေကို ဆေးကြော ချော်ဖွပ်ပေးမည့် ပုဂ္ဂိုလ်လည်း တစ်စုံတစ်ယောက်မှ မရှိဘူး။ ဒီအပြစ်တွေကို ဆေးကြော သုတ်သင်နိုင်တာက အပြစ် လုပ်သူက မိမိသည် မကောင်းမှု ဒုစရိုက်တွေကို ပြုခဲ့မိပြီလို့ သိနားလည်လာပြီး ဒီလို သိမြင်နားလည်လာလို့ မကောင်းမှုတွေကို ရှောင်ကြဉ်ပြီး ကောင်းမှုကုသိုလ်တွေကို ပြုလုပ်လာမှသာ သူ့အနေနဲ့ မကောင်းမှု အကျိုးပေးတာတွေကို ကောင်းမှု အကျိုးပေးတွေနဲ့ တုံ့ပြန်ချေဖျက်လို့ ရနိုင်ပါတယ်။

ဆေးရုံတွေ ပေါ်မှာ မြင်တွေ့ရလေ့ ရှိတဲ့ မြင်ကွင်း တစ်ခုက သေခါနီး လူနာ အနီးကို တချို့ ဘာသာဝင်တွေက ဝိုင်းရံပြီး နောက်တမလွန် ဘဝ ရှိတယ်ဆိုတာကို အာမခံပြီး ပြောနေကြတယ်။ ဒါဟာလည်း မသိနားမလည်သူရဲ့ အဝိဇ္ဇာနှင့် စိတ်ထဲက ကြောက်လန့်မှုကို တလွဲ အသုံးချတာသာ ဖြစ်တယ်။ တကယ်တမ်း သူတို့က လူနာကို ကူညီချင်သပ ဆိုရင် သူတို့ရဲ့ တရား ကျမ်းစာတွေထဲမှာ ကြွားဝါ ဖော်ပြထားတဲ့ အံ့ဖွယ်ဆန်းကြယ်တဲ့ တန်ခိုးတွေကို ပြကြပါလား။ သူတို့ကသာ ပျောက်စေနည်းတွေနဲ့ အံ့ဖွယ် ဆန်းကြယ် တန်ခိုးတွေကို အသုံးချကြမယ်ဆိုရင် ကျွန်ုပ်တို့အနေနှင့် ဆေးရုံတွေ ထောင်ထားဖို့ မလိုတော့ပါဘူး။ အမှန်ဖြစ်သင့်တာက သူတို့ဘာသာ ကျမ်းစာတွေထဲမှာ ပါတဲ့ အခြေခံ တရားဒေသနာတော်တွေကို နားလည်အောင် လေ့လာသင့်တယ်။ လူ့ ဘဝတစ်ခုလုံးရဲ့ အခြေခံဟာ ဒုက္ခပဲ ဖြစ်တယ် ဆိုတာကို နားလည်အောင် သင်ပေးသင့်တယ်။ ဒီဆင်းရဲ ဒုက္ခ အပေါင်းက ကင်းလွတ်ကြောင်း ဖြစ်တဲ့ တစ်ခုတည်းသော တရားဟာ မိမိ စိတ်ကို စင်ကြယ်အောင် ပြုလုပ်တဲ့ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိပဲ ဖြစ်တယ်။ လူပုဂ္ဂိုလ်ဟာ မိမိရဲ့ ဒုက္ခခပ်သိမ်းကို မိမိ ဖန်တီးခဲ့တာသာ ဖြစ်ပြီး ဒီဒုက္ခတွေက ချုပ်ငြိမ်း ရုတ်သိမ်းအောင်လည်း မိမိကိုယ်တိုင်ကပဲ လုပ်နိုင်တယ်။ မိမိ ပြုခဲ့တဲ့ အကုသိုလ်တွေရဲ့ အကျိုးဆက် ဝိပါက်တွေကို သေခါနီး သေပေါက်သေဝကျမှ ဘာသာ အယူဝါဒ ပြောင်းလဲလိုက်ရုံနှင့် ပပျောက်သွားအောင် မလုပ်နိုင်ဘူး ဆိုတာ သိသင့်ပါတယ်။

သေလုဆဲဆဲ လူပုဂ္ဂိုလ်၏ နောက်ဘဝမှာ ဖြစ်ရမည့် ကံကြမ္မာသည် သူ၏ စုတိစိတ် အပေါ်မှာ မူတည်ပါတယ်။ ဒီစုတိ စိတ်ကလည်း သူ ပြုခဲ့တဲ့ ကုသိုလ်

ကံ၊ အကုသိုလ်ကံအားလျော်စွာ ဖြစ်ပေါ်ပါတယ်။ သူ ကိုးကွယ်တဲ့ ဘာသာနဲ့ ဘာမှ မဆိုင်ပါဘူး။ သူ့ ဘဝ သက်တမ်း တစ်လျှောက်လုံးမှာ လုပ်ခဲ့တဲ့ ကံတွေနဲ့ပဲ သက်ဆိုင်တယ်။ သေခါနီး နောက်ဆုံး အချိန်ကျမှ ဘယ်ဘာသာရေး ဆိုင်းဘုတ်ပဲ ဆွဲဆွဲ၊ ဘယ် ဘာသာရေး တံဆိပ်ပဲ ကပ်ကပ် အလကားပဲ။ ဘာမှ အကျိုး မဖြစ်ထွန်းပါဘူး။

## သုခအမြင့်ဘုံသို့ ဖြတ်လမ်း

*'ပယ်ရယ်ဒိုက်(စ်)' လို့ ခေါ်တဲ့ သုခ အမြင့်ဘုံဟာ ဘာသာ တစ်ခုခုကို ကိုးကွယ်သူအတွက်သာ တံခါး ဖွင့်ထားတာ မဟုတ်ပါဘူး။ သန့်ရှင်း စင်ကြယ် မွန်မြတ်တဲ့ ဘဝနေနည်းနဲ့ နေထိုင်ခဲ့သူတိုင်း အတွက် တံခါး ဖွင့်ထားတာသာ ဖြစ်တယ်။*

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်တွေအတွက်တော့ ရောက်ချင်သွားချင်ရင် နတ်ပြည် နတ်ရွာကို ရောက်ဖို့အတွက်တော့ ဘာအခက်အခဲမှ မရှိပါ။ ဒါပေမဲ့ တစ်အိမ်တက် တစ်အိမ်ဆင်း လှည့်လည်သွားလာပြီး တခြား ဘာသာဝင်တွေကို သူတို့ ကိုးကွယ်တဲ့ ဘာသာထဲ ဝင်လာဖို့ အရေးကို အားသွန်ခွန်စိုက် ဆွယ်တရားတွေ ဟောပြော ကြပြီး သူတို့ အိတ်ထောင်ထဲမှာ နတ်ပြည် သုဂတိကို ယူလာပြီး ပေးတာဆိုပြီး ကတိကဝတ် ပြုကြသေးတယ်။

သူတို့က သူတို့သာလျှင် ဘုရားသခင်က ပေးတဲ့ ကောင်းချီး မင်္ဂလာကို ခံစားရတဲ့ လူတွေ ဖြစ်တယ်။ သူတို့သာ နတ်ပြည်နတ်ရွာ ဆိုတဲ့ ချမ်းသာဟဲ့ ဘုံ ဘဝကို သွားရမည့် လူတွေ ဖြစ်တယ်လို့လည်း ပေါ်တင် ပြောနေကြသေးတယ်။ ပြီးတော့ သူတို့မှာပဲ တခြား လူတွေကိုလည်း နတ်ပြည်နတ်ရွာကို ရောက်အောင် ပို့ဆောင် ကယ်တင်နိုင်တဲ့ အခွင့်အာဏာလည်း ရရှိထားသူတွေ ဖြစ်တယ်ဆိုပဲ။ ဒီလူတွေက သူတို့ရဲ့ ဘာသာကို မှတ်ပုံတင်ထားပြီးတဲ့ ဆေးတစ်မျိုးကို မိတ်ဆက်ပြီး ကြော်ငြာသလို လူသိရှင်ကြား ပြောဆိုနေကြတယ်။ ဒီလုပ်ရပ်တွေဟာ အများသူငါ အတွက် ဒီခေတ်မှာ စိတ်အချဉ်ပေါက်စရာ ဖြစ်နေပါတယ်။ ကိုယ့်ဘာသာ

အကြောင်းကိုတောင် ကောင်းကောင်း မသိကြတဲ့ နားမလည်သူ၊ မသိသူတွေဟာ ဒီနတ်ရွာ သုဂတိဘုံကို လိုက်ရောင်းနေတဲ့ သုခ အမြင့်ဘုံ ဈေးသည်တွေဆီမှာ အငိုက်မိသွားကြတဲ့ သားကောင်တွေ ဖြစ်ကြရတယ်။

တကယ်လို့သာ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ မိမိတို့ရဲ့ မွန်မြတ်လှတဲ့ အရိယာသစ္စာ လေးပါး မြတ်တရားကို ကောင်းစွာ နားလည် သဘောပေါက်ထားလို့ ရှိလျှင် ဒီလို မသမာသူ သုခ အမြင့်ဘုံပြ ဘာသာရေး ဈေးရောင်းသူတွေရဲ့ တလွဲ မြှူဆွယ်တရားများရဲ့ မှားယွင်းတဲ့ နောက်ကို ပါမသွားနိုင်ပါဘူး။

ဒီသုခ အမြင့်ဘုံ ရောင်းဈေးသည်တွေက ပြောကြတာ ရှိသေးတယ်။ ဒီဘုရားသခင် ဖန်ဆင်းထားတဲ့ လောကကြီးဟာ မကြာခင် ပျက်စီးတော့မှာ ဆိုပြီး လည်း လိုက်ပြောနေကြသေးတယ်။ ဒီတော့ သုခ အမြင့်ဘုံမှာ ထာဝရ ချမ်းသာလှတဲ့ ဘဝကို ရချင် ခံစားချင်တဲ့ လူတွေ အနေနဲ့ ကမ္ဘာကြီး မပျက်ခင် သူတို့ ကိုးကွယ်တဲ့ ဘာသာကို အမြန် လက်ခံ ကိုးကွယ်မှ ဖြစ်တော့မယ်။ မဟုတ်ရင်တော့ လူတွေ အနေနဲ့ ဒီရွှေလက်ဆောင် အခွင့်ထူးကြီးကို လက်လွတ်ပြီး လှလှကြီး ငရဲကို သွားပြီး ထာဝရ ခံကြရတော့မယ် ဆိုပြီးလည်း ခြိမ်းခြောက် မြှောက်ကော် ပြောကြပြန်သေး တယ်။

ဒီလို ကမ္ဘာကြီး ပျက်တော့မယ်။ ကမ္ဘာကြီး ပျက်တော့မယ်။ သိပ်မကြာ တော့ဘူးလို့ ခြိမ်းခြောက်လာတာ ခုဆို အနှစ်ပေါင်း ရာပေါင်း များစွာ ကြာခဲ့ပြီ။ အံ့သြဖို့ ကောင်းတာက ဒီလို ဆင်ခြင်ဉာဏ် ကင်းမဲ့စွာ စိတ်ကူးတည့်ရာ လျှောက် ပြောနေခဲ့ကြတဲ့ ခြိမ်းခြောက်တဲ့ စကားတွေကို ဒီလို ခေတ်မျိုးထဲမှာတောင် ယုံကြည်တဲ့ လူက ရှိကြသေးတာပါ။ ဒီလို ဟောတာ ပြောတာတွေကို ကြားပြီး တချို့ လူတွေက မိမိတို့ရဲ့ ဆင်ခြင်တိုင်းထွာတတ်တဲ့ ဦးနှောက်ဉာဏ်ကို အသုံး မပြုဘဲ လွယ်လွယ်ကူကူ ယုံပြီး ဘာသာ ပြောင်းသွားကြသူတွေလည်း ရှိသေးတယ်။ အံ့သြစရာပါပဲ။

ဗုဒ္ဓဘာသာမှာတော့ တရားစီရင်တဲ့ ပုဂ္ဂိုလ် သတ္တဝါလည်း မရှိဘူး။ ဆုပေး ဒဏ်ပေးတဲ့ ပုဂ္ဂိုလ် မရှိဘူး။ မိမိတို့ ပြုခဲ့တဲ့ ကုသိုလ်၊ အကုသိုလ်ကံကပဲ အကြောင်း အကျိုး ဖြစ်စဉ်အရာ ကောင်းကျိုး မကောင်းကျိုးကို စံစား၊ ခံစားကြရတာပဲ ရှိတယ်။

## မကောင်းသူတွေက စံရပြီး ဘာဖြစ်လို့ သူတော်ကောင်းတွေက ခံနေကြရသလဲ

တချို့ လူတွေရဲ့ စိတ်ထဲမှာ မေးချင်ကြတဲ့ မေးခွန်း တစ်ခုက "ကောင်းတာလုပ် ကောင်းကျိုးရတယ်။ မကောင်းတာလုပ်ရင် မကောင်းကျိုးပဲ ရတယ် ဆိုပါလျက် ဘာဖြစ်လို့ ဒီလောကမှာ သူတော်ကောင်းတွေ ဆင်းရဲပြီး သူယုတ်မာတွေကျတော့ ကျိကျိတက် ချမ်းသာနေကြရတာလဲ"ဆိုတဲ့ မေးခွန်း ဖြစ်တယ်။

ဒီမေးခွန်းကို ဗုဒ္ဓဘာသာဝင် တစ်ယောက်ရဲ့ ရှုထောင့်ကနေပြီး ဖြေပေးရလို့ရှိရင် လူ တချို့ဟာ သဘာဝအားဖြင့် သူတော်ကောင်းများ ဖြစ်ကြပါတယ်။ ဒါပေမဲ့ ဒီလူတွေဟာ အတိတ် ဘဝတုန်းက ကုသိုလ်ကံ ကောင်းမှုတွေကို အလုံအလောက် မပြုခဲ့ကြဘူး။ ကောင်းမြတ်တဲ့ ကုသိုလ်ကံတွေကို မစုမိခဲ့ကြဘူး။ ဒီတော့ ဒီလက်ရှိ ဘဝကို ရောက်တဲ့ မကောင်းသမှု ပြုခဲ့တဲ့ ရှေးက အကုသိုလ်ကံတွေ အကျိုးပေးတဲ့အခါ ဒါကို ချေဖျက်ဖို့ရာ သူတို့မှာ ကုသိုလ်ကံအားက မရှိဘူး။ ဒီဘဝမှာ ဆင်းရဲချို့တဲ့တာဟာ ဟိုအတိတ် ဘဝက ကုသိုလ်ကံ ချို့တဲ့ခဲ့လို့ပဲ ဖြစ်တယ်။ တစ်နည်းဆိုတော့ မွေးကတည်းက ယုတ်မာလာတဲ့ လူယုတ်မာတွေကျတော့ ဒီဘဝမှာ ချမ်းသာနေကြတာကလည်း ဒီဘဝမှာ သူတို့ ပြုနေတဲ့ ကံကြောင့် မဟုတ်ဘူး။ အတိတ်ဘဝတုန်းက သူတို့ စုဆောင်းခဲ့ကြတဲ့ ကုသိုလ်ကံတွေက ဒီဘဝ ဒီခဏမှာ ကောင်းကျိုးပေးနေတာ ဖြစ်တယ်။

ဥပမာ ပြောရရင် လူတွေထဲမှာ သဘာဝအားဖြင့် ကောင်းမွန်တဲ့ ကျန်းမာရေးကို အမွေခံရလာတဲ့ လူတွေလည်း ရှိတယ်။ သူတို့ရဲ့ ကာယခွန်အားက သန်မာ ထွားကျိုင်းနေတော့ ကိုယ်ခံအားက သိပ်ကောင်းနေတယ်။ ဒီတော့ သူတို့ဟာ တော်ရုံတန်ရုံနဲ့ မကျန်းမမာ မဖြစ်နိုင်ကြသလိုပေါ့။ တစ်ဖက်မှာတော့ အားဆေးတွေ အမျိုးမျိုးကို သောက်ပြီး အားမွေးနေကြရတဲ့ လူတွေလည်း ရှိတာပဲ။ သူတို့ဟာ အာဟာရဖြစ်ပေ့ ဆိုတဲ့ အစားအစာတွေကိုလည်း စားကြရတယ်။ ဒါပေမဲ့ သူတို့ အနေနဲ့ ကျန်းမာအောင် မိမိကိုယ်ကိုယ် စောင့်ရှောက်လုပ်ကျွေးပြီး နေနေ သူတို့ ကျန်းမာရေးဟာ ကောင်းမွန်လာတာ မရှိဘူး။

ဤဘဝ၌ လူသားများ ပြုလုပ်သော ကုသိုလ်ကံ၊ အကုသိုလ်ကံ အကျိုးများကို ဤဘဝမှာ ဒိဋ္ဌဓမ္မ တွေ့ကြုံ ခံစားကြရသည်လည်း ရှိတယ်။ သို့မဟုတ် နောက် ဒုတိယ ဘဝ၊ တတိယ ဘဝများမှာ ခံစားကြရမည်လည်း ရှိပါတယ်။ ကံ ကံ၏ အကျိုး ဝိပါက်မှ ပြေးမလွတ်ပါ။ ဆုတောင်း၍လည်း လွတ်နိုင်မည်

မဟုတ်။ သို့သော် အရိယာ လမ်းပေါ် ရောက်အောင် လှမ်းတက်နိုင်လျှင်ကား ပစ္စုပ္ပန် ကံများ အဟောသိကံ ဖြစ်သွားနိုင်ပါတယ်။

ဗုဒ္ဓဘာသာဝင်တွေကို ကုသိုလ်ကံတွေကို ပြုလုပ်ဖို့ အားပေးခြင်းသည် နောက် ဘဝမှာ နတ်ပြည် သုဂတိကို ရောက်ဖို့ အတွက် မဟုတ်ပါ။ သူတို့ကို ကုသိုလ်ကောင်းမှု ပြုကြဖို့ အားပေးခြင်းသည် မိမိတို့မှာ ရှိနေတဲ့ တစ်ကိုယ်ကောင်း အတ္တစွဲတွေကို ပယ်သတ်ဖို့နှင့် ငြိမ်းချမ်းခြင်းနှင့် ပျော်ရွှင် ချမ်းမြေ့ခြင်းကို မျက်မှောက်ထင်ရှား ခံစားကြရဖို့ အတွက်ပဲ ဖြစ်ပါတယ်။

# ၁၄
# လူ့ယဉ်ကျေးမှုအမှန်ကို မြှင့်တင်သောတရား

## ခေတ်မီတဲ့ ဘာသာအယူ

*ဗုဒ္ဓဘာသာဟာ ဘာသာရေးကို စိန်ခေါ်တဲ့ ခေတ်သစ် အယူအဆ အားလုံးကို ရင်ဆိုင်ရန်အတွက် အင်အား အပြည့်အဝ ရှိပါတယ်။*

ဗုဒ္ဓဘာသာရဲ့ အယူအဆများဟာ ရှေးခေတ် အယူအဆများရော ခေတ်သစ် အယူအဆများပါ ကြွယ်ဝလာရေးအတွက် အကြီးအကျယ် အကျိုးပြုခဲ့ပါတယ်။ ဗုဒ္ဓဘာသာရဲ့ ကြောင်းကျိုး ဆက်နွယ်မှု တရားအမြင် (ပဋိစ္စသမုပ္ပာဒ်) အပြန်အလှန် အကျိုးပြုတဲ့ တရား၊ အာရုံသိ ဖြစ်ပေါ်ပုံတရားနှင့် လက်တွေ့ အသုံးချသဘောအမြင် အပြင် အကျင့်သီလအပေါ်မှာ အလေးအနက်ပြုမှု၊ ထာဝရဝိညာဉ်ကောင် ရှိတယ်ဆိုတာကို ငြင်းပယ်ခြင်း၊ ဗဟိဒ္ဓလောကက သဘာဝလွန်တရားများနှင့် ခ႑တ်သက်မှု မလိုအပ်တဲ့ ပူဇော်ပသမှု (သီလဗ္ဗတပရာမသ) များကို

ပယ်မှု၊ အာရုံသိနှင့် ဆင်ခြင်သိ နှစ်ခုကိုသာ လက်ခံမှု စသည့် သဘောအမြင်များဟာ ခေတ်သစ် သိပ္ပံပညာက လက်ခံထားတဲ့ တွေ့ရှိချက်များ အမြင်အယူအဆများနှင့် အံဝင်ခွင်ကျ ဖြစ်နေတယ်။

ဗုဒ္ဓဘာသာတရားဟာ ဆင်ခြင်ဉာဏ်ပေါ် အခြေခံတဲ့ ဘာသာ အယူဝါဒတစ်ခုမှာ ရှိသင့်တဲ့ အရည်အသွေးများ အားလုံး ပါရှိပါတယ်။ ဒါကြောင့် ဒီတရားဟာ အနာဂတ် ကမ္ဘာလောကကြီးအတွက်လည်း သင့်တော်တယ်။ ဒီဘာသာဟာ သိပ်ကို သိပ္ပံနည်းကျတယ်။ သိပ်ကို ဆင်ခြင်တုံတရားနဲ့ ညီပြီး ယုတ္တိ ရှိတယ်။ ပြီးတော့ သိပ်ကို တိုးတက်တဲ့ အမြင်အယူအဆတွေ ရှိတာကြောင့် ခေတ်သစ်ကမ္ဘာလောကကြီးထဲမှာ ဗုဒ္ဓဘာသာဝင် ဖြစ်ရတာဟာ သိပ်ကို ဂုဏ်ယူစရာကောင်းလှပါတယ်။ ဗုဒ္ဓဘာသာရဲ့ ချဉ်းကပ်နည်းဟာ သိပ္ပံပညာထက်တောင်မှ သိပ္ပံနည်း ပိုကျပါသေးတယ်။ ဆိုရှယ်လစ်ဝါဒထက်လည်း ပိုပြီး သိပ္ပံနည်း ကျပါတယ်။

ဘာသာတရားတွေကို စတင် တည်ထောင်ခဲ့ကြတဲ့ ဘာသာရေး ခေါင်းဆောင်ကြီးများအနက် ဗုဒ္ဓရှင်တော်မြတ် တစ်ပါးတည်းကသာ သူ့ရဲ့ နောက်လိုက်သာဝကများကို စူးစမ်း လေ့လာတဲ့ စိတ်ဓာတ် ဖွံ့ဖြိုးရေးကို အားပေးရုံမျှမက သူ့စကားကိုပင် ဖြစ်ပါစေ မျက်စိ မှိတ်ပြီး ယုံကြည် လက်ခံခြင်း မပြုကြဖို့ကို ဆိုဆုံးမတော်မူတယ်။ ဒါကြောင့် ဗုဒ္ဓဘာသာကို တကယ့် ခေတ်မီတဲ့ ဘာသာတရားလို့ ခေါ်ရင် ပုံကြီးချဲ့လွန်းတယ်လို့ မဆိုနိုင်ပါ။

ဗုဒ္ဓဘာသာသည် စည်းကမ်း စနစ်တကျ လက်တွေ့ ဘဝနေနည်းကို အပြည့်အစုံ ဖော်ပြတဲ့ အပြင် မိမိကိုယ်ကိုယ် ပြုစုပျိုးထောင်ပုံ ပျိုးထောင်နည်းကိုပါ ဂရုတစိုက် ချမှတ်ပေးထားတဲ့ ဘာသာဖြစ်တယ်။ ဒါတွင် မကသေးပါ။ ဒီဘာသာဟာ သိပ္ပံနည်းကျ ပညာသင်ကြားနည်းကိုလည်း ဖော်ထုတ် ဟောကြားထားတဲ့ ဘာသာဖြစ်တယ်။ ဒီဘာသာဟာ ဘယ်လို အကျပ်အတည်း အခက်အခဲနဲ့ ကြုံရတဲ့ကာလမျိုးမှာမဆို စိတ်ရဲ့ ငြိမ်းချမ်းမှုရအောင် ပြန်လည် ထိန်းသိမ်းပေးနိုင်တယ်။ အနာဂတ်မှာ ရင်ဆိုင်လာရမည့် အပြောင်းအလဲများ အားလုံးကိုလည်း ငြိမ်သက်တည်ကြည်တဲ့ စိတ်နှလုံးထားမျိုးနှင့် ရင်ဆိုင်နိုင်ရေးကိုလည်း ကူညီပေးတယ်။

ကာမဂုဏ် ချမ်းသာတွေ မရှိဘဲနှင့် ဘဝမှာ ကြာရှည် နေနိုင်ပါ့မလား။ မသေတဲ့ တရား (ထာဝရ ရှင်သန်ခြင်းတရား) အပေါ် အယုံအကြည် မရှိဘဲနှင့် လူ့ ကျင့်ဝတ်ကို တည်ဆောက်နိုင်ပါ့မလား။ ထာဝရဘုရား အပေါ် ယုံကြည်အားထားခြင်း မရှိဘဲနှင့် လူသားဟာ ဖြောင့်မတ် မှန်ကန်တဲ့ ဘက်ကို ရောက်လာနိုင်ပါ့မလား။

ကောင်းပါပြီ။ ခု ဗုဒ္ဓဘာသာက အဖြေ ပေးမယ်။ ယခု ပြောခဲ့တဲ့ လိုရင်း အချက်တွေ အားလုံးကို ဉာဏ်ပညာနှင့် စိတ်ကို စင်ကြယ်အောင် လုပ်ခြင်းအားဖြင့် ပေါက်မြောက်အောင်မြင်အောင် လုပ်နိုင်တယ်။ ဘဝ အဆင့်မြင့် မဂ်လမ်းပေါ်ကို ရောက်ဖို့ အရေးမှာ ဉာဏ်ပညာသည်သာ ပဓာန ကျပါတယ်။ စိတ်စင်ကြယ်ခြင်း (စိတ္တဝိသုဒ္ဓိ) ကတော့ စိတ်ကို ငြိမ်သက်စေတယ်။ ငြိမ်းအေးစေတယ်။ သင်္ခါရ လောကကြီးထဲမှာ စိတ်ရှုပေါက်ခြင်း၊ စိတ်လေလွင့်ခြင်း ကင်းစွာ ဥပေက္ခာ တရား လက်ကိုင်ထားပြီး နေနိုင်တဲ့ ကိုယ် ဖြစ်စေပါတယ်။

ဒီလို ခေတ်သစ် သိပ္ပံနှင့် စက်မှုနည်းပညာတွေ ထွန်းကားတဲ့ ဒီကာလမှာ တော့ ဗုဒ္ဓဘာသာသည်သာ အမှန်ပင် အသင့်တော်ဆုံး အကိုက်ညီဆုံး ဘာသာ ဖြစ်နေပါတယ်။ သဘာဝတရားနဲ့ သိပ္ပံပညာဆီကလာတဲ့ အလင်းရောင်၊ သမိုင်း ကြောင်းက ဖြစ်ပေါ်လာတဲ့ အလင်းရောင်၊ လူ့အတွေ့အကြုံများဆီက ထွက်လာတဲ့ အလင်းရောင်၊ စကြဝဠာကြီး တစ်ခုလုံးက ထွက်လာတဲ့ အလင်းရောင်ဟာ မြတ်ဗုဒ္ဓရဲ့ အရိယာသစ္စာတရား အပေါ် အခြေခံတဲ့ ထွန်းပတဲ့ ဒေသနာတော်များ အားဖြင့် ရောင်ခြည်ဖြာလျက် ရှိပါတယ်။

## သိပ္ပံခေတ်ကြီးထဲက ဘာသာ

*သိပ္ပံ မပါတဲ့ ဘာသာရေးဟာ အကျိုးပဲ၊ ဘာသာရေး မပါတဲ့ သိပ္ပံပညာ ဟာလည်း အကန်းပဲ။*

ဒီနေ့ ကျွန်ုပ်တို့သည် သိပ္ပံခေတ်ကြီးထဲမှာ အသက်ရှင်လျက် နေထိုင်ကြရတယ်။ ဘဝရဲ့ ဘက်ပေါင်းစုံမှာ သိပ္ပံပညာရဲ့ အကျိုး သက်ရောက်မှုတွေက ရှိနေတယ်။ ၁၇- ရာစုခေတ်မှာ သိပ္ပံစက်မှု တော်လှန်ရေးကြီး ဖြစ်ပေါ်လာပြီးခဲ့ကတည်းက သိပ္ပံပညာဟာ ကျွန်ုပ်တို့ တွေးတောသမျှ လုပ်ကိုင်သမျှ ကိစ္စခပ်သိမ်း အပေါ်မှာ ဩဇာလွှမ်းမိုးနေခဲ့တာ ဖြစ်ပါတယ်။

ရှေးရိုးအစဉ်အလာ ဘာသာ ကိုးကွယ် ယုံကြည်မှု အပေါ်မှာ သက်ရောက် တဲ့ သိပ္ပံရဲ့ အကျိုးသက်ရောက်မှုသည် အထူးသဖြင့် အင်အား ကြီးမားပါတယ်။ ခေတ်သစ် သိပ္ပံပညာရဲ့ ဖိနှိပ်မှု အောက်မှာ အခြေခံကျတဲ့ ဘာသာ အယူအဆ များစွာတို့သည် ကြေမွ ပျက်စီးကုန်ကြရတယ်။ အသိဉာဏ် ပညာရှိသူတွေ၊ ဗဟု

သုတနှင့် ပြည့်စုံတဲ့ ပညာရှင်တွေက ရှေးက ဘာသာ အယူဝါဒတွေကို ဆက်ပြီး လက်မခံလိုကြတော့ပါဘူး။ ထာဝရဘုရား ကိုးကွယ် ယုံကြည်မှု ဘာသာရဲ့ မှန်းဆတွေးခေါ်မှုနဲ့ ကျမ်းဂန်ထဲပါရင် မှန်တယ်လို့ ယူဆကြတဲ့ ဓမ္မစက်အပေါ် အခြေခံတဲ့ သိပ္ပံပညာနဲ့ ကင်းဝေးတဲ့ မှန်တယ်လို့ ယူဆခဲ့ကြတာတွေကို လက်ခံဖို့ ဆိုတာလည်း မဖြစ်နိုင်တော့ပါဘူး။ ဥပမာအားဖြင့် ခေတ်သစ် စိတ်ပညာရှင်များ ရှာဖွေ တွေ့ရှိခဲ့ပြီး ဖြစ်တဲ့ လူ့ စိတ်ဟာ လူ့ ကိုယ်ခန္ဓာကြီးလိုပဲ သဘာဝရဲ့ ကြောင်းကျိုးနိယာမနှင့်အညီ ဖြစ်ပေါ်နေတာသာ ဖြစ်တယ်။ မပြောင်းလဲတဲ့ ဝိညာဉ် ဆိုတာလည်း တချို့ ဘာသာတွေ ပြောသလို မတွေ့ရပါဘူး။

တချို့ ဘာသာရေးသမားတွေက သူတို့ ဘာသာက တရားသေ အစွဲသန်နေခဲ့ကြတဲ့ အယူအဆတွေနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ သိပ္ပံပညာရဲ့ ရှာဖွေ တွေ့ရှိချက်တွေကို ပယ်ချဖို့ဘက်ကို ရွေးချယ်လာကြတယ်။ ဒီလို အစွဲသန် အယူသီးတဲ့ စိတ်သဘောထားများဟာ လူ့ ဘဝ တိုးတက်ရေးကို အနှောင့်အယှက် ဖြစ်စေပါတယ်။ ခေတ်သစ် လူသားများ အနေနဲ့ ဘာကိုမှ မျက်ကန်း ယုံကြည်မှုမျိုးနှင့် မယုံတော့ရကား အစဉ်အလာအရ လက်ခံထားခဲ့ကြတာတွေပဲ ဖြစ်ဖြစ်၊ မယုံနိုင်တော့တာကြောင့် ဒီလို အယူအစွဲသန်တဲ့ ဘာသာရေးသမားတွေအတွက်တော့ ဘာသာတရားကို မယုံကြည်တော့တဲ့ လူတွေ တိုးပွား များပြားလာတာနဲ့ပဲ ရင်ဆိုင်ကြရတော့မှာပဲ။

တစ်နည်းဆိုရရင် တချို့ ဘာသာရေး ဆရာတွေကလည်း ခေတ်က လူအများ လက်ခံထားတဲ့ အယူအဆများ၊ သိပ္ပံ သဘောတရားများနှင့် လိုက်လျောညီထွေ တည်နေနိုင်အောင် မိမိတို့ရဲ့ အယူအစွဲများကို ခေတ်နှင့်အညီ အဓိပ္ပာယ်သစ်တွေ ဖွင့်ဖို့ ကြိုးစားလာကြပြန်တယ်။ ဒီကိစ္စမှာ ထောက်ပြရမှာက ဒါဝင်ရဲ့ သဘာဝရဲ့ ဆင့်ကဲ ပြောင်းလဲ တိုးတက်မှု သီဝရီ (အီဗော်လူးရှင်း သီဝရီ) ပါ။ ဘာသာရေးသမား အများအပြားက လူကို ဘုရားသခင်က တိုက်ရိုက် ဖန်ဆင်းတော်မူခဲ့တာလို့ ယုံကြည် လက်ခံလာခဲ့ကြတယ်။ ဒါကို တစ်နည်း တစ်လမ်းအားဖြင့် ဒါဝင်က လူဟာ တဖြည်းဖြည်း မျောက်ဝံကနေ ပြောင်းလဲ တိုးတက်ပြီး လူပုံသဏ္ဍာန်ဖြစ်လာတာ ဖြစ်တယ်လို့ ဖော်ထုတ်လိုက်တော့ ဘုရားက ဖန်ဆင်းတယ်ဆိုတဲ့ ဘာသာ အယူဝါဒတွေဟာ အားလုံး ကမောက်ကမ ဇောက်ထိုး မှောက်လှန်ဖြစ်ကုန်ကြတော့တာပေါ့။ ဉာဏ်ပညာရှိတဲ့ လူတိုင်းက ဒါဝင် ပြောတာကို လက်ခံလာကြတယ်။ ဒီအခါကျတော့ ဘာသာရေး ဆရာများအနေနဲ့ မိမိတို့ ရှေးက လက်ခံ

ထားခဲ့ကြတဲ့ ဖန်ဆင်းခြင်း အယူဝါဒကို အနက်အဓိပ္ပာယ်သစ် ပြန်ဖွင့်လာကြရတော့တယ်။ အစက သူတို့ ငြင်းဆန်ဖို့ ကြိုးစားခဲ့တဲ့ ဒါဝင် သီအိုရီနဲ့ ကိုက်ညီအောင် အနက်အဓိပ္ပာယ်သစ် ဖွင့်ကြရတော့တယ်။

ခေတ်သစ် သိပ္ပံပညာရှင်များရဲ့ ရှာဖွေ တွေ့ရှိချက်များအရ ဘာသာ အယူဝါဒ များစွာတို့မှာ လက်ခံလာခဲ့ကြတဲ့ စကြဝဠာ အမြင်တွေဟာ သမုတိ သဘောတွေသာ ဖြစ်ကြပြီး ဒါတွေကို သိပ္ပံပညာက ကျော်လွန် ဖြတ်တက်သွားပါတယ်။ ယေဘုယျအားဖြင့် ပြောနိုင်တာကတော့ ဘာသာတရားများဟာ လူ့ ဘဝ ဖွံ့ဖြိုး တိုးတက်ရေးကို အကျိုးပြုခဲ့ကြတယ် ဆိုတာပါ။

ဘာသာတရားတွေက လူ့ ဘဝ တန်ဖိုးတွေ၊ စံတွေကို ချမှတ်ပေးခဲ့ကြပါတယ်။ လူ့ ဘဝရဲ့ လမ်းညွှန် သဘောတရားတွေကိုလည်း ဖော်ထုတ်ပေးခဲ့ကြပါတယ်။ ဒါပေမဲ့ ဒီလို ကောင်းမှုတွေ လုပ်ခဲ့သမျှ ခေတ်သစ်ကာလမှာ ဒီဘာသာ အယူဝါဒတွေဟာ ဆက်ပြီး သက်ဆိုးရှည်ဖို့တော့ဖြင့် မဖြစ်နိုင်သလောက်ပါပဲ။ ဒီသိပ္ပံခေတ်ကြီးကျမှ လူတွေက အရင်က တရားသေ ချမှတ်ခဲ့ကြတဲ့ အယူသီးမှုတွေ နေရာမှာ အမှန်သစ္စာတရား အမြင်ကို ချမှတ်လာကြတာကြောင့် ပူဇော်ပသမှု ပွဲလမ်းသဘင်တွေဟာလည်း အစက ရှိခဲ့တဲ့ မူရင်း အဓိပ္ပာယ်တွေကို လျော့ထွက်လာခဲ့ကြပြီ ဖြစ်ပါတယ်။

## ဗုဒ္ဓဘာသာနှင့် သိပ္ပံပညာ

လွန်ခဲ့တဲ့ ရာစုနှစ် စတင်သည့် အချိန်တိုင်အောင် ဗုဒ္ဓဘာသာသည် သိပ္ပံပညာနှင့် အတွေ့အထိ မရှိတဲ့ နိုင်ငံများထဲမှာသာ တည်ရှိနေခဲ့ပါသေးတယ်။ မည်သို့ပင် ဖြစ်စေ ဗုဒ္ဓဘာသာရဲ့ သင်ကြားချက် ဒေသနာတော်များဟာ စတင် ပေါ်ပေါက်တဲ့ အချိန်ကတည်းက ပွင့်လင်းပြီး သိပ္ပံနည်းကျ အတွေးအခေါ် ရှိခဲ့တာ ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာရဲ့ သင်ကြားချက်တွေဟာ သိပ္ပံပညာရဲ့ စိတ်ဓာတ်နှင့် ထွေးပိုက်ခြင်းကို ခံယူနိုင်တဲ့ အကြောင်း တစ်ခုက မြတ်ဗုဒ္ဓသည် ဘယ်အခါကမှ လျှော်နံ့ဓား ထစ် အယူသီး အစွဲသန်မှုကို အားမပေးခဲ့တာကြောင့်ပါ။ မြတ်စွာဘုရားက သူ့ရဲ့ တရားဒေသနာတော်များသည် ထာဝရဘုရားကို ယုံကြည်မှုတွေ ကောင်းကင်ကျ ဘုရားရဲ့ နှုတ်ကပါဌ်တော် ကျမ်းများ အပေါ်မှာ မူတည်တယ်လို့ လုံးဝ မဟောခဲ့တဲ့ အပြင် သူ ဟောတဲ့တရားများဟာ မလျော့လွန်း၊ မတင်းလွန်းဘဲ လွတ်လပ်စွာ တွေးခေါ်မှုကို ခွင့်ပြုထားခဲ့တာ ဖြစ်ပါတယ်။

ဒုတိယ အကြောင်းက ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ အရိယာသစ္စာတရားကို ချဉ်းကပ်ရာမှာ သိပ္ပံ စိတ်ဓာတ်မျိုး ရှိတာကို တွေ့ရခြင်းပါ။ မြတ်ဗုဒ္ဓရဲ့ အရိယာသစ္စာတရားကို ရှာဖွေ ဖော်ထုတ်ပြီး စမ်းသပ် စစ်ဆေးပုံသည် သိပ္ပံပညာက လုပ်ပုံလုပ်နည်းမျိုးနှင့် တူနေပါတယ်။ သိပ္ပံပညာရှင်ဟာ ဗဟိဒ္ဓလောကကို ရှုမှတ်လေ့လာရာမှာ ဓမ္မဓိဋ္ဌာန် သဘောကို လိုက်ပါတယ်။ ပြီးတော့ သိပ္ပံ သီဝရီ တစ်ခုကို ထူထောင်တဲ့အခါ အထပ်ထပ် လက်တွေ့ စမ်းသပ် စစ်ဆေးပြီးမှ ထုတ်ဖော်ပြောဆိုတာ ဖြစ်တယ်။

လွန်ခဲ့တဲ့ အနှစ် ၂၅၀၀ ကျော် ကာလတုန်းက မြတ်ဗုဒ္ဓသည်လည်း သိပ္ပံပညာရှင်တွေ အသုံးပြုတဲ့ နည်းလမ်းကို အသုံးပြုခဲ့ပြီး မိမိရဲ့ အဇ္ဈတ္တ လောကကို ပုဂ္ဂလဓိဋ္ဌာန် မပါ။ ဓမ္မဓိဋ္ဌာန် သက်သက်ဖြင့် ကိလေသာ သံယောဇဉ် ကင်းကင်းနှင့် ရှုပွား လေ့လာတော်မူတယ်။ ပြီးတော့ သူ့ရဲ့ သာဝကကြီးများကိုလည်း ဘယ်ဒေသနာကိုမှ မိမိတို့ ကိုယ်တိုင် ဝေဖန် သုံးသပ် စိစစ် စမ်းသပ်ခြင်း မပြုရသေးဘဲနှင့် မှန်ပြီ၊ ဟုတ်ပြီဟု လက်မခံကြလေနှင့်ဟု သင်ကြား ဆုံးမတော်မူခဲ့တယ်။ ဒီခေတ်သိပ္ပံရှင်တွေက သူတို့ရဲ့ စမ်းသပ် စစ်ဆေးချက်တွေကို ပုံတူ မိတ္တူ မကူးရဘူးလို့ မတောင်းဆိုသလိုပဲ မြတ်ဗုဒ္ဓကလည်း သူ တွေ့ကြုံ ခံစား သိမြင်တော်မူခဲ့တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် သဗ္ဗညုတဉာဏ်ဟာ သူပဲ ရနိုင်တယ်။ တခြား လူတွေနှင့် မသက်ဆိုင်ဘူး။ မပတ်သက်ဘူးလို့ လုံးဝ ဟောတော်မူခြင်း မရှိခဲ့ပါ။

ဒီလို သစ္စာတရားကို ရှာဖွေ စူးစမ်းရာမှာ မြတ်ဗုဒ္ဓသည် ယခုခေတ် သိပ္ပံပညာရှင်များလိုပဲ ခွဲခြမ်းစိတ်ဖြာ လေ့လာတဲ့ ဝိဘဇ္ဇနည်းကိုပဲ အသုံးပြုခဲ့တာဖြစ်တယ်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် အန္တိမသစ္စာ ဖြစ်တဲ့ ပရမတ္ထသစ္စာတရားကို သဗ္ဗညုတဉာဏ်ကိုရအောင် ကြိုးပမ်းကြရာမှာ လက်တွေ့ ကျင့်ကြံအားထုတ်နည်းကို သိပ္ပံပညာရှင်တွေက လုပ်နည်းကိုင်နည်း ပေးသလို ပေးခဲ့တာ ဖြစ်တယ်။ မြတ်ဗုဒ္ဓသည် သိပ္ပံပညာရှင်တွေရဲ့ စိတ်ဓာတ်နှင့် တစ်သဘောတည်း တစ်ထပ်တည်းရှိတာများပါတယ်။ ဒါပေမဲ့ သိပ္ပံပညာရှင်တွေနဲ့ ဗုဒ္ဓရှင်တော်မြတ်ဘုရားနှင့်ဟာ အားလုံးအတူတူပဲလို့ ဆိုရင်တော့ မမှန်ပါ။ သိပ္ပံပညာဟာ လူသားများရဲ့ ဘဝမှာ ပိုမိုသက်သာ လွယ်ကူစွာ နေနိုင်အောင် လက်တွေ့ကျကျ စွမ်းဆောင်ပေးနိုင်ခဲ့ပါတယ်။ လူတွေ ရှေးက အိပ်မက်တောင် မမက်နိုင်ခဲ့တာတွေကို အံ့သြရလောက်အောင် တွေ့ကြုံ ခံစားစေနိုင်ခဲ့ပါတယ်။ ဒါလည်း မှန်ပါတယ်။ သိပ္ပံပညာက လူသားတွေကို ငါးထက်တောင် ပိုပြီး ကူးနိုင်အောင် လုပ်ပေးခဲ့ကြတယ်။ ငှက်ထက်တောင် ပိုပြီး အမြင့်မှာ ပျံသန်းနိုင်အောင် လုပ်ပေးခဲ့ကြပါတယ်။ လပေါ်မှာတောင် လမ်းလျှောက်

စေနိုင်ခဲ့ပြီးပါပြီ။ ဒါပေမဲ့ သမုတိသစ္စာကိုသာ သိနိုင်တဲ့ လောကီဉာဏ်ကို ရထားတဲ့ သိပ္ပံပညာရဲ့ သိမှုနယ်သည် အတွေ့အကြုံပေါ်မှာပဲ သက်သေခံ ထင်ရှားရှိပါတယ်။ ပြီးတော့ သိပ္ပံပညာက သိတဲ့သစ္စာတရား (သမုတိသစ္စာ) ဟာလည်း အမြဲ ပြောင်းလဲနေတယ်။ သိပ္ပံပညာက လူသားကို မိမိ စိတ်ကို ထိန်းသိမ်းနိုင်တဲ့ နည်းလမ်းကို မပေးနိုင်ပါ။ ပြီးတော့ သိပ္ပံပညာက လူသားများအတွက် ကိုယ်ကျင့်သီလ စောင့်ထိန်းနိုင်စွမ်းနဲ့ လမ်းညွှန်မှုကိုလည်း မပေးနိုင်ပါ။ အံ့ဩစရာတွေ အများကြီး ရှိပေမဲ့ သိပ္ပံပညာဟာ ဗုဒ္ဓဘာသာက လက်မခံနိုင်တဲ့ အကန့်အသတ်တွေ အများကြီး ရှိနေပါတယ်။

## သိပ္ပံပညာ၏ အကန့်အသတ်များ

လူတွေ မကြာခဏ အများကြီး ကြားသိနေကြရတာက သိပ္ပံပညာက ဘာတွေကို ဘယ်လောက် လုပ်ပေးနိုင်တယ် ဆိုတာ ဖြစ်တယ်။ မကြားရတာက သိပ္ပံပညာက ဘာတွေကိုတော့ မလုပ်ပေးနိုင်ဘူး ဆိုတာပါ။ သိပ္ပံပညာဟာ လူရဲ့ အာရုံက တစ်ဆင့်ရတဲ့ အသိပညာအပေါ်မှာသာ အခြေခံထားရတဲ့ အကန့်အသတ် ရှိတယ်။ အာရုံ ငါးပါးနှင့် မြင်တာ၊ ကြားတာ၊ ထိတာ၊ တွေ့တာလောက်ကိုပဲ သိတာများတယ်။ အာရုံခံနယ်ကို ကျော်လွန်ပြီး ဉာဏ်နဲ့ ထိုးထွင်းသိမြင်တာကိုတော့ သိပ္ပံပညာက အသိအမှတ် မပြုလိုကြပါ။ သိပ္ပံပညာကရတဲ့ သစ္စာကို သိတဲ့ အသိပညာတွေဟာ အာရုံသိအပေါ် အခြေခံပြီး ယုတ္တိနည်းကျ ဆင်ခြင် သိမြင်တာတွေသာ ဖြစ်တယ်။ ဒါတွေကလည်း အမြဲ ပြောင်းလဲနေတယ်။ သမုတိသစ္စာတွေသာ ဖြစ်တယ်။ ဒီတော့ အချိန်ကာလရဲ့ အစမ်းသပ်ကို မခံနိုင်ဘူး။ ထာဝရ ဘယ်အချိန်မှာမဆို မှန်တာတွေ မဟုတ်ကြပါဘူး။ ဒီအချက်ကို သိမြင်တဲ့ သိပ္ပံပညာရှင် တစ်ယောက်ဟာ သီဝရီ တစ်ခုကို ဒီ့ထက်ကောင်းတဲ့ သီဝရီ တစ်ခုနဲ့ အစားထိုးလာရင် အစကသီဝရီကို စွန့်ပယ်ဖို့အတွက် အမြဲ အဆင်သင့် ဖြစ်နေတတ်ပါတယ်။

သိပ္ပံပညာက ဗဟိဒ္ဓလောကကို သိမြင်နားလည်ဖို့ကိုသာ ကြိုးပမ်းပါတယ်။ ဒီတော့ လူသားရဲ့ အဇ္ဈတ္တလောကရဲ့ အပေါ်ယံ မျက်နှာပြင်လောက်ကိုသာ အရေးအကြောင်း ထင်အောင် ခြစ်မိနေတယ်။ စိတ်ပညာဆိုတဲ့ စိတ်ပိုင်းဆိုင်ရာ သိပ္ပံပညာကလည်း လူသားရဲ့ အဇ္ဈတ္တသန္တာန်ကို နက်နက်ရှိုင်းရှိုင်း လေ့လာ

တိုင်းထွာနိုင်တာ မဟုတ်ပါဘူး။ ဒါကြောင့် လူသားတွေရဲ့ စိတ်ပျံ့လွင့်မှု စိတ်ယောက်ယက်ခတ်မှုတွေ ဘာကြောင့် ဖြစ်ရသလဲဆိုတဲ့ အကြောင်းရင်း အမှန်ကို မသိပါဘူး။

လူတစ်ယောက်ဟာ စိတ်ပျက်ပြီး ဘဝကို ငြီးငွေ့ မုန်းတီးလာတဲ့အခါ သူ့ရဲ့ အတွင်းစိတ်ထဲမှာ အနှောင့်အယှက် ဖြစ်စရာတွေ ပြည့်နှက်ပြီး စိတ်ယောက်ယက်ခတ်လာတဲ့အခါ သိပ္ပံပညာဟာ ဒီလူသားကို ကူညီနိုင်ဖို့အတွက် လက်နက်အပြည့်အစုံ တပ်ဆင်ထားတာ မရှိပါ။ ပတ်ဝန်းကျင်ကိုသာ အရာရာကို ဖန်တီးပေးစွမ်းနိုင်တယ်လို့ သဘောထားတဲ့ လူမှု သိပ္ပံပညာတွေကတော့ လူသားရဲ့ စိတ်ပျော်ရွှင်ရေးကို အတိုင်းအတာ တစ်ခုအထိ ဆောင်ရွက်ပေးနိုင်စွမ်း ရှိပါတယ်။ ဒါပေမဲ့ လူဟာ တိရစ္ဆာန်နဲ့ မတူတာက ရုပ်ပိုင်း သက်သာချောင်ချိမှုရအောင် ဆောင်ရွက်ပေးနိုင်ရုံနှင့် မလုံလောက်ပါဘူး။ လူသားဟာ ရုပ်ပိုင်း သက်သောင့်သက်သာရှိမှုထက် ပို၍ စိတ်ဆင်းရဲမှု စိတ်ပျက် အားငယ်မှုတွေ နေ့စဉ် ဘဝအတွေ့အကြုံထဲမှာ ခံစားနေရတဲ့ စိတ်မသက်သာစရာတွေကို သက်သာအောင် လုပ်ပေးဖို့လည်း လိုအပ်ပါသေးတယ်။

ဒီနေ့ ကမ္ဘာကြီးမှာ လူများစွာဟာ ကြောက်ရွံ့ ထိတ်လန့်မှုဒဏ်၊ စိတ်ယောက်ယက်ခတ်မှုဒဏ်၊ စိတ်လုံခြုံမှု မရှိတဲ့ ဒဏ်တွေကို ခံစားနေကြရတယ်။ ဒါပေမဲ့ ဒါတွေကို သိပ္ပံပညာက သက်သာ ပျောက်ကင်းသွားအောင် မစွမ်းဆောင်ပေးနိုင်ဘူး။ သိပ္ပံပညာက သာမန် လူတစ်ယောက်ကို သူ့ စိတ်ကို သူ အစိုးရအောင် ထိန်းသိမ်းတဲ့ နည်းကို သင်မပေးနိုင်ဘူး။ သူ့ ရင်ထဲမှာ လောင်နေတဲ့ ကိလေသာ မီးကြောင့် သူ့ကိုယ်မှာ တိရစ္ဆာန် သဘာဝတွေ ပေါ်လာရင် သိပ္ပံပညာက ဒီလူ စိတ်အေးချမ်းတည်ငြိမ်သွားအောင် လုပ်မပေးနိုင်ဘူး။

သိပ္ပံပညာသည် လူသားအား သူတော်ကောင်း ဖြစ်အောင် လုပ်ပေးနိုင်သလား။ တကယ်လို့သာ သိပ္ပံပညာက လူသားကို သူတော်ကောင်း ဖြစ်အောင် လုပ်ပေးနိုင်ပါလျှင် ဘာကြောင့် သိပ္ပံနှင့် စက်မှုနည်းပညာတွေ တိုးတက် ဖွံ့ဖြိုးနေတဲ့ လူ့အဖွဲ့အစည်း၊ တိုင်းနိုင်ငံတွေထဲမှာ ကိုယ်ကျင့်တရား မရှိတဲ့ အပြုအမူတွေ၊ လက်နက်အားကိုး အကြမ်းဖက် လုပ်ရပ်တွေ၊ ဗရုဗ္ဗ ဖြစ်ပေါ်နေကြရပါသလဲ။ အပေါ်ယံ ဗဟိဒ္ဓအားဖြင့် လူသားအကျိုးအတွက် သိပ္ပံပညာ၏ စွမ်းဆောင်အောင်မြင်မှုတွေ၊ အကျိုးပြုမှုတွေ ရှိခဲ့ပါသော်လည်း သိပ္ပံပညာသည် လူသားရဲ့ အဇ္ဈတ္တ သန္တာန် စိတ်ဓာတ်ကို အခြေခံအားဖြင့် ပြောင်းလဲအောင်တော့ မတတ်နိုင်ခဲ့ပါဘူးဟု ဆိုလျှင်ဆိုသင့်မည် ထင်ပါတယ်။ သိပ္ပံပညာ လုပ်ပေးနိုင်တာက လူကို ပိုပြီး အမှီအခို အားကိုးစိတ် များအောင်ရယ်၊ မပြည့်စုံဘူး ဆိုတဲ့ ခံစားချက်တွေ

ပို့များလာအောင်ပဲ လုပ်ပေးနိုင်ခဲ့တာပါ။ သိပ္ပံပညာက လူသားရဲ့ ဘဝမှာ မလုံခြုံမှုတွေ ပိုများအောင် လုပ်ခဲ့ရုံသာမက လူသားတို့ရဲ့ ကမ္ဘာကြီး တစ်ခုလုံးကို လုံးဝဥဿုံ ဖျက်ဆီးပစ်နိုင်တဲ့ ခြိမ်းခြောက်မှုများကြောင့် မလုံခြုံတဲ့ ခံစားမှုတွေ ပိုများလာအောင်ပဲ လုပ်ခဲ့နိုင်တာပါ။

သိပ္ပံပညာဟာ လူ့ဘဝအတွက် အဓိပ္ပာယ်ရှိတဲ့ ဘဝ ရည်မှန်းချက်၊ ဘဝ ပန်းတိုင်ကိုလည်း မပေးနိုင်ဘူး။ ပြီးတော့ လူ့ ဘဝမှာ ဘာကြောင့် အသက်ရှင်နေရတာလဲဆိုတဲ့ မေးခွန်းအတွက်လည်း ရှင်းလင်းတဲ့ အဖြေကို မပေးနိုင်ဘူး။ သိပ္ပံပညာသည် သဘာဝအားဖြင့် လောကီရေး သက်သက်သဘောကိုပဲ ဆောင်တယ်။ လူသားရဲ့ မွန်မြတ်တဲ့ အရိယာ ပန်းတိုင်နဲ့ မသက်ဆိုင်ဘူး။ ရုပ်ဝါဒဟာ သိပ္ပံအတွေးအခေါ်ထဲက ပေါက်ပွားလာတာ ဖြစ်တယ်။ ဒါကြောင့် လူတွေရဲ့ စိတ်ပိုင်းဆိုင်ရာ ဘဝပန်းတိုင်ဟာ ရုပ်ပိုင်းဆိုင်ရာ ကျေနပ်နှစ်သိမ့်မှုရတာထက် အများကြီး ပိုမို မြင့်မားတယ် ဆိုတာကို ငြင်းပယ်ခဲ့တယ်။

သိပ္ပံပညာရဲ့ ရွေးချယ်ပြီး ပြုလုပ်တဲ့ သဘော အယူအဆတွေနှင့် သမုတိသစ္စာသဘောကြောင့် သိပ္ပံပညာသည် အလွန် အနှစ်သာရ ရှိတဲ့အကြောင်းကိစ္စတွေနှင့် ပြဿနာ များစွာကို အဖြေ မပေးဘဲ ချန်ထားတယ်။ ဥပမာ ပြရရင် လူတွေ ကြားထဲမှာ ဘာဖြစ်လို့ မညီမျှမှုတွေ ဒီလောက် များနေရတာလဲလို့ မေးတဲ့အခါ ဘယ်သိပ္ပံနည်းကျ အဖြေကိုမှ ဒီလို မေးခွန်းမျိုးအတွက် မပေးနိုင်ခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ ဒီမေးခွန်းတွေက သိပ္ပံပညာရဲ့ ကျဉ်းမြောင်းတဲ့ နယ်ကို ကျော်လွန်နေလို့ပဲ ဖြစ်တယ်။

## ပညာရှိ မသိတဲ့ အဝိဇ္ဇာ

မြတ်ဗုဒ္ဓရဲ့ ဖွံ့ဖြိုးအောင် ပွားများထားတဲ့ လောကုတ္တရာဉာဏ်ဟာ အာရုံကို အခြေခံတဲ့ အသိဉာဏ်နဲ့ ယုတ္တိဗေဒ ထောင်ချောက်ထဲက စိန္တာမယဉာဏ်ကို ကျော်လွန်ထွက်သွားပြီး ပညတ်နယ်၊ သမုတိ သစ္စာနယ်ရဲ့ အကန့်အသတ်များ ဟိုဘက်ထိ ပေါက်ရောက်ပါတယ်။ တစ်နည်းအားဖြင့် လူသားရဲ့ အသိဉာဏ်သည် စုဆောင်း သိုလှောင်ထားတဲ့ သတင်း အချက်အလက်တွေအပေါ်မှာ အခြေခံပြီးမှ ဆောင်ရွက်နိုင်တယ်။ အလုပ် လုပ်နိုင်တာ ဖြစ်တယ်။ ဘာသာရေးနယ်မှာ ဖြစ်ဖြစ်၊ ဒဿန ပညာနယ်မှာ ဖြစ်ဖြစ်၊ သိပ္ပံပညာနယ်၊ အနုပညာနယ်မှာ ဖြစ်ဖြစ် ဒီအတိုင်းပါပဲ။

အာရုံဒွါရတွေက တစ်ဆင့် စိတ်အတွက် သတင်း အချက်အလက်တွေကို စုဆောင်းရတာ ဖြစ်တယ်။ ဒီသတင်း အချက်အလက်တွေဟာ နည်းပေါင်းစုံအရ သိမ်နုပ်ပါတယ်။ ဒီလို အလွန် အကန့်အသတ်များတဲ့ အာရုံသိက ရတဲ့သတင်း အချက်အလက်တွေဟာ လောကကို ကျွန်ုပ်တို့ရဲ့ နားလည်ပုံကို လွဲချော်သွားအောင် ပြုနိုင်ပါတယ်။

လူ တချို့က သူတို့မှာ ဗဟုသုတ များတယ်ဆိုပြီး ဝါကြွားနေတတ်ကြတယ်။ စင်စစ်တော့ ကျွန်ုပ်တို့အနေနဲ့ သိတာ နည်းလေလေ၊ ကျွန်ုပ်တို့ရဲ့ ရှင်းလင်း တင်ပြချက်တွေဟာ သေချာပေါက် မှန်ဖို့ များလေလေပဲ ဖြစ်တယ်။ ပိုပြီး သိလေလေ ကျွန်ုပ်တို့ရဲ့ အကန့်အသတ်ရှိမှု၊ ချွတ်ယွင်းမှုတွေကို ပိုပြီး သိလေလေပဲ ဖြစ်တယ်။

အလွန် ဉာဏ်ထက်တဲ့ ပညာရှင် တစ်ယောက်က တစ်ချိန်က စာ တစ်အုပ် ရေးခဲ့တယ်။ ဒီစာအုပ်ဟာ သူ့ စိတ်အထင်မှာတော့ အကြွင်းမဲ့ မှန်တဲ့ စာအုပ်လို့ ထင်ထားတယ်။ သူ့ စာအုပ်ထဲမှာ စာပေနှင့် ဒဿန ပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အားလုံးအတွက် အစပျိုးထားတာတွေ ပါတယ်လို့ အောက်မေ့တယ်။ သူ့ စွမ်းဆောင်မှုကို ဂုဏ်ယူဝင့်ကြွားပြီး သူ့ရဲ့ အထူး ကောင်းမွန်လှတဲ့ စာအုပ်ကို သူ့လို ပညာ ဉာဏ်၊ ပညာ ထက်မြက်လှတဲ့ လုပ်ဖော်ကိုင်ဖက် ပုဂ္ဂိုလ်တွေကို ပြတယ်။ သူ့ စာအုပ်အပေါ် သုံးသပ်ပေးပါလို့လည်း တောင်းပန်တယ်။ ဒီအခါ သူ ပြောသလို လုပ်ပေးရမည့်အစား လုပ်ဖော်ကိုင်ဖက် ပုဂ္ဂိုလ်က စာရွက် တစ်ရွက် အပေါ်မှာ သူ သိတာတွေ အားလုံးနဲ့ မသိတာတွေ အားလုံးကို ရေးချခိုင်းတယ်။ စာရေးသူ ပုဂ္ဂိုလ်ဟာ ဒီအခါမှ ထိုင်စဉ်းစားတယ်။ အတန်ကြာလာတော့ သူ သိတာတွေကို ရေးချလို့တောင် မရတော့ဘူး။ ဒီအခါကျတော့ သူက သူ့ စိတ်ကို ဒုတိယ မေးခွန်းဘက်ကို ပြောင်းလိုက်တယ်။ သူ မသိတာတွေကို ရေးချဖို့ပေါ့။ အဲဒီအခါကျတော့လည်း သူ မသိတာကို ရေးချလို့ မရပြန်ဘူး။ နောက်ဆုံးကျမှ သူလည်း အတ္တမာန် ကျသွားပြီး လက်လျှော့လိုက်တယ်။ အဲဒီအချိန်မှာ သူ နားလည်လိုက်တာက သူ သိတယ် ထင်ခဲ့တာတွေဟာ အဝိဇ္ဇာ ဆိုတဲ့ မသိမှုပါ ကလား ဆိုတာ။

ဒီကိစ္စမှာ ရှေးခေတ်က အေသင်မြို့ နိုင်ငံမှာ ပေါ်ထွန်းခဲ့တဲ့ ပညာရှိ ဒဿနိကဗေဒ ဆရာကြီး ဆော့ခရတ္တိကို လူတွေက သူ သိသမျှကို ပြောပါလို့ မေးကြတော့ သူက "ငါ တစ်ခုပဲ သိတယ်။ အဲဒါက ငါ ဘာမှ မသိသေးဘူး ဆိုတာပဲ"လို့ ဖြေခဲ့တယ်။

"I know only one thing- that I don't know."

## သိပ္ပံပညာကို လွန်၍

ဗုဒ္ဓဘာသာသည် အသိပညာနယ်နှင့် စပ်လျဉ်း၍ ခေတ်သစ် သိပ္ပံပညာရှင်များ လက်ခံထားသော အသိပညာနယ်ထဲ ပိုမို ကျယ်ဝန်းသော အသိပညာနယ်ကို လက်ခံရာတွင် သိပ္ပံပညာကို ကျော်လွန်သွားတယ်။ ဗုဒ္ဓဘာသာသည် အာရုံဒွါရ များက တစ်ဆင့်ရသော အတွေ့အကြုံ သိသဘောကိုလည်း လက်ခံသည့်ပြင် စိတ်ကို ဘာဝနာ ပွားများခြင်းဖြင့် ပျိုးထောင်ယူ၍ ရအပ်သော ကိုယ်တိုင် ခံစားပြီး ထိုးထွင်းသိမြင်သော ပဋိဝေဓဉာဏ်ဖြင့် ရသောအသိပညာကိုလည်း လက်ခံတယ်။ စိတ်ကို အဆင့်မြင့် သမာဓိ၌ တည်အောင် လေ့ကျင့် ပျိုးထောင်ခြင်းအားဖြင့် ဘာသာရေး အတွေ့အကြုံများကို ကိုယ်တိုင် ထိတွေ့ခံစားလာရကာ ကိုယ်တိုင် စိစစ်၍လည်း ရတယ်။ ဘာသာရေး အတွေ့အကြုံသည် စမ်းသပ်ခန်းထဲမှာ စမ်းသပ် ပြွန်နှင့် စမ်းသပ်၍ရသော အတွေ့အကြုံမျိုးလည်း မဟုတ်။ အဏုကြည့် မှန်ဘီလူး (မိုက်ကရိုစကုပ်) နှင့် ကြည့်ပြီး စိစစ်လို့ရတဲ့ အတွေ့အကြုံမျိုးလည်း မဟုတ်ပါ။

သိပ္ပံပညာက ရှာလို့ တွေ့တဲ့သစ္စာ ဆိုတာက သမုတိသစ္စာပါ။ ဒီသစ္စာက အနိစ္စ သဘောပဲ ရှိတယ်။ တစ်ချိန်လုံး ပြောင်းလဲနေတဲ့ သဘော ရှိတယ်။ မြတ်ဗုဒ္ဓ ရှာလို့ တွေ့တဲ့သစ္စာက ပရမတ္ထသစ္စာ ဖြစ်တယ်။ အရိယာ သစ္စာလို့လည်း ခေါ်တယ်။ အရိယာသစ္စာ (သစ္စာဓမ္မ) က မပြောင်းလဲဘူး။ ဘယ်အချိန်မှာပဲ ဖြစ်ဖြစ်၊ ဘယ်နေရာမှာပဲ ဖြစ်ဖြစ် မှန်ကို မှန်တယ်။

ထို့အပြင် ရွေးပြီး သဘောတရားကို စိတ်ကူးထုတ်တဲ့ သိပ္ပံပညာနှင့် နှိုင်းယှဉ်လိုက်ရင် မြတ်ဗုဒ္ဓက ပညာရှိများ အနေနဲ့ သဘောတရား သီဝရီတွေကို စွဲလမ်းခြင်း မပြုဖို့ကို အားပေးတယ်။ သိပ္ပံပညာပဲ ဖြစ်ဖြစ်၊ ဘာပညာပဲ ဖြစ်ဖြစ် သဘောတရားဟာ မှန်လှပြီ၊ ဟုတ်လှပြီလို့ စွဲမထားရဘူး။ ဗုဒ္ဓရှင်တော်မြတ်ဘုရား ကတော့ သဘောတရား သီဝရီတွေကို ထုတ်ဖော်နေဖို့ထက် အရိယာသစ္စာ၊ ပရ မတ္ထသစ္စာဉာဏ်ကို ရဖို့မှာ ရိုးသား ဖြောင့်မတ်စွာ ဓမ္မနှင့် အညီနေတဲ့ ဘဝနေနည်း အတိုင်း နေတတ်ဖို့က ပိုပြီး အရေးကြီးကြောင်းကို သင်ကြားပေးတော်မူတယ်။ ဝတ္ထုအာရုံ ကာမဂုဏ် တရားတွေ အပေါ် ငြိမ်သက်တဲ့ စိတ်နှလုံးထားနှင့် တဏှာကို ပယ်သတ်ပြီးနေတဲ့ ဖြောင့်မတ် မှန်ကန်သော ဘဝနေနည်းကသာလျှင် မိမိတို့ရဲ့ အဇ္ဈတ္တ သန္တာန်မှာရှိတဲ့ ဘဝရဲ့ သဘောအမှန်ကို ရှာဖွေ တွေ့ရှိနိုင်တယ်။ ဒါမှ သာလျှင် ဘဝရဲ့ လိုရင်း ရည်မှန်းချက်ကို ရှာလို့ တွေ့နိုင်တယ်။

ဗုဒ္ဓဘာသာမှာ သဘောတရားထက် လက်တွေ့ သဘောက ပိုပြီး အရေးပါတယ်။ လူတစ်ယောက်ဟာ သဘောတရားတွေကို အများကြီး လေ့လာပြီး လက်တွေ့ကျတော့ ဘာမှ မလုပ်ဘူးဆိုရင် ဒီလူဟာ ချက်နည်းပြုတ်နည်း စာအုပ်ထဲက နည်းတွေကို ရွတ်ဖတ်နေပြီး စားစရာ ဟင်းတစ်ခွက်ကိုတောင် ကိုယ်ထိလက်ရောက် မချက်တတ်တဲ့ လူနှင့် တူနေမှာပါ။ သူ့ ဗိုက်ထဲက ဆာလောင်မွတ်သိပ်နေတာကို ဟင်းချက်နည်း စာအုပ်ကို ဖတ်ပြီး ဟင်းချက်နည်း မျိုးစုံကို သိနေရုံနဲ့တော့ ပြေပျောက်သွားအောင် လုပ်နိုင်မှာ မဟုတ်ပါ။ လက်တွေ့ကသာ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရရှိရေးမှာ မရှိမဖြစ် လိုအပ်တဲ့ အချက် ဖြစ်တယ်။ တချို့ ဗုဒ္ဓဘာသာဂိုဏ်းတွေ၊ ဥပမာ-ဈာန်ဗုဒ္ဓဘာသာမှာ ဆိုရင် လက်တွေ့ကို သဘောတရားထက် အရင်ရှေ့က ထားတယ်။

သိပ္ပံနည်း ဆိုတာက ဗဟိဒ္ဓကိုပဲ ပဓာနထားတယ်။ ခေတ်သစ် သိပ္ပံပညာရှင်တွေဟာ သဘာဝတရားနှင့် ဓာတ်သဘာဝတွေကို မိမိတို့ရဲ့ ဘဝ သက်သောင့်သက်သာ နေပျော်ဖွယ် ဖြစ်အောင် လုပ်ရာမှာ အသုံးချဖို့လောက်ပဲ အာရုံထားကြတယ်။ တစ်ခါတလေကျတော့ ပတ်ဝန်းကျင် လေထု ညစ်ညမ်းချင် ညစ်ညမ်းပါစေ အရေးမစိုက်ဘူး။ ပတ်ဝန်းကျင် အဆင်ပြေမှုကိုထက် မိမိတို့ အကျိုးအမြတ်ရှိဖို့လောက်ပဲ ကြည့်ပြီး လုပ်တတ်ကြတယ်။ ဗုဒ္ဓဘာသာကတော့ အတွင်းအဇ္ဈတ္တကို ဦးတည်ချက် ထားတယ်။ လူသားရဲ့ အဇ္ဈတ္တ တိုးတက်ဖွံ့ဖြိုးရေးကို ပဓာနထားတယ်။ နိမ့်ကျတဲ့ အဆင့်မှာ ဗုဒ္ဓဘာသာက လူသားအနေနဲ့ မိမိတို့ရဲ့ ပတ်ဝန်းကျင်နဲ့ အံဝင်ခွင်ကျ သဟဇာတ ဖြစ်အောင် ဘယ်လို နေ့စဉ် ဘဝမှာ နေသင့်တယ် ဆိုတာကို သင်ကြားပေးတယ်။ ပိုပြီး မြင့်မားတဲ့ အဆင့်ကျတော့ လူသားကို မိမိရဲ့ ပုထုဇဉ် သဘာဝကို ကျော်လွန်ပြီး စိတ်ကို ဘာဝနာနည်းဖြင့် လေ့ကျင့် ပျိုးထောင်ပြီး အရိယာဉာဏ် အဆင့်ကို ဘယ်လို တက်လှမ်းရမယ် ဆိုတာကို ပြတယ်။

ဗုဒ္ဓဘာသာဟာ စိတ်ကို လေ့ကျင့် ပျိုးထောင်ရာမှာ ပြည့်စုံတဲ့ နည်းစနစ်ဖြစ်တယ်။ ဒီနည်းဟာ အရိယာသစ္စာဉာဏ်ရဲ့အဆုံး နိဗ္ဗာန်ကို ကိုယ်တိုင် သိမြင်မျက်မှောက်ပြုနိုင်တဲ့အထိ ပို့ဆောင်ပေးနိုင်တယ်။ ဒီစနစ်ဟာ လက်တွေ့လည်း ကျတယ်။ သိပ္ပံနည်းလည်း ကျတယ်။ ဝေဒနာတွေ၊ စေတသိက်တွေကို တဏှာ မပါဘဲနှင့် ရှုပွားတဲ့နည်းလည်း ပါတယ်။ သိပ္ပံပညာရှင်နဲ့ထက် တရားသူကြီးနှင့် ပိုပြီး တူတယ်။ ယောဂီ (ဝါ) တရား အားထုတ်သူဟာ သူ့ရဲ့ အဇ္ဈတ္တ လောကကို သတိပဋ္ဌာန်နည်းနဲ့ ရှုမှတ် ပွားများတာ ဖြစ်တယ်။

## ဘာသာရေး မပါတဲ့ သိပ္ပံပညာ

ကိုယ်ကျင့်သီလ မပါတဲ့ သိပ္ပံပညာဟာ လူ့ ဘဝ တစ်ခုလုံးကို အကျိုး မပြုဘဲ အန္တရာယ်ကိုသာ ကျရောက်စေမှာ ဖြစ်ပါတယ်။ သိပ္ပံပညာက စက်မှုဘဝကို ထူထောင်ပေးခဲ့ပါတယ်။ ဒီစက်မှု ဘဝက ရှင်ဘုရင် ဖြစ်လာတယ်။ ကျည်ဆန်တွေ၊ ဗုံးတွေဟာလည်း သိပ္ပံပညာက ပေးတဲ့ လက်ဆောင် ပစ္စည်းတွေပါပဲ။ ဒီလက်နက်တွေကို သိပ္ပံပညာက လူ အနည်းငယ်ရဲ့ လက်ကို ဆုလာဘ်သဖွယ် ပေးခဲ့တယ်။ ခုကျတော့ တစ်ကမ္ဘာလုံးက လူသားများရဲ့ ကြမ္မာဟာ ဒီလက်နက်ရှိတဲ့ လူတစ်စုရဲ့ လက်ထဲ ရောက်သွားတယ်။ ကျားသနားမှ နွား ချမ်းသာကိန်း ဆိုက်ရောက်သွားတယ်။ ခုကျတော့ တစ်ကမ္ဘာလုံးမှာရှိတဲ့ လူသား တစ်ရပ်လုံး ကြောက်ရွံ့ထိတ်လန့်ခြင်း၊ စိုးရိမ် ပူပန်ခြင်းတွေကို ခံစားနေရပြီ ဖြစ်တယ်။ သိပ္ပံပညာက သုတေသန ပြုလုပ်ပြီး ဖန်တီးပေးခဲ့တဲ့ အဏုမြူ လက်နက်တွေ၊ အဆိပ်ဓာတ်ငွေ့တွေ၊ ပိုးမွှား လူသတ် လက်နက်တွေကို အသုံးပြုပြီး ဘယ်အချိန် ကမ္ဘာကြီး ပျက်စီးတော့မှာလဲ ဆိုတာ မသိဘဲ ဖြစ်နေကြရတယ်။ သိပ္ပံပညာဟာ လူသားများကို အကျင့်သီလ ကောင်းမွန်လာအောင် လမ်းညွှန်မှုပေးဖို့ လုံးဝ မတတ်နိုင်ရုံသာမက လူသားများရဲ့ တဏှာ၊ လောဘ၊ ကိလေသာ မီးတွေ တောက်လောင်ဖို့အတွက် လောင်စာတွေကိုတော့ အမြောက်အမြား ပေးနိုင်တယ်။

အကျင့်သီလ မပါတဲ့ သိပ္ပံပညာဟာ အကျိုးပြုဖို့ထက် ဖျက်ဆီးဖို့ အန္တရာယ်က များတယ်။ လူသားတွေ ရှာဖွေ ဖော်ထုတ်ခဲ့ကြတဲ့ သိပ္ပံပညာဟာ မိစ္ဆာကောင်ကြီး ဖြစ်လာနေတယ်။ ကံဆိုးချင်တော့ ကြောက်မက်ဖွယ် ဒီမိစ္ဆာကောင်ကြီးဟာ ခုကျတော့ လူထက်တောင် တန်ခိုးကြီးထွားလာနေပါပြီ။ ဒီကြောက်စရာ မိစ္ဆာကောင်ကြီးကို လူတွေက ဘယ်လို ထိန်းချုပ်မလဲ ဆိုတဲ့ နည်းလမ်းကို ဘာသာရေး ကိုယ်ကျင့်တရားနှင့်မှ မရှာဘဲ ဒီအတိုင်း ထားကြရင်တော့ ဒီအကောင်ကြီးက လူတွေကို နိုင့်ထက်ကလူ ပြုမူပြီး ဖျက်ဆီးတော့မယ်။ ဘာသာရေးရဲ့ လမ်းညွှန်မှု မပါရင်တော့ သိပ္ပံပညာသည် လောကကြီး တစ်ခုလုံးကို ဖျက်ဆီးပစ်ဖို့ အထိ ခြိမ်းခြောက်လာတော့မှာပဲ။ သိပ္ပံပညာကို တစ်နည်းတစ်ဖုံအားဖြင့် ဗုဒ္ဓဘာသာလို ဘာသာရေး ကိုယ်ကျင့်သီလ သဘောတွေနဲ့ ပေါင်းစပ်ပေးနိုင်မယ် ဆိုရင်တော့ ဒီသိပ္ပံပညာဟာ လူ့ လောကကြီးကို နတ်ဘုံနတ်နန်းကြီး အဖြစ် ပြောင်းလဲသွားလောက်အောင် ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီအခါကျမှ လောကကြီး တစ်ခုလုံး လုံခြုံ

ငြိမ်းချမ်းပြီး ဝမ်းပန်းတသာ ပျော်ရွှင်ခြင်း သုခတွေကို အပြည့်အဝ ခံစားကြရမှာ ဖြစ်ပါတယ်။

ယခု အချိန်ကာလလောက် သိပ္ပံပညာကို ဘာသာရေး ဆိုင်ရာ ကိုယ်ကျင့် သီလနှင့် ပေါင်းစပ်ပေးဖို့ လိုအပ်တဲ့ အချိန်ဟာ တစ်ခါတုန်းကမျှ မရှိခဲ့သေးပါ။ သိပ္ပံပညာ မပါတဲ့ ဘာသာရေးဟာလည်း အကျိုးပါ။ ဘာသာရေး မပါတဲ့ သိပ္ပံ ပညာဟာလည်း အကန်းပဲ ဖြစ်ပါတယ်။

## ဗုဒ္ဓဘာသာကို ထိုက်သင့်ရာ ချီးမွမ်းခြင်း

ဉာဏ်ပညာ သဘောကို ကရုဏာ၊ မေတ္တာ အပေါ်မှာ အခြေပြုထားတဲ့ ဗုဒ္ဓဘာသာ ဟာ ခေတ်သစ် သိပ္ပံပညာရဲ့ အန္တရာယ်များတဲ့ ကံကြမ္မာသို့ ရှေ့ရှုဦးတည်နေခြင်းကို မှန်အောင် ပြင်ဆင်ပေးဖို့ အတွက် ပဓာန အခန်းက ပါဝင်နိုင်ပါတယ်။ သိပ္ပံ ပညာရဲ့ သုတေသနများကို ဗုဒ္ဓဘာသာက ဘာသာရေး၊ ကိုယ်ကျင့်တရားရေး ဆိုင်ရာ လမ်းညွှန်မှု ခေါင်းဆောင်မှုကို ပေးနိုင်တယ်။ ဒီနည်းနဲ့ သိပ္ပံသုတေသန တွေဟာ လူသားများအတွက် တောက်ပတဲ့ အနာဂတ် ယဉ်ကျေးမှုကို မြှင့်တင်ပေး နိုင်တယ်။

ဗုဒ္ဓဘာသာက မျက်မှောက်ကာလမှာ မျှော်လင့်ချက် ကင်းပြီး တီထွင်မှုရဲ့ ကျေးကျွန်ဖြစ်အောင် လမ်းပိတ်နေတဲ့ သိပ္ပံ တိုးတက်မှုတွေကို တန်ဖိုးရှိတဲ့ ဘဝ ပန်းတိုင်တွေ ရှာပေးနိုင်ပါတယ်။။

အဲလဗတ်အိုင်စတိုင်းက ဗုဒ္ဓဘာသာကို တိုက်သင့်တဲ့ ချီးမွမ်းခန်း ထုတ်ခဲ့ ဖူးပါတယ်။ သူ့ ကိုယ်ရေး အတ္ထုပ္ပတ္တိစာထဲမှာ ဖော်ပြထားတာက *"ခေတ်သိပ္ပံပညာရဲ့ လိုအပ်ချက်တွေနဲ့ အပြိုင်လိုက်နိုင်တဲ့ ဘာသာတရား ရှိတယ် ဆိုရင်၊ အဲဒီ ဘာသာတရားဟာ ဗုဒ္ဓဘာသာပဲ ဖြစ်တယ်"*လို့ ဆိုခဲ့ပါတယ်။

"If there is any religion that would cope with modern scientific needs, it would be Buddhism."

ဗုဒ္ဓဘာသာ တရားကို ခေတ်မီအောင် လုပ်ဖို့အတွက် သိပ္ပံပညာရဲ့ မကြာမီ က တွေ့ရှိချက်တွေနှင့် ဘာမှ ပြန်လည် သုံးသပ်နေစရာ မလိုဘူး။ သိပ္ပံပညာနဲ့ လိုက်ဖက်အောင် ဆိုပြီး ဗုဒ္ဓဘာသာက လက်ခံထားတဲ့ တရားတွေကို ဘာတစ်ခုမှ ပစ်ပယ်စရာ မလိုဘူး။ ဗုဒ္ဓဘာသာဟာ သိပ္ပံပညာနဲ့ ရင်ပေါင်တန်းလိုက်နိုင်ရုံသာ

မက သိပ္ပံပညာထက်တောင်မှ ရှေ့ကို ရောက်နေပါသေးတယ်။ ဘာသာရေးနဲ့ သိပ္ပံပညာ အတွေးအခေါ် ကြားမှာ ဗုဒ္ဓဘာသာက ပေါင်းကူး တံတား ဖြစ်နေတယ်။ ဗုဒ္ဓဘာသာက လူသားတွေကို မိမိတို့ရဲ့ အဇ္ဈတ္တ သန္တာန်မှာ ရှိတဲ့ ငုပ်နေတဲ့ ကိုယ်စွမ်း ဉာဏ်စွမ်းတွေကို ရှာဖွေ ဖော်ထုတ်ကြဖို့ကို အားပေးပါတယ်။ ပတ်ဝန်းကျင် လောကထဲမှာ ငုပ်နေတဲ့ စွမ်းအင်သတ္တိတွေကိုလည်း ဖော်ထုတ်ဖို့ကို အားပေး ပါတယ်။ *ဗုဒ္ဓဘာသာဟာ ကာလပိမုတ္တိ တရားပါ။* **Buddhism is timeless.**

## လွတ်လပ်တဲ့ဘာသာ

*ဒါဟာ လွတ်လပ်တဲ့ ဘာသာပါ။ လူသားကို မွန်မြတ် သန့်စင်တဲ့ ဘဝကို ရှေးရှု ရောက်ရှိစေနိုင်တဲ့ အကြောင်းတရားလည်း ဖြစ်တယ်။*

ဗုဒ္ဓဘာသာက ဘယ်သူ့ကိုမှ တခြား ဘာသာတွေမှာ ဟောကြားထားတဲ့ တရားတွေကို မလေ့လာရဘူးလို့ မတားဆီးပါ။ မတားရုံမျှမက မြတ်ဗုဒ္ဓက တခြား ဘာသာတွေရဲ့ သင်ကြားချက်တွေ ဒေသနာတွေကို လေ့လာပြီး သူ့ ဘာသာမှာ ဟောကြားထားတဲ့ တရားတွေနဲ့ နှိုင်းယှဉ် လေ့လာပါလို့တောင် အားပေးပါသေးတယ်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားက တခြား ဘာသာကျမ်းဂန် စာပေထဲမှာ ယုတ္တိ ရှိတဲ့တရားတွေ ပညာပါတဲ့ သင်ကြားချက်တွေပါလို့ ရှိရင် အဲဒီတရားတွေကို ဗုဒ္ဓ ဘာသာဝင်တွေ အနေနဲ့ လွတ်လပ်စွာ လေ့လာ ဆည်းပူးနိုင်တယ်လို့ ဟောတော်မူ ပါတယ်။ တချို့ ဘာသာရေး ဆရာကြီးတွေက သူတို့ ဘာသာဝင်တွေကို မှောင်ထဲမှာ ချောင်ပိတ်ထားလိုကြတာများလည်း ရှိတယ်။ အဲဒီဒေသနာတွေကို လေးစားသမှု ပြုဖို့မှာလည်း လွတ်လွတ်လပ်လပ် ပြုခွင့်ပေးထားပါတယ်။ တချို့ ဘာသာများဆိုရင် တခြား ဘာသာဝင်တွေနဲ့ အတို့အထိတောင် မလုပ်ရဘူး။ တခြား ဘာသာရဲ့ ကျမ်းဂန်တွေကိုလည်း မလေ့လာရဘူးလို့ တားဆီးပိတ်ပင်ထားတယ်။

ပိုဆိုးတာက သူတို့ ဘာသာထဲမှာပါတဲ့ တရားတွေဟာ ဘယ်လောက်ပဲ ဘဝင်မကျစရာတွေ သံသယ ဖြစ်စရာတွေ ဖြစ်နေပါစေ။ သူတို့ ဘာသာက ဟောထားတဲ့ တရားကိုပဲ နားထောင်ရမယ်။ လုံးဝ သံသယ စိတ်မထားရဘူးလို့ပဲ သွန်သင်တယ်။ သူတို့က သူတို့ နောက်လိုက်တွေကို တစ်လမ်းသွား စိတ်မွေး

ခိုင်းနိုင်လေလေ ဒီနောက်လိုက် ဘာသာဝင်တွေကို ထိန်းချုပ်ထားနိုင်ဖို့ လွယ်ကူလေလေပဲ ဖြစ်တယ်။ တကယ်လို့ တစ်ယောက်က လွတ်လပ်စွာ တွေးခေါ်ခွင့်ကို ကျင့်သုံးလာလို့ရှိရင်၊ သူဟာ တစ်ချိန်လုံး အမှောင်ထုထဲ ရောက်နေတာပါကလားလို့ သိနားလည်လာလို့ရှိရင် ဒါဟာ မိစ္ဆာကောင်က သူ့ စိတ်ကိုဝင်ပြီး နှောင့်ယှက်ဖျက်ဆီးတာပဲလို့ စွပ်စွဲခံရတော့တာပဲ။ သနားစရာ လူသားဟာ သူ့ရဲ့ ပင်ကိုစိတ်ကိုရော၊ သင်ထားတဲ့ ပညာတွေကိုရော၊ ပင်ကိုဉာဏ်တွေကိုရော၊ သုံးခွင့်မရအောင် လုပ်ထားတယ်။ တချို့ လူတွေက ဘာသာရေးနဲ့ ပတ်သက်တဲ့ သူတို့ရဲ့ အမြင်တွေကို ပြောင်းလဲချင်လာပြီဆိုရင်လည်း သူတို့ကို မိမိရဲ့ လွတ်လပ်စွာ တွေးခေါ်ဆုံးဖြတ်တတ်တဲ့ ဉာဏ်ကို သုံးရလောက်အောင် ပါရမီဓာတ်ခံ မရင့်ကျက်သေးဘူးဆိုပြီး ပြောကြပြန်တယ်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားကတော့ ဘာသာရေးဟာ လူ တစ်ယောက်ရဲ့ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် အပေါ်မှာ တည်ရှိစေရမယ်လို့ သဘောထားတော်မူတယ်။ ဘာသာရေးဟာ အစိုးရမင်းများ ချမှတ်တဲ့ ဥပဒေ မဟုတ်ဘူး။ ဒါက ဉာဏ်ပညာနဲ့ တိုင်းထွာပြီးမှ လက်ခံနိုင်တဲ့ ကိုယ်ကျင့်သီလ စည်းကမ်းနည်းလမ်းတွေပဲ ဖြစ်တယ်လို့ ယူဆတော်မူတယ်။

ဗုဒ္ဓဘာသာဝင်များအတွက်မှာတော့ ဘာသာရေး မူဝါဒသဘောထားတွေ စည်းမျဉ်း စည်းကမ်းတွေဟာ ထာဝရဘုရားဆီက ကျလာတဲ့ ကောင်းကင်ကျတရားတွေလည်း မဟုတ်။ လူတွေ လုပ်ထားတဲ့ တရားဥပဒေတွေလည်း မဟုတ်ကြဘူး။ ဒါက သဘာဝ ဥပဒေသတွေ လောကဝဇ္ဇတရားတွေပဲ ဖြစ်တယ်။

အမှန်မှာ ဒီနေ့ ကမ္ဘာပေါ်က ဘယ်အစိတ်အပိုင်းမှာမှ စစ်မှန်တဲ့ ဘာသာရေး လွတ်လပ်ခွင့် ဆိုတာ မရှိပါဘူး။ လူမှာ လွတ်လပ်စွာ တွေးခေါ်နိုင်ခွင့်တောင်မှ မရှိဘူး။ လူတစ်ယောက်ဟာ သူ ကိုးကွယ်နေတဲ့ ဘာသာအပေါ် စိတ်တိုင်းမကျတော့ဘူး။ သူ သိချင်တဲ့ ပြဿနာတွေအတွက် ကျေနပ်ဖွယ် ဖြေရှင်းချက်တွေကိုလည်း အဲဒီဘာသာက မပေးနိုင်လို့ ဒီဘာသာကို သူက မနှစ်သက်တော့တဲ့အတွက် အခြား ဘာသာ တစ်ခုခုကို ကူးပြောင်းပြီး ကိုးကွယ်ချင်ရင်တောင်မှ သူ့မှာ လက်ရှိ ဘာသာကို လွတ်လွတ်လပ်လပ် စွန့်ပယ်နိုင်တဲ့ အခွင့်အရေး တခြားဘာသာကို လွတ်လွတ်လပ်လပ် ကိုးကွယ်ချင်လို့ ကိုးကွယ်နိုင်တဲ့ အခွင့်အရေးမျိုး မရှိပါဘူး။ အကြောင်းကတော့ ဒီအခွင့်အရေးကို ဘာသာရေး ဆရာတွေ၊ ဘာသာရေး ခေါင်းဆောင်တွေ၊ ဆွေမျိုး အသိုင်းအဝိုင်း၊ မိသားစု အသိုင်းအဝိုင်းက သူ့ဆီက ယူထားလို့ပဲ ဖြစ်တယ်။ တချို့ လူတွေဟာ ဘာသာတစ်ခုကို နားလည်လို့

မဟုတ်ဘဲ အချစ်ရေးအတွက် စွန့်လွှတ်လက်လျှော့တာမျိုးလည်း ရှိတော့ရှိတယ်။ ဘာသာရေးကို လူသားရဲ့ အားနည်းချက်နှင့် စိတ်လှုပ်ရှားမှုကို ဖြေဖျောက်ဖို့ ကိစ္စမှာ ခုတုံး မဖြစ်သင့်ပါဘူး။ ဘာသာတစ်ခုက တစ်ခုကို ပြောင်းဖို့ အရေးမှာ လူတစ်ယောက်ဟာ သေသေချာချာ စုံစုံလင်လင် စဉ်းစား ဆင်ခြင်သင့်တယ်။ ဘာသာရေးဟာ ဈေးအလျှော့အတင်း လုပ်စရာ ပစ္စည်း မဟုတ်ပါ။ လူတစ်ယောက်ဟာ ကိုယ် ကိုးကွယ်နေတဲ့ ဘာသာ တစ်ခုကို ကိုယ်ရေးကိုယ်တာ၊ အိမ်ထောင်ရေး၊ အချစ်ရေး၊ လောကီစည်းစိမ် ချမ်းသာရေးအတွက် လွယ်လင့်တကူ မပြောင်းလဲသင့်ပါ။ ဘာသာရေးကို မိမိရဲ့ ဘာသာရေး စိတ်ဓာတ် မြင့်မားရေး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရေး၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့ ဘဝလွတ်မြောက်ရေး ကိစ္စအဖြစ်ပဲ သဘောထားသင့်တယ်။

ဗုဒ္ဓဘာသာဝင်တွေဟာ တခြား ဘာသာဝင်တွေ အပေါ်ကို လောကီစည်းစိမ် ချမ်းသာတွေကို ရအောင်ဆိုတဲ့ ရည်ရွယ်ချက်နှင့် မိမိတို့ ဘာသာထဲကို ဝင်လာအောင် ဘယ်တော့မှ မလုပ်ပါဘူး။ ဆင်းရဲတာတို့၊ နာမကျန်းနေတာတို့၊ စာမတတ်တာတို့၊ မသိနားမလည်တာတို့ကို အမြတ်ထုတ် ခေါင်းပုံဖြတ်ပြီး ဗုဒ္ဓဘာသာဝင် လူဦးရေ တိုးပွားလာအောင်လည်း ဗုဒ္ဓဘာသာဝင်တွေဟာ ဘယ်တော့မှ မလုပ်ဘူး။ ဗုဒ္ဓရှင်တော်မြတ်ဘုရားက သူ့ထံမှာ ဥပါသကာအဖြစ် ခံယူချင်တဲ့ အရိပ်အရောင်ပြလာတဲ့ လူကို တွေ့ရင်တောင်မှ မိမိရဲ့ ဒေသနာတော်တွေကို အရင်စလို လက်ခံခြင်း မပြုဖို့ကို ဆုံးမတော်မူတယ်။ ဒီလူတွေကို မြတ်ဗုဒ္ဓက ဂရုတစိုက် စဉ်းစားကြဖို့ အချိန်ပေးတယ်။ ပြီးမှ ဒီဘာသာကို ကိုးကွယ်လို့ လက်တွေ့ အကျိုး ရှိမရှိကို ဆုံးဖြတ်ဖို့ ခိုင်းတော်မူတယ်။

ဗုဒ္ဓဘာသာက အပြင်ပန်းအားဖြင့် ပူဇော်သက္ကာရတို့ ဗုဒ္ဓဘာသာဝင်ပါလို့ ပါးစပ်ပြော ခံယူတာတို့ဟာ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက်ပြုရေး ကိစ္စမှာ လုံလောက်ခြင်း မရှိဘူးလို့ သဘောထားတယ်။ ဒီသဘောအရ ကြည့်ရင် ငါ ဗုဒ္ဓဘာသာဝင် ဖြစ်ပြီလို့ ပြောရုံသက်သက်ကဖြင့် ဘာမှ အဓိပ္ပာယ် မရှိတာ ထင်ရှားတယ်။ ဗုဒ္ဓဘာသာကို အင်အား အသုံးပြုပြီး ပြန့်ပွားအောင်လုပ်တာဟာ ပါးစပ်ကတော့ တရားမျှတကြောင်း မေတ္တာထားကြောင်း ဟန်ဆောင်ပြောပြီး လက်တွေ့ကျတော့ ဖိနှိပ်တာ၊ မတရားလုပ်တာပဲ ဖြစ်တယ်။ ဗုဒ္ဓဘာသာဝင် အစစ်တစ်ယောက်အနေနဲ့ လူတွေက ကိုယ့်ကို ဗုဒ္ဓဘာသာဝင်လို့ ပြောတာ မပြောတာဟာ ဘာမှ အရေးကြီးတဲ့ ကိစ္စ မဟုတ်ပါ။

ဗုဒ္ဓဘာသာဝင်တိုင်း သိတာက ဗုဒ္ဓဘာသာ နာမည်ခံတာ မဟုတ်ဘဲ သစ္စာဉာဏ်ရှိပြီး ပွားများ အားထုတ်ခြင်းအားဖြင့်သာ ဘုရားဟောတဲ့ နိဗ္ဗာန် ပန်းတိုင်ကို ရောက်နိုင်တယ် ဆိုတာပဲ ဖြစ်တယ်။ ဘာသာဝင်တွေတိုင်းရဲ့ အထဲမှာ တစ်ယူသန် အစွန်းရောက်သူတွေ ရှိတတ်ကြတာချည်းပါ။ ဒီလို ဘာသာရေး တစ်ယူသန် အစွန်းရောက်မှုဟာ ဘေးရန် အန္တရာယ်များစေပါတယ်။ ဒီလို ဘာသာရေး အစွန်းရောက် တစ်ယူသန်သူဟာ ဆင်ခြင်ဉာဏ်ကိုလည်း မသုံးနိုင်ဘူး။ သိပ္ပံနည်းကျ လေ့လာပြီး ခွဲခြမ်း စိတ်ဖြာခြင်းကိုလည်း မပြုနိုင်ဘူး။ ဗုဒ္ဓရှင်တော်မြတ်ရဲ့ အယူက ဗုဒ္ဓဘာသာဝင်တိုင်းဟာ လွတ်လပ်သူ ဖြစ်ရမယ်။ ဖွင့်ထားတဲ့ စိတ်နှလုံး ရှိသူ ဖြစ်ရမယ်။ မိမိရဲ့ ဘာသာရေး ဘဝ ဖွံ့ဖြိုးတိုးတက်ရေးမှာ မိမိကိုယ်က လွဲပြီး ဘယ်သူရဲ့ အစေအပါး၊ အလုပ်အကျွေး ပြုသူမှ မဖြစ်ရဘူး။ ဗုဒ္ဓိသရဏံ ဂစ္ဆာမိ ဆိုပြီး ဘုရားကို ကိုးကွယ်တယ် ဆိုတာလည်း ကယ်တင်ခြင်းကို ခံရဖို့အတွက် မဟုတ်ဘူး။ အလွန် မွန်မြတ်တဲ့ လမ်းညွှန် ဦးဆောင်မှုပြုသူ၊ ဘဝ လွတ်မြောက်ရေးအတွက် အားတက်စေသူအဖြစ် ကိုးကွယ် ဆည်းကပ်ခြင်းသာ ဖြစ်တယ်။ ဗုဒ္ဓကို မျက်ကန်း ကိုးကွယ်နည်းနဲ့ ကိုးကွယ်တာ မဟုတ်ဘူး။ အသိဉာဏ် သိနားလည်မှုနှင့် ကိုးကွယ်ခြင်းသာ ဖြစ်တယ်။ ဗုဒ္ဓဘာသာဝင်တွေရဲ့ အမြင်မှာ ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ကယ်တင်ရှင်လည်း မဟုတ်ပါ။ လူ့ အသွင်နှင့် ကောင်းကင်ဘုံ အဖဘုရားထံက ဆင်းသက်လာတဲ့ လူဝင်စား ဘုရားလည်း မဟုတ်ပါ။ လူသားတွေ လုပ်ထားတဲ့ အပြစ်တွေကို ဆေးကြော သုတ်သင် သန့်စင်ပေးဖို့ ပွင့်လာသူလည်း မဟုတ်ပါ။ ဗုဒ္ဓဘာသာဝင်တွေက ဗုဒ္ဓကို ဆရာတစ်ဆူ အဖြစ်ပဲ သဘောထားတာ ဖြစ်တယ်။ သူဟာ ဘဝ ဆင်းရဲ ခပ်သိမ်း လွတ်မြောက်ရာအမှန် နိဗ္ဗာန်လမ်းပြသူသာ ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာဟာ လူသားများရဲ့ လွတ်လပ်ခွင့်နှင့် တိုးတက် ကြီးပွားရေးကို အမြဲ အားပေး ထောက်ခံပါတယ်။ ဗုဒ္ဓဘာသာသည် လူသားများရဲ့ ဘက်စုံဘဝမှာ အသိပညာ ဖွံ့ဖြိုး တိုးတက်ရေးနှင့် လွတ်လပ်ရေးအတွက် အမြဲတမ်း ရပ်တည်တယ်။ ခေတ်သစ်ရဲ့ သိပ္ပံပညာ တီထွင်မှုများကြောင့် ဗုဒ္ဓဘာသာထဲက နုတ်ပယ်ပစ်စရာ ဘာဆိုဘာမှ မရှိပါဘူး။ သိပ္ပံပညာရှင်များက အသစ်အဆန်းတွေကို တီထွင်လေ၊ သူတို့ဟာ ဗုဒ္ဓနှင့် ပို၍ နီးစပ်လာလေပဲ ဖြစ်တယ်။

မြတ်ဗုဒ္ဓသည် လူသားများအား ဘာသာရေးရဲ့ ကျေးကျွန်များ အဖြစ်က လွတ်မြောက်စေခဲ့ပါတယ်။ ရှင်တော်မြတ်ဘုရား ဗုဒ္ဓက လူသားများကို နတ်ဆရာ၊ ဘုန်းကြီး လုပ်စားတဲ့ လူတွေရဲ့ လက်ဝါးကြီးအုပ်ပြီး ရက်စက် ကြမ်းကြုတ်တဲ့

အုပ်ချုပ်မှု စနစ်အောက်ကလည်း လွတ်မြောက်စေခဲ့တယ်။ ဗုဒ္ဓမြတ်စွာက ပထမဆုံး အနေနဲ့ လူသားများကို မိမိတို့ရဲ့ အသိဉာဏ် ဆင်ခြင်တုံတရားကို အသုံးပြုဖို့နှင့် စကား မပြောတတ်တဲ့ ကျွဲတွေ၊ နွားတွေလို သူများသွေးဆောင် မောင်းနှင်ရာကို ဘာသာရေး အယူသီး အစွဲသန်မှုဖြင့် သဘောလွယ်စွာ လိုက်မပါကြဖို့ ဆုံးမတော်မူခဲ့ပါတယ်။

ဗုဒ္ဓသည် ဆင်ခြင်တုံတရား ပမာနဝါဒ၊ ဒီမိုကရေစီနှင့် လက်တွေ့ အကျိုးပြုမှုရှိပြီး ကိုယ်ကျင့်သီလရှိတဲ့ အပြုအမူများ ဘာသာတရားထဲမှာ ပါရှိရေးအတွက် ရပ်တည်ခဲ့တဲ့ ပုဂ္ဂိုလ်ထူး ဖြစ်ပါတယ်။ သူဟာ ဒီလို သဘောတွေ ပါရှိတဲ့ ဘာသာတရားကို လူများက လူသိက္ခာနှင့်အညီ ကျင့်သုံးလိုက်နာကြဖို့ မိတ်ဆက်ပေးခဲ့တဲ့ ပုဂ္ဂိုလ်မြတ် ဖြစ်တယ်။

ဗုဒ္ဓက သူ့ရဲ့ နောက်လိုက် သာဝကများကို ဘယ်ကိစ္စပဲ ဖြစ်ဖြစ် သေသေချာချာ စဉ်းစား သုံးသပ်ခြင်း မရှိဘဲနှင့် လက်ခံခြင်း မပြုကြဖို့ ဆုံးမတော်မူခဲ့တယ်။ ကာလာမသုတ်မှာ ဗုဒ္ဓရှင်တော်မြတ်ဘုရားက အောက်ပါ လမ်းညွှန်ချက်များကို ကာလာမ လူငယ်များအတွက် ချမှတ်ပေးတော်မူခဲ့ပါတယ်။

ဘယ်အရာကိုမျှ သတင်းစကား အပေါ် အခြေပြု၍ မှန်ပြီဟု မယူကြလေနှင့်။
ဘယ်အရာကိုမျှ ထုံးစံရှိသည်ဆိုပြီး မှန်သည်ဟု မယူလေနှင့်။
ဘယ်အရာကိုမျှ ပြောသံကြားနှင့် မှန်ပြီဟု မယူလေနှင့်။
ဘယ်အရာကိုမျှ ငါတို့ဘာသာ ကျမ်းဂန်စာပေမှာ ပါသည်ဖြစ်၍ မှန်သည် ဆိုပြီးလည်း မယူကြလေနှင့်။
ဘယ်အရာကိုမျှ ဆင်ခြင်၍ ဖြစ်ဖြစ်၊ စောဒကတက်ပြီး ဖြစ်ဖြစ် မှန်ပြီဟု မယူဆနှင့်။
မိမိဘာသာ တွေးခေါ် ဆင်ခြင်ခြင်းဖြင့်လည်း မှန်ပြီ မယူနှင့်။
မိမိ စိတ်အထင်မှန်နိုင်သည် ဆိုပြီးလည်း အမှန် မယူကြနှင့်။
မိမိ၏ ကိုယ်ပိုင်တွေးတော မျှော်ခေါ်သော ထင်မြင်ချက်ကြောင့်လည်း မှန်ပြီ မယူလေနှင့်။
သူတစ်ပါးကို အားကိုးပြီးလည်း မှန်သည် မယူလေနှင့်။
“ဒါ ငါတို့ ဆရာပဲ”ဆိုပြီးလည်း မှန်ပြီ မယူလေနှင့်။

သို့သော် သင်ကိုယ်တိုင်က ဤသို့သော အရာသည် အကုသိုလ် ဖြစ်၏။ မကောင်း ဖြစ်၏။ မိမိကိုသော်လည်းကောင်း၊ သူတစ်ပါးကိုသော်လည်းကောင်း ဥပါဒ် အန္တရာယ် ဖြစ်စေ၏။ ဤသို့ဖြစ်လျှင် ထိုအရာကို ငြင်းပယ်ရမယ်။

သင်ကိုယ်တိုင် ဤအရာသည် ကုသိုလ် ဖြစ်၏။ ကောင်း၏။ မိမိကိုသော်လည်းကောင်း၊ သူတစ်ပါးကို သော်လည်းကောင်း အကျင့်သီလ တိုးတက် ဖွံ့ဖြိုးခြင်းငှာ ဖြစ်၏။ အကျိုးစီးပွား ဖြစ်၏။ ဆင်ခြင်တုံတရားနှင့်လည်း ကိုက်ညီ၏။ ပညာရှိတို့ ချီးမွမ်းခြင်းငှာလည်း ဖြစ်၏။ ထိုသို့ ဖြစ်မှုကား ထိုအရာကိုသာ အမှန်လို့ လက်ခံရမယ်လို့ ညွှန်ပြတော်မူခဲ့ပါတယ်။

ဗုဒ္ဓဘာသာ အစစ်ကတော့ မိမိ ဘဝ လွတ်မြောက်ရေး ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းရေးအတွက် ပြင်ပက ဘယ်တန်ခိုးရှင်မျိုးကိုမျှ အားမကိုးပါ။ မမြင်ရတဲ့ မသိရတဲ့ တန်ခိုးက္ကဒ္ဓိပါတ်တော်ကလာပြီး မိမိရဲ့ ဆင်းရဲ ဒုက္ခတွေကို ရောက်လာပြီး ကြားဝင် ဖြေရှင်းပေးမယ်လို့လည်း မမျှော်ကိုးဘူး။ နောက်ဆုံး အလိုရှိအပ် တောင့်တအပ်တဲ့ ဘဝ ချမ်းသာ သုခ အစစ်ကြီးကို ရဖို့အတွက် မိမိရဲ့ စိတ်ကို ဖြူစင်သန့်ရှင်းအောင် ကိလေသာ အညစ်အကြေးတွေကို ကိုယ်တိုင် သုတ်သင် ရှင်းလင်းပစ်ရမယ်။ ဗုဒ္ဓမြတ်စွာဘုရား ဟောတော်မူတာက ငါ့အား တစ်စုံ တစ်ယောက်က မကောင်းသဖြင့် ပြောလျှင် ငါ၏ တပည့်သားတို့သည် စိတ်အနှောင့် အယှက် မဖြစ်ကြလေနှင့်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ တုံ့ပြန်ခြင်းသည် သင့်ကိုသာ အန္တရာယ် ဖြစ်စေမည် ဖြစ်သောကြောင့် ဖြစ်၏။ တစ်နည်းအားဖြင့် တစ်စုံတစ်ယောက်သော သူက သင့်အား ချီးမွမ်း မြှောက်စားပြောငြားအား ငါ၏ အဆုံးအမနှင့် ငါ၏ တပည့်သားသည် ဝမ်းမြောက်ဝမ်းသာ မဖြစ်ကြလေနှင့်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့ စိတ်က တုံ့ပြန်ခြင်းသည် မှန်ကန်သော အဆုံး အဖြတ် ပြုမှုကို အနှောင့်အယှက် ပြုနိုင်သောကြောင့် ဖြစ်၏။ သင်၏ စိတ်သည် မာန်တက်ပြီး ဝင့်ကြွားနေသောအခါ သူတို့ ချီးမွမ်းသော အချက်သည် ငါ့မှာ အမှန်ပင်ရှိသော အရည်အသွေး ဖြစ်သလား ဆိုသည်ကို သင်ကိုယ်တိုင် မသုံးသပ် နိုင်သောကြောင့် ဖြစ်၏လို့ ဗြဟ္မဇာလသုတ်မှာ မြတ်ဘုရား ဟောကြားတော် မူပါတယ်။ ဒါဟာ ဗုဒ္ဓဘာသာဝင် အစစ်တို့မှာ ရှိသင့်တဲ့ မငဲ့မစောင်းတဲ့ စိတ်နေ စိတ်ထား ဖြစ်တယ်။

မြတ်ဗုဒ္ဓဟာ အမြင့်မားဆုံးသော လွတ်လပ်ခွင့်ကို လူသားရဲ့ အနှစ်သာရ သဘောနှင့်သာမက ဘုရားရဲ့ ဂုဏ်သတ္တိ အနေနှင့်ပါ လက်ဆုပ်လက်ကိုင် ပြထား ပါတယ်။ ဒီလွတ်လပ်ခွင့်ဟာ လူသားကို လူ့ သိက္ခာတို့မှ ကျဆင်းသွားစေခြင်းလည်း

မရှိပါ။ ဒီလွတ်လပ်ခွင့်ဟာ လူတစ်ယောက်ကို အယူအစွဲသန်တဲ့ ဒိဋ္ဌိအမြင်တွေနဲ့ အာဏာရှင်ဆန်တဲ့ ဘာသာရေး ထုံးတမ်းတွေ အပြစ်ဒဏ်တွေရဲ့ ကျေးကျွန်ဘဝ ကလည်း လွတ်မြောက်စေခဲ့ခြင်း ဖြစ်ပါတယ်။

# ဗုဒ္ဓဘာသာဝင်တို့ရဲ့ သာသနာပြုအဖွဲ့များ

*"အို . . ရဟန်းတို့ လူသားများ၏ ကောင်းကျိုးအတွက် လည်းကောင်း၊ အများ၏ ပျော်ရွှင် ချမ်းသာ သုခအတွက် လည်းကောင်း၊ လောက အပေါ် ထားအပ်သော မေတ္တာ ကရုဏာတရားဖြင့် ကောင်းမှု အတွက် အကျိုးစီးပွားအတွက် လူနှင့် နတ် အပေါင်းတို့၏ ပျော်ရွှင်ခြင်း ချမ်းသာခြင်း အတွက် ခရီးလှည့်လည်၍ သွားကြကုန်လော့" (ဗုဒ္ဓ)*

ကျွန်ုပ်တို့အနေနှင့် ဗုဒ္ဓဘာသာ သမိုင်းစာမျက်နှာများကို ပြန်ပြီး လှန်ကြည့်မည် ဆိုလျှင် ဗုဒ္ဓဘာသာ သာသနာပြုများသည် ဗုဒ္ဓ၏ မွန်မြတ်သော သတင်းစကားများ ကိုသာ ငြိမ်းချမ်းသောနည်း၊ လေးစားဖွယ်ကောင်းသော နည်းများဖြင့်သာ ပေး၍ သာသနာ ပြန့်ပွားအောင် လုပ်ခဲ့ကြကြောင်းကို လေ့လာ တွေ့ရှိရပါတယ်။ ဒီလို ငြိမ်းချမ်းတဲ့ သာသနာပြု ပုဂ္ဂိုလ်များသည် ဘာသာတရားကို အကြမ်းဖက်သော နည်းနှင့် ပြန့်ပွားအောင် လုပ်ခဲ့ပါမူကား ရှက်ဖွယ်သာ ဖြစ်ခဲ့ပါလိမ့်မယ်။

ဗုဒ္ဓဘာသာသာသနာပြု ပုဂ္ဂိုလ်များဟာ ဈေးပြင်ကနား၊ လူ စည်ကားရာ အရပ်မှာ ထွက်ပြီး တခြား ဘာသာတွေနှင့် အပြိုင်အဆိုင် သာသနာပြု အလုပ်ကို လည်း မလုပ်ခဲ့ကြပါ။ ပြီးတော့ ဗုဒ္ဓ သာသနာပြု ဘယ်ပုဂ္ဂိုလ်မှ (ရဟန်း ဖြစ်စေ၊ လူ ဖြစ်စေကမှ) မယုံကြည်သူများလို့ ခေါ်တဲ့ လူများရဲ့ မကောင်းကြောင်းတွေကို ထုတ်ဖော် ဟောကြားခြင်းအမှုမျိုးကိုလည်း မပြုကြပါ။ ပြုရန်ကို မဆိုထားနှင့်။ စဉ်းစားခြင်းပင် မပြုပါ။ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ၊ အမျိုးသားရေးအရ သည်းမခံနိုင်ခြင်း သဘောသည်လည်း ဗုဒ္ဓဘာသာဝင်များရဲ့ စိတ်နေစိတ်ထား မဟုတ်ပါ။ ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ ဟောကြားတော်မူတဲ့ တရားတော်တွေထဲမှာ ကျူးကျော် ထိပါးမှုကို ဘယ်တော့မှ ခွင့်ပြုခြင်း မရှိခဲ့ပါ။ ကမ္ဘာကြီး တစ်ခုလုံးဟာ အယူသီးမှု ဘာသာရေး အစွဲသန်မှု သည်းခံခြင်း ကင်းမဲ့တဲ့ အနာရောဂါများ

စွဲကပ်ပြီး သွေးထွက်သံယို ဖြစ်ပြီး အနာတရ ဖြစ်ခဲ့တာလည်း များလှပါပြီ။ ဘာသာရေးမှာ ဖြစ်ဖြစ်၊ နိုင်ငံရေးမှာပဲ ဖြစ်ဖြစ် လူတွေက မိမိတို့ရဲ့ဘဝနေနည်းကို လူတွေက လက်ခံလာအောင် သိသိသာသာ ကြိုးပမ်း အားထုတ်ကြဟာ များပါတယ်။ ဒီလို လုပ်တာကြောင့် သူတို့ဟာ တစ်ခါတလေကိုတော့ တခြား ဘာသာဝင်များအပေါ် သူတို့ရဲ့ ရန်လိုမုန်းထားမှုကို ထုတ်ဖော် ပြသကြတယ်။

ဗုဒ္ဓဘာသာကတော့ လူများရဲ့ လက်ခံထားတဲ့ အမျိုးသားရေး ထုံးတမ်းစဉ်လာများ ဓလေ့ထုံးစံများ၊ အနုပညာ ယဉ်ကျေးမှုတွေနဲ့ ခိုက်ရန်ဖြစ်ပွားခြင်း မရှိဘဲ ဒီရိုးရာ အစဉ်အလာတွေကိုလည်း ချောပြေအောင် ပြုပြင်ပြီး ဆက်လက်တည်ရှိခွင့်ပြုပါတယ်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ မေတ္တာနှင့် ကရုဏာတော်သည် လူသားများရဲ့ နှလုံးသားများကို ပွင့်စေပြီး သူတို့ ကိုယ်တိုင်က ဒီဒေသနာတော်တွေကို လိုလိုလားလား လက်ခံလာစေပါတယ်။ ဒီနည်းအားဖြင့်သာ ဗုဒ္ဓဘာသာကို ကမ္ဘာ့ ဘာသာကြီး တစ်ခု အဖြစ်သို့ ရောက်အောင် ကူညီပံ့ပိုးခဲ့တာ ဖြစ်တယ်။ လွတ်လပ်တဲ့ နိုင်ငံများက ဗုဒ္ဓဘာသာ သာသနာပြု အဖွဲ့များကို ဖိတ်မန္တကပြုကြတယ်။ သူတို့က လေးလေးစားစား ကြိုဆိုကြတယ်။ ဗုဒ္ဓဘာသာဟာ သူများနိုင်ငံကို ကိုလိုနီ နယ်ချဲ့စနစ်နဲ့ နိုင်ငံရေး ဩဇာလွှမ်းမိုးပြီး အဲဒီနိုင်ငံထဲကို မိမိဘာသာ အယူဝါဒ သွတ်သွင်းခြင်းမျိုးကိုလည်း ဘယ်တုန်းကမှ မပြုခဲ့ပါ။

ဗုဒ္ဓဘာသာသည် လူ့သမိုင်းမှာ ပထမဆုံး လူမျိုးပေါင်း များစွာကို ခက်ခဲလှတဲ့ ဘာသာစကား ယဉ်ကျေးမှုနှင့် ကိုယ်ကျင့်သီလချင်း ကွာခြားတဲ့ လူမျိုးပေါင်းများစွာကို အချင်းချင်း နီးစပ်လာအောင် ပြုလုပ်နိုင်ခဲ့တဲ့ ဘာသာရေး စွမ်းအားကြီး တစ်ခု ဖြစ်ခဲ့တယ်။

ဗုဒ္ဓဘာသာရဲ့ ရည်မှန်းချက်ဟာ နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေး၊ ကုန်သွယ်ရေးကို စိုးမိုး ချုပ်ကိုင်နိုင်ဖို့လည်း မဟုတ်ဘူး။ ဧကရာဇ်နိုင်ငံကြီး အင်ပိုင်ယာကြီး ထူထောင်ဖို့ ရည်ရွယ်ချက်လည်း မရှိဘူး။ နယ်သစ်ပယ်သစ် ရရှိရေးဆိုတဲ့ နယ်မြေ ရွှေ့ပြောင်းနေထိုင်ဖို့ စိတ်သန်ခြင်းမျိုးလည်း မရှိခဲ့ပါဘူး။ ဗုဒ္ဓဘာသာက ပြချင်တာက လူသားတွေဟာ ငြိမ်းချမ်းခြင်းနှင့် ပျော်ရွှင်ခြင်းကို ဓမ္မကို ဘယ်လို ကျင့်သုံးပြီးနေရင်ဖြင့် ရနိုင်တယ် ဆိုတာကို ပြဖို့ ရည်ရွယ်ချက် တစ်ခုပဲ ရှိပါတယ်။

ထင်ရှားပြီး လင်းလက်တဲ့ အရည်အသွေးနှင့် ချဉ်းကပ်ပုံဖြင့် ဗုဒ္ဓသာသနာပြုလုပ်ငန်း လုပ်ခဲ့ပုံ နမူနာ သာဓကကို ပြပါဆိုရင်တော့ အာသောက ဧကရာဇ်

ဘုရင်ကြီး ပြုလုပ်ခဲ့ပုံကိုပဲ ပြရမှာ ဖြစ်တယ်။ ဒီအာသောက ဘုရင်ကြီး လက်ထက်မှာပဲ ဗုဒ္ဓဘာသာသည် အာရှတစ်လွှားနှင့် အနောက်တိုင်း နိုင်ငံများအထိ ပြန့်ပွားခဲ့တာ ဖြစ်ပါတယ်။ အာသောက မင်းကြီးက တိုင်းနိုင်ငံ အများအပြားသို့ ဗုဒ္ဓသာသနာပြု အဖွဲ့များကို စေလွှတ်တော်မူတယ်။ စေလွှတ်ရာမှာ ဗုဒ္ဓဘာသာရဲ့ ငြိမ်းချမ်းခြင်း သတင်းစကားကို မိတ်ဆက်ပေးဖို့ပဲ ဖြစ်တယ်။ အဲဒီခေတ်က တည်ရှိပြီး ဘာသာတရား အားလုံးကို အာသောကမင်းကြီးဟာ အရေးထားတယ်။ လေးစားတယ်။ အထောက်အပံ့ အကူအညီတွေကိုလည်း ပေးတယ်။ တခြား ဘာသာတရားများ အပေါ်မှာ သူရဲ့ သည်းခံနိုင်စွမ်းသည် မှတ်သားလောက်ပါပေတယ်။ သူ တည်ထားခဲ့တဲ့ ကျောက်စာ တစ်ခုထဲမှာဆိုရင် ခုထိ ဒီကျောက်စာ အိန္ဒိယပြည်မှာ တည်ရှိပါသေးတယ်။ ဘယ်လို ဆိုထားသလဲ ဆိုတော့ "လူတစ်ယောက်သည် မိမိ ယုံကြည် ကိုးကွယ်သည့် ဘာသာတရားကိုသာ ဂုဏ်ပြုထိုက်သည် မဟုတ်။ သူတစ်ပါး၏ ယုံကြည် ကိုးကွယ်ရာ ဘာသာကိုလည်း ရှုတ်ချထိုက်သည် မဟုတ်ချေ။ ဒီအကြောင်း ဟိုအကြောင်းတွေကို ထောက်ထားပြီးသကာလ သူတစ်ပါး ဘာသာကိုလည်း ဂုဏ်ပြုထိုက်သည်သာ။

ထိုကဲ့သို့ ပြုမူခြင်းအားဖြင့်သာ မိမိသည် မိမိ၏ ဘာသာကို ရှင်သန်ကြီးပွားအောင် ကူညီ ပံ့ပိုးခြင်း ဖြစ်ပြီး သူတစ်ပါး ဘာသာကိုလည်း အလုပ်အကျွေး ပြုရာရောက်သည်။ ထိုသို့ မပြုမူဘဲ တလွဲပြုလုပ်ပါမူကား မိမိသည် မိမိ၏ သေတွင်းကို တူးရာလည်း ရောက်သည့်ပြင် သူတစ်ပါး ဘာသာကိုလည်း အန္တရာယ်ပြုရာ ရောက်စေသည်။ မည်သူမဆို မိမိဘာသာကိုသာ ဂုဏ်ပြု မြှောက်စားပြီး သူတစ်ပါး ဘာသာကိုမူ ပြစ်တင်ရှုတ်ချပါမူကား ထိုသူသည် မိမိဘာသာကိုသာ အကြည်ညိုသန်ပြီး ငါဟာ ငါ့ ဘာသာရဲ့ ကောင်းကျိုးကိုပဲ ပြုမည်ဆိုသော စိတ်ဖြစ်ပေါ်လာနိုင်သည်။ ထိုစိတ် ဖြစ်ပေါ်လာပါက သူသည် မိမိ ဘာသာကိုလည်း အကြီးအကျယ် ထိခိုက်နစ်နာစေမည် ဖြစ်၏။ ကောင်းမှုကိစ္စတွင်လည်း ထိုအတိုင်းပင် ဖြစ်၏။ လူအပေါင်းတို့သည် တခြား ဘာသာများ၏ ဟောကြားတရားများကိုပါ နာကြားကြရသည်။ နာကြားလိုစိတ် ရှိရမည် ဖြစ်သည်" ဟု ဖော်ပြထားပါတယ်။

ဘီစီ ၂၆၈ ခုနှစ်တုန်းက အာသောက မင်းကြီးသည် အိန္ဒိယပြည်မှာ မြတ်ဗုဒ္ဓရဲ့ တရားများကို ရှင်သန်နေတဲ့ စွမ်းအား ဖြစ်လာအောင် သူ စွမ်းဆောင်တော်မူခဲ့တယ်။ ဆေးရုံတွေ၊ လူမှုရေး အဖွဲ့အစည်းတွေ၊ တက္ကသိုလ်ကြီးတွေကို ယောက်ျား မိန်းမ လူသား အားလုံးအတွက် ထူထောင်ပေးတယ်။ အပန်းဖြေ

နားနေရာ နေရာတွေ၊ ရိပ်သာတွေကို ထူထောင်ပေးတယ်။ ရေတွင်း၊ ရေကန်တွေ တည်ဆောက်ပေးတယ်။ ဒီအခါ လူတွေရဲ့ စိတ်ထဲမှာ စစ်ရဲ့ ရက်စက်ကြမ်းကြုတ်မှု တွေကို ပိုပြီး ခံစား နားလည်လာတယ်။

အိန္ဒိယနိုင်ငံ သမိုင်းမှာရော တခြား အာရှတိုက် နိုင်ငံတွေမှာပါ အနုပညာ၊ ယဉ်ကျေးမှု ပျိုးထောင်မှု၊ ပညာရေး၊ ယဉ်ကျေးမှု အဘက်ဘက်က အထွတ် အထိပ်ကို ရောက်တဲ့ ရွှေခေတ်ကြီး ဖြစ်ပေါ်ခဲ့တယ်။ ဒီအချိန်တုန်းက ဒီနိုင်ငံတွေမှာ ဗုဒ္ဓဘာသာရဲ့ ဩဇာ အရှိန်အဝါဟာ အကြီးမားဆုံး ဖြစ်ခဲ့တယ်။

ဗုဒ္ဓဘာသာနိုင်ငံတွေမှာ ဘာသာရေး စစ်တို့၊ မွန်မြတ်သော စစ်ဆိုတာတို့ ခရူးဆိတ် စစ်ဆိုတာကို့၊ ဘာသာရေး ညှဉ်းပန်း နှိပ်စက်မှု၊ ခွဲခြား ဆက်ဆံမှု ဆိုတာတွေဟာ ဗုဒ္ဓဘာသာ နိုင်ငံတွေရဲ့ သမိုင်း မှတ်တမ်းထဲမှာ ရုပ်ပျက်ဆင်းပျက် ဖြစ်ခဲ့တာ ဘာဆိုဘာမှ မရှိပါဘူး။ အိန္ဒိယနိုင်ငံမှာ ၂ ရာစုကနေ ၉ ရာစုခေတ် တိုင်အောင် စည်ကားခဲ့တဲ့ နာလန္ဒ တက္ကသိုလ်ကြီးဟာ ဗုဒ္ဓဘာသာရဲ့ ထုတ်ကုန် ပစ္စည်း တစ်ခုပါ။ လူ့ သမိုင်းမှာ ဒါဟာ ပထမဆုံးသော တက္ကသိုလ်ကြီး ဖြစ်ပြီး ဒီတက္ကသိုလ်မှာ နိုင်ငံတကာက ပညာသင်ဖို့ ရောက်လာကြတဲ့ စာသင်သားတွေကို လက်ခံသင်ကြားပေးခဲ့ပါတယ်။ အတိတ်ကာလတုန်းက လမ်းပန်း အဆက်အသွယ် ခက်ခဲခဲ့တာတောင်မှ အရှေ့တိုင်းက နိုင်ငံများမှာ ဗုဒ္ဓဘာသာနဲ့ အထိအတွေ့ များခဲ့တယ်။ လူတွေဟာ သဲကန္တာရတွေ၊ တောင်တန်းကြီးတွေကို ကျော်ဖြတ်ပြီး ဗုဒ္ဓဘာသာကို ရယူဖို့ ခက်ခက်ခဲခဲ ခရီးသွားခဲ့ကြရပါတယ်။ ဒီလို အခက်အခဲကြီးတွေ အတားအဆီးကြီးတွေ ရှိနေခဲ့ပေမဲ့ ဗုဒ္ဓဘာသာဟာ ဝေးလံတဲ့ ဒေသများအထိ ကျယ်ပြန့်သွားခဲ့ပါတယ်။ ဒီခေတ် ဒီအခါမှာတော့ ဒီငြိမ်းချမ်းတဲ့ သတင်းစကားများ ပါတဲ့ ဗုဒ္ဓဘာသာဟာ အနောက်ဘက် ကမ္ဘာခြမ်းမှာ ပြန့်ပွားလာပြီ ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာက အနောက်တိုင်းသားများကို ဆွဲဆောင်နိုင်တယ်။ သူတို့ကလည်း ဗုဒ္ဓဘာသာသည်သာ ခေတ်သစ် သိပ္ပံပညာနှင့် သဟဇာတ ဖြစ်တဲ့ ဘာသာ ဖြစ်တယ် ဆိုတာကို ယုံကြည်လာကြပါပြီ။

ဗုဒ္ဓဘာသာ သာသနာပြုများအနေနဲ့ သင့်တင့်လျောက်ပတ်တဲ့ ကျင့်စဉ်များ ပါဝင်တဲ့ ဘာသာတရားကို ကိုးကွယ်နေကြတဲ့ လူတွေ ဗုဒ္ဓဘာသာထဲကို ဘက်ပြောင်းပြီး ဝင်လာဖို့ကို အလို မရှိကြပါဘူး။ လူတွေ အနေနဲ့ ကိုယ့် ဘာသာနဲ့ ကိုယ် ကျေနပ်နေရင်လည်း ဗုဒ္ဓဘာသာ သာသနာပြုတွေက ဒီလူတွေကို ဘာသာ ပြောင်းလာအောင် ဘက်ပြောင်းလာအောင် လုပ်ဖို့ ဘာမှ မလိုပါဘူး။ တခြား ဘာသာရဲ့ သာသနာပြုများက ကောက်ကျစ်စဉ်းလဲသူတွေ၊ မယဉ်ကျေးတဲ့သူတွေ၊

ဒုစရိုက်သမားတွေကို ယဉ်ကျေးပြီး ဘာသာတရားနဲ့အညီ နေထိုင်တတ်လာအောင် ဆောင်ရွက်ပေးနေလို့ရှိလျှင် ဒီသာသနာပြု လုပ်ငန်းတွေကိုတောင် ဗုဒ္ဓဘာသာ သာသနာပြုတွေက အပြည့်အဝ ကူညီထောက်ပံ့မှုတွေကို ပေးကြရမှာ ဖြစ်တယ်။

တခြား လူတွေနဲ့ ဓမ္မကို မိတ်ဆက်ပေးတဲ့အခါ ဗုဒ္ဓဘာသာ သာသနာပြုတွေ အနေနဲ့ စိတ်ကူးယဉ် ပုံကြီးချဲ့ ပြောနေတဲ့ နတ်ပြည် နတ်ရွာ နတ်ချမ်းသာတွေကို ပြောပြီး လူတွေကို ဆွဲဆောင်ဖို့ ဘယ်တော့မှ မကြိုးစားပါဘူး။ လူတွေကို လောဘ တွေ တက်လာအောင် လိုချင် တပ်မက်စိတ်တွေ များလာအောင် ပြောဟောပြီး ဘယ်တော့မှ မဆွဲဆောင်ရပါဘူး။ ဒီလို ဟောမည့်အစား သူတို့က လူ့သဘာဝ အမှန်သဘော နတ်ပြည်ရဲ့ အမှန်သဘောတွေကို ဗုဒ္ဓရှင်တော်မြတ် ဟောကြား ထားတဲ့ အတိုင်းပဲ ပြောကြ ဟောကြရမှာ ဖြစ်ပါတယ်။

# ၁၅
# စစ်နှင့် ငြိမ်းချမ်းရေး

## ဘာကြောင့် ကမ္ဘာကြီး မငြိမ်းချမ်းတာလဲ

*လူသားတွေက သူတို့မှာ နှလုံးသား ရှိတာကို မေ့နေကြတယ်။ သူက လောက အပေါ် အကြင်နာတရားနဲ့ ပြုမူလို့ရှိရင် လောကကလည်း သူ့ကို ကြင်နာတရားနဲ့ တုံ့ပြန်လာမှာပဲ ဆိုတာကိုလည်း သူက မေ့ထားတယ်။*

ကျွန်ုပ်တို့သည် တကယ့်ကို အံ့အားသင့်ရလောက်အောင် ပဋိပက္ခတွေနှင့် ရှုပ်ထွေးနေတဲ့ လောကကြီးထဲမှာ အသက်ရှင်ပြီး နေကြရတာပါ။ တစ်ဖက်မှာတော့ လူတွေက စစ်ကို ထိတ်လန့် ကြောက်ရွံ့နေကြပါတယ်။ တခြား တစ်ဖက်ကျတော့ ဒီလူသားတွေကပဲ စစ်ကို အမျက်ဒေါသ ခြောင်းခြောင်းထွက်ပြီး ပြင်ဆင်နေကြပြန်တယ်။ သူတို့က ကုန်ပစ္စည်းတွေကိုတော့ အပြောကျယ်စွာ ထုတ်လုပ်နေကြပါရဲ့။

ဒါပေမဲ့ ဖြန့်ဝေနေကြတာကျတော့ ဆင်းရဲဒုက္ခတွေကိုသာ ဖြန့်ချိနေကြတယ်။ ကမ္ဘာကြီးကလည်း တစ်နေ့တခြား ပိုပိုပြီး လူဦးရေ တိုးပွားများပြား ထူထပ်လာပါတယ်။ ဒါပေမဲ့ လူတွေ အချင်းချင်း နေပုံကျတော့ ပိုပြီး ကင်းကွာလာတယ်။ ပိုပြီး အထီးကျန် ဖြစ်လာနေပါတယ်။ လူသားတွေက မိသားစုကြီး တစ်ခုလို ရင်းရင်းနှီးနှီး၊ နီးနီးစပ်စပ် နေလာခဲ့ကြတာပါ။ ဒါပေမဲ့ လူပုဂ္ဂိုလ် တစ်ယောက်ချင်းက ကိုယ့်ဘာသာ တခြား လူတွေနှင့် သီးခြားနေလာကြတယ်။ အိမ်နီးနားချင်းတွေနဲ့ ပိုပြီး အလှမ်းကွာဝေးသွားတယ်။ အပြန်အလှန် နားလည်မှုနှင့် ရိုးဖြောင့်မှု ဆိုတာတွေလည်း ဆိုးဆိုးဝါးဝါးကိုပဲ မရှိကြတော့ပါဘူး။ လူ တစ်ယောက်ဟာ အခြား တစ်ယောက် အပေါ် စိတ်မချတော့ဘူး။ တစ်ဖက် လူက ဘယ်လောက်ပဲ ကောင်းကောင်း မယုံကြည်ချင်တော့ဘူး။

ဒုတိယ ကမ္ဘာစစ်ကြီးရဲ့ ကြောက်မက်ဖွယ် ဘေးဆိုးကြုံရပြီးနောက်မှာ ကမ္ဘာ့ကုလသမဂ္ဂကြီးကို ဖွဲ့စည်း ထူထောင်ခဲ့ကြပါတယ်။ နိုင်ငံတကာရဲ့ ဦးဆောင်ခေါင်းရွက်ကြီးက နိုင်ငံတွေကို စုစည်းပြီး အောက်ပါ ဥယျောဇဉ် စကားများ ပါဝင်တဲ့ ပဋိညာဉ် စာတမ်း (ချာတာ) ကို လက်မှတ် ရေးထိုးစေခဲ့ပါတယ်။

*"လူသားများရဲ့ စိတ်ထဲမှာ စစ်ဟာ စတင် ဖြစ်ပေါ်ခဲ့သည် ဖြစ်ရကား လူသားများ၏ စိတ်ထဲမှာပင် ငြိမ်းချမ်းရေး၏ ရင်တား ကတုတ်ခံတပ်ကြီးကို တည်ထောင်ကြရပေမည်"*

"Since it is in the minds of men that wars begin, it is in the minds of men the ramparts of peace should be erected."

ဤဖော်ပြချက်နှင့် အလားတူ သဘောရသော စကားများကို ဓမ္မပဒ ပါဠိတော်၏ ပထမ ဂါထာမှာပင် ဤသို့ ဖော်ပြထားပါတယ်။

ဓမ္မပဒ - ၁။ နာမ်ခန္ဓာ (လေးပါး) တို့သည် စိတ်လျှင် ရှေ့သွားရှိကြကုန်၏။ စိတ်လျှင် အကြီးအမှူး ရှိကြကုန်၏။ စိတ်ဖြင့် ပြီးကုန်၏။ ပြစ်မှားလိုသော စိတ်ဖြင့် အကယ်၍ ပြောဆိုသော်လည်းကောင်း၊ ပြုလုပ်သော်လည်းကောင်း၊ ကြံစည်သော်လည်းကောင်း ထို (ပြောဆို၊ ပြုလုပ်၊ ကြံစည်မှု)ကြောင့် လှည်းဘီးသည် ဝန်ဆောင်နွား၏ ခြေရာသို့ အစဉ်လိုက် သကဲ့သို့ ထိုသူသို့ ဆင်းရဲသည် အစဉ်လိုက်လေ၏။

ဒါကို သီရိဓမ္မနန္ဒ ဆရာတော် ဘုရားကြီးက-

"All (mental) states have mind as their forerunner, mind is their chief, and they are mind made. If one speaks or acts, with a defiled mind, suffering follows one even as the wheel follows the hoof of the draught-ox."

လို့ ဖော်ပြထားပါတယ်။

အင်အားကို အသုံးပြုပြီး တိုက်ခိုက်ခြင်းသည် အင်အားဖြင့် နှိမ်နင်းခြင်းကိုသာ ပို၍ ဖြစ်စေလျက် အင်အားကြီးနိုင်ငံ အချင်းချင်း လက်နက် ပြိုင်ဆိုင်မှုကြီးကို ဖြစ်ပွားစေပါတယ်။ ဒီယှဉ်ပြိုင်မှုကြီးက စစ်လက်နက်များကို ပို၍ များပြား တိုးပွားလာစေပါတယ်။ ဒီလို လက်နက်အားပြိုင်မှုက လူသားမျိုးနွယ်ကြီးတစ်ခုလုံးကို လုံးဝ ကိုယ့်ကိုယ်ကိုယ် ပျက်စီးစေခြင်း ချောက်နှုတ်ခမ်းဝသို့ ဆိုက်ရောက်စေပါတယ်။ ဒီကိစ္စကိုသာ ကျွန်ုပ်တို့က ဘာမှ မပြုလုပ်ဘဲ ဒီအတိုင်း ထားပါက နောင်အခါ ဖြစ်လာမည့် ကမ္ဘာစစ်ကြီးက လူ့ လောကကြီးတစ်ခုလုံးကို ပျက်စီး ဆုံးရှုံးစေလျက် နိုင်သူ ရှုံးသူ မရှိ၊ အားလုံး သေသူချည်း ဖြစ်ရသော အဖြစ်ဆိုးသို့ ဆိုက်ရောက်စေပါလိမ့်မည်။

'မုန်းတီးခြင်းကို မုန်းတီးခြင်း ဆုံးခန်း တိုင်အောင် မလုပ်နိုင်။ မေတ္တာဖြင့်သာ မုန်းတီးခြင်း၏ အဆုံးကို ရောက်စေနိုင်သည်' ဟု မြတ်ဗုဒ္ဓက ပဋိပက္ခပြုရေး၊ မုန်းတီးရေး တရားကို ဟောကြားသူတို့အား လူအချင်းချင်း စစ်တိုက်ခြင်း၊ ပုန်ကန်ခြားနားခြင်းကို ပြုစေလိုသူများအား ရှင်တော်မြတ်ဘုရားက ဆုံးမတော်မူပါတယ်။

လူတွေ အများကြီးက ဗုဒ္ဓရဲ့ မကောင်းမှုကို ကောင်းမှုဖြင့် တုံ့ပြန်ရမယ် ဆိုတဲ့ ဒီတရားကို လက်တွေ့ မကျဘူးလို့ ဆိုကြပါတယ်။ စင်စစ် ဤနည်းသည်သာ ပြဿနာတိုင်းကို ပြေလည်စေနိုင်တဲ့ မှန်ကန်သော နည်းဖြစ်ပါတယ်။ မြတ်စွာဘုရားသည် ဒီနည်းကို သူ့ရဲ့ အတွေ့အကြုံတွေအပေါ် အခြေပြုပြီး ဟောကြားဆုံးမတော်မူခဲ့တာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်ုပ်တို့ ပုထုဇဉ် လူသားတွေဟာ တစ်ကိုယ်ကောင်း ဆန်တယ်။ မာန်မာန ထားပြီး ထောင်လွှားတတ်ကြတယ်။ ဒီတော့ မကောင်းမှုကို ကောင်းမှုနဲ့ တုံ့ပြန်ရမယ် ဆိုတဲ့ အချက်ကို မသိကျိုးကျွန် ပြုတတ်ကြတယ်။ ဒီလို လုပ်ရင် လူတွေက ငါတို့ကို သူရဲဘောကြောင်တဲ့ လူတွေလို့ ထင်သွားမှာပေါ့ ဆိုတဲ့ သဘောမျိုး ရှိတတ်ကြတယ်။ တချို့ လူတွေက ဆိုရင် ကြင်နာတာတို့၊ နူးညံ့ သိမ်မွေ့တာတို့ဟာ မိန်းမဆန်တာသာ ဖြစ်တယ်။ ဒါဟာ ယောကျ်ား အလုပ် မဟုတ်ဘူးလို့တောင် ပြောချင်ကြတယ်။ သို့သော် ဒီလို ယဉ်ကျေး သိမ်မွေ့တဲ့ နည်းကို အသုံးပြုပြီး ပြဿနာကို ဖြေရှင်းလို့ ငြိမ်းချမ်းမှု၊

ပျော်ရွှင်မှုတွေကို ရတယ်ဆိုရင် ဒီလို ဖြေရှင်းတာ ဘာအပြစ်ရှိပါသလဲ။ အန္တရာယ်များတဲ့ မာန်မာနတရားကို စွန့်လွှတ်လိုက်ရလို့ ဘာများ ဆုံးရှုံး နစ်နာသွားပါသလဲ။

ဤကမ္ဘာပေါ်မှာ ငြိမ်းချမ်းရေး ဖြစ်ပေါ်လာစေလိုလျှင် သည်းခံခြင်း (ခန္တီ) ကို ကျင့်သုံးကြရမည် ဖြစ်ပါသည်။ အင်အားကို အသုံးချခြင်း၊ နှိမ်နင်းခြင်း သဘောသည် သည်းမခံနိုင်မှုကိုသာ ပို၍ တိုးပွားစေမည် ဖြစ်ပါတယ်။ လူသားများကြားမှာ ငြိမ်းချမ်းရေးနှင့် သင့်မြတ်မှုကို တည်ဆောက်လိုပါက လူတိုင်း လူတိုင်းက ပထမဦးစွာ အမုန်းတရား (ဒေါသ)၊ လောဘနှင့် အဝိဇ္ဇာတို့ ပပျောက်အောင် လုပ်ဆောင်နိုင်သည့် နည်းလမ်းကို လေ့လာ သင်ကြားကြရပါမည်။ လောဘ၊ ဒေါသ၊ မောဟ တရားတို့သည် မကောင်းမှု အကုသိုလ်တရားများ အားလုံး၏ ရေသောက်မြစ်များ ဖြစ်ကြပါတယ်။ အကယ်၍ လူသားများသည် ဤအကုသိုလ်၏ အခြေအမြစ် ဖြစ်သော မကောင်းမှု စွမ်းအားများကို ပပျောက်သွားအောင် ပြုလုပ်နိုင်ပါလျှင် သည်းခံခြင်းနှင့် ငြိမ်းချမ်းခြင်း တရားတို့သည် ဤဆောက်တည်ရာမဲ့ လောကဌ် ဖြစ်ပေါ်လာကြမည် ဖြစ်ပါတယ်။

ယခုအခါ မဟာကရုဏာတော်ရှင် ဗုဒ္ဓရှင်တော်မြတ် ဘုရား၏ တပည့်သားများ၏ တာဝန်မှာ ဤလောကဌ် ငြိမ်းချမ်းရေး ဖြစ်ပေါ်လာရေး မိမိတို့၏ ဆရာသခင် ကျေးဇူးရှင်ဖြစ်တဲ့ မြတ်စွာဘုရားရဲ့ အဆုံးအမအတိုင်း နမူနာပြ လိုက်နာခြင်းအားဖြင့် လည်းကောင်း၊ လူသား အချင်းချင်း အပေါ်မှာရော ပတ်ဝန်းကျင် လောက အပေါ်မှာပါ သည်းခံစိတ်နှင့် ဆက်ဆံနိုင်ဖို့ လေ့ကျင့် သင်ကြားရမှာပါ။ မြတ်ဗုဒ္ဓက 'သတ္တဝါမှန်သမျှသည် ဒဏ်မှ ထိတ်လန့်ကြကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းမှ ကြောက်ကုန်၏။ မိမိကိုယ်ကိုယ် ဥပမာပြု၍ (သတ္တဝါ) တို့ကို မသတ်ဖြတ် မညှဉ်းဆဲရာ-

ဓမ္မပဒ (၁၂၉)

"All tremble at punishment, all fear death; comparing others with oneself, all fear death, one should neither kill nor cause to kill."

**(Dhammapada 129)**

ငြိမ်းချမ်းရေးကို အမြဲ ရနိုင်တယ်။ ဒါပေမဲ့ ငြိမ်းချမ်းရေးရအောင် လုပ်ရာမှာတော့ ဆုတောင်းနေလို့ မရဘူး။ ပူဇော်ပသနေလို့ မပြီးဘူး။ ငြိမ်းချမ်းရေးဆိုတာက လူသား အချင်းချင်း သင့်မြတ်တဲ့အခါ ဖြစ်ပေါ်လာတဲ့ တရားပါ။ လူတွေဟာ ကိုယ့် အချင်းချင်း သင့်မြတ်ကြရင် ဖြစ်ဖြစ်၊ ပတ်ဝန်းကျင် လောကနဲ့ အဆင်ပြေပြေ နေနိုင်ရင်ပဲ ဖြစ်ဖြစ်၊ ငြိမ်းချမ်းရေးတို့ ရနိုင်ပါတယ်။

အင်အားကို အသုံးပြုပြီး လုပ်ယူတဲ့ ငြိမ်းချမ်းရေး ဆိုတာက ကြာရှည် မခံနိုင်ပါဘူး။ တစ်ကိုယ်ကောင်း လောဘနှင့် ကမ္ဘာကြီး အခြေအနေ ကြားမှာ ပဋိပက္ခ မဖြစ်ဘဲ ကြားလပ်နေတဲ့ အချိန်ဟာ ငြိမ်းချမ်းတဲ့ အချိန်ပါ။

သည်းခံစိတ် ဖြစ်ပေါ်လာအောင် မလေ့ကျင့်ဘဲနှင့်တော့ ဒီကမ္ဘာပေါ်မှာ ငြိမ်းချမ်းရေး တည်ရှိလာနိုင်မှာ မဟုတ်ပါဘူး။ သည်းခံနိုင်စွမ်း ရှိဖို့ကျတော့ ကျွန်ုပ်တို့ အနေနှင့် မိမိတို့ရဲ့ စိတ်ထဲမှာ ဒေါသနှင့် ဣဿာမနာလိုစိတ်တွေ ဖြစ်မလာအောင် ထိန်းချုပ်နိုင်ဖို့ အရေးကြီးပါတယ်။ ဒါကြောင့် ဗုဒ္ဓရှင်တော်မြတ်ဘုရားက 'မကောင်း သဖြင့် ထားအပ်သော စိတ်သည်ကား ထိုစိတ်ရှိသူကို ရန်သူထက်ပင် ပို၍ ယုတ်ညံ့ အောင် ပြုနိုင်၏'

(ဓမ္မပဒ ၄၂)

"No enemy can harm one so much as one's own thoughts of craving, hate and jealousy."

**(Dhammapada-42)**

ဗုဒ္ဓဘာသာသည် သည်းခံခြင်း တရားကို ကျင့်သုံးသော ဘာသာတရား ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီဘာသာက ကိုယ့် စိတ်ကို ထိန်းချုပ်ဖို့ကို ဟောကြားလို့ပဲ ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာက မိမိတို့ ဘာသာနှင့် အယူကွဲပြားသူ များကို ဘယ်တုန်းကမှ ညှဉ်းဆဲ သတ်ဖြတ်တာတို့ မတော်မတရား ပြုမူတာတို့ မလုပ်ခဲ့ပါဘူး။ ပြီးတော့ ဗုဒ္ဓဘာသာက ငါ ဗုဒ္ဓဘာသာဝင်ပဲလို့ ပြောနေဖို့လည်း မလိုဘူး။ ဗုဒ္ဓ ဟောကြားတော်မူခဲ့တဲ့ မှန်မြတ်တဲ့ တရားများကို ကျင့်သုံး နေထိုင်ရင် ပြီးပါတယ်။ လောကကြီးဟာ ကြေးမုံပြင်နှင့် တူပါတယ်။ မှန်သားပြင်ထဲမှာ ကိုယ့် မျက်နှာကို ကိုယ်က ပြုံးပြီး ကြည့်ရင် မှန်ထဲမှာလည်း မိမိရဲ့ လှပတဲ့ အပြုံး မျက်နှာကလေးကိုပဲ တွေ့ကြရမှာ ဖြစ်ပါတယ်။ မှန်ထဲမှာ မျက်စိပျက် မျက်နှာပျက်နဲ့ ကြည့်ရှုရင် မိမိရဲ့ အရုပ်ဆိုးတဲ့ မျက်နှာကြီးကို မြင်တွေ့ကြရမှာ ဖြစ်ပါတယ်။ ဒီအတိုင်းပါပဲ။ လောကအပေါ် မိမိက အကြင်နာထားပြီး ပြုမူ ဆက်ဆံလို့ရှိရင် မှန်ထဲမှာလိုပဲ လောကကလည်း ကိုယ့်အပေါ်ကို အကြင်နာထားပြီး ဆက်ဆံ လာတာကို မြင်တွေ့ရမှာ သေချာပါတယ်။ ကိုယ်က လောက အပေါ် ငြိမ်းချမ်းစွာ ဆက်ဆံရင် လောကကလည်း ကိုယ့်အပေါ်ကို ငြိမ်းချမ်းစွာ ဆက်ဆံမှာ ဖြစ်ပါတယ်။

လူ့ စိတ် ဆိုတာက မိမိရဲ့ အားနည်းချက်ကို ဝန်မခံချင်တဲ့ ကိုယ့်ကိုယ်ကိုယ် လှည့်စား လိမ်ညာချင်တဲ့ စိတ်မျိုး ဖြစ်တယ်။ သူက သူ လုပ်တဲ့ အပြစ်ကို လွှဲချဖို့

သူ ဒီလို လုပ်ခဲ့ရတာ မှန်ကန်ကြောင်း တရားကြောင်းကို ပြောဖို့ တစ်ခုခုကို အကြောင်းပြတတ်တယ်။ ပြီးတော့ သူ့မှာ အပြစ်ကင်းကြောင်းကို ဖန်တီးပြောတတ်တယ်။ လူတစ်ယောက်ဟာ တကယ်တမ်း လွတ်လပ်ချင်တယ်ဆိုရင် သူ့မှာ ကိုယ့်အပြစ်ကို ကိုယ် ရဲရဲဝံ့ဝံ့ ဝန်ခံရဲတဲ့ သတ္တိ ရှိရမယ်။ ဒါကို ဗုဒ္ဓရှင်တော်မြတ်ဘုရားက *'သူ့များ အပြစ်ကိုတော့ မြင်လွယ်တယ်။ ကိုယ့် အပြစ်ကို ကိုယ် မြင်ဖို့တော့ ခက်တယ်'*လို့ မိန့်တော်မူခဲ့တယ်။

"Easily seen are other's faults; hard indeed it is to see one's own faults."

## စစ်ကို တရားတယ်ဆိုနိုင်မလား?

*ခွေး နှစ်ကောင် ကိုက်ကြတာနှင့် စစ်တိုက်ကြတာ လူအုပ်စု နှစ်ခုကြားမှာ တိုက် ကြခိုက်ကြတာဟာ ကိုယ့် အဖွဲ့အစည်းထဲမှာ ကိုယ်ဖြစ်ကြတာပါ။*

လူ့ သမိုင်း ဆိုတာကလည်း လူတွေရဲ့ လောဘ၊ ဒေါသ၊ မာန ဣဿာ၊ အတ္တနှင့် မောဟ တရားတွေကို ဆက်တိုက် အဆက်မပြတ် ဖော်ထုတ်ပြသခဲ့ကြတဲ့ ဖြစ်စဉ်ကြီး တစ်ခုသာ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ အနှစ် ၃၀၀၀ ကာလ အတွင်းမှာ လူတွေ ဆင်နွှဲခဲ့ကြတဲ့ စစ်ပွဲကြီးက အကြိမ် ၁၅၀၀၀ ကျော် ရှိခဲ့တယ်။ ဒါဟာ လူ့ သဘောပေပဲလား၊ လူသားရဲ့ ကြမ္မာဟာ ဘာလဲ။ လူတွေဟာ တစ်ယောက်ကို တစ်ယောက် ပျက်စီးခြင်းသို့ ရောက်အောင် ဘယ်လို လုပ်နိုင်သလဲ။

လူတွေဟာ အလွန် အရေးပါတဲ့ လေ့လာ တွေ့ရှိချက်တွေနဲ့ တီထွင်မှုကြီးတွေကို ပြုလုပ်နိုင်ခဲ့ကြသော်လည်း သူတို့ဟာ ကိုယ့်ကိုယ်ကိုယ် ပျက်စီးရာ ပျက်စီးကြောင်း အလုပ်တွေကိုလည်း အကြီးအကျယ် တိုးတက် လုပ်ဆောင်နိုင်ခဲ့ကြပါတယ်။

ဒါကြောင့်လည်း ရှေးက ပေါ်ပေါက်ခဲ့ကြတဲ့ လူ့ ယဉ်ကျေးမှုကြီးပေါင်း မြောက်မြားစွာဟာ ဒီကမ္ဘာမြေပေါ်က ပျောက်ခြင်းမလှ ပျောက်ဆုံး ပျက်သုဉ်းသွားခဲ့ကြရပြီးပါပြီ။ ခေတ်သူ လူသားများကတော့ ပိုပြီး နက်နဲ ရှုပ်ထွေးလှတဲ့ စစ်အတတ်ပညာဆန်းတွေ့ လက်နက်နည်းပညာဆန်းတွေကို ပြုလုပ်နိုင်ခဲ့ကြလို့ ဒီတစ်ခါ

စစ်ဖြစ်ရင်တော့ စက္ကန့်ပိုင်းအတွင်းမှာတင်ပဲ လူ့ လောကကြီး တစ်ခုလုံးကို ပြာပုံဖြစ်သွားအောင် အထိ စွမ်းဆောင်နိုင်ကြပြီ ဖြစ်ပါတယ်။ လူ့ လောကကြီးဟာလည်း စစ်လက်နက်တွေ သိုလှောင်ထား လက်နက်တိုက်ကြီး တစ်ခုလို ဖြစ်နေပါပြီ။ ဒါကလည်း စစ်ရေး အပေါ်စီးရလိုမှုဆိုတဲ့ ကစားပွဲက ဖြစ်ပေါ်လာတဲ့ ရလဒ်ပါ။

ကျွန်ုပ်တို့ သိရသလောက် ဆိုရင်ဖြင့် ၁၉၄၅ ခုနှစ်က ဟီရိုရှီးမားမှာ ချခဲ့တဲ့ အဏုမြူ ဗုံးထက်တောင် ပိုပြီး နျူကလီးယား လက်နက်တွေက အားပြင်းတယ်လို့ ကြားရတယ်။ သိပ္ပံပညာရှင်တွေ ယုံကြည်နေကြတာက သာမိုနျူကလီးယား လက်နက် ၁၀၀၊ ၂၀၀ လောက်နဲ့တင် ကမ္ဘာကြီးတစ်ခုလုံး ပြုတ်ပြုတ်ပြုန်းသွားအောင် လုပ်ပစ်နိုင်တယ်လို့ ဆိုပဲ။ ကျွန်ုပ်တို့ရဲ့ ကမ္ဘာ လောကကြီးအတွက် ကျွန်ုပ်တို့ ဘာတွေ လုပ်ကိုင်နေကြတာလဲ။ ကြည့်ကြပါဦးစို့။ စဉ်းစားကြည့်ကြစမ်းပါ။ သူတို့ လုပ်နေကြတဲ့ သိပ္ပံပညာ ဖွံ့ဖြိုး တိုးတက်မှုဆိုတာ ဘယ်လိုဟာများလဲလို့ ကြည့်စမ်းပါ။ ဘယ်လောက်များ ရှူးကြောင်ပြီး တစ်ကိုယ်ကောင်း ဆန်နေကြသလဲလို့ဆိုတာ။

လူဟာ မိမိရဲ့ ကျူးကျော် ထိပါးလိုတဲ့ ဗီဇစိတ်ကို သူ ဖြစ်ချင်သလို လိုက်လုပ်ပေးနေတာမျိုး မဖြစ်သင့်ပါ။ လူဆိုတာ ကိုယ်ကျင့် သိက္ခာကိုတော့ ထိန်းထားသင့်ပါတယ်။ ပြီးတော့ ကိုယ်ကျင့်သိက္ခာ ရှိရှိနဲ့ တရားမျှတမှု ရှိအောင် ဆောင်ရွက်နိုင်မှသာ ဒီလောကမှာ ငြိမ်းချမ်းမှု ဆိုတာ ဖြစ်ပေါ်လာနိုင်မှာပါ။

ကမ္ဘာပေါ်က မရေမတွက်နိုင်လောက်အောင် များပြားတဲ့ ကမ္ဘာ့ ခေါင်းဆောင်ကြီးလို့ ဆိုသူတွေရဲ့ ချုပ်ဆိုလိုက်ကြတာ စာချုပ်တွေ၊ စာချွန်လွှာတွေ၊ သန်းပေါင်း များစွာ ပါတဲ့ စာလုံးတွေနဲ့ တစ်ကမ္ဘာလုံးမှာ သူတို့ပဲ ဒီကမ္ဘာပေါ်မှာ ငြိမ်းချမ်းရေးရမည့် နည်းလမ်းတွေ ဖော်နည်းကားတွေကို ရှာတွေ့ကြပြီ ဖြစ်တယ် ဆိုသလိုလို လုပ်နေကိုင်နေလိုက်ကြတာ။

ဒါပေမဲ့ သူတို့ လုပ်နေကြတာတွေဟာ ဘာတစ်ခုမှ လူ့ လောကပေါ် ခြိမ်းခြောက်နေမှုတွေ ပပျောက်သွားအောင်တော့ မလုပ်ခဲ့နိုင်ကြပါဘူး။ ဒါ ဘာကြောင့် ဖြစ်ရသလဲဆိုတော့ ကျွန်ုပ်တို့ လူကြီး မိဘတွေက လူငယ်တွေကို ကိုယ်ကျိုးမဖက်တဲ့ လောက အကျိုး ဆောင်မှုရဲ့ အကျိုး ကျေးဇူး ရှိပုံနှင့် ကိုယ်ကျိုးကြည့်၊ တစ်ကိုယ်ကောင်း ဆန်ခြင်း သဘောရဲ့ အကျိုးမဲ့ ဖြစ်ပုံတွေကို နားလည်အောင် မသင်ကြားပေးနိုင်ခဲ့လို့ပဲ ဖြစ်တယ်။ တကယ်တမ်း မှန်ကန်တဲ့ ငြိမ်းချမ်းရေးကို အာမခံချက် ပေးနိုင်ဖို့အတွက်ဆိုရင် ကျွန်ုပ်တို့ရဲ့ နောင်လာနောက်သား လူငယ်မျိုးဆက်သစ်များကို ရရာနည်းလမ်းတွေ အသုံးပြုပြီး သူတို့ စိတ်ထဲ

မေတ္တာစာတ်၊ ချစ်ကြည်ရေး စိတ်ဓာတ်နဲ့ သူများအပေါ် သည်းခံစိတ်တွေ ပွားများလာအောင် လေ့ကျင့် သင်ကြားပေးဖို့ အလွန် အရေးကြီးပါတယ်။

## ဗုဒ္ဓဘာသာဝင်ရဲ့ စိတ်ဓာတ်

ဗုဒ္ဓဘာသာဝင်တို့ရဲ့ သဘောမှာ မိမိတို့ရဲ့ နယ်မြေကို ကာကွယ် စောင့်ရှောက်ရာမှာပင် ကျူးကျော် ထိပါးလိုမှု မရှိရပါ။ ဘယ်ကိစ္စမျိုးမှာမှ သူတစ်ပါးကို ထိပါးကျူးကျော် စော်ကားမှု မပြုရပါ။ ဗုဒ္ဓဘာသာဝင်တို့သည် အတတ်နိုင်ဆုံး အကြမ်းဖက်မှုကို ရှောင်ရှားနိုင်အောင် ကြိုးစားရမှာပါ။ တစ်ခါတစ်ရံ သူ့ကို စစ် မတိုက်တိုက်အောင် အတင်းအကျပ် ပြုခြင်းကို ခံရချင် ခံရတတ်ပါတယ်။ ဒီလို စစ်တိုက်အောင် ဖန်တီးလာသူတွေဟာ မြတ်ဗုဒ္ဓ ဟောကြားတော်မူတဲ့ လူသား အချင်းချင်း သွေးရင်းသားရင်း ညီရင်းအစ်ကို မောင်ရင်းနှမ စိတ်ဓာတ်မျိုး ထားကြရမယ်ဆိုတဲ့ အယူအဆကို အလေးအမြတ် မထားကြသူများ ဖြစ်ကြပါတယ်။ တစ်ခါတလေကျတော့ သူ့ အပေါ်ကို မိမိတို့ရဲ့ အမျိုးသား အချင်းချင်းကို ကာကွယ်ဖို့ တာဝန်မျိုးလည်း ကျရောက်လာတတ်ပါတယ်။ သူဟာ လောကီဝတ်ကြောင်နဲ့ လူ့ဘောင်ကို စွန့်ပြီး ရသေ့ရဟန်း ဘဝကို မရောက်သေးသရွေ့တော့ သူ့ အပေါ် ငြိမ်းချမ်းရေးနှင့် လူသား အများရဲ့ လွတ်မြောက်ရေး အတွက် ရုန်းကန် လှုပ်ရှားမှု တာဝန်တွေ ကျရောက်လာမှာပဲ ဖြစ်ပါတယ်။ ဒီလိုမျိုး ပတ်ဝန်းကျင် အခြေအနေမျိုး ဆိုက်လာလို့ ရှိရင် သူ့အနေနဲ့ စစ်ထဲဝင်ပြီး စစ်တိုက်တာဟာ ကိုယ့် အမျိုးသားကို ကိုယ်ကာကွယ်ဖို့ တိုက်ရခိုက်ရတာကိုတော့ အပြစ် မတင်ထိုက်ပါဘူး။ သို့သော်လည်း လူတိုင်းကသာ ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ ဩဝါဒ အဆုံးအမများကို လိုက်နာကြမယ်ဆိုရင်တော့ ဒီလောကမှာ ငြိမ်းချမ်းရေးရဖို့ အတွက်တော့ စစ်တိုက်စရာ အကြောင်းကို မရှိတော့ပါဘူး။ ဗုဒ္ဓရှင်တော်မြတ်ဘုရားက လူ ဖြစ်ဖြစ်၊ ပရလောကကပဲ ဖြစ်ဖြစ် မကောင်းဆိုးဝါး အင်အားစုများထံမှာ လက်နက်ချ အရှုံးခံရမယ်လို့တော့ မဟောပါ။

အမှန်မှာ လူသားအနေနဲ့ ဆင်ခြင် စဉ်းစားတဲ့ စိန္တာမယဉာဏ်နဲ့ရော၊ သိပ္ပံပညာနှင့်ပါ သဘာဝတရားကို အနိုင်ယူနိုင်တယ် ဆိုတာကတော့ မှန်ပါတယ်။ ဒါပေမဲ့ သဘာဝကို အနိုင်ယူနိုင်တယ် ဆိုတဲ့ လူသားဟာ ခုထက်ထိတော့ဖြင့် ကိုယ့်ဘဝကို ကိုယ်က ပြည့်စုံအောင်၊ လုံခြုံအောင်တော့ မလုပ်နိုင်ခဲ့ကြသေးပါဘူး။ ဆင်ခြင်ဉာဏ်ကိုလည်း သုံးနိုင်လျက်ပဲ့။ သိပ္ပံပညာနှင့်လည်း အုပ်စိုးခံနေရဆဲပဲ။ ဒီလို အချိန်မှာ လူသားက သူ့မှာ ခံစားတတ်တဲ့ အသည်းနှလုံး ရှိတယ် ဆိုတာကို

တော့ မေ့ထားကြတယ်။ ဒီလို နှလုံးသားကို လျစ်လျူရှုထားကြရုံမျှမက ကိလေသာ တရားတွေနဲ့ ညစ်ညမ်းတဲ့ နှလုံးသားမျိုး ဖြစ်အောင်လည်းပဲ ပစ်ထားကြတယ်။

တကယ်လို့သာ လူသားဟာ မိမိကိုယ်ကိုယ်တောင် မိမိက လုံခြုံအောင် စောင့်ရှောက် မထားနိုင်ဘူးဆိုရင် ဘယ်လို လုပ်ပြီးများ ကမ္ဘာပေါ်မှာ ငြိမ်းချမ်းသာယာလာအောင် လုပ်နိုင်ကြပါ့မလဲ။ ငြိမ်းချမ်းရေးရဖို့ ဆိုရင် ကျွန်ုပ်တို့အနေနှင့် မိမိ စိတ်ကို ဖြစ်ရပ်မှန်တွေနဲ့ ရင်ဆိုင်ရဲအောင် လေ့ကျင့်ထားဖို့ လိုတယ်။ ကျွန်ုပ်တို့အနေနှင့် ဓမ္မဝိဉာဉ် ကျရမယ်။ နှိမ့်ချရမယ်။ မာန်မာန မထားသင့်ပါ။ လူတစ်ယောက်ပဲ ဖြစ်ဖြစ်၊ နိုင်ငံတစ်နိုင်ငံပဲ ဖြစ်ဖြစ် တစ်သက်လုံး မှားမနေဘူးဆိုတာကိုတော့ သိထားသင့်ပါတယ်။ ငြိမ်းချမ်းရေးရဖို့အတွက် ကျွန်ုပ်တို့အနေနဲ့ ကမ္ဘာမြေပေါ်က ချမ်းသာ ကြွယ်ဝမှု၊ သယံဇာတတွေကို ခွဲဝေပြီး မျှမျှတတ ခံစားခွင့်ပေးရမယ်။ အညီအမျှ ခွဲပေးရမယ်လို့တော့ မဆိုလိုပါဘူး။ ဘာပဲဖြစ်ဖြစ်၊ ထိုက်သင့်သလို ထိုက်သင့်သလောက်တော့ မျှဝေပေးသင့်ပါတယ်။

ကမ္ဘာပေါ်က ချမ်းသာမှု အရပ်ရပ်ရဲ့ ငါးဆယ် ရာခိုင်နှုန်းကို ကမ္ဘာ့ လူဦးရေရဲ့ ငါးရာနှုန်းကပဲ ရစေ၊ ခံစားစေ၊ လူဦးရေရဲ့ နှစ်ဆယ့်ငါးရာနှုန်းကတော့ ပြည့်ပြည့်ဝဝ၊ ပိုပိုလျှံလျှံ စားရစေ၊ ကျန်ခုနစ်ဆယ့်ငါးရာနှုန်းကတော့ ငတ်ပြတ်နေပါစေ ဆိုတာမျိုးကတော့ တွေးတောင် မတွေးကောင်းတဲ့ ကိစ္စပါ။

ကမ္ဘာပေါ်မှာ နိုင်ငံ အချင်းချင်း ကမ္ဘာ့ သယံဇာတ ချမ်းသာကြွယ်ဝမှုတွေကို မျှမျှတတ ခွဲဝေ ခံစားခွင့် ရကြမှသာလျှင် ကမ္ဘာပေါ်မှာ ငြိမ်းချမ်းရေး ဆိုတာ ဖြစ်ပေါ်လာနိုင်ပါတယ်။ ချမ်းသာသူက ဆင်းရဲသူတွေကို ကျွေးမွေး စောင့်ရှောက် ကူညီကြရင် အားကြီးသူက အားနည်းသူကို ကူညီ စောင့်ရှောက်ကြရင်ဖြင့် ဒီကမ္ဘာပေါ်မှာ ငြိမ်းချမ်းရေးဆိုတာ ဖြစ်လာနိုင်ပါတယ်။ ဒီလို လုပ်ခြင်းဖြင့်သာ နိုင်ငံတကာ ချစ်ကြည်ရေး စိတ်ဓာတ်ဆိုတာ ဖြစ်ပေါ်လာနိုင်ပါတယ်။ ဒီလို အခြေအနေတွေ ပြည့်စုံမှသာလျှင် ဒီကမ္ဘာမှာ ဘာကြောင့် စစ်တိုက်ရပါတယ်ဆိုတဲ့ အကြောင်းပြချက်မျိုး ပြနေစရာ ဘာမှ လိုတော့မှာ မဟုတ်ပါဘူး။

စစ်လက်နက် ပြိုင်ဆိုင်မှု ဆိုတဲ့ ရူးသွပ်မှုကိုဖြင့် ရပ်တမ်းက ရပ်သင့်ပါပြီ။ ကျွန်ုပ်တို့အနေနှင့် စစ်သင်္ဘောကြီးတွေကို တည်ဆောက်နေမည့်အစား ကျောင်းတွေကို တည်ဆောက်ကြရမယ်။ နျူကလီးယား လက်နက်တွေကို ထုတ်လုပ်နေမည့်အစား ဆေးရုံတွေကိုသာ တည်ဆောက်ကြရမယ်။ အစိုးရ အသီးသီးက စစ်ပွဲ စစ်မြေပြင်အတွက် ဖြုန်းတီးနေကြတဲ့ လူ့အသက်တွေနှင့် ငွေကြေး ဥစ္စာဓနတွေကို

စီးပွားရေး တည်ဆောက်မှုအတွက် လူ့ ဘဝ လူနေမှု အဆင့်အတန်း မြင့်မားရေး အတွက် လွှဲပြောင်းပြီး အသုံးချနိုင်ကြမယ်ဆိုရင် ပိုပြီး အကျိုးကျေးဇူး များမှာပါ။

လူတွေရော၊ နိုင်ငံတွေကပါ မိမိတို့ရဲ့ တစ်ကိုယ်ကောင်း လောဘစိတ်။ လူမျိုးရေး မာန်စောင်မှုတွေ အာဏာ တပ်မက်တဲ့ အတ္တစိတ်တွေကို သုတ်သင်နိုင် ကြပါမှ ဒီလောကမှာ ငြိမ်းချမ်းရေးဆိုတာ ဖြစ်ပေါ်လာနိုင်မှာပါ။ ပစ္စည်းဥစ္စာ ကြွယ်ဝ ချမ်းသာမှုကတော့ လူသားအတွက် လုံခြုံမှုနဲ့ ချမ်းသာသုခကို မပေးနိုင် ပါဘူး။ လူ့ နှလုံးသားကို ထိထိရောက်ရောက် ပြောင်းလဲသွားအောင် လုပ်နိုင်တာက ဘာသာရေး တစ်ခုပဲ ရှိတယ်။ ဒီဘာသာရေးကသာ လူ့စိတ်ကို ပြောင်းလဲပြီး တကယ် စစ်မှန်တဲ့ လက်နက် ဖျက်သိမ်းရေးကို ဦးတည် ဖြစ်ပေါ်စေနိုင်မှာ ဖြစ်ပါ တယ်။

ဘာသာတရားတိုင်းက လူကို သတ်ဖြတ်ခြင်းမှာ ရှောင်ကြဉ်ရေးကို သင်ကြား ပါတယ်။ ဒါပေမဲ့ ကံမကောင်း အကြောင်းမလှချင်တော့ ဒီအချက်ကို သက်သောင့် သက်သာ လွယ်ကူစွာပဲ အမှုမဲ့ အမှတ်မဲ့ ပြုထားကြတယ်။ ခုဆိုရင် ခေတ်သစ် လက်နက် တပ်ဆင်မှုက လူ့ အသက်ပေါင်း သန်းနဲ့ ချီပြီး စက္ကန့်ပိုင်းအတွင်းမှာ သေအောင် သတ်နိုင်နေပြီ ဖြစ်ပါတယ်။ ဒီလုပ်ရပ်ဟာ ရာစုနှစ်ပေါင်း များစွာ ရှေးက လူတွေ သတ်ဖြတ်ခဲ့ကြတဲ့ ဦးရေထက်တောင် များလှပါတယ်။

ကံမကောင်းလှစွာ တချို့ နိုင်ငံများမှာ ဘာသာရေးကို ခုတုံး လုပ်ပြီး သူတို့ စစ်ပွဲထဲကို ဘာသာရေး အလံတံခွန်တွေ ထူပြီးလာကြတာလည်း ရှိတယ်။ သူတို့ဟာ ဘာသာရေးရဲ့ ကောင်းမြတ်လှတဲ့ နာမည် ဂုဏ်သတင်းကို အသရေ ပျက်အောင် လုပ်နေကြတယ် ဆိုတာကို သူတို့ မသိကြဘူး။

မြတ်ဗုဒ္ဓက "အမှန်ပင် အို. . . ရဟန်းတို့၊ လောဘ တဏှာ ကိလေသာ ကြောင့် မင်းတို့ အချင်းချင်း တိုက်ခိုက်နေကြကုန်၏။ မင်းညီမင်းသား အချင်းချင်း တိုက်ခိုက်နေကြကုန်၏။ နတ်ဆရာ နတ်ဆရာချင်း၊ နိုင်ငံသူ နိုင်ငံသား အချင်းချင်း၊ အမေနှင့် သား၊ အဖေနှင့် သား၊ ညီနှင့် အစ်ကို အချင်းချင်း၊ မောင်နှင့် နှမ အချင်းချင်း မိတ်ဆွေ အချင်းချင်း တိုက်ခိုက်ကြရသည်။

**(မဇ္ဈိမနိကာယ်)**

လွန်ခဲ့သော အနှစ် ၂၅၀၀ ကျော် ကာလ အတွင်း၌ ဗုဒ္ဓဘာသာဝင်များ ကြောင့် ဖြစ်ခဲ့ရသော စစ်ဖြစ်ရလောက်အောင် ပြင်းထန်သော စိတ်ဝမ်းကွဲပြားမှု

များနှင့် ပဋိပက္ခကြီးများ ဘယ်သောအခါကမျှ မရှိခဲ့ကြပါ။ ဤကဲ့သို့ စစ်မက်ကင်းမဲ့ခဲ့ခြင်းသည် မြတ်ဗုဒ္ဓ၏ ဒေသနာတော်များတွင် ပါဝင်သော တက်ကြွလှုပ်ရှားသော သည်းခံခြင်း ခန္တီ၏ သဘော အယူအဆကြောင့်ပင် ဖြစ်သည်ဟု ဆိုသင့်ပါတယ်။

## ဗုဒ္ဓဘာသာဝင်သည် စစ်မှုထမ်းနိုင်သလား?

*သင်သည် သစ္စာတရား၏အတွက် တိုက်ပွဲသော စစ်သား ဖြစ်နိုင်တယ်။ ကျူးကျော် တိုက်ခိုက်သော စစ်သားတော့ မဖြစ်နိုင်ပါ။*

တစ်နေ့သ၌ စစ်သူကြီး သီဟသည် ဗုဒ္ဓရှင်တော်မြတ်ဘုရားအား ဖူးမြော်ရန် သွားပါတယ်။ သူက မြတ်စွာဘုရားကို ဤသို့ လျှောက်ထားပါတယ်။ အရှင်ဘုရား တပည့်တော်ဟာ စစ်သားတစ်ဦး ဖြစ်ပါတယ်ဘုရား။ တပည့်တော်ကို ဘုရင်မင်းမြတ်က နိုင်ငံတော်အတွင်း တရားဥပဒေ စိုးမိုးရေးကို ဆောင်ရွက်ရန် တာဝန်ပေး၍ ခန့်ထားခြင်း ဖြစ်ပါတယ် ဘုရား၊ ပြီးတော့ သူ တိုက်ချင်သော စစ်ကို တိုက်ခိုက်ရန်အတွက် ဖြစ်ပါသည် ဘုရား။ ဗုဒ္ဓရှင်တော်မြတ်ဘုရားက ဆုံးမတော်မူသည်မှာ အနန္တမေတ္တာတရား ထားရှိရန် ဖြစ်ပါသည်ဘုရား။ ဆင်းရဲဒုက္ခ ရောက်နေသူများအပေါ် ကရုဏာ တရားထားရန် ဟောကြားတော်မူပါသည်။ မြတ်စွာဘုရားသည် ပြစ်မှု ကျူးလွန်သူအား အပြစ်ဒဏ် ပေးခြင်းကို ခွင့်ပြုတော်မူပါသလားဘုရား။ ထို့ပြင် မြတ်စွာဘုရားသည် တပည့်တော်တို့က မိမိတို့၏ သားမယား၊ အိုးအိမ်၊ ပစ္စည်းဥစ္စာများကို ကာကွယ်ရန်အတွက် စစ်တိုက်ရခြင်းကို မှားသော လုပ်ရပ် ဖြစ်သည်ဟု သဘောထား၍ ကြေညာပါသလား ဘုရား။ မြတ်စွာဘုရားသည် အလုံးစုံ လက်နက်ချ၍ အညှဉ်းခံခြင်းကိုသာ အလိုရှိ၍ ဟောကြားတော်မူပါသလား ဘုရား။ မိမိအပေါ် မကောင်းသဖြင့် ပြုမူဆက်ဆံ၍ အကြမ်းဖက်သော နည်းလမ်းဖြင့် မိမိပိုင် ပစ္စည်းများကို ယူရန် ခြိမ်းခြောက်၍ သူ လုပ်ချင်သလို လုပ်ကိုင်ခြင်းကို အရှုံးပေးပြီး ဖြစ်ပေါ်လာသမျှသော ဆင်းရဲဒုက္ခ အပေါင်းကို ကိုယ့်ချည်း ခါးစည်း၍ ခံသင့်ပါသလား ဘုရား။ မြတ်စွာဘုရားသည် တရားသဖြင့်

ဖြစ်စေရန် စစ်တိုက်ရခြင်း အပါအဝင် အလုံးစုံသော စစ်တိုက်ခိုက်ခြင်းကို တားမြစ်ရမည် ဆိုသော သဘောထားမျိုးကို ထားပါသလားဘုရား”ဟု မေးလျှောက်သည်။

ထိုအခါ မြတ်စွာဘုရားက “အပြစ်ဒဏ် ပေးထိုက်သော သူအား အပြစ်ဒဏ်ကို စီရင်ရမည် ဖြစ်သည်။ ချီးမြှောက်သင့်သော သူအား ချီးမြှောက်ရပေမည်။ တရားသဖြင့် ဖြစ်စေရန် ကိစ္စမှတစ်ပါး မည်သည့် သက်ရှိ သတ္တဝါကိုမျှ အနာတရ မဖြစ်စေရ။ သတ္တဝါတိုင်း အပေါ်၌ တရားမျှတ၍ ချစ်ခင်သနားသောအားဖြင့်သာ ဆက်ဆံကြရမည်။”

ဤသို့ တားမြစ်ခြင်းများသည် တစ်ခုနှင့် တစ်ခု ဆန့်ကျင်နေခြင်း မရှိပါ။ ဘာကြောင့်လဲဆိုတော့ အပြစ်ကျူးလွန်သော သူကို သူပြုသော အပြစ်ဒဏ်အား လျော်စွာသာလျှင် အပြစ်ဒဏ်ထား၍ နာကျင်စေရမည် ဖြစ်ပါတယ်။ တရားစီရင်သူ၏ မလိုမုန်းထား စိတ်ဖြင့် နစ်နာအောင် မပြုလုပ်ရပါ။ သူ ကျူးလွန်သော အပြစ်နှင့် ထိုက်တန်သလောက်ကိုသာ အပြစ်ဒဏ် စီရင်ရတယ်။ သူ ပြုသော အပြစ်ကသာလျှင် အပြစ်ဒဏ် စီရင်သူ၏ အပြစ်ဒဏ်ထားခြင်းကို ခံရခြင်း ဖြစ်ပါတယ်။ တရားသူကြီး တစ်ဦးက အပြစ်ဒဏ် စီရင်သောအခါ မိမိ၏ စိတ်ထဲတွင် ဒေါသဖြင့် စီရင်ခြင်း၊ မုန်းစိတ်ဖြင့် စီရင်ခြင်း မဖြစ်စေရပါ။ လူသတ်မှု ကျူးလွန်သူ တစ်ဦးကို သေဒဏ် ချမှတ်သောအခါ ထိုရာဇဝတ်သား၏ စိတ်ထဲတွင် ငါ လုပ်သော အပြစ်ကြောင့် ငါ ဤအပြစ်ကို ကျခံရတာပဲဟု သိမြင်စေရပါမည်။

သူ၏ နားလည်မှုကြောင့် သူသည် သူ့ကိုယ်သူ ငါ ကံဆိုးတာပဲဟု မထင်မြင်စေဘဲ ငါ လုပ်လို့ ငါ ခံရတာပဲဟု သိမြင်ပြီး သူ့ စိတ်ကို သူ ဖြေသာစေရပါမယ်။ ထိုအခါ မြတ်စွာဘုရားက ဆက်လက်၍ ဟောကြားတော်မူသည်မှာ “ကိုယ့်ညီအစ်ကိုချင်း သွေးထွက်သံယို သတ်ဖြတ်ရသော စစ်မျိုးကား ကြေကွဲဖွယ် ကောင်းလှ၏။ သို့သော် မြတ်စွာဘုရားက စစ်ပွဲအတွင်း ပါဝင်သူများက ပဋိပက္ခ ဖြစ်စရာ ပစ္စည်းတွေ အားလုံး ကုန်ခန်းပြီး ခြေကုန်လက်ပန်းကျမှ ငြိမ်းချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးကို ထိန်းသိမ်းကြခြင်းမျိုးကိုကား မလိုလားပါ။ ထိုကိစ္စသည် အပြစ်တင်ထိုက်၏။

တွန်းလှန်တိုက်ခိုက်ခြင်း ရုန်းကန်ခြင်းကား ရှိရမည် ဖြစ်၏။ ဘဝ တစ်ခုလုံးသည်လည်း ရုန်းကန် လှုပ်ရှားနေရမှုကြီးပင် ဖြစ်၏။ သို့ရာတွင် ထိုကဲ့သို့ ရုန်းကန်လှုပ်ရှား တွန်းလှန် တိုက်ခိုက်နေခြင်းသည် အမှန်တရား သစ္စာနှင့် တရားမျှတခြင်းကို မျက်ကွယ်ပြု၍ ကိုယ်ကျိုး အတ္တ တစ်ခုတည်းအတွက် ရုန်းကန် တိုက်ခိုက်ခြင်း

မျိုးတော့ မဖြစ်ရပေ။ မိမိ၏ ကိုယ်ကျိုး စီးပွားအတွက်သာ ရုန်းကန် တိုက်ခိုက်သော သူသည် မိမိကိုယ်ကို ချမ်းသာအောင် တန်ခိုးအာဏာ ကြီးမားအောင် လုပ်ခြင်း ဖြစ်လျှင်ကား ထိုသို့သော အပြုအမူသည် မည်သည့် ဆုလာဘ်မျှ မခံရထိုက်ပေ။ သူ၏ ကျဆုံးခြင်းကိုပင် အောင်မြင်ခြင်းဟု သတ်မှတ်ရပေသည်။

အကယ်၍ လူတစ်ယောက်သည် တရားလမ်းကြောင်း ဖြောင့်မတ်စွာ ဖြစ်ပေါ်ရေးအတွက် စစ်ပွဲသို့ ဝင်သည်ဆိုပါက စစ်သူကြီး သီဟဆိုသူကို ရန်သူ သတ်ဖြတ်ခြင်းကို ခံရန် ပြင်ဆင်ထားရမည် ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် စစ်ပြုသူတို့ ကံကြမ္မာသည်ကား သေခြင်းပင် ဖြစ်၏။ ထိုသူ့ သူ့ကံက သူ့ကို စီရင်သွားသောအခါ သူ့မှာ အပြစ်တင်စရာ ဘာအကြောင်းမျှ မရှိတော့ပါ။ သို့ရာတွင် သူက စစ်နိုင်သူ ဖြစ်သောအခါ သူ၏ အနိုင်ရမှုက သူ့ကို ကြီးကျယ်ခြင်းသို့ ရောက်စေပါလိမ့်မည်။ မည်သို့ပင် ကြီးကျယ်စေကာမူ ကံကြမ္မာ တစ်ပတ်လည်ပြီး နောက် သူသည် သူ့ ကံကပင် သူ့ကို ဖုန်မှုန့်များ ပြည့်သော မြေပေါ်သို့ ကျဆုံး သွားစေမည်သာ ဖြစ်၏။

သို့ရာတွင် ထိုသူသည် မိမိ၏ စိတ်နှလုံးအတွင်းမှ အမုန်းမီးကို ငြိမ်းသတ်၍ မိမိကိုယ်ကိုယ် သင့်တင့်အောင် ပြုလုပ်နိုင်ပါက အကယ်၍ သူ၏ လမ်းလွဲနေ မှုကို လမ်းမှန်ပေါ် ပြန်ရောက်အောင် မြှင့်တင်ပြီးနောက် "ကဲ. . . ငါတို့သည် အချင်းချင်း ညီရင်းအစ်ကိုများသဖွယ် ငြိမ်းချမ်းစွာ နေကြစို့"ဟု ဆိုနိုင်ပြီဆိုလျှင် ထိုအခါ၌ သူသည် အောင်မြင်ခြင်းကို ရပြီ။ ထိုအောင်မြင်ခြင်းက မမြဲသော အောင်မြင်ခြင်း မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုအောင်မြင်မှု အသီးအပွင့် ကား ခိုင်မြဲပြီ ဖြစ်၏။

စစ်သူကြီး သီဟ၊ အောင်မြင်ခြင်းကား ကြီးကျယ်ပါ၏။ သို့ရာတွင် ဗဟိဒ္ဓ အောင်နိုင်ခြင်းထက် အတွင်း အဇ္ဈတ္တ အောင်နိုင်ခြင်းကသာ ပို၍ ကြီးကျယ်၏။ ဤကဲ့သို့ မိမိကိုယ်ကို မိမိ အောင်နိုင်ခြင်းသည်ကား သူတစ်ပါးကို ဖျက်ဆီးပြီးမှ ရသော အောင်မြင်ခြင်း ဖြစ်သည်ဟု ငါ မဟောပေ။ သူတို့ကို ကာကွယ် စောင့် ရှောက်ခြင်းဖြင့် ရအပ်သော အောင်မြင်ခြင်းသာ ဖြစ်၏ဟု ငါ ဟောကြားအပ်၏။

မိမိကိုယ်ကို မိမိ အောင်နိုင်သော သူသည်သာလျှင် ပို၍ အသက်နေရန် တော်သင့်သူ ဖြစ်၏။ မိမိသည် မိမိ အဇ္ဈတ္တ၏ ကျေးကျွန် ဖြစ်နေသူထက် ပို၍ အောင်မြင်သူ အနိုင်ရသူ ဖြစ်၏ဟု ငါ ဆို၏။ မိမိ စိတ်မှာ အဝိဇ္ဇာ ကင်းသူ အတ္တ စွဲကင်းသူသည်ကား ဘဝ စစ်ပွဲတွင်းမှာ ကြံ့ကြံ့ခံ ရပ်တည်နိုင်သူ ကျဆုံးခြင်း မရှိသူ ဖြစ်၏။ စိတ်ဓာတ် ဖြောင့်မတ်သောသူ တရားမျှတသော သူသည်ကား

ဘယ်သောအခါမှ အရှုံးနှင့် ရင်ဆိုင်ရခြင်း မရှိသူ ဖြစ်၏။ သူ၏ စိတ်သည် မေတ္တာဓာတ် ကိန်းပြီး သစ္စာနှလုံး ဖြစ်ပြီဖြစ်ရကား။ သူ၏ အောင်နိုင်ခြင်းသည်သာ ကြာရှည်ခံသော အောင်နိုင်ခြင်း ဖြစ်၏။

သစ္စာနှင့် မေတ္တာကို ရင်ဝယ်ပိုက်ထားသော နှလုံးသား ရှိသူကား အသက်ရှင်လျက်နေသူ ဖြစ်၏။ ဆင်းရဲခြင်းကင်းသူ ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သူသည်ကား မသေ ဆေးရည်ကို သောက်သုံးထားသူ ဖြစ်၏။ ထို့ကြောင့် ပညာရှိစွာ၊ ရဲရင့်စွာဖြင့် ရန်းကန် တိုက်ခိုက်သင့်၏။ ထိုအခါကျမှသာ သင်သည် သစ္စာဘက်တော်သား စစ်သားကောင်း ဖြစ်၏”

စစ်တိုက်ခြင်း အကြမ်းဖက်ခြင်း မှန်သမျှသည် တရားပါသည်ဟု အကြောင်းပြစရာ မရှိပါ။ စစ်ကို မိမိက ကြေညာသောအခါ ကျွန်ုပ်တို့က ဤစစ်ကို တိုက်ရသည့် အကြောင်းကို ပြ၍ ဤစစ်တိုက်ခြင်းသည် တရားကြောင်း ပြတတ်ကြတယ်။ တခြားသူက မိမိကို တိုက်ခိုက်လာသောအခါမှုကား ထိုသို့ စစ်တိုက်ခြင်းသည် မတရားကြောင်းကို ပြတတ်ကြပါတယ်။ ဘယ်သူသည် စစ်ကို တရားကြောင်း အထင်အရှားပြနိုင်ပါ့မလဲ။ လူသားအနေနှင့် တောတွင်း ဥပဒေကို လူ့ ပြဿနာကို ဖြေရှင်းရာ၌ မလိုက်နာသင့်ပါ။

## သနားသော သတ်ခြင်း

*သနားကြင်နာခြင်းနှင့် သတ်ဖြတ်ခြင်းသည် ဘယ်တော့မှ အတူသွား၍ မရသော တရား နှစ်ပါးသာ ဖြစ်၏။*

မြတ်ဗုဒ္ဓ၏ အလိုတော်အရ ဆိုရလျှင် သနားလို့ သတ်တယ် ဆိုတာကို တရားနည်းလမ်းကျပြီး မှန်တယ်လို့ မယူဆပါ။ သနားကြင်နာခြင်းနှင့် သတ်ဖြတ်ခြင်းသဘော နှစ်ခုသည် အတူယှဉ်တွဲ၍ ဖြစ်နိုင်ကောင်းသော သဘောနှစ်ရပ် မဟုတ်ပါ။ တချို့ လူတွေက သူတို့ ချစ်လို့ မွေးထားတဲ့ တိရစ္ဆာန်ကလေးတွေ အနာရောဂါတစ်ခုခု ခံစားနေရတာကို မြင်ရတဲ့အခါ သနားလို့ မမြင်ချင်လို့ဆိုပြီး သတ်ပစ်လေ့ရှိတယ်။ သို့သော် တိရစ္ဆာန်တွေ ကိစ္စမှာ သူတို့ မချိမဆံ့ ဒုက္ခခံစားနေရတာကို မကြည့်ရက်လို့ သနားလို့ သတ်ပစ်ရတယ် ဆိုတာကို မှန်ကန်တဲ့ လုပ်ရပ်လို့ ဆိုချင် ဆိုနိုင်ပေမယ့် လူတွေအနေနဲ့ကျတော့ ကိုယ်ချစ်ခင်သူတွေ ဒီလို ဒုက္ခခံနေရတာကို မြင်နေရတာ စိတ်မသက်သာလို့ တိရစ္ဆာန်တွေအပေါ် ပြုမူသလို အမှုမဲ့ အမှတ်မဲ့ ဘာကြောင့် ပြုမူလို့ ဖြစ်ပါ့မလဲ။

လူ တချို့ဟာ သူတို့ ချစ်လို့ မွေးထားတဲ့ ခွေးကလေးတွေ၊ ကြောင်ကလေးတွေဟာ အရေပြား ရောဂါ ခံစားရပြီး မသက်မသာ ဖြစ်နေတာ မြင်ရတဲ့အခါ ဒီသနားစရာ တိရစ္ဆာန်ကလေးတွေကို သတ်ပစ်ဖို့ စီစဉ်တတ်ကြတယ်။ ဒီလူတွေက ဒီလို ပြုလုပ်တာကို သနားလို့ သတ်တာလို့ ပြောလေ့ပြောထ ရှိတယ်။ အမှန်ပြောရရင်တော့ သူတို့က ဒီကောင်ကလေးတွေအပေါ် တကယ် သနားလို့ လုပ်တာ မဟုတ်ဘူး။ တိရစ္ဆာန်ကလေးတွေ ခံစားနေရတဲ့ မနှစ်သက်စရာ မြင်ကွင်းကို သုတ်သင်ပြီး သူတို့ကိုယ်ကို သူတို့ ကာကွယ်ချင်လို့ လုပ်တာသာ ဖြစ်ပါတယ်။ ဆင်းရဲဒုက္ခ ခံစားနေရတဲ့ တိရစ္ဆာန်ကလေးတွေ အပေါ်မှာ သူတို့က သနားကရုဏာသက်တယ် ဆိုစေဦးတော့ သူတို့မှာ ဒီသတ္တဝါကလေးတွေကို သတ်ပစ်ဖို့ အခွင့်အာဏာ မရှိပါ။ လူတစ်ယောက်ဟာ ဘယ်လောက်ပင် ရိုးသား ဖြောင့်မတ်သည် ဖြစ်စေ သနားလို့ သတ်ပစ်ရပါတယ် ဆိုတာကတော့ မှန်ကန်တဲ့ လုပ်နည်း မဟုတ်နိုင်ပါ။ သတ္တဝါတွေ မုန်းလို့ သတ်တာနှင့် သနားလို့ သတ်တာရဲ့ အကျိုးဆက်ဟာ ခြားနားတယ် ဆိုသော်လည်း မြတ်ဗုဒ္ဓကတော့ ဘာအကြောင်းနဲ့ပဲ သတ်သတ် သတ်ဖြတ်ခြင်းဟာ တရားတဲ့ လုပ်ရပ် ဖြစ်တယ်လို့ သဘောမထားပါ။ ဗုဒ္ဓဘာသာဝင်တွေအတွက်တော့ သတ်ဖြတ်တာကို တရားကြောင်းပြဖို့ အကြောင်းအခြေခံ မရှိပါ။

တချို့ လူတွေက စေတနာမှန်ရင် ကံလည်း မှန်တာပဲ။ စေတနာကကောင်းရင် လုပ်ရပ်ကလည်း ကောင်းတာပဲဆိုတဲ့ အယူအဆကို တလွဲ အဓိပ္ပာယ်ကောက်ပြီး သနားလို့ သတ်တာဟာ ကောင်းတယ်ဆိုတဲ့ သဘောထားမျိုး ထားတတ်ကြပြန်တယ်။ သူတို့ စိတ်ထဲမှာ သူတို့ ချစ်ပြီး မွေးထားတဲ့ တိရစ္ဆာန်တွေကို သတ်ရတာ ဒီတိရစ္ဆာန်ကလေးတွေ ခံစားနေရတဲ့ ဒုက္ခဆင်းရဲကို သက်သာသွားအောင်လို့ ဆိုတဲ့ စေတနာကောင်းနဲ့ သတ်တာဖြစ်လို့ ဒီလုပ်ရပ် ဒီကံဟာ ကောင်းတဲ့ကံဖြစ်တယ် ဆိုတဲ့ သဘောမျိုးထားတတ်ကြတယ်။ သူတို့ရဲ့ ကနဦး စေတနာဟာ ကောင်းတယ် ဆိုတာကိုတော့ သံသယဖြစ်ဖွယ် မရှိတာ အမှန်ပါပဲ။ ဒါပေမဲ့ နောက်က ကပ်ပြီး ပါလာတဲ့ သတ်ချင်တဲ့ စိတ်စေတနာကတော့ မုချ အကုသိုလ် အကျိုးကို ပေးမှာကတော့ မလွဲပါဘူး။

သနားလို့ သတ်တာကို ရှောင်ကြဉ်ခြင်းကလည်း လူအများအတွက် စိတ်ထဲကသိကအောင့် ဖြစ်စေနိုင်ပါတယ်။ အနှောင့်အယှက် ဖြစ်စေနိုင်ပါတယ်။ မည်သို့ပင်ဆိုစေ ဗုဒ္ဓဘာသာကတော့ သနားလို့ သတ်တယ် ဆိုတာကို လုံးဝ အကုသိုလ် အကျိုးပေးက လွတ်မယ်လို့ ဘယ်နည်းနဲ့မျှ အမှန် မဆိုနိုင်ပါ။ သို့သော် ဒေါသ

မပါဘဲ အမုန်း မထားဘဲ မသတ်မဖြစ်လို့ သတ်ရတာကတော့ မနာလို မုန်းထားတဲ့ စိတ် ပြင်းထန်လို့ သတ်တာထက်တော့ မကောင်းတဲ့ တုံ့ပြန် အကျိုးပေးမှု ဝိပါက် နည်းနိုင်ပါတယ်။

တစ်နည်းအားဖြင့် (လူ သို့မဟုတ် တိရစ္ဆာန် ဖြစ်ဖြစ်) သတ္တဝါ တစ်ကောင်သည် သူ ပြုတဲ့ အကုသိုလ် ကံအားလျော်စွာ ဆင်းရဲဒုက္ခကိုတော့ ခံစားကြရမှာပါ။ သူ ပြုခဲ့တဲ့ အကုသိုလ် ကံကို တားဆီးဖို့အတွက် သနားလို့ သတ်ရင်လည်း ဒီသတ္တဝါဟာ ဒီကံရဲ့ ဝိပါက် (ကံကြွေး) ကို နောက်ဘဝမှာ ဆက်ပြီး ခံစားရဦးမှာပဲ။ ဗုဒ္ဓဘာသာဝင် တစ်ယောက်အနေနဲ့ လုပ်ပေးနိုင်တာက သူတစ်ပါးရဲ့ ဆင်းရဲဒုက္ခကို လျော့နည်း သက်သာအောင်ပဲ လုပ်ပေးသင့်ပါတယ်။

## မိမိကိုယ်ကို ကာကွယ်ရန်အတွက် သတ်ခြင်း

မြတ်ဗုဒ္ဓက လူတိုင်းကို သူတစ်ပါး အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ရန် ဆုံးမတော်မူပါတယ်။ လူတိုင်းကသာလျှင် ဤဆုံးမချက် အတိုင်း လိုက်နာမည် ဆိုပါလျှင် လူသားများ အချင်းချင်း သတ်ဖြတ်ခြင်းကို မပြုအပ်ပါ။ လူတစ်ဦး တစ်ယောက်၏ အသက်ကို ခြိမ်းခြောက် ခံရသည့် ကိစ္စများ၌ပင်လျှင် ဗုဒ္ဓရှင်တော် မြတ်ဘုရားက မိမိကိုယ်ကို ကာကွယ်ရန် သတ်ဖြတ်ခြင်းအား လိုလားတော်မူခြင်း မရှိပါ။ မိမိကိုယ် အသက်ကို ကာကွယ်ရန် အကောင်းဆုံးသော လက်နက်သည်ကား မေတ္တာတရားပင် ဖြစ်ပါတယ်။ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် ဤမေတ္တာ တရားကို မကြာခဏ ပွားများခြင်းအားဖြင့် အလားတူ ကြမ္မာဆိုးများကို ကျော်လွှား နိုင်ပါတယ်။ သို့သော် လူသားသည် မိမိ အသက်ကို မိမိ ချစ်မြတ်နိုးရကား သူသည် တခြား လူထံမှာ လက်နက်ချ အလျှော့ပေးရန်အတွက် အသင့် ပြင်ဆင် ထားခြင်း မရှိပါ။ လက်တွေ့ လူသားတိုင်းမှာ မိမိကိုယ်ကို ကာကွယ်ရန်အတွက် ခုခံတိုက်ခိုက်တတ်ကြတာပါ။ ဒါဟာ သဘာဝပါ။ သတ္တဝါ မှန်သမျှ မိမိ အသက် ရှင်နေနိုင်ရေးအတွက် သူတစ်ပါး အသက်ကို လက်ဦးအောင် သတ်တတ်ကြတာပါ။ ဒါပေမဲ့ ဒီလိုပြုတဲ့ ကံ၏ အကျိုး ဝိပါကသည် သူ ပြုတဲ့ကံမှာပါတဲ့ စေတနာ အလျောက် အကျိုးပေးမှာပါ။ မိမိ အသက်ကို ကာကွယ်ဖို့အတွက် ဆိုတဲ့ စေတနာနဲ့ ခုခံတိုက်ခိုက်ကြရာမှာ သူ့ စိတ်ထဲမှာတော့ တမင်တကာ သူ့ရဲ့ ဆန့်ကျင်ဘက် သတ္တဝါကို သတ်မှာပဲ ဆိုတဲ့ စေတနာ မပါဘဲ သတ်မိလို့ ရှိရင်တော့ သူ့မှာ ဒီလို

သတ်မိတဲ့အတွက် တာဝန် မရှိပါဘူး။ တစ်နည်းအားဖြင့်ဆိုလျှင် ဘယ်လို အခြေအနေ ပတ်ဝန်းကျင်မျိုးမှာပဲ ဖြစ်ဖြစ် ကိုယ်က တစ်ဖက်သားကို သတ်ချင်တဲ့ စိတ်နဲ့ သတ်ရင်တော့ သူဟာ သူ ပြုတဲ့ ကံရဲ့ အကျိုး ဝိပါက်က ပြေးလို့ မလွတ်နိုင်ပါဘူး။ ဒီဝိပါက်ကို သူ ရင်ဆိုင်ရမှာ မုချ ဖြစ်ပါတယ်။ ကျွန်ုပ်တို့အနေနှင့် သိထားသင့်တာက သတ်တာဟာ သတ်တာပဲ ဆိုတာပါ။ သတ်ဖြတ်ခြင်းကို ကျွန်ုပ်တို့က လက်မခံနိုင်ဘူးဆိုပါလျှင် ဒီအပြုအမူကို ကျွန်ုပ်တို့က လူသတ်မှု၊ သတ်ဖြတ်မှု ပါဏာတိပါတကံလို့ သတ်မှတ်ပါတယ်။ လူတစ်ယောက်ကို လူသတ်မှု မြောက်တဲ့ ကံနဲ့ စွဲချက်တင် ခံရလို့ရှိရင် ကြီးလေးတဲ့ အပြစ်ဒဏ်ကို ချမှတ်ရပါတယ်။ ကျွန်ုပ်တို့ဘက်က စစ်သားများကို ရန်သူက သတ်ဖြတ်လို့ ရှိလျှင် ဒါကို ကျွန်ုပ်တို့က သတ်ဖြတ် သုတ်သင်ခြင်းလို့ ပြောတတ်ကြတယ်။ ဒါပေမဲ့ ဒီလို သတ်ဖြတ်ခြင်းကို ကျွန်ုပ်တို့က ခွင့်ပြုတဲ့အခါကျတော့ ဒါကို စစ်ဖြစ်တာလို့ ပြောတယ်။ ဒါပေမဲ့ ဒီစကားလုံးတွေထဲမှာပါတဲ့ စိတ်လှုပ်ရှားမှု သဘောတွေကို ဖယ်ရှားကြည့်လို့ ရှိရင်တော့ ဘယ်လိုပဲ ခေါ်ခေါ် သတ်တာဟာ သတ်တာပဲ ဆိုတာကို နားလည်နိုင်ပါတယ်။ မကြာခင် နှစ်များအတွင်း သိပ္ပံပညာရှင်တွေနဲ့ ဘာသာရေး ဆရာကြီးတွေက ကရုဏာထား၍ သတ်ဖြတ်ခြင်း၊ သနားလို့ သတ်ဖြတ်ခြင်းဆိုတဲ့ စကားလုံး အသုံးအနှုန်းတွေကို ပြုလာကြတာ တွေ့ရတယ်။

သိမ်မွေ့တဲ့ သတ်ဖြတ်ခြင်း၊ ဝေဒနာ မခံစားရတဲ့ သတ်ဖြတ်ခြင်း ဆိုပြီး အသက် တစ်ခုကို အဆုံးစီရင်တာကို တရားကြောင်း အကြောင်းပြဖို့အတွက် သုံးနှုန်းလာကြတယ်။ သူတို့ စောဒက တတ်ကြတာက သတ်ဖြတ်ခံရတဲ့ သတ္တဝါဟာ ဘာမှ ဒုက္ခ ဝေဒနာ မခံစားရလို့ရှိရင် သတ်ဖြတ်တဲ့ သားငှဲးဓားက ထက်လို့ရှိရင် သတ်ဖြတ်တာဟာ တရားဝင်တယ်လို့ ဆိုတတ်ကြပါတယ်။ ဗုဒ္ဓဘာသာကတော့ ဒီလို အကြောင်းပြချက်မျိုးကို ဘာတစ်ခုကိုမျှ ဘယ်တော့မှ လက်မခံပါ။ ဘာကြောင့်လဲဆိုတော့ သတ်ဖြတ်ရာမှာ ဘယ်လို သတ်ဖြတ်သလဲ ဆိုတာက အရေးကြီးတဲ့ ကိစ္စ မဟုတ်ပါဘူး။ တကယ် အရေးကြီးတာက တစ်ဦးတစ်ယောက်ရဲ့ အသက်ကို တခြား တစ်ဦးတစ်ယောက်က အဆုံးစီရင်လိုက်ခြင်း ကိစ္စကသာ အရေးပါတဲ့ ကိစ္စ ဖြစ်လို့ပါ။ ဒီလို တခြား တစ်ဦးတစ်ယောက်ရဲ့ အသက်ကို အဆုံးစီရင်ပိုင်ခွင့်မျိုးဟာ ဘယ်သူ့မှာမှ ဘာအကြောင်းပဲ ပြပြ မရှိလို့ပဲ ဖြစ်ပါတယ်။

# အပိုင်း ခြောက်

# ဂျိုလောကနှင့် အခြားလောကများ

# ၁၆
# ဖြစ်တည်ရာ ဘုံဘဝများ

### ကမ္ဘာလောက၏ အစ

*ဤကမ္ဘာလောကကြီးမှာ အစ ရှိရမယ်လို့ တွေးတော ဆင်ခြင်စရာ ဘာအကြောင်းမှ မရှိပါ။ အရာဝတ္ထုတိုင်းမှာ စတင် ဖြစ်ပေါ်ခြင်း ရှိရမယ် ဆိုတဲ့ အယူအဆဟာ အမှန်မှာတော့ ကျွန်ုပ်တို့ရဲ့ အတွေးဉာဏ်မွဲလို့ ဖြစ်တာပါ။*

(ဘာထရန်ရပ်ဆယ်)

ကမ္ဘာလောက စတင် ဖြစ်ပေါ်ပုံနှင့် ပတ်သက်၍ တွေးခေါ် စဉ်းစားသော အတွေးအခေါ် ဂိုဏ်း သုံးဂိုဏ်း ရှိပါတယ်။ ပထမ အတွေးအခေါ် ဂိုဏ်းသားများ စဉ်းစားကြတာက ဒီကမ္ဘာကြီးဟာ သဘာဝတရားအရ စတင် ဖြစ်ပေါ်လာတာ ဖြစ်ပြီး ဒီသဘာဝတရားမှာ ဘာမှ စဉ်းစားဉာဏ် မရှိတဲ့ စွမ်းအား တစ်ခုသာ

ဖြစ်တယ်ဆိုတဲ့ အမြင်အယူအဆပါ။ သို့သော် သဘာဝတရားသည် သူ့ဘာသာသူ အလျောက် ဘာဝ ဖြစ်ပေါ်လာခြင်း ဖြစ်ပြီး သူ့ အလိုအလျောက် ပြောင်းလဲ ဖြစ်ပေါ်နေသည်ဟု ယူတယ်။

ဒုတိယ အတွေးအခေါ် ဂိုဏ်းသားများကတော့ ကမ္ဘာလောကကြီးကို အနန္တ တန်ခိုးတော်ရှင် ထာဝရဘုရားသခင်က ဖန်ဆင်းတာ ဖြစ်တယ်။ လောကမှာ ဖြစ်ပျက်သမျှ ဘုရားသခင်ရဲ့ အလိုတော် အတိုင်းပဲ ဖြစ်တယ်။

တတိယ အတွေးအခေါ် ဂိုဏ်းသားများကတော့ ဒီကမ္ဘာလောကရဲ့ အစနှင့် သတ္တဝါ အစသည် မထင်ရှားဘူး။ စဉ်းစားလို့ ရကောင်းတဲ့ အရာမဟုတ်ဘူး။ ကမ္ဘာအစ၊ သတ္တဝါအစလည်း မရှိဘူး။ ကမ္ဘာ အဆုံး၊ သတ္တဝါ အဆုံးလည်း မရှိဘူးလို့ ယူဆတယ်။ ဒီဂိုဏ်းသားများရဲ့ အတွေးအခေါ်ကို ကမ္ဘာကျော် အတွေး အခေါ် ပညာရှင်ကြီး ဘာထရန်ရပ်ဆယ်လ်ကလည်း ထောက်ခံတယ်။ သူ ပြော တာက

"ကမ္ဘာ လောကကြီးမှာ အစ ရှိတယ်လို့ တွေးတော ဆင်ခြင်စရာ အကြောင်း ဘာမှ မရှိဘူး။ အရာရာမှာ အစရှိရမယ်လို့ စဉ်းစားတာဟာ တကယ်တော့ လူ တွေရဲ့ အတွေးညာဏ်မွဲလို့ ဖြစ်လာတာပါ"လို့ ဆိုတယ်။

"There is no reason to suppose that the world had a beginning at all. The idea that things must have a beginning is really due to the poverty of our thoughts."

ခေတ်သိပ္ပံ ပညာရှင်တွေ ဆိုကြတာက လွန်ခဲ့တဲ့ နှစ်ပေါင်းသန်းပေါင်း အတန်ကြာတုန်းက အေးခဲလာတဲ့ အသစ် ဖြစ်ပေါ်လာတဲ့ ကမ္ဘာမြေပေါ်မှာ သက်ရှိ သတ္တဝါ တစ်စုံတစ်ရာ မရှိခဲ့သေးဘူး။ ဒီလိုကနေ သက်ရှိ သတ္တဝါဟာ သမုဒ္ဒရာ ရေထဲကနေ စတင် ပေါ်ပေါက်လာတာ ဖြစ်တယ်လို့ ဆိုတယ်။ ဗုဒ္ဓဘာသာကတော့ ကမ္ဘာမြေကြီးရယ်၊ နေရယ်၊ လရယ်၊ ကြယ်တွေ၊ လေနဲ့ ရေ၊ နေ့နဲ့ ညတွေကို တန်ခိုးရှင် နတ်ဘုရားသခင်က ဖန်ဆင်းတယ် ဆိုတာကို ဘယ်တုန်းကမျှ မဟော ဘူး။ ဗုဒ္ဓဘာသာဝင်တွေက လောကကြီးကို တစ်ရံရောအခါက ဖန်ဆင်းတော် မူခဲ့တာ ဖြစ်တယ် ဆိုဝါဒကို မယုံကြည်ကြဘူး။ ဗုဒ္ဓဘာသာဝင်တွေက ကမ္ဘာ လောကကြီးဟာ ဖန်ဆင်းလို့ ဖြစ်ပေါ်လာတာ မဟုတ်ဘူး။ ဒါပေမဲ့ ကမ္ဘာမြေကြီးဟာ နှစ်ပေါင်း သန်းပေါင်းများစွာ တစ်စက္ကန့်မလပ် ဖြစ်ပျက် ပြောင်းလဲပြီး သူ့ဘာသာ ဖန်ကီး ဖြစ်ပေါ်လာတာ ဖြစ်တယ်။ နောက်ကိုလည်း ဆက်လက်ပြီး ဒီလိုပဲ

ဖြစ်ပေါ်နေဦးမှာပဲ။ ပျက်စီးတဲ့အခါကျရင်လည်း သူ့ဘာသာသူပဲ ပျက်စီးသွားမှာ ဖြစ်တယ်။

အိချ်ဂျီဝဲလ်ရဲ့ ကမ္ဘာ့သမိုင်း အကျဉ်းချုပ် စာအုပ်မှာ ဆိုထားတာက အားလုံးက လက်ခံထားကြတာက ဒီစကြဝဠာကြီး ကျွန်ုပ်တို့ အသက်ရှင်နေထိုင်လျက် ရှိကြတဲ့ လောကကြီးဟာ ဖြစ်ပျက်ခြင်းရာ အားလုံးရဲ့ သဘောအားဖြင့် တည်ရှိလာခဲ့တာ အသင်္ချေ၊ အသင်္ချာ ကပ်ကမ္ဘာပေါင်း မရေမတွက်နိုင်အောင် ကြာမြင့်ခဲ့ပြီ ဖြစ်တဲ့ အချိန်ကာလ ကတည်းက ဖြစ်တယ်။ ဒါပေမဲ့ ကျွန်ုပ်တို့ နေထိုင်နေကြတဲ့ ဒီလောကကြီးဟာ လွန်ခဲ့တဲ့ အနှစ် ခြောက်ထောင် ခုနစ်ထောင် လောက်က ဖြစ်တယ်ဆိုတဲ့ အယူအဆဟာ ယုတ္တိ မရှိ၊ မဖြစ်နိုင်တဲ့ အယူအဆ ဖြစ်တယ်လို့ ယူဆရမှာပါ။ သက်ရှိ သတ္တဝါတွေဟာ ဒီကမ္ဘာပေါ်မှာ ရုတ်တရက် ပေါ်ပေါက်လာကြတာ မဟုတ်ပါဘူး။

ဘာသာ အယူဝါဒ များစွာမှာပါတဲ့ ကမ္ဘာကြီး စတင် ပေါ်ပေါက်လာပုံ၊ ကမ္ဘာကြီး ပျက်စီး ဆုံးရှုံးပုံ အယူအဆများဟာ ကမောက်ကမ၊ အတွေးအခေါ်၊ အယူအဆများသာ ဖြစ်ကြပါတယ်။ ဒီကမ္ဘာ လောကကြီးကို ထာဝရဘုရားသခင် ဖန်ဆင်းရှင်က ဖန်ဆင်းတယ်။ ဘယ်နှစ် ဘယ်ကာလက ဖန်ဆင်းတယ် ဆိုတဲ့ အနေအထားဟာလည်း ခေတ်သစ် သိပ္ပံပညာ အမြင်အရကတော့ လက်ခံနိုင်ဖို့ ခက်ခဲပါတယ်။

ယခုခေတ်မှာ သိပ္ပံပညာရှင်တွေ၊ သမိုင်း ပညာရှင်တွေ၊ နက္ခတ္တ ပညာရှင်တွေ၊ ဇီဝဗေဒ ပညာရှင်တွေ၊ ရုက္ခဗေဒ ပညာရှင်တွေ၊ မနုဿဗေဒ ပညာရှင်ကြီးတွေနှင့် အတွေးအခေါ် ပညာရှင်ကြီးတွေကလည်း ကမ္ဘာ လောကကြီး စတင်ပေါ်ပေါက်လာပုံ သဘောတရားနှင့် ပတ်သက်လို့ အများအပြားပဲ အယူအဆသစ်တွေကို ထုတ်ဖော်ပေးကြတယ်။ နောက်ဆုံး တွေ့ရှိချက်တွေ၊ အသိပညာတွေဟာ ဗုဒ္ဓဘာသာရဲ့ အယူအဆများနှင့်တော့ မဆန့်ကျင်ကြပါဘူး။ ဘာထရန်ရပ်ဆဲလ်က ထပ်မံ ပြောဆိုတာက သူ မြတ်ဗုဒ္ဓကို လေးစား ကြည်ညိုတာက ကမ္ဘာလောကကြီးရဲ့ အစနဲ့ ပတ်သက်ပြီး တခြားလူတွေလို တလွဲတချော်တွေကို ထုတ်ဖော်ဟောကြားတော်မူခြင်း မရှိလို့ပဲ ဖြစ်တယ်လို့ ဆိုပါတယ်။

ဘာသာတရား အမျိုးမျိုးမှာ ပါတဲ့ စကြဝဠာ အစနဲ့ ပတ်သက်ပြီး မှန်းဆပြောဆို ရှင်းလင်းနေကြတာတွေဟာ ခေတ်သိပ္ပံ ပညာရှင်တွေနဲ့ တတ်သိ ပညာရှင်တွေရဲ့ အမြင်မှာ တစ်ခုမှ လက်ခံနိုင်စရာ မရှိပါ။ ဒီပြဿနာနဲ့ ပတ်သက်ပြီး

အဌကထာကျမ်းတွေကို ရေးသားခဲ့ကြတဲ့ ဗုဒ္ဓဘာသာ ပညာရှင်တွေရဲ့ အရေးအသားတွေကိုတောင် အကဲစမ်းတာ စိန်ခေါ်တာမျိုး မရှိပါ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဗုဒ္ဓရှင်တော်မြတ်ဘုရားဟာ သူ့ရဲ့ အချိန်တွေကို အလဟဿ အကုန်ခံပြီး မဆွေးနွေးပါဘူး။ ရှင်တော်မြတ်ဘုရားက အချိန် မဖြုန်း တိတ်တိတ်နေလိုတဲ့ အကြောင်းကတော့ ဒီပြဿနာဟာ ဘာသာရေးအရ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရကြောင်း အထောက်အပံ့ မဖြစ်လို့ တန်ဖိုး မရှိလို့ပဲ ဖြစ်ပါတယ်။ ကမ္ဘာအစ လောကအစကို ရှာတာ၊ ရှင်းချက် ထုတ်နေတာတွေဟာ ဘာသာရေးနဲ့ ဘာမှ မပတ်သက်လို့ပါ။ လောကမှာ လူသားဟာ တရားဓမ္မနဲ့အညီ ဖြောင့်မတ်စွာ နေထိုင်ရေးအတွက်တော့ ကမ္ဘာ့ လောကကြီး ဘယ်တုန်းက ဘယ်လို စတင် ဖြစ်ပေါ်လာသလဲ ဆိုတာကို သိဖို့ မလိုအပ်ပါဘူး။ မိမိတို့ရဲ့ အနာဂတ် ဘဝကို ပုံဖော်ရေး ကိစ္စအတွက်လည်း ဒီကမ္ဘာ အစကို သိဖို့ မလိုအပ်ပါ။ အကယ်၍ တစ်စုံတစ်ယောက်အနေနဲ့ ဒီအကြောင်းအရာကို သိချင်လွန်းလို့ လေ့လာမယ် ဆိုရင်လည်း သိပ္ပံပညာတို့၊ နက္ခတ္တပညာတို့၊ ဘူမိဗေဒပညာတို့၊ မနုဿဗေဒပညာတို့ကို လေ့လာကြည့်ရင်ပိုပြီး မှန်မှန်ကန်ကန် သိနိုင်တာပါ။ ဘာသာ အယူဝါဒရဲ့ ရည်ရွယ်ချက်ကတော့ လူတွေရဲ့ ဘဝကို ပြုစု ပျိုးထောင်ပေးဖို့ ဒီလောကမှာ ဘယ်လိုနေသင့်တယ်၊ နောင် ဘဝအတွက် ဘာတွေကို လုပ်သင့်တယ် ဆိုတာတွေကို လေ့ကျင့်သင်ကြားပေးဖို့ပဲ ဖြစ်ပါတယ်။ ဘဝ လွတ်မြောက်ရေးကို ရရှိအောင် ပြုစု ပျိုးထောင်ပေးတာသာ ဘာသာရေးရဲ့ အဓိကကျတဲ့ အလုပ် ဖြစ်တယ်။

မြတ်ဗုဒ္ဓရဲ့ အမြင်မှာ လောကဆိုတာဟာ တခြား ဘာမှ မဟုတ်ဘူး။ သံသရာပဲ ဖြစ်တယ်။ ထပ်ပြန်တလဲလဲ မွေးသေ ဖြစ်စဉ်ကြီးပဲ ဖြစ်တယ်။ မြတ်ဗုဒ္ဓအဖို့တော့ ကမ္ဘာကြီး အစနဲ့ အဆုံး ဆိုတာ သံသရာထဲမှာပဲ ရှိတယ်။ ဓာတ်တွေ၊ စွမ်းအင်တွေဟာ တစ်ခုနဲ့ တစ်ခု ပဋိစ္စသမုပ္ပါဒ် သဘောအရ အပြန်အလှန် ဆက်စပ်နေကြတဲ့ သမုတိ သစ္စာသဘောတွေချည်း ဖြစ်ကြတယ်။ တစ်ခုနဲ့ တစ်ခု အမှီသဟဲ ပြုပြီး ဆက်စပ် တည်နေကြတာကို အစ တစ်ခုကို ဆွဲထုတ်တာဟာ တကယ်တမ်းကျတော့ အဓိပ္ပာယ် သိပ်မရှိပါဘူး။ လောကကြီးရဲ့ အစနဲ့ ပတ်သက်ပြီး ကျွန်ုပ်တို့ အနေနဲ့ ဘယ်လို ရော်ရမ်းမှန်းဆပြီး ပြောနေစေကာမူ ကျွန်ုပ်တို့ရဲ့ အတွေးထဲမှာ ပြဿနာကို ပြေလည်စေမည့် ဖြေရှင်းချက်မျိုးတော့ ရနိုင်မှာ မဟုတ်ပါဘူး။

အာကာသလည်း အနန္တ၊ သတ္တဝါလည်း အနန္တပါ။
စကြဝဠာလည်း အနန္တပဲ။
ဗုဒ္ဓရဲ့ သဗ္ဗညုတ ဉာဏ်တော်ဟာလည်း အနန္တ
ကိုယ်တော်မြတ်ရဲ့ ကျေးဇူးတော် အစုံ ဂုဏ်တော်ဟာလည်း အနန္တပဲ ဖြစ်ပါတယ်။

(သီရိရာမဆန္ဒြ)

တစ်နေ့သ၌ မာလုကျပုတ္တ အမည်ရတဲ့ ရဟန်း တစ်ပါးဟာ မြတ်စွာဘုရားထံကို သွားပြီး ကမ္ဘာလောကရဲ့ အစဟာ ဘယ်လို စတင် ဖြစ်ပေါ်လာသလဲ ဆိုတဲ့ သူရဲ့ မေးခွန်းကို ဖြေကြားဖို့ တောင်းဆိုပါတယ်။ ဒီမေးခွန်းကို မဖြေလို့ရှိရင် ဒီသာသနာ့ဘောင်ထဲက ထွက်သွားမယ်လို့လည်း ခြိမ်းခြောက်သမှုကို ပြုပါတယ်။ ဒီရဟန်းရဲ့ တောင်းဆိုချက်ကို မြတ်စွာဘုရားဟာ တည်တည်ငြိမ်ငြိမ်ပဲ တုံ့ပြန်ပြီး ပြောရာမှာ မာလုကျပုတ္တသည် မိမိရဲ့ သာသနာတွင်းမှာ နေသည် ဖြစ်စေ၊ မနေလိုသည် ဖြစ်စေ၊ မိမိရဲ့ သာဝက ဖြစ်သည် ဖြစ်စေ မဖြစ်သည် ဖြစ်စေ ဘာအကျိုးမှ ထူးလာမည် မဟုတ်ကြောင်း မှန်သော သစ္စာတရားဆိုတာ လူထောက်ခံစရာ မလိုကြောင်းကို ဖွင့်ဟပြောဆိုတော်မူပြီး မိမိအနေနှင့် လောကရဲ့ အစကို ရှာတဲ့ ကိစ္စကို ဆွေးနွေးမည် မဟုတ်ကြောင်း ဒီလို ကိစ္စများနဲ့ ပတ်သက်တဲ့ အသိပညာဟာလည်း အကျိုးမဲ့ အချိန်ဖြုန်းခြင်းမျှသာ ဖြစ်ကြောင်း လူသား ပြုလုပ်ရမည့် အဓိက ကိစ္စက မိမိရဲ့ မျက်မှောက် ဘဝ ဆင်းရဲက လွတ်မြောက်အောင် လုပ်ဖို့သာ ဖြစ်ကြောင်း၊ အတိတ်နဲ့လည်း မဆိုင်ကြောင်း၊ အနာဂတ်နဲ့လည်း မဆိုင်ကြောင်း တုံ့ပြန် ဟောကြားတော်မူတယ်။ ဒါကို သရုပ်ဖော်ဖို့အတွက် မြတ်ဗုဒ္ဓသည် အဆိပ်လူးမြား မှန်သော သူတစ်ယောက်ကို ပုံဆောင်ပြီး ဟောကြားတော်မူခဲ့ပါတယ်။ မြားပစ်သူ ဘယ်သူလဲ။ ဘာအကြောင်းကြောင့် ပစ်တာလဲ ဆိုတာကို မသိရသေးသရွေ့ ငါ ဒီမြားကို ဖယ်ရှားခြင်း မပြုတဲ့ လူမိုက်တစ်ဦးကို နမူနာပြပါတယ်။ သူ့ကို ပြုစုသူတွေက သူ သိချင်တဲ့ အသေးစိတ် ကိစ္စတွေကို ကုန်စင်အောင် သိဖို့ မလုပ်နိုင်ခင်မှာပဲ သူဟာ အသက် ဆုံးရှုံးရမှာ ဖြစ်တယ်။ ဒီအတိုင်းပါပဲ။ ကျွန်ုပ်တို့ရဲ့ လတ်တလော ကိစ္စသည် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို ရဖို့ပဲ ဖြစ်တယ်။ လောကရဲ့ အစကို သိဖို့ ကိစ္စအတွက် ကြောင့်ကြစိုက်ဖို့ မဟုတ်ပါ။

# တခြား လောက စနစ်များ

*ခေတ်သစ် သိပ္ပံပညာ ရှာဖွေတွေ့ရှိချက်များအရ ကျွန်ုပ်တို့သည် လူ့လောက၏ အကန့်အသတ် သဘောများကို ကြည့်ခြင်းဖြင့် ဤစကြဝဠာ လောကကြီးထဲတွင် တခြား ဘုံလောကများလည်း တည်ရှိနိုင်သေးသည်ဟု အနုမာနအားဖြင့် မှန်းဆ ကြည့်နိုင်ပါသည်။*

တစ်ရံရောအခါက မြတ်ဗုဒ္ဓသည် စကြဝဠာကြီး၏ သဘာဝနှင့် အနေအထားကို ဖွင့်ဟ ဟောကြားတော်မူတယ်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ အလိုတော်အရ ဆိုလျှင် ဤစကြဝဠာကြီး၏ အခြား အစိတ်အပိုင်းများ၌လည်း သက်ရှိ လောကများ တည်ရှိနေတယ် ဆိုတာကို လက်ခံတော်မူတယ်။ ဗုဒ္ဓရှင်တော်မြတ်က စကြဝဠာကြီးတွေထဲမှာ ၃၁ ဘုံ (ဘဝ ဖြစ်တည်ပုံ ၃၁ မျိုး) ရှိတယ်လို့ ဟောတယ်။ ဒီဘုံတွေကတော့

| | | |
|---|---|---|
| အပယ်ဘုံဘဝက | ၄ မျိုး | (ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်) တို့ပဲ ဖြစ်တယ်။ |
| လူ့ဘုံက | ၁ မျိုး | |
| ဒေဝခေါ်နတ်ဘုံက | ၆ မျိုး | |
| ရူပဘုံက | ၁၆ မျိုး | |
| အရူပဘုံက | ၄ မျိုး | ဖြစ်တယ်။ |

စကြဝဠာတွေထဲမှာ တခြားသော သက်ရှိ သတ္တဝါများရဲ့ ဘုံဘဝတွေ ရှိနေနိုင်တယ် ဆိုတာကို ခေတ်သိပ္ပံ ပညာကလည်း အတည်ပြုထားပါတယ်။ သို့သော် ခေတ်သိပ္ပံ ပညာရှင်တွေဟာ တခြား ဂြိုဟ်တွေပေါ်မှာလည်း သက်ရှိ သတ္တဝါတွေ ရှိနေနိုင်တယ် ဆိုတဲ့ အနုမာန အပေါ်မှာ မူတည်ပြီး အလုပ်လုပ်နေကြတယ်။ ယခုခေတ် သိပ္ပံပညာရဲ့ တိုးတက်မှု လျင်မြန်လာတဲ့ ရလဒ်ကြောင့် မကြာခင်မှာပဲ ကျွန်ုပ်တို့ဟာ တခြား ဝေးကွာလှမ်းလှတဲ့ ဂြိုဟ်တွေပေါ်က သတ္တဝါတွေကိုလည်း ရှာဖွေ တွေ့ရှိတော့မှာပါ။ ဒီလို သတ္တဝါတွေကို တွေ့ကြရတဲ့အခါ သူတို့လည်း လူသတ္တဝါတွေလိုပဲ သဘာဝ နိယာမရဲ့ အပြုပြင်ခံရတဲ့ သတ္တဝါတွေ ဖြစ်ပါတယ်ဆိုတာကို သိနားလည်လာကြရတော့မှာ ဖြစ်ပါတယ်။ အပေါ်ယံ

အဆင်း အသွင်အပြင်အားဖြင့်တော့ သူတို့ဟာ လူသားတွေရဲ့ အဆင်းအပြင်နဲ့ ကွဲပြားခြားနားကောင်း ခြားနားကြပါလိမ့်မယ်။ ဓာတ်သဘာဝအားဖြင့်ရော၊ ရုပ်ဖွဲ့စည်းပုံအရရော၊ ကွဲပြား ခြားနားတဲ့ ဖြစ်တည်ပုံအရပါ ဖြစ်တည် နေကြတာလည်း ဖြစ်နိုင်ပါတယ်။ ဒီသတ္တဝါတွေဟာ လူသားတွေထက် ပိုပြီး အဆင့်အတန်းမြင့်တာသော်လည်း ဖြစ်နိုင်တယ်။ လူသားတွေထက် ပိုပြီး နိမ့်ကျတာသော်လည်း ဖြစ်နိုင်ပါတယ်။ ဒီစကြဝဠာကြီးထဲမှာ ဒီကမ္ဘာမြေပေါ်မှာသာ သက်ရှိ သတ္တဝါတွေ ရှိနေတယ်လို့ ဘာကြောင့်ဆိုနိုင်ပါ့မလဲ။ ကျယ်ဝန်းလှတဲ့ အနန္တ စကြဝဠာကြီးထဲမှာ မြူတစ်မှုန်လောက်သာ ရှိတဲ့ ကမ္ဘာမြေဟာ အလွန် သေးငယ်တဲ့ ဂြိုဟ်သိမ်ကလေးရယ်ပါ။ ဆာဂျိမ်းစ်ဂျိးင်းဟာ ထင်ရှားလှတဲ့ နက္ခတ္တရူပဗေဒ ပညာရှင်ကြီးတစ်ဦး ဖြစ်တယ်။ သူ ခန့်မှန်းတာက အဝေးကြည့် မှန်ပြောင်းနဲ့ ကြည့်ရင် မြင်ရတဲ့ အာကာသ ဟင်းလင်းပြင်ကြီးရဲ့ ဧရိယာထက် စကြဝဠာကြီး တစ်ခုလုံးရဲ့ အကျယ်အဝန်းဟာ အဆပေါင်း သန်းပေါင်း တစ်ထောင်မက ပိုပြီး ကြီးနိုင်တယ်လို့ ခန့်မှန်းထားတယ်။ သူ့ရဲ့ ဆန်းကြယ် နားလည်ရ ခက်လှတဲ့ စကြဝဠာ The Mysterious Universe ဆိုတဲ့ ကျမ်းထဲမှာ စကြဝဠာများရဲ့ အရေအတွက်ဟာ ပင်လယ်သမုဒ္ဒရာကမ်းခြေပေါ်က သဲလုံးနှင့်အမျှ များပြားနိုင်တယ်လို့ ဆိုတယ်။ အဲဒီ စကြဝဠာကြီးထဲမှာ ကမ္ဘာ ပထဝီ ဂြိုဟ် မြေကြီးရဲ့ ပမာဏဟာ သဲတစ်ပွင့်ရဲ့ အပုံ တစ်သန်းပုံ တစ်ပုံ လောက်ပဲ ရှိနိုင်တယ်လို့ တွက်ဆထားတယ်။ သူက နေရဲ့ အလင်းရောင်ဟာ နေကနေ ကမ္ဘာမြေဆီကို ရောက်ဖို့အတွက် တစ်စက္ကန့်ရဲ့ ခုနစ်ပုံ တစ်ပုံလောက်ပဲ ကြာကြောင်းကိုလည်း တွက်ချက် ဖော်ထုတ်ပြထားတယ်။ အဲဒီလောက် လျင်မြန်လှတဲ့ နေရောင်ခြည်ရဲ့ အမြန်နှုန်းနဲ့သွားရင် ဒီစကြဝဠာကြီးကို ကျော်ဖြတ်သွားဖို့အတွက် အလင်းနှစ်ပေါင်း သန်းပေါင်း ၁၀၀,၀၀၀ (တစ်သိန်း) ကြာမယ်လို့လည်း ဖော်ပြထားတယ်။ အဲဒါဟာ စကြဝဠာကြီးရဲ့ အဝန်းအကျယ်ကို တွက်ပြထားတာဖြစ်တယ်။ ဗဟိဒ္ဓ လောကကြီးလို့ ခေါ်တဲ့ စကြဝဠာကြီးရဲ့ အဝန်းကို စဉ်းစားကြည့်ရင် ဒီစကြဝဠာကြီး ထဲမှာ အခြားသော ဘုံဘဝ လောကတွေ တည်ရှိနိုင်တယ်ဆိုတာကို သိပ္ပံနည်းကျ ဖြစ်နိုင်ကြောင်း သိသာပါတယ်။

ခေတ်သိပ္ပံ ပညာရဲ့ ရှာဖွေ တွေ့ရှိချက်အရ လူ့ လောကရဲ့ အကန့်အသတ်ရှိမှု သဘောကို ကျွန်ုပ်တို့ သိနိုင်ပါတယ်။ ဒီကနေ့ သိပ္ပံပညာက ကျွန်ုပ်တို့ရဲ့ လူသားများ နေထိုင်ရာ ဤမြေကမ္ဘာဟာ ကျွန်ုပ်တို့ အာရုံနဲ့ ထိတွေ့ သိမြင်နိုင်တဲ့ တုန်နှုန်း ဖရီကွင်စီ နယ်အတွင်းမှာပဲ ဖြစ်တည်နေတာလို့ ဆိုတယ်။ သိပ္ပံပညာက ထပ်ပြီး ဖော်ပြတာက ကျွန်ုပ်တို့ရဲ့ အာရုံနှင့် ထိတွေ့နိုင်တဲ့ နယ်ကို လွန်တဲ့

ဒီနယ်အောက် ရောက်တဲ့ တုန်နှုန်း (Vibration) တွေလည်း ရှိတယ်။ ရေဒီယို လှိုင်းတွေ၊ ဓာတ်မှန် အလင်းလှိုင်းတွေ၊ ရုပ်သံလှိုင်းတွေ၊ မိုက်ကရိုဝေ့ဗ်လို ဟာတွေကို ရှာဖွေ ဖော်ထုတ်နိုင်လာတဲ့အခါ ကျွန်ုပ်တို့ရဲ့ မြင်နိုင်၊ ကြားနိုင်စွမ်းရှိတဲ့ နယ်ဟာ အလွန် ကျဉ်းမြောင်းလှတာကို သိလာရတယ်။ ကျွန်ုပ်တို့ဟာ ပြင်ပလောကကြီးကို အာရုံဒွါရရဲ့ ပပ်ကြားအက်ကလေး ကြားက ချောင်းမြောင်း ကြည့်ကြရတာမျိုးပါ။ ကလေးတွေ တံခါးရွက် ပျဉ်ချပ်ကြား အက်ကြောင်းကလေးထဲက ချောင်းကြည့်ရသလိုပေါ့။ ဒီလို မိမိရဲ့ သညာနယ် ကျဉ်းမြောင်းနေတာကို နားလည်ရင် မိမိတို့ရဲ့ အာရုံဒွါရနဲ့ မထိနိုင် မသိနိုင်သေးပေမဲ့ တခြား ကမ္ဘာတွေ၊ ဘုံဘဝတွေ စကြဝဠာကြီး ထဲမှာ ရှိနေနိုင်သေးတယ်။ ဒီကမ္ဘာဘုံ ဘဝ စနစ်တွေဟာ သီးခြား တည်ရှိနေကြတယ်။ သို့မဟုတ် ကျွန်ုပ်တို့ နေထိုင်ရာ မြေကမ္ဘာ လူ့ဘုံ လူ့ဘဝနှင့် အပြန်အလှန် အညမညအားဖြင့် ဖြစ်တည်နေကြတယ် ဆိုတာကို သက်သေပြလျက် ရှိတယ်။

စကြဝဠာကြီးရဲ့ သဘာဝနဲ့ ပတ်သက်၍ ဗုဒ္ဓရှင်တော်မြတ်ဘုရားက ဟောကြားတော်မူတာက ကမ္ဘာ အစနဲ့ ကမ္ဘာ အဆုံးကို ငါ မမြင်ဘူးလို့ ဆိုတော်မူတယ်။ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ ကမ္ဘာကြီးဟာ ရုတ်တရက် ချက်ချင်းကြီး အလုံးစုံ ပျက်စီးသွားမယ်လို့ မယုံကြည်ဘူး။ စကြဝဠာကြီးရဲ့ အစိတ်အပိုင်း တစ်ခု ပျောက်ပျက်သွားတဲ့အခါ တခြား အစိတ်အပိုင်း တစ်ခုခုဟာ ကျန်ရှိနေဦးမယ်။ အဲဒီ တခြား အစိတ်အပိုင်း တစ်ခု ပပျောက်သွားတဲ့အခါမှာလည်း နောက် အခြား အစိတ်အပိုင်း တစ်ခုက ပြန်ပြီး ပေါ်ပေါက်လာမယ်။ သို့မဟုတ် တဖြည်းဖြည်းနဲ့ ဆင့်ကဲ ဖြစ်ပေါ်ပုံစနစ် (အီဗော်လူးရှင်း) အရ ဖြစ်ပေါ်လာမယ်။ အဲဒီနောက် ဖြစ်ပေါ်လာမည့် စကြဝဠာ အစိတ်အပိုင်းကြီးဟာ အရင် စကြဝဠာကြီးတွေ ပျက်စီးသွားတုန်းက ကြွင်းကျန်နေခဲ့တဲ့ အခြေခံ ဓာတ်တွေ၊ မော်လီကျူးတွေ၊ ဓာတ်ငွေ့တွေ မရေမတွက်နိုင်အောင် များပြားလှတဲ့ စွမ်းအင်တွေ အပေါ် သက်ရောက်တဲ့ စကြဝဠာ တွန်းအားကြီးတွေ ဆွဲအားကြီးတွေကြောင့် တဖြည်းဖြည်း စုစည်းပြီး ဆင့်ကဲ ဖြစ်စဉ်အရ ပြန်လည် ဖြစ်ပေါ်လာမှာပဲ ဖြစ်တယ်။ ဒီအခါကျတော့ တခြား ကမ္ဘာ စနစ်သစ်ကြီးတွေ ပေါ်ပေါက်လာမှာပဲ ဖြစ်တယ်။ ကာလ အတန်ကြာ အောင် တည်ရှိနေဦးမှာလည်း ဖြစ်တယ်။ ဒါဟာ စကြဝဠာကြီးထဲမှာ ရှိတဲ့ စွမ်းအင်တွေရဲ့ သဘော သဘာဝပဲ ဖြစ်တယ်။ ဒါကြောင့် ဗုဒ္ဓရှင်တော်မြတ်ဘုရားက စကြဝဠာ လောကကြီးရဲ့ အစနှင့် အဆုံးကို ငါ မမြင်ဘူးလို့ ဟောကြားတော်မူခဲ့ခြင်း ဖြစ်တယ်။

ဒါက ထူးခြားတဲ့ အဖြစ်အပျက် တစ်ခု အပေါ် မူတည်ပြီး ဗုဒ္ဓရှင်တော်မြတ်ဘုရားက စကြဝဠာကြီးရဲ့ သဘာဝနှင့် အနေအထား အကြောင်းကို မှတ်ချက်ချ ဟောကြားတော်မူခဲ့တာပဲ ဖြစ်တယ်။ မြတ်စွာဘုရားက ဒီအကြောင်းအရာကို ဟောကြားတော်မူတဲ့အခါ သူ့ကိုယ်သူ စူးစမ်း လေ့လာသူရဲ့ နားလည်နိုင်စွမ်းရှိသူ အဖြစ် သတ်မှတ်ပြီး ဟောတော်မူတာ ဖြစ်တယ်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားဟာ သဘာဝ လောကကို ကျော်လွန်ပြီး စဉ်းစားတဲ့ ရမ်းဆ ပြောဆိုတဲ့ တက္ကကဝါဒ သဘောမျိုးကို စိတ်ဝင်စားတော်မူခြင်း မရှိပါ။ ဒီလို တောင်စဉ်ရေမရ စဉ်းစားတာမျိုးဟာ အဆင့်မြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရောက်အောင် ပို့ဆောင်နိုင်ခြင်း မရှိတာကို သိမြင်တော်မူခဲ့တယ်။

ဗုဒ္ဓဘာသာဝင်တွေက တချို့ လူတွေ ယူဆထားကြတဲ့ ထာဝရဘုရားသခင်က ကမ္ဘာပေါ်မှာ သူ့ကို မယုံကြည်သူတွေ တိုးပွား များပြားလာတဲ့အခါ၊ လူတွေ အကြီးအကျယ် အကျင့်သီလ ပျက်ပြီး အဂတိ လိုက်စားလာကြတဲ့အခါ ကမ္ဘာလောကကြီးကို ဖျက်ဆီးပစ်မယ်ဆိုတဲ့ အယူကိုလည်း လက်မခံပါဘူး။

ဒီယုံကြည်ချက်နှင့် ပတ်သက်ပြီး လူတွေ မေးခွန်း ထုတ်တတ်ကြတာက ဒီလို လူတွေက သူ့ကို မယုံကြည်ကြဘဲ အကျင့်ပျက် အဂတိ လိုက်စားကြတဲ့အခါ ဘုရားသခင်က တန်ခိုးတော်နှင့် ကမ္ဘာလောကကြီးကို ဖျက်ဆီးပစ်မည့်အစား သူ့ရဲ့ တန်ခိုးတော်နှင့်ပဲ လူတွေက သူ့ကို ယုံကြည်လာအောင် အကျင့်သီလ ကောင်းမွန်လာအောင် ဘာကြောင့် မလုပ်တာလဲလို့ မေးလာကြပါတယ်။ ဘုရားသခင်က ဖျက်ဖျက် မဖျက်ဖျက် ဒီလောကမှာ ရှိရှိသမျှ သင်္ခါရတရား အားလုံးဟာ တစ်နေ့သောအခါမှာ အနိစ္စ သဘောအားဖြင့် ပျက်စီးကြရမှာချည်း ဖြစ်ပါတယ်။ သို့ရာတွင် မြတ်ဗုဒ္ဓရဲ့ စကားအရ ပြောရရင် လောကဆိုတာဟာလည်း ဖြစ်ခြင်းနှင့် ပျက်ခြင်း သဘောနှစ်ခုရဲ့ ပေါင်းစပ်နေခြင်း သဘောမျှသာ ဖြစ်တယ်။ ဖြစ်ပြီးရင် ပျက်တယ်။ ပြီးတော့ ရုပ်နာမ်နှစ်ခု ပေါင်းစပ် ဖြစ်ပေါ်ပြန်တယ်။ ဒီလိုနဲ့ပဲ ဖြစ်ပျက် သံသရာ လည်နေတာသာ ဖြစ်တယ်။

နောက်ဆုံး ခွဲခြမ်း စိတ်ဖြာမှုအရ မြတ်ဗုဒ္ဓရဲ့ တရားဒေသနာတော်တွေဟာ သိပ္ပံပညာဟာ ဘယ်လောက်ပဲ စိတ်စော အံ့သြစရာ ကောင်းစေကာမူ အဲဒီသိပ္ပံပညာရဲ့ ဟိုမှာဘက်အထိ လွန်ကဲ ရောက်ရှိနေတာကို တွေ့ရတယ်။ သိပ္ပံပညာမှာက လူသားများရဲ့ ဘဝ သက်သောင့်သက်သာ နေနိုင်ဖို့ ဘဝ လုံခြုံဖို့အတွက် လိုအပ်တဲ့ စကြဝဠာ လောကကြီးနဲ့ ပတ်သက်တဲ့ လောကဓာတ်ပညာ၊ စကြဝဠာ လောကကြီးကို အုပ်စိုးနိုင်ဖို့လောက်ပဲ အစွမ်းရှိတဲ့ ဉာဏ်ပညာပဲ ပါတာပါ။ ဗုဒ္ဓ

ရှင်တော်မြတ်ဘုရားကတော့ အချက်အလက်တွေလောက်ကိုသာ သိမြင်နိုင်တဲ့ အသိပညာဟာ ဘယ်လောက်ပဲ များများ။ အဲဒီ ပညာလောက်နဲ့တော့ လူသားများရဲ့ ဒုက္ခ ဆင်းရဲ ခပ်သိမ်း ချုပ်ငြိမ်းခြင်း၊ လွတ်မြောက်ခြင်း အစစ်ကို ရရှိစေနိုင်မှာ မဟုတ်ဘူးလို့ သင်ကြားတော်မူခဲ့တယ်။ လူသား တစ်ယောက်ချင်းအနေနဲ့ မိမိရဲ့ ဘဝ ဖြစ်တည်မှု အမှန်နှင့် စကြဝဠာရဲ့ ပြောင်းလဲနေတဲ့ သဘာဝကို ဟုတ်တိုင်းမှန်စွာ သိမြင် နားလည်တဲ့ ဉာဏ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရောက်အောင် သမ္မပ္ပဓာန် လုံ့လနှင့် ကြိုးစားမှသာလျှင် ဒီလို ဝိမုတ္တိကို ရရှိနိုင်ကြောင်း ဟောကြားတော်မူတယ်။ လူသားဟာ ဝိမုတ္တိ အမှန် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးအတွက် သူဟာ မိမိရဲ့ စိတ်ကို ပထမ ယဉ်ကျေး သိမ်မွေ့အောင် ထိန်းချုပ်ပြီး ပျိုးထောင်ရမှာ ဖြစ်တယ်။ ကိလေသာ အာရုံ ကာမဂုဏ် တရားတွေကို တပ်မက်ခြင်း၊ တဏှာကို ဖျက်ပစ်နိုင်ရတယ်။

လူသားသည် စကြဝဠာလောကကြီးကို ဟုတ်တိုင်းမှန်စွာ သိမြင် နားလည်တဲ့ အခါကျရင် သူဟာ မမြတ်တဲ့ လောကကြီးကို အောင်နိုင်ဖို့ သူ ကြိုးပမ်းလာမှာ ဖြစ်တယ်။ အတွင်း အောင်နိုင်မှုကိုရမှသာ အပြင် အောင်နိုင်မှုကို ရမှာ ဖြစ်တယ်။ ဒီလို သမ္မာဒိဋ္ဌိ အမြင်ဖြင့်သာလျှင် လူသားဟာ မလိုလားအပ်တဲ့ ကိစ္စတွေအတွက် အချိန်ဖြုန်း မနေဘဲ မိမိရဲ့ အချိန်နဲ့ စွမ်းအားများကို ကိုယ့် စိတ်ကိုကိုယ် နိုင်နင်းအောင် မှားယွင်းတဲ့ အတ္တ အမြင်တွေကို ဖျက်ရေးအတွက် အသုံးချလာမှာ ဖြစ်ပါတယ်။

## ဗုဒ္ဓဘာသာဝင်တွေရဲ့ နိဗ္ဗာန်နှင့် ငရဲအမြင်

*လူမိုက်များက ဒီဘဝ အတွက်ရော နောင်ဘဝ အတွက်ပါ ကိုယ့်ငရဲကို ကိုယ် တည်ဆောက်နေစဉ် ပညာရှိများက ကိုယ့် နိဗ္ဗာန်ကို ကိုယ် တည်ဆောက်ကြပါတယ်။*

ဗုဒ္ဓဘာသာဝင်များရဲ့ နိဗ္ဗာန်နဲ့ ငရဲ အယူအဆသည် တခြား ဘာသာဝင်များ ယူဆထားတဲ့ နိဗ္ဗာန်နဲ့ ငရဲ အမြင်နှင့် လုံးဝ ခြားနားပါတယ်။ ဗုဒ္ဓဘာသာဝင်တွေက နိဗ္ဗာန်နဲ့ ငရဲကို ထာဝရ အမြဲ တည်ရှိနေတဲ့ နေရာတွေ ဖြစ်တယ်ဆိုတဲ့ အမြင်ကို

လက်မခံပါ။ လူတစ်ယောက်ကို ထာဝရ ငရဲမှာပဲ ခံစားရမယ်လို့ အပြစ်ဒဏ် ချမှတ်တာဟာ ယုတ္တိ မရှိပါ။ ဆင်ခြင်တုံတရား ကင်းတာပဲ ဖြစ်ပါတယ်။ လူသားကို သူ့ရဲ့ အားနည်းချက် (အပြစ်) အတွက် ပြုပြင်ဖို့ အပြစ်ကျခံပြီးရင် ကိုယ့်ကိုယ်ကိုယ် ကောင်းမွန်သူ ဖြစ်အောင် ထူထောင်ခွင့် ပြုခြင်းကသာ ယုတ္တိတန်တယ်။ တရားသဖြင့် ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ ဗုဒ္ဓဘာသာဝင်များရဲ့ အယူက ငရဲကျခံရတဲ့ လူ သတ္တဝါများဟာ သူတို့ အပြစ် (အကုသိုလ်) အလျောက် ငရဲကျ ခံပြီးရင် ရှေးဘဝက ပြုခဲ့ဖူးတဲ့ ကုသိုလ်ရဲ့ အကျိုးပေး အလှည့်ကြုံပြီး သုဂတိ ဘဝကို ပြန်ပြီး ရရောက်နိုင်တယ်လို့သာ ယူဆပါတယ်။ ငရဲ ထောင်ဘူးဝ တံခါးမှာ အမြဲတမ်း ခတ်ထားတဲ့ သော့ခလောက် မရှိပါ။ ငရဲဆိုတာ ယာယီ အပြစ်ဒဏ် ကျခံရတဲ့ နေရာပါ။ သတ္တဝါတွေမှာ အမြဲ ထာဝရ ငရဲမှာပဲ ကျခံနေရမယ် ဆိုတဲ့ အကြောင်း မရှိပါ။

မြတ်ဗုဒ္ဓရဲ့ ဒေသနာတော်အရ ဒီစကြဝဠာ လောကရဲ့ အလွန်မှာ ငရဲတွေ၊ နတ်ပြည် နတ်ရွာတွေသာ တည်ရှိရုံမျှမက ဒီကမ္ဘာပေါ်မှာလည်း ငရဲ သဘောတွေ၊ နတ်ရွာ သုဂတိ သဘောတွေ တည်ရှိနေတယ်လို့ ရှုမြင်ပါတယ်။ ဒါကြောင့် ဒုဂ္ဂတိ၊ သုဂတိနဲ့ ပတ်သက်တဲ့ ဗုဒ္ဓဘာသာ အမြင်ဟာ အလွန်ပဲ ယုတ္တိ ရှိပါတယ်။ ဥပမာ တစ်ခါက မြတ်ဗုဒ္ဓ မိန့်တော်မူတာက “တစ်စုံတစ်ယောက်သော ပညာ မရှိသော ပုထုဇဉ်သည် ကာ၊ ကာ၏ အကျိုးကြောင့် သူဟာ အမြဲ ငရဲ (ပတာလ)မှာ နေရမယ် ဆိုတဲ့ အယူအဆ ရှိလို့ရှိရင် အဲဒီ အယူအဆသည် မှားသော အယူ အဆသာ ဖြစ်သည်၊ အခြေအမြစ် မရှိသော အယူအဆပဲ ဖြစ်သည်၊” လို့ ဆိုတော် မူတယ်။ ‘ငရဲ’ ဆိုတဲ့ စကားဟာ ဆင်းရဲတဲ့ ခံစားချက် သဘောကို ဖော်ပြတာသာ ဖြစ်တယ်။ သတ်မှတ်ထားတဲ့ ဘုရားသခင် ဖန်ဆင်းထားတဲ့ နေရာမျိုး သို့မဟုတ် သုခဘုံ ရှိတယ် ဆိုတဲ့ အယူအဆမျိုးကို ဗုဒ္ဓဘာသာဝင်တွေက လက်မခံနိုင်ပါ။

ဒီလောက ငရဲမီးက လောက အလွန်မှာ ရှိတဲ့ ငရဲမီးထက်တောင် ပိုပြီး ပူပါသေးတယ်။ ဒေါသနှင့် တူသော ကိလေသာမီးသည် မရှိ၊ လောဘနှင့် တူသော ကိလေသာမီးသည် မရှိ၊ မောဟ အဝိဇ္ဇာနှင့် တူသော ကိလေသာ မီးသည် မရှိပါ။ မြတ်ဗုဒ္ဓ အလိုတော်အရ သတ္တဝါတွေမှာ ကိလေသာမီး (၁၁) မီး လောင်ကျွမ်းခြင်းကို ခံနေရတယ်။ လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ အနာရောဂါမီး၊ အိုခြင်းမီး၊ သေခြင်းမီး၊ သောကမီး၊ ပရိဒေဝမီး၊ ဒုက္ခမီး၊ ဒေါမနဿမီး၊ ဥပါယာသ မီး ဆိုတဲ့ ကိလေသာမီးတွေ လောင်ကျွမ်းခြင်း ဒဏ်ကို သတ္တဝါတွေ ခံစားနေကြရတာ ဖြစ်တယ်။ လူသားများဟာ ဒီစိတ်ထဲမှာ ရှိတဲ့ ကိလေသာမီးတွေနဲ့ လောကကြီး

တစ်ခုလုံးကို လောင်ကျွမ်း ပျက်စီးသွားအောင် ပြုလုပ်နိုင်တယ်။ ဗုဒ္ဓဘာသာဝင်တွေရဲ့ အမြင်အရ ပြောရရင် ဒီလောကမှာပဲ ဖြစ်ဖြစ်၊ လောကရဲ့ ဟိုမှာဘက် အလွန်မှာပဲ ဖြစ်ဖြစ် ပိုပိုပြီး ဆင်းရဲဒုက္ခ ရောက်ကြရတဲ့ နေရာ ရှိလို့ရှိရင် အဲဒီနေရာဟာ ငရဲပဲ။ ဒီလောကမှာပဲ ဖြစ်ဖြစ်၊ တမလွန် လောကမှာပဲ ဖြစ်ဖြစ်၊ လောကုတ္တရာမှာပဲ ဖြစ်ဖြစ်၊ ချမ်းသာခြင်း သုခအပေါင်း ပြည့်ဝတဲ့ လောကမျိုး ဘုံဘဝမျိုး ရှိလို့ရှိရင် အဲဒီ နေရာဟာ နတ်ဘုံ နတ်နန်းလို သုခဘုံ၊ သုဂတိဘုံပဲ ဖြစ်တယ်။ သို့သော်လည်း လူ့ ဘုံကတော့ ဒုက္ခနဲ့ သုခ ရောပြွန်းနေတဲ့ ဘုံမျိုးပါ။ လူသားအနေနဲ့ ဆင်းရဲနှင့် ချမ်းသာ နှစ်မျိုးစလုံးကို ခံစားကြရတဲ့ အတွက်ကြောင့်သာ လူ့ဘဝရဲ့ အဖြစ်မှန် သဘောကို သိမြင် နားလည်နိုင်ကြရတာ ဖြစ်တယ်။ ဒါပေမဲ့ တခြား ဘုံဘဝတွေမှာတော့ မိမိတို့ ဘုံဘဝရဲ့ ဖြစ်တည်နေပုံ အမှန်ကို သိနားလည်ရန် အခွင့်အလမ်း နည်းပါတယ်။ တချို့ ဘုံဘဝတွေမှာ သုခထက် ဒုက္ခက ပိုများတယ်။ တချို့ ဘုံဘဝတွေကျတော့ ဒုက္ခထက် သုခက ပိုများပါတယ်။

ဗုဒ္ဓဘာသာဝင်များ ယုံကြည်ကြတာက လူဟာ သေပြီးနောက်မှာ ဘုံဘဝတစ်ခုခုမှာ ပြန်ပြီး ဇာတိ ပဋိသန္ဓေ တစ်ဖန် ဖြစ်ပြီး ဖြစ်တည်ခွင့် ရှိပါတယ်။ ဒီလို အနာဂတ် ဘဝ ဖြစ်တည်ခြင်းကို ဒီသတ္တဝါရဲ့ စုတိခါနီးမှာ ဖြစ်ပေါ်လာတဲ့ နောက်ဆုံး စုတိစိတ်က ပြုပြင်ဖန်တီးတာ ဖြစ်တယ်။ ဒီစုတိစိတ်ဆိုတာကလည်း မျက်မှောက် ဘဝနဲ့ ရှေးဘဝတွေက သူ ပြုခဲ့တဲ့ အတိတ်ကံ၊ ပစ္စုပ္ပန်ကံတွေကြောင့် ဖြစ်ပေါ်လာရတာပဲ ဖြစ်တယ်။

ဒါကြောင့် သေခါနီးမှာ မိမိ ပြုခဲ့တဲ့ ကုသိုလ်ကံတွေကို သူဟာ ပြန်ပြီး သတိရလို့ရှိရင် အနာဂတ် ဘဝမှာ သူဟာ သုဂတိဘုံမှာ ပဋိသန္ဓေ ရနိုင်တယ်။ ဒါပေမဲ့ ဒီအခြေအနေဟာလည်း ခဏပဲ ဖြစ်တယ်။ ဒီအခြေအနေတွေ ချုပ်ဆုံး ကုန်ခန်းသွားရင် တခြား ကံတွေက ဝင်ပြီး အဆုံးအဖြတ် ပေးပြန်တယ်။ (ဂရုကံက အရင် အကျိုးပေးတယ်။ နောက် မရဏာသန္နဇောမှာ ပေါ်လာတဲ့ ကံက အကျိုးပေးတယ်။ ဒီကံတွေ ကုန်မှ အခြား ဥပပစ္စကံ၊ အပရာပရိယကံတွေက အကျိုးပေးတယ်) ဒီကံတွေဟာ အထပ်ထပ် အကျိုးပေးနေမှာပဲ။ ဒီပုဂ္ဂိုလ်ဟာ သမ္မာဒိဋ္ဌိ အမြင် မရမချင်း အကျိုးပေးနေမှာပဲ ဖြစ်တယ်။ မိမိအနေနဲ့ အရိယာသစ္စာလမ်း ဖြစ်တဲ့ မဂ်လမ်းပေါ်ကို မရောက်သေးသရွေ့ ဒီကံတွေဟာ အကျိုးပေးနေမှာပဲ ဖြစ်တယ်။ အရိယာ မဂ်လမ်းသည်သာ အဆုံးစွန် ချမ်းသာခြင်း အမှန်ဖြစ်တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုစေနိုင်တဲ့ လမ်း ဖြစ်တယ်။

နတ်ရွာသုဂတိ ဆိုတာဟာလည်း ယာယီအိမ်သာ ဖြစ်တယ်။ လူသား အနေနဲ့ ကုသိုလ်ကောင်းမှုတွေကို ပြုလို့ရှိရင် ပိုမိုချမ်းသာတဲ့ ကာမဂုဏ် ချမ်းသာ တွေကို တွေ့ကြုံခံစားရတယ်။ အကုသိုလ် ဒုစရိုက်တွေကို လုပ်တဲ့ လူတွေကတော့ ပိုပြီး ဆင်းရဲတဲ့ အတွေ့အကြုံတွေကို ခံစားရတာ ဖြစ်တယ်။ ဒါကြောင့် ဒီအတွေ့ အကြုံတွေကို ခံစားရတဲ့ နေရာဒေသဆိုတာ အတည်တကျ မရှိနိုင်ပါဘူး။

နတ်ဘုံဆိုတာက ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်ခဲ့တဲ့ လူတွေ အချိန် ကြာကြာ ကာမဂုဏ် စည်းစိမ်တွေကို ခံစားရတဲ့ နေရာဖြစ်ပြီး ငရဲကလည်း အခြား ယာယီ ဒုက္ခ ခံစားရတဲ့ နေရာပဲ ဖြစ်တယ်။ ငရဲမှာ မကောင်းမှု အကုသိုလ်တွေကို အပြုများသူတွေဟာ အချိန်ကြာကြာ ဆင်းရဲ ဒုက္ခတွေကို ခံစားကြရတဲ့ နေရာသာ ဖြစ်တယ်။ ဒါကြောင့် ငရဲပဲ ဖြစ်ဖြစ်၊ နတ်ပြည်ပဲ ဖြစ်ဖြစ်၊ အမြဲ နေရတဲ့ နေရာ ဖြစ်တယ် ဆိုတာကို ယုံကြည်နိုင်ဖွယ် အကြောင်း မရှိပါဘူး။ ငရဲနဲ့ နတ်ပြည် (သုခဘုံ) နောက်ကွယ်မှာ ဖန်ဆင်းရှင် ထာဝရဘုရားသခင် တည်ရှိနေတယ် ဆိုတာလည်း မဖြစ်နိုင်ပါဘူး။ သတ္တဝါတိုင်းဟာ မိမိတို့ ပြုခဲ့တဲ့ ကံ (ကောင်းကံ၊ မကောင်းကံ) အားလျော်စွာသာ ခံစား၊ စံစားကြရတာပါ။ ဗုဒ္ဓဘာသာဝင်တွေက လူတွေကို အကြောက်တရားနဲ့ ငရဲနဲ့ ခြောက်လှန့်ပြီးလည်း ဗုဒ္ဓဘာသာကို လက်ခံ လာအောင် မလုပ်ဘူး။ သုခဘုံနဲ့ မြူဆွယ်ပြီးလည်း လက်ခံလာအောင် မလုပ်ဘူး။ ဗုဒ္ဓဘာသာရဲ့ အဓိက အယူအဆက လူတွေရဲ့ စိတ်ကို လေ့ကျင့် သင်ကြားပေးပြီး အကျင့်သီလ ကောင်းလာအောင် ထူထောင်ပေးဖို့ပဲ ဖြစ်တယ်။ ဗုဒ္ဓဘာသာဝင် တွေဟာ တရား အလုပ်၊ ဘာဝနာ အလုပ်ကို ကျင့်ကြံကြိုးကုတ် အားထုတ်ကြတာ နတ်ပြည် ရောက်ချင်လို့လည်း မဟုတ်ဘူး။ ငရဲကို ကြောက်လို့လည်း မဟုတ်ဘူး။ ဗုဒ္ဓဘာသာဝင်တွေ အဓိက ထားပြီး လုပ်ကြရမှာကတော့ လူသားတွေရဲ့ ကိုယ်ရည် ကိုယ်သွေးတွေကို လက်ဆုပ်လက်ကိုင်ပြုပြီး စိတ်ရဲ့ ငြိမ်းအေးခြင်းဖြင့် ဖြောင့်မှန်တဲ့ ဘဝကို ထူထောင်ကြဖို့ပဲ ဖြစ်ပါတယ်။

## နတ်ကို ယုံကြည်ခြင်း

*ဗုဒ္ဓဘာသာဝင်တွေဟာ နတ်တွေ အမျိုးမျိုး ရှိတယ် ဆိုတာကို မငြင်းကြပါဘူး။*

ကာမဂုဏ် စည်းစိမ် ချမ်းသာကို ခံစားကြရာမှာ နတ်တွေက လူတွေထက် သာလွန်ကောင်းမွန်စွာ ခံစားကြရပါတယ်။ သူတို့မှာက ကမ္ဘဇိဒ္ဓိတွေလည်း ရှိကြတယ်။ အဲဒီလို ကံကြောင့်ဖြစ်တဲ့ တန်ခိုး ဣဒ္ဓိမျိုးက လူမှာ မရှိတတ်ကြပါ။ ဒါပေမဲ့ ဒီနတ်တွေမှာ ရရှိတဲ့ တန်ခိုးတွေဟာလည်း အကန့်အသတ်နဲ့သာ ရှိကြတာပါ။ ဘာကြောင့်လဲဆိုတော့ သူတို့လည်း မမြဲတဲ့ သတ္တဝါမျိုးများ ဖြစ်ကြလို့ပါ။ သူတို့ဟာ ချမ်းသာတဲ့ သုဂတိဘုံမှာ နေကြရတယ်။ ချမ်းသာ သုခကို လူထက် ပိုပြီး အချိန်ကာလ ကြာမြင့်စွာလည်း ခံစားကြရတယ်။ သူတို့မှာလည်း ကောင်းမှု ကုသိုလ်ကံရဲ့ အရှိန်အဟုန်တွေ ကုန်ခန်းသွားတဲ့အခါ ဒီနတ်တွေလည်း အနိစ္စသဘောနှင့် နတ်သက်ကြွေပြီး သူတို့ ပြုထားတဲ့ ကောင်းမှု မကောင်းမှု ကံ အားလျော်စွာ ဘုံဘဝ တစ်ခုခုမှာ ပြန်ပြီး ဇာတိ ပဋိသန္ဓေ နေကြရပြန်တယ်။

မြတ်ဗုဒ္ဓရဲ့ အလိုတော်အရကတော့ လူသားများမှာ နောက်ဘဝမှာ ပိုကောင်းတဲ့ ဘဝ အခြေအနေမျိုးမှာ ဇာတိ ပဋိသန္ဓေ နေရဖို့အတွက် လိုအပ်တဲ့ ကောင်းမှုကံတွေ ပြုခွင့် ပိုပြီး ရရှိနိုင်တယ်လို့ ဆိုပါတယ်။ နတ်တွေမှာ ဒီလို ကုသိုလ်ပြုခွင့်ကျတော့ လူတွေလောက် မရကြဘူးလို့ ဟောတော်မူပါတယ်။

ဗုဒ္ဓဘာသာဝင်တွေက ဒီနတ်တွေဟာ ပိုပြီး အရေးပါ အရာရောက်တဲ့ သတ္တဝါတွေ ဖြစ်တယ်လို့ ဂုဏ် သတ်မှတ်တာမျိုး မရှိဘူး။ နတ်တွေက လူတွေကို အကျင့်သီလ ကောင်းမွန်လာအောင် အထောက်အပံ့ ပြုနိုင်ကြသူများ ဖြစ်တယ်လို့လည်း မယူဆတတ်ကြပါဘူး။ နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ကို နတ်များက ပေးနိုင်တယ်၊ ကူညီနိုင်တယ်လို့လည်း မယူဆတတ်ကြပါဘူး။ နတ်တွေဟာလည်း ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ လူရောနတ်ပါ သတ္တဝါ နှစ်မျိုးစလုံးဟာ သေဆုံးပြီး နောက်ဘဝမှာ ဇာတိ ပဋိသန္ဓေ ပြန်ရကြတဲ့ သတ္တဝါများချည်း ဖြစ်ကြပါတယ်။

ဗုဒ္ဓဘာသာဝင်တွေ ကြားမှာ ယေဘုယျအားဖြင့် ဘုံ ယုံကြည်ချက် တစ်ခုက လူတွေက ကောင်းမှု ကုသိုလ်တွေကို ပြုပြီး ဒီကောင်းမှု ကုသိုလ်တွေရဲ့ အဖို့ကို အမျှ ပေးဝေခြင်းအားဖြင့် ဒီနတ်တွေအပေါ် သူတို့က လူသားတွေကို ပြန်ပြီး မ,စလာကြရအောင် ဩဇာလွှမ်းမိုးနိုင်တယ်လို့ ယူဆကြတယ်။ ဒီယုံကြည်ချက်ဟာ ကောင်းမှုတွေကို ပြုပြီး ဘုရား အလုပ်ကို အားထုတ်နေကြတဲ့ လူတွေကို နတ်တွေက အန္တရာယ် မဖြစ်ဘဲ ကာကွယ် စောင့်ရှောက်လာအောင် တားမြစ်နိုင်တဲ့ ဗုဒ္ဓရဲ့ အာဏာစက်အပေါ်မှာ အခြေခံပြီး ဖြစ်လာတဲ့ ယုံကြည်မှု ဖြစ်ပါတယ်။ ဒါကြောင့် ဗုဒ္ဓဘာသာဝင်တွေဟာ မိမိတို့ပြုတဲ့ ကုသိုလ်ကောင်းမှုရဲ့ အဖို့ အစုကို နတ်များ

ရအောင် မျှဝေခြင်း အမှုကို ပြုလုပ်ကြတာ ဖြစ်တယ်။ ဒါပေမဲ့ ဗုဒ္ဓ ဘာသာဟာ နတ်တွေကို ပူဇော်ပသတာတို့၊ နတ်ကို ကိုးကွယ် ဆည်းကပ်တာတို့ကိုတော့ အားမပေးပါ။ တချို့ ဗုဒ္ဓဘာသာဝင်တွေကတော့ ဒီနတ် ကိုးကွယ်မှု အစဉ်အလာကို ဆက်လက် လုပ်ကိုင်နေကြတာ၊ နတ်ပွဲတွေ လုပ်ကိုင်နေကြတဲ့ အစဉ်အလာတွေ ရှိတော့ ရှိနေပါသေးတယ်။ လူတွေဟာ အခက်အခဲ ကြုံကြရတဲ့အခါမျိုးမှာ ဒီလို နတ်တွေဘက်ကို လှည့်သွားကြပြီး သူတို့ရဲ့ စိတ်ဆင်းရဲမှုတွေကို ဖြေဖျောက်ဖို့ လုပ်တတ်ကြတာ ရှိပါတယ်။

ဒီလို လုပ်လိုက်ရတဲ့အတွက် သူတို့ စိတ်ထဲမှာ သက်သောင့်သက်သာ ဖြစ်သွားရတာမျိုး ခံစားရတတ်ပါတယ်။ ဒီအခါ နေသာထိုင်သာ ရှိသွားကြတယ်။ သို့သော် ဉာဏ်ပညာရှိတဲ့ လူတွေကျတော့ သူတို့မှာ သန်စွမ်း ခိုင်မာတဲ့ စိတ်တန်ခိုးမျိုး ရှိကြပါတယ်။ ပညာကလည်း ခိုင်ခိုင်မာမာ ရှိတယ်။ ဒီလို နတ်တွေကို အားကိုးအားထား ပြုလို့လည်း ဘာအကျိုးကျေးဇူးမှ မရနိုင်ဘူးဆိုတာကို နားလည်ကြတယ်။ ဒီလို နတ်တွေကို ပူဇော်ပသနေလို့၊ ကိုးကွယ် ဆည်းကပ်နေလို့ နိဗ္ဗာန်ချမ်းသာကို ရနိုင်ကြောင်း ဟောကြားထားတဲ့ တရားမျိုး ဗုဒ္ဓဘာသာမှာ ဘာတစ်ခုမှ မရှိပါ။ မိမိကိုယ်မှအပ ဘယ်အပြင်ဘက်က ပုဂ္ဂိုလ်ကမှ မိမိကို ဝိသုဒ္ဓိ ဖြစ်အောင် မလုပ်ပေးနိုင်ဘူးလို့ ဓမ္မပဒ ပါဠိတော်မှာ ဟောကြားတော်မူထားပါတယ်။

> ၁၆၅။ မကောင်းမှုကို မိမိ ပြုခဲ့လျှင် မိမိသည်ပင် ညစ်နွမ်းရ၏။ မကောင်းမှုကို မိမိ မပြုလုပ်ခဲ့လျှင် မိမိသည်ပင် စင်ကြယ်၏။ စင်ကြယ်သော ကုသိုလ်နှင့် မစင်ကြယ်သော အကုသိုလ်သည် တခြားစီ ဖြစ်၏။ သူ တစ်ယောက်သည် အခြားသူ တစ်ယောက်ကို (ကိလေသာ အညစ်အကြေးမှ စင်ကြယ်အောင်) မသုတ်သင်နိုင်။
>
> (ဓမ္မပဒ-၁၆၅)

ဗုဒ္ဓ အဖြစ်ကို ရခြင်း၊ နိဗ္ဗာန်ကို ရောက်ခြင်းသည် အပြင်အပမှ အကူအညီ မပါဘဲနှင့်သာ ရရောက်ရခြင်း ဖြစ်တယ်။ ဒါကြောင့် ဗုဒ္ဓဘာသာဝင်များ မိမိတို့ရဲ့ တရား အားထုတ်မှုကို နတ်တွေကို အားမကိုးဘဲ မိမိဘာသာ သာလျှင် ကျင့်ကြံ အားထုတ်သင့်ပါတယ်။

# ဝိညာဉ်လောက

*မြင်ရတဲ့ အလင်းရောင်နှင့် မမြင်ရတဲ့ အလင်းရောင် ရှိသကဲ့သို့ မြင်ရတဲ့ သတ္တဝါနဲ့ မမြင်ရတဲ့ သတ္တဝါတွေလည်း ရှိကြတယ်။*

ကောင်းတဲ့ အောက်နတ် ဝိညာဉ်တွေရော၊ မကောင်းတဲ့ အောက်နတ် ဝိညာဉ်တွေရော တည်ရှိတယ် ဆိုတာကို ဗုဒ္ဓဘာသာက မငြင်းပါဘူး။ လောကမှာ မြင်ရတဲ့ သတ္တဝါတွေရော၊ မမြင်နိုင်တဲ့ သတ္တဝါတွေလည်း ရှိတယ်။ မြင်ရတဲ့ အလင်းရောင်နဲ့ မမြင်ရတဲ့ အလင်းရောင်တွေ တည်ရှိနေသလိုပေါ့။ မမြင်ရတဲ့ အလင်းရောင်ကို မြင်ရဖို့အတွက် အထူး စီမံထားတဲ့ အသုံးကိရိယာလိုသလိုပဲ။ မမြင်ရတဲ့ ဝိညာဉ် လောကသားတွေကို မြင်ရဖို့ရာ အထူး အာရုံသိမှုမျိုး လိုပါတယ်။ ကိုယ်က သာမန် မျက်လုံးနဲ့ ကြည့်လို့ မမြင်ရတာကြောင့် ဝိညာဉ် လောကသားများ မရှိဘူး ဆိုပြီး ငြင်းလို့ မရပါ။ ဒီဝိညာဉ် လောကသားများဟာလည်း မွေးနေ သေနေကြရတဲ့ သတ္တဝါတွေပဲ ဖြစ်တယ်။ သူတို့လည်း ဒီလို ဝိညာဉ် ပုံသဏ္ဌာန်ကြီးနဲ့ အမြဲ နေကြရတာ မဟုတ်ပါဘူး။ ကျွတ်ချိန်တန်လို့ ဒီဘဝက လွတ်ကြကျွတ်ကြရလို့ရှိရင် သူတို့လည်း ကျွန်ုပ်တို့ နေကြရတဲ့ လောကကြီးထဲမှာ နေကြရတယ်။ ဗုဒ္ဓဘာသာဝင် စစ်စစ်ကတော့ မြတ်ဗုဒ္ဓ ရှာဖွေ ဖော်ထုတ်ပေးခဲ့တဲ့ ကိုယ်ကျင့်သီလ မြတ်ဓမ္မနှင့်အညီ မိမိတို့ ကိုယ်ကို ပြုပြင်နေထိုင်ကြတယ်။ ဗုဒ္ဓဘာသာဝင် စစ်စစ်အနေနှင့် ဒီနတ် ဝိညာဉ်ကောင်တွေကို ကြောက်စိတ်နဲ့ ကိုးကွယ် ဆည်းကပ်နေစရာ မလိုဘူး။ ဒါပေမဲ့ ဒီနတ် ကိုးကွယ်မှု ဝိညာဉ် လောကသားများကို ပူဇော်ပသ ကိုးကွယ်နေကြရာ မှာလည်း စိတ်ဝင်စားစရာ၊ စွဲမက်စရာ ကောင်းတာတွေ ပါဝင်နေလို့ တချို့ ဗုဒ္ဓဘာသာဝင် အမည်ခံ ဗုဒ္ဓဘာသာဝင်တွေဟာ ဒီနတ်တွေကို ပူဇော်ပသမှုတွေ ဘက် ပါသွားတတ်ကြတာ သဘာဝကျပါတယ်။

နတ်မိစ္ဆာတွေ ရန်ကို ကာကွယ်ဖို့အတွက်ကတော့ မကောင်းမှုကို ကာကွယ် ရာမှာ အကောင်းဆုံး ဒိုင်းလွှားကတော့ ကောင်းမှု ကုသိုလ်ပြုလုပ်ခြင်းပဲ ဖြစ်တယ်။ ကောင်းမှုပြုတဲ့ ပုဂ္ဂိုလ်အတွက် အကောင်းဆုံး ကာဆီးထားတဲ့ နံရံကြီးဟာ ကောင်းမှု ကုသိုလ်ပဲ ဖြစ်တယ်။ မိမိက မကောင်းမှုကို တံခါး ဖွင့်ပေးမချင်း ဒီ မကောင်းမှု ဒုစရိုက်တွေဟာ မိမိ နေရာကို ဖောက်ထွင်းပြီး ဝင်မလာနိုင်ပါ။ လူတစ်ယောက် သည် မိမိကိုယ်ကို ကောင်းမြတ် မှန်ကန်အောင် အကျင့်သီလ၊ စရဏနှင့် နေထိုင်တဲ့

အတွက် ကိုယ်ကျင့်သီလ လုံခြုံပြီး မြတ်သော ဘဝနေနည်းဖြင့် နေစေကာမူ ဒီပုဂ္ဂိုလ်ဟာ ဒီနတ်မိစ္ဆာတွေက ငါ့ကို အန္တရာယ် ပြုနိုင်သေးတယ်လို့ ယုံကြည်နေရင်တော့ သူ့အဖို့ အန္တရာယ်ကို ကာကွယ်နိုင်တဲ့ အကျင့်သီလ ဒိုင်းလွှားဟာလည်း လုံခြုံမှုကို ပေးနိုင်မှာ မဟုတ်တော့ပါ။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဒီဝိညာဉ် လောကသား အောက်နတ်များကို ကိုးကွယ် ဆည်းကပ်ရမယ်။ သူတို့ကို ကြောက်သင့်တယ်လို့ ဘယ်အခါကမျှ ဟောကြားခြင်း မရှိပါ။ ဒီနတ်တွေအပေါ် ဗုဒ္ဓဘာသာဝင်တွေ ဆက်ဆံရာမှာ ထားသင့်တဲ့ သဘောထားကတော့ မိမိတို့ ပြုတဲ့ ကုသိုလ် ကောင်းမှုတွေကို အမျှအတန်း ဝေပေးဖို့ပဲ ဖြစ်တယ်။ မေတ္တာ ပို့ပေးဖို့ပဲ ဖြစ်တယ်။ ဗုဒ္ဓဘာသာဝင်တွေဟာ သူတို့ကို အန္တရာယ် မပြုဘူး။ တစ်နည်းဆိုရရင် လူတစ်ယောက်ဟာ ဘာသာတရားကို ကိုင်းရှိုင်းခြင်းလည်း ရှိတယ်။ အကျင့်သီလလည်း လုံခြုံတယ်။ စိတ်လည်း စင်ကြယ်တယ်။ ဉာဏ်ပညာလည်း ရှိတယ်။ အားကြီးတဲ့ စိတ်တန်ခိုးလည်း ရှိတယ်ဆိုရင် နားလည်နိုင်စွမ်းလည်း ရှိတယ်ဆိုရင် သူဟာ ဝိညာဉ် လောကသား အောက်နတ်များထက် ပိုပြီး အားအင် ကြီးမားပါတယ်။ ဒီလို ပုဂ္ဂိုလ်မျိုးကို မိစ္ဆာနတ်များက အနားမကပ်နိုင်ပါ။ ဝေးဝေးက ရှောင်ကြဉ်ကြရတဲ့ အပြင် သူ့ကို ကာကွယ်ခြင်း တောင်ပြုကြရတယ်။

## ကောင်းမှုကို အမျှပေးဝေခြင်း အကျိုး

*ကွယ်လွန်သွားသူများ၊ ခွဲခွာသွားသူများကို တကယ်လို့ ကိုယ်က ချီးမြှင့်ချင်ရင်၊ ကူညီချင်ရင် မိမိက သူတို့အတွက် ရည်စူးပြီး ကုသိုလ် ကောင်းမှု ပြုပါ။ ပြီးတော့ သူတို့ကို မိမိရဲ့ ကောင်းမှု အဖို့ကို အမျှ ပေးဝေပါ။*

ဗုဒ္ဓဘာသာအရ ကောင်းမှု ကုသိုလ်ပြုခြင်းဟာ ပြုလုပ်သူကိုသာ ဒီဘဝ နောင်ဘဝမှာ ချမ်းသာသုခ ရစေရုံမျှမက ဒီကောင်းမှုသည် ဘဝရဲ့ အဆုံးဖြစ်တဲ့ နိဗ္ဗာန် ရောက်ကြောင်း အထောက်အပံ့လည်း ဖြစ်စေနိုင်တယ်။ ဒီလို ကောင်းမှု ကုသိုလ်ကို ကာယကံအားဖြင့် လည်းကောင်း၊ ဝစီကံအားဖြင့် လည်းကောင်း၊ မနောကံအားဖြင့်

လည်းကောင်း ပြုလုပ်နိုင်ပါတယ်။ ကောင်းမှုမှန်သမျှဟာ ကုသိုလ် အကျိုးကို ရရှိစေတယ်။ ဒီကောင်းမှု ကံတွေဟာ ကုသိုလ်ပြုသူအတွက် ကံကြွေးများအဖြစ် စုဆောင်းထားပြီး ဖြစ်တယ်။ ဗုဒ္ဓဘာသာက မိမိမှ စုဆောင်း ရရှိထားပြီး ဖြစ်တဲ့ ကောင်းမှုကံရဲ့ အကျိုးများ၊ အကြွေးများကို သူတစ်ပါးကို မျှဝေပေးလို့လည်း ရတယ်လို့ သင်ကြားထားပါတယ်။ တစ်နည်းဆိုရလျှင် ဒီကံကျိုးဟာ အပြန်အလှန် မျှဝေပေးလို့လည်း ရတယ်။ ဒီပေးဝေသူရဲ့ အမျှပေးဝေတာကို သက်ရှိ အသက် ရှင်နေသူရော သေပြီးသူများ၊ ဘဝ တစ်ပါး ပြောင်းသွားတဲ့ ဝိညာဉ် လောကသား ပြိတ္တာများလည်း ရရှိနိုင်တယ်။

မိမိပြုတဲ့ ကောင်းမှု ကုသိုလ်ရဲ့ အဖို့ကို အမျှဝေတဲ့ ကိစ္စဟာ အလွန် လွယ်ကူပါတယ်။ ကုသိုလ်ကောင်းမှု ပြုသူက မိမိရဲ့ ကုသိုလ်ကောင်းမှု အဖို့ အစု ကို တစ်စုံတစ်ဦးက ရပါစေ။ ဒါမှ မဟုတ် သတ္တဝါမှန်သမျှ သုခတိ ဒုက္ခိတများ အားလုံး ရရှိကြပါစေလို့ ဆန္ဒပြုလိုက်ရုံမျှပဲ ဖြစ်ပါတယ်။ ပထမ မိမိက ကောင်းမှု ကုသိုလ် တစ်ခုခုကို ပြုရမယ်။ ပြီးတော့ ဒီကောင်းမှုကို သူတစ်ပါးလည်း ရပါစေလို့ ဆန္ဒပြုရမယ်။ ဒီလို အမျှပေးဝေတာကို စိတ်ထဲက ပြုလုပ်လို့လည်း ရတယ်။ နှုတ်က ဖွင့်ပြီး အမျှ. . . အမျှလို့ ပြောဆိုရင်လည်း ရတယ်။

ကောင်းမှုကို အမျှပေးဝေတဲ့အခါ စိတ်ထဲက ဒီကောင်းမှုရဲ့ အကျိုးကျေးဇူးကို နားလည်ပြီး လုပ်တာ ပိုကောင်းတယ်။ ဒီလို ကောင်းကျိုးကို လိုလားတဲ့ သဘောကို နားလည်ပြီးလုပ်ရင် ဒီကောင်းမှုဟာ အပြန်အလှန်အားဖြင့် အမျှပေးဝေသူကိုရော ရရှိသူကိုပါ ဝမ်းမြောက်ဝမ်းသာ ဖြစ်စေနိုင်တယ်။ ဒီအခါ ကောင်းကျိုးရဲ့ အဖို့ကို အမျှ ခံစားရသူသည် မူလကောင်းမှု ပြုသူနှင့် အပေါင်းပါ ဖြစ်လာပြီး ဒီကောင်းမှု ပြုရာမှာ မိမိလည်း ပူးပေါင်း ပါဝင်ခဲ့တယ်လို့ ခံစားရတယ်။ ဒီလိုသာ အကျိုး ခံစားရသူသည် မူလ ကောင်းမှုပြုသူနှင့် ပြုသောကောင်းမှုကို မိမိနှင့် ထပ်တူ ပြုလိုက်နိုင်ပြီ ဆိုတဲ့အခါ ဒီပုဂ္ဂိုလ်သည် မူလ ကောင်းမှုပြုသူထက်တောင် ပိုပြီး အကျိုး ကျေးဇူးကို ပိုရနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့ရဲ့ စိတ်က ပိုပြီး ပြုသူကို အားကျတာကြောင့် ဖြစ်တယ်။ ဒီလို တရားရဲ့ သဘောကို နားလည်ပြီး ကောင်းမှု ကုသိုလ်ကို တန်ဖိုးထားတတ်တဲ့အတွက် ပိုပြီး ကောင်းကျိုး ခံစားရခြင်း ဖြစ်တယ်။ ဒီလို အဖြစ်မျိုး ဝတ္ထုကြောင်းတွေ အများအပြား ဗုဒ္ဓရဲ့ ကျမ်းဂန်တော်တွေ ထဲမှာ ပါဝင်ပါတယ်။

'ကောင်းမှုကို အမျှပေးဝေရတဲ့ ချမ်းသာသုခ' သည် ကောင်းမှုပြုသူက သိသည် ဖြစ်စေ၊ မသိဘဲ ဖြစ်စေ ခံစားရတတ်တယ်။ ဒီလို ခံစားရမှု အားလုံးဟာ

အမျှကို လက်ခံရရှိတဲ့ အကျိုးကျေးဇူး ခံစားရသူတွေ ပျော်ရွှင်တာနှင့်အမျှ သူတို့ စိတ်နှလုံးထဲက ပျော်ရွှင် ချမ်းသာခြင်းကို ခံစားရတာနဲ့အမျှ မိမိရဲ့ စိတ်ထဲမှာလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်တတ်ဖို့ပဲ လိုပါတယ်။ မိမိက ဒီလို သူများကို မိမိ ကောင်းမှုရဲ့ အဖို့ အစုကို အမျှပေးဝေလိုက်လို့ သူများ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြရတာကို တုံ့ပြန်ပြီး မိမိကလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြောင်းကို ဖော်ပြချင်ရင်တော့ သာဓု. . . သာဓု. . . သာဓုလို့ ဆိုရုံပါပဲ။ သာဓု ဆိုတာရဲ့ အဓိပ္ပာယ်က ကောင်းလေစွ၊ ကောင်းလေစွ။ သူ ပြုနေတာဟာ မနောကံ၊ ဝစီကံ အားဖြင့် ချီးမွမ်းခြင်း၊ အားပေးခြင်းကို ဖော်ပြတာပဲ ဖြစ်တယ်။ တခြားသူ တစ်ဦးတစ်ယောက် ပြုတဲ့ ကောင်းမှုကို အမျှဝေတာကို ခံယူတဲ့အခါမှာလည်း အရေးကြီးတာက အမျှရသူရဲ့ စိတ်နှလုံးထဲမှာ ဒီအပြုအမူကို ဝမ်းမြောက်ဝမ်းသာ အသိအမှတ်ပြုပြီး ခံယူတတ်ဖို့ပဲ ဖြစ်တယ်။ မြတ်ဗုဒ္ဓရဲ့ အလိုတော်ကတော့ ကံ ကိစ္စ အားလုံးမှာ စိတ်ဟာ အဓိကပဲ ဖြစ်တယ်။ အမျှဝေတာဟာ အခြေခံကတော့ မနောကံပဲ ဖြစ်တယ်။

ဒီလို အမျှပေးဝေလိုက်ရလို့ မူလ ကောင်းမှု ပြုသူမှာ ရထားတဲ့ ကုသိုလ် အဖို့ အစုဟာ ကုန်သွားတဲ့သဘော မရပါ။ တစ်နည်းအားဖြင့် ဆိုရရင် အမျှပေး ဝေတာဟာလည်း ကောင်းမှု ကုသိုလ် တစ်ခုကို ထပ်ပြီး ပြုလုပ်လိုက်တာ ဖြစ်လို့ ထပ်ပြီးတောင်မှ ကုသိုလ်ရတတ်ပါသေးတယ်။

## ဘဝတစ်ပါး ပြောင်းသွားသူများအတွက် အကောင်းဆုံး လက်ဆောင်

ဗုဒ္ဓရှင်တော်မြတ်ဘုရားက ကွယ်လွန်သွားကြပြီ ဖြစ်တဲ့ မိမိတို့ရဲ့ မိဘ ဘိုးဘွားများ အတွက် အကောင်းဆုံး ပေးနိုင်တဲ့ အကောင်းဆုံး လက်ဆောင်ဟာ မိမိက ကုသိုလ် ကောင်းမှုပြုပြီး ဒီကောင်းမှုကို အမျှပေးဝေခြင်းပဲ ဖြစ်တယ်လို့ ဟောတော်မူတယ်။ ပြီးတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဒီလို ပြုလုပ်လိုက်ခြင်းအားဖြင့် အမျှ ပေးဝေသူမှာလည်း ပြန်ပြီး ဒီကံရဲ့ အကျိုး၊ အသီးအပွင့်ကို ပြန်ပြီး ခံစားရတယ်လို့ ဟောတယ်။

ဥပမာ- အရိယာ သူတော်စင် တစ်ပါးကို မွန်မြတ်သော ဆွမ်းဖြင့် ကောင်းမှု ကုသိုလ်ပြုရတယ်ဆိုရင် ဒီကောင်းမှုကို ဘဝ တစ်ပါးသို့ ခွဲခွာသွားပြီ ဖြစ်တဲ့ မိဘ ဘိုးဘွားများအား အမျှပေးဝေတဲ့အခါ ဒီမိဘ ဘိုးဘွားတွေ အသက်ရှင်စဉ်အခါက သူတို့ဟာ ငါ့အား ပစ္စည်း ဥစ္စာများ အရင်းအနှီးများ ပေးခဲ့တယ်။ သူတို့ဟာ ငါရဲ့

ဆွေမျိုးသားချင်းတွေ ဖြစ်တယ်။ ငါ့ အပေါ် ကျေးဇူး ရှိခဲ့ဖူးတယ်လို့ စိတ်ကလည်း သတိရ အောက်မေ့ပြီး ပြုသင့်တယ်လို့ မြတ်စွာဘုရား (ခုဒ္ဒကပါဌ တိရောကုဍ္ဍသုတ်) မှာ ဟောကြားတော်မူတယ်။ ဝမ်းနည်းရုံ၊ ကြေကွဲရုံ၊ လွမ်းဆွတ်ရုံ၊ ငိုကြွေးရုံလောက်နဲ့ ဘာမှ အရာမရောက်ပါဘူး။ ဒီလို ပူဆွေး ငိုကြွေးပြရုံမျှဟာ ဘဝ တစ်ပါး ပြောင်းသွား သူများအတွက် ဘာအကျိုးကိုမျှ မခံစားကြရပါဘူး။

သူတစ်ပါးကို အန္တရာယ် မပြု ဘေးဥပဒ် မဖြစ်စေဘဲနှင့် ကောင်းမှုကုသိုလ် တွေကိုသာ အသက်ရှင်နေစဉ် ဘဝ တစ်လျှောက်လုံးမှာ ပြုလုပ်ခဲ့ကြတဲ့ သူတွေဟာ မုချအားဖြင့် သုဂတိ ဘဝမှာ ဇာတိ ပဋိသန္ဓေ တည်နေခွင့် ရကြရမှာ ဖြစ်တယ်။ ဒီပုဂ္ဂိုလ်မျိုးကတော့ အသက်ရှင်လျက် ကျန်ရစ်သူ ဆွေမျိုးသားချင်းများရဲ့ အကူ အညီကိုလည်း ရဖို့ မလိုအပ်ပါဘူး။ သို့သော် သုဂတိ ဘဝမှာ ပဋိသန္ဓေ ရခွင့်မရှိလို့ အပါယ် ဘဝကို ရောက်သွားကြရသူများကတော့ သူတို့အတွက် အသက်ရှင် ကျန်ရစ်သူ ဆွေမျိုးသားချင်းများထံက သူတို့မှာ ချွတ်ယွင်း ချို့ငဲ့လှတဲ့ ကောင်းမှု တွေကို ရဖို့ အထူးပဲ မျှော်လင့်တတ်ကြတယ်။ ဒီကုသိုလ် အဖို့ အစုကို သူတို့ ရရှိကြမှသာ သူတို့ဟာ ဘဝဆိုးက ကျွတ်လွတ်ပြီး သုဂတိ ဘဝမှာ ပြန်ပြီး ဇာတိ ပဋိသန္ဓေ တည်နေကြရမှာ ဖြစ်တယ်။

မြတ်ဗုဒ္ဓရဲ့ ဒီလို ကုသိုလ်ကောင်းမှုကို ကွယ်လွန်ပြီး သူများအား အမျှပေး ဝေရမယ်လို့ မိန့်မှာချက်သည် ဟိန္ဒူဘာသာဝင်များ ခေတ်အဆက်ဆက် လက်ခံ လာခဲ့ကြတဲ့ ဓလေ့ထုံးစံတွေကို တုံ့ပြန်လိုက်ခြင်းပဲ ဖြစ်တယ်။ သူတို့က ကွယ်လွန် သွားကြတဲ့ မိဘ ဘိုးဘွားများရဲ့ ဝိညာဉ်တွေ ငြိမ်းချမ်းစွာ ဘဝတစ်ပါးမှာ နေရ အောင်ဆိုပြီး ပွဲသဘင် အခမ်းအနား အမျိုးမျိုးကို ပြုလုပ်ကြတယ်။ ဒီဓလေ့ထုံးစံ တွေဟာ တချို့ ဗုဒ္ဓဘာသာဝင်များရဲ့ လူမှုဘဝအပေါ်မှာ ကြီးကြီးကျယ်ကျယ် သြဇာ သက်ရောက်မှုတွေ ရှိခဲ့တယ်။ ကောင်းမှု ကုသိုလ် ပြုလုပ်တိုင်းမှာ ကွယ်လွန် သွားပြီး ဖြစ်ကြသူများကို သတိရကြ၊ အောက်မေ့တတ်ကြတယ်။ ဒီပုဂ္ဂိုလ်တွေရဲ့ အသက်ရှင်စဉ်တုန်းက အဖြစ်အပျက်တွေနဲ့ ဆက်စပ်တဲ့အခါ ပိုပြီး သတိတရ ရှိတတ်ကြတယ်။ မွေးနေ့အခါမျိုး ကွယ်လွန်တဲ့ နှစ်ပတ်လည်နေ့ ရောက်တဲ့အခါမျိုး မှာ ပိုပြီး သတိတရ ကောင်းမှု ကုသိုလ် ပြုတတ်ကြတယ်။ ဒီလို အခါမျိုးမှာ ပူဇော်ပသပွဲတွေကို လုပ်ခဲ့ကြတယ်။ ဒီလို အခါမှာ ရေစက်သွန်းချ အမျှဝေတဲ့ လုပ်ရိုးထုံးစံ ရှိခဲ့ကြတယ်။

ဒီလို ရေစက်ချ အမျှပေးဝေတာနဲ့ ပတ်သက်ပြီး အကျိုးသက်ရောက်မှု ရှိပုံအပေါ် ပညာရှင်များ အချေအတင် ငြင်းခုံခဲ့ကြတယ်။ ဗုဒ္ဓဘာသာဝင်များရဲ့ နိုင်ငံတွေမှာ ဒီရှေးရိုး အစဉ်အလာဟာ ခုကာလတိုင်အောင် ဆက်လက် တည်ရှိနေဆဲ ဖြစ်တယ်။ ဒီလို ကုသိုလ်ကောင်းမှုကို ပြုပြီး အမျှဝေခြင်းရဲ့ အဓိပ္ပာယ်နှင့် အကျိုးကိုရော၊ လုပ်သင့်တဲ့ လုပ်ထုံးလုပ်နည်းကိုရော သိတဲ့လူ အလွန် နည်းပါးပါတယ်။

တချို့ လူတွေဟာ အလဟဿ အချိန်ကုန် ငွေကုန်ခံပြီး ပွဲလမ်းသဘင် အခမ်းအနားတွေကို ကွန်လွန်သူများအတွက် ပြုလုပ်နေကြတယ်။ တချို့ဆို ကြီးကျယ်တဲ့ သင်္ချိုင်း ဂူကြီးတွေ ဗိမာန်ကြီးတွေ တည်ဆောက်ကြတယ်။ စက္ကူအိမ်တွေ တိုက်တွေကို ပြုလုပ်ပြီး မီးရှို့တာတွေ၊ တခြား အသုံးအဆောင် ပစ္စည်းတွေကို စက္ကူနှင့် ပြုလုပ်ပြီး မီးရှို့ကြတာတွေဟာ ကွယ်လွန်သူများအတွက် ဘာမျှ အကျိုး မခံစားရဘူး ဆိုတာ မသိကြဘူး။ ရွှေစက္ကူ ငွေစက္ကူတွေ မီးရှို့လို့လည်း ကွယ်လွန်သူမှာ ဘာမျှ မရကြပါဘူး။ တိရစ္ဆာန်တွေကို သတ်ဖြတ်ပြီး ပူဇော်ပြီး အစားအစာတွေ ကျွေးလို့လည်း ကွယ်လွန်သူတွေမှာ ဘာအကျိုး ကျေးဇူးမျှ မခံစားကြရပါဘူး။ သေသူတွေမှာ ကျန်ရစ်တဲ့ ပစ္စည်းတွေကို မီးရှို့လိုက်ရင် သူတို့မှာ ဒီပစ္စည်းများကို ရကြမယ်ထင်ပြီး ပြုလုပ်ကြတာဟာလည်း အကျိုးမဲ့ လုပ်ရပ် တစ်ခုသာ ဖြစ်တယ်။ အလဟဿ ဖြုန်းတီးခြင်း တစ်မျိုးပဲ ဖြစ်တယ်။ အဲဒီ ပစ္စည်းတွေကို မရှိဆင်းရဲသားတွေ ဝတ်ရအောင် စားရအောင် စွန့်ကြလိုက်တာကမှ အကျိုးရလဒ်ကို ခံစားရမှာ ဖြစ်တယ်။

ကွယ်လွန်ပြီး ဘဝတစ်ပါးသို့ ပြောင်းသွားသူများအတွက် အကောင်းဆုံး လုပ်သင့်တဲ့ အလုပ်က တစ်မျိုးပဲ ရှိတယ်။ အဲဒါကတော့ ကုသိုလ်ကောင်းမှုတွေကို သူတို့အား သတိတရနဲ့ ဘာသာရေး နည်းလမ်းတကျ ပြုပြီး အမျှပေးဝေဖို့ပဲ ဖြစ်တယ်။ ဆွမ်းကျွေးတာတို့၊ ဘုရား တန်ဆောင်း ကျောင်းကန်တွေ တည်ဆောက်တာ ကျောင်းတွေ တည်ဆောက်တာ ပိဋကတိုက်တွေ ဆေးရုံတွေ တည်ဆောက်တာနဲ့ အခြား ဒါနကောင်းမှုတွေ ပြုတာပဲ ဖြစ်တယ်။

ဗုဒ္ဓမြတ်စွာဘုရားရဲ့ တပည့်သာဝကများအနေနဲ့ ဘယ်ထုံးစံကိုမှ မျက်စိမှိတ်လိုက်နာတာမျိုး မပြုလုပ်ဘဲ အသိဉာဏ် ပညာရှိရှိနှင့်သာ လုပ်ဆောင်သင့်တယ်။ တခြား လူတွေက သေသူတွေအတွက် နတ်တွေဆီမှာ ဆုတောင်းကြတယ်။ ကုသိုလ် ကောင်းမှုတွေကို ပြုပြီး ဒီကောင်းမှု ကုသိုလ်ရဲ့ အဖို့ အစုကို မိမိတို့ရဲ့ ချစ်ခင်တဲ့ ဘဝတစ်ပါးသို့ ပြောင်းသွားပြီး သူတို့ရဲ့ ဘဝ အခြေအနေ ကောင်းမွန်

ရေးအတွက် အမျှအတမ်း ပေးဝေနိုင်တယ်။ ဒါဟာ ကွယ်လွန်ပြီးသူများကို အကောင်းဆုံး သတိတရနှင့် ဂုဏ်ပြုနည်းပဲ ဖြစ်တယ်။ ဘဝ တစ်ပါးသို့ ပြောင်းသွားကြပြီး သူများကလည်း မိမိတို့မှာ ဘဝ အခြေအနေ ကောင်းမွန်ပြီး ချမ်းသာပျော်ရွှင်ရတာနှင့်အမျှ သူတို့က တစ်ဖန် အပြန်အလှန်အားဖြင့် အသက်ရှင်နေဆဲ ဆွေမျိုးသားချင်းတွေ၊ လောကီ အကျိုးစီးပွား ဖြစ်အောင် ကူညီမ,စတတ်ကြတယ်။ ဒါကြောင့် ကျန်ရစ်သူ ဆွေမျိုးသားချင်းတွေမှာ ကွယ်လွန်သွားကြသူများကို သတိရအောက်မေ့လျက် သူတို့အတွက် ရည်စူးပြီး ကောင်းမှု ကုသိုလ်တွေ ပြုသင့်တယ်။ ကောင်းမှုရဲ့ အဖို့ကိုလည်း သူတို့အား အမျှဝေဖို့ တာဝန်ရှိတယ်။ မေတ္တာ ပို့ဖို့လည်း တာဝန် ရှိတယ်။

# ၁၇
# ကြိုတင်နိမိတ်ဖတ်ခြင်းနှင့် အိပ်မက်များ

## ဗေဒင်နှင့် နက္ခတ္တဗေဒ

*ကျွန်ုပ်သည် ဝေဒပညာကို ယုံကြည်သော်လည်း ဗေဒင်ဆရာကိုတော့ မယုံကြည်ဘူး။*

ရှေးပဝေသဏီ ကာလ ကတည်းက လူသားသည် ကြယ်တာရာများ (နက္ခတ်တာရာ) များကို အထူး စိတ်ဝင်စားခဲ့ကြပြီး ဂြိုဟ် နက္ခက်တာရာများနှင့် လူသားတို့၏ ကံကြမ္မာများ အကြား အဆက်အစပ်များ ဘယ်လို ရှိသလဲ ဆိုတာကို ရှာဖွေ စူးစမ်းခဲ့ကြတယ်။ ကြယ်တာရာများ ဂြိုဟ်များရဲ့ အသွားအလာကို ကြည့်ရှု လေ့လာမိကြတဲ့အခါ ဒီလေ့လာ တွေ့ရှိချက်က အရေးကြီးတဲ့ အချက်အလက် နှစ်ခုကို ဖြစ်ပေါ်စေခဲ့တယ်။ ဒါတွေက ဗေဒင်ပညာနှင့် နက္ခတ္တဗေဒ ပညာများ ပေါ်ပေါက်လာခြင်းပဲဖြစ်တယ်။

နက္ခတ္တ ပညာဟာ ဂြိုဟ်များ၊ ကြယ်တာရာများရဲ့ အကွာအဝေးကို တိုင်းတာခြင်း၊ ဂြိုဟ်တာရာများရဲ့ ဆင့်ကဲ ပြောင်းလဲ ဖြစ်ပေါ်လာပုံနဲ့ သူတို့ရဲ့ ဂြိုဟ်အသွားအလာကို လေ့လာတဲ့ သိပ္ပံပညာ စစ်စစ်ပဲ ဖြစ်တယ်။ ဒီနက္ခတ္တဗေဒဆိုင်ရာ အတွက်အချက်များဟာ နက္ခတ်တာရာများ ဂြိုဟ်များနှင့် ကမ္ဘာမြေကြီး (ဂြိုဟ်) တို့ရဲ့ ဆက်နွယ်မှုကို အခြေခံပြီး ဒီဂြိုဟ်များရဲ့ အသွားအလာ အပြောင်းအလဲကြောင့် လူသားများရဲ့ ရုပ်ပိုင်းဆိုင်ရာ အပေါ် ဘယ်လို အကျိုး သက်ရောက်မှုရှိသလဲ ဆိုတာကို တွက်ချက်ပြီး စဉ်းစားတာ ဖြစ်တယ်။ ခေတ်သစ် နက္ခတ်ပညာက အဖြေရှာလို့ မရသေးတဲ့ လူသားများ ဘယ်လို စတင် ပေါ်ပေါက်လာခဲ့သလဲဆိုတဲ့ အမေး ပုစ္ဆာ ပြဿနာရဲ့ အဖြေကို ရှာပေးဖို့ အထိ အားထုတ်ကြတာကို တွေ့ရတယ်။ လူသားများရဲ့ လောကကြီး ဘယ်လို ဘယ်ပုံ ပျက်စီး ပျောက်ကွယ်သွားနိုင်သလဲဆိုတဲ့ ဖြစ်နိုင်ခြေတွေကိုလည်း စဉ်းစားလာကြတယ်။ ဒီနက္ခတ်ပညာဟာ အလွန် စွဲမက်စရာကောင်းတဲ့ ပညာရပ် နယ်ပယ် တစ်ခု ဖြစ်လာတယ်။ ကြယ်စုကြီးတွေ (ဂလပ်စီ) အကြောင်း၊ စကြဝဠာကြီး အကြောင်းကို ပိုပိုပြီး သိနားလည်လာမှုဟာ ဘာသာ အယူဝါဒ အများအပြားအပေါ် ဖိအားကြီးတွေ ပေးလာတယ်။ သူတို့ မှန်းဆပြီး ပြောဆို ဟောကြားထားတဲ့ သက်ရှိသတ္တဝါများကို ဖန်ဆင်းခြင်းနှင့် ဖန်ဆင်းရှင်ဘုရားသခင် အယူအဆအပေါ် အကဲဖြတ်မှုတွေ ပြုလုပ်လာစေခဲ့တယ်။

ဗုဒ္ဓဘာသာအနေနဲ့ကတော့ ဘာအကျပ်အတည်းမှ မကြုံရပါ။ ဘာဖြစ်လို့လဲဆိုတော့ ဗုဒ္ဓမြတ်စွာဘုရားက သူ့ရဲ့ တပည့် သာဝကများကို မိမိတို့ ဉာဏ်မမီတဲ့ ကိစ္စရပ်များ အပေါ် ရော်ရမ်း မှန်းဆပြီး တောင်စဉ်ရေမရ တွေးခေါ်မှုမျိုးကို အားမပေးခဲ့လို့ပဲ ဖြစ်တယ်။ သို့သော် မြတ်စွာဘုရားသည် မိမိတို့ လူသားများရရှိထားတဲ့ သိပ္ပံပညာဆိုင်ရာ အချက်အလက်တွေအပေါ် မူတည်ပြီး ကြောင်းကျိုးဆက်စပ် ဆင်ခြင်မှုမျိုးကိုတော့ အများအပြား ပြုလုပ်တော်မူခဲ့တယ်။ ဒါက ဘာကိုဖော်ပြသလဲဆိုရင် ဗုဒ္ဓမြတ်စွာဘုရားဟာ စကြဝဠာ လောကကြီးရဲ့ တကယ့် အမှန်အတိုင်း ဖြစ်တည်နေတဲ့ သဘာဝကို ကောင်းကောင်း သိမြင်နားလည်တော် မူတယ်ဆိုတာကို ပြတယ်။ ဒီစကြဝဠာ လောကကြီးဟာ ဖန်ဆင်းရှင်ရဲ့ တန်ခိုးတော်နှင့်ဖြစ်စေလို့ ပြောတာနဲ့ ချက်ချင်း ဘွားခနဲ ပေါ်ပေါက်လာတာ မဟုတ်ဘူး။ ကျွန်ုပ်တို့နေထိုင်ရာ မြေကမ္ဘာဂြိုဟ်ကြီးဟာလည်း စကြဝဠာ အနန္တ အာကာသကြီးထဲမှာ မပြောပလောက်တဲ့ အမှုန်ကလေး တစ်ခု အစက်သေးသေး ကလေးတစ်ခုမျှလောက်သာ ပမာဏအားဖြင့် ရှိကြောင်းကိုလည်း သိမြင်တော်မူခဲ့တယ်။ ဒီကမ္ဘာ

လောကမှာလည်း အမြဲတမ်း ဖန်တီး ဖြစ်ပေါ်နေပြီး အမြဲတမ်း ပျက်စီး ပျောက်ဆုံးနေတဲ့ သဘောကြီး (အနိစ္စသဘောကြီး)လည်း ရှိတယ်။ သင်္ခါရ တရား မှန်သမျှဟာ မမြဲတဲ့ အမြဲ ပြောင်းလဲ ဖြစ်ပေါ်နေတဲ့ အနိစ္စ ဖြစ်စဉ်ကြီးလည်း ဖြစ်တယ် ဆိုတာတွေပါ သိမြင် နားလည်တော်မူတယ်။

ဝေဒပညာကတော့ လုံးဝ ကွဲပြား ခြားနားတဲ့ ပညာရပ် နယ်ပယ် တစ်ခုပါ။ ရှေးခေတ်က လူသားများ စတင်ပြီး စဉ်းစား တွေးခေါ်လာတတ်စ အချိန်ကာလ ကတည်းက လူသားဟာ သူနှင့် စကြဝဠာ လောကကြီး ဘယ်ပုံဘယ်နည်း ဆက်စပ်ပြီး ဖြစ်တည်နေပါလိမ့် ဆိုတာကို နက်နက်နဲနဲ စဉ်းစား ဆင်ခြင်ခဲ့ကြတယ်။ လူ့အဖွဲ့အစည်းတွေထဲမှာ အမဲလိုက်စား ဘဝကနေ တိုးတက်ပြီး လယ်ယာ စိုက်ပျိုးမှု လုပ်ငန်းကြီး ပေါ်ပေါက်လာတဲ့အခါကျတော့ လူသားဟာ တစ်နှစ်ပတ်လုံး နေမင်းရဲ့ အနေအထား ပြောင်းလဲပြီး ရာသီဥတုတွေ ပြောင်းလဲ ဖြစ်ပေါ်တာကို စတင် သတိပြုမိလာတယ်။ စိုက်ပျိုးတဲ့ ရာသီ၊ အသီးအနှံများ ရင့်မှည့်ပြီး ရိတ်သိမ်းရတဲ့ ရာသီစက်တွေနဲ့ မိမိတို့ရဲ့ အသက်မွေးမှု လုပ်ငန်း ဆက်စပ်နေတာကို သိမြင် နားလည်လာကြတယ်။ အသိဉာဏ် ပိုပြီး နက်ရှိုင်းလာတဲ့အခါ လူသားဟာ နေသွားနေလာကို ကြိုတင် ဟောကိန်းထုတ် ပြောဆိုနိုင်လာကြတယ်။ ဒီအခါ အချိန်ကို တိုင်းတာနိုင်တဲ့ ကိရိယာ (နာရီစက်) ကို တီထွင်လာကြတယ်။ အချိန်ကို နှစ်၊ လ၊ ရက်၊ နာရီ၊ မိနစ်၊ စက္ကန့် ဆိုပြီး ပိုင်းခြား သတ်မှတ်နိုင်လာကြတယ်။

ဒီလို ကာလရဲ့ စက်လှည့်နေပုံနဲ့ မိမိတို့ရဲ့ ဘဝ ဖြစ်တည်ပုံကို လူသားဟာ ပေါင်းစပ်ပြီး စဉ်းစား ဆင်ခြင်လာတယ်။ မိမိရဲ့ ဘဝ စက်လည်နေပုံနဲ့ ဂြိုဟ်များရဲ့ လှည့်လည်နေပုံကို ဆက်စပ် စဉ်းစားလာကြတယ်။ ဒီအခါကျတော့ ရာသီခွင်ကို ဖော်ထုတ် ဖြစ်ပေါ်စေတယ်။ နေသွားလမ်းကိုလည်း ဖော်ထုတ်နိုင်လာတယ်။ ၁၂ ရာသီခွင်မှာ ဂြိုဟ်များရဲ့ အသွားအလာကို သတ်မှတ်လာတတ်ကြတယ်။ ဒီလို ရာသီခွင်နဲ့ လူသားရဲ့ ပုဂ္ဂိုလ်ရေး ဘဝ ဆက်စပ်နေတဲ့ သဘောကို ဖော်ပြတာကို ဇာတာခွင်လို့ ခေါ်တယ်။

ဒီဝေဒပညာ လေ့လာမှုထဲမှာ လူ့ သဘာဝနဲ့ စပ်ဆိုင်တဲ့ အသိပညာတွေ နားလည်မှုတွေ အများကြီး ပါဝင်တယ်။ ဂြိုဟ်နက္ခတ်များရဲ့ လှည့်လည်နေပုံကို အတိအကျ တွက်ချက် ပြောဆိုနိုင်စွမ်းလည်း ရှိလာတယ်။ ရှေးအခါ ကာလတုန်းက အလွန် ထက်မြက်တဲ့ ဗေဒင် ပညာရှင်ကြီးတွေ အများအပြား ပေါ်ပေါက်ခဲ့ကြတယ်။ ဒီလို ထက်မြက်တဲ့ ဗေဒင် ဆရာကြီးတွေဟာ ခုခေတ်တိုင်အောင်လည်း ရှိနေကြဆဲပါ။ ကံမကောင်းတာက တကယ်တမ်း ဗေဒင်ပညာကို နှိုက်နှိုက်ချွတ်ချွတ်

မတတ်ဘဲနှင့် တတ်ယောင်ကား ညာစားလိမ်စားနေတဲ့ ဗေဒင်ဆရာတွေက များနေလို့ပါ။ သူတို့ကြောင့် ဗေဒင်ပညာမှာ နာမည်ဆိုးတွေ ပေါ်လာရတယ်။

သူတို့က လူတွေကို သူတို့ရဲ့ အနာဂတ်မှာ ဘာဖြစ်မယ်၊ ညာဖြစ်မယ် ဆိုပြီး သူကပဲ အတတ် သိသယောင်ယောင် လှည့်ဖြားပြီး လိမ်ညာ စားသောက်နေကြတယ်။ လူတွေမှာ ခံစားနေကြရတဲ့ နားမလည်မှု အဝိဇ္ဇာ မောဟနှင့် ကြောက်စိတ်ကို ခေါင်းပုံဖြတ် အမြတ်ထုတ်ပြီး အကြီးအကျယ် ငွေကြေးတွေ ရအောင် လုပ်နေကြတယ်။ ရလဒ်မှာ ဗေဒင်ပညာကို ကြာရှည်စွာ သိပ္ပံပညာရှင်တွေက ပြက်ရယ်ပြုလာကြပြီး ဗေဒင်ကို အားကိုးအားထား မပြုကြတော့ပါ။ သို့သော် သိပ္ပံပညာရှင်တွေဘက်က တိုက်ခိုက် ပြောဆိုလာမှုကလည်း တရားတယ်၊ နည်းလမ်းကျတယ်လို့ မဆိုနိုင်ပါ။ ဇာတာကို ဖတ်ကြားတဲ့ ပညာရဲ့ အဓိက ရည်ရွယ်ချက်က လူတစ်ယောက်ကို မိမိရဲ့ စိတ်နေသဘောထားကို ထိုးထွင်း သိမြင်လာနိုင်စေဖို့ပဲ ဖြစ်တယ်။ ဓာတ်မှန်ဟာ လူသားရဲ့ ခန္ဓာကိုယ်အတွင်း ရုပ်ပိုင်း အဖြစ်အနေကို ဖော်ပြဖို့ ဖြစ်သလိုပါ။

စာရင်းဇယားများအရ ရာသီခွင် တစ်ခုမှာ ကျရောက်တဲ့ နေမင်းရဲ့ ဩဇာ သက်ရောက်မှုဟာ အဲဒီအချိန်မှာ မွေးဖွားလာသူအပေါ် သူရိယ သိဒ္ဓန္တ ဘယ်လို ဖြစ်ပေါ်လို့ ဘယ်လို အကျင့်စရိုက် ထူးခြားသူ ဖြစ်နိုင်တယ်ဆိုတာကို ဖော်ပြနေတာ ရှိပါတယ်။ ရာသီခွင် နက္ခတ် အနေအထားအရ ဘယ်လို ရာဇဝတ်မှုမျိုး ဖြစ်ပေါ်နိုင်တယ် ဆိုတာကိုလည်း တွေ့ထားကြတယ်။

ဒါကြောင့် ဒီလို ရာသီစက်နှင့် လူသားရဲ့ စိတ်သဘာဝ ဆက်စပ်နေမှုကို သိနားလည်မှုဟာ လူကို မိမိရဲ့ ဘဝ ပိုပြီး အဆင်ပြေအောင် အဓိပ္ပာယ် ရှိအောင် ဘယ်လို နေရမယ်ဆိုတာ စီစဉ် ဆောင်ရွက်နိုင်တယ်။ ဒီလို ကြိုတင် ကြံစည် ဆောင်ရွက်နိုင်သဖြင့် မိမိ ဘဝမှာ ထိခိုက်မှု နည်းပါးစေတယ်။

မွေးကင်းစကလေးဟာ သစ်စေ့ တစ်စေ့နှင့် တူတယ်။ သူ့ အထဲမှာ သူ့လို လူသားတွေနှင့် တူသလို၊ ကွဲပြား ခြားနားတဲ့ ကိုယ်ရည်ကိုယ်သွေးတွေ၊ သီးခြား ပုဂ္ဂိုလ်ရဲ့ အစွမ်းအစတွေကို ဖော်ဆောင်မည့် သဘောသဘာဝတွေ အားလုံး သူ့ အထဲမှာ ပါလာတယ်။ သူ့ရဲ့ အစွမ်းအစတွေ ဘယ်လို ဘယ်ပုံ ဖွံ့ဖြိုး တိုးတက် လာမလဲ ဆိုတာကတော့ မျိုးစေ့လိုပဲ သူ ရရှိတဲ့ ပတ်ဝန်းကျင် ရေ၊ မြေ၊ ဥတု၊ သဘာဝ အပေါ်မှာလည်း တည်နေတယ်။ လူတစ်ဦးရဲ့ စရိုက် သဘာဝဟာ သူ့မှာ မွေးကတည်းကပါတာ ဖြစ်တယ်။ ဒါပေမဲ့ ဒီကိုယ်ရည်ကိုယ်သွေးတွေကို သူ ကောင်းကောင်း ထုတ်သုံး သုံးစွဲနိုင်မလား ဆိုတာကတော့ သူ့ရဲ့ လွတ်လပ်စွာ

ရွေးချယ်မှုကသာ အဆုံးအဖြတ် ပေးနိုင်တယ်။ သူဟာ သူ့ရဲ့ အားနည်းချက်တွေ၊ မကောင်းမှုတွေကို ကျော်လွှားနိုင်မလား ဆိုတာက သူ ငယ်စဉ်အခါ လေ့ကျင့်သင်ကြားခဲ့မှု အပေါ်မှာ တည်တယ်။

ကျွန်ုပ်တို့အနေနှင့် မိမိတို့ရဲ့ စရိုက် သဘာဝကို အသိအမှတ် ပြုတယ်ဆိုရင် မိမိတို့ရဲ့ စိတ်သဘောထားမှာ ပါနေတဲ့ ဖျင်းရိတဲ့ သဘော၊ စိတ်အချဉ်ပေါက်တတ်တဲ့ သဘော၊ ပူပန်တတ်တဲ့ သဘော၊ စိတ်ပျက်တတ်တဲ့ သဘော၊ ကောက်ကျစ်တတ်တဲ့ သဘော၊ ဝန်တိုတတ်တဲ့ သဘော၊ စဉ်းလဲတဲ့ သဘောတွေကို အပြုသဘောအားဖြင့် ကျော်လွှားနိုင်မှာ ဖြစ်တယ်။ ပြဿနာတွေကို ဖြေရှင်းရာမှာ ပထမဆုံး လှမ်းရမည့် ခြေလှမ်းက ဒီစိတ်ထား သဘောထားတွေကို အသိအမှတ်ပြုတတ်ဖို့ ကိုယ့် စိတ်ဓာတ်ကို ကိုယ် အမှန်အတိုင်း သိတတ်ဖို့ပဲ ဖြစ်တယ်။

ဗေဒင်ဆိုတာက ကျွန်ုပ်တို့ရဲ့ စိတ်သဘောထားတွေကို အဓိပ္ပာယ် ဖွင့်ပြတာပဲ ဖြစ်တယ်။ အဲဒီသဘောထားတွေကို တစ်ကြိမ်တစ်ခါလောက် ထောက်ပြလိုက်ခြင်းအားဖြင့် ကျွန်ုပ်တို့အနေနှင့် ကိုယ့် ဘဝကို ကိုယ် ပြုပြင်ဖို့ လိုအပ်ချက်တွေကို လုပ်သင့်တာ လုပ်ခြင်းအားဖြင့် မိမိသည် ကမ္ဘာလောကထဲမှာ အသုံးဝင်တဲ့ နိုင်ငံသားတစ်ယောက် ဖြစ်အောင် လုပ်နိုင်တယ်။ ရာဇဝတ်ပြစ်မှု ကျူးလွန်ချင်တဲ့ စိတ်သဘောထားမျိုး ရှိသူတောင်မှ သူ့ စိတ်ဓာတ်ကို သူ သိမြင်နားလည်ပြီး ငါ့မှာ ဒီလို စိတ်ယုတ်မာတွေ ရှိနေပါကလား ဆိုတာကို သိသွားလို့ရှိရင် သူဟာ သူတော်စင် တစ်ယောက်တောင် ဖြစ်လာနိုင်တယ်။ ကောင်းမွန် မြင့်မြတ်တဲ့ ဘဝကို ရောက်နိုင်တယ်။

ဇာတာခွင် ဆိုတာဟာ လူသား တစ်ယောက်ရဲ့ သယ်ဆောင်လာခဲ့တဲ့ သူ့ရဲ့ ကံစွမ်း သတ္တိတွေကို စာရင်းဇယား ပြုလုပ်ပြထားတာပဲ ဖြစ်တယ်။ ဒီကံသတ္တိတွေက မွေးဖွားတဲ့ အချိန်ကို ဆုံးဖြတ်တယ်။ ဒီလို မွေးဖွားတဲ့ အချိန်ကို တိတိကျကျ သိလို့ရှိရင် ကျွမ်းကျင် လိမ္မာတဲ့ ဗေဒင်ဆရာဟာ ဒီလူရဲ့ ဇာတာခွင်၊ ကံကြမ္မာ ဇယားကို တွက်ချက်လို့ရတယ်။ ဘယ် အချိန်မှာ ဘာတွေ ဖြစ်နိုင်တယ် ဆိုတဲ့ 'ဒသာ' ကိုလည်း ခွဲလို့ရတယ်။

ကမ္ဘာမြေဂြိုဟ်ဟာ ၃၆၅ ရက်မှာ နေကို တစ်ပတ် ပတ်တယ် ဆိုတာ လူတိုင်း သိတဲ့ အချက်ပါ။ ဒီနေရဲ့လှည့်လည်မှုဟာ (ကမ္ဘာက ကြည့်တဲ့ အမြင်နဲ့ ပြောရင်) နေကို တစ်နှစ်တာ ရာသီခွင် အမျိုးမျိုးမှာ ထည့်ကြည့်လို့ရတယ်။ လူတစ်ဦး မွေးဖွားလာတာဟာ ဖြစ်ချင်သလို ကြုံသလို ဖြစ်လာတာ မဟုတ်ပါ။ သူ့ရဲ့ ကံကံ၏ အကျိုးအတိုင်း ဖြစ်လာတာ ဖြစ်တယ်။ သူ မွေးတဲ့ အချိန်ဟာ ၁၂ ရာသီမှာ

ဘယ်ရာသီမှာ ဘယ်နက္ခတ်နဲ့ ယှဉ်ပြီး ဘယ်သူရိယသိဒ္ဓန္တမှာ မွေးဖွားလာတယ် ဆိုတာကို ပြတယ်။ လူ တစ်ယောက်ရဲ့ ဇာတာခွင်ကို ကြည့်ခြင်းအားဖြင့် ဒီလူဟာ မိမိရဲ့ ဘယ်အသက် ဘယ်အရွယ်ကျရင် ဘဝ တိုးတက်မှုနှောင့်နှေးမယ်၊ ဘယ်အချိန်၊ ဘယ်အသက်အရွယ်ကျရင် ဘဝတိုးတက်မှု၊ အရှိန်မြင့်မယ် ဆိုတာကို မိမိရဲ့ ကျန်းမာရေး၊ အလုပ်အကိုင်တွေကို စောင့်ကြည့်ပြီး ဆုံးဖြတ်လို့ ရတယ်။

## ဗေဒင်ပညာအပေါ် ဗုဒ္ဓဘာသာဝင်တို့ရဲ့ အမြင်

လူတွေ သိချင် မေးချင်ကြတဲ့ မေးခွန်းက ဗုဒ္ဓဘာသာသည် ဗေဒင်ပညာကို လက်ခံသလား၊ ပယ်သလားဆိုတာ ဖြစ်တယ်။ အတိအကျ ပြောရရင် ဗုဒ္ဓရှင်တော် မြတ်ဘုရားသည် ဤကိစ္စနှင့် စပ်၍ တစ်စုံတစ်ရာ တိုက်ရိုက် ဟောထားခြင်းမျိုး တော့ မရှိပါ။ ဘာကြောင့်လဲဆိုတော့ မြတ်ဗုဒ္ဓရဲ့ သဘောမှာ အခြား ကိစ္စများနှင့် မဂ်ဖိုလ်ကြောင်း အထောက်အပံ့ မဖြစ်တဲ့ ကိစ္စကို ထည့်သွင်း စဉ်းစားလိုခြင်း မရှိသလို ဗေဒင်ဟာလည်း အရိယာ စခန်း၊ အရိယာလမ်းအတွက် အထောက်အပံ့ မဖြစ်လို့ မဟောတာပဲ ဖြစ်သင့်ပါတယ်။

ဗုဒ္ဓဘာသာသည်လည်း အခြား ဘာသာ အယူဝါဒများလိုပင် ဗေဒင်ပညာကို ပြစ်တင် ရှုတ်ချခြင်း မပြုပါ။ လူတွေအနေနဲ့ မိမိတို့ရဲ့ အသိဉာဏ်ကို မိမိတို့ရဲ့ ဘဝ ဖွံ့ဖြိုး တိုးတက်ရေးအတွက် လွတ်လွတ်လပ်လပ် သုံးလို့ ရပါတယ်။ သို့သော် မြတ်ဗုဒ္ဓရဲ့ တရား ဒေသနာတော်များကို ကျွန်ုပ်တို့အနေနှင့် စေ့စေ့ စပ်စပ် ဂရုတစိုက် လေ့လာကြည့်မယ် ဆိုရင်တော့ ကျွန်ုပ်တို့အနေနှင့် ဗေဒင်ပညာကို သင့်တင့်လျောက်ပတ်စွာ ပညာသားပါပါ နားလည်တတ်ရင်တော့ အသုံးဝင်တဲ့ ပညာရပ် တစ်ခု အဖြစ်နှင့် လက်ခံနိုင်လာပါလိမ့်မယ်။ လူသားများရဲ့ ဘဝနှင့် စကြဝဠာ လောကကြီးရဲ့ ဖြစ်ပေါ် ပြောင်းလဲနေမှုနဲ့ ကြားမှာ တိုက်ရိုက် ဆက်စပ် ပတ်သက်မှု ရှိနေတယ်။ ခေတ်သစ် သိပ္ပံပညာသည်လည်း ဗုဒ္ဓရဲ့ တရားတော်များနှင့် အံဝင်ခွင်ကျ ရှိပါတယ်။ ကျွန်ုပ်တို့ သိသာထင်ရှားတာက ဥပမာ လရဲ့ အပြောင်း အလဲနဲ့ လူသားရဲ့ အမူအကျင့်တွေ ကြားမှာ နီးနီးကပ်ကပ် ဆက်စပ်မှု ရှိတယ် ဆိုတာပဲ ဖြစ်တယ်။ စိတ်ဖောက်ပြန်သူများနှင့် စိတ်မမှန်သူများ ကြားမှာ ဒီအချက်ကို ပိုပြီး တွေ့ရတယ်။ ဥပမာ ရင်ကျပ်ပန်းနာ ရောဂါသည်များဟာ လကွယ်ညများမှာ ရောဂါ တိုးတက်ကြတယ်။ ဒါဆို လူသားကွေ အပေါ်မှာ တခြား

ဂြိုဟ်များရဲ့ ဩဇာ သက်ရောက်မှုတွေလည်း ရှိနိုင်တာပဲ ဆိုတာ ယုံကြည်ဖို့အတွက် လုံလောက်တဲ့ အကြောင်း ရှိတယ်လို့ ဆိုသင့်ပါတယ်။

ဗုဒ္ဓဘာသာက ကြီးမားတဲ့ စကြဝဠာ စွမ်းအားကြီး တစ်ခု ရှိတယ်။ ဒီစွမ်းအားကြီးက ဂြိုဟ်နက္ခတ်တာရာတွေကိုရော၊ သက်ရှိ သတ္တဝါတွေကိုရော ဆွဲထားတယ် ဆိုတာကို လက်ခံတယ်။ ဒီစကြဝဠာရဲ့ ဆွဲအားကြီးနဲ့ လူပုဂ္ဂိုလ် တစ်ယောက်ရဲ့ ကံသတ္တိက လူ တစ်ယောက် ဘဝ ဖြစ်စဉ်ကို အဆုံးအဖြတ် ပေးတယ်။

လူသား တစ်ယောက် ဖွားမြင်လာတာဟာ ဘဝကို စတင် ဖန်ဆင်းတာ မဟုတ်ပါ။ ဒါက သူ ဖြစ်လာခဲ့ပြီးတဲ့ ဘဝများရဲ့ ဆက်လက် ဖြစ်ပေါ်ပုံ တစ်ခုသာ ဖြစ်တယ်။ သူ့မှာ ကံသတ္တိတွေ ရှိနေသမျှ ဒီပုဂ္ဂိုလ်ဟာ ဘဝတွေ ဆက်ကာဆက်ကာ နောင်အခါလည်း ဖြစ်နေဦးမှာသာ ဖြစ်တယ်။ ယခု အသစ် ဖြစ်လာတဲ့ ဘဝမှာ မိမိရဲ့ ဘဝကို ဖော်ဆောင်ဖို့ အတွက် ဥတု၊ ဗီဇ စတဲ့ သဘာဝ နိယာမတွေကို ဖြည့်ဆည်းရဦးမှာပဲ ဖြစ်တယ်။ ဒီဘဝ ဖြစ်စဉ်မှာ အထောက်အပံ့ ပြုတဲ့ စိတ္တနိယာမ စိတ်စွမ်းအင်လည်း ရှိတယ်။ ကံသတ္တိ၊ ကံစွမ်းအင်လည်း ရှိသေးတယ်။ ဒီ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုတဲ့ အကြောင်းတရားတွေဟာ တစ်ခုကို တစ်ခု အပြန်အလှန်အားဖြင့် အမှီသဟဲ အထောက်အပံ့ ပြုနေကြတယ်။ ဒါကြောင့် လူ့ဘဝမှာ အပြောင်းအလဲတွေ အမျိုးမျိုး ဖြစ်ပေါ်နေကြရတာ ဖြစ်တယ်။

ဗေဒင် ပညာရှင်တွေရဲ့ အယူအဆအရ လူတစ်ယောက် မွေးဖွားလာတဲ့ အချိန်ကို စကြဝဠာ စွမ်းအင်နှင့် ပုဂ္ဂိုလ်ရဲ့ ကံစွမ်းအင်တွေက ကြိုတင်ပြီး ပြဋ္ဌာန်းတယ်လို့ ယူဆတယ်။ ဒါကြောင့် ဘဝဟာ မတော်တဆ ဖြစ်လာတာ မဟုတ်ဘူးလို့ ယူဆနိုင်တယ်။ ဘဝ ဖြစ်တည်လာတာဟာ သတ္တဝါရဲ့ ကံသတ္တိနှင့် စကြဝဠာ စွမ်းအားတို့ အကြား အပြန်အလှန် ကျေးဇူးပြုမှုရဲ့ ရလဒ် တစ်ခုအဖြစ် ပေါ်ပေါက်လာခြင်း ဖြစ်တယ်လို့ ဆိုသင့်တယ်။ လူသား တစ်ဦးရဲ့ ဘဝ လမ်းကြောင်းသည်လည်း ကြိုတင် စီမံထားတဲ့ သဘောမျိုး ရှိတယ်။ ဘာက ကြိုတင် စီမံထားသလဲ ဆိုတော့ ဒီပုဂ္ဂိုလ်ရဲ့ အတိတ်က ပြုလုပ်ခဲ့တဲ့ ကံသတ္တိတွေနဲ့ သူ့ အပေါ်မှာ သက်ရောက်မှု ရှိတဲ့ စကြဝဠာ စွမ်းအားများရဲ့ သက်ရောက်မှုများပဲ ဖြစ်တယ်။ ဘဝ တစ်ခု စတင်လိုက်တာနှင့် ဖော်ပြပါ ကံသတ္တိနှင့် စကြဝဠာ စွမ်းအားများက ဒီပုဂ္ဂိုလ်ရဲ့ ဘဝ ဖြစ်ပေါ်ပုံ ဖြစ်စဉ်ကို ထိန်းချုပ် ပြုပြင် အုပ်စိုးသွားပါတော့တယ်။ ဒါဟာ စတင် မွေးဖွားတဲ့ အချိန်ကစပြီး ဖြစ်တာပါ။ ဇာတာဆိုတဲ့ သဘောဟာ ဒါကို ပြောတာပါ။ ကျွမ်းကျင် လိမ္မာတဲ့ ဗေဒင် ပညာရှင်ဟာ စကြဝဠာ စွမ်းအင်နှင့်

ကံသတ္တိတို့ရဲ့ ဩဇာ သက်ရောက်မှု သဘောကို နားလည်သူ ဖြစ်သည့် အလျောက် လူတစ်ယောက်ရဲ့ ဘဝ ဖြစ်စဉ်ကို ဇယားချကြည့်လို့ ရတယ်။ မွေးဖွားချိန် အပေါ် တည်ပြီး ဒါကို တွက်ချက်လို့ ရတယ်။

တစ်ကြောင်း ထောက်ပြီး ပြောရင် ဂျွန်နိုပ်တို့ဟာ ကံသတ္တိနှင့် စကြဝဠာ စွမ်းအင်များရဲ့ ပြုပြင်သလို ခံကြရသလို မြတ်ဗုဒ္ဓက ဒီလို ကံနှင့် နက္ခတ်တို့ရဲ့ ဩဇာ သက်ရောက်မှုတွေ ပြုသမျှ နုကြရတဲ့ အဖြစ်က လွတ်မြောက်အောင် လုပ်နိုင်တဲ့ နည်းလမ်းကိုလည်း ဟောကြားတော်မူတယ်။ ကံသတ္တိ၊ ကံ စွမ်းအင် အားလုံးကို ဘဝင် စိတ်မှာ သိုမှီးထားတယ်။ ဒီအထဲမှာ စင်ကြယ်တာတွေရော မစင်ကြယ်တာတွေရော ပါတယ်။ ကံသတ္တိတွေ၊ ကံစွမ်းအင်တွေက လူသားရဲ့ ဘဝကြမ္မာအပေါ် ဩဇာ လွှမ်းမိုးနေတာ ဖြစ်တဲ့အတွက် လူသားသည် မိမိ စိတ်ထဲမှာ ရှိတဲ့ မကောင်းမှု အကုသိုလ် စိတ်တွေ၊ မစင်ကြယ်တဲ့ လွှမ်းမိုးမှုတွေကို ဆန့်ကျင် ငြင်းပယ်ပြီး မိမိရဲ့ စိတ်ကို စင်ကြယ်အောင် ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်တယ်။ လူဟာ မိမိရဲ့ စိတ်အစဉ်ကို စင်ကြယ်အောင် သုတ်သင်ပြီး ဘဝင်စိတ်ထဲမှာ ရှိတဲ့ ကံသတ္တိတွေကို ဖယ်ရှား သုတ်သင်ခြင်းဖြင့် ဇာတိ တစ်ဖန် ပြန်၍ ပဋိသန္ဓေ နေရခြင်း ကင်းအောင် ဆောင်ရွက်နိုင်တယ်။ နောက်ထပ် ဇာတိ ပဋိသန္ဓေ မနေရတော့ဘူးဆိုရင် နောက်ထပ် ဖြစ်ဖွယ်ရှိတဲ့ ဘဝ ဖြစ်တည်မှုလည်း မရှိတော့တဲ့ အတွက် နောင်အနာဂတ်မှာ ဘာတွေ ဖြစ်ဦးမယ်။ ဘာတွေ အကောင်းအဆိုး ကြုံကြရဦးမယ် ဆိုတဲ့ ဇာတာကိုလည်း တွက်ချက်နိုင်ဖို့ ကြိုတင် ဟောကြားနိုင်ဖို့ အကြောင်း မရှိတော့ပါ။ အဲဒီလို ဉာဏ် အဆင့်မြင့်တဲ့ အခြေအနေကို ဖွံ့ဖြိုး တိုးတက် ရောက်ရှိသွားတဲ့အခါ ထိုပုဂ္ဂိုလ်အဖို့ မိမိရဲ့ ဘဝ ကြမ္မာကို ကြိုသိ နေဖို့လည်း မလိုအပ်တော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအခါကျရင် ဘဝရဲ့ ချွတ်ယွင်းချက်တွေ မနှစ်သက်ဖွယ် ဘဝ ဆင်းရဲတွေကိုလည်း ပယ်ရှင်းပြီး ဖြစ်လို့ ပါပဲ။ အဆင့်မြင့် အရိယာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရောက်အောင် အားထုတ် ထားပြီး ဖြစ်သူအဖို့ ဘာဟောစာတမ်းမှ မလိုအပ်တော့လို့ပဲ ဖြစ်တယ်။

ခေတ်သစ် စိတ်ပညာရှင်ကြီးတွေဟာ လူရဲ့ မွေးဖွားချိန်မှာ ဖြစ်တည်နေတဲ့ ဂြိုဟ်နက္ခတ်၊ ဇာတာစန်းလဂ်တွေရဲ့ ဩဇာ သက်ရောက်မှု ရှိပုံကို သိပ္ပံနည်းကျ စူးစမ်း လေ့လာခဲ့ကြတာ မှန်ကန်ကြောင်း တွေ့ရှိခဲ့ကြပါတယ်။ ဆွစ်ဇာလန်နိုင်ငံသား စိတ်ပညာရှင် ကားလ်ဂျွန်းနှင့် ပြင်သစ် စိတ်ပညာရှင် မီချဲဂေါ်ဂွဲလင်းတို့ဟာ ထင်ရှားတဲ့ ပညာရှင်များ ဖြစ်တယ်။

နှစ် တစ်နှစ်ရဲ့ ကွဲပြား ခြားနားတဲ့ အချိန်တွေမှာ မွေးဖွားကြတဲ့ မွေးဖွားချိန် မတူတဲ့ လူတွေဟာ ကွဲပြား ခြားနားတဲ့ စိတ်နေစိတ်ထား မတူနိုင်ကြဘူးဆိုတာ သံသယ ဖြစ်ဖွယ် အကြောင်း မရှိပါ။ မိမိရဲ့ အားနည်းချက်၊ ချွတ်ယွင်းချက်၊ မအောင်မမြင် ဖြစ်ရမှုတွေရဲ့ အကြောင်းဟာ ဘာလဲဆိုတာကို သိရခြင်းအားဖြင့် ဒါတွေကို ပြုပြင်ပြီး မိမိကိုယ်ကိုယ် ပိုကောင်းအောင်၊ တိုးတက်အောင် ဆောင်ရွက်နိုင်မယ်ဆိုရင် မိမိဟာ လူ့အဖွဲ့အစည်းထဲမှာ အသုံးကျ အဖိုးတန်တဲ့ လူတစ်ယောက် ဖြစ်လာနိုင်တယ်။ မိမိမှာ ခံစားနေရတဲ့ စိတ်ဆင်းရဲမှု၊ စိတ်ပျက်မှု အားငယ်မှုတွေကို သုတ်သင် ရှင်းလင်းဖို့အတွက် မိမိ မွေးဖွားရာ အရပ်နှင့် ဝေးကွာတဲ့ နေရာကို ခရီး ယာယီ ထွက်သွားခြင်းအားဖြင့် ဒီဂြိုဟ်နက္ခတ်များရဲ့ မိမိအပေါ် ဩဇာ သက်ရောက်မှုကို ရှောင်ရှားနိုင်တာ တွေ့ရှိရတယ်။ ရှိတ်စပီးယားက “အပြစ်က နက္ခတ်တွေထဲမှာ ရှိတာ မဟုတ်ဘူး။ မိမိတို့ အထဲမှာ ရှိတာ ဖြစ်တယ်”လို့ ဆိုဖူးတယ်။

ဗေဒင် ပညာကတော့ မိမိတို့ရဲ့ ဘဝ ပြဿနာတွေကို အလိုအလျောက် ကင်းရှင်းသွားအောင် ဖြေရှင်း မပေးနိုင်ပါဘူး။ မိမိရဲ့ ဘဝ ပြဿနာကို မိမိ ကိုယ်တိုင် ဖြေရှင်းမှသာ ပြေလည်မှာ ဖြစ်တယ်။ ဆရာဝန်ဟာ ရောဂါကို ရှာဖွေ ဖော်ထုတ်ပေးနိုင်သလို ဗေဒင်ပညာရှင်ဟာလည်း လူတစ်ယောက်ရဲ့ ဘဝကြမ္မာကို ဖော်ထုတ် ဟောကြားပြရုံပဲ လုပ်နိုင်တယ်။ ကိုယ့် ဘဝ အဆင်ပြေအောင် လိုအပ် သလို မိမိရဲ့ အမူအကျင့်တွေကို ပြုပြင်သွားရမှာက မိမိ လုပ်ရမည့် အလုပ်ပဲ ဖြစ်တယ်။ တချို့ လူတွေဟာ ဗေဒင်ဆရာကို အားကိုးအားထား ပြုလွန်းကြတယ်။ သတိပြုသင့်တာက ဒီကနေ့ ခေတ်အထိ ဗေဒင်ပညာဟာ တိကျ သေချာမှု မရှိ သေးတဲ့ အတတ်ပညာ တစ်ခုအဖြစ်ပဲ ရှိနေသေးတယ် ဆိုတဲ့ အချက် ဖြစ်တယ်။ ဒါကြောင့် ဗေဒင်ပညာကို သုံးတဲ့အခါ ဉာဏ်ပညာရှိရှိ သုံးတတ်ဖို့ လိုတယ်။ ပြီးတော့ လိမ်စားညာစား လုပ်နေကြတဲ့ ဗေဒင်ဆရာတွေကိုလည်း သတိထားကြဖို့ လိုတယ်။ ဒီလူတွေဟာ အမှန်ကို မပြောဘဲ ဗေဒင် မေးသူရဲ့ အလိုကျလိုက်ပြောပြီး ငွေချူစားသူများ ဖြစ်ကြတယ်။ မိမိကိုယ်တိုင် ကံကောင်းအောင် ဘာမှ အားမထုတ် ဘဲနှင့် ကံကောင်းဖို့ လာဘ်ရဖို့ကို မမျှော်လင့်ပါနှင့်။ အသီးအနှံတွေကို ပေါပေါ များများ ရိတ်သိမ်းချင်ရင် သင့်သည် မျိုးကောင်းမျိုးသန့် စပါးကို စိုက်ပျိုးရပါ လိမ့်မယ်။ သတိပြုသင့်တာက “အခွင့်အရေးသည် တံခါး လာခေါက်ပါလိမ့်မယ်။ ဒါပေမဲ့ တံခါးသော့ကို ချိုးဖျက်ပြီးတော့ အိမ်ထဲကိုတော့ ဝင်လာမှာ မဟုတ်ဘူး” ဆိုတာပဲ ဖြစ်တယ်။

## ဗေဒင်ဟောခြင်းနှင့် ပြုစားခြင်း

*အလုပ် ကြိုးစားခြင်းသည် ကံ အကောင်းဆုံးသော လာဘ်လာဘ ဖြစ်စေသော နက္ခတ် ဖြစ်သည်။*

ဗုဒ္ဓဘာသာက နတ်တွေ၊ ဝိညာဉ် လောကသား နာနာဘာဝတွေ ရှိတယ်။ ဗေဒင်နဲ့ နိမိတ်ဖတ် ပညာရှိတယ် ဆိုတာကို မငြင်းပယ်ပေမဲ့ မြတ်ဗုဒ္ဓက လူသားတွေဟာ ဒီစွမ်းအားစုများရဲ့ ကျေးကျွန် မဖြစ်သင့်ဘူးလို့ ဆုံးမတော်မူတယ်။ လူသားများ ကြုံတွေ့ကြရတဲ့ အခက်အခဲတွေ ပြဿနာတွေကို လူသားသည် မိမိရဲ့ ဉာဏ်ပညာနှင့် စိတ်စွမ်းအင်ကို အသုံးချပြီး ဖြေရှင်းလို့ ရတယ်။ ဗုဒ္ဓဘာသာဝင် တစ်ယောက်ဟာ ဒီလို ဉာဏ်ပညာနဲ့ စိတ်စွမ်းအင်ကို အသုံးချ၍သာ ပြဿနာ အားလုံးကို ဖြေရှင်းရမယ်။ နတ်တွေ ဝိညာဉ် လောကသားတွေ ဗေဒင်တွေကို ယုံကြည် အားကိုးတာဟာ လူသားရဲ့ ဘာသာရေး ဖွံ့ဖြိုး တိုးတက်မှု မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖွံ့ဖြိုးမှုအတွက် ဘာမှ အကျိုး သက်ရောက်မှု မရှိပါ။ လူသားသည် မိမိရဲ့ ဘဝ အခက်အခဲ၊ အကျပ်အတည်း အားလုံးကို မိမိဘာသာ လုံ့လစိုက်ပြီး ဖြေရှင်းမှသာ ပြေလည်နိုင်တယ်။ နတ်မေး၊ ဗေဒင်မေးပြီး ဖြေရှင်းနေလို့တော့ ဘယ်တော့မှ ပြေလည်နိုင်မှာ မဟုတ်ပါဘူး။ ဇာတက ဝတ္ထုတစ်ခုမှာ မြတ်ဗုဒ္ဓ ဟောကြားတော်မူတာက-

"လူမိုက်သည် ကံကောင်းမည့် နေ့ကို မျှော်လင့်၏။ သို့သော် ထိုကံကောင်းခြင်းကို သူ အမြဲ လက်လွတ်ရ၏။" လို့ ဟောကြားပါတယ်။

မြတ်ဗုဒ္ဓသည် လုံ့လ ဝီရိယသည်သာ ကံကောင်းခြင်း ဖြစ်စေသော နက္ခတ်ဖြစ်သည်ဟု ယုံကြည်တယ်။ ဂြိုဟ်မေးခြင်းဖြင့် အောင်မြင်ခြင်းရအောင် လုပ်ခြင်းဖြင့် အချိန်ကို မဖြုန်းသင့်ပါ။ ဂြိုဟ်ပြေ နာမ်ပြေတွေ လုပ်နေတာထက် ကိုယ့်ကိုယ်ကိုယ် အားကိုးပြီး ကြိုးစား ဆောင်ရွက်ခြင်းကသာ ပို၍ မိမိအတွက် ကောင်းကျိုး ဖြစ်စေပါတယ်။ တချို့ ဗုဒ္ဓဘာသာဝင်တွေဟာ ဘုရားစေတီများမှာ ဗေဒင်ယတြာတွေကို ဘာသာရေး၊ အလုပ် တစ်ခုလို ပြုလုပ်နေကြတာမျိုးကို ဗုဒ္ဓ ရှင်တော်မြတ်ဘုရားဟာ ဘယ်သောအခါကမျှ အားပေးတော်မူခြင်း မရှိပါ။ ဒီလို ဗေဒင်ဟောတာ၊ လူ တစ်ဖက်သား စိတ်သက်သာအောင် ပြောတာတွေဟာ

နောက်ဆုံးတော့ အယူသီးမှုတွေကို ဖြစ်စေပါတယ်။ ဘာသာရေးအရ ဘာတန်ဖိုးမျှ မရှိပါ။ ယခုခေတ်တိုင်အောင် တချို့ လူတွေက မိမိတို့မှာ ကြုံတွေ့ရတဲ့ နာမကျန်းဖြစ်မှု၊ ကံခေမှုတွေကို သူများပြုစားလို့ ဖြစ်တာဆိုတဲ့ အယူအစွဲတွေ အများအပြား ရှိနေကြပါသေးတယ်။ ဒီလူတွေဟာ ခုထက်ထိ ဟိုရှေးကျတဲ့ လူတွေ စွဲလမ်းယုံကြည်တာတွေကို ယုံကြည်နေကြတုန်းပဲ ရှိသေးတယ်။ သူတို့ဟာ ၂၁ ရာစုခေတ်ကြီးထဲ ရောက်နေပြီ ဆိုတာကို မေ့နေကြတုန်းပဲ။

ဒီလို သိပ္ပံခေတ်ကြီးထဲမှာ သိပ္ပံပညာရှင်ကြီးတွေဟာ အယူသီးမှုတွေကို ပယ်ပြီး ဖြစ်ရုံသာမက သူတို့ဟာ လူသားကို လကမ္ဘာပေါ်ထိ ရောက်အောင် တင်ပို့ပေးနိုင်ခဲ့ကြပြီးပြီပဲ။ ဘယ်ရောဂါပဲ ဖြစ်ဖြစ် စိတ်နဲ့ ရုပ်ကြောင့် ဖြစ်တာချည်းပဲ ဖြစ်တယ်။ ဆေးဝါးနဲ့ ရုပ်မှာ ဖြစ်တဲ့ ရောဂါကို ကုသနိုင်သလို စိတ်ကြောင့်ဖြစ်တဲ့ ရောဂါကို စိတ်ကို စင်ကြယ်အောင် လုပ်တဲ့နည်းနဲ့ ကုသလို့ ရတယ်။ ကံကြောင့်ဖြစ်တဲ့ ရောဂါအနာလည်း ရှိတယ်လို့ ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတယ်။ ဒီလို ဝဋ်နာကံနာတွေဟာ ကံကြွေး ဆပ်ရတဲ့ သဘောတွေ ဖြစ်တယ်။ ဒီလို ဆေးနဲ့ဝါးနဲ့ ကုစားလို့ မရတဲ့ ရောဂါမျိုး ဖြစ်လာရင် မိမိရဲ့ အတိတ်က ပြုခဲ့တဲ့ အကုသိုလ်ကံတွေ အကျိုးပေးတာ ကံကြွေးဆပ်ရတာလို့ နားလည်သင့်ပါတယ်။

တချို့ ရောဂါတွေဟာ တရား အားထုတ်လို့ မိမိ စိတ် စင်ကြယ်လာတဲ့အခါ အလိုအလျောက် ပျောက်ကင်းတတ်ကြတယ်။ စင်ကြယ်တဲ့ စိတ်က ရုပ်ကိုလည်း စင်ကြယ်သန့်ရှင်းပြီး ကြည်လင်စေနိုင်တယ်။ ဒီလို ရောဂါ အနာမျိုးအတွက် ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ တရားဒေသနာတော်များဟာ ကောင်းမြတ်တဲ့ ဆေးတစ်မျိုး ဖြစ်ပါတယ်။

## နတ်မေးခြင်း

*နတ်မေးခြင်းသည် ဗုဒ္ဓဘာသာတို့၏ လုပ်ထုံးလုပ်နည်း တစ်ခု မဟုတ်ပါ။ ရိုးရာ အစဉ်အလာနှင့် စိတ်ပညာဆိုင်ရာ စိတ် အစွဲအလမ်း တစ်ခုသာ ဖြစ်ပါသည်။*

နိုင်ငံ များစွာမှာ လူသားများဟာ မိမိတို့ ကြုံတွေ့နေရတဲ့ ပြဿနာများအတွက် အကြံဉာဏ် ရဖို့ ဘာလုပ်ရမယ် ဆိုတာကို သိဖို့အတွက် မိမိတို့ရဲ့ နားလည်နိုင်

စွမ်းထက် လွန်တဲ့ နတ်မေးခြင်းမျိုးကို ပြုလုပ်လေ့ ရှိကြပါတယ်။ နတ်မေးတဲ့ အကြောင်းအရာတွေကတော့ အများအပြား ရှိတယ်။ ရောဂါအနာ ဖြစ်လို့ ဆရာဝန် ဆေး မတိုးတဲ့အခါ ရိုးရိုး ဖြစ်တာလား၊ ပယောဂကြောင့်လား သိဖို့ မေးကြတယ်။ တချို့ကလည်း လောဘကြောင့် နတ် မ,တာကို လိုချင်လို့ နတ်မေးကြတယ်။ ဖြတ်လမ်းနည်းနဲ့ ချမ်းသာချင်သူတွေ နတ်မေးကြတယ်။

တချို့ လူတွေက နတ်ဝင်သည်ကို နတ်ပူးနေတဲ့အခါ နတ် တစ်ပါးပါးက နတ်ဝင်သည်ထဲ ဝင်ပြီး မိမိတို့ကို အကြံဉာဏ် ပေးနေတယ်။ အကူအညီ ပေးနေတယ်လို့ ယုံကြည်တတ်ကြတယ်။ တခြား လူတွေကတော့ ဒီလို နတ်ပူးနေတယ် ဆိုတာ သိစိတ်ပျောက်ပြီး ဘဝင်စိတ် ရှင်သန်ပြီး အလုပ် လုပ်နေတာလို့လည်း ယုံကြည်တတ်ကြတယ်။

လူတွေ ကြားထဲမှာ နတ်တို့ အကြားအမြင် မေးတာတို့ဟာ ခေတ်စား နေပါတယ်။ ဒါပေမဲ့ ဒီနတ်ပူးနေတာဟာ ဘယ်သူဘယ်ဝါ ဖြစ်ကြောင်း စိစစ်ဖို့ ခက်ခဲပါတယ်။ ဒီလို နတ်မေးတာ၊ အကြားအမြင် မေးတာတွေဟာ ဗုဒ္ဓဘာသာ လုပ်ထုံးလုပ်နည်းများ မဟုတ်ကြပါ။ ဒါဟာ ရိုးရာ အစဉ်အလာ တစ်ခုသာ ဖြစ်ပါတယ်။

နတ်မေးတာ အကြားအမြင် မေးတာဟာ လောကီ အောင်မြင်မှု စီးပွားဉစ္စာ ရမှုအတွက်ပဲ ဖြစ်တယ်။ ဗုဒ္ဓမြတ်စွာဘုရားရဲ့ တရားဒေသနာတော်များကတော့ လောကုတ္တရာရေး ဘဝ လွတ်မြောက်ရေးအတွက် ဘာသာရေး ဖွံ့ဖြိုးမှုအတွက် ဖြစ်တယ်။ တကယ်လို့ နတ်ဟောတဲ့အတိုင်း ဖြစ်တာမှန်လို့ရှိရင်တော့ ဗုဒ္ဓဘာသာ အနေနဲ့ ဒါကို ကန့်ကွက်ဖို့ အကြောင်း မရှိပါ။

ဗုဒ္ဓရဲ့ ဒေသနာများကို ကောင်းစွာ နားလည်လို့ ရှိရင်တော့ လူတစ်ယောက် အနေနှင့် သူ့ရဲ့ ဘဝ ပြဿနာတွေရဲ့ သဘော သဘာဝကို ကောင်းကောင်း နားလည်နိုင်တယ်။ သူ့ ပြဿနာတွေကို သူဟာ ဘာနတ်မှ မမေးဘဲနှင့် ကောင်း ကောင်း ဖြေရှင်းနိုင်သူ ဖြစ်ပါတယ်။

# အိပ်မက်နှင့် အကျိုးဆက်များ

*ဘဝ ဆိုတာလည်း အိပ်မက် တစ်ခုပါပဲ။*

လူသားတွေ ဖြေရှင်းလို့ မရတဲ့ အကြီးမားဆုံး ပြဿနာ တစ်ခုဟာ အိပ်မက်ပဲ ဖြစ်တယ်။ ရှေးပဝေသဏီ ကာလ ကတည်းက လူသားများဟာ အိပ်မက်ရဲ့ သဘောကို နားလည်ဖို့ ကြိုးပမ်းလာခဲ့ကြတယ်။ အိပ်မက်ရဲ့ သဘောကို ရှင်းပြဖို့ အိပ်မက်ကို နိမိတ်ဖတ်ဖို့ကိုလည်း ကြိုးပမ်းခဲ့ကြတယ်။ ဒါပေမဲ့ 'အိပ်မက် ဆိုတာ ဘာလဲ' ဆိုတဲ့ အမေးအတွက် အဖြေကို ရဖို့တော့ နီးစပ်ခြင်း မရှိသေးပါ။

တချို့ ကဗျာဆရာတွေ၊ ဝိလျံယန်ဝါးစဝပ်လို ပုဂ္ဂိုလ်တွေက ဘဝဟာ အိပ်မက်ကြီး တစ်ခုပဲ။ သေတဲ့အခါကျမှ ဘဝမှန်ကို ရောက်ဖို့ ကျွန်ုပ်တို့ နိုးကြမယ်လို့ ရေးခဲ့ဖူးတယ်။ ဒီအခါကျမှ ဘဝ အိပ်မက်လည်း ဆုံးခန်းတိုင် ရောက်တယ်။

ဗုဒ္ဓဘာသာမှာ အိပ်မက်နဲ့ ပတ်သက်ပြီး ဘာတွေ ဟောထားပါသလဲ။ အခြားသော ဘာသာ အယူဝါဒတွေမှာလိုပဲ ဗုဒ္ဓဘာသာမှာလည်း အိပ်မက်နှင့် ပတ်သက်ပြီး ဟောကြားထားတာတွေ တော်တော်များများ ရှိတယ်။

တချို့ လူတွေဟာ အိပ်မက် နိမိတ်ဖတ်တဲ့ အလုပ်ကို လုပ်စားကြပြီး မသိနားမလည်သူတွေအပေါ် ခေါင်းပုံဖြတ် အမြတ်ထုတ်တတ်ကြတယ်။

ဗုဒ္ဓဘာသာက လက်ခံထားတဲ့ စိတ်ပညာမှာ အိပ်မက်ဟာ စိတ်ကူးစိတ်သန်း ပုံရိပ် နိမိတ်တွေ ပါဝင်နေတဲ့ စိတ် အလုပ် တစ်ခု၊ စိတ် ဖြစ်စဉ် တစ်ခု အဖြစ် လက်ခံထားပါတယ်။ အိပ်မက်ဟာ ဘယ်အခါမှာ မြင်မက်တတ်သလဲ ဆိုတာနှင့် ပတ်သက်ပြီး အိပ်ခြင်းကို အပိုင်း ၅ ပိုင်း ခွဲပြီး ပြထားပါတယ်။

၁။ ငိုက်မျဉ်းသော အချိန်
၂။ အိပ်ပျော်ခါစ အချိန်
၃။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တဲ့ အချိန်
၄။ အိပ်နိုးတစ်ဝက်၊ နိုးခါနီး အချိန်
၅။ အိပ်ရာက နိုးလာတဲ့ အချိန်

မိလိန္ဒပဥှာမှာ အိပ်မက်မက်ခြင်း အကြောင်းနှင့် အိပ်မက်ရဲ့ အကျိုးသက်ရောက်ပုံများကို ဆွေးနွေး တင်ပြထားတယ်။ မိလိန္ဒမင်းကြီးက မေးလို့ အရှင်နာဂသိန် ဖြေတဲ့ အထဲမှာ အိပ်မက်မက်ခြင်း အကြောင်း ၆ မျိုး ရှိကြောင်း

ပြထားတယ်။ အကြောင်း ၃ မျိုးက လေကြောင့်၊ သလိပ်ကြောင့်၊ သည်းခြေကြောင့် ဖြစ်တယ်။ စတုတ္ထ အကြောင်းက နတ်များက နှိုးဆော်လို့ မက်တဲ့ အိပ်မက်၊ ပဉ္စမ က အတိတ်က အတွေ့အကြုံတွေကို ပြန်မြင်တဲ့ အကြောင်း၊ ဆဋ္ဌမက အနာဂတ်မှ ကြုံတွေ့ရမည့် ကိစ္စတွေကို ကြိုတင် နိမိတ်ပြတဲ့ အကြောင်းများပဲ ဖြစ်တယ်။ အထူးသဖြင့် အိပ်မက်သည် အိပ်ပျော်ခါစ မျောက်မျဉ်းချိန်မှာ မက်တတ်ကြောင်း ပြထားခြင်းပဲ ဖြစ်တယ်။ မျောက်များ အိပ်တာနှင့် တူသော အိပ်ခြင်းကို ဆိုလိုတယ်။

အိပ်မက် မက်ခြင်း ခြောက်မျိုး ရှိတဲ့အနက် နောက်ဆုံး အကြောင်း ဖြစ်တဲ့ ကြိုတင် နိမိတ်ပြ အိပ်မက်သည်သာ နိမိတ်ဖတ်ရတဲ့ အရေးကြီး အိပ်မက် ဖြစ်ကြောင်း အရှင်နာဂသိန်က ပြတ်ပြတ်သားသား ဟောကြားတော်မူတယ်။ တခြား အိပ်မက်တွေကတော့ အရေးကြီးတဲ့ အိပ်မက်တွေ မဟုတ်ကြဘူးလို့ ဆိုပါတယ်။

လူ တစ်ဦးနဲ့ တစ်ဦး တယ်လီပသီနည်းနဲ့ ဆက်သွယ်ကြတဲ့အခါမှာလည်း ထိုသူများရဲ့ စိတ်ဓာတ် အဟုန်ကြောင့် တစ်ဦးက တစ်ဦးတို့ အိပ်မက်ဖြင့် သတင်း ပေးပို့နိုင်ကြပါတယ်။ လူတစ်ယောက်က တစ်ယောက်ကို သိစေလိုတဲ့ ကြားစေလိုတဲ့ အကြောင်း တစ်ခုကို ပြင်းပြင်းထန်ထန် ကြားသိစေလိုတဲ့ စိတ်ဓာတ်သန်လာလို့ ရှိရင် တစ်ဖက် လူမှာ အိပ်စက်ချိန် စိတ်အနားရချိန်မှာ သူ ပို့တဲ့ သတင်းစကားကို အိပ်မက်ထဲမှာ ဖမ်းယူရရှိနိုင်ပါတယ်။ ဖြစ်တတ်တာက ဒီလို အိပ်မက်မျိုးကို ဖျတ်ခနဲ မြင်မက်ပြီး ပျောက်သွားတတ်တယ်။ ကြာရှည် သတိမရနိုင်ပါ၊ ဘာကြောင့်လဲ ဆိုတော့ လူ့ စိတ်ဟာ မှတ်ဉာဏ်အား သိပ်မကောင်းလို့ပဲ ဖြစ်တယ်။

ပုထုဇဉ်တိုင်း အိပ်မက်သမားတွေ ဖြစ်ကြတယ်။ သူတို့က မြဲတယ်လို့ မြင်နေတာတွေဟာ စင်စစ်တော့ အနှစ်သာရအားဖြင့် မမြဲတဲ့ တရားတွေချည်းပါ။ ဒီပုထုဇဉ်တွေဟာ နုပျိုခြင်းသည် အိုမင်းခြင်းဖြင့် အဆုံးသတ်တယ်။ လှပခြင်းဟာ အကျည်းတန်ခြင်းမှာ အဆုံးသတ်တယ်။ ကျန်းမာခြင်းဟာ နာဖျားခြင်းမှာ အဆုံး သတ်တယ်။ ရှင်ခြင်းလည်း သေခြင်း အဆုံး ရှိတယ် ဆိုတာကို မမြင်ဘူး။ ဒီအိပ်မက် ကမ္ဘာကြီးထဲမှာ အနှစ်သာရ အတ္တ မရှိတာတွေကို အစစ်အမှန်တွေ ဖြစ်တယ်လို့ ထင်မြင်နေကြတာပဲ ဖြစ်တယ်။ တကယ် နိုးကြား ရှင်သန်နေကြတာက ဗုဒ္ဓရှင်တော် မြတ်ဘုရားနှင့် ရဟန္တာ အရှင်မြတ်များပဲ ဖြစ်တယ်။ ဘုရားရဟန္တာများကတော့ အမှန်ကို အမှန်အတိုင်း သိမြင်သူများ ဖြစ်ကြပါတယ်။

ဘုရား ရဟန္တာများဟာ အိပ်မက် မမက်ကြပါ။ အိပ်မက် ၆ မျိုး အနက် ပထမ သုံးမျိုးသည် ဘုရားရဟန္တာများ စိတ်မှာ မြင်မက်ခြင်း မရှိပါ။ ဘုရား ရဟန္တာများရဲ့ စိတ်ဟာ အိပ်မက် မက်လောက်အောင် လှုပ်ရှားခြင်း မရှိဘဲ

ငြိမ်သက်နေလို့ပဲ ဖြစ်တယ်။ နောက်ဆုံး အိပ်မက်မျိုးလည်း ဘုရားရဟန္တာများရဲ့ စိတ်အစဉ်မှာ မြင်မက်ခြင်း မရှိပါ။ ဘာကြောင့်လဲဆိုတော့ ဘုရားရဟန္တာများသည် လောဘ တဏှာ ဆိုတဲ့ စွမ်းအားများကို ပယ်သတ်ထားပြီး ဖြစ်လို့ပါ။ စိတ်ထဲမှာ တဏှာ လောဘ အကြွင်းအကျန် မရှိတာကြောင့် သောက ရောက်ရတာ ဒုက္ခ ဒေါမနဿ ဖြစ်ရတာမျိုး မရှိလို့ အိပ်မက်ကို ဖြစ်အောင် လှုံ့ဆော်တဲ့ တရားများ သူတို့ စိတ်မှာ ကင်းမဲ့နေတယ်။ ဗုဒ္ဓ ဆိုတာ နိုးကြားနေသူ ဆိုတဲ့ အဓိပ္ပာယ် မျိုးလည်း ရတယ်။ ဘာကြောင့်လဲဆိုသော် မြတ်စွာဘုရား လဲလျောင်းပြီး အနား ယူပုံဟာ ကျွန်ုပ်တို့ အိပ်စက် အနားယူပုံနဲ့ မတူလို့ဘဲ ဖြစ်တယ်။ ကျွန်ုပ်တို့ အိပ်စက်ပုံကသာ အိပ်မက်ကို မြင်မက်စေတာ ဖြစ်တယ်။

## သဒ္ဓါဖြင့် ကုသခြင်း

### *ယုံကြည်မှုဖြင့် ကုသခြင်း၊ စိတ်ပညာ ကုသပုံ တစ်နည်း*

ယုံကြည်မှု (သဒ္ဓါ) စိတ်ဖြင့် ရောဂါ ကုသခြင်းသည် နိုင်ငံ အများအပြားမှာပင် ဖြစ်တည်လျက် ရှိပါတယ်။ ဒါမျိုးကို ပျောက်စေ ဆရာများက ပြုလုပ်ပြီး ကုသတတ် ကြတယ်။ အမှန်ကတော့ လူတွေကို လွှမ်းမိုးနိုင်စွမ်း ရှိသူများက သူတို့ အပေါ် အထင်ကြီးသူတွေကို သူတို့မှာ ရောဂါတွေကို ပျောက်ကင်းစေနိုင်တဲ့ တန်ခိုး သိဒ္ဓိ ရှိတယ်လို့ ထင်ရအောင် လုပ်နိုင်တယ်။ ဒီလူတွေက လူတွေရဲ့ သဒ္ဓါ ယုံကြည်မှုကို အသုံးချပြီး ရောဂါအနာတွေကို ပျောက်ကင်းစေနိုင်တာမျိုး ရှိတတ်ပါတယ်။ ဒါကို တချို့က ဘာသာရေး ဟန်ပြပြီး လူနာက မိမိကို ပိုပြီး ကြည်ညိုစိတ်ထက် သန်လာ အောင် ပြုလုပ်တတ်ကြတယ်။ ယုံကြည်မှုဖြင့် ကုသခြင်း ကိစ္စထဲကို ဘာသာရေး သွတ်သွင်းလာခြင်းသည် ဟန်ပြ သဘော လုပ်ခြင်းပဲ ဖြစ်တယ်။ လူတွေ ကြားထဲမှာ ဘာသာရေး သဘောဖြင့် ယုံကြည်မှုဖြင့် ကုသခြင်း၊ ရောဂါများကို ပျောက်အောင် လုပ်ခြင်းကတော့ ကိုယ့်ဘာသာကို သက်ဝင် ယုံကြည်လာအောင် ပြုလုပ်တာပါ။

တကယ့်တကယ် ယုံကြည်မှုဖြင့် ကုသခြင်းနှင့် စပ်လျဉ်း၍ ပြောရလျှင် ဘာသာရေးဟာ အရေးကြီးတဲ့ ကိစ္စ မဟုတ်ပါဘူး။ ဘာသာရေး မပါဘဲနှင့် ယုံကြည် မှုဖြင့် ကုသခြင်းကို လုပ်နေကြတဲ့ ပျောက်စေဆရာတွေလည်း အများအပြား ရှိပါ တယ်။ ပြောသင့်တဲ့ အချက်တစ်ခုက အိပ်မွေ့ချပြီး ကုသခြင်းပဲ ဖြစ်တယ်။ ဒီကိစ္စမှာ ဘာသာရေးကို ထည့်သွင်းစရာ မလိုပါဘူး။

ယုံကြည်မှုဖြင့် ကုသတဲ့ နည်းမှာ လူနာရဲ့ စိတ်ထဲ ယုံကြည်အောင် လုပ်ခြင်းအားဖြင့် လူနာရဲ့ စိတ်နဲ့ ဇီဝကမ္မဗေဒ ဖြစ်စဉ်မှာ ရောဂါ ပျောက်ကင်းစေတဲ့ အားသာမှုတွေ ဖြစ်ပေါ်လာစေပါတယ်။ စိတ်ကို စင်ကြယ်အောင် ပြုလုပ်ခြင်း အားဖြင့် ရောဂါအနာ အမျိုးမျိုးကို ပျောက်ကင်းစေကြောင်း မြတ်ဗုဒ္ဓရဲ့ ဟောကြားတဲ့ ဒေသနာများမှာ အများအပြား တွေ့ရှိနိုင်ပါတယ်။ ဒါကြောင့် ဆေးနဲ့ ကုလို့ မရတဲ့ ရောဂါတွေကို ယုံကြည်မှုဖြင့် ကုသလို့ ပျောက်ကင်းနိုင်တဲ့အတွက် ဝိပဿနာ ဘာဝနာ အလုပ်ကို အားထုတ်သင့်ကြောင်း ဖော်ပြအပ်ပါတယ်။

## အယူသီးမှုနှင့် အစွဲသန်မှု

*သူတစ်ပါးမှာ အယူသီး အစွဲသန်နေတာကို တွေ့တဲ့အခါ လူတွေက ပြက်ရယ် ပြုတတ်ကြပေမဲ့ သူတို့ ကိုယ်တိုင်ကလည်း အယူသီး နေကြ တာပါပဲ။*

ရောဂါ မှန်သမျှကို ကုသနိုင်သော်လည်း အယူသီး အစွဲသန်နေတဲ့ ရောဂါကိုတော့ ကုရာနတ္ထိ ဆေးမရှိလို့ ဆိုသင့်ပါတယ်။ အကယ်၍ အကြောင်းကြောင်းကြောင့် အယူသီး အစွဲသန်မှုမျိုး ဘာသာရေးမှာ အစိုင်အခဲ ဖြစ်လာတဲ့အခါ အဲဒါဟာ ဘာနဲ့မှ ကုသလို့ မရတဲ့ အနာရောဂါ ဖြစ်သွားပါတော့တယ်။ ဘာသာရေး ကိစ္စ တွေကို ကျင့်ကြံကြတဲ့အခါ ပညာတတ် လူတန်းစားတွေတောင်မှ မိမိတို့ရဲ့ လူ့ဂုဏ် သိက္ခာကို မငဲ့ဘဲ ဒီလို ရယ်စရာကောင်းတဲ့ အယူသီး အစွဲသန်တာတွေကို လက်ခံ နေကြတာကို တွေ့ရတယ်။

ဒီအယူသီးတဲ့ ယုံကြည်မှုတွေ၊ ပူဇော်ပသမှုတွေဟာ ဘာသာရေးကို အဆင် တန်ဆာ ပြုလာကြတာဟာ လူပြိန်းတွေကို ဆွဲဆောင်ဖို့အတွက်ပဲ ဖြစ်တယ်။ ဒါပေမဲ့ အချိန်အတန်ကြာတော့ ဘုရားတန်ဆောင်းကို လှပအောင်လို့ စိုက်ပျိုးထားတဲ့ နွယ်ပန်းတွေဟာ ဘုရားတန်ဆောင်းကြီး တစ်ခုလုံးကို ဖုံးအုပ်ပြီး ဘုရားကအောက် မျောက်က အထက် ဆိုသလို တန်ဆောင်းက အောက်မှာ ဖုံးပြီး ချုံနွယ်က အပေါ်က ပိတ်ဖုံးတဲ့ အဖြစ်ကို ရောက်တတ်ကြပါတယ်။ ဒီအတိုင်းပဲ ဘာသာရေးထဲကို ဝင်လာတဲ့ အယူသီး အစွဲသန်မှုတွေနှင့် ပူဇော်ပသမှုတွေက အရိုးကို အရွက်ဖုံးသလို ဘာသာရေးကို ပိတ်ဖုံးသွားတတ်ကြတယ်။

အလားတူစွာ ဘာသာရေး ရှင်သန် ဖွံ့ဖြိုးမှုကို ဒီအယူသီး အစွဲသန်မှုတွေက ပိတ်ဖုံးပြီး မွန်းကျပ်စေတတ်ပါတယ်။ ဘာသာရေး အစွဲသန်မှုဟာ သည်းမခံနိုင်မှုကို ဖြစ်ပေါ်စေတတ်ပါတယ်။ အလယ်ခေတ်တုန်းက ဘာသာရေး အစွဲကြီးမှုကြောင့် အကြင်နာမဲ့ နှိပ်စက်ညှဉ်းဆဲ သတ်ဖြတ်ခဲ့ကြတာဟာ ယခုတိုင် အောက်မေ့စရာ တစ်ခု ဖြစ်ဆဲပါ။ ဘာသာရေးကြောင့် ရက်စက်မှုတွေ အကြမ်းဖက်မှုတွေ၊ သတ်ဖြတ်ညှဉ်းဆဲမှုတွေ ဖြစ်ပေါ်နေတာလည်း အထင်အရှား ရှိဆဲပါ။ လူရိုင်း ဆန်ဆန် ရက်စက် ကြမ်းကြုတ်တဲ့ ခရူးဆိတ်ခေါ်တဲ့ ဘာသာရေး စစ်ပွဲတွေကို ဆင်နွှဲခဲ့ကြတာလည်း အမှတ်ရစရာ ကောင်းတုန်းပါ။ ဒီလို ဖြစ်ပျက်ခဲ့တာတွေ အားလုံးဟာ အယူသီး အစွဲသန်မှု၊ အစွန်းရောက်မှုတွေရဲ့ သွေးထိုးမှုကြောင့်ပဲ ဖြစ်ပါတယ်။

သိပ္ပံပညာ ဖွံ့ဖြိုးတိုးတက်ခြင်း မရှိသေးတုန်းကတော့ အသိဉာဏ်မဲ့တဲ့ လူတွေမှာ ဒီအယူသီးမှု၊ အစွဲသန်မှုတွေ အများအပြား ရှိခဲ့ကြတယ်။ ဥပမာ နေကြတ်တာတို့ လကြတ်တာတို့ဟာ ကပ်ဆိုး ကြမ္မာဆိုးများကို ကျရောက်စေနိုင်ဆိုပြီး ယုံကြည်ခဲ့ကြတယ်။ ယခုခေတ်ကျတော့ ဒီလို အယူသီးတာတွေဟာ မမှန်ကန်ဘူး ဆိုတာကို လူတွေက သိမြင် နားလည်လာကြတယ်။

လူတွေဟာ မိမိတို့ရဲ့ စိတ်ထဲမှာ ရှိတဲ့ အဝိဇ္ဇာ ကိလေသာ အမှောင်ကို ပျောက်ကင်းအောင် စိတ် စင်ကြယ်ကြောင်း တရားတွေကို ပွားများ အားထုတ်ခြင်း အားဖြင့် သူတို့ဟာ လောကကြီးကို ရှိအတိုင်းတိုင်း သဘောဖြင့် သိမြင်လာကြပြီး အယူသီးမှု ဒဏ်ကို မခံစားရတော့ပါဘူး။ အဲဒီလို ဖြစ်တာဟာလည်း 'ဝိမုတ္တိ' ခေါ်တဲ့ လွတ်မြောက်ခြင်း တစ်မျိုးပဲ ဖြစ်တယ်လို့ ဗုဒ္ဓဘာသာဝင်များ စိတ်မှာ နားလည်ပြီး ခံယူကြပါတယ်။

အယူသီး အစွဲသန်မှုနဲ့ ဆက်နွှယ်နေတဲ့ စိတ်လှုပ်ရှား ခံစားမှုကို ဖောက်ခွဲဖျက်ဆီးပစ်ဖို့ အင်မတန် ခက်ခဲပါတယ်။ သိပ္ပံပညာက ပေးတဲ့ ဉာဏ်အလင်းရောင်တောင်မှ ဒီအဝိဇ္ဇာ အမှောင်ထုကို ပပျောက်သွားအောင် တစ်ခါတစ်ရံ လုပ်နိုင်စွမ်း မရှိပါ။ မှားယွင်းတဲ့ ဒိဋ္ဌိ အမြင်တွေကို စွန့်ပယ်နိုင်ဖို့ အရေးဟာ အလွန် ခက်ခဲပါတယ်။ ဥပမာ မျိုးဆက် ခေတ်ပေါင်း များစွာကပင် ကမ္ဘာမြေကြီးဟာ နေကို လှည့်ပတ်နေတယ် ဆိုတာကို သတိပြုမိခဲ့ကြပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ မိမိတို့ရဲ့ အတွေ့အကြုံအရ နေမင်းက ကမ္ဘာမြေကြီးကို အရှေ့ကနေ အနောက်ဆီသို့ ဖြတ်သန်းပြီး သွားနေတယ်လို့ ထင်ပြီး နေထွက်တယ်၊ နေဝင်တယ် ဆိုပြီး ထင်မြင်ယူဆနေ ကြတုန်းပဲ ဖြစ်တယ်။ ယခုထက်တိုင် ကျွန်ုပ်တို့နှင့်အတူ ကမ္ဘာမြေကြီး

ကသာ လျှင်မြန်တဲ့ အရှိန်အဟုန်နှင့် နေမင်းကို လှည့်ပတ်ပြီး သွားနေတာဖြစ်တယ်ဆိုတာကို သိမြင် နားလည်ဖို့အတွက် ဉာဏ်နဲ့ ခုန်ကျော်နိုင်ဖို့ကတော့ လိုနေဆဲပဲ ဖြစ်တယ်။

ကျွန်ုပ်တို့သည် အယူစွဲသန်မှုရဲ့ အန္တရာယ်ကြီးပုံကို နားလည်သင့်ပါတယ်။ ဘာသာရေးနှင့် အယူသီး အစွဲသန်မှုဟာ လက်တွဲနေဆဲပဲ ရှိသေးတယ်။ ပညာရှိသူတွေအနေနဲ့ ဘာသာရေးနဲ့ အယူသီးမှုကို ခွဲခြားတတ်ဖို့ လိုအပ်လာပါပြီ။ မဟုတ်ရင်တော့ ဘာသာရေးရဲ့ ကောင်းမြတ်တဲ့ ဂုဏ်သတင်းဟာ ညစ်ညမ်းပြီး ဘာသာရေးကို မယုံကြည်သူတွေ တိုးပွားလာမှာ ဖြစ်ပါတယ်။

ပြီးပါပြီ။

ဆန်းလွင်(ရှင်အာဒိစ္စရံသီ)



Today Book Store
4200.00Ks.
B00152

သာဝင် အမည်ခံ လူများစွာတို့သည်
ညိုခြင်းသဘော၊ ဝတ်ပြုပူဇော်ခြင်းသဘောတွင်
ကြခြင်း၊ လာဘ်လာဘနှင့် ကိုယ်ကျိုးရှာခြင်းများ၊
လောဘ၊ တဏှာနှင့် လာဘ်ရလိုမှုများကြောင့်
ဗုဒ္ဓဘာသာ၏ တရားစစ် တရားမှန်အား အယူသီးမှုများ၊
ဥံဖွဂါထာမန္တန်များအပေါ် တည်မှီနေသော ကိုးကွယ်မှုဖြစ်အောင်
ထင်ယောင်ထင်မှားဖြစ်စေသလို၊ အချို့ကလည်း ဝိဇ္ဇာယောင်
ဘိုးတော်ယောင်အဆင့်သို့ ရောက်အောင် လုပ်ကိုင်နေကြသည်မှာ
မြတ်ဗုဒ္ဓ၏မွန်မြတ်လှသော တရားဒေသနာများကို လျစ်လျူရှုသည်နှင့်
အတူတူပင်ဖြစ်သည်။ ယခု 'ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက'
ဆိုသည့် စာအုပ်သည် ဗုဒ္ဓဘာသာဝင်များအတွက်ရော
ဗုဒ္ဓဘာသာဝင် မဟုတ်သူများအတွက်ပါ မြတ်ဗုဒ္ဓ၏ ဓမ္မအနှစ်များကို
ခေတ်အမြင် ခေတ်အသိနှင့် သိရှိနားလည်ပြီး
လူသားများကို လမ်းမှန်ပေါ်သို့ ရောက်အောင် ပို့ဆောင်ကာ
မဂ်ဉာဏ်အလင်းရောင်ရဖို့ ကြိုးပမ်းနေကြသော
ဓမ္မမိတ်ဆွေများအတွက် မဂ်လမ်းပြ ဓမ္မစာဖြစ်စေရန်
ရည်ရွယ်ရင်း ဖြစ်ပါသည်။

ဆန်းရွှေ
(ရှင်အာဒိစ္စရံသီ)

# ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက